www.burmeseclassic.com

# ဗုဒ္ဓစာပန်းချီ



## ငွေဥဒေါင်း

(ဦးကြီးမောင်)

တတိယတွဲ (စတုတ္ထအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

# ပုဒ္ဒစာပန်းချီ

## "တတိယတွဲ"

**ငွေဥဒေါင်း**

(စတုတ္ထအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



# ဗုဒ္ဓစာပန်းခိုင်

## "တတိယတွဲ"

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နောင်ချစ်ဗုဒ္ဓ | ၁ |
| ၂။ | ကျားကြီးရာဇာ | ၁၇ |
| ၃။ | ဖွဲ | ၃၃ |
| ၄။ | ဂူအတွင်းမှာတွေ့ခဲ့စဉ်က | ၄၃ |
| ၅။ | ကြည်ညိုသူ | ၅၇ |
| ၆။ | လူပြန်တော် | ၆၉ |
| ၇။ | အပြုံး | ၈၁ |
| ၈။ | မျက်နှာငယ်သူ | ၉၃ |
| ၉။ | အလံပြာဆရာကြီး | ၁၀၇ |
| ၁၀။ | ပြဿနာအရှင် | ၁၂၁ |
| ၁၁။ | ဦးကြီးတို့သခင် ဘုရားရှင် | ၁၃၅ |
| ၁၂။ | လူငယ်တို့အရှင် | ၁၄၉ |
| ၁၃။ | သူခိုး | ၁၆၁ |
| ၁၄။ | အချစ်နှင့်မာန | ၁၇၃ |
| ၁၅။ | ဇမ္ဗူတစ်လူ | ၁၈၅ |
| ၁၆။ | ကျွဲကန်းကြီး | ၁၉၉ |


www.burmeseclassic.com

www.burmeseclassic.com



# ဗုဒ္ဓစာပန်းချီ
"တတိယတွဲ"

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇။ | မုန်းစရာကြီး | ၂၀၉ |
| ၁၈။ | ဘုန်းဘုန်းပြန်လာပြီ | ၂၂၅ |
| ၁၉။ | မောင်ကလေးအနာထပိဏ် | ၂၃၅ |
| ၂၀။ | ချစ်သားတို့ဝါကပ်ကြကုန်လော့ | ၂၄၇ |
| ၂၁။ | နှစ်ယောက်သားတွေ့ကြရာဝယ် | ၂၅၁ |
| ၂၂။ | မောင်ဆန် | ၂၆၅ |
| ၂၃။ | ဦးပဋ္ဌ ဒေါ်ပဋ္ဌ | ၂၈၅ |
| ၂၄။ | ကုသိန္နာရုံ | ၂၉၅ |
| ၂၅။ | ငွေစန္ဒာ | ၃၀၅ |
| ၂၆။ | အင်္ဂုလိမာလ | ၃၂၅ |
| ၂၇။ | အာဠဝက | ၃၄၅ |
| ၂၈။ | လမ်းသစ်ဖွင့်ကဆုန် | ၃၆၉ |
| ၂၉။ | ရွှေပြည်တော်သို့ | ၃၇၃ |
| ၃၀။ | မာရ်နတ် | ၄၀၉ |
| ၃၁။ | ဘုရားပွင့်ခိုက် လှူလိုက်ရသည့်လုပ်အား | ၄၂၉ |


www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓစာပန်းချီ
## နိဒါန်း

'ဗုဒ္ဓစာပန်းချီ' ဟူသည် 'ဗုဒ္ဓ''စာ' နှင့် 'ပန်းချီ' တည်းဟူသော ဝေါဟာရ သုံးရပ်ကို တွဲစပ်ထားသော အမည်ဖြစ်ပါသည်။ အဓိပ္ပာယ်မှာ ဘုရားရှင်၊ သို့မဟုတ် ရတနာသုံးပါးနှင့်စပ်သောကြောင်းရပ်၊ အတွေးအသိမျိုးစုံကို ပန်းချီ ပန်းရုပ်ကဲ့သို့ လှလှပပ ရေးခြယ်ထားသောစာဟု ဆိုလိုပါ၏။

'ဗုဒ္ဓစာပန်းချီ' ဟု ဆိုသကဲ့သို့ 'ဓမ္မစာပန်းချီ' ဟုလည်း ဆိုနိုင်ပါသည်။ 'သံဃ စာပန်းချီ' ဟုလည်း ဆိုနိုင်ပါသည်။ တစ်ဖန် 'ပန်းချီ'ဆိုသည်မှာ ပကတိ ရုပ်ဝတ္ထု အစစ်အမှန်လည်းမဟုတ်၊ အစစ်အမှန်မဟုတ်ဘူးလည်းမဟုတ်၊ ရုပ်ဝတ္ထုအစစ်အမှန်တွင် ပန်းချီဆရာ၏ စိတ်ကူးဖြင့် နှစ်သက်ဖွယ်ဖြစ်အောင် ရေးခြယ်ထားသည်ကို 'ပန်းချီ' ဟု နားလည်ရပါသည်။

ဘုရားရှင်နှင့် ဘုရားရှင်၏တရားတော်၊ ဘုရားရှင်၏တပည့် သား သံဃာတော် များ၏အကြောင်းရပ်မျိုးစုံကို နှစ်သက်ဖွယ်ဖြစ်အောင် စွမ်းနိုင်သမျှ စာပန်းချီရေးဖွဲ့ ထားသော ဤဝတ္ထုများသည်လည်း ဤသဘောအတိုင်းပင်ဖြစ်ပါသည်။ ဘုရားရှင်၏ ဒေသနာတော်လာ ဖြစ်ရပ်အစစ်အမှန်များလည်းမဟုတ်၊ အစစ်အမှန်မဟုတ်ဘူးလည်း မဟုတ်၊ ဓမ္မပဒ၊ ဗုဒ္ဓဝံသ၊ နိကာယ၊ ဝိနယ စသော ထိုထိုကျမ်းဂန်တို့မှ ဖြစ်ရပ်မှန် များကို မူတည်ကာ စာရေးသူ၏ စိတ်ကူးဖြင့် နှစ်သက်ဖွယ်၊ ကြည်ညိုဖွယ်ဖြစ်အောင် စာပန်းချီရေးဖွဲ့ထားခြင်းဖြစ်ပါသည်။

ဘုရားရှင်နှင့် ဘုရားရှင်၏တရားတော်၊ တပည့်သံဃာတော်များ၏အကြောင်းရပ် မျိုးစုံကို ပန်းချီကားတစ်ခုစီ၊ တစ်ချပ်စီပမာ ရေးခြယ်ဆွဲထောင်၍ ပြထားသော ဝတ္ထုများ ဟုလည်း ဆိုနိုင်ပါသည်။

ဤစကားကို ဆိုရသည်မှာ ဤ'ဗုဒ္ဓစာပန်းချီ'များကို ဖတ်ရှုရာ၌ ဝတ္ထုပါ အကြောင်းအရာ အချက်အလက်များနှင့်ပတ်သက်၍ စာရှုသူတို့အား ဘုရားရှင်၏ ဒေသနာတော်မူရင်းကျမ်းကြီး ကျမ်းခိုင်များကဲ့သို့ မယူဆစေဘဲ ဤစာဤအဖွဲ့များကို ဖတ်၍ ရတနာသုံးပါးသို့ ကြည်ညိုရှိညွှတ်ခြင်း၊ ဖြစ်ရပ်အလျောက် တွဲပါလာသော ဘာသာရေးဆိုင်ရာအတွေးအမြင် သိမှတ်ဖွယ် တစ်စုံတစ်ရာကို ရရှိခြင်း၊ ဤစာ ဤအဖွဲ့များမှတစ်ဆင့်တက်၍ ဘုရားရှင်၏ ဒေသနာတော်မူရင်းကျမ်းဂန်များသို့ ချဉ်းကပ် စေလိုခြင်းတို့သည်သာ စာရေးသူ၏ ရည်မှန်းချက်ဖြစ်ကြောင်း ဖော်ပြလို၍ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤ ဗုဒ္ဓစာပန်းချီများ ရေးသားပုံမှာ ဖြစ်တော်စဉ်များအတိုင်း ရေးသားခြင်း မဟုတ်မူဘဲ စိတ်ကူးတွေ့ထိသမျှတို့ကိုသာ ခုန်ကျော် ရေးသားခြင်းများ ဖြစ်ပါသည်။ 'ဗုဒ္ဓစာပန်းချီ'များကို ဖတ်ရှုရာ၌ အချို့သောအကြောင်းအရာ၊ အချက်အလက်များမှာ ထပ်သယောင်ဖြစ်နေသည်ကို တွေ့ရှိကြရပါမည်။ ဤသို့ဖြစ်ရခြင်းမှာ ၁၉၆၁ ခုနှစ်တွင် ကြေးမုံသတင်းစာမှစတင်၍ ဤဗုဒ္ဓစာပန်းချီများကို ရေးသားခဲ့ရာ၌ နှစ်, လ ကြာမြင့်သောကြောင့် ထပ်၍သွားရသည်များလည်းရှိသည်။ တမင် ထပ်၍ရေးသည်လည်း ရှိသည်။

ဥပမာအားဖြင့် 'တရားဦး' (၁၉၆၂)ကို ရေးခဲ့စဉ်က သတင်းစာနေရာကို ငဲ့ရသောကြောင့် အားမလို အားမရရှိခဲ့သည်ကို ၁၉၇၉ တွင် 'သစ္စာအမွန်'အမည်ဖြင့် ထပ်၍ ရေးခြင်းမျိုး ဖြစ်ပါသည်။

ဤမျှ 'ဗုဒ္ဓစာပန်းချီ'များကို ရေးသားခဲ့ရာ၌ စာရေးသူ၏ သတိချွတ်ယွင်းမှုကြောင့် မမှားသင့်ဘဲမှားသည့် အချို့သော အချက်အလက်များကို ထောက်ပြခြင်း၊ အားပေးအားမြှောက်ပြုခြင်းဖြင့် ကူညီကြသော ဆရာတော် သံဃာတော်နှင့် စာဖတ် ပရိသတ်များအားလည်းကောင်း၊ အချို့သော ဗုဒ္ဓစာပန်းချီများအတွက် မိမိတို့၏ကဗျာကို အသုံးပြုခွင့်ပေးခြင်း၊ ကဗျာရေးသား ကူညီခြင်းဖြင့် ကျေးဇူးပြုကြသော အမရပူရ မဟာဂန္ဓာရုံတိုက် ဆရာတော် အရှင်ဇနကာဘိဝံသ၊ ဆရာဦးမြတ်ဇင်၊ ကဗျာဆရာ ခင်လေးမောင်နှင့် မောင်စိန်ထွန်း(အမရပူရ)တို့အားလည်းကောင်း၊ ရေးသားခိုက်တွင် လိုအပ်သော ကျမ်းဂန် အချက်အလက်များကို ရှာဖွေပေးခြင်း၊ ထောက်ပြဝေဖန်ခြင်းဖြင့် ကူညီသော ဇနီးဖြစ်သူ နန်းရွှေခင်အားလည်းကောင်း ကျေးဇူးစကား ဆိုအပ်ပါသည်။

စာရေးသူ

ငွေဥဒေါင်း–နန်းရွှေခင်
ရှုခင်းသာခြံ၊ မင်းလမ်း၊ စပ်စံထွန်းရပ်ကွက်
တောင်ကြီးမြို့။

www.burmeseclassic.com

www.burmeseclassic.com



# နောင်ချစ် ဗုဒ္ဓ

[ ၁ ]

အကယ်၍သာ နောင်တော်ဘုရားရှင်၏လုပ်ရှားပြုမူမှုများကို ကျွန်ုပ်စိတ်တိုင်းကျ စီစဉ်ခန့်ခွဲနိုင်ခွင့်ရှိပါမူ နောင်တော်ဘုရားရှင်၏ ဘဝလမ်းကြောင်း ဗုဒ္ဓဝင်သည် တစ်မျိုးတစ်ဖုံဖြစ်ဖွယ်ရာရှိရာ၏။ ကျွန်ုပ်သည် နောင်တော်၏ တစ်သက်တာတွင် အရေးပါသော လုပ်ရှားဆောင်ရွက်တော်မူတိုင်းလိုလို၌ပင် ရင်အုပ်မကွာ ပါဝင်ခဲ့ရသူဖြစ်သော်လည်း ထိုလုပ်ရှားမှုများအနက် ကျွန်ုပ်စိတ်တိုင်းမကျနိုင်ခဲ့သော ကိစ္စများစွာ ပါဝင်ခဲ့ပေသည်။

နောင်တော့်ကို ချစ်၍လည်းကောင်း၊ ကြောက်၍လည်းကောင်း၊ ရိုသေ၍လည်းကောင်း၊ အချို့ကိစ္စများတွင် မျက်စိမှိတ်၍ လိုက်လျောသဘောတူခဲ့သော်လည်း အချို့ကိစ္စများတွင်မူ သဘောမတူနိုင်လွန်း၍ဆန့်ကျင်မှုကြောင့် အပြစ်ပေးလျှင် ပေးတော်မူလေရော့ဟု စွန့်စားကာ ဖွင့်ဟကန့်ကွက်လျှောက်ထားခဲ့မိသည်။ သို့ရာတွင် နောင်တော်သည် ကျွန်ုပ်၏သဘောအလိုသို့ လိုက်လျောမှုနည်း၍ မိမိစီစဉ်ပြီးသည့် အတိုင်းသာ တစ်ဖွတ်ထိုး ဆောင်ရွက်တော်မူလေ့ရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ တစ်ဖွတ်ထိုး ဆောင်ရွက်မှုကြောင့် အပြီးသတ်အဖြေ၌ နောင်တော်သာ မှန်သည်ဟူသောအချက်ကို ကျွန်ုပ်ဝန်ခံပါ၏။ သို့သော် နောင်တော့်အပြုအမူများသည် အချို့ကိစ္စများ၌ ဆူးတောကို တိုးဝင်သကဲ့သို့လည်းကောင်း၊ အဟုန်ကြီးမားလှသော လှိုင်းတံပိုးကို ရင်ဆိုင်၍တွန်းလှန်သကဲ့သို့လည်းကောင်း ရဲရင့်တော်မူလွန်းလှပါဘိသည်။

ဥပမာအားဖြင့် ကောသမ္ဗီပြည်သို့ ကြွချီတော်မူစဉ်က ကျွန်ုပ်သဘော မတူခဲ့ချေ။ ကျွန်ုပ်အလားတူပင် များစွာသော တပည့်သား ရဟန်းတို့လည်း သဘောမတူခဲ့ကြချေ။ ကောသမ္ဗီပြည်သို့ ကြွချီသော နောင်တော်၏ အစီအစဉ်သည် ဆူးတောကို တိုးဝင်ခြင်းပင် ဖြစ်၏။ အကြောင်းသော်ကား ကောသမ္ဗီ၏ ဘုန်းကြီးစွာသော ဘုရင်ဥတေနသည် ကျွန်ုပ်တို့၏ ဆန့်ကျင်ဘက်ဖြစ်၏။ ထို့ထက်ဆန့်ကျင်သူကား ထိုဘုရင်၏အချစ်တော် မာဂဏ္ဍီမိဖုရားပင်တည်း။

နောင်တော်သည် မိမိသာသနာတော်တိုးတက်ရေး၊ ကျွတ်ထိုက်သော သတ္တဝါတို့အား ကယ်ချွတ်ရေးအတွက် များစွာသော ထိုထိုဆန့်ကျင်ဘက်ဒေသများသို့ ကြွချီ သာသနာပြုတော်မူခဲ့သည်မှန်၏။ ကျွန်ုပ်တို့ သာသနာမရောက်မီက ရှိနေနှင့်ပြီးသမျှသော အယူဝါဒတို့မှာ ကျွန်ုပ်တို့နှင့် ဆန့်ကျင်ဘက်ချည်းဖြစ်သောကြောင့် ကျွန်ုပ်တို့ သာသနာ ပြုခဲ့သော ခေတ်တစ်လျှောက်၌ ဆန့်ကျင်မှု ဆိုသည်မှာ အသစ်အဆန်းမဟုတ်လှတော့ သော်လည်း ဆန့်ကျင်မှုဆိုသည်တွင် အတိမ်နှင့်အနက်၊ အနုနှင့်အရင့်ဟူ၍ရှိနေပေ သေးသည်။

သာမန်အရပ်သူအရပ်သားတို့နှင့် သဘောမပေါက်မီ ဆန့်ကျင်ရခြင်းမှာ အရေး မကြီးလှပေ။ အရပ်သား အရပ်သူဟူသည် အချဉ်းကပ်ရလွယ်၏။ ပြောပြခွင့် ဟောပြခွင့် လွယ်၏။ ကျွန်ုပ်တို့၏မှန်ကန်သောတရား၊ ကောင်းသောအကျင့်၊ ကောင်းသောအပြုအမူ တို့ကို အလွယ်တကူပင်သိရှိနိုင်ကြ၍ အလွယ်တကူပင် ပြေပြစ်နိုင်သည်။

သို့သော်မာနတံခွန်လွှင့်၍ ဘဝင်လေခတ်သောမင်းနှင့် ဆန့်ကျင်ရသောအခါ ခက်ခဲသည်။ ထို့ထက် မင်း၏အချစ်တော်မိဖုရားဆိုသူတို့နှင့် ဆန့်ကျင်ရသောအခါ ပို၍ခက်၏။ ပို၍ကြမ်းတမ်း၏။ မာဂဏ္ဍီသည် ဘုန်းတန်ခိုးကြီးလှသော ဥတေန၏ အချစ်တော်ဖြစ်၍ ကောသမ္ဗီ၏ စေတစ်လုံးပိုင် မိဖုရားဖြစ်၏။ ထိုမိဖုရားသည် နောင်တော်နှင့် ကြီးစွာသောဆန့်ကျင်ဘက်တည်း။

ထိုဆန့်ကျင်မှုမှာ ရှောင်တခင်ပေါ်လာသောအကြောင်းမဟုတ်၊ ကောသမ္ဗီသို့ သွားလျှင် မာဂဏ္ဍီနှင့် ဆန့်ကျင်ရတော့မည်ကို နောင်တော်သိ၏။ နောင်တော်သိသကဲ့ သို့ပင် ကျွန်ုပ်တို့လည်းသိကြပါ၏။ ကောသမ္ဗီသို့ ကျွန်ုပ်တို့သွားလျှင် မာဂဏ္ဍီ

www.burmeseclassic.com

www.burmeseclassic.com



မည်သို့မည်ပုံ ဆန့်ကျင်တော့မည်ကိုပင် ကျွန်ုပ်တို့ကြိုတင်သိရှိခဲ့ကြ၏။ သို့ပါလျက်နှင့်ပင် နောင်တော်သည် ကောသမ္ဗီခရီးကို ရှောင်တော်မမူခဲ့ပါလေ။

မာဂဏ္ဍီဘက်မှ ကြည့်လျှင်လည်း နောင်တော်အား ဆန့်ကျင်ဖို့ရန်အကြောင်း လုံလောက်သည်ဟု ဆိုရပေမည်။ အကြောင်းသော်ကား နောင်တော်သည် တစ်ချိန်က မာဂဏ္ဍီအပေါ်၌ တင်းမာတော်မူလွန်းခဲ့သည်။ ရက်စက်တော်မူလွန်းခဲ့သည်။

နောင်တော်သည် ကောသမ္ဗီသို့ ကြွလာခြင်းမှာ ပထမအကြိမ်မဟုတ်ပေ။ မာဂဏ္ဍီတို့နေသော ကောသမ္ဗီအနီးရှိရွာသို့ ကြွသွားတော်မူ၍ မာဂဏ္ဍီတို့မိသားစုနှင့် တစ်နေရာတွင် တွေ့ခဲ့သည်။

ထိုအခါ မာဂဏ္ဍီ၏ မိုက်မဲလှစွာသော ဖခင်သည် သူ၏လှပသောသမီး မာဂဏ္ဍီကိုသိမ်းပိုက်ရန် နောင်တော့်အား ဧန်းတင်၍ဆက်သည်။ တရားရှင်နောင်တော် အဖို့ အံ့ဖွယ်ကောင်းလှသော ထိုအပြုအမူကို ပြေပြေပြစ်ပြစ် ငြင်းပယ်လိုက်လျှင် ဖြစ်နိုင်ဖို့ရှိသော်လည်း နောင်တော်သည် အပြင်းအထန် ဆန့်ကျင်တော်မူလိုက်သည်။ "သင့်သမီးထက် အဆများစွာသာသူတွေကိုပင် ငါမလိုချင်၍ စွန့်ပစ်ခဲ့သည်။ သင့်သမီးလို ဟာမျိုးကို ငါခြေဖျားနှင့်မျှမထိလို"ဟု ရက်ရက်စက်စက် မိန့်တော်မူကာ ရာဂဆန့်ကျင်ရေး တရားကိုဖို၍ ဟောတော်မူခဲ့သည်။

ထိုတရားတော်၊ ထိုစကားတော်တို့ကြောင့် မာဂဏ္ဍီ၏ မိခင်ရော ဖခင်ပါ ကျွတ်တမ်းဝင်သွားကြသည်မှန်ပါ၏။ မာဂဏ္ဍီအဖို့ကား နောင်တော်နှင့် ကြီးစွာသော ဆန့်ကျင်ဘက်ကြီးဖြစ်ခဲ့ရတော့သည်။

အမျိုးသမီးတစ်ယောက်၏ အလှကို ဆန့်ကျင်ဘက်ပြုခြင်းသည် မာန်ဟုန် ပြင်းသောမြွေနှင့် ဆန့်ကျင်ရသကဲ့သို့ရှိတတ်သည်။ ကိုယ်ကျိုးမငဲ့လွန်းသော နောင်တော် ဖြစ်၍သာ ကျွတ်တမ်းဝင်လတ္တံ့သော တစ်ဖက်စွန်း အမြတ်သက်သက်ကိုရှု၍ ဆန့်ကျင် တော်မူခြင်းဖြစ်သည်။

မာဂဏ္ဍီသည်လှ၏။ လှလွန်း၍ အလှမာန်ဝင့်သည်။ အလှမာန်ဝင့်ဖို့ရန်လည်း သူ့မိဘများကိုယ်တိုင်က သူတို့သမီး၏အလှကို ဧန်းတင်ပေးခဲ့ခြင်းဖြစ်သည်။ သူတို့ သမီး၏အလှကို အထင်ကြီး၍ပင် နောင်တော်အား မစဉ်းမစား တင်ဆက်ခဲ့ခြင်းဖြစ်၏။

သို့ရာတွင် ထိုအလှသည် နောင်တော့်ထံသို့မရောက်၊ ကောသမ္ဗီပြည့်သခင် ဘုရင်ဥတေနထံသို့သာရောက်သွားသည်။ ထို့ကြောင့် နောင်တော့်အား ဆန့်ကျင်လိုသော မာဂဏ္ဍီအတွက် အင်အားရှိသွား၏။ မိမိအလှကို ရက်စက်စွာဆန့်ကျင်သော နောင်တော်အား အဘယ်မှာ ကျေချမ်းနိုင်ပါအံ့နည်း။ ကျော်လွန်၍ အဆုံးတိုင်ပြောရပါမူ အလှရှင် မာဂဏ္ဍီသည် သူ့အသက်ဆုံးသည်အထိ နောင်တော့်ကို ဆန့်ကျင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ ကျွန်ုပ်တို့သည် ကောသမ္ဗီသို့သွားခဲ့ပါလျှင် ကောသမ္ဗီ၏ စေတစ်လုံးပိုင်ရှင်မကြီးအဖြစ်သို့ ရောက်နေပြီဖြစ်သော မာဂဏ္ဍီ၏ ကြီးမားသော ဆန့်ကျင်မှုနှင့် ရင်ဆိုင်ကြရတော့မည်ကိုသိသည့်အတိုင်း မသွားဖို့ရန် နောင်တော်အား ကျွန်ုပ် ကြိုတင်လျှောက်ထားခဲ့သည်။ သို့ရာတွင် နောင်တော်သည် ကျွန်ုပ်၏ လျှောက်ထားချက်ကို ပစ်ပယ်၍ ကောသမ္ဗီသို့ ရဟန်းပရိသတ် အလုံးအရင်းဖြင့် ကြွဝင်တော်မူသည်။

ကောသမ္ဗီသို့ ဝင်မိသည့်ခဏ၌ပင် မာဂဏ္ဍီ၏ ကြီးစွာသော ဆန့်ကျင်မှုနှင့် ရင်ဆိုင်ကြရသည်။

ကျွန်ုပ်တို့သည် နောင်တော်ဘုရားရှင်၏ အဆုံးအမတော်အရ ဘဝတစ်သက်တာတွင် လောကဓံအမျိုးမျိုးနှင့် ရင်ဆိုင်ဖို့ရန် ပြင်ဆင်ထားသူများဖြစ်ကြပါ၏။နောင်သောအခါတွင် ကျွန်ုပ်တို့၏ သာသနာပြုလုပ်ငန်းသည် ကောသမ္ဗီ၌ အောင်မြင်ကျယ်ပြန့်စွာ မျိုးစေ့ချနိုင်ခဲ့သည်လည်း မှန်ပါ၏။ သို့ရာတွင် ထိုစဉ်အချိန်ကမူ ကောသမ္ဗီ၌ မာဂဏ္ဍီ၏ ဆန့်ကျင်မှုဖြင့် ပထမဦးစွာရင်ဆိုင်ခဲ့ရသောလောကဓံမှာ ကျွန်ုပ်တို့အဖို့ မျက်နှာ အငယ်ဆုံးအနေအထိုင် အကျဉ်းကျပ်ဆုံးသော လောကဓံတစ်ရပ် ဖြစ်ခဲ့ရပေသည်။

[ ၂ ]

နောက်ထပ် သာဓကတစ်ရပ်ထုတ်ပြလိုသေးသည်။ ထိုကောသမ္ဗီ၌ သီတင်းသုံးစဉ်တွင်ပင် ပါလိလေယျကတောသို့ နောင်တော်တစ်ပါးတည်း ကြွချီဝါကပ်တော်မူသည့်ကိစ္စဖြစ်၏။

နောင်တော်သည် သံဃောဇ်ကြိုး ဖြတ်တောက် စွန့်ပစ်တော်မူရာ၌ ပြင်းထန်လွန်းလှသည်။ ကပိလမှ သားမယား၊ မိဘနှင့်တပည့်တပန်းအသိုက်အဝန်းကို ပြတ်ပြတ်တောက်တောက် စွန့်ပစ်ပုံမှာ ပြင်းထန်လွန်းသဖြင့် ကျွန်ုပ်အဖို့ မမေ့နိုင်အောင် ရှိရတော့သည်။

ကပိလနန်းတော်မှာ နောင်တော်အဖို့ စွန့်ပစ်ရက်စရာမရှိပေ။ ခမည်းတော်သည် ကျွန်ုပ်တို့ထက် ဆယ်ဆမက နောင်တော်အား ယုယအလိုလိုက်၏။ ခမည်းတော်ကိုယ်တိုင် ယုယအလိုလိုက်သောအခါ နန်းတော်တစ်ခုလုံးကပင် နောင်တော်အား တဖူးဖူးမှုတ်ထားကြသည်။ နောင်တော့်ပတ်ဝန်းကျင်မှန်သမျှသည် သာယာ၏။ ပြေပြစ်၏။ ဆန့်ကျင်မှုဟူ၍ မြူမျှမရှိ။ သို့ပါလျက် ကပိလနန်းတော်အသိုက်အဝန်းဟူသရွေ့ကို ပြတ်ပြတ်တောက်တောက် စွန့်ပစ်ခဲ့ရာ ကပိလတစ်ပြည်လုံး သွက်သွက်ခါတုန်လှုပ်၍ ကျန်ရစ်ခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းဘဝသည် သံယောဇဉ်မှန်သမျှကို ဖြတ်တောက်ရသော ဘဝဖြစ်သည် မှန်ပါ၏။ သို့ရာတွင် လူ့လောက လူ့အသိုက်အဝန်းတို့နှင့် မကင်းနိုင်သေးပေရာ တပည့်ရဟန်း အသိုက်အဝန်းကိုမျှ သံယောဇဉ်ကလေးမထားလျှင် အဘယ်ပုံ ပြေပြစ် နိုင်ပါအံ့နည်း။ သို့ရာတွင် နောင်တော်သည် တကယ်တမ်းဆိုလျှင် သင်တို့ကို ငါဖြတ်နိုင်သည် ဟူသော သဘောကိုပြသည့်ပမာ တင်းတင်းမာမာပင် သံယောဇဉ် ဖြတ်တောက်၍ ပါလိလေယျကတောသို့ ကိုယ်တော်ထီးတည်း ကြွသွားသီတင်းသုံး တော်မူသည်။

စင်စစ်ဆိုလျှင် ရင်အုပ်မကွာ အလုပ်အကျွေးဖြစ်ခဲ့သော ကျွန်ုပ်တစ်ယောက် ကိုမူ ငဲ့ညှာ၍ ခေါ်ယူသွားတော်မူဖို့ကောင်းသည်။ ကျွန်ုပ်တစ်ယောက် လိုက်ရပါလျှင် နောင်တော်အဖို့ နေရေးစားရေး အစစအရာရာ ပြေပြစ်ဖို့ရှိမည်မဟုတ်ပါလော။ ယခုမူ သူတစ်ပါးကိုလည်းမငဲ့၊ မိမိကိုယ်ကိုလည်းမငဲ့၊ စွန့်ရက်တော်မူလွန်းလှသည်။

အကယ်တွင်လည်း ထိုစဉ်က ကောသမ္ဗီ ရဟန်းပရိသတ်မှာ စွန့်ပစ်ချင်စရာ ကောင်းလှသည်။ ထိုစဉ်က ကောသမ္ဗီရဟန်းပရိသတ်သည် ပညာမာန်မောက်လှသော ရဟန်းကြီးနှစ်ပါးကြောင့် စိတ်ဝမ်းကွဲလျက် ရှိကြသည်။ တစ်ပါးမှာ ဝိနယပညာတတ် ဖြစ်၍ ဝိနယပညာဂုဏ်မောက်၏။ တစ်ပါးမှာ အဘိဓမ္မာပညာတတ်ဖြစ်၍ အဘိဓမ္မာ ပညာဂုဏ်မောက်၏ အမှိုက်ကစ ပြာသာဒ်မီးလောင်ဟူဘိသို့ ထိုပညာမာန် နှစ်အုပ်စုတို့ အကြားတွင် သန့်သက်အိမ်၌ ရေခွက်တွင် ရေကျန်ထားသော ပြဿနာလေးတစ်ရပ်မှ အစပြုကာ နှစ်ပက္ခထက်ခြမ်းကွဲကြသည်။ နောင်တော် ဘုရားရှင်၏တပည့်ရင်းအချင်းချင်း ဖြစ်ကြပါလျက် စေ့စပ်မရအောင် ကွဲကြသည်။

နောင်တော်ဘုရားရှင်၏ တရားဆေးအစွမ်းတို့သည် ထက်မြက်လှ၏။ တရား တစ်ပုဒ်၊ သုတ္တန် တစ်ချက်မျှဖြင့် တစ်ဦးတစ်ယောက်ကိုသော်လည်းကောင်း၊ သတ္တဝါ အများကိုသော်လည်းကောင်း ဉာဏ်မျက်စိပွင့်စေနိုင်ခဲ့သည်။ ကျွတ်တမ်းဝင်စေနိုင်ခဲ့သည်။ လူပြိန်း လူညံ့ လူ့ဘဝဆုံးသူဟု ထင်ရစေလောက်သော အင်္ဂုလိမာလ၊ အာဠဝက တို့ကဲ့သို့ ပုဂ္ဂိုလ်မျိုးကိုပင် တရားဆေးတစ်ခွက်မျှဖြင့် နတ်ရေကန်တွင် ပစ်ချသည်ကဲ့သို့ ကယ်ချွတ်နိုင်ခဲ့သည်။ ပဋာစာရီတို့ကဲ့သို့ သွက်သွက်ခါ ရူးသွပ်သူများကိုပင် ကယ်ချွတ် နိုင်ခဲ့သည်။

သို့ရာတွင် တပည့်လည်းဖြစ်၊ ရဟန်းလည်းဖြစ်၊ ပညာတတ် ပညာချွန် ပုဂ္ဂိုလ်များလည်းဖြစ်ကြသော ကောသမ္ဗီရဟန်းတို့ကိုမူ နောင်တော်ဘုရားရှင်သည် လက်လျှော့တော်မူရချေပြီ။ ညီညွတ်မှု၏အကျိုးကိုဟော၏။ မညီညွတ်မှု၏အပြစ်ကို

www.burmeseclassic.com

www.burmeseclassic.com



ဟောာ၏။ မာန၏အပြစ်ကိုပြ၏။ ဒေါသ၏အပြစ်ကို ထုတ်ဖော်တော်မူ၏။ အချည်းနှီးသာတည်း။

စင်စစ်ဆိုသော် ပညာရှိဆိုသူတို့၏ ကောက်တကျစ်မာန ပြဿနာတည်း။ ပညာရှိခြင်းသည် ကောင်း၏။ သို့ရာတွင် ထိုပညာရှိသည် သတိမရှိလျှင် ပညာနှင့်အတူ မာနပါတွဲရှိလာတတ်သည်။ ပညာရှိတွင် မာနရှိလာလျှင်ခက်တော့သည်။ အကြောင်းမူကား မာနတကာတို့တွင် ပညာမာနသည် အချုတ်ရ၊ အပယ်ရခက်လှသောကြောင့်ဖြစ်သည်။

ပစ္စည်းကြောင့် မာနရှိသူသည် ပစ္စည်းလျော့ကျသောအခါ မာနလျော့ကျနိုင်သည်။ ရာထူးဂုဏ်ထူး မာနရှင်သည် ရာထူး ဂုဏ်ထူးမရှိသောအခါ မာနပြေပျောက်နိုင်၏။ အဆင်းမာနရှိသူသည် အဆင်းကွယ်သောအခါ မာနပြယ်နိုင်သည်။

ပညာကား လျော့ကျသည်မရှိ။ ပညာရှိသည် ပညာရှိသာဖြစ်၏။ ထိုပညာရှိတွင် မာနကပ်လေသောအခါ ဆုပ်ကိုင်လေသော အယူဝါဒတစ်ရပ်ကို လက်မလွှတ်တော့ဘဲ လေ့ခွက်ချည်းကျန် အလံမလှဲ ဟူဘိသို့ ဘယ်ဘဝ ဘယ်အခြေရောက်နေနေ မှန်မာန်သည်းသည်း မိုက်လုံးကြီးလျက်ပင် ရှိတတ်သည်။

ထို့ကြောင့်လည်း တောကြိုအုံကြားမှ သာမန်လူပါမွှားများကိုပင် အဟောလွယ်၊ အသိလွယ်စေနိုင်ခဲ့သော နောင်တော်ဘုရားရှင်အဖို့ မိမိလက်ရင်းတပည့်ဖြစ်သော ကောသမ္ဗီရဟန်းမာနရှင်တို့အား အသိမစွက် အဟောခက်ဖြစ်သောအခါ အကျိုးမရှိသော တပည့်ရဟန်း ပရိသတ်ကိုစွန့်ပစ်၍ ပါလိလေယျကတောတွင် ကိုယ်တော်ထီးတည်း တစ်ဝါဆိုတော်မူခဲ့ရသည်။

နောင်တော်ဘုရားရှင်သည် အကြောင်းရှိသည့်အခါ ရံဖန်တစ်ပါးတည်း ထွက်ကြွသွားတော်မူမြဲဖြစ်၏။ သို့ရာတွင် အချိန်တန်လျှင် ကျောင်းတော်သို့ ပြန်ကြွတော်မူလာမြဲဖြစ်သည်။ ယခုအကြိမ်၌လည်း ဝါဆိုရက်နီးအချိန်တွင် နောင်တော်ဘုရားရှင် တစ်ပါးတည်း ကြွသွားသောအခါ အချိန်တန်လျှင် ပြန်ကြွလာတော်မူလိမ့်မည်ဟု ထင်မိခဲ့သည်။ ဝါဆိုချိန်ရောက်လျက် မလာသောအခါတွင်မှ ပါလိလေယျကတောသို့ ကေစာကြွချီ သီတင်းသုံးတော်မူကြောင်း စုံစမ်းသိရှိရသည်။

ကျွန်ုပ်သည် တစ်ဝါတွင်းလုံး တစိုးရိမ်ရိမ် တကြောင့်ကြကြဖြင့် နေခဲ့ရသည်။ မည်သည့် ရဟန်းတရားကိုမျှ ထိထိရောက်ရောက် အားမထုတ်နိုင်။ နောင်တော့်ကိုယ်စား ဂန္ဓကုဋီအနီး၌သာ တရစ်ဝဲဝဲဖြင့် ယောင်ချာချာနေခဲ့ရသည်။ ဤသည်လည်း ကျွန်ုပ်အဖို့ နောင်တော်ဘုရားရှင်အပေါ် မကျေနပ်ဖြစ်ခဲ့ရသော ကိစ္စတစ်ရပ်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

ယခုလည်း နောင်တော်ဘုရားရှင်အပေါ် အားမလို အားမရ ဖြစ်ရပြန်ချေပြီ။ တားမရ ဆီးမရဖြစ်ရပြန်ချေပြီ။ ကျွန်ုပ်မှသာမက ရဟန်းအများကလည်းတားကြ၏။ နောင်တော်ဘုရားရှင်နှင့် ကျွန်ုပ်တို့ကို အသက်ပေး၍ ကြည်ညိုကိုးကွယ်သူ ဒါယကာ ဒါယိကာမများကလည်း တားကြ၏။ နက်ဖြန်နံနက်တွင် ရာဇဂြိုဟ်မြို့တွင်းသို့ နောင်တော် ဘုရားရှင် ကိုယ်တော်တိုင်ဆွမ်းခံ ဝင်တော်မမူရန် လျှောက်ထား တားမြစ်ကြခြင်းဖြစ်သည်။

သို့ရာတွင် နောင်တော်ဘုရားရှင်သည် မည်သူ့တားမြစ်ချက်ကိုမျှ လက်မခံ။ လက်မခံရုံမျှမက ဝေဠုဝန်အပါအဝင် ရာဇဂြိုဟ်ပတ်ဝန်းကျင်ရှိ ကျောင်းကြီး တစ်ဆယ့်ရှစ် ကျောင်းတို့မှ ရဟန်းသံဃာအားလုံးကိုပင် နက်ဖြန်နံနက်တွင် ဝေဠုဝန်ကျောင်းဝမှ နောင်တော်ဘုရားရှင်နှင့်အတူ ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်ကြရန် ဆင့်ဆိုရမည် ဟူသော နောင်တော်၏အမိန့်အရ ကျွန်ုပ်ကိုယ်တိုင်ပင် လိုက်လံဖိတ်ကြား လျှောက်ထား ရ၏။

နောင်တော်ဘုရားရှင်၏အစွမ်း၊ ကျောင်းဒါယကာကြီး ဗိမ္ဗိသာရဘုရင်၏ အားပေးမှုဖြင့် ကျွန်ုပ်တို့သာသနာသည် ရာဇဂြိုဟ်မြို့တွင် တစ်နေ့တခြား တိုးတက် ထွန်းပြောင်လျက်ရှိခဲ့ပေရာ ရဟန်းပရိသတ်မှာ ဝေဠုဝန်မှုဖြင့် မဆံ့တော့ဘဲ ရာဇဂြိုဟ် ပတ်ဝန်းကျင်တွင် ကျောင်းများခွဲ၍ နေကြရသည်။

တစ်နေ့တခြား တိုးတက်ထွန်းပြောင်လာသည် ဆိုသည်မှာ တစ်ချိန်က အခြေအနေကို ဆိုရခြင်းဖြစ်၏။ ယနေ့အဖို့ဆိုမူ ရဟန်းတော်တို့သည် တစ်နေ့တခြား မျက်နှာညှိုးနွမ်းလာခဲ့ကြရ၏။ ဆန့်ကျင်သူပေါများ၍ အနေကျပ်တည်းလာကြရ၏။ အကြောင်းကား ကျောင်းဒါယကာကြီး ဗိမ္ဗိသာရသည် အဇာတသတ်၏ မိုက်မဲမှုကြောင့် ထီးနန်းကို မျက်နှာလွှဲသွားရှာလေပြီ။ အဇာတသတ် ဘုရင်ကား ကျွန်ုပ်တို့၏ သာသနာ၏ ဆန့်ကျင်ဘက်တည်း။

မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ၊ မင်းနှင့်ဆန့်ကျင်ဘက်ဖြစ်လာရသည်ဆိုလျှင် များစွာသော ဒါယကာတို့သည် နောင်တော်ဘုရားရှင်နှင့် ကျွန်ုပ်တို့ ရဟန်းတော်များ အပေါ်တွင် မသိကျိုးကျွန် မထီမဲ့မြင်ပြုလာကြသည်။ ကျွန်ုပ်တို့ကိုမြင်လျှင် မျက်နှာလွှဲဖယ် သွားသောသူ၊ အိမ်တံခါးပိတ်ထားသူတို့ များစွာတိုးတက်လာကြ၏။ နောင်တော် ဘုရားရှင်အပေါ်၌ ခိုင်ခိုင်မြဲမြဲ စွဲယူကြည်ညိုသော ဒါယကာတို့မှသာ ကျွန်ုပ်တို့မှီခိုရာ ဂေါစရဂါမ် ကျန်ရှိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေဝဒတ်နှင့် လူပေါင်းမှားသော အဇာတသတ်ဘုရင်သည် ယနေ့အဖို့မူ နောင်တော်ဘုရားရှင်အား သိသိသာသာပင် တိုက်ခိုက်လာ၏။ ရည်မှန်းချက်မှာ နောင်တော်ဘုရားရှင်၏အသက်ကို ဖယ်ရှားပစ်ရန်အထိကြီးကျယ်လှသည်။

သာမန်အားဖြင့် စဉ်းစားလျှင် နောင်တော်ဘုရားရှင်ကဲ့သို့သော လက်နက်မဲ့ ရဟန်းတစ်ပါးအား ဘုရင်တစ်ဦးအနေဖြင့် ဖယ်ရှားပစ်ဖို့ရန်မှာ အလွယ်မျှသာ ဖြစ်ပေလိမ့်မည်။ သို့ရာတွင် အဇာတသတ်သည် ဤမျှအထိလည်း နောင်တော်ဘုရားရှင် အပေါ်၌ ပြောင်ပြောင်တင်းတင်းမရက်စက်ဝံ့ပေ။ အကြောင်းကား ဖခင်ကြီးကိုယ်တိုင် အသက်ပေး၍ ကိုးကွယ်ခဲ့သော အရှိန်အဝါရှိနေသေးသည့်အပြင် အဇာတသတ်ကိုယ်တိုင် သည်ပင်လျှင် အပေါင်းအသင်း မကောင်း၍သာ ပျက်စီးရသော်လည်း ပြောပ လောက်အောင် ယုတ်မာလှသေးသည်မဟုတ်သောကြောင့်ဖြစ်၏။

ထို့ကြောင့် ဒေဝဒတ်၏အကြံပေးချက်အရ ပရိယာယ်တစ်မျိုးဖြင့်ဆင်ဆိုးနှင့် စေလွှတ်၍သတ်မည်။ ထိုဆင်ကား အင်အားကြီးမှုတွင်လည်းကောင်း၊ အင်အား ကြီးသည်နှင့်အမျှ ဆိုးသွမ်းကြမ်းတမ်းမှုတွင်လည်းကောင်း နာမည်ကြီးလှစွာသော အဇာတသတ် လက်သုံးတော်နာဠာဂီရိတည်း။

ထိုဆင်ကြမ်းသည် နေ့စဉ် အရက်ရှစ်အိုးသောက်သည်။ သို့ရာတွင် နက်ဖြန် အတွက်မူ ဆယ့်ခြောက်အိုးတိုက်၍ နောင်တော်ဘုရားရှင် ဆွမ်းခံကြွလာရာလမ်းသို့ လွှတ်၍ တိုက်မည်ဟူသော သတင်းအတိအလင်း ဖြစ်ပေါ်လျက်ရှိ၏။

ထိုသတင်းသည် လျှို့ဝှက်သောသတင်းမဟုတ်၊ ပေါ်ပေါ်လွင်လွင် ထင်ထင် ရှားရှားပြုလုပ်သော သတင်းဖြစ်သည်။ အကြောင်းကား နက်ဖြန်နံနက်တွင် မင်းလမ်းမသို့ နာဠာဂီရိကို လွှတ်မည်ဖြစ်သောကြောင့် ရာဇဂြိုဟ်မြို့သူမြို့သား အများပြည်သူတို့ ထိုနေ့ထိုအချိန်တွင် အကူးအသန်းအသွားအလာမရှိစေရဟု နန်းတော်မှ အတိအလင်းပင် မောင်းကြေညာပြီးဖြစ်သည်။

သို့ဖြစ်၍ ထိုသတင်းတွင် အဓိပ္ပာယ်တစ်ရပ်ပါသည်ဟု ကျွန်ုပ်ယူဆ၏။ အဇာတသတ်သည် ဒေဝဒတ်၏အကြံကို မတွန်းလှန်နိုင်သောကြောင့်သာ လိုက်ပါရ သော်လည်း ကိုယ်တိုင်မူကား နောင်တော်ဘုရားရှင်အပေါ်တွင် တကယ်ရက်စက်လိုဟန် မတူပေ။ ဘုရင်အဇာတသတ်သည် ကိုယ်တိုင်က ရက်စက်လိုပါဘိမူ အလွယ်တကူ ရန်တုံ့မှုနိုင်သော အခြားနည်းပေါင်းများစွာရှိ၏။ ယခုသော် နောင်တော်ဘုရားရှင် ရှောင်လိုက ရှောင်နိုင်ရန် နာဠာဂီရိဖြင့် ပရိယာယ်ဆင်သည်ဟု ကျွန်ုပ်ယူဆ၏။

နောင်တော်ဘုရားရှင်သည် ရာဇဂြိုဟ်မြို့တွင်းသို့ နေ့စဉ် ဆွမ်းခံကြွတော်မူ သည်မဟုတ်ပေ။ ရံဖန် တစ်ပါးတည်း ဆွမ်းခံကြွ၏။ ရံဖန် ရဟန်းအများနှင့်ကြွ၏။

www.burmeseclassic.com

www.burmeseclassic.com



ရံဖန် ဆွမ်းဖိတ်သော ဒါယကာတို့အိမ်သို့ ဆွမ်းစားကြွ၏။ ရံဖန် ကျောင်းသို့ ဆွမ်းလှူ ဆွမ်းကပ်လာ၍ ကျောင်းတွင်ပင် ဆွမ်းကိစ္စပြီးငြိမ်း၏။

သို့ဆိုလျှင် နက်ဖြန်နံနက်၌ နာဠာဂီရိတွင်မက ရာဇဂြိုဟ်တွင်ရှိသမျှ ဆင်အားလုံးကိုပင် လွှတ်စေကာမူ နောင်တော်ဘုရားရှင်အဖို့ ဆွမ်းခံမကြွဘဲနေတော်မူလိုက်ရုံမျှဖြစ်၏။ ထိုနေ့နံနက် ဆွမ်းခံမကြွရန် ရဟန်းပရိသတ်နှင့် ဒါယကာအများကလည်း တားမြစ်လျှောက်ထားကြ၏။ သံဃာကုန် လုံလောက်အောင် ကျောင်းသို့ ဆွမ်းပို့မည်ဟု လျှောက်ထားကြ၏။

သို့ပါလျက်နှင့်ပင် နောင်တော်ဘုရားရှင်သည် ရှောင်တိမ်းလျှင် လွတ်နိုင်အောင် အကွက်ဆင်ထားသော အဇာတသတ်၏ ပရိယာယ်ညွှတ်ကွင်းသို့ အဘယ့်ကြောင့် တိုးဝင်လိုပါသနည်း။ စိတ်မောလှပါဘိသည်။

ကျွန်ုပ်သည် နောက်နေ့နံနက် ဆွမ်းခံချိန်ရောက်သည်အထိ သုံးကြိမ်တိုင်ပင် နောင်တော်ဘုရားရှင်အား ဆွမ်းခံမကြွဖို့လျှောက်ထားသည်။ အခြား ကျွန်ုပ်၏ အားထားရာများဖြစ်ကြသော သာရိပုတ္တရာထေရ်၊ မောဂ္ဂလာန်ထေရ်ကြီးတို့ထံသို့လည်း ဆွမ်းခံမထွက်ဖို့ကိစ္စကို အကူအညီတောင်းသည်။ သို့ရာတွင် နောင်တော်ဘုရားရှင် အလားတူပင် ကျွန်ုပ်၏လျှောက်ထားချက်ကို ပြုံးလျက်ပင် ခပ်မဆိတ် ငြင်းပယ်တော်မူကြသည်။ သူတို့သည် နောင်တော်ဘုရားရှင်၏အပေါ်၌ သေမကွဲရှင်မကွာ တစ်စိတ်တည်း တစ်ဝမ်းတည်း မတုန်မလှုပ် ကျိုးနွံပြီးကြသူများပါပေ။

ထို့ကြောင့် တားဆီး၍မရနိုင်သည့်အဆုံး၌ ကျွန်ုပ်သည် သန္နိဋ္ဌာန်တစ်ရပ် ချမှတ်လိုက်၏။ တွေ့ဆဲ တွေ့လတ္တံ့သော ဆင်ဆိုးအန္တရာယ်ကို နောင်တော်ဘုရားရှင် အားလည်းကောင်း၊ အခြား နောင်ကြီးဆရာများအားလည်းကောင်း ကျွန်ုပ်၏ မျက်မှောက်တွင် အတွေ့မခံနိုင်ပေ။ ထို့ကြောင့် အန္တရာယ်ကို ရင်ဆိုင်ရသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်သာအရင် ရင်ဆိုင်မည်။ ဆင်ဆိုးနှင့်တွေ့မည့်နေရာတွင် နောင်တော် ဘုရားရှင်ရှေ့တော်သို့ထွက်၍ ပထမဆုံး ရင်ဆိုင်မည်ဟူသော သန္နိဋ္ဌာန်ပင်ဖြစ်သည်။

[ ၄ ]

ယင်းသို့ သန္နိဋ္ဌာန်ချလိုက်သောကြောင့် စိတ်တည်ငြိမ်သွားပေတော့ရာ ဆွမ်းခံထွက်ကြမည့်အချိန်၌ ဝေဠုဝန်ကျောင်းဝမှနေ၍ ကြွလာသမျှသော ရဟန်းပရိသတ်ကို ကောင်းစွာကြိုဆိုနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ဝေဠုဝန်နှင့် အခြားကျောင်းကြီးတစ်ဆယ့်ရှစ်ကျောင်းတို့မှ ရဟန်းများကို နောင်တော်ဘုရားရှင်အမိန့်အရ ယမန်နေ့က လိုက်လံဖိတ်ကြားရစဉ်အခါက အနည်းအကျဉ်းသာကြွလာကြ၍ များစွာသော ရဟန်းတို့ကား ကြွလာလိမ့်မည်မဟုတ်ဟု ထင်ခဲ့မိသည်။ အကြောင်းကား နာဋ္ဌာဂီရိအန္တရာယ်နှင့် ရင်ဆိုင်ရမည်ကို အားလုံးပင် သိထားကြသောကြောင့်ဖြစ်၏။

သို့သော် ကျွန်ုပ်အထင်လွဲမှားသည်။ ရဟန်းအားလုံးပင် တည်ငြိမ်သော မျက်နှာများဖြင့်လည်းကောင်း၊ ဆုံးဖြတ်ပြီးသောမျက်နှာများဖြင့်လည်းကောင်း ကြွလာတော်မူကြသဖြင့် ကျွန်ုပ်အားတက်မိ၏။ ဝမ်းမြောက်၏။ သာဓုခေါ်၏။

ပုဂ္ဂိုလ်သတ္တဝါဟူသည် မိတ်ရင်းဆွေရင် ခင်မင်သည်ဆိုစေ၊ ကျိုးနွံသည်ဆိုစေ၊ တပည့်ဖြစ်စေ၊ ဆရာဖြစ်စေ၊ သွေးသားရင်းပင်ဖြစ်စေဘိဦး၊ ကိုယ်ကျိုးစွန့်ရအံ့သော ကိစ္စနှင့် ရင်ဆိုင်လာရသောအခါ စိတ်တူသဘောတူဖြစ်ခဲသည်။ "ကမ္ဘာမီးလောင် သားကောင် ချနင်း" ဟုပင် အစဉ်အလာ စကားရှိသည်မဟုတ်ပါလော။

နောင်တော်ဘုရားရှင်၏ ဝေဠုဝန်ရဟန်းပရိသတ်သည် နောင်တော်ဘုရားရှင်၏ ခေါင်းဆောင်မှုအောက်၌ အသက်နှင့်လဲ၍ပင် ကိုယ်ကျိုးစွန့်ကျိုးနွံကြသည်ကို တွေ့ရ၍ ဝမ်းမြောက်ရခြင်းဖြစ်၏။ ဤနေရာ၌ ရာဇဂြိုဟ်ရဟန်း ပရိသတ်သည် ကောသမ္ဗီ ရဟန်းပရိသတ်နှင့် ကွာခြားလှပါဘိသည်။

နေရောင်ခြည်သည် ပွင့်လင်းစွာ တောက်ပလျက်ရှိသောကြောင့် ထိုနေ့ နံနက်ခင်းအဖို့ သာယာသယောင်ရှိသော်လည်း ရာဇဂြိုဟ်မြို့သည် ဆင်ဆိုးလွှတ်မည် ဆိုသော အန္တရာယ်ကြောင့် တရုတ်ရုတ်တသဲသဲ လှုပ်ရှားလျက်ရှိသည်။

ထိုအချိန်အထိပင် ဒါယကာအချို့သည် ဆွမ်းအုပ်ဆွမ်းဆိုင်းတို့ကို ဝေဠုဝန်သို့ ယူဆောင်လာရင်း နောင်တော်ဘုရားရှင်အား ဆွမ်းခံမထွက်ရန် စိုးရိမ်တကြီး တားမြစ် လျှောက်ထားကြဆဲဖြစ်သည်။ သို့ရာတွင် နောင်တော်ဘုရားရှင်သည် ငြင်းပယ်တော်မူကာ သက်န်းတော်ကို သပ္ပာယ်စွာရုံပြီး ဝေဠုဝန်အဝရှိ ရဟန်းပရိသတ်ရှိရာသို့ ဆွမ်းခံထွက် တော်မူလေသည်။

ထိုသို့ကြွလာတော်မူသော နောင်တော်ဘုရားရှင်အား ယနေ့ နံနက်ဖူးမြင်ရ သည်မှာ အခါတိုင်းနေ့များထက်ပို၍ မျက်နှာတော်ကြည်လင်ကာ အသရေတော် ပွင့်လင်းလျက်ရှိသည်ကို ဖူးတွေ့ကြရသည်။ ဆွမ်းခံကြွမည့်သံဃာတန်းတွင် ထေရ်စဉ် ဝါစဉ်အတိုင်းဆိုလျှင် ကျွန်ုပ်သည် နောင်တော်ဘုရားရှင် နောက်တော်ပါးမှ ဆယ်ပါးခန့် အကွာတွင် ရှိရမည်။ သို့ရာတွင် ယနေ့နံနက်အဖို့မူ သန္နိဋ္ဌာန်ချပြီး ရည်မှန်းချက်ရှိ

www.burmeseclassic.com

www.burmeseclassic.com



နေသောကြောင့် နောင်တော်ဘုရားရှင်၏ အလုပ်အကျွေးဟူသော အခွင့်အရေးကိုယူကာ နောင်တော်ဘုရားရှင်၏ နောက်မှကပ်လျက် နေရာယူလိုက်သည်။ သို့မှသာ အရေးပေါ်လာသည့်အခါ နောင်တော်ဘုရားရှင်၏ရှေ့သို့ လျင်မြန်စွာ ထွက်နိုင်မည် မဟုတ်ပါလော။

သို့နှင့်နောင်တော်ဘုရားရှင်သည် ကြီးမားသောအသရေကိုဆောင်ကာ များစွာသော နောက်ပါရဟန်းတို့အခြံအရံဖြင့် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်ရန် ထွက်တော်မူကြီး ထွက်ကြွတော်မူသည်။

ကျွန်ုပ်တို့အဖို့လည်းကောင်း၊ နောင်တော်ဘုရားရှင်ကိုယ်တော်တိုင်အဖို့ သော်လည်းကောင်း ရာဇဂြိုဟ်သို့ ဆွမ်းခံဝင်ခြင်းသည် ထူးခြားသော အလုပ်မဟုတ်ပေ။ သို့ရာတွင် ယနေ့အဖို့မူ ရာဇဂြိုဟ်သည် သိသိသာသာပင် ထူးခြားလျက်ရှိပေ၏။ မင်းလမ်းမကြီးတစ်ခုလုံးသည် နေ့စဉ်နေ့တိုင်း အလွန်စည်ကားမြဲဖြစ်ပါလျက် ယနေ့ အဖို့မူ ညဉ့်နက်ချိန်ကဲ့သို့ မျက်စိတစ်ဆုံး ရှင်းလျက်ရှိသည်။

အခါတိုင်းဆိုလျှင် သူ့ထက်ငါသာ ဆွမ်းလောင်းကြသူတို့ဖြင့် ဆက်လျက် ရှိသော်လည်း ယနေ့တွင်မူကား တစ်ဦးတစ်လေ ပျာယီးပျာယာ ကျိုးကန်းတောင်းမှောက် အသွင်ဖြင့် ထွက်လာ၍ ဆွမ်းလောင်းပြီးနောက် လျင်မြန်စွာ အိမ်တွင်းသို့ ပြန်ဝင်ကာ တံခါးပိတ်လိုက်ကြသည်ကို တွေ့ရသည်မှတစ်ပါး ကျွန်ုပ်တို့ သံဃာတန်းကြီးမှာ မြို့လယ် လမ်းမကြီးတစ်လျှောက်လုံးတွင် ထီးတည်းကြီးဖြစ်လျက်ရှိ၏။

ဒါယကာ ဒါယိကာမတို့သည် ယနေ့နံနက် ကျွန်ုပ်တို့ဆွမ်းခံထွက်ကြွလာကြ လိမ့်မည်ဟု မျှော်လင့်ထားကြဟန်မတူပေ။ မျှော်လင့်ထားသည့်တိုင် အကူးအသန်း မရှိရဟု မောင်းခတ်ကြေညာထားသော မင်းမိန့်ကို အဘယ်ပုံဆန့်ကျင်ဝံ့ပါမည်နည်း။

သို့ရာတွင် လမ်းမကြီးပေါ်၌ လူသူမရှိသော်လည်း တွေ့ရခဲ မြင်ရာခဲသော နာဠာဂီရိကို လွှတ်မည်ဆိုသည်ကို ကြည့်ရှုနိုင်ရန်အတွက် အလုံပိတ်ထားသော အိမ်မိုး အိမ်ခေါင်အထက်တို့တွင်လည်းကောင်း၊ သစ်ပင်ကြီးငယ်တို့တွင်လည်းကောင်း၊ အခြား မြင့်သော အဆောက်အအုံမှန်သမျှတွင်လည်းကောင်း သူ့ထက်ငါသာ နေရာယူကာ ပြည့်ကျပ်လျက်ရှိ၏။ ထိုသူတို့သည် ကျွန်ုပ်တို့ကို တွေ့ရသောအခါ အံ့အားသင့်ဟန်၊ ချီးကျူးအံ့သြဟန်တို့ဖြင့် တိုးဝှေ့ချောင်းမြောင်း ကြည့်ရှုလျက်ရှိကြသည်။

နောင်တော်ဘုရားရှင်သည် မှန်မှန်ကြီးကြွချီတော်မူလျက်ရှိရာ လမ်းမ တစ်လျှောက်လုံး ဆင်ဆိုး၏အရိပ်နိမိတ်ကိုမျှ မတွေ့ခဲ့ရသေး၊ အကျယ်ဆုံးနေရာဖြစ်သော ဈေးအနီးသို့ ရောက်လာသည့်အခါတွင်မှ သံညှပ် သံစူးဖြင့် စူးရှပြင်းထန်စွာ အော်ဟစ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သော ဆင်သံကို ကြားရသဖြင့် အသံဆီသို့ လှမ်း၍ကြည့်လိုက်သောအခါ ဈေးတစ်ဖက် ရင်ဆိုင်တစ်နေရာတွင် ဆင်ထိန်းလူကြမ်းတို့ ဝန်းရံ၍ ကျွန်ုပ်တို့ထံသို့တူရူ စေလွှတ်ရန်ပြင်ဆင်လျက်ရှိသော နာဠာဂီရိကြီးကို ထီးထီးမားမား တွေ့ရပါတော့သည်။

သို့ရာတွင် နောင်တော်ဘုရားရှင်သည် ခြေလှမ်းတော်တစ်လှမ်းမျှမပျက်စေဘဲ ရှေ့သို့သာ မှန်မှန်ကြီးကြွချီတော်မူလျက်ရှိ၏။ ကျွန်ုပ်သည် နံဘေးတစ်ဖက်စီသို့ ဦးခေါင်းကို အနည်းငယ်ငဲ့၍ တယိမ်းယိမ်းတလှုပ်လှုပ် မာန်ဖီရင်း သံသေးသံကြောင်တို့ စူးရှစွာ အဆက်မပြတ်အော်ဟစ်လျက်ရှိသော နာဠာဂီရိ၏အမူအယာကို မျက်ခြည် မပြတ်အောင် စူးစိုက်၍ကြည့်၏။

ကျွန်ုပ်တို့သည် အကယ်ပင် အန္တရာယ်နှင့် ရင်ဆိုင်ကြရပေပြီ။ နာဠာဂီရိသည် နာမည်ကြီးလှသည်နှင့်အမျှ အကယ်ပင် ကြမ်းတမ်းပါပေ၏။ ကြီးမားလည်း ကြီးမား ပါပေ၏။ မြေကြီးကို ခွာဖြင့်ယက်၍လည်းကောင်း၊ နှာမောင်းဖြင့်ပုတ်ခတ်၍လည်းကောင်း မြေမှုန့်တို့ကို တထောင်းထောင်းထစေလျက်ရှိ၏။ နံဘေးနှစ်ဘက်မှ ဝန်းရံ၍ နာဠာဂီရိအား သွေးထိုးနှိုးဆွရင်း ကျွန်ုပ်တို့ဆီသို့ ချွန်းတမြှောက်မြှောက် လက်တည္ညွှန်ညွှန်ပြုလျက်ရှိသော ဆင်ထိန်းလူကြမ်းကြီးများကိုလည်း အထင်းသားတွေ့နေရ၏။

ဤတွင်ထူးခြားသော အချက်နှစ်ရပ်ကို ကျွန်ုပ်သတိပြုမိသည်။

တစ်ချက်မှာ ကျွန်ုပ်တို့ရဟန်းပရိသတ်သည် ဤမျှ ဘေးဆိုးအန္တရာယ်ဆိုးနှင့် မျက်ဝါးထင်ထင်ရင်ဆိုင်လျက်ရှိသော်လည်း တစ်ချက်ကလေးမျှ ကြွေ့မပျက်ကြခြင်း ဖြစ်၏။ နောင်တော်အဖို့မူ အဘယ်ဆိုဖွယ်ရှိတော့အံ့နည်း။

နောက်တစ်ချက်မှာ ဘုရားရှင်အား တွေ့သည့်နေရာတွင် သတ်ရန်ကိစ္စ တစ်ခုတည်းဖြင့် သေချာစွာပြင်ဆင်ထားခဲ့သော ဆင်ရိုင်းဆင်ကြမ်းကြီး နာဠာဂီရိသည် ယခုရင်ဆိုင်တွေ့နေရုံမျှမက ဆင်ထိန်းတို့က နိုင်ထက်စီးနင်း စေလွှတ်နေပြီဖြစ်ပါလျက် အဘယ့်ကြောင့် တယိမ်းယိမ်းတယိုင်ယိုင်ဖြင့် ဟန်ရေးပြကာ ရှိနေပါသေးသနည်း ဟူသော အချက်များဖြစ်၏။

စည်ကားလှသော မြို့တော်ကြီးပင်ဖြစ်သော်လည်း ပတ်ဝန်းကျင်တစ်ခုလုံးသည် နာဠာဂီရိ၏ အဆက်မပြတ်အော်သံနှင့် ဆင်ထိန်းတို့၏ သွေးတိုးအားပေးသံမှတစ်ပါး အခြားဘာသံမျှ မကြားရပေ။ ထိုအချိန်၌မူ ကျွန်ုပ်တို့သည် နာဠာဂီရိဆင်နှင့် ကိုက် ငါးဆယ်ခန့်အကွာသို့ပင် ရောက်လျက်ရှိပေပြီ။

တိရစ္ဆာန်ဖြစ်လျက်ဘုရားရှင်၏ကျေးဇူးတော်ကို သိသောကြောင့် နာဠာဂီရိ ရန်မမူဝံ့လေသလောဟု ထင်ဆဲမှာပင် နာဠာဂီရိသည် အားမာန်တင်းကာ သုန်မှုန်သော

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာသွင်ပြင်ဖြင့် ရှေ့သို့ဆယ်လှမ်းမျှ တစ်ဟုန်တည်း ထွက်လာသည်ကို တွေ့ရ၏။ သို့ရာတွင် ထို့ထက်ပို၍ ရှေ့သို့မတက်ပေ။

ကျွန်ုပ်သည် နောင်တော်ဘုရားရှင်နှင့် အသက်ချင်းလဲရန် နောင်တော် ဘုရားရှင်၏ရှေ့သို့ ရုတ်ချည်းတက်၍ရပ်လိုက်၏။ ထိုအခါ နောင်တော်ဘုရားရှင်၏ "အာနန္ဒာ၊ နောက်သို့ဆုတ်လော့" ဟူသော မိန့်သံကို ကြားရသည်။ ကျွန်ုပ်သည် နောင်တော်အား ချစ်ခင်စိတ်ကြောင့် အမိန့်တော်ကို မနာခံလို။ ထို့ကြောင့် မကြားယောင် ပြုကာ မသိကျိုးကျွန်ပြု၍ အတင်းရပ်နေ၏။

နောင်တော်ဘုရားရှင်၏ မိန့်သံ နောက်တစ်ကြိမ်ထွက်ပေါ်လာပြန်သည်။

"အာနန္ဒာ ° ° ° ဖယ်ရှားလော့၊ ဤကိစ္စသည် သင့်ကိစ္စမဟုတ်၊ ငါ့ကိစ္စဖြစ်သည်၊ သင့်နေရာတွင်ပြန်၍နေလော့"

မိန့်သံမဟုတ်၊ အာဏာသံဟုပင်ဆိုချင်သည်။ အကြောင်းမူကား နောင်တော် ဘုရားရှင်၏ ထိုအသံမျိုးသည် တစ်စုံတစ်ရာ အပြစ်ဆိုဖွယ်ရှိသည့်အခါမျိုး၌ ထားရှိမြဲသော အသံမျိုးဖြစ်သည်။ ကျွန်ုပ်သည် နောင်တော်ဘုရားရှင်က အပြစ်တင်မည့်ကိစ္စမျိုးကို အသက်စွန့်ရမည်ထက်ပင် ကြောက်လှပါ၏။ ထို့ကြောင့် အသက်စွန့်ဖွယ်ရှိလျှင် အတူ စွန့်မည်ဟူသောသဘောသို့ပြောင်းကာ ဘုရားရှင်နောက်တော်သို့ ရွှေ့ခဲ့ရသည်။ ကျွန်ုပ်၏ တစ်သက်တာတွင် နောင်တော်ဘုရားရှင်၏အမိန့်ကို တစ်ကြိမ်တည်းမျှဖြင့် မနာခံခဲ့ဖူးသော ကိစ္စဟူ၍ ဤတစ်ကြိမ်တည်းသာဖြစ်ကြောင်း ပြောလိုပါသည်။

နာဠာဂီရိ ရှေ့သို့တက်လာခြင်း၊ နောင်တော်ဘုရားရှင် ရှေ့သို့ ကျွန်ုပ်တက်ခြင်း၊ နောက်သို့ပြန်ဆုတ်ခြင်းအဖြစ်အပျက်မှာ လျင်မြန်လှ၏။ နာဠာဂီရိသည် ရှေ့သို့ မာန်ဟုန်ဖြင့် တက်ခဲ့သော်လည်း နောင်တော့်ထံသို့ကား မရောက်ပေ။ လမ်းခုလတ်တွင် ရပ်ကာ ခွာရှုပ်ခြင်း၊ နှာမောင်းမြှောက်ခြင်း၊ ကိုယ်ကိုယိမ်းယိုင်လှုပ်ရှားခြင်း၊ အော်ဟစ်ခြင်း တို့ကိုသာ ပြုလုပ်၍ ရပ်နေသည်။

ထိုအခိုက် ထူးခြားသော ဖြစ်ရပ်တစ်ခုပေါ်လာ၏။

တစ်နေရာတွင် ပုန်းကွယ်လျက်ရှိသော ဈေးသည်မတစ်ဦး၏သားငယ်သည် မိခင်လက်မှလွတ်၍ နာဠာဂီရိဆင်၏မြင်ကွင်းသို့ ပြေးထွက်လာလေရာ မိခင်ဖြစ်သူသည် သားဇောကြောင့် နာဠာဂီရိ ဘေးရန်ကို မကြောက်နိုင်တော့ဘဲ အော်မြည်ကာ သူ့သားကို လိုက်ဖမ်းသည်။

ထိုအခါ နောင်တော်ဘုရားရှင်သို့ ဦးတည်လျက်ရှိသော နာဠာဂီရိ၏ အစွယ် တို့သည် မြင်ကွင်းသို့ရောက်လာသော ဈေးသည်မဘက်သို့ ရုတ်တရက်လှည့်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအပြုအမူကိုမြင်၍ ကျွန်ုပ်အနည်းငယ် အားတက်လာမိသည်။ နောင်တော်ဘုရားရှင်၏ အန္တရာယ်သည် ဈေးသည်မဘက်သို့လှည့်သွားသောကြောင့် မဟုတ်ပါပေ။ ယခုအချိန်ထိ နာဠာဂီရိ၏ အပြုအမူကို ကြည့်ရသည်မှာ နာဠာဂီရိသည် နောင်တော်ဘုရားရှင်အား အန္တရာယ်မပြုလို။ သို့မဟုတ် မပြုဝံ့၊ မပြုရဲ တွန့်ဆုတ်လျက်ရှိနေသည်မှာ ထင်ရှားလေသောကြောင့်ဖြစ်၏။

အကယ်ဆိုလျှင် ဆိုးသွမ်း ကြမ်းတမ်းလှပါသည်ဆိုသော နာဠာဂီရိသည် ကျွန်ုပ်တို့အား ပထမဆုံး တွေ့မြင်ရင်ဆိုင်စဉ်ကပင် တစ်ဟုန်တိုးအန္တရာယ်ပြုဖို့ကောင်း၏။ ယခုသော် ဟိတ်ဟန်ပြလျက်သာရှိသည်။ ဆင်ထိန်းများက ရိုက်ပုတ်တိုက်တွန်းသည် အထိပင် ရုတ်တရက် ရှေ့မတိုးသေး။ ရှေ့တိုးလာပြန်တော့လည်း ဆယ်လှမ်းမျှ ဟန်ပြရုံသာဖြစ်၏။ ယခု ဈေးသည်မကိုတွေ့လာရသောအခါ သတ္တိညံ့သော အသွင်ကဲ့သို့ ဈေးသည်မဆီသို့ ဦးတည်ချက်ပြောင်းသည်။ "လူမရဲတော့ ဟစ်သည်၊ ကျားမရဲတော့ တစ်သည်" ဟူသကဲ့သို့ "ဆင်မရဲတော့ ထစ်သည်" ဟုပင် ပြောဖွယ်ဖြစ်သည်။

နာဠာဂီရိ၏ဦးကင်းသည် ဈေးသည်မဘက်သို့လှည့်လိုက်စဉ် ခဏမှာပင် "ချစ်သား နာဠာဂီရိ" ဟူ၍ အောင်မြင်ပြတ်သားစွာ ခေါ်လိုက်သော နောင်တော်ဘုရားရှင်၏အသံတော်ကို ကြားလိုက်ရသည်။

ထိုအသံကြောင့် ဈေးသည်မဘက်သို့ ဦးလှည့်နေသော နာဠာဂီရိ၏ ခြေလှမ်းကြမ်းကြီးများသည် သံကြိုးဖြင့် တုံ့ဆွဲလိုက်သည့်ပမာ တန့်ခနဲ ရပ်သွား၏။ ထို့နောက် နာဠာဂီရိသည် ဈေးသည်မဘက်သို့လည်းမလိုက်၊ နောင်တော်ဘုရားရှင်ဘက်သို့လည်း တည့်တည့်မလှည့်ဘဲ နှာမောင်းကြီးတယမ်းယမ်း၊ ကိုယ်ကြီးတလှုပ်လှုပ်ဖြင့်သာ နားဝေ တိမ်တောင်လုပ်နေသည်။ နောင်တော်ဘုရားရှင် ဆက်၍မိန့်၏။

"ချစ်သား နာဠာဂီရိ၊ သင့်ကိုစေလွှတ်လိုက်သူတို့က ဈေးသည်မကို အန္တရာယ်ပြုရန် စေလွှတ်လိုက်သည်မဟုတ်၊ ငါဘုရားကိုသတ်ရန် လွှတ်လိုက်ခြင်းမဟုတ်ပါလော။ သင်၏ တာဝန်သည် ငါဘုရား၌သာရှိသည်မဟုတ်ပါလော။ ချစ်သားနာဠာဂီရိ၊ ငါ့ထံသို့လာလော့"

နောင်တော်ဘုရားရှင် အသံတော်ကို ကြားရသောအခါ နာဠာဂီရိ၏တယိမ်းယိမ်း တလှုပ်လှုပ်ရှိသော ကိုယ်ဟန်သည် သိသိသာသာ ငြိမ်သက်သွားသည်ကို တွေ့ရ၏။ နာဠာဂီရိ၏ ဦးခေါင်းသည် နောင်တော်ဘုရားရှင်ထံသို့လှည့်ကာ မျက်စိတစ်ချက်ဖွင့်၍ ဖျတ်ခနဲ ကြည့်လိုက်သည်ကိုလည်းမြင်ရ၏။ ထိုမျက်လုံးသည် ဒေါသမျက်လုံးမဟုတ်၊ စိုးရွံ့သော မဝံ့မရဲမျက်လုံးဖြစ်ကြောင်း ကျွန်ုပ်သတိပြုမိသည်။

www.burmeseclassic.com

www.burmeseclassic.com



နာဠာဂီရိသည် နောင်တော်ဘုရားရှင်အား အန္တရာယ်ပြုရန် ရင်ဆိုင်လာသည်မှ စ၍ နောင်တော်ဘုရားရှင်အား မျက်လုံးတစ်ချက်မျှ တူရူမကြည့်သေးသည်ကို ကျွန်ုပ် သတိပြုခဲ့မိ၏။ အရက်၏အစွမ်းကြောင့်လည်းကောင်း၊ ဒေါသ၏အဟုန်ကြောင့် လည်းကောင်း နာဠာဂီရိ၏ မျက်လုံးတို့သည် ရီမှောင်လျက် ရှိကြသည်မှန်၏။ သို့ရာတွင် အန္တရာယ်ပြုရမည့် နောင်တော်သို့ကား တစ်ချက်ကလေးမျှ ကြည့်သည်ကိုမတွေ့ရပေ။

မျက်လုံးသည် သတ္တဝါတို့၏ သဘောကို ပြောလေ့ရှိသည်။ သတ္တဝါတို့၏ သဘောသည် မျက်နှာတွင်ပေါ်၏။ ထို့ထက် မျက်လုံးတွင်ပေါ်၏။ တိရစ္ဆာန် တစ်ကောင် လည်းဖြစ်၍ ဆိုးသွမ်းသောနာဠာဂီရိ၏ မျက်လုံးများသည် သန့်ရှင်းမှုတို့၏ဘုရင် မဟာကရုဏာအရှင်ဖြစ်သော နောင်တော်ဘုရားရှင်သို့ ဒေါသဖြင့် အဘယ်ပုံတူရူ ကြည့်ဝံ့ပါမည်နည်း။ နောင်တော်ဘုရားရှင်၏ ကရုဏာအပြည့်ရှိသော အသံတော်ကို ကြားရ၍ တစ်ချက်မျှ ဖျက်ခနဲ ကြည့်လိုက်ဝံ့ဟန်တူသည်။

နောင်တော်ဘုရားရှင်က ခေါ်သဖြင့် နောင်တော်ဘက်သို့ ဦးကင်းလှည့် ထားသော နာဠာဂီရိသည် နောင်တော်ထံသို့လာ၏။ သို့ရာတွင် မငြိမ်မသက် ဒေါသမွှမ်းသော ကိုယ်ဟန်ဖြင့် လာခြင်းမဟုတ်။ ဦးကင်းညွှတ်၍ နှာမောင်းကိုခွေ၍ သေဝပ်ငြိမ်သက်စွာလာသည်။ နောင်တော်ဘုရားရှင်သည် သင်္ကန်းအတွင်းမှ လက်ယာ လက်တော်ကိုထုတ်၍ နာဠာဂီရိသို့ လှမ်းလင့်သည်။ နာဠာဂီရိ၏ ဒေါသမှ မေတ္တာသို့ ရုတ်ခြည်းပြောင်းလဲသွားသော အပြုအမူတို့ကို ကျွန်ုပ်တို့သည် အသက်ရှူမှားမတတ် စေ့စပ်စွာ ကြည့်ရှုလျက်ရှိကြသည်။

နာဠာဂီရိသည် သာမဏေလေးတစ်ပါးကဲ့သို့ နောင်တော် ဘုရားရှင် လက်လှမ်းမီလောက်သည့် ရှေ့တော်အထိ ရှိညွတ်စွာလာသည်။ ရှေ့ခြေနှစ်ချောင်းကို ညီညာစွာရပ်သည်။ နှာမောင်းကို အတွင်းသို့ခွေသည်။ ထို့နောက် သိမ်သိမ်မွေ့မွေ့ လေးလေးတွဲ့တွဲ့ ဝပ်တွားသည်။ မျက်လုံးနှစ်ဖက်ကိုမှိတ်ထား၏။ ဖြစ်နိုင်လျှင် အမြင် ဆိုးသော အစွယ်ကြီးနှစ်ချောင်းကိုပင် ခွေခေါက်၍ ထားရှိလိုဟန်ရှိသည်။

ထိုအခါ နောင်တော်ဘုရားရှင်သည် လက်တော်ဖြင့် နာဠာဂီရိ၏ ဦးကင်းကို ကိုင်၏။ သုံးသပ်၏။ နောင်တော်ဘုရားရှင်သည် နာဠာဂီရိအား တစ်စုံတစ်ရာမိန့်ကြား လိုဟန်ရှိ၏။ သို့ရာတွင် မိန့်ကြားခွင့်မရ။ အကြောင်းကား ထိုအခိုက်တွင် အသက်ရှူ မှားမတတ် ငြိမ်သက်လျက်ရှိခဲ့သောပတ်ဝန်းကျင်တစ်ခုလုံးမှ ကောင်းချီးသြဘာပေး ကြသော အသံတို့သည် မိုးပြိုဘနန်း တစ်ခဲနက် ထွက်ပေါ်လာသောကြောင့်ပေတည်း။

ပတ်ဝန်းကျင် အသံစဲသည့်အခါမှ နောင်တော်ဘုရားရှင်၏ မိန့်သံကိုကြားရ၏။

www.burmeseclassic.com

www.burmeseclassic.com



''ချစ်သား နာဠာဂီရိ၊ သင့်မှာ ရေးဘဝကံနည်းပါး၍ ယခုဘဝ၌ တိရစ္ဆာန်အဖြစ်သို့ ရောက်နေရသည်။ ယခုဘဝ၌ မဆင်ခြင်သော် နစ်မွန်းသည်ထက် နစ်မွန်းဖို့သာ ရှိတော့သည်။ မကောင်းမှုမှန်သမျှကို သတိဖြင့်စွန့်ပယ်လော့ နာဠာဂီရိ''

နာဠာဂီရိသည် မျက်ရည်တွေတွေကျ၏။ ပရိသတ်ကြီးသည် ကျွန်ုပ်တို့အနီးသို့ တစ်ဦးပြီးတစ်ဦး ချဉ်းကပ်တိုးဝင်၍ လာကြရာ ပတ်ဝန်းကျင်တစ်ခုလုံးပြည့်ကျပ်လျက် ရှိတော့သည်။ ဒါယကာတို့၏ သူ့ထက်ငါသာ လျှောက်ထားချက်အရ ကျွန်ုပ်တို့သည် ဆွမ်းခံကိစ္စအတွက် ရှေ့သို့မဆက်ရတော့ဘဲဝေဠုဝန်သို့ ပြန်လှည့်ကြရသည်။

ထိုနေ့ ဆွမ်းခံထွက်ကြွတော်မူခြင်းသည် နာဠာဂီရိကို ကယ်ချွတ်ရန် မဟုတ်ပါလော။ ထိုနေ့အဖို့ ဝေဠုဝန်မှာ ဆွမ်းကွမ်းအစ လှူဖွယ်တန်းရာတို့ဖြင့် ပြည့်လျှံသွား၏။ အဇာတသတ်ဘုရင်နန်းတက်သည့်အချိန်မှစ၍ ညှိုးနွမ်းခဲ့ရသော ကျွန်ုပ်တို့ ရဟန်းပရိသတ်အဖို့ ပြန်လည်လန်းဆန်းခွင့်ကြုံရပြန်၏။

မဟာကရုဏာတော်သခင် နောင်တော်ဘုရားရှင်အဖို့ကား အံ့ဖွယ်အောင်နိုင်ခြင်းကြီး တစ်ပါးပါတည်း ။ ။

www.burmeseclassic.com

www.burmeseclassic.com



# ကျားကြီးရာဇာ

[ ၁ ]

မဇ္ဈိမတွင် ဗုဒ္ဓသာသနာတော် တိုးတက်လာသလောက် အခက်အခဲတစ်ရပ်မှာ ရဟန်းတော်တို့ သီတင်းသုံးတရားကျင့်ရန် ရဟန်းတို့နှင့်လျော်သော ကျောင်းသင်္ခမ်းနေရာ အခက်အခဲပင်ဖြစ်ပေသည်။

အကြင်ရဟန်းတစ်ဦးအား ရဟန်းဘဝသို့ ရောက်လာသည်နှင့်တစ်ပြိုင်နက် နေရာထိုင်ခင်းအတွက် ကြောင့်ကြမှုမရှိစေရန် သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင်အောက်သို့ ဒေသနာတော်ဖြင့် လက်ညှိုးညွှန်ထားသည်မှန်ပါ၏။ သို့ရာတွင် ရဟန်းတို့များပြားလာသောအခါ ယင်းသစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက်ဆိုသည်ကပင် အခက်အခဲရှိလာရသည်။

သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက် ဆိုတိုင်းလည်း တရားကျင့်သုံးရန် မသင့်လျော်သေးပေ။ အကြင်ရဟန်းအတွက် အထူးလိုအပ်သော အေးငြိမ်းမှု၊ ဆိတ်ငြိမ်မှု ဝိဝေကရရှိရန် သင့်လျော်သောဌာန၊ သင့်လျော်သောသစ်ပင်ဖြစ်ဖို့ လိုပေသေး၏။

ယင်းသို့ သင့်လျော်သော ကျောင်းသင်္ခမ်းရှားပါးရသည့်အကြောင်းများအနက် အခြေခံအကြောင်းကြီးတစ်ရပ်ကလည်း မဇ္ဈိမတွင် ပင်ကိုကပင် ရှိနေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အတ္တနှင့် အနတ္တဟူသည့် အဖြူနှင့်အမည်း ကျောက်ခဲနှင့် ပတ္တမြားကဲ့သို့ အဆင်ရော အသွေးပါ ကွာခြားလှသည်မှန်သော်လည်း ခက်သည်မှာကား ဗြာဟ္မဏနှင့် ဗုဒ္ဓဝါဒတို့သည် ဤမြေဤရေတွင်သာ ထွန်းပေါက်လာကြခြင်းဖြစ်ရုံသာမက ပန်းတိုင်ချင်းသာမတူသော်လည်း အောက်ခြေလုပ်ငန်းအသွင်အပြင်များတွင်မူ ဂင်္ဂါရေ၊ ယမုံနာရေ ခွဲခြားမရဟု ဆိုသလောက်အောင်ပင် ဗြာဟ္မဏရသေ့ရဟန်းရော ဘုရားရှင်၏ တပည့်ရဟန်းတို့ပါ ဤတောဤတောင်ကို အမှီပြုကြရသည်။ ဤအဆင်အသွေးကိုပင် ဝတ်ဆင်ကြသည်။ ဤဒါယကာ ဤဒါယိကာမတို့ကိုပင် အမှီပြုကြရသည်။ ဒါယကာ ဒါယိကာမတို့ ဆောက်လုပ်လှူဒါန်းအပ်သော ဤဇရပ် တန်ဆောင်းကျောင်းသင်္ခမ်းများမှာပင် သီတင်းသုံးကြရသည်။ အခြေခံအားဖြင့် ဤသမထကိုပင် ကျင့်သုံးကြရခြင်းပင် ဖြစ်ပေသည်။

ဤအကြောင်းရပ်တွင် ပြောလိုသည်ကား နေရာထိုင်ခင်း ကျောင်းသင်္ခမ်း ပြဿနာပင်ဖြစ်ပေ၏။ တောတောင်ဂနိုင် စုံမြိုင်ရိပ်ငြိမ်တို့တွင်သာမက မြို့ရွာတို့တွင်လည်း ရွာဦးရွာထိပ်နှင့် အကွက်အကွင်းကောင်းရာနေရာမှန်သမျှလိုလို၌ စေတီဖွေးဖွေး၊ ထုံးဖွေးဖွေးဟု ဆိုရလောက်အောင်ပင် မှိုင်းမှုန်ပြာရီပဝေဏီက တည်ရှိခဲ့သော ဗြာဟ္မဏဘာသာကြီးနှင့် အခြားဘာသာတို့၏ ကျောင်းကန်အဆောက်အအုံတို့က နေရာယူထားကြပြီးဖြစ်နေသည်။

ဗုဒ္ဓရဟန်းတော်တို့သည် စာပေသင်ကြားမှု ပရိယတ္တိနှင့် တရားရှုမှတ်အားထုတ်မှု ပဋိပတ္တိဟူ၍ လုပ်ငန်းနှစ်ရပ်သာရှိကြရာ ပရိယတ္တိရဟန်းတို့အတွက် မြို့ရွာ ဂါမဝါသီကျောင်းများတွင် သင့်လျော်သလို သီတင်းသုံးနေထိုင်နိုင်ကြပေသေး၏။ အကြောင်းကား ထင်ထင်ပေါ်ပေါ်သာ ဆောက်လုပ်လှူဒါန်းလိုကြသော အနာထပိဏ်၊ ဝိသာခါ စသူတို့လို ဒါယကာများ၏ ဇေတဝန်၊ ပုဗ္ဗာရုံ၊ ဝေဠုဝန်၊ နိဂြောဓာရုံ၊ ရာဇကာရုံ စသော နာမည်ကျော် ကျောင်းကြီးပေါင်းများစွာနှင့် အခြားကျောင်းများစွာ ရှိနေသောကြောင့်ဖြစ်၏။ တရားရှုမှတ်နိုင်ရန်အတွက် အေးငြိမ်းဆိတ်ငြိမ်မှုကို လိုအပ်သော ပဋိပတ်ရဟန်းတို့အတွက်မူကား ကျောင်းသင်္ခမ်းအခက်အခဲမှာ အနည်းနှင့်အများ ဆိုသလို အခါခပ်သိမ်းရှိနေခဲ့ရပေသည်။

တစ်ဖန်တုံလည်း ကေစာ တစ်ပါးတည်းသမားအတွက်မူ လွယ်သည်ဟု ဆိုနိုင်ပါသေး၏။ တပည့်တပန်း အသိုက်အဝန်းနှင့် တာဝန်ရှိသော ခေါင်းဆောင် ရဟန်းတို့အတွက်မူ ပို၍ခက်ရသည်။

ရဟန်းတစ်စုသည် တရားကျင့်သုံးရန်အတွက် သင့်လျော်မည်ထင်သော တောတောင်တစ်ခုသို့ ချဉ်းကပ်သီတင်းသုံးကြ၏။ ယင်းအခါ ထိုတောတွင် ရှိနေနှင့်ပြီးသော မသမာသူတစ်စုက ရောက်လာကာ သူတော်ကောင်းရဟန်းတို့အတွက်

www.burmeseclassic.com

www.burmeseclassic.com



တာဝန်လေး၍ နည်းမျိုးစုံဖြင့် အနှောင့်အယှက်ပေးကြသည်။ ရဟန်းတို့က မိမိတို့ အာဝါသသပ္ပာယမမျှပုံကို ဘုရားရှင်အား လျှောက်ထားသောအခါ ဘုရားရှင်က "ချစ်သားတို့ ‌. ‌. ‌. သင်တို့အတွက် ဤနေရာထက်သင့်လျော်သောအရပ်ကို ငါဘုရား မြင်တော်မမူ။ ဤအရပ်တွင်သာ ပြန်၍သီတင်းသုံးကြပေရော့။ သို့သော် သင်တို့အား နောက်တစ်ဖန် အနှောင့်အယှက်မဖြစ်စေရန် ငါဘုရား နည်းလမ်းပေးလိုက်မည်"ဟု မိန့်တော်မူရာ သာသနာတော်တွင် ယနေ့တိုင်ကျော်ကြားလှသော မေတ္တသုတ် ပရိတ်တော်ကို ပေးတော်မူလိုက်ရသည်။ ဤကား နေရာခက်ခဲမှုပြဿနာမှ ပေါ်ပေါက်ခဲ့သော အကြောင်းရပ်တစ်ခုဖြစ်၏။

ရဟန်းတစ်ပါးသည် တရားရှုမှတ်ဖို့နေရာ အခက်အခဲကြောင့် မာဂဓတိုင်း၏ တောရပ်တစ်နေရာတွင် နေသာရုံမျှဖြစ်သော တောကျောင်းကလေးတစ်ဆောင် ဆောက်လုပ်သည်။ သို့ရာတွင် ဆောက်လုပ်သောသစ်ဝါးမှာ ဘုရင့်ဘဏ္ဍာတော်နှင့် မကင်းသောကြောင့် ပြဿနာဖြစ်ရသည်။ နေရာအခက်ပင်ဖြစ်၏။

ရှင်သာရိပုတ္တရာ၏ ညီအရင်း အရှင်ဥပရေဝတသည် တရားရှုမှတ်ရန်နေရာ အခက်အခဲကြောင့် သင့်လျော်မည် မသင့်လျော်မည်မှ မရွေးချယ်နိုင်။ အေးငြိမ်း ကင်းဆိတ်ရာ ဂူတစ်ခုအတွင်းသို့ဝင်၍ တရားအားထုတ်သည်။ ထိုဂူတွင်ရှိနေသော မြွေဆိုးခဲ၍ ပျံတော်မူရသည်။ မြွေအန္တရာယ်ကင်းဝေးရန် ခန္ဓသုတ်ဖြစ်ပေါ်လာရခြင်း၏ အကြောင်းရင်းဖြစ်၏။ နာမည်ကျော် ရှင်သာရိပုတ္တရာ၏ညီပင်လျှင် နေရာသခ်မ်း ပြဿနာရှိသည်ဆိုသော် အခြားအရညကင် ရဟန်းတို့အဖို့ အဘယ်ဆိုဖွယ်ရာ ရှိပါတော့အံ့နည်း။

ထောက်ပြရန်တော့ရှိပါ၏။ အရှင်သာရိပုတ္တရာ၏ညီပင်ဖြစ်၍ မိမိခန္ဓာသက်သာ အဆင်ပြေမှုအတွက် နေရာထိုင်ခင်းဟူသည်ကို နည်းနည်းကလေးမျှ မစဉ်စား၊ မရေတွက်၊ ရေမိုးအဆင်ပြေချင်ပြေ မပြေချင်နေ၊ တုံးတိုက်တိုက် ကျားကိုက်ကိုက် ဆိုသကဲ့သို့ အရညကင် သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက်ဟူသော အဆုံးအမကို အတိကျဆုံး လိုက်နာကာ လူသားမှန်လျှင် နေဖို့ဝေး၍ စဉ်းစားကြည့်ဖို့ပင် ခက်လှသော ခရောင်းတော ဆူးတောတွင် သီတင်းသုံးပျော်ပိုက်သော သာမဏေကလေးမျှသာ ဖြစ်သော အရှင်ရေဝတ၊ ဤ 'ဗုဒ္ဓစာပန်းချီ'တွင် 'နွံထဲကကြာ' ဟု ထောက်ပြခဲ့သော အရှင်ရေဝတလို အာဇာနည်မျိုးကိုတော့ နေရာပြဿနာ ဖြေရှင်းရေးအတွက် နမူနာပြ စရာရှိပါ၏။ သို့သော် ရဟန်းတိုင်းသည် အရှင်ရေဝတချည်းမဖြစ်နိုင်ပါပေ။

ယင်းသို့လျှင် မိမိတစ်ပါးတည်းမျှမဟုတ်၊ တပည့်တပန်း သုံးဆယ်အတွက်ပါ တာဝန်ရှိနေသော မဟာတိဿမထေရ်ကြီးအဖို့ သင့်လျော်ရာ တောရိပ်မြိုင်ခြေ တစ်ခုခုတွင် တရားကျင့်သုံးချင်ကြပါလျက် တပည့်အသိုက်အဝန်းပါ နေထိုင် သီတင်းသုံး

www.burmeseclassic.com

www.burmeseclassic.com



နိုင်လောက်အောင် နေရာဒေသမတွေ့နိုင်သေးသောကြောင့် နေရာရှာဖွေရင်း အောင့်အည်း စောင့်ဆိုင်းနေခဲ့ရသည်မှာ အတန်ကြာခဲ့ပေပြီ။ ယခုသော် အောင့်အည်းခဲ့ရသော နေရာပြဿနာ ဖြေရှင်းမည့်သတင်းကောင်းတစ်ရပ် ကြားလာရ၏။

[ ၂ ]

ဘုရားရှင် ကိုယ်တော်တိုင်က မိမိနှင့် မိမိ၏တပည့်များကို အနေအထိုင်တော်လှပါချည့်၊ အထိန်းအသိမ်း အဆုံးအမ တော်လှပါချည့်၊ ကျစ်လျစ်သန့်ရှင်းလှပါချည့်ဟု ချီးကျူးတော်မူသည်။ ကိုယ်တော်မြတ်၏ ချီးကျူးသံမှာ ချီးကျူးရုံသက်သက်မျှ မဟုတ်နိုင်ပေ။ မိမိနှင့် မိမိတပည့်များအား တရားပန်းတုံးတိုင်သို့ ရောက်အောင် အားထုတ်ကျင့်သုံးကြရန် တိုက်တွန်းဆန္ဒပြုတော်မူခြင်းဖြစ်သည်ဟု မဟာတိဿ မထေရ်ကြီးခံယူနားလည်ရသည်။ အကြောင်းမူကား မိမိတို့သည် အကျင့်သီလအားဖြင့်သာ ချီးကျူးခံရရုံမျှရှိ၍ တရားပန်းတုံးတိုင်သို့ကား ရောက်ရှိကြသူများမဟုတ်သေးပေ။ သို့ဖြစ်၍ မိမိတို့ကိုယ်တိုင် တရားပန်းတုံးတိုင်သို့ရောက်ရှိရန်နှင့် ဘုရားရှင်အား တရားဖြင့် မျက်နှာ လုပ်လိုလှသည်မှာ ကြာခဲ့ပြီ။ ယခုသော် လမ်းစပေါ်လာပြီဖြစ်၍ ဝမ်းမြောက်ရ၏။

မိမိတို့ တောရနေရာ ရှာဖွေနေသည့်သတင်းကို သိသော ကျေးလက်သူကောင်း ဒါယကာတစ်ဦးက မဟာတိဿမထေရ်ကြီးအား သတင်းကောင်း လာရောက်လျှောက် ထားသည်။

"အရှင်ဘုရားများ အလိုရှိနေတဲ့ တောရနေရာဟာ တပည့်တော်တို့ သပိတ်အိုင် ကျေးရွာအနီးမှာ အဆင်သင့်ရှိပါပြီဘုရား"

နေရာအဆင်သင့်ဟူသော သတင်းကောင်းမျှသာမက သာသနာတော်နှင့်စပ်၍ သတိမဂ်လာရှိလှစွာသော 'သပိတ်အိုင်'ဟူသော အမည်ကို ကြားလိုက်ရသောအခါ ဝမ်းမြောက်လှသဖြင့် ဒါယကာကြီးလျှောက်သံအဆုံးတွင် "သပိတ်အိုင်တဲ့လား" ဟူ၍ပင် အာမေဍိတ်သံထွက်သွားမိသည်။

"တပည့်တော်က ဝေဘူတောင်ခြေရင်းက သပိတ်အိုင်ကျေးရွာသူကြီးပါ။ ကျေးရွာတို့အမည်ဟူသည်မှာ များသောအားဖြင့် သဘာဝအလျောက် ဖြစ်ပေါ်နေတဲ့ ဗျူပွတ်ကို အမှီပြုပြီး မှည့်ခေါ်ကြတာ များပါတယ်။ ဥပမာအားဖြင့် သပြေပင်တွေ ပေါတဲ့ရွာကို သပြေကုန်းရွာတဲ့၊ တောင်ကြီးပေါ်မှာ တည်တဲ့ရွာကို တောင်ကြီးရွာတဲ့။

"တပည့်တော်တို့ ဝေဘူတောင်ခြေရင်းမှာလဲ အရှင်ဘုရားတို့ သပိတ်နဲ့တူတဲ့ ရေအိုင်ကြီးရှိလေတော့ သပိတ်အိုင်ရွာ သပိတ်အိုင်တောပေါ့ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



"သူများတကာတွေက ငွေတွေ ကုဋေကုဋာအကုန်ခံပြီးတော့ မြို့ပေါ် ရွာပေါ်မှာ ကျောင်းကြီးကန်ကြီးတွေ ဆောက်လုပ်လှူဒါန်းနိုင်ကြပါတယ်၊ ဇေတဝန်တဲ့၊ ပုပ္ဖာရုံတဲ့၊ ရာဇိကာရုံတဲ့။ တပည့်တော်တို့ကလဲ တပည့်တော်တို့စွမ်းနိုင်သလောက်နဲ့ ကိုယ့်ဒေသ ကိုယ့်အရပ်မှာ ကျောင်းဒကာ ဆွမ်းဒကာလုပ်လိုကြပါတယ်။ အရှင်ဘုရားတို့ကသာ သီတင်းသုံး ချီးမြှင့်ဖို့လိုပါတော့တယ်။

"အရှင်ဘုရားဆန္ဒကို တစ်ဆင့်စကားနဲ့ ကြားသိနေခဲ့ကြတာ ကြာပါပြီ၊ နှိုပေမယ့် တစ်ပါးတည်းမဟုတ်၊ သံဃာတော်အများနဲ့ဆိုတော့ ကိုယ့်ရွာမှာ တိုင်ပင်ပြီး အစီအစဉ် လုပ်ရပါသေးတယ်။ အခု အဆင်သင့်ဖြစ်လို့ လာရောက်လျှောက်ထားတာပါပဲဘုရား"

"ဦးပဉ္စင်းတို့ တပည့်တပန်းဆိုတာက အများသား၊ အပါးသုံးဆယ် ရှိပါတယ် ဒါယကာကြီး"

"ဒါကို တပည့်တော်တို့ သိပြီးသားပါ။ သုံးဆယ်မကပါဘူး၊ သုံးရာပင် ဖြစ်ပါစေ၊ တပည့်တော်တို့ရွာက ဆွမ်း၊ ကွမ်း တာဝန်ယူဖို့ ညှိနှိုင်းပြီးသားပါ"

"သာဓု . . . သာဓု . . . သာဓု ဒါယကာကြီး။ အနှိ တောရမြောက်တဲ့အရပ်ရော ဟုတ်ပါရဲ့လား"

"တောရအမြောက်မှာတော့ အထူးလျှောက်တင်ဖွယ်မလိုပါ၊ တောတောင်ရဲ့ ဆိတ်ငြိမ်သာယာပုံဆိုတာကလဲ ပြောမယုံကြုံမှသိ ဆိုတာမျိုးဖြစ်လိမ့်မယ်။ တစ်ခုတော့ လျှောက်ထားရန်ရှိရဲ့၊ တပည့်တော်တို့ ရည်မှန်းထားတဲ့ သပိတ်အိုင်တောရရဲ့ မနီးမဝေးမှာ ဝေဘူတောင်ကြီးရှိပါတယ်။ အဲဒီတောင်ပေါ် ရေတံခွန်ကနေပြီး ရေတွေသွင်သွင်မပြတ် ကျဆင်းနေလေတော့ အဲဒီရေသံကတော့ အရှင်ဘုရားတို့အဖို့ အနှောင့်အယှက် ဖြစ်လေမလားမသိဘူး ဘုရား"

"တောတောင်ရဲ့ သဘာဝ ရေသံ၊ လေသံ၊ ကျေးသံငှက်သံ ဆိုတာက အနှောင့်အယှက်ရယ်လို့ မဆိုနိုင်ဘူး။ ကမ္မဋ္ဌာန်းနိမိတ်အတွက် အထောက်အကူတောင် ဖြစ်နိုင်ပါသေးတယ် ဒါယကာကြီး"

"ကောင်းပါလေ့ အရှင်ဘုရား။ ဒီလိုဆိုရင် အရှင်ကောင်းတို့ ကြွလာဖို့သာ စီစဉ်ကြပါတော့။ တပည့်တော်တို့ အစစ အဆင်သင့်ဖြစ်အောင် စီစဉ်ထားနှင့်ပါမယ် ဘုရား"

"သာဓု . . . သာဓု . . . ဒါယကာကြီး"

သို့နှင့် မိမိတို့ကြွလာမည့်ရက်ကို အချိန်းအချက်ပေးပြီးနောက် ဒါယကာကြီး ပြန်သွားသည်။

မဟာတိဿ အမှူးပြုသော ရဟန်းတော်တို့သည် တရားခွင်သို့ဝင်သည့်အခါ၌ အဆင်သင့်ဖြစ်စေရန် သင်္ကန်း သပိတ် စသော ပရိက္ခရာများကို တက်တက်ကြွကြွ

www.burmeseclassic.com

www.burmeseclassic.com



ပြင်ကြဆင်ကြ၏။ တရားခွင်သို့ ဝင်ကြရတော့မည်ဟု သိသည်နှင့် တစ်ပြိုင်နက် အတက်ကြွဆုံး လှုပ်ရှားပြင်ဆင်၍ နေသူမှာကား မဟာတိဿမထေရ်ကြီး၏ညီ စူဠတိဿ ရဟန်းတော်ကလေးပင်ဖြစ်ပေသည်။

အတောင်သာလျှင် ဥစ္စာရှိသောငှက်ကဲ့သို့ ရဟန်းတော်၏ ပစ္စည်းဥစ္စာ မည်သည်မှာ ပရိက္ခရာရှစ်ပါးသာ ရှိသော်လည်း တရားခွင်သို့ဝင်သော ယောဂီရဟန်းတို့ အဖို့မူ ယင်းပရိက္ခရာများသည်ပင်လျှင် အနှောင့်အယှက် ဖြစ်လာတတ်ပေသေး၏။ အကြောင်းသော်ကား တရားအလုပ်ဟူသည်မှာ စူးစိုက်ရှုပွားအပ်သော တရားအချက်တွင် တစ်ခုတည်းသော သမာဓိအရင်းခံဖြင့် ကြိုးစားရမြဲဖြစ်ပေရာ မိမိအသုံးပြုသော ပရိက္ခရာ တို့သည် သာမန်အချိန်များ၌ အမှတ်မဲ့အားဖြင့် သက်နံးစုတ်ပြဲနေသည်များလည်း ရှိတတ်၏။ သပိတ်ကျိုးပေါက်နေသည်များလည်းရှိတတ်၏။ ယင်းအမှတ်မဲ့ကိစ္စ လေးများသည် တရားခွင်သို့ဝင်၍ 'ဧကောဓမ္မာ'ဖြင့် တကယ်ရှုပွားသော အခါများ၌ ယင်းချွတ်ယွင်းမှုကလေးများကြောင့် ကြောင့်ကြစိတ်ကလေးများ ပေါ်ပေါက်၍လာကာ တရားအနှောင့်အယှက်စိတ်ဓာတ် လှုပ်ရှားမှုများဖြစ်ပေါ်လာတတ်သည်။ ပလိဗောဓဟု ခေါ်၏။

ထို့ကြောင့် တရားခွင်သို့ ဝင်တော့မည့်ယောဂီသည် ယင်းပလိဗောဓ ကြောင့်ကြမှု အသေးအမွှားလေးများမှအစ ကင်းဝေးစေရန် ကြိုတင်ပြင်ဆင်ရသည်။ သက်နံးအစုတ်အပြဲကလေးများကို ပရိက္ခရာရှစ်ပါးတွင်အပါအဝင်ဖြစ်သော အပ်ဖြင့်ချုပ် ရသည်။ သပိတ်သို့မဟုတ် သပိတ်အိတ်အကျိုးအပေါက်ဖြစ်နေလျှင် မီးဖုတ်ချုပ်ဖာ ပြင်ဆင်ကြရသည်။ ဤနည်းဖြင့် ပရိက္ခရာရှစ်ပါးစလုံး ချပ်ချပ်ရပ်ရပ်ရှိရန်ပြင်ဆင်ကြ ရသည်။

ခေါင်းဆောင် မဟာတိဿမထေရ်ကြီး၏ညီလည်းဖြစ်၍ ဥပဇ္ဈာယ်ယူတပည့် လည်းဖြစ်သော စူဠတိဿ ရဟန်းတော်ကလေးသည် ရဟန်းဘဝရောက်လာသည်မှစ၍ ရဟန်းကိစ္စဟူသမျှ၌ ပင်ကိုကပင် တက်တက်ကြွကြွရှိခဲ့ရာက နေရာထိုင်ခင်း အဆင် ပြေ၍ တရားခွင်သို့ ဝင်ရတော့မည်ဟုသိရသည်နှင့်တစ်ပြိုင်နက် ဥပဇ္ဈာယ်ဆရာ၏ ကိစ္စများသာမက ရဟန်းတော်များ၏ကိစ္စမှန်သမျှကို အထူးတက်ကြွစွာရွက်ဆောင် ပေးသည်။ ယင်းသို့ဖြင့် ရဟန်းတော်ကလေးသည် ဥပဇ္ဈာယ်ဆရာ၏ အာရုံပြုမှုသာမက အဖွဲ့ဝင်ရဟန်းအားလုံး၏ မေတ္တာရေးရှုရာကိုယ်တော်ကလေးဖြစ်လာသည်။

ဒါယကာကြီးနှင့် အချိန်းအချက်ပြုထားသော အချိန်သို့ရောက်၍ ဘုရားရှင် အထံတော်သို့ ဝင်ရောက်ခွင့်ပန် ဖူးမြော်ရင်းဖြင့် တရားတောင်းသောအခါ ဘုရားရှင်က စရိုက်နှင့်လျော်သော တရားအသီးသီးကို ဟောကြားပေးသနားတော်မူ၏။ စူဠတိဿ ရဟန်းငယ်အတွက်ကား ဝေဒနာနုပဿနာ ကမ္မဋ္ဌာန်းတည်း။

www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

သပိတ်အိုင်ကျေးရွာသို့ ရောက်သောအခါ ဒါယကာကြီး အမှူးပြုသော ရွာသူရွာသားတို့က အားရဝမ်းသာ ကြိုဆိုကြပြီးနောက် အချိန်ဆိုင်းငံ့မနေတော့ဘဲ ရောက်မဆိုက်ဆိုသလိုပင် ကမ္မဋ္ဌာန်းရိပ်သာအဖြစ် တောကျောင်းကလေးများ ဆောက်လုပ်ထားသော သပိတ်အိုင် တောရသို့ လိုက်ပို့ကြသည်။ ရွာမှ တောကွေ့တောင်စွယ်နှစ်ခုသုံးခုကို ကျော်လွန်သောအခါ သာယာဆိတ်ငြိမ်လှသော ကမ္မဋ္ဌာန်းရိပ်သာ ကလေးက အသင့်ကြိုဆိုလျက်ရှိသည်ကိုတွေ့ရ၏။

ရိပ်သာကလေးသည် အကြားထက်ပင် အမြင်အတွေ့က သာယာလျက်ရှိသည်ကို တွေ့ရသောအခါ ရဟန်းတော်များအားလုံးပင် ရွှင်လန်းဝမ်းမြောက်ကြရသည်။ အကြောင်းသော်ကား မိမိတို့အတွက် အားထားရသော ဆွမ်း ကွမ်း ဒါယကာအမှီသဟဲကို ရပေပြီ။ အကောင်းဆုံးသောနေရာကိုလည်း ရပေပြီ။ အလုပ်စခန်းဝင်ဖို့အတွက် စိုးရိမ်နှိုးနှောင့် ကြောင့်ကြစရာ လုံးဝမရှိတော့ပေရာ အဘယ်ပုံမရွှင်လန်းဝမ်းမမြောက်ဘဲရှိနိုင်ပါအံ့နည်း။

ရိပ်သာ၏ ကျောဘက်တွင် ဝေဘူတောင်ဟုခေါ်သော တောင်တန်းညို့ညို့ကြီးသည် သဘာဝ၏ အဆောက်အအုံကြီးပမာ စီးကာအုပ်ဆိုင်းလျက်ရှိ၏။ တောင်ခြေလျှောတွင် ပေါက်လျက်ရှိသော သစ်ပင်တို့သည်ကမ္ဗလာစိမ်းကြီးကို ဖြန့်ကြက်ဖုံးအုပ်ထားသည့်ပမာ ညီညာစွာ စိမ်းစိုလျက်ရှိ၏။ ယင်းကမ္ဗလာစိမ်းကြီး၏အကြား အကြားတို့တွင် အလိုက်သင့်ဖြစ်ပေါ်လျက်ရှိသော ကျောက်ရစ် ကျောက်ခွေ ကျောက်နွယ် ကျောက်တန်းတို့သည် ကမ္ဗလာစိမ်းကြီးကို လှပစွာနွယ်ယှက်၍ထားသော ပန်းနွယ်ပန်းခက်ကြီးများပမာရှိနေသည်။

ယင်းဝေဘူတောင်တစ်နေရာ ရေတံခွန်မှ တသွင်သွင်စီးကျလျက်ရှိသည့် ကြည်လင်သော ရေများသည် တောင်ခြေရှိ ကမ္မဋ္ဌာန်းရိပ်သာကလေးကို သွယ်ဝိုက်စီးဖြာလျက်ရှိသည်။ ချောင်းကလေးပမာ ယင်းရေယာဉ်သာတို့က ရိပ်သာကလေးကို ဝန်းဝိုက်၍ ထားသောအခါ ရိပ်သာကလေးမှာ သပိတ်ပုံသဏ္ဌာန် ဖြစ်ပေါ်လျက်ရှိသည်။ အမည်နှင့် ဖြစ်ရပ် လိုက်လျောလှပါပေ၏။ လိုက်လျောသလောက်လည်း 'သပိတ်အိုင်' ဟူသော သာသနာ့အနွယ်အမည်ကလေးမှာ တရားနိမိတ်နှင့် တရားအတိတ်ကို ဆောင်လျက်ရှိသောကြောင့် နေ့ချင်းညချင်းပင်လျှင် တရားရကြတော့မည့်ပမာ ရဟန်းတော်အားလုံး ရွှင်ပြုံးကြည်သာကြရသည်။

ချောင်းရေပတ်လည်အပေါ်မှ သပိတ်အိုင်ကျွန်းကလေးရှိ သစ်ပင်များအကြားတွင် ကမ္မဋ္ဌာန်းကျောင်းကလေးများကို အစီအရီ ဆောက်လုပ်ထားသည်။ ကျောင်းကလေးများ၏အလယ် ကွက်လပ်တစ်နေရာတွင် အနားယူချိန်များ၌ ရဟန်း

www.burmeseclassic.com

www.burmeseclassic.com



အများ တရားဆွေးနွေး အနားယူနိုင်ရန် ကျယ်ကျယ်ပြန့်ပြန့် ဇရပ်တစ်ဆောင် ဆောက်လုပ်ထားသည်။

ယင်းဇရပ်တွင်ပင် ရဟန်းတော်များနှင့် လိုက်ပို့သော ဒါယကာတို့စုဝေးမိကြသောအခါ မဟာတိဿ မထေရ်ကြီးက "ဒါယကာတို့။ ။ ဒါယကာတို့ကျေးဇူးတရားကြီးမားလှပါပေသည်။ ရိပ်သာ၏ သာယာပြည့်စုံမှုမှာ အလျဉ်းသင့်ခဲ့ပါသော် ဦးပဉ္စင်းတို့အဖို့ သေတပန်သက်တစ်ဆုံး သီတင်းသုံးသွားဖို့ပင် ရည်မှန်းချက် ထားလိုက်မိကြပါသည်။ ယခုသော်ကား ဦးပဉ္စင်းတို့မှာ တရားအလုပ်ကို အားထုတ်ကြိုးပမ်းဖို့ရန် ကိုယ်စီရှိနေကြပါသည်။ တောင်းပန်လိုသည်မှာကား ဆိတ်ငြိမ်မှု အနှောင့်အယှက်မဖြစ်စေရန်အတွက် ရိပ်သာသို့ မလာကြရန်ဖြစ်ပါသည်။ ဦးပဉ္စင်းတို့နှင့်စပ်သော ကိစ္စကြီးငယ် လျှောက်ထားဖွယ်ရှိလျှင် ရွာသို့ နေ့စဉ် ဆွမ်းခံကြွရောက်ကြရမည်ဖြစ်၍ ရွာတွင် လျှောက်ထားနိုင်ကြပါသည်။ ကဲ . . . လှူဒါန်းအပ်သော ရိပ်သာအတွက် ရေစက်ချ အမျှပေးဝေပြီး ပြန်ကြပေတော့" ဟု မိန့်ကြားသည့်အတိုင်း ကျောင်းလှူပွဲကို ကျဉ်းကျဉ်းနှင့်ပင် လှူဒါန်း၍ ပြန်သွားကြသည်။

သာယာပါ၏။ ကြည်နူးဖွယ်ဖြစ်ပါ၏။ သို့ရာတွင် ဒါယကာရော ရဟန်းတော်များပါ အမှတ်မဲ့ သတိမမူမိကြသော အန္တရာယ်ကြီးတစ်ရပ်သည်ကား ဤနေရာ၏ မမြင်ရသော အမှောင်ရိပ်တွင် ခိုချောင်းစောင့်လင့်လျက် ရှိနေပေသည်။ ကျားကြီး ရာဇာတည်း။

[ ၄ ]

"တပည့်တို့ ကမ္မဋ္ဌာန်းရိပ်သာ၊ သို့မဟုတ် တရားအားထုတ်သူတို့သည် များသောအားဖြင့် တရားအားထုတ်ချိန်ကို ကန့်သတ်၍ နားနေချိန်များကိုလည်း ကန့်သတ်ထားလေ့ရှိကြသည်။ သို့ရာတွင် နားနေချိန်များသည် တရားဆွေးနွေးသည်ဆိုသော စကားပြောမှုကြောင့်သော်လည်းကောင်း၊ တရားအာရုံမှ ကင်းပြတ်ထားချိန်တွင် တိုးဝင်လာတတ်သော အခြားအာရုံတစ်စုံတစ်ခုကြောင့်သော်လည်းကောင်း အားထုတ်ဆဲဖြစ်သော မိမိ၏တရားအလုပ်ကို အနှောင့်အယှက်ဖြစ်ပေါ်စေတတ်ပါသည်။

"တပည့်တို့။ ငါတို့ ကျေးဇူးတော်ရှင် ဘုရားသခင်သည် ဥရုဝေလတွင် တရားအားထုတ်စဉ်က နေ့ညမပြတ် တရစပ် အနားမယူဘဲ အားထုတ်တော်မူခဲ့ပေသည်။ အာဟာရအဖြစ် သစ်သီးတစ်လုံး၊ သစ်ရွက်တစ်ရွက်မျှဖြင့်တင်းတိမ်၍ နောက်ဆုံးတွင် အာဟာရကိုဖြတ်၍ ကျားကုတ်ကျားခဲ ကျင့်သုံးတော်မူခဲ့ပေသည်။ ငါတို့သည်ကား ဆရာဘုရား၏ထုံးကို နှလုံးမူကြပေအံ့၊ ဆရာဘုရား၏အစဉ်အလာအတိုင်း လိုက်နာကြကုန်အံ့။

www.burmeseclassic.com

www.burmeseclassic.com



"တပည့်တို့၊ ဤဖရပ်သည် ဒါယကာတို့က အခြားသော ရိပ်သာတို့၏ထုံးကို နှလုံးမူ၍ တရားဆွေးနွေး စုဝေးနားနေကြရန် ဆောက်လုပ်ပေးထားဟန်ရှိသည်။ သို့ရာတွင် ငါတို့သည်ကား ဤအချိန် ဤနေရာမှစ၍ ဝိနည်းတော်အရ လပြည့်လကွယ် နေ့များတွင် ဥပုသ်ပြု စုဝေးရန်မှတစ်ပါး အခြားအကြောင်းဖြင့် မစုဝေးကြစတမ်း။ ဆွေးနွေးဖွယ်လည်း ရှိအံ့မထင်။ အကြောင်းမူကား ဘုရားရှင်က မိမိတို့နှင့်သင့်လျော်သော တရားအလုပ်များကို ကိုယ်စီကိုယ်ငှ သင်ကြားပေးအပ်လိုက်ပြီးဖြစ်သည်။

"တရားအလုပ်များ ပေးလိုက်ရုံမျှမဟုတ်၊ တရားကျင့်သုံးသော ယောဂီ ရဟန်းတို့ လိုက်နာရမည့် ဘုရားရှင်၏ တုဝဋ္ဋက သုတ်တော်ကို တပည့်တို့ ကြားနာ ရပြီးဖြစ်၍ အထူးညွှန်ပြဖွယ်မလို။ တုဝဋ္ဋက တရားအချက်များမှ ဤနေရာတွင် ထပ်မံ ထောက်ပြလိုသည်ကတော့ . . . .

"ဘိက္ခု - သံသရာဘေးကို ရှုမြင်သော ရဟန်းသည်၊ ဝါ - သံသရာဘေးကို မြော်တွေး ရွံ့ကြောက်၍ လွတ်မြောက်ရန် ကျင့်နေသော ပုဂ္ဂိုလ်သည်၊ ယဒါ-အကြင်အခါ၌၊ ဖဿေန-အတွေ့ဆိုးဖြင့်၊ ဖုဋ္ဌော-တွေ့ရသည်၊ အဿ-ဖြစ်ရာ၏၊ တဒါ-ထိုသို့ တွေ့ရှိသောအခါ၌၊ ကုဟိဉ္စိ-တစ်စုံတစ်ရာ၌မျှ၊ ဝါ-တစ်စုံတစ်ခုသောအကြောင်းကြောင့်မျှ၊ ပရိဒေဝံ-ငိုကြွေး မြည်တမ်းခြင်း၊ ညည်းညူခြင်းကို၊ နကရေယျ-မပြုရာ" လို့

ဟောတော်မူသည့်အတိုင်း ဝေဒနာဆိုး အတွေ့ဆိုး တစ်စုံတစ်ရာကြုံလာလျှင် မိမိအားထုတ်ဆဲ တရားအလုပ်ကို အပျက်မခံဘဲ အစွမ်းကုန်သည်းခံဖို့ လိုအပ်လျှင် ကိုယ့်အသက်ကိုပင် ပဓာနမထားဘဲ ယောက်ျားကောင်း ယောက်ျားမြတ်တို့ဖွဲ့ဖြင့် ကျင့်သုံးသွားကြဖို့ဖြစ်သည်။

"အကြောင်းမူကား ဤနေရာသည် အဘယ်မျှ သာယာ၍အဆင်ပြေလှပါသည် ဆိုစေကာမူ တောတောင်တို့၏ လွှမ်းမိုးသောနေရာဖြစ်ပေသည်။ တောတောင်တို့ အုပ်စိုးလွှမ်းမိုးသော ဒေသဟူသည် မှက် ခြင် ယင် လေပူ လေအေး စသော သဘာဝအတွေ့ဆိုးတို့ကို တွေ့ရတတ်၊ ခံစားရတတ်ကြမြဲဖြစ်ပေသည်။ ယင်းအတွေ့ဆိုးတို့ တွေ့ကြုံလာခဲ့သော် တရားပစ္စည်းခံစားမှုဝေဒနာအဖြစ်သာ ရှုမှတ်ပြီးလျှင် သီတင်းသုံးဖော် တစ်ဦးနှင့်တစ်ဦး အနှောင့်အယှက်မဖြစ်စေဘဲ မိမိ၏ တရားဟူသော အားထားရာဖြင့်သာ ယနေ့ညဉ့်ဦးအချိန်မှစ၍ ကျားကုတ်ကျားခဲ မလဲမယိုင် ခိုင်ခိုင် မတ်မတ် အားထုတ်ကြပါကုန်စို့ တပည့်တို့ . . ."

တပည့်များက သာဓု သုံးကြိမ်တိုင် တည်ငြိမ်အားသစ်သော အသံများဖြင့် ခေါ်ဆို၍ ဆရာ၏ညွှန်ကြားမှုကို အာမဝန်ခံကြသည်။ ထို့နောက်တွင်ကား မဟာတိဿ

www.burmeseclassic.com

www.burmeseclassic.com



မထေရ်ကြီးကဦးဆောင်၍ သင့်လျော်ရာ ကမ္ဗဋ္ဌာန်းကျောင်းသို့ ကြွရောက်သောအခါ တပည့်များကလည်း သင့်လျော်ရာကျောင်းသို့ အသီးသီး ကိုယ်စီကြွချီကြသည်။

အချို့က ကျောင်းကလေးများအတွင်းသို့ တိုက်ရိုက်ဝင်သည်။ အချို့က ကျောင်းသို့မဝင်သေးဘဲ သာယာလှသော တောရိပ်တောင်ဆွယ်တို့၏ ဝိဝေကအရသာကို ခံစားလိုသည့်အဟန်ဖြင့် သစ်ရိပ် တောပန်းချုံကလေးများအနီးတွင်ထိုင်ကြသည်။ လိုအပ်လျှင် ဥပဇ္ဈာယ်ဆရာနှင့် ရဟန်းအားလုံး၏ကိစ္စကိုဆောင်ရွက်နိုင်ရန် တပည့်ဝတ်နှင့် အလိုက်သိတတ်လှစွာသော စူဠတိဿရဟန်းတော်ကလေးကမူကား ကျောင်းအားလုံးကို မြင်စွမ်းနိုင်သော အစွန်အဖျားတစ်နေရာရှိ ကျောင်းကလေးကို မိမိနေရာအဖြစ် ယူလိုက်သည်။

စမ်းရေကျသံ၊ ရံဖန်ကျေးငှက်ကလေးတို့၏ သာယာသော စိုးစီအသံ၊ သစ်ရွက်လှုပ်သံ စသည့် တော၏သဘာဝအသံတို့မှတစ်ပါး ဆိတ်ငြိမ်လှသည်။ ဆိတ်ငြိမ်မှုကို သတိအထူးဖြင့် ထိန်းသိမ်းကြရသော ရဟန်းတော်တို့၏ အသံဟူသည်မှာလည်း ခြေလက်လှုပ်ရှားသံ၊ ချောင်းဟန့်သံကလေးများမှ မကြားရ၊ ညဉ့်နက်ပိုင်းရောက်လာလေ ဆိတ်ငြိမ်မှု နက်ရှိုင်းလာလေဖြစ်သည်။

ဤတွင် ယင်းဆိတ်ငြိမ်မှုကိုပင် စောင့်ချောင်း၍ ရဟန်းတော်တို့၏ အနေအထားကို တောနက် ချုံကွယ်တစ်နေရာမှ ဝင်းဝင်းတောက်သော မျက်လုံးကြီးများဖြင့် ကြည့်ရှု ငံ့မျှော်လျက်ရှိသော ကျားကြီးရာဇာ စခန်းထလာသည်။

[ ၅ ]

ယခင်က ဤနေရာတွင် ကျားရှိသည်ဟု ဒါယကာတို့ သတိမထားမိခဲ့ကြပေ။ တောနက်တောင်စွယ်ဖြစ်၍လည်းကောင်း၊ သားသမင်တို့ရေသောက်ဖို့ရန် စမ်းအိုင်ရှိ၍လည်းကောင်း ကျားရှိကောင်းရှိမည်။ သို့ရာတွင် ကျားအန္တရာယ်ဟူ၍ကား မကြားသိခဲ့ကြရပေ။ အမှန်သော် လူသူအရောက်အပေါက်နည်း၍သာ ကျားအန္တရာယ် ကင်းဝေးနေခြင်းဖြစ်၍ ကျားမှုကား ဤလိုရေဆိပ်နေရာမျိုး၌ နဂိုကပင် ရှိနေသည်။ သာမန်ကျားမျှမဟုတ်။ ကြီးထွားလှသောကြောင့် ကျားကြီးရာဇာဟုပင် ဆိုနိုင်လောက်သည်။

ကျားကြီးရာဇာသည် သပိတ်အိုင်ဒါယကာတို့ ရိပ်သာကျောင်းများ လာရောက်ဆောက်လုပ်စဉ်ကပင် အခြေအနေကို အကဲခတ်နေခဲ့သည်။ ယခုသော် မိမိခံတွင်းဝသို့ အလိုက်သင့်ရောက်လာသော ရဟန်းတော်များကို တွေ့ရသောအခါ ပါးစပ်တပြင်ပြင် ရှိနေခဲ့သည်။ ဖမ်းယူဖို့ရန်ကလည်း တောချောင်းကောင်းလှသော ကျားအဖို့ အဆင်ပြေလှပေ၏။ ကျားကလည်းဝါဝါ၊ ရဟန်းကလည်းဝါဝါ မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ထိုနေ့ညဉ့် သန်းခေါင်နီးပါးအချိန်ခန့်တွင်ပင် ရိပ်သာအစွန်ကျောင်းကလေးအနီးရှိ သစ်ပင်ရင်း၌ အေးမြသော ရာသီဥတုကိုခံစားရင်း မျက်စိများကို မှေးမှိန်ကာ တရားရှုမှတ် အားထုတ်လျက်ရှိသော ရဟန်းတော်တစ်ပါးကို ကျားကြီးရာဇာသည် 'ကုပ်ပိုးမှ ပိုင်ပိုင်ခဲယူကာ တောင်ခြေတောတွင်းသို့ ဆွဲချီသွားပါလေတော့သည်။

ကျရောက်လာသော အန္တရာယ်ကို ရုတ်ခြည်းသိလိုက်ရသော ရဟန်းတော်အဖို့ သာမန်အားဖြင့်ဆိုသော်မလွတ်နိုင်မှသာရှိစေ လူ့သဘာဝအတိုင်း အော်ဟစ်ရုန်းကန်ဖို့ရှိသည်။ သို့ရာတွင် တရားသတိမလစ်ဘဲ ဝေဒနာကိုပင် တရားကုန်ကြမ်းပစ္စည်းအဖြစ် အသုံးပြုလျက်ရှိသော ရဟန်းတော်အဖို့ ကြီးမားသော ဝေဒနာကိုပင် တရားခွင်တင်၍ ရှုမှတ်လိုက်သည်။ တရားအာဇာနည် ယောဂီတို့အဖို့ အသက်ထက် တရားကို မြတ်နိုးသည် မဟုတ်ပါလော။

တစ်ကြောင်းမှာလည်း တရားရှုမှတ်ခိုက်၌ ကျရောက်လာသမျှသော အတွေ့ဆိုးကို သည်းခံရသည်။ မိမိကြောင့် သီတင်းသုံးဖော်တို့၏ တရားလုပ်ငန်းကို မထိခိုက်စေရဟူသော ဘုရားရှင်၏အဆုံးအမ၊ ဆရာအရှင်၏အဆုံးအမကိုလည်း ရုတ်ခြည်းပင် သတိပြုလိုက်မိသောအခါ အော်ဟစ်ရုံးကန်ခြင်းလုံးဝမပြုတော့ဘဲ တရားရှုမှတ်ရင်းဖြင့်ပင် ကျားကြီးရာဇာ၏ ပါးစပ်အတွင်းသို့ အလိုက်သင့်ပါသွားလေတော့သည်။

စိတ်ဟူသည် တစ်ပြိုင်နက်နှစ်မျိုးနှစ်ခုမဖြစ်ပေ။ ပြင်းထန်လွန်ကဲသော စိတ်ခံစားချက်တစ်ခုသည် သူ့ထက်သေးငယ်သော အခြားခံစားမှုအားလုံးကို လွှမ်းမိုးထားနိုင်သည်။ ဥပမာအားဖြင့် ပြင်းထန်လွန်ကဲသော အချစ်မေတ္တာ၊ ပြင်းထန်လွန်ကဲသော ဒေါသ၊ ပြင်းထန်လွန်ကဲသော ဝေဒနာခံစားမှုများဖြစ်၏။

သို့ရာတွင် လူသာမန်တို့ နားမလည်နိုင်သော စိတ်ဓာတ်ပြင်းထန်ကြီးမားမှု တစ်ရပ် ရှိပေသေးသည်။ ယင်းသည်ကား မိမိတို့အားထုတ်ရရှိထားအပ်သော တရားထူး တရားမွန်ကို ခင်တွယ်မြတ်နိုးသော ယောဂီတို့၏ ထိပ်တန်းစိတ်ဓာတ်ပင်ဖြစ်ပေသည်။ တရားကို အသက်ထက်မြတ်နိုးသည်။

အသက်၏အဓိပ္ပာယ်သည် အများနားလည်ထားသော လောကီနယ်ပယ်အတွင်း၌ အကြီးမားဆုံးဖြစ်၏။ အများနားမလည်သော ယောဂီတို့နယ်ပယ်၌ကား အသက်ထက်ကြီးမားသောအရာမှာ တရားဖြစ်သည်။ တစ်ခါတစ်ရံ အခွင့်ကြုံလာသော ယောဂီအဖို့ အသက်ကိုစွန့်လွှတ်ရခြင်းသည်ပင် ဆုလာဘ်ဖြစ်နေပေသေးသည်။ ဤနည်းဖြင့် ကျားကြီးရာဇာ၏ခံတွင်းသို့ ပါသွားသော တရားရှင်ရဟန်းတော်အဖို့ တရားအတွက် အသက်ကို စွန့်လွှတ်တော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ကျားအန္တရာယ်ကြောင့် ရဟန်းတော်တစ်ပါး လျှော့ပါးသွားသည်ကို အခြားရဟန်းတော်တို့မသိ။ ဤနည်းဖြင့် မိမိအား ပြန်လှန်အန္တရာယ်ပြုဖို့ဝေး၍ ရန်းကန်ခြင်းမျှမပြုဘဲ အကောင်းဆုံးသော အာဟာရကို အလွယ်တကူရလျက်ရှိသော ကျားကြီးရာဇာအဖို့ကား တစ်ညဥ့်ပြီးတစ်ညဥ့် တစ်ပါးပြီးတစ်ပါး လာဘ်ကြီးဆိုက်လျက် ရှိနေပေတော့သည်။

ဤနည်းဖြင့် တစ်ပါးမျှသာမက ရဟန်းတော် အတန်များများ လျှော့ပါးသွားသည့်အခါတွင်လည်း အခြားရဟန်းတော်များ သတိမပြုမိကြ၊ အကြောင်းမူကား ဆရာအရှင်၏ ဩဝါဒအရ တစ်ပါးနှင့်တစ်ပါး အဆက်အဆံမရှိဘဲ နေ့ညဥ့်မပြတ် တရစပ်သာလျှင် မိမိတို့၏ ကိုယ်ပိုင်တရားအလုပ်တွင်သာ ရှုမှတ် အာရုံစိုက်နေကြသောကြောင့်ဖြစ်သည်။

ရဟန်းတော်များ လျှော့ပါးသွားသည်ကို သတိပြုမိလာသည်ကား ခေါင်းဆောင် မထေရ် မဟာတိဿဖြစ်သည်။ မထေရ်ကြီးသည်လည်း မိမိအလုပ်တွင်သာ အာရုံစိုက်နေသူ ဖြစ်သောကြောင့် ချက်ချင်းသတိပြုမိသည်ကားမဟုတ်ပေ။ သံဃာအားလုံးစုဝေးမိသည့်အချိန်တွင်မှ သတိပြုမိခြင်းဖြစ်သည်။

ဝိနည်းတော်အရ လပြည့်နေ့ ညဥ့်ဦးပိုင်း၌ ဥပုသ်ပြုရန် ဥပုသ်အိမ် သိမ်ဇရပ်တွင် ရဟန်းတော်အားလုံး စုဝေးမိကြသောအခါ ရဟန်းအတန်များများ လျှော့ပါးနေတော့သည်ကိုတွေ့ရသောကြောင့် ကျောင်းသခ်မ်းများတွင် ရှာဖွေခြင်း၊ စူးစမ်းခြင်းပြုကြသော အခါမှ ကျားအန္တရာယ်ကြောင့် လျှော့ပါးကွယ်လွန်သွားကြရခြင်းဖြစ်ကြောင်း ထိတ်လန့်ဖွယ်ရာ သိရှိကြရသည်။

ထိတ်လန့်ခြင်းကား ကြောက်ရွံ့ခြင်းမဟုတ်၊ တရားအမြင်တွင် ရုပ်နာမ်တို့၏ သခါရသဘောတင်ကာ ဆင်ခြင်၍ သံဝေဂဓမ္မရရှိကြခြင်းပင်ဖြစ်သည်။ တစ်ချိန်တည်းတွင်လည်း ကွယ်လွန်သွားကြပြီးသော ဓမ္မမိတ်ဆွေများ၏ တရားသတ္တိကို သိရှိကြရသော အခါ ပီတိအိမ်တွင် ဆီစိမ်အပ်သော ဂွမ်းကဲ့သို့ ကြည်နူးလိုက်ကြရသည်။ အကြောင်းမူကား ဓမ္မမိတ်ဆွေများသည် မိမိတို့ အသက်ထက် တရားကိုခင်တွယ်သော ဘုရားအာဇာနည်အရှင်တို့ဖြစ်ကြောင်း သိရှိကြရသောကြောင့် ဖြစ်သည်။

မိမိတို့၏ အဇ္ဈတ္တတရားကိစ္စမှတစ်ပါး ဗဟိဒ္ဓအာရုံမှန်သမျှကို အဘယ်မျှ လျစ်လျူရှုနိုင်ကြသည်ဆိုစေ၊ တပည့်တပန်းပရိသတ်ကို ထိန်းသိမ်းရမည့် တာဝန်ရှိနေသူမှာကား မဟာတိဿမထေရ်ကြီးပင်ဖြစ်သည်။ ထို့ကြောင့် ဥပုသ်ဇရပ်တွင် ပြန်လည်စုရုံးမိကြသောအခါ လျှော့ပါးသွားသော တပည့်ရဟန်းများနှင့် ကျန်ရှိနေသော တပည့်များကို ကွဲကွဲပြားပြား သိရှိနိုင်ရန် တပည့်များအမည်ကို တစ်ပါးချင်း မေးမြန်းစစ်ဆေးသည်။ ''အရှင်ပညာဇောတ''ဟု စတင်မေးမြန်းလိုက်သောအခါ မရှိတော့သဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်၍ နေသည်။

"အရှင်ဉာဏိသသရ"

ငြိမ်၍နေသည်။

"အရှင်ကုန္တက"

ငြိမ်၍နေသည်။

"အရှင်သုဇာတ"

ငြိမ်၍နေသည်။

"အရှင်ဇနက"

ငြိမ်၍နေသည်။

မရှိတော့လျှင်ငြိမ်နေသည်။ ရှိသောရဟန်းက "ရှိပါသည်ဘုရား" ဟု လျှောက်ထားသည်။ နောက်ဆုံးတွင် "အရှင်စူဠတိဿ" ဟုခေါ်သောအခါ "ရှိပါသည် ဘုရား" ဟု လျှောက်ထား၍ အဆုံးသတ်သည်။ အပါးသုံးဆယ် ရှိခဲ့သည့်အနက် ထက်ဝက်၊ ဆယ့်ငါးပါးတိတိပင် လျော့ပါးနေချေပြီတကား။

ထိုအခါ သင်္ခါရဓမ္မတွင် ကြီးစွာသော သံဝေဂကြောင့် လည်းကောင်း၊ တရား ကိုသာခင်တွယ်သော ဓမ္မမိတ်ဆွေ သူတော်ကောင်းများကို ချီးကြူးဂုဏ်ပြုသောအားဖြင့် လည်းကောင်း မဟာတိဿမထေရ်ကြီးမှစ၍ ကျန်ရှိသော ရဟန်းတော်အားလုံး၏ တူညီသော နှလုံးသားမှ "သာဓု ... သာဓု .... သာဓု ... "ဟု တစ်ပြိုင်နက် ထွက်ပေါ်လာသောအသံသည် ဓမ္မရိပ်သာတစ်ခုလုံးကို လွှမ်းမိုးသွားစေသည်။

"တပည့်တို့။ ။ အသက်ဟူသော အကြောင်းသည် တရားထက်အဖိုး မတန်ပါ။ တရားအတွက် အသက်ကို စွန့်လွှတ်သွားသော တပည့်ရဟန်းများ၏ အလုပ်သည် မှန်မြတ်လှပါ၏။ သို့ရာတွင် မှန်မြတ်သော တရားကို ရရှိဖို့ရန်အသက်ဖြင့်ပင် အရင်းတည်ရပေသည်။ သို့ဖြစ်၍ လိုအပ်သောတရားပန်းတိုင်သို့ရောက်ရှိ ရရှိနိုင်ရန် အတွက် အသက်ကိုစောင့်ရှောက်ဖို့ကား လိုအပ်ပေသည်။

"သို့ဖြစ်၍ ယနေ့မှစပြီး တစ်ဖက်တွင်တရားအလုပ်ကိုလုပ်ရင်း တစ်ဖက် တွင်လည်း ကျားအန္တရာယ်ကို သတိပြုကြပါဘိတပည့်တို့။ ကျားအန္တရာယ် လွယ်လွယ်နှင့် ရောက်လာနိုင်သော ကျောင်းသခ်မ်းပြင်ပတွင်နေထိုင်ခြင်းကို ရှောင်ကြဉ်၍ ကျောင်းတွင်း မှာသာ အားထုတ်ကြပါဘိ။ အကယ်၍ ကျားအန္တရာယ် ဆိုက်ရောက်လာခဲ့ပါသော် ယခင်ကလို ကြောင့်ကြမဲ့မနေကြဘဲ ဝိုင်းဝန်းကာကွယ်နိုင်ရန် အသံဖြင့် သတိပေး ကြပါလော့"

www.burmeseclassic.com

www.burmeseclassic.com



[ ၆ ]

ကျားဟူသည် လူသားစားမိပြီဆိုလျှင်ခက်သည်။ ဆိုးသောကျားသည် ပို၍ ဆိုးတော့သည်။ ကြမ်းသောကျားသည် ပို၍ ကြမ်းလာတော့သည်။ ထိုနေ့ ထိုညဉ့်မှ စ၍ ရဟန်းတော်တို့ အမှတ်မဲ့ မနေကြတော့သောကြောင့် ကျားကြီးရာဇာအဖို့ ယခင်ကလောက် မလွယ်တော့သည်မှန်ပါ၏။ သို့ရာတွင် လူသား၏ ထူးသောအရသာကို သိထားပြီးသောကျား၊ အင်အားချင်းယှဉ်လျှင် သူတော်ကောင်းရဟန်းများကို အပထား မည်သည့်လူသားမျိုးကိုမှ မမှုလောက်အောင် အင်အားကြီးမားသော ကျားကြီးရာဇာ အဖို့ ဤမျှလောက်သော အကာအကွယ်ကို လွယ်လွယ်နှင့် လက်လျှော့ပါအံ့လော။

မှန်၏။ ညဉ့်ပိုင်းရောက်၍ လူခြေတိတ်သည်နှင့်တစ်ပြိုင်နက် တောစပ်ချုံလယ် တစ်နေရာမှ သမင်လိုလို ရှင်လိုလိုနှင့် အမြီးတမ်း ချောင်းမြောင်းလျက်ရှိနေသော ကျားကြီးရာဇာအဖို့ ယခင်ကလို သစ်ရိပ်နေရာလွတ်များတွင် အလွယ်တကူ သီတင်းသုံးသော ရဟန်းတစ်ပါးကိုမျှ မတွေ့ရသောအခါ မိမိအင်အားနှင့်စာလျှင် မခိုင်မမြဲလှသော သင်္ခမ်းကလေးများအတွင်း၌ မိမိအစာရှိနေသည်ကို မုချသိသော ကျားကြီးက သင်္ခမ်းတံခါးကလေးကို အတင်းထိုးဖောက်တိုက်ဖျက်၍ အတွင်းရှိ ရဟန်းတော်တစ်ပါးကို အတင်းဆွဲချီလေတော့သည်။ ဤတစ်ချီ အဆွဲခံရသော ရဟန်းတော်ကား စူဠတိဿ ရဟန်းငယ်ကလေးပင်တည်း။

"အရှင်ဘုရားတို့။ ။ ကျား အန္တရာယ်ပါဘုရား။ တပည့်တော်ကို ကျားချီပါပြီ ဘုရား"

ရဟန်းကလေး၏အသံကြောင့် ကျားအန္တရာယ်ကို သတိပြုလျက်ရှိကြသော ရဟန်းတော်အားလုံးပင် ရဟန်းကလေး သင်္ခမ်းဆီသို့ ရုတ်ခြည်းရောက်လာကြသည်။ ကျားကို ခြိမ်းခြောက် ကာကွယ်ရန်ဟု လက်လှမ်းမီရာ သစ်ငယ် ဝါးစများကို ကိုင်ဆောင်လာကြသည်။ အချို့ရဟန်းတော်များက ညဉ့်အချိန်တွင် လိုအပ်လျှင် အသုံးပြုနိုင်ရန် ပြုလုပ်ထားသော မီးရှူး မီးတိုင်များကို ထွန်းညှိကိုင်ဆောင်လာကြသည်။

သို့ရာတွင် ရဟန်းတော်တို့ ရောက်လာသောအချိန်၌ ကျားကြီးရာဇာသည် အသက်ငယ်ငယ် ကိုယ်ဟန်ပါးပါးလျားလျားနှင့် ပေါ့ပါးသော ရဟန်းငယ်ကလေးကို ခါးလယ်မှ အလွယ်တကူပင်ကိုက်ချီကာ စမ်းအိုင်တစ်ဖက်ကမ်းရှိ တောစပ်သို့ရောက်နေပေပြီ။ ရဟန်းတော်များက တစ်ဖက်ကမ်းအထိလိုက်၍ အသံရော ကိုယ်ဟန်ပါ ခြိမ်းခြောက် ကြွေးကြော်ကြသောအခါ ကျားကြီးသည် တောစပ်မှ တောအတွင်းသို့ ဝင်လိုက်ရုံမက တောင်ခါးပန်းအဆင့်များသို့ပင် တက်ရောက်သွားသည်။ ထိုအခါတွင်ကား ရဟန်းတော်တို့ မလိုက်နိုင်ကြတော့ပြီတည်း။

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းကလေးအဖို့ အန္တရာယ်ကြုံလာလျှင် အသံပြုပါဟူသော ဆရာ၏အမိန့်ကြောင့်သာပြုလိုက်ရသည်။ သူသည်လည်း ယခင်ရဟန်းတော်များကဲ့သို့ပင် ဆိုက်ရောက်လာသော အတွေ့ဆိုး ဝေဒနာဆိုးကို ပဓာနမထားဘဲ တရားဖြင့်သာ သည်းခံလိုဟန်ရှိသည်။ အကြောင်းကား အဖော်ရဟန်းများသိရုံ တစ်ကြိမ်မျှသာ အော်လိုက်ပြီးနောက် ကျားကြီး၏ ပါးစပ်အတွင်းတွင် ဝေဒနာခံစားနေရသော်လည်း ဆက်လက်၍ မအော်တော့သောကြောင့်ဖြစ်သည်။ သို့ရာတွင် ကျားပါးစပ်အတွင်းမှ ရဟန်းကလေး၏ ကိုယ်ဟန်ကိုကြည့်၍ ရုတ်ခြည်းကွယ်လွန်သွားသည်ကား မဟုတ်နိုင်သေးပေ။

တောင်ခါးပန်းအထက်မှ ကျားကြီးက ရဟန်းကလေးကို ကိုက်ချီထားရင်း မိမိ နောက်သို့လိုက်လာသော တောင်အောက်မှ ရဟန်းများကို ဝင်းဝင်းတောက်သော မျက်လုံးကြီးများဖြင့်ငုံ့၍ကြည့်၏။ အသံဖြင့်လည်း ရဟန်းတော်များကို ကြိမ်းမောင်း ဟိန်းဟောက်၏။ ရဟန်းတော်များက ကရုဏာမျက်လုံးကိုယ်စီဖြင့် ရဟန်းကလေးသို့ မော့၍ ကြည့်ကြသည်။ သို့ရာတွင် ကယ်ဆယ်ဖို့ရန်ကားမည်သို့မျှ မတတ်နိုင်ကြတော့ပါချေ။

ထို့ကြောင့် မဟာတိဿမထေရ်ကြီးက ''တပည့်စူဠတိဿရေ့။ ။ ငါတို့အဖို့ကတော့ ကယ်တင်နိုင်ခွင့်မရှိတော့ပေဘူး။ ကိုယ့်မှာတရားအရှိသားပဲ၊ ကိုယ့်တရားကိုသာအားထားပေတော့။ တရားတည်းဟူသော အားထားရာထက် ဘယ်အရာကပိုဦးမှာလဲ။ ရဟန်းဆိုတာ အရေးကြုံလာလေ တရားသတ္တိရှိလေဖြစ်ရမယ်။ ကိုယ့်ကိစ္စကိုယ်သိ ကိုယ့်အလုပ်ကိုသာ ကိုယ်လုပ်ပေတော့တပည့်ရေ''ဟု ရဟန်းကလေးကြားလောက်သောအသံဖြင့် မိန့်ကြားလိုက်သောအခါ ရဟန်းကလေးထံမှ ''တပည့်တော်နာခံသတိရှိလျက်ပါဘုရား''ဟူသော နောက်ဆုံးအသံကို ကြားလိုက်ကြရသည်။

ထို့နောက်တွင်ကား ကျားကြီးသည် ကိုယ်ဟန်ပျော့ပျော့မျှသာရှိတော့ဟန်တူသော ရဟန်းကလေးကို စားတော့မည့်ဟန်ဖြင့် ပြင်ဆင်လိုက်သောအခါရဟန်းတော်များအဖို့ မကြည့်ရက်နိုင်တော့သဖြင့် သံဝေဂကိုယ်စီ ဦးခေါင်းငိုက်စိုက်ဖြင့် ပြန်လာကြရတော့သည်။

မှန်လှပေ၏။ ဘုရားရှင်ပေးအပ်လိုက်သော ဝေဒနာ နုပဿနာသတိပဋ္ဌာန်အလုပ်တွင် စွဲမြဲခိုင်သည်းခဲ့သော ရဟန်းတော်ကလေးအဖို့ ဆိုက်ရောက်လာသောဝေဒနာသည်ပင် တရားကုန်ကြမ်း ပစ္စည်းအရင်းအနှီးဖြစ်ပေ၏။ အကြင်မျှလောက်ခံစားအပ်သော ဝေဒနာပြင်းထန်ကြီးမား၏။ ထိုမျှလောက် တရားအမြတ်ထွက်သည်။

နာကျင်မှုဝေဒနာကို ကြီးစွာသောဆင်းရဲဟု လူသာမန်တို့သိမှတ်ကြသည်။ သို့ရာတွင် နာကျင်မှုဝေဒနာထက် ကြီးမားသော စိတ်ဓာတ်တစ်ရပ်ရှိပေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသည်ကား တရားကို ကျင့်ထုံထားသော အကြင်ယောဂီအဖို့ တရား၏ကြီးမားသော အရသာကိုသိကာ မိမိတရားတွင် ခင်တွယ်သော တရားဆန္ဒစိတ်ဓာတ်ပင်ဖြစ်ပေ၏။

ဤနည်းအားဖြင့် ရဟန်တော်ကလေးသည် ကျားကြီးရာဇာ၏ခံတွင်းတွင် ပျံလွန်တော်မူရှာသည်။ သို့ရာတွင် ဝမ်းနည်းဖွယ်ကားမဟုတ်ပေ။ အကြောင်းမူကား ကျားကြီးရာဇာ၏ ခံတွင်း၌ ကျရောက်လာသော အတွေ့ဆိုးကို ဝေဒနာနုပဿနာတင်၍ သတိမလစ် ဆင်ခြင်ရှုပွားသောရဟန်းတော်ကလေးအဖို့ မကွယ်လွန်မီပင်လျှင် သခ်တနယ်မှ အသခ်တနယ်သို့ ကူးပြောင်းသွားသောကြောင့်ဖြစ်သည်။

သေခြင်းဟူသည် ဖြစ်ပျက်အစဉ်တို့ဖြင့် ထုံအပ်သော အသခ်တနယ်ပယ်၌ အကြီးဆုံးသော ဆင်းရဲဟု နားလည်သတ်မှတ်ကြ၏။ ခန္ဓာဝန်ကို အလွန်ကြောက်သော အသခ်တနယ်ပယ်၌ကား အကြောင်းဆုံလာ၍ ခန္ဓာဝန်ကို စွန့်ပစ်လိုက်ရခြင်းဟူသော ဆုလာဘ်တစ်ပါးပင်ဖြစ်၏။

အကြောင်းသော်တမူကား ရဟန္တာဖြစ်တပြီးလည်း အသက်ရှင်ခြင်းဟူသည် သဉပါဒိသေသနိဗ္ဗာန နယ်ပယ်မျှသာ ဖြစ်သောကြောင့် ခန္ဓာဝန်ဆင်းရဲနှင့် မကင်းနိုင်သေးပေရာ သေခြင်း ပျံလွန်တော်မူခြင်း ဟူသည်ကား ရဟန္တာတို့အလွန်တောင့်တအပ်သော ခန္ဓာမဲ့အနုပါဒိသေသ နိဗ္ဗာန ရွှေတံခါးကြီးကို ဖွင့်ပေးလိုက်ခြင်းပင်ဖြစ်သတည်း။ ။

www.burmeseclassic.com



# ၆

[ ၁ ]

ဇေတဝန်သို့ အဝေးမှ ဘုရားဖူးရောက်လာကြသော ရဟန်းများအား ဘုရားရှင်က "ရဟန်းတို့။ ။ ကျန်းခံ့သာ၍ မာကြပါ၏လော။ ဣရိယပထမျှကြပါ၏လော။ တရားနှလုံးကျင့်သုံးကြပါ၏လော" ဟု ပဋိသန္ထာရစကား အနေဖြင့် နှုတ်ဆက်ပြောဆိုမြဲဖြစ်သည်ကို မိမိသည် ကြိမ်ဖန်များစွာ ကြားခဲ့ရ၏။ သို့ရာတွင် ဣရိယာပထမျှတစေမှုအတွက် လိုအပ်သော အိပ်မှုစားမှုတို့နှင့် ပတ်သက်၍ ဘုရားရှင်၏ ကောက်ချက်မှာ အခြားဆရာတို့၏ ကောက်ယူချက်နှင့် အဓိပ္ပာယ်ချင်းများစွာ ကွာဟလျက်ရှိသည်ကို မိမိသတိပြုခဲ့မိသည်။

အကြွင်သူတစ်ယောက် ကျန်းမာရေးအတွက် အဘယ်နည်းအဘယ်ပုံ အဘယ်မျှလောက် စားရမည်၊ အဘယ်မျှလောက် အိပ်ရမည်ဟု ဆေးသမားစသော အခြားဆရာတို့က နည်းမျိုးစုံညွှန်ကြားပြောဆိုကြ၏။ ဘုရားရှင်ကမူကား စားမှုအိပ်မှုနှင့်ပတ်သက်လာလျှင် မျှတရုံကလေးမျှသာဖြစ်စေ၍ ဤခန္ဓာကိုယ်အတွက် နည်းနည်းကလေးမျှ အလိုလိုက်မှု သက်ညှာမှု မပေးပေ။ အကြောင်းမူကား ငါ့အသက် ငါ့ကိုယ်ဟု ထင်မှတ်နေကြသော ဤခန္ဓာကိုယ်သည် မိမိခန္ဓာကိုယ်မဟုတ်သောကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com



အကြင်သူတစ်ယောက်အား မိမိ၏သာသနာ၊ မိမိ၏ဓမ္မနယ်ပယ် အတွင်းသား အဖြစ်သို့ ရောက်လာပြီဆိုလျှင် "ဘောဇနမတ္တညုတာ" "ဇာဂရိယာနုယောဂ" စသော အကျင့်ထူးအကျင့်မြတ် စရဏတရားတို့ဖြင့် သတ်မှတ်၍ပေးသည်။

ဘောဇနမတ္တညုတာဟူသည်ကား အစာအာဟာရကို ခန္ဓာကိုယ်မျှတစေရုံ ကလေးမျှ သတိဖြင့်စားသုံးစေခြင်းဖြစ်၏။ မျှတရုံဟူသည်ကား ထမင်းကို အလုပ်အလွေး မျိုး၍ ရနိုင်စေရန် အရည်ကျဲကျဲ ပဲဟင်းလိုဟင်းမျိုးမျှဖြင့် တွဲဖက်စားသုံးရန် ညွှန်ကြား၏။ စားရာတွင်လည်း မိဘတို့သည် ကန္တာရ ခရီးခဲတွင် မလွှဲသာလွန်း၍ မိမိတို့၏သားကို သတ်၍စားရသော ခံယူချက်သတိမျိုးဖြင့် စားသုံးရမည်ဟု ညွှန်ကြားသည်။

ဇာဂရိယာ နုယောဂ ဟူသည်ကား ခန္ဓာအလို၊ မျက်စိအလိုသို့မလိုက်ဘဲ နိုးနိုးကြားကြားအိပ်ခြင်းတည်း။ အဘယ်မျှ နိုးကြားရပါမည်နည်း။ စွမ်းနိုင်ခဲ့လျှင် အမြင့်ဆုံး နိုးကြားမှုအဆင့်ကား ဤခန္ဓာကိုယ်ကြီးကို အိပ်ရာဟုခေါ်သော ဖိမ်ခံနေရာတွင် လုံးဝ မလဲမလျောင်းစေဘဲ ကျင့်သုံးရမည်ဟု ညွှန်ကြားသည်။ တကယ့်သတ္တိရှင် ဖွဲ့ရှင် စေတနာရှင် အရှင်မဟာကဿပကြီးတို့လို အဆင့်မျိုးဖြစ်၏။

ဒုတိယအဆင့်ကား တစ်ညဉ့်လျှင် တစ်နာရီ နှစ်နာရီ စသည် ခန္ဓာကိုယ် အတွက် လိုအပ်သည်ဆိုရုံကလေးမျှ အိပ်စက်စေခြင်းဖြစ်၏။ သို့ရာတွင် အိပ်ခြင်း ဆိုသည်မှာ ပုထုဇဉ် ယောဘုယျတို့အတွက် အိပ်မှုထက် နိုးထမှုမှာ ပို၍ခက်သည်။ အိပ်ရာနှင့် ကျောနှင့်ထိမိပြီဆိုသည်နှင့် သက်သာမှုအလိုသို့လိုက်ကာ နိုးထမှုခက်တတ် သည်။ ထို့ကြောင့် တစ်ညဉ့်လုံးအတွက် မည်သို့အိပ်သည်ဆိုစေ၊ အာရုံမတက်မီ မထမနေရ ထရမည်ဟု ဝိနည်းစည်းကမ်းဥပဒေတစ်ရပ်ချမှတ်၍ ပေးထား၏။

ဘဝဆင်းရဲမျိုးစုံတို့မှ လွတ်မြောက်လိုသူတို့အတွက် စားမှုသောက်မှု စသော ယင်းအကျင့်စရဏတရားတို့မှာ မလုပ်မနေ လုပ်ရမည့်တရားဖြစ်၍ တပည့်သံဃာတို့ကို ညွှန်ကြားရုံမျှ ညွှန်ကြားသော တရားများမဟုတ်၊ ကိုယ်တိုင်လုပ်ပြီးမှ ညွှန်ကြားသော ခေါင်းဆောင်ကောင်းပီပီ ဘုရားရှင်ကိုယ်တော်တိုင်ကျင့်သုံးခဲ့ ကျင့်သုံးဆဲဖြစ်သည်မှာကား ဥရုဝေလကတည်းကပင် ရှိး၍နေခဲ့ပေပြီ။

ယင်းသို့သော အကျင့်မြတ် သတ်မှတ်အပ်သော စရဏတရားများနှင့် ပြည့်စုံ သောကြောင့် ဘုရားရှင်၏ဂုဏ်တော်ကိုးပါးတွင် "ဝိဇ္ဇာ စရဏ သမ္ပန္နော" ဂုဏ်တော် တစ်ပါး ပါရှိနေရသည် မဟုတ်ပါလော။

ပြောလိုသည်မှာကား ခန္ဓာကိုယ်ပိုင်ရှင်များသာဖြစ်ကြသော ဘုရားရှင်သည် လည်းကောင်း၊ အရှင်မဟာကဿပ စသော ထိပ်တန်းရဟန်းတော်များသည်

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း။ ယင်းသို့ ခေါင်းပါးသော အာဟာရ၊ ခေါင်းပါးသော အိပ်နေမှုများကြောင့် သူတို့၏ ကျန်းမာရေးများကို အဘယ်ပုံထိခိုက်ကြပါသနည်း။ မည်သို့မျှမထိခိုက်။ ဣရိယာပထ မျှတကြသည်သာဖြစ်၏။ ယင်းသို့လျှင် ဣရိယာပထမျှတမှုဟူသော အစိပ္ပာယ် ဖွင့်ဆိုမှု၌ ဘုရားရှင်နှင့် ဆေးသမား စသော အခြားပုဂ္ဂိုလ်တို့ ကောက်ချက်ကွာဟမှု ရှိနေသည်။

မိမိသည် ဆေးသမား၏အလိုသို့ လိုက်ရမည်လော၊ ဘုရားရှင်၏အလိုသို့ လိုက်ရမည်လော။ ဘုရားရှင်၏ သားကောင်း တစ်ယောက်သာဖြစ်လိုသော မိမိအဖို့ ဆေးသမား၏အလိုသို့ အဘယ်ပုံ လိုက်လျောနိုင်ပါအံ့နည်း။ ယင်းသို့ မဟာပါလ မထေရ်ကြီး အားတင်းသည်။

သို့ရာတွင် ဆေးသမားသည် မိမိ၏ ဒါယကာစေတနာရှင်ဖြစ်၏။ စေတနာလျှင် ရှေးရှုအပ်သော စကားဖြင့် ယခုမိမိအား လျှောက်ထားလျက်ရှိနေသည်။

"အရှင်ဘုရား။ ။အရှင်ဘုရားရဲ့ မျက်စိကို စမ်းသပ်ကြည့်လိုက်တော့ ကုသဖို့ အခက်အခဲရှိလှတဲ့ ရောဂါမဟုတ်ကြောင်း တပည့်တော် ကောင်းကောင်း သိပါတယ်။ တပည့်တော် ဆေးကလဲ ဒီရောဂါမျိုးအတွက် အင်မတန်အစွမ်းထက်တဲ့ ပွဲတွေ့ဆေးပါ။ နှာတစ်ချီ နှပ်လိုက်ရုံနဲ့ အရှင်ဘုရားရောဂါ ကင်းပြတ်သွားဖို့ သေချာလှ ပါတယ်။ မနေ့က ဆေးပေးလိုက်တယ်။ ဝေဒနာရှင်တစ်ဦးရှိနေလို့ တပည့်တော် ကိုယ်တိုင်မလာနိုင်ခဲ့ဘူး။ နှာနှပ်စေဖို့ တပည့်ကို လျှောက်ထားခိုင်းလိုက်ပါတယ်။ အခုတော့ အရှင်ဘုရားရောဂါက တစ်စုံတစ်ရာ ထူးခြားလာတာမတွေ့ရလို့ တပည့်တော် အံ့အားတောင် သင့်မိပါတယ်ဘုရား"

ဆေးဆရာ ဒါယကာကြီးက သူ့ကုသမှုဆိုင်ရာစကားများကို စေတနာ အပြည့်ဖြင့် လျှောက်ထားနေသည်။ မဟာပါလ ရဟန်းတော်က တစ်စုံတစ်ရာပြန်မပြော။ ပြောဖို့လည်း ခက်သည်။ ပြောနိုင်ခွင့်မရှိ။ ဒါယကာကြီးသည် စေတနာရှင် ဆေးဆရာဖြစ်သော်လည်း မိမိ၏တရားအလုပ်နှင့် မိမိ၏ခံယူချက်ကို နားမလည်ရှာ။ ထို့ကြောင့် ရောဂါကြောင့် မျက်စိနှစ်လုံးမှကျဆင်းလာသော မျက်ရည်စများကိုသာ သုတ်ရင်း ခတ်မဆိတ် နေလိုက်ရသည်။

[ ၂ ]

သာဝတ္ထိ၌ မဟာပါလနှင့် စူဠပါလတို့သည် ထင်ရှားသော ကုန်သည်ညီနောင်တို့ ဖြစ်ကြသည်။ မိဘလက်ထက်ကပင် ကျိကျိတက် ချမ်းသာရုံမက သူတို့လက်ထက်တွင်

www.burmeseclassic.com

www.burmeseclassic.com



ဆတက်ထမ်းပိုးတိုးပွားသည်။ ပါလလေးက ပစ္စည်းအရှာကောင်းသလောက် ပါလကြီးကအထိန်းအသိမ်းကောင်းသည်။ အလွန်လည်းချစ်ကြသည့် ညီနောင်ဟု သိမှတ်ကြသည်။ ကိုယ်စီ အိမ်ထောင်ပြုသည့်တိုင်အောင် ပစ္စည်းမခွဲဘဲ တစ်အိုးတစ်အိမ် တည်းနေသည်။ ပါလကြီးဇနီးကွယ်လွန်သောအခါ ပါလလေးက အစ်ကိုအား မိဘကဲ့သို့ ကိုးကွယ်ယုယ၍ ထားသည်။

ပါလကြီးအဖို့ ဇနီးကွယ်လွန်သောအခါ ပင်ကိုကပင် တရားရှာမှုစရိုက်ရှိသူ ဖြစ်သည့်အလျောက် ပစ္စည်းရှာမှုထက် တရားဘက်သို့ ပို၍ရောက်လာသည်။ သို့ရာတွင် ပင်ကိုအတွေးအခေါ် ထက်သန်သူဖြစ်သည့်အလျောက် မိရိုးဖလာတရား၊ ဝန်းကျင် တရားတို့အပေါ်တွင် အားမရ ဘဝင်မကျနိုင်ရှိနေခဲ့ရာက ဇေတဝန်သို့ ဘုရားရှင်ရောက် လာ၍ ဘုရားရှင်၏တရားတော်ကို တစ်ကြိမ်နာကြားမှုဖြင့် ရဟန်းဘောင်သို့ အတင်း ရောက်လာခဲ့သည်။ အတင်းရောက်လာသည်ဟု ဆိုရသည်မှာ ညီဖြစ်သူ၏နည်းမျိုးစုံဖြင့် တားမြစ်သည့်အကြားမှ ထွက်မြောက်လာရသောကြောင့်ဖြစ်သည်။

ရဟန်းဖြစ်၍ တရားကျင့်သုံးရန် ဘုရားရှင်ထံ တရားတောင်းသောအခါ သဒ္ဓါထက်သန်သူဖြစ်သည့်အလျောက် မိမိအတွက် အကောင်းဆုံးသောတရားကို ပေးတော်မူပါရန် လျှောက်ထားသည်။ ဘုရားရှင်ကမဟာပါလ၏ စရိုက်နှင့် လိုက်လျောသော ကမ္မဋ္ဌာန်းကို ပေးပြီးနောက် ရဟန်းအတွက် အကောင်းဆုံးသော အကျင့်မြတ် ၁၃–ပါးအနက် ဓုတင်အချို့ကို ကျင့်သုံးရန် ဟောကြားလိုက်သည်။ ယင်းဓုတင်အချို့တွင် နေ့ညဉ့်မဟူ ကျောခင်း၍ မအိပ်ရသော နေသဇ္ဇိကဓုတင်တစ်ပါး ပါဝင်သည်။

မဟာပါလက အတွေးအခေါ်များသူလည်းဖြစ်၊ သာသနာတော်နှင့်လည်း အကျွမ်း မဝင်လှသေးသောကြောင့် မည်သည့်အခါမျှ ကျောမခင်းဘဲနေရမည်ဟူသောအကျင့်မှာ ကျန်းမာမှုအတွက် လိုက်လျောပါမည်လောဟု ဖွင့်မလျှောက်ဝံ့သော်လည်း အတွေး ကလေးဝင်သည်ကိုသိသောဘုရားရှင်က ဓုတင်အကျင့်၏ ကောင်းမြတ်လှသော အကျိုးများကို ဟောတော်မူလိုက်သည်။

"ချစ်သား မဟာပါလ။ ။ငါ့သား ကဿပသည် ကျင့်အပ်သမျှသော ဓုတင်အားလုံးကို တစ်ပါးမကျန် ဆောင်နိုင် ကျင့်နိုင်စွမ်းသူဖြစ်သည်။ သင့်ကိုမူကား သင်ချစ်သားနှင့် သင့်လျော်အပ်သမျှ ဓုတင်အချို့ကိုသာ ပေးခြင်းဖြစ်သည်။

"မဟာပါလ။ ။တစ်ပါးဖြစ်စေ၊ အားလုံးဖြစ်စေ ဓုတင်အကျင့်ကို ကျင့်သော ရဟန်းအား (၁) အသက်မွေးစင်ကြယ်သည်။ (၂) ချမ်းသာကျိုးရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



(၃)ဝန်းကျင်အပြစ်ကင်းစင်သည်။ (၄)သူတစ်ပါးတို့အား ဒုက္ခမပေး။ (၅)ဘေးမရှိ။ (၆)သူတစ်ပါးကို မနှိပ်စက် အနှောင့်အယှက်မပေး။ (၇)ရဟန်းတရား အမှန်ကြီးပွားသည်။ (၈)ကုသိုလ်တရားတို့မှ မဆုတ်ယုတ်။ (၉) သေဘေးကိုစောင့်၏။ (၁၀) တောင့်တအပ်သောတရားကိုပေး၏။ (၁၁)မိမိနှင့်စပ်သမျှ သတ္တဝါအားလုံးကို ဆုံးမတတ်သည်။ (၁၂)မြဲသော စောင့်စည်းခြင်းအကျိုးရှိသည်။ (၁၃)ရဟန်းနှင့်အလျောက်ပတ်ဆုံးသောအကျင့်ဖြစ်သည်။ (၁၄)ကိလေသာတို့ မမှီ မကပ်နိုင်။ (၁၅)ကိလေသာတို့မှ ဆောတလျင်လွတ်စေနိုင်၏။ (၁၆)ရာဂကုန်သည်။ (၁၇)ဒေါသကုန်သည်။ (၁၈)မောဟကုန်သည်။ (၁၉)ရဟန်းဖြစ်လာပြီး အမှတ်မဲ့ တက်ကြွလာတတ်သော မာန်ကိုပယ်သည်။ (၂၀)မိစ္ဆာဝိတက် စိတ်စက်ညစ်ညမ်းမှုကိုဖြတ်သည်။ (၂၁)ယုံမှားသင်္ကာမှ ကူးမြောက်သည်။ (၂၂)အပျင်းကို ပယ်ဖျောက်သည်။ (၂၃)မမွေ့လျော်ခြင်းကို ပယ်ဖျောက်သည်။ (၂၄)သည်းခံတတ်သည်။ (၂၅)အတုမရှိ မြတ်လှသော အကျင့်ဖြစ်၏။ (၂၆) မနှိုင်းယှဉ်အပ်သောဂုဏ်ရှိသည်။ (၂၇) နိဗ္ဗာန်သို့ ဆောတလျင် ရောက်စေနိုင်သောအကျင့်ဖြစ်သည်။

"ချစ်သား မဟာပါလ။ ။ ငါ၏သာသနာ၌ ကောင်းစွာ ကျင့်လေလော့။ ကောင်းစွာ နေလေလော့"

ဘုရားရှင်က ရှေးဦးစွာ ဓုတင် ၁၃-ပါးကို ဟောပြသည်။ ယင်းသို့ ဟောပြသောအခါ အချို့ဓုတင်များသည် အကြင်သူတစ်ယောက်၏ ကိုရိယာပထမှုတရေးအတွက် သင့်နိုးပါအံ့လောဟု မိမိဉာဏ် တစ်မိုက်တစ်ထွာမျှဖြင့် တွေးတောမိသည်။ သို့သော် ယင်းဓုတင်အားလုံးကိုပင် နောင်တော်ကြီး မဟာကဿပရဟန်းကျင့်သုံးသည်ဟု ကြားသိရသောအခါ အံ့အားပင်သင့်သည်။

မိမိသည် သာသနာတော်သို့ရောက်စ၊ သာသနာတော်နှင့် မရင်းနှီးသေးသောကြောင့် ယင်းအကြောင်းများကို မသိရသေး။ နောင်အခါတွင် ဘုရားရှင်သည် ဥရုဝေလတွင် ဓုတင်မျှမကဘဲ အရိုးကြေကြေ အရေပင်ခန်းခန်း ကိုယ်နှင့်အသက်ကို လုံးဝမမှုဘဲ ကျင့်သုံးခဲ့သည်များကိုလည်းကောင်း၊ ရုံဖန်အခွင့်သာသော ချိန်ခါများ၌ ဓုတင်အားလုံးကိုသော်လည်းကောင်း ကျင့်သုံးသည်ကို တွေ့ရသောအခါ မိမိအသိဉာဏ်စိုးစဉ်းမျှဖြင့် မဆီမလျော် မထော်မငမ်း တွေးခဲ့မိသည်ကို ရှက်ခြင်းနှင့်အတူ ဆရာအရှင်များ၏ဂုဏ်ကို ကြက်သီးတဖြန်းဖြန်းထမျှ ချီးကျူးရင်း ပီတိစေတနာဖြာရသည်။

ဘုရားရှင်သည် မိမိနှင့်သင့်လျော်သောတရားနှင့် သင့်လျော်သောဓုတင် အချို့ကို ပေးတော်မူ၏။ ယင်းဓုတင်များအနက် ကျောင်း၌မအိပ်ခြင်းဟူသော နေသဇ္ဇိကဓုတင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ပါး ပါရှိသောကြောင့် ဖော်ပြပါစိုးစဉ်းအတွေးကလေး ဝင်ခဲ့မိသည်ကို ဘုရားရှင်က သိတော်မူသည့်အဟန်ဖြင့် ဓုတင်အကျိုးတရားများကို ဟောတော်မူသောအခါ ပဌမ အကျိုးတွင် ဓုတင်အကျင့်ကြောင့် ဘေးအန္တရာယ်မရှိ ဟူသော အချက်သည် မိမိ၏ အတွေးကို ချေဖျက်ပြီးဖြစ်သွား၏။

မှန်လှပေ၏။ ဥရုဝေလတွင် တရားကျင့်သုံးခဲ့သော ကျေးဇူးတော်သခင် ဘုရားရှင်သည် ပထမတွင် အာဟာရအတွက် သစ်သီးတစ်လုံး၊ ရေတစ်ပေါက်မျှကို စားသုံး၍လည်းကောင်း၊ နောင်တွင် အာဟာရကိုလုံးဝဖြတ်တောက်၍သော်လည်းကောင်း၊ လုံးဝမအိပ်ဘဲ နေ၍သော်လည်းကောင်း ကျင့်သုံးပါလျက် အသက်အန္တရာယ်ဟူသည်ကို အပထား၍ ရောဂါစိုးစဉ်းမျှ ကပ်ရောက်လာသည်ဟု မကြားသိခဲ့ရ။ လိုအပ်သော နိဗ္ဗာနဓမ္မနှင့် သဗ္ဗညုတ ရွှေဉာဏ်တော်ကိုရရှိကာ အခေါင်အထွတ်သို့သာ ရောက်ရှိ ခဲ့သည်မဟုတ်ပါလော။ မိမိသည် မစိုးရိမ်ရမည်ကို စိုးရိမ်မိခြင်းသာဖြစ်ပေသည်။

ထို့နောက် ဘုရားရှင် ချီးမွမ်းအပ်သော တရားကို ယူဆောင်၍ ကျင့်သုံးနိုင်ရန် ဤရွာကြီးသို့ အဖော်ရဟန်းများနှင့်အတူ ရောက်ရှိလာကြသည်။ မိမိသည် ဘုရားရှင်၏ အဆုံးအမအတိုင်း တစ်သဝေမတိမ်းကျင့်သုံးသည်။ ကျင့်သုံးရင်း မျက်စိရောဂါကပ်ရောက် လာသည်။ ယင်းသို့ ရောဂါကပ်ရောက်ခြင်းမှာ ခြိုးခြံ၍ ကျင့်သုံးအပ်သော တရားအလုပ် ကြောင့်တော့ မဟုတ်နိုင်။ အခြားသော အကြောင်းတစ်စုံတစ်ရာရှိတန်ရာ၏။

မိမိ၏ရောဂါကို သိသောအခါ မိမိတို့၏ ကျောင်းဒါယကာ၊ ဆွမ်းဒါယကာလည်း ဖြစ်၊ ဆေးဆရာလည်းဖြစ်သော ဒါယကာကြီးက ရောဂါပျောက်ဆေးကပ်လှူလာသည်။ ခက်သည်ကား ဒါယကာ၏ဆေးသည် နှာခေါင်းအတွင်းသို့ သွင်းအပ်သော နှာနှပ်ဆေး ဖြစ်ရာ ကျောခင်းလဲလျောင်း၍သာ အသုံးပြုရပေမည်။ ဆရာ၏ စေတနာကိုလည်း အားနာပါ၏။ ဆေးအစွမ်းကိုလည်းယုံကြည်ပါ၏။ သို့ရာတွင် ညွှန်ကြားချက်အတိုင်း လိုက်နာရမည်ဆိုသော် ကျားကုတ်ကျားခဲ ကျင့်သုံးခဲ့သော နေသဇ္ဇိကဓုတင် ပျက်ယွင်းရ ပေတော့မည်။

ယင်းဓုတင်ကို ကျင့်သုံးထားသောကြောင့် ညွှန်ကြားချက်ကို မလိုက်နာနိုင်ပါဟု ဒါယကာကြီးအားဖွင့်ပြော၍လည်းမဖြစ်၊ မပြောနိုင်၊ ပြောနိုင်ခွင့်မရှိ။ အကြောင်းကား ရဟန်းတရားဟူသည် လျှို့ဝှက်သိပ်သည်းစွာ ကျင့်သုံးရမည်ဟူသော ဘုရားရှင်၏ အဆုံးအမကြီး ရှိနေသောကြောင့်တည်း။ ထို့ကြောင့် "မဟာပါလ။ သင့်ခန္ဓာကိုယ်အလိုသို့ လိုက်၍ဆေးဆရာ ညွှန်ကြားမှုကို လိုက်မည်လော။ တရားတော်ကို မပျက်မယွင်း ကျင့်သုံးမည်လော" ဟု မေးစစ်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိလေသာတို့ဖြင့် တည်ဆောက်ကာ တဏှာမျက်လှည့်ဖြင့် သံသရာတစ်လျှောက်လုံး ငါ့ကို ဒုက္ခပေးခဲ့သော ခန္ဓာကိုယ်ကြီး။ သင့်အလိုသို့ အဘယ့်ကြောင့် လိုက်ရပါအံ့နည်း။ ရောဂါကြောင့် မျက်စိနှစ်လုံးပင်ကျွတ်ထွက်ရုံမက အသက်ကိုပင် ဖြတ်လိုသော် ဖြတ်ပါစေ။ သင့်အလိုသို့ငါမလိုက်"ဟု ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် သူ့ဘက်မှကြည့်သော် စေတနာအပြည့်ဖြင့် အကျိုးသင့် အကြောင်းသင့် လျှောက်ထားလျက်ရှိသော ဒါယကာကြီး၏စကားကို အပြောခက်သောကြောင့် ခပ်မဆိပ်ပင် နေလိုက်ရသည်။

ထိုအခါ ဒါယကာကြီးက ယင်းသို့ ခပ်မဆိတ်နေမှုကို ယုံမှားသံသယဖြစ်လာသည့်သဘောဖြင့် မဟာပါလထေရ်၏မျက်နှာကို စူးစူးစမ်းစမ်းရှုကြည့်သည်။ ဆေးအသွင်းခိုင်းခဲ့သော နှာခေါင်းကိုစစ်ဆေးသည်။

ထို့နောက် "အရှင်ဘုရား။ နှာခေါင်းထဲသို့ တပည့်တော်ဆေးအသွင်းခိုင်းသည်ကို သွင်းပါ၏လား" ဟု သံသယဖြင့်မေးသည်။

"သွင်းပါ၏ဒါယကာ"

အမှန်ပင် သွင်းသဖြင့် သွင်းပါ၏ဟု ဖြေလိုက်ရသည်။ သို့ရာတွင် နှာခေါင်းအတွင်းသို့ပြည့်ပြည့်ဝဝ ဝင်နိုင်ရန် ကျောခင်း၍ မသွင်း၊ ထိုင်လျက်ပင်သွင်းခဲ့သည်။

"အရှင်ဘုရား။ အိပ်လျက်သွင်းသလော၊ ထိုင်လျက်ပင်သွင်းသလော"

မဖြေ။

"အရှင်ဘုရား။ နှာခေါင်းသို့ သွင်းအပ်သောဆေးကို ထိုင်လျက်သွင်းခဲ့သော် အကျိုးဘယ်ပုံသက်ရောက်ပါအံ့နည်း။ လျှောက်ထားသူ၊ မလိမ္မာသောကြောင့် အကြားမှားပြီး အမှတ်မဲ့ဖြစ်ခဲ့ဟန်တူသည် ယခုတပည့်တော်ကိုယ်တိုင် ဆေးသွင်းပေးပါမည်။ လဲလျောင်းပေးပါဘိ"

အရှင်မဟာပါလ ခပ်မဆိတ်သာ နေသည်။ လဲလျောင်းဖို့ဝေး၍ ကိုယ်လက်လှုပ်ရှားမှု အရိပ်နိမိတ်မျှမပြ။ ထို့ကြောင့် ဒါယကာကြီးက မျက်လွှာချလျက်ရှိသော အရှင်မဟာပါလအား စူးစူးစိုက်စိုက်ကြည့်၍ –

"အရှင်ဘုရား။ တပည့်တော်လျှောက်သည်ကို မကြားသလော" ဟု မျက်မှောင်စင်း၍ လျှောက်သည်။

"ကြားပါ၏ဒါယကာ"

www.burmeseclassic.com

www.burmeseclassic.com



''ကြားပါလျက် အဘယ့်ကြောင့် မလဲလျောင်းပါသနည်း''

ခပ်မဆိတ်သာ နေသည်။

စိတ်နေစိတ်ထားဟူသည် သမာဓိမခိုင်မာသူတို့အတွက် မိမိစိတ်တိုင်းမကျခဲ့သော် ပြောင်းလဲသွားတတ်မြဲဖြစ်သည်။ သို့မဟုတ် စိတ်အနေအထားဟူသည် အကြောင်းကြုံလာခဲ့သော် စိတ်တစ်ခုမှ အခြားစိတ်တစ်ခုသို့ ပြောင်းလဲသွားလေ့ရှိသည်။ သန့်ရှင်းသောမေတ္တာမှသည် မသန့်ရှင်းသော တဏှာသို့ ပြောင်းလဲတတ်၏။ မွန်မြတ်သောကရုဏာမှ ဆုတ်နစ်သောဒေါသသို့ ပြောင်းလဲတတ်၏။

ဆေးဆရာ ဒါယကာကြီးသည် စိတ်ဓာတ်အင်အားနည်းပါးသူ ဖြစ်ဟန်ရှိ၏။ မွန်မြတ်သော ဝတင်အကျင့်၏ နည်းစနစ်များကိုလည်း သိသူမဟုတ်၊ ထို့ကြောင့် ရည်မွန်သော စေတနာမှ မိမိလိုအပ်သလို ဖြစ်မလာသောအခါ ဆုတ်နစ်သော ဒေါသသို့ ချက်ချင်းကူးပြောင်းသွားသည်။

ထို့ကြောင့် ''အရှင်ဘုရား။ ။ အရှင်ဘုရားတို့သည် မခက်ခဲရမည့်အရာကို ခက်ခဲလျက်ရှိပေ၏။ ဆေးကုသခံယူမှုဟူသည် ဆေးဆရာ၏ ညွှန်ကြားမှုကို အတိအကျ လိုက်နာရရိုးဖြစ်သည်။ သို့မှသာ ရောဂါပျောက်ကင်းမှုအကျိုးကို ဆေးဆရာက ပေးစွမ်းနိုင်မည်။ အရှင်ဘုရားသည်ကား လဲလျောင်းပေးဖို့ ညွှန်ကြားမှုကိုမျှ လိုက်နာဖို့ရန် ခက်ခဲလျက်ရှိပေသည်။

''တပည့်တော်၏ဆေးသည် အရှင်ဘုရားကဲ့သို့ ရောဂါမျိုးကို ပျောက်ကင်းစေပေါင်းများခဲ့ပြီ။ မလိုက်နာလိုသော်ရှိပါစေ၊ လျှောက်ထားလိုသည်မှာကား တပည့်တော်က ဆေးပေးပါလျက် မပျောက်ဟူ၍တော့ အခြားသူတစ်ဦးအား မပြောကြားပါလေနှင့်။ တပည့်တော်ပြန်ပါတော့မည်''

စိတ်တိုင်းမကျသဖြင့် အငေါ်စကားကလေးပင် လျှောက်ထားကာ ဦးချရုံမျှပြုပြီးလျှင်ဆေးဆရာထပြန်သွားသည်။ မဟာပါလမထေရ်ကမူ ဆေးဆရာ၏ ကျေးဇူးကို သတိမူလျက်ရှိရာက ယင်းသို့ထပြန်သွားသောကြောင့် ဝမ်းမြောက်လျက်ပင် ကျန်ရစ်ခဲ့ပေသေးသည်။ အကြောင်းကား အဘယ့်ကြောင့် မလဲလျောင်းလိုပါနည်းဟု ဆေးဆရာက ဆက်၍မမေးသောကြောင့်ဖြစ်၏။ ဆက်၍မေးခဲ့သော် အဖြေရခက်ချေဦးမည်။ ဆေးဆရာသည် ဆေး၌လိမ္မာသော်လည်း တရားကျင့်သုံးမှုသဘော၌ကား မလိမ္မာရှာပေ။

ထို့ပြင် ဆေးဆရာ လက်လွှတ်သွားမှုကြောင့် ဆေးဆရာအား ကျေးဇူးတင်ရပေသေးသည်။ အကြောင်းကား မျက်စိရောဂါကြီးတန်းလန်းနှင့် ယင်းရောဂါကို

www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကင်းစေနိုင်သော ဆရာကပင် လက်လွှတ်ပြီဆိုသောအခါ ကုသခံရမှု အားကိုးရာမဲ့လေပြီ ဖြစ်သောကြောင့် တရားသတိဘက်သို့ ပို၍တင်းတင်းကျပ်ကျပ် အာရုံပြုလိုက်နိုင်သောကြောင့်ဖြစ်သည်။ သူတော်ကောင်းတို့မည်သည် အကောင်းဘက် ကိုသာ မြင်တတ်၊ ကြည့်တတ်မြဲတည်း။

[ ၃ ]

အကယ်ပင် အားကိုးရာမဲ့လေပြီလော။

မမဲ့ပါချေ။ လောက၌ တရားတည်းဟူသော အားကိုးရာ၊ ဘုရားတည်းဟူသော အားကိုးရာထက် အဘယ်အားကိုးရာကပို၍ ကြီးပါသေးသနည်း။

ဝေဒနာသည်မဆန်းပြား ဝေဒနာမှုကို အပထား၍ သေခြင်းသည်ပင် မဆန်းပြား။ အကြောင်းမူကား ဘဝသံသရာတစ်လျှောက်၌ ခန္ဓာကိုယ်ရှိနေသမျှ နာရခြင်း သေရခြင်း တို့မည်သည် ရိုး၍နေသောအရိုးခံ တရားများသာတည်း။

တရားသည်သာ ဆန်းပြား၏။ အကြောင်းမူကား တရားကောင်း တရားမြတ် ဟူသည် ဘဝသံသရာတစ်လျှောက်၌ ကံထူးသူများသာ တွေ့ရသောအရာဖြစ်သည်။

မိမိသည် ရှေးမဆွကပင်တရားရှာခဲ့သူဖြစ်သည်။ သို့ရာတွင် သဘာဝဆိုက်သော တရားကောင်း တရားမှန်ကို မတွေ့ခဲ့ရ။ ဘုရားရှင်နှင့်တွေ့၍ ကံကောင်းသူဖြစ်၍သာ တရားမှန်ဘက်သို့ ရောက်လာခဲ့ရသည်။ ယင်းတရားသည် ငါ၏အားကိုးရာမဟုတ် ပါလော။

မဟာပါလထေရ်သည် ယင်းသို့ဆင်ခြင်အားတင်းပြီးနောက် ငါးကြင်းဆီနှင့် ငါးကြင်းသားကြော်သည်ဆိုသကဲ့သို့ မျက်ရည်တွေတွေ ကျဆင်းကာ နာကျင်လျက် ရှိသော မိမိ၏ဒုက္ခဝေဒနာကို အရင်းတည်ရှုမှတ်ရင်းဖြင့် တရားသတိကို တစ်ချက် ကလေးမှ မလွှတ်စေဘဲ ပြင်းပြင်းထန်ထန် အားထုတ်လိုက်သောအခါ ထိုညဉ့်တွင်ပင် ကိလေသာကုန်ခန်း၍ ရဟန္တာအဖြစ်သို့ ရောက်သည်။

သို့ရာတွင် ယင်းသို့ရဟန္တာဖြစ်ခိုက်မှာပင် ပြင်းထန်သော ဝေဒနာကြောင့် မျက်စိနှစ်လုံးကွယ်ခဲ့ရ၏။ ရဟန္တာဖြစ်သည့်အခါတွင်မှ ဆိုက်ရောက်လာခဲ့သော မျက်စိ ဝေဒနာမှာ တရားအားထုတ်မှုကြောင့်မဟုတ်ပေ။ အတိတ်က တစ်ခုသော ဆေးဆရာ ဘဝတွင် သူတစ်ပါးမျက်စိကွယ်အောင် ဆေးပေးခဲ့မိသော မကောင်းမှု ဝဋ်ကြွေးကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ခံရခြင်းဖြစ်ကြောင်း သိလာရသဖြင့် သံဝေဂရမိသည်။ သူ့ကြွေးရှိလျှင် ဆပ်ရမည် သာတည်း။ သူ့ကို လုပ်ဖူးလျှင် ကိုယ်ခံရမည်သာတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com



# ဂူတွင်းမှာအတူတွေ့စဉ်က

[ ၁ ]

"ဒီနေ့တော့ တိုက်တာကိစ္စ အထူးအထွေ ပြောစရာမရှိပါဘူး၊ နို့ပေမယ့် စကား အဆန်းကလေးတွေနဲ့ တရားအဆန်းတစ်ပုဒ် ဟောရမလားလို့ စိတ်ကူး ထားတယ်။ အားလုံးစုံကြပြီလား ဦးပုည"

"စုံပါပြီဘုရား"

ဦးပုညက ရာဇဂုရုဆရာတော်ကြီး၏အတွင်းနေ အန္တေဝါသိက အလုပ်အကျွေး ရဟန်းတော်ဖြစ်၏။ ကျောင်းတိုက်တစ်တိုက်လုံး၏သံဃာ့ကိစ္စများကို ထထကြွကြွ ဆောင်ရွက်သော အကျိုးဆောင်ရဟန်းတော်လည်းဖြစ်သည်။

"တစ်နေ့က စိတ်ကူးရတာနဲ့ အခုခေတ် ရေးနေကြတဲ့ တေးထပ်ဆိုလား ဘာဆိုလား၊ အဲဒါကို နမူနာထားပြီး စာတစ်ပုဒ်ရေးလိုက်မိတယ်၊ သံဝေဂတေးထပ်၊ သြဝါဒတေးထပ်ဆိုပါတော့လေ။ အဲဒီအကြောင်း အခုပြောမလို့။ ရေးပြီးပုရပိုက်ကို ဦးပုညကို ပေးလိုက်တယ်။ ဦးပုညတို့အလွတ်များရနေပြီလားမသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ရနေပါပြီဘုရား"

"အင်း . . . ဦးပုညတို့က ဒါမျိုးဆို တယ်မြန်သကိုး၊ စာကျတော့သာ နောက်ကနေတာ"

ဤကျောင်းတိုက်၏ထုံးစံ နံနက်ခင်း ဩဝါဒခံယူပွဲဖြစ်၏။ ဆရာတော်ကြီး၏ လေးလေးပင်ပင်နှင့် အောင်မြင်သော အသံမှတစ်ပါး ဆိတ်ငြိမ်လှ၏။ အရုဏ်လာစ အချိန်ဖြစ်၍ ကျေးသံငှက်သံကလေးများပင် မကြားရသေးပေ။

သံဃာတော် သုံးရာကျော်ခန့်သည် နံရံများတွင် ထွန်းထားသော ဖယောင်းမီးရောင် မှိန်မှိန်အောက်တွင် ကျောက်တိုင် ကျောက်ရုပ်များစိုက်ထောင်ထားသည့်ပမာ အားလုံးပင် မလှုပ်မရှား ဆရာတော်ကြီးထံသို့ဦးညွှတ်ကာ ငြိမ်ဝပ်စွာ နာခံလျက်ရှိနေကြ၏။ သံဃာ့ပရိသတ်အစွန်မှ ဩဝါဒခံယူပွဲပြီးလျှင် ဆွမ်းလောင်းဆွမ်းကပ်ရန် ရောက်ရှိလာကြသော ဒါယကာ ဒါယိကာမအချို့သည်လည်း သံဃာတော်များနည်းတူ ငြိမ်ဝပ် ဦးညွတ်လျက်ရှိနေကြသည်။

စစ်ကိုင်းတောင်ရိုးမှ ဘုရင့်ကိုးကွယ်ခံ နာမည်ကျော် သုဓောဓာရုံစာသင်တိုက် ကြီးပင်ဖြစ်၏။ စာချစာသင် သံဃာတော်များ သုံးရာဝန်းကျင်မပြတ်လိုလိုရှိ၍ နှစ်စဉ် ဘုရင့်စာတော်ပြန်ပွဲမှ စာအောင် သံဃာများထွက်ပေါ်လာသောကြောင့် ပရိယတ် လောကတွင် နာမည်ကြီးလှသည်။

သာမန်ရဟန်းတော်တို့၏ အခက်အခဲတစ်ရပ်မှာ နံနက်အရုဏ်မတက်မီ အိပ်ရာမှထရသော သဟာသေယျ သိက္ခာပုဒ်တော်ကို ပြည့်စုံအောင်ထိန်းသိမ်းရေးပင် ဖြစ်၏။ ထိုင်းခြင်းနှင့် မှိုင်းခြင်း ထိနနှင့်မိဒ္ဓ တရားဆိုးနှစ်မျိုးသည် ရဟန်းတော်တို့ကိုပင် နှိပ်စက်သည်။

ဤတရားဆိုးနှစ်မျိုးတို့ နှိမ်နင်းနိုင်ရန်အတွက်လည်းကောင်း၊ ကျန်းမာရေး ပြည့်စုံစေရန်အတွက်လည်းကောင်း ဆရာတော်ကြီးသည် မိမိကျောင်းတိုက်တွင် သီတင်းသုံးသူမှန်သမျှ နံနက် အရုဏ်တက်လုလုအချိန်မှစ၍ အုန်းမောင်းကျောက်စည်များ တီးခေါက်စေကာ အရုဏ်တက်ဩဝါဒခံယူပွဲဟူ၍ ကျောင်းစည်းကမ်းတစ်ခုအဖြစ် သတ်မှတ်ထားသည်။

ညဉ့်ပိုင်းတွင် ဖယောင်းမီးရောင် ရေနံမီးရောင်တို့ဖြင့် စာမသင်ရ၊ မဖတ်ရ။ နေ့လယ်က ကျက်မှတ်ထားသော စာကိုပြန်လိုလျှင် ညဉ့်ဦးပိုင်းတွင်သာ တိုးတိုးသက်သာ ပြန်ဆိုစေ၍ စောစောကျိန်းစက်စေသည်။ ဤနည်းဖြင့် "စောစောအိပ်ထ၊ ပြုကျင့်က

www.burmeseclassic.com



တွင်းပကိုယ်ခန္ဓာ၊ ရောဂါခပ်သိမ်း၊ ရှောင်ခွာတိမ်း၊ ကင်းငြိမ်းလွန်ချမ်းသာ'' ဟူသော စကားအရ စောစောအိပ် စောစောထရသော စည်းကမ်းကြောင့် သိက္ခာပုဒ်တော်နှင့် ပြည့်စုံမှုမက ကျန်းမာရေးအတွက်လည်း အဘယ်မျှလောက် ကောင်းမွန်လှကြောင်းကို ဤကျောင်းတိုက်တွင် သီတင်းသုံးသော ရဟန်းတော်မှန်သမျှတို့ ကိုယ်တွေ့သိရှိခဲ့ကြပေပြီ။

ဆရာတော်ကြီးသည် အကျင့်သိက္ခာနှင့် ပိဋကတ်ပညာတွင် ပြည့်စုံရုံမျှမက ကျမ်းဂန်ပြုစုခြင်းနှင့် ကဗျာလင်္ကာ အရေးအသားတွင်လည်း ဝါသနာထုံတော်မူသည့်အလျောက် ဤကျောင်းမှ ကျမ်းကောင်း ကျမ်းမွန်နှင့် ကဗျာလင်္ကာကျမ်းများ ထွက်ပေါ်လာလေ့ရှိသောကြောင့်လည်း ပညာရှိတို့၏ နှလုံးညွတ်နူးရာဖြစ်၍နာမည်ကြီး၏။ စာပေကဗျာတွင် ဝါသနာသိပ်သည်းတော်မူသောကြောင့် ကျောင်းတိုက်အမည်ကိုပင် 'သုဗောဓာရုံ'ဟု အမည်ပေးခဲ့သည်။

စာပေကဗျာ ဝါသနာရှင်တို့၏ အကြီးဆုံးသော အားထားရာဖြစ်သော အလင်္ကာကျမ်းကို 'သုဗောဓာလင်္ကာရကျမ်း' ဟု ခေါ်သည်မဟုတ်ပါလော။

''ကဲ ဦးပုည အလွတ်ရတယ်ဆိုရင် အများကြားအောင် ရွတ်ပြပါဦး၊ တေးထပ်ဆိုတော့ ရေးဖူးတယ်ရှိအောင်သာစမ်းပြီး ရေးလိုက်ရတယ်၊ 'တေး' ဆိုတဲ့ ဝေါဟာရ ပါလာတော့ ရဟန်းများနဲ့ သိပ်ပြီးမလိုက်လျောလှပေဘူး။ နို့ပေမယ့် သရဘညနဲ့ မလွတ်အောင် လင်္ကာရွတ်သလို ခပ်ခန့်ခန့်ရွတ်လျှင် ဖြစ်နိုင်ပါတယ်၊ ကဲ ဦးပုညရွတ်ပြပါ''

သရဘည ရွတ်နည်းဆိုသည်မှာ ဓမ္မကထိက ရဟန်းတော်များအတွက် မူလ အသံလည်းမက၊ တေးဆိုသည့် အသံဘက်သို့လည်း ဆွဲဆွဲငင်ငင် မရောက်စေရဘဲ နားထောင်လျှင် ကြည်ညိုဖွယ်ရှိရုံ အလယ်အလတ်ရွတ်ဆိုရသည့် ဘုရားရှင်ခွင့်ပြုတော်မူသော ရွတ်ဖတ်နည်းပင်ဖြစ်ပေသည်။

ဆရာတော်ကြီးအမိန့်အရ သံဃာ့ပရိသတ် ရှေ့ပိုင်းနားမှ ဦးပုည၏အသံသည် ခန့်ခန့်ထည်ထည် ထွက်ပေါ်လာ၏။

> အနာဂါမ်လောကုတ်၊ သဘောဟုတ်မရမီ၊
> အပြောအလုပ်နှင့် သမဏပီအောင်၊ မ,မသိစေနှင့်။
> သင်းအတွက် ရမ္မက်ခွာ၊ စက္ကဝါခြား၍နေသင့်။
> ဝိသဘာဂအာရုံမျှော်သည် ရှာပုံတော်တွေနှင့်၊
> ကာမဂုဏ်ညှော်လေပင့်တော့၊ လေလွင့်ရပြန်သည်။
> ဈာန်လက်ကိုင် ပုဂ္ဂိုလ်များ၊ ယုတ်ယိုပျက်ပြား များလှလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကျင့်သီလ စာမရိုလို၊ မကျွာအညီ တည်ရစ်ဖို့၊
ပြည့်ချစ်တဲ့ ညီသက်လျှာ၊သိပါစေ့ဌာ။
နောင်တော်ကြီး အစ်ကိုဝါ၊ ထိုကဗျာ လက်ကမ်းပေါ့လေး။ ။

ဦးပုညအသုံးသည်နှင့်တစ်ပြိုင်နက် သံဃာအချို့ လှုပ်လှုပ်ရွရွဖြစ်သွားကြသည်။ ဆရာတော်ကြီး၏ ကဗျာအဘယ်သို့ရည်ရွယ်သည်ကို သိလိုက်ကြသောကြောင့်ဖြစ်၏။ အထူးသဖြင့် "ပြည့်ချစ်တဲ့ ညီသက်လျှာ၊ သိပါစေ့ဌာ" ဟူသောအပိုဒ်ကြောင့်ဖြစ်သည်။

ဤကျောင်းတိုက်ရှိ သံဃာအားလုံးသည် ဆရာတော်ကြီး၏ တပည့်များပင်ဖြစ်သော်လည်း ကိုရင့်တတူ ထေရ်ကြီး ဝါကြီး၊ တိုက်အုပ်၊ တိုက်ကြပ်၊ စာချသံဃာကြီးများကို 'တပည့်'ဟူသော ဝေါဟာရအစား 'ညီ' 'ညီမောင်' ဟူသောဝေါဟာရဖြင့်အရေးတယူ အစားထိုးသုံးစွဲတတ်သည်ကို သိထားကြသောကြောင့်ဖြစ်သည်။

သြဝါဒ ပေးပွဲများ၌ ရဟန်းငယ်နှင့် သာမဏေများကို ဆုံးမစရာရှိလျှင် တိုက်ရိုက်ဆုံးမ၊ လိုအပ်လျှင် ခပ်ပြင်းပြင်းပင် ပြောဆိုဆုံးမလေ့ရှိသော်လည်းကိုရင့်တတူ တပည့်သံဃာကြီးများကိုမူ တိုက်ရိုက်ဆုံးမလေ့မရှိဘဲ သိမ်သိမ်မွေ့မွေ့နှင့် သိသာ ရိပ်စားမိရုံသာ သွယ်ကာဝိုက်ကာ ဟောပြောဆုံးမလေ့ရှိသည်။

ယနေ့ သြဝါဒပွဲတွင် သံဃာကြီးတစ်ပါးပါးကို ဤတေးထပ်ကဗျာဖြင့် သွယ်သွယ်ဝိုက်ဝိုက် ဆုံးမပေတော့မည်ဟု နားလည်ကြရ၏။ အဘယ်သံဃာကြီးကို ဆုံးမတော့မည်ဟုလည်း အချို့ ရိပ်စားမိနေကြပြီဖြစ်၏။ ထို့ကြောင့် ယနေ့ သြဝါဒပွဲသည် မမျှော်လင့်သော ပွဲကြီးပွဲကောင်း တစ်ပွဲအဖြစ် ဆရာတော်ကြီး၏မိန့်သံကို စိတ်အားထက်သန်လျက် ရှိနေကြပေတော့သည်။

ဆရာတော်ကြီး၏ စနစ်တစ်ခုမှာ ဆုံးမစရာရှိလျှင် တွေ့ခိုက်ကြုံခိုက်တွင် ချက်ချင်းဆုံးမ၊ နေ့စဉ် ဤကဲ့သို့ သံဃာ့အလယ်ရောက်မှ ဆုံးမတတ်၍ ချီးကျူးစရာရှိလျှင်လည်း သံဃာ့အလယ်ရောက်မှ ချီးကျူးတတ်သည်။ မျက်နှာကြီးငယ်လည်း မလိုက်၊ သံဃာငယ်များကို တိုက်ရိုက်ဆုံးမ၍ သံဃာကြီးများကို သွယ်ဝိုက်ပြောသည်မျှကွာခြားသည်။ ထို့ကြောင့် ဆရာတော်ကြီးကို ချစ်ကြောက်ရိုသေကြသည်။ မိမိတွင် အပြစ်တစ်ခု ပေါ်ပေါက်လာမည်ကို အလွန်စိတ်ဆိုးကြသည်။

ယနေ့ သြဝါဒပွဲသည်ကား အကယ်ပင် ပွဲကြီးပွဲကောင်း ဖြစ်ပေတော့မည်။ အကြောင်းမူကား တေးထပ်ကဗျာ၏ ဦးတည်ချက်မှာ အဘယ်သံဃာကြီးသို့ဟု

www.burmeseclassic.com

www.burmeseclassic.com



သတင်းအရ ရိပ်စားမိထားကြသောကြောင့်ဖြစ်သည်။

အကြောင်းမူကား တေးထပ်ကဗျာ၏ ဦးတည်ချက်သည် ဆရာတော်ကြီး၏ တပည့်များအနက် စစ်ကိုင်း၊ အင်းဝတို့မှလောက်သာမက ရေချိုရေငန် တစ်နံတစ်လျား အထိ ကျော်ကြားလျက်ရှိပေသော တိပိဋကရေ ကျမ်းပြုအကျော်၊ ကဗျာလင်္ကာ အကျော်၊ ဓမ္မကထိကအကျော် တပည့်ကြီး အရှင်ဥာဏရေသို့ ဦးတည်နေပြီ ဖြစ်သောကြောင့်ပေတည်း။

"ဦးပုညအသံဆုံးသွားတော့ အချို့လှုပ်လှုပ်ရွရွဖြစ်သွားတာကိုတွေ့လိုက်ရတယ်။ ကဗျာက ကောင်းလွန်းလို့ပဲလား၊ ကဗျာရဲ့ အဓိပ္ပာယ်ကို အချို့ရိပ်မိနေကြပြီမို့လားတော့ မသိဘူး။ ကဲ . .. ကဗျာရဲ့ အဓိပ္ပာယ်ကိုနည်းနည်းလောက် ဖွင့်လိုက်ကြပါဦးစို့လေ။

ဤစကားအဆုံးတွင်မှ ရှေ့ပိုင်းသံဃာကြီးများအတန်းတွင် ငြိမ်ဝပ်လျက်ရှိသော အရှင်ဥာဏရေ၏ ဦးခေါင်းမှာ အနည်းငယ် လျှိုးဝင်သွားသည်ကို အချို့ သတိပြု လိုက်မိကြ၏။

"မ သတ္တဝါဆိုတာ ရဟန်းရှင်လူ မည်သူမဆို ဖို့၊ သတ္တဝါတွေ့ရဲ့ ကမ္ဘာ့ ဓာတ်စာပဲ။ တွေ့မိရင် သူတို့အဆွဲဓာတ်ကလဲ တယ်ကြီးသကိုးဗျ။ ကျွန်ုပ်တို့လဲ ငယ်ရာက ကြီးလာသူဖြစ်လေတော့ သူတို့အဆွဲကို ခံခဲ့ရဖူးပါရဲ့။ နို့ပေမယ့် သူတို့ထက် သာသနာတော်ကို ပိုချစ်လေတော့ ဝတ်ကြောင်ကို လွတ်အောင်ရုန်းခဲ့နိုင်ပေသပေါ့။ ဒါပေမယ့် ဘုန်းကြီးတို့ကိုလဲ သက်ကြီးဝါကြီး ဆရာတော်ကြီးဆိုပြီး စိတ်မချကြနဲ့ဦးဗျ။ ဘာဖြစ်လို့လဲဆိုတော့ ဒီ မ, သတ္တဝါကိုလွတ်အောင် တကယ်ရှောင်နိုင်ဖို့က အနာဂါမ်ကျမှ စိတ်ချရတာကိုး။

"သူတို့နဲ့ 'စက္ကဝါခြားအောင်နေသင့်' လို့ ဆိုရတာက စာမို့လို့၊ ကာရန်မို့လို့ ပြောရတာပါ။ ဂါမဝါသီမှာ နေတယ်ဆိုရင် သူတို့နဲ့ မကင်းနိုင်ပြန်ဘူး။ နို့ပေမယ့် စက္ကဝါခြားအောင် အတတ်နိုင်ဆုံး ကြိုးစားကြရတာပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဆိုတဲ့ 'သြော်'က တယ်ပြီး ကြောက်စရာကောင်းသဗျ။

"ပြုံးပြုံး၊ ပြုံးပြုံးနဲ့ သူတို့ ရူပါရုံကလေး၊ စီစီ, စီစီနဲ့ သူတို့ သဒ္ဒါရုံကလေး၊ နီးနီးကပ်ကပ်နေမိရင် မွှေးမွှေးသင်းသင်းနေတဲ့ သူတို့ ဂန္ဓာရုံကလေး မရှောင်နိုင်လို့ အဲဒီအသြော်တွေ အမိခံရပြီလားဆိုရင် ချက်ချင်း ရောဂါထလာတော့တာပဲ။ ဘာဖြစ်လို့လဲ ဆိုတော့ မိမိတို့က အနာဂါမ် ရဟန္တာမဟုတ်သေးလေတော့ ရောဂါဆိုတဲ့ 'ရာဂေါ'က ကိုယ်ထဲမှာ အသင့်ရှိနေပေတာကိုး"

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာတွင် သံဃာအချို့သည် အနည်းငယ် လှုပ်ရှားသွားသည်ကို မြင်ကြရပြန်၏။ ရှုပါရုံတွင် 'ပြုံးပြုံး၊ ပြုံးပြုံး' ဟူသော ဝေါဟာရကို ဆရာတော်ကြီး တမင်ရွေးချယ်၍ သုံးလိုက်သည်ဟု သိကြရသောကြောင့်ဖြစ်သည်။ မစွမ်းရင်းရှိပြီးသော အရှင်ဉာဏရေ အဖို့မှု ဆရာတော်ကြီး၏မိန့်ခွန်း ကန်စွန်းခင်းက ငြိလာသောကြောင့် ပို၍ ဦးခေါင်းလျှိုးသွားသည်ကိုလည်း သတိပြုလိုက်မိကြသည်။ အကြောင်းမူကား 'ပြုံးပြုံး' ဟူသော အသုံးသည် အမတ်ကြီး ဥစ္စာနာဦးမောင်မောင်လတ်၊ အမတ်ကတော် ဒေါ်ခင်ခင်ကြီးတို့၏သမီးကလေး ခင်ခင်ပြုံးသို့ ထင်ဟပ်ထားသောကြောင့်ဖြစ်ပေသည်။ ဦးခေါင်းလျှိုးရုံမျှမက 'ငါ့ကိစ္စတွေ ဆရာတော်ကြီး သိနေပါပေါ့ကလား' ဟု အရှင်ဉာဏရေ အထူးတုန်လှုပ်သွားရသည်။

''ဒါကြောင့်မို့လဲ သူတော်ကောင်းကြီးတွေဟာ သူတို့နဲ့ဝေးရာ တောထွက်ကြပေတာပဲ။ ဘုန်းကြီးတို့ ဦးပဥ္စင်းတို့အဖို့ ပရိသတ်သံယောဇဉ်ကြောင့် တောမထွက်နိုင်ကြသေးပေမယ့် သူတို့နဲ့ စက္ကဝါဝေးအောင် ကြိုးစားကြရတယ်။ ကြိုးစားဖို့ကလဲ နည်းသိရင် လွယ်ပါတယ်။ ဘုရားရှင်ပေးထားတဲ့နည်းအရှိသားကပဲ။

''ဘုရားရှင်က ဖြစ်နိုင်ရင် သူတို့နဲ့မတွေ့ရအောင် ကြိုးစားပါတဲ့။ မတတ်နိုင်လို့ တွေ့ရရင် စကားမပြောပါနဲ့တဲ့။ မပြောဘဲ မနေနိုင်တဲ့ အကြောင်းရှိရင် အမိလို နှမလို သဘောထားပါတဲ့။ ဒါတွေ ဦးပဥ္စင်းတို့ သိကြပြီးသားပဲ။ ဖွဲ့နဲ့ သတိနဲ့ နေနိုင်လုပ်နိုင်ဖို့သာလိုတာ။

''ဒီကိစ္စမှာ ဘုန်းကြီးတို့ဆရာ ဆရာတော်ဘုရားကြီးဟာ အစွမ်းကုန်ကျင့်သုံးတာတွေ့ခဲ့ရဖူးပေတယ်။ ဒါယိကာမအသံ၊ ဒါယိကာမအရိပ်တွေ့လိုက်တာနဲ့ တစ်ပြိုင်နက် ဦးခေါင်းတော်ငုံ့ပြီး သူ့မျက်ခုံးမွှေးသူနုတ်ပြီး နေတော့တာပဲ။ မျက်ခုံးမွှေး နုတ်လွန်းလို့ တစ်ပင်မှမရှိတော့ဘူး။ ကြာတော့ဒါယိကာမ မပြောနဲ့၊ ဒါယကာတွေ တပည့်တပန်းတွေနဲ့တောင် စကားမပြောတော့ဘူး။ စာချချိန် ဘုရားရှိခိုးချိန်ကလွဲရင် ရေငုံပြီးနေတော့တယ်။ ဒါ့ကြောင့်မို့ ရေငုံဆရာတော်လို့ နာမည်ကြီးလာတယ်။ ဒါကိုသိလာကြတော့ တော်ရုံကိစ္စနဲ့ ဆရာတော်ကြီးအနားကို မလာကြတော့ဘူး။ ဒါယိကာမတွေဆိုရင် ကြီးငယ်မဟူ ဆရာတော်ကြီးကို သနားအားနာပြီး အနားတောင် မသီဝံ့ကြတော့ဘူး။

''ဆရာဆိုတာ မိဘနဲ့ တစ်ဂိုဏ်းထဲပဲ။ မိဘက ကိုယ့်သားသမီးတွေကို ပိုးမွေးသလိုမွေးရသလို၊ ဆရာကလဲ တပည့်တွေကို ပိုးမွေးသလို မွေးရတာပဲ။

သားသမီးလိမ္မာရင် မိဘများဂုဏ်ယူ, ဂုဏ်တက်သလို၊ မလိမ္မာရင် ရင်နာ,ရင်ကျိုး

www.burmeseclassic.com

www.burmeseclassic.com



ကြရတယ်။ အလားတူပဲ တပည့်လိမ္မာရင် ဆရာဂုဏ်တက်သလို၊ မလိမ္မာရင် ရင်နာရမှာပေါ့။ ဘုန်းကြီးတို့ တပည့်များအဖို့တော့ တပည့်လိမ္မာတွေချည်းလို့ ယူဆရပါတယ်။

"စကားစပ်မိလို့ ပြောရဦးမယ်၊ ဦးဉာဏတို့လို တပည့်ကြီးမျိုးကျတော့ ဘုန်းကြီးတို့ရဲ့ တပည့်သားအနေနဲ့တောင် မကတော့ဘူး၊ ဘုရင်နဲ့တကွ နိုင်ငံတော်ရဲ့ သားကြီးဖြစ်လာပြီပေါ့။ တိပိဋကရေးဆိုတာ တစ်ခေတ်တစ်ယောက် မပြောနဲ့ (၁၀)ခေတ်မှာတောင် တစ်ယောက်ထွန်းကားလာဖို့ ခက်ပါတယ်။ ဒါ့ကြောင့်မို့လဲ ဘုရင်ကစပြီး တစ်နိုင်ငံလုံးက ကိုးကွယ်ချီးမြှောက် လိုက်ကြတာ ဝိုင်းဝိုင်းကိုလည်လို့။ အခုဆိုရင် အင်းဝဘုရင် ကိုယ်တော်တိုင် သူ့အတွက် ကျောင်းကြီးဆောက်နေပြီ။ မကြာခင်မှာပဲ ရာဇဂုရုဖြစ်လာတော့မယ်။

"မဆိုစကောင်း ဆိုစကောင်း အဲဒီတပည့်ကြီးမျိုးကများ ကာမဂုဏ်ညှော်လေပင့်လို့ လေလွင့်ရမယ်ဆိုရင် ဘုန်းကြီးတို့သာမဟုတ်ဘူး၊ တစ်နိုင်ငံလုံး ရင်ကျိုးရချေရဲ့၊ ရင်ကျိုးရချေရဲ့။ ဒါဟာ တည့်တည့်ပြောနေတာမဟုတ်ဘူး စကားစပ်မိလို့ ဥပမာအနေနဲ့ ပြောရတာပါ။ မတော်တဆများ တည့်တည့်ပြောနေမိရင်လဲ ဘုန်းကြီးကို ခွင့်လွှတ်ပါဗျာ။

"ရှေးက ကျမ်းပြု၊ စာပြုဆရာတွေဟာ မိမိအမည်ကို လျှို့ဝှက်ကြလွန်းလို့ အချို့ကျမ်းများ ဘယ်သူရေးမှန်းတောင် မသိကြရဘူး။ အခုခေတ်မှာတော့ မဟုတ်ပေါင်၊ စာတိုကလေး ရေးတာတောင် ကိုယ့်နာမည်ကို ထည့်ထည့်ရေးလာကြပြန်တယ်။ ဘုန်းကြီးတို့လဲ ခေတ်အလိုက် အတုယူပြီး တေးထပ်မှာ ကိုယ့်အမည်လေး ထည့်ရေးလိုက်မိသဗျာ ဘုန်းကြီးဘွဲ့က ဦးဝါသဝတဲ့လေ။

"ကဲ – ကဲ ဆွမ်းလောင်းဖို့ အောက်မှာ စောင့်နေကြပြီ။ ကြွကြပေတော့ အပ္ပမာဒေန သမ္ပာဒေထ။ အပ္ပမာဒေန–မမေ့မလျော့ မပေါ့ဆသော သတိတရားဖြင့်၊ သမ္ပာဒေထ–ပြည့်စုံကြပါစေဗျား"

[ ၂ ]

ဂုဏ်ထူးက တစ်ခေတ်တစ်ယောက်မဆိုထားဘိ၊ ဆယ်ခေတ်တစ်ယောက် ရှာမှရှား၊ တကယ်ခက် တကယ်ရှားသော ပိဋကသုံးပုံဆောင် တိပိဋကရေ။ နိုင်ငံတော်က ဝမ်းမြောက်လှသဖြင့် ဘွဲ့ကိုပင်မခေါ်၊ ချစ်စနိုးဂုဏ်ပြု၍ 'ပဋ္ဌင်းကျော်' ဟုခေါ်ကြသည်။

ကျမ်းဂန်အပြုအစု၊ ကဗျာလင်္ကာ အရေးအသားကလည်းကောင်းလိုက်သေး။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးပြုစုသော 'ကုသပျို့'မှာ ပညာရှိလောကတွင် သတင်းမွှေးလှ၏။ ပဘာဝတီ၏ အလှနှင့် ကုသမင်းကြီး၏ နောက်ပိုးပုံဖွဲ့နပဲကို ရေးဖွဲ့ပုံမှာ အသက်ပါ အလင်္ကာမြောက် လှသောကြောင့် စိတ်နှင့်မာန်နှင့် ရေးသောပျို့ဟု အကဲဖြတ်ကြသည်။

အဟောအပြောကလည်း ကောင်းလိုက်သေး။ အသံဝါကြီးဖြင့် လေးလေးပင်ပင် စီကာစဉ်ကာ ဟောပြောပုံမှာ နာ၍မငြီးနိုင်အောင် ဝါစာသိလိဋ္ဌဖြစ်လှသည်။ ထို့ကြောင့် ပဋ္ဌင်းကျော်၏တရားပွဲများမှာ ဘုရင့်နန်းတော်နှင့် အထက်တန်း အသိုက်အဝန်းတွင် ပင့်ဖိတ်သူများနှင့် မပြတ်ဆိုသလို ရှိနေသောကြောင့် အခြားရပ်ရွာ အသင်းအဖွဲ့များသို့ မနည်းကြီးပင် အလှည့်ပေး၍ ဟောရသည်။

ရုပ်ရည်ဥပဓိကလည်း ကောင်းလိုက်သေး။ အသားအရေ ဝါညိုညိုတွင် အရုပ်အမောင်းမြင့်မြင့်နှင့် ပြည့်ပြည့်ဖြိုးဖြိုးရှိသည်။ ဖူးတွေ့ရသူတိုင်း၏ ကြည်ညိုဖွယ်ကို ဆောင်သည်။

ရဟန်းတစ်ပါးအတွက် ဘာများလိုသေးသနည်း။ မလိုရုံမက ဂုဏ်မျိုးစုံ ပြည့်လျှံ၍နေသည်။ သို့ရာတွင် ဂုဏ်မျိုးစုံပြည့်လျှံရုံမက ကိုးကွယ်ဆည်းကပ်မည့်သူ ဒါယကာ၊ ဒါယိကာမအသိုက်အဝန်းတွေ ပြည့်လျှံနေသည်က ခက်သည်။ ပြည့်လျှံသည့် အထဲတွင် ဝန်မင်းသမီး ခင်ခင်ပြုံးကလေးတို့ သားအမိက နေ့ရက်မခြား ဆိုရလောက် အောင်ပင် အစဉ်ဆည်းကပ်ပြည့်လျှံနေသည်က ပို၍ခက်သည်။

"မောင်ပဋ္ဌင်းကို ဘဝနီးနီးနဲ့ သားတော်ခဲ့ဖူးထင်ပါရဲ့။ ကြည်ညိုရုံမကဘူး။ သားအရင်းလိုပဲ ခင်တွယ်မိပါတယ်ဘုရာ့၊ ဘုရားရှင်ကလဲ 'ပုဗ္ဗေဝသန္နိဝါသေန' လို့ ဟောတယ်မဟုတ်ပါလားဘုရာ့၊ တပည့်တော်တို့မှာ သားကလဲမထွန်းကားတော့ မောင်ပဋ္ဌင်းကိုပဲ သားအရင်းလို ခင်တွယ်မိတော့တာပဲဘုရာ့" ဟု ဝန်ကတော် ဒေါ်ခင်ခင်ကြီးကဆိုသည်။ ရဟန်းတစ်ပါး၊ ဦးပဋ္ဌင်းတစ်ပါးကို ဒါယိကာမတစ်ဦးက သံယောဇဉ် အမျှင်တွယ်လာပြီဆိုလျှင် သားတန်လျှင်သား၊ မောင်တန်လျှင်မောင်ဟု မိမိတို့ စည်းဝိုင်းအတွင်းသို့သွင်းကာ ဆွေမျိုးစပ်လာတတ်ကြသည် မဟုတ်ပါလော။

သမီးချောကလေး ခင်ခင်ပြုံးကလည်း ဦးပဋ္ဌင်းဟုပင် ပီပီမခေါ်၊ ဦးဇင်း ဦးဇင်းနှင့် မပီတပီ ပါးစပ်ဖျားကလေးဖြင့်သာ ခေါ်တတ်ပြောတတ်သည်။ သူ့ကိုယ် သူလည်း "တပည့်တော်မ"ဟူသောအသုံးမှ "အပြုံး" "အပြုံးကလေ" "အပြုံးကလဲ" ဟူသော ကန့်ကလျ ပုဂ္ဂလိကအသုံးသို့ ပြောင်းလဲလာခဲ့သည်မှာ ကြာပေပြီ။

အကြောင်းဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ဝါစာကမ္မာအကြောင်း တစ်ခုခုပြု၍ ကျောင်းသို့ မပြတ်လာသည်။ လာလျှင် ဆရာတော်ကြီးသို့ ဖူးချင်ယောင်မှ

www.burmeseclassic.com

www.burmeseclassic.com



ပြု၍ မောင်ပဥ္စင်းထံသို့ ဦးတည်ကြသည်ချည့်သာဖြစ်သည်။ သူတို့မလာပြန်တော့ မောင်ပဥ္စင်းကသွားသည်။ ကာမဂုဏ်လေဟုန်ပင့်၍ ညှော်သင့်နေမိရှာလေပြီကိုး။

ရိုးရိုးခင်တွယ်မှုလည်းဖြစ်နိုင်သည်။ ဝန်ကတော်ကြီး၏တွက်ကိန်းချခြင်းလည်း ဖြစ်နိုင်သည်။ ရုပ်ချော ဂုဏ်ထူးရှင်ကလေး ခင်ခင်ပြုံးအတွက် မင်းစိုးရာဇာတို့ အသိုက်အဝန်းတွင် ဝိုင်းဝိုင်းလည်နေသည်မှန်ပါ၏။ သို့ရာတွင် အမြော်အမြင်ကြီးသော မိခင်ဝန်ကတော်ကြီးက မောင်ပဥ္စင်းအပေါ်တွင် ပို၍တွက်ကိန်းမိထားဟန်တူသည်။

အကြောင်းမူကား "ကျောင်းကြီးဖျက်မ" ဟုဆိုချင်ဆိုကြပါစေ၊ မိမိတို့ခေတ်တွင် ကျောင်းကြီးဖျက်မဟူသော ဝေါဟာရမှာ မဆန်းလှတော့။ ဆရာတော်သာမက တစ်နိုင်ငံလုံး ရင်းကျိုးသော် ကျိုးကြပါစေ၊ ဘုရင်နှစ်ပါးပင် အပြိုင်ကိုးကွယ်၍ ပညာအရာတွင် စံမတူထိပ်သီးဖြစ်နေသော မောင်ပဥ္စင်းအဖို့ မိမိလက်ဝယ်သို့ ရောက်လာသည်ဆိုလျှင် ရွှေနန်းတော်တစ်ခုခု၌ ဘုရင့်အတိုင်ပင်ခံ အမတ်ကြီးလို နေရာမျိုးမှာ ကျိန်းသေလှသည်ဟု တွက်ကိန်းမိထားနိုင်သောကြောင့် ဖြစ်ပေသည်။

"သာသနာတော်ဆိုတာ ပျော်ရွှင်ဖွယ်ကောင်းပေမှာပဲ။ နို့ပေမယ့် ပုထုဇဉ်သားတွေဆိုတော့ ပျော်ချင်လဲ ပျော်မှာပေါ့။ မပျော်ချင်လဲ မပျော်နိုင်ဘူးပေါ့။ တကယ်လို့များ မောင်ပဥ္စင်းမပျော်ရင် အိမ်ကိုသာ တန်းလာခဲ့ဘုရား။ မောင်ပဥ္စင်းက ဒါယိကာမကြီးတို့ရဲ့သားပဲ" ဟု အဆုံးစွန်စကား နှစ်ကိုယ်ကြားလျှောက်ထားသည်အထိ ခရီးရောက်လာခဲ့ရာက "အို . . . မယ်မယ်ကလဲ၊ ပြုံးတို့အိမ်ကို မလာလို့ ဦးဇင်းက ဘယ်ကိုများ သွားမလို ကျနေတာပဲ" ဟု မပွင့်တပွင့် စကားလေးဖြင့် လေပင့်လိုက်ပြန်သောအခါ ပဥ္စင်းကျော်အဖို့ အရည်ပျော်လုမတတ်ပင် ဖြစ်ခဲ့ရပေပြီ။

အရှင်ဉာဏရေသည် ဆရာတော်ကြီး၏ ဩဝါဒပွဲအပြီးတွင် လုမ်းမိသည်ဟုပင် မထင်မိသော ခြေလှမ်းများတွင် ငုံ့လျှိုးသော ဦးခေါင်းဖြင့်ကျောင်းပေါ်မှ ဆင်းသက်လာခဲ့သည်။

'မိမိတို့အကြောင်းကို ဆရာတော်ကြီး သိနေပါပေါ့ကလား၊ ဆရာတော်ကြီးသာမက တစ်ကျောင်းလုံးပင် သိနေပါပေါ့ကလား၊ ဖုံးသလိုနှင့်ဖွင့်၊ ဖွင့်မယောင်နှင့်ဖုံးသော ဆရာတော်ကြီး၏ ယနေ့ဩဝါဒစကားသည် မိမိသို့ တိုက်ရိုက်မိန့်ကြားခြင်းပါတကား၊ ရှက်ဖွယ်ကောင်းလှချည့်' ဟု အရှင်ဉာဏရေတွေးသည်။

မိမိသည် လမ်းနှစ်ခွ၏ထိပ်သို့ ရောက်နေကြောင်း ရှေးမဆွကပင် စဉ်းစားမိခဲ့ပြီး ဖြစ်ပါ၏။ လက်ယာဘက်တွင် သာသနာတော်တည်းဟူသော လမ်းဖြစ်၍ သာသနာတော်တွင် ငယ်စဉ် လူမှန်းသိစအရွယ်ကပင် မွေ့လျော်ပျော်ပိုက်ခဲ့သည်။ မွေ့လျော်၍

www.burmeseclassic.com

www.burmeseclassic.com



ပျော်ပိုက်၍လည်း သာသနာတော်တွင် စိုက်လိုက်မတ်တတ် တစ်ချောင်းတည်းသော စိတ်ဖြင့် ကြိုးစားခဲ့ရာ သာသနာတော်တည်းဟူသော ဓမ္မရသအပင်ကြီးမှ ချိုမြိန်လှသော အသီးအပွင့်များကို စားသုံးနေရလေပြီမဟုတ်ပါလော။

သို့ရာတွင် ဤအချိန် ဤအခါရောက်ကာမှ ပြုံးပြုံးကလေးနှင့် လှပ လိုက်လျောသော လက်ဝဲလမ်းတစ်သွယ်ကို တွေ့လာရသည်။ လက်ယာလမ်းကိုလည်း ချစ်၏။ လက်ဝဲလမ်းကလည်း အဆွဲဓာတ်အား ကြီးမားလှပါဘိသည်။ ယင်းသို့လျှင် လမ်းနှစ်သွယ်၏ထိပ်၌ မဝေနိုင်မခွဲနိုင် မချီနိုင်မချနိုင် ဖြစ်နေခဲ့ရာမှ မိမိ၏ အကြောင်းများကို ဆရာတော်ကြီးနှင့်တကွ တစ်ကျောင်းလုံးပင် သိလာကြပြီဖြစ်ရာ မိမိသည် လမ်းတစ်သွယ်ကို ရှင်းရှင်းပြတ်ပြတ် ရွေးချယ်ရတော့မည်ဖြစ်၏။

ယင်းသို့လျှင် မချီနိုင်မချနိုင် စိတ်ဖြင့် တစ်နေ့လုံးရှိနေခဲ့ရာမှ ညနေခင်း ဘက်တွင်မူ အကြောင်းတစ်ခုခုကို ဗန်းပြ၍ ရောက်လာကြဦးမည်ဖြစ်သော အပြုံးမယ် ကလေးတို့ သားအမိကိုလည်း ရှောင်တိမ်းရင်း ဆိတ်ငြိမ်မှု၏အင်အားကိုယူကာ အလေး အနက်လည်း စဉ်းစားရန်အတွက် ကျောင်းတိုက်အထက်နားမှ တောင်ကုန်းကလေး တစ်ခုပေါ်တွင်တည်ရှိသော တဝဂုဘုရားဆီသို့ ထွက်၍လာခဲ့သည်။

[ ၃ ]

ဤနေရာသည် မိမိ လွတ်လွတ်လပ်လပ် စာကျက်ခဲ့သော ဘုမိနက်သန်နေရာဖြစ်၏။ လူသူအရောက်အပေါက်နည်း၍ တိတ်ဆိတ်သည်။ စစ်ကိုင်းတောင်၏ သာယာသော စေတီကျောင်းကန်တို့ကိုစီး၍ မြင်ရ၏။ ကျောင်းကန်စေတီတို့ အလွန်မှ ငြိမ်သက်စွာ စီးဆင်းလျက်ရှိနေသော ရောဝတီကိုလည်း အေးချမ်းစွာမြင်ရ၏။ သို့သော် အခြား ကိစ္စထွေလာများကြောင့် ဤနေရာသို့ မရောက်ခဲ့သည်မှာ အတန်ကြာခဲ့ပေပြီ။

တဝဂုဘုရားကလေးမှ ရှေးဟောင်းအကြွင်းအကျန်ကလေးများဖြစ်ဟန်တူသော ဆည်းလည်းတစ်လုံး နှစ်လုံးက ဓမ္မတေးကို တီးခတ်၍ အရှင်ဉာဏရဲကို ကြိုဆို၏။ တဝဂုအတွင်းသို့ရောက်သောအခါ အနည်းငယ်မှောင်လျက်ရှိသောကြောင့် ပါလာသော ဖယောင်းတိုင်ကို မီးထွန်း၍ ဘုရားရှင်ကိုပူဇော်သည်။ ပလ္လင်ဟောင်းကလေးပေါ်မှ ဘုရားရှင်သည် မိမိအားမဟာကရုဏာ မျက်လုံးတော်အပြည့်ဖြင့် ကြည့်ရှုနေဟန် ရှိသည်။ ထို့နောက်တွင်မူ ပခုံးထက်တွင် ပါလာသော နေကာထိုင်ကလေးကို ခင်း၍ ဘုရားရှိခိုးသည်။

ဘုရားရှိခိုးပြီးနောက် ရှေးကမတောင်းခဲ့စဖူးသောဆုကို တောင်းလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"အရှင်မြတ်ဘုရား။ တပည့်တော်သည် လမ်းနှစ်သွယ်ထိပ်၌ ဝေခွဲ၍မရနိုင်လောက်အောင် စိတ်နှလုံးအကျဉ်းအကျပ်ဖြစ်လျက်ရှိနေရပါသည်။ တပည့်တော်အား သာသနာတော် တည်းဟူသောလမ်းပေါ်သို့ ဆွဲဆောင်တော်မူပါဘုရား"

အသည်းနှလုံး၏လှုပ်ရှားမှုများကို လူမကြား သူမကြား ဖွင့်အန်ခွင့်ရလိုက် သောကြောင့် ငြိမ်းချမ်းသက်သာသယောင်ရှိသွားသည်။ ထိုနောက်တွင်မူ တရားထိုင် သလို တင်ပျဉ်ခွေပြင်၍ထိုင်ကာ ဘုရားရှင်၏ဂုဏ်တော်များကို အာရုံပြုသည်။

အာရုံပြုကောင်းလှ၍ ဘုရားရှင်၏ဂုဏ်တော်တွင် သဒ္ဓါစိတ် တဖြန်းဖြန်းနှင့် ငြိမ်းချမ်းနေခိုက် "အစ်ကိုလေး အပွမေယျ" အစချီကာ သာယာလှသောအသံဖြင့် ဘုရားရှိခိုးသော အမျိုးသမီးတစ်ဦး၏အသံကို ကြားလာရသောကြောင့် အံ့အားသင့်စွာဖြင့် နောက်ပိုင်းဂူဝဆီသို့ လှည့်၍ကြည့်လိုက်မိသောအခါ ဘယ်အချိန်က ရောက်လာမှန်း မသိသော အမျိုးသမီးတစ်ယောက် ဂူအဝသာသာ မိမိအနားသို့ မရောက်တရောက် နေရာတွင် မိမိရှိနေသည်ကိုပင် ဂရုပြုမိဟန်မတူဘဲ ပျပ်ဝပ်စွာထိုင်၍ ဘုရားရှိခိုးနေသည်ကို တွေ့ရ၏။

လူသူအရောက်အပေါက်နည်းသော်လည်း ဤအမျိုးသမီးသည် မိမိမရောက် နိုင်ခိုက်တွင် ဤဂူ, ဤဘုရားသို့ လာရောက်ရှိခိုးလေ့ရှိနေသူဟု တွေးရသည်။ ဘုရား ရှိခိုးပြီးလျှင် ပြန်မှာပဲဟုဆက်တွေးကာ ဘုရားရှင်ဘက်သို့လှည့်၍ နေမြဲအတိုင်းဆက်၍ ဘုရားအာရုံပြုသည်။

ထိုအခိုက် အမျိုးသမီး၏ ထူးခြားသောဆုတောင်းသံကြောင့် ဤတစ်ကြိမ်တွင်မူ အံ့သြလှစွာဖြင့် ရုတ်ခြည်းပင် အမျိုးသမီးဆီသို့ လှည့်၍ကြည့်လိုက်၏။

"ဤကောင်းမှုကြောင့် တပည့်တော်မသည် ယခုဘဝမှစ၍ ဖြစ်လေရာ ဘဝတိုင်းတွင် ရဟန်းလူထွက်မယား မဖြစ်ရပါလို၏အရှင်ဘုရား"

မိမိအကြောင်းကိုသိ၍ မိမိကိုစောင်းကာ ဆုတောင်းလိုက်လေသလားဟုပင် ထင်ရသည်။ ထို့ကြောင့် "ဒါယိကာမကြီး၊ အဲအဲ ဒါယိကာမလေး ဆုတောင်းက တယ်ဆန်းပါလားဗျ" ဟု အာမေဍိတ်သံဖြင့် အမေးစကားထွက်သွားမိသည်။

ထုံးစံအတိုင်း 'ဒါယိကာမကြီး'ဟု ထွက်သွားမိရာမှ စူးစူးစိုက်စိုက် ကြည့်လိုက် သောအခါ ချောချောပြေပြေနှင့် ငယ်ငယ်ရွယ်ရွယ် ဒါယိကာမလေးဖြစ်နေသောကြောင့် 'ဒါယိကာမလေး'ဟု ပြင်လိုက်ရသည်။

ဒါယိကာမလေးက ရှိခိုးပြီး၍ မော့ကြည့်လိုက်သောအခါ ဒါယိကာမလေး၏

www.burmeseclassic.com

www.burmeseclassic.com



လှပပြည့်ဖြိုးသောမျက်နှာ စူးရှသောမျက်လုံးများနှင့် ရင်ဆိုင်လိုက်ရသည်။ သို့ရာတွင် မျက်နှာရောအမူအရာပါ တည်ငြိမ်လှ၏။ ဒါယိကာမလေးဆီမှ ဘာရနံ့မှန်းမသိသော တသင်းသင်းရနံ့သည် ဝေ့၍လာသည်။ အဘယ့်ကြောင့်မသိ၊ ဤဒါယိကာမလေးကို ကြည့်နေရင်းဖြင့် ကြက်သီးတဖြန်းဖြန်းထနေမိသည်။

"ဆန်းချင်လဲ ဆန်းမှာပေါ့ဘုရား၊ နို့ပေမယ့် ကိုယ့်ဆန္ဒရှိရာ ဆုတောင်းကြတာပဲ"

မှန်ပါ၏။ မိမိရင်တွင်းလှုပ်ရှားမှုများကြောင့် တစ်ကိုယ်တည်းထင်၍ ယခုပင် မိမိကိုယ်တိုင်ဖွင့်အန်ဆုတောင်းမိသည့်အသံကို ဤဒါယိကာမလေးများ ကြားလေရော့သလားဟုတွေးလိုက်သည်။

"ဒါယိကာမလေးကို ဒီနားတစ်ဝိုက်မှာ အလျင်က သတိမထားမိခဲ့ပါဘူး"

"သတိမထားမိလို့ပါ၊ တပည့်တော်က ဟိုဘက်နား သီလရှင်ချောင်ကပါ"

"ဦးပဥ္စင်းကိုများ တမင်စောင်းပြီး ဆုတောင်းလိုက်လေသလားဗျာ"

"အရှင်ဘုရားကို စောင်းစရာမရှိပါဘူး။ အရှင်ဘုရားက သာသနာမှာ အလွန်ပျော်တဲ့ တိပိဋကအကျော်၊ ဓမ္မကထိကအကျော်၊ ကျမ်းပြုအကျော် ပဥ္စင်းအကျော်ပဲဟာ"

"ဒါယိကာမလေးမှာ ရဟန်းလူထွက်နဲ့ပတ်သက်ပြီး ခံစားချက်များရှိနေသလား"

"ခံစားချက်ရှိဖို့မလိုပါဘူးဘုရား၊ တွေးကြည့်ရင်အရှင်းကြီး အစင်းကြီးပဲ။ တပည့်တော်မအမြင်တော့ လောကမှာ ရဟန်းလူထွက်ထက် မိုက်တဲ့သူ ရှိတောင် မရှိဘူးလို့ ထင်မိပါတယ်ဘုရား"

"အလို – ဘာ့ကြောင့်များပါလိမ့်ဗျာ"

"ဘယ့်နှယ် အရှင်ဘုရား၊ သာသနာတော်မှာ တကယ့်ယောကျ်ားကောင်း အဖြစ်နဲ့ ဆွမ်းအသင့်၊ ကွမ်းအသင့်၊ နေရာအပြည့်အစုံ၊ ပူဇော်မှု အဖုံဖုံနဲ့ အေးအေးချမ်းချမ်း နေပြီးတော့မှ မယားကျွန်လုပ်မယ်ဆိုတော့ သူ့ထက်မိုက်တဲ့သူ ရှိမှာလားဘုရား၊ သူတို့ကို အားနာလို့သာ တည့်တည့်မပြောကြတာ၊ ကွယ်ရာထောင့်ရာ မှာတော့ ရဟန်းလူထွက် မှန်ရင် ပတ်ဝန်းကျင်က အမြင်တစ်မျိုးနဲ့ အမြဲရှုတ်ချခံရတာ ချည်းပဲ"

"ဂုဏ်နဲ့ဒြပ်နဲ့ ရဟန်းလူထွက်တွေလဲ ရှိပါတယ်ဗျာ"

"သူတို့ကိုယ်သူတို့ ထင်နေကြတာပါ၊ တပည့်တော်အရှင်းဆုံးတစ်ခုလျှောက်

www.burmeseclassic.com

www.burmeseclassic.com



ပါရစေ။ ရဟန်းလူထွက်မှန်ရင် ဘယ့်လောက်ပဲဂုဏ်ရှိနေပါစေ သူတို့ကို ရဟန်းလူထွက်၊ ဘုန်းကြီးလူထွက်လို့များ တည့်တည့်ခေါ်ရင် ခံနိုင်တဲ့သူရှိလို့လားဘုရား''

''မရှိပေဘူးထင်ပါတယ်၊ မရှိရုံမကဘူး၊ အချို့များ အဲဒီလိုခေါ်မိ ပြောမိရင် အနာပေါ် တုတ်ကျသလိုတောင် ဆတ်ဆတ်ခါ နာတတ်ကြပါတယ်''

''အဲဒါ ကိုယ့်အပြစ်ကိုယ်သိ၊ ကိုယ့်လိပ်ပြာ ကိုယ်မလုံတဲ့ သဘောပေါ့။ ဒီတော့ တစ်သက်လုံး လိပ်ပြာမလုံရတဲ့သူအဖို့ လောကမှာ သူ့ထက်မိုက်တဲ့သူ ရှိပါဦးမလား၊ လိပ်ပြာမလုံတဲ့ လင်သားရဲ့မယားဟာ ဘယ့်ကလောက် စိတ်ဆင်းရမယ်ဆိုတာ အလွယ်တကူနဲ့ စဉ်းစားသိရှိနိုင်ပါတယ်ဘုရား''

''သာဓုပါ ဒါယိကာမလေး၊ သာဓု သာဓု၊ ကျုပ်သိပြီ၊ ကျုပ်သဘောပေါက်ပါပြီ။ ဒါယိကာမလေးဟာ ကျုပ်ရဲ့ ကျေးဇူးရှင်ပါပဲ။ ကဲ ဦးပဉ္စင်းပြန်မယ် ဒါယိကာမလေး ဘုရားအာရုံပြုချင်လဲ ပြုရစ်ခဲ့ပေတော့''

အရှင်ဉာဏရေသည် အမျိုးသမီးလေးကို ဖြတ်ကျော်၍ သွက်လက်သော ခြေလှမ်းကျဲများဖြင့် ကျောင်းသို့ပြန်ခဲ့သည်။ အမျိုးသမီးကလေးက ဦးအကြိမ်ကြိမ်နှိမ်၍ ကျန်ရစ်ခဲ့၏။

[ ၄ ]

မိမိအကြောင်းကို လူသာမက နတ်များပင် သိလေပြီဟုယူဆ၍ အရှက်ကြီးရှက်၊ သံဝေဂအရကြီးရတော်မူသည်။ တဝဂ္ဂုတွင် တွေ့ရသော အမျိုးသမီးမှာ လူမဟုတ်၊ မိမိအားသတိပေး ကယ်တင်ရန်ရောက်လာသော တောင်စောင့်နတ်တစ်ပါးဟု ယူဆသောကြောင့်ဖြစ်သည်။

နောက်နေ့မှစ၍ အရှင်မြတ်သည် တရားပွဲတွင် ကြားနာဖူးတွေ့မှုမှလွဲ၍ နှစ်ဦးချင်းတွေ့ဆုံမှုမှန်သမျှကို ဒါယိကာမများကိုအပထား၍ ဒါယကာများကိုပင် တွေ့ဆုံခွင့်မပေးတော့ဘဲ သံယောဇဉ် ယတိပြတ် ဖြတ်လိုက်သည်။ တရားပွဲ ပူဇော်ပွဲများကိုလည်း သတိဖြင့်သာ လက်ခံ၏။

မကြာမီပင် စီစဉ်ထားပြီးအတိုင်း အင်းဝဘုရင်က ကျောင်းတော်ကြီးဆောက်၍ ကိုးကွယ်သည်။ ငယ်စဉ်ကပင် ရရှိခဲ့သော 'တိပိဋကရေ'ကို မင်းဆရာဖြစ်လာသောအခါ ဘုရင်မင်းမြတ် အစီအစဉ်ဖြင့် ထပ်မံ ပြန်ဆိုစေ၍ 'မဟာတိပိဋကရေ'ဟု မဟာအထွတ် တပ်၍ ထပ်မံချီးမြှောက်ပူဇော်သည်။

www.burmeseclassic.com

www.burmeseclassic.com



အင်းဝဘုရင်သာမက ညီတော် စစ်ကိုင်းစားကလည်း စစ်ကိုင်းတွင် ကျောင်းကြီးဆောက်ကာ တောင်းပန်၍ ကိုးကွယ်လာသောကြောင့် အရှင်မြတ်အဖို့ နှစ်ကျောင်းစံဆရာတော်ဖြစ်လာရသည်။ သို့ရာတွင် ငယ်စဉ်ကပင် နိက္ခမဓာတ်ခံ ရင့်သန်ခဲ့ပြီးသော ဆရာတော်အဖို့ ယင်းကျောင်းကြီးများကိုစွန့်ခွာ၍ စစ်ကိုင်းတောင်အစွန်ရှိ တောင်ဖီလာချောင်သို့ တောထွက်တော်မူသောအခါ တောရအကျော် တောင်ဖီလာဆရာတော်ဟု ထင်ရှားလာပြန်သည်။

တောင်ဖီလာဆရာတော်ဘဝတွင် နန်းတွင်းသူတစ်ဦးနှင့် စေလွှတ်အစမ်းသပ်ခံရ၍ ကြီးမားသော သီလသိက္ခာအစွမ်းကြောင့် လွတ်မြောက်လာသောအခါ ဓားမကူးဆရာတော်ဟု ကျော်ကြားလာပြန်သည့် အကြောင်းကိုကား ဤဗုဒ္ဓစာပန်းချီတွင် 'အမှောင်ရိပ်ဝယ်' ဟူသောအမည်ဖြင့် ဖော်ပြခဲ့ပြီးလေပြီ။ ။

www.burmeseclassic.com

www.burmeseclassic.com



# ကြည်ညိုသူ

[ ၁ ]

အမည်ရင်းမှာ ''ဒေဝ''ဖြစ်၏။ ရဟန်းပြုသောအခါ ''ဖုဿဒေဝ''ဟု အမည်ခံယူ၏။ အကြောင်းမူကား အရှင်သည် နှစ်ကျိပ်ရှစ်ဆူ ဘုရားရှင်တို့အနက်မှ ဖုဿဘုရားရှင်၏ အဖြစ်တော်များမှာ မိမိစရိုက်နှင့် ကိုက်ညီသူဖြစ်၍လည်းကောင်း၊ အထူးသဖြင့် မိမိ၏ ဂေါတမဘုရားရှင်လက်ထက်တော်မှ သာသနာတော်ကိုကြည်ညိုလွန်းသူ၊ သာသနာတော်၏ အနာဂတ်ကိုတွေး၍ စိုးရိမ်ကြောင့်ကြတော်မူလွန်းသူဖြစ်သော ဖုဿ အရှင်မြတ်ကို တရစပ်ကြည်ညိုသူဖြစ်သောကြောင့်လည်းကောင်း မပြတ်သတိရနိုင်ရန် အရှင်မြတ်၏ အမည်ကို မိမိအမည်ရှေ့တွင် ဆက်ခံယူခြင်းဖြစ်သည်။

အရှင်ဖုဿဒေဝသည် ငယ်စဉ်ကပင် ရဟန်းကျောင်းသို့ ရောက်သည့်အချိန်မှစ၍ ရဟန်းကျောင်းမှ မခွာရတော့ဘဲ တစ်ဆက်တည်းနေခဲ့၊ ပျော်ပိုက်ခဲ့သူဖြစ်၏။ ကိုရင်ဝတ်ချိန်တွင် ကိုရင်ဝတ်သည်။ ကိုရင်ဘဝမှ မထွက်တော့ဘဲ အသက်စေ့၍ ရဟန်းပြုချိန်တွင် ရဟန်းပြုသည်။

ရဟန်းဖြစ်ချိန်တွင် အရှင်ဒေဝအဖြစ်မှ ဖုဿဒေဝဘွဲ့ကို ခံယူလိုပါကြောင်း လျှောက်ထားသောအခါ ဥပဇ္ဈာယ်ဆရာကလည်း သဘောတူသည်။ အကြောင်းမူကား ကိုရင်ဒေဝသည် ပိဋကတ်တော်မှ ဖုဿထေရဝတ္ထုလာ ဂါထာများကို မပြတ်ရွတ်ဆိုသူ ဖြစ်ရုံမက ဖုဿထေရအရှင်ကဲ့သို့ပင် သာသနာတော်ကို ကြည်ညိုသူ၊ အနာဂတ်

www.burmeseclassic.com



သာသနာတော်အရေးကိုတွေး၍ စိုးရိမ်နေသူ၊ အခွင့်သာလျှင် သာသနာတော်ကို ပြုစုမည့်သူဖြစ်ကြောင်း သိရသောကြောင့်ဖြစ်သည်။

ကိုရင်ဒေဝသည် ငယ်စဉ်ကပင် အရွယ်နှင့်မမျှ သာသနာတော်အရေးကို တွေးခဲ့သူဖြစ်သည်။ တွေးဟန်ကား ဂေါတမဘုရားရှင်၏ သာသနာတော်၊ အဆုံးအမ တော်တစ်ခုတည်း ဖြစ်ပါလျက် မိမိတို့လင်္ကာဒီပရှိ ဘုရားရှင်၏တပည့်သား ရဟန်းတော် များသည် အဘယ်ကြောင့် သူ့ဂိုဏ်း၊ ငါ့ဂိုဏ်းဟု ဂိုဏ်းဂဏများ ကွဲပြား၍ နေရပါ သနည်း။

လင်္ကာဒီပသာသနာတော်သည် ကျွန်းနှင့်ပင် မမျှလောက်အောင် သံဃာတော်တို့ များပြားလှသောကြောင့် စည်ပင်သည်။ ကြီးပွားထွန်းကားသည်ဟု ဆိုနိုင်ပါ၏။ သို့ရာတွင် ယင်းသံဃာတော်များသည် တစ်စုတစ်လုံး တညီတညွတ်တည်း မရှိကြဘဲ 'တစ်ကျောင်း တစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း' ဟု ဆိုရလောက်အောင် ကွဲပြား၍ နေကြပေသည်။ ဂိုဏ်းငယ်ဂိုဏ်းမွှားများကို ထားဦး၍ ဘုရင်စသော ထိပ်သီးဒါယကာတို့ ကိုးကွယ်သည့် ဂိုဏ်းကြီးများပင်လျှင် မဟာဝိဟာရဂိုဏ်း၊ အဘယဂီရိဂိုဏ်း၊ ဇေတဝနဂိုဏ်းဟု သုံးဂိုဏ်း ကွဲပြားလျက်ရှိနေခဲ့ပေသည်။

မိမိသည်ပင် လင်္ကာဒီပ သာသနာတော်တည်ဦးစက သာသနာပြုမထေရ် အရှင်မဟိန္ဒ စတင်တည်ထောင်ခဲ့သော မဟာဝိဟာရဂိုဏ်းဝင်ဖြစ်နေခဲ့ရပေသည်။ အရှင်မဟိန္ဒသည် လင်္ကာဒီပသာသနာတော်ကိုတည်ဦးစကမူ အခြားဂိုဏ်းခွဲမရှိသေး သောကြောင့် 'ဂိုဏ်း'ဟူ၍ ရှိခဲ့သေးဟန်မတူ။ မဟာဝိဟာရဟူသည် ကျောင်းတော်ကြီး ဟူသော အမည်မျှသာဖြစ်ပေသည်။ နောင်ခါသော်မူ အဘယဂီရိ၊ ဇေတဝနဟူသော ဂိုဏ်းကြီးနှစ်ဂိုဏ်းနှင့် ဂိုဏ်းငယ်ပေါင်းများစွာ ပေါ်ပေါက်လာသည်။ သည်းခံမှုကို ထွန်းပြ၍ မာနကို နှိပ်ကွပ်အပ်သော ဂေါတမဘုရားရှင်၏ တစ်ခုတည်းသော အဆုံးအမ တော်အောက်၌ အဘယ်ကြောင့် ဤသို့ကွဲပြားနေရပါသနည်း။

ကွဲပြားရုံသက်သက်မျှမဟုတ်။ တစ်ဂိုဏ်းကို တစ်ဂိုဏ်းကပုတ်ခတ်၏။ သူ့ဆရာထက် ငါ့ဆရာကသာသည်ဟု ဂုဏ်ပြိုင်၏။ ရဟန်းတို့ပင်ဖြစ်သော်လည်း ဂိုဏ်းဆရာ ဂိုဏ်းသားတို့၏ မျက်နှာများတွင် မာနအခိုးအငွေ့များကို တွေ့နေရ၏။ ရှုတ်ချသံများကို ကြားနေရ၏။ ဤသာသနာတွင် နေ၍ ဤသက်နံးကို ဝတ်ချင်းအတူတူ ဖြစ်ကြပါလျက်ပင် အတူမနေ အတူမစားနိုင်လောက်အောင် ကွဲပြားကြ၏။

ယင်းသို့ စိတ်မချမ်းသာဖွယ်များကို သာသနာတော်ကိုချစ်သော ကိုရင် ဒေဝသည် ငယ်စဉ်ကပင် စဉ်းစားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ငါ၏သာသနာတော်ကို အခြားသူများ မဖျက်ဆီးနိုင်၊ ငါ၏ သားရဟန်းများသည်ပင် ဖျက်ဆီးကြလိမ့်မည်ဟူသော ဘုရားရှင်၏ အနာဂတ်မိန့်ခွန်းတော်တစ်ရပ်ကို သင်အံတွေ့ရှိရသောအခါ ကိုရင်ဒေဝသည် စိတ်မချမ်းသာစွာဖြင့် နာယူခဲ့ရ၏။ စာကြီးများကို သင်အံရ၍ သုတ္တန်ဒေသနာမှ ဖုသထေရသုတ္တံကို သင်အံတွေ့ရှိရသောအခါတွင်ကား ကိုရင်ဒေဝသည် စိတ်မချမ်းသာရုံမျှမက အံ့ဩလှစွာဖြင့် နာယူခဲ့ရသည်။ အကြောင်းမူကား ဖုဿမထေရ်ကြီးက အနာဂတ် သာသနာတော်နှင့် စပ်လျဉ်း၍ မိန့်ကြားပုံများမှာ သာသနာတော်ကို ကြည်ညိုသူတို့အတွက် ကြက်သီးမွေးညင်းထလောက်ဖွယ်ရာပင် တိတိကျကျ ရှိလှသောကြောင့်ပေတည်း။

[ ၂ ]

"အရှင်မြတ်ဘုရား။ ။ တပည့်တော်သည် အရှင်မြတ်တို့ကဲ့သို့ သာသနာ့ဝန်ထမ်းရဟန်းအဖြစ် တိတိကျကျ မစွမ်းဆောင်နိုင်သေးသော်လည်း ဘုရားရှင်နှင့် အရှင်တို့လို သံဃာတော်များကို ကြည်ညိုလှသူဖြစ်ပါသည်။

"ကြည်ညိုမှုနှင့် အလားတူပင် သာသနာတော်ခိုင်မြဲမှုကို လိုလားတောင့်တလှသူဖြစ်ပါသည်။ တပည့်တော် လိုလားသကဲ့သို့ သာသနာတော်ကြီးသည် အရှည်တည်တံ့ခိုင်မြဲနိုင်ပါမည်လားဘုရား"

"ပဏ္ဍာရရသေ့။ ။ မြင်မြင်သမျှတို့သည် သင်္ခါရတရားသာဖြစ်၍ သာသနာတော်သည်လည်း သင်္ခါရပင်ဖြစ်ပေသည်။ သို့ရာတွင် သာသနာ့ဝန်ထမ်းရဟန်းတို့သည် အကြင်မျှလောက် တရားကိုကျင့်သုံး၏။ ထိုမျှလောက်ခိုင်မြဲပေလိမ့်မည်"

"အနာဂတ်ကာလ၌ ရဟန်းတော်တို့သည် အရှင်မြတ်တို့ကဲ့သို့ တရားတော်အတိုင်း ကျင့်သုံးနိုင်ပါမည်လားဘုရား"

"ကျင့်သုံးနိုင်ကြမည်လည်းရှိမည်။ မကျင့်သုံးကြမည်လည်းရှိမည်။ သို့ရာတွင် မကျင့်သုံးသူက များပြားလိမ့်မည်။ ဤသည်ပင်လျှင် သာသနာတော်၏ ဆုတ်ယုတ်ကြောင်း သာသနာတော်၏ သင်္ခါရဖြစ်ပေသည်။

"အရှင်မြတ်ဘုရား။ ။ ဘုရားရှင်သည် နိဗ္ဗာန်တည်းဟူသော သာသနာ့ပန်းတိုင်သို့ ရောက်နိုင်ရန်အတွက် တရားကျင့်ရန် လူဝတ်ကြောင်အဖြစ်ဖြင့်လည်း ခွင့်ပြုတော်မူ၏။ တပည့်တော်တို့လို ရသေ့အဖြစ်ဖြင့်လည်း ခွင့်ပြုတော်မူပါ၏။ ရဟန်းအဖြစ်ဖြင့်လည်း အကောင်းဆုံးသော ဝိနည်းသိက္ခာပုဒ်တော်များဖြင့် ခွင့်ပြုတော်မူထားပါ၏။ သို့ပါလျက် ရဟန်းအဖြစ်တွင် အဘယ့်ကြောင့် မကျင့်သုံးကြပါသနည်း ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"သဒ္ဓါစာတ်၊ ဝီရိယစာတ် ဆုတ်ယုတ်ကြသောကြောင့်ဖြစ်သည်။ သာသနာ့ထီးရိပ်ဟူသည် သဒ္ဓါရှိသူတို့အတွက် တရားကွန်းခိုရာဖြစ်သကဲ့သို့ သဒ္ဓါနည်းပါးလူ့မတရားတို့အတွက်လည်း ခိုနားရာဖြစ်ပေလိမ့်မည်"

"သို့ဆိုလျှင် အနာဂတ်ကာလ၌ သာသနာတော်၏ ကောင်းကျိုးများမရှိနိုင်တော့ပါပြီလား။ ဆိုးကျိုးများဘက်သို့သာ သက်ဆင်းပါတော့မည်လားဘုရား"

"ဤသို့ကားမဟုတ်ပါ။ ယေဘုယျကိုသာ ပြောခြင်းဖြစ်သည်။ သာသနာတော်သည် ငှက်ခါးပျံသကဲ့သို့ နိမ့်တုံ မြင့်တုံရှိပါလိမ့်မည်။ သာသနာကျိုးကို လျစ်လျူရှုသောသို့မဟုတ် သာသနာတော်ကို မပြုပြင်တတ်သော မင်းတို့လက်ထက်၌ သာသနာတော်သည် နိမ့်တုံရှိ၍ သာသနာတော်အကျိုးကိုလိုလား၍ တန်ခိုးကြီးသော မင်းတို့လက်ထက်၌ သာသနာတော်သည် မြင့်တုံရှိပါလိမ့်မည်"

"သာဓု . . . သာဓု . . . သာဓုပါ အရှင်သူမြတ်။ ။ သို့ရာတွင် အနာဂတ် ရဟန်းတော်များသည် တရားအတိုင်းမကျင့်သုံးသူက များလိမ့်မည်ဟု အရှင်မြတ် အမိန့်ရှိပါသည်။ အဘယ်ပုံ မကျင့်သုံးကြမည်ကို အနုစိတ် မိန့်ကြားတော်မူပါဘုရား"

"သိရလျှင် စိတ်မချမ်းသာဖွယ်မျှသော အကြောင်းရပ်ကို အဘယ့်ကြောင့် သိလိုပါသနည်း ပဏ္ဍုရ ရသေ့"

"တပည့်တော်သည် ကိုယ်ရေးကိုယ်တာ ကိုယ်ကျိုးကို မေးလျှောက်ခြင်းမဟုတ်ပါ။ သာသနာတော်ကို ကြည်ညို၍ သာသနာ့အရေးကို စိတ်ဝင်စားသူဖြစ်သည့်အတိုင်း သိလိုလှပါသည်။ မိန့်ကြားချီးမြှင့်တော်မူပါဘုရား"

"သို့ဆိုလျှင် ယောနိသော မနသိကာရဖြင့် နာယူလေလော့ ပဏ္ဍုရ"

"ကောင်းလှပါပြီဘုရား"

"ပဏ္ဍုရ ရသေ့။ ။ အနာဂတ်ကာလ၌ ရှင် ရဟန်းအများတို့သည် နေရာတိုင်းမှာ စိတ်တိုလေ့ရှိကြလိမ့်မည်။ တစ်ယောက်အပေါ် တစ်ယောက် အခဲမကျေနိုင်ဘဲ စွဲမြဲစွာ ရန်ငြိုးထားလေ့ရှိကြလိမ့်မည်။ ဆရာသမား၊ သီတင်းသုံးဖော်များက မိမိ ပြုဖူးသောကျေးဇူးကို ချေဖျက်ပစ်လေ့ရှိကြလိမ့်မည်။ မာန်မာနလျှော့၍ ပျောင်းပျော့နူးညံ့သင့်ပါလျက် မနူးညံ့သည့်ပြင် နေရာတိုင်းမှ ထန်ချင်မာန်ချင်ကြလိမ့်မည်။ မရှိသော ဂုဏ်ကို ရှိဟန်ဆောင်လျက် ကောက်ကျစ်စဉ်းလဲကြလိမ့်မည်။ ရဟန်းအချင်းချင်း ကိုယ့်ထက်သာလျှင် မနာလို မရှုဆိတ်သော ဣဿာတရားများ တိုးပွားကြလိမ့်မည်။

"အနာဂတ်ကာလ၌ ရဟန်းတို့သည် ဂိုဏ်းဂဏကွဲ၊ ပုဂ္ဂိုလ်ကွဲသဖြင့် အနည်းနည်း အဖုံဖုံ ဝါဒစုံယူကြ၍ မတူမျှသော ဝါဒရှိရစ်ကြလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



''စိတ်ဆိုးစိတ်ညံ့တို့ ရှိရုံမျှမဟုတ်၊ ဂိုဏ်းကွဲ ဝါဒကွဲနှင့် ဘုရားရှင်၏ သာသနာတော် အစိတ်စိတ်အမြွာမြွာ ကွဲလိမ့်မည်''

ဟု မိန့်လိုက်သောအခါ ပဏ္ဍုရ ရသေ့အဖို့ တုန်လှုပ်လှသဖြင့် ''ဘုရား ။ ။ ။ ။ ။ ဘုရား'' ဟုပင် ရေရွတ်လိုက်မိ၏။

''ပဏ္ဍုရ ရသေ့။ ။ အနာဂတ် ရှင်ရဟန်းအများတို့သည် မိမိတို့ကိုယ်တိုင်က ရေတိမ်ကမ်းနား၌ ကျက်စားသောဖျံကဲ့သို့ သာမညတရားလောက်၌သာ ကျက်စားနိုင်ပါလျက် လေးနက်သော သစ္စာလေးပါး၊ ပဋိစ္စသမုပ္ပါဒ်တရားတို့၌ သိပြီးဟု ထင်မှတ်၍ ပေါ့ပေါ့ဆဆ အလေးမပြုကြဘဲ နေကြလိမ့်မည်။ တရားအားထုတ်သူ အချင်းချင်းလည်း မလေးမစား အရေးမထားဘဲ နေရစ်ကြလိမ့်မည်။ ကောင်းစွာ ဟောပြောတော် မူအပ်သော တရားတော်မြတ်ကို ညစ်နွမ်းအောင် ပြုရစ်ကြလိမ့်မည်။

''သီလ သမာဓိ ပညာဘက်က ပြောပလောက်အောင် ဂုဏ်မရှိကြ၊ ကျမ်းဂန် ဗဟုသုတလည်း မရှိကြပါဘဲလျက် သူတို့သည် သံဃာ့အလယ်၌ နှုတ်ကြမ်းအာကြမ်းနှင့် ပရမ်းပတာ ပြောဆိုကြကုန်လျက် နောက်လိုက်အင်အား ပေါများသူတွေ ဖြစ်ရစ်ကြပါလိမ့်မည်။

''သီလ၊ သမာဓိ၊ ပညာနှင့် ကျမ်းဂန် ဗဟုသုတ ဂုဏ်ရှိကြကုန်သည်ဖြစ်၍ ရှက်စိတ်လည်းရှိကြ၊ ဂုဏ်ပကာသနနှင့် လာဘ်လာဘကိုလည်း အလိုမရှိကြကုန်သော ရဟန်းတော်တို့သည် သံဃာ့အလယ်၌ ဟုတ်တိုင်းမှန်ရာ ပြောဆိုကြလျှင် ထိုပုဂ္ဂိုလ်တို့မှာ ထောက်ခံသူ နည်းပါး၍ အင်အားမရှိသူများဖြစ်ရစ်ကြလိမ့်မည်။

''ပညာမဲ့သော ရဟန်းတို့သည် ရွှေ၊ ငွေ၊ လယ်မြေ စသည့် မအပ်သော ပစ္စည်းများသာမက ကျွန်မိန်းမ ကျွန်ယောက်ျားတို့အထိ အလှူခံကြလိမ့်မည်။

''အနာဂတ်ရဟန်းတို့သည် သင်္ကန်းညိုကြီးများကို ဝတ်ရုံသုံးစွဲကာ ဒါယကာ ဒါယိကာမတို့ အထင်ကြီးလောက်အောင် အံ့ဩဖွယ်ကိုဆောင်ကုန်လျက် ပစ္စည်းလေးပါး လှူအောင် အရိပ်အယောင်စကား ဆွယ်တရား ဟောကြလိမ့်မည်။ အဝတ်အဆင်တို့၌ လျှပ်ပေါ်လော်လီ မတည်ကြည်ရုံမက အဝါနုရောင် သင်္ကန်းကလေးများဖြင့်လည်း ရုပ်ချောဖန်းပြ လှည့်လည်ရစ်ကြလိမ့်မည်။

''အနာဂတ်ရဟန်းတို့သည် တောရကျောင်းတို့၌ နေဖို့ ပင်ပန်းကြကုန်သည် ဖြစ်၍ ရွာနီးကျောင်းတို့၌သာ အနေများကြလိမ့်မည်။ အကြင်နည်းဖြင့် လာဘ်လာဘ ပေါများနိုင်သည်ကို သိ၏။ ထိုနည်းအတိုင်း အတုလိုက်၍ ကျင့်သုံးကြလိမ့်မည်။

''အနာဂတ်ရဟန်းတို့သည် ဒေါသမာနစိတ်တို့ကြောင့် တရား၌လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



လေးစားအပ်သော ပုဂ္ဂိုလ်တို့၌လည်းကောင်း ရှိသေလေးစားခြင်း မရှိကုန်သည်ဖြစ်၍ သူတော်ကောင်းတို့ကို နှိမ်လေ့ရှိကြလိမ့်မည်။ အပ္ပမာဒေန သမ္ပာဒေထ''

ပဏ္ဍုရ ရသေ့ဦးခေါင်း မော့လိုက်သောအခါ အနာဂတ်သာသနာတော်အတွက် စိတ်မချမ်းသာဖွယ်ရာ မိန့်ခွန်းတော်များကြောင့်မျက်နှာညှိုးငယ်လျက်ရှိသည်။

''အရှင်မြတ်ဘုရား။ ။ တပည့်တော် မေးလျှောက်မိသည်မှာ မှားလေပြီလား ပင်မသိပါ။ သို့သော် တပည့်တော်တွင် အကြင်မျှလောက် ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်များ ရှိနေပါ၏။ ထိုကုသိုလ်များ၏အကျိုးကြောင့် အနာဂတ် သံသရာ၌ သာသနာတော်ကို ကယ်တင်နိုင်သောသူဖြစ်ရပါလို၏ဘုရား'' ဟု လျှောက်ကြားလိုက်သောအခါ ဖုဿမထေရ်ကြီးက သာဓုသုံးကြိမ်ခေါ်၍ ချီးကျူးသည်။

[ ၃ ]

ယင်းဖုဿထေရ် ဝတ္ထုတော်ကို သင်အံ့ရသောအခါ ယနေ့ လင်္ကာဒီပသာသနာ၌ ဂိုဏ်းဂဏဝါဒ အစုံစုံကွဲပြား၍နေခြင်း၊ ရဟန်းများစွာတို့၏အမူအကျင့်များမှာလည်း ယင်းအနာဂတ် ဒေသနာတော်နှင့် ထပ်တူဖြစ်လျက်ရှိခြင်းတို့ကို တွေ့ရသောကြောင့် အရှင်ဖုဿဒေဝ အံ့ဩရ၏။

အနာဂတ်ကို ဟောသော ဖုဿအရှင်မြတ်ကို ကြည်ညိုသည်။ ကြည်ညိုသောကြောင့်ပင် ဖုဿဒေဝဟု အမည်ခံယူခဲ့သည်။ မိမိအလားတူ သာသနာတော်ကို ကြည်ညိုလှသော ပဏ္ဍုရ ရသေ့ကို လေးစားသည်။ လေးစားရုံမျှမဟုတ် ယနေ့ လင်္ကာဒီပသာသနာတော်ကို မင်းတို့၏အာနိသင်ဖြင့် အာကြိုးမာန်တက် ပြုစုပျိုးထောင်လျက်ရှိသော ပရက္ကမဗာဟုမင်းသည် ဆုတောင်းအတိုင်းဖြစ်လာသော ပဏ္ဍုရ ရသေ့ပင် ဖြစ်လေသလောဟု စဉ်းစားသည်။ အကြောင်းမူကား စေတနာချင်း တူသည့်အပြင် အမည်အားဖြင့်လည်း ဆင်တူနေသောကြောင့်ဖြစ်သည်။

လင်္ကာဒီပမင်းများသည် သာသနာပြုမင်းဟု အမည်ခံကာ သာသနာတော်ကို စွမ်းနိုင်သမျှ ပြုစုကြပါ၏။ သို့ရာတွင် ကျောင်းဆောက်ခြင်း၊ စေတီတည်ခြင်း စသည်ဖြင့် ပစ္စည်းလေးပါး ထောက်ပံ့ရုံမျှသာဖြစ်၍ ရဟန်းတို့ ဂိုဏ်းဂဏကွဲပြားနေခြင်းနှင့် မလျော်သောအမူအကျင့်တို့မှာကား ရှေးကအတိုင်းသာဖြစ်၍ တစ်စုံတစ်ရာ ထူးခြားမလာခဲ့။

ပရက္ကမဗာဟုမင်းကား မညီမညွတ်သောဂိုဏ်းကြီးသုံးဂိုဏ်းကို မင်းမိန့်ဖြင့် တညီတညွတ် ဖြစ်စေသည်။ အဘယ်မျှ ကြီးမြင့်နေသောပုဂ္ဂိုလ်ဖြစ်စေ မာနကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ဒေါသကြောင့် မညီညွတ်နိုင်ခဲ့ပါသော် မိမိ၏သာသနာ့ အာဏာစက်မှ လွတ်ရာ၊ လူထွက်ခြင်း၊ တောထွက်ခြင်း စသည်ဖြင့် လွတ်ရာကျွတ်ရာသို့ ကြွကြပေတော့။

အဝတ်အရုံအနေအထိုင်၊ အဆည်းအကပ် စသည်ဖြင့် တရားတော်နှင့် မလျော်သော အပြုအမူများကိုလည်း ပြုပြင်စေသည်။ ထို့ကြောင့် အရင်းလဲသော် အဖျားထင်းဖြစ်ဆိုသကဲ့သို့ ဂိုဏ်းကြီးများညီညွတ်သောအခါ ဂိုဏ်းငယ်ဂိုဏ်းခွဲများများ ပြိုပျက်ကုန်သည်။ ယင်းသို့ဖြင့် လင်္ကာဒီပ သာသနာတော်သည် ဘုန်းကြီး၍ စေတနာ မှန်သော ပရက္ကမဗာဟုမင်းကြီးလက်ထက်၌ တရားတော်နှင့်အညီ တစ်ပြေးညီဖြစ် လာသောကြောင့် သာသနာတော်ကို ကြည်ညိုသော အရှင် ဖုဿဒေဝက သာဓု အကြိမ်ကြိမ်ခေါ်သည်။

မိမိမှူကား အခြေခံပရိယတ္တိပညာများ သင်ကြားပြီးသည့်အချိန်မှစ၍ မြင်ရ ကြားရသမျှ စိတ်မချမ်းသာဖွယ်တို့သာ ဖြစ်သော ကျောင်းကြီး ကန်ကြီး ပတ်ဝန်းကျင်တို့မှ ရှုန်းထွက်လိုသောကြောင့်လည်းကောင်း၊ မိမိအတွက် ပင်ရင်းအလုပ်ဖြစ်သော ပဋိပတ္တိ အလုပ်တွင်အားထုတ်လိုသောကြောင့်လည်းကောင်း ပင်ရင်းမဟာဝိဟာရ ကျောင်းတော် ကြီးမှ ဆရာတော်များကိုခွင့်ပန်၍ မဟာစေတီ၏မနီးမဝေးဖြစ်သော တောရကျောင်းငယ်၌ တရားနှလုံးဖြင့် သီတင်းသုံးနေထိုင်ခဲ့သည်မှာ ကြာမြင့်ခဲ့ပေပြီ။

တစ်နေ့သုံးကြိမ် ဘုရားရှိခိုး၍ ဆွမ်းစားချိန်၊ ကျိန်းစက်ချိန်များမှတစ်ပါး ကျန်သောအချိန်များတွင် တရားအားထုတ်သည်။ ဘုရားရှိခိုးရာ၌ နံနက်အရုဏ်တက် တစ်ချိန်၊ ညဥ့်တစ်ချိန်နှင့် ကျန်သောတစ်ချိန်မှာ ညနေညဥ့်ပိုင်းတွင် မဟာစေတီသို့ သွားရောက်ရှိခိုးသော တစ်ချိန်ဖြစ်၏။

လင်္ကာဒီပ မဟာစေတီတော်မြတ်မှာ တစ်ကျွန်းလုံး ဦးခိုက်ရာ နာမည်ကြီးလှ၏။ မဟာတပ်ရလောက်အောင်လည်း ကြီးမားသည်။ တန်ခိုးကြီးသည်၊ ဆုတောင်းပြည့် သည်ဟုလည်း နာမည်ကြီးသည်။ သို့ရာတွင် မဟာစေတီသို့ အရှင်ဖုဿ ပုံမှန် သွားရောက်ရှိခိုးခြင်းမှာကား နာမည်ကြီးသောကြောင့်လည်းမဟုတ်၊ တန်ခိုးကြီး သောကြောင့်လည်းမဟုတ် ရည်မှန်းချက်နှစ်ခုကြောင့်ဖြစ်သည်။

တစ်ခုမှာ မဟာစေတီသည် ဓာတုဝင်အရ ဘုရားရှင်၏ဓာတ်တော်မွေတော်တို့ ကိန်းဝပ်ရာဖြစ်၍ ဘုရားရှင်အား ကြည်ညိုလှသော မိမိအဖို့ ဘုရားရှင်၏ ဓာတ်တော် မွေတော်များနှင့် တိုက်ရိုက်ထိတွေ့ရှိခိုးနိုင်ရန်ဖြစ်သည်။ အခြားတစ်ခုမှာ မဟာစေတီနှင့် မိမိတောရကျောင်းသည် မဝေးလွန်း မနီးလွန်းသောအရပ်၌ တည်ရှိပေရာ တစ်နေ့လုံး တရားအားထုတ်ရာ၌ ကျန်းမာရေးအတွက် အသွားအပြန် လမ်းလျှောက်ခြင်းဖြင့် ဣရိယာပထ မျှတစေရန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှိခိုးပြီးလျှင် မေတ္တာပို့သည်။ မေတ္တာပို့ပြီးလျှင် ငယ်စဉ်ကပင်ပုံမှန် ရွတ်ဖတ်လာခဲ့သော မိမိ၏သာသနာတော်စွဲ ဖုသဿထေရဝတ္ထုဂါထာတော်များကို ရွတ်မြဲဖြစ်သည်။ ထို့နောက် 'သာသနဿစ လောကဿဝုမို ဘဝတုသဗ္ဗဒါ' စသော သာသနာတော် ကြီးပွားစေကြောင်း၊ ကွဲပြားနေသော ဂိုဏ်းဂဏများ ညီညွတ်ကြ ပါစေကြောင်း၊ သာသနာတော်ကိုပြုပြင်ရန်မှာ ဓမ္မစက်မျှဖြင့်တော့ ရနိုင်ဖို့မမြင်၊ အာဏာစက်ဖြင့် ပြုပြင်မှသာ ရနိုင်မည်။ ထို့ကြောင့် သာသနာတော်ကို အာဏာဖြင့် ပြုပြင်နိုင်သော မင်းကောင်းမင်းမြတ်များ ထွက်ပေါ်လာပါစေကြောင်း ဆုတောင်းမြဲ ဖြစ်သည်။ ထို့ကြောင့် အရှင်မဟာဗုဒ္ဓဃောသ၏ ဆုတောင်းအတိုင်း မင်းကောင်း မင်းမြတ်များသည် သာသနာတော်ကိုသာမဟုတ်၊ လောကကိုလည်း မိမိရင်ဝယ်သား ကဲ့သို့ အုပ်ချုပ်နိုင်ပါစေကြောင်း ဆုတောင်းမြဲဖြစ်သည်။

ယခုအခါ၌မူ အရှင်ဖုသဒေဝသည် မိမိဆုတောင်းအတိုင်းပြည့်လာသောကြောင့် ဝမ်းမြောက်လှ၏။ အကြောင်းမူကား ယခုတက်ရောက်လာသည့် ဘုန်းကြီးသော ပရက္ကမဟာမင်းကြီးသည် ကွဲပြားနေသော ဂိုဏ်းများ၊ သံဃာများကို ညီညွတ်စေရုံမျှမက တရားနှင့်စပ်၍ လိုအပ်သမျှကို ပြုပြင်လာသည်ကိုလည်း တွေ့ရသောကြောင့်ဖြစ်သည်။

ယခုတလော၌ လင်္ကာဒီပ ရာသီဥတု ဆိုးရွားနေခဲ့သည်မှာ ရက်အတန်ကြာပင် ရှိခဲ့ပြီဖြစ်၏။ မိုးကြီး အဆက်မပြတ်ရွာသည်။ မရွာလျှင်လည်း စွေနေ၏။ လေပြင်းတို့ တိုက်ခတ်သည်။ သစ်ပင်ကြီးငယ်တို့ ကျိုးပြတ်သည်။ လမ်းခရီးများ ပျက်စီးကုန်သည်။

မဟာစေတီသို့ သွားနေကျ လမ်းကလေးသည်လည်း ရွံ့ဗွက်ရေအိုင်တို့ကြောင့် ရေးရေးမျှသာရှိသည်။ သို့ရာတွင် အရှင်သည် သွားနေကျမိမိအဓိဋ္ဌာန်ကို တစ်ရက်မျှ မပျက်စေရ။ လေကြီးမိုးကြီးအကြားမှပင် ကြိုးစားသွားရောက်ဖူးမြော်သည်။

ရာသီဥတုသာယာလျှင် မဟာစေတီသည် ရဟန်းရှင်လူ ဘုရားဖူးသူတို့ဖြင့် စည်ကားမြဲဖြစ်သော်လည်း ယခုတလောတွင်မူ မိုးဒဏ် လေဒဏ် ရာသီဥတုဒဏ်ကြောင့် မဟာစေတီတွင် လူသူကင်းဆိတ်လျက်ရှိသည်မှာ ရက်အတန်ကြာခဲ့ပေပြီ။ ယနေ့ တွင်လည်း မဟာစေတီသို့ရောက်သောအခါ မိမိမှတစ်ပါး ဘုရားဖူးသူ တစ်စုံ တစ်ယောက်ကိုမျှ မတွေ့ရ။ လူသံသူသံမရှိလျှင် ဘုရားဖူးရသည်မှာ ပို၍ အာရုံယူနိုင် သောကြောင့် အရှင်မြတ် ဝမ်းမြောက်သည်။

ထို့နောက် အာရုံခံ တန်ဆောင်းတစ်ခု၏ တစ်နေရာမှနေ၍ အရှင်မြတ် ဘုရားရှိခိုးသည်။ ဘုရားရှိခိုးရန် ထိုင်လိုက်သောအခါ တန်ဆောင်းနှင့် စေတီအကြားရှိ ရင်ပြင်တွင် မိုးလေတို့ကြောင့် လှည်းကျင်းမည့်သူမရှိ။ အမှိုက်သရိုက်တို့ ရှုပ်ယှက်ခတ်

www.burmeseclassic.com

www.burmeseclassic.com



လျက်ရှိသည်ကို တွေ့ရသောကြောင့် ဘုရားရှိခိုးပြီးလျှင် တံမြက်လှည်းကျင်း၍ စေတီတော်ဝတ်ကို ပြုဦးမှပဟု အာရုံကပ်လိုက်သည်။

ယနေ့ ဘုရားရှိခိုးရသည်မှာ အာရုံယူ၍ကောင်းလှ၏။ စေတီတော်မှ ဘုရားရှင်၏ ခါတ်တော် မွေတော်များသည် မြူးကြွ၍ ဘုရားရှင်ကိုယ်တော်တိုင် ရောင်ခြည်တော် ခြောက်ဆိုင်ကိုလွှတ်၍ အပူဇော်ခံသည်ဟု အရှင်မြတ်၏အာရုံတွင်ထင်မြင်လာသည်။ ထို့ကြောင့် အခါတိုင်းထက်ပို၍ ဘုရားရှင် ဂုဏ်တော်များကို ရွတ်ဆိုကာ လေးလေးတွဲ့တွဲ့ ရှိခိုးသည်။ ဗုဒ္ဓသဓေရ ဂါထာများကိုရွတ်သည်။ မေတ္တာပို့သည်။

မေတ္တာပို့ရာ၌ သာသနာတော်ကို အာဏာစက်ဖြင့် ပြုပြင်လာသော ပရက္ကမ ဗာဟုမင်းကြီးအား သာသနာတော်ကို ခိုင်မြဲစွာ ဆက်လက်ပြုပြင်နိုင်ပါစေကြောင်း၊ ကျန်းကျန်းမာမာနှင့် အသက်ရာကျော်ရှည်ပါစေကြောင်း သီးသန့်အာရုံညွှတ်၍ ပို့သည်။

ဘုရားရှိခိုး၊ မေတ္တာပို့ အမှုအတမ်းဝေပြီးသောအခါ အာရုံကပ်ထားသည့် အတိုင်း စေတီတော်ရင်ပြင်တစ်ခုလုံးကို မတတ်နိုင်စေကာမူ မိမိအနီးတစ်ဝိုက်ရှိ ရင်ပြင်မှ အမှိုက်သရိုက်များကို တန်ဆောင်းတွင် အသင့်ရှိနေသော တံမြက်စည်းဖြင့် လှည်းကျင်း သည်။ ထို့နောက်တွင်ကား ယနေ့ စေတီတော်ဝတ်များ ပြီးစီးပြီဖြစ်၍ ပြန်ဖို့ရန်သာရှိ တော့၏။ သို့ရာတွင် မပြီးစီးနိုင်သေးသောကိစ္စတစ်ရပ်သည် မမျှော်လင့်ဘဲ ပေါ်ပေါက်၍ လာသည်။

ပေါ်လာပုံကား မျောက်ညိုကြီးတစ်ကောင်သည် တစ်နေရာမှ နွားချေးများကို ပွေ့ပိုက်၍ ပေါ်လာကာ အရှင်မြတ်လှည်းကျင်းထားအပ်သော ရင်ပြင်ပေါ်သို့ ဖြန့်ကြဲ လာသည်ကို တွေ့ရခြင်းပင်ဖြစ်ပေသည်။

အရှင်မြတ်သည် ဤနေရာ ဤစေတီတစ်ဝိုက်တွင် ကူးလူးဆက်ဆံလာခဲ့ သည်မှာ ကြာမြင့်ပြီဖြစ်၏။ စေတီတော်ဝန်းကျင်တွင် တောရိပ်တောင်စွယ်တို့ ရှိသော်လည်း မျောက်ရှိသည်ဟု မသိဖူးခဲ့ရ။ မျောက်ကြီးမှာလည်း ကြီးမားလှစွာ၏။ လေမိုးတို့ ထန်ခိုက်တွင် တစ်နေရာမှ ရောက်လာလေသလောဟု စဉ်းစားရ၏။ မျောက်သည် ဆော့တတ်သည်မှန်ပါ၏။ သို့ရာတွင် မိမိလှည်းကျင်းထားသည့် နေရာကိုမှ နွားချေးတို့ ဖြန့်ကြဲရလေသလော၊ မိမိကို ကျီစယ်လိုသလောဟု အရှင်မြတ် စဉ်းစားကာနွားချေးတို့ကို ထပ်မံလှည်းကျင်းပစ်သည်။

သို့သော် ဤမျှဖြင့် မပြီးသေးပေ။ လှည်းကျင်းပြီးသည်နှင့်တစ်ပြိုင်နက် တစ်နေရာမှ နွားအိုကြီးတစ်ကောင် ပေါ်ပေါက်၍လာပြန်ကာ အရှင်မြတ်လှည်းကျင်း ထားသည့်နေရာပေါ်တွင်ပင် နွားချေးများ နေရာအနှံ့ ယိုချလာပြန်သောကြောင့်ဖြစ်၏။ နွားအိုကြီးမှာလည်း မြင်နေကျ နွားများနှင့်မတူ၊ ကြီးမားလှသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်ကနေ့အဖို့မှာ အဆန်းအပြားတွေ တွေ့နေရပါပေါ့ကလားကရို့ – ဟု အရှင်မြတ်စဉ်းစား၏။ ငါ့သီလ၊ ငါ့သမာဓိကို ဤသတ္တဝါတွေက စမ်းသပ်နေကြလေသလားဟုလည်း အရှင်မြတ်တွေးသည်။ စမ်းသည်ဖြစ်စေ၊ မစမ်းသည်ဖြစ်စေ မိမိပြုအပ်သော ကုသိုလ်ကိစ္စကိုတော့ ပြီးစီးအောင်ပြုရတော့မှာပဲဟု အားသစ်ကာ နွားချေးများကို ထပ်မံလှည်းကျင်းပစ်ပြန်သည်။

သို့သော် ဤမျှလည်း မပြီးပြန်သေးပေ။ လှည်းကျင်းပြီးသည်နှင့် တစ်ပြိုင်နက်လိုလိုပင် ဘယ်ကပေါ်လာမှန်းမသိသော လူနှာအဟာန်ဖြင့် ယောက်ျားကြီး တစ်ယောက်သည် တစ်နေရာမှ ရှံ့ညွန်တို့ကို ခြေတရွတ်ဆွဲကာ အရှင်မြတ် လှည်းကျင်း ထားအပ်သောနေရာပေါ်သို့ ပေကျံလာပြန်စေသောကြောင့်ဖြစ်လေ၏။ တရွတ်ဆွဲရင်း စောင်းကန်းစောင်းကန်းနှင့် အရှင်မြတ်ကို ကြည့်သွားသော စူးရှသည့် မျက်လုံးများမှာလည်း မသက်ာဖွယ်ရာ မျက်လုံးများဖြစ်ကြ၏။

မျောက်ကြီး နွားကြီးတို့ ကြီးမားသကဲ့သို့ပင် ဤဒါယကာကြီးမှာလည်း ကြီးမားထွားကျိုင်းလှစွာ၏။ ကြီးမား ထွားကြိုင်းရုံမျှမက ရုပ်ရည်ကလည်း ဆိုးရွားအကျည်းတန်လှစွာ၏။ ဘုရား ． ． ．ဘုရား လူရိုးရိုး၊ တိရစ္ဆာန်ရိုးရိုးတွေမှ ဟုတ်ကြပါလေစ ဟု အရှင်မြတ်တွေးမိလာသည်။

တွေးမိသည့်အတိုင်းပင် အမျှ ． ． ． အမျှ ． ． ． အမျှ၊ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေဟု အမျှဝေ မေတ္တာပို့လိုက်ပြီးနောက် "အသင်တို့သည် လူသတ္တဝါ၊ တိရစ္ဆာန်သတ္တဝါ ရိုးရိုးမှ ဟုတ်ကြလေစ" ဟု ဒါယကာကြီးသို့ ကြည့်ကာ နှုတ်မှ အမေးစကားထွက်လာမိသည်။

ထိုအခါ အရုပ်ဆိုးဒါယကာကြီးထံမှ "အရှင်မြတ်ထင်ချင်သလို ထင်နိုင်ပါသည်" ဟု တုံ့ပြန်စကားပြောကြားလာသံ ကြားရ၍ အံ့ဩရသည်။

"လူပုဂ္ဂိုလ်ရိုးရိုးမဟုတ်ခဲ့ပါသော် သာသနာတော်ကို နှောင့်ယှက်တတ်သူကား မာရ်နတ်ဖြစ်၏ဟု ကျမ်းဂန်များတွင် သင်ကြားသိရှိရပါသည်။ အသင်သည် မာရ်နတ်ပင်ဖြစ်လေရော့သလော"

"အရှင်မြတ် ထင်ချင်သလို ထင်နိုင်ပါသည်"

ထိုအခါတွင်ကား ဖုသဒေဝအရှင်မြတ်သည် ဝမ်းမြောက်တက်ကြွလွန်းသဖြင့် ဒါယကာကြီး၏အနီးသို့ပင် တိုး၍သွားသည်။ မာရ်နတ်ပင်ဖြစ်စေ၊ အဘယ်သူပင်ဖြစ်စေ မိမိအား "အရှင်မြတ်" ဟု သုံးနှုန်းသော လေးစားမှုကို တွေ့ရသဖြင့် အရှင်မြတ် အားတက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါသည် နေ့စဉ်ပြုအပ်သော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ် တို့ကို သင်တို့အား ပေးဝေသူဖြစ်ပါ၏။ ရပါသလော"

"ရပါ၏"

"သို့ဆိုလျှင် ငါ့အား ကျေးဇူးတစ်ရပ် တုံ့ပြန်ပါလော့။ ငါသည် ဘုရားရှင်ကို ကြည်ညိုလှသူဖြစ်ပါသည်။ ဗုဒ္ဓါနုဿတိ အာရုံကို မပြတ်ပွားထုံသူဖြစ်ပါသည်။ သို့ရာတွင် ငါ့တို့မှာ ဘုရားရှင်ကို ကိုယ်တိုင်သိမီလိုက်သူမဟုတ်၍ စိတ်ကူးဖြင့်သာ အာရုံပြုရပါသည်။ အသင်သည် မာရ်နတ်ဖြစ်ခဲ့ပါသော် ဘုရားရှင်အား သိမီလိုက်သူဖြစ်၍ ငါ့အား ဘုရားရှင်၏ပုံတော်ကို ဖန်ဆင်း၍ ပြစေလိုပါသည်။ ပြပါရန် ငါတောင်းပန်ပါ၏"

"ပြဖို့ရန် တာဝန်မကြီးလှပါ အရှင်မြတ်။ ။ သို့ရာတွင် အရှင်တို့သည် ဘုရားရှင်ကို ဖူးတွေ့ရသောအခါ ဘုရားရှင်အမှတ်ဖြင့် ငါ့အားဦးတိုက် ရှိခိုးမည်ကိုကား စိုးရိမ်လှပါသည်"

"မျက်လုံးဖြင့် ဖူးတွေ့ရလျှင်ပင် ကျေးဇူးကြီးမားလှပါပြီ၊ ရှိမခိုးစေလိုသော် မခိုးပါ"

"အရှင်ကဲ့သို့ပင် တောင်းပန်၍ ဘုရားရှင်၏ပုံတော်ကို ဖန်ဆင်း၍ ပြခဲ့ဖူးသူကား ဥပဂုတ္တ အရှင်မြတ်ပါတည်း။ ထိုအရှင်သည် ငါ့အား ရှိမခိုးပါဟု ပဋိညာဉ်ပေးပြီး ပါလျက် ရှိခိုးသောကြောင့် ငါ့မှာ ဒုက္ခရောက်ခဲ့ရဖူးပါသည်"

"မခိုးပါဟု ငါ ပဋိညာဉ် ထပ်၍ပေးပါ၏"

"သို့ဆိုလျှင် ဖန်ဆင်း၍ပြပါမည်။ မျက်လုံးဖြင့်သာ ကြည်ညိုပါလေလော့။ ဘုရားရှင်၏ နောက်ပါသံဃာတော်များတွင် အရှင်မြတ်ကြည်ညိုလှသော ဖုဿမထေရ် ကြီးလည်းပါရှိပါလိမ့်မည်။ အာရုံပြုပေတော့"

ထို့နောက်တွင်ကား ရောင်ခြည်တော် ခြောက်ဆိုင်တစ်ပြိုင်နက်လွှတ်၍ မိမိ၏ စိတ်ကူးမျက်စိထဲမှ မပြတ်အာရုံပြုခဲ့သော ဘုရားရှင်၏ ပုံတော်ထက် အဆရာထောင် မက သပ္ပာယ်လှစွာသော ဘုရားရှင်၏ ပုံတော်သည် အရှင်မြတ်၏ရှေ့တွင် ထင်းထင်းကြီး ပေါ်ပေါက်၍ လာသည်။ ဘုရားရှင်၏ နောက်တော်မှ တပည့်သံဃာတော်တန်းကြီး သည်လည်း အမြောက်အမြားပါရှိ၍ ထူးထူးခြားခြားပေါ်လွင်လျက်ရှိသလော အရှင်တစ်ပါး သည်ကား မိမိကြည်ညိုလေးစားခဲ့သော ဖုဿမထေရ်ကြီးဖြစ်တန်ရာဟု တွေးမိသည်။

တစ်သက်ပတ်လုံး ထုံ၍ လာခဲ့သော အရှင်ဖုဿဒေဝ၏ ဗုဒ္ဓါနုဿတိ အာရုံသည် အမြင့်ဆုံးသို့ ရောက်ပြီဖြစ်၏။ မာရ်နတ်ဆိုသည်ကို သတိမရ။ ထားခဲ့မိသော

www.burmeseclassic.com



ပဋိညာဉ်ကိုလည်းသတိမရ။ မမိုတ်သော မျက်လုံးတို့ဖြင့်ဖူးမြော်သည်။ အရှင်၏ လက်နှစ်ဖက်သည် တစ်သက်လုံးထုံလာအပ်သော အလေ့အထကြောင့် မြောက် လာသည်ကို သတိမရ။ မြှောက်လိုက်မိသည်ကိုလည်းသတိမရ။ နဖူးပြင်သို့ အလို အလျောက် ရောက်သွားသည်။

ထိုအခါ ဖန်ဆင်းအပ်သော ဘုရားရှင်ပုံတော် ပျောက်သွားသည်။ သို့ရာတွင် ပျောက်သွားသည်ကိုလည်းသတိမရလိုက်။ အကြောင်းမူကား ဘုရားရှင်၏အာရုံဖြင့် မိမိခန္ဓာကိုယ်တွင် ဗုဒ္ဓါနုဿတိ အာရုံမှ ဆက်နွှယ်အပ်သော ပီတိတွေ ဝေဝေဖြာဖြာ ထွက်ပေါ် ဖုံးလွှမ်းနေသောကြောင့်ဖြစ်သည်။ ယင်းပီတိကိုပင် အခါတိုင်းခဲ့သို့ ဗုဒ္ဓါ နုဿတိ သမာဓိမှ ဝိပဿနာသို့တင်၍ ရှုနေကျအတိုင်း ရှုပွားလိုက်သောအခါ ထိုနေရာတွင်ပင် တရားသားမြောက်၍ အရဟတ္တဖိုလ်တည်းဟူသော သံသရာ ထွက်ပေါက်သို့ ရောက်သတည်း။ ။

www.burmeseclassic.com

# လူပြန်တော်

[ ၁ ]

သူရို့ကို လွယ်လွယ်ခေါ်လိုသူတို့က "ဘုန်းကြီးလူထွက်" "ရဟန်းလူထွက်" ဟုပဲခေါ်သည်။ အားနာပါးနာနှင့် ချိုးချိုးမြှောက်မြှောက်ကလေး ခေါ်လိုသူတို့က "လူပြန်တော်" ဟုခေါ်သည်။ အပြောင်ခေါ်လိုသူတို့က ''ဖကလထ'' (ဘုန်းကြီးလူထွက်)ဟုခေါ်သည်။

ဘယ်လိုပဲခေါ်ခေါ် ဘုန်းကြီးလူထွက် လူပြန်တော်ဆိုသည်မှာ အတော်ခက်သူများဖြစ်ကြ၏။ ခက်ပုံအမျိုးမျိုးရှိသည်။

ပထမခက်ဟန်ကား ရဟန်းဘဝတွင် ရဟန်းအကျင့်တရားနှင့်အညီ နေထိုင်သည်ဖြစ်စေ၊ မနေသည်ဖြစ်စေ ရဟန်းဟူသည် ဒါယကာ ဒါယိကာမတို့ ကြည်ညိုစေမှုကိုသာ သတိပြု၍ နေထိုင်ရသူများ ဖြစ်လေရာ ရဟန်းဘဝတွင် ကိုယ်ဟန်ကလေး ညှိုးညှိုးယို့ယို့၊ မျက်နှာပေးကလေး လွှာလွှာချချနှင့်နေခဲ့ရသော အကျင့်မှာ လူ့ဘဝရောက်လာသောအခါတွင်လည်း ရုတ်ခြည်းဖျောက်ပစ်နိုင်ဖို့ ခက်လေရာ လူ့အဝတ်နှင့် ရဟန်းပုံစံ ပေါ်နေခြင်းပင်ဖြစ်ပေ၏။

ဒုတိယခက်ဟန်ကာ ရဟန်းဘဝဟူသည် ရှန်းမှု၊ ကန်မှု၊ လုပ်ရှားမှုအလုပ်ဟူ၍ မရှိဘဲ အေးအေးနေ၊ အေးအေးစား။ အေးအေးစား ဆိုရာတွင်လည်း ထမင်းပွဲ

www.burmeseclassic.com



ရှေ့ရောက်သည်တိုင်မှ မစားသေးဘဲ လက်တွင်းသို့ အရောက်ထည့်လာ ကပ်လှာမှ စားခဲ့ နေခဲ့သူများဖြစ်ပေရာ လက်ကြောတင်းမှ ထမင်းတစ်လုတ်စားရသော လူ့ဘဝသို့ ရောက်လာသောအခါ များသောအားဖြင့် ဆရာယောင်ယောင်၊ သမားယောင်ယောင် နှင့် အံမဝင် ခွင်မကျနိုင်ဘဲ အပျင်းထူတတ်ကြခြင်းဖြစ်၏။

တတိယအခက်မူကား ရဟန်းလူထွက်ဟူသည် "ဘုန်းကြီး လူထွက် ပေါ့ပျက်ပျက်၊ ဟင်းချိုရေသွက် အသောက်ခက်" စသည်ဖြင့် လူ့ဘဝ၏ အရှုတ်ချခံ လူတန်းစားပင်ဖြစ်၏။ အဘယ်မျှ ကြီးမြင့်နေသူပင်ဖြစ်စေ၊ ရဟန်းလူထွက်ဟူသော အဖြစ်ကြောင့် မည်သူကမျှ သူရို့အပေါ်တွင် စိတ်ဝမ်းချချ ဘဝင်မကျနိုင်ကြသည်ကို သူရို့သိသည်။ သို့ဖြစ်လေရာ သူရို့ကို ရဟန်းလူထွက်မှန်း မသိအောင်၊ ရဟန်းလူထွက် မဟုတ်လေယောင်ဆောင်ရသည်မှာ ဒုက္ခကြီးတစ်ခု ဖြစ်လျက်ရှိတော့သည်။

သို့သော် ရဟန်းလူထွက်ထက် ခက်သောသူများ ရှိနေသေး၏။ တရားသမား လူထွက်၊ တရားလူထွက်ပေတည်း။

တရားလူထွက်ဟူသည် ရဟန်းလူထွက်လောက် မများပြား၊ ရှားပါးလှ သောကြောင့် "တရားလူထွက်"ဟူသောဝေါဟာရကို အချို့ ကြားဖူးကောင်းမှ ကြားဖူးပေမည်။ ရှိသည်ကား အမှန်ပင်ဖြစ်၏။

တရားလူထွက်ဟူသည် တကယ့်တရားသမား ရဟန်းဘဝမှ ထွက်လာသော ရဟန်းလူထွက်သော်လည်းဖြစ်ချင်ဖြစ်မည်။ လူဝတ်ကြောင်သော်လည်း ဖြစ်ချင်ဖြစ်မည်။

ရဟန်းလူထွက်အကြောင်းကို ဤမျှ အဓိပ္ပာယ်ဖွင့်နေသည်မှာ ရှုတ်ချလို သောကြောင့်မဟုတ်ပါ။ ဤဝတ္ထု၏ အနက်အဓိပ္ပာယ်နှင့် တိုက်ရိုက်သက်ဆိုင်နေ သောကြောင့်ဖြစ်၏။ အကျင့်နာမည်ကျော် အရှင်မဟာကဿပမထေရ်ကြီး၏ တပည့် တကယ့်ရဟန်း၊ တကယ့်တရားသမား ဓူဋကဿပ ရဟန်းတော်၊ ရဟန်းလူထွက်ဆိုသော် ကိုဓူဋကဿပ၊ အူကြောင်ကြောင် လူပျင်း အကျင့်ပျက် ကိုဓူဋ၏အကြောင်းရပ်ပါတည်း။

[ ၂ ]

နာမည်ကျော် အရှင်မဟာကဿပကြီး၏အနွယ်ကိုလိုက်၍ အရှင်မဟာကဿပ၏ညီများ၊ တူများ၊ အမျိုးအဆွေများသည် သာသနာတော်သို့ဝင်လာကြသည်။ ဘမျိုးဘိုးတူ ဆိုသကဲ့သို့ပင် ပညာကျော် အရှင်သာရိပုတ္တရာ၏တပည့်များ ပညာကြီးကြသလို၊

www.burmeseclassic.com

www.burmeseclassic.com



တန်ခိုးကျော် အရှင်မောဂ္ဂလာန်၏ တပည့်များ တန်ခိုးကြီးကြသည့်နှယ်၊ အကျင့်ကျော် အရှင်မဟာကဿပ၏တပည့်များလည်း အကျင့်သိက္ခာတွင် နာမည်ကြီးကြသည်။

ကြီးသင့်ပါပေ၏ အကြောင်းကား အရှင်မဟာကဿပ၏ တပည့်မှန်လျှင် အရှင်မဟာ ကဿပကြီးကဲ့သို့ ဓုတင်(၁၃)ပါး စလုံးကို မဆောင်နိုင်ဦးတော့၊ ဆောင်နိုင်ခက်သော ဓုတင်အကျင့်ကို သူတစ်ပါးထက်တော့ခေါင်းတစ်လုံးသာအောင် ဆောင်ကြသည်ချည်းဖြစ်၏။ အရှင်မဟာကဿပကဲ့သို့ပင် တောတွင်သာ အနေများပြီး တောပျော်ရဟန်းများဖြစ်ကြသည်။ ဆွမ်းကောင်း ဆွမ်းမွန်ကို မရေတွက်၊ အရှင်မဟာကဿပကဲ့သို့ပင် ဘုရားရှင် ချီးမွမ်းသော ဆွမ်းခံသမှု ပြုသူချည်းဖြစ်သည်။

စူဠကဿပ ရဟန်းတော်သည်လည်း တကယ့်ရဟန်းရှင်ပင်ဖြစ်ပါပေ၏။ သို့သော် သူ့အကျင့်က ထက်ဝက်အံချော်နေသည်ဟု ဆိုရပေမည်။ သကြံန်အမြောက်အကျင့်ဟု ဆိုနိုင်စကောင်း၏။ သကြံန်အမြောက်ဟူသည် တကယ့်အမြောက်ကဲ့သို့ ဒိန်းခနဲ မြည်နိုင်သော်လည်း အဆန်ကားမပါ။ အရှင်စူဠကဿပ၏ အကျင့်အဆင့်သည်လည်း ရုပ်နာမ်ဓမ္မ သင်္ခါရကို ရှုမြင်သည့် ဝိပဿနာမပါ။ သမထ အဆင့်မျှသာတည်း။

မဇ္ဈိမတိုက်၌ သမထလုပ်ငန်းဟူသည် မှိုင်းမှုန်ပြာရီ ပဝေဏီမှစ၍ အဆက်အနွယ် ကြီးမားကျယ်ပြန့်လှ၏။ တရားရှာသော မဇ္ဈိမတိုက်ဖွား သိဒ္ဓတ္ထ မင်းသားသည် ဥရုဝေလတွင် အာဠာရနှင့် ဥဒက သမထဆရာကြီးများအထံ၌ သမထ လမ်းဆုံးအထိ သင်ခဲ့ ကျင့်ခဲ့ဖူးသည် မဟုတ်ပါလော။ ထို့နောက်မှသာ မိမိကိုယ်ပိုင် သစ္စာလမ်းစဉ်ဖြင့် နိဗ္ဗာန်အမြင့်ပေါက်ခဲ့ရသည် မဟုတ်ပါလော။

ယင်းသို့ဖြင့် သမထ၏ အသုံးဝင်ပုံကိုသိသော ဘုရားရှင်သည် မိမိ၏ သစ္စာလမ်းစဉ်တွင် မိမိ၏ ထုံးနည်းအတိုင်း မီးလိုသောသူများကို မီးစေကာ သမထ လမ်းစဉ်ကို မပစ်ပယ်ခဲ့ပေ။ သို့ရာတွင် သမထ၏ အဆန်မပါသော တစ်ခြမ်းပဲ့ အနှစ်သာရကိုသိ၍ အသံရော အဆန်ပါ ပါစေသော ဝိပဿနာလုပ်ငန်းကို တစ်ဆင့်တက်စေသည်။ တွဲဖက်ပေးသည်။

အကြင်ရဟန်းတစ်ပါးသည် ပထမအဆင့်အနေဖြင့် သမထချည်းသက်သက် ကျင့်လိုသော် ကျင့်နိုင်၏။ ကွဲကူးရေပါ ဆိုသကဲ့သို့ သမထရော ဝိပဿနာပါ တွဲဖက်၍ ကျင့်လိုသော် ကျင့်နိုင်၏။ သမထစခန်းပေါက်ရောက်ပြီးသည့်အခါမှ ဝိပဿနာသို့ တစ်ဆင့်တက်လိုသော် တက်နိုင်၏။ ဝိပဿနာချည်းသက်သက် ကျင့်လိုသော် ကျင့်နိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ဖြင့် နိဗ္ဗာန်မုခ်ဦးသို့ လမ်းစုံ ဖွင့်ပေးထားပေရာ ဖွင့်ပေးထားသည့် အတိုင်းပင် မိမိနှစ်သက်သလို ရဟန်းတို့ လမ်းစုံကျင့်ကြသည်။

အရှင်စူဠကာဠပကား သမထသမားတည်း။ သမထအဆင့်တွင် ပျော်မွေ့နေသူတည်း။ သာမန်အဆင့်မျှမဟုတ်၊ နာမည်ကျော် အောင်ခြင်းရှစ်ပါးမှ နန္ဒောပနန္ဒ နဂါးဆိုးကြီးကို နှိမ်နင်းရာ၌ အရှင်မဟာမောဂ္ဂလာန်မထေရ် အသုံးပြုသော စတုတ္ထစျာန်အဆင့်အထိ အဆင့်မြင့်မြင့် ကျင့်သုံးအောင်မြင်ပြီးသော ရဟန်းတော်ပေတည်း။

ခက်သည်ကား အရှင်စူဠကာဠပက ဝိပဿနာ နိဗ္ဗာန်လမ်းစဉ်သို့ မကူးရက် မကူးနိုင်သေးဘဲ သူ့သမထကို သူစွဲမက်ခင်တွယ်နေခြင်းပင် ဖြစ်ပေသည်။ အဘယ်ကြောင့် ခက်သည်ဆိုသော် သမထဟူသည် လမ်းဆုံးသို့ ရောက်သည် ဆိုသည့်တိုင် လောကီနယ်ပယ်တွင်သာ ရှိလေသေးရာ ခိုင်မြဲမှုအတွက် တစ်ဆိတ် ကလေးမျှ စိတ်မချရသောကြောင့်တည်း။

စိတ်မချရသော ထုံးဟောင်းသက်သေတွေ မြောက်မြားစွာရှိ၏။ အထင်ရှားဆုံးသက်သေကား မိဖုရား၏ မလျော်သော အမြင်အာရုံကြောင့် အလာတုန်းက ကောင်းကင်မှ ဈာန်ပျံလာပြီး အပြန်တွင်မူ ခြေကျင်လျှောက်ရသော ဘုရားလောင်း ဟရိတစ ရသေ့ကြီးပေတည်း။

ဘုရင်ကိုးကွယ်သော ဟရိတစ ရသေ့ကြီးသည် မိမိ၏ သမထတန်ခိုးဖြင့် နန်းတော်သို့ ကောင်းကင်မှသာ ဈာန်ပျံ၍ လာမြဲဖြစ်၏။ တစ်နေ့နန်းတော်သို့ အလာတွင်မူ လေသာပြတင်းမှ နန်းတွင်းသို့အဝင်၌ အဝတ်အဆင် မသေသပ်မှုကြောင့် ကိုယ်လုံးပေါ်သွားသော မိဖုရားအလှကလေး၏ ခန္ဓာကိုယ်ကို မြင်ရသောအခါ အရင်းအမြစ်သို့ မလိုက်ဘဲ သမထဖြင့် အတင်းဖိနှိပ်၍ထားအပ်သော ကိလေသာအခိုးတို့ ကိုယ်တွင်းမှ ထောင်းခနဲထလာ၍ ကြိုးစားရသမျှ ဈာန်ကလေးတစ်ချီတည်း လျှောကျကာ နန်းတော်မှ အပြန်တွင် ခြေလျင်ပြန်ရလေတော့သည်။

နောက်ထပ်ဈာန်လျှော နာမည်ကျော်တစ်ဦး ရှိသေး၏။ ''ဟဲ့ ကိုရင် ဈာန် သိပ်မကစားနဲ့ ကန်းမနဲ့ ညားသွားမနော်''ဟူသော ဆရာ၏စကားကို နားမထောင်ဘဲ ဈာန်ကစားလွန်းသဖြင့် ကန်းမနှင့် ညားရသော ကိုရင်ကလေး၏ အကြောင်းရပ် ဖြစ်သည်။

သမထကြောင့် ရရှိလာသော ဈာန်ကလေးဖြင့် တမြူးမြူး တကြွကြွဖြစ်ကာ ကောင်းကင်တွင် ဈာန်ကစားလွန်းသော တပည့်ကိုရင်ကလေးအား ဆရာက ဆုံးမသည့်ကို

www.burmeseclassic.com

www.burmeseclassic.com



နားမထောင်၊ ဈာန်ကစားရင်း ဟင်းရွက်ခူးနေသော ရက်ကန်းသည် အမျိုးသမီးလေး၏ အညှုအထေ့နှင့်တွေ့သောအခါ ဈာန်လျှောလေတော့သည်။ ယင်းအမျိုးသမီးကလေးနှင့် ညားပြီး အခိုက်အလှည့်မသင့်၍ ရန်ဖြစ်ရင်း ရက်ဖောက်တံနှင့် ပစ်မိသောကြောင့် အမျိုးသမီး မျက်စိတစ်ဖက်ကွယ်ရသည်။ ထိုအခါကျမှ ဆရာ့စကား မှန်လေခြင်းဟု နောင်တရလေတော့သည်။

ယင်းသို့လျှင် မြေလျှိုးမိုးပျံ ဈာန်သမထဘဝမှ လျှောကျသော ဖြစ်ရပ်များမှာ ဈာန်ပျံသူတွေ ပေါလှသောကြောင့် သီဟိုဠ်တစ်ကျွန်းလုံး နေပြောက်ပင် မထိုးဟု ကျော်ကြားခဲ့သော သီရိလင်္ကာ သာသနာတော်သမိုင်း၌ ပေါ်များလှပေ၏။

ယခုအရှင်စူဠကဿပသည်လည်း သမထယာဉ်ပျံ ဈာန်သမားအဆင့်မျှသာ ရှိသေး၍ အရှင်စူဠကဿပအဖို့ ဝိပဿနာ မုခ်ဦးသို့ မကူးရက်နိုင်သေးသော အကြောင်း နှစ်ရပ်ရှိနေ၏။ အကြောင်းမှာ မဖွံ့မ၏ အစဉ်အလာစွဲ ပတ်ဝန်းကျင်စွဲဖြင့် သမထမျှကို အထင်ကြီးနေခြင်းဖြစ်၍ နောက်တစ်ကြောင်းမှာ 'မမြင်ဖူး မူးကိုမြစ်ထင်'ဟု ဆိုရအံ့ သကဲ့သို့ ဈာန်ချမ်းသာမှုကိုပင် တကယ့်သုခ၊ တကယ့်ပျော်မွေ့ဖွယ်ကြီးပမာ အထင်ကြီး နေရှာမိခြင်းဖြစ်သည်။ တစ်နည်းဆိုသော် ဝိပဿနာဉာဏ်တံခါး ဖွင့်ပေးမည့် ဆရာနှင့် အလိုက်သင့် မတွေ့သေးသောကြောင့်ဟုလည်း သက်သက်ညှာညှာဆိုနိုင်ရာ၏။

ယင်းသို့ ဈာန်ကလေးတကြွကြွ၊ သမထတန်းလန်းနှင့် အခိုက်မှာပင် ဒုက္ခတွေ့ ရလေတော့သည်။ တွေ့လို၍ တွေ့ခြင်းဖြစ်သောကြောင့် ပထမသော် ဒုက္ခသည်ပင် သုခလေလား ထင်မှတ်ခဲ့သည်။ တစ်စတစ်စနှင့်မှ ဒုက္ခအတွင်းသို့ သက်ဆင်းရလေ တော့သည်။ ဖြစ်ပုံမှာ ဖော်ပြပါ ဟရိတစရသေ့ကြီးဖြစ်ရပ်နှင့် ဆင်ဆင်ဖြစ်၏။

[ ၃ ]

အရှင်စူဠကဿပ၏ ဆွမ်းခံအိမ်များအနက် ဆွေတစ်စမျိုးတစ်စ တော်စပ်သူ ပန်းထိမ်သည် ဒါယကာကြီးတစ်ဦး၏ သမီးမှာ အရှင်စူဠအား လူ့ဘဝကပင် မေတ္တာ သက်ဝင် ချစ်ခင်ကျွမ်းဝင်နေခဲ့သူဖြစ်၏။

အကြင် ယောက်ျားတစ်ယောက်အပေါ်၌ အမျိုးသမီးတစ်ဦးက မေတ္တာသက်ဝင် ချစ်ခင်လာပြီဆိုလျှင် ကြောင်လက်သည်းကဲ့သို့ မွေးရာပါ သဘာဝလက်နက်များကို ထုတ်၍ သုံးတတ်သည်။ ယင်းလက်နက်များသည် စူးရှပြင်းထန်သော်လည်း သာမန် ယောက်ျားတို့မြင်နိုင်ခဲသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းတို့သည်ကာ ခနိုးခနဲ့ပြောခြင်း၊ မထိတထိကြည့်ခြင်း၊ မထိတထိ ကပိုကရို ဝတ်ဆင်ပြခြင်း၊ ရယ်သွမ်းသွေးခြင်း၊ မကောက် တကောက်စိတ်ကောက်ဟန်ပြုခြင်း၊ ငိုချင်ပြုခြင်းစသော ကိုယ်ပိုင်လက်နက်များဖြစ်သည်။ 'မာယာလေးဆယ်'ဟု အမည်ပေး၏။ 'မိန်းမလက်နက် အင်ရှစ်ချက်'ဟုလည်းခေါ်၏။ သူတို့ဒဏ် ခံရသဖြင့် ရှုတ်ချလိုသူတို့ကမူ 'မာယာလေးဆယ်၊ ပရိယာယ်တစ်သိန်း၊ အပလိမ်းအနန္တ' ဟု လွန်လွန်ကျူးကျူးပြော၏။

ဤသည်တို့ကား ဒုတိယတန်းစားလက်နက်များမျှသာဖြစ်၍ တကယ်လိုအပ်သည့်အခါမှ ထုတ်သုံးသော ပထမတန်းစား လက်နက်ကြီးများလည်း ရှိနေပေသေးသည်။

ငှက်ဆင်ချီ၍ တောထဲသို့ရောက်သွားကာ တရားရှင် ရသေ့ကြီးကိုသာ အားထားရတော့မည်ဖြစ်သော ဥတေနဘုရင်၏မိခင် ကေသနီမိဖုရားသည် နှစ်ပေါင်းများစွာ တရားအားထုတ်လာသဖြင့် ဣန္ဒြေရင့်ကျက် တင်းမာလျက်ရှိသော ရသေ့ကြီးအား နောက်ဆုံးလက်နက်ဖြစ်သော 'မလျော်သော နေထိုင်ခြင်း၊ မလျော်သော ဝတ်ရုံခြင်း' တို့ဖြင့် တိုက်ခိုက်ဆွဲဆောင်လိုက်သောအခါ သမထနယ်သားတစ်ဦးမျှသာ ဖြစ်သော ရသေ့ကြီးမှာ ရှာန်လျှောခဲ့ရရှာသည်မဟုတ်ပါလော။

ထို့ကြောင့် အဘယ်မျှခိုင်မာရင့်ကျက်ပါသည်ဆိုစေ၊ ရွှံ့ဖြင့်သာပိတ်ဆို့အပ်သော အပေါက်ကဲ့သို့ သမထနယ်သားမျှသာဆိုလျှင် မိန်းမတစ်ညစာမျှ၊ သူ့ဘက်ကိုယ့်ဘက် မျှမျှတတ ပြောရမည်ဆိုရင်လည်း အမျိုးသမီးသမထတရားသမား ဆိုပါက ယောကျ်ား တစ်လုည့်စာမျှသာဖြစ်တော့သည်။

"ရဟန္တာစျာန်ပျံမို့ ခံနိုင်မည်လား" ဟု ဝိဇယမင်းသားကို အမိဖမ်းလိုသော မယ်ကုဝဏ်က ကြိမ်းသည်။ ရဟန္တာဆိုလျှင် ဟုတ်ပါ၏။ စျာန်ပျံမျှသော အရှင်စူဠအဖို့ကား ဆွမ်းခံ ဆွမ်းလောင်းရင်း တစ်ချီနှစ်ချီအညှုမျှဖြင့်ပင် နောင်တော်နောင်တော်တို့၏ထုံးစံအတိုင်း လူ့ဘဝသို့ တုံးခနဲ ရောက်ခဲ့ရသတည်း။

သမီး၏ မေတ္တာရှင်ဖြစ်၍လည်းကောင်း၊ မွန်ရည်ဖျတ်လတ်ခဲ့သော မောင်စူဠ၏ ယခင်က အစွမ်းအစကလေးများကို သိခဲ့မြင်ခဲ့ပြီးဖြစ်၍လည်းကောင်း အမျိုးသမီး မိဘများက မောင်စူဠ အိမ်ပေါ်ရောက်လာသည်ကို အလိုက်သင့် လက်ခံခဲ့ကြသည် မှန်ပါ၏။ သို့ရာတွင် ဖော်ပြခဲ့သည့်အတိုင်း ရဟန်းလူထွက်ဆိုသည်မှာ အတော်ခက်သည်။ ရဟန်းလူထွက်ထက် နှစ်ပေါင်းများစွာ ကိုယ်ဟန်သေသေ မျက်နှာနေစင်းစင်းနှင့် အချိန်ရှိသမျှ သမထတရား ရှုပွားလေ့လာ ဝါသနာစွဲခဲ့သော တရားလူထွက်မို့ ပို၍ခက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခက်ဟန်ကား အိမ်ထောင်သည် ယောက်ျားတို့ လုပ်အပ်သော အလုပ်မှန်သမျှ ဘာတစ်ခုမျှ လက်ကြောတင်းအောင် မလုပ်ချင်။ လုပ်လည်း မလုပ်တတ်။ အပျင်းထူ သလိုဖြစ်လာသည်။ ပြုတ်ခဲ့ပြီဖြစ်သော်လည်း ရခဲ့ပြီးသော ဈာန်စည်းစိမ်ကလေးကို တမြုံ့မြုံ့ စားမြုံ့ပြန် ဖိမ်ခံသည်။ အချိုးမကျသော ရဟန်းလူထွက်ဟန်ဖြင့် အဝတ်အဆင် အချိုးမကျ၊ အနေအထိုင်မဟန်သည်ကလည်း ရှိသေးသည်။

သည်တော့ ကိုယ်ပိုင်အလုပ်အပထား၍ မိဘအလုပ်တွင် ကူဖော်လောင်ဖက်မျှ မရလေသောအခါ ယောက္ခမကြီးများ၏ မျက်ထောင့်တညိုညို၊ အလိုမကျ၊ တဖွဖွ တစောင်းစောင်းနှင့် အကြိမ်းအမောင်း အဆူအပူကို နေ့စဉ်နှင့်အမျှလိုလို ခံလာရသည်။

'မလုပ်မကိုင် အလကား တမင်ဖျင်းလှချည့်ဟာ၊ ငုတ်တုတ်ထိုင်ကာ မတရား အစဉ်ညှဉ်းလိုက်ပုံက၊ အများမြင်ပြင်းအောင်ပ ခွင့်မကျေအတူတူ၊ မကြားချင်ရင် ဆင်းပေတော့တဲ့၊ မင်းအမေဟာ အင်မတန်ဆူ' ဟု စာသမား ရဟန်းလူထွက်ပီပီ မယားကိုသာ ကွယ်ရာတွင် ညည်းတွားပြောဆိုရလေတော့သည်။

မှန်ပေ၏။ မကြားတကြားနှင့် စောင်းမြောင်း၍ အိမ်ပေါ်မှ မောင်းအချ ခံနေရ သည်မှာ များလှပေပြီ။ မယားကလည်း ချစ်သည်ဆိုခဲ့ပေမင့် တကယ်ဆိုတော့ သူ့မိဘများ ဘက်ကသာ ရှိနေသည်။

ထို့ထက်ဆိုးသည်ကား ''ဘုန်းကြီးလူထွက် ပေါ့ပျက်ပျက်' ဆိုသည့်အတိုင်း မလုပ်တတ် မကိုင်တတ်နှင့် ပျင်းရုံဖျင်းရုံမျှသာမဟုတ်၊ လူပျင်းတို့၏အောက်ဆွဲ လမ်းစဉ်အတိုင်း လူပျင်းလူဖျင်းများနှင့်သာ ပေါင်းသင်းကာ အကျင့်ပျက်လာခြင်းပင် ဖြစ်ပေသည်။ သာမန် အကျင့်ပျက်ရုံမျှမဟုတ် လူလိမ် လူလည့်စား သူခိုးဘဝသို့ပင် ရောက်လာ၏။

ထိုအခါတွင်ကား ယောက္ခမကြီးများက ပြောင်ပြောင်ပင် နှင်ချလိုက်ပြီဖြစ်၍ တွယ်ရာမဲ့ကာ သူခိုးဘဝ၊ လောင်းကစားသမားတို့ဘဝ၊ သေရည်သမားတို့ဘဝ၊ အောက်တန်းလောကတွင် ဖြစ်သလိုနေ၊ ဖြစ်သလိုစားကာဖြင့် လူညံ့လူဆိုးအကြီးစား ဘဝသို့ပင် ရောက်လာသတည်း။

သူခိုးဘဝ ဆိုသည်ကလည်း 'ပညာ' ဟူသည် ရှိပေသေး၏။ ဥပမာအားဖြင့် အကင်းပါးရမည်။ ကျင်လည်ရမည်၊ ဖျတ်လတ်ရမည်၊ ရဲရင့်ရမည်၊ ကျီးလန့်အစာ စားဆိုသောဘဝမို့ လူသာမန်တို့ထက် ပို၍သတိရှိရမည်။ သို့ရာတွင် ဘယ်နေရာ ဘယ်အလုပ်တွင်မှ အချိုးမကျခဲ့သော ကိုစုဠအဖို့ သူခိုးဘဝသို့ ရောက်နေ၍ သူခိုး ဆိုရသော်လည်း အဘယ်ပုံအချိုးကျကာ သူခိုးအရာဝင်နိုင်ပါအံ့နည်း။

www.burmeseclassic.com

www.burmeseclassic.com



အပြေကား သူခိုးအဖြစ်တွင် လွယ်လွယ်နှင့် အဖမ်းခံရခြင်းပင်ဖြစ်၏။ သူခိုးဟူသည် ထိုစဉ်က ရာဇဂြိုဟ်၏ တရားဥပဒေအရ လူသတ်ကုန်း ကြိုးစင်သာတည်း။ သာမန်အသတ်ခံရရုံမျှ မဟုတ်သေး၊ ဆိုးချင်မိုက်ချင်သူတို့ ကြောက်လန့်စေရန် လူသတ်ကုန်းမပို့မီ လမ်းဆုံလမ်းခွတို့၌ ကားကြက်၍ ကျောတစ်ရာ ရင်တစ်ရာ ဆိုသကဲ့သို့ ကြိမ်ဒဏ်အရိုက်ခံရဦးမည်။

[ ၄ ]

သူခိုးဟူသည် သေဒဏ်အထိ သတ်မှတ်ထားသော ပြစ်မှုကြီးဖြစ်ရာ ထိုခေတ်ပြည်သူတို့ အလွန်ရှုတ်ချသောအလုပ်ဖြစ်၏။ တကယ့်သူခိုးကြီးမဆိုထားဘိ ကမ္ဘဒွာန်းကျောင်း ကလေးဆောက်ရာတွင် ဘုရင့်သစ်ကလေး ဝါးကလေးတစ်စွန်းတစ်စ ယူမိသောကြောင့် တရားရှင်ရဟန်းတော်ပင်လျှင် ခိုးပြစ်ဖြင့်စွပ်စွဲခံရကာ ဗိမ္ဗိသာရ ဘုရင်ကိုယ်တိုင်နှင့် ပြဿနာကြီးဖြစ်ခဲ့ရသည်မဟုတ်ပါလော။

ထို့ကြောင့် ပြည်သူကြဉ်သော၊ ပြည်သူမုန်းသော သူခိုးဟူသည် ကိုစူဠတို့လို ပြောင်ပြောင်တင်းတင်း သူခိုးမျိုးအပထား၍ ဘုရင့်ဘဏ္ဍာ၊ ပြည်သူ့ဘဏ္ဍာ၊ သူတစ်ထူးဘဏ္ဍာမှန်လျှင် တိတ်တခိုး ခိုးသော၊ ဝှက်သော၊ ကဲ့သော သာမန်သူခိုးပင်လျှင် အင်မတန်ရှားသည်။ မနေနိုင်၍ သူခိုးခားပြလုပ်စားပြီဆိုလျှင်လည်း တောထဲတွင် ဂိုဏ်းနှင့်အုပ်နှင့်၊ အင်နှင့်အားနှင့် တစ်စုတဝေး လုပ်စားတတ်ကြသည်။

သို့ဖြစ်ရာ ကိုစူဠတို့လို သူခိုးတစ်ယောက် ပေါ်လာပြီဆိုလျှင် လမ်းဆုံလမ်းခွတို့တွင် ကြိမ်ဒဏ်ရိုက်သောပွဲဟူသည်မှာ ပြည်သူတို့ တစ်စုတဝေး ရှုတ်ချကြည့်ရှုကြသော ပွဲကြီးပွဲကောင်းဖြစ်သည်။ လမ်းဆုံလမ်းခွမျှသာမက အချို့က သင်္ချိုင်းကြိုးစင်အထိပင် လိုက်၍ ကြည့်ကြသည်။

ဤတွင် လမ်းဆုံတစ်နေရာ၌ ကားစင်အတင်ခံရကာ ကြိမ်ဒဏ်တရွှမ်းရွှမ်းနှင့် ဒုက္ခကြီးရောက်လျက်ရှိနေရှာသောတပည့်ကျော်အား ဆရာဖြစ်သူ အရှင်မဟာကဿပ ကိုယ်တော်ကြီးက ဆွမ်းခံကြွလာရင်းနှင့် မရှုရက်မမြင်သာ တွေ့ကြုံရပါလေ၏။

တွေ့သော်လည်း မတတ်နိုင်၊ ကယ်နိုင်ခွင့်မရှိ။ တစ်ချိန်က ကောင်းကင်ချာန်တကြွားကြွားနှင့် တရားသမားကြီးဖြစ်ခဲ့သော တပည့်အား ဘယ်လိုများ ဖြစ်လာရပါချိမ့်ဟု ကရုဏာဓမ္မဖြင့်သာ ရင်တမမ ကြည့်ရှုနေရရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် တပည့်ဟူသော မေတ္တာဓမ္မဖြင့် စွမ်းနိုင်သမျှ ကူညီရန် လက်မရှိ့များအနီးသို့ ချဉ်းကပ်သွားသောအခါ ထင်ရှားသော ဆရာတစ်ပါးဖြစ်သည့်အတိုင်း လက်မရှိ့များက ကြိမ်ဒဏ်ကိုရပ်၍ အရှင်မဟာကဿပအား ဆီးကြိုအရိုအသေပြု ကြသည်။

"ဒါယကာတို့ ။ ။ တာဝန်မကြီးလျှင် ရာဇဝတ်သားအား တရားအနည်းငယ် ဟောခွင့်ပြုစေလိုပါသည်"

"ဟောတော်မူပါဘုရား၊ ကြိုးစင်တွင် တံကျင်အလျှိုခံရတော့မည့်သူဖြစ်၍ သံဝေဂရဖို့ တရားနာရန် သင့်လျော်လှသူဖြစ်ပါသည်ဘုရား"

အရှင်မဟာကဿပ ရောက်လာစဉ်ကပင် ကိုစူဠမြင်သော်လည်း ရှက်လှသဖြင့် မျက်နှာလွှဲထားသည်။ ယခု မိမိအနီးသို့ ဝင်လာသောအခါ ရှက်ရှုံ့မှုမက ဆရာနှင့် မျက်နှာချင်းမဆိုင်ရဲသောကြောင့် ဦးခေါင်းစိုက်ကာ မျက်လုံးများကို စုံမှိတ်ထားသည်။

ဆရာကိုမြင်လိုက်သောအခါ မျက်စိအလည်ကြီးလည်ခဲ့မိသော မိမိဘဝကို သတိရသည်။ သင်္ကန်းတော်ရောင်ကို မြင်လိုက်ရသောအခါ မိမိ၏ရဟန်းဘဝနှင့် စွန့်ပစ်ခဲ့မိလေသော တရားအလုပ်ကို သတိရသည်။

"တပည့်။ ။ ဘယ်လိုများ ဖြစ်လာရပါလိမ့်၊ အံ့ဖွယ်ပါတကား"

"မြင်တော်မူသည့်အတိုင်းပါပဲဘုရား" ဟု ဆို့နင့်သော အသံဖြင့် လျှောက်ထားသည်။ အရိုက်အပုတ် အညှဉ်းဆဲခံရစဉ်က 'မိုက်လှတဲ့အကောင် ခံထားကွ' ဟူသော ဖွဲ့နှင့်မာန်နှင့်ခုခံ၍ မျက်ရည်တစ်စက်မျှမကျခဲ့။ ဆရာကိုမြင်ရ၍ ဆရာ၏ ကရုဏာမေတ္တာကို ခံယူရသောအခါတွင်မူ အသည်းနှလုံးအထိ ယူကျုံးလိုက်ဆူလာသဖြင့် မေးမှိတ်ထားသော မျက်လုံးများမှ မျက်ရည်တွေတွေကျသည်။

"တပည့်။ ။ အပြစ်လုပ်လျှင် ခံရမည်မှာ ဓမ္မတာတည်း။ သို့သော် သင့်မှာ အားကိုးရာရှိနေခဲ့ပြီမဟုတ်ပါလော။ သင်ကျင့်ခဲ့သော တရားဟူသည် သင်အားထားရာပင် မဟုတ်ပါလော။ ကျင့်ဆဲမဟုတ်၊ သင့်အဖို့ ကျင့်သုံးပြီး ရရှိထားခဲ့ပြီးပင်မဟုတ်ပါလော။ ထိုတရားထက် အားထားဖွယ်ရာ အခြားမရှိတော့"

"မှန်လှပါဆရာသခင် ကျေးဇူးရှင်ဘုရား။ ။ တပည့်တော် သတိရပါပြီ"

"အိမ်း . . . . ကောင်းလေစွ၊ ကောင်းလေစွ။ ကြိုးစားပေတော့တပည့်" ဟု မိန့်ကြားကာ ဆရာမျက်နှာလွှဲသွားသည်။

မှန်လှပေ၏။ မျက်စိလည် သတိမေ့လျော့၍ မဆိုင်သည့်နေရာ ရောက်ကာ မဟုတ်တာတွေဖြစ်နေခဲ့ရသော်လည်း ကိုစူဠကား တရားတည်းဟူသော လက်နက်သုံး

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ရှင်မဟုတ်ပါလော၊ မဟုတ်ခဲ့ပါလော။ တရားဟူသည် သတိမေ့လျော့ကာ မလိုချင်မှု မလုပ်ချင်မှုသာရှိစေ၊ ရောက်အပ်ပြီးသော အဆင့်သို့ကား လိုချင်လာသောအချိန်၌ အလွယ်တကူပင် ရအပ်ရောက်အပ်နိုင်သည်သာတည်း။

အရှင်စူဠကဿပ ရောက်အပ်ရအပ်ခဲ့ပြီးသော တရားဟူသည် ဝိပဿနာမပါ၊ သမထအဆင့်မျှသာရှိသည်ဆိုစေ၊ ဝိပဿနာနှင့် နှိုင်းယှဉ်၍သာ သူ့ကိုရှုတ်ချရသော်လည်း လူသာမန်တို့အဖို့မူ နားလည်ဖို့မျှပင် ခက်လှစွာသည့် ကြီးမားသော အဆင့်ပေတည်း။

အကြောင်းမူကား ဆင်းရဲချမ်းသာ၊ ဒုက္ခဝေဒနာ၊ သုခဝေဒနာ ဟူသည် စိတ်၏ ခံစားမှုမျှသာဖြစ်၏။ မြင့်မားသော ခံစားချက်သည် သူ့အောက်နိမ့်သော ခံစားမှုဝေဒနာကို လွှမ်းမိုးနိုင်နင်းမြဲဖြစ်သည်။ မင်း၏စည်းစိမ်သည် ဆင်းရဲသား၏ စည်းစိမ်ထက် ကြီးမား၏။ မီးမြိုက်ခံရသော ဝေဒနာသည် နေပူထက်ကြီးမားသည်။

ဆိုလိုသည်မှာ စတုတ္ထစျာန်ဝင်စားကာ ကောင်းကင်ပျံနိုင်သည်အထိ ဝသီဘော် ကြီးမားခဲ့သော စိတ်ခံစားမှုဟူသည် တရားနယ်ပယ်၌ အမြင့်မားဆုံးအဆင့်မဟုတ်စေ ကာမူ၊ အများနားလည်သော လောကနယ်ပယ်မှ ခံစားမှုဝေဒနာမျိုးစုံထက်မူ မနှိုင်းယှဉ် စလောက်အောင် မြင့်မားသည်။

ထို့ကြောင့် ဆရာအရှင် ကျောခိုင်းသည်နှင့် တစ်ပြိုင်နက် ညွှန်ကြားခဲ့သော ဆုံးမစကားအရ သတိရကာ အလေ့အထုံ ဝသီဘော်ရှိခဲ့ပြီးသော စတုတ္ထစျာန်ကမ္မဋ္ဌာန်းကို ခံစားမှုကြီးမားသောသတိဖြင့် ပြန်လည်ရှုပွားစူးစိုက်လိုက်သောအခါ ရုတ်ခြည်းပင် ပင်ကိုတရားအဆင့်သို့ ရောက်ရှိရရှိလာသည်။

အဖြေကား ကြိုးဒဏ်၊ ကြိမ်ဒဏ် ပြုမူချင်သမျှကို ပြုမူကြပေရော့။ ခံစား တတ်သည့်တစ်ချောင်းတည်းသောစိတ်ကို ကေဂ္ဂတာယာဉ်သို့ တင်လိုက်မိပြီဖြစ်၍ စိုးစဉ်းမျှ မဖြုံလှာ မနာကျင်တော့ပြီတည်း။

လက်မရွံ့တို့သည် တာဝန်အတိုင်း လုပ်မြဲအလုပ်ကို ဆက်၍လုပ်၏။ ရိုက်မြဲ ဆက်ရိုက်ကြ၏။ သို့ရာတွင် ယခင်က တစ်ချက်ရိုက် တစ်ခါအော်၊ တစ်ကြိမ်ရိုက် တစ်ကြိမ်တွန့်ဖြင့် နာကျင်မှုပုံစံမျိုးစုံကို တွေ့ခဲ့ရသော်လည်း ယခုတစ်ကြိမ်တွင်မူ နာကျင်မှုဟူ၍ လုံးဝမပြတော့ဘဲ သစ်ပင် သစ်တုံးကို ရိုက်ရသကဲ့သို့ ရှိနေသည်ကိုသာ တွေ့ရသောကြောင့် လက်မရွံ့တို့ အံ့အားသင့်ကြသည်။

တန်ခိုးတော်သခင် အရှင်မဟာကဿပကြီးကပင် တစ်စုံတစ်ရာ ပြုမူပေးခဲ့ ပြီလောဟု စဉ်းစားကြသည်။ ရာဇဝတ်သားပင်ဖြစ်စေကာမူ အရှင်စူဠကဿပ၏ မိုး၍

www.burmeseclassic.com

www.burmeseclassic.com



မြေလျှိုး တန်ခိုးထက်ခဲ့သည်ဆိုသော သတင်းစကားများကိုလည်း သူတို့ကြားသိခဲ့ရပြီး ဖြစ်သည်။

ကိုစူဠ၏ ကိုယ်ဟန်နှင့်မျက်နှာကလဲ ရှေးကနှင့်မတူတော့၊ သမထတန်ခိုးဖြင့် စိတ္တဇရုပ်တို့ လွှဲပြောင်းဆောင်ယူထားပြီးဖြစ်သောကြောင့် တည်ငြိမ်သော ဣန္ဒြေနှင့် ဝင်းကြည်၍နေသည်ကိုလည်း တွေ့လာကြရသည်။ ထို့ကြောင့် ရိုက်နှက်ရင်း တန်းလန်းနှင့်ပင် လက်မရွံ့များရော ကြည့်နေသည့်ပရိသတ်များပါ အံ့သြဘနန်းနှင့် တစ်စုံတစ်ရာ အမှားအယွင်းရှိလေပြီလောဟု ဘုရင်သို့ သွားရောက်လျှောက်ထား ကြသောအခါဝယ် ဗိမ္ဗိသာရဘုရင်အဖို့ သောတာပန်အဆင့်သို့ ရောက်ပြီးသူဖြစ်၍ တရားဓမ္မဘက်သို့ သက်ဝင်နိုင်သူလည်းဖြစ်၊ လေးစားအပ်သော အရှင်မဟာကဿပနှင့် စပ်လှာသည်လည်းဖြစ်သောကြောင့် "လွှတ်ပစ်လိုက်ကြ၊ ချမ်းသာပေးလိုက်ကြ" ဟု အမိန့်ပေးလိုက်သည်။ သေမိန့်ပေးပြီးသူကို ကယ်တင်နိုင်သူကား ဘုရင်သာတည်း။

ယင်းသို့လျှင် ဘုရင့်အမိန့်ဖြင့် ကိုစူဠအား သွားရောက်လွှတ်ကြစဉ်မှာပင် ပရိသတ်အလယ်သို့ ဘုရားရှင်ကြွရောက်လာသဖြင့် ကိုစူဠရော ပရိသတ်ပါ ဘုရားရှင်အား ဝပ်တွားရှိခိုးကြသည်။

"ဒါယကာတို့။ ။ ဃရာဝါသတည်းဟူသော တောအုပ်မှ ထွက်မြောက် ပြီးသူဖြစ်ပါလျက် ဃရာဝါသတောအုပ်သို့ ပြန်လည် ဝင်ရောက်ဒုက္ခရောက်ရရှာသော ဤသူကို ရှုကြလော့"

အကြင်သူ တစ်ယောက်သည် သာသနာတော်တည်းဟူသော အေးရိပ်သာသို့ ရောက်လှာပြီးသည်ဆိုလျှင် ထိုသူအား သာသနာတော်မှ ပြန်လည်မဆုတ်နစ် လိုတော့သည်မှာ ဘုရားအစရှိသော ဆရာအရှင်တို့၏ မေတ္တာအစဉ်အလာဖြစ်ပေ၏။ သာသနာတော်သို့ ရောက်ပြီးပါလျက် ပြန်လည်ဆုတ်နစ်သူအဖြစ်သို့ ရောက်သွားသည် ဆိုလျှင် မလွှဲသာ၍သာ ကြည့်နေရသော်လည်း ကရုဏာရှေ့ထား သနားလိုက်ကြ သည်သာဖြစ်၏။ သို့ဖြစ်ရာ ဘုရားရှင်၏ ယင်းစကားတော်သည် ကိုစူဠအား ရှုတ်ချလိုသည်ကားမဟုတ်၊ သာသနာတော်သို့ ရောက်ပြီးပါလျက် လူထွက်ကြသော ပစ္စုပ္ပန်နှင့် အနာဂတ်သာသနာအစဉ်အဆက် ရဟန်းလူထွက် လူပြန်တော် ဖကလထ များသို့ သတိရကြစေရန် ရည်ညွှန်းအပ်သော ကရုဏာ မိန့်ခွန်းတော်ဖြစ်သည်။

"စူဠကဿပ။ ။ သင်သည်ကား အသိခေါက်ခက်နှင့် အဝင်နက်နေသူ မျှသာဖြစ်ပေသည်။ နိဗ္ဗာန်ပန်းတိုင်သို့ လက်တစ်ကမ်းမျှဖြင့် လှမ်းကိုင်နိုင်သူဖြစ်ပါလျက် သတိစွန့်ပစ် ဆုတ်နစ်နေသူမျှ ဖြစ်ပေသည်။ ရရှိပြီး တရားအစဉ်တွင် သခါရလက္ခဏာ

www.burmeseclassic.com

www.burmeseclassic.com



ယာဉ်တင်၍ ဆင်ခြင်ရှုပွားလော့'' ဟု မိန့်ကြားလိုက်သောအခါ စူဠကာဿပအဖို့ အခြေခံရှိပြီးသူဖြစ်၍ ရုတ်ခြည်းပင် လောကီနယ်မှ လွတ်မြောက်သွားသည်။

ထို့နောက်တွင်ကား ကိုစူဠသည် အရှင်စူဠကာဿပ ဖြစ်သွားပြန်၏။ သို့ရာတွင် သာမန်လောကီချာန်ရှင် အရှင်စူဠမဟုတ်တော့၊ ဘက်စုံပြည့်ရဟန္တာ အရှင်စူဠကာဿပပေတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com



# အပြုံး

[ ၁ ]

"သည်သူငယ်ကြောင့်ခက်တော့သည်" ဟု ကိုယ်တော်ကြီးက ညည်းညူတော်မူလိုက်၏။

ညည်းညူသူကား သက်တော်ရှည် ရှင်မဟာကဿပ ကိုယ်တော်ကြီးဖြစ်၍ "သည်သူငယ်"ဟု အခေါ်ခံရသူကား ဘုရားရှင်၏ လက်ကသုံးတောင်ဇေ့း အလုပ်အကျွေး အရှင်အာနန္ဒာပင်တည်း။

ကိုယ်တော်ကြီးက အရှင်အာနန္ဒာကို အလွန်ချစ်သည်။ အရှင်အာနန္ဒာနှင့် အကျွမ်းဝင်သည်။ ရင်းနှီးသည်။ ချစ်ကျွမ်းဝင်သောကြောင့် မိခင်သည် သားဖြစ်သူအား စိမ်းသံပါလေမည်ကြောင့် အမည်ကို တည့်တည့်မခေါ်ရက်ဘဲ "လူကလေး" "ငါ့သား" စသည်ဖြင့် ခေါ်သကဲ့သို့ ကိုယ်တော်ကြီးက အရှင်အာနန္ဒာအား "သတို့သား" "သူငယ်" ဟုသာ ချစ်စနိုးခေါ်လေ့ပြောလေ့ရှိသည်။

ကိုယ်တော်ကြီးနှင့် သက်တော်ချင်း နှိုင်းစာလျှင် အရှင်အာနန္ဒာမှာ တူအရွယ် သားအရွယ် ဖြစ်သောကြောင့် ခေါ်၍လည်း တင့်တယ်သည်။ သို့ရာတွင် ခေါ်၍သာ ခေါ်သည် အရှင်အာနန္ဒာကိုယ်တိုင်မှာလည်း သက်တော်ရှစ်ဆယ်တွင်း ဆံပင် ဖွေးဖွေး ဖြူပြီတည်း။

မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်ဝယ် ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော့မည်ဟု သိရသည့်အချိန်မှစ၍ အရှင်အာနန္ဒာအဖို့ မျက်ရည်နှင့်မျက်ခွက်ပြတ်သည်ဟူ၍ မရှိ။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်အပေါ်၌ မေတ္တာထု နက်ရှိုင်းသလောက် အရှင်အာနန္ဒာ၏ သောကထုမှာလည်း နက်ရှိုင်းလှပေသည်။ ပုထုဇဉ် ရဟန်း၊ ပုထုစဉ် ဒါယကာတို့အတွက် အရှင်အာနန္ဒာမှာ သောကတံခွန်ကို လွှင့်ထူထားဘိသို့ပင် ဖြစ်တော့သည်။

တရားကိုသိပါ၏။ မထိ၊ မမိ။ ကျောက်သား ကျောက်ထုပမာ ရဟန္တာအရှင်တို့ အလယ်တွင် မိမိမှာ ဘုရားရှင်၏ အလုပ်အကျွေးအဖြစ်မရှောင်နိုင်၊ မဖယ်နိုင်၊ မကွယ်နိုင်၊ မရုက်နိုင်။ အရေးပါနေသူဖြစ်၍ ရှက်စနိုးဖြစ်သောကြောင့် တရားဖြင့် ဆင်ခြင်ပါ၏။ သို့သော်မမြင်၊ မထင်။ ချစ်မြတ်နိုးအပ်သော ဘုရားရှင်အား လက်လွှတ်ရမှုတည်း ဟူသော သောကသည်သာ ဖိစီးလျက်ရှိခဲ့သည်။

ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူချိန်ဝယ် အနေချင်း အတန်ဝေးခဲ့သောကြောင့် အရှင်မဟာကဿပ ကိုယ်တော်ကြီးသည် ဘုရားရှင်၏ အန္တိမစျာပနသဘင်သို့ အတန်ပင် နောက်ကျမှ ရောက်လာရ၏။ ကိုယ်တော်ကြီး ရောက်လာအောင်လည်း ဘုရားရှင်၏ နောက်ဆုံး ဈာပနသဘင်ကို အတန်ပင်စောင့်ဆိုင်းပေးခဲ့ရသည်။ ရောက်လာပြန် တော့လည်း ဘုရားရှင်၏ ဈာပနသဘင်ကို ဦးဆောင် သင်္ဂြိုဟ်ပေးရမည့်တာဝန်မျှ သာမက ကိုယ်တော်ကြီးအဖို့ အခြားတာဝန်တစ်ရပ်လည်း ပူးတွဲပါရှိလာခဲ့သည်။ ဘုရားရှင်၏သာသနာတော်ကို ဘုရားရှင်အား ကျေးဇူးဆပ်သောအနေဖြင့် သင်္ဂါယနာတင် သန့်စင်ပေးရမည့်တာဝန်တည်း။

ဘုရားရှင်သည် ပထမသော် မိမိ၏သာသနာကို တပည့်တပန်းရဟန်းပရိသတ် အနေဖြင့်လည်းကောင်း၊ သာသနာတော်ကို ကြည်ညိုသူ ဒါယကာ ဒါယိကာမများ အနေဖြင့်လည်းကောင်း စည်ပင်တိုးပွားအောင် ကြိုးစားခဲ့ရသည်။ စည်ပင်တိုးပွားလာပြန် တော့လည်း လူများလျှင် အမှားပါတတ်သော သဘာဝအလျောက် မိမိတပည့်တပန်း ရဟန်းတို့အထဲမှပင် တက်ထောင်မောင်းနင်း ကသောင်းကနင်း ပြုလုပ်သူ စည်းကမ်း ချိုးဖောက်သောသူများပေါ်ပေါက်လာခဲ့သည်။

ယောနိသော မနသိကာရဖြင့် တစ်ဖက်မှကြည့်သော် စည်းကမ်းချိုးဖောက်သော ထိုသူ ဤသူတို့ကိုပင် ကျေးဇူးတင်ရဖို့ရှိသည်။ အကြောင်းကား သူတို့ကြောင့်ပင် ဝိနည်းသိက္ခာပုဒ်တော်များ ဖြစ်ပေါ်၍လာရကာ ဘုရားရှင်၏ ၄၅ ဝါအတွင်း၌ နောက်ထပ် ဖြည့်တင်းဖို့ရန် မလိုတော့လောက်အောင် စည်းကမ်းဥပဒေတို့ဖြင့် ပြည့်စုံလှသော သာသနာတော်ကြီးဖြစ်လာသောကြောင့်တည်း။

ဝိနည်းသိက္ခာတော်များသည်ကား သာသနာတော်၏အသက်ပေတည်း။ ဤစကားသည် ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူသည့်အခါ၌ ပို၍မှန်၏။ အကြောင်းကား ဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်၌ သာသနာ့သခင်ဘုရားရှင်၏ ကြီးမားလှစွာသော အရှိန်အဝါဖြင့် သာသနာ့အန္တရာယ် အသွယ်သွယ်ကို ကာကွယ်နိုင်ပေသေး၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုကဲ့သို့ဘုရားရှင် မျက်နှာလွှဲတော်မူသည့်အခါ၌မူ ဟောကြား ချမှတ်တော်မူသည့် ဘုရားရှင်၏ အဆုံးအမ စည်းကမ်း ဥပဒေများသည်သာ ဘုရားရှင်ကိုယ်စား သာသနာတော်၏ အားထားရာ အသက်စစ်စစ်ဖြစ်လေတော့သည်။

ထို့ကြောင့် ဘုရားရှင်အား ချစ်မြတ်နိုးခဲ့လျှင်၊ ဘုရားရှင်နှင့် ဘုရားရှင်၏ သာသနာတော်အား ကြည်ညိုခဲ့လျှင် ဘုရားရှင် ကိုယ်တော်တိုင် ရှိနေတော်မူစဉ်က ထက်ပင် ဘုရားရှင်၏ အဆုံးအမ ဝိနည်း သိက္ခာပုဒ်တော်များကို ပို၍လေးစားရမည်။ လိုက်နာရမည်။ ရိုသေရမည်။ ဤကား ဘုရားရှင်၏ လက်ရင်းတပည့် အရှင်မဟာ ကဿပ ကိုယ်တော်ကြီး၏ အမြင်ဖြစ်၏။

သို့သော် ဘုရားရှင်၏ အလောင်းတော်မကွယ်ပျောက်မီမှာ သာသနာကို ဆန့်ကျင်သူ၊ စည်းကမ်းသိက္ခာတော်ကို ချိုးဖောက်သူ တစ်ယောက် ပေါ်ပေါက်လာ သည်ကို ဘုရားရှင်ဈာပနသို့ကြွလာရင်း လမ်းခရီးတွင်အရှင်မဟာကဿပ ကိုယ်တော်ကြီး ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည်။ ပေါ်မည့်ပေါ်တော့လည်း အခြားကမဟုတ်။ မိမိတပည့် တပန်းထဲကပင်ဖြစ်နေသည်။ သုဘဒ်ရဟန်းတည်း။

''ငါ့ရှင်တို့။ ။ စည်းကမ်းသိက္ခာပုဒ် ဆရာကြီးကွယ်လွန်သွားပေပြီ။ နောက်ထပ် ဘာစည်းကမ်းများ ချမှတ်နိုင်ဦးမည်နည်း။ ဘယ့်နှယ်ဗျာ . . . စည်းကမ်း ဥပဒေတွေက များလိုက်တာ၊ ဟိုဟာမလုပ်ရ၊ သည်ဟာ မလုပ်ရ၊ ဟိုလိုမနေရ၊ သည်လို မနေရနဲ့ ရှုပ်ယှက်ကိုခတ်နေတာပဲ၊ အခုတော့ သူ ကွယ်လွန်ပြီ။ ဘာတတ်နိုင် ဦးမည်နည်း။ သည်ကနေ့ကစပြီး ကျုပ်တို့ လွတ်လွတ်လပ်လပ် နေချင်သလို နေနိုင်ပြီ။ စားချင်သလို စားနိုင်ပြီ။ လုပ်ချင်ရာလုပ်နိုင်ပြီ''

ကြက်သီးထဖွယ် စကားများတည်း။ ပရိသတ်အလယ်တွင် ဟင်းခပ်ဇွန်းကြီး တယမ်းယမ်းဖြင့် မိမိတပည့် သုဘဒ်ရဟန်းကြီး ကျယ်လောင် ကျယ်လောင် ပြောကြားနေသည်ကို ရှင်မဟာကဿပ ကိုယ်တော်တိုင် ကြားခဲ့ရသည်။ တပည့်အား ဤသို့မပြောရန် ဆုံးမတားမြစ်ရင်း ဓမ္မသံဝေဂအပြည့်ဖြင့် ဘုရားရှင်၏ ဈာပန သဘင်သို့ ကြွချီခဲ့ရသည်။

အနာဂတ် သာသနာတော်အရေးကား ရင်လေးဖွယ်ရာပါပေတကား။ ဤအရေး ဤပြဿနာကို ဖြေဖျောက်ဖို့ရန် ငါ့မှာ တာဝန်လုံးလုံးရှိလေသည်။ ဘုရားရှင်၏ ကျေးဇူးတော်သည် ငါ့တွင် ချေဆပ်မကုန်နိုင်အောင် ကြီးမားလှပါဘိသည်။ ဘုရားရှင်သည် မည်သူ့အားမျှမပေးစဖူး ကိုယ်တော်တိုင် သုံးဆောင်လျက်ရှိသော သင်္ကန်းတော်ဖြင့် ငါ့အားပေးကမ်းချီးမြှင့်တော်မူဖူးသည်။ ဤကျေးဇူးကို ဆပ်ရမည်။ ကိုယ်တော်ချစ်မြတ်နိုးတော်မူလှသော ကိုယ်တော့်သာသနာတော်ကို ငါအတတ်နိုင်ဆုံး နည်းဖြင့် သန့်စင်စေရမည်။ ခိုင်မာစေရမည်။ ထင်လင်းစေရမည်။ လန်းဆတ်စေရမည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တော်ကြီးသည်ယင်းသို့သော ဓမ္မသံဝေဂဖြင့် ဘုရားရှင်၏ ဈာပနသဘင် အပြီးတွင် ၄၅ ဝါ ပတ်လုံး ဘုရားရှင် ဟောကြားပြသ ဆုံးမတော်မူသမျှသော ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ တရားအားလုံးကို သံဃာအများ စုပေါင်း၍ ထင်ထင်ရှားရှား သင်္ဂါယနာတင်ပွဲကြီး ကျင်းပရန် ဆုံးဖြတ်တော်မူလိုက်သည်။

[ ၂ ]

အလွန်ပင် လျော်ကန်သင့်မြတ်လှသောစေတနာ၊ လျော်ကန် သင့်မြတ်လှသော ဆုံးဖြတ်ချက်ဖြစ်ပါ၏။ သို့ရာတွင် ယင်းဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရန် အဆင့်သုံးဆင့်၊ အခက်အခဲ သုံးရပ်ရှိနေသည်ကို ကိုယ်တော်ကြီး ဆက်၍ စဉ်းစားတော် မူရပြန်သည်။

ပထမအခက်မှာ သံဃာ ခုနစ်သိန်းခန့်အနက်မှ သင်္ဂါယနာအတွက် လိုအပ်သမျှ သံဃာအနည်းအကျဉ်းမျှကိုသာ ရွေးချယ်ရေးအခက်ဖြစ်သည်။

ပရိနိဗ္ဗာန် စံတော်မူအံ့ဟု ဘုရားရှင် အာယုသင်္ခါရ လွှတ်တော်မူသည့် အချိန် လောက်မှစ၍ အနယ်နယ်အရပ်ရပ်တွင် တကွဲတပြားစီ ဖြစ်နေလျက်ရှိသော သံဃာတော် များသည် တစ်ဆင့်စကား တစ်ဆင့်ကြားဖြင့် ဘုရားရှင်ရှိရာသို့ စုရုံးချဉ်းကပ်၍ လာခဲ့ကြရာ ကုသိနာရုံ အင်ကြင်းတောတွင် ဘုရားရှင် ပရိနိဗ္ဗာန်စံယူချိန်၌ ရဟန်း သံဃာပေါင်း ခုနစ်သိန်းခန့် စုဝေးရောက်ရှိနေကြသည်။

ယင်းသံဃာအားလုံးဖြင့် သင်္ဂါယနာတင်၍ မဖြစ်နိုင်။ များလွန်းလျှင် ထိန်းသိမ်းမှု ခက်ခဲမည်။ ထို့ပြင် ရဟန်းဟူသည် ဒါယကာ ဒါယိကာမတို့ကို အမှီပြုရမြဲဖြစ်ရာ ရဟန်းများလျှင် ဆွမ်းကွမ်းကိစ္စ အခက်အခဲရှိမည်။ ထို့ပြင် လူများလျှင် ကိစ္စများ၍ 'လူများ၍ ပွဲမစည်' ဆိုသကဲ့သို့ လိုအပ်သော သင်္ဂါယနာကိစ္စကိုပင် အနှောင့်အယှက် ဖြစ်ဖွယ်ရှိမည်။ ထို့ကြောင့် သင်္ဂါယနာအတွက် ထိပ်တန်း လက်ရွေးစင် သံဃာငါးရာ ဆိုလျှင် လုံလောက်ပြီဟု အရှင်မဟာကဿပကိုယ်တော်ကြီး အဆုံးအဖြတ်ပြုလိုက်၏။

ဒုတိယအခက်မှာ သင်္ဂါယနာတင်ရင် နေရာရွေးချယ်ရေးဖြစ်သည်။ သင်္ဂါယနာတင် သံဃာများသည် သင်္ဂါယနာတင် အချိန် အနည်းဆုံး သုံးလခန့်အတွင်း ဆွမ်းကွမ်းကိစ္စ ပြည့်စုံရမည်။ သင်္ဂါယနာတင်ကိစ္စအတွင်း တရားဓမ္မ အားလုံး၌ အာရုံစူးစိုက်နိုင်မည့် သမာဓိတရားနှင့် ပြည့်စုံနိုင်ရန် ပတ်ဝန်းကျင် ပြည့်စုံသည့်နေရာ ဖြစ်ဖို့လိုသည်။

ဤကိစ္စအတွက် သံဃာအများနှင့် ညှိနှိုင်းလိုက်သောအခါ ရာဇဂြိုဟ်ပြည်နှင့် အဇာတသတ်ဘုရင်ကိုမြင်သည်။ ရာဇဂြိုဟ်တွင် ဘုရားရှင်ကိုယ်တိုင် သီတင်းသုံးတော်

www.burmeseclassic.com

www.burmeseclassic.com



မူခဲ့ရာ ဝေဠုဝန်ကျောင်းတော်နှင့် အခြားအရံကျောင်းပေါင်း ၁၈ ကျောင်းအထိ ရှိသည်။ သံဃာတော်တို့ စိတ်အေးလက်အေး သီတင်းသုံးနိုင်ဖို့ရန် ပရိက္ခရာ ပြည့်စုံသည်။ အဇာတသတ်ဘုရင်မှာလည်း တစ်ချိန်က သာသနာနှင့် ဆန့်ကျင်ဘက်ဖြစ်ခဲ့ဖူး စေကာမူ ဘုရားရှင်၏ အဆုံးအမတော်ကြောင့် ဒါယကာတို့တွင် အတုမရှိ သဒ္ဓါရှင်ဖြစ်လာသည်။ ဘုန်းကြီးသောဘုရင်ဖြစ်၍လည်း လိုအပ်သမျှ အကူအညီကို အခက်အခဲမရှိ ပေးနိုင်စွမ်းသည်။ ထို့ကြောင့် ဒုတိယအခက်ဖြစ်သော နေရာအတွက် ရာဇဂြိုဟ်ကို ရွေးချယ်လိုက်၏။

တတိယအခက်ကား - အရှင် ကဿပ ကိုယ်တော်ကြီးအဖို့ လျှို့ဝှက်ချက် ဖြစ်၏။

သင်္ဂါယနာတင် သံဃာငါးရာ ရွေးချယ်မှုမှ ပေါ်ပေါက်လာသောအခက် ဖြစ်သည်။ အများအဖို့ သံဃာငါးရာ ရွေးချယ်မည့်အခါမှ ပေါ်ပေါက်မည့်ပြဿနာ အခက်ဖြစ်ကြောင်း သိကြရသော်လည်း ဦးစီးရှေ့ဆောင်ဖြစ်သော အရှင်မဟာကဿပ ကိုယ်တော်ကြီးအဖို့ကား ရှေးမဆွကပင် စဉ်းစားတော်မူခဲ့ပြီးဖြစ်သည်။

ဖြစ်မှဖြစ်ပါ့မလားဟုလည်း စိတ်တထင့်ထင့်နှင့်ရှိရသည်။ မဖြစ်ခါမှ ရှိစေရော့၊ ဤသင်္ဂါယနာအတွက် ဤနည်းကိုပင် အသင့်လျော်ဆုံး ဖြစ်သည်ဟု ဓမ္မဓိဋ္ဌာန်ကျကျ စဉ်းစားဆုံးဖြတ်၍ လျှို့ဝှက်စီမံခဲ့ခြင်းဖြစ်သည်။

လျှို့ဝှက်ချက်ဆိုသော်လည်း ဖော်ထားသော လျှို့ဝှက်ချက်ဖြစ်၏။ ဤသို့ ဤနှယ်ဟု သံဃာ့ရှေ့ဆောင် အရှင်မဟာကဿပ ကိုယ်တော်ကြီးက ဖွင့်ဟမပြော သော်လည်း သံဃာအများကမူ ကိုယ်တော်ကြီး၏ဆန္ဒတော်နှင့် စီမံချက်ကိုသိကြ သည်သာဖြစ်သည်။ ဤအတိုင်းလည်းဖြစ်သင့်ပါပေသည်ဟု သံဃာအများကလည်း ခပ်မဆိတ်သဘောတူတော်မူကြလေသည်။

ထိုအခက်သည်ကား သင်္ဂါယနာတင် သံဃာငါးရာတွင်အရှင်အာနန္ဒာအား ရွေးချယ်ပါဝင်စေရေးအခက်ပေတည်း။

သံဃာငါးရာ ရွေးချယ်ရာတွင် ဆန္ဒမျိုးစုံ၊ ပြဿနာမျိုးစုံ တွေ့ကြုံရသည်။ အကြောင်းကား သင်္ဂါယနာ သံဃာငါးရာတွင် ပါဝင်နိုင်ရန်အတွက် အဘက်ဘက်မှ ထက်ထက်မြက်မြက် သံဃာတော်မြောက်မြားစွာရှိနေသောကြောင့်ဖြစ်သည်။ ဘုရားရှင် နီးပါး သီလ သိက္ခာ သမာဓိ ကြီးမားတော်မူလှသော ရှင်မဟာကဿပ ကိုယ်တော်ကြီး အား မယှဉ်နိုင် မတုနိုင်၍သာ နေကြရသော်လည်း သင်္ဂါယနာတွင် ပါဝင်နိုင်ရန် ထက်ထက် မြက်မြက် သံဃာအချို့က ဆန္ဒမျိုးစုံ နည်းမျိုးစုံဖြင့် ကြိုးစားကြသေးသည်။

နောက်ဆုံးတွင်မူ ဘုရားရှင်ကိုယ်တော်တိုင် ချီးမြှောက်တော် မူခဲ့သော တေဒဂ်ရ ဘွဲ့ထူးဂုဏ်ထူးရှင်များအနက် ကျန်ရှိနေသေးသမျှ အားလုံးပါဝင်ရမည်။ တန်ခိုးပညာ

www.burmeseclassic.com

www.burmeseclassic.com



အရာရာတွင် ပြည့်စုံသော ကျွတ်တမ်းဝင် ရဟန္တာပုဂ္ဂိုလ်ဖြစ်ရမည်၊ ထေရ်ကြီး၊ ဝါကြီး ဖြစ်ရမည် စသောရွေးခြယ်ရေး စည်းကမ်းချမှတ်၍ ရွေးချယ် လိုက်သည့်အခါမှ ပြီးပြတ်သွားသည်။

သံဃာငါးရာ ရွေးချယ်ရေးစည်းကမ်းနှင့် ရွေးချယ်ပုံမှာ ကောင်းပါ၏။ သို့ရာတွင် အဘယ့်ကြောင့် ငါးရာအပြည့်မရွေးဘဲ ၄၉၉ ပါးသာ ရွေးချယ်ထားပါသနည်း။ ဤကား ရှင်မဟာကဿပ၏ လျှို့ဝှက်ချက်နှင့် အများအတွက် ပြဿနာဖြစ်၏။ ပြဿနာသခင်ကား အရှင်အာနန္ဒာတည်း။

ရှင်အာနန္ဒာသည် တေဒင်ငါးတန် ဘွဲ့ထူးဂုဏ်ထူး အထပ်ထပ်ရသည့်လည်း မှန်ပါ၏။ ထေရ်ကြီး ဝါကြီးလည်း မှန်ပါ၏။ သို့သော်ရှင်အာနန္ဒာမှာ ရဟန္တာမဟုတ်သေးသောကြောင့် စည်းကမ်းအရရွေးချယ်၍လည်းမဖြစ်၊ မရွေးချယ်ဘဲ ချန်ထား၍လည်းမဖြစ်။

မတတ်နိုင်၊ မိမိဓမ္မဓိဋ္ဌာန် စေတနာနှင့် အကျိုးသက်ရောက်မှုကို နားလည်ကြလျှင် တော်ပြီ။ အရှင် အာနန္ဒာအတွက် မိမိ၏ ဦးစီးအခွင့်အရေးဖြင့် တစ်နေရာချန်ထားလိုက်သည်။ အကြောင်းကား အရှင်အာနန္ဒာသည် ရဟန္တာပင်မဖြစ်သေးပေဦးတော့၊ သင်္ဂါယနာတွင် သူမပါလျှင် မည်သည့်နည်းနှင့်မျှ မပြည့်စုံနိုင်မည်ကို အများအသိပင်ဖြစ်ကြသောကြောင့်တည်း။

ရဟန်းဖြစ်စေ၊ လူဖြစ်စေ၊ လူကြီးဆိုသည်မှာ ဆေးပေးမီးယူဆိုသကဲ့သို့ အကူအညီ အလုပ်အကျွေး လိုစမြဲဖြစ်သည်။ ဘုရားရှင်ကဲ့သို့ တာဝန်ကြီးသော ပုဂ္ဂိုလ်များ၌ ပို၍လိုသည်။ သို့ဖြစ်၍ ဘုရားရှင်အဖို့ သက်တော် ဝါတော် အတန်ထောက် လာသောအခါ အလုပ်အကျွေးဟူ၍ တစ်ပါးပြီးတစ်ပါး တင်မြှောက်ပေးခဲ့ကြသည်။ ဘုရားရှင်အား မိမိနှင့်ထပ်တူချစ်သော၊ လေးစားသော၊ ကြည်ညိုသော ရှင်အာနန္ဒာနှင့် ကျမှ ခိုင်မြဲသည်။ အဆင်ပြေသည်။ လိုက်လျောသည်။ သို့ရာတွင် ရှင်အာနန္ဒာအား အလုပ်အကျွေး ခန့်ရသည်မှာလည်း ဘုရားရှင်ဘက်မှ အရင်းအနှီးမသေးလှ။ အလုပ်အကျွေး မခန့်မီ ရှင်အာနန္ဒာဘက်မှ စည်းကမ်းချက်များ တောင်းဆိုသည်။ ထိုအချက် များကို ဘုရားရှင်က အကုန်လိုက်လျောခဲ့ရသည်။

ဥပမာအားဖြင့် မိမိမသိဘဲ တစ်နေရာတွင် ဘုရားရှင် ဟောခဲ့သမျှ ဓမ္မဒေသနာအားလုံးကို မိမိအား ပြန်၍ ဟောပြရမည်။ မိမိက ခွင့်တောင်းလျှင် မည်သည့်အချိန် မည်သူ့ကိုမဆို ဘုရားရှင်က တွေ့ခွင့်ပေးရမည်။ မိမိအား ဘုရားရှင်က မည်သည့် လာဘ်သပ္ပကာမျိုးကိုမျှ မစွန့်ကြဲရ၊ မပေးရ ။ ။ ။ စသည် စသည်တို့ဖြစ်၏။ ရှင်အာနန္ဒာ၏ တောင်းဆိုချက်အားလုံးကို ဘုရားရှင်က လိုက်လျောခဲ့ရသည်။

သို့ဆိုလျှင် ဘုရားရှင်၏ တရားဓမ္မများကို သင်္ဂါယနာ တင်ကြရာ၌ ဘုရားရှင်၏ ဓမ္မအားလုံးကိုနေရာဒေသ ပတ်ဝန်းကျင် အကြောင်းရပ် အချက်အလက်အားလုံးနှင့်တကွ

www.burmeseclassic.com

www.burmeseclassic.com



သိ၍ နှုတ်ငုံဆောင်ခဲ့သဖြင့် ဗဟုသုတ ဧတဒဂ်ပင် ရခဲ့သော ရှင်အာနန္ဒာ မပါခဲ့လျှင် ဤသင်္ဂါယနာသည် အဘယ်ပုံ ပြည့်စုံနိုင်ပါအံ့နည်း။

သို့ရာတွင် ရှင်အာနန္ဒာအဖို့မူ သင်္ဂါယနာတွင် ပါဝင်ရအောင်လည်း မကြိုးစား။ ရှောင်ဖယ်၍လည်းမနေ။ ဘုရားရှင်မရှိလျှင် ဘုရားရှင်ကိုယ်စား မိမိ အားထားရမည့်သူမှာ ရှင်မဟာကဿပ ကိုယ်တော်ကြီးသာလျှင် ဖြစ်ရာ ရှင်မဟာကဿပ၏ အစီအမံ အတိုင်း လိုက်နာဖို့ရန်သာ အားပြုထားသည်။ ယနေ့အချိန်၌ ရှင်အာနန္ဒာ၏ တစ်ခုတည်းသော အဖော်သည်ကား ဘုရားရှင်အား တတမ်းတတဖြစ်လျက်ရှိသော သောကသာလျှင် ဖြစ်ပေသည်။ ထို့ကြောင့်လည်း ရှင်မဟာကဿပ ကိုယ်တော်ကြီးက ရှင်အာနန္ဒာ၏ မကြည်သောမျက်နှာ၊ မသာသော ကိုယ်ဟန်ကိုကြည့်၍ "သည်သူငယ်ကြောင့် ခက်တော့သည်"ဟု ညည်းညူတော်မူခြင်းဖြစ်သည်။

"ခင်ဗျားကို တရားဟောနေဖို့မလိုဘူး၊ ခင်ဗျားလောက် ဘုရားရှင် တရားတော်ကို နာယူရတဲ့ပုဂ္ဂိုလ် ဘယ်သူရှိသေးသလဲ။ အသက်အရွယ်တွေကလဲ မငယ်ကြတော့ဘူး၊ ကိုယ့်ဆံပင်လဲ ကိုယ်ပြန်ကြည့်ဦး။ တပူပူ တပင်ပင်လုပ်နေလို့ ကိစ္စပြီးမှာမဟုတ်ဘူး။ သာသနာတော်ရေးကိစ္စ ကိုယ်ရေးကိစ္စတွေက ရှိသေးတယ်။ ကိုယ့်ကိစ္စလဲ ကိုယ်ပြီးစီးအောင် လုပ်ဦးခင်ဗျာ့" ဟု ရှင်မဟာကဿပ ကိုယ်တော်ကြီးက ရှင်အာနန္ဒာအား နှစ်ကိုယ်ကြား ဆုံးမသည်။ ဆက်၍ "အခုတော့ အလိုရှိရာ ကြွနိုင်ပါပြီ။ သင်္ဂါယနာချိန်နီးတော့သာ ရာဇဂြိုဟ်ကို မပျက်မကွက် ကြွခဲ့ပေတော့" ဟုခွင့်ပြုလိုက်သည်။

[ ၃ ]

အဇာတသတ်ဘုရင်နှင့် သင်္ဂါယနာအရေးကို ဆွေးနွေးလိုက်သောအခါ အားတက်စရာ တွေချည်း တွေ့ကြရသည်။ ဤဘုရင်သည် အပေါင်းအသင်းမကောင်း၍ တစ်ချိန်က မိုက်မှားခဲ့သော်လည်း ဗီဇည့်သူမဟုတ်။ စေတနာ သဒ္ဓါထက်သန်သည်။ အမြော်အမြင် ကြီးသည်။ နဂိုကသာ သူတော်ကောင်းနှင့် ပေါင်းမိခဲ့ပါမူ ကျွတ်တမ်းဝင်ဖို့ပင် ရှိသည်။

ရှင်မဟာကဿပ ဦးဆောင်သော သံဃာအဖွဲ့က သင်္ဂါယနာအတွက် အဇာတသတ်ဘုရင်နှင့် ဆွေးနွေးလိုက်သောအခါ သာမန် ဆွမ်းကွမ်းကိစ္စကို အပထား၍ သင်္ဂါယနာပွဲကြီးဆင်နွှဲနိုင်ရန် လိုဏ်ဂူကြီးကို အချိန်မီ ဆောက်လုပ်ပေးသည်။ လိုဏ်ဂူကို အစွမ်းကုန် ခြယ်လှယ်သည်။ သံဃာတော်တို့ သင်္ဂါယနာတင် သီတင်းသုံးရန် နေရာများကို အစွမ်းကုန်မွမ်းမံသည်။ သို့နှင့် သင်္ဂါယနာကိစ္စအတွက် သံဃာရော လူပါ မိမိတို့ ဆိုင်ရာတာဝန်များကို ရောရောထွေးထွေး ဆောင်ရွက်လိုက်ကြသည်မှာ အားလုံးကုန် အဆင်ပြေ၍ တစ်နေ့တခြား ဝမ်းမြောက်ဖွယ်ရာတို့သာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာရော ဒါယကာပါ စိတ်ဝမ်းတက်တက်ကြွကြွနှင့် အားလုံးအဆင်ပြေကြသော်လည်း အဆင်မပြေသူမှာ အရှင်အာနန္ဒာတစ်ပါးတည်းသာဖြစ်သည်။ အကြောင်းကား သင်္ဂါယနာအရှင် ရဟန္တာကိုယ်တော်မြတ်ကြီးများအနီးသို့ အရှင် အာနန္ဒာရောက်သွားလျှင် ပုပ်စော်နံသည်၊ ပုထုဇဉ်နံ့ နံသည်ဟု အပြောခံရသည်။ အချို့က ရှင်အာနန္ဒာကိုကြည့်၍ နှာခေါင်းရှုံ့ပြကြသည်။ အချို့ကလည်း "သင်္ဂါယနာ ပွဲကြီးကတော့ ခမ်းနားပါ့ဗျား။ နို့ပေမယ့် သင်္ဂါယနာ မပြီးမချင်းတော့ အပုပ်နံ့တသင်းသင်း နေဦးတော့မှာပဲ" ဟု ဆိုကြသည်။ အားလုံး၏ စကားများသည် ရှင်အာနန္ဒာသို့သာ ဦးတည်ကြ၏။

အားလုံး၏အကြည့်များသည် ရှင်အာနန္ဒာအပေါ်၌ တစ်မျိုးဖြစ်၏။ အချို့က ကရုဏာမျက်စိဖြင့် ကြည့်ကြသည်။ အချို့က ရွတ်ချသည့်မျက်စိဖြင့် ကြည့်ကြသည်။ ကြည့်ဖန်ပြောဖန်များသော် ရှင်အာနန္ဒာအဖို့ အတန်ပင်ရှက်လာသည်။ ဤစကား၊ ဤအကြည့်များသည် ရှင်မဟာကဿပ၏ အစီအမံများ ဖြစ်တန်ရာ၏။ အရှင်မဟာကဿပသည် ငါ့အား ရဟန်းကိစ္စပြီးစေရန် အလျင်အမြန်အလိုရှိနေ၏။ ကောင်းပြီ၊ ကောင်းပြီ။ ဤအရှင်ကောင်းတို့အား ငါ့အစွမ်းကို မကြာမတင်သိစေ၍ ဝမ်းမြောက်စေရမည်ဟု အားသစ်လိုက်၏။

ရှင်အာနန္ဒာတွင် ရှေးမဆွကပင် မာန်ကလေးတစ်ရပ်ရှိခဲ့သည်။ ထိုမာန်သည်ကား အခြားမဟုတ်၊ အရဟတ္တမဂ် အရဟတ္တဖိုလ်တည်းဟူသော ရဟန်းတရားကို မိမိအားထုတ်လျှင် အချိန်မရွေး လက်ဝယ်ရောက်နိုင် ရနိုင်သည်ဟူသောမာန်ပင်ဖြစ်၏။ အကြောင်းမဲ့မဟုတ်၊ မိမိကိုယ်တိုင်က မိမိအင်အားကို သိသည့်အပြင် ဘုရားရှင်ကိုယ်တော်တိုင်ကလည်း "အာနန္ဒာ။ ။အားထုတ်လော့။ သင်အားထုတ်လျှင် အချိန်မရွေး ပြီးပြည့်စုံနိုင်သည်" ဟူသော အားပေးမိန့်ကြားတော်မူခဲ့သောအချက်ကြောင့်လည်းဖြစ်၏။

သို့သော်လည်း အားမထုတ်ခဲ့။ ယင်းသို့ အားမထုတ်ခြင်းမှာ မိမိဘက်တွင် အကြောင်းရှိ၍ဖြစ်သည်။

မိမိသိရသမျှမှာ ရဟန္တာကိုယ်တော်ကြီးများသည် ဇေကစာ ပျော်တော်မူလွန်းကြသည်။ ဗဟိဒ္ဓနှင့် ပတ်သက်လာလျှင် မလွှဲမရှောင်သာသည့် ကိစ္စများ၌သာ အာရုံပြု၍ အစဉ်သဖြင့်လိုလို အဇ္ဈတ္တကိုသာ အာရုံစိုက်ကာ ရဟန်းအလုပ်တွင် နစ်မြုပ်ကြသူများဖြစ်သည်။ မိမိမှုကား ဤသို့မဖြစ်လိုသေး။ အကြောင်းမှုကား မိမိအဖို့ ဗဟိဒ္ဓတွင် အာရုံစိုက်စရာကိစ္စတွေ အမြောက်အမြား ရှိနေသည်။ မိမိက ဗဟိဒ္ဓကိုအာရုံမစိုက်နိုင်ခဲ့လျှင် နောင်တော်ဘုရားရှင်၏ အထွေထွေကိစ္စများကို အဘယ်သူ လုပ်ကျွေးပြုစုပါအံ့နည်း။ မိမိအလားတူ ဘုရားရှင်အားလုပ်ကျွေးပြုစုနိုင်သူများ ရှိကောင်းရှိပေမည်။ သို့သော် အလုပ်အကျွေး မခံနိုင်။ မိမိသာလုပ်ကျွေးလိုသည်။။ မိမိသာ ကြင်နာလိုသည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိသာ အနစ်နာ အပင်ပန်းခံလိုသည်။ ထို့ကြောင့် အခါခပ်သိမ်း ရယူနိုင်သော မိမိအတွက် ရဟန်းတရားကို လျစ်လျူရှုခဲ့ခြင်းဖြစ်သည်။

ယခုသော် ရဟန်းတရား ရယူချိန်တန်ပြီဟု အရှင်အာနန္ဒာ သတိဝင်ခဲ့၏။ အခြားအကြောင်းပြချက်တွေအပထား၍ ရဟန္တာကြီးများအလယ်တွင် ရွေးခြယ်မှုစည်းကမ်းကို ခြွင်းချက်ပြုပြီး မိမိအားရွေးချယ်ခဲ့သော အရှင်မဟာကဿပကိုယ်တော်မြတ်ကြီး၏ မေတ္တာစေတနာကို ထောက်ထားသောအားဖြင့်လည်းကောင်း၊ ရဟန္တာ ၄၉၉ ပါးတို့၏ အလယ်တွင် မိမိ၏ မဖွယ်မရာအသွင်ဖြင့် ဝင်ရမည်ဆိုလျှင် တာဝန်မကျေရာ၊ ပေါ့လျော့ရာရောက်မည့် သာသနာ့အစွန်းအထင်းကြီးကို ငဲ့ကွက်သောအားဖြင့်သော်လည်းကောင်း ရဟန်းတရားကို ရယူချိန်တန်ပြီဟု ရှင်အာနန္ဒာ ဆုံးဖြတ်လိုက်သည်။ ဆုံးဖြတ်သည့်အချိန်မှာလည်း အချိန်တော်ပင်ဖြစ်နေ၏။ အကြောင်းမူကား နက်ဖြန်နံနက်တွင်ပင် သင်္ဂါယနာတင်ပွဲကြီးကို စတင်တော့မည်ဖြစ်သောကြောင့်တည်း။

ထို့ကြောင့် ယခုအချိန်မှစ၍ ဗဟိဒ္ဓကိစ္စများတွင် အာရုံကို လျှော့၍လည်းကောင်း၊ ကိုယ်လက်အင်္ဂါ လှုပ်ရှားမှုမှစ၍ အတိုက်ခါတ်တို့ ကျရောက်ရာ မျက်စိစသော တံခါးပေါက်များတွင် သတိတည်းဟူသော အစောင့်ကို ဖြစ်စေ၍လည်းကောင်း အရာရာတွင် သတိကို ဆောင်လိုက်သည်။ ကိုယ်လက်လန်းဆန်းစေရန် ရေကို သတိဖြင့် ချိုးယူသုံးသပ်သည်။ ဆွမ်းကို ခါတိုင်းထက်ပို၍ သတိဖြင့်သုံးဆောင်သည်။ အကြောင်းကား တရားအားထုတ်မှု၏ ပရိကမ်အကျင့် စရဏတရားအလုပ်၌ ဤကိစ္စများသည် အရေးကြီးသောကြောင့်ဖြစ်၏။ ထို့နောက် သင်္ဂါယနာလိုဏ်ဂူတွင် အထွေထွေကိစ္စ ရှေ့ဆောင်ပြုလုပ်ရှိကြသော အရှင်မဟာ ကဿပနှင့် အခြားမထေရ်ကြီးများကို ဦးတိုက်၍ မိမိ၏ တည်းကျောင်းရိပ်သာသို့ သတိဖြင့်ပြန်ခဲ့သည်။

တည်းကျောင်းသို့ ရောက်သောအခါ စင်္ကြံတွင် မလျှော့တမ်း ခပ်မှန်မှန် လျှောက်သည်။ ဝီရိယကိုလည်း မပိုစေ၊ ရှုမှတ်ဆင်ခြင်မှုကိုလည်း မလွန်စေရအောင် သတိပြုသည်။ ညောင်းညာသည့်အခါ ထိုင်၍ရှုသည်။ အထိုင်ကြာလျှင် လျှောက်သည်။ ယင်းသို့ဖြင့် သဒ္ဓါ ပညာနှင့် ဝီရိယကို မျှစေ၍ တစ်နေ့ခင်းလုံး ကျင့်သုံးခဲ့ရာ အိပ်ရာဝင်ချိန်သို့ရောက်သောအခါ အတန်ပင်နွမ်းနယ်၍ တစ်ရေးတစ်မောမေးစက်ပြီးမှ ပြန်၍ ကျင့်သုံးမည်ဟု အာရုံကပ်လိုက်သည်။

ရှစ်ဆယ်တွင်းဖြစ်၍ အသက်အရွယ်ကလည်း ကြီးရင့်လှပြီ။ စိတ်ဆောင်သလောက် ခန္ဓာကိုယ်က မလိုက်နိုင်။ စိတ်အလိုသို့ အိုမင်းပြီဖြစ်သော ခန္ဓာကိုယ်ကို အတင်းအလိုက်ခိုင်းလျှင် ပညာနှင့် ဝီရိယ မမျှတဘဲ လိုအပ်သည့်အခြေသို့ မရောက်နိုင်ဘဲရှိမည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ခန္ဓာကိုယ်ကို အနားပေးရန် သတိကိုရှေ့ထား၍ အိပ်ရာပေါ်သို့ ခန္ဓာကိုယ်ကို လှဲစောင်းလိုက်သည်နှင့်တစ်ပြိုင်နက် သံသရာတစ်လျှောက်လုံးမှစ၍ ယခုဘဝ တစ်သက်တာအထိ ပိန်းပိတ်၍ လာခဲ့သော အရဟတ္တဖိုလ် တံခါးကြီးသည် တစ်ကြိမ်မျှ မကြုံဖူးသော ထူးခြားသည့်ခံစားချက်နှင့်အတူ ဟင်းလင်းကြီးပွင့်သွားလေတော့သည်။ မတွေ့ဖူးသောအတွေ့၊ မမြင်ဖူးသောအမြင်၊ မခံစားဖူးသော တရားအရသာတို့ကိုခံစားလိုက်ရ၍ ဝမ်းမြောက်လိုက်ပုံမှာ ပြောစရာမရှိ။ တစ်နေ့လုံး သတိတရားရှေ့ဆောင်မှုဖြင့် ထိန်းချုပ်သိမ်းဆည်းထားခဲ့သော အသိတရားကလေးမှာ အေးငြိမ်းမှုသတိဖြင့် ရွှေကြုတ်အတွင်းမှ ဂွမ်းပုံစုအလယ်တွင် ငြိမ်ဝပ်စွာတောက်ပလျက် ရှိသော ပတ္တမြားအသွင်ဖြစ်တော့သည်။

မိမိတွင် ရဟန်းတရား ပြီးပြည့်စုံပြီကို ရှင်အာနန္ဒာထင်းခနဲသိလိုက်၏။ ထိုအသိ၊ ထိုဝမ်းမြောက်မှုနှင့်အတူ အပြုံးကလေး တစ်ချက်ပင် ဝင့်လိုက်မိသေး၏။ အကြောင်းမှာကား ဘုရားရှင် သာသနာတော်၌ နိဗ္ဗာန်သို့ ကူးမြောက်ဆဲ ကူးမြောက်ပြီး ကြသူ ရဟန္တာအရှင်တို့ မရေမတွက်နိုင်အောင်ရှိကြသည့်အနက် မိမိကဲ့သို့ သွားခြင်း၊ ထိုင်ခြင်း၊ ရပ်ခြင်း၊ လျောင်းခြင်းတည်းဟူသော ဣရိယာပုတ်လေးပါးမှလွတ်၍ တရားပြီးမြောက်မှု မရှိခဲ့။ မိမိမှာ ထူးထူးခြားခြား ဣရိယာပုတ် လေးပါးမှလွတ်၍ ပြီးမြောက်ပါကလားဟု စဉ်းစားလိုက်မိသောကြောင့်ဖြစ်၏။

[ ၄ ]

နံနက်လင်းလျှင် သတ်မှတ်ထားသော အချိန်တွင် ရောက်ရှိရန် ရဟန္တာ အရှင်တို့သည် လိုဏ်ဂူသို့ တစ်ပါးပြီးတစ်ပါး ရောက်ရှိလာကြသည်။ ရှင်မဟာကဿပ ကိုယ်တော်ကြီးသည် သတ်မှတ်ထားသော သံဃဉက္ကဋ္ဌ နေရာ၌ နေရာယူ၏။ ရှင်မဟာကဿပ၏ ရှေ့တူရူဆီတွင် သီးခြားနေရာနှစ်ခု ခင်းကျင်းထားသည်။ တစ်နေရာမှာ ဝိနယဒေသနာတော်အတွက် အရှင်မဟာကဿပ၏အမေးကို ဖြေကြားရမည်ဖြစ်သော ဝိနည်းဓရဂ်ရ အရှင်ဥပါလိထေရ်၏နေရာဖြစ်၍ ကျန်တစ်နေရာမှာ သုတ္တန်နှင့် ကျန်ဒေသနာတော်များကိုဖြေကြားရန် သတ်မှတ်ထားသော အရှင်အာနန္ဒာ၏နေရာဖြစ်၏။

သင်္ဂါယနာ အချိန်နီးသောအခါ သံဃာအားလုံးသည် မိမိတို့၏နေရာသို့ မပျက်မကွက် ရောက်ရှိနေကြပြီဖြစ်သည်။ ထိုအချိန်တိုင် မရောက်ရှိသေးဘဲ လစ်လပ်လျက်ရှိနေသေးသော နေရာသည်ကား အရှင်အာနန္ဒာ၏ နေရာဖြစ်ပေသည်။

သင်္ဂါယနာတင်ရန် သတ်မှတ်ထားသော အချိန်သည် အနည်းငယ်မျှ လိုသေးသည်မှန်သော်လည်း အခြားအရှင်များကဲ့သို့ပင် ရှင်အာနန္ဒာရောက်ရှိလာဖို့ကောင်းပြီး

www.burmeseclassic.com

www.burmeseclassic.com



ဝီရိယထက်သန်လှသဖြင့် ဘုရားရှင်၏ အလုပ်အကျွေးနေရာကိုပင် ရရှိခဲ့သော ရှင်အာနန္ဒာအဖို့ အများထက် ဝီရိယနည်းပါးသည်ကား မဟုတ်တန်ရာ။ ပုထုဇဉ်စော်နံသည်၊ ပုပ်စော်နံသည်ဟုအရှင်ကောင်းများက စေတနာဖြင့် သတိပေး နှိုးဆော်ကြသော စကားကြောင့် ရှင်အာနန္ဒာအဖို့ ရှက်စနိုးပြီး မလာတော့လေသလော။ ဤသို့လည်း မဟုတ်တန်ရာ။ အကြောင်းသော်ကား ဤမျှ ပြင်ဆင်၍ထားသော သင်္ဂါယနာ ကိစ္စကြီးသည် ရှင်အာနန္ဒာမပါလျှင် မပြည့်စုံနိုင်သည်ကို ရှင်အာနန္ဒာကိုယ်တိုင် သိသောကြောင့်ဖြစ်၏။

သို့နှင့် ရှင်အာနန္ဒာ မရောက်လာသည်ကို အချို့အရှင်များက ရှင်အာနန္ဒာ၏ နေရာသို့ မျက်နှာမော်၍ကြည့်ကြ၏။ အချို့အရှင်များက မျက်လွှာကိုလှန်၍ကြည့်ကြ၏။ ရှင်မဟာကဿပ ကိုယ်တော်ကြီးကမူ မျက်ဝန်းကလေး တစ်ချက်လှုပ်လိုက်ရုံမျှဖြစ်၏။

အခိုက်အတန့်အတွင်းမှာပင် သင်္ဂါယနာပွဲကြီးပွဲကြီး ဝှဲချီးစတင်သည့် အထိမ်းအမှတ်ဖြင့် ကျောက်စည်ခေါင်းလောင်း နာရီမောင်းတို့ကို တီးခတ်ကြတော့မည်။ သံဃာအများကလည်း မိမိကို တောင့်တလျက် ရှိကြလေပြီကို အရှင်အာနန္ဒာသိ၏။ မိမိသည် သံဃာ့အလယ်သို့ သွားရောက်ချိန်တန်ပြီဟု အရှင်အာနန္ဒာဆုံးဖြတ်လိုက်သည်။

သို့ရာတွင် ယနေ့ အာနန္ဒာသည် မနေ့က အာနန္ဒာမဟုတ်တော့ပြီကို သင်္ဂါယနာကိစ္စတွင် စိတ်အားကြီးနေကြသော အရှင်ကောင်းတို့ သိကောင်းမှ သိမည်။ အရှင်တို့သည် ငါ့အား သံဃာ့အလယ်သို့ ကိလေသာကင်းစင်သောအသွင်ဖြင့် ဝင်ရောက်စေလိုကြသည်။ အရှင်ကောင်းတို့၏ ယင်းဆန္ဒအတိုင်း မိမိသည် ယခုအခါ သင်္ဂါယနာ အချိန်မီ ပြီးပြည့်စုံနေပြီကို အရှင်ကောင်းတို့အား သိစေမှုဖြစ်မည်။ သို့ရာတွင် အရှင် အားလုံးအား မိမိ၏ ပြည့်စုံမှုကို ပြသနိုင်ရန် အချိန်မရှိတော့။ အရှင်အားလုံးကို သိစေရန်မှာနည်းတစ်နည်းသာရှိသည်။ ထိုနည်းအတိုင်း အရှင်ကောင်းတို့အား ပြသ ပြောကြားမှသာလျှင် သင့်လျော်ပေမည်ဟု အရှင်အာနန္ဒာ ဆုံးဖြတ်လိုက်၏။

ထိုအခိုက် သတ်မှတ်ထားသော သင်္ဂါယနာ အခါတော်ကျရောက်သဖြင့် သင်္ဂါယနာလိုဏ်ဂူဝန်းကျင်နှင့်တကွ တစ်မြို့လုံးရှိ ကျောင်းကန်ဇရပ်ဤနေရာ ထိုနေရာ တို့မှ ကြိုတင်စီစဉ်ထားခဲ့သော ကျောက်စည်၊ ခေါင်းလောင်း၊ အုန်းမောင်း၊ နာရီ၊ ကြေးစည် ကြီးငယ်တို့၏ ဓမ္မတေးသံသည် ဘဝဂ်လျှံမျှ ထွက်ပေါ်လာသည်။ ယင်းဓမ္မတေးသံများသည် အတန်ကြာထွက်ပေါ်လာကြပြီးနောက် တဖြည်းဖြည်း တမျှင်မျှင် အသံမျိုးစုံတို့ ညှင်းညှင်းတိုးတိုး ဖြစ်သွားသည်။ ဓမ္မတေးသံ အသံညှင်းတို့ မပြတ်စဲမီကလေးတွင်ပင် သင်္ဂါယနာလိုဏ်ဂူအတွင်းမှ အရှင်ကောင်းတို့၏ "နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဟူသော သင်္ဂါယနာ အခမ်းအနားဖွင့်အဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်သို့ ဦးခိုက်ဦးရိုညွတ်သော အသံသည် စည်စည်ပင်ပင် ထည်ထည်ဝါဝါကြီး ထွက်ပေါ်လာသည်။

ထိုအသံများတွင် အရှင်အာနန္ဒာ၏ အသံလည်းပါ၏။ အကြောင်းမူကား သင်္ဂါယနာအဖွင့်အဖြစ် နမောတဿကို ရွတ်ဆိုကြတော့အံ့ဆဲဆဲ၌ပင် အရှင်အာနန္ဒာသည် မိမိ၏ အဘက်ဘက်မှ ပြည့်စုံသော ရဟန်းကိစ္စပြီးပြည့်စုံမှု အစွမ်းဖြင့် မိမိအတွက် ခင်းထားအပ်သောနေရာ သံဃာ့အလယ်သို့ သံဃာ့ဥက္ကဋ္ဌ ရှင်မဟာကဿပ ကိုယ်တော်ကြီးအား ရှိခိုးဦးတိုက်ရင်း ဘွားခနဲ ရောက်ရှိလာသော ကြောင့်ပေတည်း။

ယင်းသို့ ရှင်အာနန္ဒာရောက်ရှိလာပြီကို ဘွားခနဲ မြင်ကြရသောအခါ ရှင်အာနန္ဒာအတွက် တတောင့်တတ ရှိခဲ့ကြရသော အရှင်မြတ်အားလုံးအဖို့ သင်္ဂါယနာတင်အခမ်းအနားကြီး၏ ပြီးပြည့်စုံမှုကြောင့်လည်းကောင်း၊ အရှင်အာနန္ဒာ၏ ပြီးပြည့်စုံမှုကို သိကြရသောကြောင့်လည်းကောင်း နှလုံးရွှင်လန်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသဖြင့် အရှင်မြတ်တို့၏ မျက်နှာတော်များတွင် အပြုံးပန်းကိုယ်စီ ပွင့်တော်မူကြသည်။ ထို့နောက် အရှင်အာနန္ဒာကိုကြည့်၍ သာဓု သုံးကြိမ်ခေါ်ကာ ချီးပကြျုဆို လိုက်ကြသည်။

ဘုရားရှင်အလား သိက္ခာသမာဓိ ကြီးမားတော်မူသဖြင့် တစ်ကြိမ်ကလေး ပြုံးပန်းပွင့်တော်မူဖို့မျှကိုပင် အင်မတန်ကြီး ခက်ခဲတော်မူလှသော သံဃာ့ဥက္ကဋ္ဌ အရှင်မဟာကဿပ ကိုယ်တော်ကြီးပင်လျှင် မျက်ဝန်းတော် အနည်းငယ်ကျုံ့၍ နှုတ်ခမ်းတော်အနည်းငယ်စေ့ကာ ပြုံးယောင်ကလေးသမ်းသွားသည်ကို သတိပြုမိသော အရှင်ကောင်းတို့ တွေ့မြင်လိုက်ကြရပေသည်။ ။

www.burmeseclassic.com

www.burmeseclassic.com



# မျက်နှာငယ်သူ

[ ၁ ]

အသက်အရွယ် ငယ်ပင်ငယ်သေးသော်လည်း သူ့အကြောင်း သူ့ဘဝကိုစဉ်းစားလိုက်လျှင် မျက်နှာငယ်စရာတွေချည့်ဖြစ်၏။ အကြောင်းမှုကား သူဖြစ်ရပ်နှင့် သူ့ကိုမွေးဖွားလာရပုံမှာ ကြုံတောင့်ကြုံခဲ ခက်ခက်ခဲခဲဖြစ်သည်။ သာသနာတည်းဟူသော အမိုးသဟဲ၊ သို့မဟုတ် အရှင်သာရိပုတ္တရာတည်းဟူသော အမိုးသဟဲကြောင့်သာ သူ့ဘဝ အဆင်ပြေလာခဲ့ရသည်။ သို့မဟုတ်လျှင် ဘယ်သောင်ဘယ်ကမ်းဆိုက်မည့်သူမှန်းမသိဟုပင် တွေးထင်ကြရသည်။

ဖြစ်ရပုံကား သူသည် မိခင်ဝမ်း၌ သန္ဓေအရင့်အမာနှင့်ရှိစဉ် သူ့မိခင် ရုတ်ခြည်း ကွယ်လွန်ခဲ့၏။ သူ့မိခင်အလောင်းကို သုသာန်ထုတ်၍ မီးသင်္ဂြိုဟ်သောအခါ မိခင်ဝမ်းတွင် ရှိနေသော သူပါ မီးသင်္ဂြိုဟ်ခံရရှာသည်။ ဤကိစ္စတွင် လူကြီးများ အဆင်ခြင် ကင်းမဲ့မှုဟု ဆိုနိုင်ရာ၏။ သို့မဟုတ် ရုတ်ခြည်းရောဂါအခြေအနေကြောင့် ကမ္ဘာမီးလောင် သားကောင်ချနင်းခံရသည်ဟု ဆိုနိုင်ရာ၏။ သို့မဟုတ် တရားဖြင့် ကြည့်သော် သူ့ဘဝ ဝဋ်ကြွေး မကောင်းမှုအကုသိုလ်ကြောင့်ဟု ဆိုနိုင်ရာ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် သူကားမသေ။ နောက်တစ်နေ့တွင် သွားရောက်ကြည့်ရှုသောအခါ ပြာပုံအလယ်တွင် ငုတ်တုတ်ကလေး အသက်ရှင်လျက်ရှိနေသော သူ့ကို တွေ့ကြရသည်။ မီးသင်္ဂြိုဟ်စဉ်က တံစူးဝါးတို့ဖြင့် အထိုးခံရသော ဒဏ်ရာဒဏ်ချက်များသာရှိသည်။ အထူးသဖြင့် မျက်စိထောင့်စွန်းတွင် အထိုးခံရသော ဒဏ်ရာမှာ ထင်ရှား၏။ ထို့ကြောင့် ဗျူပွတ်အရ မှည့်ခေါ်လေ့ရှိကြသော အစဉ်အလာအတိုင်း "သံကိစ္စ" ဟု အမည်ရလာသည်။

ယင်းသို့ဖြင့် ဆွေမျိုးတို့အလယ်တွင် မျက်နှာငယ်စွာဖြင့် ခုနစ်နှစ်သားအထိ ကြီးပြင်းခဲ့ရသည်။ သူ့ဝဋ်ကြွေးမှာ ဤမျှဖြင့်မပြီးသေးပေ။ ထူးဆန်းသော ဤသူငယ်ကြောင့် ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက်တိုင်အောင် ဆင်းရဲမည်ဟူသော အဟောထွက်လာခြင်းပင်ဖြစ်ပေသည်။ ထို့ကြောင့် သူ့အတွက် အကောင်းဆုံးသော နေရာမှာ သာသနာတော်သာဖြစ်ပေရာ အရှင်သာရိပုတ္တရာ၏ ချီးမြှောက်မွေးမြူခြင်းဖြင့် ကိုရင်သံကိစ္စ အဖြစ်သို့ ရောက်လာသည်။

ဤနေရာတွင် "ပစ္ဆိမဘဝိက–နောက်ဆုံးဘဝရှင်" ဟူသော ကျမ်းဂန်အဆိုအမိန့်တစ်ရပ် ထွက်လာ၏။ အဓိပ္ပာယ်ကား ဤဘဝတွင် ရဟန္တာအဖြစ်တည်းဟူသော ကျွတ်တမ်းဝင်ရမည့်ပုဂ္ဂိုလ်သည် ကျွတ်တမ်းမဝင်ဘဲနှင့် မည်သည့်အကြောင်းကြောင့်မျှမသေ။ မြင်းမိုရ်တောင်နှင့်အဖိခံရလျှင်ပင် မသေဟူသော အဆိုအမိန့်ပင်ဖြစ်၏။

မှန်လှပေ၏။ မောင်ရင်လောင်းကလေး သံကိစ္စသည် အရှင်သာရိပုတ္တရာက ဆံချပေးစဉ် သင်ကြားပေးအပ်သည့် ဆံပင်၊ မွေးညှင်းစသော တစပဥ္စက ကမ္မဋ္ဌာန်းကို ရှုမှတ်ရင်း ဆံချပေးခိုက်တွင်ပင် ရဟန္တာအဖြစ်သို့ရောက်သည်။ သာမန်ရဟန္တာ ဖြစ်ကာမျှ ဟုတ်။ တန်ခိုးရှင်ပညာရှင် ဘက်စုံပြည့် ရဟန္တာအဖြစ်သို့ ရောက်သည်။

ထို့ကြောင့် မမွေးမီကပင် မီးသင်္ဂြိုဟ်ခံရခြင်း၊ တံစူးဝါးဖြင့်အထိုးခံရသောကြောင့် ရုပ်အဆင်းပျက်ယွင်းရခြင်း၊ ဆွေမျိုးတို့အလယ်တွင် မျက်နှာငယ်ရခြင်းစသော မကောင်းကြမ္မာတို့မှာ ထိုးမည့်ဆင် နောက်ဆုတ်သော ကြမ္မာများဟု ဆိုနိုင်ရာ၏။ အကြောင်းမူကား ယင်းကြမ္မာတို့ကြောင့်ပင် အမြင့်ဆုံးသောဘဝသို့ ဆိုက်ရောက်ခဲ့ရသောကြောင့် ဖြစ်သည်။

သို့ရာတွင် ကိုရင် သံကိစ္စ၏ ရဟန္တာအဖြစ်ကို ဆရာဖြစ်သူ အရှင်သာရိပုတ္တရာ မှတစ်ပါး အခြားရဟန်းများမသိကြ။ ကိုရင်သံကိစ္စကလည်း အဆင်းမလှခဲ့သော မိမိဘဝကို သံဝေယူ၍ ဥပဇ္ဈာယ်ဆရာရှင်အပေါ်တွင် ပြုအပ်သောတပည့်ဝတ်များကို မပျက်အောင် ဆောင်ရွက်သည်မှတစ်ပါး ရိုးရိုးကုပ်ကုပ်ကလေးသာ သီတင်းသုံးသည်။ အချိန်အားသမျှ တရားနှင့်သာမွေ့လျော်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်လက်ထက်တော်တွင် ရဟန္တာ၊ အရိယာပုဂ္ဂိုလ်ပေါင်း သိန်းသောင်းမက မရေမတွက်နိုင်အောင်ပင်ရှိကြရာ၌ သာသနာတော်နှင့်စပ်၍ အဂ္ဂသာဝက၊ မဟာသာဝက စသည့် ထင်ရှားသော ထေရ်အရှင်များမှတစ်ပါး ရဟန္တာဟူ၍ သိရသူ အလွန်ရှားသည်။ ရဟန္တာအဖြစ်ကပင်လျှင် ပ,လွှားမှု၊ ထင်ရှားမှုမှန်သမျှကို ပယ်ချပြီး ဖြစ်ပေရာ ပကတိအားဖြင့်ပင် နှိမ်ချ ရိုးသားကြပြီးသောကြောင့်ဖြစ်၏။ ဘုရားရှင်ကိုယ်တော်တိုင်က ရဟန္တာဟု ဖွင့်ထုတ်အဆုံးအဖြတ်ပေးသည့်အခါ၊ သို့မဟုတ် အခြားနည်းဖြင့် သိနိုင်ဖို့ရာ သာသနာတော်အရေး အကြောင်းကိစ္စပေါ်လာသည့် အခါမှာသာ ရဟန္တာဟု သိကြရသည်။

ဤတွင် ကိုရင်သံကိစ္စ အခွင့်အရေးသာဖို့ အကြောင်းပေါ်လာ၏။ ဇေတဝန်ကျောင်းတော်သို့ ဒါယကာသုံးဆယ်အစုတို့ သာသနာ့ဘောင်သို့ ဝင်ရောက်လာခြင်း ဖြစ်ပေသည်။

ဘုရားရှင်၏ တရားတော်ကို နာရသောကြောင့် သဒ္ဓါထက်သန်လာသော ဇေတဝန်၏ တရားနာဒါယကာတစ်စုသည် ရဟန်းဝတ်ပြီး တောထွက်ကြရန်အထိ ကြိုးစားလာကြသည်။ အဖွဲ့ဝင် ဒါယကာတစ်ဦးနှင့် အဆက်အသွယ်ရှိသော တောကျေးလက် ရွာတစ်ရွာကို အမှီပြုကာ တရားအားထုတ်ကြရန်စီစဉ်သည်။ အစီအစဉ်များ ရေးဆွဲပြီးစီး၍ ဘုရားရှင်ထံတော်သို့ တရားတောင်းရင်းခွင့်ပန်ကြသောအခါ ဘုရားရှင်က သင့်လျော်သောတရားများကို ဟောကြားပြီးနောက် အလွယ်ပင်ခွင့်ပြုတော်မူသည်။ သို့ရာတွင် သင်တို့နောင်တော်ကြီးဖြစ်သော သာရိပုတ္တရာကို ဖူးမြော်ပြီးမှသွားကြကုန်ဟု မိန့်တော်မူသောကြောင့် အရှင်သာရိပုတ္တရာအထံတော်သို့ သွားရောက်ဖူးမြော်ကြသည်။

“ငါ့ရှင်တို့။ ။ တောတွင်သီတင်းသုံးရန် သင်တို့၏ကြိုးပမ်းမှုသည် ကောင်းလှစွာ၏။ ဘုရားရှင်က ရဟန်းတို့အတွက် တောကိုအစဉ်ချီးကျူးတော်မူ၏။ မြို့တွင် တရားအားထုတ်နေသော ရဟန်းထက် တောတွင်အိပ်နေသောရဟန်းကိုပင် ချီးကျူးတော်မူ၏။ အကြောင်းမူကား မြို့တွင်တရားအားထုတ်နေသော ရဟန်းသည် အာရုံငါးပါးတည်းဟူသော အန္တရာယ်နှင့်နီးစပ်သည်။ တောတွင် အိပ်နေသောရဟန်းသည် တရားသို့သာရှေးရှုသည်။ သို့ဖြစ်၍ သင်တို့၏ အားထုတ်မှုကို သာဓုခေါ်ပါ၏။ သို့ရာတွင် သင်တို့၏တရားအဖွဲ့ဝင်အဖြစ် ငါ၏ကိုရင်တစ်ပါးကိုလည်း ခေါ်သွားကြပါကုန်”

“အဘယ်ကိုရင်ပါနည်း အရှင်ဘုရား”

www.burmeseclassic.com

www.burmeseclassic.com



''ဟောဟို ကိုရင်လေးပါပဲ'' ဟု မိန့်တော်မူကာ ရဟန်းကြီးသုံးဆယ်၏ နောက်ပိုင်းနားတွင် အလိုက်သင့် ရှိုးသီတင်းသုံးလျက်ရှိနေသော သံကိစ္စသာမဏေကို ညွှန်ပြတော်မူသည်။

ဘုရားရှင်၏ အမိန့်တော်ဖြင့် ရဟန်းကြီးသုံးဆယ်တို့ မိမိထံသို့ ရောက်လာသည် ဆိုကတည်းက ဘုရားရှင်၏ ဆန္ဒတော်ကို အရှင်သာရိပုတ္တရာသိပြီးဖြစ်သကဲ့သို့ ဤကိစ္စတွင် မိမိသည် အဘယ်ကဏ္ဍမှ ပါဝင်ဆောင်ရွက်ရတော့မည်ဆိုသည်ကိုလည်း ဘက်စုံပြည့်ရဟန္တာဖြစ်ပြီးသော ကိုရင်သံကိစ္စနားလည်ပြီးဖြစ်နေသောကြောင့် ရဟန်းကြီးတို့၏နောက်ဆွယ်တွင် အလိုက်သင့်နေလိုက်ခြင်းဖြစ်၏။

ရဟန်းတို့သည် အရှင်သာရိပုတ္တရာညွှန်ပြရာသို့ လှည့်၍ကြည့်လိုက်ကြသောအခါ ငယ်ရွယ်လှစွာသော ကိုရင်ကလေးကို မြင်ရသောကြောင့် ခေါင်းဆောင် ရဟန်းကြီးက ''အလိုလေးလေး၊ ငယ်လှပါချည့်ဘုရား၊ တပည့်တော်များသည် ပတ်ဝန်းကျင်ဒုက္ခကို ကြောက်သောကြောင့် တောထွက်ကြခြင်းဖြစ်ပါသည်။ ဤကိုရင် ကလေးကိုသာ ခေါ်သွားရလျှင် တပည့်တော်တို့အဖို့ ကြောင့်ကြမှုမျိုးစုံတို့ ပေါ်ပေါက်လာရပါလိမ့်မည်ဘုရား''

''ငါ့ရှင်တို့။ ။ ငါပြောမည်၊ နားထောင်ကြကုန်။ ပထမအချက်မှာ ဘုရားရှင်က သင်တို့အား ငါ့ထံသို့ စေလွှတ်လိုက်ခြင်းသည် ဤသာမဏေငယ်ကို သင်တို့နောက်သို့ ထည့်လိုက်စေလိုသော ဆန္ဒတော်ကြောင့်ဖြစ်သည်။ ဒုတိယအချက်မှာ ငယ်ပင်ငယ် သော်လည်း ဤသာမဏေကြောင့် သင်တို့အဖို့ ကြောင့်ကြမှု တစ်စုံတစ်ရာ ဖြစ်လာ လိမ့်မည်မဟုတ်ပါ။ စိတ်ချလက်ချသာ ခေါ်သွားကြပါကုန်''

ဘုရားရှင်ဆန္ဒတော် ဆိုသောကြောင့် အထွန့်မတက်ဝံ့ကြတော့၊ ခေါ်သွားရ ပေတော့မည်။ သို့ရာတွင် စဉ်စားဉာဏ် အတန်ရှိသောရဟန်းအချို့ကမူ မိမိတို့ တရားအားထုတ်သွားကြမည့်ကိစ္စ၌ ကိုရင်ကလေးနှင့်စပ်သော တရားအားထုတ်လိုမှုအကြောင်း တစ်စိုးတစ်စိမျှ အရှင်သာရိပုတ္တရာက မိန့်တော်မမူလိုက်သောကြောင့် သိတော်မူ မြင်တော်မူသော ဘုရားရှင်အဖို့ အကြောင်းထူးတစ်စုံတစ်ရာ ရှိတန်ရာ၏ဟု စဉ်းစားသည်။

ဤတွင် စီစဉ်ထားပြီးဖြစ်သော ဆွမ်းခံရွာ ကျေးရွာနှင့် မနီးမဝေးရှိ တောအုပ် အတွင်းမှ တောကျောင်းကလေးများသို့ ကိုရင်သံကိစ္စနှင့်အတူ ရောက်ရှိသွားကြရာမှ မကြာမီ ရက်ပိုင်းအတွင်းမှာပင် ရဟန်းတော်များ၏ ကျောင်းငယ်အုပ်စုသို့ စားကြွင်း စားကြီး ဦးပေသီးရောက်ရှိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

သပိတ်ဆေးခြင်း၊ တံမြက်လှည်းခြင်းစသော ရဟန်းတော်တို့၏ အမှုကိစ္စအတန်ငယ်မျှကို ပြုလုပ်ပြီးနောက် ရဟန်းတော်တို့၏အထံတွင် ကပ်ရပ်စားသောက်နေသူကို ဒေသနာတော်တွင် ''စားကြွင်းစား'' ဟုခေါ်၍ နောင်အခါ၌ 'ကပ္ပိယ' ဟု ပြောင်းလဲခေါ်ဝေါ်လာသည်။ စားကြွင်းစားဟူသော ဝေါဟာရမှာ သိမ်ရင့်သောကြောင့် ကျောင်းအမှုလုပ် ကပ္ပိယဟု အားနာပါးနာနှင့် ပြောင်းလဲခေါ်ဝေါ်လာဟန်ရှိသည်။

ထိုသူတို့သည် အများအားဖြင့် လူ့ဘဝ၏ အမှီအခိုကင်းမဲ့သော ခါးမနောက်ပိတ်ခွေသမားများသာ ဖြစ်တတ်ကြ၏။ ယင်းသို့ဖြစ်သည့်အားလျော်စွာပင် ပညာကင်းမဲ့သူ၊ ဆင်ခြင်တုံတရား နည်းပါးသူများလည်း ဖြစ်တတ်ကြ၏။ အခြားသူများလည်းဖြစ်သည် မဖြစ်သည်ထားပါတော့။ ဦးပေသီးမှာမူကား လူ့သာပေါင်းညာစား၊ လူ့သစ္စာမဲ့၊ လူ့ညာတာဝါဒသမား တစ်ယောက်သာတည်း။

သစ္စာမဲ့၊ ပညာမဲ့ ဆိုသော်လည်း သူ့အကျိုးမြင်လျှင်၊ စားဖို့မြင်လျှင် တစ်ဖက်သား၏ကိစ္စကို အလိုက်သင့်ဆောင်ရွက်ပေးတတ်သည်။ လိုက်လျောညီထွေ ပြောတတ် ဆိုတတ်သည်။ သူ့အကျိုးမမြင်တော့သည်နှင့်တစ်ပြိုင်နက် သစ္စာဖောက်သည်။ ကျောပေးလိုက်သည်။ ဤသည်ကို လူ့သာပေါင်းညာစား၊ လူ့ညာတာဝါဒသမားဟု ခေါ်၏။

ဦးပေသီးသည် တစ်ရွာရှိ သမီးတစ်ယောက်ထံတွင် စားခွင့်မသာတော့သည်နှင့် အခြားရွာတစ်ရွာရှိ သမီးထံသို့ သွားရာ၌ တောအုပ်ကိုဖြတ်၍ သွားရသည်။ တောအုပ်အတွင်းရှိ ရဟန်းတော်များ ဆွမ်းစားခိုက်နှင့်ကြုံ၍ ဝင်ရောက်ချဉ်းကပ်သောအခါ စားကွက်ကောင်းနှင့်တိုး၏။ အကြောင်းမူကား ရဟန်းတော်တို့၏ ဆွမ်းကြွင်းဟင်းကျန်များမှာ ပေါပေါများများနှင့် သူမစားခဲ့ဖူးသော ဟင်းကြွေးများ ဖြစ်နေပေရာ ရဟန်းတော်တို့ထံတွင် မှီခိုနေခြင်းဖြင့် သက်သက်သာသာ စားသောက်နေထိုင်ရတော့မည်ကို တွေ့ရသောကြောင့်ဖြစ်၏။

အရှင်ဘုရားတို့၏ ဝတ်ကြီးဝတ်ငယ်ကို ပြုစုရင်းဖြင့် အရှင်ဘုရားတို့ထံတွင် နေထိုင်ပါရစေဟု လျှောက်ထားသောအခါ ရဟန်းတော်များကလည်း သပိတ်ဆေးခြင်း၊ သောက်သုံးရေခပ်ခြင်း စသော ဝေယျာဝစ္စကလေးများတွင် အကူအညီရသူဖြစ်သောကြောင့် လက်ခံထားလိုက်သည်။

သို့ဆိုလျှင် အေးအေးစား၊ အေးအေးနေရခြင်းဖြင့် သူ့ဆန္ဒပြည့်ဝလေပြီဟု ဆိုရန်ရှိ၏။ သို့ရာတွင် ကြာကြာမနေနိုင်။ အကြောင်းမူကား လူ့ဆန္ဒဟူသည် ခိုင်မြဲသော သံယောဇဉ်နှင့် ခိုင်မြဲသောအလုပ်တစ်ခု မရှိခဲ့ပါသော် အေးအေးစား၊ အေးအေးနေရခြင်းဖြင့် မပြီးနိုင်သောကြောင့်ပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



လုပ်မှကိုင်မှ ရှန်းကန်နိုင်မှ စားနေရသူတို့က အလုပ်အကိုင်မရှိဘဲ စားသောက်နေထိုင်သူတို့ကို ထမင်းကြမ်း ယပ်ခတ်စားသူဟု ချီးကျူးအားကျတတ် ကြ၏။ ဖိမ်ရှိသူဟု ထင်မှတ်တတ်ကြ၏။ အလုပ်မရှိသဖြင့် ယောက်ယက်ခတ် နေကြသော စည်းစိမ်ရှင်တို့၏ ဒုက္ခကိုကား မသိမြင်တတ်ကြပေ။

ဤနည်းဖြင့် ဦးပေသီးအဖို့ အေးအေးစား၍ မနေနိုင်ပြန်သောအခါ ရက်အနည်းငယ်အတွင်းမှာပင် မူလရည်မှန်းချက်ရှိရာ သမီးထံသို့ တောအုပ်ကိုဖြတ်၍ ဆက်လက်သွားပြန်သည်။ ဤတွင် ဦးပေသီးအဖို့ တောအုပ်အလယ်မှ ဓားပြအုပ်စုနှင့် ပက်ပင်းတိုးလေသည်။

တိုးပုံမှာ သာမန်အားဖြင့်ဆိုလျှင် ချင်ရွေးမှုမရှိသော ဦးပေသီးအား လွှတ်ပစ်လိုက်နိုင်စရာရှိ၏။ ယခုသော် ဓားပြအုပ်စုတို့ ယစ်ပူဇော်ပွဲပြုလုပ်နေကြရာမှ လူသားဖြင့် ပူဇော်ရန် ဆေးတစ်မည်လိုနေခိုက်တွင် အလိုက်သင့်ရောက်သွားခြင်းဖြစ်လေရာ သေဘေးနှင့်တိုးမိခြင်းဖြစ်လေသည်။

သို့ရာတွင် မာယာများ၍ ယစ်ပူဇော်မှုနှင့် အာထဗ္ဗဏ လုပ်ငန်းတို့တွင် အနည်းငယ် ဗဟုသုတရှိပြီးသော ဦးပေသီးက ရုတ်ခြည်း ပရိယာယ်ဆင် လိုက်သည်။

"ဆရာတို့။ ။ ဆရာတို့ ယစ်ပူဇော်မှုအလုပ်ကို ကျွန်တော်နားလည်ပါသည်။ ကျွန်တော်သည်ကား သူတစ်ပါး၏ စားကြွင်းစားကျန်မျှကိုသာစား၍ အသက်မွေးရသော လူ့အောက်တန်းစားမျှ ဖြစ်ပါသည်။ လူ့အောက်တန်းစားနှင့် ပူဇော်ခြင်းဖြင့် ယဇ်နတ်မင်းသည် အဘယ်ပုံ နှစ်သက်ပါအံ့နည်း။ ကျွန်တော့်ထက် မြင့်မြတ်သော ပုဂ္ဂိုလ်နှင့် ယဇ်ပူဇော်ရပါသော် ပို၍အစွမ်းထက်နိုင်သည်မဟုတ်ပါလော"

"သင့်ထက်မြတ်သောသူကို အဘယ်မှာ ရနိုင်ပါအံ့နည်း"

"ရနိုင်ပါသည်။ ရနိုင်ဖို့လည်း လွယ်ပါသည်။ ဤလမ်းခရီးမှ မနီးမဝေးတွင် ရဟန်းတို့ သီတင်းသုံးလျက်ရှိနေပါသည်။ ရဟန်းထက်မြင့်မြတ်သူ အဘယ်မှာ ရှိပါဦးမည်နည်း"

"ရဟန်းဘယ်နှစ်ပါးရှိသနည်း"

"၃၁ ပါးပင်ရှိနေပါသည်"

"ရဟန်းတို့က ငါတို့ကို အန်တုသော်မခက်လော"

"ဤရဟန်းတို့သည် ဆရာတို့ကို အန်တုဖို့ဝေး၍ စိတ်မျှပင် ပြစ်မှားလိမ့်မည် မဟုတ်ပါ။ ထို့ကြောင့် ရဟန်းတစ်ပါးမျှကို ရယူဖို့ လွယ်ပါသည်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ သို့ဆိုလျှင် သင်လိုက်ပြရမည်။ သင့်ကိုပင် ဓားစာခံပြု၍ ခေါ်သွားမည်။ သင်ပြောသည့်အတိုင်း မဟုတ်မှန်ခဲ့သော် သင့်ကို ဆင်းရဲမျိုးစုံဖြင့် ဒဏ်ခတ်ပြီးမှ သေစေမည်"

"အလိုရှိတိုင်း စီရင်တော်မူပါ"

သို့နှင့် ဓားပြအုပ်စုသည် အကယ်၍ ရဟန်းတို့အန်တုလာပါက ခုခံနိုင်ရန် ငါးရာစလုံးပင် ဦးပေသီးနှင့်အတူ ရဟန်းတို့ရှိရာသို့ လိုက်ပါလာကြသည်။

ရဟန်းကျောင်းအုပ်စုသို့ ရောက်လာကြသည်မှန်ပါ၏။ သို့ရာတွင် တစ်ပါးမျှ မတွေ့ရသောကြောင့် အချက်ကိုသိသော ဦးပေသီးက ရဟန်းတို့စုဝေးရာဇရပ်မှ အကြောင်းရှိလျှင် တီးခေါက်ရသော တုံးမောင်းသစ်စည်ကို တီးလိုက်သောအခါ တရားအားထုတ်ရာကျောင်းကလေးများအတွင်းမှ ရဟန်းတော်တို့ တစ်ပါးပြီးတစ်ပါး ကြွရောက်လာကြသည်။

ရဟန်းတော် ၃၁ ပါးစုံညီသောအခါ ဓားပြများက ဓားလွတ်ကိုယ်စီဖြင့် ဇရပ်ကိုဝိုင်း၍ ထားလိုက်ကြ၏။ ဦးပေသီးမူကား အတန်ငယ်ရက်စနိုး၍ ဓားပြတို့ အကြားတွင် ပုန်းကွယ်၍ နေသည်။ ရဟန်းတော်တို့အဖို့ အသွင်အပြင်ကို ကြည့်၍ မမျှော်လင့်သော အန္တရာယ် ဆိုက်ရောက်လာပြီကိုသိကြပြီးဖြစ်၏။ ဓားပြဗိုလ်က ဇရပ်အတွင်းဝင်၍ မထေရ်ကြီးနှင့် ရင်ဆိုင်လိုက်ရသည်။

"တပည့်တော်တို့ ယဇ်ပူဇော်ရန်အတွက် ရဟန်းတစ်ပါး အလိုရှိပါသည်"

"ငါတို့ကား တရားကျင့်သုံးနေကြသူများဖြစ်ကြပါသည်။ မည်သူ့ကိုမျှ ရန်ရှာသူများမဟုတ်ကြပါ"

"ရဟန်းဟူသည် တရားအားထုတ်ကြမည်ကိုသိပါ၏။ သို့ရာတွင် တပည့်တော်တို့အဖို့ ရဟန်းတစ်ပါးကိုရဖို့ အရေးကြီးနေပါသည်"

"ဒါယကာကြီး။ ။ သူတစ်ပါးအသက်ကို မသတ်စကောင်းပါ။ အထူးသဖြင့် သူတော်ကောင်းတို့ကို စိတ်ဖြင့်သော်လည်း မပြစ်မှားစကောင်းပါ"

မထေရ်ကြီးအဖို့ အန္တရာယ်နှင့် ပက်ပင်းတိုးနေသော်လည်း အတန်ငယ်အားရှိ၏။ အကြောင်းမူကား ဓားပြဗိုလ်၏လေသံတွင် မိမိတို့အား ရိုသေသမှုနှင့် တရားရိပ် တရားသံ ပါရှိနေသောကြောင့်ဖြစ်သည်။ သို့ရာတွင် ဓားပြဗိုလ်ကြီးက အလျှော့မပေး။ လေသံနှင့် အမူအရာပင် တင်းမာလာသည်ကို တွေ့ရသည်။

"တပည့်တော်တို့မှာ အရေးကြီးနေ၍ တစ်ပါးတည်းတောင်းတာပါ။ တောင်းမနေဘဲ အကြမ်းဖက်ခဲ့သော် တစ်ပါးမကပင် ရနိုင်ပါသည်။ သို့ရာတွင် အရှင်တို့

www.burmeseclassic.com



သူတော်ကောင်းအဖြစ်ကိုငဲ့၍ တပည့်တော်တို့မှာလည်း မရလျှင်မဖြစ်သောကြောင့် တစ်ပါးတည်းမျှ တောင်းဆိုနေခြင်းပါ။ အကယ်၍ အနုနည်းဖြင့်မရခဲ့ပါသော် ရသည့်နည်းဖြင့် အကြမ်းဖက်ရပါလိမ့်မည်''

''သို့ဆိုလျှင် ကောင်းပါပြီ။ ငါ့အား ခေါင်းဆောင်ရဟန်းဖြစ်၍ အများအတွက် ငါ့အသက်ကိုပေးပါမည်။ ငါ့ကို သင်တို့အလိုရှိသလို စီရင်ကြပေတော့''

ဤတွင် ဓားပြဗိုလ်က မထေရ်ကြီးကို ဆွဲယူရန် ဟန်ပြင်ခိုက် ရဟန်းအများတို့ ရုတ်ခြည်း လှုပ်လှုပ်ရွရွ ဖြစ်လာကြသည်။ မထေရ်ကြီးကို မခေါ်ပါနှင့် မထေရ်ကြီးမှာ တရားပြရန်နှင့် တပည့်များကို ဆုံးမရန်တာဝန်ရှိနေပါသည်။ ငါ့ကိုခေါ်ပါ။ ငါ့ကိုသာ ခေါ်ပါဘိဟု နေရာမှထ၍ ရဟန်းအားလုံးကပင် သူ့ထက်ငါ တောင်းဆိုလာကြခြင်းဖြစ်၏။

ထိုအခြင်းအရာကြောင့် ဓားပြဗိုလ်အဖို့ လက်တွန့်သွားသည်။ အံ့အားလည်း သင့်သွားသည်။ အကြောင်းမူကား စွဲလမ်းမှု အယူအစွဲ အလုပ်သဘောကြောင့်သာ ရဟန်းတစ်ပါးရဖို့ အတင်းတောင်းဆိုနေရသော်လည်း ပင်ကိုအားဖြင့် ဆင်ခြင်တုံတရား မကင်းသူဖြစ်ပေရာ မိမိတို့အသက်ထက် ဆရာနှင့်တရားကိုခင်တွယ်ကြသော ရဟန်းတော်တို့၏ မွန်မြတ်သော စိတ်ဓာတ်နှင့်အပြုအမူကို ပက်ပင်းတွေ့နေရသောကြောင့်ဖြစ်၏။

ယင်းသို့ သူ့ထက်ငါသာ အသက်ပေးရန် တောင်းဆိုနေကြခိုက် 'အရှင်မြတ်တို့၊ အရှင်ဘုရားတို့' ဟူသော အသံယဲ့ယဲ့နှင့် စူးစူးထက်ထက် အသံကလေးကို ကြားလိုက်ရသောကြောင့် အသံရှင်ဆီသို့ ကြည့်လိုက်ကြသောအခါ ရဟန်းပရိသတ် အစွန်မှနေ၍ ရဟန်းတို့ကို ရှိခိုးနေသော ကိုရင်သံကိစ္စကို တွေ့လိုက်ကြရသည်။

''အရှင်ဘုရားတို့။ ။ဤကိစ္စအတွက် တပည့်တော်တာဝန်ဖြစ်ပါစေ။ တပည့်တော် လိုက်ပါသွားပါမည်ဘုရား''

ထိုအခါ မထေရ်ကြီးက အံ့အားသင့်စွာဖြင့် ''အလိုလေးလေး . . . မကြားဝံ့ မနာသာပါတကား၊ မောင်ရင်လေး အေးအေးနေပါ။ မောင်ရင်လေးကိစ္စမဟုတ်ပါဘူး'' ဟု မိန့်လိုက်သည်။

''အရှင်မြတ်တို့ ကြောင့်ကြမဲ့ သီတင်းသုံးရစ်ကြပါ။ တပည့်တော် တာဝန်ယူနိုင် ပါသည်ဘုရား''

''သည်းခံလော့မောင်ရင်၊ မောင်ရင်က တာဝန်ယူနိုင်သည်ဆိုဦးတော့၊ ငါတို့အဖို့ သင့်ဆရာ အရှင်သာရိပုတ္တရာနှင့် ဘုရားရှင်မျက်နှာတော်တို့ကို အဘယ်ပုံ ဖူးဝံ့နိုင်ကြ တော့မှာလဲမောင်ရင်''

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရားတို့ ။ ။ ယခုသော် တပည့်တော် ဖွင့်၍ လျှောက်ထားပါတော့မည်။ ဘုရားရှင်၏ အစီအစဉ်ဖြင့် တပည့်တော်၏ ဆရာက အရှင်ဘုရားတို့နောက်သို့ တပည့်တော်ကိုထည့်လိုက်သည်မှာ ဤကိစ္စအတွက်ပင်ဖြစ်ပါသည်။ အနာဂတံသ ဉာဏ်တော်အရှင်၊ အနာဂတ်ကို သိမြင်တော်မူသောဘုရားရှင်နှင့် ဆရာသခင်တို့၏ အစီအစဉ်ဖြစ်ပါသည်။ တပည့်တော်အတွက် တစ်စုံတစ်ရာ မပူပန်ကြပါနှင့်။ တပည့်တော်လိုက်ပါသွားပါမည်။ အရှင်ဘုရားတို့ ကြောင့်ကြမဲ့သာ သီတင်းသုံးတော်မူကြပါဘုရား" ဟု လျှောက်ထားပြီးနောက် ဓားပြဗိုလ်အနီးသို့ ချဉ်းကပ်လာကာ "ကဲ ဒါယကာကြီး၊ ငါ့ကို အလိုရှိရာ ခေါ်ပါလေလော့၊ လိုက်ပါရန် အသင့်ပါပဲ" ဟု ပြောကြားလိုက်သည်။

ဓားပြဗိုလ်အဖို့လည်း ရဟန်းတော်တို့ပြုသနာတွင် အတန်ငယ်ငေးမောနေမိရာက် မိမိအနီးသို့လိုက်ပါရန်ချဉ်းကပ်လာသော ကိုရင်လေးကိုတွေ့ရသောအခါ ယစ်ပူဇော်မှုအတွက် ငယ်လွန်းလေစွဟု စဉ်းစားလိုက်မိသော်လည်း ရဟန်းတစ်ပါးဟုသာ တောင်းခံမိသော မိမိကတိအတိုင်း ကိုရင်လေးကိုပင်ဆွဲ၍ ဖရုပ်ပေါ်မှ ဆင်းခဲ့သည်။

[ ၃ ]

ဘုရားရှင်နှင့် အရှင်သာရိပုတ္တရာကဲ့သို့သော ရဟန္တာမထေရ်ကြီးတို့၏ အနာဂတံသဉာဏ်တော်တို့ကို ယုံကြည်ကြပါ၏။ သို့ရာတွင် မျက်မြင်တွေ့ကြုံရသော ဆင်းရဲကြောင့် ရဟန်းတော်တိုင်းသည် ဓားပြဗိုလ်လက်တွင်းသို့ ပါသွားလေသော ကိုရင်သံကိစ္စကို ငေးငိုင်ကြည့်ရှုကာ မျက်ရည်အသွယ်သွယ်ကျလျက်ရှိနေကြသည်။ ခေါင်းဆောင်မထေရ်ကြီးတစ်ပါးသာ မဆည်နိုင်သော မျက်ရည်ကြောင့် ရှက်စနိုးကာ ဦးခေါင်းကို ငုံ့ထားသည်။ သောကအပူကိုချိုးနှိမ်ကာ ကိုရင်သံကိစ္စသို့ မေတ္တာပို့ရင်း–

"အရှင်ဘုရားတို့။ ။သာမဏေကို မေတ္တာပို့ကြ၊ ဒါယကာများကိုလည်း မေတ္တာပို့ကြ" ဟုလည်း သတိပေးသည်။

ထို့ကြောင့် ရဟန်းတော်များသည် မျက်ရည်လည်ရွဲများကို သိမ်းဆည်းနေသည့်အကြားကပင် "ကိုရင်သံကိစ္စ ချမ်းသာပါစေ၊ ဒါယကာတို့လည်း ကျန်းမာချမ်းသာကြပါစေ"ဟု တညီတညွတ်တည်း နှလုံးသည်းပွတ်မှလာသောအသံများဖြင့် မေတ္တာပို့ကြသည်။ မေတ္တာပို့ရင်းဖြင့်မထေရ်ကြီးက "အရှင်ဘုရားတို့။ ။ သောကကို သတိဖြင့် ဖြေဖျောက်ပြီးမေတ္တာသန့်သန့်ပို့နိုင်အောင် ကြိုးစားကြ။ မေတ္တာသန့်သန့်ပို့ကြ" ဟု မိမိကိုယ်တိုင် ကြည်လင်သောအသံဖြင့် မေတ္တာပို့ရင်း ဖြတ်၍ ဖြတ်၍ သတိပေးသည်။

www.burmeseclassic.com

မှန်၏။ ခင်မင်သူတို့ကို မေတ္တာပို့သရာ၌ ပို့ခိုက်တွင် ခင်မင်သူတို့၏ဆင်းရဲကို မြင်ရတွေ့ရ၊ မြင်မိတွေးမိသောအခါ မေတ္တာ၏ အဖော်တုဖြစ်သော သောကသည် မေတ္တာကို မသန့်စင်အောင် ဟန်ဆောင်နှောင့်ယှက်တတ်၏။ အကြောင်းမူကား မေတ္တာနှင့်ယှဉ်ကပ်လျက်ရှိသော ဗြဟ္မစိုရ်ကရုဏာနှင့် သောကဟူသည် ကြိုးတန်း လျှောက်သကဲ့သို့သော တစ်ဖက်စွန်းနှင့် တစ်ဖက်စွန်းတွင်ရှိသည့်စိတ်များ ဖြစ်ကြပေရာ သတိမထားလျှင် ရောနှော၍ သွားတတ်သောကြောင့်ဖြစ်သည်။ ထိုအခါ မေတ္တာနှင့် ကရုဏာသည် အစွမ်းရှိသလောက် အရာမရောက်ဘဲ ရှိတတ်၏။

"သောကဟူသည် ကရုဏာယောင်ဆောင်၍ လှည့်စားတတ်၏"ဟု ဝဋ္ဋနာခေါ် လှည့်ဖြားမှုတရားတွင် ဟောတော်မူအပ်သည်မဟုတ်ပါလော။ ထို့ကြောင့် မေတ္တာကန့်သန့် ပို့ကြဟု သတိပေးရခြင်းဖြစ်သည်။

ထူးဆန်းသည်က ကိုရင်ကိုခေါ်ဆောင်သွားသော ဓားပြဗိုလ်၏ ကိုယ်ဟန်နှင့် မျက်နှာသည် ညှိုးနွမ်းနေသည့်ပြင် ဖရပ်ကို ဝန်းရံထားသည့် ခက်တရော်ဟန်ရှိသော ဓားပြများသည်လည်း ဓားလွတ်များကို ကိုင်ထားကြစေကာမူ မျက်နှာများမှာမူကား ကိုယ်စီ ညှိုးနွမ်းနေကြခြင်းပင်ဖြစ်ပေသည်။ မိမိတို့၏ ကိစ္စကြောင့် မလွှဲသာ၍ ခေါ်ဆောင် သွားရသော်လည်း ကိုရင်နှင့် ရဟန်းတော်များအပေါ်၌ ကရုဏာကင်းကြဟန်မတူပေ။

မှန်လှပေ၏။ လူသတ္တဝါတို့ကို ချုပ်ကိုင်ထားသော အခြေခံ စိတ်ထားသုံးမျိုးမှာ တဏှာလောဘ၊ မာန်မာနနှင့် အယူအစွဲတည်းဟူသော ထိပ်ခေါင်စိတ်ညံ့များဖြစ်သည် မဟုတ်ပါလော။ တဏှာလောဘကြောင့် အချင်းချင်းကို သတ်သည်။ မာန်မာနကြောင့် ဆွေမျိုးမိတ်သင်္ဂဟကို သတ်သည်။ အယူအစွဲကြောင့် အယူကွဲသူများကို သတ်သည်။ ဤစိတ်ဆိုးစိတ်ညံ့များ ပူးပေါင်းခေါင်းဆောင်လိုက်သောအခါ မိဘကိုသော်လည်း သတ်ကြသည်မဟုတ်ပါလော။

ထို့ကြောင့် ဓားပြတို့သည် လူစိတ်မကင်းသောကြောင့် အဘယ်မျှ မေတ္တာ ကရုဏာဖြစ်ပေါ်လာသည်ဆိုစေ၊ မိမိတို့၏ကိစ္စပြီးစီးစေလိုမှုတည်းဟူသော တဏှာ လောဘနှင့် အယူအစွဲတို့ကြောင့် ကိုရင်ကလေးကို သတ်ကြပေတော့မည်။ သို့သော် အဖျက်တရားဟူသည် အပြုတရားကို နိုင်နိုင်စွမ်းပါမည်လော။ ဒေါသသည် မေတ္တာကို နိုင်နိုင်စွမ်းပါမည်လော။

ယဇ်ပူဇော်ပွဲရှိရာ မိမိတို့နေရာသို့ ရောက်ကြသောအခါ ရည်မှန်းအပ်သော ယဇ်ကောင် လူစားရပြီဖြစ်၍ ဦးပေသီးကို လွှတ်လိုက်သည်။ လူယုတ်မာ ဦးပေသီးသည် ဓားပြပရိသတ်မှ ပုန်းကွယ်ရှောင်တိမ်းသွားသည်။ ကိုရင်ကလေးကို ပိုင်းဖြတ်ခုတ်စဉ်း ရန်အတွက် ယဇ်စင်သို့တင်၏။ ပိုင်းဖြတ်ခုတ်စဉ်းပစ်ရန်သာလိုတော့သည်။

www.burmeseclassic.com



ထူးဆန်းသည်ကား ကိုရင်ကလေးသည် မိမိတို့ခေါ်ဆောင်လာသည့်အချိန် မှစ၍ သူ့ကိုသတ်တော့မည်မှန်းသိပါလျက် စိုးရိမ်ထိတ်လန့်သည့် အမူအရာဟူ၍ ကိုရင်ကလေးထံတွင် စိုးစဉ်းမျှမတွေ့ရခြင်းပင်ဖြစ်ပေ၏။ ငယ်သောကြောင့် ကြောက်ရမှန်း မသိလေသလော။ အခုလည်း ယဇ်ခွင်တွင် တရားထိုင်သကဲ့သို့ပင် ငြိမ်သက်အေးဆေးစွာ ထိုင်လျက်ရှိနေပေသည်။

စင်စစ်သော်ကား ဒေါသကင်းစင်ပြီးသော ရဟန္တာ ကိုရင်ကလေးအဖို့ ကြောက်စိတ်ဟူသည် အဘယ်မှာ ရှိချေတော့အံ့နည်း။ အကြောင်းမူကား ကြောက်စိတ် ဟူသည် တရားကိုယ်အားဖြင့် ဒေါသပင်ဖြစ်၏။ ဒေါသနှင့် ကြောက်စိတ်ဟူသည် တစ်ဖက်စွန်းနှင့် တစ်ဖက်စွန်းမျှသာကွာခြားသည်မဟုတ်ပါလော။

ကိုရင်လေးသည် မေတ္တာစျာန်ကို အရင်းတည်ကာ ရဟန္တာတို့၏အမြင့်ဆုံး တရားအဆင့်ဖြစ်သော ဖလသမာပတ်အပြည့်အစုံဖြင့် ယဇ်ခွင်တွင် ထိုင်လျက်ရှိသည်။ ဖလသမာပတ်ဝင်စားသော ရဟန္တာတို့၏ တရားထုံးနည်းအတိုင်း ဘုရားရှင် ဆရာ အရှင်များ ခေါ်တော်မူလျှင် သမာပတ်မှနိုးကြားစေသတည်းဟူသော အဓိဋ္ဌာန်ဖြင့် ထိုင်ရာက၊ ယခုသော် အနီးကပ် အကြောင်းပေါ်လာသောကြောင့် ဓားပြဒါယကာတို့ လျှောက်ထားလျှင်လည်း သမာပတ်မှ ထစေသတည်းဟူသော အဓိဋ္ဌာန်ကိုလည်း ပြု၍ထိုင်တော်မူသည်။

'ကျားနှင့်ဆင် လယ်ပြင်မှာတွေ့ကြပြီ' ဆိုသကဲ့သို့ ဒေါသနှင့် မေတ္တာတို့သည် ဤနေရာတွင် တွေ့ကြပြီဖြစ်၏။

"ကဲ ။ ။ ။ ကိုရင်ကလေး၊ သနားတော့ သနားပါရဲ့၊ နို့ပေမယ့် ငါတို့၏ ယဇ်အစီအစဉ်ကြောင့် သတ်ရတော့မည်။ မိမိရည်မှန်းအပ်သော ကောင်းရာသုဂတိကိုသာ အာရုံပြုပေတော့၊ လာလေရော့လဟယ် ။ ။ ။" ဟုတိုကာ ဓားပြဗိုလ်ကြီးကိုယ်တိုင် အပြားကြီး၍ အသွားထက်လှစွာသော ဓားကြီးဖြင့် ကိုရင်လေး၏လည်တိုင်ကို တအားလွှဲ၍ ခုတ်လိုက်သောအခါ ဓားကြီးသည် ချွင်ခနဲမြည်ကာ သံကိုခုတ်ရသကဲ့သို့ ခုန်၍ထွက် လာသည်။ ကိုရင်ကလေးကား ထိုင်မြဲအတိုင်းမှ စိုးစဉ်းမျှမတုန်လှုပ်။

ဓားပြဗိုလ်အဖို့ အံ့ဩလှစွာပင် နောက်တစ်ကြိမ်ထပ်၍ ခုတ်လိုက်ပြန်သော အခါ ဓားကြီးသည် ကိုရင်လေး၏ ဖက်ပေါ်တွင် ခွေလိပ်၍သွားရုံမျှမက ကျိုးပဲ့ လွင့်စဉ်၍ပင်သွားသည်။ ကိုရင်ကလေးကား ထိုင်မြဲအတိုင်းမှ စိုးစဉ်းမျှမတုန်လှုပ်။

ဝိုင်း၍ကြည့်နေကြသော ဓားပြအားလုံးပင် ဟင်ခနဲ ဟယ်ခနဲ ဖြစ်ကုန်ကြ၏။ အံ့အားသင့်ကုန်ကြသည်။ ဓားပြဗိုလ်ကိုယ်တိုင်ကလည်း အံ့ဩသောမျက်နှာဖြင့် ဓားပြ များသို့ကြည့်သည်။ သို့ရာတွင် ဤမျှအထိ သတိမရသေးသောကြောင့် တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



အဖြစ် အခြားဓားတစ်ချောင်းကို ယူ၍ တအားလွှဲခုတ်လိုက်ပြန်သောအခါ ခွေလိပ်ကျိုးပဲ့၍ပင်သွားသည်။

ဘုရားရှင်လက်ထက်တော်က ဤအဖြစ်မျိုးသည် ဓားပြတို့မသိသေးသော်လည်း ရှိ၍ပင်နေပြီဖြစ်၏။ ဓားပြတို့၏ဓားဟူသည် ဗောဓိပင်နှင့် ရွှေပလ္လင်တွင် ဖလသမာပတ်တည်းဟူသော မေတ္တာတော်အစီအစဉ်ဖြင့်ရှိနေသော ဘုရားရှင်အား မာရ်နတ်က တိုက်ခိုက်သည့် လက်နက်တို့နှင့်စာသော် အဘယ်မှုစကောင်းအံ့နည်း။ အာဠာဝက၏ ဘွဲ့ဖြူလက်နက်တို့နှင့် နှိုင်းစာသော် အဘယ်မှုစကောင်းအံ့နည်း။

စင်စစ်သော်ကား ဘုရားရှင်ကိုအပထားဦး၍ တရားအလုပ်တွင် အမြင့်ဆုံးသော ဖလသမာပတ် ဝင်စားတော်မူနေသည့် ရဟန္တာအရှင်တို့အား လက်နက်ဆိုသည်နှင့်မက မြင်းမိုရ်တောင်ဖြင့် ကြိတ်လျှင်ပင် မရနိုင်သော တရားအစွမ်း၊ ခိုင်မြဲမှုအစွမ်း၊ မေတ္တာတော်အစွမ်းကို ဓားပြတို့ မသိနိုင်ချေတကား။

သူတို့သိသည်ကား ကိုရင်ကလေးသည် ငယ်ပင်ငယ်မချည်း၊ သူတို့အလွန်အထင်ကြီးသော တန်ခိုးရှင်ပါတကား။ ဤတန်ခိုးရှင်ကလေး၏ အရည်အသွေးကို ငါတို့ မသိသေးသော်လည်း အသက်မရှိသော ဓားကပင် သိပါတကားဟူသော အံ့သြထိတ်လန့်သည့် အသိပင်ဖြစ်ပေ၏။

ထို့ကြောင့် ဓားပြဗိုလ်ကြီးကိုယ်တိုင် မာန်ကိုလျှော့ကာ ကိုယ်ဟန်ကိုပြင်ဆင်၍ ကိုရင်လေးရှေ့တွင် ဝပ်တွားဦးချလိုက်ပြီးလျှင် "သည်းခံတော်မူပါ အရှင်မြတ်။ ။ တပည့်တော်တို့ မှားယွင်းမိပါပြီ။ အရှင့်ဂုဏ်ကို တပည့်တော်တို့ မသိခဲ့သော်လည်း ဓားကပင်သိ၍ တော်ပါသေး၏။ သည်းခံတော်မူပါ အရှင်ဘုရား" ဟု လျှောက်ထားလိုက်သောအခါ မဆွတ်ခင်ကပင် ညွှတ်ချင်ရင်းရှိနေကြသော ဓားပြအားလုံးပင် ဦးနှိမ်ဝပ်တွားကြသည်။

ဓားပြဗိုလ်ကြီးလျှောက်ထားခိုက်မှာပင် ကိုရင်သံကိစ္စအဖို့ အဓိဋ္ဌာန်အတိုင်း ဖလသမာပတ်မှ နိုးထပြီဖြစ်ပေရာ "ဒါယကာတို့။ ။ ရှေးမဆွကပင် ငါတို့ သည်းခံပြီးဖြစ်ပါသည်။ အကြောင်းမူကား သည်းခံခြင်းသည် ငါတို့၏အင်အားပေတည်း။ သည်းခံမှုသည်ပင် ငါတို့၏တန်ခိုးပေတည်း" ဟု မိန့်ကြားလိုက်သည်။

"အရှင်မြတ်။ ။အရှင်တို့၏ တန်ခိုးအင်အားမျိုးကို တပည့်တော်တို့ မရစကောင်းပါလော"

"ငါတို့လို ငယ်ရွယ်သူပင် ရနိုင်သေး၏။ သင်တို့အဖို့ အဘယ့်ကြောင့် မရစကောင်း ပါအံ့နည်း။ သို့သော် ဤအတိုင်းတော့ မရနိုင်ပါ။ သင်တို့၏ မကောင်းမှုများကို စွန့်ပစ်၍ ငါတို့ကဲ့သို့ ရဟန်းပြုရပေလိမ့်မည်"

www.burmeseclassic.com

www.burmeseclassic.com



"သို့ဆိုလျှင် တပည့်တော်တို့ကို ဦးဆောင်တော်မူပါ။ တပည့်တော်တို့ ရဟန်းပြုကြပါမည်" ဟု လျှောက်ထားသောအခါ နောက်ပါဓားပြများကလည်း "တပည့်တော်တို့လည်း ရဟန်းပြုကြပါမည်"ဟု အသီးသီးလျှောက်ထားကြသည်။

"သို့ဆိုလျှင် ကျေးရွာတောရ ရဟန်းတော်များမှတစ်ဆင့် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ရှိ ငါတို့ဆရာ ဘုရားရှင် အထံတော်သို့ သွားကြကုန်စို့။ ဘုရားရှင်က သင်တို့နှင့်သင့်လျော်သော တရားကိုပေးခြင်းဖြင့် တန်ခိုးအရှင် သီလအရှင် သူတော်ကောင်းများ ဖြစ်ကြပါလိမ့်မည်"

[ ၄ ]

သို့နှင့် ဓားပြငါးရာတို့ နောက်ပါအဖြစ် ခေါ်ဆောင်၍ ကျေးရွာတောရသို့ ရောက်လာကြသောအခါ ကိုရင်လေးအတွက်ကြောင့် တရားအားထုတ်မှု မဖြောင့်နိုင်အောင်ရှိနေကြရသော ရဟန်းတော်များအဖို့ အံ့ဩလှစွာဖြင့် ဝမ်းသာအယ်လဲရှိနေကြရသည်။ ကျေးရွာဒါယကာတို့၏ အကူအညီဖြင့် ကျေးရွာတောရတွင်ပင် ဓားပြအားလုံး ရဟန်းဘဝသို့ကူးပြောင်းကြသည်။

ထို့နောက် တောရ ရဟန်းတော်ထံ ခွင့်ပန်၍ မူလရည်မှန်းချက်ဖြစ်သော ဇေတဝန်သို့ ခရီးဆက်ခဲ့ကြသည်။ ဇေတဝန်တွင်ကား သိတော်မူ မြင်တော်မူပြီးသော ဘုရားရှင်၏အစီအစဉ်အရ ကိုရင်သံကိစ္စတို့ ရောက်လာချိန်တွင် ဇေတဝန်ရှိ ရဟန်းပရိသတ်တို့ခြံရံကာ ကိုရင်သံကိစ္စအားဘုရားရှင်၏ ကြိုဆိုပွဲကြီးဖြစ်၏။

"ရှုလော့ သာရိပုတ္တရာ။ ။ ရဟန်း ပရိသတ်ငါးရာကို ဆုံးမ သယ်ဆောင်လာသော သင့်တပည့် သံကိစ္စသာမဏေ၏ အသရေကား တင့်တယ်လှပါဘိ၏" ဟု မိမိအထံနှင့် ရဟန်းပရိသတ်အထံသို့ ဝင်ရောက်လာသော သံကိစ္စ သာမဏေကို လက်ညှိုးညွှန်၍ မိန့်တော်မူသည်။

သံကိစ္စ သာမဏေက နောက်ပါရဟန်း ငါးရာကို ဦးဆောင်၍ ဘုရားရှင်၏ ရှေ့တော်မှောက်သို့ဝင်ကာ ဝပ်တွားသည်။

"သံကိစ္စ။ ။သင်သည် သာမဏေငယ်ပင်ဖြစ်သော်လည်း နောက်ပါတပည့် ရဟန်းတို့များလှပေစွ။ တင့်တယ်လှပေစွ။ သင့်ဆောင်ရွက်မှု သာသနာတော်အကျိုးသည် ကြီးမားလှပေစွ"

www.burmeseclassic.com

www.burmeseclassic.com



ကိုရင်သံကိစ္စက ဤရဟန်းငါးရာတို့ အဘယ်ပုံ ဖြစ်ပေါ်လာပုံဖြစ်စဉ်ကို လျှောက်ထားပြီးနောက် "မှန်လှပါ၊ ဤရဟန်းအားလုံးကို အရှင်မြတ်၏ ခြေတော်ရင်းသို့ လွှဲအပ်၍ အရှင်မြတ်၏အဆုံးအမကို ခံယူရန် ဖြစ်ကြပါသည်ဘုရား" ဟု လွှဲအပ်သည်။

ရဟန်းပရိသတ်၏ သာဓုခေါ်သံမှာ ပဲ့တင်ထပ်သွား၏။ ထားပြရဟန်း အားလုံးသည် ဘုရားရှင်၏ အဆုံးအမဖြင့် တရားရှင်များ ဖြစ်ကြကုန်၏။

မျက်နှာငယ်ခဲ့သယောင်ရှိသော ကိုရင်သံကိစ္စအဖို့ ဇေတဝန်တွင် မျက်နှာကြီးသော ကိုရင်သံကိစ္စအဖြစ်သို့ ရောက်ရှိခဲ့ပေပြီ။ ။

www.burmeseclassic.com

www.burmeseclassic.com



# အလံပြာဆရာကြီး

[ ၁ ]

အကယ်၍သာ ဤကမ္ဘာ၌ အလံပြာအသင်းဟု အမည်ပေး၍ မယားကြောက်ရသူများ အသင်းကိုဖွဲ့စည်းနိုင်မည်ဆိုလျှင် အကြီးဆုံးသောအသင်းအဖွဲ့ကြီး ဖြစ်လာဖို့ရှိသည်။ အကြောင်းသော်ကား ယေဘုယျ ယောက်ျားများသည် အိမ်ထောင်ပြု၍ အပင်အပတ် လည်ကာ အသားကျလာသောအခါ၌ မယားကြောက်ရသူချည့်ဖြစ်သောကြောင့်တည်း။

အားကောင်းမောင်းသန် ဘုရားဆုပန်၊ ဗြဟ္မာဆုပန် အတောင်နှစ်ဆယ်ဝတ် မင်းယောက်ျားများ ဖြစ်ပါလျက် အားအင်သေးသေးနှင့် ယောက်ျား၏အလုပ်အကျွေးခံ မျှသာဖြစ်သော မယားကို အဘယ်ကြောင့် ကြောက်ရပါသနည်း။ ဤနေရာ၌ ယောက်ျား များသည် ဖွင့်မပြောကြသော်လည်း မယားများကို ကြောက်ရဖို့ရန် တူညီသော အားနည်းချက်တစ်ချက်ရှိသည်။ ယင်းအားနည်းချက်ကို အခြားသူများမသိသော်လည်း၊ သို့မဟုတ် အခြားသူများကို အသိမပေးသော်လည်း၊ သို့မဟုတ် အခြားသူများ မသိဟု ထင်နေသော်လည်း မိမိမှလွဲလျှင် အရင်းနှီးဆုံးသော မယားဖြစ်သူက သိရှိနေခြင်းကြောင့် ပင်တည်း။

မိန်းမဖြစ်စေ၊ အခြားမည်သူ့ကိုပင်ဖြစ်စေ မကြောက်သူများရှိပါ၏။ လောကပြစ်မှန်သမျှ အပထား၍ ကိလေသာပြစ်ပင် ကင်းစင်လျက်ရှိသော သူတော်ကောင်းများဖြစ်သည်။ အကြောင်းသော်ကား စိတ်ရောလူပါ၊ သို့မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရောနာမ်ပါ ကိလေသာပြစ်၊ လောကပြစ် ကင်းစင်ခြင်းသည် အကြောက်တရား ကင်းမဲ့ခြင်း၏ အခြေခံအကြောင်းရပ်ဖြစ်သည်။

နောက်တစ်မျိုးရှိနိုင်သေး၏။ ပညာဉာဏ်နည်းပါး မိုက်လုံးထွား၍ အသိတံခါးပိတ်လျက်ရှိသော တိရစ္ဆာန်လို လူစားမျိုးဖြစ်သည်။ ထို့ကြောင့် မယားကြောက်ရခြင်းသည် အသိဉာဏ်ရှိသူဖြစ်သောကြောင့် ပညာရှိဖြစ်သည်ဟု ကောက်ချက်ချနိုင်သေးသည်။

မိန်းမများကပေးသည့် သူတို့၏ တူညီသော ပင်ကိုစရိုက်သဘာဝတစ်ခုမှာ သူရှိ့အလိုသို့ လိုက်ပါမိပြီဆိုလျှင်၊ သို့မဟုတ် အကြင်ယောကျ်ား တစ်ယောက်၏ လိုအပ်သမျှသော အကြိုက်သို့ လိုက်ပါပြီးသည်ဆိုလျှင်၊ လေးကျွန်းလုံးကို စိုးမိုးပိုင်သော စကြဝတေးမင်းကြီးလို ယောကျ်ားမျိုးကိုသော်မှလည်း မထီမဲ့မြင်ပြုတတ်သည်ဟူသော နီတိစကားတစ်ရပ်ရှိသည်။ ထိုစကားသည် သွေးထွက်အောင်မှန်၏ဟု မယားကြောက်ယောကျ်ားတို့ဝန်ခံကြသည်။

ဤသည်တို့ကား ပညာရှိ ဗြာဟ္မာကြီး ဘရဒ္ဒါဇ၏ အတွေးအခေါ်များဖြစ်၏။ အကြောင်းကား ဗြာဟ္မဏကြီးသည် မယားကြောက်ရသူဖြစ်၏။ သူ့စကား၊ သူ့အတွေးအခေါ်ကို သူ့မိတ်ဆွေ အခြားဗြာဟ္မဏဆရာကြီးတို့ကလည်း ခြွင်းချက်မရှိ ထောက်ခံသည်။ အကြောင်းသော်ကား သူ့မိတ်ဆွေ ဗြာဟ္မဏ ဆရာကြီးတို့သည်လည်း မယားကြောက်များချည့်ဖြစ်ကြသောကြောင့်တည်း။

အဘိုးကြီး ဘာရဒ္ဒါဇက အဘွားကြီးဓနဉ္စာနီကို ကြောက်ရသော အခြားအကြောင်းတစ်ချက်တစ်ရပ် ရှိပေသေး၏။ ထိုအကြောင်းမှာ ဘဝရေစက်အရတွေ့ဆုံပေါင်းဖက်ရသော်လည်း တွေ့စဉ်ကပင် အဘိုးကြီးက အမယ်ကြီးအောက် ဂုဏ်အားဖြင့်တစ်ထစ်လျော့ တစ်ပန်းရှုံးနေခဲ့ရခြင်းပင်ဖြစ်ပေသည်။ အကြောင်းသော်ကား မျိုးရိုးကိုစွရှုပ်ပွေထန်သည်းလှသော သူရှိုဗြာဟ္မဏတို့၏အယူအရ အမျိုးသမီးကလေး ဓနဉ္စာနီ၏ အနွယ်က ဗြဟ္မာမင်း၏ ဦးထိပ်မှထွက်ပေါ် ပေါက်ဖွားလာရသူဖြစ်၍ ဘာရဒ္ဒါဇကမူ ဗြဟ္မာမင်း၏ ခံတွင်းမှ ပေါက်ဖွားသူဖြစ်သည်။ မိမိထက် အမျိုးအဆင့်မြင့်သူကိုရရှိ၍ ဝမ်းမြောက်ဂုဏ်ယူရမယောင်ရှိသော်လည်း မျိုးစွဲစိတ်ဓာတ်အရ ဆင်ဖြူမျက်နှာ ဆင်မည်းမကြည့်ဝံ့ဆိုသကဲ့သို့ မယားကြောက်အဖြစ် အဖတ်တင်နေခဲ့ရသည်။

သို့ရာတွင် ယောကျ်ားများသည် အဘယ့်ကြောင့် မယားကိုကြောက်ရသည် ဟူသော မယားကြောက် ဒဿနိက အတွေးအခေါ်ပိုင်းမျှကိုမိတ်ဆွေ ပညာရှိများနှင့် ဆွေးနွေးစကား တန်းတင်ခြင်းမျှဖြစ်၍ မိမိတို့သည် မယားကိုကြောက်ရသူများဖြစ်ပါသည်ဟူသော သရုပ်မှန်အချက်ကိုကား ဘာရဒ္ဒါဇရော၊ အခြား ဗြာဟ္မဏကြီးများကပါ မည်သည့်အခါမျှ ဖွင့်၍မပြော။ အကြောင်းမူကား မယားကို အဘယ်မျှကြောက်

www.burmeseclassic.com

www.burmeseclassic.com



ရသူဖြစ်စေကာမူ 'မယားကြောက်' ဟူသော အသိကိုမူ မည်သည့်ယောက်ျားမျှ ဖွင့်ထုတ်လက်မခံလိုသောကြောင့်ဖြစ်သည်။

ဖွင့်၍ပင် မပြောကြသော်လည်း အခြားယောက်ျားများထက် မိမိက မယားပိုကြောက်ရသူဖြစ်သည်ကို အများသိသည်။ အခြားမယားများထက် မိမိမယားက မိမိအားပို၍နိုင်လေ့ရှိသည်ကို သိကြသည်။ အိမ်က အမယ်ကြီးသည် အပြစ်ကလေး စိုးစဉ်းမျှတွေ့သည်ဆိုလျှင်ပင် ကြက်ခေါင်းဆိတ်မခံ ဆိုသကဲ့သို့ ပိုးစိုးပက်စက် ဒက်ခနဲ ဒေါက်ခနဲပြောလိုက်မြည်လိုက်တတ်သည်။

သက်ကြီးပိုင်းရောက်၍ အခြေအနေပြောင်းလဲ နိုင်မြဲလာကာမှ သည်အမယ်ကြီးပိုဆိုးလာသည်ဟု အဘိုးကြီး ဘာရဒွါဇထင်သည်။ အကြောင်းကား သာဝတ္ထိတွင်ဗုဒ္ဓသာသနာတော် ထွန်းကားလာရာ၌ ရှင်ဂေါတမနှင့်တွေ့ကာ ရှင်ဂေါတမ၏ တရားကိုတစ်ချီမျှ ကြားနာပြီးသည့်နောက်တွင် အမယ်ကြီးသည် မိမိတို့ မိရိုးဖလာ ဗြာဟ္မဏဘာသာမှ ဗုဒ္ဓဘာသာဘက်သို့ သိသိသာသာကြီး ကူးပြောင်းသွားသောကြောင့်တည်း။

သာမန် ကူးပြောင်းရုံမဟုတ်၊ အဘွားကြီးသည် သောတာပန်အဖြစ်သို့ပင်ရောက်ပြီးသည်ကိုကား ဘာရဒွါဇတို့မသိရှာ။

ပြောင်းသည်မှာ ပြောင်းပါစေတော့။ သားတွေ မြေးတွေ တစ်ပြုံတခေါင်းနှင့်သည်အသက် သည်အရွယ်ကျမှတော့ ထူးထူးထွေထွေ မပြောလိုတော့ပါပြီ။ သို့ရာတွင်ခက်သည်မှာကား ရှင်ဂေါတမအား မိမိဘာသာတစ်သီးတခြား ကိုးကွယ်သမျှ ပြုနေရုံမျှနှင့်မပြီး၊ မိမိကြီးစိုးသည့် ဤအိမ်တွင် ထစ်ခနဲရှိတိုင်း ရှင်ဂေါတမသို့ရည်ညွှတ်သော"နမောတဿ"ကို သည်အမယ်ကြီး မပြတ်ရွတ်ဆိုနေခြင်းပင်ဖြစ်ပေသည်။

ခလုတ်တိုက်လျှင် "နမောတဿ" ဟု ရွတ်၏။ အိုးခွက်ပစ္စည်း တစ်ခုခုကျသံကြားလျှင် "နမောတဿ" ကို ဆို၏။ ယုတ်စွအဆုံး ကလေးငိုသံကြားလျှင်ပင်"နမောတဿ"ဟု ဆိုတတ်လေသည်။

ပို၍ဆိုးသည်ကား ချေဆတ်သောအခါများတွင်ဖြစ်၏။ အကြောင်းမူ ချေဆတ်ပြီးသည်နှင့် နမောတဿမျှမကဘဲ "နမောတဿ ဘဂဝတော အရဟတောသမ္မာသမ္ဗုဒ္ဓဿ" ဟု ရှည်ရှည်လျားလျား သူ့ဘုရားရှိခိုးအပြည့်အစုံကို ရွတ်ဆိုလေ့ရှိခြင်းပင်ဖြစ်ပေသည်။ တစ်ခါတစ်ရံ ချေဆတ်ခြင်းသည် နှစ်ကြိမ် သုံးကြိမ်မျှဆက်၍ချေဆတ်တတ်ရာ ထိုနှစ်ကြိမ်သုံးကြိမ်အကြားတို့တွင် ဤနမောတဿကို အတင်းလု၍ဆိုသည်များကို နားငြီးလောက်အောင်ကြားရသည်။

ချေဆတ်ခြင်းသည် ကျန်းမာရေးအတွက် မကောင်းသော လက္ခဏာတစ်ရပ်ဖြစ်သည်။ ကျန်းမာရေး ချွတ်ယွင်းမှုကိုပြသော လက္ခဏာဖြစ်သည်။ ထို့ကြောင့်တစ်စုံတစ်ယောက်ချေဆတ်သည်ကိုမြင်ရလျှင် ဗြာဟ္မဏတို့၏ အစဉ်အလာအားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တွေ့မြင်ရသူ လူကြီးမိဘ တစ်ယောက်က၊ သို့မဟုတ် မိမိကိုယ်တိုင်ပင်ဖြစ်စေ “ဇီဝတု” “အသက်ရှည်ပါစေသတည်း” ဟု ဆိုမြည်ဆုပေးရစမြဲဖြစ်သည်။

ယခုသော် အိမ်ကအမယ်ကြီးအဖို့ကား ရှင်ဂေါတမနှင့်တွေ့ဆုံပြီးသည့် အချိန်မှ စ၍ ရှိးရာအစဉ်အလာကို ပယ်ဖျက်ကာ ဇီဝတုနေရာ၌ နမောတဿကို အစားထိုး မြည်တမ်းလာသည်ကို ကြားကြားနေရသည်။ သာမန်အမှတ်မဲ့ ရွတ်ဆိုလိုက်သော နမောတဿမျှမဟုတ်၊ အမှတ်ထင်ထင် သတိတရဖြင့် နမောတဿမှ သမ္မာသမ္ဗုဒ္ဓဿ အထိ တမင်ရွတ်ဆိုသောအသံကို နားကြားပြင်းကတ်စွာ ကြားကြားနေရသည်။ သို့ရာတွင် အလံပြာဆရာကြီးဖြစ်သည့်အတိုင်း မပြောဝံ့။ အောင့်၍သာနေရသည်။

[ ၂ ]

သည်ကိစ္စတွင်တော့ အောင့်ထား၍မဖြစ်၊ စိတ်မောင်းတင်ကာ အမယ်ကြီးကို ဖွင့်၍ ဆွေးနွေးရလိမ့်မည်ဟု ဘာရဒွါဇ ဆုံးဖြတ်လိုက်သည်။ ဖွင့်ပြီးဆွေးနွေးမထား၍ အမယ်ကြီး ကန့်လန့်လုပ်ခဲ့သော် ပညာရှိပြာဟ္မဏကြီးတို့လူပုံအလယ်တွင် မိမိအဖို့ လုလုကြီး အရှက်ကွဲရတော့မည်ကြောင့်ဖြစ်၏။ အကြောင်းသော်ကား ပြာဟ္မဏအနွယ် အိမ်က အမယ်ကြီး ရှင်ဂေါတမ၏လူဖြစ်သွားသည်ကို ရင်းနှီးသူ အချို့မှတစ်ပါး မိတ်ဆွေ အားလုံးမသိကြသေး။ ဖိတ်ကြားထားသော မိတ်ဆွေများအလယ်တွင် အမယ်ကြီးမှ နမောတဿအသံထွက်လာခဲ့သော် အရှက်ကြီး ဝက်ဝက်ကွဲရပေတော့မည်။

ပြာဟ္မဏတို့သည် သူ့အလှည့်ကိုယ့်အလှည့် သူ့အိမ် ကိုယ့်အိမ် အချိန်အခါနှင့် အကြောင်းအားလျော်စွာ ဒါနပြုကြမြဲဖြစ်သည်။ ဘာရဒွါဇအဖို့ ယခင်အခါများက အကြောင်းအားလျော်စွာ ဒါနပြုခဲ့သူဖြစ်သော်လည်း ယခုတလောတွင်မူ အိမ်က အမယ်ကြီး အခြေအနေနှင့် ကိုးကွယ်မှုသဘောထား ပြောင်းလဲလာသည့်အချိန်မှ စ၍ ကိုယ့်ဝမ်းနာကိုယ်သာသိ ဆိုသကဲ့သို့ မတော်တဆ အတွေ့မတော် အဆင်မလှ ဖြစ်မည့်အရေးကြောင့် ကိုယ်ကသာ သူတကာ အလှူပွဲများသို့ မပြတ်လိုလို ရောက်ပြီး ကိုယ့်အိမ်တွင်မူ အလှူဒါနဟူ၍ မပြုဝံ့ မပြုခဲ့ရသည်မှာ ကြာမြင့်ခဲ့လေပြီ။ ထို့ကြောင့် အမယ်ကြီးနှင့် အဆင်ပြေအောင်ဆွေးနွေးကာ မိမိအဖို့ တစ်လှည့်တစ်ပတ်တော့ ကျွေးမွေးဦးမှဟု ဆုံးဖြတ်စီစဉ်လိုက်ခြင်းဖြစ်သည်။

ဒါနမှုဆိုသော်လည်း ထူးထူးထွေထွေ ကျယ်ကျယ်ပြန့်ပြန့်တော့မဟုတ်ပေ။ မိတ်ဆွေပြာဟ္မဏ ဆရာကြီးများကို သူကောင်းများအနေဖြင့်ဖိတ်ကြား၍ ဝိုင်းဝန်း စားသောက်ကာ တရားပေစာနှင့် ထွေလာကိစ္စများ တွေ့ကြုံဆွေးနွေးကြသည့် ပွဲမျှသာ ဖြစ်သည်။ တစ်နည်းဆိုသော် တစ်လှည့်စီ ပြုလုပ်သောအပျော်ဒါနပွဲမျိုးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အခြားအဆင်မပြေမှုများထက် ဘာရဒွါဇ အထူးစိုးရိမ်ကြောက်ရွံ့သည်မှာ လူပုံအလယ်တွင် ဗြာဟ္မဏဆရာကြီးတို့နှင့် မည်သို့မျှ မအပ်စပ်သော အမယ်ကြီး၏ နမောတဿအသံကိုပင်ဖြစ်၏။ ထိုအသံသည် ဗြာဟ္မဏတို့နှင့် သာမန်မအပ်စပ်ရုံမျှ မဟုတ်၊ ဗြာဟ္မဏတို့နှင့် ဆန့်ကျင်လှသော ဗြာဟ္မဏတို့အဖို့ စက်ဆုပ်ဖွယ်ရာသော အသံဖြစ်၏။ ထို့ကြောင့် လုပ်၍သာလုပ်ရသော်လည်း ဘာရဒွါဇ အလွန်စိုးရိမ်သည်။

ထို့ကြောင့် ''သည်ပွဲမှာတော့ ရှင်မ နမောတဿကြီးကို အောင့်ထားဦးမှ ဖြစ်မယ်ဟိတ်'' ဟု ရယ်ရွှန်းဖတ်ရွှန်း ကြည်ကြည်သာသာနှင့် စတင်ဆွေးနွေးလိုက်သည်။

''မအောင့်ရင် ကိုရင်အရှက်ကွဲမယ့်ပွဲဆိုတော့ အောင့်ရပေမပေါ့တော်၊ သို့သော် ချေဆတ်တာကိုတော့ ဘယ်မှာ အောင့်လို့ရပါ့မလဲ''

''ချေဆတ်တာကို အောင့်လို့မရပေမယ့် ရှင်မ နမောတဿကိုတော့ အောင့်လို့ ရပါတယ်ကွာ''

''ချေဆတ်တယ်ဆိုတာ ကိုယ်ကလုပ်ယူတာမဟုတ်ဘူး အဘိုးကြီးရဲ့ သူ့အလိုလို သွေးထဲသားထဲက ရုတ်တရက်ဖြစ်ပေါ်လာတာ။ ရုတ်တရက်ဖြစ်လာတာ ဆိုတော့ နမောတဿလို့ ဆိုမိချင် ဆိုမိလိုက်မှာပဲ''

''မဆိုမိအောင် ကြိုးစားပေါ့ရှင်မ၊ တကယ်လို့ ဒီပွဲမှ ဆိုမိမယ်ဆိုရင် ကျုပ်ကတော့ အရေးမကြီးလှဘူး ထားပါဦးတော့၊ သုန္ဒရတို့၊ ဗိလင်္ဂတို့နဲ့ ရှင်မ ပြဿနာဖြစ်လိမ့်မယ်''

''ကိုရင်က ကိုရင့်ညီတွေနဲ့ လှည့်ခြောက်တာပေါ့လေ''

''ခြောက်တာမဟုတ်ဘူးရှင်မ၊ ဖြစ်နိုင်တာကိုပြောတာပါ။ သူတို့က ကျုပ်ထက် အယူအစွဲလဲကြီးလို့ အဆင်မပြေတာတွေ့ရင် အရှက်လဲကြီးပေလိမ့်မယ်။ ပြီးတော့ ရှင်မ သိတဲ့အတိုင်း ဒီကောင်တွေက ဒေါသကလဲ ကြီးတတ်ကြပါဘိသနဲ့''

''ဒါကတော့ ကိုယ့်ကိစ္စသာ ကိုယ်ပြောပါကိုရင်။ ဒီအိမ်ဟာ ကျွန်မတို့အိမ်ပါ။ ကိုယ့်အိမ်မှာ ကိုယ်အဆင်မပြေတာ ဖြစ်တယ်ပဲထားပါဦးတော့၊ ဘယ်သူ့ကို အလေး ထားပြီး စဉ်းစားနေရဦးမှာတဲ့လဲ''

''ပြဿနာမဖြစ်ချင်လို့ ပြောရတာပါ ရှင်မ''

''လူဆိုတာ ပြဿနာနဲ့မကင်းနိုင်ဘူး။ မဖြစ်ရင်တော့ ကောင်းသပေါ့။ ဖြစ်လာ ရင်တော့လဲ ဘယ်တတ်နိုင်မလဲ။ ကျွန်မတွေ့ရ ကြားရသလောက်တော့ ကိုရင်တို့ပဲ ပြဿနာ လုပ်လုပ်နေကြတယ်''

ပြဿနာတော့ ဖြစ်ရချည့်သေးဟု အဆင်မပြေတော့မည့်ကိစ္စအတွက် အဘိုးကြီး သက်ပြင်းချမိသည်။ အကြောင်းမှာ အဘွားကြီးသည် တခြားကိစ္စများတွင် လင်သား၏

www.burmeseclassic.com

www.burmeseclassic.com



စကားကို လိုက်လျောပြေပြစ်တတ်သော်လည်း သူ့ဂေါတမ ကိစ္စတွင်မူ ဘယ်လိုပဲတားတား၊ ဘယ်လိုပဲပြောပြော မလိုက်လျော၊ အလျှော့မပေးခဲ့သည်ကို သိပြီးသောကြောင့်ဖြစ်၏။ အဆင်ပြေပြေ ဖြစ်ပါစေဟုသာ ဆုတောင်းရတော့၏။

တစ်သက်လုံး မိရိုးဖလာ ကိုးကွယ်လာခဲ့သည့် ဗြာဟ္မဏဘာသာကို သည် အဘွားကြီးသည် သည်အသက် သည်အရွယ်ရောက်ခါမှ ရှင်ဂေါတမဆိုသူအား တစ်ကြိမ် တွေ့မျှဖြင့် ဤမျှအပြောင်းလဲကြီး ပြောင်းလဲသွားရသည်မှာ 'ရှင်ဂေါတမဟူသည် အဘယ်လိုပုဂ္ဂိုလ်မျိုး အဘယ်မျှအစွမ်းထက်၍အဘယ်တရားမျိုးကိုများ ဟောကြားလိုက် လို့ပါလိမ့်' ဟု စဉ်းစားမိခဲ့သည်မှာ အကြိမ်များစွာရှိခဲ့လေပြီ။ အကြောင်းမှာ ဘုရားရှင် သည် ရာဇဂြိုဟ်သို့ ခမ်းနားစွာရောက်လာသီတင်းသုံးခြင်း၊ ဘုရင်ကိုယ်တိုင်ပင် ဆည်းကပ် ကိုးကွယ်ခြင်း၊ မျက်နှာကြီး ဗြာဟ္မဏပေါင်းများစွာတို့ သူ့ဘက်ပါသွားခြင်း စသည်ဖြင့် ကျော်ကြားလှသော်လည်း ဘာရဒွါဇတို့အဖို့မူ မိမိတို့အစွဲအထင်ဖြင့် ချဉ်စိတ်ပေါက်နေရုံမျှ ဖြစ်၍ ရှင်ဂေါတမကိုမူကား တစ်ကြိမ်တစ်ခါမျှ မတွေ့ဆုံဖူးခဲ့ပေ။ သို့ဖြစ်၍ ဤမျှနာမည် ကြီးလှသော ရှင်ဂေါတမထံ တစ်ကြိမ်တစ်ခါလောက် သွားရောက်ကြည့်ရှုရသော် ကောင်းလေမည်လားဟု စိတ်ကူးမိခဲ့သည်မှာလည်း အကြိမ်ကြိမ် အခါခါဖြစ်၏။

မူလက နက်ဖြန် သူတို့ကိစ္စတွင် လင်သားဖြစ်သူ၏ အရေးပါသောကိစ္စ လည်းဖြစ်၊ သဘောချင်း မတူကြတော့စေကာမူ လူမှုရေးအရ မိမိမှာဧည့်ဝတ်ပြုစုရမည့် အိမ်ထောင်သည်လည်းဖြစ်သောကြောင့် လိုက်လိုက်လျောလျောနှင့်အဆင်ပြေအောင် နေလိုက်ပါတော့မည်ဟု စိတ်ကူးခဲ့သော်လည်း မဆီမဆိုင် သူ့ညီများကို ခြိမ်းခြောက် သယောင်နှင့် ဆွဲထည့်ပြောဆိုလာသောအခါ ဓနဉ္စနီအဘွားကြီးက ကိုယ့်ဘုရားနှင့်ကိုယ်၊ ကိုယ့်အယူနှင့်ကိုယ် တမင်အမောက်ထောင်ပြလိုက်ဦးမည်ဟု သဘောထားပြောင်းလဲ လိုက်၏။ အကြောင်းကား အဘွားကြီးအဖို့ သောတာပန်ပင်ဖြစ်စေကာမူ အထက်မဂ် အထက်ဖိုလ် အထက်တန်းတရားရှင်မဟုတ်သေးပေရာ ဒေါကလေး မာန်ကလေးတော့မူ မကင်းနိုင်ရှာသေးသောကြောင့်ဖြစ်၏။

မှန်သည်။ အိမ်က အဘိုးကြီး၏ညီ အက္ကောသတို့၊ သုန္ဒရတို့၊ ဗိင်္လတို့သည် ဗြာဟ္မဏတို့အသိုက်အဝန်းတွင် အဘိုးကြီးကဲ့သို့ပင် ဆရာကြီးများဖြစ်၍ အဘိုးကြီး ထက်ပင် အယူအစွဲသည်းသူများဖြစ်ကြသည်။ တင်းတင်းထန်ထန်နှင့် ဘာသာမာန် ကြီးကြသူများဖြစ်သည်။

ခက်သည်ကား သူ့ရှိ ဟာသူရှိ ကြီးသည်ကအရေးမကြီး၊ သူ့ညီများက မိမိအိမ်တွင်းရေးတွင် အကြောင်းကြုံတိုင်း စွက်ဖက်လာတတ်ခြင်းပင်ဖြစ်သည်။ ဥပမာ အားဖြင့် အဘွားကြီးသည် ရှင်ဂေါတမလူဖြစ်လာခဲ့သည့်ကိစ္စတွင် အိမ်ကလူ အဘိုးကြီးထက် သူတို့က ပို၍မကျေနပ်နိုင်သယောင်တွေ့လာရခြင်းမျိုးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း သူ့ညီနှစ်ယောက်ကိုပင် ဗန်းတင်၍ ပြောလှာပြန်သည်။ ကိစ္စမရှိ။ ကွယ်ရာတွင် အဘယ်မျှမကျေနပ်စေကာမူ ပြောင်ပြောင်တင်းတင်းမူကား ရင်မဆိုင်ရဲသူများဖြစ်သည်။ အကြောင်းသော်ကား သူတို့သည်လည်း သူတို့အစ်ကို၏ အကြောလိုက်ကာ အဘွားကြီးကို ကြောက်ရသူများဖြစ်ရုံမက ငါးခြောက်ဆိုလျှင် ဖုတ်ပြီးသားများဖြစ်ကြသောကြောင့်တည်း။

သို့နှင့်နောက်တစ်နေ့နံနက်တွင် ဖိတ်ကြားထားသော အချိန်သို့ ရောက်သော အခါ ပြာဟ္မဏကြီးတို့ ကြွရောက်လာကြသည်။ ဘာရဒွါဇနှင့် ခေနွဲ့ာနီတို့က အိမ်ရှင် ပီပီ တက်ညီလက်ညီ ကြည်ကြည်သာသာနှင့် နှုတ်ဆက်ဖိတ်ခေါ် ပြုစုကြသည်။ အဘိုးကြီး၏ညီများက စောစောစီးစီးပင်ရောက်လာ၍ ခြေသည်းလက်သည်းလုပ်သည်။ ရွှင်ရွှင်လန်းလန်းနှင့် စားကြသောက်ကြရင်း မင်္ဂလာစကားများ ပြောဆိုကြသည်။ ပြာဟ္မဏတို့၏တရားဓမ္မနှင့် စပ်လျဉ်းသော စကားများကို ဆွေးနွေးကြသည်။

ယင်းသို့ဖြင့် အလှူမင်္ဂလာပွဲသည် အဆင်ပြေနေသယောင်ရှိ၏။ သို့ရာတွင် တကယ်အဆင်ပြေခြင်းကားမဟုတ်၊ အပေါ်ယံအဆင်ပြေနေခြင်းမျှဖြစ်၍ စိတ်ရောကိုယ်ပါ အဆင်ပြေနေခြင်းကားမဟုတ်။ အကြောင်းကား ဤအိမ်၊ ဤအသိုက်အဝန်း၊ ဤကိစ္စတွင် ဂင်္ဂါရေ ယမုံနာရေကဲ့သို့ သဘောထား တစ်သားတည်းမဟုတ်။ အယူဝါဒ မတူမျှတော့သော အိမ်ရှင်အဘွားကြီးရှိနေသည်ကို အပေါ်ယံအပြုအမူတို့ဖြင့် ဖုံးအုပ် ဟန်လုပ်၍ နေကြကာဖွင့်၍ပင်မပြောကြသော်လည်း အတွင်းသဘောအားဖြင့် သိရှိ နေကြသောကြောင့်ဖြစ်သည်။

ရောက်သည်ဆိုလျှင်ပင် ပါးစပ်က စကားလုပြောသော်လည်း ပြာဟ္မဏကြီး တို့က အဘွားကြီးအား မျက်စိတစ်မျိုးဖြင့်ကြည့်၏။ စူးစမ်း၏။ အဘိုးကြီးနှင့် ညီနှစ်ယောက်အဖို့လည်း 'တို့အမယ်ကြီး ဘယ်အချိ ဘယ်အကွက်တွင် ဖောက်လိုက် လေမည်လဲ' ဟု တထိတ်ထိတ်နှင့် စိုးရိမ်စိတ် ရှိနေကြသည်သာဖြစ်သည်။ သို့ရာတွင် အဘွားကြီးကမူ အကျွေးအမွေးကိစ္စဖြစ်သည့်အတိုင်း အိမ်ရှင့်ဝတ္တရား ကျေပွန်နိုင်သမျှ ကျေပွန်ရန် ကျွေးမွေး စားသောက်မှု ပြီးစီးသည်အထိတော့ ပြေပြစ်စေရန် ဆိုင်းငံ့ ထားသည်။

အကျွေးအမွေးကိစ္စ ပြီးစီးသောအခါ၌မူ ထုံးစံအတိုင်း ပြာဟ္မဏတို့၏ တရားဓမ္မ ဆွေးနွေးဝိုင်းသို့ ရောက်ရှိလာသည်။ ဆွေးနွေးခြင်းမှာ ရိုးရိုးမျှမဟုတ် ယခုတလော ပြာဟ္မာဏကြီးတို့ လောက၌ လူချင်းဆုံမိလျှင် ရှင်ဂေါတမအား ရှုတ်ချတိုက်ခိုက် ပြောဆိုလေ့ရှိကြသည့်အတိုင်း ရှင်ဂေါတမရှုတ်ချပွဲအဖြစ်သို့ ရောက်လာ၏။

တစ်ယောက်က ''ရှင်ဂေါတမဆိုတာ နောက်မှပေါ်တဲ့ ရွှေကြောပင်ပါဆရာ။ ရှင်ဂေါတမကို ကိုးကွယ်နေကြတဲ့သူတွေဟာ အသစ်အဆန်းဆိုရင် အလွယ်တကူ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါတတ်ကြတဲ့ လူပြိန်းတွေပါ'' ဟု ပြောသည်ကို တစ်ဦးက ''ရွှေကြာပင် အသစ်အဆန်း ဆိုတာမဟုတ်နိုင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ရှင်ဂေါတမရဲ့တရားထဲက အနိစ္စတို့ ဒုက္ခတို့ဆိုတာ ကျွန်တော်တို့ ဗြာဟ္မဏတရားမှာ ရှိပြီးသားတွေပဲ'' ဟုဆိုသည်။

နောက်တစ်ယောက်က ''အခြားသူတွေထက် ဘုရင်ကြီးကိုယ်တိုင် ရှင်ဂေါတမ ဘက်ပါနေတာကတော့ နည်းနည်းခက်သဗျ'' ဟုဆိုသောအခါ အခြားတစ်ယောက်က ''ဒါကတော့ မျက်စိလည်တဲ့အချိန်ဆိုတာ လမ်းလွဲတတ်တတ်တာပဲ။ ဘုရင်ကြီး မျက်စိ မလည်တဲ့အချိန်မှာ လမ်းမှန်ပေါ် ပြန်ရောက်လာပါလိမ့်မယ်'' ဟု ပြောသည်။

ထိုအခိုက် ခေါင်းရင်း ပရိသတ်မနီးမဝေးတွင် ထိုင်လျက်ရှိသော ဓနသဋ္ဌေးနီ အဘွားကြီးထံမှ 'ဟပ်ချိုး' ဟူသော ချေဆတ်သံကို ကြားလိုက်ရပြီးနောက် ''နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'' ဟူသော ဘုရားရှိခိုးသံ ထွက်လာကာ ''သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော သုံးလူ့ထွတ်တင် အရှင်ဂေါတမကို ရှိခိုးပါ၏'' ဟု ပြတ်ပြတ်သားသား နောက်ဆက်တွဲ အသံကိုပင်ကြားကြရ၏။ ထိုမျှမကသေး၊ ဘုရားရှင်ရှိတော်မူရာ ဝေဠုဝန်ဘက်သို့ ဒူးတုပ်ရှိခိုးလျက်ရှိသော အဖွားကြီးကို မြင်လိုက်ရသောအခါ စကားဝိုင်းသည် ရုတ်တရက် ရပ်စဲ၍ အံ့အားသင့်သော ပါးစပ်ဟောင်းလောင်းကိုယ်စီဖြင့် အဘွားကြီးထံသို့ ကြည့်ရှုကြသည်။

တစ်ယောက် အိမ့်ရှင် ဘာရဒွါဇသို့ ''ခင်ဗျာ့အဘွားကြီးကတော့ ကျုပ်တို့ကို ဂလန့်တိုက်ပဗျို့''ဟု ဆိုခိုက် နောက်တစ်ယောက်က ''မဖြစ်ပါဘူး၊ ပြန်တာပဲ ကောင်းပါတယ်'' ဟုဆိုကာ နေရာမှ ရုတ်ခြည်းထ၍ပြန်သည်။ နောက်တစ်ယောက်က ''ကောင်းပါလေ့ဗျာ။ ခင်ဗျားအလျူကဖြင့် မင်္ဂလာရှိပေ့ဗျာ'' ဟု အငေါ့စကားပြော၍ ထပြန်သည်။ သို့နှင့်တစ်ဦးပြီးတစ်ဦး လူကုန်အောင် ပြန်ကြသွားကြသည်။ ဘာရဒွါဇ၏ ညီများကလည်း ပါးစပ်က တစ်စုံတစ်ရာ မပြောဝံ့စေကာမူ မရီးဖြစ်သူအား ဒေါနှင့် မောနှင့် ကြည့်ပြီးနောက် အိမ်ပေါ်မှ ဆင်းသွားကြသည်။ လူဟန်သာ ညီညွတ်၍ အတွင်းသဘော မညီညွတ်သော ပွဲတို့၏ သဘာဝပေတည်း။

ပြောင်ပြောင်ကြီး ကန့်လန့်တိုက်လိုက်သော အဘွားကြီးကို ငူငူကြီးကြည့်၍ အရှက်ကြီးရှက်လျက်ရှိသော အဘိုးကြီးကလည်း ထွက်လာသော ဒေါသကို အစွမ်းကုန် ချုပ်တည်းကာ ''ကဲ . . . ဒါလောက်ရှိလှတာ၊ မင့်ရှင်ဂေါတမနဲ့ ငါနဲ့တော့ ဒီတစ်ချီ တွေ့ကြရောပေါ့ကွာ'' ဟုဆိုကာ ချာကနဲ အိမ်ပေါ်မှဆင်းသွားသည်။

အဘွားကြီး ပြုံး၍ ကျန်ရစ်၏။

www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

ဒေါသဟူသည် ရောက်စေသင့်သူသို့ မရောက်ဝံ့လျှင် ဘေးသို့ပေါက်၍ ထွက်တတ်သည်။ ကြောက်ရသူကို မနိုင်လျှင် မကြောက်ရသူသို့ရောက်၏။ အထက်ကိုမနိုင်လျှင် အောက်သို့ရောက်၏။ မယားကိုမနိုင်လျှင် သားသမီးသို့ရောက်၏။ အိုးခွက်သို့သော်လည်းကောင်း ရောက်တတ်၏။ ယင်းသို့လျှင်ဒေါသ၏ သဘာဝသည် ဆိုင်ရာမှ မဆိုင်ရာသို့ ကူးစက်တတ်သည်။

ဤကိစ္စသည် ရှင်ဂေါတမကြောင့်ဖြစ်ရသော်ကောဟု မယားကိုမနိုင်ဝံ့သော ဗြာဟ္မဏကြီး ဘရဒွါဇ၏ဒေါသသည် မဆီမဆိုင် ဘုရားရှင်သို့ ရေးရှူလိုက်သည်။ မိမိဒေါသ ပြေပျောက်ရေးအတွက် ရှင်ဂေါတမဆိုသူအား တွေ့တွေ့တင်တင် ကြည့်ရှုကာ ဦးစွပ်ပက္ခ ပြောချင်သမျှတွေကို ပြောပစ်လိုက်မည်ဟု ဒေါသမောင်းတင်၍ ဝေဠုဝန် ဘက်သို့ ထွက်ခဲ့သည်။ သို့ရာတွင် အယူအစွဲလွဲ၍နေသော်လည်း ဆင်ခြင်တုံတရား မကင်းသော သက်ကြီးရွယ်အို ဗြာဟ္မဏကြီးတစ်ယောက်လည်းဖြစ်ပေရာ ဒေါသဖြင့် ထွက်လာခဲ့သည်ပင်ဖြစ်စေကာမူ အိမ်မှာအဆင်မပြေလျှင် အိမ်ပြင်သို့ ထွက်သွားလေ့ရှိသော သက်ကြီးရွယ်အို၏ သဘာဝကြောင့်လည်း ဖြစ်သည်။

ဒေါသထွက်လာပြီဆိုလျှင် ယင်းဒေါသကို ပျော့ညံ့ပြေပြစ်စေနိုင်သော အကြောင်းတစ်ပါးရှိ၏။ ယင်းသည်ကား ဒေါသကို ဆိုင်းငံ့ထားစေသော 'အချိန်'ပင် ဖြစ်ပေသည်။ ထို့ပြင် ဘဝအားအင်လျော့ပါးလေပြီးသော သက်ကြီးရွယ်အိုတို့၏ ဒေါသဟူသည်ကလည်း ပင်ကိုအားဖြင့် ပျော့ညံ့တတ်သည်။

ဤနည်းဖြင့် အဘိုးကြီး ဘာရဒွါဇ၏ ဒေါသသည် အိမ်ကအထွက်တွင် တင်းမာခဲ့သော်လည်း အတန်လှမ်းသော ဝေဠုဝန်သို့ လာခဲ့သောအခါ၌ တစ်လှမ်းပြီး တစ်လှမ်း လျော့ပါးလာခဲ့ရသည်။ သို့ရာတွင် လုံးဝပျောက်သွားသည်ကားမဟုတ်။ မိမိဘဝကို အဆင်မပြေစေသော ဤဂေါတမဆိုသူအား တွေ့စွမ်းလိုက်ချင်လှသည်။ အခွင့်ကြုံလျှင် မိမိကဲ့သို့သော ဗြာဟ္မဏ ပညာရှိကြီးက တရားရေးရာ ကတ်သီး ကတ်သတ်တွေကိုမေး၍ ချေမှုန်းလိုက်ချင်လှသည်။ ဤအတွေး ဤဒေါသအခံဖြင့် ဘာရဒွါဇသည် ဝေဠုဝန်သို့ ဦးတည်၏။

သို့ရာတွင် ဘုရားရှင်အထံသို့ အပထားဦး၍ ဝေဠုဝန်အတွင်းသို့ ရောက်သည် ဆိုလျှင်ပင် ဘာရဒွါဇ၏ဒေါသသည် ပြေလျှော့သည်ထက် ပြေလျှော့သွားသည်။

ဒေါသဟူသည် မီးဖြစ်၍ သူတော်ကောင်းတရား၊ သူတော်ကောင်းတို့အရိပ် ဟူသည်ကား ရေဖြစ်သည်။ မီးဟူသည် ရေကိုနိုင်ရိုးမရှိ။ ရေနှင့်တွေ့လျှင်ငြိမ်းပျောက် ရသည်။ တိတ္ထိတို့နှင့်သာ ဆက်ဆံဖူး၍ ဝေဠုဝန်လို နေရာမျိုးသို့ မရောက်ဖူးသော

www.burmeseclassic.com

www.burmeseclassic.com



ဘာရဒွါဇအဖို့ သူတော်ကောင်းတို့၏ရိပ်သာ၊ မေတ္တာ၏ ဝန်းကျင်ဖြစ်သော ဝေဠုဝန်က ပါလာသမျှသော ဘာရဒွါဇ၏ ဒေါသမီးကို ငြိမ်းသတ်ပေးသည်။

သို့နှင့်မေးရင်းမြန်းရင်း ဂန္ဓကုဋီတိုက်တော်ရှိ ဘုရားရှင်ရှေ့တော်မှောက်သို့ ရောက်ရှိလေသောအခါ ရှင်ဂေါတမမှာ မိမိစိတ်ကူးမျက်စိတွင် တွေးထင်ခဲ့သော ရှင်ဂေါတမနှင့် အကွာကြီးကွာလျက်ရှိသည်ကို တွေ့ရသောကြောင့် အံ့အားပင် သင့်ရသည်။

အကြောင်းသော်ကား ရှင်ဂေါတမဟူသည်ကို မိမိတို့ဆရာကြီးများကဲ့သို့ပင် ဆံကေသာ ဗရဗျစ်၊ မုတ်ဆိတ်မွေး လက်လေးသစ်နှင့် ညစ်ညစ်တေတေ ဆရာကြီး တစ်ဦးသာပေဟု ထင်ခဲ့မိရာမှ လက်တွေ့တွင်မူ ကိုယ်ရေသန့်စင်ကြည်လင် တည်ငြိမ် ဣန္ဒြေတော်အပြည့်နှင့် ရှုကြည့်၍ပင်မဝနိုင်လောက်သော ဘုရားရှင်အား ဖူးတွေ့ရ သောကြောင့်ဖြစ်၏။

သို့ရာတွင် ပြင်ဆင် တင်ရှိလာခဲ့သော ဒေါသအငွေ့ကလေးနှင့် တစ်သက်လုံးက စွဲယူလာခဲ့သော ပင်ကိုအယူအစွဲတို့က အငွေ့အသက်မကင်းပျောက်နိုင်သေးသောကြောင့် ရှိခိုးဦးနှိမ်ဖို့ အပထား၍ အရိုအသေပြုဖို့ပင် ခက်နေသေးပေရာ ဘုရားရှင်အနီး၌ မယောင်မလည်နှင့် ရပ်ပြီးလျှင် "အို ... ရှင်ဂေါတမ၊ ရှင်ဂေါတမသည် တရားအားလုံးကို သိသော သမ္မာသမ္ဗုဒ္ဓဟု ဝန်ခံကြောင်းကြားသိရပါသည်။ သို့ဆိုလျှင် ပုစ္ဆာတစ်ရပ်ကို မေးပါရစေ" ဟု ပြဿနာစကား စတင်လိုက်သောအခါ ဘုရားရှင်က မေးလိုရာ မေးပေတော့ဟူသော သဘောဖြင့် ဆိတ်ဆိတ်နေတော်မူ၏။

"အို ... ရှင်ဂေါတမ။ ။ ပညာရှိတို့သည် တစ်စုံတစ်ခုအား သတ်ခြင်းကို နှစ်သက်ပါသလော"

မိမိ၏ စိတ်ကူးဉာဏ် တစ်မိုက်တစ်ထွာမျှဖြင့် အပြစ်တင်နိုင်ရန် အကွက်ဆင်၍ မေးလိုက်သော နှစ်ဖက်လွှပြဿနာမေးခွန်းဖြစ်၏။ နှစ်သက်၏ဟု ဖြေလျှင် ပါဏာတိ ပါတ သူ့အသက်သတ်ခြင်း မကောင်းမှုဖြင့် စွပ်စွဲကာ ပြဿနာတင်မည်။ မနှစ်သက်ဟု ဖြေလျှင် ရာဂ ဒေါသ စသော မကောင်းကျိုးတရားတို့ကို မသတ်လိုပါသလောဟု စွပ်စွဲမည်။

"ဘာရဒွါဇ။ ။ ပညာရှိတို့သည် တစ်စုံတစ်ခုအား သတ်ခြင်းကို နှစ်သက်သည်။ သတ်လည်းသတ်သည်။ ထိုတစ်စုံတစ်ခုဟူသည်ကား သူ့ကို မွေးလိုက် မိလျှင် စိတ်နှလုံး ပူပန်မှုတည်းဟူသော ဆင်းရဲဒုက္ခကိုဖြစ်စေ၍၊ လက်စားပြန်ချေရမှ ကျေနပ်လေတော့သယောင် အဆုံးရှိသော ဒေါသတရားတည်း။ ထို့ကြောင့် ပညာရှိသည် ဒေါသမဖြစ်အောင် သတိဖြင့်စောင့်ထိန်းသည်။ ကြိုးစားသည်။ ဖြစ်လာလျှင်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဒေါသမီးကို ရေစင်တည်းဟူသော မေတ္တာတရား၊ သည်းခံမှုတည်းဟူသော ခန္တီတရားတို့ဖြင့် သတ်ဖြတ် ငြိမ်းပယ်ပစ်သည်''

ဤအဖြေကြောင့် ရေမတွေ့သေး၍ သွေ့ခြောက်နေရပြီး ရေတွေ့သောအခါ လန်းဆတ် ပွင့်ကား၍လာသော ပန်းကဲ့သို့ ပါရမီအခြေခံရှိခဲ့ပြီးသော ဘာရဒွါဇအဖို့ ဒူးခွေကျသည်အထိ လန့်ဖျပ်ကာ ဘုရားရှင်သို့ ရှိခိုးလိုက်မိပြီးသားဖြစ်သွားသည်။

ဖြစ်ဟန်ကား မိမိနှင့် တစ်ကြိမ်မျှ မတွေ့ခဲ့ဖူးပါလျက် မိမိအမည်ကိုသိပြီး အနေဖြင့် ရင်းရင်းနှီးနှီး အခေါ်ခံရသည်တစ်ချက်၊ မိမိက စေတနာဆိုးဖြင့် အကွက်ဆင် အမိဖမ်းလိုက်သော နှစ်ဖက်လှ မေးခွန်းတွင် မိမိ၏ ဝမ်းတွင်းအကြောကို နောကျေအောင် သိနေပြီးသည့်အလား မိမိ၏အမှားကို တိုက်ရိုက်ထိမှန်သောတရားဖြင့် ဖြေကြားလိုက်သည်လည်း တစ်ချက်တို့ကြောင့်ပင်ဖြစ်၏။

ထို့ကြောင့် ''အရှင်မြတ်ဘုရား။ ။ အရှင်မြတ်အပေါ်၌ တပည့်တော်၏ သဘောထား လွဲမှားခဲ့မိသည်များကို သည်းခံတော်မူ၍ တပည့်တော်အား သံသရာဝဋ်မှ ကယ်ချွတ်တော်မူပါဘုရား'' ဟု လျှောက်ထားသည်။ အကျိုးကား ဤသည်မှဆက်၍ အိမ်သို့ပင်မပြန်တော့ဘဲ ရဟန်းဘဝသို့ကူးကာ မကြာမီပင် ရဟန္တာအဖြစ်သို့ရောက်သွားသည်။

[ ၄ ]

သို့ရာတွင် ဘာရဒွါဇတို့ဇာတ်လမ်းကား ဤမျှဖြင့် မဆုံးသေးပေ။ နဂိုကပင် ဝါဒခြင်း မတူ၍ ရန်သူဟု သဘောထားခဲ့သူ၊ မိမိတို့အသိုက်အဝန်းမှ မရိုးဖြစ်သူသည် သူ့လူဖြစ်သွားသောအခါ မကျေနပ်မှုတိုးလာသူ၊ ယခုတစ်ဖန် မိမိတို့အမျိုးတွင် အကြီးဆုံးဖြစ်သူ အစ်ကိုကြီးသည် သူ့ထံတွင် ရဟန်းဖြစ်သွားပြန်ပြီဟု ကြားသိရသောအခါ ဒေါသမီး၊ ဒေါသလုံးတို့ တဟုန်းဟုန်းတောက်လောင်လျက်ရှိသော ညီဖြစ်သူ ဘာရဒွါဇ သုံးယောက်တို့သည် ဘုရားရှင်ထံတော်မှောက်သို့ ရဲရဲတင်းတင်းကြီး ဆိုက်ရောက်လာကြ၏၊ ဆိုက်ရောက်လာပြီးနောက် သူတို့ဒေါသ၏အဖြေကား ဘုရားရှင်အား ဆဲရေးကြခြင်းပင် ဖြစ်လေတော့သည်။

သာမန်ဆဲရေးရုံမျှမဟုတ်။ ဆဲရေးမှုအတတ်၌ ဆဲရေးခြင်းဆယ်ပါးဟု သတ်မှတ်ထားရာတွင် ဆယ်ပါးစလုံးစုံအောင် ညစ်ညစ်ညမ်းညမ်း တစ်တစ်ခွခွ ဆဲသည်။ တစ်ကြိမ် နှစ်ကြိမ် သုံးလေးကြိမ်မျှမဟုတ်၊ အကြိမ်ပေါင်း ငါးရာခန့်အထိ အချိန်ယူ၍ဆဲသည်။

သူရို့အမျိုးသည် ဘာရဟဒွါဇမျိုးဖြစ်၏။ သို့ဖြစ်၍ သူရို့အမည်များတွင် အရင်းလုံးများသာ အနည်းငယ်ကွာ၍ အဖျားလုံးများမှာ အားလုံးဘာရဒွါဇချည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုရောက်လာသော ဒေါသအိုး ဘာရဒ္ဒါဇများအနက် အကြီးဆုံး ဘာရဒ္ဒါဇသည် အဆဲသန်ဆုံးဖြစ်၏။ သူ့အမည်သည် နောင်အခါ၌ ''အဆဲသမားကြီး ဘာရဒ္ဒါဇ'' ''အက္ကောသဘာရဒ္ဒါဇ'' ဟုပင် သမိုင်းတွင်ရစ်သည်။ သူတို့သည် မရီးဖြစ်သူ အမျိုးသမီးကြီး ဓနဉ္စာနီအား မနိုင်ဝံ့သူများဖြစ်သော်လည်း လုပ်သမျှခံသည်ဟု သိထားသော သူတော်ကောင်း ဘုရားရှင်အားမူ နိုင်ဝံ့သူများ ဖြစ်ကြသည်။ သို့သော် တကယ်နိုင်ပါ၏လော။

ဘုရားရှင်သည် မဇ္ဈိမတွင် သာသနာပြုရာ၌ ပန်းခင်းသောလမ်းတွင် ပြုရခြင်းမျိုးကား မဟုတ်ခဲ့ပါပေ။ မဇ္ဈိမတွင် ရှိနေပြီးသည့် ဘာသာမျိုးစုံ၊ ဝါဒမျိုးစုံ တည်းဟူသော ကြိမ်တော၊ ဆူးတော၊ ခရောင်းတောမျိုးစုံကို ထွင်းဖောက်ပြုရခြင်း ဖြစ်သည်။ ဆိုလိုသည်ကား ယင်းသို့ပြုရာ၌ အတိုက်အခံရန်သူမျိုးစုံနှင့်ရင်ဆိုင်ရသည်။ အသက်ကို လိုသည်အထိ ကြိုးပမ်းခံရခဲ့ရသည်။ အဆဲခံရမှုသည်ကား သာမန်ကိစ္စမျှ ဖြစ်၏။ သို့ရာတွင် အဆဲမျိုးစုံကြုံခဲ့ရာ၌ ယခုအဆဲသမားကြီး ဘာရဒ္ဒါဇလောက် မည်သူမျှ မဆဲနိုင်ခဲ့ပေ။ ဆဲပါစေ။ ကျေနပ်အောင် ဆဲပါလေ့။ အကျိုးကား အခွန်းပေါင်း ငါးရာခန့်ဖြင့် အားရအောင် ဆဲပြီးသည့်နောက်တွင် အဖြေကတော့ ကောင်းလှပါ၏။

လူချင်းတော့တူသည်ဟု ဆိုနိုင်ပါ၏။ သို့ရာတွင် ပုထုဇဉ်နှင့် ဘုရားရဟန္တာ တို့၏ကွာခြားချက်မှာ ပုထုဇဉ်တို့က ခန္ဓာကိုယ် ဝင်ပေါက်တံခါးတို့ကို မပြတ်ဖွင့်ထားသော အိမ်ရှင်များဖြစ်၍ ဘုရားရဟန္တာတို့က ဝင်ပေါက်တံခါးတို့ကို အမြဲပိတ်ကာ အလိုရှိမှသာ ဖွင့်ပေးသော အိမ်ရှင်များဖြစ်ကြ၏။ ဆိုလိုသည်မှာ ပုထုဇဉ်တို့က ခန္ဓာအိမ်များသို့ ဒွါရခြောက်ပေါက်မှ ဝင်လိုသော အာရုံမှန်သမျှသည် ဝင်ချင်သည့်အချိန်တွင် အချိန်မရွေး တံခါးမရှိဓားမရှိ ဝင်နိုင်သည်။ ဘုရားရဟန္တာတို့ခန္ဓာအိမ်များသို့ကား ဝင်လိုသမျှသော အာရုံမှန်သမျှတို့မှာ ပိုင်ရှင်ခွင့်ပြုသမျှ သို့မဟုတ်၊ ပိုင်ရှင်ခွင့်ပြုမှသာ ဝင်နိုင်သည်။

ယင်းအာရုံဟူရာ၌လည်း အဆိုးအညံ့ကိုသာမဟုတ် အကောင်းအမွန် သည်လည်း အတူတူပင်ဖြစ်၏။ အကြောင်းသော်ကား အကောင်းအဆိုး ဣဋ္ဌ အနိဋ္ဌ ဟူသည် ပုထုဇဉ်တို့၏နယ်ပယ်၌ သတ်မှတ်ခံစားချက်မျှသာဖြစ်၍ ဘုရားရဟန္တာတို့အဖို့ အဆိုးသည်လည်းကောင်း၊ အကောင်းသည်လည်းကောင်း ထူးတော့သည်မဟုတ်။ ထို့ကြောင့် အကုသိုလ်မျှသာမဟုတ်။ ကုသိုလ်၊ သို့မဟုတ် ''ကုသလံ ကုသလံ ဖဟံ'' ကောင်းမကောင်းမှန်သမျှကို ပယ်ပြီး သူများဟူသော ဂုဏ်ထူးတစ်ရပ်ကို ရရှိထားသူများ ဖြစ်ကြသည်။

ဆိုလိုသည်မှာကား အဆဲသမားကြီး ဘာရဒ္ဒါဇတို့၏ ဆဲသံမှန်သမျှသည် အဘယ်မျှပင် ကြမ်းတမ်းပါစေ၊ အဘယ်မျှပင် ရှည်ကြာပါစေ၊ သတိစောင့်ရမ်း ခန္တီ တံတိုင်း ကာဆိုင်းထားလေပြီးသော ဘုရားရှင်အဖို့ အကြောင်းထူးတော့သည်မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ထူးသူကား ဆဲသူများကိုယ်တိုင်ပင်ဖြစ်နေတော့သည်။ အကြောင်းကား လူသားဆိုသည် အပထား၍ သံချောင်းသံတိုင်ပင်လျှင် ယိုင်နဲ့လောက်သည်ဟု ယူဆရသော မိမိတို့၏ ဆဲမျိုးစုံတို့ကြောင့် တစ်စုံတစ်ရာ တုံ့ပြန်ဖို့ဝေး၍မျက်နှာမျက်ကြောကလေး တစ်ချက်မျှ ပြောင်းလဲလှုပ်ရှားမှုမရှိ။ ပကတိ ကြည်လင်မြဲအတိုင်း ကြည်လင်လျက်ရှိနေသည်ကိုပင် တွေ့ရသောအခါ အဆဲသမားကြီးတို့အဖို့ ဆဲရင်းနှင့်ပင် သဘောထား ပြောင်းလဲကာ တဖြည်းဖြည်း အသံတိုးညင်း၍ လာရင်းဆဲသံကို ရပ်ပစ်လိုက်ရတော့သည်။

ချိတ်ဟူသည် အချိတ်ခံပစ္စည်းရှိမှ အသုံးဝင်မြဲဖြစ်၏။ အစွဲတည်းဟူသော အခြေခံအကြောင်းဖြင့် မောင်းတင်လာခဲ့သော ချိတ်၊ သို့မဟုတ် အစဉ်အလာ အယူအစွဲကိုသာမက၊ မိမိတို့အစ်ကိုနှင့် မရီးကိုထိ၍ မချည့်အောင်ဖြစ်ခဲ့ရသော ဘာရဒွါဇတို့၏ ဒေါသချိတ်မှာ အဘယ်မျှမောင်းတင်ပြင်လာခဲ့စေကာမူ ချိတ်စရာကို မြင်နေရသော်လည်း ချိတ်၍မရလေသောအခါ အချည်းအနှီးဖြစ်စေရုံမက ပျော့ညံ့ပျက်ပြယ်၍ပင် လာခဲ့သည်။ အကြောင်းကား ညီဖြစ်သူ ဘာရဒွါဇတို့သည်လည်း တစ်ဖက်တွင် အယူအစွဲကြီးမား ခဲ့စေကာမူ တစ်ဖက်တွင် ဆင်ခြင်တုံတရား ရှိထားပြီးသူများ ဖြစ်ကြသောကြောင့် ပင်တည်း။

သူတို့သည်လည်း သူတို့အစ်ကိုကဲ့သို့ပင် ရှေးအခါက မမြင်ခဲ့ဖူးသော ဘုရားရှင်ကို ဝေဠုဝန်တွင် တပ်တပ်ထင်ထင် တွေ့မြင်လိုက်ရစဉ်ကပင် သူတို့အထင် ကြီးပြီးသော မဟာပုရိသ လက္ခဏာတော်ရှင်ဖြစ်နေသဖြင့် မိမိတို့အထင်နှင့် အမြင်ကွားခြားနေမှုကြောင့် ဒေါသမောင်းတင်လာသော အရှိန်နှင့် ဆဲ၍သာဆဲရ သော်လည်း တစ်ဖက်တွင်မူ သဘောထားမသိမသာပြောင်းလဲနေခဲ့ပြီဖြစ်၏။ ကာယကံ မြောက်တွင် ထူးထူးခြားခြား သည်းခံနိုင်အားကြီးလှသည်ကို တွေ့ရသောအခါ ရေနှင့်တွေ့သောမီးကဲ့သို့ အညွန့်ကျိုးကာ အရိုးအငွေ့မျှသာ ကျန်တော့သည်။

သို့ရာတွင် အမြင်အားဖြင့် ထူးထူးခြားခြား သည်းခံနိုင်မှု စွမ်းအားရှိသည် မှန်သော်လည်း နှုတ်သံ လေသံ တုံ့ပြန်မှုကို ကြားလိုပေသေးသည်။ မိမိအပေါ်၌ ဤမျှထိခိုက်လာသော အကြောင်းတစ်ရပ်ကို ရှင်ဂေါတမသည် တစ်စုံတစ်ရာ တုံ့ပြန်သမှု ပြုရမည်ကား မုချဟု ဘာရဒွါဇတို့ တွက်ဆထားပြီးဖြစ်သည်။ ယင်းတုံ့ပြန်မှုကို စောင့်ဆိုင်းရင်းဖြင့် ဘုရားရှင်၏ အနီးတွင်ပင် ထိုင်တော့မယောင် ထတော့မယောင်ဖြင့် ခပ်မဆိတ် ဖြစ်နေကြခိုက် "ဘာရဒွါဇတို့" ဟူ၍ ဘုရားရှင်က ခေါ်လိုက်သည်။

"သင်တို့ဆဲပုံမှာ စာလာပေလာဆဲရေးမှု ဆယ်ဖြာဆယ်မျိုးစလုံးနှင့် ကိုက်ညီ အောင် စုံလင်ပြည့်စုံပါပေ၏။ သို့ရာတွင် သင်တို့ကိုယ်တိုင်ပင်လျှင် အသိဉာဏ် ရှိပြီးသော ပညာရှိများဖြစ်ကြသည့်အတိုင်း ဒေါသကို မချုပ်တီးနိုင်၍ ဆဲရေးမိကြသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



သင်တို့သည် ဒေါသ၏အပြစ်၊ ဆဲရေးမှု၏မကောင်းကျိုးကိုမူကား သိပြီးသူများ မဟုတ်ကြပါလော''

မှန်သည်။ အသိခေါက်ခေါက် အဝင်နက်၊ သိလျက်နှင့် မိုက်နေသူများသာ ဖြစ်သည်။ ဘုရားရှင်က တရားဖြင့် တံတားခင်းပေးလိုက်သောအခါ ရှက်စနိုးဖြင့် ဦးခေါင်းကိုယ်စီ ငုံ့သွားကြသည်။ ထို့နောက် အဆဲဝိဇ္ဇာအစ်ကိုကြီးကိုယ်တိုင်ကပင် ရှင်ဂေါတမသို့ ရှိခိုးလိုက်သည်ကို မြင်ကြရသောအခါ ညီနှစ်ယောက်ကလည်း ဝပ်တွား လိုက်ကြသည်။

''ဘာရဒွါဇတို့။ ။ ဤနေရာတွင် သင်တို့ကို ငါဘုရား ဥပမာစကားတစ်ခု ပြောကြားလိုသည်။ ထိုဥပမာသည်ကား ဗြာဟ္မဏ ဆရာမိတ်ဆွေများအား သင်တို့ အိမ်တွင် ကျွေးမွေးခဲ့သော ဥပမာပင်ဖြစ်ပါသည်။

''ဗြာဟ္မဏမိတ်ဆွေ ဆရာကြီးများအား မကောင်း ကောင်းကြောင်း ဖွယ်ဖွယ် ရာရာ အာဟာရမျိုးစုံကို ပြုပြင်၍ ကျွေးမွေးရာ၌ သင်တို့ ကျွေးမွေးမှုကို ထိုဆရာကြီး များက အကယ်၍ လက်မခံခဲ့ပါသော် သင်တို့ ဖွယ်ဖွယ်ရာရာ ပစ္စည်းများသည် အဘယ်သူ့အတွက်ဖြစ်ပါဦးမည်နည်း''

''ကျွန်တော်တို့အတွက်ပင်ဖြစ်ရပါမည် ရှင်ဂေါတမ''

''မှန်လှပေ၏။ ထိုနည်းတူစွာ ဥပမာအတိုင်း သင်တို့ဖွယ်ဖွယ်ရာရာ ဆဲလာသမျှ တို့ကိုလည်း ငါဘုရား လက်မခံလိုပါ။ ထို့ကြောင့် သင်တို့ပစ္စည်းသည် သင်တို့အတွက်ပင် ဖြစ်ရပေတော့မည်''

ဘုရားရှင်၏ ယင်းဥပမာစကားကြောင့် ဘာရဒွါဇတို့အဖို့ ကိုယ်ဟန် လှုပ်ရှား သည်အထိ နှစ်ခြိုက် သဘောတွေ့ကာ အပြုံးပန်းကိုယ်စီပင် ပွင့်လာကြသည်။ အကြောင်းကား ဒေါသဖြင့် လာကြသူများအား သည်းခံမှု ခန္တီစိတ်၊ မေတ္တာရှေးရှုမှု၊ မဟာကရုဏာစိတ်ဖြင့် ဆီးကြိုပြီးနောက် တရားဟောရန်အတွက် ရင်းနှီးမှုရစေရန် ဟာသဥပမာ ဝစနာလင်္ကာရဖြင့် နေရာခင်းပေးလိုက်သောအခါ ဒေါသရှင် ဘာရဒွါဇ တို့အဖို့ ဘုရားရှင်နှင့် အကျွမ်းတဝင် တရားနာရန် အဆင်သင့်ဖြစ်သွားကြသည်။

အကျိုးကား ဤနေရာတွင်ပင် ပညာအခြေခံရှိသော်လည်း ဒေါသကို အရင်းတည်လာမိသော ဘာရဒွါဇတို့အား ငါးကြင်းဆီဖြင့် ငါးကြင်းသားကြော်ဘိသို့ ဒေါသ၏ အပြစ်မျိုးစုံကို ထုတ်ဖော်ဟောကြား၍ သစ္စာလေးပါးဖြင့် အချောသတ်လိုက် သောအခါ တစ်ထိုင်တည်းတွင်ပင် အကျွတ်တရားရကုန်ကြခြင်းပေတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com



# ပြဿနာအရှင်

[ ၁ ]

"ပြဿနာအရှင်" ဟူသည်ကား အခြားသူမဟုတ်ပါ။ ဘုရားသခင်ကလွဲလျှင် သာသနာတော်၌ ဂုဏ်ဒြပ်အကြီးမားဆုံး လက်ယာတော်ရံ အဂ္ဂသာဝက အရှင်သာရိပုတ္တရာကိုယ်တော်ကြီးပင်ဖြစ်သတည်း။

ကြည့်ပါ။ မိဘနှင့် ပြဿနာဖြစ်သည်။ ဆရာနှင့် ပြဿနာဖြစ်သည်။ ရဟန်းအများနှင့် ပြဿနာဖြစ်သည်။ အရှင်ဒေဝဒတ်နှင့် ပြဿနာဖြစ်သည်။ အရှင်ဆန္နနှင့် ပြဿနာဖြစ်သည်။ ဘုရားရှင်နှင့်ပင် ပြဿနာဖြစ်သည်။ ကိုရင်ကလေးနှင့်သော်လည်း ပြဿနာဖြစ်သည်။ ပြဿနာတွေ များလွန်းသော ပြဿနာအရှင်ဖြစ်၍ နောက်ဆုံးတွင် မဟုတ်တရုတ် ပြဿနာလုပ်၍ပင် အပြောခံရသည်။ တကယ့်ပြဿနာအရှင်ပါတည်း။

မိဘနှင့် ပြဿနာဖြစ်ဟန်ကား မိဘများ အလိုမတူဘဲ စည်းစိမ်ကို စွန့်ပစ်၍ ရဟန်းဘောင်သို့ အတင်းဝင်ခဲ့ခြင်းဖြစ်၏။ သို့ရာတွင် မိဘများ ကိုးကွယ်ရာ သိဥ္စည်းဆရာအထံ ပရိဗိုဇ် ရဟန်းအဖြစ် ဝင်၍ ပထမသော် တော်ပါသေး၏။ ဆရာသိဥ္စည်းအထံမှ မိဘများနှင့် ဆန့်ကျင်ဘက်ဖြစ်သော ဗုဒ္ဓသာသနာသို့ ကူးပြောင်းလာသောအခါ၌ကား ဆွေပြတ် မျိုးပြတ်အထိပြဿနာ ဖြစ်ရလေတော့သည်။

ဆရာနှင့်ပြဿနာဖြစ်ဟန်ကား ဆရာသခင် အဿဇိအရှင်၏ 'ယေဓမ္မာ ဟေတုပ္ပဘာဝါ' ဒေသနာကို ကြားနာရပြီးနောက် ဆရာသိဥ္စည်းနှင့် ပြဿနာဖြစ်၏။ ဖြစ်ရပုံမှာ သာသနာ့သမိုင်းတွင် ထင်ရှားလှသော အကြောင်းရပ်ဖြစ်လေသည်။ ဤ "ဗုဒ္ဓစာပန်းချီ"တွင်လည်း "အိုးစရည်းနှင့် လက်ငင်အိုး" အမည်ဖြင့် အနုစိတ်ရေးခြယ်ပြခဲ့ပြီးဖြစ်သည်။ မှားမှု၊ မှန်မှုကို တစ်ကိစ္စထား၍ ဆရာဖြစ်သူ သွေးအန်ကာ နောက်ဆုံးတွင် ကွယ်လွန်ရသည်အထိ ဖြစ်ပွားခဲ့ရသော ပြဿနာကြီးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းများနှင့် ပြဿနာဖြစ်ဟန်ကာ ဝင်ဝင်ချင်း ဆောက်နှင့်ထွင်းဆိုရလောက်ပေသည်။ ဘုရားရှင်အထံတော်သို့ စတင်ရောက်ရှိသည်နှင့် တစ်ပြိုင်နက် ပြဿနာရှင်ဖြစ်ခဲ့ရသည်။

ဝေဠုဝန်တွင် ဘုရားရှင်အထံတော်သို့ စတင်ရောက်ရှိ၍ ရောက်မဆိုက် ဆိုရလောက်အောင်ပင် အဂ္ဂသာဝက လက်ယာတော်ရံအဖြစ် စတင်ခန့်ထားခြင်းခံရ၏။ ထိုအခါ အမြင်တိုသော ပုထုဇဉ် ရဟန်းတို့နယ်ပယ်၌ လှုပ်ရှားသွားကြသည်။ သာမန်လှုပ်ရှားရုံမျှမဟုတ် “ငါတို့ဆရာနှယ် မျက်နှာလိုက်ပလေခြင်း၊ ဘယ့်နှယ်ဗျာ သူ့အရင်က မထေရ်ကြီးတွေ များစွာရှိပါလျက် နောက်မှလာတဲ့ ရွှေကြာပင်ကို မြင်လျှင်မြင်ချင်း အမြင့်ဆုံးနေရာထားလိုက်တာကတော့ အမြင်ရော အကြားပါ အဆင်မပြေလိုက်လေဗျာ” ဟုပင် ပုထုဇဉ်တို့ဉာဏ်တစ်မိုက်တစ်ထွာမျှဖြင့် ဖွင့်ထုတ်ပြောဆိုသည်အထိ ပြဿနာတက်ခဲ့သည်။

ပုထုဇဉ်ရဟန်းတို့ မကျေနပ်ချင်၍သာ မကျေနပ်ကြသည်။ မျက်နှာလိုက်သည်ဟူသော စွပ်စွဲချက်မှာကား အကြောင်းမခိုင်လုံပေ။ မခိုင်လုံကြောင်းကား အရှင်သာရိပုတ္တရာခေါ် ဥပတိဿသည် ဂုဏ်ဒြပ်အနေဖြင့်ပြောရလျှင် ပစ္စည်းဥစ္စာအားဖြင့် တောသူဌေးသားသာမျှဟုဆိုနိုင်၏။ အမျိုးအနွယ် ဂုဏ်ထူးအနေဖြင့် ဆိုလျှင်လည်း ရာဇဂြိုဟ်အနီးမှ ရွာသူကြီး သားမျှသာဖြစ်၏။

ထိုအချိန်က ဘုရားရှင်၏ အထံတော်၌ ရှိနေပြီး ရှေးဦးတပည့်ကြီးအချို့နှင့် နှိုင်းယှဉ်လျှင် ဂုဏ်ရောဒြပ်ပါ များစွာကွာခြားလှ၏။ ဥပမာအားဖြင့် ဘဒ္ဒဝဂ္ဂီညီနောင်သုံးကိုပ် ရဟန်းတော်တို့ဆိုလျှင် အမျိုးအနွယ်အားဖြင့် ကောသလဘုရင်၏သား မင်းမျိုးမင်းနွယ်များဖြစ်ကြသည်။ ပစ္စည်းဥစ္စာအားဖြင့် ဆိုဖွယ်ပင်မရှိ။

သို့ဆိုလျှင် အဘယ်ပုံ မျက်နှာလိုက်သည်ဟု ဆိုနိုင်ပါအံ့နည်း။ စင်စစ်သော်ကား မိမိကိုယ်တိုင် သို့မဟုတ် မိမိအသိုက်အဝန်းမှ မဟုတ်သောသူများ ရာထူးစည်းစိမ်မြင့်တက်သွားသည်ဆိုလျှင် မနာလိုချင် ကဲ့ရဲ့ချင်တတ်ကြသော ပုထုဇဉ်တို့၏ ဣဿာသဘောမျှသာ ဖြစ်ပေသည်။

ပုထုဇဉ်ရဟန်းတို့ မပြေလည်ပုံကိုသိ၍ သိတော်မူသောဘုရားရှင်က အရှင်သာရိပုတ္တရာ၏ ပညာပါရမီ၊ လက်ယာတော်ရံအဖြစ် တည်ဆောက်ခဲ့မှု အတိတ်ပါရမီတို့ကို ထုတ်ဖော်ဟောကြားပါ၏။ သို့ရာတွင် ဆရာ့စကားမို့ ကြားရုံမျှကြားရကာ ပြဿနာမှုကားမပြေနိုင်ခဲ့ပေ။ ယင်းမပြေလည်ပုံကိုပင် ဤ “ပြဿနာအရှင်” တွင် ဖာတ်လမ်းတင်၍နောက်ပိုင်းတွင် ဖော်ပြရန်ဖြစ်၏။

အရှင်ဒေဝဒတ်နှင့် ပြဿနာဖြစ်ရဟန်ကား ရှင်း၏။ အကြောင်းသော်တစ်မူ သူသည် ရဟန်းဘဝ ရောက်လာသည်ကပင် သံသရာဘေးကို ကြောက်သောစိတ်

www.burmeseclassic.com

www.burmeseclassic.com



နိဗ္ဗာနသုခကို ရယူလိုသော စိတ်မွန်စိတ်ကောင်းဖြင့် ရောက်ရှိလာခြင်းမဟုတ်၊ မျှော်လင့်ချက်မရှိသော လူ့ဘဝတွင် အဖော်ကလည်းကောင်းသဖြင့် ဖြစ်နိုင်ခဲ့လျှင် ဘုရားရှင်လို ထိပ်တန်းနေရာမျိုး၊ မဖြစ်နိုင်ခဲ့သော် အနည်းဆုံးအားဖြင့် ယခု အရှင်သာရိပုတ္တရာတို့လို၊ အရှင်မောဂ္ဂလာန်တို့လို ရာထူးကြီးကြီး နေရာကြီးကြီးကို ရည်မှန်းကာ မာနငေါ်ငေါ် လောဘစွန်းစွန်း မလိုတမာ ရည်မှန်းချက်ကြီးကြီးဖြင့် ဝင်ရောက်လာခဲ့သူ ဖြစ်၏။ သို့ဖြစ်ရာ သူ့ဣဿာအစွန်း ဣဿာအငုတ်သည်ကား အရှင်သာရိပုတ္တရာကို သာမဟုတ်၊ သူ့ထက်သာနေသူမှန်သမျှကို မနာလိုနေသောသူဖြစ်၏။ သို့ရာတွင် အရှင်သာရိပုတ္တရာကို ပို၍မနာလိုသည့်အကြောင်းကား ဘုရားမှလွဲလျှင် အကြီးဆုံး ရာထူးရှင်ဖြစ်သောကြောင့်တည်း။

မောင်ဆန်၊ ဘုရားရှင်၏ ဖွားဖက်တော် မောင်ဆန်၊ သို့မဟုတ် မြင်းမြီးဆွဲ မောင်ဆန်ဟု အများသိကြသော အရှင်ဆန္နနှင့် ပြဿနာဖြစ်ရဟန်ကား တစ်မျိုးဖြစ်၏။ တစ်မျိုးဆိုသော်လည်း အရှင်ဒေဝဒတ်ကဲ့သို့ပင် ဘုရားရှင်အနီး၌ အရေးပါနေသော အရှင်သာရိပုတ္တရာအစ ရဟန်းတော်မှန်သမျှကို အရှင်ဆန္နက ကြည့်၍မရသူဖြစ်၏။

ကြည့်၍ မရသည့်အကြောင်းမှာ ဣဿာဟုပင် ဆိုနိုင်သော်လည်း ဘုရားရှင် အပေါ်၌ ချစ်ချင်းမေတ္တာကို အရင်းခံသော ဣဿာလုကလေးဖြစ်၏။ ငြူစူမှု ဣဿာ ဟူသည် လူတစ်ကိုယ်တွင်ရှိသော စိတ်ညံ့စိတ်ဆိုးအမျိုးမျိုးအနက် အရည်မရ အဖတ်မရ အမြင်ကတ်စရာကောင်းလောက်အောင် အကြောင်းမဲ့ ဆိုးရွားလှသော စိတ်ဆိုး စိတ်ညံ့ မျှသာဖြစ်သောကြောင့် ''ဣဿာလုကလေး'' ဟု ဆိုနိုင်ပါအံ့လောဟု စောကြောဖွယ် ရှိသည်။

နိမ့်ရာမှ ကြီးမြင့်လာသော လူကြီးများတွင် ငယ်စဉ်အတိတ်ဘဝ၌ အရေးပါ အသုံးဝင်သစွာရှိခဲ့သဖြင့် ချစ်မြတ်နိုးအပ်သော တပည့်တပန်း ရဲဘော်ကလေးများ ရှိတတ်ကြမြဲဖြစ်သည်။ သူတို့သည် ဆရာဖြစ်သူ ကြီးမြင့်သွားသလောက် သူတို့ အရည်အချင်းမမီမှုကြောင့် ဆရာနှင့်အတူ လိုက်၍ကားမကြီးမြင့်နိုင်။ သို့ရာတွင် ဆရာ့အပေါ်၌ သံယောဇဉ်အမျှင် မပြတ်နိုင်ဘဲ ရှိနေကြရာ မိမိကိုယ်စား ဆရာ့အပါးသို့ ရောက်နေကြသူများကို မကျေမနပ်ဖြစ်နေတတ်ကြသည်။ ဆရာက မိမိကိုယ်စား နောက်မှပေါ်သည့် သူတစ်ပါးအားအရေးထားနေသည်ကို မိမိအရာမဟုတ်မှန်း သိလျက်နှင့် မကျေမလည်ဖြစ်နေတတ်ကြသည်။ ဤသို့ သူရို့ ဣဿာမျိုးကို ဆရာကရော အသိက်အဝန်းကပါ သည်းခံသည်။ လျစ်လျူရှုသည်။ ဤသည်ကိုပင် ''ဣဿာလုကလေး'' ဟု ဆိုချင်ပါ၏။

မောင်ဆန်၊ သို့မဟုတ် အရှင်ဆန္နနှင့် ဘုရားရှင်တို့၏ ဖြစ်ရပ်မှာလည်း ဤအတိုင်းပင်ဖြစ်၏။ တောထွက်မည်စိုးသောကြောင့် ဖခင်ဘုရင်၏ အခက်အခဲ မျိုးစုံ

www.burmeseclassic.com

www.burmeseclassic.com



တို့ဖြင့် ထိန်းကွပ်ထားသော သိဒ္ဓတ္ထဘဝတွင် သေအတူ ရှင်မကွာ သစ္စာရှိလှစွာသော ငယ်ဖော်ရဲဘက် မောင်ဆန် မဟုတ်ပါလော။

ယင်းသို့ ဘုရားရှင်အပေါ်၌ ချစ်ခြင်းမေတ္တာလျှင် အရင်းခံအပ်သော ဖွဲ့မျိုးခံ ငယ်ဖော်ရဲဘက်ဖြစ်၍လည်းကောင်း၊ သည်းခံမှ နိဗ္ဗာန်ရောက်တော့မည့် အရှင်ဆန္န၏ အနာဂတ်ကို သိထားသောကြောင့်လည်းကောင်း ရဟန်းဖြစ်လာသည့်အခါတွင် ပေတေတေကတ်တတ်တတ်နှင့် ပတ်ဝန်းကျင်ကို နွဲ့ဆိုးဆိုးလျက်ရှိသော အရှင်ဆန္နအား ဘုရားရှင်ကရော ပတ်ဝန်းကျင်ကပါ မသိနိုးနား မကြားကျိုးကျွန်ဖြင့် သည်းခံခဲ့ကြသည်။

အရှင်ဆန္န၏ အများဆုံး က္လသာဦးတည်ချက်ကား အရှင်သာရိပုတ္တရာသို့ ဖြစ်သည်။ အကြောင်းကား အကြီးဆုံးရာထူးရှင်ဖြစ်၍ ဘုရားရှင်ထံပါးတွင် အများဆုံး အရေးပါလှသူမဟုတ်ပါလော။

“ဘယ့်နှယ်ဗျာ ． ． ． အခုမှ ပေါ်လာလိုက်ကြတာ၊ ရှင်သာရိပုတ္တရာတဲ့၊ ရှင်မောဂ္ဂလာန်တဲ့၊ ထိပ်ဆုံးနေရာတွေမှာ သူတို့ချည်းပဲ၊ ဥရုဝေလမှာ တောထွက်တော်မူတုန်းက ခြောက်နှစ်လုံးလုံးတရားကျင့်သုံးနေတုန်းကတော့ သူတို့တစ်တွေ ဘယ်ချောင်မှာ ကပ်နေကြတယ် မသိဘူး။ အခုမှ အရေးပါနေလိုက်ကြတာတွေ”

သို့သော် အရှင်ဆန္န ကိစ္စမှာ ဤဗုဒ္ဓစာပန်းချီ “မောင်ဆန်” တွင် သီးသန့် ရေးခြယ်ပြီးဖြစ်၍ ဤမျှဖြင့် လုံလောက်ပြီ။

ဘုရားရှင်နှင့်ပင် ပြဿနာဖြစ်ရဟန်ကား သာရိပုတ္တရာသည် မိမိတပည့်များကို အထိန်းအသိမ်းညံ့သည်ဆိုကာ ဘုရားရှင်၏ ပြစ်တင်မှုကို ခံရရုံမျှမက ကျောင်းမှပင် နှင်ထုတ်ခံရသည်မဟုတ်ပါလော။

တစ်ချိန်တွင်လည်း အရှင်သာရိပုတ္တရာ၏ မသန့်မရှင်း ကဗျစ်ကညစ်နေမှုကြောင့် ဘုရားရှင်ကိုယ်တော်တိုင်၏ ပြစ်တင်ရှုတ်ချမှု ပြဿနာပေါ်ခဲ့ရသည်။

“သာရိပုတ္တရာ။ ။ သန့်ရှင်းသေသပ်မှုသည် အထက်တန်းပုဂ္ဂိုလ်တို့၏ အရာဖြစ်၍ ရဟန်းတို့တွင်လည်း လိုအပ်သည်။ သင်ကဲ့သို့သော ခေါင်းဆောင်ပုဂ္ဂိုလ်ကမှ သန့်ရှင်းသေသပ်မှုကိုမပြခဲ့သော် အခြားရဟန်းတို့ကို အဘယ်ပုံ ဆိုဆုံးမပါအံ့နည်း”

အရှင်သာရိပုတ္တရာ တရားကျင့်သုံးနေသည့် တစ်နေရာတွင် မသန့်ရှင်းသည်ကို ဘုရားရှင်ကိုယ်တော်တိုင် မြင်တော်မူရာမှ ဆုံးမအပ်သော စကားဖြစ်သည်။

မှန်ပေ၏။ ဆုံးမခံရမည့် ကိစ္စပင်ဖြစ်သည်။ သို့ရာတွင် ပြောဖွယ်ရှိသည်ကား မသန့်ရှင်း မသေသပ်မှု၊ အဝတ်အဆင် အနေအထိုင်တို့တွင် အလေးအနက်မထား၊ အမှတ်မဲ့ ကပိုကရိုရှိနေမှုသည် အရှင်သာရိပုတ္တရာ၏ ပင်ကိုဗီဇ ဘဝအားနည်းချက် တစ်ရပ်ပါတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဤကိစ္စတွင် အရှင်သာရိပုတ္တရာဘက်မှ ဆင်ခြေစကား ပြောကြားခွင့်ရခဲ့ပါသော် ပြောကြားအကြောင်းပြဖွယ်ကား ရှိပေသည်။ သို့ရာတွင် မလိုအပ်သော အမှားဟူသည် အမှားသာလျှင်ဖြစ်၍လည်းကောင်း၊ ဆုံးမစကားဆိုလျှင် အစဉ်နားဝင်ချိုလေ့ရှိသော သောဝစ္စသတာ မင်္ဂလာဂုဏ်အရှင်ဖြစ်၍ လည်းကောင်း ဆင်ခြေစကားဟူသည်ကို စိတ်ကူးမျှမထည့်ခဲ့။

အကယ်၍သာ ဆင်ခြေဝင်ခွင့်ရ၍ ဝင်ရမည်ဆိုသော် တရားရှင်ရဟန္တာတို့မည်သည် မိမိတို့ရရှိထားအပ်သော တရားအာရုံတွင် တစ်ချောင်းတည်းသောစိတ်အဟုန်ဖြင့် ရှုမှတ် စူးစိုက်သူများသာဖြစ်ကြ၏။ စိတ်ဟူသည် အာရုံတစ်ခုတွင် စူးစိုက်လွန်းသောအခါ အခြားအာရုံ၊ အခြားကိစ္စများတွင် လျစ်လျူရှုသည့်ပမာ လွတ်နေတတ်၏။ ထိုအခါ အဝတ်အဆင်၊ အစားအသောက်၊ အနေအထိုင်တည်းဟူသော သာမန် ကိစ္စများသည် မသိသူတို့၏ အမြင်တွင် ကပိုကရို ကဗျစ်ကညစ်ပမာ ဖြစ်နေတတ်တော့သည်။

ရဟန္တာကြီးတစ်ပါးသည် ဆွမ်းခံသွားရင်းဖြင့် ရလာသော ဆွမ်းကို လေနာရောဂါကြောင့် လမ်းဘေး သစ်တုံးတစ်ခုပေါ်တွင်ပင် ထိုင်၍ ဘုဉ်းပေးသည်။ ထိုအခိုက် ဆွမ်းခံကြွလာသော အခြား ရဟန်းကလေးတစ်ပါး၏အမြင်တွင် မလျော်လှသောကြောင့် ရဟန်းဖြစ်ပါလျက် ဤသို့ စားနေရသလောဟု ကဲ့ရဲ့မိသည်။ ထိုအခါ ရဟန္တာအရှင်မြတ်က "ရဟန်းကလေး။ ။ သတိပြုလော့၊ သင့်မှာ အရိယူပဝါဒန္တရာယ် (ရဟန္တာကိုစွပ်စွဲသောအန္တရာယ်) သင့်လေပြီ" ဟု ဆုံးမလိုက်သည့်အခါမှ သတိရ၍ တောင်းပန်ရသည်။ ရဟန္တာကို စွပ်စွဲမိလျှင် တရားအလုပ်မှ အတားအဆီး ဖြစ်လေတော့သည်။

ဤသို့ဖြင့် သန့်ရှင်းသေသပ်မှုဟူသည် လိုအပ်သော်လည်း သာသနာတော်သမိုင်းတွင် နေမှုစားမှုကို ဂရုမပြုဘဲ တရားအလုပ်၊ ပရိယတ်အလုပ်တွင်သာ အာရုံစူးစိုက်ကာ ပြီးစလွယ် နေထိုင်တတ်ကြသော မထေရ်တို့ မြောက်မြားစွာ ရှိခဲ့သည်။

သို့ရာတွင် အရှင်သာရိပုတ္တရာမှုကား ဘုရားရှင်မှလွဲလျှင် ခေါင်းဆောင် စံပြပုဂ္ဂိုလ်ကြီးဖြစ်၍ ဘုရားရှင်၏ ဆုံးမမှုမှာ လိုအပ်သော ဆုံးမမှုဖြစ်သည်။ ဘုရားရှင်၏ ဆုံးမမှုကြောင့်ပင် အရှင်သာရိပုတ္တရာသည် မိမိ၏ပင်ကိုစရိုက်ကို ပြင်ဆင်ကာ နောက်ပိုင်းတွင် အထူးသဖြင့် နေထိုင်ကျင့်သုံးခဲ့သည်။

ကိုရင်ကလေးနှင့် ပြဿနာဖြစ်ဟန်ကား ဘုရားရှင်၏အဆုံးအမ မတိုင်မီတွင်ပင် မိမိ၏အဝတ်အဆင်ကို အမှတ်မဲ့နေလေ့ရှိသော အရှင်သာရိပုတ္တရာသည် ဇေတဝန်ကျောင်းတော်အဝတွင် ဆွမ်းခံကြွရန် သင်္ကန်းဝတ်ရုံရာ၌ ပရိမဏ္ဍလအဖြစ် မညီမညွတ်ဘဲ သင်္ကန်းစကြီးတစ်ဖက်စောင်းနင်းဖြင့် ဝတ်ရုံမိသည်။ ထိုအခြင်းအရာကိုမြင်သော

www.burmeseclassic.com

www.burmeseclassic.com



ကိုရင်ကလေးက "အရှင်ဘုရား။ ။အရှင်ဘုရား၏ သက်န်းစကြီး တစ်ဖက်စောင်းနှင်းနှင့် ပရိမဏ္ဍလသိက္ခာပုဒ်နှင့် မညီမညွတ် ဖြစ်နေပါသည်ဘုရား" ဟု လျှောက်ထားသောအခါ ချက်ချင်းပင်ပြင်ဆင်၍ နောင်ကိုလည်း အလားတူအပြစ်တွေ့လျှင် လျှောက်ထားပါဘိဟု ကိုရင်ကလေးကိုပင် ဆရာတင်လိုက်ရသည်။

ယင်းသို့သော ပြဿနာမျိုးစုံအရှင်ဖြစ်၍ စာဝင်ပေဝင်မဟုတ်သော်လည်း ပြဿနာတစ်ရပ်အဖြစ် ပြောဆိုကြသည်ကား ဆွမ်းကျွေးပင့်လှာသော ဒါယကာကြီး တစ်ဦးနောက်သို့ အရှင်သာရိပုတ္တရာ လိုက်ပါသွား၍ တစ်နေရာတွင် ရေအိုင်ကလေး တစ်ခုကိုတွေ့သောအခါ နှစဉ်မျောက်ဘဝက ပါလာသော ဝါသနာကြောင့် အရှင်သာရိပုတ္တရာ အရှင်မြတ်ကြီးက ရေအိုင်ကလေးကိုကွေ့၍မသွားဘဲ ခုန်ကျော်၍ သွားသည်ဆို၏။ ထိုအခါ ဆွမ်းအလှူတွင် သင်္ကန်းသုံးထည်ပါ ကပ်လှူရန်စီစဉ်ထားသော နောက်ပါ ဒါကယကာကြီးက သဒ္ဓါလျော့၍ နှစ်ထည်သာကပ်လှူမည်ဟု ဆုံးဖြတ် လိုက်သတဲ့။

နောက်ထပ် ရေအိုင်ကလေးတစ်ခုကို အလားတူ တွေ့သောအခါတွင်လည်း ဝါသနာကြောင့် အလားတူပင်ခုန်ကျော်လိုက်သောအခါ သင်္ကန်းတစ်ထည်လျော့သွား ပြန်၏။ အလားတူပင် နောက်ထပ်ရေအိုင်ကလေးတွေ့သောအခါတွင်မူ မခုန်ကျော် တော့ဘဲ ကွေ့ရှောင်၍ သွားသောကြောင့် ဒါယကာက "အရှင်ဘုရား၊ အဘယ်ကြောင့် မခုန်ပါသနည်း" ဟု လျှောက်ထားသောအခါ "ဒါယကာ၊ ဒီတစ်ခါ ခုန်လျှင်တော့ သင်္ကန်းသုံးထည်စလုံး ကုန်တော့မည်။ ထို့ကြောင့် မခုန်တော့ပါ" ဟု အမိန့်ရှိ လိုက်သောအခါမှ သူတစ်ပါး စိတ်အကြံကိုသိသော ရဟန္တာမှန်းသိသဖြင့် ဒါယကာက တောင်းပန်ရသတဲ့။

ဤဖြစ်ရပ်ခြင်းရာကို တန်ခိုးဖြင့် အခုန်အပျံ အလုပ်အရှားများသော အရှင် မောဂ္ဂလာန်နှင့်တွဲ၍ အပြောများသော်လည်း အရှင်သာရိပုတ္တရာနှင့်လည်း တွဲ၍ပြောတတ် ကြသည်။ ဤသို့ပင် မဟုတ်က ဟုတ်ကအထိ စွပ်စွဲခံရသော ပြဿနာအရှင်ပါတည်း။

သို့ရာတွင် ယင်းမဟုတ်က ဟုတ်ကကိစ္စမျိုး၌ ကြီးမား လေးနက်သောအဓိပ္ပာယ် တစ်ရပ်သည်ကား တွဲခိုပါရှိလျက်ရှိပေ၏။ ယင်းအဓိပ္ပာယ်သည်ကား ဘုရားရှင်၏ ဂုဏ်တော်များအနက် "သဝါသနံ = ဝါသနာနှင့်တကွ၊ ပဟန္တံ = ပယ်စွန့်တော် မူပြီးထသော" ဟူ၍ ဘုရားရှင်သည် ကိလေသာမှန်သမျှကို ဝါသနာနှင့်တကွ ပယ်စွန့်တော်မူဟူသော ဂုဏ်ထူးတစ်ရပ်ပါရှိလေရာ ဘုရားရှင်မှ တစ်ပါးသော အခြား အရိယာတို့သည် ရဟန္တာပင် ဖြစ်တပြီးလည်း ဝါသနာကိုတော့မပယ်စွန့်နိုင်ကြသေး။ နှစဉ်မျောက်ဘဝမှ ပါလှာသည်ဆိုသော ခုန်ကျော်လိုသည့် ဝါသနာသည် အရှင်သာရိ ပုတ္တရာလိုထိပ်တန်း ရဟန္တာကြီးများပင် မပယ်စွန့်နိုင်။ ဘုရားရှင်သာလျှင် ဝါသနာနှင့်

www.burmeseclassic.com

www.burmeseclassic.com



တကွ ပယ်စွန့်တော်မူသည်ဟူသော ဂုဏ်တော်တစ်ရပ်ကို ထွန်းပြခြင်းအဓိပ္ပာယ်ရှိသော ဒဏ္ဍာရီလေးပင်ဖြစ်ပေသည်။

သို့ဆိုသော် အရှင်သာရိပုတ္တရာ၏ အမှတ်မဲ့ နေထိုင်မှုများမှာ ခေါင်းဆောင် စံပြပုဂ္ဂိုလ်ဖြစ်၍ အခြားရဟန်းတို့ နမူနာယူနိုင်ရန် ဆုံးမကံမြစ်ရသော်လည်း အရှင် သာရိပုတ္တရာ၏ ဘဝအဆက်ဆက်က ပါရှိလာသော ဗီဇဝါသနာကလေးတစ်ရပ်ဟုသာ ဆိုရပေတော့မည်။

[ ၂ ]

ပင်ကိုဗီဇဝါသနာဟူသည် ဖျောက်ခဲဘိခြင်းဖြစ်၏။ အကြောင်းကား ဘုရားရှင် ဆိုဆုံးမ ပြီးသည့်အကြားမှပင်လျှင် ယခုလည်း သင်္ကန်းဝတ်ရုံမှု ကပိုကရိုဖြင့် အခြားရဟန်း တစ်ပါးကို သွားရင်းလာရင်း မိမိ၏ သင်္ကန်းစဖြင့် ထိပါးမိသောအခါ ပြဿနာကြီး တစ်ရပ် တက်လာရပြန်ပေပြီဖြစ်၏။

ဖြစ်ရပုံမှာ အရှင်သာရိပုတ္တရာ၏ သင်္ကန်းစဖြင့် မတော်တဆ ထိပါးခံရသော ရဟန်းမှာ ဝေဠုဝန်တွင် အရှင်သာရိပုတ္တရာအား လက်ယာတော်ရံ အဂ္ဂသာဝကအဖြစ် တင်မြှောက်လိုက်စဉ်ကပင် မကျေနပ်သဖြင့် အပြစ်ရှာရန် အစဉ်ချောင်းမြောင်း စောင့်လင့်လျက်ရှိသော ရဟန်းတစ်ပါးပင်ဖြစ်လေသည်။

အရှင်သာရိပုတ္တရာသည် တပည့်ရဟန်းများနှင့်အတူ ဒေသစာရီ ကြွချီရန်ရှိ၍ ဘုရားရှင်၏ ခွင့်ပြုချက်ဖြင့် ရှေ့တော်မှောက် ရဟန်းများအကြားမှ ကြွချီထသွားသော အခါ အနီးရှိ အဆိုပါရဟန်းကို မိမိ၏ မသေသပ်သော သင်္ကန်းစကြီးဖြင့် ထိပါးမိသွား၏။

ဤသည်ကို ပြဿနာတင်စွပ်စွဲပြောဆိုရန် စောင့်လင့်လျက်ရှိသော ရဟန်းက ချက်ချင်း မလျှောက်သေးဘဲ အရှင်သာရိပုတ္တရာတို့ ခရီးအတန်ထွက်မိမှ ဘုရားရှင် အထံတော်သို့ ချဉ်းကပ်ကာ ''မှန်လှပါ အရှင်သာရိပုတ္တရာသည် တပည့်တော်ကို ကိုယ်စောင်းတိုက်ပြီး သူ့သင်္ကန်းစကြီးဖြင့် တမင်ထိပါးပုတ်ခတ်ကာ မထီမဲ့မြင် ပြုလုပ်သွား ပါသည်ဘုရား'' ဟု တစ်စိတ်ကို တစ်အိတ်လုပ်ကာ ပြဿနာတင် လျှောက်ထား တိုင်ကြားလေတော့သည်။

တစ်စိတ်ကို တစ်အိတ်လုပ်ဟန်ကား အရှင်သာရိပုတ္တရာ၏ သင်္ကန်းစဖြင့် ထိုရဟန်းအား အမှတ်မဲ့ ထိပါးမိသွားသည်မှာ မှန်ပါ၏။ သို့ရာတွင် ရဟန်းက မိမိအား ကိုယ်စောင်းတိုက်သွားပါသည်ဟု ပုံကြီးချဲ့၍ လျှောက်ထားလိုက်သည်။ အကြင်သူ တစ်ယောက်အပေါ်၌ မလိုလားသည့်အခါ တစ်စိတ်ကို တစ်အိတ်လုပ်ကာ ပုံကြီး ချဲ့တတ်ကြသည်ကား လူညံ့တို့၏ ဓမ္မတာပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် မိမိလျှောက်တင်လိုသည်ကို ချက်ချင်းမလျှောက်တင်သေးဘဲ အရှင်သာရိပုတ္တရာတို့ ခရီးအတန် ထွက်မိသည့်အခါမှ လျှောက်တင်ခြင်းမှာလည်း အရှင်သာရိပုတ္တရာအား တတ်နိုင်သလောက် ကသိကအောက်ဖြစ်စေရန် ဖြစ်ပေ၏။

ဖြစ်ရပ်အမှန်ကို ဘုရားရှင်သိပါ၏။ သို့ရာတွင် လူကြီးဆိုသည်မှာခက်သည်။ သိကာမျှဖြင့်မပြီး၊ သိလျက်နှင့် မသိချင်ဟန်ဆောင်ရသည်။ မိမိသိသည့် မသိသည့် အပထား၍ တပည့်ငယ်သားများ နားရှင်းဘဝင်ကျအောင် ပြုလုပ်ဖြေရှင်းပေးရသည်။

ဘုရားရှင်ကိုယ်တော်တိုင်ကလည်း ရှင်သာရိပုတ္တရာ၏ ပြဿနာကို အခွင့်ကြုံတိုင်း ရှင်းလင်းပေးလိုသည်။ အကြောင်းကား ရှင်သာရိပုတ္တရာ၏အပေါ်တွင် တပည့်များက မကျေမလည်ဆက်လက် ဖြစ်ပေါ်လျက်ရှိနေသေးသည်ကို သိသောကြောင့်ဖြစ်၏။

စွပ်စွဲသော ရဟန်းမှာ နောင်ခါ၌ ဂိုဏ်းခွဲထောင်ကာ ဂိုဏ်းဆရာကြီးပြုလုပ်ရန် ဆင်ကြံကြံစည်လျက်ရှိနေသော ရှင်ဒေဝဒတ်နှင့် တပည့်ကျော် ကောကာလိကရဟန်းတို့၏ ဂိုဏ်းခွဲဝါဒ မှိုင်းမိနေသူ မာနတုံး မာနခဲ သာကီဝင် ရဟန်းတစ်ပါးဖြစ်သည်။

အရှင်သာရိပုတ္တရာအပေါ်၌ ဤရဟန်းစွပ်စွဲလျှောက်ထားလာသော ပြဿနာသည် အပေါ်ယံအားဖြင့်ကြည့်လျှင် သာမန်ကိစ္စလေးမျှဟု ထင်မှတ်ရသော်လည်း အတွင်းတွင် နက်ရှိုင်းသော အဓိပ္ပာယ်ကို ဆောင်လျက်ရှိနေသည်။ တစ်နည်းဆိုသော် နောင်အခါတွင် ဘုရားရှင်သို့ပင် ထိပါးတိုက်ခိုက်လာမည့် ဂိုဏ်းခွဲအရေးအခင်းအတွက် ဘုရားရှင်လက်အောက်မှ အကြီးဆုံးပုဂ္ဂိုလ်ကို အခွင့်သာခိုက် တိုက်စစ်ဆင်လိုက်ခြင်းပင်ဖြစ်ပေသည်။

ကြုံလာမည့် အရေးအခင်းအတွက် အားစမ်းပြင်ဆင်ရာလည်းရောက်၏။ မိမိမလိုလားသော အရှင်သာရိပုတ္တရာအား တပည့်တပန်းတွေ သိုက်သိုက်ဝန်းဝန်းကြီးနှင့် ခရီးထွက်မည့်ကိစ္စကို အနှောင့်အယှက် ပေးလိုက်ခြင်းလည်းဖြစ်၏။ ဒေါသအခြေခံတွင် မာနနှင့် ဣဿာဆိုးတို့၏ အခိုးအငွေ့များပေတည်း။

ပြဿနာဆိုသည်မှာ မြှုထားစကောင်းသော အရာမဟုတ်ပေ။ အကြောင်းတစ်ခုခုကြောင့် ပြဿနာကို မြှုထားလျှင်၊ သို့မဟုတ် လူကြီးကိုယ်တိုင်ကပင် ပြဿနာရှင်ဖြစ်ကာ ပါဝင်သက်ရောက်နေလျှင် ငယ်သောပြဿနာသည် ကြီးလာတတ်၏၊ ကျဉ်းသော ပြဿနာသည် ကျယ်လာတတ်၏။ ထိုအခါ အကိုင်အတွယ် ခက်သည်ထက် ခက်လာတတ်သည်။

ဤနည်းဖြင့် သာသနာ့ဦးကိုင်ဖြစ်သော ဘုရားရှင်သည် တပည့်ရဟန်းများအတွင်း ပြဿနာတစ်ရပ်ဖြစ်ပေါ်လာလျှင် အကြွေးမထား အချိန်မဆိုင်းဘဲ ချက်ချင်းရှင်းလင်းပစ်လိုက်သည်ချည်းသာဖြစ်၏။ တပည့်ရဟန်းတစ်ပါး အပြစ်ရှိသည်ဆိုလျှင်

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းခေါ်၍ ဆုံးမကာမြစ်သည်။ ရွတ်ချစရာရှိလျှင်ချက်ချင်း ရွတ်ချသည်။ ကယ်ချွတ်ဖွယ်လိုလျှင် ချက်ချင်းတရားဟောကြား ကယ်ချွတ်သည်။ မျက်နှာကြီးငယ် လိုက်ရိုးမရှိ။ အပြစ်နှင့်တူလာလျှင် အရှင်သာရိပုတ္တရာလို ပုဂ္ဂိုလ်မျိုးကိုပင်လျှင် ကျောင်းမှနှင်ထုတ်သည်မဟုတ်ပါလော။

ပြဿနာပေါ်လာတိုင်း ယင်းကဲ့သို့ ပိုင်နိုင်စွာ နည်းညွှန် ဆုံးဖြတ်နိုင်သော ခေါင်းဆောင်အရည်အချင်းကလည်းအပြည့်ရှိနေပြီး မဟုတ်ပါလော။ သူမတူသော ဖြောင့်စင်းတည်ကြည်မှု၊ သူမတူသော မေတ္တာရှင်၊ သူမတူသော ကရုဏာအရှင် မဟုတ်ပါလော။

ယခုပြဿနာကိုလည်း ချက်ချင်းကိုင်တွယ်ဖြေရှင်းပေးရမည်။ သာမန် ဖြေရှင်းရုံမျှမဟုတ် ကျယ်ကျယ်ပြန့်ပြန့် ဖြေရှင်းရပေမည်။ အကြောင်းကား တိမ်မယောင်နှင့်နက်သော ပြဿနာမဟုတ်ပါလော။

ထို့ကြောင့် ဘုရားရှင်က ခရီးသွားနေဆဲ အရှင်သာရိပုတ္တရာအထံသို့ ရဟန်းတစ်ပါးကို အသော့လွှတ် အမီလိုက်စေ၍ "သာရိပုတ္တရာနှင့် သူ့တပည့်အားလုံး ချက်ချင်းပြန်လာကြရမည်" ဟု အမိန့်တော် ထုတ်လိုက်ရသည်။ တစ်ဖက်တွင် ယင်းသို့ အမိန့်ထုတ်ပြီးနောက် တစ်ဖက်တွင်လည်း ကျောင်းရှိ သံဃာအားလုံးကို ရှေ့တော်မှောက်သို့ စုရုံးစည်းဝေးစေလိုက်သည်။

ဘုရားရှင်၏ ရှေ့တော်မှောက်သို့ အရှင်သာရိပုတ္တရာနှင့် တပည့်များဝပ်စင်းမိသောအခါ ဘုရားရှင်က "သာရိပုတ္တရာ။ ။ ဟောသည်ရဟန်းက သင်သည် သူ့အား သက်န်းစဖြင့် မထိမဲ့မြင် ထိပါးပုတ်ခတ်သွားရုံမျှမက ကိုယ်ဖြင့်ပင် ထိပါးတိုက်ခိုက်သွားသည်ဟု လျှောက်ထားသည်။ ဤပြဿနာကို ငါဘုရားနှင့် အနီးအပါးရဟန်းများသာမက ရဟန်းအားလုံးသိရှိနိုင်ရန် ထ၍ဖြေရှင်းလျှောက်ထားလေလော့" ဟု မိန့်ကြားခွင့်ပြုလိုက်သောအခါ ရှိခိုးလျက်တန်းလန်းနှင့်ပင် အရှင်သာရိပုတ္တရာ မတ်တတ်ရပ်လိုက်သည်။

ရှိခိုးခြင်းအင်္ဂါတွင် ပဉ္စပတိဋ္ဌိတ တည်ခြင်းငါးပါး၊ ထိခြင်းငါးပါးဟု ဆိုသော်လည်း ရှိခိုးခြင်း၌ နည်းပရိယာယ် အခြားအင်္ဂါရပ်များ ရှိပေသေးသည်။

သင်္ကန်းရုံထားသော ရဟန်းသည် ဆရာမထေရ်ကြီးတို့ကိုထားဦး၍ ဘုရားရှင်ကိုသော်လည်း သင်္ကန်းရုံလျက်ကြီးနှင့်ရှိမခိုးရ။ အကြောင်းမူကား ရဟန်းတို့၏ သင်္ကန်းရုံခြင်းဟူသည် သာသနာ့သိက္ခာ ကြီးစွာသော ကာယိန္ဒြေကိုဆောင်ခြင်းဖြစ်ပေရာ သင်္ကန်းရုံလျက် ရှိခိုးခြင်းမှာ သာသနာ့သိက္ခာ၊ ရဟန်းသိက္ခာကို မဲ့စေသည်။ ရှိခိုးမှုထက် သိက္ခာစောင့်ထိန်းမှုက ပို၍အရေးကြီး၏။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်ကို မဆိုထားဘိ ထိုင်နေသော ဆရာမထေရ်ကြီးကိုပင်လျှင် မတ်တပ်ရပ်လျှောက်ရှိမခိုးရ။ အကြောင်းမူကား ရှိခိုးခြင်းဂါရဝပြုသည်ဆိုသော်လည်း ထိုင်နေသော ထေရ်ကြီးကိုပင် ထလျှောက်ရှိခိုးခြင်းဖြင့် မထီမဲ့မြင် အဂါရဝသဘော သက်ရောက်သည်။

ထို့ကြောင့် အရှင်သာရိပုတ္တရာသည် ရံဖန်ကျောင်းပြင်ပလိုနေရာမျိုး၌ ဘုရားရှင်နှင့် အကြောင်းကြုံလာသေအခါ မတ်တတ်လျှင် မတ်တတ်ချင်း ရှိခိုးလျှောက်တင်ခဲ့ရဖူးသော်လည်း ကျောင်းတော်ရှိ ဘုရားရှင်နေရာ သံဃာ့အလယ်တွင်မူ ဝပ်စင်းရှိခိုးနေမြဲဖြစ်၏။

ဘုရားရှင်က ယခု အထူးအမိန့်ဖြင့် မတ်တတ်ရပ်လျှောက်တင်ရန် မိန့်ကြားလိုက်သောအခါ ဖြစ်ပေါ်လာသော ကိစ္စ၏ အတိုင်းအရှည်၊ ပြဿနာ၏ အနက်အရှိုင်းကို ချက်ချင်းပင်သိရှိလိုက်သည်။ အကြောင်းသော်ကား မိမိ၏ လျှောက်ထားဖြေရှင်းမှုကို ကြားနာရန် သံဃာ့ပရိသတ်ကြီး စည်းဝေးထားသည်ကို တွေ့ရှိရသောကြောင့်ဖြစ်သည်။

ထို့နောက် ဖြည်းညင်းစွာ မတ်တတ်ရပ်၍ သင်္ကန်းစများကို သေသပ်အောင် ဆွဲညှိလိုက်သည်။ သာမန်အားဖြင့် သင်္ကန်းဝတ်ဆင်သည့်အခါလက်ရုံးများ ပေါ်နေတတ်သည်မှာ အရေအသားကို ဟင်းလင်းဖွင့်ခြင်းဖြင့် လေးစားရိုသေအပ်သူများအား မလေးစားမရိုသေသယောင်ရှိသောကြောင့် ထက်ဝက်သော သင်္ကန်းရုံပုံစံဖြင့် လက်ကန်တော့တင် ဖုံးအုပ်လိုက်သည်။ ရှိခိုးမှုမှာ ဘုရားရှင်သို့ ဦးတည်သော်လည်း မိမိအသံကို သံဃာ့ပရိသတ်ကြားနိုင်လောက်အောင် သံဃာ့ပရိသတ်ဖက်သို့ ခပ်စောင်းစောင်း ကလေးရပ်လိုက်သည်။ ထို့နောက်တွင်ကား အောင်မြင်ကြည်လင်သော်လည်း ဓမ္မ သံဝေဂမှ လှိုက်လှဲလေးနက်စွာ ထွက်ပေါ်လာသောအသံဖြင့် အောက်ပါအတိုင်း တခမ်းတနား လျှောက်ထားသည်။

ယင်းလျှောက်ထားချက်၏ ခမ်းနားမှုကို “အရှင်သာရိပုတ္တရာ၏ သီဟနာဒ လျှောက်ထားချက်”သို့မဟုတ် “အရှင်သာရိပုတ္တရာ၏ ခြင်္သေ့ဟောက် လျှောက်ထားချက်” ဟု ပိဋကတ်တော်တွင်သတ်မှတ်သည်။

သီဟနာဒ–ခြင်္သေ့ဟောက်ဟုဆိုသဖြင့် မာနစကားအကြွားလျှောက်ထားချက်ဟု အဓိပ္ပာယ်မသက်ရောက်ပေ။ မာနကင်းမှု၊ သည်းခံမှု၊ ကျိုးနွံမှု၊ နှိမ်ချမှုတည်းဟူသော သူတော်ကောင်း စိတ်ဓာတ် မြင့်မြတ်လှသော သဘောထားတွင် ဖြစ်ပေါ်လာသော ပြဿနာ၏ အနက်အရှိုင်းကို ကြည့်ကာ ဘုရားရှင်၏အလိုတော်ကို ထောက်ထား၍ ရဟန်းအများလည်း ဓမ္မသံဝေဂ ရကြပါစိမ့်သောငှာ တကယ့်အရှိကို အရှိအတိုင်း သွန်မှောက်လျှောက်ထားလိုက်ခြင်းဖြစ်ပေရာ၊ လျှောက်ထားမှု ခမ်းနားကြီးမားလှသောကြောင့် ခြင်္သေ့မင်း၏အသံအဖြစ် ဂုဏ်ပြုအမည်တပ်ပေးလိုက်ခြင်းသာဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

"ဆရာသခင် အရှင်မြတ်ဘုရား။ ။ ဤရဟန်းအား သက်နှံစဖြင့် သော်လည်းကောင်း၊ ကိုယ်ဖြင့်သော်လည်းကောင်း ထိပါးပုတ်ခတ် မထီမဲ့မြင်ပြုအပ်သည်ဆိုရာ၌၊ တပည့်တော်၏ ပင်ကိုဗီဇ အားနည်းမှုကြောင့် ရဟန်းများအကြား၌ သက်နှံစဖြင့် ထိပါးမိခြင်းသည် ဟုတ်မှန်တန်ရာပါ၏။ သို့ရာတွင် ကိုယ်ဖြင့်ထိပါး မလေးမစားပြုသည် ဆိုသည်မှာကား မဟုတ်မှန်ပါဘုရား။

"အရှင်မြတ်ဘုရား။ ။ တပည့်တော်သည် အရှင်မြတ်ထံမှောက်တွင် ရဟန်းအဖြစ်သို့ ရောက်သည့်အချိန်မှစ၍ တပည့်တပန်း ရဟန်းတစ်ပါးကိုအပထား၍ သာမန်ကိုရင်လေးကိုသော်မျှလည်း မထီမဲ့မြင် မပြုလုပ်ခဲ့ဖူးပါဘုရား။

## မြေကြီးဥပမာ

"အရှင်မြတ်ဘုရား။ ။ တပည့်တော်သည် အရှင်မြတ် ထံမှောက်တွင် ရဟန်းအဖြစ်သို့ ရောက်သည့်အချိန်မှစ၍ မြေကြီးကဲ့သို့သာ ကျင့်ခဲ့ပါသည်။ မြေကြီးသည် သူ့အပေါ်သို့ မစင်ကြယ်သည်ကိုလည်း စွန့်ပစ်ကြပါသည်။ စင်ကြယ်သည်ကိုလည်း စွန့်ပစ်ကြပါသည်။ တူးဆွလိုသော် တူးဆွကြပါသည်။ စိုက်ပျိုးလိုသော် စိုက်ပျိုးကြပါသည်။ သို့ရာတွင် မြေကြီးကတော့ အမှုမထားပါ။ မညည်းညူပါ။ မစက်ဆုပ်မရွံရှာပါ။ မတုန်လှုပ်ပါ။ ပြုလိုသမျှ ပြုလုပ်သူ၏အကျိုးကိုသာ ပြီးစေပါသည်။ ဤပမာအတိုင်း တပည့်တော်သည် မြေကြီးနှင့်တူသော စိတ်ထားဖြင့်သာ နေခဲ့ပါသည်ဘုရား။

## ရေဥပမာ

"အရှင်မြတ်ဘုရား။ ။ တပည့်တော်သည် အရှင်မြတ်ထံတော်မှောက်သို့ ရဟန်းအဖြစ်ရောက်သည့်အချိန်မှစ၍ ရေကဲ့သို့သာ ကျင့်ခဲ့ပါသည်။ ရေတွင် ကျင်ကြီး ကျင်ငယ် မစင်ကြယ်သည်ကိုလည်း ဆေးကြောကြပါသည်။ စင်ကြယ်သည်ကိုလည်း ဆေးကြောကြပါသည်။ ခြေဆေးလိုသော်ဆေးသည်။ သောက်သုံးလိုသော် သောက်သုံးသည်။ ရေကတော့ အသုံးပြုသူ၏အကျိုးကိုသာရှေးရှုပါသည်။ ဤဥပမာအတိုင်းပင်လျှင် တပည့်တော်သည် ရေကဲ့သို့ပင် ကျင့်သုံးခဲ့ပါသည်ဘုရား။

## မီးဥပမာ

"အရှင်မြတ်ဘုရား။ ။ တပည့်တော်သည် အရှင်မြတ်ထံမှောက် ရဟန်းအဖြစ်ရောက်သည့်အချိန်မှစ၍ မီးကဲ့သို့လည်း ကျင့်သုံးခဲ့ပါသည်။ သို့ရာတွင် မီးသည် သူတစ်ပါးကို ပူလောင်စေသည်မဟုတ်ပါ။ မီးသည် စင်ကြယ်သည်ကိုလည်း လောင်မြိုက်သည်။ မစင်ကြယ်သည်ကိုလည်းလောင်မြိုက်သည်။ အကောင်းကိုလည်း လောင်မြိုက်သည်။ အဆိုးကိုလည်းလောင်မြိုက်သည်။ မီးသည်မျက်နှာကြီးငယ်မလိုက် မိမိသို့ ဆိုက်ရောက်လာသမျှကို လောက်မြိုက်သကဲ့သို့ တပည့်တော်သည်လည်း အဆိုး

www.burmeseclassic.com

www.burmeseclassic.com



လောကဓံကိုလည်း မရေတွက်၊ အကောင်းလောကဓံကိုလည်းဟုလည်း မသိမှတ်။ မီးကဲ့သို့သာ အစဉ်တစ်ဖြောင့်တည်း ကျင့်သုံးနေထိုင်ခဲ့ပါသည်ဘုရား။

## လေဥပမာ

"အရှင်မြတ်ဘုရား။ ။ တပည့်တော်သည် အရှင်မြတ်ထံမှောက်သို့ ရောက်လာသည့် အချိန်မှစ၍ လေကဲ့သို့ပင် ကျင့်သုံးခဲ့ပါသည်။ လေသည် စင်ကြယ်သည် မစင်ကြယ်သည် မရွေး။ မျက်နှာကြီးငယ်မလိုက်၊ တိုက်ခတ်အပ်သည်တို့ကို တိုက်ခတ်သကဲ့သို့ တပည့်တော်သည်လည်း လေကဲ့သို့ပင် တစ်ဖြောင့်တည်း ကျင့်သုံးခဲ့ပါသည်ဘုရား။

## ကြေး(ချေး)သုတ် အဝတ် ဥပမာ

"အရှင်မြတ်ဘုရား။ ။ တပည့်တော်သည် အရှင်မြတ်ထံမှောက်သို့ ရောက်လာသည့် အချိန်မှ စ၍ အညစ်အကြေးသုတ်သော အဝတ်ကဲ့သို့သာ ကျင့်သုံးနေထိုင်ခဲ့ပါသည်။ ကြေးသုတ်အဝတ်ဖြင့် မစင်ကြယ်သည်ကိုလည်း သုတ်ပါသည်။ စင်ကြယ်သည်ကိုလည်း သုတ်ပါသည်။ သို့ရာတွင် ကြေးသုတ်အဝတ်ကတော့ စင်ကြယ်မှု မစင်ကြယ်မှုကို လျစ်လျူရှု၍ ပြုလုပ်သူ၏ အကျိုးကိုသာ နှိမ့်ချစွာ ပြီးစီးစေသကဲ့သို့ တပည့်တော်သည်လည်း ကြေးသုတ်အဝတ်ကဲ့သို့ပင် အစဉ်သဘောထား၍ နေထိုင်ခဲ့ပါသည်ဘုရား။

## သူတောင်းစား ဥပမာ

"အရှင်မြတ်ဘုရား။ ။ တပည့်တော်တို့အား 'ဘိက္ခု' ဟူ၍ အရှင်မြတ်က ပညတ် သတ်မှတ်ထားသော အမည်သည် သာသနာတော်နှင့် ဆန့်ကျင်ဘက်ကြီး ဖြစ်သော မာနတရားဆိုးကို အစဉ်သတိရ ပစ်ပယ်နိုင်ကြစေရန် တောင်းစားသူ၊ ဒါယကာ ဒါယိကာမများကို အစဉ်မှီခိုနေရသူ၊ သူတောင်းစား၏အမည်ဖြစ်သည်ဟု တပည့်တော် နားလည်မှတ်ယူခဲ့ပါသည်။ ဤနားလည်မှုအတိုင်းပင် နှိမ့်ချမှုသတိကို အစဉ်ဖြစ်စေ၍ အရှင့်ထံမှောက်သို့ ရောက်သည့်အချိန်မှစပြီး ရွာကိုဝင်သော သူတောင်းစား၏ စိတ်ထားမျိုးဖြင့် အစဉ်ကျင့်သုံး နေထိုင်ခဲ့ပါသည်။ ဟောင်းနွမ်း စုတ်ပြတ်သော အဝတ်ဖြင့် ခွက်လက်ဆွဲကာ ရွာကိုဝင်သော သူတောင်းစားသည် မိမိစိတ်အမျှင်ကို အစဉ်နှိမ်ချထားသကဲ့သို့၊ တပည့်တော်သည်လည်း 'ငါ ဘိက္ခု သူတောင်းစားတကား' ဟူသော ကျိုးနွံသော စိတ်အစဉ်ဖြင့်သာ မပြတ်ကျင့်သုံး နေထိုင်ခဲ့ပါသည်ဘုရား။

## ချိုကျိုးနွား ဥပမာ

"အရှင်မြတ်ဘုရား။ ။ တပည့်တော်သည် အရှင့်ထံမှောက်သို့ ရောက်လာသည့် အချိန်မှစ၍ ဦးချိုကျိုးသော နွားကဲ့သို့ပင် အစဉ်ကျင့်သုံး နေထိုင်ခဲ့ပါသည်။ ဦးချိုကျိုးသော နွားသည် သူတစ်ပါးအား ရန်ပြုဖို့ကို အပထား၍ မိမိအား ရန်ပြုလာလျှင်လည်း

www.burmeseclassic.com

www.burmeseclassic.com



ခံဖို့ကိုသာ ပြင်ဆင်ထားသကဲ့သို့ တပည့်တော်သည်လည်း သူတစ်ပါးအား ထိပါးရန်မှုဖို့ကို အပထား၍ သည်းခံဖို့ရန် ကြုံလာလျှင် သည်းခံဖို့သာ ခံယူနေထိုင်ခဲ့ပါသည် ဘုရား။

## မြွေပုပ် ခွေးပုပ် ဥပမာ

"ကျေးဇူးတော်သခင် ဆရာအရှင်ဘုရား။ ။ ရေမိုးချိုးပြီး အလှအပ ပြင်ဆင်ခြယ်သထားသော မိန်းမပျို ယောကျ်ားပျိုတို့၏ လည်ပင်းတွင်မြွေပုပ် ခွေးသေအပုပ်ကို ဆွဲထားမည်ဆိုလျှင် အဲဒီအကောင်ပုပ်ကို စက်ဆုပ်သကဲ့သို့ပင်၊ တပည့်တော်သည်လည်း အရှင့်ထံမှောက် ရောက်၍ အရှင်တို့ သင်ကြားဆုံးမအပ်သော တရားတွင် သက်ဝင်သည့် အချိန်မှစ၍ မိမိရုပ် မိမိကိုယ်ကို မြွေပုပ်၊ ခွေးပုပ် ဆွဲထားသည့်ပမာအတိုင်း အစဉ်စက်ဆုပ် ရွံရှာနေသူဖြစ်ကြောင်းပါဘုရား။

## အဆီအိုး ဥပမာ

"အရှင်မြတ်ဘုရား။ ။ အပေါက်အကွဲများမှ ယိုကျနေသော အဆီအိုးကိုထမ်းရွက်ထားရသူသည် အဆီအိုးကို စက်ဆုပ်ရွံရှာသကဲ့သို့ပင် တပည့်တော်သည်လည်း အရှင့်ထံမှောက် ရောက်ပြီး တရားထူးကို ကြားနာပြီးသည့်အချိန်မှစ၍ မိမိရုပ် မိမိကိုယ်ကို မပြတ် ရွံရှာစက်ဆုပ်နေသူဖြစ်ကြောင်းပါဘုရား"

## [ ၄ ]

အရှင်သာရိပုတ္တရာ၏အသံရပ်သွားသောအခါ လျှောက်ထားအပ်သော ဥပမာတရား၊ အဆင်ခြင်တရား၊ လုပ်ငန်းတရားအာရုံတွင် ထုံ၍နေကြသကဲ့သို့ ဆိတ်ငြိမ်မှု ကမ္ဘာကြီး လွှမ်းအုပ်ထားလိုက်သည့်ပမာ ရဟန်းပရိသတ်ကြီးသည် အတန်ကြာမျှ အငြိမ်သက်ကြီး ငြိမ်သက်၍ နေကြသည်။

လျှောက်တင်မှု ဥပမာများ၊ တရားအချက်များသည် တစ်ခုထက်တစ်ခုကြီးမား ခန့်ထည် ပိုင်နိုင်လှသောကြောင့် ငုံ၍ ကြားနာနေသော ရဟန်းတော်များသည် အရှင်သာရိပုတ္တရာ၏ မျက်နှာဆီသို့ အံ့သြကျေးဇူးတင်သည့်အနေဖြင့် မော်၍ ရှုကြည့်ကြသည်။

ရှုပါလေ့။ ဥပမာကိုးခုအနက် ရှေ့ဦးဥပမာ ခုနစ်ခုသည် မိမိကိုယ်ကို ပုံစံထား၍ အမြင့်မြတ်ဆုံးသော သူတော်ကောင်း တရားရှင်တို့၏ကျင့်ဝတ်ကို အဆုံးစွန်အထိ တစ်ခုပြီးတစ်ခု တူးနှိုက် ထုတ်ဖော်၍ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဥပမာနှစ်ခုသည်ကား ဆင်ခြင်သိမှတ်ရမည့် ကိစ္စမျှသာမက တရား အလုပ်တွင် ရှုမှတ်ပွားများအပ် ပွားများပြီးသော အလုပ်စခန်းပိုင်းကို ဖော်ပြသည်။

မြွေပုပ် ခွေးပုပ်ဥပမာတွင် 'အရှင်တို့' ဟု ဗဟုဝုစ်ဖြင့် လျှောက်ထားသည်ကား သူ့ ပထမဆုံး ကျေးဇူးရှင် အရှင်အဿဇိသို့ပါ ရည်ညွှန်းလျှောက်ထားခြင်းဖြစ်သည်။ မှန်၏။ အရှင်သာရိပုတ္တရာသည် ပထမဆရာအရှင် အဿဇိ၏ကျေးဇူးကို မည်သည့် အခါမျှမမေ့။ နေ့စဉ်ပင် ဆရာကိုရှိခိုးပြီးမှကျိန်းစက်မြဲဖြစ်သည်။

ထို့နောက်တွင်ကား ဘုရားရှင် ကိုယ်တော်တိုင်က ဦးဆောင်၍ ကောင်းချီး ပေးကာ သာဓုသုံးကြိမ် ခေါ်လိုက်သောအခါ ရဟန်းတော်တို့၏ သာဓုသံသည် အသည်း နှလုံးကို တူးလှိုက်၍ထွက်လာသော ဓမ္မသံဝေဂအပြည့်နှင့် သာဓုသံဖြစ်သောကြောင့် အခါတိုင်းသာဓုသံများထက် ပြန့်ကျယ်လှိုင်းဟိုက်၍ ထွက်ပေါ်လာသည်။

အကျိုးရှိလှစွာသော ပြဿနာဖြေရှင်းပွဲကြီးပင်ဖြစ်ပါ၏။ အကြောင်းသော် တမူကား အရှင်သာရိပုတ္တရာ လျှောက်ထားနေခိုက်မှာပင် ရဟန်းများစွာအဖို့ ဓမ္မယာဉ်တွင် မိမိတို့စိတ်အစဉ်ကိုတင်၍ ဆင်ခြင်ရှုပွားကြသောကြောင့် အကျွတ်တရား ရကုန်ကြသည်။

ပြဿနာတင်သူ ရဟန်းတော်ကိုယ်တိုင်သည်လည်း အပေါင်းအသင်းမကောင်း မိ၍ သဘောထားမှားနေစေကာမူ အခြေခံရှိသူဖြစ်ပေရာ အရှင်သာရိပုတ္တရာ၏ တရားတွင် ဘုရားရှင်ကိုယ်တော်တိုင်နှင့် ရဟန်းများအလယ်၌ ကွပ်ညှပ်ဆုံးမပေးသကဲ့သို့ ရှိလာသောအခါ ချက်ချင်းပင် အရှင်သာရိပုတ္တရာ၏ ခြေရင်းတွင်ဝပ်စင်း၍ တပည့်တော် များမိပါကြောင်း သည်းခံတော်မူမည့်အကြောင်း ခွင့်တောင်းလျှောက်ထားသည်။

ထိုအခါ အရှင်သာရိပုတ္တရာက သည်းခံသည့်အပြင် သက်နီးစဖြင့် ထိပါး မိခဲ့သော မိမိ၏အပြစ်ကိုလည်း သည်းခံပါမည့်အကြောင်း ပြန်လည်တောင်းပန်သောအခါ ကြီးမြင့်သောပုဂ္ဂိုလ်က မိမိအမှားကို ဝန်ခံတောင်းပန်မှုဟူသည် တွေ့ရခဲ၊ ကြားရခဲဘိခြင်းဖြစ်သောကြောင့် သာဓုသံတညံညံဖြင့် ဂါရဝနိဝါတပွဲကြီးပမာ ဖြစ်သွားပြန် သတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com



# ဦးကြီးတို့သခင် ဘုရားရှင်

[ ၁ ]

ယခုနှစ်မိုးကောင်းသည်။ နွေနှောင်းရက်ကုန် ကဆုန်ဆန်းစ သာသာကပင် မိုးမပြတ်ရွာသည်။ မိုးဦးကောင်း၍ မိုးချိန်စောသောကြောင့် လယ်သမားဦးကြီးတို့ ထွန်တုံးစောစောပြင်ကြသည်။ ပန်းဖွဲ့အဟန်၊ မြတ်စိတ်မွန်ဖြင့် ထွန်သန်ထွန်ကိုင်းတို့ကို ပြင်ကြသည်။ လယ်သို့ စောစောဆင်းကြသည်။

ညဉ့်ဦးပိုင်းက မိုးကြီးရွာထားသောကြောင့် နံနက်ပိုင်းတွင် အေးစိမ့်လျက်ရှိ၏။ စည်းစိမ်ရှင် သာဝတ္ထိပြည်သူပြည်သားတို့ အိပ်ရာထက်တွင် နွေးနွေးထွေးထွေး ကွေး၍နေကြသော အချိန်ဖြစ်သည်။

သို့ရာတွင် မကွေးသော လူနှစ်စုရှိနေသည်။ တစ်စုမှာ မိုးသည်ပင် သူတို့မိတ်ဆွေဖြစ်ကာ မိုအေးခြင်းသည်ပင် သူတို့အဖို့ လာဘ်ကြီးတစ်ပါးဖြစ်သော လယ်သမားဦးကြီးတို့ဖြစ်၍ အချိန်ရှိခိုက်လုံ့လစိုက်ဟူသော သဘောဖြင့် နှင်တံကိုမမြင်ရမီအချိန်မှာပင် နွားနှင့်အတူ လယ်လုပ်ခွင်သို့ဆင်းသော လယ်သမားဦးကြီးတို့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်တစ်စုကား နိဗ္ဗာန်သို့ ရှေးရှုသည့် ဗိရိယလျှင် အရင်းတည်သော သဟာသေယျ သိက္ခာပုဒ်၊ အရဏ်လွန်အောင် မအိပ်ရသော သိက္ခာပုဒ်တော်ကို မပြတ်ထိန်းသိမ်းသည့် ရဟန်းတော်များဖြစ်၏။ ယင်းသိက္ခာပုဒ်တော်ကြောင့် ချမ်းသည့် ပူသည့် ရာသီမရွေး ဇေတဝန်သည့် နံနက်အရုဏ်မတက်မီကပင် နိုးကြားလှုပ်ရှားမြဲ ဖြစ်၏။ အချို့က တရားအားထုတ်သည်။ အချို့က တိုးညင်းစွာ ပါဠိရွတ်သည်။ အချို့က တံမြက်လှည်းကျင်း သန့်ရှင်းသည်။ အချို့ မထေရ်ကြီးများက တရားရှုမှတ်ခြင်းဖြင့် အညောင်းဖြေလမ်းလျှောက်သည်။ အချို့က သောက်ရေသုံးရေတည်ခင်းသည်။ အအေးဓာတ်ကြောင့် များသောအားဖြင့် ဒုကုဋ်သင်္ကန်းတော်များကို လွှမ်းခြုံထား ကြသည်။

မကြာမီ သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံထွက်ကြတော့မည်ဖြစ်၏။ အချို့ကမူ စောစောစီးစီးပင် ဆွမ်းခံထွက်ကြရန် သင်္ကန်း၊ သပိတ် ပြင်ဆင်လျက်ရှိသည်ကို တွေ့ရ၏။ အကြောင်းမူကား သာသနာတော် ထွန်းကားသော သာဝတ္ထိတွင် အရုဏ်တက်သည်နှင့် တစ်ပြိုင်နက် ဆွမ်းလောင်းရန် အဆင်သင့်ဖြစ်နေသော နေရာများစွာ ရှိသည်။

ဘုရားရှင်သည် စောစောစီးစီးဆွမ်းခံ ထွက်ကြွတော့မည့်အဟန်ဖြင့် ကျောင်းတော်အဝတွင် သင်္ကန်းတော်ကို ပြင်ဆင်လျက်ရှိနေသည်ကို နောက်တော်ပါးမှ အရှင်အာနန္ဒာတွေ့မြင်ရသောအခါ ဘုရားရှင်သည် ယမန်နေ့က ပင့်ဖိတ်လက်ခံထား အပ်သော ဒါယကာတစ်ဦး၏ ဆွမ်းကို မေ့လျော့နေဟန်တူသည်ဟု အရှင်အာနန္ဒာက တွေး၏။

ထို့ကြောင့် အရှင်အာနန္ဒာက ဘုရားရှင်အား အလုပ်အကျွေးဟောင်းတို့၏ ဝတ္တရားအတိုင်း ''ယမန်နေ့က ပင့်ဖိတ်လက်ခံထားအပ်သော ဒါယကာ၏ ဆွမ်းကို အလှူခံရန် ရှိနေပါသည်ဘုရား'' ဟု လျှောက်ထားသောအခါ ''ငါ့သိပါ၏ အာနန္ဒာ။ ဆွမ်းခံထွက်ရန်မဟုတ်ပါ။ ငါတို့မြို့ပြင်လယ်ကွင်းကိုသွားကြစို့'' ဟု မိန့်ကြားလိုက်သောကြောင့် အရှင်အာနန္ဒာအဖို့ ပို၍ အတွေးခေါင်သွားရသည်။

ဘုရားရှင်သည် လယ်ကွင်းကိုနှစ်သက်၏။ လယ်ကွင်းမှ ဝန်းကျင်လွတ်လပ်မှုကို မြတ်နိုး၏။ စိမ်းလန်းသော ကောက်ပင် မြင်ကွင်းကြီးများကိုရှုကြည့်၍ သမ္မာအာဇီဝ စစ်မှန်လှသော လယ် လုပ်သားကြီးများကိုချီးကျူးဖူး၏။ ဒါယကာ လယ်မျိုး သုဒ္ဓအား လယ်တရားဖြင့်ကယ်ချွတ်ခဲ့ဖူး၏။ အခွင့်ကြုံတိုင်း လယ်ကွင်းတို့ကိုဖြတ်သန်းခဲ့ဖူး သည်လည်း မှန်ပါ၏။

သို့ရာတွင် ယခုကြွတော်မူမည်ဆိုသည့် အချိန်သည်ကား အချိန်အခါအားဖြင့် မသင့်နိုးယောင်တကား။ စောလည်း စောလှစွာ၏။ ရာသီဥတုကလည်း အေးမြလျက် ရှိပေသည်။ ထွန်ချိန်ယက်ချိန်မျှရှိသေး၍ လယ်ကွင်းတို့သည် မလှမပ မတင့်တယ်

www.burmeseclassic.com

www.burmeseclassic.com



လှသေး။ သို့ပါလျက် ဤအချိန်တွင် လယ်ကွင်းသို့ ဘုရားရှင်ကြွတော်မူမည်ဆိုသည်မှာ အဘယ်အကြောင်းကြောင့်ပါနည်း။ သိတော်မူ မြင်တော်မူသော ဘုရားရှင်တို့၏ အလိုတော်သာ ဖြစ်ပေလိမ့်မည်။

သို့နှင့် လင်းလုလုမှောင်ရီရီ ဝိုးတဝါး အချိန်တွင်ပင် ဘုရားရှင်နှင့် နောက်တော်ပါ အရှင်အာနန္ဒာတို့သည် မြို့ပြင်လယ်ကွင်းဆီသို့ ထွက်ကြွလာခဲ့ကြသည်။

ခပ်လှမ်းလှမ်းရှိ လယ်ကွင်းပြင် တစ်နေရာသို့ ရောက်သောအခါ လူလုံးကို မမြင်ရသေးသော်လည်း စေဟဲ့ တောဟဲ့နှင့် နွားမောင်း လယ်ထွန်လျက်ရှိသော လယ်သမားကြီး တစ်ဦး၏အသံကို ကြားနေရသည်။ လင်းရောင်သမ်းလာပြီဖြစ်၍ အနီးသို့ရောက်မှ အဘယ်သူဖြစ်ကြောင်း သိလာရသည်။ လယ်သမား လူရိုးကြီး သုမာနပေတည်း။

မိမိတို့၏ ဒါယကာတစ်ဦးပင်ဖြစ်၏။ သူ့ကို ရိုးလွန်းသောကြောင့် 'လူရိုးကြီး သုမာန' ဟုပင်ခေါ်ကြသည်။ ရတနာသုံးပါး ကိုင်းရှိုင်းသည်။ အခွင့်ကြုံတိုင်း ဇေတဝန်သို့ ချဉ်းကပ်တတ်သည်။ ရဟန်းတော်တို့ထံမှ စာသံပေသံ တရားသံများကို သင်ယူ ရွတ်ဖတ်တတ်သူဖြစ်သည်။ အခြေအနေမပေးသေး၍ ရဟန်းမဖြစ်နိုင်သေးသော်လည်း သင်ယူမှုလျင်မြန်သူဖြစ်သည်။ မှတ်ဉာဏ်ကောင်းသူဖြစ်သည်။ အခွင့်ကြုံတိုင်း တတ်အားသမျှ ဆွမ်းစသည်ကို လောင်းလှူလေ့ရှိသည်။ သို့ရာတွင် သူ့မှာ လက်နှင့် အလုပ် မပြတ်သူဖြစ်သောကြောင့် အခွင့်ကြုံခွင့်နည်းပါးသည်။

သုမာန၏ လယ်ထွန်ခွင်အနီးသို့ ရောက်ရှိလာသောအခါ ဘုရားရှင်က "ကြိုးစားလုပ်ပါချည့် ဒါယကာ သုမာန" ဟု ပဋိသန္ထာရ ပြုလိုက်သောအခါ သုမာနက 'ဩော် ... ဘုရားရှင်နှင့် အရှင်အာနန္ဒာတို့ပါကလား။ အချိန်ရှိခိုက် လုံ့လစိုက်၊ မိုးရွာတုန်း ထွန်ချရသကိုးဘုရာ့" ဟု ပြန်လျှောက်ရင်းထွန်ကိုလွှတ်၍ ရှိခိုးသည်။ ထို့နောက် "အရှင်တို့ လယ်ကွင်းထဲကြွလာတာ စောလှပါချည့် ဘုရား" ဟု ဆက်၍ လျှောက်သည်။

ဘုရားရှင်က မည်သည့်ကိစ္စနှင့် လယ်ကွင်းသို့ လာကြောင်းကို မိန့်ကြားတော် မမူ။ "ငါတို့အတွက် သင့်လုပ်ခွင်မပျက်ပါစေနဲ့ သုမာန" ဟုသာ မိန့်ကြားကာ ကန်သင်းရိုး တစ်နေရာဆီသို့ ကြွသွားတော်မူသည်။ သို့ရာတွင် လူရိုးကြီးသုမာနက ဘုရားရှင်သည် မိမိထံသို့ အရေးတယူလာရောက်တော်မူပေသည်ဟု ယူဆကာ ဘုရားရှင်နောက်ပါးက အတန်ငယ်မျှ ထက်ကြပ်လိုက်သွားသောအခါတွင် ကန်သင်းရိုးတွင် သုံးဦးသား ရပ်မိကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ လူရှိုးကြီးသုမာနအဖို့ အံ့ဖွယ်ဖြစ်ရသည်ကား ဘုရားရှင် ရပ်တော်မူသည့် ခြေတော်ရင်းအနီးတွင် အထုပ်တစ်ထုပ်ကို တွေ့မြင်ရခြင်းပင် ဖြစ်ပေသည်။ မိမိ၏ ထမင်းထုပ်ကားမဟုတ်ပေ။ စောလှပေသေး၏။ အဘယ်သူ၏ အထုပ်ပါနည်း။

သုမာနအဖို့ ယင်းသို့ ဇဝေဇဝါရှိနေခိုက် ဘုရားရှင်က အထုပ်သို့ လက်ညှိုး ညွှန်တော်မူ၍ အရှင်အာနန္ဒာအား . . .

နောက်တော်လိုက်ပါ

အာနန္ဒာ။

အဆိပ်ပြင်းထန်

မြွေသဏ္ဍာန်ကို

ကေန်မြင်စုံ အာနန္ဒာ။

ဟု ဂါထာကဗျာဖြင့် မေးလိုက်သောအခါ အရှင်အာနန္ဒာက . . .

ဂုဏ်တော်ဝိသိဋ္ဌ

သုံးလူ့ထိပ် ။ ။

အဆိပ်ပြင်းထန်

မြွေသဏ္ဍာန်ကို

ကေန်မြင်ပါ၏ဘုရား။ ။

ဟု ဂါထာကဗျာဖြင့်ပင် ပြန်၍လျှောက်ထားသည်။

လူရှိုးကြီးသုမာနအဖို့ ထူးဆန်းသောအထုပ်ကို အာရုံစိုက်ခိုက်တွင် မိမိ၏ ဝါသနာထုံလှသော ဂါထာကဗျာသံကို ဘုရားရှင်ကိုယ်တိုင် ထံမှပင် ကြားရသောကြောင့် ချက်ချင်းပင် ကျက်မှတ်လိုက်သည်။ မေ့မသွားစေရန် နှစ်ခေါက်သုံးခေါက်မျှ ထပ်၍ ဆိုနေခိုက်မှာပင် ဘုရားရှင်နှင့် အရှင်အာနန္ဒာတို့ ကြွသွားတော်မူကြသည်။

ဖြစ်ပုံကား ဤသို့တည်း။

[ ၂ ]

သာဝတ္ထိမှ သူကြွယ်အိမ်တစ်အိမ်ကို ဓားပြတစ်စုက လယ်ကွင်းတောစပ်တစ်နေရာမှနေ၍ ဥမင်ဖောက်ပြီး ခိုးယူသည်။ ပစ္စည်းဥစ္စာ အထုပ်အထည် မြောက်မြားစွာရသည်။ ဥမင်လမ်းမှ ပြန်လာကြသောအခါ သစ္စာဖောက် ဓားပြတစ်ယောက်က ရတနာအထုပ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ထုပ်ကို ကဲ့ဝှက်သည်။ မြေပေါ်သို့ ရောက်သောအခါ လူရိုးကြီး သုမာန၏ လယ်ကွက်တွင် ဝေကြခြမ်းကြသည်။ ဝေခြမ်းငြင်းခုံရင်းနှင့် သစ္စာဖောက်ဓားပြ၏ ကဲ့ဝှက်ထားသောအထုပ် ကျကျန်ရစ်ခဲ့သည်။ ဘုရားရှင်တို့ လယ်ကန်သင်းတွင် တွေ့မြင်ရသောအထုပ်သည်ကား ဤအထုပ်ပေတည်း။

ရဟန်းဟူသည် ပစ္စည်းဥစ္စာ ရွှေငွေ ရတနာနှင့် စပ်သောမည်သည့်ကိစ္စမျိုးတွင်မှ တိုက်ရိုက်ပါဝင်မစွက်ဖက်စကောင်း။ အခြားသူ၏ပစ္စည်းဥစ္စာကိုထားဦး၊ မိမိ၏ ပစ္စည်းဥစ္စာဟု ဆိုအပ်သော ပရိက္ခရာတစ်ပါးပါးကိုပင်လျှင် သူခိုးဓားပြတို့ ခိုးယူ လုယက်ခဲ့ပါသော်လည်း သည်းခံရ၏။ လျစ်လျူရှုရ၏။ သို့ဖြစ်၍ မဟာကရုဏာတော် စက်ဝန်းသို့ ကျရောက်လာသော ယခုကိစ္စတွင် ပစ္စည်းဥစ္စာ ရတနာတို့နှင့် ဆက်၍ နေသောကြောင့် ဝိနည်းပရိယာယ် သွယ်ဝိုက်သော နည်းဖြင့်သာ သိစေတော်မူခဲ့ခြင်း ဖြစ်ပေသည်။

ဘုရားရှင်တို့ ကြွသွားသောအခါ သုမာနအဖို့ ထူးဆန်းသောအထုပ်အနီး၌ပင် အထုပ်ကိုကြည့်ရင်း စဉ်းစားခန်းဝင်လျက်ရှိ၏။ ဘုရားရှင်တို့က မြွေဟုဆိုသည်။ မြွေအရှင်ဆိုလျှင် လှုပ်ရှားမှု မရှိသောကြောင့် မဟုတ်တန်ရာ။ မြွေအသေကို ထုပ်ထားသည်နှင့်လည်းတူလှ၏။ ပသို့ပါလိမ့်ဟု စဉ်းစားသည်။

ပစ္စည်းတစ်စုံတစ်ရာကို ထုပ်ထားသော အဝတ်သည် အထက်တန်းစားအဝတ်အထည်တစ်ခုဖြစ်၏။ မြွေသေတော့ ဟုတ်ဟန်မတူရာ။ အထုပ်သည် ထူးဆန်းသကဲ့သို့ ဘုရားရှင်နှင့် ရှင်အာနန္ဒာတို့ စောစောစီးစီး ကြွလာကြပုံကလည်း ထူးခြားလှပါဘိ။ ယင်းသို့ မဝေခွဲနိုင်သောအတွေးများဖြင့် လူရိုးကြီး သုမာနသည် အထုပ်ကို မရဲတရဲ ကိုင်၏။ မရဲတရဲဖြေ၏။

အထုပ်ပြေသွားသောအခါ တွေ့ရသော ပစ္စည်းများကြောင့် သုမာနအဖို့ လက်နှစ်ဖက်မြှောက်ပြီး မျက်လုံးအဝိုင်းသားနှင့် 'အလိုလေး . . . ဘုရား ဘုရား' ဟု မြည်တမ်းလောက်အောင်ပင် အံ့အားသင့်သွားသည်။ အဖိုးတန် လက်ဝတ်လက်စားများပေတည်း။

သုမာနအဖို့ တုန်လှုပ်စွာဖြင့် စဉ်းစားရပြန်သည်။ ဤပစ္စည်းများကို ဘုရားရှင်က လာရောက်စွန့်ကြဲလေသလော။ ဤသို့ကား မဖြစ်နိုင်။

အကြောင်းမှာ ဘုရားရှင်နှင့် တပည့်သံဃာများအဖို့ ပရိက္ခရာမှလွဲ၍ ပစ္စည်းတစ်စုံတစ်ရာ မရှိကြသည်မှာ သံဃာတော်များနှင့် ရင်းနှီးပြီးသော မိမိအဖို့ သိပြီးဖြစ်၏။ နတ်ဒေဝတာများကပင် လာရောက် မ,စလေသလော။

မိမိပိုင်နက် လယ်ကွက်အတွင်းသို့ အဆင်သင့် ရောက်ရှိလာသောပစ္စည်းများကို တွေ့နေရသောကြောင့် ဝမ်းသာရမယောင် ရှိပါ၏။ ကြားဖူးသည်ကား ယောသကာ

www.burmeseclassic.com

www.burmeseclassic.com



သူဌေးသည်လည်းကောင်း၊ မိမိကဲ့သို့ပင် လယ်လုပ်သားကြီး ပုဏ္ဏသည်လည်းကောင်း မိမိတို့၏ ပိုင်နက်မြေအတွင်းမှ ရတနာသုံးပါး၏ဂုဏ်ကျေးဇူးကြောင့် ရွှေငွေရတနာများ ထွက်ပေါ်၍လာကြကာ သူဌေးဖြစ်သွားကြသည်ဟူ၍ဖြစ်၏။ မိမိထံသို့လည်း ဘုရားရှင်နှင့် ရှင်အာနန္ဒာတို့၏ဂုဏ်ကျေးဇူးကြောင့် ဤရတနာများ ရောက်ရှိလာလေသလော။

ယင်းသို့သော ဇဝေဇဝါအတွေးဖြင့် ပစ္စည်းများကို ကိုင်တွယ်ယူငင်ရန် လက်လှမ်းလိုက်သောအခါ ပစ္စည်းနှင့် လက်နှင့် ထိတွေ့လိုက်သည်နှင့်တစ်ပြိုင်နက် လက်နှစ်ဖက်စလုံးပင် အပေါ်သို့မြောက်ကာ တွန့်ဆုတ်သွားမိပြန်သည်။ အကြောင်းကား ယခုကလေးတွင်ပင် ဘုရားရှင်နှင့် ရှင်အာနန္ဒာတို့က လျှို့ဝှက်သော ပဟေဠိဂါထာ၊ အလင်္ကာပုံစံဖြင့် "အဆိပ်ထန်သောမြွေ" ဟု ညွှန်ပြရွတ်ဆိုသွားကြသည်ကို သတိရလိုက်သောကြောင့်တည်း။

တစ်ကြောင်းမှာလည်း လယ်သမားကြီး သုမာန၏ ပင်ကိုရိုးသားမှုနှင့် ကျောင်းတော်တွင် ဘုရားရှင်နှင့် သံဃာတော်အများတည်းဟူသော သူတော်ကောင်းတို့နှင့် ပေါင်းသင်းနေသူဖြစ်သည့်အတိုင်း မိမိမပိုင် မိမိနှင့် မတန်မရာ မျက်လှည့်ပမာ ရောက်ရှိလာသော ပစ္စည်းအပေါ်၌ တစ်ဖက်တွင် တရားရှင် လူရိုးလူကောင်းစိတ်က ထိန်းထားသည်။

သို့ဖြစ်၍လည်း ဤပစ္စည်းများကို တွေ့စက လူမသိသူမသိ မိမိပိုင်နက်သို့ အလိုက်သင့်ရောက်လာသော ပစ္စည်းများကို တွေ့ရသောကြောင့် ဝမ်းမြောက်ဝမ်းသာ လောဘအရှိန်နှင့် ယူငင်သိမ်းပိုက်မည်ကဲ့သို့ဖြစ်သွား၏။ ယခုသော် ပစ္စည်းများ တွေ့ပါလျက် လက်နှစ်ဖက်ကိုပင် မြှောက်ကာ တွန့်ဆုတ်သွားခြင်းမှာ ပင်ကို လူရိုး လူကောင်းစိတ်က ထိန်းထားသောကြောင့်ဖြစ်သည်။

သုမာနသာ အကယ်၍ ချက်ချက်ချာချာ စဉ်းစားတတ်မည်ဆိုလျှင် မိမိအတွက် အန္တရာယ်ကင်းစေကြောင်း တစ်စုံတစ်ခု ပြုလုပ်မည်သာဖြစ်၏။ အကြောင်းမှာ ဘုရားရှင်ကိုယ်တော်တိုင်က လက်ညှိုးညွှန်၍ "အဆိပ်ပြင်းထန် မြွေသဏ္ဍာန်"ဟု မိန့်ကြားခဲ့သည်လည်းတစ်ချက်၊ ရတနာထုပ်အနီးတွင် မသင်္ကာဖွယ်ရာ ခြေရာတို့ဖြင့် ရှုပ်ယှက်ခတ် ရှိနေသည်လည်း တစ်ကြောင်းတို့ကြောင့်ဖြစ်၏။ သို့ရာတွင် လူရိုးကြီး သုမာနအဖို့ ဤသို့မစဉ်းစားတတ် မစဉ်းစားနိုင်ခဲ့။

ထိုအခိုက်မှာပင် "ဟောဟိုမှာ တွေ့ပြီဟိတ်၊ တွေ့ပြီကွ၊ မလွတ်စေနဲ့ ဝိုင်းထားကြ" ဟူသော အသံနှင့်အတူ မင်းမှုထမ်းအချို့ခေါင်းဆောင်သော မြို့သား များသည်လက်နက်ကိုယ်စီနှင့် ရောက်ရှိလာကြကာ သုမာဏအား ဝန်းရံလိုက်ကြသည်။ မင်းမှုထမ်းများက သုမာနအား ကြိုးဖြင့်ချည်တုတ်သည်။ ပစ္စည်းများကို သိမ်းယူသည်။

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းပိုင်ရှင်ဖြစ်ဟန်တူသူက သုမာနကို ရိုက်သည်။ သို့ရာတွင် သုမာနက တစ်စုံတရာ မခုခံ။ ထွက်ပြေးဖို့လည်း အမူအရာမျှပင်မပြ။ အခိုက်အတန့် ကလေးအတွင်း၌ပင် ရောက်ရှိ တွေ့ကြုံလာရသော ဘုရားရှင်နှင့် အရှင်အာနန္ဒာ၊ ဤပစ္စည်းထုပ်၊ ဤလူ အများကို အံ့အားသင့်စွာ ကြည့်ရှုစဉ်းစားရင်းဖြင့်ပင် တွေတွေကြီးနှင့် ပြုသမျှကိုခံသည်။

ပစ္စည်းကို လူဆိုးတို့ ဥမင်ဖောက်၍ ယူစဉ်က ပစ္စည်းရှင်တို့မသိသော်လည်း သိသောအချိန်၌မူ ချက်ချင်းပင် သက်ဆိုင်ရာတို့သို့ တိုင်ကြားကာ ဥမင်လမ်းကြောင်း အတိုင်း ခြေရာခံလိုက်သောအခါ သုမာန၏အထံ၊ သုမာန၏ လယ်ကွက်တွင် ခြေရာလမ်းဆုံးသည်။ ခြေရာလမ်းအဆုံးတွင် ပစ္စည်းများနှင့်အတူ ပစ္စည်းယူသူကို လက်ပူးလက်ကြပ် တွေ့ကြုံဖမ်းမိသောကြောင့် ပစ္စည်းရှင်တို့ ဝမ်းမြောက်သည်။ သို့ရာတွင် မိမိပစ္စည်းကို ယူရသော်ကောဟူသော ဒေါသဖြင့် ပစ္စည်းရှင်က သုမာနကို ရိုက်သောအခါ ခေါင်းဆောင် မင်းမှုထမ်းကြီးက လက်ကာ၍ တားမြစ်လိုက်သည်။ အကြောင်းသော်ကား ပစ္စည်းရောလူကိုပါ လက်ပူးလက်ကြပ်တွေ့ရှိ ဖမ်းမိနေပြီ ဆိုစေကာမူ စဉ်းစားဆင်ခြင် တတ်သောမင်းမှုထမ်းကြီးအဖို့ စဉ်းစားဆင်ခြင်ဖွယ်ရာ အကြောင်းအချက်များကို တွေ့နေရ သောကြောင့်ဖြစ်၏။ ထိုအချိန်၌ မိုးစင်စင်လင်းခဲ့ပေပြီ။

စဉ်းစားဆင်ခြင်တတ်သော မင်းမှုထမ်းကြီးအဖို့ မိမိတို့နှင့်မလှမ်းမကမ်းတွင်ပင် ထွန်တုံးတန်းလန်းနှင့် လယ်ထွန်ဆဲ နွားနှစ်ကောင်ကို မြင်ရသည်။ ဤလူကြီးသည် ဤကိစ္စ ဤပစ္စည်းများနှင့် အကြောင်းကြုံကြိုက်လာသူသာဖြစ်၍ ဤလယ်မြေကို ထွန်ယက်လျက်ရှိသော လယ်လုပ်သားကြီးသာဖြစ်ရမည်ဟု မင်းမှုထမ်းတွေးသည်။

တစ်ကြောင်းမှာလည်း လူဆိုးလူလိမ် လူမသမာတို့မည်သည် မိမိတို့၏ ယုတ်မာ မှားယွင်းသောကိစ္စကို လူမသိသောအချိန်၊ အထူးသဖြင့် သက်ဆိုင်ရာ အစိုးရဝန်ထမ်း တာဝန်ရှိသူတို့ မသိသောအချိန်၌ အဘယ်မျှ ဟန်ဆောင်ဖုံးအုပ် လူကောင်းသူကောင်း ခုတ်ခုတ်၍ နေနိုင်စေကာမူ ယခုကဲ့သို့ လက်ပူးလက်ကြပ်မိသော အချိန်မျိုး၌မူ ပါးစပ်ကပင် ဖွင့်ဟဝန်မခံသေးစေကာမူ အမူအရာအားဖြင့် ကျီးကန်းတောင်းမှောက် မျက်နှာပျက်စမြဲဖြစ်သည်။

ဤအချက်ကိုလည်း လူဆိုးပရက္ခတို့နှင့် တွေ့ကြုံရဖန်များ၍ အပါးဝလျက် ရှိသော မင်းမှုထမ်းကြီး စဉ်းစားမိသည်။ ယခုတွေ့ကြုံနေရသော လယ်လုပ်သားကြီးမှာ အံ့အားသင့်ရုံသာရှိ၍ မရိုးသားသော မျက်နှာအမူအရာမျိုးမတွေ့ရ။

နောက်တစ်ကြောင်းမှာလည်း ဇေတဝန်နှင့် အဆက်အဆံရှိ၍ ဘုရားရှင်နှင့် သံဃာတော်များ၏ ဒါယကာတစ်ဦးဖြစ်သော မင်းမှုထမ်းကြီးသည် ဇေတဝန်၌

www.burmeseclassic.com

www.burmeseclassic.com



ဤလယ်လုပ်သားကြီးကို ရံဖန် ဗိုးတဝါးတွေ့မြင်ခဲ့ဖူးပေရာ လူဆိုးသူခိုးတစ်ယောက်ဟု ထင်မှတ်ဖို့ရန် ဒွိဟာသံသယရှိလာသည်။

သို့ရာတွင် ယင်းသို့ တွေးခေါ်ခြင်းများသည် မိမိအလုပ်မဟုတ်။ သက်ဆိုင်ရာ တရားသူကြီးမင်းများ၏အလုပ်သာ ဖြစ်ပေရာ အမြင်အားဖြင့် ပစ္စည်းရော လူကိုပါ မိလျက်ရှိသောကြောင့် သက်ဆိုင်ရာ တရားရုံးသို့ သက်သက်ညှာညှာနှင့် ရောက်ရှိဖို့သာ မိမိတတ်နိုင်ပေသည်။

''ကျွန်တော် ဘာမှမသိရပါဘူးခင်ဗျာ'' ဟု သုမာနက အသံတိုးတိုး တိမ်တိမ်နှင့် ပြောလိုက်သောအခါ ပစ္စည်းရှင်ဖြစ်ဟန်တူသူက ''သူခိုးဆိုတာ ဘယ်သူခိုးမှ ကျွန်တော်သူခိုးပါလို့ ပြောဖူးလို့လဲ၊ ပစ္စည်းရော လူပါ သက်ပူးလက်ကြပ် မိနေတာတောင် ကျွန်တော်ဘာမှ မသိပါဘူးခင်ဗျာတဲ့။ ဟား ॰ ॰ ॰ ဟား'' ဟု သရော်လိုက်သည်။

''ဒီပစ္စည်းတွေက ကျွန်တော့်လယ်ကွက်ထဲ ရောက်လာတာပါ။ ကျွန်တော်လဲ မသင်္ကာလို့ ကြည့်နေတုန်း ॰ ॰ ॰''

''တယ်ဟုတ်ပါလားဟေ့။ ပစ္စည်းတွေက ခြေထောက်ပေါက်ပြီး မင့်လယ်ထဲ ရောက်လာကြသတဲ့လား''

ဤနေရာ၌ လယ်သမားကြီးသုမာနက ယနေ့နံနက် လူလုံးမကွဲမီအချိန်ကပင် ဘုရားရှင်နှင့် အရှင်အာနန္ဒာတို့ မိမိလယ်ကွင်းသို့ ကြွရောက်လာကြပုံ အတွေ့အကြုံကိုပါ ဖွင့်ပြောလိုက်ရမည်လားဟု စိတ်ကူးသည်။ သို့ရာတွင် ကံမကောင်း အကြောင်းမသင့်၍ ဆိုက်ရောက်လာသော မိမိ၏အရှုပ်အထွေးထဲသို့ အလွန်သန့်ရှင်းတော်မူကြသော အရှင်များအား ဆွဲ၍မထည့်တော့ဟု ဆုံးဖြတ်ကာ ဖြစ်လာသမျှအကြောင်းကို ခေါင်းစင်း၍ပင် ခံတော့မည်။ သို့ရာတွင် ဓမ္မောဟဝေရက္ခတိ ဓမ္မစာရီဟု ဘုရားရှင် ဟောတော်မူသည့်အတိုင်း တရားရှိသူကို တရားသည် စောင့်ရှောက်ကောင်းပါ၏ဟု အားတင်း၍ ငြိမ်ငြိမ်သက်သက်ပင် နေလိုက်သည်။

ထိုအခိုက် ရှေ့ဆောင် မင်းမှုထမ်းကြီးက ''ကဲ ॰ ॰ ॰ ပစ္စည်းလဲတွေ့ပြီး၊ လူကိုလည်း မိပြီ၊ ကျုပ်တို့အလုပ်က သက်ဆိုင်ရာ တရားရုံးကိုတင်ဖို့ပဲ ရှိတော့တယ်၊ သွားကြစို့'' ဟုဆိုကာ သာဝတ္ထိမြို့တွင်းဘက်သို့ သုမာနကို ချည်နှောင်ခေါ်ဆောင်လာခဲ့ကြသည်။ သုမာနက ရုံးကန်လှုပ်ရှားမှုတစ်စုံတစ်ရာမပြု၊ အေးဆေးစွာလိုက်ပါလာသည်။ သို့ရာတွင်ထွန်တုံးတန်းလန်းနှင့် နွားနှစ်ကောင်ကို ထွန်တုံးမှဖြုတ်၍ အနီးရှိ မြက်ခင်းသို့ လွှတ်ပေးရန် တောင်းပန်သောကြောင့် မင်းမှုထမ်းတစ်ယောက်က လွှတ်ပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

လယ်လုပ်သားကြီး သုမာန၏အမှုသည် ထိုနေ့နံနက်တွင်ပင် သာဝတ္ထိ၏အမြင့်ဆုံး ရုံးတော်ရှေ့မှောက်သို့ရောက်၏။ ခိုးမှု တိုက်မှုဟူသည် သေဒဏ်အထိ ဆုံးဖြတ်ရသော အမှုဖြစ်၍ အမြင့်ဆုံး ရုံးတော်မှသာ ဆုံးဖြတ်နိုင်သောအမှုဖြစ်သည်။ မဟာဗန္ဓုလ၏ ရုံးတော်တည်း။

သာဝတ္ထိ၏ ဥပဒေအရ ခိုးမှုတစ်ခုထင်ရှားခဲ့သော် ပြစ်ဒဏ်သေဒဏ်ပင်ဖြစ်၏။ သေဒဏ်ကို ကယ်နုတ်နိုင်သူမှာ ဘုရင်မင်းမြတ်ပင် ရှိတော့သည်။ သို့ရာတွင် သေဒဏ်ဟူသည်မှာ အုပ်ချုပ်သူတို့အတွက် ဥပဒေအရ မလွှဲသာမရှောင်သာ ချမှတ်ရသော ပြစ်ဒဏ်ဖြစ်သော်လည်း မတော်တဆမှားယွင်းခဲ့လျှင် အဖိုးတန်သော လူ့အသက်တစ်ချောင်း အတွက် ပြင်ဆင်နိုင်ရန်လည်းကောင်း၊ ဘုရင်မင်းမြတ်ကိုယ်တိုင် ကယ်တင်ခွင့်ကြုံလျှင် ကယ်တင်နိုင်ရန်လည်းကောင်း သေဒဏ်ချမှတ်ပြီးနောက် ရက်အနည်းငယ်ခန့် ဆိုင်းငံ့ရသည်။

မဟာဗန္ဓုလသည် သာဝတ္ထိမျှသာမက ဝန်းကျင်နိုင်ငံများစွာသို့ပင် ကျော်ကြား လှသော စစ်သူကြီးဖြစ်၏။ စစ်သူကြီးအဖြစ်မျှသာမက ဖြောင့်မတ်ရိုးသား တရားမျှတမှုတွင် ကျော်ကြားလှသူဖြစ်သည်။

သာသနာတော်ထွန်းကားလာသော ယနေ့အချိန်တွင်မူ ဘုရားရှင်၏ ဗြဟ္မစိုရ် လမ်းစဉ်တည်းဟူသော တရားဓမ္မစက်အောက်၌ အရေးပါသော နိုင်ငံကြီးအားလုံးလိုလိုပင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရွှေလမ်းငွေလမ်း မေတ္တာလမ်းဖောက်ကြကာ စစ်မက်ရေးရာ နည်းပါးလာသည် တစ်ကြောင်း၊ သာဝတ္ထိ၏ရှိရင်းစွဲ အမြင့်ဆုံး တရားရေးအဖွဲ့သည် လာဘ်ပေးလာဘ်ယူထူပြောမှုဖြင့် နာမည်ပျက်လျက်ရှိသည်တစ်ကြောင်းတို့ကြောင့် ဘုရင်မင်းမြတ်၏အမိန့်ဖြင့် အလုပ်နည်းပါးလျက်ရှိသော ကျောင်းနေဖက် ငယ်ဖော် လူရိုးကြီး မဟာဗန္ဓုလအား တရားရေးတာဝန်ကို လွှဲအပ်ထားသောကြောင့် မဟာဗန္ဓုလ အဖို့ တရားသူကြီးတာဝန်ကို ထမ်းဆောင်နေရချိန်ဖြစ်သည်။

ယနေ့နံနက်ပိုင်း တရားခွင်သို့တင်လာသော လယ်သမားကြီး သုမာနကို မြင်လိုက်စဉ်ကပင် သုမာန၏ ရိုးသားသောအသွင်အပြင်ကို မြင်ရ၍လည်းကောင်း၊ တရားစွဲတင်လာသော မင်းမှုထမ်းကြီးထံမှ သက်ညှာသောလျှောက်တင်စွဲဆိုချက်နှင့် ညင်သာသောအပြုအမူများကို တွေ့ရ၍လည်းကောင်း ဤသူသည် ခိုးသူတရားခံ စင်စစ်မဖြစ်နိုင်ဟု မဟာဗန္ဓုလ စဉ်းစားမိပါ၏။ သို့ရာတွင် တရားရုံးမျက်လုံး၊ တရားရုံး အဆုံးအဖြတ်ဟူသည်မှာ ထင်မြင်ချက်ဟူသည့် ဖြစ်ပွားမှုအချက်အလက်မှ ကောက်ယူ ရသော ဒုတိယကိစ္စသာဖြစ်၍ ဖြစ်ပွားမှုအချက်အလက်သည်သာ ပဓာနဖြစ်ပေရာ သုမာန၏ မှုခင်းမှာ ပစ္စည်းရောလူပါ လက်ပူးလက်ကြပ် တစ်ပြိုင်နက်ဖမ်းမိထားသည့်

www.burmeseclassic.com

www.burmeseclassic.com



အချက်၊ သုမာနဘက်မှ လွတ်မြောက်ဖို့ရာ သက်သေတစ်စုံတစ်ရာမရှိလေသည့် အချက်တို့ကြောင့် သက်သေမျိုးစုံဖြင့် ခိုင်လုံချည်တုပ်မိလျက် ရှိနေသော ခိုးမှုအတွက် မလွှဲသာ မရှောင်သာ သေဒဏ်ပြစ်ကိုသာ ချမှတ်လိုက်ရတော့၏။

သို့ရာတွင် သေဒဏ်ထုံးစံအတိုင်း ရက်သတ္တပတ် ဆိုင်းငံ့ပြီးမှ ပေးရန်နှင့် မြို့ကိုလှည့်လည်ရာ၌ သက်ညှာစွာပြုမူရန် သက်ဆိုင်ရာ ဝန်ထမ်းကြီးအား နားလည်မှု ပေးလိုက်ရသည်။ အကြောင်းကား သာသနာတော် ထွန်းကားလျက်ရှိသော သာဝတ္ထိ၌ သေဒဏ်ပေးလောက်သော ပြစ်မှုဟူသည် တစ်နေ့တခြား နည်းပါးလာခဲ့ပေရာ သေဒဏ် ပြစ်မှုရှင် ပေါ်ပေါက်လာသောအခါတွင်လည်း ဆိုးလိုခိုးလိုသူတို့ ကြောက်ရွံ့စေခြင်း အလို့ငှာ ပြစ်မှုရှင်အား အချက်အချာ မြို့တွင်းနေရာတို့၌ လှည့်လည်၍ ပြသကြေညာ ရသော ထုံးစံတစ်ရပ်သည် သာဝတ္ထိ၌ရှိနေသောကြောင့် ဖြစ်၏။

မည်သို့ဖြစ်စေ ဤအတိုင်းသာဆိုလျှင် ဖန်လာသော ကံကြမ္မာဖြင့် သုမာန အဖို့ သေလမ်းသို့ မြန်းရတော့မည်မှာ သေချာ၍ နေသောကြောင့် မိမိ အားထားရာ ဘုရားရှင်၊ သို့မဟုတ် ရတနာသုံးပါးမှတစ်ပါး အခြားအားကိုးဖွယ်ရာမရှိတော့လေပြီ။ သို့ဖြစ်ရာ လမ်းဆုံလမ်းခွတို့တွင် မိမိကို ဖမ်းဆီးခဲ့သော မင်းမှုထမ်းကြီးက ဦးဆောင်၍ ထုံးစံအတိုင်း လှည့်လည်ပြသသောအခါ လူရိုးကြီးသုမာနအဖို့ လာရောက်ကြည့်ရှု ကြသော ပရိသတ်ကိုလည်း ဂရုမစိုက်။ သက်ညှာစွာပင်ဖြစ်စေကာမူ ရံဖန်ရံခါ မိမိ ကိုယ်ပေါ်သို့ကျရောက်လာသောကြိမ်ဒဏ်မျှကိုလည်း ဂရုမထား။ သုမာန၏ နှုတ်ဖျားမှ ရတနာသုံးပါးနှင့် စပ်လျဉ်းသော မိမိရရှိသမျှ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်များကို ရွတ်ဆိုလျက် ရှိသည်ကိုကြားကြရသည်။

'ခလုတ်ထိမှ အမိတ' ဟူသကဲ့သို့ နဂိုက အဘယ်မျှ ဆိုးသွမ်းရန့်ရင်းသူပင် ဖြစ်စေကာမူ သေဒဏ် သင့်လာသောအခါ ၌ ဘုရားရှိခိုးခြင်း၊ မိဘကို တမ်းတခြင်း၊ ပုတီးလက်စွဲခြင်း၊ ဘုရားဂုဏ်တော်စသော ကောင်းရာကောင်းနိုးထင်သမျှ ရွတ်ဖတ်ခြင်း တို့မည်သည်မှာ လူမိုက်နောက်မှ အကြံရသူမှန်သမျှတို့၏ လုပ်ထုံးလုပ်နည်းဖြစ်သည့် အတိုင်း မြင်ရကြားရသူ ပရိသတ်အဖို့ သော်လည်းကောင်း၊ အထူးသဖြင့် ယခုလို ဒုက္ခိတ အကျဉ်းသားများနှင့်မပြတ်ဆက်ဆံရသော ရာဇဝတ်မှုထမ်းများအတွက် သော်လည်းကောင်း ရိုး၍နေသော်လည်း ယခု သုမာန၏အထံမှ ကြားရသော အသံတစ်ခုမှာကား ဆန်း၍နေ၏။

ထိုအသံမှာ အများထုံးစံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ စသည်လည်းမဟုတ်၊ နမောတဿ လည်းမဟုတ်၊ ဣတိပိသောလည်းမဟုတ်။ ယနေ့နံနက်ခင်းကမှ ယခုအကြောင်းရပ်နှင့် ဆက်စပ်ကာ ဘုရားရှင်၏ နှုတ်ကပတ်တော်မှ ကြားနာသင်ယူခဲ့ရသော –

www.burmeseclassic.com

www.burmeseclassic.com



"နောက်တော်လိုက်ပါ
အာနန္ဒာ။ ။
အဆိပ်ပြင်းထန်
မြွေသဏ္ဌာန်ကို
ကေန်မြင်စံ့ အာနန္ဒာ။ ။
"ဂုဏ်တော်ဝိသိဋ္ဌ
သုံးလူ့ထိပ်။ ။
အဆိပ်ပြင်းထန်
မြွေသဏ္ဌာန်ကို
ကေန်မြင်ပါ၏ ဘုရား။ ။"

ဟူသောဂါထာလိုလို၊ ကဗျာလိုလိုနှင့် လယ်လုပ်သားကြီး သုမာနထံမှ အောင်မြင်သော အသံဝါကြီးဖြင့် အေးအေးနွဲ့နွဲ့၊ တွဲ့တွဲ့သာသာ ဆိုလျက်ရှိသည်ကို ကြားကြရသည်။

သာသနာတော်ထွန်းကား၍ အရိယာကိုးကုဋေမျှပင်ရှိသည်ဟု စာရင်းအတင်ခံရသော သာဝတ္ထိသားတို့သည် ဘုရားရှင်နှင့် သံဃာတော်များထံမှ သူတစ်ပါး မကြားမသိရသေးသော တရားအသစ်အဆန်း တစ်ပုဒ်ကို ကြားနာရသည်ဆိုလျှင် ဂုဏ်ယူမြဲဖြစ်၏။ နှစ်သက်မြဲဖြစ်၏။ ယခု အကျဉ်းသားကြီး သုမာနထံမှ ကြားရသော အသံမှာ သာယာနာပျော်ဖွယ်ရှိသည်နှင့်အတူ အသစ်အဆန်းလိုဖြစ်နေသောကြောင့် ဂရုတစိုက်နားထောင်ကြသည်။ ပရိသတ်ကို အပထား၍ ရာဇဝတ်ထိန်းအမှုထမ်းကြီး ပင်လျှင် ဂရုတစိုက်နားထောင်သည်။

သူ့အလင်္ကာ ကဗျာမှာ ဤလို ဒုက္ခတွေ့ချိန်မျိုးတွင် ရွတ်ဆိုသော ဘုရားရှိခိုးအားကိုးအားထားပြုသည့်စာလည်းမဟုတ်၊ တရားဟုလည်းမဆိုသာ၊ ဘုရားရှင်ကိုယ်တော်တိုင်နှင့် အရှင်အာနန္ဒာ ကိုယ်တော်ကြီးတို့၏အမည်များကို အသုံးပြုထားသည်။ ဘုရားရှင်ကမေး၍ အရှင်အာနန္ဒာကဖြေပုံဖြစ်၏။ သို့ရာတွင် မည်သည့်အဓိပ္ပာယ်ရှိသည်ဟုလည်း မပေါ်လာ။ ရှေးအခါကလည်း ဤဂါထာ၊ ဤကဗျာ၊ ဤတရားမျိုးကို မည်သူ့ထံကမျှ မကြားစဖူးခဲ့၊ ဆန်းသစ်လှသည်၊ ဤအကျဉ်းသားကြီးသည် ဤအလင်္ကာကဗျာကို မည်သူ့ထံမှ မည်သို့မည်ပုံ အကြောင်းပြု၍ ရရှိခဲ့လေသနည်း။

ထို့ကြောင့် ပွဲကြည့်ပရိသတ် သိလိုနေသည့်ဆန္ဒကိုယူ၍လည်းကောင်း၊ မိမိကိုယ်တိုင်လည်း သိလိုလှသဖြင့်လည်းကောင်း ရာဇဝတ်မှုထမ်းကြီးက "အို . . . ရာဇဝတ်သား သုမာန။ ။ သင့်ဂါထာမှာ ထူးခြားလှပါဘိ။ သူများတကာမှာ

www.burmeseclassic.com

www.burmeseclassic.com



ဤသို့အချိန်အခါမျိုးတွင် ကိုးကွယ်ရာ ဂါထာများကိုသာ ရွတ်ဆိုကြပါသည်။ သင့်ဂါထာသည်ကား ကိုးကွယ်မှုနှင့် မည်သို့မျှ သက်ဆိုင်ဟန်မရှိ။ သို့ရာတွင် ဘုရားရှင်နှင့် အရှင်အာနန္ဒာ ကိုယ်တော်ကြီးတို့၏အမည်တော်များကို အသုံးပြုထားသည်ကိုကြားရသည်။ မည်သို့အဓိပ္ပာယ်ရှိ၍ မည်သူ့ထံမှ ရသောဂါထာပါနည်း'' ဟု မေးလိုက်သည်။

''မည်သို့အဓိပ္ပာယ်ရှိသည်ကိုတော့ ကျွန်တော်လည်းမသိပါ။ သိသည်ဆိုလျှင်လည်း ဝိုးတဝါးမျှသာဖြစ်ပါလိမ့်မည်။ ရရှိသော ပုဂ္ဂိုလ်မှာကား ဘုရားရှင်ကိုယ်တော်တိုင်ထံမှ ကြားနာရရှိခြင်းဖြစ်၍ ရရှိသောအချိန်မှာ ယနေ့နံနက်ပင်ဖြစ်ပါသည်''

''အလို . . . ကြီးကျယ်လှပါချည့်။ ဘုရားရှင်ကိုယ်တော်တိုင်ထံမှ ရသည်ဆိုပါတကား။ ဟယ် . . . ရာဇဝတ်သား၊ သေရအံ့ဆဲဆဲ ရာဇဝတ်မှုခင်းတန်းလန်းကြီးနဲ့ ကုသိုလ်မှုကို စိတ်ကူးမထားဘဲနှင့် မုသားပြောရသလော၊ သို့မဟုတ် သွေးရူးသွေးတန်းပြောသလော''

''မဟုတ်ပါ၊ ကျွန်တော်မရူးပါ၊ မုသားမဆိုပါ၊ အမှန်ကိုပင် ပြောဆိုပါသည်''

''ဟယ် ရာဇဝတ်သား။ ဘုရားရှင်ထံမှ ရသည်ဆိုသည်မှာ ရှိစေဦးတော့၊ ယနေ့ နံနက်ရသည်ဆိုသည်မှာကား ယနေ့နံနက် အစောကြီးကပင် သင်သည် ရာဇဝတ်ကောင်ဘဝသို့ ရောက်ခဲ့သည်ဖြစ်ပါလျက် ဘုရားရှင်နှင့် တွေ့သည်ဆိုသည်မှာကား သင် မုသားပြောသည်မဟုတ်သလော''

''မဆိုပါ၊ အမှန်ကိုသာ ပြောခြင်းဖြစ်ပါသည်။ ယနေ့နံနက် အစောကြီးပင် ကျွန်တော်ရာဇဝတ်ဘေးသင့်ခဲ့သည်မှန်ပါ၏။ သို့ရာတွင် ယင်းသို့ ရာဇဝတ်ဘေးမသင့်မီ ထိုထက်စောစောပင်လျှင် ဘုရားရှင်နှင့် အရှင်အာနန္ဒာတို့သည် ကျွန်တော်၏ လယ်ကွင်းသို့ ကြွရောက်တော်မူလာကြ၍ ယခုကျွန်တော်ရွတ်ဆိုသော အလင်္ကာဂါထာ များကို တစ်ယောက်တစ်ပြန် ရွတ်ဆိုကြသည်ကို ကျွန်တော် ကျက်မှတ်ထားခြင်း ဖြစ်ပါသည်''

''သင့်စကားသည် လှပါ၏။ ချောပါ၏။ သို့ရာတွင် လုပ်ကြံပြောဆိုခြင်းမျှဖြစ်၍ သင့်အမှုကိစ္စအတွက် ဘုရားရှင်ကိုပင်ထည့်၍ မုသားဆိုရာသလော''

''မဟုတ်ပါ။ မုသားမဆိုဝံ့ပါ။ ဤကိစ္စ ရှင်းလင်းရန်အတွက် ဘုရားရှင်နှင့် အရှင်အာနန္ဒာတို့သည် ဇေတဝန်တွင်ပင် သီတင်းသုံးလျက်ရှိကြသောကြောင့် အလွယ်တကူပင် မေးလျှောက်နိုင်ကြပါသည်။ မဟုတ်မှန်ခဲ့သော် ကျွန်တော်သည် ဆယ်သက်ဆယ်ပြန်ပင် ရာဇဝတ်ဒဏ်ကို ခံနိုင်ပါ၏''

''ကောင်းပြီ။ သင့်စကားရှိစေ။ ဘုရားရှင်ထံသို့ မေးမြန်းရန် ဘုရင်မင်းမြတ်သို့ ငါတို့လျှောက်ထားမည်''

www.burmeseclassic.com

www.burmeseclassic.com



[ ၄ ]

ဖြစ်နိုင်သောကိစ္စတော့ ဖြစ်ပါ၏။ သို့ရာတွင် ဤလယ်သမားကြီးအထံသို့ ဘုရားရှင် ကိုယ်တော်တိုင် မိုးမလင်းမီ နံနက်အစောကြီး ရွှံ့နွံတို့ကို ကျော်နင်း၍ ကြွတော်မူသည် ဟူသော အချက်ကိုမူ ရာဇဝတ်ဝန်ထမ်းကြီး သံသယရှိသည်။

တစ်ဖက်ကလည်း ဝမ်းမြောက်၏။ အကြောင်းမူကား သက်သေမရှိ၊ ပစ္စည်းနှင့် ထက်ကြပ်မိ၍ ရာဇဝတ်သားဘဝ ရောက်လာရသော်လည်း ဤလယ်လုပ်သားကြီး၏ ရိုးသားမှုကို ယုံကြည်ခဲ့ရာတွင် ယခုသော် သူ့စကားအတိုင်းမှန်ခဲ့ပါလျှင် ရာဇဝတ်ဘေးမှ လွတ်မြောက်ဖို့ ထွက်ပေါက်ကို တွေ့လာရသောကြောင့်ဖြစ်၏။

သို့ဖြစ်၍ ဘုရင်မင်းမြတ်သို့ တွေ့ကြုံရပုံ အကျိုးအကြောင်းကို လျှောက်တင်သောအခါ ကောသလဘုရင်အဖို့လည်း လျှောက်ထားစုံစမ်းဖို့ရန် အခက်အခဲမရှိ။ အကြောင်းသော်ကား ကောသလဘုရင်သည် ဘုရားရှင်အထံတော်သို့ မပြတ်လိုလို သွားရောက်ဆည်းကပ်နေသူဖြစ်သောကြောင့်တည်း။

သို့ဖြစ်၍ ထိုနေ့ ညဥ့်ဦးပိုင်းတွင် ဘုရားရှင်အထံတော်သို့ ကောသလဘုရင် ရောက်ရှိ၍အကျိုးအကြောင်း လျှောက်ထားသောအခါ ဘုရားရှင်က –

"မှန်ပေသည် ဒါယကာမင်းမြတ်။ ။ ယနေ့နံနက် အစောကြီးပင်လျှင် ငါနှင့် အာနန္ဒာတို့သည် လယ်လုပ်သားကြီး သုမာန လယ်ကွင်းသို့ ရောက်ရှိသွားကြသောအခါ လယ်ထွန်လျက်ရှိသော သုမာနအား တွေ့ကြရသည်။ ငါနှင့် အာနန္ဒာ တို့သည် ဂါထာလင်္ကာတစ်ပုဒ်ကို အမေးအဖြေပုံစံဖြင့် ရွတ်ဆိုဟောကြားကြသောအခါ သုမာနက သင်ဆို အရကျက်ယူသည်ကို တွေ့ခဲ့ရသည်။ စင်စစ်သော်ကား ယနေ့နံနက် ဖြစ်ရပ်မှာ သုမာန၏ ဘဝဝဋ်ကြွေးအရ ဆိုက်ရောက်လာသော ကံကြမ္မာ၏ ဝိပါက်မျှသာ ဖြစ်၍ သူ့တွင် အပြစ်မရှိပါ" ဟု မိန့်ကြားသည်။

"အံ့ဖွယ်ပါပေ အရှင်မြတ်ဘုရား။ ။ အရှင်မြတ်သည် သတ္တဝါတို့အား တရားဖြင့်သာကယ်တင်သည်မဟုတ်။ ကိုယ်တော်တိုင်အားထုတ်မှုဖြင့်လည်း ကယ်တင်သူ ဖြစ်ပါပေသည်။ သုမာနအဖို့ ဤအမှုတွင် အရှင်မြတ်ကဲ့သို့သော သက်သေကိုသာ မရရှိခဲ့ပါသော် အသက်သေရတော့မည်အမှန်ပင်ဖြစ်သည်။ ယခုသော် အရှင်မြတ် ကဲ့သို့သော မိတ်ဆွေကောင်းကို ရရှိသဖြင့် ရာဇဝတ်ဘေးမှ သုမာန ကင်းလွတ်ပါပြီ ဘုရား" ဟု လျှောက်ထားကာ သုမာနအား အကျဉ်းသားဘဝမှ ချက်ချင်းပင် ကင်းလွတ်စေလိုက်သည်။

အကျိုးကား လူရိုးကြီး သုမာနသည် ရာဇဝတ်ဘေးမှ လွတ်သည့်ထိုနေ့ညမှာပင် သံသရာ၏ ဘေးဒုက္ခကို တွေ့မြင်ကာ ကောသလဘုရင်၏အကူအညီဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းတော် အရှင်သုမာနအဖြစ်ရောက်လာသည်။ ဘုရားရှင်အဖို့လည်း ယခင်က လယ်မှူးကြီးသုဒ္ဒအား အလားတူကယ်ချွတ်ခဲ့ဖူးသည်နှင့် ဆက်၍ "လယ်လုပ်သား ဦးကြီးတို့သခင် ဘုရားရှင်" ဟူသော ဂုဏ်တစ်ရပ်ဖြင့် ပြောစမှတ်ပြုလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



# လူငယ်တို့အရှင်

[ ၁ ]

"ဟိုအကောင် ဘယ်ရောက်နေပြန်ပြီလဲ။ စားချိန် သောက်ချိန်မှန်းတောင် မသိတော့ဘူးလား။ ဟိုနေရာသွားပြန်ပြီလား"

"ရှင့်မလဲ . . . ကလေးကိုပဲ ရန်လုပ်လုပ်နေတာပဲ။ ကလေးက ဘယ်သွားပြီး ဘာလုပ်လို့များ ဘာပြဿနာဖြစ်ဖူးလို့လဲ"

"ပြဿနာဖြစ်ဖူးလို့ ပြောတာမှ မဟုတ်ဘဲကွ၊ ဖြစ်မှာစိုးလို့ ပြောပြောနေရတာ။ ဒီနေရာသွားတာကို ငါ နည်းနည်းမှ မကြိုက်ဘူးဆိုတာ ဘယ်နှစ်ခါရှိပြီလဲ ပြောရတာ"

"ဝိသာခါ၊ အနာထပိဏ်တို့ရဲ့ ကလေးတွေ၊ မျက်နှာကြီး ကလေးတွေပေါင်းတာ သင်းတာကိုမှ မကြိုက်ရင် ရှင့်သား ဘယ်သူနဲ့ ပေါင်းရဦးမှာလဲ"

"ဟော့ . . . ရှင်မ၊ ဝိသာခါသော မယ်ခါသော၊ အနာထပိဏ်သော မောင်ပိဏ်သော ငါ့လာမပြောနဲ့၊ အဲဒီမိစ္ဆာဒိဋ္ဌိတွေရဲ့ သားသမီးတွေနဲ့ ပေါင်းတာ သင်းတာမကြိုက်တာကို ပြောတာ၊ တော်ကြာ မင့်သား မိစ္ဆာဒိဋ္ဌိဖြစ်သွားမယ် နားလည်လား"

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်နှယ် ... အတွေးခေါင်ရန်ကောတော်၊ ကျုပ်သား ဒါတွေနားမလည် သေးပါဘူး။ ကလေးပဲရှိသေးတာပဲ။ အခုမှ ဆယ်နှစ်တောင်မပြည့်သေးတဲ့ဟာ"

"ဟုတ်တာပေါ့။ မိဘမျက်စိမှာတော့ ကိုယ့်သားသမီးဆိုတာ ဆယ်နှစ်မပြောနဲ့ နှစ်တစ်ရာလဲ ငယ်နေသေးတာပဲ။ နို့ပေမယ့် သူတို့ မိစ္ဆာဒိဋ္ဌိဇေတဝန်မှာ ခုနစ်နှစ် ရှစ်နှစ်နဲ့ ရဟန်းလုပ်ထားတဲ့ ကလေးတွေ မင်းမတွေ့ဘူးလား၊ သွားတဲ့နေရာက ဒီဇေတဝန်၊ ပေါင်းတာသင်းတာက မိစ္ဆာဒိဋ္ဌိ သားသမီးတွေ။ တော်ကြာ မိစ္ဆာဒိဋ္ဌိကလေး ဖြစ်လာမှာ ငါမြင်ယောင်နေတယ်"

"ကျုပ်တို့သား ဒါတွေမစဉ်းစားတတ်သေးပါဘူးတော်။ ကစားတဲ့ စားတဲ့ အရွယ်ပဲ ရှိပါသေးတယ်။ ဒါလောက် အတွေးခေါင် စိုးရိမ်မနေပါနဲ့။ မိစ္ဆာဒိဋ္ဌိတွေချည့် မဟုတ်ပါဘူး။ ကျုပ်တို့ အမျိုးအနွယ် ကလေးတွေလဲ အများကြီးပါ"

"ရှင်မ။ မင်းအမြင် သိပ်တိုတာပဲ။ မိဘတွေက ကိုယ့်သားသမီးကို တစ်သက်လုံး ကလေးလို့ချည်းထင်နေ။ အလိုလိုက်ထား။ ကလေးတွေက ကွယ်ရာမှာ ဖြစ်ချင်သလိုဖြစ်။ ဒါမျိုးတွေ ဖြစ်ပေါင်းများလှပြီ မဟုတ်လား။ ဟေ့ .. လောကမှာ အရေးကြီးဆုံးက အပေါင်းအသင်းကွ။ ကလေးအဖို့ ပိုအရေးကြီးတယ်။ အပေါင်း အသင်းမကောင်းလို့ ဖြစ်ချင်တာဖြစ်လာပြီဆိုရင် ဘယ်ဘုရားမှ ကယ်လို့မရဘူးကွ"

"အပေါင်းအသင်းမကောင်းဘူးလို့ ဆိုရအောင် သာဝတ္ထိပြည်မှာ ဒီထက် ကောင်းတဲ့ အပါင်းအသင်းများကော ရှိသေးလို့လား။ ဝိသာခါတို့၊ အနာထပိဏ်တို့ရဲ့ ထိပ်တန်းသားသမီးတွေ၊ မျက်နှာကြီးတွေ။ သူတို့အသိုက်အဝန်းထဲကို လူတိုင်းလက်ခံတာ မဟုတ်ဘူး၊ ကျုပ်တို့သားမို့ လက်ခံထားတာ၊ သူတို့နဲ့ မပေါင်းလို့ ဘယ်သူနဲ့ ပေါင်းရဦးမှာလဲ"

"ရှင်မ ကျုပ်ပြောတာ သဘောမပေါက်သေးဘူးလား။ ဒီနာမည်ကြီးတွေနဲ့ပဲ ကိုင်ကိုင်ပေါက်နေတယ်။ အဲဒီထိပ်တန်း နာမည်ကြီးတွေကြောင့် စိုးရိမ်တာပေါ့။ သူတို့က မိစ္ဆာဒိဋ္ဌိတွေ။ ကလေးဆိုတာ အတုမြင်အတတ်သင်ကွ။ အတုသင်တယ်ဆိုတာမှာလဲ မျက်နှာကြီးတွေရဲ့ အတုကိုသင်ကြတာ။ သွားပြီးတော့ ကစားတာက ဇေတဝန်၊ ပေါင်းတာသင်းတာက မိစ္ဆာဒိဋ္ဌိ မျက်နှာကြီးတွေ၊ မင်း မစိုးရိမ်ဘူးလား"

"မစိုးရိမ်ပေါင်တော်၊ ကျုပ်တို့သား ဒါလောက်မမိုက်ပါဘူး။ အိမ်မှာနေ့တိုင်း ကွပ်ညှပ်နေတာပဲ။ လူဆိုတာ အရှည်ကြည့်ရတယ်။ ရှင်ကြည့်ပုံကတစ်မျိုး၊ ကျွန်မ ကြည့်ပုံက တစ်မျိုး။ အပေါင်းအသင်းဆိုတာ ငယ်ငယ်ကလုပ်ထားရတယ်။ သာဝတ္ထိ ပြည်မှာ ဒီထက်ကြီးတဲ့ အပေါင်းအသင်းရှိသေးလို့လား။ မစိုးရိမ်တန်တာ စိုးရိမ်နေရန်ကော။

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းတာဘယ်လောက်ကြာပြီလဲ။ ကျုပ်တို့သား ဘာတစ်စွန်းတစ်စ ကြားဖူးလို့လဲ''

''တော်ပြီဟိတ်။ ရှင်မသဘောပဲ။ ကိုယ့်သားကိုသာ ကိုယ်ကြည့်ထိန်း၊ တော်ကြာ ခလုတ်ထိလာရင်တော့ အမိမတလေနဲ့''

ပြောရင်း ဆိုရင်း အိမ်ရှေ့တွင် ကလေးအပေါင်းအသင်းများနှင့် ဆူညံကြွက်စီ ကြားရကာ အဖော်တွေနှင့်ခွဲ၍ အိမ်တွင်းသို့ ဝင်လာသော မောင်ပုညကို တွေ့ရသဖြင့် မိဘနှစ်ဦးအသံတိတ်သွားသည်။

စကားအချေအတင်ဖြင့် တင်းမာသယောင်ရှိနေသော မျက်နှာထားများကိုလည်း ချိုချိုသာသာ ပြင်လိုက်ကြသည်။ အကြောင်းသော်ကား ကေပုတ္တ တစ်ဦးတည်းသော သားချစ်ဖြစ်ရာ ကွယ်ရာတွင်ပြောချင်ရာပြောသော်လည်း သားချစ်ရှေ့တွင်မူ မည်သည့်အခါမျှ မျက်နှာအညိုးမခံနိုင်သောကြောင့်တည်း။

မိသားစု ထမင်းဝိုင်းသို့ တန်းဝင်လာသော မောင်ပုညက ခါးပိုက်ဆောင် အိတ်တွင် လွယ်ထားသော ဂုံညှင်းများကို တစ်နေရာတွင် စုပုံကာ ''အဖေ၊ ကျွန်တော် နိုင်လာတယ်ဗျ'' ဟု ကြည်သာစွာ ပြောလိုက်သည်။

''အေး ． ． ကောင်းကောင်း၊ သိပ်ကောင်း၊ နို့ပေမယ့် ငါ့သားက ထမင်းစား နောက်ကျသကိုးကွ၊ ထမင်းကိုတော့ အချိန်မှန်မှန်ပြန်စားမှပေါ့''

''ဒိုးဝိုင်းမပြတ်လို့ပါအဖေရ။ အမြဲတမ်းလို နိုင်နိုင်နေတဲ့ ကာလကြီးတစ်ယောက် ဒီနေ့ သိပ်ရှုံးနေတော့ မဲနေလို့ နောက်ကျသွားတာပါ''

''ဟဲ့ လူကလေး၊ ချွေးတွေသံတွေနဲ့ ဒီအတိုင်းပဲ ဝင်စားတော့မှာလား၊ ရေမချိုးတော့ဘူးလား'' ဟု အမေက ပြောသည်။

''စားပြီးမှပဲ ချိုးတော့မယ်အမေ၊ ထမင်းဆာပြီ''

[ ၂ ]

သူတို့ဘက်က ကြည့်ပြန်တော့လည်း ဇေတဝန်ဟူသည် မိစ္ဆာဒိဋ္ဌိကျောင်း၊ အနာထပိဏ်၊ ဝိသာခါတို့၏ ကလေးများဟူသည် မိစ္ဆာဒိဋ္ဌိကလေးများသာတည်း။ လူကြီးများမှာသာ အတွေးတွေ၊ အခေါ်တွေ၊ အယူအဆတွေ၊ လောဘ၊ ဒေါသ၊ မာနတွေ၊ ဣဿာမစ္ဆရိယတွေ၊ အခုတွေ၊ အခံတွေနှင့် ကြီးလာလေရှုပ်ထွေးလေ ဖြစ်တတ်ကြသည်။ ကလေးများအဖို့ကား ကစားဖို့၊ ပျော်ပျော်နေဖို့ ရိုးရိုးစင်းစင်းမျှသာတည်း။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကလေးများတွင်လည်း လူကြီးများ၏ အဆက်အနွယ် စီမံခန့်ခွဲမှုဖြင့် ပြဿနာကလေးတွေ တစ်စတစ်စ ရှိလာရသည်။ ဥပမာအားဖြင့် အနာထပိဏ်၊ ဝိသာခါစသော မျက်နှာကြီးသားသမီးများကို ထိပ်တန်းပညာသင်ဌာန၊ ထိပ်တန်းဆရာကြီးများဖြင့် ပညာသင်စေသည်။ သို့နှင့် မျက်နှာကြီးသားသမီးများသည် သီးသန့်အစုအဖွဲ့ အပေါင်းအသင်းများဖြစ်လာကြရ၏။ ထိုအခါ သူတို့ကိုယ်တိုင်ကလည်း အခြားသာမန်ကလေးသူငယ်များနှင့် သီးခြားနေတတ်ထိုင်တတ်ကြလာ၏။

ထိုအခါ သူတို့အတွက် ပြင်ပတွင် သီးခြားနေရာ ရှားပါးလှသော သာဝတ္ထိတွင် ဇေတဝန်သည် ကစားစရာသီးခြားနေရာတစ်ခုတည်း။

မောင်ပုည၏မိဘ ဗြာဟ္မဏကြီးများသည် သာဝတ္ထိ၏ ကြွယ်ဝသော မျက်နှာကြီးပိုင်းမှဖြစ်ရာ သူတို့သားလေးမောင်ပုညသည်လည်း နောင်အခါ၌ ကျော်တမ်းဝင်သွားသော အနာထပိဏ်၏သား နာမည်ကျော် ကာလသတို့သား ဝိသာခါ၏ သားမြေးများနှင့် အပေါင်းအသင်းရောင်းရင်းကလေးတွေဖြစ်သည်။

ပထမသော် တောရကျောင်းအဖြစ် ရည်မှန်းခဲ့သော ဇေတဝန်သည် နောင်အခါ၌ သာဝတ္ထိနှင့် မပြတ်ဆက်သွယ် စည်ကားသော ကျောင်းတော်ကြီး ဖြစ်လာသည်။ သို့သော် သာဝတ္ထိနှင့် အတန်လှမ်း၍ ဘုရားသွားကျောင်းတက် လွယ်ရှုမှုသာဖြစ်သည်။ လူကြီးများအဖို့ အကြောင်းရှိမှ ဇေတဝန်သို့ နံနက်ခင်း ညနေခင်း ဘုရားသွားကျောင်းတက်ပြုကြသော်လည်း မောင်ပုညတို့အဖို့ကား ပညာသင်ချိန်အားလပ်သည်နှင့် တစ်ပြိုင်နက် ဇေတဝန်သည် သူတို့အဖို့ ဥဒဟိုတည်း။

အကြောင်းကား ဇေတဝန်၏ ကျောင်းရိပ်နံရံကို အမှီပြုကာ သူတို့တစ်တွေ ဆော့ကစားဖို့ရန် ကစားကွင်းယောင်ယောင် နေရာကွက်ကလေးရှိနေရာ ထိုနေရာသည် သူရို့အုပ်စုအတွက် သီးသန့် ကစားကွင်းကလေးလိုဖြစ်နေ၏။

ဇေတဝန်ကျောင်းတော်ဝတွင် ဆွမ်းခံ ဆွမ်းစား ကြွသည့်အခါများ၌ ဘုရားရှင်နှင့် ရဟန်းတော်များစုဝေးရာ သက်နှံဝတ်ရုံရာနေရာကွက်လပ်နှင့်ဆက်စပ်နေသည်။

ဇေတဝန် ကျောင်းတံတိုင်းနံရံသည် သူရို့ ဂုံညှင်းထိုးရာ ဒိုင်တိုင်ဖြစ်၏။ တစ်ခါတစ်ရံ ကန်ချာခေါ် ဂေါ်လီပစ်သည်။ တစ်ခါတစ်ရံ ထွေခင်းသည်။ တစ်ခါတစ်ရံ ထုပ်ဆီးတိုးသည်။ ကစားမျိုးစုံ၍ ပျင်းလာလျှင် ကျောင်းဝိုင်းကို ပတ်ချာလှည့်၍ လည်သည်။ သစ်ပင်တက်သည်။ သရက် မာလကာစသော သီးနှံပေါ်ချိန်ဆိုလျှင် ရဟန်းတော်တို့အလစ်ကို ကြည့်၍ခူးစားသည်။ အိမ်ကလူကြီးများထည့်ပေးလိုက်သော

www.burmeseclassic.com

www.burmeseclassic.com



စားစရာ သွားရည်စာများကို အလှည့်ဖြင့်စားသည်။ ရေဝတ်လျှင်ကား ကျောင်းတော်အတွင်း နေရာများစွာတွင် တည်ခင်းထားသော သောက်ရေအိုးစင်များတည်း။ သို့နှင့် ယင်းကစားကွင်းကလေးနှင့် သာယာလှသော ဇေတဝန်သည် သူရှိတစ်တွေ၏ ပျော်မွေ့ရာ၊ ပုန်းအောင်းရာ၊ လဲလျောင်းရာဖြစ်နေသည်။

ဇေတဝန်သို့ ဘုရားသွား ကျောင်းတက် ရောက်လာကြသော လူကြီးများသည် ဆိတ်ငြိမ်မှုနှင့် မလျော်လှသော သူရို့ကို ဟန့်တားကြဦးဖယ်လိုကြသည်။ သို့ရာတွင် သူရို့၏ ပျော်မွေ့မှုကို သိသော ဘုရားရှင်ကိုယ်တော်တိုင်က "နေကြပါစေ" ဟူသော အမိန့်တော်တစ်ခွန်းမျှဖြင့် ဟန့်တားထားလိုက်သောအခါ မျက်နှာသာရသွားကြသည်။ အနာဂတ်ကို မြင်တော်မူသော ဘုရားရှင်၏အလိုတော်တည်း။

သူရို့ကလည်း သူရို့မျက်နှာကြီးအသိုက်အဝန်း ကလေးများအတွက် သီးသန့်နေရာ၊ လူကြီးမိဘနှင့် ဝေးသောကြောင့် အပြောအဆို အမောင်းအမဲခံ ကင်းလွတ်သောနေရာ၊ သာယာလှသောနေရာဖြစ်၍ ဤဇေတဝန် ကစားကွင်းကလေးကို သံယောဇဉ်တွယ်ကြသော်လည်း ရဟန်းတော်များ၏အလို၊ လူကြီးများ၏အလိုအရ ဆိတ်ငြိမ်မှုလိုအပ်သည်ကို အလိုက်သိကြသည်သာဖြစ်၏။ ထို့ကြောင့် ဆူညံမှုမရှိအောင် စွမ်းဆောင်သမျှ ထိန်းသိမ်း၍ ကစားသည်။ ကစားရင်း တစ်ခါတစ်ရံ မထိန်းနိုင် မချုပ်နိုင် ဆူညံ၍သွားလျှင် တစ်ယောက်ယောက်က မဆူရန် သတိပေးလိုက်မြဲဖြစ်သောကြောင့် ချက်ချင်း ထိန်းချုပ်လိုက်နိုင်ကြသည်။

အထူးသဖြင့် ရဟန်းတော်များ၊ လူကြီးများ သူရို့အနီး ရောက်လာလျှင် မဆူညံဖို့ ပို၍သတိထားကြသည်။ တစ်ခါတစ်ရံ နေ့လယ် နေ့ခင်းပိုင်း၌ မြို့ထဲကြွရန် သူရို့အနီးတွင် ရဟန်းတော်များ စုရုံးသက်န်းဝတ်ရုံကြသောအခါ ရဟန်းတော်များအနီး၌ပင် အရှိန်မပျက် သေသေဝပ်ဝပ်နှင့် ကစားနေကြမြဲဖြစ်၏။

တစ်ခါတစ်ရံ သူရို့အနီးတွင် စုရုံးသော ရဟန်းတော်များအထဲ၌ ဘုရားရှင်ပါလာသည်ကို တွေ့ရသောအခါ ကစားရင်းတန်းလန်းနှင့် ဘုရားရှင်သို့ ဂရုတစိုက်လှမ်းကြည့်ကြမြဲဖြစ်၏။ အကြောင်းသော်ကား သူရို့ကိုမတားမြစ်ဘဲ လွတ်လွတ်လပ်လပ်ကစားခွင့်ပေးထားသော သူရို့ကို ချစ်သော ဘုရားရှင်ကိုချစ်သောကြောင့်ဖြစ်၏။

သို့ရာတွင် ဘာသာတခြား၏သားဖြစ်သော မောင်ပုညအဖို့မူ မေတ္တာပင်သက်ဝင်ပြီးဖြစ်စေကာမူ မိဘအသိုက်အဝန်းများထံမှ ကြားသိထားအပ်သော ဘာသာစွဲ ခွဲခြမ်းစိတ် အခုအခံကလေးရှိနေသောကြောင့် ခပ်စိမ်းစိမ်းအမြင်တစ်မျိုး အသိတစ်မျိုးဖြင့် ကြည့်သည်။ ထိုအခါ သူတွေ့ဖူးမြင်ဖူးသော အခြားလူကြီးများလို ဟိတ်နှင့်ဟန်နှင့်

www.burmeseclassic.com

www.burmeseclassic.com



လူကြီးမာန်မရှိဘဲနှင့် သန့်ရှင်းကြည်လင်သော အဆင်းတော်ကို တွေ့မြင်ရသောကြောင့် ချစ်စရာကြီးပါလားဟု အတွင်းစိတ်တွင် ဘဝင်ခိုက်မိသည်။

ထိုအမြင် အတွေ့ကလေးများသည် မောင်ပုညအ၏ အသည်းနှလုံးကို သိသိသာသာပင် စွဲငြိလျက်ရှိနေခဲ့၏။

[ ၃ ]

"ကာလကြီးတစ်ယောက် ခုတလော မတွေ့ပါလားကွ၊ ဘာဖြစ်နေလို့ပါလိမ့်"

"ဘယ်တွေ့မလဲကွ၊ သူ့အဖေက ဥပုသ်စောင့်ရင် တစ်နေ့ ငွေတစ်ရာပေးမယ် ဆိုလို့ ကျောင်းထဲမှာ ပုတီးကြီးတကားကားနဲ့ ဥပုသ်စောင့်ချင်ယောင်ဆောင်နေရတာကိုး"

ထိုစကားကြောင့် ဝါးခနဲ ပွဲကျသွားသည်။ သို့ရာတွင် သူရို့အသံများကို ချက်ချင်းထိန်းချုပ်လိုက်ကြ၏။

မှန်၏။ ကာလကြီးတစ်ယောက် သူ့မိဘက ဈေးသုံးမပေးတော့သဖြင့် ခုတလော ဘိုင်ကျသောကြောင့် တမှိုင်မှိုင်တတွေတွေ တွေ့ခဲ့ရသည်မှာ ရက်အတန်ကြာ ရှိသွားပြီ။ ဥပုသ်စောင့်မှဈေးသုံးရမည်။ ဈေးသုံးလို၍ ဥပုသ်စောင့်ရသည်ဆိုသည်မှာ သူရို့ ကလေး လောကအဖို့ မတန်မရာစကားဖြစ်နေသောကြောင့် ဝါးခနဲ ပွဲကျသွားကြခြင်းဖြစ်သည်။

အနာထပိဏ်၏သား ကာလဆိုသည့် အကောင်းကြီးက မကြီးမငယ်ဖြစ်သည်။ ကလေးဟုလည်းမဆိုသာ၊ လူကြီးဟုလည်း မဆိုလောက်။

ကလေးစိတ်မကုန်သောကြောင့် ရံဖန် သူရို့ဝိုင်းသို့ လာကစားသည်။ ထိုအခါ သူရို့ဝိုင်းသည် စိုပြည်တတ်၏။ အကြောင်းကား ကာလကြီးက ပိုက်ဆံဖောသည်။ သူဌေးသားမို့ ဖောလာခြင်းမဟုတ်။ သူ့အမေ၊ သူ့အစ်မများက သိပ်အလိုလိုက်သည်။ သူ့ခါးပုံတွင် ပိုက်ဆံမပြတ်အောင် ဖော်ဖော်သီသီထည့်ပေးလေ့ရှိသည်။

ရံဖန်၊ သူရို့ကိုပစ်၍ လူကြီးများနှင့် ပေါင်းသည်။ သူရို့ကလေးတွေလို ဒိုးထိုးတမ်း၊ ဂေါ်လီစိမ်တမ်းမျှသာမဟုတ်၊ လူကြီးကာလသားများ ကစားသလို လောင်းကစားဝိုင်းများသို့ ဝင်သည်။ ကြေးကြီးကစားသည်။ ရံဖန် အရက်နံ့ကလေးများပင် ပါပါလာတတ်သည်။ သည်မောင်ကြီးက ဥပုသ်စောင့်သည်ဆိုသောအခါ ရယ်စရာ ဖြစ်မနေပါလော။

"ထွေခင်းတမ်း မကစားကြတာ ကြာပြီ၊ ထွေခင်းမယ်ဟေ့။ ကာလကြီးမှ မရှိဘဲ" ဟု တစ်ယောက်က စလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထွေခင်းတမ်းဆိုသည်မှာ အနိုင်ရသူက ရှုံးသူ၏ကျောပေါ်တက်၍ စီးရသော ကစားနည်းဖြစ်သည်။

မှန်၏။ ကာလကြီးရှိရှိနေ၍ ဤကစားနည်းကို မသိမသာရှောင်ထားကြသည်မှာ အတန်ကြာပြီ။ အကြောင်းကား ကာလကြီးက မကြီးမငယ်နှင့် သူ့ကိုယ်လုံးကြီးမှာ လေးလံလှပေရာ သူရှုံးလျှင် အရေးမကြီး။ သူနိုင်ပြီဆိုလျှင် ကျောကော့နေအောင် အစီးခံကြရသောကြောင့် ဖြစ်သည်။

သို့နှင့် ထွေခင်းတမ်းကစားကြသည်။ မောင်ပုညကံဆိုးသောနေ့တည်း။ အကြောင်းကား အစီးချည်းခံနေရသည်။ ထိုအခါ အစီးခံရသော အခြားကလေးများ အဖို့ ဇေတဝန်သို့ပြေးဝင်၍ ရေအိုးစင်များတွင် ရေသွားသောက်ကြသော်လည်း မောင်ပုညမှာ မသောက်။ သူ့အဖို့ ဇေတဝန်အတွင်းပိုင်းနှင့် အကျွမ်းဝင်ဖို့ရန် ဘာသာ တခြား၏သားဖြစ်ပေရာ ခပ်စိမ်းစိမ်း ခပ်ပြင်ပြင်နှင့် အခုအခံ သဘောထားကလေး ရှိပေသောကြောင့်တည်း။

အများနှင့်ရောကာ ဇေတဝန်နှင့် ဤမျှ အကျွမ်းတဝင်ရှိနေပြီ ဆိုသမင့်လည်း မိဘများအထံမှ ခွဲခြားထားသော ဘာသာစွဲ အခုအခံကလေး ရှိနေသောကြောင့် နောက်ဆွယ်မှသာ မရဲတရဲ အကျွမ်းဝင်ရခြင်းဖြစ်လေသည်။ တစ်ကြောင်းမှာလည်း ဇေတဝန် ပြင်ပဝန်းကျင်တွင် အကျွမ်းဝင်သည်ဆိုစေကာ ရေအိုးစင်များမှာ ဇေတဝန် အတွင်းပိုင်းတွင်သာ ရှိပေရာ အတွင်းပိုင်းသို့ တိုးဝင်ရင်းနှီးဖို့ရန် အခက်အခဲရှိနေရ၏။ သို့ရာတွင် အစီးချည်းခံနေရသောကြောင့် မောပန်းကာ ရေကလည်း ဆာလှပေပြီ။

ထို့ကြောင့် သူနှင့်ရင်းနှီးသော အဖော်တစ်ယောက်ကို အခြားနည်းလမ်းမရှိ တော့သဖြင့် ရေတစ်ခွက် သွား၍ ခပ်ပေးပါချည့်ဟု ခိုင်းလိုက်ရသည်။

[ ၄ ]

အဖော်ကလေး ပြေးဝင်သွားပါ၏။ သို့ရာတွင် အဖော်ကလေးအဖို့ သူရှိသောက်နေကျ ရေအိုးစင်အနီးသို့ ရောက်သောအခါ မမျှော်လင့်သော အတွေ့အမြင်ကြောင့် ရေခပ်ဖို့ မဝံ့မရဲဖြစ်နေပေသည်။ ရေအိုးစင်အနီးတွင် ရပ်နေသူကား သူရှိ မကြောက်သလိုလိုနှင့် ကြောက်သော၊ လေးစားသော၊ ချစ်သော ဘုရားရှင်ကိုယ်တော်တိုင် ဖြစ်နေသောကြောင့် တည်း။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဟန်ရှိနေသော အဖော်ကလေးကို ဘုရားရှင်က ''ရေသောက်မလို့လား'' ဟု မေးတော်မူလိုက်သည်။

''ရေခပ်မလို့ပါဘုရား''

''ဘယ်သူအခပ်ခိုင်းလို့လဲ''

''မောင်ပုညပါအရှင်ဘုရား''

''မောင်ပုညကိုယ်တိုင် ဘာလို့လာမသောက်သလဲ၊ ကိုယ်တိုင်လာသောက်လှည့်လို့ပြောလိုက်ပါ။ ပြီးတော့ တခြားသင့်အဖော်တွေကိုလဲ ပြောလိုက်ပါ။ ငါဘုရားသူတို့ကိုတွေ့လိုတယ်။ အကုန်လာခဲ့ကြလို့ ပြောလိုက်ပါ''

''မှန်ပါ့ဘုရား''

အဖော်ကလေးပြန်သွားသည်။ ဘုရားရှင်က ခေါ်တော်မူသည်ဟု ကြားရသောအခါ အံ့အားသင့်စွာဖြင့်ပင် ဝမ်းသာသွားကြသည်။ သူရို့ချစ်သော အကြီးအကဲဘုရားရှင်ကိုယ်တိုင်က သူရို့အား အရေးတယူပြုမူလာသည်ကို သိရသောကြောင့်တည်း။

ထို့ကြောင့် ဘုရားရှင်အထံတော်သို့ ကိုယ်ဟန်ရှိရှိကလေးတွေနှင့် ဝင်ရောက်လာကြ၏။ အနီးသို့ရောက်သောအခါ အသီးသီးဝပ်တွားရှိခိုးကြသည်။ မလိုက်ရအံ့လော၊ လိုက်ရအံ့လောဟုနှင့် နောက်ပါးမှ မဝံ့မရဲ လိုက်ပါလာသူကား မောင်ပုညတည်း။

''မောင်ပုည ရေသောက်ချင်တယ်ဆို'' ဟု ဘုရားရှင်က လှမ်း၍မိန့်လိုက်သောအခါ အများနည်းတူ ရှိခိုးတော့မလို၊ မခိုးဘဲ နေတော့မယောင်နှင့် နောက်ဆွယ်တွင် မဝံ့မရဲဖြစ်နေသော မောင်ပုညက ''မှန်ပါ''ဟု မရဲတရဲ လျှောက်လိုက်သည်။

''ရေသောက်ရအောင် ဒီကိုလာခဲ့လေ'' ဟု ဆက်၍ခေါ်သောကြောင့် မဝံ့မရဲနှင့်ပင် ဘုရားရှင်အနီးသို့ မောင်ပုညရောက်လာ၏။ ထို့နောက်တွင်ကား ဘုရားရှင်ကိုယ်တိုင်က မောင်ပုညကိုရေခပ်ပေး၍ သောက်ရသည်။

ရေခွက်တွင် မျက်နှာအပ်၍ သောက်နည်းဖြင့် မိမိအပေါ်တွင် အရေးတယူပြုလုပ်သော ကရုဏာရှင် ဘုရားသခင်၏မျက်နှာတော်သို့ တိတ်တခိုး ခိုး၍ကြည့်လိုက်သောအခါ ရေသောက်၍ အမောဖြေပြီးရုံမျှမဟုတ်။ ကြည်လင်အေးမြသော စမ်းရေအိုင်အတွင်းသို့ ပစ်ချခံလိုက်ရသည့်ပမာ တစ်ကိုယ်လုံး စိမ့်ထုံ၍သွားသည်။ သန့်စင်သော မျက်နှာတော်အရှင်အား စူးစူးစိုက်စိုက် ဖူးတွေ့လိုက်ရသောကြောင့်ဖြစ်သည်။

ထို့နောက်တွင်ကား ဘုရားရှင်က အနီးတွင်ရှိနေသော ထိုင်ခုံတစ်ခု၌ အလိုက်သင့်ထိုင်လိုက်သောအခါ မောင်ပုညသည် နောက်ပိုင်းသို့ ပြန်မသွားတော့ဘဲ ဘုရားရှင်အနီး

www.burmeseclassic.com

www.burmeseclassic.com



ရှေ့တော်မှောက်တွင်ပင် ထိုင်လိုက်ကာ အများနည်းတူ ဝပ်တွားသည်။

''သူငယ်တို့။ ။ လူတော်လူကောင်း၊ လူရည်ချွန်၊ လူလိမ္မာကလေးတွေ မဖြစ်ချင်ကြဘူးလား''

''ဖြစ်ချင်ပါသည်ဘုရား''

''ဖြစ်လိုလျှင် လူတော်လူကောင်းတို့၏ အကျင့်သီလကို ကျင့်သုံးရသည်။ သီလဟူသည် အထူးအထွေမဟုတ် မိမိမကြိုက်သည်ကို သူတစ်ပါးကမလုပ်စေချင်သလို၊ သူတစ်ပါး မကြိုက်သည်ကို မိမိက မလုပ်ဖို့ဖြစ်သည်။ မိမိအသက်ကို သူတစ်ပါးက လာသတ်လျှင် ကြိုက်နိုင်ပါမည်လား''

''မကြိုက်ပါဘုရား''

''သူတစ်ပါးအသက်ကို ကိုယ်ချင်းစာပြီး မသတ်ဖြတ် မညှဉ်းဆဲတာဟာ သီလတစ်ပါးပဲ။ သူတစ်ပါးအသက်ကို မသတ်ပါဘူးဘုရားလို့ လိုက်ဆိုကြ''

သူငယ်များက လိုက်ဆိုသည်။

''မိမိပစ္စည်းကို သူတစ်ပါးကခိုးရင် မကြိုက်သလို၊ သူတစ်ပါးပစ္စည်းကို မိမိခိုးရင်ကော ကြိုက်ပါ့မလား''

''မကြိုက်ပါဘုရား''

''အဲဒါသီလတစ်ပါးပဲ။ လိုက်ဆိုကြ။ သူတစ်ပါးပစ္စည်းကို မခိုးပါဘုရား''

လိုက်ဆိုကြသည်။

''မိမိအမေ၊ မိမိအစ်မ နှမ၊ မိမိဆွေမျိုး အမျိုးသမီးကို သူတစ်ပါးက စော်ကား မော်ကား ပြစ်မှားလျှင် မခံချင်သလို၊ သူတစ်ပါး အမျိုးသမီးကို ရမ်းကားပြစ်မှားလျှင်ကော ကြိုက်နိုင်ပါ့မလား''

''မကြိုက်ပါဘုရား''

''အဲဒါသီလတစ်ပါးပဲ။ လိုက်ဆို။ သူတစ်ပါးနှင့်စပ်သော အမျိုးသမီးများကို မရမ်းကား မပြစ်မှားပါဘူးလို့''

လိုက်ဆိုကြသည်။

''မိမိကိုလိမ်ပြောလျှင် မကြိုက်နိုင်သလို၊ သူတစ်ပါးကို လိမ်ပြောလျှင်လဲ ကြိုက်ပါ့မလား''

www.burmeseclassic.com

www.burmeseclassic.com



''မကြိုက်ပါဘုရား''

''အဲဒါသီလတစ်ပါး၊ ဘယ်တော့မှ မလိမ်ပါဘူးလို့ လိုက်ဆို''

လိုက်ဆိုကြသည်။

''သူတစ်ပါးအရက်သောက်တာ မြင်ဖူးကြားဖူးရဲ့မဟုတ်လား''

''မြင်ဖူးကြားဖူးပါတယ်ဘုရား''

''မြင်လို့ ကြားလို့ကောင်းရဲ့လား''

''နည်းနည်းမှ မကောင်းပါဘုရား''

''အရက်သောက်တာ ဘိန်းရှူတာ၊ မူးယစ်စေတဲ့ဟာမှန်သမျှကို မှီဝဲတာဟာ လူရာမဝင်ဘူး။ ရှက်စရာအလုပ်မို့ ဘယ်သူကမှ လက်မခံဘူး။ လက်မခံတာသိတော့ ရှက်လို့ ဝှက်ပြီးသောက်ကြတယ်။ အရက်ဆိုင် သေတင်းကုပ်မှန်သမျှကို လူနဲ့ဝေးတဲ့ ချောင်ကြိုချောင်ကြားမှာ ကွယ်ဝှက်ပြီးထားရတယ်။

''ဘာဖြစ်လို့ ရှက်စရာကောင်းသလဲဆိုတော့ အရက်သေစာကို သောက်စားရင် မူးယစ် သတိမေ့လျော့ပြီး လူရိုးရိုးနဲ့ မတူတော့ဘူး။ ရုပ်ပျက်ဆင်းပျက် ဖြစ်လာတယ်။ လူကောင်းသူကောင်းတွေမှာ ရှိအပ်တဲ့ အသိတရားတွေ မေ့လျော့လာတယ်။ မကောင်းတာတွေ လုပ်မိ၊ ပြောမိတယ်။ ရန်များလာတယ်။ စိတ်ကောင်း၊ စေတနာကောင်းတွေ ပျောက်လာတယ်။ ရောဂါများလာတယ်။ အဲဒီအရက်သေစာကို သောက်ရင်စားရင် ကောင်းပါ့မလား''

''မကောင်းပါဘူးဘုရား''

''အဲဒီအရက်သေစာကိုရှောင်တာဟာ သူငယ်တို့လို ယောက်ျားတွေအဖို့ အရေးကြီးဆုံး သီလတစ်ပါးပဲ။ လိုက်ဆိုကြ။ အရက်သေစာကို ဘယ်တော့မှ မသောက်စားပါဘူးလို့''

ဤသီလတွင်မူ မောင်ပုညတို့အဖို့ အထူးသဘောပေါက် သံဝေဂရသည့် အဟန်ဖြင့် အသံကိုမြှင့်ကာ အားရပါးရလိုက်ဆိုကြသည်။

ငါးပါးသီလမျှ ဖြစ်သော်လည်း အကျင့်သီလဟူသည် လူကောင်းသူကောင်းတို့အဖို့ ရေးကပင်ရှိခဲ့သည်ဆိုစေကာမူ အလေ့အထ နည်းသောကြောင့် ကြားရခဲဘိ လေခြင်းဖြစ်လေရာ တရားအခြေခံဗီဇရှိပြီးသော မောင်ပုညတို့အဖို့ ကိုယ်ချင်းစာစိတ်ဖြင့် နှစ်သက်အားရ၍ ဝမ်းမြောက်ဝမ်းသာခံယူကြသည်။ စင်စစ်သော်ကား ဤသူငယ်တို့၏

www.burmeseclassic.com

www.burmeseclassic.com



ရင့်ကျက်မှုအချိန်အခါကို စောင့်၍ပင် ဇေတဝန်အနီးသို့ အလိုက်သင့် ရောက်လာသော မောင်ပုညတို့အား ဘုရားရှင်က အလိုလိုက်သည်းခံ၍ မျှားခေါ်စောင့်မျှော်နေခဲ့ခြင်း ဖြစ်လေရာ နေအရုဏ်တွင် ကြာငုံပွင့်သလို အဆင်သင့်ဖြစ်လာသောယနေ့အချိန်၌မူ အလိုက်သင့် တရားလမ်းကြောင်းပေါ်သို့ တင်ပေးလိုက်သောအခါ သာမန်သိရုံကျင့်ရုံ အဆင့်မျှ မကတော့ဘဲ ကျွတ်တမ်းဝင်ကုန်သတည်း။

[ ၅ ]

သရဏဂုံ သီလခံယူပြီးနောက် ဘုရားရှင်ကြွသွားသောအခါ သူငယ်များအဖို့ ကစားဝိုင်းသို့ ပြန်ဖို့ဝေး၍ ရုတ်ခြည်းပင် မယှနိုင်ကြသေးဘဲ တရားအာရုံဖြင့် ဝပ်တွားစိမ့်ထုံ၍ ကျန်ရစ်ခဲ့ကြသည်။ ထို့နောက်တွင်မှ သိမ်မွေ့သောကိုယ်ဟန်ကလေးများဖြင့် အိမ်သို့ အသီးသီးပြန်ကြသည်။ အိမ်သို့ပြန်သည်ဆိုရာ၌ ကျွတ်တမ်းဝင်ပြီးသူတို့အဖို့ အိမ်တွင် နေတော့ရန်မဟုတ်၊ ဇေတဝန်တွင် သက်န်းဝတ်ဖို့ ခွင့်ပန်ကြရန်ဖြစ်သည်။

ခက်သည်ကား မောင်ပုညဖြစ်၏။

သည်တစ်ချီ အခါတိုင်းနှင့်မတူ အသွင်အမူ အထူးခြားကြီးထူးခြားငြိမ်သက်စွာနှင့် ပြန်လာသော သားဖြစ်သူကိုတွေ့ရ၍လည်းကောင်း၊ ဘုရားနှင့်တွေ့ဆုံကာ တရားရလာပုံကို သတင်းစကားကြားသိရ၍လည်းကောင်း၊ ဘာသာတစ်ပါးဖြစ်သူ ဗြာဟ္မဏ မိဘနှစ်ပါးအဖို့ အတုန်လှုပ်ကြီးတုန်လှုပ်ကာ အစွဲကြီးသော ဖခင်ကြီးအဖို့မူ ငိုကြီးချက်မ ဖြစ်ရသည်အထိ တုန်လှုပ်ရှာသည်။

သို့ရာတွင် အတွေးအခေါ်ရင့်ကျက်ပြီးသော မိခင်ကြီးကိုယ်နှိုက်က နဂိုကပင် ဗုဒ္ဓသာသနာတော်သို့ သက်ဝင်ချင်ချင်ဖြစ်နေ၍တစ်ကြောင်း၊ ကေပုတ္တ တစ်ဦးတည်းသော သားချစ်အပေါ်တွင် မေတ္တာအဆွဲဓာတ် ကြီးမားသောကြောင့်လည်းကောင်း၊ မိမိတို့ သားများအား သာသနာတော်သို့ သွတ်သွင်းပွဲကြီး ဝှဲချီးကျင်းပရန် စီစဉ်ကြသော အခြားမိဘများ၏ ပတ်ဝန်းကျင်ဆွဲဆောင်မှုကြောင့်လည်းကောင်း မိခင်ကြီးကိုယ်တိုင် သည်လည်း အလိုက်သင့်ရောပါ၍လာကာ ဇေတဝန်တွင် ကြီးမားသော စုပေါင်းရှင်ပြု ပွဲကြီးတစ်ရပ်ဖြစ်ပေါ်၍လာခဲ့ပေသည်။

ရှင်ပြုပွဲတွင် ဘုရားရှင်က လူတို့၏အယူအစွဲနှင့် စပ်လျဉ်း၍ ရိုးရာအစဉ်အလာစွဲ၊ မျက်ကန်းစွဲ၊ ကျမ်းစွဲတို့ကို ပစ်ပယ်ကာ ကိုယ်ပိုင်ပညာဖြင့် ချင့်ချိန် နှိုင်းဆ၍သ

www.burmeseclassic.com

www.burmeseclassic.com



ခံယူသင့်ကြောင်းဖြင့် ကာလာမသုတ္တန်လာ သဘာဝတရားဖြင့် ဟောကြားလိုက် သောအခါ လူကြီးများစွာပင် အကျွတ်တရားရကုန်ကြပြန်သတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com



# သူခိုး

[ ၁ ]

သူခိုးဓားပြ မျက်စိဖြင့်ကြည့်သော် အသည်းယားစရာ၊ လက်ယားစရာကောင်းလှသော ဤအိမ်ကို ချိန်၍နေခဲ့ကြသည်မှာ ကြာလှပြီဖြစ်၏။ အခွင့်မသာနိုင်ခဲ့။

ဤအိမ်တွင် အဘွားကြီး၏သား သောဏမည်သော ယောက်ျားသား တစ်ယောက်သာရှိ၍ မိန်းမများချည့်နေထိုင်ကြသည်။ ဤအိမ်၏လုပ်ငန်းတာဝန်များနှင့် တစ်အိမ်လုံးကို အဘွားကြီးက အုပ်ချုပ်သည်။ ဤအိမ်သည် ဆိပ်ကမ်းသာမြို့ ကလေးတွင် အချမ်းသာဆုံးဖြစ်သည်။ ရွှေ ငွေ ရတနာတို့ ပေါများလှသောကြောင့် တိုက်နှင့်ပင် ထည့်လှောင်သိမ်းဆည်းထားရသည်ဟု ကြားရသည်။

တစ်ယောက်တည်းသော ယောက်ျားသားဖြစ်သူ သောဏမှာလည်း ပျိုပျို ရွယ်ရွယ်ဖြစ်စေကာမူ အဘွားကြီး၏ အလိုလိုက်မှုကြောင့် ယောက်ျားမာန် ယောက်ျား စိတ်တို့ဖြင့် တက်တက်ကြွကြွ ရှိလှသူမဟုတ်၊ ဂီတသမားယောင်ယောင်၊ စာသမား ယောင်ယောင်နှင့် အလှအပ ဝတ်စားဆင်ယင်မှုကိုသာ ဂရုစိုက်သူဖြစ်သည်။ သူပန်ဆင် ထားသော ပတ္တမြားနားတောင်းသည် တစ်သိန်းတန်သည်ဟူ၍ ဆိပ်ကမ်းသာတွင် ထင်ရှားလ၏။ သူခိုးဓားပြတို့အမြင်ဖြင့်ကြည့်သော် ဤအိမ်သည်လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



ဤလုလင်၏ နားတောင်းသည်လည်းကောင်း လက်ယားစရာကောင်းလှသည်။ သို့သော် အကြံကြီးသော ဓားပြဂိုဏ်းကြီးတစ်ဂိုဏ်း၏ ခေါင်းဆောင်ဖြစ်သူက သောဏ၏ ဝတ်စားတန်ဆာလောက်ကိုမရည်မှန်း၊ တစ်အိမ်လုံးကိုဖောက်ရန်၊ တိုက်ရန်ရည်မှန်းကြံစည်ခဲ့သည်မှာ ကြာလှပေပြီ။

ရည်မှန်းသလောက်မလွယ်သည်ကား တစ်အိမ်လုံးကို တံတိုင်းအထပ်ထပ်ကာရံထားခြင်းကြောင့်ဖြစ်ပေသည်။ တံတိုင်းအထပ်ထပ်ကို တံတားတို့ဖြင့်ဖြတ်၍ အတွင်းဆုံးတံတိုင်းတွင် သလွဲပုန်းညက်မြောင်းကြီးဖြင့် ကာဆီးထားသည်ဟု သိရသည်။ ယင်းပုန်းညက်မြောင်းသည် ပူအိုက်သော ဆိပ်ကမ်းသာရာသီဥတုကြောင့် မပြတ်အရည်ပျော်၍ အလွန်အေးသော ညဥ့်များမှာမူ အရည်ခဲသည်ဟုလည်း ကြားသိထားရသည်။ တံတိုင်းတို့၏အကြားအကြားတွင် ခွေးဆိုးများကို အစောင့်ထား၍ သံချွန်သံငြောင့်တို့လည်း နေရာအနှံ့စိုက်ထောင်ထားသည်။ ကွယ်လွန်သူ အဘိုးကြီးလက်ထက်ကပင် လုံခြုံရေးအတွက် စီစဉ်ထားခဲ့သော အစီအစဉ်များဖြစ်သည်။

သို့သော် ရွှေငွေပစ္စည်းဟူသည် သူခိုးဓားပြတို့၏ အာရုံကျက်စားရာဖြစ်၏။ သင်းတို့ကလည်း ပစ္စည်းရှင်၊ ငါတို့ကလည်း ဓားပြသူခိုး၊ တစ်နေ့နေ့တစ်ချိန်ချိန်တွင် ကျားနှင့်ဆင် လယ်ပြင်မှာ တွေ့ရလိမ့်မည်ဟု ဓားပြဂိုဏ်းခေါင်းဆောင်ကြီးက မာန်တင်းကြံစည်ထားသည်။ ယခုသော် သူတို့အဖို့ အခွင့်အလမ်းသာလာပြီဖြစ်၏။

သာလာဟန်ကား ဤအိမ်ကို ဖောက်ထွင်းဖို့ရန်မှာ ဥမင်လိုဏ်ခေါင်းဖောက်၍ ဝင်ရောက်ရန်မှတစ်ပါး အခြားမရှိဟု တွက်ကိန်းမိထားသောဓားပြဂိုဏ်းက တစ်နေရာမှနေ၍ ဤအိမ်သို့အရောက် ဥမင်ဖောက်သည်။ ဥမင်ပေါက်လျှင် အိမ်သို့ဝင်၍ အဘွားကြီးတို့ မိန်းမသားစုကို အကြမ်းကိုင်တိုက်ခိုက်ယူရမည်ဟု တွက်ကိန်းချထားကြ၏။ သို့ရာတွင် အခွင့်သာလာပုံမှာ အဘွားကြီးတို့ကို အကြမ်းကိုင်ဖို့မလိုတော့။ အကြောင်းကား သူတို့ရောက်သွားသည့်နေ့တွင် အဘွားကြီးတို့ အိမ်သားစုကိုယ်တိုင် အိမ်မှာမရှိသည်နှင့် ကြုံရသောကြောင့်ဖြစ်သည်။

[ ၂ ]

မဇ္ဈိမတောင်ပိုင်း ပင်လယ်ဆိပ်ကမ်းရှိ ဤဆိပ်ကမ်းသာ မြို့ကလေးသည် ရောင်းဝယ်ဖောက်ကားမှု စည်ပင်၍ သူဌေးသူကြွယ်တို့ ပေါများလှ၏။ သူဌေးသူကြွယ်တို့တွင်လည်း ဤအဘွားကြီးသည် အကြွယ်ဝဆုံးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဆိပ်ကမ်းမြို့တို့မည်သည် အလုပ်အကိုင်စိုပြည်၍ ကြွယ်ဝတတ်ကြသလို အညှီရှိရာ ယင်အုံဆိုသကဲ့သို့ ဓားပြသူခိုးစသည့် စရိုက်ကြမ်းသူတို့လည်း ပေါများတတ်မြဲ ဖြစ်၏။ ဆိပ်ကမ်းသာတွင် ပို၍ပေါများသည်။ ခိုးမှုတိုက်မှု လုယက်မှုများ မကြာခဏ ဖြစ်ပေါ်လေ့ရှိသည်။ တစ်ဖက်တွင် သက်ဆိုင်ရာတို့က ပြင်းပြင်းထန်ထန် နှိမ်နင်းလျက် ရှိသောကြောင့် သာမန်သူခိုးဓားပြတို့ ပပျောက်သယောင် ရှိသော်လည်း လူစွမ်းကောင်း သူခိုးဓားပြတို့ကား အခွင့်သာတိုင်း သောင်းကျန်းလျက်ရှိနေပေသေးသည်။ ဤအထဲတွင် ဓားပြဂိုဏ်းကြီးတစ်ခုမှာ လူအင်အားလည်းကောင်း၍ နာမည်ကြီးလှသည်။ ယင်းဓားပြ ဂိုဏ်းကြီးက အဘွားကြီးအိမ်ကို မဖြစ်မနေကြံစည်လျက်ရှိနေပေသည်။

ဤအချိန်တွင် နာမည်ကျော် အရှင်ကစ္စည်းမထေရ်သည် ဆိပ်ကမ်းသာမြို့ရှိရာ ဒက္ခိဏဆိပ်ကမ်းတစ်ခိုသို့ သာသနာပြု ရောက်ရှိတော်မူလာသည်။ ဖြစ်ပုံကား အရှင်ကစ္စည်းမထေရ် ရောက်ရှိတော်မူလာသည်ကို အကြောင်းပြု၍ပင် ဓားပြဂိုဏ်းကြီး၏ အကြံအစည်အောင်မြင်ဖို့ ဖြစ်ပေါ်လာရသည်။

ဘုရားရှင်သာသနာတော် ပေါ်ပေါက်လာသောအခါ သာသနာတော် ပြန့်ပွားရန် အတွက် ဘုရားရှင်ကိုယ်တော်တိုင် ကြိုးပမ်းရင်းနှင့် ကိုးတိုင်းကိုးဌာနသို့ တပည့် ရဟန်းများအား သာသနာပြု စေလွှတ်တော်မူခြင်းဖြင့် မဇ္ဈိမမြောက်ပိုင်းတစ်ခို ရာဇဂြိုဟ်၊ သာဝတ္ထိ၊ ဥဇ္ဇေနီ၊ ဝေသာလီ စသည်တို့တွင် သာသနာတော် စည်ပင်ခဲ့ပြီဖြစ်သော်လည်း တောင်ပိုင်းတစ်လျှောက်တွင်မူ သာသနာတော်အင်အား နည်းပါးလျက် ရှိနေပေသေးသည်။

ယင်းတာဝန်ကို အရှင်ကစ္စည်းမထေရ်ကယူသည်။ ယူရာ၌ "ချစ်သားတို့။ တစ်ကြောင်းတည်းသောခရီးသို့ နှစ်ပါးအတူ မသွားကြကုန်လင့်။ နေရပ်မျိုးစုံတွင် သာသနာပြုနိုင်ရန်အတွက် တစ်ပါးတည်းသာကြွရောက်၍ ပြုကြကုန်လော့" ဟူသော သာသနာပြု စေလွှတ်စဉ်က ဘုရားရှင်၏ ရှေးဦးစကားတော်ကို ဂရုပြုသော အားဖြင့် တစ်ပါးတည်းသာ ကြွရောက်တော်မူခဲ့သည်။

ဘုရားရှင်၏ လက်ယာတော်ရံ သာဝကတစ်ပါးဖြစ်သော အရှင်မဟာကစ္စည်း ထေရ်သည် ရုပ်အဆင်းတင့်တယ်မှုတွင် ကျော်ကြားသူဖြစ်၏။ ရဟန်းဖြစ်သောကြောင့် ကြည်ညိုဖွယ်ကိုဆောင်သူ သမဏသာရုပ္ပဖြစ်သူဟု ဆိုဖွယ်ရှိသော်လည်း ဤအရှင်ကို တစ်ကြိမ်မြင်ရလျှင် နှစ်ကြိမ်သုံးကြိမ် ထပ်၍မကြည့်ဘဲ မနေနိုင်လောက်အောင် တင့်တယ်သူဖြစ်သည်ကား အမှန်ပင်ဖြစ်ပေသည်။

အချောအလှဟူသည် မိန်းမလျှင် မိန်းမချင်း၊ ယောကျ်ားလျှင် ယောကျ်ားချင်း ဘဝတူလိင်တူများအပေါ်၌ တွေ့ရခဲ၍ ယောကျ်ားကမိန်းမ၊ မိန်းမကယောကျ်ား၊ လိင်မတူ

www.burmeseclassic.com

www.burmeseclassic.com



ဘဝမတူသူများ အပေါ်၌သာ တွေ့မြင်သိရှိတတ် ရှိတတ်ကြသော်လည်း ဤအရှင်ကား အမျိုးသမီးများကိုအပထား၍ ယောက်ျားချင်းပင်လျှင် နှစ်သက်လောက်အောင် လှပချောမောသူ ဘဝပါရမီပြည့်ခဲ့သူဟု ကျော်ကြားသည်။

မှန်လှပေ၏။ တစ်ချိန်က မောင်မစွကဟူသော ဒါယကာတစ်ယောက်သည် အရှင်ကစ္စည်း၏အလှတွင် နှစ်ဝင်စွာမက်မော မိုက်မှားမိသောကြောင့် ဒုက္ခကြီးစွာ တွေ့ခဲ့ရဖူးပေပြီ။ အရှင်ကစ္စည်းမထေရ်ကား လှရုံ ချောရုံ ကြည်ညိုဖွယ်ဆောင်ရုံသာ မဟုတ်၊ အဟောအပြောလည်း ကောင်းသေးသည်။ တရားအကျဉ်းကို အကျယ်ဖြန့်၍ ခံ့ခံ့ရုံ့ရုံ့ ဟောကြားရာ၌ တေဒဂ်ရသူဖြစ်သည်။ အဟောအပြောကောင်းရုံမဟုတ်၊ အသံကလည်း သာယာလှပေသေးသည်။

ထို့ကြောင့် မဇ္ဈိမမြောက်ပိုင်း သာသနာစည်ပင်သော နေရာများ၌ ဘုရားရှင်စသော အခြားသံဃာတော်များစွာ ရှိနေပြီးသည့်အလျောက် မိမိမှုကား ဒါယကာ ဒါယိကာမတို့နှင့် ဝေးကွာရာ တောတောင်လိုဏ်ဂူ စသည်တို့၌သာ အနေများ၍ ဘုရားရှင်ထံတော်အနီး မြို့ရွာများ၌နေသော အခါ၌လည်း တတ်နိုင်သလောက် သိုသိုဝှက်ဝှက်နေခဲ့သည်။

သို့ရာတွင် ရဟန်းဟူသည် စွမ်းနိုင်သမျှ သာသနာတော်အကျိုးကိုလည်း လုပ်ဆောင်ရန် တာဝန်ရှိနေသေးသည့်အလျောက် သာသနာတော် အင်အားနည်းပါးရာ၊ မိမိအား သိရှိသူတို့ နည်းပါးရာ ဤဒက္ခိဏာပထသို့ သာသနာပြု ဆိုက်ရောက်လာရာ၌ ဆိပ်ကမ်းမြို့များသို့ မချဉ်းကပ်သေးဘဲ တောရွာဇနပုဒ်များသို့သာ လှည့်လည် တရားဟော သာသနာပြုရင်း အားလပ်သည့်အချိန် သီတင်းသုံးသည့်နေရာကိုမူ လူသူ ကင်းဆိတ်ရာ ပဝတ္တလိုဏ်ကို ရွေးချယ်၍ သီတင်းသုံးသည်။

အရှင်ကစ္စည်း၏ သာသနာပြုလုပ်ငန်းသည် ရည်ရွယ်ချက်အတိုင်း အောင်မြင်ပါ၏။ သာသနာတော်သို့ သက်ဝင်သူတို့ တစ်နေ့တခြား တိုးပွားလာသည်လည်း မှန်ပါ၏။ သို့ရာတွင် အရှင်၏ကြည်ညိုဖွယ်ရာ ရုပ်သွင်အဟောအပြောနှင့် အသံတို့ကြောင့် ဆိပ်ကမ်းသာမြို့ စသည်တို့ထိ တစ်ယောက်တစ်ခွန်း ပြောကြရလောက်အောင် ကျော်ကြားလာသည်။ ထို့ကြောင့် တောရွာဇနပုဒ်များတွင်သာ တရားပွဲဆင်ယင်သော်လည်း ဆိပ်ကမ်းသာ စသော မြို့သူမြို့သားတို့သည် တစ်နေ့တခြားတိုးပွားရောက်ရှိ တရားနာလာကြသည်ကို တွေ့ရှိလာရသည်။ ဤတွင် အဘွားကြီး၏သား သောဏ သတို့သားနှင့် အရှင်ကစ္စည်းမထေရ်တို့ တွေ့ရှိလာကြသည်။

အလှကို မက်မော၍ အရှင်ကစ္စည်း၏ တရားနှင့်အသံကို စွဲငြိသော သောဏ

www.burmeseclassic.com

www.burmeseclassic.com



သတို့သားသည် ရှင်ကစ္စည်း သီတင်းသုံးသော ပဝတ္တလိုဏ်သို့ ခဲခဲယဉ်းယဉ်းနှင့် ကြိုးစားပမ်းစား ရောက်ရှိလာသည်။ တရားပွဲတွင် အဝေးမှသာ ဖူးတွေ့ကြားနာရ၍ ယခုအနီးကပ်တွေ့ရှိသောအခါ အရှင်ကစ္စည်းအပေါ်တွင် ပို၍ သံယောဇဉ်တွယ်လာခဲ့သည်။ အရှင်ကစ္စည်းနှင့်အတူနေနိုင်ရန် ရဟန်းပြုလိုလှပါချည့်ဟုပင် တောင်းဆိုလာသည်။ သောဏရဟန်းပြုလျှင် အဘွားကြီးကလည်း အလွယ်တကူပင် ခွင့်ပြုချီးမြှောက်မည်ဟု သိရှိလာရသည်။

မိမိသာသနာပြုလုပ်ငန်းမှာ ဒါယကာ ဒါယိကာမတို့အား တရားသဘောသက်ဝင်စေရုံမျှမက ရဟန်းတစ်ပါးဖြစ်မြောက်လာသည့်အထိပါ တိုးတက်လာမည်ကြောင့် အရှင်ကစ္စည်းဝမ်းမြောက်သည်။ အကြောင်းကားရဟန်းဟူသည် သာသနာ့အတွင်းသား၊ မိမိတို့၏ ဘက်တော်သားဖြစ်ရာ မိမိသည် ဤအရပ်၌ သာသနာစည်ပင်လာစေကာမူ အမြဲနေထိုင်မည့်သူမဟုတ်။ သူ့အရပ်သား ရဟန်းတစ်ပါး ဖြစ်မြောက်လာခဲ့သော် ဤဒေသတွင် သာသနာတော် အမြစ်တွယ် မြဲနိုင်လာတော့မည်ဖြစ်သည်။

"ဒါယကာ သောဏ။ ။ ရဟန်းဘဝဟူသည် မွန်မြတ်သည်မှန်ပါ၏။ သို့ရာတွင်ခက်ခဲလှသည်။ တစ်ထပ်တည်းစား၍ တစ်ပါးတည်းနေရ အိပ်ရသူဖြစ်သည်။ ပရိက္ခရာရှစ်ပါး သက်နီးသုံးထည်မျှ ဝတ်ရ ကိုင်ဆောင်ရသူဖြစ်သည်။ သင်စွမ်းနိုင်အံ့လော"

"တပည့်တော် စဉ်းစားဆုံးဖြတ်ပြီးဖြစ်ပါသည် အရှင်မြတ်။ အရှင်ဘုရားတို့ပင် ရင်ဆိုင်နိုင်သော ဘဝမျိုးကို တပည့်တော် အဘယ့်ကြောင့် မစွမ်းနိုင်ရမည်နည်း။ တောင့်တချက်ကား ရဟန်းဘဝတွင် အရှင်မြတ်နှင့် အတူနေထိုင်နိုင်ဖို့ဖြစ်ပါသည်ဘုရား"

"ငါ့အထံ ပဉ္စင်းခံလျှင် အဆုံးအမ မကင်းသမျှ ကာလပတ်လုံး ငါနှင့်အတူနေနိုင်သရည်းခံတပည့်ဖြစ်ရပါမည်"

သို့နှင့်သောဏအဖို့ အရှင်ကစ္စည်းမထေရ်အနီးမှ မခွာနိုင်အောင် ဖြစ်လာရသည်။ အရှင်ကစ္စည်း တရားပွဲတိုင်းသို့ရောက်၍ အချိန်ရတိုင်း ပဝတ္တလိုဏ်သို့ ခဲယဉ်းစွာလာရောက်ဆည်းကပ်သည်။ အရှင်ကစ္စည်းက ရဟန်းပြုပေးနိုင်မည့်အချိန်ကိုစောင့်သည်။ သောဏ၏ ရဟန်းပြုဖို့ စိတ်ဖွဲ့ကား သေချာပြီဖြစ်၏။

ခက်သည်ကား ရဟန်းပြုပေးရေးပင်ဖြစ်သည်။ သာသနာတော်အစ ရဟန်းများနည်းပါးစဉ်က သရဏဂုံဆောက်တည်ရုံမျှဖြင့် ရဟန်းဖြစ်သောရဟန်း၊ ဩဝါဒပေးရုံမျှဖြင့် ပြီးသောရဟန်း၊ ပြဿနာ ဖြေဆိုရုံမျှဖြင့်ပြီးသောရဟန်း၊ အာမဝန္တံ ခံရုံမျှဖြင့်ပြီးသော ရဟန်း၊ ရဟန်းဖြစ်စေဟုတမန်စေလွှတ် အမိန့်ပေးရုံမျှဖြင့်ဖြစ်သောရဟန်း စသည်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အလွယ်တကူ ရဟန်းပြုနိုင်ခွင့်ရှိခဲ့သော်လည်း နောက်ပိုင်းတွင် သာသနာတော်ကို ခုတုံးလုပ်သော ရဟန်းတုတို့ ပေါ်ပေါက်လာသောကြောင့် ရဟန်းငါးပါးဖြင့် သိမ်ဝင် ကမ္မဝါဖတ် အသိအမှတ်ပြုပြီးမှ ရဟန်းဖြစ်စေရမည်ဟု ပညတ်လိုက်လေရာ ယခု အရှင်ကစ္စည်း သီတင်းသုံးနေသော ဆိပ်ကမ်းသာလို တောင်ပိုင်းဒေသတွင် ရဟန်း ငါးပါး မပြည့်စုံသောအခက်ဖြစ်ပေ၏။

ထို့ကြောင့် သောဏလုလင် ရဟန်းပြုနိုင်ရေးအတွက် သာမဏေအဖြစ်ဖြင့်သာ သုံးနှစ်သုံးမိုးတိုင်အောင်ပင် စောင့်ရသည်။ သဒ္ဓါထက်သန်သော သောဏလုလင် ကလည်း ရဟန်းဖြစ်ရေးသာအဓိကဖြစ်၍ အဘယ်မျှ ကြာစေကာမူ စောင့်သည်။ သူ့အဖို့ အရှင်ကစ္စည်းနှင့် နီးနီးကပ်ကပ် နေရသည်ကိုပင်ကျေနပ်သည်။

ဤအတွင်း အရှင်ကစ္စည်းမထေရ်၏ အဆုံးအမကောင်းကြောင့် ရဟန်း ဖြစ်လာသော သောဏမထေရ်အဖို့ တရားခါတ် ရင့်ကျက်၍လာကာ ဂုဏ်တော် ကျေးဇူးတော်ကိုသာ ကြားဖူးသိဖူး၍ ကိုယ်တိုင်မဖူးတွေ့ရဖူးသေးသော ဘုရားရှင် အထံတော်သို့ အရှင်ကစ္စည်းထံခွင့်ပန်၍ လာရောက်ခဲ့သည်။

ဇေတဝန်သို့ ရောက်ရှိလာသောအခါ၌ ထူးခြားချက်မှာ ညဒ်ရဟန်း အရှင် သောဏအတွက် ဇေတဝန်တွင် ထားစရာနေရာတွေ မြောက်မြားစွာရှိပါလျက် ဘုရားရှင်က မိမိသီတင်းသုံးရာ ဂန္ဓကုဋိ တိုက်တော်တွင်ပင် မိမိနှင့် အတူနေရန် နေရာပေးထားခြင်း ဖြစ်ပေ၏။ ထို့ထက်ထူးခြားချက်ကား ဘုရားရှင်က သောဏထေရ်အား ဂန္ဓကုဋိတွင် အတူသီတင်းသုံးရင်း ပိဋကတ်မှ ဂါထာအချို့ကို ရွတ်ဆိုခိုင်းကာ ဘုရားရှင် ကိုယ်တော်တိုင် နာယူတော်မူခြင်းပင်ဖြစ်ပေသည်။

ဤအချက်သည် အမှန်ပင် ထူးခြားလှပေသည်။

တရားမဏ္ဍပ်တွင် ဘုရားရှင်ကိုယ်စား အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန် စသော သာဝကကြီးများက တရားဟောသောအခါ ဘုရားရှင်ကိုယ်တော်တိုင် နံဘေးမှ သီတင်းသုံးရင်း နာယူတော်မူခြင်း၊ ရံဖန်သာဝကကြီးများနှင့် ပုစ္ဆာအမေးအဖြေလုပ်ရင်းဖြင့် တရားနာယူခြင်း စသည်တို့မှာ ယေဘုယျလုပ်ငန်းများဖြစ်၍ ရိုး၍နေပြီဖြစ်၏။

ရဟန်းငယ်များအား ဘုရားရှင်ကိုယ်တော်တိုင်က တရားဟောရန် တောင်းပန်၍ နာယူခြင်းမှာမူကား တစ်ကြိမ်သာကြုံခဲ့ဖူးသည်။ တရားဟောရန် တောင်းပန်ခံရဖူးသူကား အရှင်သာရိပုတ္တရာ၏ညီတော် အရှင်စုန္ဒမထေရ်ပင်ဖြစ်ပေသည်။

သာသနာပြု အလုပ်အကျွေးတာဝန်တွင် ကျော်ကြားလှသော အရှင်စုန္ဒ

www.burmeseclassic.com

www.burmeseclassic.com



မထေရ်သည် တစ်ချိန်သောအခါက ဘုရားရှင် ဝေဠုဝန်တွင် သီတင်းသုံးခိုက် မကျန်းမာတော်မူ၍ ပြုစုရ၏။ ထိုအခါ ဘုရားရှင်က အရှင်စုန္ဒအား ဗောဇ္ဈင်သုတ် ပရိတ်ကို ရွတ်ဆိုဟောကြားခိုင်း၍ နာယူတော်မူသည်။ ဗောဇ္ဈင်သုတ်၏ အစွမ်းကြောင့်ပင် ဘုရားရှင် ဝေဒနာမှ ထ, တော်မူနိုင်ခဲ့သည်။

တစ်ဆက်တည်း ပြောရန်ရှိသည်ကား - ပရိတ်ကြီး ဆယ့်တစ်သုတ်မှ ဗောဇ္ဈင်သုတ်တော်သည် ရောဂါပျောက်ကင်းရေးအတွက် အစွမ်းထက်လှစွာသော ဘုရားရှင်နှင့် သာဝကကြီးတို့၏ လက်သုံးတော် မဟာဩသဓသုတ်ဖြစ်ပါပေသည်။

ဖြစ်ကြောင်းကား အရှင်မဟာကဿပ သီတင်းသုံးဖန်များသောကြောင့် ပိပ္ပလိ လိုဏ်ဂူဟုပင် အမည်တွင်လျက်ရှိသော ရာဇဂြိုဟ်အနီးရှိ လိုဏ်ဂူ၌ တစ်ချိန်သောအခါက အရှင်မဟာကဿပ မကျန်းမာဖော်မူသည်တွင် ဘုရားရှင်ကိုယ်တော်တိုင် ကြွရောက်၍ ဗောဇ္ဈင်သုတ် မဟာဩသဓပရိတ်ကို ရွတ်ဖတ်၍ ကင်းပျောက်စေတော်မူသည်။ အလားတူပင် တစ်ချိန်သောအခါကလည်း ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးတော်မူသော အရှင်မောဂ္ဂလာန်မထေရ် မကျန်းမာတော်မူသည်ကို ဘုရားရှင်ပင်လျှင် ကြွရောက်တော်မူ၍ ဗောဇ္ဈင်သုတ်ဩသဓဖြင့် ရွတ်ဖတ်ပျောက်ကင်းစေခဲ့သည်။ မိမိကိုယ်တိုင်မကျန်းမာတော် မူသောအခါ၌မူ အရှင်စုန္ဒမထေရ်အား ရွတ်ဖတ်ဟောကြားစေ၍ နာယူပျောက်ကင်း စေခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် အရှင်စုန္ဒအား ဗောဇ္ဈင်သုတ် ရွတ်ဖတ်ဟောကြားစေခြင်းမှာ ရောဂါပျောက်ကင်းလိုမှု အကြောင်းရှိ၍ ခိုင်းစေတော်မူခြင်းဖြစ်၏။ ယခု အရှင် သောဏထံမှ တရားရွတ်ဖတ်နာယူခြင်းမှာမူ အဘယ်အကြောင်းပါနည်း။

အကြောင်းရာလျှင် အရှင်သောဏသည် အနုပညာတွင် အခြေခံရှိခဲ့သူဖြစ်၍ အသံအနေအထား တတ်သူဖြစ်သည်။ အသံကောင်းသည်။ ရွတ်ဆိုမှု ရှင်းလင်းပြတ်သား သည်။ ရဟန်းတို့အတွက် ဝိနည်းတော်နှင့်လျော်သော သရဘညရွတ်ဆိုမှုကို နားလည်သည်။ ပိဋကတ်ကျွမ်းသည်။ ထို့ထက် ကြီးမားသောအကြောင်းကား သိတော်မူသော ဘုရားရှင်၏အစီအစဉ်ဖြစ်၍ နောက်ပိုင်းဖြစ်ရပ်တွင် ပေါ်လာမည်ဖြစ်၏။

[ ၃ ]

ဘုရားရှင်ကိုယ်တော်တိုင်ကပင် ဂန္ဓကုဋိတိုက်တွင် အတူသီတင်းသုံးစေ၍ တရားနာသည် ဟူသော ထူးခြားလှသော သတင်းမှာ ဇေတဝန်ရဟန်းလောက၊ သာသနာပိုင်းဆိုင်ရာ သာဝတ္ထိ လူဒါယကာတို့လောက၊ နတ်လောက၊ ဗြဟ္မာလောကတို့သို့ပင် ကျော်ကြား

www.burmeseclassic.com

www.burmeseclassic.com



သာရခေါ်ကြရာက ထိုသတင်းသည် ဆိပ်ကမ်းသာသို့ ရောက်ရှိသွားသည်။ ထိုသတင်းကြောင့် ထ,၍ ကလုခုန်လုမတတ် ဝမ်းအမြောက်ဆုံးသူကား အရှင်သောဏ၏ မိခင် အဘွားကြီးပေတည်း။

ဒါမှငါ့သား၊ ထူးမြတ်တဲ့သား၊ ဘုရားရှင်ကိုတောင် တရားဟောသတဲ့၊ ဘုရားရှင် ကိုယ်တော်တိုင်တောင် ငါ့သားတရားကိုနာသတဲ့၊ အဘယ့်သား၊ အမယ့်သား၊ ထူးခြား လှသည့်သား၊ ရှာမှရှားတဲ့သား။

ဘုရားရှင်ကိုယ်တော်တိုင် တရားနာယူသည်ဆိုသော် သူ့သားတရားကို အဘွားကြီး အဘယ်မှာ မနာယူလိုဘဲ ရှိပါတော့အံ့နည်း။ သားတရားကို နာလိုလှပြီ။ ထူးသောသားကို ဖူးတွေ့လိုလှပြီ။

ထို့ကြောင့် သားရဟန်းကို ဆိပ်ကမ်းသာသို့ တမန်စေလွှတ်၍ အတင်းပင့်သည်။ မိမိသာမက တစ်မြို့လုံး တရားနာကြရလေအောင် ဆိပ်ကမ်းသာမြို့လယ်တွင် တရားပွဲကြီး ဝှဲချီးကျင်းပရန် မဏ္ဍပ်ကြီးထိုးသည်။ ဤသည်ပင်လျှင် အဘွားကြီးအိမ်နှင့်ဘဏ္ဍာတိုက်ကို ဖောက်ရန် မဖြစ်မနေကြံစည်ကြိုးကုတ်လျက်ရှိသော ဆိပ်ကမ်းသာ ခါးပြဂိုဏ်း ခေါင်းဆောင်ကြီး၏ အခွင့်အလမ်းပေါ်လာခြင်းဖြစ်ပေ၏။

ပေါ်ဟန်ကား အဘွားကြီး အိမ်အောက်အထိ ခါးပြတပည့်ကိုးရာဖြင့် ဥမင် တူးပြီး ဥမင်မှတက်၍ တိုက်ခိုက်ယူရန်မျှ ကျန်တော့၏။ အသာတကြည်မရလျှင် သတ်မည်။ ယခုသော် သတ်ဖို့မလို။ ရန်းရင်းဆန်ခတ်ပင် ဖြစ်ဖို့မလိုတော့။ အကြောင်းကား အဘွားကြီး တရားနာထွက်မည့်ညဥ့်တွင် အလွယ်တကူ ဝင်ရောက်ကာ ရတနာများကို အေးအေးဆေးဆေး ယူရန်မျှဖြစ်၏။

ထို့ကြောင့် ခါးပြဗိုလ်ကြီးက စနစ်တကျ အစီအစဉ်ချသည်။ တပည့်ကိုးရာအား ဘဏ္ဍာတိုက်ကို ဖောက်ထွင်းယူစေ၍ မိမိကိုယ်တိုင်မူကား တရားနာသော အဖွားကြီး အနီးတွင် တရားနာဒါယကာ တစ်ဦးဟန်ဆောင်၍ နေရာယူလိုက်သည်။ အကြောင်းကား တရားနာခိုက်ဖြစ်စေကာမူ ပစ္စည်းရေးဖြစ်၍ အိမ်ရှိသူများက အဘွားကြီးထံသို့ သတင်းပို့ လာလျှင် အဘွားကြီးအဖို့ အုတ်အော်သောင်းတင်း ရုန်းရင်းဆန်ခတ် ဆူပူလှုပ်ရှား လာနိုင်သည်။ ယင်းသို့ လှုပ်ရှားလာလျှင် အရင်းအမြစ်ဖြစ်သော အဘွားကြီးအား ခါးပြဗိုလ်က ချောင်တခင်သုတ်သင်ပစ်လိုက်ရန်ဖြစ်သည်။

အိမ်တွင် ကျီးစောင့် ကြက်နှင်အဖြစ် အစောင့်အမျိုးသမီးတစ်ဦးသာ ကျန်ရစ်သည်။ သို့နှင့်တရားပွဲစတင်ချိန်သို့ ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ခါးပြဗိုလ်ကြီးမျှော်လင့်ထားသည့်အတိုင်းပင် အရှင်သောဏတရား ဟောနေခိုက် အဘွားကြီးနောက်ပါးသို့ အမျိုးသမီးတစ်ဦး ကသောကမျော ရောက်ရှိလာသည်ကို တွေ့ရ၏။

အမျိုးသမီးက "အမေ့ . . . အမေ့" ဟု တိုးညင်းသော်လည်း တုန်လှုပ်သော အသံဖြင့်ခေါ်၏။ သို့ရာတွင် သား၏တရားအာရုံတွင် ထုံနေသော အဘွားကြီးက မတုန်လှုပ်။

"အမေ့ . . . အမေ့"

"ဟဲ့ . . . ငါတရားနာနေတာ ဘာလာနှောင့်ယှက်နေရတာလဲ"

"အိမ်ထဲကို ခါးပြတွေ ဝင်ကုန်လို့ အမေရဲ့"

"ဝင်ပလေ့စေ၊ လာမနှောင့်ယှက်နဲ့ သွား"

မိမိထင်သလိုဖြစ်မလာသောကြောင့် အနီးက ခါးပြကြီး အံ့အားသင့်သွားသည်။ အဘွားကြီး၏ မာန်မဲနှင်ထုတ်လိုက်မှုကြောင့် အမျိုးသမီးလေး လန့်ဖျပ်ကာ ထွက်သွားသည်။ သို့ရာတွင် မကြာလှပါချေ။ နောက်တစ်ခါက် ပြန်လာသည်ကို တွေ့ရသည်။

"အမေ့ . . . အမေ့"

"ညည်း လာပြီးနှောင့်ယှက်ပြန်ပလားဟင်"

"ခါးပြတွေ ရတနာတိုက်ကို ဖောက်ကုန်ပြီအမေရဲ့"

"ဖောက်ရုံမကလို့ အိမ်ကြီးပါ ယူသွားကြပစေ၊ ညည်း ထွက်သွား၊ ငါ့ လာမနှောင့်ယှက်နဲ့"

ခါးပြဗိုလ်ကြီး ပို၍ အံ့အားသင့်သွားသည်။ အံ့အားသင့်ရုံမျှမက အဘွားကြီး၏ တရားစိတ်ဓာတ်နှင့် တရားသတ္တိကြောင့် တုန်လှုပ်ပင် တုန်လှုပ်သွားရသည်။ အကြောင်းကား ဤနေရာတွင် တုန်လှုပ်ဖွယ်ရာ ဖြစ်ရပ်တို့ တိုက်ဆိုင်လာသောကြောင့် ဖြစ်၏။

တိုက်ဆိုင်ဟန်ကား ခါးပြဗိုလ်ကြီးအဖို့ အကြောင်းအားလျော်စွာ ခါးပြဗိုလ် ဘဝတွင် ဖြစ်တည်နေရသော်လည်း တရားအထုံပါရမီဓာတ်ခံ ရှိခဲ့သူဖြစ်ပေရာ ယင်းတရားဓာတ်ခံသည် ခါးပြဘဝတွင် ရေဝေးသော ကြာပမာဖြစ်တည်ခဲ့သော်လည်း ယခုမူ တစ်ဖက်တွင် အရှင်သောဏ၏ ထူးခြားသောတရားကို အလိုက်သင့်စွာ နာယူ ရခိုက်ဖြစ်၍ တစ်ဖက်တွင်လည်း ဥစ္စာပစ္စည်းထက် တရားကို ထူးခြားစွာ တန်ဖိုး ထားလျက်ရှိသော အဘွားကြီး၏အပြုအမူကို တွေ့နေရသောကြောင့်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိမှာ သူတစ်ပါး၏ ဥစ္စာကို မတော်လောဘ ကြံစည်တိုက်ခိုက်လျက် ရှိသူဖြစ်သည်။ ဤအဘွားကြီးကား သူတစ်ပါးဥစ္စာကိုအပထား မိမိဥစ္စာကိုပင် တရားလောက် တန်ဖိုးမထားသူဖြစ်သည်။ မိမိကြံစည်လျက်ရှိသော ဥစ္စာရှင်မှာ သာမန် မဟုတ်၊ တရားရှင်ပါတကား။ မိုက်လုံးကြီးလေစွတကား။

ထိုအခိုက် အမျိုးသမီးလေး ရောက်လာပြန်ကာ . . .

"အမေ့ . . . အမေ့" ဟုခေါ်ပြန်သည်။

"ညည်းဟာ . . တစ်ကြိမ်ပြောလို့မရ၊ နှစ်ကြိမ်ပြောလို့မရ၊ ငါ့ကို တမင်လာ ဖျက်ဆီးနေတဲ့ သာသနာဖျက်မ၊ ဒို့ဒွိမ၊ ဒီတစ်ခါတော့ ညည်းကို အပြစ်လွှတ်လို့ မဖြစ်တော့ဘူး"

"ပစ္စည်းတွေကို သယ်ကုန်ပြီ အမေရဲ့"

"ပစ္စည်းမကလို့ အိမ်ကြီးပါ ယူပလေ့စေလို့ ငါပြောပြီးပြီ မဟုတ်လား။ ကဲ ဒါလောက်နှောင့် ယှက်ချင်လှတဲ့ညည်းကို . . "

ထိုစဉ်တွင် "သည်းခံပါ အမေခင်ဗျား" ဟု နှုတ်ကပြောဆိုရုံမက မိမိသို့ လက်အုပ်ချီ၍နေသော နံဘေးမှ ဒါယကာကြီးကို တွေ့ရသောကြောင့် အဘွားကြီးအဖို့ အံ့အားသင့်စွာဖြင့်ကြည့်ရှုရင်း –

"သည်ဟာမတွေက ဘာမှ အလိုက်ကောင်းဆိုးမသိတတ်ဘူးကွယ့် ငါ့တူရဲ့၊ သူတို့မှာ ဒီပစ္စည်းပဲ အရေးကြီးနေတယ်" ဟုပြောလိုက်မိ၏။

"သည်းခံပါဆိုတာ ကျွန်တော့်အပြစ်ကို သည်းခံဖို့ တောင်းပန်တာပါအမေ"

"အလို . . . ငါ့တူက ကျုပ်နဲ့ ဘာဆိုင်လို့၊ ဘာအပြစ်ရှိလို့ တောင်းပန်ရ တာတဲ့တုံး"

"အမေ့အိမ်ကို ဥမင်ဖောက်ပြီး တိုက်ခိုက်လုယူသူဟာ တခြားသူမဟုတ်ပါဘူး ၊ကျွန်တော်ပါပဲ။ ကျွန်တော်က ဓားပြခေါင်းဆောင်၊ လူဆိုးခေါင်းဆောင်ကြီးပါ။ ဒီနေ့ည အမေ့အိမ်ကို တပည့်တွေလွှတ်ပြီး ကျွန်တော်က အမေ့အရိပ်အခြည်ကို ကြည့်ရင်း စောင့်နေသူပါ။ အမေသိလို့ အုတ်အော်သောင်တင်းလုပ်ရင် အမေ့ကို သတ်ဖို့အထိ ရည်ရွယ်ထားမိပါတယ်။

"အခုတော့ အမေ့သား တရားတော်ကို နာယူရတာလဲ တစ်ကြောင်း၊ ပစ္စည်းထက် တရားကို တန်ဖိုးထားတဲ့ အမေ့စိတ်ဓာတ်ကို ဒို့ဒွိမျက်မြင် သိရတာလဲ

www.burmeseclassic.com

www.burmeseclassic.com



တစ်ကြောင်းကြောင့် ကျွန်တော်သံဝေဂရပါပြီ။ ဒါ့ကြောင့်မို့ အမေ့ကို သည်းခံဖို့ တောင်းပန်ရတာပါ။ အမေသည်းမခံရင် ကျွန်တော့်ဦးခေါင်း ရှစ်စိတ်ကွဲရပါလိမ့်မယ်''

''အလို ။ ။ ။ ဖြစ်မှ ဖြစ်ရပလေ သည်းခံပါတယ်ကွယ်။ သည်းခံပါတယ်''

''သည်းခံတယ်ဆိုရင် အမေ့သားရဟန်းဆီမှာ ကျွန်တော့်ကို ရဟန်းခံပြုခွင့် တောင်းပန်ပေးပါတော့ အမေခင်ဗျား''

တရားပွဲတွင် တရားမိခင်ကြီးကိုယ်တိုင် လှုပ်ရှားမှုကြောင့် တရားပွဲမှာ ရပ်ဆိုင်းသွားသည်။ အကျိုးအကြောင်းကို သိကြရသောအခါ အံ့ဩကြသည်။ ထို့နောက်တွင်မူ ခေါင်းဆောင်ခိုးကြီးမှူး၏အမိန့်ဖြင့် တရားပွဲသို့ တပည့်ခိုးသားများ ရောက်ရှိလာသည်။ ခိုးကြီးမှူး၏သံဝေဂ၊ ခိုးကြီးမှူး၏တရားကြောင့် တပည့်အားလုံး သည်လည်း သတိတရား ရကုန်ကြသည်။ ခိုးယူထားသော ပစ္စည်းအားလုံးကို နေရာတကျ ပြန်ထားသည်။

တရားသည် တရားကိုကျင့်သူအား အမှန်ပင်စောင့်ရှောက်၏။ ကောင်းစွာကျင့်အပ်သော တရားသည် ကျင့်သူ၏ချမ်းသာကို ရွက်ဆောင်သည်သာတည်း။

ယင်းသို့ဖြင့် တရားပွဲကြီးမှသည် နောက်တစ်နေ့တွင် ရဟန်းခံပွဲကြီးသို့ ကူးစက်သွားသည်။ ခေါင်းဆောင်တစ်ဦးသာမဟုတ်။ တပည့်ကိုးရာလုံး ရဟန်းဘဝသို့ ကူးကြသည်။ အဘွားကြီးက မိမိပစ္စည်းများကို ရဟန်းခံပွဲအတွက်လည်းကောင်း၊ အခြားသော သာသနာရေးကိစ္စများအတွက်လည်းကောင်း သွန်၍လှူသည်။

ထို့ထက်ထူးခြားမှုကား ဘုရားရှင်ကိုယ်တော်တိုင် ကြွရောက်တော်မူလာ၍ ရဟန်းများအား ထိုက်သင့်သောတရားအလုပ်ပေး၍ တရားဟောတော်မူလာသောအခါ ရဟန်းအားလုံးပင် မဂ်ပေါက် ဖိုလ်ပေါက် ဘက်စုံပြည့်ရဟန္တာများအဖြစ် ကျွတ်တမ်းဝင်သွားရခြင်းပင်ဖြစ်ပေသည်။

ဤသည်ကား အရှင်ကစ္စည်းမထေရ်မှ အကြောင်းပြု၍ အရှင်သောဏ ထေရ်အား ဘုရားရှင်က မိမိ၏ ဂန္ဓကုဋိတွင် အတူသီတင်းသုံးစေကာ တရားနာ လိုက်ခြင်း၏ အကျိုးဆက်ပင်ဖြစ်ပေသည်။

အရှင်သောဏအဖို့ ဆုလာဘ်ထူးကား ကြားနာရသူတို့ နားဝင်ချိုအောင် သာယာစွာ ပြောတတ်သည့်အရာ၌ တေဒဂ်ရခြင်းဖြစ်ပေသည်။

တေဒဂ်အရှင် ၄၁-ပါးတွင် သောဏမထေရ် နှစ်ပါး ပါဝင်၏။ တစ်ပါးမှာ ယခု ရှင်သောဏဖြစ်၍ အရှင်သောဏကုဋိကဏ္ဏဟုခေါ်သည်။ နောက်တစ်ပါးမှာ

www.burmeseclassic.com

www.burmeseclassic.com



ခြေဖဝါးတွင် အမွေးနုများ ပေါက်သည်အထိ နူးညံ့သူဖြစ်ပါလျက် တရားအားထုတ်မှုတွင် လုံ့လဝီရိယ ကြီးလှသောကြောင့် တေဒဂ်ရသော "စောင်းတော်ရှင်" အရှင်သောဏ ကောဠိဝိသဖြစ်သည်။

တရားဟောကောင်းသည့်အတွက် တေဒဂ်ရသော အရှင်သုံးပါးရှိသည်။ တစ်ပါးမှာ ယခုအရှင်သောဏ၊ တစ်ပါးမှာ ပကတိအားဖြင့် အဟောအပြောကောင်းလှသော အရှင်ပုဏ္ဏဖြစ်၍ နောက်တစ်ပါးမှာ ပိဋကတ်ကိုထွင်းဖောက်၍ ဆန်းကြယ်စွာ ဟောတတ်၊ ပြောတတ်သောကြောင့် တေဒဂ်ရသူ အရှင်ကုမာရကဿပ ဖြစ်သည်။

ယင်းသို့လျှင် ကျွတ်ထိုက်သော သတ္တဝါတစ်ယောက်အတွက်ပင်လျှင် အကြိမ်များစွာ ခက်ခက်ခဲခဲ ကယ်ချွတ်ခဲ့ရသည်ကို ယခုမူ အခက်အခဲမရှိသော အစီအစဉ်မျှဖြင့် တစ်ကြိမ်တည်းနှင့် ရဟန်းကိုးရာနှင့်တစ်ပါးကို ကျွတ်တမ်းဝင်စေခဲ့သည်။ ထို့ထက် အကျိုးဆက်ကား သာသနာခေါင်းပါးသော မဇ္ဈိမတောင်ပိုင်းဒေသ၌ ဒေသသားဖြစ်သော ရဟန္တာကိုးရာကျော်တို့ဖြင့် သာသနာတော် အမြစ်တွယ်စေခြင်းပင် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



# အချစ်နှင့်မာန

[ ၁ ]

သူတို့နှစ်ဦး တွေ့မှတွေ့တတ်ကြပါလေသည်။

တစ်ယောက်က ခပ်ကဲကဲ၊ တစ်ယောက်က ထပ်သဲသဲ။

တစ်ယောက်က ကျယ်ကတ်ကတ်၊ တစ်ယာက်က ဆတ်ဆတ်ကြဲ။

အဘွားကြီးဝိသာခါ၏အချစ်တော် မြေးမလေးမာလာနှင့် သူကြွယ်သားကလေး နန္ဒာတို့ဖြစ်ကြ၏။

အဘွားကြီးဝိသာခါတွင် သားတွေက တစ်ပြုံကြီး၊ သမီးတွေတစ်သိုက်ကြီး၊ မြေးတွေတစ်လှေကြီးဟု ဆိုရလောက်အောင်ပင်များလှစွာ၏။ သို့ရာတွင် အခြားသားသမီး မြေးမြစ်ဆိုသည်တို့မှာ အကြောင်းအားလျော်စွာ ယေဘုယျသဘောမျှသာ အဘွားကြီး၏ အချစ်ခံကြရ၍ မာလာသည်ကား လက်ကသုံးတောင်ဝှေး အချစ်တော်ကလေးပေတည်း။

လူကြီးများသည် အသက်ကြီးလာလေ၊ ပတ်ဝန်းကျင်လောကနှင့် ကင်းကွာလေ ဖြစ်၏။ အကြောင်းကား သတ္တဝါဟူသည် မျိုးတူဂုဏ်တူ ဝါသနာတူ စရိုက်တူ သက်တူရွယ်တူများဖြင့်သာ ပေါင်းသင်းပျော်ပိုက်မြဲဖြစ်လေရာ အသက်ကြီးလေလေ ဇရာကြောင့် ဝန်းကျင်ကင်းဆိတ်လာလေလေဖြစ်သောကြောင့် အောက်သို့လှည့်၍ အဖော်ရှာ၏။ ယင်းသို့ဖြင့် လက်ကသုံးတောင်ဝှေးကလေးများ၊ အချစ်တော်ကလေးများ ဖြစ်ပေါ်၍လာသည်။

''သားသမီးအချစ် မြေးအနှစ်' ဟူသော အများသုံး ဝေါဟာရတစ်ရပ်ရှိ၏။ အဓိပ္ပာယ်မှာ အဘိုးအဘွားများသည် သားသမီးကိုတော့ ချစ်ရုံမျှ ချစ်သည်။ မြေးကျမှ အချစ်အနှစ်ဆိုက်သည်။ သားသမီးထက် မြေးကိုပို၍ ချစ်သည်ဟု ဆိုလို၏။ ဤစကားသည် မှန်ပါသလော။

www.burmeseclassic.com

www.burmeseclassic.com



မြေးတစ်ယောက်တလေသာရှိသော အဘိုးအဘွားများအဖို့ မှန်နိုင်၏။ တစ်ယောက်ထက်ပိုလာသောအခါ တစ်ယောက်သည်သာ အချစ်တော်ဖြစ်၍ ဝိသာခါတို့လို မြေးတစ်ပြုံကြီးသမားများအဖို့ကား အချစ်မေတ္တာဟူသည် လျော့ပါးသည်ထက် လျော့ပါး၍ အမည်ကိုမျှ မမှတ်မိအောင် ရှိလာတတ်သည်။ အကြောင်းမူကား ကျောသား ရင်သားမခွဲခြားဘဲ တည့်တည့်ဆိုသော် ရာဟုလာနှင့် ဒေဝဒတ်ကိုပင် မခွဲခြားဘဲ ထားနိုင်စွမ်းသော ဘုရားရှင်တို့၏မေတ္တာတော် မဟာကရုဏာတော်မှလွဲ၍ လူသတ္တဝါတို့၏ ချစ်မေတ္တာသံယောဇဉ်ဟူသည် တစ်ပြိုင်နက်တည်းတွင် အကြင်သူနှစ်ဦးအပေါ်သို့ တညီတညွတ်တည်း ထားနိုင်စွမ်း မရှိတတ်ကြသောကြောင့်ပေတည်း။

ဝိသာခါ၏ အချစ်တော်ဟုဆိုအပ်သော ယခုမာလာကလေးသည်ပင်လျှင် သူ့အရင်က အချစ်တော်ဖြစ်ခဲ့သော မြေးမလေးက ကွယ်လွန်သည့်အခါမှ ဤနေရာ၊ ဤရာထူး ရခဲ့ခြင်းဖြစ်၏။

မာလာ့အရင်က အချစ်တော်မြေးမကလေးသည် ရောဂါတစ်ခုကြောင့် မကြာမီက ကွယ်လွန်ခဲ့ရာ၏။ ထိုအခါ အဘွားကြီး ဝိသာခါအဖို့ သောတာပန်ပင် ဖြစ်မချည်း၊ အပူကြီးပူကာ တကြုံကြုံ တရှိုက်ရှိုက်ဖြင့် အပူတိုက်ဖမ်း၍ နေသောကြောင့် ဘုရားရှင်က တရားသဘောဖြင့် မနည်းကြီးပင် ဟောကြားဖြေသိမ့်ထားခဲ့ရသည်။ အကြောင်းမူကား သောတာပန်ဟူသည် အယူလွဲမှားခြင်းနှင့် ယုံမှားခြင်းကိုသာ ပယ်နိုင်၍ အချစ်သံယောဇဉ်ကို မပယ်နိုင်သောကြောင့်ပေတည်း။

အချစ်တော်ဟူသည် ဆိုးတတ်၊ ကဲတတ်၊ ရောင့်တက်တတ်သည်။ အချစ်ဖြင့် လွှမ်းခြုံအပ်သော ဆွေမျိုး၊ မိဘ၊ မောင်နှမတို့ အလယ်တွင်မူ ပို၍ဆိုးတတ်၊ ကဲတတ်သေးသည်။ အကြောင်းကား ဦးစီးဦးကိုင်ဖြစ်သော အဘွား၏အချစ်ဆုံး မေတ္တာ ကွန်ရက်ဖြင့် ဖြန့်ကြက်ထားသောကြောင့်ဖြစ်သည်။

မာလာကလေးကဲဟန်ကား အိမ်မှုကိစ္စများတွင် လုပ်နိုင်ကိုင်နိုင်စွမ်းသော အပျိုအရွယ်ကလေးပင်ဖြစ်သော်လည်း အခြားသားမြေးများလို နည်းနည်းကလေးမှ ကူဖော်မရ၊ လွတ်လွတ်လပ်လပ်နေသည်။ တစ်နေ့ တစ်နေ့ အလှပြင်ဖို့၊ ဆော့ကစားဖို့ လောက်သာ အာရုံကပ်သည်။ စကားကိုလည်း အဘွားအားကိုးနှင့် မာဆတ်ဆတ် ပြောတတ်သေးသည်။

သာသနာတော်သို့ သက်ဝင်ပြီးသော အိမ်၏စည်းကမ်းအရ ရှစ်ရက်၊ လပြည့် လကွယ် ဥပုသ်နေ့များတွင် အိမ်သားအားလုံး ဥပုသ်စောင့်ကြရသော်လည်း သူမှုကား စောင့်ဟန်သာဆောင်၍ နေကုန်ညဉ့်ကူးအောင် ဘယ်တော့မှဥပုသ်မရ။

အဘွားဖြစ်သူ ကျောင်းကန်ဘုရားသွားလျှင်လည်း အဘွားနှင့် နှစ်ယောက်တည်း သာဆိုလျှင် ပျင်းသည်ဆိုကာ မလိုက်။ အဖော်ကောင်းမှလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပမာပင် ဘုရားရှင်နှင့် သံဃာများမှာ မပြတ်ဝင်ထွက်နေသောအိမ်၌ ဆွမ်းကျွေး၊ ဆွမ်းကပ်စသော ကိစ္စများ ဆောင်ရွက်ရန်အတွက် သားသမီးမြေးမြစ်များကို သူ့နေ့နှင့်သူ ခွဲ၍တာဝန်ပေးထားသည်။ ထိုအထဲတွင်သူမပါ။ ပါသယောင်နှင့် ရှောင်လွှဲနေသည့်သာများသည်။

သူ့အပြစ်တွေများလာ၍ အခြားအစ်ကို၊ အစ်မများက ဝေဖန်လာလျှင် အဘွားကြီးသို့ ခေါင်းတစ်ချက်ငှေ့လိုက်ရုံမျှဖြင့် ပြီးစီးသည်။

သို့ရာတွင် အခြားကိစ္စများ၌ အဘယ်မျှ အလိုလိုက်နိုင်စေကာမူ မိမိတို့၏ လုပ်ငန်းအရင်းအမြစ်ဖြစ်သော သံဃာ့ကိစ္စများ၌မူ သည်ဟာမလေး ရှောင်ဖယ်ဖယ် ပြုလုပ်နေသည်ကို အဘွားကြီး ဘဝင်မကျလှ။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင်မူ မှတ်လောက်အောင် ဆုံးမရမည်ဟု အဘွားကြီးရည်မှန်းထားသည်။

ဤတွင် အဘွားကြီးမသိသော ကိစ္စတစ်ရပ်ရှိသည်။ သူ့အချစ်တော်ကလေးအား ရွှေစွန်ညိုဝဲနေသောကိစ္စပေတည်း။

[ ၂ ]

ရွှေစွန်ညိုကား သူကြွယ်သား နန္ဒာပင်ဖြစ်၏။ သူသည်လည်း သူ့အိမ် သူ့အသိုက်အဝန်းတွင်မူ အငယ်ဆုံးဖြစ်၍ တစ်အိမ်လုံး၏ အချစ်တော်ကလေးပင်ဖြစ်၏။ နန္ဒာကလည်း ချစ်စရာလူချောကလေးပင်ဖြစ်သည်။ ချောရုံမျှမဟုတ်၊ သွက်လက်ဖြတ်လတ်သည်။ သို့ရာတွင် အချစ်တော် အငယ်ဆုံးတို့၏သဘာဝအရ မာကျောကျောကလေးတော့ နိုင်သည်။

မိမိတို့သား နန္ဒာက မာလာအား ရွှေစွန်ညိုဝဲ မျက်စိကျနေသည်ကို ညီအစ်ကို မောင်နှမ တစ်အိမ်သားလုံးသိသည်။ သိသောအခါ မြှောက်၍ပင်ပေးကြသည်။ "မင်းသာ မာလာကလေးကို ရမယ်ဆိုရင် တို့တစ်အိမ်လုံးပုံပြီး လက်ဖွဲ့လိုက်မယ်ဟေ့" ဟုပင် ပြောထားသည်။

အကြောင်းမူကား သာဝတ္ထိ၏ သူဌေးမကြီးတစ်ဦးဖြစ်သူ ဂုဏ်ကြီးရှင် ဝိသာခါ၏ အချစ်ဆုံး လက်ကသုံးတောင်ဝှေးကလေးကိုသာ ရမည်ဆိုလျှင် ဂုဏ်ရော ဒြပ်ပါ အမြတ်ကြီးထွက်လာမည်ကို သိကြသောကြောင့်ဖြစ်၏။

သူကြွယ်တစ်ဦးပင်ဖြစ်သော်လည်း ဝိသာခါတို့နှင့်ယှဉ်သော် ပစ္စည်းရော အခြေအနေပါ အကွာခြားကြီး ကွားခြားလှသောကြောင့် လူကြီးများအနေဖြင့် သားပေး သမီးယူစကား ပြောကြား၍တော့ မဖြစ်နိုင်ပေ။ သူတို့လမ်း သူတို့ထွင်၍ အဆင်သင့် ဖြစ်လာဖို့ကိုသာ ရည်မှန်းရသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် လူငယ်တို့၏ အချစ်မေတ္တာ သဘာဝအရ စွမ်းနိုင်သမျှ ရှေ့စွန်ညီ ဝဲရုံသာဝဲ၍ နီးစပ်ဖို့မှာကား ဝေးလှစွာသေး၏။ အကြောင်းမူကား လျှောက်ပြန်သံပေး ဟူသောစကားအရ နန္ဒာက မာလာအား ရံဖန်အခွင့်သာသော အခါကလေးများတွင် ကိုယ်ရောင်ပြခြင်း၊ အမူအရာလုပ်ခြင်းတို့ဖြင့် အဝေးမှစတင်သော်လည်း မာလာ့ထံမှမူ ချစ်အမူအရာ တစ်စုံတစ်ရာ မပြန်လာရုံမက နှုတ်ခမ်းစူခြင်း၊ မျက်စောင်းထိုးခြင်း၊ ခြေဆောင့်ခြင်း စသည်ဖြင့် မလိုတမာ တုံ့ပြန်မှုကလေးများကိုသာ ခံနေရ၊ တွေ့နေရ ပေသည်။

နန္ဒာက မာလာအား တွေ့နိုင်သော နေရာများသို့ ကြိုးစားချဉ်းကပ်သည်။ အထူးသဖြင့် မာလာအားတွေ့နိုင်သောနေရာများမှာ ပုဗ္ဗာရုံကျောင်းတော်၊ ဇေတဝန် ကျောင်းတော်များတွင်ဖြစ်သည်။ ကျောင်းတော်များသို့ အဖွားကြီးသည် မပြတ်လိုလို သွားရောက်တတ်သည်။ အဘွားကြီးသွားလျှင် မာလာပါလာသည်။ ထိုအချိန် ထိုအခွင့်ကို မပြတ်ချောင်းမြောင်းလျက်ရှိသော နန္ဒာက အများသူငါ ဘုရားသွား ကျောင်းတက် ပုံစံမျိုးဖြင့် ကျောင်းသို့ အမြဲရောက်ရှိနေသည်။ မာလာမပါသော အခေါက်များမှာ ကျောင်းသို့လိုက်ရန် မာလာအပျင်းထူသောကြောင့်မျှမဟုတ်၊ နန္ဒာ စွန်ညီအား ရှောင်တိမ်းခြင်းဖြစ်ကြောင်းကိုမူ အဖွားကြီးမသိ။

ယင်းသို့ဖြင့် တစ်ခါတစ်ရံတော့လည်း အချစ်ရိပ်အချစ်ရောင်ဟုပင် မဆိုနိုင် စေကာမူ မာလာ့ထံမှ ပြုံးသယောင်ယောင်၊ လှောင်သယောင်ယောင်နှင့် ပြုံးစနဲ့ တုံ့ပြန်မှုကလေးများကို ရတတ်သောကြောင့် နန္ဒာအားတက်ရ၏။ အကြောင်းမူကား အမျိုးသမီးကလေးတို့၏ သဘာဝတစ်ခုမှာ မချစ်နိုင်သူကို မချစ်နိုင်သောကြောင့် နှုတ်ခမ်းစူခြင်း၊ မျက်စောင်းခတ်ခြင်းတို့ဖြင့် တုံ့ပြန်တတ်သည်ဆိုဦးတော့၊ ရွယ်တူတန်းတူ အရွယ်တူကလေးများ ဖြစ်ကြသောအခါ ရံဖန်ရံခါတွင်မူ လူငယ်စိတ် နိုးကြွလာသော အခါများ၌ ချစ်မူ ချစ်ဟန်လိုလိုနှင့် မထိမဲ့မြင် ပုံစံကလေးများကိုလည်း ပြတတ်ကြ သောကြောင့်ဖြစ်လေသည်။

နန္ဒာကမူ ယင်းသို့ မထိမဲ့ ချစ်မူချစ်ဟန်ကလေးများကိုအပထား၍ မျက်စောင်း ခတ်ခြင်း မျက်မှောကြုတ်ခြင်း၊ နှုတ်ခမ်းစူခြင်း အမူအရာကလေးများကိုပင် မိမိကို အသိအမှတ်ပြုသည်ဟု သဘောထားကာ ဆတက်ထမ်းပိုးတိုး၍ ကြိုးစားသည်။

ယင်းသို့လျှင် လျှောက်ပြန်သံပေး၊ အဝေးမြင် အဝေးတွေ့မှုဖြင့် အချိန်ကြာ လာသောအခါ မာလာကလေးနှင့် နီးစပ်ရန် အကြံကောင်းတစ်ရပ် ပေါ်ပေါက်လာ၏။ ယင်းအကြံဟူသည်ကား ရဟန်းဝတ် သက်န်းဆီးရန်ပင် ဖြစ်ပေ၏။

မာလာနှင့် နီးစပ်ရန်အတွက် မာလာတို့အိမ်သို့ ဝင်ထွက်ဖို့ရန်မှာ မိမိအဖို့ အလှမ်းဝေးလှသော်လည်း ရဟန်းသံဃာတို့အဖို့မူ အမြဲတမ်း တံခါးဖွင့်ထားသော

www.burmeseclassic.com

www.burmeseclassic.com



အိမ်ဖြစ်လေရာ မိမိသက်နိုးဆီးလိုက်လျှင်မာလာတို့အိမ်သို့ နေ့စဉ်နှင့်အမျှ ဝင်ထွက်နိုင်တော့မည်ကို သိရှိလာသော အကြံပင်ဖြစ်လေ၏။

ထို့ကြောင့် ယခင်က ကျောင်းသို့ အကြိမ်များစွာ သွားရောက် ဆွမ်းကပ်ခဲ့သည်ကို အကြောင်းပြုကာ သတိသံဝေရလာလေသည့်ပုံစံဖြင့် ပုဗ္ဗာရုံတွင် သက်နိုးဆီးလိုက်ပေရာ ရဟန်းတော်လေး နန္ဒာဖြစ်လာသတည်း။

[ ၃ ]

ဤသည်ကို မာလာမသိ။ ရဟန်းဖြစ်ပြီးသည့်အချိန်မှစ၍ ဝိသာခါ၏ သံဃာ့မဏ္ဍပ်သို့ နေ့စဉ်မပြတ်ရောက်ရှိသော်လည်း မာလာမသိ။ ရဟန်းတော်လေး နန္ဒာအဖို့လည်း မိမိမျှော်လင့်သော မာလာကို မတွေ့ရ။ အကြောင်းသော်ကား အိမ်ကျယ်မလေး မာလာသည် ဆွမ်းကျွေး, ဆွမ်းကပ် စသော သံဃာ့ကိစ္စများဆောင်ရွက်ရန်အတွက် ထုံးစံအတိုင်း အချောင်ခိုကာ သံဃာ့မဏ္ဍပ်သို့ ရောက်မလာသောကြောင့်ဖြစ်ပေ၏။

သို့သော် သူ သည်အိမ်မှာနေသည်၊ တစ်နေ့နေ့တော့တွေ့ရမည်၊ တစ်ချိန်မတွေ့ တစ်ချိန်တော့ တွေ့ရပေမည်ဟု ရဟန်းကလေး နန္ဒာသည် ဝိသာခါမဏ္ဍပ်သို့ ဖွဲကောင်းကောင်းဖြင့် မပြတ်သွားရောက်လျက်ရှိပေသည်။

တွေ့မည့်တွေ့တော့လည်း ပက်ပင်းတည်း။

တွေ့ရပုံကား သံဃာ့ကိစ္စများ၌ သူ့အချစ်တော်လေး ရှောင်ဖယ်ဖယ်နေလွန်းသည်ကို မရှုဆိတ်နိုင်တော့သော ကျောင်းအစ်မကြီးက မာလာသည် သူများနည်းတူ တစ်နေ့တစ်ရက်ကို တာဝန်ယူ၍ ဦးဆောင် ဆွမ်းကပ်ရမည်ဟု ဇိကုတ် နတ်ပြည် တင်သည့်သဘောဖြင့် ခပ်တင်းတင်းအမိန့်ချမှတ်လိုက်သောအခါ မာလာ မရှောင်သာတော့။ သံဃာတော်တို့အား ဆွမ်းကပ်မှုအလုပ်ကို ဦးဆောင် တာဝန်ယူရသည်။ ရှိရှိသေသေလုပ်, မလုပ်၊ ကျေကျေပွန်ပွန်လုပ်, မလုပ်ကို ကျောင်းအစ်မကြီး ကိုယ်တိုင် စောင့်ကြပ်ကြီးကြပ်နေသည်။

ကုသိုလ်အလုပ်မှန်းသိသော်လည်း လက်ကြောကလေး တင်းအောင်မျှ ထထကြွကြွ မလုပ်ချင်သော နွဲ့ဆိုးစရိုက်ဆိုးကလေး အခုအခံကြောင့် မာလာ စိတ်တို နေသည်။ သို့ရာတွင် မနီးမဝေးမှ အဘွားက မျက်ခြည်မပြတ် ကြီးကြပ်ကြည့်ရှုလျက် ရှိသောကြောင့် သံဃာတစ်ပါးပြီးတစ်ပါးသို့ ဂရုတစိုက်ဆွမ်းကပ် လောင်းလှူရသည်။

ဤအချိန်တွင်ပင် ရဟန်းကလေး နန္ဒနှင့် မာလာတို့ တွေ့သတည်း။

တစ်ပါးပြီးတစ်ပါး ဆွမ်းကပ်ရာက ရဟန်းကလေး နန္ဒာ၏အလှည့်သို့ ရောက်သောအခါ မာလာအဖို့ အခုမှတွေ့သော်လည်း ရဟန်းကလေးနန္ဒာအဖို့

www.burmeseclassic.com



ခပ်စောစောကပင် ဆွမ်းကိစ္စတွင် ကြီးကြပ်လျက်ရှိသော မာလာကို တွေ့နေရသဖြင့် “ငါတို့နှစ်ဦး အနီးကပ် တွေ့ရတော့အံ့တကား”ဟု ကြွကြွရွရွနှင့် ဝမ်းမြောက်လျက်ရှိသည်။

ရဟန်းကလေးနန္ဒာအား မာလာ ရုတ်ချည်းမတွေ့မမြင်ရသည်မှာလည်း အကြောင်းရှိ၏။ နန္ဒာ သင်္ကန်းဆီးလိုက်သည်ကိုလည်းမသိ၊ သင်္ကန်းဆီးလိမ့်မည်ဟုလည်း မမျှော်လင့်။ အဝတ်အဆင်ကလည်း ယခင်က မိမိမပြတ် မြင်တွေ့ခဲ့ရသော လုလုကြော့ကြော့ အဝတ်အဆင်နှင့် အကွာခြားကြီးကွာခြားလျက်ရှိ၏။ ထို့မျှမက သျှောင်စောင်းကလေး ပြောင်ပြောင်နွဲ့နွဲ့နှင့် မပြတ်တွေ့ရှိခဲ့ရာမှ ယခုကဲ့သို့ ဦးပြည်း ဆံပြတ်နှင့် ဖြစ်လာသောအခါ ရုတ်ခြည်းမတွေ့ မသိနိုင်ခဲ့။

ယခု မိမိအလှည့်သို့ရောက်လာ၍ သပိတ်အတွင်းသို့ ဆွမ်းလောင်းထည့် သောအခါ မျက်နှာငုံ့၍ လောင်းထည့်နေသော မာလာက မိမိကိုမမြင်သေးသောကြောင့် မိမိကို ကြည့်စေရန် “အဟမ်း ႉ ႉ ႉ အဟမ်း” ဟု အသံပေးလိုက်သောအခါမှ မျက်နှာကိုမော့ကြည့်လိုက်လေရာ တော့တော့ထင်ထင် ကျားနှင့်ဆင် လယ်ပြင်မှာ တွေ့ကြပြီ ဖြစ်သတည်း။။

လုလုကြော့ကြော့ မော့မော့ကြွားကြွားနှင့်မပြတ်တွေ့နေရသူကို ဦးပြည်းရဟန်း ပုံစံ အသွင်တစ်မျိုး အဆင်တစ်မျိုးနှင့် ရုတ်ခြည်းတွေ့လိုက်ရသောအခါ ကြည်ညို တတ်လျှင် ကြည်ညိုဖွယ်ဖြစ်နိုင်ပါ၏။ သို့သော် အခုအခံအကြောင်းအချက် ကလေးများ ရှိနေသူတို့အဖို့မူ ရယ်စရာပြုံးစရာလည်းဖြစ်တတ်သေးသည်။

ထို့ကြောင့် မာလာအဖို့ ပထမသော် အံ့အားသင့်၏။ ထို့နောက်တွင်ကား ရဟန်းကလေးနန္ဒာ၏ မျက်နှာကိုကြည့်၍ တခိုးခိုးတခစ်ခစ် ရယ်ပါလေ၏။

သို့သော် ဤမျှအထိတော့ အရေးမကြီးသေး။ အကြောင်းကား အချစ်ကိုသာ စဉ်းစားလျက်ရှိသော ရဟန်းလေးနန္ဒာက မိမိကိုချစ်၍ရယ်သည်၊ ယခင်က အရေးမထား ခဲ့သော်လည်း ယခု သူတို့ လေးစားသော ရဟန်းဘဝ ရောက်လာ၍ အရေးပေးလာပြီ ဟု ယူဆကာ အချစ်ခိုး အချစ်ရည် ပြည့်သောမျက်လုံးများဖြင့် မာလာကို ပြန်ကြည့်ကာ တဟင်းဟင်း တဟဲဟဲကလေး အသံထွက်သည်အထိ ပြန်၍ရယ်၏။

စင်စစ်သော်ကား မာလာ၏ ရယ်သွမ်းသွေးလိုက်မှုမှာ အချစ်မှ ထွက်ပေါ် လာသော ရယ်ခြင်းမဟုတ်၊ မိမိအတွက် သျှောင်တစ်လုံး အဆုံးခံ၍ပင်လျှင် အကြံတစ်မျိုးဖြင့် ရဟန်းပုံစံ သဝေထိုးလာသည်ကို ခတ်သိ နှမ်းဖတ်ချဉ် ဖြစ်သည့်အတိုင်း ခနိုးခနဲ့နှင့် လှောင်ရယ်ကလေး ရယ်လိုက်ခြင်းသာဖြစ်ပေ၏။ သို့သော် အဆိုးကို အကောင်းထင်၊ အပြစ်ကို အကျိုးထင်လေ့ရှိသော အချစ်သဘာဝအရ ရဟန်းကလေး နန္ဒာက အရောတဝင်ပြန်၍ရယ်လိုက်သောအခါတွင်မူကား ကဲကဲဆတ် ဆတ်ဆတ်ကြဲ ကလေးဖြစ်သည့်အတိုင်း ရယ်ရာပြုံးရာမှ မျက်နှာတည် မျက်နှာအိုအဖြစ်သို့ ချက်ချင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလဲကာ အမူအရာဖြင့်လျောင်ရုံမျှမက အသံဖြင့်လျောင်သည့် အဖြစ်သို့ပင် ကူးပြောင်းသွားသည်။

လျောင်လိုက်ဟန်ကား "ဟောဒီမှာ ရှင်တို့။ ။ ကြည့်လှည့်ကြပါဦး၊ ခေါင်းပြတ်ကြီးက ရယ်နေပါတယ်ရှင်တို့" ဟူ၏။

ဤတွင် မမျှော်လင့်သော ပေါက်ကွဲမှုကြီး ဖြစ်ပေါ်၍ လာလေတော့သည်။ ပေါက်ကွဲဟန်ကား ရဟန်းကလေးနန္ဒာသည် မိမိ၏ ရဟန်းအသွင်တည်းဟူသော အဖြစ်ကိုပင်မေ့လျော့ကာ အချစ်မျက်နှာမှ ဒေါသမျက်နှာသို့ ချက်ချင်းပြောင်း၍ "ငါ ခေါင်းပြတ်မဟုတ်ဘူး၊ နင်သာ ခေါင်းပြတ်၊ နင့်အဖွားသာ ခေါင်းပြတ်၊ နင်တို့ တစ်မျိုးလုံးသာ ခေါင်းပြတ်" ဟု ပြန်၍ အော်လိုက်ခြင်းပေတည်း။

အချစ်ဆိုသည်ကို ပယ်နိုင်သောအရာမှာ မာနဖြစ်၏။ အချစ်ဆိုသည်မှာ ချစ်သူနှစ်ဦးအနက် တစ်ဦးဦး၏မာနကို အကြင်မျှလောက် မထိခိုက်သေး၊ ထိုမျှလောက် မှန်ကန်တန်ဖိုးရှိ၏။ ရွှေမြင်းမိုရ် တစ်တောင်လုံးကို တုံးမှတ်လို့ခုန်၊ ထမင်းရည်ကိုပင် လျက်ရစေတော့၊ တောင်ထိပ်ကြာပေါက်၊ အနောက်နေထွက်စသော ချစ်သစ္စာစကားများမှာ အချစ်ပို့ အချစ်ခံပုဂ္ဂိုလ်တို့၏ မာနကို မထိခိုက်သေးသမျှ မှန်ကန်နိုင်ရာ၏။ မာနကို ထိခိုက်လာသည့်အခါတွင်ကား ရေဖြစ်ကုန်တော့သည်။ ရေမျှမက အဆိပ်ပင် ဖြစ်လာနိုင်သေးသည်။ စင်စစ်သော်ကား လူသတ္တဝါတို့၏ ယေဘုယျအတွေးအမြင် အယူအဆဟူသည် အတ္တသည်သာ ပဓာနဖြစ်၍ အတ္တ၏ မျက်လှည့် အတ္တ၏ပရိယာယ် များမျှသာတည်း။

ရွှေမြင်းမိုရ်တစ်တောင်လုံးကို တုံးမှတ်လို့ ခုန်သူများပင်လျှင် အတ္တမာနကို ထိခိုက်လာသောအခါ ပျက်ပြယ်သည်ဆိုလျှင် ချစ်ရောင်ကလေး တစ်ဖက်သတ် သမ်းကာမျှဖြစ်သော နန္ဒာနှင့်မာလာတို့အဖို့ဆိုသော် အဘယ်ဆိုဖွယ်ရာ ရှိပါတော့အံ့နည်း။

"ခေါင်းပြတ်" ဟု ဆိုလိုက်သောစကားမှာ အကြီးဆုံးသော ဆဲရေးခြင်းတစ်ခု ဖြစ်၏။ ဖြစ်ဟန်ကား ဆံပင်ဟူသည် လူ၏ဦးစွန်းမင်္ဂလာ၊ အမျိုး၏ တံခွန်မှန်ကင်း ကျက်သရေဆောင်အဖြစ်ယူဆကာ ဆံပင်ကိုမဖြတ်ရခြင်း၊ အကြောင်းရှိ၍ ဖြတ်သည့်တိုင် ဦးခေါင်းထိပ်တွင် ဆံဖုတ်စုကလေးမျှချန်ထားရခြင်းသည် ဗြာဟ္မဏတို့၏ သည်းစွာသော အစဉ်အလာ ယဉ်ကျေးမှု အယူအဆတစ်ရပ်ဖြစ်၏။ ဆံပင်ရှိ နေသမျှ ကာလပတ်လုံး ဗြာဟ္မဏတို့၏ အမျိုးစည်းကမ်းကိုလိုက်နာသော ဗြာဟ္မဏ စစ်စစ်ဖြစ်၏။ အကြင်သူ၌ ဆံပင်ဖုတ်စုကလေးမျှမရှိ၊ ထိုသူသည် ဗြာဟ္မဏတို့မှ ဒဏ်ခတ်ဝိုင်းကြဉ် ခံရသော သူဖြစ်၍ ဗြာဟ္မဏမဟုတ်တော့ပြီ။ ဗြာဟ္မဏဟူသည်ကား ဗြဟ္မာမင်း၏ အမျိုးအနွယ် အကျင့်မှန်အကျင့်မြတ်ကို ကျင့်သူဟူသတတ်။

ဤအယူအဆသည် မဇ္ဈိမ၏ လူမျိုးကြီးဖြစ်သော ဗြာဟ္မဏတို့တွင် ကြီးမား

www.burmeseclassic.com

www.burmeseclassic.com



ထန်သည်းလှပေ၏။ ဘုရားရှင်သည် မဇ္ဈိမတွင် မိမိ၏သာသနာတော်ကို တည်ထောင်ရာ၌ ''ဗြာဟ္မဏ'' ၏ စစ်မှန်သော အဓိပ္ပာယ်ကို နည်းမျိုးစုံဖြင့် ဖွင့်ဆိုဟောပြကာ ဗြာဟ္မဏတို့၏ ဗြာဟ္မဏအယူအဆကို တိုက်ဖျက်တော်မူခဲ့ရပေရာ ''ဗြာဟ္မဏ'' ဟူသော ဝေါဟာရသည် ပိဋကတ်တော်တွင် တင်းကြမ်းဖြစ်လျက် ရှိသည်ကို တွေ့ကြရမည်ဖြစ်၏။

ထို့ကြောင့် ''ခေါင်းတုံးဦးပြည်း''ဟူသော စကားသည် ဗြာဟ္မဏတို့အဖို့ ထန်သည်းစွာသော ဆဲရေးခြင်းဖြစ်၏။ ဦးပြည်းမှုမက ခေါင်းပြတ်ဟုဆိုသောအခါ အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း။

ဝိသာခါတို့သည် ဘုရားရှင်၏ သမ္မာဝါဒီ၊ မဂ္ဂင်ဝါဒီ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်မှန်ပါ၏။ သို့ရာတွင် ဗြာဟ္မဏတည်းဟူသော အစဉ်အလာမျိုးရိုးမှ ဆင်းသက်လာသူများဖြစ်ကြလေရာ လူမှုရေးအားဖြင့် ဗြာဟ္မဏတို့၏ အချို့အယူအဆများ ဝိုင်းပတ်လျက် ရှိနေသေးသည်သာတည်း။

ယင်းသို့လျှင် ''ခေါင်းပြတ်'' ဟူသော စကားကြမ်းဖြင့် သူတစ်ပြန်ကိုယ်တစ်ပြန် ရှုတ်ချဆဲရေးလိုက်သောအခါ ဆတ်ဆတ်ထိ မခံနိုင်သော ဆတ်ဆတ်ကြဲနှစ်ယောက်အဖို့ အချစ်စိတ် မေတ္တာစိတ် ကင်းပြတ်သွားကြပြီဖြစ်၏။ မေတ္တာကင်းပြတ်ရုံမျှမဟုတ်၊ အမုန်းဒေါသဘက်သို့ ပြင်းထန်စွာ ကူးပြောင်းသွားသည်။ သို့ရာတွင် အမျိုးသမီးလေးတို့၏ ဒေါသဟူသည် အဘယ်မှုစကောင်းအံ့နည်း။

သူတို့လုပ်နိုင်သည်မှာ ငိုယိုခြင်း၊ ကျယ်လောင်စွာပြောခြင်း၊ အင်အားရှိသူသို့ တိုင်ကြားခြင်းမျှသာဖြစ်ပေ၏။ သို့ဖြစ်ရာ မိမိက တစ်ခွန်းမျှ ဆဲသည်ကို အမျိုးနှင့်ချီ၍ တစ်အိမ်လုံးကိုပါ ပြန်လှန်အဆဲခံလိုက်ရသော်ကောဟု ဆွမ်းကပ်ဆဲအလုပ်ကိုရပ်ကာ မဏ္ဍပ်ခေါင်းရင်းပိုင်းရှိ ဘုရားရှင်ထံတော်မှောက်တွင်ရှိနေသော သူ့အားထားရာ အဘွားကြီးဝိသာခါဆီသို့ ငိုယိုရင်း အပြေးအလွှားသွားရောက်၍ ဆူဆူညံညံ တိုင်ကြားလေတော့သည်။

အရှင်နန္ဒာမှာ မနေ့တစ်နေ့ကမှ ရဟန်းဖြစ်လာသော သက်ငယ်ဝါငယ် ရဟန်းကလေးဖြစ်၍ ဝါစဉ်အလိုက် မဏ္ဍပ်အစွန်တွင်နေရ၍ မဏ္ဍပ်အစွန်တွင်ဖြစ်ပွားသော ကိစ္စဖြစ်ပေရာ သံဃာငါးရာမျှရှိနေသော မဏ္ဍပ်ကြီးတွင် မဏ္ဍပ်ခေါင်းရင်းတွင်ရှိသော ဘုရားရှင်စသည့် မထေရ်ကြီးတို့နှင့် အတန်ပင်ကွာလှမ်း၏။

ဘုရားရှင်သည် နေ့စဉ်နေ့တိုင်း ဝိသာခါ၏ မဏ္ဍပ်သို့ ရောက်ရှိသည်မဟုတ်။ အကြောင်းသင့် အလျဉ်းသင့်သည့်အခါမှသာ ရောက်ရှိ သီတင်းသုံးသည်။ ယနေ့သည်ကား ဝိသာခါ၏မဏ္ဍပ်တွင် အကြောင်းရှိ၊ အလျဉ်းသင့်သော နေ့တစ်နေ့ပင် ဖြစ်ပေ၏။ ယင်းအကြောင်းဟူသည်ကား ယနေ့ံနက် ဗုဒ္ဓကိစ္စတော်တစ်ရပ်အရ ကယ်ချွတ်တော်မူရမည့် သတ္တဝါတို့ကို အနာဂတံသဉာဏ်တော်ဖြင့် ရှုကြည့်တော်မူရာ၌ ကယ်ချွတ်ရမည့်သူကို ဝိသာခါ၏မဏ္ဍပ်တွင်ပင် တွေ့ရှိတော်မူသောကြောင့်ပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



[ ၄ ]

မြေးချစ်က မိမိအဆဲခံရပုံကို တငိုငို တရှုပ်ရှုပ်ဖြင့် လာရောက်တိုင်ကြားသောအခါ အဘွားကြီး ဆတ်ဆတ်ခါသွား၏။ အကြောင်းသော်ကား တရားရှင်သောတာပန်ပင် ဖြစ်မချည်း၊ ဒေါသမကင်းသေးသောကြောင့်ပေတည်း။

ထို့ကြောင့် တိုင်ကြားခံရသူ ရဟန်းကလေးနန္ဒာထံသို့ မြေးနှင့်အတူ ရုတ်ခြည်း ထလိုက်လာသည်။ ဒေါသ၏အဟုန်ပင်ဖြစ်ပေ၏။ မြေးချစ်ကိုထိလာသောကြောင့် ပထမသော် ဒေါသ၏အရှိန်အဟုန်ဖြင့် ရဟန်းငယ်အား ပစ်စလက်ခတ်ပြောဆိုကာ မတ္တာပ်မှ နှင်ထုတ်ပစ်လိုက်မည်အထိ မောင်းတင်၍ထလာခဲ့ခြင်းဖြစ်၏။ သို့ရာတွင် တရားသတိမကင်းသော သောတာပန်ရင့်မကြီးဖြစ်ပေရာ သံယောဇဉ်မီးကြောင့် ထွက်ပေါ် လာရသော မိမိ၏ဒေသစိတ်အနေအထားကို စိတ္တာနုပဿနာဖြင့် အခိုးသတ်လိုက် ပြီးသည်တစ်ကြောင်း၊ မိမိလေးစားသော ဘုရားရှင်နှင့် သံဃာတော်များ၏ရှေ့မှောက်တွင် သံဃာတစ်ပါးနှင့် ရင်ဆိုင်ရမည်ကို အမြင်မတော် အကြားမတော် မဖြစ်စေလိုသည် တစ်ကြောင်းကြောင့် ဒေါသရော ကိုယ်ရှိန်ပါ တရားသတိဖြင့်ဆင်ခြင်လိုက်သည်။

ဒေါသအခိုးသတ်မှု၊ သည်းခံမှုဟူသည်မှာ ခက်ခဲလှစွာသော တရားတစ်ပါး ဖြစ်ပေ၏။ ထို့ကြောင့်လည်း ခန္တီပရမံ တပေါတိတိက္ခာ သည်းခံခြင်းသည် မြတ်၏။ မြတ်သည်မှန်၏။ သို့ရာတွင် ကျင့်သုံးရာ၌မူ အလွန်ခက်သည်ဟု ဒေါသနှင့် ဒေါသ၏ ဆန့်ကျင်ဘက် သည်းခံမှုတရားတော်ကို 'တိတိက္ခာ၊ အလွန်ခက်လှစွာသော' ဟူသော ဝိသေသနဖြင့် ဘုရားရှင်ဟောကြားတော်မူအပ်သည်မဟုတ်ပါလော။

သို့ဖြစ်လေရာ မြေးချစ်မှ ဖြစ်ပေါ်လာသော ဒေါသအဟုန်ကို တရားသတိဖြင့် သတ်လိုက်သည် ဆိုစေကာမူ အရှိန်မပြေသေးသောကြောင့် ရဟန်းလေး နန္ဒာ၏ ရှေ့မှောက်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် အဘွားကြီးပြောလိုက်ဟန်မှာ ''အရှင်ဘုရား တို့သည် ဦးပြည်းဆံပြတ်ဖြစ်၍ ဦးပြည်းဆံပြတ်ဟု ပြောသည်မှာ မှန်သောစကားကို ပြောဆိုခြင်းသာဖြစ်ပါသည်။ အရှင်ဘုရားတို့သည် ရဟန်းဖြစ်ပါလျက် ဤမျှလောက်ကိုမျှ သည်းမခံနိုင်တော့ပြီလော''ဟူ၏။ သူ့ထက်ဆိုး ထိုးချလိုက်ဟူ၍သာ ဆိုဖွယ်ရှိတော့သည်။

တဏှာတည်းဟူသော အကြောင်းကြောင့်သာ ရဟန်းပြုလာသော ကဲကဲဆတ် ရဟန်းလေးနန္ဒာကလည်း မိမိထံသို့ ဤပြဿနာ ဆိုက်ရောက်လာတော့မည်ကို သိပြီး ဖြစ်ပေရာ ရောက်လာလျှင် မည်သို့ တုံ့ပြန်လိုက်မည်ကို ပြင်ဆင်ထားပြီးဖြစ်၏။ သို့ရာတွင် ဘုရားရှင်ရှေ့တော်၌ပင် ပြဿနာတင်လာသော မြေးမ၏စကားကို ကြားလိုက်ရသည် ဆိုကတည်းကပင် ဘုရားရှင်ထံတော်အနီးတွင် ရှိနေသော အရှင်နန္ဒာ၏ ဥပဇ္ဈာယ် ဆရာမထေရ်ကြီးက ဖြစ်ပွားလာမည့် ပြဿနာအရှိန်အဟုန်ကို အေးငြိမ်းစွာ ငြိမ်းသတ်နိုင်ရန်အတွက် ဒါယိကာမကြီးတို့နှင့်အတူ လိုက်ပါခဲ့ရာက ဒါယိကာမကြီး

www.burmeseclassic.com

www.burmeseclassic.com



စကားဆိုးသည်နှင့် တုံ့ပြန်ရန် ဟန်ပြင်လျက်ရှိသော မိမိတပည့်ဖြစ်သူအား ''ရဟန်းနန္ဒာ။ ။ သည်းခံလော့။ ရဟန်းဟူသည် သည်းခံရသည်။ ငါတို့သည် လူတို့တံထွာ ဖွယ်ဖွယ်ရာရာဖြစ်သော ဆံကိုဖြတ်ထားကြသော ဦးပြည်းများ ဖြစ်ကြသည် မှန်ပါ၏။ ဦးပြည်းကို ဦးပြည်းဟု ဆိုခြင်းသည် မှန်သောစကားကို ဆိုခြင်းဖြစ်ပေ၏။ ရဟန်းဟူသည် မမှန်သောစကားဖြင့် စွပ်စွဲဆဲရေး လာသည်ကိုပင် သည်းခံရသည်။ အမှန်အတိုင်း ပြောသည်ကို အဘယ်မှာ သည်းမခံနိုင်ရအံ့နည်း။ သည်းခံလော့နန္ဒာ'' ဟု ဆုံးမသည်။

ဥပဇ္ဈာယ်ဆရာလည်းဖြစ်၊ မထေရ်ကြီးလည်းဖြစ်သောကြောင့် ဆုံးမစကားကို နာခံရမည်မှန်ပါ၏။ သို့ရာတွင် ဥပဇ္ဈာယ်ဆရာ၏စကားသည် အကြောင်းသင့်သော်လည်း ဝိသာခါတို့ဘက်သို့ လိုက်လိုရိပ်ပါရှိနေသည်ဟု ဒေါသအရှိန်မပြေသေးသဖြင့် ဒေါသတွေး တွေးနေသော အရှင်နန္ဒာက ''သည်းခံပါ၏ဘုရား။ သို့ရာတွင် အရှင်ဘုရား တို့၏ ဆုံးမစကားသည် မျက်နှာကြီးရာ ဟင်းဖတ်ပါလျက် ရှိနေပါသည်ဘုရား'' ဟု ပြန်၍ လျှောက်ထားလိုက်သည်။

ယင်းသို့ဖြင့် ပြဿနာသည် အရှိန်မပြေသေး။ တင်းမာသယောင်ရှိနေပေ သေးသည်။ သို့ရာတွင် ထိုအခိုက်တွင်ပင် ပြဿနာများ၏ ရှေ့မှောက်သို့ ဘုရားရှင် ကြွရောက်တော်မူလာသောကြောင့် အားလုံးပင် ကိုယ်ဟန်များကို ပြင်ဆင်ကာ ဘုရားရှင်သို့ ရှိခိုးဝပ်တွားလိုက်ကြသည်။ ရှိခိုးဝပ်တွားကြပြီးနောက် ဘုရားရှင်သည် တစ်စုံတစ်ရာ မိန့်ကြားတော်မူမည်ကို သိသောကြောင့်ငြိမ်၍နေကြသည်။

ဒေါသအရှိန်ကြောင့် ကိုယ်သည်လည်းကောင်း၊ နှုတ်သည်လည်းကောင်း၊ မကောင်းဘက်သို့ ရုတ်ခြည်းလှုပ်ရှားလာမြဲဖြစ်သည်။ ထို့ကြောင့်လည်း အဘိဓမ္မာ ဒေသနာတော်တွင် ဒေါသကို မြွေဆိုးနှင့် ဥပမာနှိုင်းသည်။

ဒေါသကို ပြေပြစ်စေနိုင်သော အရာတစ်ခုမှာ အချိန်ဖြစ်၏။ ဒေါသထွက် လာပြီဆိုလျှင် တရားသတိဖြင့် ဒေါသအလိုသို့ ရုတ်ချည်းမလိုက်ပါသေးဘဲ အချိန်များများ ယူ၍ စောင့်ဆိုင်းလိုက်လျှင် ဒေါသသည် ပြေပြစ်ရုံမျှမဟုတ်။ ပြေပျောက်၍ပင်သွား နိုင်သည်။ အကြောင်းမူကား လူဟူသည် အသိရှင်၊ စဉ်းစားဉာဏ်ပိုင်ရှင်ဖြစ်ပေရာ မကောင်းမှုကို စဉ်းစားဆင်ခြင်ခြင်းဖြင့် အကောင်းဘက်သို့ ရောက်လာနိုင်သည်။

ထို့ကြောင့် ဘုရားရှင်က ပြဿနာရှင်အားလုံးကို အတန်ကြာမျှ ငြိမ်ဝပ်စွာ နေစေသည်။ သူတို့ဒေါသကို ပြေပျောက်စေနိုင်သည့် အခြားသော အကြောင်းရပ်များ ကလည်း အလိုအလျောက် ရောက်ရှိလာပြီဖြစ်၏။ ဘုရားရှင်၏ ဂုဏ်တော်၊ ရောင်ခြည်တော်၊ အဆင်းတော်၊ မဟာကရုဏာတော်များပေတည်း။

အတန်ကြာမှ ''အဘယ်ပြဿနာ အဘယ်သို့ ဖြစ်ပွားကြပါသတုံး ဒါယိကာမကြီး'' ဟု မိန့်ကြား မေးမြန်းတော်မူလိုက်သောအခါ ဝိသာခါ ဒါယိကာမကြီးက ဖြစ်ရပ်အလုံးစုံကို လျှောက်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဘုရားရှင်က စတင်မိန့်ကြားတော်မူဟန်ကား "ဒါယိကာမကြီး။ ။ ငါ့သားတော်တို့သည် ဦးပြည်းဖြစ်ကြသည်မှန်ပါ၏။ သို့ရာတွင် ဦးပြည်းဖြစ်ကာမျှနှင့် သင့်မြေးက ဦးခေါင်းပြတ်ဟူ၍ ဆဲရေးလိုက်သည်မှာ သင့်လျော်လေရော့သလား" ဟု မေးမြန်းလိုက်သည်။

လျှို့ကွယ်ထားသော သူတို့ဒေါသ၏အပြစ်ကို ထုတ်ဖော်ပေးလိုက်ခြင်းပင် ဖြစ်ပေ၏။ ဆဲသည်မှာ မြေးမရော, ရဟန်းပါ အပြန်အလှန်ဆဲကြခြင်းဖြစ်သည်။ သို့ရာတွင် ဘုရားရှင်က ရဟန်းငယ် နန္ဒာ၏အပြစ်ကို မထုတ်ဖော်၊ မြေးမ၏အပြစ်ကိုသာ ထုတ်ဖော်မေးမြန်းတော်မူသည်။

သာမန်အားဖြင့်ကြည့်သော် မိမိ၏ တပည့်ရဟန်းဘက်သို့ ဘက်လိုက် မေးမြန်းခြင်းဖြစ်သည်ဟု ဆိုဖွယ်ရာရှိ၏။ ဘက်လိုက်သည်မှန်၏။ သို့ရာတွင် ဘက်လိုက်ဖို့ရန် ဘုရားရှင်၌ အကြောင်းနှစ်ရပ်ရှိနေသည်။

တစ်ကြောင်းမှာ အပြစ်ရှိသူချင်းအတူတူ ရဟန်းငယ်ဘက်တွင် တစ်ပါးတည်း သာရှိနေ၍ အားငယ်ကျုံ့ယုံ့နေရသည်။ မြေးမ၏ဘက်တွင်မူ ဒါယိကာမကြီးကိုယ်တိုင် ရှိနေသည်။ ရဟန်းငယ်၏ အားထားရာ ဥပဇ္ဈာယ်ဆရာကပင် ဘက်လိုက်သယောင် ရှိနေသည်မဟုတ်ပါလော။

ဤအချိန်တွင် အားငယ်နေသော ရဟန်းအဖို့ အားတက်လာဖို့လိုသည်။ ရွှင်လန်းတက်ကြွလာဖို့လိုသည်။ သို့ဖြစ်၍ ယင်းသို့မိန့်တော်မူလိုက်ခြင်းဖြစ်သည်။ ဒုတိယ အကြောင်းကြီးတစ်ရပ်သည်ကား ယခုအချိန်ကလေးအတွင်း၌ပင်လျှင် တရားထူး ရလတ္တံ့သော ရဟန်းငယ်၏ ဥပနိဿယကို မြင်တော်မူသောကြောင့် အထောက်အကူ စကား မိန့်ကြားတော်မူလိုက်ခြင်းပင်ဖြစ်ပေသည်။

ဘုရားရှင်၏ အလိုတော်အတိုင်းပင် ဖြစ်လာပေ၏။ အကြောင်းသော်ကား ဘုရားရှင်၏ မိန့်ခွန်းတော် ဆုံးသည်နှင့် တစ်ပြိုင်နက် ညှိုးငယ်လျက်ရှိသော အရှင်နန္ဒာက ရွှင်လန်းသောအသွင်သို့ ပြောင်းလဲကာ "မှန်လိုက်ပါလေ အရှင်မြတ်ဘုရား။ ။ ဤပြဿနာကို အရှင်မြတ်သာလျှင် သိတော်မူပါပေသည်။ ဝိသာခါ ဒါယိကာမကြီးသည် လည်းကောင်း၊ တပည့်တော်၏ ဥပဇ္ဈာယ်ဆရာတော်သည်လည်းကောင်း မသိကြပါ ဘုရား" ဟု တက်တက်ကြွကြွ လျှောက်ထားလိုက်သည်။

ဤတွင် တဏှာအလို၊ ဒေါသ၏အလိုသို့ လိုက်ပါမိခဲ့သော ရဟန်းငယ်အတွက် သင့်လျော်သော တရားတော်ကို စတင်ဟောကြားတော်မူသည်။

"ရဟန်း။ ။ တဏှာ၏ အလိုသို့ လိုက်ပါရခြင်းသည် ယုတ်ညံ့လှစွာ၏။ တဏှာ၏အလိုသို့ လိုက်ပါမိသောကြောင့် မလုပ်သင့်သည်ကိုလုပ်၏။ မကြံသင့်သည်ကို ကြံ၏။ တဏှာတည်းဟူသော မိမိရန်သူကို သတိပြုလော့။

www.burmeseclassic.com

www.burmeseclassic.com



"ရဟာန်း။ ။ ဒေါသ၏အလိုသို့ လိုက်ပါရခြင်းသည် မကောင်း။ ယုတ်ညံ့လှစွာ၏။ ဒေါသကြောင့် မပြောသင့်သည်ကို ပြောမိ၏။ မလုပ်သင့်သည်ကို လုပ်မိ၏။ ထို့ကြောင့် ဒေါသသည် မိမိ၏ ရန်သူမည်၏။ ရန်သူကို မပြတ်သောသတိဖြင့် သိလေလော့။ အပ္ပမာဒေန သမ္ပာဒေထ မပြတ်သော သတိရှိလေလော့ရဟာန်း"

ရှိအပ်ပြီးသောပါရမီအခံတွင် အခါသင့် အခွင့်ဆိုက်လာသော ဤ တရားကြောင့် ရဟာန်းငယ်သည် တစ်ထိုင်တည်း၌ပင် အရဟတ္တဖိုလ်သို့ဆိုက်ရောက်သွားသည်။ တရားထူးရသောကြောင့် ရုပ်အသွင်ကြည်လင်သွားသည်။ က္လန္ဓေရင့်ကျက်သွားသည်။ ကျေးဇူးတော်သခင် ဘုရားရှင်သို့ အကြိမ်ကြိမ်အထပ်ထပ် ဦးတိုက်သည်။ နှုတ်ဖြင့်လည်း ကျေးဇူးတင်စကား အထပ်ထပ်မြွက်ကြားသည်။

ထို့နောက်တွင် ဒေါသကြောင့် နှုတ်လုံထိုးခဲ့မိသော အပြစ်ကို သည်းခံပါမည့်အကြောင်း ဥပဇ္ဈာယ်ဆရာအား လျှောက်ထားဝပ်တွားသည်။ ဒေါသကြောင့် မိမိများသည့်အပြစ်ကို သည်းခံပါမည့်အကြောင်း ဝိသာခါဒါယကာမကြီးသို့ တောင်းပန်သည်။

တဏှာလောဘကြောင့် မိမိမိုက်မှားမိခဲ့သည့် အပြစ်များကို သည်းခံပါမည့်အကြောင်း မြေးကလေးမာလာသို့လည်း ပြောကြားတောင်းပန်သည်။

တရားတော်တစ်ပုဒ်၊ စကားတော်တစ်ချက်ကြောင့် ပုထုဇဉ်ဘဝမှ ရဟန္တာအဖြစ်သို့ ရုတ်ခြည်းကူးပြောင်းသွားကြသည့် ကြည်ညိုဖွယ်အသွင်များကို ဤဒါယိကာမကြီးသည် အကြိမ်ကြိမ်အထပ်ထပ် တွေ့မြင်ခဲ့ရဖူးပြီဖြစ်၍ အကဲဖြတ်သိရှိနိုင်သည်။ ရဟာန်းကလေးသည်လည်း ယခုပင် အသွင်ပြောင်းသွားပြီကို ဖူးတွေ့ရသောအခါ "ဟဲ့ငါ့မြေး။ ။ ရှိခိုးဟဲ့၊ တောင်းပန်ဟဲ့၊ ဝန်ချဟဲ့" ဟု မြေးကလေးသို့ တိုက်တွန်းရင်း အကြိမ်ကြိမ်အခါခါ ဦးချသည်။

တစ်လျှောက်လုံး မထိမဲ့လုပ်မိခဲ့သော မြေးကလေးမာလာကလည်း ထိုအခါတွင်မူ အဘွား၏တိုက်တွန်းအပ်သောအကြောင်း၊ အပြောင်းလဲကြီးပြောင်းလဲသွားသော ရဟာန်းတော်ကလေး၏ အသွင်ကိုသိရှိကာ "ပြုမှားခဲ့မိသည့်အပြစ် မှန်သမျှအတွက် တပည့်တော်မအား သည်းခံတော်မူပါအရှင်ဘုရား"ဟု လျှောက်ထားရင်း အဘွားကဲ့သို့ပင် အကြိမ်ကြိမ် အထပ်ထပ်ဦးချသည်။ ။

www.burmeseclassic.com



# ဇမ္ဗူတစ်လူ

[ ၁ ]

သူ့ကို "ဇမ္ဗူတစ်လူ" ဟုပင် ဆိုလောက်ပါ၏။ အကြောင်းသော်ကား လူစင်စစ်ဖြစ်ပါလျက် မစင်ကိုသာ မပြတ်စား၍ နေသူဖြစ်သောကြောင့်တည်း။

ယေဘုယျလူ့အဖွဲ့အစည်းက ကြဉ်ဖယ်၍ ထားသောကြောင့်သာ မစင်ကို ရွှတ်ချပြောဆိုကြစေကာမူ အာဟာရဟူသည်ကလည်း အဆန်းသားဖြစ်၏။ အကြောင်းမူကား အချို့သူတို့အဖို့ နတ်သုဓာသည် အချို့သူတို့အဖို့ မစင်သဖွယ်ပင်ဖြစ်၍၊ အချို့သူတို့အဖို့ မစင်သဖွယ်သည် အချို့သူတို့အဖို့ နတ်သုဓာ ဖြစ်နေသော အာဟာရများ လူ့အဖွဲ့အစည်းတွင် မြောက်မြားစွာ ရှိနေကြပေသည်။

တစ်ကြောင်းမှာလည်း တရားမရှိဘဲ စားသုံးသော ဒါယကာ ဒါယိကာမတို့၏ ဆွမ်းသည် ရဲရဲညီသော သံတွေခဲထက်ပင် ရွံ့ကြောက် ရွံ့ရှာဖွယ်ကောင်းသည်။ အကြောင်းမူကား "ရဟန်းတို့ ။ ။ ဒါယကာ ဒါယိကာမတို့က သဒ္ဓါသဖြင့် ပေးလှူအပ်သော ဆွမ်းကို မိမိတွင် တရားမရှိဘဲ မသုံးဆောင်ကြကုန်လင့်။ မိမိမှာ တရားမရှိလျှင် ယင်းဆွမ်းအစား ရဲရဲညီသော သံတွေခဲကိုသာ သုံးဆောင်ကြကုန်လော့။ အဘယ့်ကြောင့်ဆိုသော် ရဲရဲညီသော သံတွေခဲသည် တစ်ဘဝကိုသာ သေစေနိုင်၍ တရားမရှိဘဲ သုံးဆောင်သောဆွမ်းကား ဘဝများစွာကို သေစေသောကြောင့်ဖြစ်သည်" ဟု ဟောတော်မူသည်။ သို့ဆိုလျှင် စက်ဆုပ်ဖွယ် မစင်ဟူသည် တရားမရှိဘဲ သုံးဆောင်မိသော နတ်သုဓာထက်ပင် မွန်မြတ်သေးသည်ဟု မဆိုနိုင်ပါလော။

သူ့အဖို့တော့ ဒါတွေသိ၍မဟုတ်၊ သူ့သွေးသားက မစင်ကိုသာ ကြိုက်၏။ မစင်သည် သူ့အဖို့ နတ်သုဓာသဖွယ် မွန်မြတ် မက်မောအပ်သော အာဟာရဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့အမည်က 'ဖမ္ဗုက' ဖြစ်၍ 'ဖမ္ဗုတစ်လူ' ဟူသော ပညတ်နှင့် လိုက်ဖက်လှသည်။ အကြောင်းမူကား သာသနာ့သမိုင်း လူ့သမိုင်းတစ်လျှောက်တွင် မစင်ကို မက်မော နှစ်သက်သူဟူ၍ သူမှတစ်ပါး မရှိခဲ့ဖူးသောကြောင့်တည်း။

သူသည် ရာဇဂြိုဟ်တွင် ကြွယ်ဝသော မိဘတို့၏ သားတစ်ယောက်ဖြစ်ပါလျက် လူမှန်းသိစ ငယ်စဉ်ကပင် မစင်ကိုနှစ်သက်ခဲ့သည်။ အမိနို့နှင့်မလွတ်ခင်ကပင် အိပ်ရာ၌ လူးလဲသော သူ့မစင်ကို ယူငင်၍စားတတ်သည်။ ပထမသော် မသိတတ်သေးသော ကလေးမို့ဟု မိဘများထင်မှတ်ခဲ့သော်လည်း သိတတ်သော အရွယ်ရောက်လာသော အခါတွင်လည်း မိဘများတားမြစ်ဆုံးမနေသည့်အကြားကပင် လစ်လျှင်လစ်သလို မိမိမစင် သူတစ်ပါးမစင်ဟုပင်မရွေး မရွံမရှာ မတွန့်မရွံ့ ယူငင် စားသုံးတတ်သည်ကို တွေ့လာရသောအခါ မိဘများအဖို့ ရှက်ကြောက် စိုးရိမ်ဖွယ်ကြီးဖြစ်လာရသည်။

သူ့မှာ မစင်ကို မက်မောရုံသာမဟုတ်၊ အခြားထူးခြားချက်တစ်ရပ်လည်း ရှိပေသေးသည်။ ယင်းထူးခြားချက်သည်ကား အဝတ်မဝတ်ခြင်း၊ သူ့ကိုယ်သို့ အဝတ်ကပ် ပေး၍ မရခြင်းပင်ဖြစ်ပေသည်။ အဝတ်ဝတ်ပေးလျှင် မိဘမျက်မှောက်တွင် ခေတ္တမျှသာ ဝတ်၍ မိဘကွယ်သည်နှင့်တစ်ပြိုင်နက်ချွတ်ပစ်သည်။ အဝတ်ချည်းစည်း လုံးတီးနေသည်။ သူ့ကိုယ်သို့ မည်သည့်အဝတ်အဆင်မှ ဆင်ယင်ကပ်ရောက်လာသည်ကို မလိုလား၊ မနှစ်သက်။ စင်စစ်သော်ကား တစ်ခုသော အတိတ်ဘဝက ရဟန္တာ အရှင်တစ်ပါးပေါ်၌ အစာအာဟာရ၊ အဝတ်အဆင်နှင့်ပတ်သက်၍ မိုက်မှားကျူးလွန်ခဲ့မိသော မကောင်းမှု အကျိုးဆက်ပေတည်း။

မိဘများအဖို့ မိမိတို့သား ထူးထူးခြားခြား မစင်စားလေ့ရှိသည်ကို အခြားသူများ သိလာသောအခါ ရှက်ဖွယ်ရာကြီးဖြစ်နေသော်လည်း အဝတ်မဝတ်သည့်အတွက်ကိုတော့ ရှက်ဖွယ်ရာမဟုတ်လှ။ အကြောင်းကား ထိုစဉ်က မဇ္ဈိမ မြောက်ပိုင်းတစ်ခိုတွင် ဂျိန်းဘာသာ ထွန်းကားလျက်ရှိရာ ရာဇဂြိုဟ်၊ သာဝတ္ထိစသော ထိုထိုမြို့ရွာ လူအများ အကြားတွင် လှုပ်ရှားသွားလာလျက်ရှိသော ဂျိန်းဘာသာဝင် အစေလက ရဟန်း ဆိုသူများသည် အဝတ်မဝတ်သောသူများတို့ပေတည်း။

သို့ဖြစ်ရာ ဆိုင်ရာ ဘာသာဝင်တို့အတွက် အဝတ်မဝတ်ခြင်း ဟူသည် မွန်မြတ်သော အပြုအမူတစ်ရပ်ဖြစ်၍ အဝတ်မဝတ်သူများကို မြင်ရတွေ့ရသည်မှာ ရိုး၍နေသောကြောင့်ဖြစ်သည်။ ကွားခြားချက်မှာ အစေလက ရဟန်းတို့အဖို့မူ သူတို့ အယူအရ တမင်မဝတ်သော အကျင့်ကို ကျင့်သုံးခြင်းဖြစ်၍ ဖမ္ဗုက အဖို့ကား မွေးရာပါ ဝါသနာ စရိုက်ဖြစ်နေခြင်းပေတည်း။

သည်တော့ မိဘများအဖို့ ဖမ္ဗုကအတွက် အသင့်လျော်ဆုံးနေရာကို စဉ်းစား လာရသည်။ အဝတ်မဝတ်သော အစေလက ရဟန်းဘဝသည် သူနှင့် အလိုက်ဖက်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ သို့ဖြစ်၍ ဇမ္ဗုကကို အစေလကတို့ကျောင်းသို့ ပို့ဆောင်လိုက်သောအခါ လွတ်လွတ်လပ်လပ် နေရတော့မည်ဖြစ်သော ဇမ္ဗုကအဖို့ အလွန်နှစ်သက်သည်။

မိမိတို့သားသည် မစင်ကိုစားသည့် အလေ့ရှိသည်ကိုကား လျှို့ဝှက်၍ထားသည်။ ရဟန်းဘဝတွင် ဤအလေ့ ဆက်လက်ရှိဦးမည်ဆိုလျှင်လည်း အစေလက ဆရာတို့၏ အကွပ်အညှပ်ဖြင့် ပပျောက်တန်ကောင်း၏ဟု မျှော်လင့်သည်။ အစေလက ဆရာတို့ ကလည်း ကြွယ်ဝသော ဒါယကာနှင့် ရဟန်းတစ်ဦးတိုးလာ၍ ဝမ်းမြောက်စွာ လက်ခံသည်။

သို့နှင့် ဇမ္ဗုကသည် အဝတ်မဝတ်လိုသော မိမိတို့အလိုနှင့် လိုက်ဖက်ကာ အဝတ်ပင် မဝတ်သော်လည်း အစေလက ရဟန်းတို့၏ ပရိက္ခရာဖြစ်သော ဘူးတောင်း တစ်ခုကိုလွယ်၊ ယင်းဘူးတောင်းတွင် သူတို့ မီးဘုရား ယဇ်ပူဇော်သော မီးမွှေယောက်မ ကိုထည့်၊ လက်တွင်ယဇ်ပူဇော်သော ချည်လုံးကို သူတို့၏ သမထအဖြစ် ဇော့ကာ ယမ်းကာနှင့် မိဘတို့အမြင်တွင် အတန်ပင်တင့်တယ်လှသော အစေလက ရဟန်းလေး ဘဝသို့ ရောက်လာသည်။ ထိုမျှသာမဟုတ်၊ မကြာမီပင် မိဘတို့သာမက ရာဇဂြိုဟ် တစ်ဝိုက်မှ လူရှုးလူပေါ လူပြိန်းတို့ ကိုးကွယ်အားထားရာ ကျော်ကြားလှသော ဘိုးတော် ဇမ္ဗုကကြီးအဖြစ်သို့ ရောက်လာသတည်း။

[ ၂ ]

ရောက်လာဟန်ကား ဇမ္ဗုကအား ရဟန်းဝတ်ခြင်းကို အကြောင်းပြု၍ မိဘများက အစေလက ရဟန်းတို့အား ဆွမ်းအလှူကြီး ပေးလှူသောအခါ ယင်းဆွမ်းကျွေးပွဲသို့ ဇမ္ဗုက မလိုက်။ သူ့ကို အကြောင်းပြု၍ ပေးလှူသောဆွမ်းကျွေးပွဲဖြစ်သောကြောင့် နည်းမျိုးစုံဖြင့် ပြောဆိုခေါ်ငင်သော်လည်းမလိုက်။ ဝမ်းနာသယောင်၊ နေမကောင်း သယောင် အကြောင်းပြု၍ ချန်နေရစ်သည်။

ရှိစေတော့။ သို့ရာတွင် အခြားဆွမ်းအလှူရှင်များသို့လည်း ဇမ္ဗုကကို ခေါ်တိုင်း မလိုက်ဖန်များသောအခါ ဇမ္ဗုကအပေါ်တွင် အစေလက ရဟန်းတို့ မသင်္ကာ ဖြစ်လာသည်။ ဤမျှသာမက ယနေ့အထိ ဇမ္ဗုက ဆွမ်းစားနေသည်ကို တစ်ကြိမ် တစ်ခါမျှ မမြင်ဖူးကြသောကြောင့် ပို၍သင်္ကာမကင်းဖြစ်လာကြသည်။

သို့ဖြစ်၍ ဇမ္ဗုကရဟန်း အဘယ်ပုံ စားသနည်းဟု ပရိယာယ်ဆင်၍ တိတ်တဆိတ် စုံစမ်းကြသောအခါ အဖြစ်မှန်ကို တွေ့လာရသောကြောင့် အံ့ဩစက်ဆုပ် ကြသည်။ အခြားရဟန်းတို့အလစ်တွင် မစင်တွင်းမှ မစင်တို့ကို ရွံရှာဖို့ဝေး၍ နှစ်နှစ်ခြိုက်ခြိုက် စားသုံးနေသည်ကို ပက်ပင်းတွေ့ကြရသောကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ရဟန်းဘဝမဆိုထားနှင့် ဘယ်ဘဝနှင့်မှ မလျော်သော ရှက်စဖွယ် ရွံစဖွယ် ဇမ္ဗူကကိုနှင်ထုတ်လိုက်ကြသည်။ သို့ရာတွင် ယင်းသို့ နှင်ထုတ်ခံရသည့်အတွက် ဇမ္ဗူက နည်းနည်းကလေးမျှမငြိုငြင်။ ကျေနပ်ဝမ်းမြောက်သည်။ အကြောင်းကား သူ့အဖို့ စားသောက်မှု မလွတ်လပ်သော လူ့အဖွဲ့အစည်း၊ ရဟန်းအဖွဲ့အစည်းတို့တွင် မနေလိုလှသည်မှာကြာခဲ့ပြီ။ ယခုသော် လွတ်လပ်ပြီဖြစ်၏။ နေချင်သလို နေရတော့မည်ဖြစ်၏။ သို့ဖြစ်၍ အစေလကတို့ဝန်းကျင်မှ ဝမ်းမြောက်စွာပင် ထွက်လာခဲ့သည်။

ရာဇဂြိုဟ်အနီး တောဝန်းတောင်စွယ်တစ်နေရာတွင် ကျောက်တောင်မှ သွယ်ကျ၍နေသော ကျောက်ဆင်နှာမောင်းသဏ္ဌာန် နေရာတစ်ခုရှိ၏။ ထိုနေရာသည် အကွယ်အထောင့်တို့ရှိသောကြောင့် ရာဇဂြိုဟ် အနီးချုပ်စပ်တွင်နေထိုင်သူတို့ မစင်စွန့်ရာနေရာဖြစ်၏။ ဇမ္ဗူကအဖို့ကား အရတော်စွာ ရရှိလာသော ဘုမိနက်သန် နေရာမှန်ပေတည်း။

ထိုနေရာဝန်းကျင်တွင် ကျောက်ဂူ ကျောက်လိုဏ်တို့လည်း အဆင်သင့်ရှိ၏။ ကြိုက်ရာနေရာတွင်နေနိုင်သည်။ ရှေးမဆွကပင် ဤနေရာသို့ ဇမ္ဗူကရောက်ဖူး၍ သဘောကျခဲ့သည်။ သူ့အဖို့ နေစရာအဆင်သင့်။ သူကြိုက်သော အာဟာရများကလည်း အဆင်သင့်။

ကျောင်းမှ နှင်ထုတ်လိုက်သောအခါ ကြိုတင်ရည်မှန်းချက် အဆင်သင့်ရှိပြီးသော ဇမ္ဗူကအဖို့ ဤနေရာသို့ မဆိုင်းမတွ ရောက်လာခဲ့သည်။ သင့်တင့်ရာ ကျောက်ဂူ တစ်ခုတွင် ရဟန်းအဖြစ်ဖြင့်ပင် အလိုက်သင့်နေသည်။ အကြောင်းမှာ အစေလက ရဟန်းဟူသည် ရဟန်းဝတ်ပြီးသည်ဆိုလျှင် လူ့ဘဝသို့မပြန်ရ၊ ရဟန်းဝတ်ဖြင့်ပင် အရိုးထုတ်ရသည်။ လူထွက်ခွင့်ရှိသည့်တိုင်အောင် ဇမ္ဗူကမထွက်လို။ အဝတ်မလိုသော သူ့အဖို့ အစေလက ရဟန်းအဖြစ်သည်ပင် အသင့်လျော်ဆုံး မဟုတ်ပါလော။

နံနက်မိုးလင်းပြီဆိုလျှင် သူ့အဖို့ အာဟာရ အသစ်အသစ်တို့က သူ့နေရာသို့ အဆင်သင့် ရောက်ရောက်လာ၍ အဆင်ပြေလှ၏။ ယခင်ကလို ပုန်းလျှိုးကွယ်လျှိုး လုပ်နေစရာမလိုတော့။ မစင်တွင်း၊ မစင်အိမ်၊ မစင်စွန့်ပစ်ရာ နေရာဟူသည် ကိစ္စရှိခိုက်သာ အသုံးပြု၍ ပြီးလျှင် မည်သူမျှ သတိရတတ်သောနေရာမဟုတ်။ ထို့ကြောင့် လူရှင်းလျှင် မိမိအာဟာရကို လွတ်လွတ်လပ်လပ် စားသုံးလိုက်၊ အစေလကတို့အလုပ် မီးကလေးပူဇော်လိုက်နှင့် ဇမ္ဗူက အလွန်ပျော်သည်။

သို့ရာတွင် တစ်ယောက်သိတစ်ယောက်မြင်ဖြင့် မစင်တွင်းအနီးတွင် အစေလက ရဟန်းတစ်ပါး သီတင်းသုံးနေသည်ဟူသော သတင်းမှာ ရာဇဂြိုဟ်မြို့တွင်းသို့ တစ်နေ့တခြား ပျံ့နှံ့၍လာ၏။ သို့ဖြစ်၍ အချို့က ဇမ္ဗူကအနီးသို့ လာရောက်ကြည့်ရှုကြသည်။ အချို့ကမူ ထူးခြားလာသော ဇမ္ဗူကထံ ချဉ်းကပ်စုံစမ်းလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



''အရှင်ဘုရား။ ။ နေစရာ ကျောင်းတွေ ပေါများလှပါလျက် အဘယ့်ကြောင့် ဤညစ်ညမ်းသောနေရာတွင် သီတင်းသုံးရပါသနည်း''

ဇမ္ဗူက စဉ်းစားထားပြီးဖြစ်၏။ အမှန်အတိုင်းပြော၍မဖြစ်ပေ။ အမှန်အတိုင်း ပြောလျှင် မရှက်ချင်သော်လည်း ရှက်ဖွယ်ဖြစ်ရချေဦးမည်။ တစ်နေ့နေ့တွင် သင်းတို့ တစ်တွေ ငါ့ထံချဉ်းကပ် မေးမြန်းစုံစမ်းကြလိမ့်မည်ဟု ဇမ္ဗူက သိပြီးဖြစ်၏။ သို့ဖြစ်၍ မေးမြန်းစုံစမ်းလာလျှင် အဘယ်ပုံဖြေရမည်ကို ဇမ္ဗူကစဉ်းစားပြင်ဆင်ထားပြီးဖြစ်သည်။

ဒါယကာ လာရောက်မေးမြန်းချိန်မှာ ဇမ္ဗူကသည် ကျောက်ဆင်နှာမောင်း အရင်းနားတွင် မတ်တပ်ရပ်နေခိုက်ဖြစ်၏။ သို့ဖြစ်၍ မိမိထံသို့ လာရောက်မေးမြန်းတော့ မည်ဟု သိသည်နှင့်တစ်ပြိုင်နက် ခြေထောက်တစ်ချောင်းကို ပလ္လင်ခွေမြှောက်ရပ်၍ ပါးစပ်ကို လေတိုက်ရာဘက်သို့ မော့ထားလိုက်သည်။ လက်တစ်ဖက်က ကျောက်ဆင် နှာမောင်းကိုကိုင်ထားသည်။

''ဒါယကာ။ ။ မစင်တွင်းဟူသည်ကား လူတို့စွန့်ပစ်ရာ အယုတ်ညံ့ဆုံးသော ဘူမိအရပ်တည်း။ ငါသည် ဒါယကာတို့အတွက် တာဝန်အကင်းဆုံး၊ အယုတ်ညံ့ အခေါင်းပါးဆုံးသော နေရာတွင် လာရောက်တရားကျင့်သုံးခြင်းဖြစ်သည်။ ငါ့အတွက်ကား မွန်မြတ်သောနေရာတည်း''

ဇမ္ဗူကသည် မွန်ရည်လှပသောစကားကြောင့် ဒါယကာ နှစ်သိမ့်သွားသည်။ သူတို့နှစ်သက်လှသော ဗေဒင်စကားလေးလည်း ပါလာသဖြင့် ကျေနပ်အားကိုး သွားသည်။

ဗေဒင်ကျမ်းတို့တွင် ပရိဝါရ၊ အာယ၊ နဂရ၊ ဘူမိ၊ ဂဟပတိ၊ တေဇ၊ ဌာန၊ သီရိဟူ၍ လူတစ်ဦးအတွက် အရပ်ရှစ်မျက်နှာစီ ခွဲထားသည်။ မိမိမွေးနံဂြိုဟ်အရပ်၊ ဥပမာ - တနင်္ဂနွေသားဖြစ်လျှင် အရှေ့မြောက်ထောင့်အရပ်မှ ပရိဝါရဟု စ၍ ရေရသည်။ ဘူမိကျသော အရပ်သည် ထိုသူအတွက် အနိမ့်ဆုံး၊ အညစ်အကျေး စွန့်ပစ်ရာ အရပ်တည်းဟု သတ်မှတ်သည်။ ဤဗေဒင်စကားကို ယူ၍ ဇမ္ဗူက က ဒါယကာ အထင်ကြီးအောင် ပြောလိုက်ခြင်းဖြစ်ပေသည်။

''အဘယ့်ကြောင့် ခြေတစ်ချောင်းမြှောက်ထားပါလဲဘုရား''

''ဒါယကာ။ ။ အကျင့်မြတ်သူတို့၏ခြေသည် မဟာပထဝီအဖို့ လေးလံလှ ပေသည်။ ထို့ကြောင့် မဟာပထဝီ တာဝန်မကြီးစိမ့်သောငှာ အခွင့်သာသလောက် ငါ့ခြေတစ်ဖက်ကို မြှောက်ထားရပါသည်''

''အဘယ့်ကြောင့် မျက်နှာတော်ကို မော်ထားရပါသလဲဘုရား''

''ဒါယကာ။ ။ လူသတ္တဝါတို့အတွက် အစာအာဟာရဟူသည် ခဲယဉ်း

www.burmeseclassic.com



လုစ္စာ၏။ ငါသည်ကား ခဲယဉ်းသော လူဒါယကာတို့၏ အာဟာရကို လုရ၍စားသူမဟုတ်။ ဆွမ်းခံသူမဟုတ်။ ငါသည် လေတည်းဟူသော အာဟာရကိုသာ စားသုံးသူဖြစ်သည်။ ထို့ကြောင့် ငါ့မျက်နှာကို လေတိုက်ရာဘက်သို့ မော့ထားရပေသည်''

အံ့ဖွယ်ရှိပေစွ။ ထိုဒါယကာအဖို့ တကယ့် သူတော်စင်ကြီးကို ဖူးတွေ့ရပြီတကား ဟု ဝမ်းမြောက်လှသည်။ ထို့ကြောင့် ဇမ္ဗုက၏ ခြေအစုံကို အကြိမ်ကြိမ်ဦးနှိမ်သည်။ ထို့နောက် နှစ်သိမ့်လှသော ပီတိဖြင့် ပြန်သွားသည်။

ထို့နောက် ရဟန်းထူး ဇမ္ဗုက၏သတင်းသည် တစ်မဟုတ်ချင်း ကျော်ကြား သွားသည်။ ထို့နောက်တွင်ကား သမိုင်းစဉ်ဆက်၌ လူပြိန်းတို့၏မျှော်လင့်ချက် စိတ်ကူး ယဉ်ယဉ်ကို အထင်ကြီးအောင် လုပ်တတ်ပြောတတ်သူတို့၏ အစဉ်အလာအတိုင်း ဇမ္ဗုကကို ကိုးကွယ်ဆည်းကပ်လိုသူတို့တသောသော တည့်ည့် ဝန်းရံဆိုက်ရောက်လာရုံ မျှမက ရဟန်းထူး ဇမ္ဗုကအဖြစ်မှ ဘိုးတော် ဇမ္ဗုက၊ ပျောက်စေဆရာ ဇမ္ဗုက၊ စေတစ်လုံးပိုင်ရှင် ဇမ္ဗုကအဖြစ်သို့ပင် ရောက်ရှိကျော်ကြား၍ လာသတည်း။

အတိတ်က အမှားတစ်ခုကြောင့် ယခုဘဝတွင် မစင်စား၍ အဝတ်ကိုမျှ မဝတ်နိုင်သူဖြစ်သော်လည်း ဇမ္ဗုကသည် လူညံ့တစ်ယောက်ကား မဟုတ်ပါပေ။ တစ်ခုသော အတိတ်ဘဝတွင် ရဟန်းအဖြစ် အကျင့်ကောင်း အကျင့်မြတ်များကို နှစ်ပေါင်းများစွာ ကျင့်ထုံလာခဲ့သူ ပါရမီရှင်ဖြစ်ပေသည်။ အပြောအဟောကောင်းသည်။ ပရိယာယ်ကြွယ်သည်။ ဥပမိကောင်းသည်။ ဟန်ကောင်းသည်။ ထို့ကြောင့် မသိ နားမလည်သူတို့ကို လွယ်လွယ်နှင့် လှည့်စားနိုင်သူဖြစ်သည်။

ဒါယကာတို့က ဇမ္ဗုကကို လေးစားသောအားဖြင့် ဇမ္ဗုကနေရာအနီးမှ မစင်တွင်းကို ရွှေ့ပစ်ရန် စီစဉ်ကြသောအခါ ဇမ္ဗုကအဖို့ ထိတ်လန့်စွာဖြင့် မိမိသည် မိမိ၏ အကျင့်မြတ်အတွက် ဤမစင်နေရာကို တမင်နေထိုင်ခြင်းဖြစ်သည်။ မစင်တွင်းကို ရွှေ့လျှင် မိမိပါ ရွှေ့ပြောင်းရလိမ့်မည်ဟု ပြောထားသောကြောင့် မရွှေ့တော့ဘဲ တတ်နိုင်သမျှ သန့်ရှင်းအောင်သာ ပြုလုပ်ထားကြသည်။

နောင်အခါ၌ ကျွတ်တမ်းဝင်သော ဘုရားရှင်၏ တပည့်သားများအနက် ပတ်ဝန်းကျင်နှင့် ဘဝပေးအခြေအနေအရ လူပြိန်းတို့အား လှည့်စားလိမ်လည်ခဲ့မိရသော တပည့်သားအတန်များများရှိသည်။ ဥပမာအားဖြင့် ဒိဋ္ဌေဒိဋ္ဌမတ္တံ တရားသဘောတွင် နာမည်ကျော်'လွမ်းစေတီ'အရှင်ဗာဟီရဒါရုစိယ၊ ချက်တွင် အရောက်ထွက်ရာမှ အနယ် နယ် အရပ်ရပ်သို့လှည့်၍ လှည့်ဖြားခဲ့မိသော အရှင်စန္ဒာဘမထေရ် စသူတို့ဖြစ်၏။

ဇမ္ဗုက က အရှင်ဗာဟီရဒါရုစိယနှင့် အဖြစ်ချင်းပို၍ဆင်သည်။ သို့ရာတွင် ဇမ္ဗုက က လှည့်ဖြားသူဘဝတွင် ပို၍တန်ခိုးကြီးသည်။ အကြောင်းကား သူ့ဟန်ဆောင်မှု

www.burmeseclassic.com

www.burmeseclassic.com



လှည့်ဖြားမှုသည် ပစ္စည်းဥစ္စာအတွက် မဟုတ်ရုံသာမက အစားအတွက်လည်းမဟုတ်။ အဝတ်အတွက်လည်းမဟုတ်။ နာမည်ကြီးရုံ၊ လူရိုသေရုံမျှဖြစ်သည်။

သူ့ထံသို့ အကျိုးတစ်ခုခုကိုမျှော်ကိုး၍ ချဉ်းကပ်လှူဒါန်းလေသမျှသော အစားအဝတ် ပစ္စည်းမှန်သမျှကို လက်မခံ။ အာဟာရဆိုလျှင် စားဟန်မျှပြ၍၊ အခြားပစ္စည်းဆိုလျှင် ထိတို့ရုံမျှပြ၍ ပြန်၍ စွန့်ကြသည်။ ဤကဲ့သို့ ပြုလုပ်လေ ဆည်းကပ်ကိုးကွယ်သူတို့ များလာလေဖြစ်ခဲ့၏။ ယင်းသို့သော အဖြစ်မှ သူ့ထံသို့ထူးထူးခြားခြား ချဉ်းကပ်သူတစ်ယောက် ရောက်ရှိလာသည်။ ဘုရားရှင်တည်း။

[ ၃ ]

ကျွတ်ထိုက်သော သတ္တဝါဟူ၍သာ ရွှေဉာဏ်တော်တွင် ထင်လာပါစေ၊ အဘယ်မျှ ယုတ်ညံ့သောနေရာ၊ အဘယ်မျှ ကြမ်းတမ်းသောသူပင်ဖြစ်စေ၊နည်းပရိယာယ်မျိုးစုံဖြင့် ကယ်ချွတ်တော်မူခဲ့သည်ချည့်ဖြစ်သည်။ ယင်းသို့လျှင် နေရာမျိုးစုံတွင် သတ္တဝါမျိုးစုံတို့အား မိမိ၏ မဟာကရုဏာတော်ကိုသာ အရင်းတည်၍ ကယ်ချွတ်ခဲ့ရာ၌ အကြမ်းဆုံး အရမ်းဆုံး ပုဂ္ဂိုလ်မှာ အာဠာဝက ဘီလူးဟု ဆိုကြပါစို့။ အယုတ်ညံ့ဆုံးနေရာသည်ကား ဇမ္ဗုက၏ မစင်တွင်း နေရာပေတည်း။

ဇမ္ဗုကသည်ကား ဉာဏ်မျက်စိ သကျည်းလွဲနေသော်လည်း ကျွတ်ထိုက်သသူ ဖြစ်၏။ ထို့ကြောင့် ဘုရားရှင်သည် ထိုနေ့က ရဟန်းများနည်းတူ ရာဇဂြိုဟ်မြို့တွင်းသို့ အရှင်အာနန္ဒာနှင့်အတူ ဆွမ်းခံရာမှ အပြန်တွင် အရှင်အာနန္ဒာအား အကျိုးအကြောင်း ပြောပြ၍ ကျောင်းတော်သို့ ပြန်လွှတ်လိုက်သည်။ နေ့လယ်ပိုင်းတွင် တစ်နေရာ၌ သီတင်းသုံး နေသန့်တော်မူပြီးနောက် ညဦးပိုင်း၌ ဇမ္ဗုက၏ မစင်တွင်းအနီးသို့ ချဉ်းကပ်တော်မူသည်။ ဇမ္ဗုကအဖို့ သူ့အသိုက်အဝန်းတို့ ကင်းဆိတ်ချိန် ကျောက်ဂူ အတွင်းရှိ သူ့နေရာ၌ မှေးမိုတ်အနားယူနေဆဲကာလဖြစ်၏။

ဘုရားရှင်က ဂူပြင်ဘက်မှ "ဇမ္ဗုက" ဟု ခေါ်ဝေါ် အသံပြုလိုက်သောအခါ ဇမ္ဗုကအဖို့ လန့်နိုးလာရင်း ဒေါသထွက်သွားသည်။ မိမိအား "ရဟန္တာအရှင်မြတ်" "ဘိုးတော်အရှင်ကြီး" စသည်ဖြင့် ချီးပခေါ်ဝေါ်သူတို့ဖြင့်သာ ဝိုင်းဝိုင်းလည်နေခဲ့ရာ အချိန်အခါမဟုတ် မိမိကအခွင့်မပြုဘဲလာ၍ "ဇမ္ဗုက" ဟု ငယ်နာမည်ဖြင့် သည်းသည်း ရင့်ရင့်ခေါ်လိုက်သူကား အဘယ်သူပါနည်းဟု ဒေါသထွက်သွားခြင်းဖြစ်သည်။

ထို့ကြောင့် "ဘယ်သူလဲ၊ ငါ့ကို ဇမ္ဗုကလို့ခေါ်ဝံ့တာ" ဟု မေးရင်း ဂူပြင်သို့ ထွက်လိုက်၍ ဘုရားရှင်နှင့် ရင်ဆိုင်တိုးမိသောအခါ စိုးရွံ့သွားသည်။

ဘုရားရှင်က "ဇမ္ဗုက။ ။ ငါကား ဘုရားတည်း" ဟု မိန့်တော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇမ္ဗုကအဖို့ ရေးအခါက ဘုရားရှင်အား တစ်ကြိမ်မျှ မတွေ့ဖူးသော်လည်း ရဟန်းများကို မြင်ဖူးခဲ့သည်။ အယူအဆချင်း မတူစေကာမူ ရဟန်းတို့အပေါ်၌ ရဟန်းအချင်းချင်း ဟူသော သံယောဇဉ် စိတ်ကလေးကား ရှိခဲ့ပေသည်။

ဇမ္ဗုကကဲ့သို့ သာမန်ပုဂ္ဂိုလ်မဆိုဘိ။ လူကြမ်း နတ်ကြမ်းကြီးများပင်လျှင် ဘုရားရှင်နှင့် ရင်ဆိုင်တွေ့ပြီဆိုလျှင် စိုးရွံ့ရစမြဲဖြစ်သည်။ ဘုရားရှင်၏ သီလ၊ သမာဓိ၊ ပညာဂုဏ်အသရေတော်ကြောင့်သာမဟုတ်၊ မဟာကရုဏာ စိတ်တော်ကလည်း ရင်ဆိုင်သူအား လွှမ်းခြုံထားမြဲဖြစ်သည်။ တမင်ရည်စူး၍ လာရောက်တွေ့ဆုံသော ဇမ္ဗုကအဖို့မှူ အဘယ်ဆိုဖွယ်ရှိတော့အံ့နည်း။

သို့ရာတွင် မိမိသည်လည်း ဆရာကြီးတစ်ဦးပင်ဖြစ်နေခဲ့ပေရာ ဟန်ကိုယ့်ဖို့ ဟူသော ပုထုဇဉ်တို့၏ သဘာဝအတိုင်း ''ဘာကိစ္စရှိလို့လဲ ရဟန်းကြီး'' ဟု ခပ်တည်တည်မေးလိုက်ရင်း ငါ့နေရာသို့ ဤဆရာကြီးကိုယ်တိုင် ကြွရောက်လာသည်မှာ ထူးဆန်းလှပါချည့်ဟု တွေးသည်။

ထိုအချိန်၌ မိုးရိပ်မိုးဆင်တို့ ကြီးမားစွာ တက်ကြွလာသည်ကို တွေ့ရသည်။ အကြောင်းသော်ကား ဘုရားရှင် သီတင်းသုံးတော်မူမည့် ညစ်ညမ်းသောနေရာအား အသန့်စင်ဆုံးဖြစ်အောင် ဆေးကြောပေတော့မည်တည်း။

''ယနေ့ တစ်ညမျှ သင့်နေရာ၌ တည်းခိုလိုပါသည်။ ငါ့အား နေရာတစ်ခု ပေးပါဘိ ဇမ္ဗုက''

''သင့်အတွက် ပေးစရာ နေရာမရှိဘူး ရဟန်းကြီး''

''သင့်ဝန်းကျင်တွင် ကျောက်ဂူတို့ ပေါများလှပါ၏။ မိုးရိပ်မိုးဆင်ကြောင့် သင့်ထံတွင် တစ်ညဉ့်မျှ တည်းခိုလိုပါသည်။ ဤသို့ မတွန့်တိုသင့်ပါ ဇမ္ဗုက''

မှန်လှ၏။ တစ်ညဉ့်တာမျှတော့ နေရာပေးသင့်ပေသည်။ အကြောင်းကား မိုးရိပ်မိုးဆင်တို့ ကြီးမားစွာ တက်လာပေပြီ။ ငါနေရာမပေးလျှင် ရဟန်းကြီးရွှဲရွှဲစိုလိမ့်မည်ဟု ရဟန်းအချင်းချင်း သံယောဇဉ်ကလေးနှင့် တွေးသည်။ သို့ရာတွင် ဘာသာတစ်ပါး ဖြစ်နေ၍ လိုက်လိုက်လျောလျောကြီးတော့ မလုပ်သင့်။ မိမိသည်လည်း ဆရာကြီးတစ်ဆူ ပင်ဖြစ်၍ ဟန်လုပ်ရပေဦးမည်။

သို့ဖြစ်၍ ဈေးကိုင်သည့်အနေဖြင့် ''သင်က ရဟန်းဟုသာ ဆိုသည်။ ရဟန်း အစစ်ကော ဟုတ်ပါရဲ့လား'' ဟု ကသိကအောက် မေးခွန်းထုတ်လိုက်သည်။

''ရဟန်းပါပဲ ဇမ္ဗုက''

''ရဟန်းသာဆိုတယ်၊ သင့်မှာ ရဟန်းအသုံးအဆောင်ဖြစ်တဲ့ ဘူးတောင်းလဲ မမြင်ပါလား။ မီးမွှေယောက်မတို့ မီးသိချည်ခင်တို့လဲ မတွေ့ရပါလား''

www.burmeseclassic.com

www.burmeseclassic.com



"ဇမ္ဗုက။ ။ ငါ့မှာလည်း ဘူးတောင်းတို့ မီးမွှေယောက်မတို့ မီးသိချည်ခင်တို့ ပါရှိပါ၏။ သို့ရာတွင် ကိုယ်တွင်းမှာသာထားပါသည်"

ဘုရားရှင်က အစေလကတို့၏ ပစ္စည်းများကို ကိုင်တွယ်ကျင့်သုံးအပ်သော တရားဖြင့် တင်စားမိန့်ဆိုတော်မူခြင်းဖြစ်သည်။

"အင်း ∘ ∘ ∘ တိရစ္ဆာန်တွေဟာ တိရစ္ဆာန်အချင်းချင်း ရောနှောနေကြတာပဲ။ လူတွေဟာလဲ လူအချင်းချင်းဆီ သွားကြတာပဲ၊ ရဟန်းဆိုတော့လဲ ရဟန်းအချင်းချင်း နီးစပ်ကြတာပေါ့လေ။ ကဲ - ဒီတစ်ညအဖို့တော့ သင့်လျော်ရာ ဂူတစ်ခုခုကိုသာ ရွေးချယ်ပြီး သီတင်းသုံးပေတော့ ရဟန်းကြီး" ဟု ဟန်ကြီးပန်ကြီးပြော၍ ခွင့်ပြုလိုက်သောအခါ ဘုရားရှင်သည် ဂူတစ်ခုဆီသို့ ကြွသွား၏။ သို့ရာတွင် ဇမ္ဗုကနှင့် မျက်နှာချင်းဆိုင် ဂူကိုသာရွေးချယ်ကာ ပါလာသော နိသီဒိုင်အခင်းကိုခင်း၍ ထိုင်တော်မူနေသည်။

ထိုအချိန်၌ပင် မိုးသည်းထန်စွာ ရွာချ၍ ဘုရားရှင်ပတ်ဝန်းကျင်ကို သန့်စင်စေသည်။ ဇမ္ဗုကက မိမိဂူမှနေ၍ ဘုရားရှင်အား အကဲခတ်လျက် ရှိနေပေသေးသည်။ ထူးဆန်းသည်ကား မိုးသည်းထန်စွာ ရွာချသန့်စင်စေရုံမျှမက မိုးအပြီးတွင် ပန်းမိုးရွာသည့်ပမာ ဘုရားရှင် ဂူအပြင်ဝန်းကျင်သို့ ပန်းမျိုးစုံ တဖွဲဖွဲကျလာသောကြောင့် သန့်စင်စေရုံမျှမက ကျောက်နှာမောင်းဝန်းကျင်တစ်ခုလုံး မွှေးကြိုင်၍ နေခြင်းပင် ဖြစ်ပေသည်။

[ ၄ ]

လူမသမာတို့၏ စိတ်ဓာတ်သဘာဝအတိုင်း မိမိ၏အလိမ်သည် မည်သည့်အချိန်တွင် ပေါ်လာချေမည်နည်းဟူသော အတွေးကြောင့် ပင်ကိုအားဖြင့်ပင် တစိုးစိုးတထိတ်ထိတ်နှင့် အအိပ်အနေ နည်းနေရသည့်အထဲတွင် ဤထူးခြားသော ရဟန်းကြီးနှင့် ထူးဆန်းသော ပန်းမိုးကြောင့် ဇမ္ဗုကအဖို့ တစ်ညဉ့်လုံး အိပ်၍မရနိုင်ခဲ့ပေ။ အိပ်၍မရတိုင်း ဘုရားရှင်ရှိရာ မျက်နှာချင်းဆိုင်ဂူဆီသို့သာ တတွေးတွေးဖြင့် ငေး၍ကြည့်နေမိ၏။

ယင်းသို့ငေး၍ တွေး၍ ကြည့်နေမိရာက ဘုရားရှင်၏ဂူအတွင်းမှ တဝိုးဝိုး တဝင်းဝင်း ၊တလင်းလင်း တထိန်ထိန်ဖြင့် ထွန်းတောက်လျက်ရှိသော ထူးဆန်းသော အရောင်များကို တွေ့မြင်လာရသဖြင့် ရင်သပ်ရှုမော အံ့သြဆန်းကြယ်လှပါချည့်ဟု ပို၍ မျက်လုံးကျယ်လာရသည်။ အလိုရှိအပ်သော အချိန်၌ ထုတ်ဖော်အပ်သော ဘုရားရှင်၏ ရောင်ခြည်တော်များပေတည်း။

ညဉ့်နက်ပိုင်း ရောက်လာသောအခါတွင် ပို၍ထူးဆန်းလာပြန်သည်။ ဂူတွင်း

www.burmeseclassic.com

www.burmeseclassic.com



ရောင်ခြည်တော် မျှသာမက ဂူပြင်ပတွင် အလင်းရောင်ကြီးများသည် ရုတ်တရက် ပေါ်လာ၍ ထိုအလင်းရောင်အတွင်းမှ လူလိုလိုသဏ္ဌာန်များသည် ဘုရားရှင်ဂူတွင်းသို့ ဝင်ရောက်သွားခြင်းကို တွေ့ရခြင်းကြောင့်ဖြစ်ပေသည်။

ပထမ အလင်းရောင်ကြီးပြန်ထွက်၍ ကွယ်ပျောက်သွားသောအခါ ဒုတိယ အလင်းရောင်ကြီး ပေါ်လာ၍ ဘုရားရှင်ဂူထဲသို့ ဝင်သည်။ ဒုတိယအလင်းရောင်ကြီး ပြန်ထွက်၍ ကွယ်ပျောက်သွားသောအခါ တတိယအလင်းရောင်ကြီးပေါ်လာပြန်၍ ဘုရားရှင်ဂူထဲသို့ပင် သွားသည်။ တတိယအလင်းရောင်ကား အလင်းဆုံးဖြစ်၍ ရောင်စုံ ဖြာထွက်သည်။ ဘုရားရှင်နှင့် အလင်းရောင်ရှင်တို့ စကားပြောကြသည်ကို အထင်းသား မြင်နေရသည်။ အလင်းရောင်သမားများက ရဟန်းကြီးကို အလွန်ရိုသေ၍ ရှိခိုးသည့် ကိုလည်းတွေ့ရသည်။ ပြန်သောအခါ ရဟန်းကြီးကို ရှိခိုးရင်း နောက်ပြန်ဆုတ်သည်ကို တွေ့ရသည်။ ဇမ္ဗူကအဖို့ အံ့မဆုံး ဩမဆုံး အဆန်းတွေချည့်ဖြစ်နေ၏။

သို့နှင့် တစ်မေးမျှ မအိပ်စက်နိုင်ဘဲ အံ့ဩစိတ်ဖြင့်သာ မိုးလင်းခဲ့ရသည်။ ညော့်ရဟန်းကြီးလည်း မိမိကဲ့သို့ပင် အိပ်စက်ဟန်မတူ။ အလင်းရောင်ရှင်တို့ဖြင့်ပင် မိုးလင်းခဲ့ရဟန်တူ၏ဟု ဇမ္ဗူက တွေးသည်။ စင်စစ်သော်ကား ဇာဂရိယာနုယောဂ စရဏအကျင့်ဖြင့် အကျင့်အထုံများခဲ့သော ဘုရားရှင်တို့အဖို့ ထိုင်လျက်ဖြစ်စေ၊ ခေါင်းအုံးမျှမပါသော လျောင်းလျက်ဖြစ်စေ တစ်နေ့လျှင် နာရီဝက် တစ်နာရီမျှသာ ကျိန်းစက်ချိန်ယူသည်ကို ဇမ္ဗူက မသိရှာချေ။

မိုးလင်းလျှင် ညက မိမိမျက်မြင် ထူးဆန်းသော အလင်းရောင်သမားများ အကြောင်းကို ဇမ္ဗူက သိလိုလှသည်။ ထို့ကြောင့် ရဟန်းကြီးထွက်သွားလျှင် မသိလိုက် ရမည်ကြောင့် ဆရာကြီးဇမ္ဗူကအဖို့ ဟန်ပင်မလုပ်နိုင်တော့ဘဲ ဘုရားရှင်ရှိရာဂူသို့ မိမိက ဦးဆောင်သွားလိုက်ရသည်။

ရောက်လျှင် ''ရဟန်းကြီး။ ။ ညက ချမ်းသာစွာ သီတင်းသုံးရပါစ''ဟု ဟန်လုပ်၍ ပဋိသန္ထာရစကားဆိုသည်။

''ချမ်းသာပါ၏ ဇမ္ဗူက''

''ဒို့ထက် ညက ရဟန်းကြီးဆီကို တဝိုးဝိုး တဝင်းဝင်းနဲ့ အလင်းရောင်ကြီး လေးခု ဝင်ရောက်သွားတာကို တရားထိုင်ရင်း တွေ့လိုက်ရပါတယ်၊ ဘယ်သူတွေ များပါလိမ့်''

''စတုမဟာရာဇ်နတ်မင်းကြီး လေးယောက်ပါ ဇမ္ဗူက''

''အလို . . . စတုမဟာရာဇ် နတ်မင်းကြီးတွေတဲ့လား။ ရဟန်းကြီးက သူတို့ထက် ကြီးမြတ်သလား။ ဘာကိစ္စလာကြသလဲ''

www.burmeseclassic.com

www.burmeseclassic.com



''အခွင့်သာလျှင် ငါ့ထံသို့ လာကြမြဲပါ။ ငါဘုရားကိစ္စကို မပြတ်ဆောင်ရွက်နေတဲ့ မောင်ရင်သာမဏေလေးတွေလိုပါပဲ''

''အင်း ‌. . အင်း . . ဟုတ်ပေမှာပဲ၊ သူတို့ထွက်သွားတော့ နောက်တစ်ဦးလာတာတွေ့ရပြန်တယ်။ သူ့အရောင်က ပိုလင်းတယ်။ သူကတော့ ဘယ်သူတဲ့တုံး''

''သိကြားမင်းပါပဲ''

''ဘာတဲ့ဗျာ . . သိကြားမင်းတဲ့လား''

''မှန်ပါတယ် ဗမ္ဗူက''

''အလိုလေးလေး . . ရဟန်းကြီးက သိကြားမင်းထက်ကော ကြီးမြတ်လို့လား''

''သူလဲ အမှုကိစ္စရှိရင် ဆောင်ရွက်ပေးဖို့ အခွင့်သာတိုင်း ရောက်လာသူပါပဲ။ ငါဘုရားရဲ့ ကပ္ပိယ ဒါယကာလိုပဲ ဆိုကြပါစို့''

''ကိုယ်တွေ့မျက်မြင်မို့သာ ယုံရပေတော့တယ်။ မယုံနိုင်စရာကြီးပဲ။ နောက်ဆုံးတစ်ယောက် ရဟန်းကြီးဆီ ရောက်လာသူကို မြင်ရတာကတော့ သူ့အရောင်ဟာ အလင်းဆုံးပဲ။ သူက သိကြားမင်းထက်ပိုလင်းတော့ သူက ကြီးမြင့်ပုံရတယ်''

''မှန်ပေတာပေါ့''

''သူကကော ဘယ်သူပါလဲ ရဟန်းကြီး''

''အခြားသူမဟုတ်ပါ၊ သင်တို့က ဘုရားအဖြစ် ကိုးကွယ်သူ၊ သင်တို့မပြတ်တမ်းတသူ၊ ချေဆတ်လျှင်ပင် 'နမောမဟာဗြဟ္မာနော . . မဟာ ဗြဟ္မာကြီးအား ရှိခိုးပါ၏' လို့ ရှိခိုးခံရသူ ဗြဟ္မာကြီးပါပဲ''

သည်တစ်ခါတော့ ဗမ္ဗူကအဖို့ အသံမထွက်တော့အောင်ပင် ငိုင်ငေးအံ့သြသွားရင်းက ထူးခြားလှသူပါတကားဟု ဘုရားရှင်၏ မျက်နှာတော်ကို ရွှန်းရွှန်းစားစားကြည့်သည်။ ထိုအခါတွင်မှ နှုတ်ကပင် ဝန်မခံသေးသော်လည်း စိတ်ကမူ ထူးထူးခြားခြားကျက်သရေတော်အရှင်ပါတကားဟု သတိပြုမိသည်။ သို့ရာတွင် ဘာသာလည်းခြား၊ ပုထုဇဉ်လည်း ပုထုဇဉ်ဘဝမို့ မာန်ကတော့ မကျနိုင်သေးပေ။

''ရဟန်းကြီး။ ။ငါအံ့သြမိပါ၏။ အဘယ့်ကြောင့်ဆိုသော် ငါသည်ကား အခု ငါ့အသက် ငါးဆယ့်ငါးနှစ်ရှိသည့်တိုင်အောင် လေတည်းဟူသော အစာကိုသာ စားကာ ခြေတစ်ချောင်းဖြင့်သာရပ်တည်၍ အကျင့်ထူးအကျင့်မြတ်များကို ကျင့်သုံးခဲ့ပါသော်လည်း ငါ့ထံသို့ကား မည်သည့်နတ် မည်သည့်ဗြဟ္မာမျှ မလာရောက်ကြစဖူးပါ။ သင်ရဟန်းကြီးကား ထူးခြားလှသူဖြစ်ပါ၏''ဟု ချီးကျူးသယောင်နှင့် ကြွားလုံးထုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းဆိုသော် ဘုရားရှင်အား သူတွေ့နေကျ အများသူငါလို သဘောထား၍ အထင်ကြီးလာအောင်ပြောကြားသိမ်းသွင်းလိုက်ခြင်းဖြစ်သည်။ တစ်နည်းဆိုသော် မိမိစကားကို ဟုတ်လှပြီအထင်နှင့် ပြောလိုက်ခြင်းဖြစ်သည်။ အကြောင်းမူကား လူသတ္တဝါဟူသည် မိမိကိုယ်မိမိ လှည့်စားဖန်များ လိမ်ဖန်များလာ၍ ကြာသောအခါ အမှားကိုပင် အမှန်ဟုထင်လာတတ်မြဲဖြစ်ရာ ယင်းအထင်ဖြင့် ဟန်တစ်လုံး ပန်တစ်လုံး နှီးနှောလိုက်ခြင်းဖြစ်ပေသည်။

ထိုအခိုက်မှာပင် ဘုရားရှင်က တရားဟော ကယ်ချွတ်တော်မူအံ့ဟု "ဇမ္ဗုက" ဟူ၍ အလေးအနက် အာလုပ်ပြုလိုက်ပြီးသောအခါ စိုးမိုးပိုင်နိုင်လှသည့်အသံတော်ကြောင့် ဇမ္ဗုက ကိုယ်ဟန်ကျိုး့ကာ ဘုရားရှင်မျက်နှာတော်ကို မလုံမလဲဖြင့် မရဲတရဲ ကြည့်လိုက်မိသည်။

"ဇမ္ဗုက။ ။ သင်ကား သူတစ်ပါးကို လှည့်စားရုံမျှမက မိမိကိုယ်ကိုလည်း လှည့်စားနေသူဖြစ်သည်။ ငါဘုရားရှင်ကိုပင် လှည့်စားလိုပါသေးသလော။

"ဇမ္ဗုက။ ။ သင်သည်ကား မွေးသည့်အချိန်မှ ယနေ့တိုင်အောင် မစင်အညစ်အကြေးကိုသာစားသုံးခဲ့သူမဟုတ်သလော။ သို့ပါလျက် လူပြိန်းများကို ဟန်ဆောင်လှည့်ဖြားသကဲ့သို့ ငါဘုရားကိုလည်း လေကိုသာစားသုံးသူဟု လှည့်ဖြားလိုသလော။

"ဇမ္ဗုက။ ။ အာဇီဝက တက္ကတွန်းတို့သည် မိမိတို့၏ မှားသောအယူအလျှောက် ကောင်းသည်ထင်၍ အဝတ်ချည်းစည်း နေထိုင်ကြခြင်းဖြစ်သည်။ သင်သည်ကား ပကတိအားဖြင့်ပင်လျှင် တစ်သက်ပတ်လုံး အဝတ်မဝတ်လိုသူဖြစ်သည်။ တက္ကတွန်းတို့အကျင့်ကိုမျှ မကျင့်ဘဲလျက် တက္ကတွန်းတို့ပုံစံကို အတုယူထားသူသာဖြစ်ပေသည်။ သို့ပါလျက် ငါဘုရားအား ခြေတစ်ချောင်းကိုသာ မြှောက်၍ အကျင့်မြတ်ကို ကျင့်သုံးသူဟု ဆိုချင်ပါသေးသလော"

အလိမ်ဖြေပေးလိုက်သော ဘုရားရှင်၏ မိန့်ခွန်းကြောင့် ဇမ္ဗုက ထိတ်လန့်သွားသည်။ သာမန်မဟုတ်၊ အလွန်အမင်း ထိတ်လန့်သွားခြင်းဖြစ်သည်။ အကြောင်းမူကား လိမ်လည်သူတို့မည်သည် မိမိ၏အလိမ်ကို ဖြေသူတို့ပေါ်ပေါက်လာသောအခါ မိမိတို့အလိမ်ရင့်ကျက်လျှင် ရင့်ကျက်သလောက် ထိတ်လန့်တုန်လှုပ်မြဲဖြစ်သည်။ ဇမ္ဗုကကား နှစ်ပေါင်းများစွာ သူတစ်ပါးကိုရော၊ မိမိကိုပါ လှည့်ဖြားလာခဲ့သူတည်း။

တွေ့မြင်စကပင် ရဟန်းကြီးအပေါ်၌ အတွင်းစိတ်ဖြင့် လေးစားအထင်ကြီးခဲ့ရာတွင် မိဘမှတစ်ပါး မသိနိုင်သော မိမိ၏အထူးလျှို့ဝှက်ချက်ကို ဤရဟန်းကြီးသိနေသောကြောင့် အထူးထိတ်လန့် လေးစားမိသည်။ ပင်ကိုအားဖြင့် ပါရမီရင့်သန်ပြီးသူဖြစ်သော်လည်း မီးခဲပြာဖုံး မကောင်းမှုကံတို့ကုန်ဆုံး၍ ကျွတ်ချိန်ကလည်း ရောက်လာပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အဝတ်မဝတ်မှုဖြင့် တစ်သက်လုံး မရှက်ခဲ့စဖူးသည်ကို ဘုရားရှင်ရှေ့တော်တွင် ရှက်စနိုး၍ လာသောကြောင့် မလေးမခန့် မတ်ရပ်စကားပြောနေရာမှ ထိုင်၍ချလိုက်သည်။ တုန်ယင်သောလက်နှစ်ဖက်ဖြင့် လက်အုပ်ချီလာ၏။ ထို့နောက်တွင်မူ တုန်ယင်သောအသံဖြင့်ပင် "ကျွန်ုပ်ကို သည်းခံတော်မူပါ အရှင်ရဟန်းကြီး" ဟု တောင်းပန်လိုက်သည်။

"ငါသည်းခံပါ၏ ဗာဟိယ။ ။သင့်မှာ အတိတ်ဘဝက မကောင်းမှုအကျိုးဆက်ကြောင့် ဤဘဝတွင် ဤသို့ဤပုံဖြစ်လာရပေသည်။ မကောင်းမှု ဟူသည်ကား ကြောက်ဖွယ်လိလိဖြစ်ပေ၏။ မကောင်းမှု တစ်ကြိမ်ပြုမိလျှင် ကြီးမားလျှင် ကြီးမားသလောက် မျက်မှောက်ဘဝတွင်သာမဟုတ်၊ ဘဝများစွာသို့ အရိပ်ကဲ့သို့ လိုက်ပါကာ မကောင်းကျိုး ပေးတတ်၏။ သတိပြုလော့ ဗာဟိယ"

"အဘယ်မကောင်းမှုပါနည်း အရှင်ဘုရား"

"အသင်ကား အတိတ်ဘဝတစ်ခုတွင် နှစ်ပေါင်းနှစ်သောင်းမျှ ရဟန်းအဖြစ်ဖြင့် အကျင့်ကောင်းအကျင့်မြတ်များကို ကျင့်သုံးလာခဲ့သူ ပါရမီရှင်ဖြစ်ပေသည်။ သို့ရာတွင် တစ်ကြိမ်တွင်မူ ရဟန္တာအရှင်မြတ်တစ်ပါးအပေါ်၌ အစားအဝတ်နှင့် ပတ်သက်၍ ပြစ်မှားကျူးလွန်ခဲ့ဖူးပေသည်။ ထိုမကောင်းမှုကြောင့် နှစ်ပေါင်းများစွာ ဘဝများစွာ ငရဲနှင့် ဆင်းရဲတွင်း၌သာနေခဲ့ရ၏။ ယခုသော် ငါဘုရားနှင့်တွေ့ချိန်၌ သင့်ကံကြွင်းများကုန်ခန်းပါလေပြီ"

ဘုရားရှင်၏တရားနှင့် နှစ်သိမ့်မှုစကားကြောင့် ဗာဟိယအဖို့ တစ်ဖက်တွင် ပီတိဖြာသော်လည်း တစ်ဖက်တွင်မူ ထိတ်လန့်လှသောကြောင့် ကိုယ်ကို ကျုံ့ရင်း ဘုရားရှင်သို့ အကြိမ်ကြိမ် ဦးနှိမ်သည်။

ထိုအခိုက်မှာပင် ဘုရားရှင်က လက်တော်ကိုဆန့်တန်း၍ "လာလော့ ဗာဟိယရဟန်း။ ။ သင်ကား မွန်မြတ်လှသော ရဟန်းဖြစ်ပေပြီ။ ငါဘုရားသာသနာတော်၌ ကောင်းမွန်စွာ ကျင့်သုံးနေထိုင်လေလော့" ဟု ဧဟိဘိက္ခု ခေါ်တော်မူလိုက်သောအခါ ပါရမီဓာတ်ခံ ရင့်သန်ခဲ့ပြီးသူ ဖြစ်သည့်အတိုင်း ပရိက္ခရာအစုံအလင်နှင့်အတူ ဝါတော်ခြောက်ဆယ် မထေရ်ကြီးကဲ့သို့ ရင့်ကျက် တင့်တယ်လှသော ရဟန်းအဖြစ်သို့ တစ်မုဟုတ်ချင်း ရောက်ရှိသွားသည်။ ရဟန်းဖြစ်ရုံသာမဟုတ် တရားအနည်းငယ်မျှ ဟောလိုက်သောအခါ တစ်ထိုင်တည်းနှင့်ပင် တန်ခိုးရှင်ဘက်စုံပြည့် ရဟန္တာအဖြစ်သို့ ကူးပြောင်းသွားသည်။

ထိုအချိန်၌ကား မိုးစင်စင်လင်းပြီဖြစ်ရာ ဆရာကြီးဗာဟိယ အထံသို့ လာရောက်နေကျဖြစ်သော ရာဇဂြိုဟ်ပရိသတ်တို့ သူ့ထက်ငါသာ ဆရာကြီးဗာဟိယအနီးသို့ ချဉ်းကပ်

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိလာကြရာ ဆရာကြီးဇမ္ဗူက၏ ယနေ့ထူးခြားစွာ ဝတ်ဆင်လျက်ရှိသော ရဟန်း အသွင်ကိုလည်းကောင်း၊ ဆရာကြီးအနီးမှ ဘုရားရှင်အားလည်းကောင်း၊ ခါတိုင်းနှင့် မတူ အမူအိန္ဒြေ ထူးခြားငြိမ်သက်လျက်ရှိနေသော ဆရာကြီးအားလည်းကောင်း တွေ့နေကြရသောကြောင့် မတွေ့စဖူး အထူးအဆန်းဖြစ်ကာ အကြောင်းဘယ်သို့ဟု သိလိုနေကြသည်။

ရာဇဂြိုဟ်တွင် ဘုရားရှင်ကိုတွေ့ဖူးသောကြောင့် ဘုရားရှင်မှန်း သိထားကြသော ပရိသတ်အဖို့လည်း အသို့နည်း ငါတို့ဆရာကြီးထံသို့ ဂိုဏ်းဆရာဘုရားကိုယ်တိုင် လာရောက်ချဉ်းကပ်နေပါပြီကော၊ ငါတို့ဆရာကြီးကပင် ကြီးမြတ်လေသလော၊ ဂိုဏ်းဆရာကြီးကပင် ကြီးမြတ်လေသလော၊ ဂိုဏ်းဆရာကြီးကိုယ်တိုင် ကြွရောက် လာသောကြောင့် ငါတို့ ဆရာကြီးကသာလျှင် ကြီးမြတ်တန်ရာ၏ စသည်ဖြင့် တွေးတော ပြောဆိုနေကြသည်။

ထိုအခါ ဘုရားရှင်က "ချစ်သား ဇမ္ဗူက။ ။သင့်ပရိသတ်၏ ယုံမှားကို ပယ်ဖျောက်လေလော့" ဟု မိန့်လိုက်သောအခါ အရှင်ဇမ္ဗူကက ပရိသတ်၏ ယုံမှားကို ပယ်ဖျောက်ရန်နှင့်ဖြစ်ရပ်အမှန်ကို သိစေရန်အတွက် ရှေးဦးစွာ ထိုင်ရာမှ ဘုရားရှင်သို့ ဦးညွှတ်ထ၍ ကောင်းကင်သို့ တန်ခိုးဖြင့် ပျံတက်သည်။ ပရိသတ်တို့ မကြုံစဖူး အံ့အားသင့်ခိုက် တန်ခိုးအမျိုးမျိုးပြသည်။ ထို့နောက်တွင်မှ ဘုရားရှင်ခြေတော်ရင်းသို့ သက်ဆင်းလာကာ ခြေတော်ကို အကြိမ်ကြိမ်ဦးနှိမ်ပွတ်တိုက်၍ "ကြီးမြတ်တော်မူသော အရှင်ဘုရား။ ။ အရှင်မြတ်သည် တပည့်တော်၏ဆရာပါ။ တပည့်တော်ကို ကယ်ချွတ်သည့် ကျေးဇူးရှင်ပါဘုရား" ဟု လျှောက်ထားလိုက်သောအခါ ပရိသတ် အားလုံးသည် သူတို့ဆရာကြီးတွင်စိတ်ဝင်စားနေရာမှ ဘုရားရှင်သို့ ဦးညွှတ် ရှိခိုးကြသည်။ ဤနေရာတွင် ဘုရားရှင်က တရားဟောသောအခါ အကျွတ်တရား ရကုန်ကြ၏။

ထို့နောက်တွင်ကား ဘုရားရှင်ကဦးဆောင်၍ ထွက်ကြွသောအခါ အရှင်ဇမ္ဗူက သည်လည်း တပည့်ငယ်တစ်ဦးကဲ့သို့ ဘုရားရှင်နောက်မှ လိုက်ပါထွက်ကြွသွား သောကြောင့် ပရိသတ်တို့အံ့အားသင့်၍ ကျန်ရစ်ခဲ့ကြရ၏။ ။

www.burmeseclassic.com

www.burmeseclassic.com



# ကျွဲကန်းကြီး

[ ၁ ]

ပါဠိတွင် ''အဒိဋ္ဌသဟာယ'' ဟူသော ဝေါဟာရတစ်ရပ်ရှိ၏။ မမြင်ရသော မိတ်ဆွေ၊ တစ်ဦးနှင့်တစ်ဦး မမြင်ဖူးသေးဘဲနှင့် စာဖြင့်သော်လည်းကောင်း၊ သတင်းစကားဖြင့် သော်လည်းကောင်း ခင်မင်ရင်းနှီးနေသော မိတ်ဆွေကို ဆိုလို၏။

သူသူငါငါတို့တွင် ယင်းသို့သော မိတ်ဆွေများရှိကြသည်။ မရှိဘူး ဆိုလျှင် ရှိပုံကို ပြောပြပါမည်။ ရှိဟန်ကား သက်ဆိုင်ရာဘုရားရှင်၊ ဘုရားသခင်တို့သည် သူသူငါငါတို့၏ အဒိဋ္ဌသဟာယ မိတ်ဆွေများ ဖြစ်သတည်း။ အဘယ်ပုံဖြစ်ပါသနည်း။

မိတ်ဆွေကြီးဆယ်ဦး၊ ခင်ပွန်းကြီးဆယ်ပါးစာရင်းတွင် ဘုရားရှင်သည် ထိပ်ဆုံးမှ ပါဝင်၏။ ဘုရားရှင် ဘုရားသခင်ဟူသည် သက်ဆိုင်ရာ သူသူငါငါတို့၏ အသည်း နှလုံးတွင် မမြင်ဖူး၊ မတွေ့ဖူးပါဘဲနှင့် စွဲစွဲထင်ထင် တည်ရှိနေသော မိတ်ဆွေကြီး မဟုတ်ပါလော။

ကျွန်ုပ်တို့ ဘုရားရှင်ဆိုလျှင် သက်ဆိုင်ရာသမိုင်းရုပ်တုများ၊ ဆရာမြစ်၊ ဆရာငွေကိုင်၊ ဆရာအုန်းလွင်၊ ဆရာဘကြည်၊ ဆရာကိုလေး စသည့် ပန်းချီလက်ရာ၊ ရုပ်တုလက်ရာများကိုသာ ရည်မှန်းရော်ရမ်း ဖူးတွေ့ကိုးကွယ်ကြရခြင်းဖြစ်သည်။ ရုပ်ပုံတော်အမှန်ကို အဘယ်ပုံ ဖူးတွေ့နိုင်စွမ်းပါအံ့နည်း။ တကယ့် အဒိဋ္ဌသဟာယကြီး အစစ်ဖြစ်သည်။

အဒိဋ္ဌသဟာယကြီးများသည် ခင်မင်ချစ်ကြည်မှု ပို၍သန့်ရှင်းကြည်လင် တတ်သည်။ အကြောင်းမူကား အချင်းချင်းတွေ့ဆုံဆက်ဆံရသော မိတ်ဆွေများအဖို့ ရှုပ်ထွေးပွေလီသော လောကီ ကိစ္စများဖြင့် တစ်ကြောင်းမဟုတ်တစ်ကြောင်း၊တစ်နည်း မဟုတ် တစ်နည်းဖြင့် ငြိစွန်းအပြစ်မြင်၍ လာတတ်ကြပေရာ ချစ်ကြည်သည်ဆိုရာ၌ အထစ်ကလေး၊ အစွန်းကလေးများ ရှိနေတတ်သောကြောင့် မသန့်ရှင်း၊ မကြည်လင်

www.burmeseclassic.com

www.burmeseclassic.com



မမြင်ဖူးသော မိတ်ဆွေတွင်မှုကား ယင်းအငြိအစွန်းမရှိ၊ မေတ္တာစင်စင် ကြည်ကြည် လင်လင်ဖြင့်သာ ခင်မင်ခြင်းဖြစ်သည်။

ဗိမ္ဗိသာရဘုရင်နှင့် ပက္ကုသာတိဘုရင်တို့သည် အဒိဋ္ဌသဟာယများ ဖြစ်ကြ၏။ ဖြစ်ပုံကား သူတို့သည် အမြင်သစ် တရားသစ်ကို ရှာဖွေရာ၌ သဘောထား တူညီသူများ ဖြစ်ကြပေရာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ မင်းစေတမန်များမှတစ်ဆင့် တစ်ဦးသဘော တစ်ဦးသိကာ ကူးလူးဆက်ဆံကြရာမှ မမြင်ရသော မိတ်ဆွေကြီးများအဖြစ်သို့ ရောက် လာကြသည်။ သူတို့သည် အစဉ်အလာ ဗြာဟ္မဏတို့၏ တရားအဆင့်ဖြင့် ကျေနပ် နိုင်သူများ မဟုတ်ကြပေ။

ရာဇဂြိုဟ်ဘုရင်သည် ရုပ်အဆင်းပြည့်စုံခြင်း၊ သတ္တိပြောင်မြောက်ခြင်း၊ ထိပ်သီး နိုင်ငံ အရှင်ကောသလဘုရင်နှင့် သူနိုင်ကိုယ်နိုင် ပြိုင်နိုင်လောက်အောင် အင်အား ပြည့်စုံခြင်းတို့ကြောင့် ကျော်ကြားထင်ရှားသောဘုရင်ဖြစ်၏။ ပြည်သူချစ်သော ဘုရင်လည်းဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ပြည်သူနှင့် ချစ်ကျွမ်းဝင်စေနိုင်သော အနုပညာရှင်ဘုရင်ဖြစ်သည်။

သို့ရာတွင် သူ့အဖို့ မပြည့်စုံနိုင်သော အကြောင်းတစ်ရပ်ရှိနေပေ၏။ ယင်းသည်ကား အစဉ်အလာဖြင့် မကျေညက်နိုင်သောကြောင့် တရားသစ် အမြင်သစ် ရှာဖွေရာတွင် ဆွေးနွေးညှိနှိုင်းရန်အတွက် မိမိနှင့် သဘောထားချင်းတူနိုင်သူ ရှားပါးခြင်းပင် ဖြစ်ပေသည်။ ဤတွင် သဘောချင်းတူသော ပက္ကုသာတိဘုရင်အကြောင်းကို တစ်ဆင့် စကား တစ်ဆင့်နားဖြင့် ကြားသိရသောအခါ တစ်ဆင့်စကား တစ်ဆင့်နား ဆွေးနွေးခြင်း ဖြင့်ပင် အဒိဋ္ဌသဟာယ၊ မမြင်ရသော ဓမ္မမိတ်ဆွေများအဖြစ်သို့ ရောက်လာရသည်။ ထိုမှတစ်ဆင့် ချစ်မိတ်ဆွေတို့ထုံးစံ သူ့ထက်ငါသာ လက်ဆောင်ရက်ယှယ် တုံ့ဖလှယ်ခြင်းဖြင့် ဆက်ဆံလျက်ရှိနေကြသည်။

ဤတွင် လူချင်းပင် မဆက်ဆံကြဖူးသေးသော်လည်း တစ်ဆင့်စကား တစ်ဆင့် နားဖြင့်ပင် အတွေးသစ်အမြင်သစ် အရှင်ဖြစ်သော သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်လာ ပြီးနောက် ရှေးဦးဆုံးလောက် ဆိုရလောက်ပင် တထာဂတ၏ ထူးခြားလှသောတရားကို ကြားနာရ၍ ဘုရားဒါယကာ၊ ကျောင်းဒါယကာကြီးပင်ဖြစ်လာသောအခါ ဓမ္မမိတ်ဆွေကြီး ပက္ကုသာတိကို သတိရသောကြောင့် ဤလောက၌ အမွန်ဆုံးသော လက်ဆောင်ကြီး သုံးမျိုးဖြင့် ဘုရင် ပက္ကုသာတိအထံ ပေးပို့ မျက်နှာလုပ်လိုက်သည်။ ယင်း လက်ဆောင် ဟူသည်ကား ရတနာသုံးပါးတည်းဟူသော လက်ဆောင်ပင်ဖြစ်ပေသည်။

မိတ်ဆွေကြီး။ ။ ဤလောက၌ သင်တို့ ငါတို့ သတ္တဝါတို့အကျိုးအတွက် သဗ္ဗညုဘုရား ထင်ရှားပွင့်တော်မူလာပေပြီ။ ဗုဒ္ဓေါလောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏီနံ။

www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေကြီး။ ။ သင်တို့ ငါတို့ သတ္တဝါတို့၏ ငြိမ်းအေးချမ်းသာမှုအတွက် တရားစစ် တရားမှန် တရားတော်တည်းဟူသော ရတနာသည် ဤလောက၌ ထင်ရှား ပေါ်ပေါက်လျက်ရှိနေပေပြီ။ ဓမ္မလောကေ သမုပ္ပန္နော သုခါယ သဗ္ဗပါဏီနံ။

မိတ်ဆွေကြီး။ ။ သင်တို့ ငါတို့ သတ္တဝါတို့အတွက် ကောင်းမှုကောင်းကျိုး စိုက်ပျိုးရာ လယ်မြေကောင်းသဖွယ်ဖြစ်သော သံဃာစစ် သံဃာမှန် သံဃာရတနာသည် ဤလောက၌ ထင်ရှား ဖြစ်ပေါ်ခဲ့ပြီ။ သံဃောလောကေ သမုပ္ပန္နော ပုညက္ခေတ္တံ အနုတ္တရံ။

ယင်းလက်ဆောင် ရတနာသုံးရပ်ကို အနက်အဓိပ္ပာယ်နှင့်တကွ ရွှေကြုတ်တွင် ထည့်၍ ပေးပို့လိုက်သောအခါ ပက္ကုသာတိဘုရင်သည် ဝမ်းမြောက်ကြည်နူး အထူး နှစ်သိမ့်လှသောကြောင့် ပို့လာသော တမန်များကိုပင် လက်ဆောင်ရတနာတစ်ပါးလျှင် အသပြာတစ်ထောင်စီပေး၍ ခံယူသည်။ ဤမှတစ်ဆင့် ကြည်နူးလိုက်ပုံမှာ ရတနာ လက်ဆောင်ကို ရသည်နှင့်တစ်ပြိုင်နက် ယင်းရတနာများရှိရာ ရာဇဂြိုဟ်သို့ ရတနာ သုံးပါးနှင့် ကိုယ်တိုင်ကိုယ်ကြပ် တွေ့ဆုံရန်သော်လည်းကောင်း၊ အဒိဋ္ဌသဟာယ မိတ်ဆွေကြီးကို ဒိဋ္ဌသဟာယအဖြစ် တွေ့ဆုံရန်သော်လည်းကောင်း နေ့မဆိုင်း ညမဆိုင်း ဆိုရလောက်အောင်ပင် ရာဇဂြိုဟ်သို့ ကြွချီသည်။

သို့ရာတွင် ဤဝတ္ထု၌ အဒိဋ္ဌသဟာယဖြစ်သော အခြားဘုရင်နှစ်ဦး၏ ကြောင်းရပ်ကို ဖော်ပြရန်ဖြစ်၍ ဤဘုရင်တို့၏အကြောင်းရပ်ကို ဖော်ပြရန်မဟုတ်။ အဒိဋ္ဌသဟာယ၏ လေးနက်ပုံကို ဥပမာပြခြင်းမျှဖြစ်သည်။

မမြင်ရသေးဘဲ အဒိဋ္ဌသဟာယဖြစ်သော ဘုရားရှင်သို့ ရည်မှန်းကာ တောထွက် ခဲ့သော ဘဒ္ဒကာပိလာနီ ဇနီးမောင်နှံ အရှင်မဟာကဿပ။ ရာဇဂြိုဟ်သား ယောက်ဖ ဖြစ်သူ၏ သတင်းမျှဖြင့် ညဥ့်အချိန်တွင် သုသာန်သို့ပင် ဘုရားရှင်၏အထံတော်သို့ ရော်ရမ်းရည်မှန်းထွက်ရောက်လာခဲ့သောအနာထပိဏ် သူဌေး စသည်ဖြင့် အဒိဋ္ဌသဟာယ များ၏ ကြောင်းရပ်မျိုးစုံတို့ရှိသေး၏။

ဤဝတ္ထုတွင်ကား အဒိဋ္ဌသဟာယဖြစ်သော ဂန္ဓာရဘုရင်နှင့် ဝေဒေဟ ဘုရင်တို့၏ ဖြစ်ပုံကြောင်းရပ်ကို ထုတ်ပြရန်ဖြစ်၏။ တစ်နည်းဆိုသော် မမြင်ဖူးခင်၌ သန့်စင်သော ချစ်မိတ်ဆွေများ ဖြစ်ကြသော်လည်း တစ်ဦးနှင့် တစ်ဦး နဖူးတွေ့ဒူးတွေ့ ဆက်ဆံမိကြသောအခါ၌မူ လူသတ္တဝါတို့၏သဘာဝ၊ ဒေါသမာနကလေးများကြောင့် အငြိုကလေး အစွန်းကလေးများဖြင့် အချေအတင်ဖြစ်လာကြသော မိတ်ဆွေနှစ်ဦး၏ အကြောင်းရပ်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

ဘုရားရှင်လက်ထက်တော် ပစ္စုပ္ပန်ဝတ္ထုတော့မဟုတ်ပါ။ အတိတ်ဝတ္ထုတည်း။

လူသတ္တဝါတို့၏ သမိုင်းဟူသည် ပညာတစ်လှည့်၊ ဥစ္စာတစ်လှည့်၊ တည်းနည်းဆိုသော် နာမ်တစ်လှည့် ရုပ်တစ်လှည့် ထွန်းကားလာဟန်ရှိ၏။ အကြောင်းမူကား ဖော်ပြပြီပါ ဗုဒ္ဓလောကေ တစ်ပုဒ်မျှကို အသပြာတစ်ထောင်တန်သောခေတ်၊ ပေါ်သည့်အကြံ သိန်းသောင်းတန်ဆိုသကဲ့သို့ အကြံကောင်း စကားကောင်း တစ်ခွန်းမျှဖြင့် သိန်းသောင်းတန်ဖိုးထားသည့်ခေတ်များ အကြောင်းကိုလည်း ဖတ်ကြရ သိကြရ၏။ တရားတွေ အကြံတွေ တစ်ပြုံတစ်ထွေးကြီး ပေးရစေကာမူ နှစ်ပြားမျှ မတန်သောခေတ်များကိုလည်း တွေ့ကြုံကြရသောကြောင့်ဖြစ်၏။

ဤဝတ္ထုကား ဂေါတမခေတ်ကဲ့သို့ပင် တရားကိုတန်ဖိုးထားသောဂန္ဓာရဘုရင်၊ ဝေဒေဟဘုရင်တို့ခေတ်ဖြစ်၏။

ဇာတ်ပွတ်အရ မှည့်ခေါ်လေ့ရှိသော ရှေးအစဉ်အလာအတိုင်း ဂန္ဓာရနိုင်ငံ၏ ဘုရင်ဖြစ်သောကြောင့် ဂန္ဓာရဘုရင်၊ ဝိဒေဟနိုင်ငံ၏ ဘုရင်ဖြစ်၍ ဝေဒေဟဘုရင်ဟု မှည့်ခေါ်သည်။ ဝေဒေဟဘုရင်က အရှင်အာနန္ဒအလောင်း၊ ဂန္ဓာရဘုရင်ကား ဘုရားအလောင်းတော်တည်း။

ယဉ်ကျေးသော လူ့လောက စတင်သည်မှစ၍ ငယ်စဉ်တွင် ပညာရှာခြင်း၊ ကြီးလာလျှင် ဥစ္စာရှာခြင်းတို့မှာ အစဉ်အလာသိမှတ်လိုက်နာချက်များဖြစ်၏။ သို့ရာတွင် အတတ်ပညာနှင့် ဥစ္စာအပြင် တရားရှာအသိရှာခြင်းမှာကား အကြင်သူတစ်ဦး၏ အသိပညာကြီးမှုဖြစ်နိုင်သည်။ အသိပညာအခြေခံမကြီးလျှင် ရအပ်သော စီးပွားဥစ္စာ၊ ရာထူးဂုဏ်သိန်တို့တွင်သာ သေသည်အထိ နစ်မျောမွေ့ထုံသည်။ ရာထူးဂုဏ်သိန်နှင့် ပြည့်စုံနေသေးသမျှ တရားရှာအသိရှာဖို့ကိုသတိမရ။ ရာထူးဂုဏ်သိန် လျှောကျသည့်အခါမျိုးမှာသာ တရားပေစာဘက်ကို ရောက်လာတတ်သည်။

ဗြာဟ္မဏတို့ကား လူမျိုးရော အတတ်ပညာပါ အခြေခံကြီးသူများဖြစ်ကြ၏။ ပထမအရွယ်တွင် ပညာရှာသည်။ ဒုတိယအရွယ်တွင် ဥစ္စာရှာသည်။ တတိယအရွယ်တွင် တရားရှာသည်။ သို့မဟုတ် ဒုတိယအရွယ်နှင့် တတိယအရွယ်တွင်သော်လည်းကောင်း တရားရှာသည်။ အလျဉ်းသင့်ခဲ့သော် ပထမအရွယ်၌သော်လည်းကောင်း တရားရှာသည်။ အကြောင်းမူကား တရားထွန်းကားသောခေတ်ဖြစ်သည့်အပြင် နေ့ဂုဏ်သိန် အရသာထက် တရားအရသာက သာလွန်သည်ကို မျိုးရိုးအခြေခံအားဖြင့်ပင် သိရှိ နားလည်ထားပြီဖြစ်သောကြောင့်ပေတည်း။

ဗြာဟ္မဏကြီးများ ဖြစ်ကြသော ဂန္ဓာရဘုရင်နှင့် ဝေဒေဟဘုရင်တို့သည် ဒုတိယအရွယ်မှုဖြင့် တရားရှာနေသူများဖြစ်ကြ၏။ ဘုရင်ဘဝတွင် တရားရှာနေကြရာမှ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆင့်တက်၍ တောတောင်တို့တွင် ကေစာကျင့်သုံး၍ တရားကျင့်သုံးနေလိုသူများ ဖြစ်လာကြ၏။ အကြောင်းမူကား တရား၏အရသာဟူသည် ဆွေးနွေးရုံမျှဖြင့် မရနိုင်၊ ဖတ်ရှုကြားနာရုံမျှဖြင့် မသိနိုင်၊ ကျင့်သုံးယူမှသာ ရနိုင်သည်ကို သိရှိသူများ ဖြစ်သောကြောင့်တည်း။

အတွေးတူ၊ စရိုက်တူ၊ တရားအရှာတူသော သူတို့နှစ်ဦးသည် စေတမန်တို့၏ တစ်ဆင့်စကားတစ်ဆင့်နားဖြင့် အဒိဋ္ဌသဟာယများ ဖြစ်လာကြ၏။ နိုင်ငံချင်းကလည်း မဝေးကွာလှသောကြောင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံကူးပုံ၍ တရားအရေး၊ တောထွက်ရေးကို ဆွေးနွေးညှိနှိုင်းကြသည်။ သို့ရာတွင် လောကစည်းစိမ်တို့အနက် အကြီးဆုံးဖြစ်သော ဘုရင်ဘဝကို စွန့်ပစ်ဖို့ဆိုသည်မှာ မလွယ်သောကြောင့် ညှိနှိုင်းဆွေးနွေးရုံအဆင့်မှတစ်ပါး လက်တွေ့အားဖြင့် အကောင်အထည် မဖော်နိုင်ရှိနေကြပေသေးသည်။

သာမန်အားဖြင့်ဆိုလျှင် စွန့်ပစ်နိုင်စရာလည်းမရှိပေ။ အကြောင်းကား ဝိဒေဟ နိုင်ငံဟုဆိုလျှင် သုံးယူဇနာ ကျယ်ဝန်း၍ ဆန်စပါးကိုဒေါင်၊ အဝတ်ကိုဒေါင်၊ ရတနာမျိုးစုံကိုဒေါင်တို့ အပြည့်ရှိသည်။ ဂန္ဓာရုံနိုင်ငံက ဝိဒေဟထက် ပို၍ကြီးမားလှသည်။

သို့ရာတွင် အကြင်သူတစ်ဦး၌ ဆန္ဒတစ်ရပ်ထက်သန်လာပြီဆိုလျှင် ယင်းဆန္ဒကို ဖြစ်မြောက်အောင်မြင်စေရန် နှိုးဆွပင့်မြှောက်ပေးသော အကြောင်းအချက် တစ်ရပ်ရပ်သည်။ မမျှော်လင့်သောတစ်နေရာမှ ပေါ်ပေါက်လာတတ်၏။ တရားဆန္ဒ၊ တရားအခြေခံရှိသော ပုဂ္ဂိုလ်များတွင် ယေဘုယျအားဖြင့် ဤလောက၏ဆင်းရဲမှု မမြဲမှု၊ ဤခန္ဓာကိုယ်၏ အနှစ်သာရမရှိမှု စသော အခြေခံအတွေးအသိများ ရှိနေကြသည် မှန်ပါ၏။ သို့ရာတွင် ယင်းအခြေခံအသိတို့က သာမန်အားဖြင့် တရားလုပ်ငန်းဘက်သို့ ရုတ်ခြည်း ပို့ဆောင်ရန်မလွယ်လှ။ ဥစ္စာနေပျက်ပြားခြင်း၊ သက်ကြီးရွယ်အိုအဖြစ်သို့ ရောက်ခြင်း၊ ရာထူးဂုဏ်သိန် ကင်းပြတ်ခြင်းစသော အကြောင်းအချက်များ၊ သို့မဟုတ် သူ့အသိ သူ့ဆန္ဒကို နှိုးဆွပေးသော အကြောင်းအချက်ကလေးများက လှုံ့ဆော်ပေးလိုက်သည့်အခါတွင်မှ တရားသံဝေဂဘက်သို့ ရုတ်ခြည်းကူးပြောင်း လာတတ်သည်။

တရားသမားကြီးများအနက် အချို့မှာ မုဆိုး၏မြား၊ အချို့မှာ အမျိုးသမီးကလေး၏ လက်ကောက်၊ အချို့မှာ ရေမြောင်းကလေး၊ အချို့မှာ စောင်း၊ အချို့ ခြေဆေးအင်ပြင် စသည်ဖြင့် မိမိ၏ အသိဘဝင်ကို ထိခိုက်သောအကြောင်း အချက်ကလေးများကြောင့် တရားအလုပ်ဘက်သို့ လွယ်လွယ်ကူးပြောင်းလာကြဖူးသည်။

တရားကိုစဉ်းစားနေသော ဂန္ဓာရဘုရင်အား ကေစာ တရားသမားကြီးဘက်သို့ တောထွက်ဖို့ လှုံ့ဆော်ဆွဲဆောင်လိုက်သောအရာမှာ ဖိုးစန္ဒာရွှေလမင်းကြီးဖြစ်သည်။

ညအခါ လသာသာတွင် နန်းရင်ပြင်မှ ရွှေလမင်းကြီးကိုကြည့်၏။ ကြည့်ခိုက်တွင်ပင် လမင်းကြီးကို တိမ်ဖုံး၏။ ထိုအခါ အလွန်သန့်စင်တန်ခိုးကြီးသော လမင်းကြီးပင်

www.burmeseclassic.com

www.burmeseclassic.com



မမြိုပါတကားဟူသော အသိဝင်လာသည်။ ယင်းအသိသည် ဂန္ဓာရဘုရင်အား တောသို့ ရှတ်ခြည်းဆွဲဆောင်လိုက်သည်။ သို့ဖြစ်၍ ရှတ်ခြည်းတောထွက်သည်။

သို့ရာတွင် ကေစာဆိုသော်လည်း အဒိဋ္ဌသဟာယမေ့မိတ်ဆွေကြီး ဝေဒေဟ ဘုရင် သံယောဇဉ်အမျှင်မပြတ်သောကြောင့် "အကြည်တော်ဝေဒေဟ။ ။ ကျွန်ုပ်တော့ မနေနိုင်တော့၍ ဂန္ဓာရတောခြေအနီး တောကြီးရိပ်သာသို့ ကေစာ ရသေ့အဝတ်ဖြင့် လွတ်လွတ်ကျွတ်ကျွတ် တောထွက်ပေပြီ။ အကြည်တော်သည်လည်း မနေနိုင်လျှင် လိုက်ခဲ့ပေရော့"ဟု သတင်းစကားဖြင့် အကြောင်းကြားခဲ့သည်။

ယင်းသတင်းစကားအရ ဝေဒေဟ ဘုရင်သည်လည်း ရှတ်ခြည်းတောထွက် လိုက်ပါလာသည်။ ယင်းသို့ဖြင့် ဘုရင်ရသေ့နှစ်ပါးသည် ဂန္ဓာရ တောအုပ်တွင် တွေ့ဆုံကြသည်။ အဒိဋ္ဌသဟာယဘဝမှ ဒိဋ္ဌသဟာယအဖြစ်သို့ ရောက်ရှိလာသဖြင့် ဝမ်းသာကြရပါ၏။ သို့ရာတွင် ကေစာအဖြစ်မှ ဒွေကစာ အဖြစ်သို့ ရောက်ရှိလာရသည်။

တရားသမားတို့၏ဘဝ၌ နေနိုင်ခဲ့ပါသော် ကေစာ တစ်ယောက်တည်းသာ နေခြင်းသည် အကောင်းဆုံးဖြစ်၏။ သို့သော် အဖော်ဖြစ်လာခဲ့လျှင်လည်း မိမိထက် သာသော အဖော်၊ မိမိနှင့် ရည်တူသောအဖော်ကို ရနိုင်သော် ကောင်း၏။ ယုတ်ညံ့သော အဖော်ကိုကား အဖော်လိုသည့် အကြောင်းတစ်ခုနှင့်မျှ မတွဲလေနှင့် တစ်ယောက်တည်း နေသည်က ကောင်းသည်ဟု ဘုရားရှင်ဟောတော်မူသည်။

သိဒ္ဓတ္ထမင်းသားသည် တစ်ပါးတည်း တောထွက်တော်မူသည်။ ဖဝါးခြေထပ် ကပ်၍ လိုက်ပါလိုသော ငယ်ဖော်မောင်ဆန်ကို လက်မခံခဲ့ပေ။ အကြောင်းကား မောင်ဆန်သည် ကျိုးနွံသော်လည်း တရားအဖော် ဓမ္မအဖော်မိတ်ဆွေ မဖြစ်နိုင် သောကြောင့်ဖြစ်သည်။ တရားအကျိုး တိုးတိုးဖော်မျှ မိတ်ဆွေ မဖြစ်နိုင်သောကြောင့် ဖြစ်သည်။ တရားအကျိုး တိုးတိုးဖော်မျှ မဖြစ်နိုင်ကြောင်းရှေးမဆွကပင် မြင်သိခဲ့သည်။ မှန်ပေ၏။ ခက်ထန် မာန်ကြီးသော မောင်ဆန်ခေါ် အရှင်ဆန္နသည် ဘုရားရှင် ပရိနိဗ္ဗာန်စံယူတော်မူပြီးသည့်နောက်မှသာ အကျွတ်တရားရခဲ့သူ မဟုတ်ပါလော။ သို့သော် အရည်တူ ပဥ္စဝဂ္ဂီတို့ရောက်လာသောအခါတွင်မူ အဖော်အဖြစ် လက်ခံတော်မူခဲ့သည်။

ယင်းသို့ဖြင့် တောထွက်သည် ဆိုသမင့်လည်း ကေစာ တစ်ပါးတည်း လွတ်လွတ်ကျွတ်ကျွတ် မဟုတ်ဘဲ သဘောတူရာတူရာ မေ့မိတ်ဆွေအဖြစ်ပူးပေါင်း၍ နှစ်ပါးစု သုံးပါးစု ငါးပါးစု (ပဉ္စဝဂ်) အစ၊ လေးငါးရာအထိ စုပေါင်းတောထွက်ကြ သည်များ ရှိခဲ့သည်။ သို့သော် လက်ထောက်နှစ်ရုံဆင့်ထားလျှင် ထိခိုက်တတ်သည် ဟူသော မဟာဇနက ဇာတ်တော် စကားကဲ့သို့ အဖော်ကြောင့် အကျိုးထွက်သကဲ့သို့ အဖော်ကြောင့် အကျိုးပျက် ပြဿနာတက်ရသည်များလည်းရှိလာတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝေဒေဟာရသေ့ထက် ဂန္ဓာရ ရသေ့က အသက်ကြီးသည်။ အသက်ကြီးရုံမျှ မဟုတ်၊ အမြော်အမြင် အဆင်ခြင် ပညာလည်းကြီးသည်။ အမျိုးမြတ်သော ဘုရင်များ လည်းဖြစ်၊ တရားအတွေးအခေါ်သမားများလည်းဖြစ်ကြသည့်အလျောက် တစ်ဦးနှင့် တစ်ဦး မမြင်ဖူးမီက စိတ်ကူးမျက်စိတွင် တွေးထင်ထားကြသည့်အတိုင်းပင် ရုပ်ရည် ကိုယ်ဟန်ရော အပြုအမူပါ သိမ်မွေ့ပြေပြစ်ကြသည်။ ညီရင်းနောင်ချာအလား ထင်မှတ်ရ၏။

သို့ဆိုလျှင် နေရေးထိုင်ရေး တရားအရေးပါ အဆင်ပြေသွားကြဖို့ရှိ၏။ သို့သော် အဆင်မပြေစရာ ကိစ္စတစ်ရပ် ပေါ်ပေါက်လာသည်။ ဆားကလေးကိစ္စမှ ဖြစ်ပေါ် လာသော ဝေဖန်ရေးပေတည်း။

ဆားသည် လူ၏ ရသာတဏှာကို ဆွဲဆောင်ရာ၌ အဓိကအာဟာရဖြစ်၏။ အစာစားရာ၌ အခြားအာဟာရမပါသော်ရှိစေ၊ ဆားမပါသော် မတင်းတိမ်နိုင်အောင် ရှိသည်။

ရသေ့တို့အဖို့ အာရုံငါးပါးကို ဆို့ပိတ်တိမ်းရှောင်ကာ တောထွက်ခဲ့ကြရာ၌ အာဟာရကို ဖြစ်သလိုနည်းဖြင့် မြိုးမြိုသုံးဆောင်ကြသည်။ ရံဖန် သစ်သီးဆွမ်းဖြင့် တင်းတိမ်၏။ ရံဖန် တောစပ် ဇနပုဒ်မှ ဆွမ်းခံ၍ရလာသမျှကို တရားဖြင့် နှိပ်ကွပ် သုံးဆောင်၏။ အလိုက်သိသူတို့က လှူဒါန်းလိုက်သောအခါ ရံဖန် ဆားကလေး အငန်ကလေး ရလာသည်လည်း ရှိသည်။ မရသည်လည်းရှိ၏။

ထိုနေ့က ရသေ့နှစ်ပါး ဆွမ်းခံရာမှ အတူပြန်လာကြပြီးနောက် ဆွမ်းစားကြ သောအခါ ဆွမ်းခံရာတွင် ဆားရလာသည်ကို မတွေ့ရပါဘဲလျက် ဆွမ်းဝိုင်းတွင် ဆားထုပ်ကလေးတွေ့ရသောအခါ ဂန္ဓာရ ရသေ့ကြီးက "အရှင်ဘုရား ဆားရ လာသကိုး" ဟု စကားစလိုက်မိ၏။

"မရခဲ့ပါ။ မနေ့က ရသောဆားကို သိမ်းထားခဲ့ခြင်းဖြစ်ပါသည်ဘုရား"

"အလို . . အံ့ဖွယ်ရာပါတကား"

"အဘယ်ပုံ အံ့ဖွယ်ဖြစ်ပါသနည်း အရှင်"

"အရှင်ဘုရားသည် သုံး၍ပင်မကုန်နိုင်လောက်သော ရွှေငွေရတနာ ဘဏ္ဍာကျီကျနှင့်အတူ တိုင်းပြည်ကြီး တစ်ခုလုံးကိုပင် စွန့်လွှတ်ခဲ့သူဖြစ်ပါလျက် ယခုတော့ ဆားကလေးအပေါ်၌ သံယောဇဉ်ထားနေသည်မှာ အံ့ဖွယ်ရာပေပဲ"

ဝေဖန်ပြစ်တင်မှု၊ ဆိုဆုံးမရမှုဆိုသည်မှာ လွယ်သယောင်နှင့်ခက်သည်။ လူ့ယဉ်ကျေးမှုအရ သာမန်အားဖြင့် ကြီးသူက ငယ်သူအား ဆိုဆုံးမခွင့်၊ အပြစ်နှင့် ကြုံလာလျှင် ပြစ်တင်ဝေဖန်နိုင်ခွင့်ရှိသယောင်ရှိ၏။ ငယ်သူကလည်း ကြီးသူ၏

www.burmeseclassic.com

www.burmeseclassic.com



အဆုံးအမကို လေးစားနာယူရမယောင်ရှိ၏။ သို့သော် သိမှတ်ခံယူပြီးသော ဆရာနှင့်တပည့်၊ သို့မဟုတ် မိဘနှင့်သားသမီးမဟုတ်ခဲ့သော် ကျိုးနွံနာခံဖို့ရန်မှာ လွယ်မယောင်နှင့်ခက်သည်။ အကြောင်းမှုကား ဝေဖန်ဆုံးမမှုဟူသည် အကြောင်းပင် မှန်စေဦးတော့။ အကြင်သူတစ်ဦး၏ မာနနှင့်အတ္တကို ထိခိုက်လာတတ်သောကြောင့် ဖြစ်သည်။

တစ်ဖန်တုံ၊ ဆုံးမခံယူမည့်သူ၏ အပြစ်ကြောင့် မဟုတ်ဘဲ နီတိကျမ်းဂန်များကဲ့သို့ ဆုံးမဖွယ်စကားများဖြင့် အလွတ်ဟောပြော ဆိုဆုံးမခြင်းမှာ သင့်လျော်ပေသေး၏။ အပြစ်ကြုံလာ၍ ကိုယ်တိုင်အသိဖြင့် ဆုံးမဝေဖန်ခဲ့ပါသော် လျှောလျှောပြေပြေ နာခံဖို့ခက်သည်။

အရှင်သာရိပုတ္တရာသည်လည်းကောင်း၊ အရှင်ရာဟုလာသည်လည်းကောင်း ဆုံးမလိုသူတို့၏ အဆုံးအမစကားကို မပြတ်ခံယူလိုပါသည် ဆိုခြင်းမှာ ထိုအရှင်တို့သည် အတ္တမာန ကင်းပြတ်ပြီးသော ရဟန္တာအရှင်တို့ဖြစ်သောကြောင့်ဖြစ်၏။ ပုထုဇဉ်တို့နယ်ပယ်တွင်မူကား ဆုံးမဝေဖန်မှုကို ထားဦး၍ အလွန်ချစ်ပါသည်ဆိုသော မိတ်ဆွေချင်းပင်လျှင် စကားအယူအဆ အဆင်မပြေလျှင် အဖုအထစ် ဖြစ်လာလေတော့သည်။

ဝေဒေဟ ရသေ့သည်လည်း ပုထုဇဉ်မျှသာမက ဆုံးမဝေဖန်စရာ ကြုံလာလျှင် မိမိကသာဆုံးမ၍ မည်သူ၏ သေးသေးတင်ကိုမျှ မခံရဖူးသောဘုရင်ဘဝမှ လာခဲ့သူဖြစ်၏။ ယခု ဆားကလေးကစ္စမျှဖြင့် ဆုံးမဝေဖန်ခံရသောအခါ အကြောင်းသင့်သော ဆုံးမမှုပင်ဖြစ်သော်လည်း အတ္တမာနအခံကြောင့် ထောင်းကနဲ ဒေါသဖြစ်လာ၏။ မိမိထက်အကြီးဟူ၍ လည်းကောင်း၊ မမြင်ရသော မိတ်ဆွေဘဝမှ မြင်ရသော မိတ်ဆွေဘဝသို့ပင် ကူးပြောင်းလာခဲ့သော မေတ္တာ ရက်ယှက်မှုသည်လည်းကောင်း အထစ်အငေါ့ ဖြစ်လာတော့သည်။

ထို့ကြောင့် "အရှင်ဘုရားက တယ်ပြီးတော့ ဆရာလုပ်ချင်သူပါတကား၊ ဆရာလုပ်ချင်ရင် ကိုယ့်ကိုယ်ကိုလုပ်ပေါ့။ ကိုယ့်တိုင်းပြည်မှာ ဆရာမလုပ်ချင်လို့ တောထွက်ခဲ့တာမဟုတ်လား။ သို့ပါလျက် တပည့်တော်အပေါ်မှာ ဆရာလုပ်ချင်သေးသကိုး" ဟုပြန်၍ ပက်လိုက်သည်။

သာမန်အားဖြင့်ဆိုလျှင် တစ်ဦး၏ ဆုံးမဝေဖန်မှုကြောင့်လည်းကောင်း၊ တစ်ဦး၏ ကြက်ခေါင်းဆိတ်မခံနိုင်မှုကြောင့်လည်းကောင်း ဤနေရာတွင်ပင် တစ်ဦးနှင့်တစ်ဦး မေတ္တာအစေးပြယ်ကြရဖို့ရှိ၏။ သို့ရာတွင် သူတို့နှစ်ဦးကို မမြင်ရသော သံယောဇဉ်ကြိုးက စည်းနှောင်ထားသည်။ အကြောင်းမှုကား သူတို့နှစ်ဦးသည် တစ်ဦးက ဘုရားရှင်အလောင်းတော်၊ တစ်ဦးက ညီတော်အာနန္ဒာ အလောင်းတော်ပင်ဖြစ်ကြပေရာ၊ ဘဝသံသရာတွင် ပါရမီဖြည့်ဖက်အဖြစ် မကွေမကွဲနိုင်အောင် စည်းနှောင်လာခဲ့သော မေတ္တာနှောင်ကြိုး မြောက်မြားစွာရှိနေသောကြောင့်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဂန္ဓာရ ရသေ့က အလျှော့မပေးဘဲ တစ်ဆင့်တက်လိုက်သည်။ ''ငါ့ရှင် ဝေဒေဟ။ ။ ဆုံးမဖွယ်ရာ ကြုံလာ၍ ဆုံးမစကား ပြောကြားခြင်းသည်ကား ဘုရား ပစ္စေကဗုဒ္ဓါ၊ အရိယာတို့၏ အစဉ်အလာပေတည်း။ ထို့ကြောင့် ငါသည် ဓမ္မလမ်းကြောင်းအတိုင်းသာ ပြောဆိုခြင်းဖြစ်၏။ သို့ရာတွင် တရားစကားပင်ဖြစ်စေ ကာမူ လူမိုက်တို့သည်ကား မခံယူနိုင်ကြပေကုန်'' ဟု ထပ်၍ ဆုံးမလိုက်သည်။

ဤတွင်ကား စကားအချေအတင်အဆင့်သို့ ရောက်လာကြပြီဖြစ်၏။ စကားနိုင် လုလာကြပြီဖြစ်၏။ မခံလိုစိတ်ဖြင့် စကားနိုင်လုမှုဟူသည် အကြောင်းယုတ္တိရှိသမျှကို ရှာ၍ ကိုးကတ်ပြောဆိုကြစမြဲဖြစ်သည်။

မခံလိုစိတ်ကြောင့် ပြန်၍ပက်ရသော်လည်း အကြောင်းအရင်းမှာမူကား ဒေဝေဟ ရသေ့အဖို့ စတင်ကတည်းက အရှုံးဘက်က နေရခြင်းဖြစ်သည်ကို သိပါ၏။ သို့ရာတွင် လွယ်လွယ်နှင့် အရှုံးမပေးနိုင်ပေ။

ထို့ကြောင့် ''အရှင်ဘုရား။ ။ ဆိုဆုံးမသင့်သည် မှန်ပါ၏။ တရားနှင့်လည်း လျော်ပါ၏။ သို့ရာတွင် အရှင်၏ဆုံးမစကားသည် သူတစ်ပါးကို ထိပါးပုတ်ခတ်သော ဆုံးမချက်ဖြစ်နေသည်။ ပညာရှိဟူသည် သူတစ်ပါးကို မထိခိုက်စေအပ်။ ယခုမူကား အရှင်၏ ဆုံးမစကားမှာ ဓားတုံးကြီးနှင့် ခေါင်းရိတ်ပေးသကဲ့သို့ ဖြစ်နေတော့သည်''ဟု ပြန်၍ ခုခံလိုက်သည်။

''ငါ့ရှင် ဝေဒေဟ။ ။ အဆုံးအမတရားစကားဟူသည် ဆုံးမခွင့်ကြုံ၍ ဆုံးမတော့မည်ဆိုလျှင် ခံယူသောသူအား နာလိုခံခက် အမျက်ထွက်သည်မှုလည်း ဖြစ်စေ၊ ကျေကျေနပ်နပ် နှစ်သက်အပ်သည်မှုလည်းဖြစ်စေ၊ မခံလိုသောကြောင့် ဖွဲပြာအလား လွင့်စင်သွားမှုလည်းဖြစ်စေ ဆုံးမအပ်သည်သာတည်း''

ဝေဒေဟရသေ့ ငြိမ်သွားသည်။ ခံပက်ဖို့အကွက် မရှိသောကြောင့်ဖြစ်၏။ တစ်ကြောင်းမှာလည်း မေတ္တာဓာတ်အပြည့်ပါသော ဂန္ဓာရ ရသေ့၏ စကားသံ တရားသံမှာ သူ့ဒေါသကို တစ်ခွန်းပြီးတစ်ခွန်း ပြေလျော့ ကွယ်ပျောက်စေခဲ့သည်။

တစ်ဦးနှင့်တစ်ဦး အချေအတင်ပြောကြရာ၌ အကြောင်းရပ်သာမက အသံနှင့် ဟန်အမူအရာတို့ကလည်း လွှမ်းမိုးသေးသည်။ မိမိအသံတွင် မခံလိုစိတ်ဖြင့် ဒေါသရိပ် ပါခဲ့သော်လည်း ဂန္ဓာရ ရသေ့၏အသံတွင်လည်းကောင်း၊ ဟန်အမူအရာတွင် လည်းကောင်း မိမိအပေါ်၌ စေတနာအပြည့်ထားသော မေတ္တာရိပ် လွှမ်းကဲလျက်သာ ရှိပေသည်။

လျှာအလိုသို့လိုက်ကာ လောလုပ္ပတဏှာဖြင့် ဆားကလေးကို သိမ်းဆည်းမိ ခဲ့သည့် မိမိအပြစ်ကိုလည်း နဂိုကပင်သိခဲ့သည်သာဖြစ်၏။ အကြောင်းမူကား

www.burmeseclassic.com

www.burmeseclassic.com



သူတော်ကောင်း ရသေ့ရဟန်းဟူသည် ရသတဏှာဖြင့် အစာအာဟာရကို မသိမ်းဆည်းကောင်း။ နောင်အခါ သာသနာတော်၌ ရဟန်းများအဖို့ မသိမ်းဆည်းကောင်းသော အာဟာရများကို သိက္ခာပုဒ်ပြုလုပ်၍ပင် ဆုံးမတော်မူခဲ့ပေသည်။

ယင်းသို့ဖြင့် သူတော်ကောင်း ဓာတ်ခံရှိပြီးသော ဝေဒေဟရသေ့ ငြိမ်သက်သွားသည်။ မျက်နှာရော ကိုယ်ဟန်ပါ ပြေလျော့သွားသည်။ ထို့ကြောင့် ဂန္ဓာရရသေ့က ဆက်၍တရားဟောသည်။

''ငါ့ရှင်ဝေဒေဟ။ ။ အဆုံးအမကို ခံယူနိုင်ခြင်းသည် သောဝစ္စသတာ မင်္ဂလာနှင့် ပြည့်စုံသည်မည်၏။ ဆရာသူတော်ကောင်းတို့၏ အဆုံးအမဟူသည် ခံယူရခဲမှုဖြစ်သည်။ အဆုံးအမကို ခံယူနိုင်အောင် ကြိုးစားရသည်။ အဆုံးအမကို ခံယူခြင်းဖြင့် ပညာရှာရသည်။

''ငါ့ရှင်ဝေဒေဟ။ ။ အကြွင်သူသည် ပညာလည်းမရှိ၊ အဆုံးအမကိုလည်း မခံယူလို။ ထိုသူသည် မာနတည်းဟူသော ဦးချိုသာရှိ၍ ပညာတည်းဟူသော မျက်စိမရှိသော ကျွဲကန်းကြီးနှင့် တူလှစွာ၏။ အကြောင်းမူကား ကျွဲကန်းကြီးသည် အကြောင်းကြုံလာလျှင် မဆင်ခြင် မနှိုင်းဆနိုင်ဘဲ မာနတည်းဟူသော ဦးချိုဖြင့်သာ ယမ်း၍ ခတ်တော့သည်။

''ငါ့ရှင် ဝေဒေဟ။ ။ အကြွင်သူတို့သည်ကား ဆရာသူကောင်းတို့၏ အဆုံးအမကို နာခံကုန်၏။ ပညာရှာမှီးကုန်၏။ ထိုသူတို့သည် မတိမ်းမစောင်း ကောင်းစွာ ကျင့်ကြံနိုင်ကြကုန်သည်ဖြစ်၍ နိဗ္ဗာန်သို့တိုင် သွားရောက်နိုင်ကြကုန်၏''

''အရှင်မြတ်ဘုရား။ ။ တပည့်တော်သည် ကျွဲကန်းကြီးပါဘုရား။ ယမ်း၍ ခတ်မိပါသည်ဘုရား။ တပည့်တော်၏အပြစ်ကို သည်းခံတော်မူပါဘုရား။ ယနေ့မှစ၍ အရှင်၏အဆုံးအမကို ဦးလည်မသုန် နာခံပါတော့မည်ဘုရား။ ဆုံးမဖွယ်တွေ့မြင်တိုင်း ဆုံးမတော်မူပါအရှင်ဘုရား''

ဝေဒေဟရသေ့က သံဝေဂလေသံဖြင့် အနူးအညွတ် ဦးတင်လျှောက်ထားလိုက်သောအခါ ဂန္ဓာရ ရသေ့ကြီးက သာဓု သုံးကြိမ် ခေါ်တော်မူသည်။ ။

www.burmeseclassic.com

www.burmeseclassic.com



# မုန်းစရာကြီး

[ ၁ ]

သူ့ထံသို့မသွား၊ သူ့တရားကိုမနာခြင်းမှာ လှမာန်ဝင့်ခဲ့ဖူးသူ ခေမာထေရီ အရှင်မကြီးကဲ့သို့ပင် အလှမာန် အဆင်းမာန် ခုခံနေ၍ ဖြစ်ကြောင်းဖြင့် ကျွန်မအကြောင်းကို အသိအမှတ်ပြုထားခဲ့ကြသည်။ ကိုယ့်အလှ ကိုယ့်အဆင်းကို ကိုယ်ယုံ၍ အမျိုးသမီးတို့ တံထွာ အလှမာန်ကလေးရှိသင့်သလောက်ရှိခဲ့သည် မှန်ပါ၏။ သို့ရာတွင် သူ့ထံသို့မသွား၊ သူ့တရားကို မနာခဲ့မိသည့် ပဓာနအကြောင်းသည်ကား မုန်းစရာအင်မတန်ကောင်းသောသူ့ကို မုန်းခဲ့မိသောကြောင့်သာဖြစ်ပါသည်။ ကျွန်မဘက်မှ ကိုယ်ချင်းစာ၍သာ စဉ်းစားကြည့်ကြပါဘိ။ သူကား မုန်းစရာကောင်းလှသူဖြစ်ပါသည်။ ဟင်း . . . တကယ့်ကို မုန်းစရာကြီး။

'သူ' ဟူသည်ကား အရှင်သား သိဒ္ဓတ္ထပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

သူ့ကို မွေးကင်းစကပင် ဝိုင်း၍ ချစ်ခဲ့ကြရသည်။ သနားခဲ့ကြရသည်။ ချစ်၍ သနား၍ပင် 'ရွှေပေါ်မြတင်' ဆိုသကဲ့သို့ပင် ဝိုင်း၍ ယုယပိုက်ထွေးခဲ့ကြသည်။ တောင်ညာစံ ဒေဝီ၏ သားကြီးဩရသ ထီးညွန့်နန်းလျာဖြစ်၍ အားပေးကြသည်ကို ထားပါတော့၊ ပင်ကိုအားဖြင့်ပင် ချစ်စရာရုပ်ရည်ကြောင့် ချစ်စရာကောင်းသူကလေးဖြစ်သည်။ မယ်ဘုရားဆိုလျှင် သူ့မိခင် မျက်နှာလွှဲသည်နှင့်တစ်ပြိုင်နက် သားရင်း သမီးရင်းဖြစ်သော ကျွန်မတို့မောင်နှမကိုပင် ဒုတိယနေရာ၌ထားကာ သူ့ကိုသာ ဦးစားပေး၍ နှီချိုတိုက်ကျွေးခဲ့သည်။

သနားစရာဖြစ်ရသောအကြောင်းကား သူသည် အဘယ်သို့သောဘုန်းကံ၊ အဘယ်သို့သော ပါရမီအခြေခံဖြင့် မွေးလာခဲ့သူဖြစ်စေကာမူ မွေးကင်းစ ခုနစ်ရက်သား အရွယ်ကပင် မိခင်ကွယ်လွန်ခဲ့ရရှာသော မိတဆိုးသားလေးသာတည်း။ နို့ပုန်းစားကလေး မျှသာတည်း။

ထူးချွန် မြင့်မြတ်သူတို့အား မွေးဖွားလာခြင်း၌ အရေအတွက်နည်း၍ ထူးထူးခြားခြား ဖြစ်တတ်သည်ဟူသော အစဉ်အလာ ပြောစကားမှာ မှန်လေရော့သလား မသိ။ သွေးမစုံသည့်အမြုံမ၊ သွေးမခိုသည့် အဖိုမဟူ၍ နန်းတော်သူ နန်းတော်သားတို့ တိတ်တခိုး ပြောဆိုကြသည်အထိ အသက်ငါးဆယ်ကျော်အောင်ပင် သန္ဓေအရိပ် အယောင်နှင့် ကင်းဝေးခဲ့သော သူ့မိခင်မာယာဒေဝီသည် ငါးဆယ်ကျော် ခြောက်ဆယ်ပိုင်း ရောက်ခါမှပင် သူ့အား ထူးထူးခြားခြား သန္ဓေတည်ကာ ဖွားမြင်လာခဲ့သော လူအို နောက်ကျသားလေးလည်းဖြစ်ပေသည်။

သူသည် အရီးတော် တောင်ညာစံဒေဝီမှ မွေးဖွားသူဖြစ်သောကြောင့် ကပိလဝတ်အမွေ ထီးနန်းကို သိမ်းမြန်းဆက်ခံရမည့်သူဖြစ်၏။ သို့ရာတွင် တစ်ဖက်တွင်လည်း ဘုရင့်ဆရာကြီးများက သူသည် ကပိလဝတ်ထီးနန်းကို သိမ်းမြန်းမည့်သူမဟုတ်ဘဲ ငယ်ငယ်ရွယ်ရွယ်နှင့် ရဟန်းဘဝကူး၍ လောကသုံးပါးတွင် ထူးခြားသော ဘုရားရှင် ဘုရားဖြစ်မည့်သူဟု အဟောရှိခဲ့သည်။ ထူးခြားသော တရားကို ခံမင်၍ သူတို့အမြင်ကို သူတို့ယုံကြည်လွန်းသော အချို့သောဆရာကြီးများဆိုလျှင် မုချ သူတောထွက်လာမည်ကို ကြိုသောအားဖြင့်ရသေ့ရဟန်းဝတ်ကာ တောတွင်းမှ သွား၍ စောင့်ကြိုနေသူများပင်ရှိခဲ့သည်။

မည်သို့ဆိုစေ၊ ဤကိစ္စများသည် အနာဂတ်၏ ကိစ္စများသာဖြစ်၍ ပစ္စုပ္ပန်တွင် မူကား ဘုရားမဖြစ်စေလိုသော ခမည်းတော်ကြီးသည် တရားအမြင်ဖြစ်ပေါ်နိုင်သည့်နှင့်

www.burmeseclassic.com

www.burmeseclassic.com



စပ်သော သူ့ပတ်ဝန်းကျင်တစ်ခုလုံးကို အစွမ်းနိုင်ဆုံး ပြုပြင်၍ထားခဲ့ပေသည်။ ထားဟန်ကား တရားအမြင်နှင့်မစပ်သော ပတ်ဝန်းကျင်ဟူသည် ဖိုသတ္တဝါ ယောကျာ်းသား တစ်ယောက်အဖို့ အဓိကမှာ မသတ္တဝါ အမျိုးသမီးများသာ ဖြစ်ပေရာ သူ့ဝန်းကျင်တွင် ငယ်စဉ်ကပင် အမျိုးသမီး အထိန်းအယများစွာဖြင့်သာ ဝန်းရံစေခဲ့သည်။

ဤတွင် ကျွန်မသည်အဓိကဖြစ်လာသည်။ အကြောင်းမူကား ကျွန်မနှင့်သူသည် မွေးကင်းစကပင် သပိတ်ဝင်အိတ်ဝင်ဆိုသကဲ့သို့ ကျွန်မတို့ မယ်ဘုရား ရင်ခွင်တွင် ထမင်းရည်သောက်ဖက်၊ ခေါင်းခေါက်ဖက်ဆိုသကဲ့သို့ နို့လုစို့ဖက် မဟုတ်ခဲ့ပါလော။

"ဒေဝဒဟ၊ ကောလိယ ဟု၊ နုမနှင့်မောင်၊ ပြည်တည်ထောင်" ဟူသော စကားအရ မျိုးဆက်မပြန့်ပွားရန် အဓိကထားလွန်းသော ကျွန်မတို့ သာကီဝင်များသည် မတတ်သာလျှင် မောင်ရင်းနှမရင်းချင်းကိုပင် ထိမ်းမြားလေ့ရှိခဲ့ကြပေရာ ယခုသော် တောင်နန်းဖွားဖြစ်သော သူနှင့် မြောက်နန်းဖွား ကျွန်မတို့မှာ အနာဂတ်ရေးအတွက် အဘယ်မျှ လိုက်ဖက် အဆင်ပြေပါသနည်း။

တစ်နန်းတော်လုံးကပင် ဤသို့ထင်မြင်ယူဆ တွက်ကိန်းချ ပြောဆိုနေခဲ့ကြသည်။ မယ်ဘုရားထံမှလည်း ယင်းတွက်ကိန်း ချချက်အတိုင်း တစ်စွန်း တစ်စ ကြားသိထားခဲ့ရသည်။

တစ်ကြောင်းမှာလည်း မယ်ဘုရား ဂေါတမီသည် ယခင်က မြောက်နန်းဒေဝီပင် ဖြစ်လင့်ကစား အရီးတော်ဘုရား နတ်ရွာလားပြီး အချိန်မှစ၍ တောင်နန်းဒေဝီအဖြစ်သို့ ကူးပြောင်းခဲ့လေရာ အဆင့်သိက္ခာတက်၍ လာသောကြောင့် သူနှင့်ကျွန်မတို့၏အနာဂတ် လမ်းစဉ်မှာ မြေခတ်မလွဲ ဖြောင့်ဖြူးနေသည်ဟု ကျွန်မတွက်ကိန်းချခဲ့မိရိုးအမှန်ဖြစ်ပါ၏။

တစ်ကြောင်းအားဖြင့်လည်း ရုပ်ရည်အဆင်းကိစ္စကို ဖော်ပြလိုပေသေးသည်။ အဘယ်မျှနီးစပ်၍ အဘယ်မျှ သပိတ်ဝင် အိတ်ဝင် ဆိုစေကာမူ ယောကျာ်းတစ်ယောက် နှင့် မိန်းမတစ်ယောက်တို့ တွဲစပ်နီးကပ်ဖို့ဆိုသည်မှာ ရုပ်အဆင်းသည် ပဓာနဖြစ်၏။ အထူးသဖြင့် ယောကျာ်းသားများအဖို့ ပို၍ အဓိကကျသည်မဟုတ်ပါလော။

ပါရမီထူးသူ ဖြစ်သည့်အလျောက် သူ့အဆင်းသည် မွေးစကပင် ပြိုင်ဖက်ရှား ဆိုရလောက်အောင် ထူးခြားလှသည်ဖြစ်ပါ၏။ သို့ရာတွင် အဘယ်မျှ ပါရမီထူးသည် ဆိုစေ၊ အဆင်းဟူသည် မိဘနှစ်ပါးတို့သာ အကြောင်းရင်းများဖြစ်ကြသည့်အတိုင်း သူသည်လည်းကောင်း၊ ကျွန်မသည်လည်းကောင်း မိချော ဖချော နာမည်ကျော် ဒေဝီကြီးနှစ်ပါးမှ ဖွားပေါက်လာသူများသာဖြစ်ကြပေရာ ကျွန်မ၏အဆင်းသည်လည်း ရွှေနန်းတော်တစ်ခုလုံး ပြောစမှတ်ပြုကြာ စံသတ်မှတ်ခဲ့ရသူဖြစ်ကြောင်း ဖော်ပြလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သား တောမထွက်ရေး၊ ဘုရားမဖြစ်ရေးအတွက် ခမည်းတော်ကြီး ကြိုးပမ်းခဲ့သော အစီအစဉ်သည် ပထမသော် တစိုးစိုးတထိတ်ထိတ် အတွင်းကပင် အောင်မြင်ခဲ့သည်ဟု ဆိုရမည်ဖြစ်ပါ၏။ အကြောင်းကား ကျွန်မအတွက် ယင်းသို့ စိတ်ကူးအမျိုးမျိုး၊ ကြိုးပမ်းချက်အမျိုးမျိုးတို့အကြား သူလက်ထပ်ဖို့အချိန်ကျရောက်လာသောအခါ ကျွန်မတို့အကြားသို့ မမျှော်လင့်သော ယသော်ဝင်ရောက်လာ၏။ ကြံသော်လည်း ပျက်တတ်၍ မကြံသော်လည်း ဖြစ်တတ်သည်ဟူသော လောကသဘာဝတရား တစ်ရပ်ဟု ဆင်ခြေပေးနိုင်ပါ၏။ သို့သော် လူသာ ပဓာနဆိုသကဲ့သို့ သူသာပဓာန မဟုတ်ပါလော။

ခမည်းတော်ကြီးက မည်သို့သောအလားအလာကို ကြည့်၍ အဘယ်သို့ စီစဉ်သည်ဆိုစေကာမူ သူသာပဓာန၊ သူတင်းလျှင် ငြင်း၍ သူပယ်လျှင် ဖယ်နိုင်ပါသည်။ ယခုသော် သူကိုယ်နှိုက်ကပင် ယသော်ကို တွေ့သည်နှင့် တစ်ပြိုင်နက် အမေကျော် ထွေးတော်လွမ်းသွားခဲ့သည်ကို ကျွန်မတို့မသိဘဲ ရှိပါမည်လား။

ဘဝရေစက်ဟု ဆိုလှာပြန်သည်။ ယောကျ်ားဟူသည် သူတို့ လိုချင်လာလျှင် ဘဝရေးစက်ကို လွှဲချတတ်သည် မဟုတ်ပါလား။ တကယ့်ကို မုန်းစရာကြီးပါ။

ယသော်လည်း လှပါ၏။ မွန်ရည်ပါ၏။ သဘောထားကောင်းမွန်မြင့်မြတ်ဟန်လည်း ရှိပါ၏။ သို့ရာတွင် လူငယ်တို့ဓမ္မတာ တစ်စုံတစ်ရာ သူနှင့် ရင်းနှီးမှုရှိခဲ့သည်ကိုမူ မတွေ့ခဲ့ရ။ ကပိလနှင့် ဒေဝဒဟ တစ်နိုင်ငံနှင့်တစ်နိုင်ငံ မယ်တစ်ရွာ မောင်တစ်မြို့နှင့်ပင် တစ်ကြိမ်တစ်ခါ တစ်ခေါက်တစ်ကျင်းဆိုသလို တွေ့ဆုံရုံမျှနှင့် သူ့ထံသို့ ယသော်ရောက်လာခြင်းဖြစ်ပါသည်။

ရောက်လာသည်မှ ရိုးရိုးသားသား ရောက်လာခြင်းမျှမဟုတ်၊ သမီးဂုဏ်ဝင့်လွန်းသော ယသော့်မိဘတို့က မင်းသားတို့အတတ်ပညာမဲ့သည်ဆိုသော သူ့ကို သူတို့သမီးနှင့် မပေးစားနိုင်ဆိုသဖြင့် ပြဿနာမျိုးစုံကို ဖြေရှင်းပြီးခါမှ ရောက်လာခြင်း ဖြစ်ပေသည်။

ကျွန်မအထင်အားဖြင့် ဤသို့ဖြစ်ရခြင်းမှာ ရွှေဘုံနိဒါန်း ထီးနန်းစဉ်လာကို ဂရုပြုလွန်းသော ကျွန်မတို့ ခမည်းတော်ကြီးက သူ့သားကြီး ကပိလဝတ် ထီးနန်းကို ဆက်ခံဖို့ကိစ္စတွင် ဒေဝဒဟ၏ သမီးကြီးဖြစ်သော ယသော်နှင့် လိုက်ဖက်ရန် စီမံခြင်းဖြစ်၍ သူကလည်း မေတ္တာပင်အလေးအနက်မရှိစေကာမူ ထီးနန်းရိုးရာအစဉ်အလာ သဘောသို့ လိုက်ပါခဲ့ရခြင်းသာဖြစ်သည်ဟု နားလည်ခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတော့ ပြောစရာရှိပါ၏။ ငယ်စဉ်ကပင် သူ့ကို မယ်ဘုရားတို့ကသာ ဦးစားပေးခဲ့သည်မဟုတ်။ ကျွန်မတို့ မောင်နှမကလည်း နေရာတကာ ဦးစားပေး အရေးယူခဲ့သည်။ မောင်တော်နန္ဒဆိုလျှင် သူ့ထက်အကြီးပင် ဖြစ်လင့်ကစား ညီငယ်ကဲ့သို့ ဆက်ဆံသည်။ ကျွန်မဆိုလျှင် ကလေးတို့ သဘာဝ ဆော့ကစားရာ စားရာ သောက်ရာ မှအစ မယ်ဘုရားကိုယ်ပွား အမေကြီးအလားကဲ့သို့ သူ့ကို ပြုစုယုယခဲ့သည်။

ကျွန်မတို့ ဦးစားပေး အလိုလိုက်လွန်းသောကြောင့် သူသည် အခြားသူများ အပေါ်၌ အဘယ်မျှ သဘောထားကောင်းမွန်သူကပင်ဖြစ်လင့်ကစား ကျွန်မတို့ မောင်နှမ အပေါ်၌မူ နိုင်ချင်ကြက်ဆိုသကဲ့သို့ နွဲ့ဆိုးဆိုးတတ်သည်ကို တွေ့ခဲ့ရသည်။

ဆိုးပါစေ။ မယ်ဘုရားတို့ မောင်တော်နန္ဒတို့ကတော့မူ သူ့အပေါ်တွင် စေတနာ သန့်သန့်ဖြင့် အလေးပေးခဲ့ဟန်တူပါ၏။ ကျွန်မသည်လည်း ငယ်စဉ်ကတော့ မယ်ဘုရားတို့ မောင်တော်တို့ အလိုလိုက်ကာ ပင်ကိုမေတ္တာတွင် ကရုဏာကလေး စွက်၍ စေတနာသန့်သန့်ဖြင့်ပင် အလေးပေးခဲ့သည်မှန်ပါ၏။ သို့ရာတွင် အရွယ် ကလေးတွေ ထောက်၍ လူလားလေးတွေ မြောက်လာသည့်အခါ၌ သူ့အဖို့ ထီးအမွေ နန်းအမွေ ဆက်ခံရင်း တောင်ညာစံအဖြစ် ချစ်သူကြင်သူ ရွေးရတော့မည့်ကိစ္စတွင်မူ မယ်ဘုရားရင်ခွင်ကတည်းကပင် အစစ အနစ်နာခံကာ မေတ္တာစစ်မေတ္တာမှန်ကို ပြခဲ့ရသော ကျွန်မကို အတုံ့အလှည့်ဦးစားပေးလိမ့်မည်ဟု တိတ်တခိုး မျှော်လင့်ထားခဲ့မိရိုး အမှန်ဖြစ်ခဲ့ပါ၏။ သို့သော် မျှော်လင့်သလိုဖြစ်မလာ။ ဖြစ်လာအောင် ကြိုးစားရသမျှလည်း အချည်းနှီးသာ ဖြစ်ခဲ့ရပါသည်။

ကျွန်မသည် တွေးမိတိုင်း ကျလာသမျှသော မျက်ရည်ကို ဒူးဖြင့်ကျိတ်၍ သုတ်ခဲ့ရပါ၏။ ဤကတည်းကပင် သူ့အပေါ်တွင် စိတ်မပျက်သော်လည်း ကွက်ခဲ့ရသည်။ မုန်းစရာကြီး၊ တကယ့်ကို မုန်းစရာကြီးပါ။

[ ၃ ]

သို့သော် မောင်ချစ် နှမချစ်မျှသာမက တစ်ဖက်တွင် ကရုဏာချစ်ပါ ခိုင်မြဲခဲ့သူမို့ မမုန်းနိုင်ခဲ့ပါ။ ရိုးရိုးဝန်ခံရသော် ဖြစ်နိုင်ခဲ့လျှင် ယသော်လို ပထမနေရာကို ရောက်လို သော်လည်း မရောက်နိုင်၍ သူ့လေးစားသမှုနှင့် မေတ္တာတုံ့ပြန်မှုကို ခံယူရလျှင်ပင် ကျေနပ်နှစ်သိမ့်မည်ဖြစ်ပါ၏။ သို့ရာတွင်သူ့ထံမှ ငယ်စဉ်ကအတိုင်းပင် နိုင်ချင်ကြက် ပုံစံဖြင့် ဆက်ဆံရင်းနှီးမှုရှိရုံမှတစ်ပါး မည်သို့မျှထူးခြား၍မလာခဲ့ပါ။ ရင်းနှီးခဲ့ရလွန်း သောကြောင့်ရှာနွားမြက် ရှာနွားမစားဆိုသော စကားလိုများ ဖြစ်နေရော့သလား။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်တို့ကား ကျွန်မဘက်မှ ကျွန်မအကြောင်းတို့မျှသာဖြစ်၍ ကပိလဝတ် ရွှေနန်းတစ်ခိုတွင် နာမည်ကြီးလှသော သူနှင့်စပ်၍ သာကီဝင် သာကီသွေး အခြား အမျိုးသမီးများ အကြောင်းကိုလည်း ပြောမည်ဆိုလျှင် ပြောစရာ မြောက်မြားစွာ ရှိပါသည်။ ကြိုတင်မသိနိုင်သော အနာဂတ်တွင် မည်သို့ဖြစ်လာမည်ဆိုစေ၊ လူဟူသည် အတိတ်ကိုတမ်းတ၊ ပစ္စုပ္ပန်ကို မကျေနပ်၊ အနာဂတ်ကို မျှော်လင့်ချက်ထားသူများ ဖြစ်ကြသည့်အတိုင်း ကပိလဝတ် ရွှေနန်းတစ်ခွင်မှ အရေးပါ အရွယ်ရောက်သော အမျိုးသမီးတိုင်းလိုလိုပင် သူနှင့်နီးစပ်ရေးအတွက် သူ့အပေါ်၌ မျှော်လင့်ချက်ထားခဲ့ ကြသည်ချည်းဟု ဆိုရပါမည်။

ယင်းအမျိုးသမီးများအနက်မှ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ထူးခြားသော အမျိုးသမီး နှစ်ယောက်ကို ထုတ်ပြလိုပါသည်။ တစ်ယောက်က အဘိရူပနန္ဒာဖြစ်၏။ သာကီဝင် ဦးရီးတော်တစ်ယောက်၏ သမီးဖြစ်၍ ငြင်းကွယ်မရအောင်ပင် အဆင်းလှလွန်း သောကြောင့် အလှဘုရင်မလေးဟု ဆိုကြပါစို့။

ကျွန်မအပါအဝင် အဘယ်သူတွေ အဘယ်မျှလှသည်ဆိုစေကာမူ သူကတော့ အများနှုတ်ဖျားက အလှပိုင်ရှင် အလှဘုရင်မလေးဟု ဖွင့်ထုတ်သိမှတ်ချီးကျူး ရလောက်အောင်ပင် လှပါပေသည်။ အဘိရူပနန္ဒာသည် သူ့အလှအားကိုးဖြင့် အရှင့် သားအပေါ်တွင် မျှော်ကိုးရာခဲ့ရိုး အမှန်ဖြစ်၏။ သို့ရာတွင် အလှဟူသည် ယင်းအလှ ပိုင်ရှင် မျှော်မှန်းသလောက် အရာရောက်ဖို့ရန်မှာ အခြားဂုဏ်ရည် အသိုက်အဝန်းတို့ လိုပေသေးရာ သာကီဝင် အဖျားအနားမျှသာဖြစ်သောသူ့အဖို့ မဝံ့မရဲ မျှော်ကိုးရင်းဖြင့်ပင် ကျန်ခဲ့ရရှာသည်။

ယင်းအလှကြောင့်ပင် အခြားသာကီဝင် လုလင်တို့အကြား၌ အဘိရူပနန္ဒာအား သူရန်း ငါရန်းဖြင့် ပြဿနာများစွာ ဖြစ်ပေါ်လာခဲ့ပေရာ ရည်မှန်းချက်မပေါက်သော အချို့ အမျိုးသမီးတို့ ဓမ္မတာအတိုင်း အဘိရူပနန္ဒာသည် နောင်အခါတွင် သူ့သာသနာ သို့ပင် ခိုလှုံကာ ထင်ရှားသော ထေရီမယ်ကြီးအဖြစ်သို့ ကူးပြောင်းသွားသည်။

နောက်တစ်ယောက်ကား နောင်အခါ သာသနာ့သမိုင်းတွင် ကျော်ကြားလှသော အနုပညာရှင် ကဗျာဆရာ ကိသာဂေါတမီဖြစ်၏။ သာကီနွယ် ဦးကြီးတစ်ဦး၏ သမီးပင် ဖြစ်သည်။

သူကတော့ အလှပိုင်ရှင်မဟုတ်။ မလှမပရုံသာမဟုတ်။ ယောက်ျားတို့ မက်လောက်စရာ ကိုယ်ခန္ဓာ ပြည့်ပြည့်ဖြိုးဖြိုးမျှပင်မရှိရှာ။ နွဲ့နှောင်းရုံနှင့် ပိန်ပိန်သေးသေး မျှဖြစ်၍ ''မပိန်သေး'' ဟုပင် တိတ်တခိုး အခေါ်ခံရသူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် သူ့မှာ အလုမရှိစေကာမူ ထူးခြားသော အရည်အသွေးတစ်ရပ်တော့ ရှိသည်။ ကဗျာဆရာ အနုပညာရှင်တည်း။

ဤစကားကို ပြောရခြင်းမှာ အနုပညာရှင်တို့မည်သည် အဆင်း၊ ပစ္စည်း၊ အမျိုးဂုဏ်၊ ရာထူးဂုဏ်စသော အခြားအရည်အသွေး အဘယ်မျှ မရှိစေကာမူ အနုပညာရှင်ဟူသည် ကြီးငယ်မဟူ လူအများတို့ လေးစားနှလုံးသက်ဝင်စေလောက်အောင် ထူးခြားသော အရည်အချင်းတစ်မျိုး၏အရှင်ဖြစ်သည်ကို တွေ့သိရသောကြောင့်ဖြစ်ပါ၏။ အကြောင်းသော်ကား အလုကြွယ်သူတို့အလယ်တွင် သူသည် သူ့ကဗျာစာပေ အစွမ်းဖြင့်ပင် အရှင်သားထံ ချဉ်းကပ်ကျွမ်းဝင်နိုင်သူဖြစ်ကြောင်း တွေ့ရသည်။

အရှင့်သားနှင့် စပ်သော သူ့ကဗျာတစ်ပိုဒ်သည် နောင်အခါ၌ အရှင်သား သာသနာတော်တွင် သမိုင်းဝင်အဖြစ် ကျန်ရစ်ခဲ့သည်။ ဤသည်ပင်လျှင် သူ၏ ထူးခြားချက်ဖြစ်၍ ဤအကြောင်းသည်ပင် သူ့ကို ထုတ်ဖော်ရခြင်းဖြစ်သည်။ မထုတ်ဖော်မီ အကြောင်းခံလေးပြောရန်ရှိသေး၏။

ယင်းအကြောင်းခံကလေးကို ရှိုးရိုးဖွင့်ဟသော် အရှင်သားကို မျှော်မှန်းခဲ့သော ကျွန်မအပါအဝင် သာကီဝင်အမျိုးသမီးများသည် မျှော်မှန်းသလောက် မပေါက်ရောက်သောအခါ၌ အရှင့်သား နံဘေးတွင် ယသော်လို ပထမနေရာတွင် မရသော်ရှိစေ၊ ဒုတိယနေရာ၊ တတိယနေရာတို့တွင် သူ့မေတ္တာ တုံ့ပြန်မှုနှင့် သူ့လေးစားသမှုကို ခံယူလိုကြသေးသည်သာဖြစ်သည်။ ခံယူနိုင်အောင် မျှော်လင့်ချက်ထား ကြိုးစားနေကြသည်သာဖြစ်သည်။

ကျွန်မအဖို့ကား လက်လျှော့လိုက်ပါ၏။ အကြောင်းကား သူ့ကို အဘယ်ပုံချဉ်းကပ်စေကာမူ ကျွန်မအပေါ်၌ ငယ်စဉ်ကအတိုင်းပင် နိုင်ချင်ကြက်ပုံစံနှင့် ဆက်ဆံရင်းနှီးမှုမှုရှိရုံမှတစ်ပါး မည်သို့မျှ ထူးခြား၍မလာသောကြောင့်ဖြစ်သည်။ သို့ရာတွင် မယ်ပိန်သေးမူကား သူ့အနုပညာအစွမ်းဖြင့် တစ်ချိန်တွင် အရှင်သားနှင့် နီးစပ်မယောင်ဖြစ်သွားသည်ကို တွေ့ခဲ့ရသည်။ ထိုအချိန်ကား ယသော်ဒေဝီ ပဋိသန္ဓေရှင့်မာနေချိန်ဖြစ်၏။

ယောက်ျားများသည် ဇနီးဖြစ်သူ ပဋိသန္ဓေရှင့်မာချိန်၌ တစ်ဖက်တွင် အဘယ်မျှ ဟန်လုပ်နေစေကာမူ တစ်ဖက်၌ကား လူမသိ သူမသိ တိတ်တခိုး ငြီးငွေ့နေတတ်ကြသည်ဟု အဆိုရှိသည်။ ဤစကားသည် ဟုတ်ဟန်ရှိ၏။ အကြောင်းမူ အရှင်သားသည် ယသော် ပဋိသန္ဓေရှင့်မာချိန်၌ ယခင်ကသွားလေ့သွားထ အင်မတန်နည်းပါးခဲ့သော

www.burmeseclassic.com



တောကစား အလုပ်တွင် ယခုတလောတွင်မူ သူ့ရထားထိန်းတစ်ဦးကိုခေါ်၍ ဥယျာဉ်မွေ့ထွက် ထွက်သွားတတ်သည်ကို တွေ့မြင်ရသောကြောင့်ဖြစ်ပေသည်။

ဥယျာဉ်မွေ့ထွက်ရာ၌ ဥယျာဉ်သို့ သွားရာလမ်းသည် ကိသာဂေါတမီတို့ အိမ်ရှေ့တစ်ဆစ်ချိုးဖြတ်၍ သွားရသကဲ့သို့ ညနေပိုင်း ဥယျာဉ်မှပြန်သော အခါတွင်လည်း သူ့ရထားသည် မယ်ပိန်သေးတို့ အိမ်ကို ဦးတိုက်မောင်းနှင်လာပြီးမှ တစ်ဆစ်ချိုး ကွေ့ရသည်။

ယင်းအခွင့်အရေးကို ကိသာဂေါတမီက ရအောင်ယူသည်။

ယူပုံဟန်ကား ဥယျာဉ်သို့ အရှင်သား အသွားအပြန်တွင် မပိန်သေးက သူ့ကိုယ်ဟန်နှဲ့နှောင်းနှောင်းကို အစွမ်းကုန်ပြင်ဆင်ကာ ထွက်၍ လူရောင်ပြသည်။ အပြုံးဝင့်သည်။ ကြားလောက်သော နေရာသို့ရောက်လျှင် နှုတ်ခွန်းစကားမြွက်ကြားသည်။

တစ်နေ့တွင်မူ အရှင့်သား ဥယျာဉ်မှ အပြန်၌ နှုတ်ခွန်းဆက်ရုံမကဘဲ ကဗျာတစ်ပုဒ်ဖြင့်ပင် ရွတ်ဆိုချီးပသည်။ ယင်းကဗျာသည် နောင်အခါ၌ ထင်ရှား၍ လာသောကြောင့် ကျွန်ုပ်မ ကျက်မှတ်ထားသည်။

နိဗ္ဗုတာနူန သာမာတာ
နိဗ္ဗုတာနူန သောပိတာ၊
နိဗ္ဗုတာနူန သာနာရီ
ယဿာယံ ဤဒိသောပတိ။

အေးငြိမ်းမည်သာပင် ထိုမိခင်၊
အေးငြိမ်းမည်သာပင် ထိုဖခင်၊
အေးငြိမ်းမည်သာပင် ထိုမေခင်၊
ဤသို့သော အရှင် ရသူလျှင်။

ယင်းကဗျာကို ဂရုတစိုက်ဖတ်ကြည့်ပါ။ အဘယ်မျှ စွမ်းရည်ပြည့်သနည်း။ အဘယ်မျှ သဘာဝကျသနည်း။ အဘယ်မျှ ဆွဲဆောင်သနည်း။

သူ့ကိုလိုသော ကဗျာဆရာသည် မိမိဘက်သို့ လုံးဝယက်ထားသော ကဗျာ မဟုတ်ပေ။ မိမိအတွက် လို၍ သူ့ကို ပို့ထားခြင်းမျှဖြစ်၏။ အသားလို၍ အရိုးတောင်း ထားသော ကဗျာဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"သားကောင်းရတနာကြောင့် မိခင်အေးငြိမ်းရသည်။ ဖခင်အေးငြိမ်းရသည်။ ထို့အတူ ဇနီးဖြစ်သူလည်း အေးငြိမ်းရသည်။ ဤသို့သောအရှင်ကို အဘယ်သူ မရယူလိုဘဲ ရှိပါအံ့နည်း" တဲ့။

ယင်းကဗျာကို အရှင့်သားသည် သူ့ရထားကို ရပ်၍ပင်နားဆင်သတဲ့။ ပြီးတော့ နှစ်ခြိုက်လှသောနှလုံးဖြင့် အရှင့်သားက ကဗျာရှင်ကို ပြုံး၍ပင်ပြပါသတဲ့။ သည့်မှုသာမက အရှင့်သားသည် နန်းတော်သို့ ရောက်သောအခါ သူဆင်မြန်းထားသည့် သူ့အသည်းနှလုံးပေါ်မှ တစ်သိန်းတန် ပုလဲကုံးကြီးကိုပင် ကဗျာရှင် မယ်ပိန်သေးသို့ ကဗျာလက်ဆောင်အဖြစ် အပေးခိုင်းလိုက်သတဲ့။ ကဗျာရှင် မယ်မျှော်လင့်ကလေးအဖို့ အဘယ်မျှနှလုံးဝမ်းမြှုး ကြည်နူး၍ သွားလေမည်နည်း။

ဤအကြောင်းရင်းများသည် အရှင့်သား လှုပ်ရှားမှုမှန်သမျှကို မပြတ်စူးစိုက်လျက်ရှိကြသော ကျွန်မတို့ အမျိုးသမီးလောကသို့ တစ်မုဟုတ်ချင်းပင် ပျံ့နှံ့လာသည်။ သို့သော် အထင်နှင့်အမြင် ကွာခြားလှပါပေ၏။ အကြောင်းသော်ကား ကာမဂုဏ် စက်ဝိုင်းအတွင်းမှ လွတ်ထွက်ရန် အမြဲကျိတ်၍ကြံနေခဲ့သော အရှင့်သားသည် ထိုနေ့ညတွင် တောထွက်၍ သွားသောကြောင့်တည်း။

ဟင်း . . . မုန်းစရာကြီး။ ကျွန်မတစ်ယောက်သာမဟုတ်။ သူ့ကိုမျှော်လင့်လေသမျှ အမျိုးသမီးအားလုံးအတွက်ပင် တကယ့်ကို မုန်းစရာကြီးပါ။

ဖြစ်ဟန်ကား ထိုနေ့ညနေပိုင်းက ယင်းကဗျာကြောင့် အရှင့်သား၏ လှုပ်ရှားမှုများမှာ ကဗျာကြောင့်မဟုတ်၊ မယ်ပိန်သေးကြောင့်လည်း သာ၍မဟုတ်။ ယင်းကဗျာတွင် ပါရှိသော "နိဗ္ဗုတ – အေးငြိမ်းရေး" ဟူသော ဝေါဟာရကြောင့်ဖြစ်ကြောင်း နောင်အခါမှသိရသည်။

အေးငြိမ်းမှု၊ လွတ်မြောက်မှု ထွက်ပေါက်ကို မပြတ်ရှာနေသော အရှင့်သားသည် အေးငြိမ်းမှုနှင့်စပ်သော တရားစာပေများ၊ ဝေါဟာရများကို ရှာဖွေကြားနာလေ့လာခဲ့ရာ၌ ယင်းအေးငြိမ်းမှုနှင့် စပ်သောဝေါဟာရငါးဆယ်ခန့်ရှိသည့်အနက် "နိဗ္ဗုတ" ဟူသော ဝေါဟာရကို ကြားဖူးခဲ့ရဟန်မတူ။ ယခု ကိသာဂေါတမီကျမှ "နိဗ္ဗုတ" ဟူသော ဝေါဟာရကို ကြားလိုက်ရသောအခါ သူ့ရည်မှန်းချက် နှလုံးတံခါးကြီး ပွင့်သွားဟန်တူသည်။ ထို့ကြောင့် ထိုနေ့ညပင် တောထွက်သွားသည်။

ကဗျာဆရာဟူသည် ဝေါဟာရ အရှာကောင်းသည်မဟုတ်ပါလော။ နိဗ္ဗာန် – နိဗ္ဗာန်ဟူသော ဝေါဟာရသည် နောင်အခါ၌ အရှင့်သား သာသနာတော်တွင် တဟိန်းဟိန်းမြည်ဟည်းလျက်ရှိသည် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



[ ၄ ]

ထားပါတော့၊ ကျွန်မအတွက်မှု မှန်းစရာကောင်းသော သူ့အကြောင်းကို ဆက်ရန် ရှိပေသေးသည်။

တောထွက်ပြီး ခြောက်နှစ်ကျော် ခုနစ်နှစ်အကြာတွင် သူဘုရားဖြစ်လာပြီ ဟူသော သတင်းသည် ကပိလဝတ်၊ ရာဇဂြိုဟ် စသော ကျွန်မတို့မဇ္ဈိမမြောက်ပိုင်း တစ်ခိုသို့ ဟိန်း၍ထွက်လာသည်။ ဟိန်းသင့်ပါပေသည်။ အကြောင်းကား ခမည်းတော်ကြီး ကြိုးပမ်းမှုကြောင့် ယခင်က ကျွန်မတို့တွေ့မြင်နေကျ ရသေ့ရဟန်းများနှင့်မတူ။ ထူးခြားစွာ ငြိမ်သက် သေဝပ်စွာသော တပည့်ရဟန်းအခြံအရံကြီးနှင့်အတူ ကပိလဝတ်သို့ ကြွရောက်လာသော သူ့ကို အဝေးမှဖူးတွေ့ရသည်မှာ ယခင်က အသွင်အပြင်အဆင်အမှုတို့နှင့် လုံးဝမတူသောကြောင့်ပင်ဖြစ်ပါ၏။ သူရည်မှန်းခဲ့သည့်အတိုင်း တကယ့်တရားရှင်၊ ဣန္ဒြေတော်အရှင်ကြီးပါပေ။

ထူးကဲ၍လာသော သူ့အသွင်။ သူ့ဘဝ၊ သူ့ဣန္ဒြေတော်ကြီးများကို ရှုမြင်၍ ကျွန်မတို့အဖို့ သူ့အပေါ်တွင် ယတိပြတ်လိုက်ပါပေပြီ။ ကျွန်မတို့အဖို့ သူ့လမ်းစဉ် သူ့အလုပ်တွင် ကူညီခွင့်ကြုံသမျှ ကူညီရန်သာ ရှိတော့၏။ သို့သော် နိဂြောဓာရုံတွင် သူသီတင်းသုံးနေခိုက် သူ့လုပ်ရှားမှု သူ့လမ်းစဉ်တွင် ဆန့်ကျင်ဘက်ဖြစ်ရလောက်အောင် ကျွန်မနှင့် ကြုံကြိုက်ရပါလေ၏။ ဖြစ်ပုံကား ဤသို့တည်း။

အရှင်သားတို့ နိဂြောဓာရုံသို့ ရောက်လာသည့် နောက်တစ်နေ့တွင် ရောက်မဆိုက် ဆိုရလောက်အောင်ပင် သူ့အလိုနှင့် ဆန့်ကျင်ခဲ့သော ခမည်းတော်ကြီး ကိုယ်တိုင် သူ့ဘက်သို့ပါသွားသည်။ ထို့နောက် တစ်နေ့တွင်ပင် ကပိလဝတ်၏ ထီးညွှာက်နန်းလျာဖြစ်သော သူ့သားတော်လေး ရာဟုလာကိုသူ့ဘက်သို့ အပါဆွဲသွင်း လိုက်နိုင်သဖြင့် တစ်နန်းတော်လုံး ထိတ်ထိတ်ပြာပြာ ဖြစ်ကုန်ကြရသည်။ သို့သော် ကိစ္စမရှိသေး။ ထီးညွှန့်နန်းလျာအတွက် မောင်တော်နန္ဒတစ်ယောက်လုံး ရှိနေသေးသည် မဟုတ်ပါလော။

ထိုအချိန်တွင် ကျွန်မတို့အမျိုးသမီးလောကဌ် သူ့ကြောင့် တထိတ်ထိတ် တပျာပျာ ဖြစ်နေကြရသည်။ အကြောင်းကား အမျိုးသမီးတို့၏ လင်များ သားများသည် သူနှင့်ကပ်လိုက်လျှင် သူ့တရားကြောင့် သူ့ထံ သူ့ဘက်သို့ ရဟန်းအဖြစ်ပါသွားကြသည် ချည့်လိုလို ဖြစ်သောကြောင့်ဖြစ်သည်။

ရာဇဂြိုဟ်သို့ သူ့ကို အပင့်သွားလေသမျှ ယောကျ်ားသား ကိုးထောင်ကျော်မျှ သူ့ဘက်ပါသွားကြသည်။ ကပိလဝတ်ရောက်တော့လည်း တပြုံကြီး၊ အများကြီး။

www.burmeseclassic.com

www.burmeseclassic.com



သူ့တရားက တစ်ကြိမ်ကြားနာလျှင် နာရသလောက် ကောင်းလှပေမည်ကား အမှန်ဖြစ်၏။ သို့သော် အမျိုးသမီးများအဖို့တော့ လင်ဆုံးသားဆုံး တရုံးရုံး ဖြစ်ကြရရှာလေသည်။ အခြားသူတွေထက် ထီးနန်းကိစ္စ၊ မျိုးဆက်ကိစ္စကို အရေးထားလှသော သာကီဝင် အရင်းအမြစ်တို့အတွက် အရေးကြီးလာပေပြီ။

ထီးညွန့်နန်းလျာအတွက် သားထွန်းကားမှု နည်းပါးလှသော ဒေဝီနှစ်ယောက်အနက် ပထမသော် မယ်တော်ဂေါတမီမှ ပေါက်ဖွားလာသော မောင်တော်နန္ဒကို ရည်မှန်းခဲ့၏။ နောင်အခါတွင် ဂုဏ်သိက္ခာလိုက်၍ 'ညီတော်နန္ဒ' ဟု အများကပင် သိမှတ်ပြောဆိုစေကာမူ မောင်တော်နန္ဒသည် သူ့ထက် ငါးရက်ကြီးပါ၏။ တောင်ညာစံ အစ်မတော် မာယာဒေဝီမှ အရှင့်သားကို မွေးဖွားသောအခါ ထီးနန်းကိစ္စသည် ထုံးတမ်းစဉ်လာအတိုင်း သူ့ဘက်သို့ ရောက်သွား၏။ သူတောထွက်သွားသောအခါ ထီးရှင်နန်းရှင်အဖြစ် သူ့သွေး ရာဟုလာကလေး ကျန်ရစ်ခဲ့သည်။ ယခု ရာဟုလာကလေး သူ့ထံရောက်သွားသောအခါ မောင်ကြီးနန္ဒဘက်သို့ ပြန်လှည့်လာသည်။

ဖြစ်ပေါ်လာသမျှ ယင်းအစီအစဉ်အရ ခမည်းတော်ကြီးက ကျွန်မနှင့် မောင်တော်နန္ဒကိုပင် လက်ဆက်စေ၍ ထီးညွန့်နန်းလျာ လျာထားသည်။ ယင်းအခိုက် တွင်ပင် အရှင်သားတို့ ကပိလဝတ် ပြန်ရောက်လာပြီးနောက် နိဂြောဓာရုံတွင် သီတင်းသုံးနေသည်။ သူ့ကြောင့် အခြားသူများ အဘယ်မျှ အခက်အခဲရှိကြစေကာမူ ကျွန်မတို့ဘဝခရီးတော့ ဖြောင့်ဖြူးလိမ့်မည်ဟု ယုံစားမိသည်။ သို့သော် ယင်းယုံစားချက်သည် သူ့ကြောင့်ပင် အချည်းနှီးဖြစ်ရပါလေ၏။

ထိုနေ့က မောင်တော်နန္ဒနှင့် ကျွန်မတို့လက်ထပ်ပွဲသို့ မင်္ဂလာဆွမ်းကျွေးရန်အတွက် အရှင့်သားနှင့် သူ့ရဟန်းတော်များ ကြွလာကြသည်။ ကပိလဝတ်၏ မင်္ဂလာလက်ထပ်ပွဲများတွင် သက်ဆိုင်ရာ ရသေ့ရဟန်းတို့အား မင်္ဂလာဆွမ်းကျွေးရခြင်းသည် ထုံးတမ်းစဉ်လာဖြစ်၏။ အရှင့်သားတို့ ပေါ်ပေါက်လာသောအခါ လက်ထပ်ပွဲ၊ ဆွမ်းကျွေးပွဲစသော မင်္ဂလာပွဲများသည် အရှင့်သားတို့အတွက် မနားမနေ ဆိုရလောက်အောင်ပင် ပေါ်များခဲ့၏။ သို့ရာတွင် ကျွန်မတို့ မင်္ဂလာပွဲတွင် ကျရောက်လာမည်ဖြစ်သော ဘဝမုန်တိုင်းကိုကား စိုးစဉ်းမျှ မတွေးမမြင် အထင်ပင် မရောက်ခဲ့မိပါ။

ဖြစ်လာပုံကား ဆွမ်းကျွေးပွဲပြီးစီး၍ အရှင်သားနှင့် ရဟန်းတော်များ နိဂြောဓာရုံသို့ ပြန်ကြွမည်ရှိသောအခါ အရှင့်သားက မောင်တော်နန္ဒအား သူ့သပိတ်ကို ယူရန်ခိုင်း၏။ ဤမျှအထိ ဖြစ်လာမည့် အရိပ်အဆင်ကို ကျွန်မလုံးဝမရိပ်မိသေး၊ ညီအစ်ကိုချင်း ရင်းနှီးသောသဘောဖြင့် သူ့သပိတ်ကို အယူခိုင်းသည့်အတွက် ဝမ်းမြောက် မိပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အိမ်ဝတွင် သူ့သပိတ်ကို ယူတော့မလိုနှင့် မယူ။ အိမ်အောက်ရောက်တော့လည်းမယူ။ အိမ်ခြံဝတွင်လည်းမယူနှင့် မောင်တော်နန္ဒသည်သာ သူ့နောက်သို့ တကောက်ကောက် လိုက်ပါသွားလျက်ရှိသည်ကို တွေ့ရှိသောအခါ ကျွန်မအဖို့ စိုးရိမ်စိတ်ဖြစ်လာမိ၏။

ထို့ကြောင့် အရှင့်သားလည်းကြားစေ၊ မောင်တော်နန္ဒကိုလည်း သိစေဟူသောသဘောဖြင့် ကျွန်မသည် မောင်တော်နန္ဒမြင်သာလောက်အောင် အိမ်တံခါးပေါက်မှနေ၍ "မြန်မြန်ပြန်လာခဲ့ပါ မောင်တော်ရေ့၊ အိမ်မှာ ညှော်ခံစရာ ညှော်သည်တွေနဲ့ ကိစ္စဝိစ္စတွေ တစ်ပြုံကြီးနဲ့ ． ． ． " ဟု ခပ်ချွဲချွဲကလေးပင် လေသံပစ်လိုက်ရသည်။ ကျွန်မအသံကြောင့် မောင်တော်နန္ဒသည် သပိတ်ကိုထမ်းရင်းနှင့်ပင် ကျွန်မဆီသို့ လည်ပြန်ကြည့်လိုက်သောအခါ ချက်ချင်းပင်ပြန်လာအောင် ကျွန်မတို့ချင်းသာ နားလည်သောအမူအရာနှင့် အရှင့်သားမသိအောင် သူ့ကိုပြလိုက်သည်။

သို့ရာတွင် ထိုအချိန်သည်ပင် ကျွန်မ၏ ဘဝမုန်တိုင်းအစဖြစ်ပါလေ၏။ အကြောင်းသော်ကား မောင်တော်နန္ဒပြန်မလာတော့ပါ။ နောက်မှကြားသိရသည်ကား မောင်တော်နန္ဒလည်း အခြားအမျိုးသမီးများ၏ လင်သားများနည်းတူ ရဟန်းဘဝကူးပြောင်းသွားပြီဟူ၍ ဖြစ်ပါ၏။

သူ့အပေါ်တွင် မကျေမချမ်းနိုင်ခဲ့သော ကျွန်မ၏ ဘဝမုန်တိုင်းသည် ယခုအခါတွင် အထွတ်အထိပ်သို့ ရောက်ခဲ့ပြီဖြစ်၏။

တွေ့ခဲ့ရသမျှကို တွေးမိတိုင်း သောကဝေရသည်။ ကြားရတိုင်း ပူမှုကြွယ်ခဲ့ရသည်။ အကြောင်းကား ． ． ． မောင်တော်နန္ဒသည် ကျွန်မအထံသို့ ပြန်မရောက်တော့ရာ၍ အခြားယောကျ်ားများလို အလွယ်တကူ ရဟန်းဘဝသို့ ကူးပြောင်းသွားခြင်းမဟုတ်၊ အကြီးဖြစ်ပေမင့် နိုင်ချင်ကြွက်ပမာ ငယ်စဉ်ကပင် ချစ်ကြောက်ရိုသေခဲ့ရှာသော သူ့အထံတွင် အတင်းကွပ်ညှပ်၍ ထားရင်းဖြင့် နည်းပရိယာယ်မျိုးစုံနှင့် ရဟန်းဘဝသို့ သွတ်သွင်းလိုက်သည်ဟု ကြားသိရသောကြောင့်ဖြစ်၏။ တကယ့်ကို မုန်းစရာကြီးပါ။

[ ၅ ]

မိန်းမသားဟူသည် ဘဝအားအင် နည်းသူများဖြစ်ကြပါ၏။ မည်သို့ဖြစ်စေ၊ မည်သို့ဖန်လာစေ၊ ယခုတော့မူ ကျွန်မအဖို့ တွယ်ရာမဲ့ မျောက်သစ်ကိုင်းလွတ်ပမာဖြစ်လာရပါပြီတည်း။ အကြောင်းကား အရှင့်သား၏ တရားဆွဲအားကြောင့် သော်လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



အခြားစစ်မက်ရေးရာအဖြာဖြာကြောင့်သော်လည်းကောင်း၊ ကပိလဝတ် နန်းတွင် ထီးထီးမားမား ယောက်ျားမှန်သမျှလိုလို ကင်းဆိတ်၍သွားကြပါလေပြီ။

ဤမျှသာမဟုတ်၊ ထီးဝန်းပမာ အားပြု၍နေရသော ကျွန်မ၏မယ်ဘုရား ဂေါတမီကိုယ်တိုင်သူ့အားထုတ်မှုဖြင့် အရှင့်သားက ဘိက္ခုနီ သာသနာဖွင့်ပေးလိုက်သောအခါ အရေးပါသော ကျွန်မတို့အဖော်အမျိုးသမီးမြောက်မြားစွာတို့ကိုယ်တိုင်လည်း မယ်ဘုရားနောက်တွင် ဘိက္ခုနီ သာသနာတော်သို့ ကူးပြောင်း၍ သွားကြသောကြောင့် ယခင်က စည်စည်ပင်ပင်နှင့် အမြင်အတွေ့ သာယာခဲ့သော ကပိလဝတ်နန်းအလယ်တွင် ကျွန်မအဖို့ အထီးကျန်ဖြစ်နေရတော့သည်။

ကျွန်မ အဘယ်သို့သွား၍ အဘယ်သူကို မှီခိုကာ အဘယ်ပုံနေထိုင်ရပါမည်နည်း။ အသက်အရွယ်ကလည်း အတန်ပင်ထောက်လာခဲ့ပေပြီ။ အဖော်မဲ့ မိန်းမသားတစ်ယောက်မျှသာဖြစ်သော ကျွန်မအဖို့ မှီခိုရန် တစ်နေရာသာရှိပေတော့သည်။ ယင်းသည်ကား ကောင်းအတူ ဆိုးအမျှ ဘဝအကျိုးပေးသမျှသာ နေရတော့မည်ဖြစ်သော မယ်ဘုရား ဂေါတမီ၏ အထံသာလျှင်ဖြစ်၏။

သို့နှင့် ရာဇဂြိုဟ်ရှိ မယ်ဘုရားအထံသို့ ရောက်သောအခါ အခက်အခဲ နှစ်ရပ်နှင့် ကြုံရပြန်သည်။ အခက်အခဲတစ်ခုမှာ မယ်ဘုရားအထံတွင် ဘိက္ခုနီအဝတ်နှင့်မှ နေရမည်ဆို၍ ဘိက္ခုနီအဝတ် မဝတ်လိုခြင်းဖြစ်၏။ နောက်တစ်ခက်ကား ဘိက္ခုနီဆိုလျှင် အရှင်သား သာသနာ စက်ရိပ်အောက်သို့ဝင်ရောက်ရခြင်းဖြစ်ရာ ကျွန်မအတွက် ဘဝတစ်သက်တာလုံးလိုလိုပင် အဆင်မပြေခဲ့သော အရှင်သားနှင့် ကင်းကင်းရှင်းရှင်း နေလိုတော့သော ချစ်သည်းနာစိတ်ဖြစ်ပါ၏။

သို့သော် ဘဝအားအင်အတွက် အတွယ်အတာကင်းမဲ့လေပြီဖြစ်သော ကျွန်မအဖို့ ကြုံလာသမျှကို မရုန်းဖယ်နိုင်ခဲ့၊ ထို့ကြောင့် မယ်ဘုရား အလိုအတိုင်း ဘိက္ခုနီအဝတ်ကိုပင် ဝတ်လိုက်ရကာ အရှင့်သားစက်ရိပ်အောက်တွင် လူမမြင်သူမသိ စေလိုသော နည်းဖြင့်သာ ပုန်းရင်းကွယ်ရင်းခပ်လျှိုလျှိုနေလိုက်ရတော့သည်။

သို့သော် မကြာပါလေ၊ အခြေအနေက တစ်မျိုးဖန်တီးလာပြန်သည်။ အလိုအလျောက် တစ်မျိုးဖြစ်လာခြင်းမဟုတ်၊ တစ်မျိုးဖြစ်အောင် အရှင့်သားက စီစဉ်လိုက်ကြောင်း နောင်အခါမှ ကျွန်မသိလာရသည်။ အကြောင်းကား မယ်ဘုရား အထံတွင် ကျွန်မရောက်လာသည်ကို အရှင်သားမသိဟု ကျွန်မ ထင်သော်လည်း အရှင့်သားကမူ သိနေပြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အရှင့်သား ဘုရားရှင်ထံသို့ ဘိက္ခုနီများသည် တရားနာရန်နှင့် ဩဝါဒခံယူရန် နေ့စဉ်နေ့တိုင်း သွားရောက်ကြရသည်။ ယင်းသို့သွားရောက်လေတိုင်း ကိုယ့်အကျိတ် အခဲနှင့်ကိုယ် ရှိနေခဲ့မိသော ကျွန်မအဖို့မူ မလိုက်ဘဲ တစ်ချောင်ချောင် တစ်နေရာရာတွင် ခိုကပ်၍ ရှောင်လွှဲနေခဲ့သည်သာဖြစ်သည်။

သို့ရာတွင် မကြာပါလေ။ အရှင့်သားထံမှ ဘိက္ခုနီမများသို့ အမိန့်တော်တစ်ခု ကျရောက်လာသည်။ ယင်းအမိန့်ကား ဘိက္ခုနီမမှန်သမျှသည် ဘုရားရှင်အထံတော်သို့ တရားနာ မလာမနေရ၊ အလှည့်ဖြင့်လာရောက်ကြရမည်ဟူသော အမိန့်ပင်ဖြစ်ပေ၏။

ယင်းအမိန့်ကိုလည်း ကျွန်မသည် ရှောင်လွှဲနိုင်ခဲ့၏။ ရှောင်လွှဲပုံကား ကျွန်မ အလှည့်သို့ရောက်သည်ဆိုသောအခါ ကိုယ်တိုင်မသွားဘဲ အခြွေအရံ ဘိက္ခုနီမ တစ်ပါးပါးကို အစားထိုး၍ စေလွှတ်လိုက်ခြင်းပင်ဖြစ်ပေသည်။

သို့ရာတွင် မကြာပါလေ။ ထပ်ဆင့်အမိန့်တစ်ရပ် ရောက်လာပြန်သည်။ ဘုရားရှင်အထံတွင် တရားနာရန် အလှည့်ကျသော ဘိက္ခုနီမများသည် ကိုယ်စား မလွှတ်ရ၊ ကိုယ်တိုင်လာရမည်ဟူ၍ဖြစ်၏။ ကျွန်မ မတတ်နိုင်တော့ပါချေ။ သူ့စက်ရိပ် သူ့သာသနာတွင် သူ့အမိန့်ကို နာခံရမည်သာ ဖြစ်တော့၏။

သို့ဖြစ်၍ နောက်တစ်ကြိမ် အလှည့်ကျသောအခါ ကိုယ်စားမလွှတ်ဝံ့တော့ဘဲ ကိုယ်တိုင်ပင် သွားရောက်လိုက်ရသည်။ သို့ရာတွင် အရှင့်သား မမြင်နိုင်စေရန် အစွန်အဖျားရှိ ဘိက္ခုနီမများ အကြားတွင်သာ ခပ်ကွယ်ကွယ်နေရာယူသည်။

ဤသည်တော့မှပင် ကျွန်မတစ်လျှောက်လုံး အမှားကြီးကို အံ့အားသင့်စွာ ဘွားခနဲ တွေ့ရတော့သည်။

ကျွန်မသည် ယခင်အခါက အရှင့်သား၏တရားကို တစ်ကြိမ်တစ်ခါမျှ မကြားနာ စဖူးခဲ့ပေ။ ကပိလဝတ် တစ်ခွင်လုံးတွင် တရုံးရုံး တစာစာဖြင့် သူတကာတွေ တရားနာသွားကြသော်လည်း ကျွန်မမူကား အရှင့်သားအပေါ်တွင် ထားရှိခဲ့သော ကိုယ့်အတွေး ကိုယ့်မာန် အခုအခံကလေးများကြောင့် အရှင့်သားကို ရှောင်လွှဲ၍ နေခဲ့သည်သာ ဖြစ်သည်။ အခြားနေရာအပထား၍ မင်္ဂလာဆွမ်း စားရန်အတွက် မိမိအိမ်သို့ ကြွလာစဉ်ကပင် မမြင်သာအောင်ရှောင်လွှဲ၍ နေခဲ့မိသည်။ ဤမျှဝေးကွာ၍ သာယာဆိတ်ငြိမ်လှသော ဝေဠုဝန်လို နေရာမျိုးကိုအပထား၍ အရှင့်သားသီတင်းသုံးခဲ့ရာ နီးနီးစပ်စပ် နိုဂြောဓာရုံသို့လည်း တစ်ခါတစ်ခေါက်မျှ မရောက်ခဲ့စဖူးပေ။

www.burmeseclassic.com

www.burmeseclassic.com



ယခုသော် ဝေဠုဝန်တွင် အရှင့်သား၏ တရားခွင်ရှေ့မှောက်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ပုန်းလျှိုးကွယ်လျှိုးပင် ဖြစ်စေကာမူ ပတ်ဝန်းကျင်တစ်ခွင်လုံးက ကျွန်မ၏ စိတ်ဓာတ်အားလုံးကို ကျုံ့ဝင်သွားအောင် ဆွဲယူသည်။

ရှေးဦးစွာကား ယခင်ကနှင့် လုံးလုံးမတူ။ ယခင်က လှ, လှပါသည်။ အသရေ ရှိလာပါသည်ဆိုသော အရှင့်သား၏ ပင်ကို ရုပ်အဆင်းထက် မနှိုင်းယှဉ်နိုင်လောက်အောင် မြင့်တက်ကွာခြား အလှကျက်သရေ ကြီးမားလျက်ရှိသော အဆင်းတော်ဖြစ်၏။ ဤမျှမက မူရင်းရုပ်အဆင်းတော်မှ တဖျပ်ဖျပ် တမြူးမြူးဖြင့် ကူးလူးထွက်ပေါ်လျက် ရှိနေသော လ, ရောင်လိုလို၊ ကြယ်ရောင်လိုလို စိန်ရောင်ကျောက်ရောင် ပတ္တမြား အရောင်လိုလို မည်သည့် အရောင်မျိုးဟုပင် မဆိုသာအောင် ထွက်ပေါ် ဝန်းရံလျက် ရှိသော ရောင်ခြည်တော်တို့ကို ကြည့်မဝ ရှုမဝ အံ့အားသင့်လှစွာ ဖူးတွေ့ရ၏။

သူ့ရှေ့ရှိ ပရိသတ်မှာလည်း မယ်ဘုရားတို့လို ဘိက္ခုနီမယ်များသာကမက မိမိကိုယ်ကို ဟုတ်လှပြီထင်ခဲ့သော ကျွန်မထက် အဆများစွာ ကျက်သရေအတိ သိက္ခာအပြည့်ရှိလှစွာသော အမျိုးသမီးကြီးငယ်အများတို့ ဝန်းရံလျက်ရှိသည်။ ထို့ထက် ထူးခြားချက်မှာကား ယခင်ကနှင့်လုံးဝမတူတော့သော အရှင့်သား၏ အံ့စဖွယ် အသံတော် ပေတည်း။

ပြောင်းလဲလာသော ယင်းအသံသည် ဤလောက၌ မည်သည့်အသံမျိုးဟု နှိုင်းယှဉ်ပြောဆိုဖို့ရန်ပင် ခက်သည်။ ယင်းအသံတော် အဆင်းတော်နှစ်ခုမျှကို ဖူးတွေ့ ကြားနာရုံမျှဖြင့်ပင် အရှင့်သားအပေါ်တွင် ယခင်ကတင်ရှိခဲ့သော ကျွန်မ၏ မလိုတမာ စိတ်ထားများကို ဆွဲနုတ် တူးယူလိုက်သကဲ့သို့ ခံစားရသည်။ အကြောင်းသော်ကား ကျွန်မသည် အရှင့်သား မမြင်သာအောင် ပုန်းလျှိုးကွယ်လျှိုး နေမိစေကာမူ အရှင့်သား ကမူကား ကျွန်မကို မြင်၍ ကြည့်၍ ကျွန်မကိုပင် တိုက်ရိုက်ဟောကြားနေသည်ကို ကြားနာရသောကြောင့်ဖြစ်ပေသည်။ မှန်လှပေ၏။ အရှင့်သားသည် နှစ်လိုအပ်စွာသော မဟာကရုဏာအသံတော်ဖြင့် ကျွန်မကိုပင် တိုက်ရိုက်ခေါ်ငင်ကာ တရားဟောကြားသည်။

''အဘယ်နမ ဘဒ္ဒကလျာဏီ။ ။ အရိုးခြင်ဆီ မသတီဖွယ်တို့ဖြင့် ဖွဲ့စည်း ထားအပ်သော မျက်လှည့်ပမာ မိမိ၏ခန္ဓာကိုယ်ကို အဟုတ်ကြီးထင်ကာ ခင်တွယ်၍ မနေသင့်။ ဤမသတီဖွယ် ခန္ဓာကိုယ်ဝယ် မှီတွယ်နိုပ်စက်၍နေသော စိတ်ညံ့စိတ်ဆိုး အမျိုးမျိုးတို့ကိုလည်း အဘယ့်ကြောင့် သိမ်းပိုက်မွေးမြူ၍ ထားရပါသနည်း။ ပညာသတိကို ရှေ့တင်၍ ဆင်ခြင်လေလော့ နှမတော် ဘဒ္ဒကလျာဏီ''

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် အရှင့်သား၏ ယင်းတရားတစ်ပုဒ်တည်းဖြင့်ပင် ရွှေအိုးကို မှောက်သွန်၍ ချလိုက်သကဲ့သို့ ယခင်က သိုလှောင်ဆောက်တည်ထားခဲ့မိသမျှ သဘောဆိုး မနောဆိုး မနောညံ့မှုန်သမျှတို့ ကင်းစင်လွင့်ပျောက်ကာ အမှောင်အတွင်းမှ အလင်းရောင်ကြီးကို ဘွားခနဲမြင်တွေ့မြင်ရဘိအလားပင် လင်းထင်ချမ်းမြေ့၍ သွားသည်။ ထိုမျှသာမက ကိသာဂေါတမီထံမှ အရှင်သားကဲ့သို့ ယခင်က သိမှတ်၍ ထားခဲ့သော ''နိဗ္ဗုတ' ဟူသော အသံသည် ကျွန်မ၏ နှလုံးဉာဏ်တွင် ပြည့်လျှံ၍ထွက်လာသည်။ နိဗ္ဗုတ ． ． ． နိဗ္ဗုတ ． ． ． ငြိမ်းအေးမှု ． ． ． ငြိမ်းအေးမှု။

ယင်းနောက်တွင်ကား ကျွန်မ၏တစ်ခုတည်းသော အာသီသမှာ မုန်းစရာ့အသွင် ဖြင့်သာ အရှင့်သားအပေါ်တွင် အမြင်မှားခဲ့လေသမျှကို အရှင့်သားအား တောင်းပန် တိုးလျှိုး ရှိခိုးဝန်ချရန်ဖြစ်သည်။ မုန်လှပါ၏။ မုန်းစရာ့အသွင် မဆင်မခြင် ထင်ခဲ့မိ လေသမျှ ယခုသော် တင်၍မဆုံးနိုင်လောက်အောင်ပင် ကျေးဇူးတော်သခင် အရှင့်သား အဖြစ်သို့ အပြောင်းလဲကြီး ပြောင်းလဲခဲ့ပါပြီ။

''အရှင့်သား ဘုရားသခင်။ ။ အရှင့်အပေါ် မတော်မတရား ထင်ခဲ့မြင်ခဲ့ မိလေသမျှ အမှားများအတွက် ကရုဏာစိတ်ထား ခွင့်သနားတော်မူပါရန် သွယ်ဖယောင်းခက် ဆယ်ချောင်းလက်ဖြင့် ထိပ်ထက်ဦးနှိမ် အကြိမ်ကြိမ် ဝပ်လျှိုး၍ ရှိခိုးတောင်းပန်ပါသည် အရှင်ဘုရား''။ ။

www.burmeseclassic.com

www.burmeseclassic.com



# ဘုန်းဘုန်းပြန်လာပြီ

[ ၁ ]

"ဘုန်းဘုန်း လာပါပြီ"

"ဘဘဘုန်း လာပြီဟေ့"

"တို့ ဘုန်းဘုန်း ကြွလာပြီ"

ရွှေညောင်ပင်ရွာကြီး၏ နံနက်ခင်း တေးသံများပမာ ရွာလယ်လမ်းမ တစ်လျှောက်ရှိ ညောင်ပင်ကြီးများအောက်တွင် ဆော့ကစားလျက်ရှိကြသော ကလေးများက ဆွမ်းခံရန်အတွက် အချိန်မှန် ကြွရောက်လာသောဘုန်းတော်ကြီးအား အဝေးမှ လှမ်းမြင်ရသည်နှင့် တစ်ပြိုင်နက် မြူးကြွအော်ဟစ်ကြသော အသံကလေးများ ဖြစ်၏။

ဤအသံကလေးများကို ကြားရပြီဆိုလျှင် ဆွမ်းလောင်းရန် အသင့်ဖြစ်ပြီးသော အိမ်များက ဆွမ်းခွက်ကိုယ်စီကိုင်၍ လမ်းမသို့ထွက်လာကြသည်။ အသင့်မဖြစ်သေးသော သူများကလည်း မိမိတို့အိမ်ရှေ့သို့ ဘုန်းတော်ကြီး ရောက်လာပါက အသင့်လောင်းလှူနိုင်ရန် ဆောတလျင်ပြင်ဆင်ကြသည်။

ဤဘုန်းတော်ကြီး၊ ဤရွာ၊ ဤအသံကလေးများနှင့် ဤကောင်းမှုဓလေ့တို့ တည်ရှိခဲ့သည်မှာ တစ်နှစ် နှစ်နှစ်မျှမဟုတ်။ နှစ် နှစ်ဆယ် အစိတ်မျှလည်းမဟုတ် နှစ်ပေါင်းခြောက်ဆယ်ပင်ကျော်ခဲ့ပေပြီတည်း။

ဤအချိန်ရောက်ပြီဆိုလျှင် ဘုန်းတော်ကြီးသည် ဆွမ်းခံရန်အတွက် ကြီးစွာသော စက္ခုက္ကန္ဒြေဖြင့် ရွာလယ်လမ်းမသို့ တစ်လှမ်းချင်း ဖြည်းညင်းစွာ ကြွရောက်လာမြဲဖြစ်သည်။ "ကြီးစွာသော စက္ခုက္ကန္ဒြေ" ဆိုသည်မှာ ရွာထဲသို့ ဆွမ်းခံဝင်လာသည့် အချိန်၊ ဒါယကာ-ဒါယိကာမများနှင့် ရံဖန်တွေ့ဆုံသည့်အချိန်မျှမဟုတ်၊ ကျောင်းလိုဏ်ဂူတွင်ဖြစ်စေ၊ မည်သည့်နေရာ မည်သည့်အချိန်အခါတွင်ဖြစ်စေ စက္ခုန္ဒြေ ကာယိန္ဒြေ စောင့်စည်းလွန်းသော ဘုန်းတော်ကြီး၏ အသားကျနေသော မူရင်းပုံစံကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



သားစဉ်မြေးဆက် အစဉ်မပြတ် တွေ့ရှိခဲ့ကြရ၏။ အမည်နှင့်အကျင့် လိုက်ဖက်လှပေသည်။ စိတ္တဂုတ္တမထေရ်ကြီးတည်း။

အမည်အားဖြင့် 'စိတ်ကို စောင့်ရှောက်သော မထေရ်' ဟု အဓိပ္ပာယ်ရ၏။ စိတ်ကိုစောင့်ရှောက်မှုဟူသည်မှာ မျက်စိကို စောင့်ရှောက်ရသည်။ နားကိုစောင့်ရှောက်ရသည်။ ယင်းသို့ဖြင့် မျက်စိ၊ နား၊ နှာ စသော ပြင်ပအာရုံခြောက်ပါး၊ အတွင်းတံခါးခြောက်ပေါက်ကို စောင့်ရှောက်ရသည်။ စိတ္တဂုတ္တဟူသော ဘွဲ့တော်မှာ ဤအခြင်းအရာအားလုံးကို ခြုံ၍ အလုပ်ရော သဘောပါ အဓိပ္ပာယ်ဆောင်သော ဘွဲ့တော်ဖြစ်၏။

အတွင်းတံခါး ခြောက်ပေါက်အနက် စိတ်ကို စောင့်ရှောက်ရသည်မှာ အခက်ဆုံးဖြစ်သည့်အလျောက် တရားအာရုံတွင် အမွေ့အထုံလွှန်ကဲသော တပည့်ဖြစ်သူအား ဆရာဖြစ်သူက စိတ်ကိုစောင့်ရှောက်ဖို့ မပြတ်သတိရစေရန် ငယ်စဉ်ကပင် စိတ္တဂုတ္တဟု ဘွဲ့ချည်ပေးခဲ့သည်။

ငယ်စဉ်ကပင် ဆရာထံမှ ကမ္မဋ္ဌာန်းကို ယူပြီးနောက် ဤရွှေညောင်ပင်ရွာကြီးနှင့် မနီးမဝေးရှိ လိုဏ်ဂူတွင် သီတင်းသုံး၍ တရားအားထုတ်နေခဲ့သည်မှာ နှစ်ပေါင်းခြောက်ဆယ်ပင် ကျော်ခဲ့လေပြီ။

စိတ်ကိုစောင့်ရှောက်ဖို့ အခက်ဆုံး၏နောက်တွင် စောင့်ရှောက်ဖို့ခက်ခဲလှသော အခြားအရာတစ်ခုမှာ နှုတ်ဖြစ်၏။

အကြောင်းသော်ကား တော တောင် လိုဏ်ဂူတွင် ကေစာ တစ်ပါးတည်း သီတင်းသုံးသည် ဆိုသမင့်လည်း ဆွမ်းခံထွက်ကြွရာ၌လည်းကောင်း၊ ရံဖန် မိမိထံသို့ အဖူးအမြော် ရောက်လာကြခြင်းဖြင့်သော်လည်းကောင်း လူမှုရေးအရ တရားစကား ပဋိသန္ဓာရစကား အထိုက်အလျောက် ပြောဖို့ လိုအပ်ပေသေးရာ၊ နှုတ်ကို စောင့်စည်းအပ်သောအားဖြင့် မည်သည့်ဒါယကာမည်သူနှင့်ပင် တွေ့သည်ဖြစ်စေ "သုခိတာ ဟောထ၊ ချမ်းသာကြပါစေသတည်း။ ဒုက္ခာမုစ္စထ၊ ဆင်းရဲခြင်းမှ ကင်းလွတ်ကြပါစေသတည်း။ သုခီအတ္တာနံ ပရိဟရန္တု မိမိကိုယ်ကို ချမ်းသာစွာ ဆောင်နိုင်ကြပါစေသတည်း" ဟူသော စကားသုံးခွန်းမျှကိုသာ ပြော၍ နှုတ်ကိုစောင့်စည်းထားသည်။

ထို့ကြောင့် ဒါယကာ ဒါယိကာမများနှုတ်၌ မူရင်း စိတ္တဂုတ္တဘွဲ့အမည်ပင် ပျောက်၍ "သုခိတာ ကိုယ်တော်ကြီး" ဟု ခေါ်ဝေါ်သုံးစွဲနေကြသည်။

သာသနာတော် ထွန်းကားသော မဇ္ဈိမတိုက် မြောက်ပိုင်းတစ်ခိုနှင့် စိတ္တဂုတ္တမထေရ်ကြီး သီတင်းသုံးသော လက်ာဒီပကျွန်းတစ်ခို၌ တောနေရဟန်းတို့ သီတင်းသုံးရန် လိုဏ်ဂူတို့သည် ပေါများလှစွာ၏။ သာသနာတော် တည်ဦးခါစက ဘုရားရှင်နှင့် တပည့်သားသံဃာတို့သည် ယင်းလိုဏ်ဂူ တော တောင်တို့တွင်သာ ကျောင်းအဖြစ် သီတင်းအသုံးများ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင် သီတင်းအသုံးများသော ဂိဇ္ဈကုဋ်တောင် လိုဏ်ဂူ၊ အရှင်မဟာကဿပ မထေရ် သီတင်းအသုံးများသောကြောင့် ဝိပ္ပလိလိုဏ်ဂူ၊ ကဿပလိုဏ်ဂူဟုပင် အမည်တွင် ထင်ရှားလျက်ရှိသော လိုဏ်ဂူစသော မပြုမပြင် သဘာဝလိုဏ်ဂူများလည်း ရှိ၏။ ဒါယကာတို့ ပန်းပု၊ ကျောက်ဆစ်ပန်းချီ စသော အနုပညာရှင်တို့၏ အကူအညီဖြင့် လှလှပပ ထုလုပ်ရေးခြယ်လှူဒါန်းအပ်သော လိုဏ်ဂူများလည်းရှိ၏။

သာသနာတော် စည်ပင်လာသောအခါတွင်မူ ဇေတဝန်၊ ပုဗ္ဗာရုံ စသော ကျောင်းကြီး ကျောင်းငယ်များကို မြို့ရွာများတွင် ဆောက်လုပ်လှူဒါန်းကြသောကြောင့် လိုဏ်ဂူတို့တွင် သီတင်းအသုံးနည်းသွားသည်။ သို့ရာတွင် စိတ္တဂုတ္တမထေရ်ကြီးသည်ကား ဘုရားရှင်နှင့် သာသနာတော်၏ မူရင်းလက်စကို အလေးပြုသောအားဖြင့် ရဟန်းပြုပြီးချိန်မှစ၍ ဤလိုဏ်ဂူတွင်သာ သီတင်းသုံး တရားကျင့်ခဲ့သည်မှာ နှစ်ပေါင်းခြောက်ဆယ်ပင် ကျော်ခဲ့ပြီဖြစ်၏။

လိုဏ်ဂူမှာ ရွှေညောင်ပင် ရွာကြီးနှင့် မနီးမဝေးဟု ဆိုနိုင်လောက်သော တောင်ခြေ တောစပ်တွင် တည်ရှိသည်။ မူလ သဘာဝ လိုဏ်ဂူတွင် ကိုယ်တော်ကြီး သီတင်းမသုံးမီ ရှေးခေတ်ကပင် သဒ္ဒါရှင် ဒါယကာတို့က ပန်းပု၊ ပန်းပြောက် ဆေးရေး ဆေးခြယ်ရုပ်တို့ဖြင့် ပြုပြင်၍ ထားအပ်သော လိုဏ်ဂူဖြစ်၏။

ယင်းလိုဏ်ဂူ၏ မူရင်းရှေးအမည်မှာ "ကုရုဏ္ဍက" ဟူ၍ဖြစ်သည်။ သို့ရာတွင် ရှေးဘုရား ခုနစ်ဆူတို့၏ တောထွက်ခန်းများကို နံရံတွင် ထုထွင်းဆေးခြယ်ရေး၍ ထားသောကြောင့် "သတ္တဌာနလိုဏ်ဂူ"ဟုလည်း ခေါ်ကြသည်။ ကံ့ကော်ပင်တို့ဖြင့် ဝန်းရံလျက် ရှိသောကြောင့် "ကံ့ကော်လိုဏ်ဂူ" ဟုလည်း ခေါ်ကြသည်။ စိတ္တဂုတ္တမထေရ်ကြီး စွဲစွဲမြဲမြဲ သီတင်းသုံးလာသောကြောင့် "စိတ္တဂုတ္တလိုဏ်ဂူ" ဟုလည်း ခေါ်ကြသည်။ သုခိတာဟောထစသည်ဖြင့် ကိုယ်တော်ကြီး၏နှုတ်မှ မပြတ်ကြားနေရသော ရွှေညောင်ပင် ရွာသားတို့ကမူ မိမိတို့၏ဆရာကို ဂုဏ်ပြုသောအားဖြင့် "သုခိတာလိုဏ်ဂူ" ဟု ခေါ်ကြသည်။

ဘုန်းတော်ကြီးသည် ကလေးများအပေါ်တွင် မေတ္တာပိုဟန်ရှိ၏။ ဆွမ်းခံကြွရင်း ရွာထဲရောက်လာ၍ ကလေးများနှင့်တွေ့လျှင် အနည်းငယ်ရပ်၍ သုခိတာဟောထစသော သူ၏ ပုံမှန် ဆုပေးစကားဖြင့် ကလေးများကို အကျွမ်းတဝင် ပြုလေ့ရှိသည်။ စင်စစ်သော်ကား ကလေးများအား ရဟန်းသံဃာနှင့် နီးစပ်ကာ သာသနာတော်နှင့် ရင်းနှီးလာစေလိုသည့် စေတနာပင်ဖြစ်ပေ၏။ ဤနည်းဖြင့် ဘုန်းတော်ကြီးနှင့် ဤရွာရှိ ကလေးများသည် ရင်းနှီးလာခဲ့သည်။

ရွာသို့ ဘုန်းတော်ကြီးကြွလာ၍ သင်္ကန်းရိပ် သင်္ကန်းရောင်တို့မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် "ဘုန်းဘုန်းကြွလာပြီ" "ဘဘဘုန်းလာပြီ" ဟူသော ဆီးကြို

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းမြောက်သည့်ကလေးများ၏ အသံကလေးများကို တစာစာကြားရမြဲဖြစ်၏။ အချို့က မိမိတို့အိမ်သို့ ပြေး၍ ဆွမ်းလောင်းဖို့ရန် နှိုးဆော်သည်။ အချို့က သက်နုံးစကို ဆွဲသည်။ အချို့က နောက်မှလိုက်သည်။ ယင်းသို့ဖြင့် ဘုန်းတော်ကြီး၏ မျက်နှာတော်မှာ ဤကလေးများကို တွေ့သည်ဆိုလျှင် ပင်ကိုအနေထက် ရွှင်ကြည်လာသည်ကို တွေ့ကြရတတ်သည်။

[ ၂ ]

မြို့ရွာဒေသ၊ နေရာဌာနများသည်လည်းကောင်း၊ လူပုဂ္ဂိုလ်တို့သည်လည်းကောင်း ပတ်ဝန်းကျင်၏ပြည့်စုံမှု၊ ထိုပုဂ္ဂိုလ်၏ ဆောင်ရွက်မှုကြောင့် အခွင့်သာ အခါသင့် သည့်အချိန်များ၌ ပွင့်လန်းစည်ပင်လာတတ်သည်။ ပွင့်လန်းစည်ပင်ရာမှ မြုပ်ကွယ် မှေးမှိန်သွားသည်လည်းရှိ၏။ မှေးမှိန်နေရာမှ လန်းပွင့်ကျော်ကြားလာသည်လည်းရှိ၏။ လောက၏ သဘာဝတစ်ခုပေတည်း။

ကျော်ကြားမှုဆိုရာ၌လည်း ဂုဏ်နှင့် ဂုဏေားတစ်ပြေးတည်းညီညွတ်သော ကျော်ကြားမှုလည်းရှိ၏။ ကြည်ညိုသူတို့၏ ချဲ့ကားမှု၊ သို့မဟုတ် ကျော်ကြားလိုသူတို့၏ ချဲ့ကားကျယ်ပြန့် ဝါဒဖြန့်မှု မျိုးစုံတို့ကြောင့် လူပြိန်းတို့လောက၌ ပင်ကိုတစ်ပဲသားတွင် တစ်ခွဲသားလောက်ထင်မှတ်စေသော ကျော်ကြားမှုလည်းရှိ၏။

ယခုတလောတလတ်၌ ရေးကနှင့်မတူ ဆိတ်ငြိမ်မှုနည်းပါး၍ ပတ်ဝန်းကျင် လှုပ်ရှားမှုတို့ကြောင့် ဘုန်းတော်ကြီးသည် အထူးသတိဖြင့် ကြားလှာ မြင်လှာသမျှသော ပတ်ဝန်းကျင်ကို တရားစောင်ရန်းသတ်ကာ ရှုမှတ်ပွားများနေရသည်။ ရဟန်းရော လူပါ ပရိသတ်တို့၏ အသံမျိုးစုံကို လိုဏ်ဂူဝန်းကျင်တွင် နေ့စဉ်လိုလို ကြားနေရသည်။ လိုဏ်ဂူကျောင်းဝင်းအတွင်း၌ဖြစ်စေ၊ ဥက္ကံ့တွစကစ္စုဟုဆိုအပ်သော ဝန်းကျင်သို့ လေးတောင်ထက် ကျော်၍မကြည့်သော အကျင့်ကို ကျင့်ဆောင်သူဖြစ်စေကာမူ၊ ယင်းလေးတောင်အတွင်းရှိ ဘုန်းတော်ကြီးအနီးသို့ ဝင်ရောက်ဝပ်စင်း ချဉ်းနင်းပူဇော် ကြသောအခါ မိမိတို့ထုံစံအတိုင်း သုခိအတ္တာနံ ပရိဟရန္တု၊ ဒုက္ခာမုစ္စထ – စသည်ဖြင့် ဆုပေးနေသည်မှာလည်း အကြိမ်ကြိမ် အထပ်ထပ် နေ့စဉ် နေ့တိုင်းလိုပင် ဖြစ်လာ၏။

အကြောင်းသော်ကား ဘုန်းတော်ကြီး၏ အကျင့်သီလ သတင်းသည် လည်းကောင်း၊ ပန်းပုပန်းပြောက် ပန်းချီဆေးရေးပုံများဖြင့် ရှုချင်စဖွယ် သတ္တဌာန ပုံတော်များကြောင့်လည်းကောင်း၊ နုလုံးငြိမ် အပန်းဖြေအဖြစ် နေချင်စဖွယ် ကောင်းလှသော ကုံကော်တောရိပ်သာကြောင့်လည်းကောင်း ကုရဏ္ဍကလိုဏ်ဂူ သို့မဟုတ် စိတ္တဂုတ္တလိုဏ်ဂူ၏ သတင်းသည် ဘုရင့်ရွှေမြို့တော်အထိ ကောင်းသတင်း မျိုးစုံတဖွားဖွားနှင့် ကျော်ကြားလျက်ရှိနေပြီဖြစ်သောကြောင့်ပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဤမျှမက ရွှေညောင်ပင်ရွာကြီး၏ ကောင်းသတင်းကလည်း တွဲဖက်၍ ပါလိုက်ချေသေး၏။ အကြောင်းမူကား ရွှေညောင်ပင်ရွာဟူသည် ဗျူပွတ်အမည်ဖြစ်၍ ညောင်ပင် တစ်ပင် နှစ်ပင်ကြောင့် မှည့်ခေါ်ခြင်းမဟုတ်၊ ရွာဝန်းကျင်နှင့် ရွာလမ်းမကြီးတစ်ခုလုံးကို ညောင်ပင်တို့က စိုးမိုးထားသည်။ သာမန်ညောင်ပင်များလည်းမဟုတ်၊ တောစိုးသစ်ပင်ကြီးများပမာ ယောကျ်ားကြီး ဆယ်ဖက်စာမျှ မကသော ညောင်ပင်ကြီးတို့ ချည့်နှင်နှင်ဖြစ်သည်။

ယင်းညောင်ပင်ကြီးတို့သည် ရွာလယ်လမ်းမကြီး တစ်ဖက်တစ်ချက်၌ တန်းစီပေါက်ရောက်၊ သို့မဟုတ် ရှေးလူကြီးများက စိုက်ပျိုးထားခဲ့သည်မှာ သဘာဝ၏ နတ်လမ်းကြီးသဖွယ် ဖြစ်တော့သည်။ ဖြစ်ဟန်ကား ညောင်ပင်ကြီးတို့ ဖြောင့်တန်းစွာရှိခြင်း၊ ညောင်ရိပ်ထီးဝန်းတို့ကြောင့် အေးချမ်းလျက်ရှိခြင်း၊ ဘုန်းတော်ကြီး၏ ဝေါစရဂါမ်ရွာ မပြတ်ကြွလာသောကြောင့်လည်းကောင်း၊ ကလေးသူငယ်တို့၏ ကစားကွင်းပမာဖြစ်လျက်ရှိသောကြောင့်လည်းကောင်း မပြတ်လှည်းကျင်း သန့်ရှင်းခြင်း တို့ကြောင့်ဖြစ်သည်။

ထို့ကြောင့် ရွှေညောင်ပင်ရွာကြီးသည် မြို့တော်သူ မြို့တော်သားတို့က ကျော်ကြားသော သတ္တဌာနလိုဏ်ဂူသို့ လာရောက်အပန်းဖြေ ကြည့်ရှုကြရာ၌ စခန်းထောက်ရွာကြီးပမာ ဖြစ်ခဲ့ရာက ရွှေညောင်ပင်ရွာ၏ အလှအပတို့ကပင်လျှင် နှလုံးမွေ့လျော်ဖွယ်ဖြစ်သောကြောင့် ကျော်ကြား၍လာခဲ့ပေသည်။

ယင်းသို့လျှင် ယခုတလောတလတ်၌ ကံ့ကော်လိုဏ်ဂူမှာ ရဟန်းရော လူပါ မကျန် တစ်စုဝင်တစ်စုထွက် တစ်ယောက်သွား တစ်ယောက်ပြန်နှင့် စည်ကားလှုပ်ရှားလျက်ရှိနေပေရာ၊ ဆိတ်ငြိမ်မှုကို အလွန်လိုလားသောဘုန်းတော်ကြီးအဖို့ ဤလိုဏ်ဂူကို စွန့်ပစ်၍ အခြားတောတောင်ဒေသ တစ်နေရာရာသို့ ရွှေ့ပြောင်းရတော့မည်လောဟုပင် စဉ်းစားလာရသည်။ သို့ရာတွင် နှစ်ပေါင်းခြောက်ဆယ်ကျော်တိုင် သီတင်းသုံးခဲ့သော နေရာဖြစ်ပေရာ၊ တရားကျင့်သုံးမှုအတွက် ဤနေရာ ဤရွာ၊ ဤဒါယကာတို့မှာ အထောက်အကူ သပ္ပာယမျိုးစုံ မျှတလျက်ရှိသောကြောင့် သတိစောင်ရန်းကိုသာ မပြတ်ချ၍ သည်းခံနေရ၏။

ဤအတွင်း တစ်နေ့တွင်မူ ထူးခြားသော ရဟန်းတော်တစ်စုတို့သည် အများနည်းတူ ကုရဏ္ဍကလိုဏ်ဂူကို ကြည့်ရှုရန်ဟု ကြွရောက်လာကြ၏။ ထူးခြားဟန်ကား နေပြည်တော်ရှိ ဘုရင်ကိုးကွယ်သော ကျောင်းတိုက်မှ ဆရာတော်ခေါင်းဆောင်သော ရဟန်းအုပ်စုဖြစ်သောကြောင့် ထူးခြား၏။ အခြားထူးခြားချက်ကား တစ်ပါးသော ရဟန်းရှင် လူတို့သည် ကုရဏ္ဍကသို့ ရောက်လာသည်ဆိုလျှင် စကားမပြောလိုသော လိုဏ်ဂူရှင် ဘုန်းတော်ကြီး၏ အလိုသို့လိုက်ကာ ဝပ်တွားဖူးမြော်၍ ပြန်သွားကြသည်သာများ၏။ ဤရဟန်းစုမှာကား ဘုရင့်ဆရာတော်များအဖြစ် ဝင့်ထည့်

www.burmeseclassic.com

www.burmeseclassic.com



ကြွားကြွားကလေး ကြွရောက်လာကြရာက ဘုန်းတော်ကြီးအား ဖူးမြော်သောအခါ ဖူးမြော်ရုံမျှဖြင့် မပြီးစီးဘဲ၊ ဦးဆောင်သောဆရာတော်က မိမိထက် သိက္ခာဝါတော်ကြီးမြင့်သော ဘုန်းတော်ကြီးအား "အရှင်မြတ်၏ လိုဏ်ဂူသည် ကျော်ကြားသလောက် သာယာလှပါပေ၏။ လိုဏ်ဂူနံရံတစ်လျှောက်ရှိ သတ္တဋ္ဌာန ပန်းပုဆေးရုပ်တို့မှာ ကြည်ညိုဖွယ်၊ ရှုမြင်သူတို့ နှစ်သက်ဖွယ်အတိ ဖြစ်ပါတော့သည်။ ကံ့ကော်ပင် ကံ့ကော်ပန်းတို့ဖြင့် လိုဏ်ဂူကို ဝန်းရံပေါက်ရောက်နေသည်တို့ကလည်း နှလုံးမွေ့လျော် ပျော်ဖွယ်ရာအတိ ဖြစ်ပါတော့သည်။ အရှင့်လိုဏ်ဂူကို တွေ့ရသည်မှာ အခွင့်သာ၍ တပည့်တော် များသည်လည်း ဤလိုဏ်ဂူ ဤနေရာမျိုးကိုသာ ရရှိပါ အရှင်ကဲ့သို့ပင် ကေစာ ကျင့်သုံးတရားနှလုံးနှင့်နေလိုသော ဆန္ဒများပင် ဖြစ်ပေါ်လာမိပါသည်ဘုရား" ဟု စကားတံ ရှည်ရှည်နှင့် လျှောက်ထားသည်။

စကားမပြောစေလိုကာမှ တော့တော့တင်တင် လျှောက်တင် ပြောဆိုလာပြန် တော့လည်း အသင့်အတင့် ပြန်လည် မြွက်ကြားဖို့ တာဝန်ရှိလာပြန်သည်။ ထို့အပြင် လျှောက်ထားသူမှာ သာမန်လူဒါယကာမဟုတ်၊ မိမိနှင့် အနွယ်တူ ရဟန်းတော် ဖြစ်နေပြန်သည်။ သို့ဖြစ်ရာ တရားစကားဖြစ်စေ၊ ဤအရှင်တို့ တရားသံဝေဂ ရလိုလျှင်လည်း ရစေဟူသောသဘောဖြင့် ပြန်လည်မိန့်ကြားလိုက်ရသည်။

"အရှင်ကောင်းတို့။ ။ တပည့်တော်သည် ရဟန်းဖြစ်ချိန်မှစ၍ ဤလိုဏ်ဂူ၌ သီတင်းသုံးလာခဲ့သည်မှာ နှစ်ပေါင်း ခြောက်ဆယ်ကျော်၊ ယခုအသက်ရှစ်ဆယ် ကျော်သည်အထိ ဖြစ်ပါသည်။ သို့ရာတွင် ဘုရားရှင်ညွှန်ပြအပ်သော ကမ္မဋ္ဌာန်းတရားကို ကျင့်သုံးရင်း ဘုရားရှင်၏အလိုတော်အတိုင်း စက္ခုန္ဒြေစသော က္ကန္ဒြေငါးပါးကို တတ်နိုင်သမျှ စောင့်စည်းခဲ့ရာ၌ အရှင်ကောင်းတို့ လျှောက်ထားသော ဤလိုဏ်ဂူ၏ လှပတင့်တယ်မှုကို သော်လည်းကောင်း၊ ပန်းပု ပန်းချီရုပ် ဆိုသည်တို့ကိုလည်းကောင်း နှစ်ပေါင်း ခြောက်ဆယ်ကျော်အတွင်း တစ်ကြိမ်တစ်ခါမျှ မရှုမမြင်ဖူးသောကြောင့် မသိရှိခဲ့ပါ။ ယခုမျက်စိကောင်းသော အရှင်ကောင်းတို့ကြွလာ လျှောက်ထား၍ သိရှိရသောကြောင့် အရှင်ကောင်းတို့အား ကျေးဇူးတင်ရပါတော့သည်"

ဘုန်းတော်ကြီး၏ စကားမှာ သာမန်အားဖြင့်ဆိုသော် ယုံနိုင်လောက်ဖွယ်ပင် မရှိသော်လည်း တရားအရှင်လည်းဖြစ်၊ ရဟန်းတစ်ပါး၏ စကားလည်းဖြစ်သောကြောင့် လျှာအငြိမ်မနေနိုင်၍ လျှောက်ထားမိသော မင်းဆရာတော်အဖို့ ယောနိသော မနသိကာရ ခံယူချက်ဖြင့် ကြက်သီးမွေးညှင်းထခမန်းပင် ကြားနာလိုက်ရတော့သည်။

ထို့နောက်တွင်ကား သည်ထက်လျှာရှည်နေပြန်လျှင် မဟန်တော့မည်ကြောင့် ဘုန်းတော်ကြီးအား ဝပ်တွားဦးချ၍ ထပြန်လာခဲ့ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

ဘုန်းတော်ကြီး၏ ဤသတင်းသည် ဣသာကင်း၍ ဓမ္မသံဝေဂအပြည့်ဖြင့် ပြန်ရောက်လာသော မင်းဆရာတော်မှတစ်ဆင့် ဘုရင့်နားတော်သို့ ရောက်၏။ စင်စစ်သော်ကား ဤလိုဏ်ဂူနှင့် ဤဘုန်းတော်ကြီး၏ ကောင်းသတင်းသည် ဘုရင့်နန်းတော်အတွင်းသို့ ရှေးမဆွကပင် ပျံ့သင်းလျက် ရှိနေခဲ့ပေသည်။ သို့ရာတွင် ဆရာတော်မှတစ်ဆင့် မယုံနိုင်လောက်အောင်ပင် ဣန္ဒြေစောင့်စည်းမှု ထန်သည်းလွန်းသော သတင်းစကားကို ကြားသိရသောအခါတွင်မူ ဘုရင်သည် ဘုန်းတော်ကြီးအား ဖူးတွေ့ပူဇော်လိုသည့် သဒ္ဓါတရား တဖွားဖွား ပေါ်ပေါက်လာလေတော့သည်။

အကြီးအကဲတို့ မည်သည်မှာ သွားတိုင်းမလျော်၊ ပျော်တိုင်းမလုပ်အပ်သော စောင့်စည်းရမှု မျိုးစုံရှိသည်။ ဘုရင်ဆိုသော် ပို၍ခက်၏။

ကျော်ကြားသော ကုရဏ္ဍကသို့ ဘုရင်ကိုယ်တိုင် ကြွချီတော်မူဖို့ရန်မှာ အများသူငါလို လွယ်သောအလုပ်မဟုတ်ပေ။ သို့ဖြစ်ရာ ဘုန်းတော်ကြီးအား ကြည်ညို ဖူးတွေ့လိုသည့်ကိစ္စ၌ ကုရဏ္ဍကသို့မူ နောင်ခါမှ အကြောင်းအားလျော်စွာ ထွက်ကြွမည်။ ယခုသော် ဘုန်းတော်ကြီးအား နန်းတော်သို့ ပင့်ဆောင်၍ ဖူးတွေ့ကိုးကွယ်မည်ဟု အမတ်တစ်ဦးအား အခြံအရံများနှင့်အတူ မိမိ၏ ပင့်ဆောင်ချက်ဖြင့် ပင့်ဆောင်စေရန် စေလွှတ်လိုက်သည်။

သာမန်အားဖြင့်စဉ်းစားသော် မိမိ၏ ပင့်ဆောင်ချက်ကြောင့် ဘုန်းတော်ကြီးသည် အလွယ်တကူပင် ကြွရောက်လာလိမ့်မည်ဟုလည်း မျှော်လင့်၏။ သို့ရာတွင် ဘုရင်မျှော်လင့်ချက်အတိုင်း ဖြစ်မလာခဲ့ပေ။ အကြောင်းမူကား တရားနှလုံးဖြင့်သာမွေ့လျော်သော ကေစာပျော် တောပျော်ဘုန်းတော်ကြီးက ပင့်လျှောက်လာသော အမတ်အား "ဘုရင်ဖြင့် ငါ့အား အဘယ်အကျိုးရှိနိုင်အံ့နည်း။ တရားအလုပ်အပျက်မခံနိုင်ပါ။ မလိုက်နိုင်၊ မလိုက်လိုပါ"ဟု ငြင်းပယ်လိုက်သောကြောင့်ပေတည်း။

ဘုရင်ကိုအပထား၍ သာမန်ဂုဏ်ထူးရှင် စည်းစိမ်ရှင်တို့က ပင့်လျှောက်ကိုးကွယ်လိုသည်ဆိုလျှင်ပင် သာမန် ရဟန်းတော်တို့အဖို့ အလွယ်တကူ လိုက်ပါမြဲဖြစ်၏။ ယခုသော် ဘုရင်ကိုယ်တိုင် ပင့်လျှောက်ပါလျက်နှင့်ပင် ငြင်းပယ်လိုက်သည်ကို တွေ့ရသောအခါ ဘုရင်၏ကြည်ညိုမှုသည် ဆတက်ထမ်းပိုးတိုး၍သွား၏။ သို့ဖြစ်ရာ တစ်ကြိမ်ပင့်၍ မရသော်လည်း နှစ်ကြိမ်ပင့်လျှင် ရကောင်း၏ဟူသော မျှော်လင့်ချက်ဖြင့် ဒုတိယအကြိမ် အပင့်လွှတ်ပြန်၏။ မရ။ တတိယအကြိမ် ပင့်စေပြန်သော်လည်းမရ။

ဤတွင်ကား ပြဿနာပေါ်လာရလေတော့သည်။

ပေါ်လာဟန်ကား ဘုရင်ဟူသည် တစ်ဖက်တွင် စေတနာရှင် သဒ္ဓါရှင်ဖြစ်သော်လည်း တစ်ဘက်တွင်လည်း အာဏာရှင် တန်ခိုးရှင်ဖြစ်ပေရာ မိမိ လိုအပ်သော ကိစ္စတစ်ရပ်ကို မဖြစ်လျှင် ဖြစ်သည့်နည်းဖြင့် တန်ခိုးအာဏာကို အသုံးပြုလာခြင်းပင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေသည်။ သို့ရာတွင် မိမိကြည်ညိုသော ဘုန်းတော်ကြီးအပေါ်တွင် တန်ခိုးအာဏာကို တိုက်ရိုက်အသုံးပြုခြင်းကားမဟုတ်။ အတိုင်ပင်ခံ အမတ်တို့၏ အကြံပေးချက်အရ သွယ်ဝိုက်သော နည်းဖြင့်အသုံးပြုသည်။

ယင်းသည်ကား ဘုန်းတော်ကြီး၏ ကောင်းသတင်းများအနက် ဘုန်းတော်ကြီးသည် ကလေးသူငယ်များကို ချစ်ကြည်သည်၊ အလိုလိုက်သည်ဟူသော သတင်းကိုလည်း အမတ်များမှတစ်ဆင့် ကြားသိရသောအခါ ဘုန်းတော်ကြီးဆွမ်းခံရွာဖြစ်သော ရွှေညောင်ပင်ရွာကြီးမှ ကလေးမိခင်များ၏ ရင်ဘတ်များကို ဘုန်းတော်ကြီးသည် နေပြည်တော်သို့ မကြွရောက်မချင်း မင်းတံဆိပ်ဖြင့် ခပ်နှိပ်ပိတ်ပင်ထားစေ၊ မည်သည့် ကလေးသူငယ်မျှ နို့မစို့စေရဟူသော မင်းမိန့်ဖြင့် ထုတ်ဆင့်တားမြစ်လိုက်ခြင်းပင် ဖြစ်သတည်း။

ယင်းအမိန့်အရ မင်းအမှုထမ်းတို့က ရွှေညောင်ပင်ရွာကြီးရှိ ကလေးမိခင်မှန်သမျှတို့၏ ရင်ဘတ်များကို နန်းတော်မှ အသင့်ယူဆောင်လာသော ပိတ်ပိုင်းတို့ဖြင့် စည်းနှောင်ကာ မင်းတံဆိပ်ခတ်နှိပ်လိုက်ကြတော့ပေရာ ရွှေညောင်ပင်တစ်ရွာလုံးမှာ အုတ်အုတ်ကျက်ကျက် ဖြစ်ကုန်ကြရသတည်း။

အာဏာပိုင် ဘုရင့်အမိန့်နှင့် ယင်းသို့ လုပ်ဆောင်ချက်ကြောင့် မိခင်တို့ငိုသည်။ မိခင်တို့ငိုသော် သားသမီး ကလေးငယ်တို့ငိုသည်။ ဖခင်တို့ပူဆွေးသည်။ ပျော်ဖွယ်ကောင်းသော ရွှေညောင်ပင်ရွာကြီးသည် ငရဲပမာ ကျွက်ကျွက်ဆူလာ၏။ ဤဒုက္ခမှ လွတ်မြောက်ရန် တစ်ဦးတည်းသော အားကိုးရာသည်ကား ဘုန်းတော်ကြီးသာတည်း။ တရားသဘော၊ ကေစာသဘောတွင် ဘုန်းတော်ကြီးသည် အဘယ်မျှ မွေ့လျော်ကာ ဘုရင်ကို လျစ်လျူရှုနိုင်သည်ဖြစ်စေ၊ ယခုသော် ကရုဏာရှင်ဖြစ်သော ဘုန်းတော်ကြီးအဖို့ အဘယ်သို့လျှင် တင်းမာနိုင်ပါတော့အံ့နည်း။ လျစ်လျူရှုနိုင်ပါတော့အံ့နည်း။

သို့ဖြစ်ရာ ဆွမ်းဒါယကာ ရွှေညောင်ပင် ရွာသူရွာသားတို့၏ ဒုက္ခကို ကယ်တင်ရန်နှင့် မိမိကို ခင်တွယ်သော ကလေးသူငယ်တို့၏ ဆင်းရဲကို ပယ်ဖျောက်ရန်အတွက် ဘုရင်ပင့်လျှောက်ချက်ကို လက်ခံလိုက်ရပေတော့သည်။

သို့ရာတွင် ဘုရင့်အစီအစဉ်အရ ပင့်ဆောင်လာသော ယာဉ်ရထား၊ ဆင်၊ မြင်း၊ အခြံအရံတို့ကို အသုံးမပြု။ တစ်သက်လုံး သလုံးမြင်းခေါင်းကိုသာ အားကိုးလာခဲ့သော တရားရှင်ဖြစ်သည့်အတိုင်း မိမိ၏ သလုံးမြင်းခေါင်းဖြင့်သာ ခြေကျင် ကြွရောက်တော်မူသည်။

ယင်းသို့ဖြင့် ရွှေညောင်ပင်ရွာကြီးသည် ရာဇတောဝ် တည်းဟူသော မင်းဘေးဒုက္ခမှ ကင်းလွတ်ခွင့်ရသည်။ သို့ရာတွင် တစ်ဘက်၌ ဆင်းရဲတစ်ခုကင်းလွတ်သော်လည်း တစ်ဖက်တွင်မူ ဆင်းရဲတစ်ခုအဖြစ် ကျန်ရှိရစ်ခဲ့ရပြန်သည်။ ယင်းသည်ကား မိမိတို့၏

www.burmeseclassic.com

www.burmeseclassic.com



ဆရာမျှမက မိဘသွေးသားအလား ကိုးကွယ်လာခဲ့သော ဘုန်းတော်ကြီးအား ဘုရင်က ပင့်ဆောင်သွားလေပြီဖြစ်ပေရာ မိမိတို့ သံယောဇဉ်ကြီးမားသော ဘုန်းတော်ကြီးနှင့် ကင်းကွာရသော ဆင်းရဲပင်ဖြစ်ပေ၏။

ဘုန်းတော်ကြီးကိုချစ်သော ကလေးများ၏ အမြင်တွင်မူ မိမိတို့နှင့် သာမန် ကွဲကွာရုံမျှမဟုတ်၊ အာဏာရှင် မှူးမတ် ဗိုလ်ပါ မင်းမှုထမ်း အခြံအရံများစွာဖြင့် တရိုတသေ ပင့်ဆောင်သွားသည်ကို ဘုန်းတော်ကြီးအား ဘုရင်က ဖမ်းသွားပြီဟု အယူရှိကြသောကြောင့် မျက်နှာကလေးတွေ တအိုအိုနှင့် တငိုငို တမဲ့မဲ့ ကျန်ရှိနေခဲ့ကြ သည်ကို လူကြီးများက ဖျောင်းဖျချော့မော့၍ ထားကြရ၏။

[ ၄ ]

ဘုရင်သည် ဘုန်းတော်ကြီးအား ဦးညွတ်ခယမ်း၍ လေးစားစွာ ကြိုဆို၏။ ဘုန်းတော်ကြီး ကြွလာစေလိုသောကြောင့် ရွှေညောင်ပင် ရွာကြီးအား မင်းမိန့်ဖြင့် ခေတ္တမျှ ပရိယာယ် ဆင်ရသည်ကို သည်းခံပါမည့်အကြောင်း လျှောက်ထား၏။ ဘုန်းတော်ကြီးအား မပြတ် ကြည်ညိုဖူးတွေ့နိုင်ရန်အတွက် ကျောင်းသီးသန့်မစီစဉ်တော့ဘဲ နန်းတော်၏ လျောင်းတော်ဦးရှိ နန်းတော်ကိုပင် ကျောင်းအဖြစ်ကပ်လှူကာ သီတင်းသုံးစေ၏။

သို့ရာတွင် ဤ၍ဤမျှ ဘုရင်နှင့်မိဖုရားရော၊ နန်းတော်တစ်ခုလုံးသာကမက တစ်မြို့လုံးကပင် သောင်းသောင်းဖြဖြ ကိုးကွယ်ကြ ဆည်းကပ်ကြ ခယမ်းကြပါလျက်နှင့် ဘုန်းတော်ကြီးကမူကား တစ်စုံတစ်ရာဘာမျှမပြော၊ တရားစကား စိုးစဉ်းမျှလည်း မမြွက်ကြား၊ မိမိအနီးသို့ ဘုရင်ရောက်လာလျှင် "သုခိတာဟောထ မဟာရာဇ၊ ဒုက္ခာမုဥ္စထ မဟာရာဇ" ဟုသာ မိန့်ကြား၍ မိဖုရားကြီး ချဉ်းကပ်လာလျှင်လည်း မိဖုရားကြီးသို့ သီးသန့်အမည်မထုတ်ဖော်ဘဲ "သုခိတာဟောထ မဟာရာဇ၊ ဒုက္ခာမုဥ္စထ မဟာရာဇ" ဟု ဘုရင့်အမည်ဖြင့်ပင် မိန့်ကြားဆုပေးလေ့ရှိသည်။ နန်းတော်သို့ ရောက်သည့်အချိန်မှစ၍ ဤစကားနှစ်ခွန်းမှတစ်ပါး တစ်ခွန်းမျှ အပိုမမြွက်။

စကားမပြောရုံမဟုတ်၊ နန်းတော်သို့ ရောက်သည့်အချိန်မှစ၍ ဘုန်းတော်ကြီး၏ မျက်နှာတော်ကို ဖူးမြင်ရသည်မှာ ပျော်ပိုက်တော်မူဟန်မရှိ၊ အလိုက်သင့်မျှ သီတင်းသုံး နေတော်မူသည်ကို ဘုရင်ရော တစ်နန်းတော်လုံးပါ အကဲခတ်မိကြသည်။

အမတ်အချို့က ဘုန်းတော်ကြီးအား အရှင်ဘုရားသည် ဘုရင်ကိုလည်း "မဟာရာဇ" ဟုခေါ်၍ မိဖုရားကိုလည်း "မဟာရာဇ" ဟုပင် ခေါ်ဝေါ်ပြောဆိုသည်ကို ဝေဖန်လျှောက်ထားကြသောအခါ ဘုန်းတော်ကြီးက "ငါ့အဖို့ ခန္ဓာငါးပါးနှင့် ရုပ်နာမ် တရားမျှသာရှိရာ မဟာရာဇ၊ မဟာဒေဝီ၊ မှူးမြတ်နန်းဆောင် စသည်တို့မှာ ထူးခြား တော့သည်မဟုတ်ပါ" ဟု စကားတစ်ခွန်းမျှ ပြန်လည်မိန့်ကြားသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ဤနန်းတော်တွင် ဘုန်းတော်ကြီး၏ မမွေ့လျော် မပျော်ပိုက်မှုကို တစ်နေ့တခြား သိလာရသော ဘုရင်အဖို့ ဘုန်းတော်ကြီးကိုပင် ငဲ့ညှာအားနာ၍လာကာ နောင်ကို ပင့်ဆောင်လိုလျှင်လည်း ကြွရောက်ဖို့ရန် အခွင့်အရေးသာလာပြီဖြစ်သဖြင့် ဘုန်းတော်ကြီးအား မိမိမွေ့လျော်ရာ ကုရဏ္ဍကလိုဏ်သို့ပင် ကြွရောက်သီတင်းသုံး ပါတော့ဟု လျှောက်ထားသောအခါ ဘုန်းတော်ကြီးက အတန်ရွှင်လန်းလာသည့် အဟန်ဖြင့် သာဓုသုံးကြိမ်ခေါ်၍ ဘုရင့်စကားကို လက်ခံသည်။

သို့ရာတွင် ကုရဏ္ဍကသို့ပြန်လည်ကြွသွားရာ၌မူ အခမ်းအနား အခင်းအကျင်းဖြင့် မပို့ဆောင်ပါနှင့်တော့၊ မိမိအလိုအလျောက်သာ ကြွသွားလိုပါသည်ဟု မိန့်ကြားတောင်းဆိုသောကြောင့် ဘုန်းတော်ကြီးကို မြို့အလွန်လောက် ရောက်သည် အထိသာ သာမန်အခမ်းအနားဖြင့် ပို့ဆောင်၍ သပိတ်တစ်လုံး၊ သက်န်းသုံးထည်မျှသော ရဟန်းတို့ပုံစံအတိုင်း ဘုန်းတော်ကြီးတစ်ပါးတည်း ကြွသွားသည်။

သို့ဖြစ်၍ ကုရဏ္ဍက လိုဏ်ဂူသို့ ဘုန်းတော်ကြီးပြန်လည်ရောက်ရှိနေပြီကို ရွှေညောင်ပင်ဒါယကာ ဒါယိကာမတို့ ထိုနေ့ကမသိလိုက်ကြ။

သို့ရာတွင် နောက်တစ်နေ့နံနက်တွင်မူ ထုံးစံအတိုင်း ရွာထိပ်မှဝင်၍ ဆွမ်းခံရန်အတွက် ဘုန်းတော်ကြီး ကြွရောက်လာသည်ကို အံ့အားသင့်စွာဖြင့် ပထမဆုံး တွေ့မြင်ရသူများသည်ကား ရွာလယ်လမ်းမကြီးတွင် ဆော့စကားလျက်ရှိကြသော ကလေးများပင်ဖြစ်ပေ၏။

ထို့ကြောင့် ဘုန်းတော်ကြီးအား ပထမဆုံးမြင်တွေ့ရသော ကလေး တစ်ယောက်က ရုတ်တရက်အံ့အားသင့်စွာဖြင့် "ဟော ‥ ‥ ‥ ဟောဟော့၊ ဘုန်းဘုန်းကြီး ပြန်လာပြီ" "တို့ဘုန်းဘုန်း ကြွလာပြီ" ဟု လက်ညှိုးကလေးထိုးရင်း အားရပါးရ အော်လိုက်သောအခါ ကျန်သောကလေးများကလည်း "ဟုတ်တယ်ဟေ့၊ တို့ ဘာဘာဘုန်း ပြန်ကြွလာပြီ" ဟု အော်ဟစ်ရင်း ကလေးအချို့က ဘုန်းတော်ကြီးထံသို့ အပြေးအလွှား သွားရောက်၍ သင်္ကန်းစကို ဆွဲကြသည်။ ဘုန်းတော်ကြီးမျက်နှာတော်ကို ပြုံးပြုံးရွှင်ရွှင် မော့ကြည့်ကြသည်။ ဆူညံကျွက်စီနှင့် ဝန်းရံကြသည်။

အချို့ကလေးများကမူ မိဘများ အိမ်ဘက်သို့ ပြေး၍ "အမေရေ ဘုန်းဘုန်း ပြန်လာပြီ၊ ဆွမ်းလောင်းဖို့ပြင်ကြပါဗျို့၊ လုပ်ကြပါဗျို့" စသည်ဖြင့် အော်ဟစ်ကြသည်။

သို့နှင့် တစ်ရွာလုံးသည် ဝမ်းသာအယ်လဲဖြင့် တလှုပ်လှုပ်တရွရွာဖြစ်လာကြသည်။ သို့နှင့် ညှိုးငယ်ငြိမ်ဝပ်လျက်ရှိသော ရွှေညောင်ပင်ရွာကြီးသည် နှလုံးမွေ့လျော် ပျော်မွေ့ဖွယ်ကောင်းသော မူလရွှေညောင်ပင်ရွာကြီးအဖြစ်သို့ ပြန်လည်ရောက်ရှိ ခဲ့ပြန်သတည်း။

www.burmeseclassic.com

www.burmeseclassic.com



# မောင်ကလေးအနာထပိဏ်

[ ၁ ]

''ကျွန်တော်တို့ သံဃာ ငါးရာ ဆွမ်းကျွေးချင်လို့ပါ။ ဘယ်လိုဟင်းကျွေးမျိုး ဆက်ကပ်ရမယ်ဆိုတာ ကျွန်တော်တို့ ဇနီးမောင်နှံ တစ်ညလုံး စဉ်းစားလို့မပြီးပြတ်ဘူးဗျ။ ဒါနဲ့ သူဌေးမင်းဆီ အကြံဉာဏ်တောင်းရအောင် အခု လာခဲ့တာပါပဲ''

''ဘုရားရှင်တော့ မရှိဘူးဗျ။ ဒေသစာရီ ကြွချီတော်မူနေတယ်''

''ဘုရားရှင်မရှိတာ သိပါတယ်၊ ရှိတဲ့သံဃာပေါ့၊ အရှင်သာရိပုတ်ကို ရည်မှန်းထားပါတယ်။ သူ့တပည့်ငါးရာနဲ့ အရှင်သာရိပုတ်ဆိုရင် ငါးရာနဲ့ တစ်ပါး ဆိုပါတော့''

''အရှင်သာရိပုတ်ဆိုရင်တော့ ဟင်းကျွေးအတွက် ဘာအထူးစဉ်းစားနေဖို့ လိုသလဲဗျ၊ ဃနာနို့ဆွမ်းပေါ့။ အရှင်သာရိပုတ်က လေနာရောဂါအခံရှိလေတော့ နို့ဆွမ်းနဲ့ သိပ်ဆီလျော်တာပေါ့''

''နို့ဆွမ်းကို ကျွန်တော်တို့ စဉ်းစားမိပါတယ်။ နို့ပေမယ့် နို့ဆွမ်းတစ်မျိုးတည်း ဆိုရင် ဖွယ်ဖွယ်ရာရာ မဖြစ်မှာစိုးလို့''

''အာဟာရဆိုတာ ဖွယ်ဖွယ်ရာရာဖြစ်ဖို့ထက် သုံးဆောင်မယ့် ပုဂ္ဂိုလ်အဖို့ နှစ်သက် ဆီလျော်ဖို့သာ လိုပါတယ်။ သုံးဆောင်သူ နှစ်သက်ရင် ပဲပြုတ်ကလေးဟာ နတ်သုဓာပဲ။ မနှစ်သက်ရင် နတ်သုဓာလဲ အချည်းနှီးပဲ။ ဒီတော့ ဖွယ်ဖွယ်ရာရာတွေ စိတ်ကူးမနေပါနဲ့တော့။ နို့ဆွမ်းတစ်မျိုးတည်းကိုပဲ အကောင်းဆုံး အမွန်ဆုံးဖြစ်အောင် စီမံပြီး ကပ်လှူပေါ့။ ကျွန်တော့်အိမ်မှာဆိုရင် အရှင်သာရိပုတ္တရာအတွက် မသုံးဆောင်မှု နေရော အမြဲတမ်း နို့ဆွမ်းစီမံထားပါတယ်''

www.burmeseclassic.com

www.burmeseclassic.com



''နို့ဆွမ်းက အစာကြေလွယ်တော့ အရှင်မြတ်တွေ တစ်နေ့လုံးအတွက် အာဟာရ ပြည့်ဝဖို့ လုံလောက်မှ လုံလောက်ပါ့မလားလို့လဲ စဉ်းစားမိပါတယ်''

''ဒီကိစ္စမှာ ကိုယ်နဲ့နှိုင်းပြီး မစဉ်းစားနဲ့ဗျ။ ကိုယ်တော်မြတ်တွေက တစ်ခါတစ်ရံ ဆွမ်းကွမ်းအခက်အခဲတွေ့ရင် သပိတ်ကို ရေဆေးပြီးတော့တောင် ပီတိတည်းဟူသော အာဟာရကို စားသုံးကြစို့လို့ဆိုပြီး တင်းတိမ်ကြသေးတာပဲ။ ပြီးတော့ အာဟာရဆိုတာ ကျွန်တော်တို့လူများထင်နေသလို အဝအပြဲစားသုံးမှ တင်းတိမ်တာမဟုတ် ပါဘူးဗျ။ ရဟန်းတော်များမှာ ကျွန်တော်တို့က ဘယ်လိုအကောင်းအမွန်တွေနဲ့ ဖွယ်ဖွယ်ရာရာ ပေးလှူပေမယ့် စားသုံးတဲ့အခါမှာ ပစ္စဝေက္ခဏာတင်ပြီး ဆင်ဆင်ခြင်ခြင် စားသုံးရတဲ့ ဘောဇနေမတ္တညုတာဆိုတဲ့ စရဏ အကျင့်တစ်ပါးရှိတယ်။ အဲဒီအကျင့်နဲ့ ကျင့်သားရပြီး မျှတရုံ ဘုဉ်းပေးကြတာပါ။ အာဟာရမျှတရုံရှိလေ တရားကျင့်သုံးတဲ့ နေရာမှာ အသားတက်လေပေါ့။ အာဟာရ ပြည့်သိပ်နေရင် ထိနမိဒ္ဓဆိုတာက အနည်းနဲ့အများ ဝင်လာတာပါပဲ''

''သူဌေးမင်းနဲ့လာပြီးတိုင်ပင်ရတာ အကြံဉာဏ်လဲရ၊ တရားလဲနာရလို့ ဝမ်းမြောက်လှပါတယ်။ သာဓုပါခင်ဗျ . . . သာဓုပါ။ သူဌေးမင်း အကြံပေးတဲ့အတိုင်း နို့ဆွမ်းကိုပဲ မွန်မွန်ရည်ရည် စီစဉ်ပါတော့မယ်''

''ကောင်းပါ့ခင်ဗျာ . . . ကောင်းပါ့''

''ကျွန်တော့်ဆွမ်းအလှူကို သူဌေးမင်းကိုတော့ အထူးဖိတ်ကြားနေဖို့မလိုတော့ ပါဘူးနော် ဆက်ဆက်သာကြွခဲ့ပါတော့''

''စိတ်ချပါခင်ဗျား''

ဘုရားရှင် အမှူးရှိသော သံဃာတော်များနှင့် အကျွမ်းဝင်လွန်းသဖြင့် သံဃာ အကြောင်းကို နောကျေအောင် သိနေသော အနာထပိဏ်အဖို့ သံဃာ့ကိစ္စမှန်လျှင် ဤကဲ့သို့ အတိုင်ပင်ခံရသည်မှာ ရိုး၍နေပြီဖြစ်၏။ အတိုင်ပင်ခံရုံမျှမဟုတ်၊ သူတို့လို သံဃာနှစ်ထောင်မျှကို တစ်ဦးတည်းက နေ့စဉ်ဆွမ်းလုပ်မကျွေးနိုင်စေကာမူ သာသနာ ထွန်းကားသော သာဝတ္ထိပြည် ဟိုကဒီက ဆွမ်းကျွေးအလှူ စသည်များမှာ နေ့တိုင်း လိုလိုပင် မပြတ်အောင် ရှိနေပေရာ ယင်းအလှူများသို့ မလာမနေရ ဆိုရလောက်အောင် ဖိတ်ကြားကြသဖြင့် နေ့စဉ် သွားရောက် ဝိုင်းဝန်းရသည့်အလုပ်မှာလည်း နေ့စဉ်နှင့်အမျှ ဆိုသလိုပင် မအားမလပ်ရအောင် ရှိနေရပေ၏။

သူတို့ဟူသည်ကား သံဃာနှစ်ထောင်မျှကို အိမ်တွင်ပင် အမြဲတမ်း သံဃာစင် ဆောက်၍ ဆွမ်းလုပ်ကျွေးသော နာမည်ကျော် ဝိသာခါကျောင်းအစ်မကြီးနှင့် အခြား တစ်ဦးမှာ သူတို့ကိုတု၍ လုပ်ကျွေးလာသော ကောသလဘုရင်၏ မင်းကျောင်းတော် ဆွမ်းကပ်လှူရာ ဌာနဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အခြားအိမ် အခြားနေရာများထက် ယင်းမင်းကျောင်းသို့ သွားရောက်ပိုင်းဝန်း ရသည်မှာ နေ့စဉ်လိုလိုဖြစ်နေ၏ အကြောင်းမူကား ကောသလ ဘုရင်အဖို့ ဝိသာခါ၊ အနာထပိဏ်တို့ရှိမှ သံဃာပျော်သည်ဟူသော အယူအစွဲရှိနေပေရာ၊ သူ့မင်းကျောင်းသို့ အနာထပိဏ်၊ ဝိသာခါတို့ တစ်နေ့ မရောက်လာလျှင် သူတို့ရှိရာနေရာသို့ ရထားလွှတ်၍ အခေါ်ခိုင်းသည်။ ထိုအခါ အာဏာပိုင်၏ ကိစ္စဖြစ်နေသောကြောင့် တစ်ခါတစ်ရံ မလွှဲမရှောင်သာသည့်ကိစ္စရှိနေချိန်မှအပ နေ့စဉ်လိုလို ရောက်သွားကြ၍ သံဃာတော်များကို မျက်နှာပြရသည်။ ဆွမ်းကျွေးကိစ္စ စီမံခန့်ခွဲပေးကြရသည်။

ပုထုဇဉ် သံဃာတော်အချို့ကလည်း ဆွမ်းကျွေးပွဲတွင် သူတို့တစ်ဦးဦးကိုမှ မမြင်မတွေ့ရလျှင် ဣန္ဒြေကြီးတစ်ခွဲသားဖြင့်သာ ဘုဉ်းပေးကြ၍ သူတို့တစ်ဦးဦးရှိနေပြီ ဆိုမှ ရွှင်ရွှင်လန်းလန်း မျက်နှာပွင့်လန်းစွာ ရင်းရင်းနှီးနှီးဘုဉ်းပေးသုံးဆောင်တတ်ကြသည်။

ပုထုဇဉ် သံဃာယေ်အချို့ကမူ ဤမျှမကတော့ဘဲ ပေးလှူသည့်အိမ်မှဆွမ်းကို အလှူခံရုံမျှခံ၍ နီးရာ ဝိသာခါ၊ အနာထပိဏ်တို့၏ သံဃာ့မဏ္ဍပ်များသို့ ယူဆောင်ကာ ဘုဉ်းပေးကြသည်။ အကြောင်းမူကား သူတို့အိမ်များတွင်မှ ရင်းရင်းနှီးနှီး လွတ်လွတ် လပ်လပ် ဘုဉ်းပေးနိုင်ကြသောကြောင့်ဖြစ်၏။

ဤအဆင့်တွင်မူကား လူမှုရေးအရ ချွတ်ယွင်းမှုဟုပင် ဆိုနိုင်လောက်လာပြီ ဖြစ်ရာ မိမိတို့က ပေးလှူသူဖြစ်ပါလျက် မိမိတို့အိမ်တွင် မဘုဉ်းပေးကြသည်ကို တွေ့လာ ရသော ဒါယကာတို့က ဘုရားရှင်အား လျှောက်ထားကြသောကြောင့် ရဟန်းများသည် ပေးလှူသူ၏အိမ်တွင်သာ သုံးဆောင်ကြရမည်ဟူသောဝိနည်းအာဏာစက်တစ်ရပ် ထုတ်ပြန်၍ တားမြစ်လိုက်ရသည်။

သို့ရာတွင် အခြားအာဏာစက် ဝိနည်းများကဲ့သို့ ပြုလုပ်သူ ကာယကံရှင် ရဟန်းများကို အပြစ်မဆို၊ "ဒါယကာတို့ ． ． ．သည်းခံခြင်းသည်မြတ်၏။ ရောင့်ရဲခြင်းသည် မြတ်၏။ ရင်းနှီးစွာ စားသုံးရခြင်းသည် မြတ်၏။ နိဗ္ဗာန်သည်ကား အမြတ်ဆုံးပေတည်း" ဟူသော လူမှုရေးနှင့်ယှဉ်သော တရားတော်တစ်ရပ်ကိုပင် ဟောကြားတော်မူသည်။ ကြာသော် ဝိသာခါနှင့် အနာထပိဏ်၊ သို့မဟုတ် သူတို့တစ်ဦးဦးမှ ရောက်မလာလျှင် အလှူပင်မဖြစ်တော့သယောင် ပြောဆိုလာကြသည်။

ဤနည်းဤပုံကြောင့် အနာထပိဏ်၊ ဝိသာခါတို့အဖို့ မိမိတို့အိမ်မှ ပုံမှန် ဆွမ်းကျွေးကိစ္စတွင် ဘုရားရှင်ကိုယ်တော်တိုင် ကြွရောက်တော်မူလာသည့်အခါ ကိုယ်တော်တိုင် လုပ်ကျွေး ဆွမ်းကပ်နေရသည်မှအပ ကျန်သောရက်များတွင်မူ မိမိတို့ကိစ္စအတွက် စီမံလုပ်ကျွေးရန် သားများ၊ မြေးများသို့သာ လွှဲအပ်ထားရမည့် အခြေသို့ပင် ဆိုက်ရောက်နေရပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤကိစ္စတွင် သား မြေး ပေါများလှသော ဝိသာခါ အတွက်မူ ပူစရာမရှိ။ လုပ်မည့်ကိုင်မည့် ဆောင်ရွက်ကြမည့် သူတွေပေါများလှသောကြောင့် အလှည့်ကျ စနစ်ဖြင့်ပင် ခွဲတမ်းချပေးထားရသည်။ သားသမီးနည်းပါးလှသော အနာထပိဏ်အဖို့မူ တစ်နေ့တစ်နေ့အတွက် အကွက်လည်အောင် ကိုယ်တိုင်ပင် စီမံခန့်ခွဲပေးနေရသည်။

သားအကြီး ကာလဆိုသူက အလှူကိစ္စတွင် စိတ်ဝင်စားသော်လည်း အသက်ကြီး၍ ကုသိုလ်ကိစ္စများဖြင့်သာ ပျော်ပိုက်နေပြီဖြစ်သော ဖခင်ကြီးအနာထပိဏ်၏ လုပ်ငန်းတာဝန်များကို ဦးစီးနေရသူဖြစ်ရာ နေထွက်မှ နေဝင်အထိ ဆိုသလိုပင် သူ့ကိစ္စများကြောင့် မအားလှ။ မအေကြီး သီရိသုမနအဖို့လည်း နဂိုကပင် မဟုတ် အေးအေး ဟုတ်အေးအေး နေတတ်သူဖြစ်ရာ နေ့စဉ် ဆွမ်းကျွေးကိစ္စအပါအဝင် အိမ်မှုကိစ္စများတွင် ငယ်စဉ်ကလို ဖျတ်ဖျတ်လတ်လတ်မရှိလှတော့။ သံဃာတော်များကို တစ်ထောင့် တစ်နေရာမှ ကြည်ညိုနေရုံမျှသာရှိသည်။ သမီးကြီးနှစ်ယောက်ကလည်း သားတွဲလောင်း သမီးတွဲလောင်းနှင့်မို့ ချက်ချက်ချာချာ မပါဝင်နိုင်ကြ။ သို့ဖြစ်ရာ နေ့စဉ် သံဃာ့ကိစ္စအတွက် အနာထပိဏ် အားထားရသည်မှာ အငယ်ဆုံးသမီးကလေး သုမနဒေဝီတစ်ဦးသာ ဖြစ်ပေတော့သည်။

[ ၂ ]

သုမနဒေဝီက ဖအေတူကလေးဖြစ်၏။ ဖခင်ကြီး ငယ်စဉ်တုန်းကလို တက်တက်ကြွကြွ ချက်ချက်ချာချာနှင့် သဒ္ဓါ စေတနာသာ တူညီသည်မဟုတ်၊ ရုပ်အဆင်းကလည်း ဖခင်ကြီးနှင့် ချွတ်စွပ်ဟု ဆိုရလောက်အောင်ပင် တူညီသည်။ ထို့ကြောင့် ဖခင်ကြီး၏ အသည်းကျော်ကလေး ဖြစ်လာသည်။ ဖခင်ကြီး၏ အသည်းကျော်မျှ မဟုတ်၊ အငယ်ဆုံး ဖြစ်သည့်အပေါ်တွင် သွက်လက်ချက်ချာလှသောကြောင့် တစ်အိမ်လုံး၏ အသည်းကျော် ကလေးလည်းဖြစ်လာသည်။

အပျိုပေါက်သာသာ အရွယ်ကလေးမို့ မလည်မဝယ်သေးဟု ထင်ရသော်လည်း သံဃာ့ကိစ္စ၊ အိမ်မှု ကိစ္စများတွင်သာမက လူကြီးကိစ္စများတွင်ပင် လိမ်လိမ်မာမာ ဝင်ရောက် စီမံတတ်သည်။ သံဃာ့ကိစ္စဆိုလျှင် လူကြီးများထက်ပင် သူကပို၍ စိတ်ဝင်စားပြီး ဆွမ်းကွမ်းကိစ္စ၊ နေရာထိုင်ခင်းကိစ္စ၊ အိမ်အမှုလုပ်များကို စီမံခန့်ခွဲသည့် ကိစ္စပါမကျန် အကွက်စေ့အောင် စီမံတတ်သည်။

သို့ဖြစ်၍ ဖခင်ကြီးမို့ သမီးအလိမ္မာကလေးကြောင့် သံဃာ့ကိစ္စများအတွက် တစ်နေ့တခြား စိတ်အေးလာရ၏။ သံဃာတော်များကလည်း အရွယ်နှင့်မလိုက်အောင် စီမံခန့်ခွဲတတ်သော မယ်သုမနလေးကို ချီးကျူးတော်မူကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဥပမာတစ်ခုအားဖြင့် သံဃာ့မဏ္ဍပ်သို့ သံဃာတော်များ ဝင်ကြွထွက်ကြွရာ၌ ရှေးကလူကြီးများ စိတ်ကူးမရခဲ့သော အစီအစဉ်တစ်ရပ်ကို မယ်သုမနကလေးက စီစဉ်ပေးသည်။ ရှေးအခါက အနာထပိဏ်၏ သံဃာ့မဏ္ဍပ်သို့ သံဃာတော်များ ဝင်ကြွထွက်ကြွရာ၌ ဝင်ပေါက်ကျယ်သော်လည်း အဝင်အထွက်တွင် ရှုပ်ထွေးသယောင် ရှိခဲ့သည်။ အထူးသဖြင့် သံဃာအများ ကြွလာသည့် ဆွမ်းစားချိန်များ၌ အဝင် အထွက်တွင် ရှုပ်ထွေးသယောင်ရှိနေသည်ကို သုမနဒေဝီကလေးက အဝင်တစ်ပေါက်၊ အထွက်တစ်ပေါက် ကန့်၍ စီစဉ်ပေးလိုက်သောအခါ ရှင်းလင်း၍သွားသည်။

သံဃာ့ကိစ္စတွင် စိတ်ဝင်စား၍ သံဃာတော်များနှင့် ရင်းနှီးလွန်းသောအခါ မိဘများအဖို့ ဖွင့်၍ပင် မပြောကြစေကာမူ ဘိက္ခုနီမယ်ကလေးအသွင်သို့များ ကူးပြောင်းသွားလေမည်လားဟု စိုးရိမ်ကြသည်။ အကြောင်းမူကား တရားနာသည်ဆိုလျှင် အဘယ်မျှ အလုပ်ကိစ္စများပြားစေကာမူ မယ်သုမနကလေးက ရှေ့ဆုံးမှ ရောက်နေတတ်သည်။ ဘုရားရှင်နှင့် အရှင်သာရိပုတ္တရာစသော သံဃာကြီးတို့ ကြွရောက်လာသည်ဆိုလျှင် အနီးမှမခွာတော့ဘဲ တရစ်ဝဲဝဲ ဖြစ်လျက်ရှိသည်ကိုသာ တွေ့ကြရသည်။

အကယ်၍များ သုမနဒေဝီကလေးက ဘိက္ခုနီမယ်ကလေးအဖြစ်သို့ ကူးပြောင်းသွားမည်ဆိုလျှင် သောတာပန်ဖြစ်သော ဖခင်ကြီး အနာထပိဏ်အဖို့ မတားသာသော်လည်း သံယောဇဉ် မကင်းသေးသည့်အလျောက် သမီးအလိမ္မာကလေးကို မခွဲခွာလို မစွန့်ပစ်လိုသည်မှာကား မိဘတို့ဓမ္မတာပင်ဖြစ်ပေသည်။

ထို့ကြောင့် သားကြီး သမီးကြီးတို့ အိမ်ထောင်ရေးကိစ္စများတွင် ဖခင်ကြီးက သာမန်မျှသာ ဂရုစိုက်ခဲ့သော်လည်း သုမနဒေဝီကလေးအဖို့ ဖူးစာရှင် ပေါ်ပေါက်လာသည့်အခါတွင်မူ ရှိသမျှစည်းစိမ်ကို ပုံ၍လက်ဖွဲ့လိုက်မည်ဟု သမီးကလေးလည်း ကြားအောင်၊ ဝဲလာသည့် သင့်လျော်သော ရွှေစွန်ညိုတို့လည်း အဝဲမြန်လေအောင် တီးတိုး သတင်းလွှင့်ထားသည်။

သို့ရာတွင် သမီးကလေးကို အကဲခတ်ရသမျှတွင်တော့ ငယ်သေးသောကြောင့်ပေလား၊ ပင်ကိုကပင် လင်စိတ်သားစိတ် နည်းပါးသောကြောင့်ပေလားမသိ၊ ရတနာသုံးပါးကိစ္စနှင့် အိမ်မှုကိစ္စတွင်သာ တက်တက်ကြွကြွရှိ၍ အလှအပပြင်ဆင်မှု၊ သူစိမ်းယော်ဖော်ရွယ်တူတန်းတူများနှင့် ပေါင်းသင်းဆက်ဆံမှု စသည်တို့တွင်မူ အလျှင်းအရေးမထားသလောက်ပင် အေးအေးဆေးဆေး ရှိလှသည်ကို တွေ့နေကြရ၏။

မိဘတို့မည်သည် သားသမီးတို့၏ အိမ်ထောင်ရေးကိစ္စများတွင် သူတို့သဘောမတူလျှင် နားမျှလေသံအဟမခံ ပိတ်ပင်တားဆီးတတ်၍ သူတို့အလိုရှိလာပြီဆိုလျှင်တော့ ရေလာမြောင်းပေး ပြုလုပ်တတ်ကြသည်။ သမီး၏ အိမ်ထောင်ရေးကိစ္စမှာ မိခင်ဦးဆောင်ရမည့်တာဝန်သာ ဖြစ်သည့်အလျောက် ဘိက္ခုနီမယ်ကလေး

www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်သွားမည်ကို စိုးရိမ်သော ဖခင်ကြီးက ဖနီး သီရိသုမနသို့ သမီးကလေးကိစ္စကို နှစ်ကိုယ်ကြား နှိုးဆွပေးတတ်သည်။

"ကျွန်မလဲ အစ်ကိုစိုးရိမ်သလို စိုးရိမ်တာပါပဲ။ နို့ပေမယ့် သိသာလွန်းရင်လဲ ဘယ်ကောင်းမလဲ။ သမီးကလေးက လိမ္မာရုံ လိမ္မာတာမဟုတ်ဘူး။ ပါးလဲ အပါးကလေးနော်။ ဒီတော့ အလိုက်သင့် ပေါ်ပေါက်လာမယ့် အခွင့်အရေးကိုသာ စောင့်ပြီး ကိုယ်က ရေလာမြောင်းပေး လိုက်လျောဖို့ရှိတယ်။ တစ်နေ့က အစ်ကိုအိမ်မှာ မရှိတုန်း မောင်သာငွေတစ်ယောက် ရောက်လာပြီး သမီးကလေးနဲ့ ပြုံးပြုံးရွှင်ရွှင် စကားပြောနေတာ တွေ့ရတယ်။ မောင်သာငွေနဲ့ဆိုရင် ဘယ်ဆိုးမလဲ"

"ဟော့ . . . ဒီသူငယ်နဲ့ဆိုရင်တော့ မဖြစ်ဘူးထင်တယ်ညီမ၊ ဒီသူငယ်က ခပ်ရှုပ်ရှုပ်မဟုတ်လား"

"ယောကျ်ားကလေးရှုပ်တာ ဘာဖြစ်သလဲအစ်ကို။ လူငယ်လူရွယ်ဆိုတာ ရှုပ်သင့်သလောက်တော့ ရှုပ်ကြတာပဲ။ တချို့လူကြီးတွေတောင် ရှုပ်နေကြသေးတာ။ အစ်ကိုလည်း ငယ်ငယ်တုန်းက မရှုပ်ခဲ့ဘူးလား"

"ဒီလိုတော့ မပြောပါနဲ့ကွာ"

"သူ့ဘက်ကျတော့ ဖြစ်နေလိုက်တာ၊ ရယ်စရာပြောတာပါအစ်ကိုရယ်။ မောင်သာငွေကို ကျွန်မက မျိုးရိုးကြည့်တာ၊ သူ့ဘွားအေမျက်နှာကို ကြည့်ရမှာ။ ဝိသာခါနဲ့ အနာထပိဏ်ဆိုတော့ ရွှေချင်းထပ်သွားရုံပေါ့"

"အစ်ကိုက တော်ရုံရှုပ်တာလောက်ကို မပြောလိုပါဘူး။ ဒီကောင်ကတော့ ဘိကျွနီမတောင် မရှောင် ဘာမရှောင်နဲ့ အတော့်ကို နာမည်ပျက်နေတာ"

"ဒါကတော့ ကိလေသာဆိုတာ မျက်စိမရှိဘူးလို့ ဘုရားတောင် ဟောထားသေးတဲ့ဥစ္စာ"

"အေးပေါ့ကွာ၊ ညီမသဘောပါပဲ။ သင့်သလိုသာ စီစဉ်ကြတာပေါ့"

မုန်သည် ဝိသာခါ၏ မြေး မောင်သာငွေတစ်ယောက် ခုတလော အနောထပိဏ် အိမ်သို့ ရွှေစွန်ညိုဝဲနေသည်။ ဝဲသောအချိန်၌ ဖခင်ကြီးမရှိတတ်သော နံနက်ပိုင်း ဆွမ်းကျွေးချိန်များတွင် ဖြစ်၍ ရတနာသုံးပါးကို ကြည်ညိုသော သုမနဒေဝီကလေး အကြိုက် လှူဖွယ်ပစ္စည်းတစ်စုံတစ်ရာကို လက်ဆောင်ပစ္စည်းအဖြစ် ယူယူလာ တတ်သည်။ ရံဖန် သုမနဒေဝီကလေးအတွက်ဆိုကာ အလှအပ ပန်းကလေးများ ယူယူလာတတ်သည်။ လာလျှင် သုမနဒေဝီကလေးက အထိုက်အလျောက် ပြုံးပြုံး ရွှင်ရွှင်နှင့် ဧည့်ခံလေ့ရှိသည်ကို မိခင်ကြီးက တပြုံးပြုံးနှင့် လိုက်လိုက်လျောလျော

www.burmeseclassic.com

www.burmeseclassic.com



လုပ်သည်။ သို့ရာတွင် သမီးကလေးနှင့် နှစ်ယောက်ချင်း ဆွေးနွေးကြည့်လိုက်သည့် အခါတွင်တော့ မှန်းချက်နှင့် နှမ်းထွက်မကိုက်လှပေ။

[ ၃ ]

"မောင်သာငွလေးတစ်ယောက် အလိမ္မာသားကွယ်။ ရတနာသုံးပါးလည်း ကိုင်းရှိုင်းပုံ ရတယ်"

"ဘယ်က လိမ္မာရမှာလဲ မယ်မယ်ရဲ့၊ သူ့လောက်မိုက်မဲတဲ့သူ ခပ်ရှားရှားရယ်၊ မြေမျိုဖို့တောင်ကောင်းတာ"

"ဘယ်လိုပြောလိုက်တာလဲ သမီးရဲ့"

"သမီး မှန်တာပြောတာပါမယ်မယ်၊ သာသနာတော်မှာ ဘိက္ခုနီမကို စော်ကားတာ ထင်ထင်ရှားရှား နန္ဒနဲ့ သူနဲ့ နှစ်ယောက်ပဲ ရှိတယ်။ နန္ဒကို ချက်ချင်း မြေမျိုတယ်။ သူစော်ကားတာတော့ ဥပ္ပလဝဏ်ထေရ်မယ်ကြီးလို ရဟန္တာမဟုတ်လို့ပေါ့။ ရဟန္တာသာဆိုရင် သူ့ကိုလဲ ချက်ချင်းမြေမျိုမှာ သေချာတယ်။ ဒီလိုလူကို ဘယ်လို လုပ်ပြီး လူလိမ္မာလို့ ပြောနိုင်မလဲ မယ်မယ်"

"ဝိသာခါရဲ့ မြေးပါလားသမီးရယ်၊ သူ့ဘွားအေ မျက်နှာလဲ ထောက်ပြီး စဉ်းစားဦးမှပေါ့"

"တရားရေးနဲ့ ပတ်သက်လာရင် ဘယ်သူ့မျက်နှာမှ မထောက်နိုင်ဘူး မယ်မယ်"

"အနို့ . . . သူလာတော့ သမီးက ပြုံးပြုံးရွှင်ရွှင်နဲ့ ညှော်ခံလို့ပါလား"

"ဒါကတော့ ကိုယ့်အိမ် ကိုယ့်ပိုင်နက်ထဲရောက်လာတဲ့ဧည့်သည်၊ အထိုက်အလျောက် ညှော်ခံ လိုက်လျောရပေမယ်ပေါ့ မယ်မယ်၊ လူမှုရေးက ရှိသေးတာကိုး"

"ပြောတတ်ပါဘူး သမီးရယ်၊ သမီးက ကြည်ကြည်ဖြူဖြူ ရှိနေသလားလို့ပါ"

"ဘယ်သူ့ကိုမှ သမီး မကြည်မဖြူ မရှိတတ်ပါဘူးမယ်မယ်၊ စကားစပ်လာလို့သာ ပြောရတာပါ။ လူဆိုတာ ကိုယ့်ကံအတိုင်း ကိုယ်ဖြစ်လာကြတာပဲ။ ဒါ့ထက် မယ်မယ့်ကိုရော ဖေဖေကြီးကိုရော ခုတလော အကဲခတ်ရတာ သမီးနောင်ရေးအတွက် ပူနေကြပုံရတယ်"

"ဟုတ်ပါသော်ကော သမီးရယ်၊ မိဘဆိုတာ သားသမီးနောင်ရေးအတွက် မပူပန်တဲ့ မိဘရယ်လို့ ဘယ်ရှိမလဲ။ သမီးက ငယ်လဲအငယ်ဆုံး၊ လိမ်လဲ အလိမ္မာဆုံး ဆိုတော့ ပိုပြီးအရိပ်ကြည့်ရတာပေါ့။ သမီးဖေဖေကြီးကဆို မယ်မယ့်ထက်တောင် သမီးကို အရိပ်ကြည့်နေတယ်။ မိန်းကလေးမို့သာပေါ့၊ သားကလေးများသာဆိုရင် ပန်းပေါ်ကတောင် ချမှာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



''မပူပါနဲ့မယ်မယ်၊ ဖေဖေကြီးတို့ မယ်မယ်တို့ တစ်သက်တာမှာ မယ်မယ်တို့ စိတ်မချမ်းသာရမယ့်ဟာ မှန်သမျှ သမီးဘာမှ မလုပ်ပါဘူး စိတ်ချပါ။ ပြီးတော့ . . .''

''ပြီးတော့ ဘာဖြစ်သလဲသမီး''

''သမီးရဲ့ အိမ်ထောင်ရေးကိုလဲ မယ်မယ်တို့ တွေးနေပုံရတယ်''

''တွေးရပါသော်ကောသမီးရယ်၊ သမီးလေးက ငယ်သေးတယ်ဆိုပေမယ့် အိမ်ထောင်ပြုမယ်ဆိုရင်လဲ စဉ်းစားနိုင်တဲ့ အရွယ်ကလေးဟာကိုး''

''အဲဒီအတွက်တော့ ပိုပြီးစိတ်ချပေတော့မယ်မယ်။ သမီးဘယ်တော့မှ အိမ်ထောင်မပြုပါဘူး''

''ဒီလိုစကားလွန် မပြောကောင်းဘူး သမီး၊ လူဆိုတာ အချိန်တန် အရွယ်ရောက်လာရင် . . . ''

''ရောက်လဲမပြုပါဘူး၊ မရောက်လဲမပြုပါဘူး စိတ်သာချပါမယ်မယ်။ ပြီးတော့ ခုတလော မယ်မယ်တို့အကဲကို ကြည့်ရတာ သမီးက ရတနာသုံးပါးကိုစွဲ ဂရုစိုက်လွန်းတော့ ဘိက္ခုနီမ လုပ်သွားမှာကို စိုးရိမ်နေကြတယ်မဟုတ်ပါလား''

''မှန်လိုက်လေ သမီးရယ်။ မယ်မယ်ရော ဖေဖေကြီးပါ ဖွင့်မပြောရက်လို့သာ ရှိနေကြတာ၊ သမီးကို မျက်စိအောက်က ပျောက်သွားမှာ သိပ်စိုးရိမ်နေကြတယ်''

''ကဲ . . . ဒီနေ့ အခုကစ, ပြီးတော့ ပဋိညာဉ်ပေးလိုက်ပါတယ်။ အိမ်ထောင်လဲ မပြုဘူး၊ ဘိက္ခုနီမလဲ မလုပ်ဘူး။ မယ်မယ်တို့နဲ့ ဘယ်တော့မှ မခွဲဘူး။ မယ်မယ်တို့ မျက်စိအောက်က ဘယ်တော့မှ မပျောက်စေရဘူး''

''လိမ္မာလိုက်တဲ့သမီးလေးရယ် . . . '' ဟုဆိုကာ မိခင်ကြီး သီရိသုမနက သုမနဒေဝီကလေးကို ဖက်၍နမ်းလိုက်၏။ ဤစကားကို ကြားရသောအခါ ဖခင်ကြီး အနာထပိဏ်က ဝိသာခါတို့လို မဟာလ္လတာတန်ဆာကြီးပင်မဟုတ်စေကာမူ မဟာလ္လတာ တန်ဆာနီးပါးဖြင့် ကျောက်သံပတ္တမြားအပြည့်ချုပ်အပ်သော ဝတ်စုံတစ်စုံ ပြုလုပ်ပေးသည်။ သို့ရာတွင် သုမနဒေဝီကလေးအဖို့ ဝတ်ဆင်သည် ဟူ၍မရှိသောကြောင့် ပြုလုပ်ပေးကာမျှဖြစ်သည်။

နန္ဒနှင့် သာဋ္ဌတို့အကြောင်းရပ်မှာ ငမိုက်သား နန္ဒသည် တေဒက်အရှင် ဥပ္ပလဝဏ်ရဟန္တာမကြီးအား တောတွင်းတစ်ပါးတည်း သီတင်းသုံးစဉ် ဗလက္ကာရ ပြုမှုကြောင့် ချက်ချင်းပင် မြေခွဲအမျိုခံရသည်။ ဤသည်ကိုအကြောင်းပြု၍ အားနည်းသော အမျိုးသမီး ဘိက္ခုနီ အရှင်မများသည် နောင်အခါတွင် အလားတူကိစ္စမျိုး မပေါ်ပေါက်စေရန် ရဟန်းတော်များအစောင့်အရှောက်နှင့် ကင်း၍မနေရဟူသော သိက္ခာပုဒ်တော်တစ်ရပ် ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ငမိုက်သား မောင်သာငွသည်ကား ဝိသာခါ၏ မြေးရင့်မကြီးပင် ဖြစ်ပါလျက် ရဟန်းတော်တို့ ဆွမ်းခံဆွမ်းစားကြွခိုက် လူ့ဘဝက သူ့ချစ်သူလေးဖြစ်သော ဘိက္ခုနီမလေးကို ဘလက္ကာရပြုသည့်အကြောင်းကို ဗုဒ္ဓစာပန်းချီ 'သုန္ဒရီ'ဝတ္ထုတွင် ဖော်ပြခဲ့ပြီးဖြစ်၏။

အိမ်ထောင်မပြုခြင်းဖြင့် လည်းကောင်း၊ ဘိက္ခုနီမ မလုပ်ခြင်းဖြင့်လည်းကောင်း မိဘများနှင့် မခွဲမခွာတော့ပါဟု သုမနဒေဝီကလေးက ပဋိညာဉ်ပေးလိုက်သည်မှန်ပါ၏။ သို့ရာတွင် အခြားနည်းဖြင့်မခွဲမခွာရတော့ပြီလော။ သဓါရဆိုသည်ကြီးက ရှိပါချေသေး၏။

[ ၄ ]

လူ့အဖိုးတန် လူလိမ္မာကလေးများ သေဖန်များ၍ လူပေလူတေ လူ့ကလေကချေများ အသက်ရှည်ကြသည်ကို တွေ့ရဖန်များသောအခါ သေမင်းကိုအပြစ်တင်တတ်ကြ၏။ ရှင်သေမင်းရယ် ငဖြူကလေးတစ်ယောက်ကို ခေါ်မည့်အစား၊ ငမည်းဆယ်ယောက်ကို ခေါ်ပါတော့ဟုပင် ပြောတတ်ကြသည်။ ဤအချက်သည် ဟုတ်မှတ်သယောင်ရှိ၏။ အကြောင်းမူကား အနာထပိဏ်တို့အိမ်သားတစ်ပြုံကြီးတွင် အလိမ္မာကလေး၊ တစ်အိမ်လုံး၏ အသည်းကျော်ကလေး သုမနဒေဝီကိုမှကွက်၍ အဖျားရောဂါဝင်လာ သောကြောင့် ဖြစ်သည်။

အဖျားရောဂါမှာ ကြိုတင်ပြင်ဆင်မှုမရှိ၊ ရုတ်ခြည်းဝင်လာသောရောဂါဖြစ်၏။ မည်သည့်ရောဂါမျိုးမှန်းမသိရ။ သာဝတ္ထိတွင် ဤလိုရောဂါမျိုး မကြာခဏဖြစ်တတ်ကြသည်။ ကြီးစွာသော အဖျားဟုသာ သာမန်အားဖြင့် ခေါ်နိုင်ကြသည်။

မယ်သုမနကလေးဖျားသည်ဆိုသည်နှင့် တစ်အိမ်လုံး ပျာယာခတ်သွားသည်။ အိပ်ရာပေါ်သို့ ချက်ချင်းရောက်သွားသည်။ ဆရာကျော် သမားကျော်များကို ချက်ချင်း ပင့်ခေါ်သည်။

မယ်သုမနလေးဖျားခိုက် အိမ်တွင် ဖခင်ကြီးမရှိ အလှူတစ်ခုသို့ သွားနေသည်။ နေ့စဉ်နှင့်အမျှဆိုသလို အလှူများသို့ သွားရဖန်များသောကြောင့် မည်သည့်အလှူသို့ သွားသည်ဟု သိမှတ်မထားတော့။ အလှူသွားသည့်အလုပ်မှာ နေ့စဉ်ပုံမှန်အလုပ်တစ်ခု ကဲ့သို့ဖြစ်၍ ရိုးနေပြီ။ သို့ဖြစ်၍ အိမ်သားများကို ဖခင်ကြီးသို့ သမီးကလေးသတင်းပို့ရန် သာဝတ္ထိရှိ အလှူများသို့ လိုက်၍ရှာနေရသည်။

မယ်သုမနလေးက အိပ်ရာပေါ်ရောက်သည်ဆိုကတည်းက "ဖေဖေကြီးကို အမြန်ခေါ်ပေးကြပါ"ဟု ပူဆာသည်။ ဆက်၍ "ကျွန်မကို မကုကြပါနဲ့တော့၊ ကျွန်မ ရောဂါ ကျွန်မသိပါတယ်။ မသေခင် ဖေဖေကြီးကို တွေ့ချင်လွန်းလို့ ဖေဖေကြီး ကိုသာ ခေါ်ပေးကြပါ" ဟု ပြောသည်။ သေစကားပြောသော်လည်း ခန္ဓာကိုယ်

www.burmeseclassic.com



ကလေးသာ ညှိုးသယောင်ရှိ၍ မျက်နှာကလေးမှာမူကား ဝင်းဝင်းဝါဝါနှင့် ပြုံးနေသည်။ တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူနေသည်။ သမားတော်ကြီးက ကြိုးစား၍ကုရ၏။ မျက်နှာကလေး ကြည်ကြည်လင်လင်နှင့် ဘုရားဂုဏ်တော်များကို ရွတ်ဆိုလျက် ရှိနေသည်။ အိမ်သားအချို့ ကျိတ်၍ငိုသူငိုကုန်ကြပြီ။

မကြာခင် ဖခင်ကြီး ပျာပျာသလဲ ရောက်လာ၏။ သို့ရာတွင် သမီးအခန်းသို့ ဝင်ရာ၌မူ ပူရပ်ကိုမြင်လျှင် သမီးကလေး အားငယ်နေမည်ကြောင့် အားတင်း၍ ပြင်လိုက်သည်။

သမီးကလေးအိပ်ရာဘေးတွင် ထိုင်မိသည်နှင့် တစ်ပြိုင်နက် မယ်သုမနက ဦးခေါင်းငုံ့၍ ကြည့်ကာ "ဩော် – ငါ့မောင်ကလေးရောက်လာပေါ့ကိုး" ဟု နှုတ်ဆက်လိုက်သည်။

သမီးက ဖခင်ကြီးတစ်ယောက်လုံးကို "မောင်ကလေး" ဟု ခေါ်လိုက် သောကြောင့် အနာထပိဏ် အံ့အားသင့်သွားသည်။ ကေန္တ အဖျားရောဂါကြီး သောကြောင့် ငန်းဖမ်းနေပြီ ထင်ပါရဲ့ဟု တွေးသည်။

"သမီး သမီးလေး ... ဖေဖေကြီး ရောက်လာပြီလေ၊ ဘာမှ မပူနဲ့၊ အခုပဲ ပျောက်သွားမှာပါ။ ဖေဖေကြီးတို့ရှိတယ်။ ဆရာကြီးလဲ ရှိတယ်" ဟု အားပေး လိုက်သည်။

"အစ်မကြီး သေရမှာ မကြောက်ပါဘူး မောင်လေးရယ်။ အားပေးမနေပါ နဲ့တော့၊ ငါ့မောင်ကလေးကို စောင့်နေတာပါ။ အခုပဲ သွားရတော့မှာပါ"

"သမီး ... သတိထားလေ၊ ဘယ်ကိုသွားရမှာလဲ၊ ဘယ်မှ မသွားရဘူး။ ဖေဖေကြီးတို့ မယ်မယ်တို့ရှိနေတာပဲ"

"ဩော် ... သတ္တဝါတွေဟာ သည့်ပြင်ဟာတွေကို တွေ့ရကြုံရဖန်များရင် ရိုးသွားတတ်ပေမယ့် သေခြင်းတရားအပေါ်မှာတော့ မရိုးတတ်ကြဘူးနော်။ သေတယ် ဆိုရင် ပူပန်ကြတာချည့်ပဲ။ နို့ပေမယ့် ငါ့မောင်ကလေးက တရားရှင်ဆိုတော့ သဘောပေါက် နိုင်ပါလိမ့်မယ်"

"သမီး ... သမီး ... သတိထားပါ သမီးကလေးရယ်"

"ထားပါတယ် မောင်ကလေး။ သတိနဲ့ ပြောနေတာပါ။ ကဲ ... မောင်ကလေး ကိုရော မယ်မယ့်ကိုရော၊ တစ်အိမ်သားလုံးကိုရော နှုတ်ဆက်ခဲ့ပါတယ်။ သမီးမှာ အပြစ်ရှိရင် သည်းခံကြပါ။ သွားဦးမယ် မောင်ကလေးရေ့"

ပြုံးပြုံးကလေးနှင့် မျက်စိမှိတ်သွားသည်။ မေးရိုးအောက်သို့ ကျသွားသည်။ ငြိမ်သက်သွားသည်။ အစ်အိမ်လုံး ငိုသံတို့ဖြင့် ကျက်ကျက်ညံသွားသည်။ ယောက်ျားကြီး

www.burmeseclassic.com

www.burmeseclassic.com



လည်းဖြစ်၊ တစ်အိမ်လုံး၏ အကြီးအကဲလည်းဖြစ်၊ သောတာပန် ရင့်မကြီးလည်းဖြစ်သော အနာထပိဏ်အဖို့ကား ပူပန်လေသမျှကို မျိုသိပ်ကာ သမီးကလေး၏ မျက်နှာကို အသာအယာ အဝတ်ဖြင့်ဖုံးပေးပြီးနောက် မျက်နှာငံ့၍ အပြင်သို့ ထွက်ခဲ့သည်။

"ဩော် ... သမီးကလေး ဒါလောက် သူတော်ကောင်းမလေးဖြစ်ပါလျက် ဘယ်ဘဝက ဝဋ်ကြွေးပါလိမ့်၊ သေရာမှာတောင် ကယောင်ကတမ်းနဲ့ ငန်းဖမ်းပြီး ကွယ်လွန်သွားရှာပေတယ်"

[ ၅ ]

သမီးကလေးနှင့် မျက်နှာလွှဲသည်နှင့်တစ်ပြိုင်နက် အနာထပိဏ်သည် ခေါင်းရင်းလေသာခန်းဆောင်ရှိ သီးသန့်အခန်းသို့ဝင်၏။ သောကကို တရားဖြင့် ဖြေသိမ့်သည်။ အခါတိုင်း သံဃာတော် နှစ်ထောင်မျှ ဆွမ်းလုပ်ကျွေးသော မဏ္ဍပ်ကို သမီးကလေးအတွက် တိုးချဲ့၍ သံဃာကုန်ပင့်စေသည်။

ဆွမ်းသွတ် ဆွမ်းကျွေးနေ့တွင် ဘုရားရှင်ကိုယ်တိုင် ကြွလာသည့်အခါမှ လေသာဆောင်မှဆင်း၍ ဘုရားရှင်ရှေ့တော်မှောက်၌ ဝပ်တွားဦးချသည်။ သို့ရာတွင် သမီးကလေးသောကဖြင့် အပူရုပ် ဖြစ်နေသည်ကို ရှက်စနိုးသောကြောင့် ခါတိုင်းလို ဘုရားရှင်နှင့် သံဃာတော်များသို့ ကြည်ကြည်လင်လင် မော်၍ မဖူးနိုင်ဘဲ ဦးခေါင်းကို ငုံ့ထားသည်။

"အရှင်မြတ်ဘုရား။ ။ တပည့်တော်မှာ သမီးကလေးကြောင့် သောက ပွားလျက်ရှိနေပါသည်။ ဖြေဖျောက်ပေးသနားတော်မူပါဘုရား" ဟု ငိုသံသဲ့သဲ့တွင် ဦးခေါင်းငုံ့၍ လျှောက်ထားသည်။

"ဒါယကာကြီး။ ။ ဒါယကာကြီးဟာ တရားရှင်ဘဲ။ စဉ်းစဉ်းစားစားနဲ့ လျှောက်ထားပါလေ။ အဘယ်သမီးအတွက် သောကရောက်နေရတာလဲ"

ဘုရားရှင်၏ အမေးစကားတွင် တရားပါနေသည်ကို သောတာပန်ဖြစ်သော အနာထပိဏ် ချက်ချင်းသတိရလိုက်သည်။ မှန်လှပေ၏။ သံသရာ ဘဝခရီး တစ်လျှောက်တွင် သမီးတွေ သားတွေ များခဲ့လှပေပြီ။ သားတွေ သမီးတွေအတွက် သောကမီးတွေ များခဲ့လှပေပြီ။ အဘယ်သမီးအတွက် ကွက်၍ ပူနေရမည်နည်း။ အတိတ်နှင့် ပစ္စုပ္ပန်သာ ကွာခြားသည်။ အလွန် လေးနက်လှပသော မေးခွန်းတော် ပါတကားဟု သတိရလိုက်သည်။

"မှန်လှပါ တပည့်တော် သတိရပါပြီဘုရား။ သို့ရာတွင် ဤမျှတရားပြည့်ဝသော သမီးကလေးဖြစ်ပါလျက် သေခါနီးတွင် ငန်းဖမ်းသောကြောင့် ကယောင်ကတမ်း ဖြစ်သွားသည်ကို သတိရလျက်ရှိနေပါသည်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"အဘယ်သို့ဖြစ်ပါသလဲ ကျောင်းဒါယကာကြီး"

"မှန်လှပါ၊ တပည့်တော်ကို မောင်ကလေး မောင်ကလေးနှင့် ခေါ်၍ စကားပြော သွားပါသည်ဘုရား"

"ကျောင်းဒါယကာကြီး။ ။ သုမနဒေဝီသည် ငန်းဖမ်းသောကြောင့် ကယောင်ကတမ်း စကားပြောသွားကြခြင်းမဟုတ်။ သင့်ထက်တရားအားဖြင့် အဆင့်မြင့်သူ ဖြစ်သောကြောင့် သင် သတိတရားရစေရန် တရားအလိုအားဖြင့် တမင်ခေါ်၍ သတိပေးသွားခြင်းမျှဖြစ်ပါသည်"

"အလို . . . သမီးလေးက တရားရှင်ကလေးလား။ တပည့်တော်ထက်တောင် အဆင့်မြင့်တဲ့ တရားရှင်လေးပါလား အရှင်ဘုရား"

"မှန်ပေသည် ဒါယကာကြီး။ သံဃာတော်များသို့ ရင်အုပ်မကွာ ဆည်းကပ် ခဲ့သော သုမနဒေဝီ ဒါယိကာမလေးသည် သံဃာတော်များ၏ တရားကို နာရ၍ သကဒါဂါမိဖိုလ်အဆင့်သို့ ရောက်ခဲ့ပေသည်။ ထို့ကြောင့် သောတာပန်အဆင့်မျှဖြစ်သော သင့်ကို တရားရှင်အစ်မကြီးနေရာကနေ၍ မောင်ကလေးဟု ခေါ်ခဲ့ခြင်းဖြစ်ပေသည်။

"ဝမ်းမြောက်လှပါချည့် အရှင်မြတ်ဘုရား။ သို့ဆိုလျှင် သမီးကလေးသည် အဘယ်ဘုံသို့ ရောက်သွားသည်ကို သိလိုလှပါသည်ဘုရား"

"တုသိတာဘုံ၌ ဖြစ်ပေသည် ဒါယကာကြီး"

"တပည့်တော် သောကကင်းပါပြီ။ သမီးကလေးသည် တပည့်တော်တို့ထက် မြင့်မြတ်သော တုသိတာဘုံ၌ဖြစ်၍ ဝမ်းမြောက်လှပါသည်။ တစ်အိမ်သားလုံးလဲ ဝမ်းမြောက်ကြပါလိမ့်မည်ဘုရား"

"တရားကို ကျင့်သုံးသူအဖို့ ပစ္စုပ္ပန်တွင်လည်း ဝမ်းမြောက်ရ၍ အနာဂတ် တွင်လည်း ဝမ်းမြောက်ရသည်။ ဇာတိတည်းဟူသော ဘဝရှိသမျှပတ်လုံး သေခြင်းသည် မြဲ၏။ နာခြင်းသည်မြဲ၏။ အိုခြင်းသည် မြဲ၏။ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့မှ ကင်းလွတ်၍ နိဗ္ဗာန်သို့ရောက်ရန် ကျင့်သုံးကြကုန်လော့" ဟူသော တရားတော်၏ အဆုံး၌ ကျောင်းတော်သို့ ဘုရားရှင်ကြွချီတော်မူရာတွင် အနာထပိဏ်နှင့် တစ်အိမ်လုံးမှာ သာဓုသံချင်း ဘဝင်လျှံအောင် ကျန်ရစ်ခဲ့ပေ၏။ ။

www.burmeseclassic.com

www.burmeseclassic.com



# ချစ်သားတို့ ဝါကပ်ကြကုန်လော့

[ ၁ ]

"ချစ်သားတို့။ ။ ဒေသစာရီထွက်ချီကြကုန်လော့။ ဒေသစာရီ ထွက်ချီ၍ သင်တို့သိအပ်သော ငါဘုရား၏တရားကို ဟောကြားကြကုန်လော့။ သို့ရာတွင် သင့်တို့ သံဃာအင်အား နည်းပါးလှသေးသည်။ ထို့ကြောင့် အရပ်ရှစ်မျက်နှာတို့သို့ တစ်ကြောင်းတည်းသောခရီးအတွက် နှစ်ပါးမကြွဘဲ တစ်ပါးစီသာကြွ၍ ဟောကြား ကြကုန်လော့"

ရှေးဦးစွာကား တရားအလင်းရောင် ပျံ့နှံ့စေလိုသည့် အဓိကစေတနာဖြင့် မိမိကိုယ်တိုင် စီစဉ်ခိုင်းစေခဲ့သော အမိန့်ဖြစ်၏။ သံဃာ့အင်အားကလည်း ဘုရားဖြစ်တော်မူစ ပဥ္စဝဂ္ဂီငါးပါးမှစ၍ ယသသူဌေးသား ရဟန်းဖြစ်လာပြီးသည်အထိ ခြောက်ဆယ့်တစ်ပါးမျှသာ ရှိပေသေးသည်။

ဝဲသြဃသံသရာမှ သတ္တဝါများကို ကယ်တင်ရန်ဟူသော အဓိဆန္ဒ မဟာကရုဏာဖြင့် ဘုရားဖြစ်ရန် အရိုးကြေကြေ အရေခန်းခန်း ကြိုးပမ်းခဲ့သည်မှန်ပါ၏။ သို့ရာတွင် ဘုရားဖြစ်လာ၍ မိမိရရှိအပ်သော တရား၏ လေးနက်မှုကို သိလာရသောအခါ အဝိဇ္ဇာ တဏှာ အညစ်အကြေးတို့ဖြင့် မြှေးယှက်ထူပိန်းလွန်းလှသော သတ္တဝါများအား မိမိတရားနှင့် မတန်ဟု ထင်မြင်မိကာ တရားမဟောဖို့ပင် ဆုတ်နစ်ခဲ့မိပေးသေးရာတွင် သဟမ္ပတိဗြဟ္မာမင်း လျှောက်တောင်းပန်မှ မိမိဗုဒ္ဓဝါဒ အရင်းအမြစ်ဖြစ်သော ဓမ္မစကြာ တရားကို ပဥ္စဝဂ္ဂီတို့အား ဤဝါဆိုလပြည့်နေ့တွင်ပင် စတင်ဟောကြားခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဟောလိုက်ပြန်တော့လည်း ပဋ္ဌဝဂ္ဂီတို့သည် မိမိတို့၏ တရားလမ်းစဉ်အရ အလွယ်တကူပင် သံသရာမှ လွတ်မြောက်သွားကြသည်ကို တွေ့ရသောကြောင့် ဝမ်းမြောက်ရ၏။ ပဋ္ဌဝဂ္ဂီတို့သာမဟုတ်၊ ဘဒ္ဒဝဂ္ဂီညီနောင် ရဲဘော်သုံးကျိပ်တို့သည် လည်းကောင်း၊ ယသသူဌေးသားအဖသည်လည်းကောင်း ဟောမိလေသမျှ ပုဂ္ဂိုလ်များသည် လွတ်မြောက် ကျွတ်တမ်းဝင်ကြသည်ကို တွေ့ရ၏။ သို့နှင့် သတ္တဝါတို့သည် သာမန်အားဖြင့်ဆိုလျှင် အဝိဇ္ဇာကြေးညှော်တို့ဖြင့် ထူပိန်းဟန်ရှိသော်လည်း တရားစစ် တရားမှန်ကိုသာ နာယူရလျှင် သံသရာဝဋ်မှ ကျွတ်လွတ်နိုင်သူတို့ မြောက်မြားစွာ ရှိကြောင်း သိရှိလာရ၍ ဝမ်းမြောက်ရပေသည်။

ထို့ကြောင့် ကျွတ်ထိုက်သသူ ဗိုလ်လူများစွာ သတ္တဝါ မှန်သမျှတို့အား မိမိ တစ်ပါးတည်း ဟောပြော ချွတ်သည်ထက် တပည့်သံဃာများ၏ အကူအညီဖြင့်လည်း ဟောပြောချွတ်စေရသော် ပို၍ ခရီးရောက်ဖို့ရှိသည်ဟူသော မဟာကရုဏာ စေတနာရင်းဖြင့် ယသ သူဌေးသားရဟန်းဖြစ်အပြီးတွင် ရှိလေသမျှသော တပည့်သံဃာ ခြောက်ဆယ့်တစ်ပါးအား အရပ်ရှစ်မျက်နှာတို့သို့ ဒေသစာရီကြွချီ၍ တရားဟော ချွတ်ကြရန် ခိုင်းစေခဲ့ရ၏။

[ ၂ ]

ယခုတော့မူ ဥရုဝေလစသော ကဿပညီနောင်တို့၏ ရှင်တစ်ထောင်လုံးပင် ကျွတ်တမ်း ဝင်လာကြ၍လည်းကောင်း၊ ကာဠုဒါယီအထိ ကပိလဝတ်မှ မိမိအား ပင့်လာကြ လေသမျှသော အမတ်စေတမန်အားလုံး ရဟန်းဖြစ်လာကြ၍လည်းကောင်း၊ ရာဇဂြိုဟ် ပြည်မှ ဥပတိဿ ကောလိတတို့လို အခြွေအရံအသိုက်အဝန်းနှင့် သာသနာတော်သို့ ရောက်လာကြသူတို့ကြောင့်လည်းကောင်း တပည့်သံဃာ အသိုက်အဝန်းမှာ ရာဇဂြိုဟ် တစ်မြို့လုံးကိုပင် သင်္ကန်းရောင်တို့ဖြင့် လွှမ်းဖုံးတော့လုမတတ် ကြီးမားကျယ်ပြန့်၍ လာခဲ့ပေပြီ။

ဤတွင် အခွင့်သင့်လေသမျှ ဒါယကာ ဒါယိကာမတို့အား တရားဟောပြော ကယ်ချွတ်ကြ၊ သာသနာပြုကြ ဟူသော မိမိ၏ မူလအမိန့်အရ တပည့်သံဃာမှန်သမျှ တို့အဖို့ ခရီးဒေသစာရီ လှည့်လည်၍ သာသနာပြုရန်ဟူသော တာဝန်တစ်ရပ်သည် ရဟန်းဖြစ်သည်နှင့် တစ်ပြိုင်နက်ပင် တည်နေခဲ့ပေရာ တာဝန်ရှိသည့်အလျောက်လည်း တပည့်သံဃာတိုင်းလိုလို ကြိုးပမ်းကြသည်ကို တွေ့လာရ၍ ဝမ်းမြောက်ရပါ၏။ သို့ရာတွင် တပည့်သံဃာအများ လှုပ်ရှားမှု များလာပြန်တော့လည်း ပြဿနာတစ်ရပ် ကြုံလာရ

www.burmeseclassic.com

www.burmeseclassic.com



ပြန်၏။ ယင်းပြဿနာ၏ အဖြေကို ကျောင်းဒါယကာကြီး ဘုရင် ဗိမ္ဗိသာရကပင် စတင်ပေသည်။

"အရှင်မြတ်ဘုရား။ ။ တပည့်သံဃာများ တရားဟော သာသနာပြုထွက်ကြသည်မှာ ကောင်းမြတ်သောအလုပ်ဖြစ်သည်မှန်ပါ၏။ သို့ရာတွင် နွေလအခါ ခြေခင်းလက်ခင်းသာသော အချိန်များ၌ ခရီးလှည့်လည်မှုပြုသည်မှာ သင့်လျော်သော်လည်း မိုးရာသီဆိုလျှင် သာသနာတော်မှအပ တိတ္ထိများပင်လျှင် မိမိကျောင်း၌သာ နေထိုင်ကြသောကြောင့် ယင်းတိတ္ထိများနှင့် နှိုင်းယှဉ်၍ ကဲ့ရဲ့ခံရဖွယ်ရှိခြင်း၊ လူများစွာတို့သည် သီးနှံပင် မြက်ပင် စသည်တို့၌ အသက်ရှိသည်ဟု ယူဆထားကြရာ သီးနှံစိုက်ခင်းပေါ်များသော မိုးရာသီ၌ ယင်းအပင်များကို ရဟန်းတော်တို့ နင်းမိသောအခါ ကဲ့ရဲ့ခံရဖွယ်ရှိခြင်းတို့ဖြစ်ပါသည်။

"ထို့ကြောင့် မိုးရာသီတွင် တပည့်သံဃာတို့အား ခရီးဒေသစာရီ မထွက်စေလျှင် သင့်လျော်မည် ထင်ကြောင်းပါဘုရား"

မှန်လှပေ၏။ ကျောင်းဒါယကာကြီး၏ လျှောက်တင်ချက်မှာ လျော်ကန်လှပေ၏။ မိုးလအခါ မိုးများသော မဇ္ဈိမတိုက်၌ လူသတ္တဝါတို့သာမက ကျေးငှက်တိရစ္ဆာန်များပင်လျှင် မိမိတို့အသိုက်အအုံ၌ ခိုအောင်း၍သာ နေကြသည့် သဘာဝရှိပေသည်။ သို့ပါလျက် ဤရာသီတွင် မိမိ၏ တပည့်သံဃာများသည် တလှုပ်လှုပ် တရားရှားဖြင့် ခရီးဒေသစာရီ သွားလာနေခြင်းမှာ အများနှင့် ဆန့်ကျင်နေပေသည်။

တစ်ကြောင်းမှာလည်း တပည့်သံဃာများအဖွဲ့ သာသနာပြု ပရဟိတ လုပ်ငန်းအပြင် မိုးရာသီ၌ ငြိမ်သက်စွာ နေခြင်းဖြင့် ဂန္ထဓုရ၊ ဝိပဿနာဓုရ တည်းဟူသော မိမိ၏ အကျိုးကိုလည်း မိုးကာလပတ်လုံး ဆောင်ရွက်နိုင်ခွင့်ရကြပေမည်။

ထို့ကြောင့် ဘုရားရှင်သည် ကျောင်းဒါယကာကြီး၏ လျှောက်တင်ချက်မှာ လျော်ကန်လှသည့်အတိုင်း ဆိတ်ဆိတ်နေခြင်းဖြင့် သဘောတူဝန်ခံကာ ယနေ့ညတပည့်သံဃာတို့ စုဝေးရာ အချိန်၌ သိက္ခာပုဒ် တစ်ရပ် ပညတ်တော်မူရန် သတိပြုတော်မူလိုက်၏။

[ ၃ ]

ထိုနေ့ညဉ့်ဦးပိုင်း သံဃာ့အစည်းအဝေး၌ ဘုရားရှင်သည် မိုးရာသီ၏ အတွင်းရက်များကို ရည်မှန်းတော်မူ၍လည်းကောင်း၊ မိမိ၏ တရားဦးဟောခဲ့ရာ ဓမ္မစကြာ အခါတော်နေ့နှင့်

www.burmeseclassic.com

www.burmeseclassic.com



ဆီလျော်စေခြင်းဖြင့်လည်းကောင်း ပညတ်ချက်အမိန့်တော်တစ်ရပ်ချမှတ် ဟောကြားတော်မူ၏။

''ချစ်သားတို့။ ။ မိုးလအခါ ဝါဆိုလပြည့်ကျော် ၁-ရက်နေ့မှစ၍ သီတင်းကျွတ် လပြည့်နေ့အထိ သုံးလတို့ကာလပတ်လုံး မိမိတို့ရောက်ရှိရာ ကျောင်း၌သာနေကြကုန်လော့၊ အကြောင်းခိုင်လုံမှုမရှိဘဲ မိမိနေသောကျောင်းမှ အခြားသို့ ခရီးဒေသစာရီ မထွက်ကြကုန်လင့်။ မိမိတို့၏ ကျောင်း၌သာ နေခြင်းဖြင့် ဓုရနှစ်ပါးကို ပွားများကြကုန်လော့။ ဝါကပ်ကြကုန်လော့''။ ။

www.burmeseclassic.com

www.burmeseclassic.com



# နှစ်ယောက်သားတွေ့ကြရာဝယ်

[ ၁ ]

သုမိတ္တသည် ယနေ့ညနေပိုင်းတွင် မြတ်လေးမြိုင်ဥယျာဉ်သို့ အတန်နောက်ကျမှ ရောက်လာ၏။ သို့သော် ဇေတမင်းသား တစ်ဦးတည်းကိုသာ မိမိတောင့်တ ထားသည့်အတိုင်း တွေ့ရသောကြောင့် ဝမ်းမြောက်သွား၏။

ဇေတမင်းသားက "ကြွပါ ကြွပါ သူဌေးကလေး။ ။ တစ်ယောက်မျှော် လဲမလာ၊ တစ်ယောက်မျှော်လဲမလာနဲ့၊ ဒီနေ့ ခင်ဗျားတို့တစ်တွေ လာမှ လာကြပါဦး မလား ထင်နေတာ၊ သူဌေးကလေး ရောက်လာလို့ တော်သေးတာပေါ့" ဟု ဆီးကြို နှုတ်ဆက်သည်။

"ကျွန်တော်လဲ ဒီနေ့အားလှတယ်မဟုတ်ပါဘူး။ ရာဇဂြိုဟ်က ရောက်လာတဲ့ ဟောဒီယမကာအိုးကလေးကြောင့် အရှင်မင်းသားကို ဆက်ချင်တာနဲ့ ကြိုးစားပြီး အရောက်လာခဲ့ရပါတယ်"

"ကျုပ်ခြံထဲ ရောက်တဲ့အခါ အရိုအသေတွေ သိပ်လုပ်မနေပါနဲ့ သူဌေးကလေး။ စိတ်လွတ်ကိုယ်လွတ် နေရအောင်လို့ ခြံထဲကိုလာကြတာ ပျော်ပျော်ပါးပါး လွတ်လွတ် လပ်လပ်ပေါ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



“ဝမ်းမြောက်လှပါတယ် အရှင်မင်းသား။ ။ နို့ပေမယ့် ဒူးနေရာဒူး၊ တော်နေရာတော်ဆိုသလို လူ့စည်းကမ်းကလဲ ရှိပေသေးတော့ ရှိသေသင့်သူကို ရှိသေရမှာပေါ့ အရှင်မင်းသား”

“မှန်ပါပေတယ်၊ နို့ပေမယ့် ဌာနာ ဌာန ကောလ္လလ နေရာဌာနအားလျော်စွာ ဆက်ဆံနေထိုင်တတ်ရမယ်ဆိုတဲ့ အဆိုအမိန့်ကလဲ ရှိပေသေးသကိုး။ ဒါ့ကြောင့် လွှတ်တော်တို့၊ ရုံးတို့လို နေရာမျိုးမှာ ရှိသေနိုင်ပေမယ့် ဒီဥယျာဉ် ဒီနေရာမျိုးဆိုတာကတော့ အားလပ်တဲ့အခါမျိုးမှာ စိတ်အေးလက်အေး လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါး နေထိုင်စားသောက်ဖို့ လာခဲ့ကြတာမဟုတ်လား။ မိတ်ဆွေချင်းရယ်လို့ ဆက်ဆံ ပေါင်းသင်းကြတဲ့နေရာမှာ အရိုအသေဆိုတာ ပါလာရင် စိမ်းသွားသဗျ။ ဒီတော့ လွတ်လွတ်လပ်လပ်သာ နေစမ်းပါ သူငွေးကလေး”

“ဝမ်းမြောက်လှပါဘိ အရှင်မင်းသား။ ။ မှန်လဲမှန်၊ အကျိုးလဲရှိတဲ့ စကားမျိုးကြားနာရလို့ ကျေးဇူးလဲတင်လှပါတယ် အရှင်မင်းသား”

အရှင်မင်းသားချင်း ထပ်အောင် ရှိသေသမှုဖြင့် သုံးနှုန်းနေသည်ကို ရင်းနှီးလိုမှုဖြင့် ဇေတမင်းသားက တားမြစ်နေသယောင် ရှိသော်လည်း ဇေတမင်းသား ကိုယ်တိုင်ကလည်း သုမိတ္တကိုသူဌေးကလေးချင်းထပ်အောင် မြှောက်ပင့်ခေါ်ဝေါ်လျက်ရှိ နေ၏။ စင်စစ်သော်ကား လူတို့၏အထက်တန်းလောက၊ ဂုဏ်လောကဟူသည် အဘယ်မျှ ရင်းနှီးခင်မင်ကြသည်ဆိုစေ၊ စွမ်းနိုင်သမျှသော ပင့်မြှောက်ချီးပမှုများဖြင့်သာ ဝိုင်းပတ်ထားကြခြင်းမဟုတ်ပါလား။ စကားအားဖြင့်ဖြစ်စေ၊ အမူအရာအားဖြင့်ဖြစ်စေ၊ ပစ္စည်းအားဖြင့်ဖြစ်စေ၊ ဇေတမင်းသားတို့လို ဂုဏ်ရှိ တန်ခိုးရှိ မင်းစိုးရာဇာတို့နှင့် နှိုင်းယှဉ်လိုက်သောအခါ မိမိအကျိုးကို အမြဲတမ်းမျှော်ကိုးရသော သုမိတ္တတို့လို ကုန်သည်တို့ကသာ အမြှောက်အပင့်သာလွန်စမြဲဖြစ်၏။

သုမိတ္တသည် မိမိယူဆောင်လာသည့် ကြိမ်ခက် ကြိမ်နွယ်တို့ဖြင့် လှပစွာ ရက်လုပ်ထားသော ယမကာအိုးကို ဇေတမင်းသားသို့ တရိုတသေ ပေးဆက်လိုက်သောအခါ ဇေတမင်းသားက ဝမ်းမြောက်စွာ လှမ်းယူလိုက်သည်။

ဇေတဝန်ခေါ် ဇေတမင်းသား၏ ဥယျာဉ်ကို ဇေတမင်းသားသည် အနာထပိဏ်သို့ ရောင်းလိုက်ပြီးနောက် ဥယျာဉ်အစားရရန်အတွက် ယခုမြတ်လေး ဥယျာဉ်ကို ဝယ်ယူလိုက်သောအခါ ဇေတမင်းသား၏ အသိုက်အဝန်းများသည် ယခုလို အလုပ်အားလပ်သည့်ညနေ ညဥ့်ဦးခင်း အချိန်နှင့် အားလပ်ရက်များ၌ ဇေတဝန်မှာ တုန်းကထက်ပင် ပို၍စည်ကားလာ၏။ အကြောင်းမူကား အပေါင်းအသင်း ရောင်းရင်းများနှင့် ပျော်ပျော်သာနေတတ်သော ဇေတမင်းသားအဖို့ ကံကောင်းကံမ ဇေတဝန်ကို

www.burmeseclassic.com



ကြမ်းခင်း၍ ရောင်းလိုက်ရသော အနာထပိဏ်၏ ရွှေဒင်္ဂါးများဖြင့် သုံး၍မကုန် ဆိုရလောက်အောင် ကြွယ်ဝလာသောကြောင့်ဖြစ်သည်။

ထိုအချိန်က သာဝတ္ထိ၏ ဂုဏ်ရှိ သရေရှိ မင်းစိုးရာဇာနှင့် လူကုံထံများအဖို့ အခြားပစ္စည်းပြည့်စုံမှုထက် ကိုယ်ပိုင်ဥယျာဉ်တစ်ခုရှိဖို့လိုသည်။ ဥယျာဉ်ချင်း ပြိုင်ကြသည်။ အားလပ်ချိန် အားလပ်ရက်များ၌ လူပြည့်ကျပ်သော သာဝတ္ထိမှ ကိုယ်ပိုင်ဥယျာဉ်များသို့ ယာဉ်မျိုးစုံဖြင့် အပြိုင်ထွက်ကြသည်။

မြတ်လေးဥယျာဉ်သည် ဇေတဝန်လောက် မကျယ်ဝန်းသော်လည်း သစ်ပင်ပန်းမန် အလှအပတွင်မူ ဇေတဝန်နှင့် သူနိုင်ငါနိုင် ပြိုင်လောက်၏။ အထူးသဖြင့် ဘေးပတ်လည်တွင် သရက်၊ ပိန္နဲ စသော အပင်ကြီးများဖြင့် ဝန်းရံထားသော်လည်း မြတ်လေးကို နှစ်သက်သူ မူလပိုင်ရှင်က အတွင်းပိုင်းတွင် မြတ်လေးရုံ ပန်းခက်တို့ဖြင့် အထူးပြု စိုက်ပျိုးပြင်ဆင်ထားသောကြောင့် မြတ်လေးဥယျာဉ်ဟု ခေါ်သည်။

မင်းစိုးရာဇာ ဆိုသူများမှာ တန်ခိုးအာဏာရှိသော်လည်း အများအားဖြင့် ခနေ့ငွေကြေး ပြည့်စုံသူများမဟုတ်တတ်ကြ။ နိုင်ငံ့ဥသျှောင်ဖြစ်သော ကောသလဘုရင်ကြီးကိုယ်တိုင်ပင်လျှင် ဇေတဝန်အနီးတွင် တိတ္ထိတို့၏ ကျောင်းဆောက်လုပ်မည့်ကိစ္စ၌ ငွေတစ်သိန်းလာဘ်စားသည်ဟု ကျော်ကြားခဲ့သည်။ သို့ဆိုလျှင် ပျော်ပျော်နေ၍ ပေါ့ပေါ့ သုံးတတ်သော ဇေတမင်းသားအဖို့ အဘယ်ပုံ ခနေကြေးငွေ ပြည့်စုံနိုင်ပါအံ့နည်း။

ထို့ကြောင့် ယခင်ကဆိုလျှင် သုဒတ္တ(အနာထပိဏ်)တို့လို၊ သုမိတ္တတို့လို ကုန်သည်သူဌေးမိတ်ဆွေများကို တန်ခိုးအာဏာဖြင့် မသိမသာ လုံလုယ်ရင်း အကြိမ်များစွာ ပံ့ပိုးကူညီခဲ့ကြရသည်။ သို့သော် ယခုအခါတွင်မူ ဇေတမင်းသားအဖို့ ဇေတဝန်တည်းဟူသော အရင်းအနှီးဖြင့် တန်ခိုးအာဏာသာမက ရွှေသူဌေးကလေး အဖြစ်သို့ ရောက်ရှိခဲ့ပြီဖြစ်၏။

ဆိုလိုသည်ကား တန်ခိုးအာဏာရှိသူအတွက် ငွေမလိုဟုဆိုလျှင် အဘယ်အရာ လိုပါသနည်း။ လိုသည်ကား ကမ္ဘာ့အစဉ်အလာ ယောက်ျားများ၏ ထုံးစံအတိုင်းပင်ဖြစ်ပေတော့သည်။ ထို့ကြောင့် အခွင့်ကောင်းကို ချောင်း၍ နေခဲ့သော ကုန်သည်သုမိတ္တအဖို့ ယနေ့ညနေခင်းတွင် မမျှော်လင့်ဘဲ ဇေတမင်းသားနှင့် နှစ်ယောက်တည်းတွေ့ကြရာဝယ် လိုရင်းကို စတင်ဖန်ခင်းလိုက်သည်။

"တစ်မြန်နေ့က ရာဇဂြိုဟ်ကပြန်လာတော့ ရာဇဂြိုဟ်မှာ သတင်းထူးတစ်ခု ကြားလာခဲ့ရပါတယ်"

"ဘာများပါလိမ့်မျာ"

www.burmeseclassic.com

www.burmeseclassic.com



"ပြည့်တန်ဆာမ သီရိမာ ကွယ်လွန်သွားရှာပြီဆိုပဲ အရှင်မင်းသားရဲ့"

"နှမြောစရာကောင်းလိုက်ပါဘိတော့။ တစ်ချိန်က ရာဇဂြိုဟ်ကို ရောက်တုန်းက ရာဇဂြိုဟ်မှာ နာမည်ကြီးလွန်းလှတဲ့ သီရိမာနဲ့ တွေ့ဖြစ်အောင် တွေ့ခဲ့မိသေးတယ်။ အလှမှာတော့ ရှာမှရှားတဲ့ အမျိုးသမီးပါပဲဗျာ"

"အလှဆိုသလို နှိုင်းယှဉ်ချက်ရှိစမြဲပါ။ အရှင်မင်းသားက ရိုးလွန်းတော့ သီရိမာထက် လှသူကို မတွေ့ဖူးသေးလို့ဖြစ်ပါလိမ့်မယ်"

"ဟုတ်ပေမှာပေါ့"

'ပြည့်တန်ဆာ' ဟူသော ဝေါဟာရနှင့်အလုပ်သည် ယနေ့အချိန်၌ ရုန့်ရင်းသော်လည်း ထိုအချိန်ကမူ မင်းသိ၊ အရပ်သိ၊ နိုင်ငံတော်အသိအမှတ်ပြု ဝေါဟာရနှင့် အလုပ်ဖြစ်၏။ လုပ်ငန်းအဆင့် အနိမ့်အမြင့်သာ ကွာခြားသည်။ ထို့ကြောင့် နှစ်ယောက်တည်း မဆိုထားဘိ၊ လူအများအကြား၌ပင် တရားဝင်ဆွေးနွေးနိုင်သော ဝေါဟာရဖြစ်သည်။

အမျိုးသမီးများအဖို့လည်း အကြင်အမျိုးသမီး တစ်ယောက်အား ဘုရင့်အစိုးရက 'ပြည့်တန်ဆာ' ဟု အသိအမှတ်ပြုခံရခြင်းအားဖြင့် ထိုအမျိုးသမီးအဖို့ ဂုဏ်ရှိတော့သည်သာ ဖြစ်၏။ အကြောင်းမူကား ငွေကြေးတတ်နိုင်သော အထက်တန်းလွှာနှင့် မင်းစိုးရာဇာတို့အား အပန်းပြေအောင် ဖျော်ဖြေသော အလုပ်ိုင်ရှင်ဟု အသိအမှတ်ပြုခံရသောကြောင့် ဖြစ်သည်။

"ကျွန်တော်တို့ သာဝတ္ထိမှာလည်း ပြည့်တန်ဆာထားဖို့ အစီအစဉ်ရှိတယ်လို့ ကြားရပါကလား အရှင်မင်းသား"

"သာဝတ္ထိမှာ သူ့နေရာနဲ့သူ ပြည့်တန်ဆာတွေ ရှိနေသားဟာကပဲ"

"ကျွန်တော်ဆိုလိုတာက ရာဇဂြိုဟ်က သီရိမာတို့လို၊ ဝေသာလီက အမ္ဗပါလီတို့လို အရှင်မင်းသားတို့ အသိအမှတ်ပြု ပြည့်တန်ဆာကိုပါ"

"မှန်ပါတယ်။ တော်ကြီးဘုရားရဲ့ စိတ်ကူးတစ်ခုပါပဲ။ တော်ကြီးဘုရားဟာ ရာဇဂြိုဟ်ကို အင်မတန် အတုယူချင်သဗျ။ သာဝတ္ထိမှာ သူဌေးအများကြီးရှိပါလျက်နဲ့ ရာဇဂြိုဟ်က သူဌေးခေါ်လာလို့လား၊ သာဝတ္ထိမှာ ဂိုဏ်းဆရာကြီးတွေ ရှိနေပါလျက် ရာဇဂြိုဟ်က ဘုရားကို ပင့်လာလို့လာနဲ့"

"ရာဇဂြိုဟ်ကဘုရားကို ပင့်လာတာကတော့ သာဝတ္ထိအဖို့ အကျိုးရှိတာ အမှန်ပါ။ သူတော်ကောင်းတွေ အများကြီး ပွားများလာတာပဲ မဟုတ်ပါလား။ အရှင်မင်းသားတောင် အကျိုးရှိပေသေးတာကပဲ၊ ဟဲ ။ ။ ။ ဟဲ။

www.burmeseclassic.com

www.burmeseclassic.com



''အကျိုးရှိတာ မရှိတာကို မပြောလိုပါဘူး။ တော်ဘုရားကြီး စိတ်ကူးယဉ်တာကိုသာပြောတာပါ''

''ဒီလိုဆို ကြားရတဲ့သတင်း မှန်တာပေါ့''

''မှန်ပါတယ်။ တစ်ခါက တော်ဘုရားကြီးက ကျုပ်ကိုဖွင့်ပြီးဆွေးနွေးဖူးပါတယ်။ နို့ပေမယ့် ဒီကိစ္စကမလွယ်ပါဘူး။ မျက်နှာကြီးပိုင်းက လက်ခံနိုင်လောက်တဲ့သူရှိမှ ဖြစ်မှာပါ''

''အဆင်းရော အချင်းပါ ဆိုသလို လက်ခံနိုင်လောက်တဲ့သူကလေးကို တွေ့ထားလို့ ဒီကိစ္စကို ဆွေးနွေးမိတာပါ အရှင်မင်းသား''

''အမယ် ‥ သူဌေးကလေးတို့က တယ်ဟုတ်ပါလား။ ကျုပ်တို့ကတော့ သာဝတ္ထိမှာ မကြားမိသေးပါဘူး။ အမည်က ဘယ်သူတဲ့လဲ''

''ဒေဝပါလီပါတဲ့ ‥‥ အရှင်မင်းသား၊ အရှင်မင်းသားတို့ အဆင့်ကို ရောက်ခွင့် မကြုံသေးလို့ မတွေ့သေးတာပါ။ အကယ်၍များ အရှင်မင်းသား တွေ့ရမယ်ဆိုရင် ‥‥''

''တယ်ဆိုတဲ့စာပါကလား သူဌေးကလေး''

''ရဲရဲ ဆိုဝံ့တဲ့စာပါ။ သူမျှော်လင့်ချက်ကတော့ တကယ်လို့များ အရှင်မင်းသားတို့က သဘောတူမယ်ဆိုရင် တော်ကြီးဘုရား ရည်မှန်းချက်အတိုင်း အသိအမှတ်ပြုပေးဖို့ပေါ့လေ။ သူကလေးကလဲ အရှင်မင်းသားကို အင်မတန်မှ ဖူးတွေ့ချင်နေပါတယ်''

''ဒီလိုဆိုရင်လဲ သမင်မှန်း ရှင်မှန်း ကွဲပြားသွားအောင် နောက်လကွယ်အားလပ်ရက်လောက် တွေ့ကြရင် မကောင်းဘူးလား''

''ကောင်းလှပါတယ်။ အဲဒီနေ့မှာ ကျွန်တော် ဒီမြတ်လေးဥယျာဉ်ကို နံနက်ပိုင်းကတည်းက ရောက်နေအောင် စီစဉ်ပေးပါ့မယ်။ အရှင်မင်းသားကသာ အဲဒီနေ့ စောင့်ကြိုတော်မူပါ။ လိုလေသေးမရှိ တစ်နေ့လုံး သူပြုစုပါလိမ့်မယ်။ ဖြစ်နိုင်မယ်ဆိုရင် အဲဒီနေ့မှာ အရှင်မင်းသားတစ်ဦးတည်းဆိုရင် ပိုသင့်လျော်ပါလိမ့်မယ်''

''စိတ်ချပါ၊ အဲဒါတွေ ကျုပ်စီစဉ်ထားပါ့မယ်''

''ကောင်းပါပြီ အရှင်မင်းသား''

www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

ဤတွင် မလယ်မဝယ် တောသားရဟန်းကလေးကိုစ ပေါ်ပေါက်လာ၏။

ဘုရားရှင်သည် သူတို့ကျေးရွာသို့ အမှတ်မထင် ဒေသစာရီ ကြွရောက်တော်မူလာခိုက်၊ ဘုရားရှင်၏ရုပ်ပုံတော်ကို ဖူးတွေ့လိုက်ရသည်ဆိုကတည်းက ရဟန်းကလေးသည် တစ်စုံတစ်ရာ ရရှိ၍လည်းမဟုတ်၊ အခြားတစ်စုံတစ်ရာ အကြောင်းကြောင့်ဟူ၍လည်းမဟုတ်၊ ဘုရားရှင်၏ရုပ်ပုံတော်နှင့် ရောင်ခြည်တော်အစုံကို ကြည်ညိုစွဲမက်သောအကြောင်းတစ်ခုတည်းဖြင့်ပင် သာသနာ့ဘောင်သို့ ကူးဝင်ကာ ဇေတဝန်ရှိ ဘုရားရှင်၏ထံတော်အနီးသို့ ရောက်ရှိလာခဲ့သူဖြစ်သည်။

ဘုရားရှင်ကိုကြည်ညိုသူများအနက် အဆင်းတော်ကို ကြည်ညိုသူကရာနှုန်းအများဆုံး၊ အသံတော်ကို ကြည်ညိုသူက ဒုတိယအများဆုံး၊ တရားတော်ကို ကြည်ညိုတတ်သူက အနည်းဆုံးဟု ကျမ်းဂန်အဆိုရှိ၏။ ကိုယ်တော်ကလေးကား ပထမအမျိုးအစားတွင်ပါဝင်သည်။ စာသံပေသံဖြင့် လုလုပပပြောရသော် ဗုဒ္ဓိနုသာတိ ဘာဝနာသမားဟု ဆိုရမည်ဖြစ်၏။

ကိုယ်တော်လေးသည် ဘဝသံသရာက အဆင်းအလှုကောင်းမှုဖြင့်အခြေခံလာခဲ့သူဖြစ်ဟန်ရှိ၏။ အကြောင်းမှုကား ကိုယ်တော်ကလေး ကိုယ်တိုင်ကလည်း ယောကျ်ားချင်းပင် ချီးကျူးရလောက်အောင် အဆင်းအင်္ဂါ ပြေပြစ်လှသူဖြစ်သည်။

ဘုရားရှင်၏ ရူပကာယတော်ကို ကြည်ညိုလှသူဖြစ်သောကြောင့် ရဟန်းဖြစ်ပြီးနောက်တွင် ဖြစ်နိုင်လျှင် ဘုရားရှင်၏ ရူပကာယတော်ကိုသာ မပြတ်ဖူးတွေ့ကြည်ညိုနေလိုသည်။ ဇေတဝန်တွင် သီတင်းသုံးနေသောကြောင့် ဘုရားရှင်နှင့်တစ်ကျောင်း တစ်ဖွဲ့တည်းနေရသည်မှန်ပါ၏။ သို့ရာတွင် တရားဟောချိန် ဆွမ်းခံထွက်ချိန် စသော ကြိုးကြားအချိန်များတွင်သာ ဘုရားရှင်ကို ဖူးတွေ့ရသည်ကိုကိုယ်တော်လေးအားမရ။

အရှင်အာနန္ဒာတို့လို ဘုရားရှင်အနီးတွင် မပြတ်ဖူးတွေ့နေရဖို့ရန်ကလည်း အခွင့်အရေးမသာ။ မပြတ်ဖူးတွေ့ရအောင် ကြိုးစား၍ ဘုရားရှင်၏ ရူပကာယတော်ကိုအကြည်ညိုလွန်သော ဝက္ကလိမထေရ်အား ဘုရားရှင်က ကဲ့ရဲ့ဆုံးမတော်မူသည်ကိုကြားနာရသဖြင့်လည်း မပြတ်ဖူးတွေ့ဖို့ရန် မကြိုးစားဝံ့။

ထို့ကြောင့် ကိုယ်တော်ကြီး ကြိုးစားနိုင်သည်မှာကား ဘုရားရှင်အား တိုက်ရိုက်ဖူးတွေ့ခွင့် ကြုံချိန်များတွင် ဖူးတွေ့ပြီးနောက် မဖူးတွေ့နိုင်သည့်အချိန်များတွင် မိမိအာရုံတွင် ဘုရားရှင်၏ ရူပကာယတော်အား တိုက်ရိုက်ဖူးတွေ့နေရသကဲ့သို့ ထင်မြင်အောင် ဥဂ္ဂဟနိမိတ် ပေါက်ရောက်လာသည်အထိ ကြိုးစားခြင်းပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်ခွင့်ပြုတော်မူထားသည့် ကမ္မဋ္ဌာန်းအမျိုးအစား လေးဆယ်တည်း ဟူသော သမထဘာဝနာအလုပ်၌ ဗုဒ္ဓါနုဿတိ ဘာဝနာတစ်ပါး ပါရှိသည်။ ယင်းဘာဝနာတို့ကို အထပ်ထပ်ရှုမှတ်သောအခါ ယောဂီ၏အာရုံတွင် မျက်စိမှိတ်ထားသော်လည်း မျက်စိဖြင့် တိုက်ရိုက်ထိတွေ့ရသကဲ့သို့ပင်ထင်မြင်စွဲမြဲ၍လာသည်ကို ဥဂ္ဂဟနိမိတ်ဟု ခေါ်သည်။ ကိုယ်တော်လေးသည် ဤနည်းဖြင့် ဗုဒ္ဓါနုဿတိအာရုံကို အထပ်ထပ် ရှုမှတ်ကြိုးစားလိုက်သောအခါ ဥဂ္ဂဟ နိမိတ်အဆင့် ပေါက်ရောက်သည်အထိ တိုးတက်လာသောကြောင့် ဝမ်းမြောက်သည်။

ကသိုဏ်းဟုဆိုအပ်သော ကမ္မဋ္ဌာန်း နည်းလေးဆယ်၌ ဗုဒ္ဓါနုဿတိကသိုဏ်းမှာ မြေကသိုဏ်း၊ ရေကသိုဏ်း၊ မီးကသိုဏ်းတို့ကဲ့သို့ကား ဥဂ္ဂဟနိမိတ်ထင်းထင်းကြီး မပေါ်နိုင်။ ဘုရားရှင် ဂုဏ်တော်များနှင့် ပုံတော်တစ်ခုလုံးကို ဖမ်းယူရာ၌ အာရုံကျယ်ပြန့်သောကြောင့်ဖြစ်၏။ သို့ရာတွင် ပွားများဖန်များ၍ အလေ့အထံ ကြီးမားသူအဖို့ ဘုရားရှင်ပုံတော်သည် ထိုက်သည့်အားလျော်စွာ ထင်ရှားပေါ်ပေါက်လာသည်သာဖြစ်၏။

သို့ရာတွင် သမထ ကမ္မဋ္ဌာန်းဆရာတို့ အခက်မှာကား ရရှိပြီးသော ကမ္မဋ္ဌာန်း အဆင့်ကို မပျောက်ပျက်အောင်၊ လျှောကျမသွားအောင် ထိန်းသိမ်းထားနိုင်ရေးပင် ဖြစ်၏။ ယင်းသို့ထိန်းသိမ်းထားနိုင်ရေးမှာ ပြင်ပအာရုံမျိုးစုံတို့ ဝင်ရောက်မလာနိုင်သော ဆိတ်ငြိမ်သည့်နေရာလို၏။ ဆိတ်ငြိမ်သည့်နေရာဟူသည်ကား တောပင်ဖြစ်၏။ ထို့ကြောင့် ဘုရားရှင်က တောကို အထပ်ထပ်ချီးကျူးတော်မူပါတကားဟု သဘောပေါက်ရသည်။

ဇေတဝန်သည် လူတို့နေရာနှင့် နှိုင်းစာလျှင် ဆိတ်ငြိမ်သည်နေရာ မှန်၏။ သို့ရာတွင် ဆိတ်ငြိမ်မှုကို မပြတ်လိုသော ယောဂီအဖို့ကား ဆိတ်ငြိမ်မှုအပြည့်အဝ ရရှိသည့်နေရာဟုမဆိုနိုင်ပြန်ပေ။ အကြောင်းမူကား ကျောင်းကိစ္စ၊ ရဟန်းကိစ္စ ထွေလာကိစ္စတို့ရှိနေသည်။ ဒါယကာ ဒါယိကာမတို့ မပြတ်ဝင်ထွက်နေသည်။

ထို့ကြောင့် ကိုယ်တော်လေးအဖို့ ဆွမ်းခံဆွမ်းစား တရားနာကိစ္စမျိုးမှလွဲလျှင် ဆိတ်ငြိမ်မှုရရှိနိုင်သောနေရာလိုလာ၏။ ဆိတ်ငြိမ်သည့်နေရာဆို၍ တောတောင်တို့ သို့လည်း ဘုရားရှင်နှင့် ဝေးမည်ကြောင့် လွတ်လွတ်ကျွတ်ကျွတ် မထွက်နိုင်ပြန်ပေ။

ထိုအခါ ဘုရားရှင်နှင့်လည်းမဝေး၊ ဆိတ်ငြိမ်သည့် တောဟုလည်း သူယူဆသော နေရာတစ်ခုကို မြင်လာ၏။ ထိုနေရာသည်ကား သူဆွမ်းခံကြွသည့် မြို့ပြင်လမ်းဘေးတွင် ဆိတ်ငြိမ်စွာ မပြတ်တွေ့မြင်နေရသော ဥယျာဉ်တစ်ခုပင် ဖြစ်ပေသည်။ ထိုဥယျာဉ်သည်ကား ဖော်ပြပါ ဇေတမင်းသား၏ မြတ်လေးဥယျာဉ်ပင် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြင်ပမှကြည့်သော် မြတ်လေးဥယျာဉ်သည် တောအုပ်ကလေးတစ်ခုသဏ္ဌာန် ပမာရှိ၏။ သို့ရာတွင် ယင်းဥယျာဉ်တို့ အတွင်းရေး၊ ဥယျာဉ်တို့၏အကြောင်းကိုကား မလည်မဝယ် တောသားကိုယ်တော်လေးအဖို့ ဘာမျှမသိ။ ထို့ကြောင့် နံနက်ပိုင်း ဆွမ်းကိစ္စပြီးသည်နှင့်တစ်ပြိုင်နက် ယင်းဥယျာဉ် သစ်ပင်တစ်ပင်အောက်တွင် မိမိ၏ ကမ္မဋ္ဌာန်းလက်စဖြစ်သော ဗုဒ္ဓါနုဿတိ တရားအလုပ်ကိုလုပ်မည်၊ ညဦးပိုင်း တရားနာချိန် အထိ တစ်နေ့လုံးထိုင်မည်ဟု အာရုံကပ်ပြင်ဆင်လိုက်သည်။

[ ၃ ]

ဥယျာဉ်အတွင်းသို့ ဝင်လိုက်သောအခါ အတွင်းတွင် ပြင်ပအမြင်ဖြင့် မိမိထင်ခဲ့သလို သစ်ပင် တောအုပ်သက်သက်မျှမဟုတ်။ ပန်းရုံ ပန်းချုံ ပန်းမျိုးစုံ ရေကန်တို့ဖြင့် လှပစွာ ပြုပြင်ထားသော သာသာယာယာနေရာအနေအထားကို တွေ့ရ၏။ သစ်ပင်နှင့် ပန်းရုံတို့အလယ်တွင် ကွယ်မြုပ်၍နေသည့် လှပသော အဆောက်အအုံတစ်ခုကိုလည်း တွေ့ရ၏။ ပန်းရနံ့တို့ တသင်းသင်းမွှေးကြိုင်နေသည်မှတစ်ပါး လူစလူနှဟူ၍ကား မတွေ့ရ။ သို့ရာတွင် ယင်းအဆောက်အအုံ၏ လေသာတံခါးရွက်အကြားမှ ဥယျာဉ် တွင်းသို့ ဝင်လာသောမိမိအား ချောင်းကြည့်အံ့သြလျက်ရှိနေသော အမျိုးသမီးကလေး ကိုမူ ကိုယ်တော်လေးမမြင်ရ။

သုမိတ္တ၏ အစီအစဉ်အရ အမျိုးသမီးလေး ဒေဝပါလီသည် မင်းသားကြီးအား တစ်နေ့လုံးဖျော်ဖြေနိုင်ရန်အတွက် စောစောပိုင်းကပင် မြတ်လေးဥယျာဉ်သို့ ရောက်ရှိ နေရကား မင်းသားကြီးကို စောင့်မျှော်လျက်ရှိ၏။ သို့ရာတွင် မင်းသားကြီး မရောက် လာသေး။ ရောက်လာသူသည်ကား မမျှော်လင့်သော ရဟန်းတော်လေးတစ်ပါး ဖြစ်နေ၍ ဒေဝပါလီ အံ့သြသည်။ သို့ရာတွင် တယ်ချောတဲ့ ကိုယ်တော်လေးပါလားဟုလည်း ဒေဝပါလီအံ့သြသည်။

ကိုယ်တော်လေးအဖို့လည်း မိမိအထင်နှင့် အမြင်လွဲနေသယောင်ရှိသောကြောင့် ရှေ့တိုးရတော့မယောင်၊ ကျောင်းသို့ပဲ ပြန်ဆုတ်ရတော့မယောင် ဇဝေဇဝါဖြင့် တစ်စုံ တစ်ယောက်များ ရှိနေမည်လား၊ မိမိအလုပ်တွင်အနှောင့်အယှက်ရှိလေတော့မည်လားဟု ပတ်ဝန်းကျင်ကို အကဲခတ်၏။ အနှောင့်အယှက်ဖြစ်မည့် လူစလူနှ မတွေ့ရ။ မိမိအဖို့ သစ်ပင်တစ်ပင်ရှိလျှင် လုံလောက်သောကြောင့် လာမိသည့်လက်စနှင့်ပင် နောက်မဆုတ် တော့ဘဲ ဤတစ်နေ့အဖို့တော့ ဤမှာပဲ သီတင်းသုံးတော့မည်ဟု မြတ်လေးရုံများ ဝန်းရံလျက်ရှိသော သရက်ပင်ကြီးအောက်သို့ သွားရောက်ကာ ပခုံးတွင် ပါလာသော သင်္ကန်းပိုင်းကလေးကိုခင်း၍ ထိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေဝပါလီ မျှော်လင့်စောင့်ကြိုနေသော မင်းသားကြီးသည် ထိုနေ့က သုမိတ္တနှင့် အသေအချာချိန်းဆိုထားခဲ့သော်လည်း အချိန်ကြာမြင့်သည်အထိ ဥယျာဉ်သို့ ရောက်မလာသေးပေ။ ရောက်လာဖို့ အသေအချာ ပြင်ဆင်ထားသော်လည်း အရေးကြီးသော မင်းရေးကိစ္စတစ်ရပ် ရှောင်တခင်ပေါ်ပေါက်လာသောကြောင့် ထိုနေ့အဖို့ မင်းသားကြီး ရောက်မလာနိုင်တော့သည်ကိုကား ဒေဝပါလီ မသိ။

ပြည့်ကံကျွေးမလေးအဆင့်မှ အသိအမှတ်ပြု ပြည့်တန်ဆာအဆင့်သို့ တိုးတက်နိုင်ရန်အတွက် တန်ခိုးအာဏာ၏ခလုတ်ဖြစ်သော မင်းသားကြီးအား အဘယ်ပုံပြုစုလိုက်မည်၊ ယုယပိုက်ထွေးလိုက်မည်ဟု ဒေဝပါလီမောင်းတင်ပြင်ဆင်ထားသည်။ သို့ရာတွင် အချိန်ကြာမြင့်သည်အထိ မရောက်လာသည်က ခက်သည်။

စောစောပိုင်းက မယောင်မလည်နှင့် ရောက်လာသော ရဟန်းတော်ကိုသာ တွေ့နေရ၏။ ကိုယ်တော်လေးသည် မိမိရှိနေသည်ကို သိဟန်မတူဘဲ သရက်ပင်ကြီး ခြေရင်းတွင် တစ်နေ့လုံးထိုင်လျက် ရှိနေသည်ကို အိမ်မြင့် ပြတင်းအကွယ်မှ ဒေဝပါလီ တွေ့မြင်နေရ၏။

မြတ်လေးဥယျာဉ်သည် ကျေးသံ ငှက်သံကလေးများနှင့် ပန်းရနံ့တို့မှတစ်ပါး တစ်နေ့လုံး ဆိတ်ငြိမ်လျက်ရှိသည်။ သို့ရာတွင် ဆိတ်ငြိမ်မှုပုန်းကွယ်မှုဟူသည်ကား သူတော်ကောင်း တရားသမားတို့အဖို့ လာဘ်ကြီးတစ်ပါးဖြစ်သော်လည်း လူသာမန်တို့အဖို့မူ ရန်သူဖြစ်နိုင်သည်။ အကြောင်းမူကား တရားသမားဟူသည် မိမိခန္ဓာကိုယ်၏ အဇ္ဈတ္တကိုယ်တွင်းပိုင်းသို့သာ ကာယာနုပဿနာ၊ စိတ္တာနုပဿနာ အလုပ်ဖြင့် ရှုမှတ်ပွားများသူဖြစ်၍ ဆိတ်ငြိမ်လေ ကောင်းလေဖြစ်သည်။ လူသာမန်တို့အဖို့မူကား ပြင်ပအာရုံ တစ်ခုခုနှင့် မပြတ်ထိတွေ့နေရဖို့လိုပေရာ၊ ဆိတ်ငြိမ်ခြင်း ပုန်းကွယ်ခြင်းများသည် ပြင်ပမှ အတိုက်အာရုံတို့ ကင်းပြတ်ရာဖြစ်သောကြောင့် အန္တရာယ်ဖြစ်၏။

ထို့ကြောင့် ဒေဝပါလီအဖို့ ဆိတ်ငြိမ်မှုဒဏ်ကို မခံနိုင်အောင် ဖြစ်လာသည်။ တစ်နေ့လုံး တလိမ်လိမ် တလွန့်လွန့်နှင့် နေခဲ့ရသည်မှာ ညနေစောင်း အချိန်သို့ပင် ရောက်ခဲ့ပေပြီ။ ပျင်းပျင်းရှိတိုင်း ရဟန်းကလေးကို ပြတင်းအကြားမှ ချောင်း၍ ချောင်း၍ကြည့်သည်။ ကြည့်လိုက်တိုင်း ပုံစံမပျက် မလှုပ်မယှက် ထိုင်လျက်သာ ရှိနေသော ရဟန်းကလေးကို တွေ့ရသောကြောင့် ဒေဝပါလီ အံ့သြမိ၏။ သူလည်းပဲ တစ်ယောက်တည်း။ သူကတော့ ငါ့လို ဘာကြောင့် မပျင်းပါလိမ့်။ မလှုပ်ပါလိမ့်။

ရဟန်းကလေးကို ချောင်း၍ ကြည့်သည်မှာ စကားမပြောရသော အဖော် အဖြစ်သာ အပျင်းပြေကြည့်သည်မဟုတ်။ လှသော နုပျိုသော ရဟန်းကလေး၏ ရုပ်အဆင်းကိုလည်း စွဲမက်မိသောကြောင့်ဖြစ်သည်။ ရဟန်းကလေးမှာ လှရုံနုပျိုရုံသာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ ကြည့်လိုက်တိုင်း သူ့မျက်နှာကလေးမှာ ဝင်းကြည်လျက် ရှိသည်ကိုလည်း တွေ့ရသောကြောင့် ဒေဝပါလီ တစ်စထက်တစ်စ ပို၍စွဲမက်လာသည်။

အလှဟူသည် ရှားပါး၏။ လူတိုင်းသည် အထူးသဖြင့် အလှကြိုက်သော အမျိုးသမီးတိုင်းသည် မိမိကိုယ်ကို လှသည်ဟု ထင်မှတ်ကြ၏။ လှသည်ဟု မထင်ဦးတော့ လှစေရန်အတွက် အဝတ်မျိုးစုံ၊ အဆင်တန်ဆာအဖုံဖုံ၊ ပန်းနံ့သာ အထုံထုံတို့ဖြင့် အစွမ်းကုန် ပြင်ဆင်ကြသည်။ ပြင်ဆင်ခြင်းဖြင့် လှသည်ဟု ထင်စမြဲ ဖြစ်သည်။

သို့ရာတွင် တကယ့်အလှကားမဟုတ်။ မလှသည်ကတခြား၊ ပြင်ဆင်မှုက တခြားသာ ဖြစ်နေတတ်သည်။ ထို့ကြောင့် အလှကြိုက်သော လူသတ္တဝါများသည် အလှကို အလွယ်တကူမတွေ့နိုင်သောကြောင့် တကယ်လှသော ပန်းကလေးများကို စွဲမက်ကြခြင်းဖြစ်သည်။

ယောကျ်ားသည် မိန်းမနှင့် နှိုင်းစာလျှင် အများအားဖြင့် ခန္ဓာကိုယ်အချိုးအဆစ် ကျနရှ၍ အလှသာစမြဲဖြစ်၏။ သို့ရာတွင် မျက်နှာမှုကား ပြေပြစ်လှပခဲသည်။ ကိုယ်တော် ကလေးက မျက်နှာရော ခန္ဓာကိုယ်ပါ တစ်ကိုယ်လုံး လှသူဖြစ်ကြောင်း တွေ့ရသည်။ သက်နှင်းမ,တင်သော ယာဘက်လက်ရုံးသည် ဆင်နှာမောင်းကဲ့သို့ ပြေချောသွယ်ကျလျက် ရှိသည်။ တင်ပျဉ်ခွေထိုင်ရာမှ ထွက်ပေါ်လာသော ခြေသလုံးနှင့် ခြေဖမိုး ခြေဖျား ကလေးများမှာ ပြည့်ဖြိုး ဝင်းဝါလျက်ရှိ၏။

ဒေဝပါလီသည် စဉ်းစားရင်းနှင့်ပင် ကိုယ်တော်ကလေး၏ ရှေ့သို့ ရောက်သွား လေပြီဖြစ်၏။ သို့ရာတွင် ကိုယ်တော်ကလေးကတော့ သူ့ကိုမြင်ဟန်မတူ။ ဗုဒ္ဓါနုဿတိ တရားအာရုံကို ရှုမှတ်ရင်း မျက်လုံးအစုံကို မှေးစင်းထားသောကြောင့်ဖြစ်သည်။

ထိုအခါ ဒေဝပါလီအဖို့ မခံချင်စိတ်ကလေးဝင်၍ လာသည်။ အကြောင်းမူကား မိမိအနီးသို့ရောက်၍ မိမိအလှကို တွေ့လျှင် မတုန်လှုပ်သော ယောကျ်ားဟူ၍ မတွေ့ခဲ့ ရဖူးရာမှ ယခုသော် မိမိကိုယ်တိုင်က သူ့အနီးသို့ ရောက်လာပါလျက် မျက်လုံးကိုမှ ဖွင့်မော်၍ ကြည့်ဖော်မရသောကြောင့်ဖြစ်၏။

ထို့ကြောင့် ခြေကျဉ်းအဆင့်ဆင့် ဝတ်ဆင်ထားသော ခြေထောက်ကလေး များဖြင့် တချွင်ချွင်မြည်အောင် ဆောင့်၍ နင်းလိုက်ကာ ပါးစပ်မှလည်း အဟမ်း ° ° အဟမ်းဟု အသံပေးလိုက်သည်။

ထိုအခါ ကိုယ်တော်ကလေး၏ မျက်လုံးများသည် ပွင့်လာပြီဖြစ်၏။ ပွင့်လာ၍ ရှေ့တူရူတွင် မိမိရင်ခွင်အတွင်းသို့ပင် ဝင်ရောက်လုတော့မတတ် ရှိနေသော အကြင် ရှုပါရုံကို တွေ့လိုက်ရသောအခါ ကျဉ်စက်ဖြင့် ရုတ်ခြည်းတို့ထိခံလိုက်ရသည့်ပမာ အံ့သြလှုပ်ရှားသွားသည်။ အကြောင်းမူကား ရူပါရုံသည် လှသော အမျိုးသမီးကလေး

www.burmeseclassic.com

www.burmeseclassic.com



လှသော အမျိုးသမီးကလေးမှုမက ပခုံးမှ ခြေဖျားအထိ အမျိုးသမီးတို့ လျှို့ဝှက်အပ်သော ရှိုက်ဖိုကြီးငယ်တို့ကို ပါးလွှာသော ခြုံထည်ကလေးဖြင့်သာ မလုံ့တလုံ မပေါ့်တပေါ် ဝတ်ဆင်၍ ထားသည်ကို တွေ့ရသောကြောင့်ဖြစ်၏။ ထိုမျှမက ထိုအမျိုးသမီးကလေးက မိမိအား ပြုံးရွှင်စွာ ကြည့်လျက်ရှိသည်ကိုလည်းတွေ့ရသည်။

''ကိုယ်တော်ကလေး။ ။ ခုအချိန် ဒီဥယျာဉ်ထဲမှာ ငါတို့နှစ်ယောက် တည်းသာ ရှိကြပါတယ်။ ကိုယ်တော်လေး မပျင်းဘူးလား'' ဟု ဒေဝပါလီက စတင်လိုက်သည်။

''ဒါယိကာမလေး။ ။ ငါကား ရဟန်းဖြစ်ပါ၏။ သင်သည် လူသားစင်စစ်မှ ဟုတ်ပါလေစ''

ကိုယ်တော်လေး၏စိတ်ထဲတွင် ရုတ်ခြည်းပေါ်လာသည်ကား ဘုရားရှင်သည် ဘုရားဖြစ်တော်မူစ သတ္တ သတ္တာဟ စံနေကာ အပန်းတော်ဖြေရာ၌ မာရ်နတ်၏ သမီးများသည် တရားတော်သခင် ဘုရားရှင်ကို လာရောက် နှောင့်ယှက်ဖျက်ဆီးကြသည် ကိုပင် ဖြစ်၏။ ယခုလည်း မိမိအား ဒေဝစ္ဆရာ တစ်ယောက်သည် လာရောက် ဖျက်ဆီးလေပြီလား။

''လူသားစစ်စစ်ပါ ကိုယ်တော်လေး။ ။ မယုံလျှင် ထိကိုင်ပွေ့ပိုက်၍ ကြည့်နိုင်ပါသည်။ သို့မဟုတ် ကိုယ်တော်လေး၏ ရင်ခွင်သို့ ငါဝင်ရောက်ခဲ့ရ ပါမည်လား'' ဟုဆိုကာ ကိုယ်တော်လေး၏ ရင်ခွင်သို့ ပြေးဝင်တော့မည့်အသွင်ဖြင့် ရှေ့သို့ တစ်လှမ်း တိုးလိုက်သည်။

''သည်းခံပါ ဒါယိကာမလေး။ ငါကား ရဟန်းဖြစ်၍ တရားအားထုတ်နေသူ ဖြစ်ပါသည်။ မည်သူမျှ မရှိဘူးထင်၍ ဤနေရာတွင် လာရောက်အားထုတ်မိပါသည်။ ယခုတော့ . . . ''

''ကိုယ်တော်လေး လာရောက်စကပင် မလှမ်းမကမ်း၌ ငါရှိနေခဲ့ပါသည်။ ငါ့ကို အလိုရှိ၍ ဤနေရာသို့ လာရောက်သည်မဟုတ်ပါလား''

''မဟုတ်ရပါ ဒါယိကာမလေး''

''ယခင်ကမဟုတ်သော်လည်း ယခုဟုတ်ပြီ ဆိုပါတော့။ ငါတို့နှစ်ယောက်တည်း သာရှိပါသည်။ မည်သူမျှ မမြင်တွေ့နိုင်ပါ''

''သည်းခံပါ ဒါယိကာမလေး''

''ကိုယ်တော်လေး။ ။ အသင်တို့တရားဟူသည် ချိုမြိန်ပါလိမ့်မည်။ သို့ရာတွင် ကာမဂုဏ်သည်လည်း ချိုမြိန်လှစွာ၏။ သို့သော် တရားဟူသည် အချိန်မရွေး၊ အရွယ်မရွေး၊ နေရာမရွေး ကျင့်သုံးနိုင်ပါ၏။ ကာမဂုဏ်ကိုမူကား အခွင့်အလမ်းကြုံမှသာ

www.burmeseclassic.com

www.burmeseclassic.com



ခံစားနိုင်ပါသည်။ သင့်အဖို့ အခွင့်အလမ်းသာလျက် ရှိနေပြီမဟုတ်ပါလော’’

‘‘သည်းခံပါ ဒါယိကာမလေး’’ ဟုပင် တောင်းပန်လိုက်သည်။ သို့ရာတွင် ဤတစ်ကြိမ် တောင်းပန်ခြင်းမှာ ပထမအကြိမ်လောက်တော့ မသွက်လက်။ စဉ်းစားပြီးမှ နှေးကွေးစွာ တောင်းပန်ခြင်းဖြစ်သည်။ အကြောင်းမူကား ဒေဝပါလီ၏ အကြောင်းပြဆွေးနွေးချက်မှာ တရားသဘောမခိုင်လှသေးသော ကိုယ်တော်လေးအဖို့ ဆွတ်မည့်သူအသင့်တွင် ညွတ်ချင်လာပြီဖြစ်သောကြောင့် ဖြစ်၏။

‘‘ကိုယ်တော်လေး။ ။ ငါတို့ကြားဖူးသည်ကား တရားအလုပ်ဟူသည် ကာမဂုဏ်ကို ပြည့်ဝစွာ ခံစားပြီး၍ အိုမင်းရွယ်ရင့်ချိန်မှ ကျင့်သုံးကြသည်။ သင်သည် ဂေါတမဘုရားရှင်၏ တပည့်မဟုတ်ပါလော၊ ဂေါတမ ဘုရားရှင်သည်ပင်လျှင် ကာမဂုဏ်ကို ခံစားပြီးမှ တရားကျင့်သုံးသည်မဟုတ်ပါလော။ သင့်မှာ ငယ်ရွယ်နုပျိုလှစွာသေး၏။ တရားကျင့်သုံးရန် အချိန်တွေ များစွာကျန်ပါသေးသည်။

ဤတစ်ချိန်တွင်မူကား ကိုယ်တော်လေး ငေးငိုင်သွားပြီဖြစ်၏။ မျက်လုံးဖွင့်စဉ် တွေ့လိုက်ရသော ဆန့်ကျင်ဘက် ဝိသဘာဂ အမြင်အာရုံတို့ကြောင့် မျက်လုံးများကို အားတင်းစုံမှိတ်ထားခဲ့ရာမှ ယခုသော် ဖွင့်၍ကြည့်လိုက်မိပြီဖြစ်၏။

ကြည့်လိုက်ပြန်တော့ ဆန့်ကျင်ဘက် အမြင်အာရုံမှာ ပို၍ပြင်းထန်လာသည်ကို တွေ့ရသည်။ အကြောင်းမူကား ယခင်က မပေါ်တပေါ် မျှသာရှိရာမှ ယခုသော် ဒေဝပါလီက ခန္ဓာကိုယ်လေး အထက်ပိုင်းတစ်ခုလုံးကို ဟင်းလင်းဖွင့်ထားလိုက်ပြီ ဖြစ်ရုံမျှမက အောက်ပိုင်းတွင်လည်း အဝတ်ကလေးလွှမ်းတင်ထားသည် ဆိုရုံမျှသာ ရှိတော့သည်ကို တွေ့ရသောကြောင့်ဖြစ်၏။

‘‘သည်းခံပါ ဒါယိကာမလေး’’ ဟူသော စကားထွက်ပေါ်မလာတော့ပေ။ ဖွင့်လိုက်မိသောမျက်လုံးမှာ မျက်တောင်မှခတ်မိပါလေစ မသိ။ ဒေဝပါလီ တစ်ကိုယ်လုံးသို့ ငေးငိုင် စူးစိုက်လျက်ရှိသည်။ ကိုယ်ကလေးကို အလိုက်သင့် တစောင်းလှည့်ကာ ကာမဂုဏ်အခိုးအငွေ့များကို လွှတ်သောသဘောအားဖြင့် ဒေဝပါလီက ကိုယ်တော်ကလေး၏ မျက်လုံးအစုံသို့ မေးမှုန်လျက် ကြည့်နေသည်။ လက်တစ်ကမ်းမျှသာရှိတော့၏။

တကယ့် လက်တစ်ကမ်းပါပေ။ အကြောင်းမူကား ကိုယ်တော်ကလေးသည် ထိုင်နေရာမှ ရွေ့၍ ဒေဝပါလီ၏ ကိုယ်ကလေးကို အလိုက်သင့် မပွေ့ယူဝံ့ဦးတော့၊ လက်နှစ်ဘက်ဖြင့် ဆန့်တန်းဖိတ်ခေါ်လိုက်ပါလျှင် ဒေဝပါလီက ကိုယ်တော်လေး၏ ရင်ခွင်ထဲသို့ ရုတ်ခြည်းရောက်လာတော့မည်ဖြစ်၏။

ထိုအချိန်တွင်ပင် ရဟန်းလေးနှင့် ဒေဝပါလီတို့အကြားသို့ ထက်ကောင်းကင်မှ ရုတ်ခြည်းကျရောက်လာသည့်ပမာ ထူးခြားဆန်းကြယ်လှသော အရောင်အဆင်း

www.burmeseclassic.com

www.burmeseclassic.com



များသည် တဖျတ်ဖျတ် တမြူးမြူးနှင့် ကူးလူးကျရောက်လာသောကြောင့် ဒေဝပါလီ အဖို့ ထိတ်လန့်စွာ နောက်သို့ ရှိ့သွားရသည်။

ရဟန်းတော်လေးအဖို့လည်း အံ့အားသင့်သွားသည်။ အကြောင်းမူကား မိမိသည် ဗုဒ္ဓါနုဿတိအာရုံ ကမ္မဋ္ဌာန်းအားထုတ်ခိုက်၌ စိတ်အာရုံတွင် ရုံဖန်ထွက်ပေါ် တွေ့ရှိရတတ်သော အလင်းရောင်များနှင့် တူညီနေသောကြောင့်ဖြစ်၏။

တရားအလုပ်ကို ကျားကုတ်ကျားခဲ ကျင့်ထုံသည့်အခါ၌ အဆင့်မြင့်သို့ ရောက်လာသော တရားသမားများအဖို့ တရား၏ထူးဆန်းသော ပရိကံဖြစ်သော အာလောကခေါ် အရောင်အဆင်းတို့ကို မျက်ဝါးထင်ထင်တွေ့မြင်ရသလို တရားအာရုံတွင် တွေ့မြင်ရခြင်းမှာ တရားလုပ်ငန်းသမားအဖို့ အထူးအဆန်းမဟုတ်တော့။

သို့ရာတွင် ယခုတွေ့မြင်ရသော အရောင်အလင်းများမှာမူ တရားအားထုတ်ခိုက် မဟုတ်သောကြောင့် ရဟန်းတော်လေးအဖို့ ထူးဆန်း၍နေ၏။ စင်စစ်သော်ကား ဘုရားရှင်၏ ရောင်ခြည်တော်များပင်ဖြစ်၍ ဘုရားရှင်ကိုယ်တော်တိုင် ကြွရောက်တော်မူလာပြီဖြစ်၏။

သို့ဖြစ်၍ ရောင်ခြည်တော်များမှတစ်ဆင့် ဘုရားရှင်ကိုယ်တော်တိုင်၏ ပုံတော်ကို မိမိရှေ့တွင် မျက်မြင်ထင်ရှားဖူးတွေ့ရသောအခါ ကိုယ်တော်လေးသည် ကိုယ်ဟန်ကို ပြင်၍ ရှိခိုးလိုက်၏။ ရုပ်ပုံတော်မျှသာမက အသံတော်ပါထုတ်၍ တရားဟောသည်။

"ရဟန်း။ ။ အလုပ်ဟူသည် စိတ်၏ ထင်မှတ်ဖောက်ပြန်မှု ဝိပ္ပလ္လာသ တရားမျှသာဖြစ်၏။ မာတုဂါမ၏ အလှမျှသာမက စွဲမက်ဖွယ် အလှမှန်သမျှ၊ တင့်တယ်မှု မှန်သမျှသည် ကာမဂုဏ်၏ အဆွယ်အပွား ထင်မှတ်မှားမှုများသာတည်း။

"ရဟန်း။ ။ ကာမဂုဏ်ကြောင့် မှောက်မှားခဲ့ရသော ဘဝပေါင်းများ လှပေပြီ။ စွဲလမ်းမှုကို ပယ်ဖျက်လော့၊ တွယ်တာမှုကို စွန့်ပယ်လော့၊ စွဲလမ်းတွယ်တာမှု မှန်သမျှကို စွန့်ပယ်၍ ရုပ်ဓမ္မ၊ နာမ်ဓမ္မသင်္ခါရမျှသာဖြစ်သော ရုပ်အဆင်းမှန်သမျှ အပေါ်တွင် လက္ခဏာရေးသုံးပါးကိုတင်၍ ထင်မြင်အောင်ရှုလော့"

တရားအလုပ်တွင် အခြေခံရှိပြီးသော ရဟန်းတော်ကလေးသည် ဘုရားရှင်၏ တရားတော်တွင် စွဲနှစ်၍သွားကာ ဘုရားရှင်အား ရှိခိုးလျက်နှင့်ပင် ဗုဒ္ဓါနုဿတိအာရုံတွင် ထုံ၍နေခဲ့သောအဆင့်မှ ရုပ်နာမ်ဓမ္မတို့၏ သင်္ခါရသဘောကို ဆင်ခြင်ကာ ရှုမှတ်လိုက်သောအခါ ရှိခိုးလျက်အနေအထားဖြင့်ပင် ဘက်စုံပြည့် ရဟန္တာအဖြစ်သို့ ကူးပြောင်း၍ သွားသည်။

သို့ဖြစ်၍ ရဟန်းတော်ကလေးသည် ဘုရားရှင်၏ နောက်တော်ပါး ရောင်ခြည်တော်တို့၏အဖျားမှ ကောင်းကင်ခရီးဖြင့် လိုက်ပါ၍သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းတော်တို့၏ ထူးခြားသောတရား အလုပ်ကိုလည်းကောင်း ရှုတ်ခြည်း ဆိုက်ရောက် ကယ်တင်လာသော ဘုရားရှင်နှင့် ရောင်ခြည်တော်တို့ကိုလည်းကောင်း မျက်မြင်မတွေ့ဖူးသေးသော ဒေဝပါလီ အမျိုးသမီးကလေးမှာ အံ့သြထိတ်လန့်စွာဖြင့် ရှိခိုးရင်း ကျန်ရစ်ခဲ့သည်။ ။

www.burmeseclassic.com

www.burmeseclassic.com



# မောင်ဆန်

[ ၁ ]

ကျွန်ုပ် ဆန္နမထေရ်သည် ကျွန်ုပ်ကဲ့သို့ အခြားသူများ မမှားကြပါစိမ့်သောငှာ အောက်ပါ ကျွန်ုပ်၏ ဖြစ်ရပ်များနှင့် ကျွန်ုပ်၏ သဘောထားများကို ကြီးစွာသော ဓမ္မသံဝေဂဖြင့် ပြောကြားပါသည်။

[ ၂ ]

ဖြစ်ပုံခြင်းရာများကို အပြည့်အစုံမပြောကြားမီ နိဒါန်းနှင့် နိဂုံး၊ သို့မဟုတ် အစနှင့်အဆုံးကို ကြိုတင်ပြောရသော် အရှင်သား သိဒ္ဓတ္ထ၏ ဓမ္မရေးရာဘဝသည် ကျွန်ုပ်ဖြင့်စတင်၍ ကျွန်ုပ်ဖြင့်ပင် အဆုံးသတ်သည်။ အကြောင်းမူကား ဘုရားဖြစ်တော်မူရန် ကပိလဝတ် ရွှေနန်းတော်မှ အနော်မာသို့၊ သို့မဟုတ် ဥရုဝေလသို့ ပို့ဆောင်ခဲ့သူမှာ ကျွန်ုပ်ဖြစ်၍ ဘုရားဖြစ်တော်မူကာ လေးဆယ့်ငါးဝါ သီတင်းသုံးပြီးနောက် သက်တော်ရှစ်ဆယ် အရွယ်ရောက်၍ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်ဝယ် ပရိနိဗ္ဗာန်စံတော်မူအံ့ဆဲဆဲ၌ ပစ္ဆိမဗုဒ္ဓဝစန=ဘုရားရှင်၏ နောက်ဆုံးစကားများအဖြစ် အရေးကြီးသော မိန့်ခွန်းများကို မိန့်တော်မူရာတွင် အမည်ကို ထုတ်ဖော်၍ ဆုံးမမြွက်ကြားခံရသူမှာလည်း ကျွန်ုပ်ပင် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အကြင်သူတစ်ဦးနှင့်တစ်ဦး မေတ္တာသက်ဝင် ချစ်ခင်ကြသည်ဆိုရာ၌ အလေးအနက်ဆုံးသော မေတ္တာ၊ အမြင့်မားဆုံးသော အချစ်ဟူသည်ကို ဥပမာထုတ်ပြကြမည်ဆိုသော် လင်ချစ်မယားချစ်၊ သားချစ်သမီးချစ် စသည်တို့ကို ထုတ်ပြကြမည်ဖြစ်၏။ သို့သော် အကြင်သူ ယေဘုယျတို့ သတိမပြုမိတတ်ကြသော အချစ်မေတ္တာတစ်မျိုးရှိသေးသည်။ ယင်းအချစ်မေတ္တာဟူသည်ကား အကြင်လင်မယား ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ အကြင်သူနှစ်ဦးတို့အကြားတွင် မည်သည့်အကြောင်းနှင့်မျှ မကွဲမပျက် တရှိုက်မက်မက်ဖြင့် ရစ်ပတ်စည်းနှောင်ထားအပ်သော ''အဖော်မေတ္တာ'' ပေတည်း။

ဥပမာအားဖြင့် ဘဒ္ဒကစ္စနာအရှင်မအား အရှင့်သား သိဒ္ဓတ္ထသည် အမြင့်ဆုံးသော ပေမမေတ္တာမျိုးဖြင့် ချစ်ကောင်းချစ်ပါလိမ့်မည်။ သို့ရာတွင် အရှင်သား သိဒ္ဓတ္ထ၏ အဖော်မေတ္တာရှင်ကား ကျွန်ုပ်သာတည်း။ ခမည်းတော်ကြီး မဟာရာဇာ သုဒ္ဓေါဒနသည် အရှင့်သားသိဒ္ဓတ္ထအား ယေဘုယျမိဘတို့မေတ္တာမျိုးဖြင့် ချစ်ရှာပေလိမ့်မည်။ သို့သော် အရှင့်သား သိဒ္ဓတ္ထက တုံ့ပြန်သော တကယ့်အဖော် မေတ္တာရှင်ကား ကျွန်ုပ်သာတည်း။

ဤစကား၏ အဓိပ္ပာယ်သည် ကျွန်ုပ်ဆက်လက် ပြောကြားမည့် အကြောင်းရပ်များ၌ ပေါ်လွင်၍လာပါလိမ့်မည်။ လတ်တလော ကိစ္စတစ်ရပ်ကို ပြောကြားရမည်ဆိုသော် အရှင့်သား သိဒ္ဓတ္ထ၏ အရေးအကြီးဆုံး လျှို့ဝှက်ကိစ္စရပ်ကြီးဖြစ်သော တောထွက်တော်မူမည့်ကိစ္စတွင် ခမည်းတော်မဟာရာဇာကြီးသည် ပုဏ္ဏားတော်တို့၏ ဟောပြောချက်အရ လည်းကောင်း၊ သူတစ်ပါးနှင့်မတူသော အရှင့်သားသိဒ္ဓတ္ထ၏ အနေအထိုင် အပြုအမူများအရလည်းကောင်း တောထွက်ကောင်းထွက်မည်ဟု ခန့်မှန်းနိုင်ရုံမျှသာရှိ၍ ဘယ်အချိန်တွင် အဘယ်ပုံထွက်မည်ဟုကား မသိရှာ။ အရှင့်ဇနီး ဘဒ္ဒကစ္စနာသည်ပင်လျှင် အကြင်လင်မယားအဖြစ် လက်ပွန်းတတီး နေထိုင်သူဖြစ်ပါလျက် မသိရှာ။

ကျွန်ုပ်ကား သူတို့မသိတာကို ကြိုတင်သိသူ ဖြစ်၏။ အကြောင်းမူကား အရှင့်သားသည် နှစ်ကိုယ့်တစ်ကိုယ်အဖော်ဖြစ်သော ကျွန်ုပ်အား ယင်းလျှို့ဝှက်ချက်ကို အကြိမ်များစွာ ဆွေးနွေးတိုင်ပင်ခဲ့သောကြောင့်ဖြစ်၏။ ထို့ကြောင့်လည်း ကျွန်ုပ်သည် အရှင့်သား တောထွက်တော်မူမည့်အချိန်၌ အချိန်မရွေး အဆင်သင့်ဖြစ်စေရန် အရှင့်သားနှင့် အနီးကပ်ဆုံးနေရာ၌သာ ခစားသည်။ နေသည်။ အိပ်သည်။

အရှင့်သားက ကျွန်ုပ်ကို ''ငယ်ဖော်ဆန္န'' ဟု အမြဲခေါ်၏။ ထိုအခေါ်တွင် မေတ္တာအပြည့်ဖြင့် အဓိပ္ပာယ်အလေးအနက်ပါဝင်၏။ သို့သော် ကျွန်ုပ်၏သဘောထား

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ခံယူချက်ကို အရှိအတိုင်း ပြောရသော် အရှင့်သားက ကျွန်ုပ်ပေါ်တွင် ထားရှိသော မေတ္တာထက် ကျွန်ုပ်က အရှင့်သားအပေါ်ထားရှိသောမေတ္တာက အဆများစွာ သာလွန်သည်ဟုပင် ထင်မိသည်။ ဤစကားကို ကျွန်ုပ်၏ခံယူချက်အားဖြင့် အထင်ရှားဆုံး အဓိပ္ပာယ်ဖွင့်ရသော် အကယ်၍ အရှင့်သားသည် ဘုရားဖြစ်တော်မူရန် တောထွက်ခြင်း မဟုတ်ဘဲ၊ မဆိုစကောင်း ဆိုစကောင်း ငရဲသို့ သွားမည်ဆိုလျှင်လည်း ကျွန်ုပ်သည် အရှင့်သားနှင့်မခွဲမခွာ လိုက်မည်သာဖြစ်ပါသည်။

ကျွန်ုပ်ကို "မြင်းမြီးဆွဲ မောင်ဆန်" ဟု အများက သိကြခေါ်ကြသည်။ အရှင့်သား၏ အတိုင်ပင်ခံ "ဆန္နအမတ်" ဟုလည်း သိကြခေါ်ကြသည်။

မှန်ပါ၏။ ကျွန်ုပ်သည် အရှင့်သား၏ အတိုင်ပင်ခံ ရာထူးနှင့်အတူ အရှင့်သား၏ သီးသန့်ကိုယ်ပိုင် ကဏ္ဍကမြင်းကိုလည်း ထိန်းကြပ်စောင့်ရှောက်ရသူဖြစ်ပေရာ အရှင့်သားသည် ကဏ္ဍကကို အသုံးပြုသည့်အချိန်များ၌ ကျွန်ုပ်အားလည်း ကဏ္ဍက၏ နံဘေးတွင် မပြတ်တွေ့မြင်ကြရသဖြင့် "မြင်းမြီးဆွဲမောင်ဆန်" ဟူသော ဝေါဟာရမှာ လျော်ကန်သော အမည်ဖြစ်ပါ၏။

သို့ရာတွင် "မြင်းမြီးဆွဲ" ဟူသော ဝေါဟာရကြောင့်လည်းကောင်း၊ ပန်းချီ ပန်းပုဆရာတို့က အရှင့်သားပုံနှင့်အတူ ကျွန်ုပ်၏ပုံကို ရေးကြ ထုကြရာ၌ တကယ်မြင်းမြီးကို ဆွဲထားရသည့်ပုံမျိုးကို ရေးကြထုကြသောကြောင့်လည်းကောင်း ကျွန်ုပ်အား အရှင့်သားသွားလေရာတွင် ကဏ္ဍကမြင်း၏နောက်မှ အကယ်ပင် မြင်းမြီးကို ဆွဲ၍ လေထဲတွင် တန်းလန်းကြီး လိုက်ပါရသူဟု ထင်မှတ်နေတတ်ကြသည်။

ကျွန်ုပ်တို့ခေတ်တွင် အရှင့်သားကဲ့သို့ ဂုဏ်ရှိ သရေရှိ ပုဂ္ဂိုလ်များ ခရီးသွားလာကြရာ၌ မြင်းကို ထိန်းကြပ်စောင့်ရှောက်ရသော မြင်းထိန်း မြင်းကြပ်များ ထားရှိမြဲဖြစ်၏။ ခရီးဝေးသွားသော အငှားမြင်းများတွင် မြင်းထိန်းမြင်းကြပ်များ ပါရှိမြဲဖြစ်၏။ ထိုမြင်းထိန်း မြင်းကြပ်များသည် မျိုးရိုးအရ လေ့ကျင့်ထားရသူများဖြစ်သည့်အတိုင်း မြင်း၏နံပါး လျင်မြန်သူများရှိ၍ မြင်းနှင့် တန်းတူလျင်မြန်သူများလည်းရှိသည်။ မြင်းထက် လျင်မြန်သူများပင်ရှိပေသည်။ ဤကိစ္စ၏ အထောက်အထားအဖြစ် စန္ဒပဇ္ဇောတမင်း၏ မြေမြန်တော် ကာကတို့လိုပုဂ္ဂိုလ်မျိုးကို ထောက်ရှု၍ သိနိုင်ကြသည်။

ဤနေရာတွင် အရှင့်သား၏ ကဏ္ဍကမြင်းအကြောင်း အတန်ငယ်ပြောရန်လို၏။

ကဏ္ဍကနှင့် ကျွန်ုပ်သည် အရှင်သားသိဒ္ဓတ္ထနှင့် မရှေးမနှောင်းဆိုသလိုပင် မွေးဖွားလာကြသူများဖြစ်၍ ကဏ္ဍကသည် အရှင့်သားအပေါ်၌ ခင်တွယ်မှု၊ အလိုက်သိ လွှမ်းမှုများကို ထောက်ရှု၍လည်းကောင်း၊ အရှင်နှင့် ကျွန်ပင်ဖြစ်စေကာမူ အရှင့်သားနှင့်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့၏ ခင်တွင်ရင်းနှီးမှုကို ထောက်ရှု၍လည်းကောင်း ကဏ္ဍကနှင့် ကျွန်ုပ်တို့ကို ခမည်းတော် ဘုရင်မင်းမြတ်က အရှင့်သားအတွက် ကိုယ်ပိုင်မြင်း၊ ကိုယ်ပိုင်ကျွန်အဖြစ် သီးသန့်ထားရှိစေခဲ့သည်။

ကျွန်ုပ်တို့သည် အရှင်မင်းသား၏ အကျိုးအတွက် တစ်ပြိုင်နက်လိုလို ပေါက်ဖွား လာခဲ့ကြသူများဖြစ်၍ အရှင့်သား၏ "ဖွားဖက်တော်များ" ဆိုသည့်အကြောင်းရပ်ကိုမူ နောက်ပိုင်းကျမှ ပြည့်ပြည့်စုံစုံ ထပ်မံပြောဆိုရပါမည်။

ကဏ္ဍကသည် ထူးခြားလှသော မြင်းဖြစ်ပါ၏။ ကျွန်ုပ်တို့ခေတ်ရှိ အခြား မြင်းကျော်များထက် အတန်ငယ်ကြီးထွားသော်လည်း ကြီးထွားမှန်းမသိရလောက် အောင်ပင် အလုံးအရပ် ကျစ်လျစ်ညီညွတ်သည်။ ကြန်အင်ညီညွတ် အလုံးအရပ် ကြီးထွားသလောက် အင်အားကလည်း ကြီးမားလှသည်။ ယင်းအချက်များထက် သာလွန်သော ကဏ္ဍက၏ အရည်အချင်းကား အရှင်မင်းသားအပေါ်၌ ခင်တွယ် ကိုင်းညွတ်လှခြင်းပင်ဖြစ်ပေသည်။

အရှင့်သား၏ တောထွက်ရန် အစီအစဉ်အတွက် ကဏ္ဍကဖြင့် ထွက်ရမည်လား နန်းတော်တွင်ပင် ဆံမုတ်ဆိတ်တို့ကိုပယ်ရိတ်၍ တိတ်တဆိတ် ကိုယ်ရောင်ဖျောက်ကာ သည့်အတိုင်းပင် ထွက်ရမည်လားဟု အရှင့်သားသည် ကျွန်ုပ်နှင့် ကြိမ်ဖန်များစွာ တိုင်ပင်ခဲ့ရာ၌ အချိန်ကောင်း အခွင့်ကောင်းကိုကြည့်ပြီး ကဏ္ဍကကိုစီး၍ထွက်ရန်သာ ကျွန်ုပ်တိုက်တွန်း အကြံပေးခဲ့သည်။ အကြောင်းမူကား ကဏ္ဍကဖြင့် ထွက်ခွာမှသာ ကျွန်ုပ်ချစ်သော အရှင်နှင့် မခွဲမခွာ နောက်တော်ပါးက ခ,စား လိုက်ပါနိုင်မည် မဟုတ်ပါလား။

တစ်ကြောင်းမှာလည်း သားတော် တောထွက်လိမ့်မည်ကို တစိုးစိုးတထိတ်ထိတ် ရှိနေခဲ့သော ခမည်းတော်ကြီးက အလွယ်တကူ မထွက်ခွာနိုင်သော အစီအစဉ်များကို နန်းတော်ဝန်းကျင်တစ်ခုလုံး၌ ဥပါယ်တံမျဉ်ဖြင့် ချထားသောကြောင့် ကိုယ်တော်ထီး တည်းသာထွက်ခွာမည်ဆိုလျှင် ဘယ်နည်းဘယ်ပုံဖြင့် ထွက်ခွာသည်ဖြစ်စေ၊ ချက်တစ်ဖြုတ် သိလာကြမည်သာဖြစ်ပေရာ၊ အခါသင့် အခွင့်သာသည့်အချိန်၌ ကဏ္ဍကဖြင့် ထွက်ခွာဖို့ကိုသာ အကြံပေးခဲ့ရခြင်းဖြစ်၏။ ကျွန်ုပ်အကြံပေးခဲ့သည့်အတိုင်းပင် အောင်မြင်ခဲ့ပေသည်။

တောထွက်ရန် အခါသင့်အခွင့်သာသောအချိန်ကို စောင့်ဆိုင်း ရွေးချယ်သည် ဆိုသမင့်လည်း ထိုအချိန်မှာ တောတောင်ကန္တာရ၏ ခြေခင်းလက်ခင်းသာ၍ တောထွက်သူ ယောဘုယျတို့ ရွေးချယ်တတ်ကြသော နွေရာသီလို အချိန်မျိုးသာ ဖြစ်လိမ့်မည်ဟု ကျွန်ုပ်ထင်မှတ်ခဲ့၏။ မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



အရှင့်သား ရွေးချယ်သော အချိန်သည် မှန်ကန်လှသည်ဟု နောက်မှ ကျွန်ုပ် စဉ်းစားမိ၏။ အပိတ်အဆို့ အတားအဆီးများသည် မိုးရာသီဆိုလျှင် လျော့ပါးသွားတတ်မြဲ ဖြစ်၏။ တောထွက်ဖို့ရန် ကြံစည်သူများသည် တောတောင် ကန္တာရတစ်ခွင် ခြေခင်း လက်ခင်းသာသော နွေရာသီမျိုးကိုသာ ရွေးချယ်တတ်ကြ၏။ တောတောင် တစ်ခွင်၌ ရုတ်ခြည်း အခက်အခဲတွေ့ရတတ်သော မိုးရာသီမျိုးကို တောထွက်ရန်အကြံ လျော့ပါး တတ်ကြသည်။ အရှင့်သား ရွေးချယ်သော အချိန်ကား မိုးဖြိုင်ဖြိုင်ကျပြီဖြစ်သော ဝါဆိုလပြည့်နေ့တည်း။

ထိုရက်အတွင်းက အရှင့်သားသည် မိမိလျှို့ဝှက်အကြံအစည်၏ အရိပ်အယောင်ကို မြင့်တင်ထားဘိသကဲ့သို့လည်းကောင်း၊ သို့မဟုတ် တောထွက်ဖို့ရန် သံဝေဂတရား တိုးပွားလာဟန်ဖြင့်လည်းကောင်း ခါတိုင်းထက်အမူအရာ ထူးခြားလျက်ရှိသည်ကို တွေ့ရပေရာ၊ ကျွန်ုပ်သည် အချိန်မရွေး အသင့်ဖြစ်စေရန် အထူးသတိဖြင့် ခ,စား၏။

အခါတိုင်းထက် သံဝေဂတရား တိုးပွားလာလျက်ရှိသည်ဆိုသည်မှာ ဟုတ်တန်ရာ၏။ အကြောင်းကား ထိုရက်များအတွင်းက အရှင့်သားသည် ရထားဖြင့် ဉယျာဉ်မွေ့ထွက်ချီကာ ပြန်ကြွလာသည့်အချိန်များ၌ ဉယျာဉ်လမ်းခရီးတွင် တွေ့မြင် ခဲ့ရသော သူအို, သူနာ, သူသေ, ရဟန်းတို့၏ အကြောင်းများကို ရထားမှူးအား မေး၍ ကျွန်ုပ်အားလည်း ဆွေးနွေးတိုင်ပင်၏။ ဤခြင်းရာ ကြောင်းရပ်များကို ဆွေးနွေး တိုင်ပင်သည့် အခါတိုင်း အရှင့်သား၏ အမူအရာသည် အခါတိုင်းထက် ညှိုးမှိန်ဖြေလျော့ သွားသည်များကို ကျွန်ုပ်သတိပြုမိသည်။

သူအို, သူနာ, သူသေ, ရဟန်းတည်းဟူသော သံဝေဂ၏ ဓမ္မအဆင်တန်ဆာ များကို အရှင့်သားသည် ရှေးကလည်း မြင်ခဲ့ဖူး တွေ့ခဲ့ဖူးသည်မှန်၏။ သို့ရာတွင် ဓမ္မနေရောင် အချိန်သင့်သည့် အခါတွင်မှ သံဝေဂကြာပန်း ပွင့်လန်းလာသည်ဟု ဆိုရမည်ဖြစ်၏။

သံဝေဂဉာဏ် ထက်သန်ပွင့်လန်းပုံ၊ ထို့ထက် ထူးခြားချက်မှာကား ထိုရက် အတွင်း၌ ဘဒ္ဒကစ္စနာသခင်မမှ သားတော်ကလေး မွေးဖွားခဲ့ရာ မိဘတို့တံထွာ ရင်သွေးသားဦးမို့ အချစ်ရူး ရူးရတော့မည်သာ ဖြစ်ပါလျက် သားတော်လေး မွေးဖွားသည့် သတင်း ရောက်လာသောအခါ သားတော်လေး မွေးဖွားလာသည်ကိုပင် မနှစ်သက် မလိုလားသည့်ပုံစံကို တွေ့မြင်ရခြင်းဖြစ်လေရာ၊ ကျွန်ုပ်သည် အရှင်သား တောထွက်ဖို့ အချိန်အခါကား ဆိုက်ရောက်ချေပြီတကားဟု အခါတိုင်းထက် သတိထား၍ ခ,စားသည်။

ဤနေရာ၌ ဖော်ပြရန်ရှိသည်မှာ ထီးမြင့်နန်းဖွား သားတော်ကလေး၏ အမည်သည် ထီးဆန်ဆန် နန်းဆန်ဆန်နှင့် လှလှခန့်ခန့်ကလေးသာ ဖြစ်သင့်ပါလျက်

www.burmeseclassic.com

www.burmeseclassic.com



ဖခင်ဖြစ်သူ အရှင့်သား မျက်နှာတော် တစ်ချက်ညှိုးလိုက်မှုကြောင့် ''ရာဟုလာ'' ဟူသော အမည်တွင်ခဲ့ရသော အကြောင်းပင်ဖြစ်ပါသည်။

ထိုနေ့ ဝါဆိုလပြည့်ညတွင် မိုးမရွာသော်လည်း မိုးရာသီ၏ အအေးဓာတ်အောက်၌ ကပိလဝတ် ရွှေနန်းတော်တစ်ခုလုံးသည် ငြိမ်သက်စွာ ကွေးစက်လျက်ရှိနေကြသည်။ လပြည့်ရက်ဖြစ်သောကြောင့် လမင်းထိန်ထိန်သာဖို့ရှိသော်လည်း မိုးရာသီဖြစ်သည့်အလျောက် မိုးသားတိမ်တိုက်တို့အောက်တွင် နန်းတော် အဆောက်အအုံများ၊ သစ်ပင်ပန်းပင်များကို ဝိုးတဝါးသာမြင်ရသည်။

ကျွန်ုပ်ထင်မြင်ချက်မှန်လှပေ၏။ ထိုညဥ့်သန်းခေါင်ယံအချိန်ခန့်တွင် အရှင့်သား ခန်းဆောင်တံခါးဝ၌ အိပ်စက်လျက်ရှိသော ကျွန်ုပ်၏ ကျောပြင်ကို တစ်စုံတစ်ယောက်က လက်ဖြင့်ပုတ်၍နှိုး၏။ ထိုတစ်စုံတစ်ယောက်ဟူသည် အရှင့်သားအပြင် အဘယ်သူဖြစ်နိုင်ဦးမည်နည်း။ ကျွန်ုပ်သည် ပထမတစ်ချက် ပုတ်လိုက်စဉ်ကပင် အိပ်ရာမှ ရုတ်ချည်းထပြီး ဖြစ်သွားသည်။ အရှင့်သား လေသံမျှဖြင့် ပြော၏။

''ငယ်ဖော်ဆန္န။ ။ ထလော့၊ ငါတို့သွားကြစို့''

[ ၃ ]

အိပ်ရာမှထ၍ အရှင့်သားကို ကြည့်လိုက်သောအခါ နန်းတော်မှန်တံခါးရိပ်များမှ ဝင်ရောက်လာသော ဝိုးတဝါးအလင်းရောင်အောက်တွင် ခရီးဝေးထွက်တော်မူသည့် အခါမျိုး၌ ဝတ်ဆင်မြဲဖြစ်သော အဝတ်တန်ဆာများကို ကျစ်လျစ်စွာ ဝတ်ဆင်ထားသော အရှင့်သားအား မြင်ရသဖြင့် အဓိပ္ပာယ်ကို နားလည်ကာ ကျွန်ုပ်သည် ရုတ်ချည်းပင် ချုပ်ကြိုးတန်ဆာကို ယူ၍ ကဏ္ဍကရှိရာသို့ ဆင်းလာခဲ့၏။ မြင်းဇောင်းသို့ ရောက်သောအခါ ကဏ္ဍကသည် ကျွန်ုပ်ကို စောင်းငဲ့၍ကြည့်၏။

ကျွန်ုပ်သည် ကဏ္ဍကအား ကကြိုးတန်ဆာကို ဆင်ယင်၍ ပြီးခါနီးဆဲဆဲမှာပင် အရှင့်သား ရောက်ရှိလာလေရာ၊ ချုပ်ကြိုးတန်ဆာ ဆင်ယင်၍ ခရီးရှည်ထွက်ရတော့မည့်အဟန်ဖြင့် အခါတိုင်းထက် မြိုမြိုသေသပ်စွာ ဆင်ယင် ချည်နှောင်ထားသည်ကို ထောက်ရှု၍လည်းကောင်း၊ အချိန်မဲ့ အခါတွင် ချုပ်ဝတ်တန်ဆာ ဆင်ယင်လာသည်ကို ထောက်ရှု၍လည်းကောင်း အရှင့်သား၏ အခါတိုင်းထက် ထူးခြားသော အသွင်အပြင်ကို မြင်ရသဖြင့်လည်းကောင်း ကဏ္ဍကအဖို့ ထူးထူးခြားခြား တာဝန်ကို ထမ်းဆောင်ရတော့အံ့တကား၊ သို့မဟုတ် အရှင့်သား၏ ပါရမီကို ကူညီရတော့အံ့တကားဟု သိလေသောအဟန်ဖြင့် ကဏ္ဍကသည် ဝမ်းမြောက်တက်ကြွသော အသံဖြင့် လျှို့ဝှက်စွာ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ရမည့်ကိစ္စဖြစ်သော်လည်း မအောင့်နိုင် မဆည်းနိုင် အားရပါးရ ဟည်အော် ဟစ်ကြွေးလိုက်လေရာ ကျွန်ုပ်သည် လူအများ နိုးကြား သိရှိချေတော့မည်တကားဟု စိုးရိမ်တကြီးဖြင့် ကဏ္ဍကာ၏ ကျောပြင်ကို သပ်၍ ချော့လိုက်ရ၏။ သို့ရာတွင် ထူးခြားချက်ကား အခါတိုင်းယင်းကဲ့သို့ ကဏ္ဍကာ လှုပ်ရှားလျှင် အခြားအစောင့်အထိန်းတို့ ရောက်လာမြဲဖြစ်သော်လည်း ယခုသော် မည်သို့မျှ ထူးခြား လှုပ်ရှားမှုတစ်စုံတစ်ရာ ပေါ်မလာခြင်းပင်ဖြစ်ပေ၏။ တိရစ္ဆာန်ပင်ဖြစ်လင့်ကစား ကဏ္ဍကာ၏ ထူးခြားလှသော အရည်အချင်းတစ်ရပ်မှာ စကားမပြောတတ်ရုံတစ်မည်မျှ အရှင့်သား၏အလို လူ့အရိပ်အကဲကို သိရှိတတ်ခြင်းပင်ဖြစ်ပေ၏။

ကကြိုးတန်ဆာ ဆင်ယင်ပြီး၍ ကဏ္ဍကာအပေါ်သို့ အရှင့်သား ရောက်ခိုက်မှာပင် ကျွန်ုပ်အဖို့ မရှင်းလင်းလှသော သံသယနှစ်ချက်ပေါ်လျက်ရှိရသည်။ ယင်းသံသယများမှာ ရွှေနန်းတော်တံခါးကြီးများသည် ညဦးအချိန်၌ အစောင့်အကြပ် အထပ်ထပ်ဖြင့် အလုံအခြုံ ပိတ်ဆို့ထားသည်ဖြစ်ပေရာ အရှင့်သားနှင့် ကျွန်ုပ်တို့သည် အဘယ်တံခါးမှ အဘယ်နည်း အဘယ်ပုံ ထွက်ကြပါမည်နည်းဟူသောသံသယ။

တောထွက်မည်ဆိုသော အရှင့်သားသည် လိုအပ်သော တောတောင် တစ်ခွင်သို့ ရောက်သည့်အခါ၌ အရှင်သားရော ကျွန်ုပ်အဖို့ပါ ရသေ့ရဟန်းအသွင်သို့ ကူးပြောင်းကြမည်ဟု နားလည်ထားခဲ့ပေရာ ယခုသော် အဝတ်သက်န်းတစ်စုံတစ်ရာ ပါလာသည်ကို မတွေ့ရသောကြောင့် အဘယ်ပုံရသေ့ရဟန်း ဝတ်ကြမည်နည်းဟူသော သံသယပင်ဖြစ်ပေ၏။

သို့ရာတွင် အရှင့်သားကို ကြည့်လိုက်သောအခါတွင် ယင်းသံသယများအတွက် အရှင့်သားအဖို့ တစ်စုံတစ်ရာ စိုးရိမ်ပူပန်မှုမရှိသော အဟန်ဖြင့် အလိုက်သင့်ပင် အရှေ့တံခါးဆီသို့ ထွက်ခွာခဲ့ကြရာ တံခါးအနီးသို့ ရောက်သည်ဆိုလျှင်ပင် ကျွန်ုပ်၏ ပထမ သံသယသည် ရှင်းလင်းသွားသည်ကိုတွေ့ရပေသည်။ အကြောင်းမူကား အခါတိုင်းဆိုလျှင် အစောင့်အကြပ်တို့ဖြင့် ပြည့်ကျပ်လျက်ရှိသော နန်းတော်တံခါးကြီးသည် ယခုသော် အစောင့်အကြပ် တစ်စုံတစ်ရာမျှ မရှိလေသော အဟန်ဖြင့် ဟင်းလင်းပွင့် လျက်ရှိသည်ကို တွေ့ရသောကြောင့်ဖြစ်၏။ အရှင့်သား၏ တောထွက်မှု ပါရမီကို နတ်ဒေဝတာများကပင် ကူညီကြသောကြောင့်လေလော၊ သို့မဟုတ် ကျွန်ုပ် မသိစေကာမူ အရှင့်သားကိုချစ်၍ အရှင့်သား၏ အလိုကိုသိသော အစောင့်အကြပ်များကပင် ပါရမီ ကူညီကြလေသလော။

ကပိလ ဝန်းကျင်၌ တောတောင်တို့ ပေါ်များလှစွာ၏။ ယင်းတောတောင်များစွာ အနက် ဥရုဝေလသည် အထင်ရှားဆုံး အကျော်ကြားဆုံးဖြစ်ပေ၏။ ဥရုဝေလသည်

www.burmeseclassic.com

www.burmeseclassic.com



တောရိပ်တောင်စွယ်တို့ ကြီးမားကျယ်ပြန့်သောကြောင့်လည်း ကျော်ကြားသည်။ တောရိပ်တောင်စွယ်တို့ ကြီးမား ကျယ်ပြန့်သလောက် စည်ပင် သာယာလှသောကြောင့်လည်း ကျော်ကြားသည်။ စည်ပင်သာယာသလောက် သူတော်ကောင်း ရသေ့ရဟန်းတို့ ကွန်းခိုသီတင်းသုံးမှု ပေါ်များသောကြောင့်လည်း ထင်ရှားသည်။

သို့ရာတွင် ကျွန်ုပ်တို့အဖို့မူ ခမည်းတော်မဟာရာဇာ၏ အလိုဆန္ဒနှင့် ဆန့်ကျင်၍ တိတ်တဆိတ် ရုန်းထွက်လာကြသူများဖြစ်ကြပေရာ ခမည်းတော် အလိုဆန္ဒမကျခဲ့လျှင် နောက်တစ်နေ့တွင် အလွယ်တကူ လိုက်လံ နှောင့်ယှက်နိုင်မည်ဖြစ်သောကြောင့် အရှင့်သားသည် ထင်ရှားလှသော ဥရုဝေလသို့မူ ဦးတည်လေလိမ့်မည်မဟုတ်ဟု ထင်မှတ်ခဲ့၏။ ကျွန်ုပ်၏အထင်မှားသည်။ လရောင် ဝိုးတဝါးအောက်တွင် ကျွန်ုပ်တို့သည် ကပိလဝတ်မှ ခရီးအတန်ထွက်မိသောအခါ အရှင့်သားသည် ဥရုဝေလသို့သာ ဦးတည်လျက်ရှိကြောင်း သိရသောကြောင့်ဖြစ်ပေသည်။

ထိုအခါ ယခင်အချိန်များက အရှင့်သားသည် ကျွန်ုပ်အား ဥရုဝေလအကြောင်း ကြိမ်ဖန်များစွာ ဆွေးနွေးတိုင်ပင်ဖူးသည်များကို သတိရ၏။ နန်းတော်သို့ ရံဖန်ရံခါ ကောင်းကင်ခရီးဖြင့် ကြွရောက်လာတတ်သော ခမည်းတော် မဟာရာဇာ၏ ဒေဝီလ ရသေ့ကြီးကဲ့သို့ပင် ဥရုဝေလမှ ကျော်ကြားလှသော တရားဂိုဏ်းဆရာ အာဠာရ ရသေ့၊ ဥဒက ရသေ့ကြီးတို့အကြောင်းကို ဆွေးနွေးခဲ့သည်ကိုလည်း သတိရ၏။ ထို့ပြင်မက ကျော်ကြားလှသော ဥရုဝေလတော၏ သာယာစည်ပင်လှသော တောတောင် ရေတံခွန်များ၊ သဲသောင်ဆိပ်ကမ်းများ၊ တန်ခိုးကြီးသော ရသေ့ရဟန်းတို့ အကြောင်းများကို ဖွဲ့သီထားသည့် ဓမ္မဂီတများစွာ ရှိနေခဲ့ပေရာ ယင်းဓမ္မဂီတအချို့ကို အရှင့်သားသည် ဥရုဝေလသို့ ရည်ညွှန်း၍ ရံဖန် ညည်းတွား သီဆိုနေခဲ့သည်များ ကိုလည်း သတိရ၏။ ထိုအခါ တရားကို ရှာလိုသဖြင့် တောထွက်ခဲ့သော အရှင့်သားသည် ထိပ်တန်း တရားသမား၊ တရားအရှင်တို့စုဝေးရာ ဥရုဝေလသို့သာ ရည်မှန်းဦးတည်ခဲ့ပေပြီတကားဟု ကျွန်ုပ် နားလည်လာရပေသည်။

သို့နှင့် ကျွန်ုပ်တို့သည် နံနက်လင်း၍ နေရောင်ခြည် ဖြိုးဖြိုးဖျ တက်ကြွလာသော အချိန်၌ ဥရုဝေလ၏ကျော်ကြားလှသော အနော်မာ ဆိပ်ကမ်းသို့ ဆိုက်ရောက်လာကြသည်။ အနော်မာမြစ်၏ တစ်ဖက်ကမ်းသည်ကား ဥရုဝေလပင်ဖြစ်ပေ၏။

ကျွန်ုပ် ကြားဖူးသိဖူးသော ဥရုဝေလဘွဲ့ ဓမ္မဂီတတစ်ခုတွင် အနော်မာမြစ်သည် သဘာဝ ပန်းချီကားကြီးတစ်ချပ်ကဲ့သို့ ရှုမငြီးသော ဥရုဝေလတောကို ငွေပန်းဘောင်ကြီးဖြင့် ထိန်းကွပ်၍ ထားဘိသကဲ့သို့ဥရုဝေလသို့ ပတ်ဝိုက်ကာ စီးဆင်းလျက်ရှိပေ၏ဟူ၍ ဖွဲ့သီထား၏။ ထိုအဖွဲ့သည် မှန်ကန်လှကြောင်း ယခုမျက်မြင်ဒိဋ္ဌတွေ့မြင်ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အနော်မာ၏ ကမ်းစပ်သဲသောင်သည် ငွေမှုန် ရွှေမှုန်များဖြန့်ခင်းထားသကဲ့သို့ တဖွေးဖွေး တလက်လက် တောက်ပလျက်ရှိ၏။ ယင်းကမ်းစပ်သဲသောင်သည် ယေဘုယျ သဲသောင်ကမ်းစပ်တို့၏ သဘာဝအတိုင်း ကွေ့ကောက် နိမ့်မြင့်မရှိဘဲ နတ်ဒေဝတာတို့ ပြုပြင်ဖန်ဆင်းထားသည့်အလား မျက်စိတစ်ဆုံး ညီညာပျံ့ပျူးလျက်ရှိသည်ကိုလည်း တွေ့ရ၏။ စီးဆင်းလျက်ရှိသော အနော်မာမြစ်ရေသည် မြစ်ရေဟုပင် မထင်ရဘဲ တက်လက်သော နေခြည်နုနုအောက်တွင် သန္တာရိုးရား ပတ္တမြား စိန်မြစသော ရောင်စုံကျောက်တို့ တရွှေ့ရွှေ့ လိမ့်ဆင်းစီးကျနေသည့်အလား ထင်မှတ်ရသည်။

သို့နှင့် ကျွန်ုပ်တို့သည် ဥရုဝေလရှိရာ အနော်မာတစ်ဖက်ကမ်းသို့ ကဏ္ဍက၏ အင်အားကို အသုံးပြု၍ အလွယ်တကူပင် ကူးလာခဲ့ကြသည်။

[ ၄ ]

တစ်ဖက်ကမ်းသို့ ရောက်သောအခါ ဟိုမှာဘက်ကမ်းထက် ထူးခြားချက်ကား ဥရုဝေလ၏ တသင်းသင်းတထုံထုံ ပန်းမျိုးစုံရနံ့တို့က ဆီးကြိုခြင်းပင်ဖြစ်ပေ၏။

အရှင်သားသည် သောင်ယံတွင် ဆိုင်းငံ့မနေဘဲ ဥရုဝေလအတွင်းသို့ ဦးတည်သွားရင်း "စာပေ၊ ပန်းချီ၊ ပန်းပု၊ တေးဂီတစတဲ့ အနုပညာဆရာတွေဟာ အကြောင်းခြင်းရာ တစ်စုံတစ်ခုကို ရေးဖွဲ့သီတဲ့အခါမှာ အရှိထက် နုပြီး စိတ်ကူးယဉ်ယဉ်နဲ့ ရေးဖွဲ့သီကုန်းလေ့ရှိတတ်ကြပေတယ်။ နို့ပေမယ့် ဥရုဝေလအကြောင်း ဖွဲ့သီတဲ့ ဓမ္မဂီတ တွေကတော့ အရှိအတိုင်းပဲ ဖွဲ့သီတယ်လို့ မထင်မိဘူးလား ဆန္ဒ" ဟု ဥရုဝေလ၏ ဖမ်းစားမှုကြောင့် မမျိုသိပ်နိုင်တော့သယောင်ဖြင့် အရှင့်သားက မေးလှာသည်ကို . .

"မှန်လှပါ၊ ဥရုဝေလအဖို့ကဖြင့် အကြားနှင့်အမြင်၊ အထင်နှင့်ကိုယ်တွေ့ ကိုက်ညီလှပါဘုရား" ဟု လျှောက်တင်လိုက်ရ၏။

အနော်မာသောင်စပ်ဆုံးလုလု ဥရုဝေလတောစပ် ရောက်လုလုနေရာတွင် ယနေ့နံနက် ထွက်လာစက ကျွန်ုပ်တွင်ဖြစ်ပေါ်ခဲ့မိသော ဒုတိယသံသယ ရှင်းသွား၏။ အကြောင်းကား ဥရုဝေလသို့ အဝင်တောစပ်မှ လဲကျလျက်ရှိသော သစ်တုံးကြီးပေါ်တွင် သင်္ကန်း၊ သပိတ်စသော ပရိက္ခရာတစ်စုံ သေသပ်စွာ တင်ထားလျက်ရှိသည်ကို တွေ့ရသောကြောင့်ဖြစ်၏။

ဥရုဝေလသည် အသစ်အသစ်ဖြစ်သော သူတော်ကောင်းတို့ တောထွက်ရာ နေရာလည်းဖြစ်၍ အဟောင်းအဟောင်းဖြစ်သော ရသေ့ရဟန်းတို့အတွက် သင်္ကန်း ပရိက္ခရာလိုသော နေရာလည်းဖြစ်ပေရာ သဒ္ဓါရှင်တစ်ဦးဦးက ပုံသကူ ပစ်၍ထား

www.burmeseclassic.com

www.burmeseclassic.com



သည်လည်းဖြစ်ပေရာ၏။ အရှင့်သား၏ ပါရမီကို ကူညီဖြည့်စွမ်းလိုသော နတ်ဒေဝတာတို့၏အစီအမံသော်လည်း ဖြစ်တန်ရာ၏။

ဤနေရာတွင် အရှင့်သားသည် ကဏ္ဍကပေါ်မှဆင်း၍ တွေ့ရှိသော ယင်းပရိက္ခရာများကို အားရနှစ်ခြိုက် ပွေ့ပိုက်ကာ ဝမ်းမြောက်သောအသွင်ဖြင့် သစ်တုံးပေါ်တွင် ထိုင်လိုက်၏။

ရသေ့ရဟန်းအသွင်သို့ပြောင်းရန် အရှင့်သားအတွက် သင်္ကန်းပရိက္ခရာ အဆင့်သင့်ဖြစ်လာသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်ပါ၏။ သို့ရာတွင် ကျွန်ုပ်အတွက် သင်္ကန်းပရိက္ခရာသည် အဘယ်မှာနည်း။ ကျွန်ုပ်သည် အခြားတစ်နေရာရာတွင် သင်္ကန်းပရိက္ခရာများ အလားတူ ရှိလေဦးမည်လောဟု ဟိုဟိုသည်သည်သို့ ရှာကြည့်မိ၏။ သို့ရာတွင် မတွေ့ရပေ။

ဤတွင် အရှင့်သားထံမှ မိုးကြိုးကျသကဲ့သို့သော ကျွန်ုပ် မမျှော်လင့် မထင်မှတ်သည့် စကားသံကို ကြားလာရသည်။

"ငယ်ဖော်ဆန္န။ ။ ဤနေရာတွင် သင်နှင့်ငါတို့ ခွဲကြဖို့ အချိန်တန်ပေပြီ။ ငါသည် ရဟန်းအသွင်သို့ပြောင်းတော့မည်။ သင်သည် ငါ၏ မင်းဝတ်တန်ဆာတို့ကိုယူ၍ နေပြည်တော်သို့ ပြန်ပေတော့"

"ဘယ်သို့ မိန့်ကြားလိုက်ပါသနည်းအရှင့်သား။ ကျွန်ုပ်သည် မည်သည့်အခြေ မည်သည့်နေရာသို့ပင်ဖြစ်စေ အရှင့်သားနှင့် သေမကွဲ ရှင်မကွာ လိုက်ပါရမည့် ငယ်ကျွန်ရင်း မဟုတ်ပါလား အရှင့်သား"

ကျွန်ုပ်၏အသံသည် ဝမ်းနည်းလှသောကြောင့် ငိုသံပါလျက်ရှိ၏။ မငိုမိရန် မနည်းထိန်းထားရသည်။ အရှင့်သားသည် တောထွက်ရန် ကျွန်ုပ်အား တိုးတိုးတိတ်တိတ် တိုင်ပင်ခဲ့သည့်အချိန်မှစ၍ ကျွန်ုပ်၏ ယုံကြည်ချက်မှာ ကျွန်ုပ်သည် အရှင့်သားနှင့် မည်သည့်အခြေ၊ မည်သည့်ပုံစံ၊ မည်သည့်နေရာသို့ဖြစ်စေ အရှင့်သားက သေမကွဲ ရှင်မကွာ အတူခေါ်ဆောင်လိမ့်မည်ဟူ၍ဖြစ်၏။ ကျွန်ုပ်အဖို့လည်း ကျွန်ုပ် ချစ်သော အရှင့်သားနှင့်သာဆိုလျှင် မဆိုစကောင်း ဆိုစကောင်း အဝီစိသို့ပင်ဖြစ်စေဦးတော့၊ ဖဝါးခြေထပ် ထက်ကြပ်မကွာ လိုက်ပါမည်ဟု ဆိုခဲ့သည်မဟုတ်ပါလော။ ယခုသော် အရှင့်သားသည် ကျွန်ုပ်လုံးဝ မျှော်လင့်မထားသော စကားဖြင့် ကျွန်ုပ်အား ခွဲထုတ်လျက် ရှိနေပေပြီ။

"ငါ့အပေါ်၌ ထားရှိသော အသင့်မေတ္တာ အသင့်စေတနာကို ငါ . . . နားလည်ပါ၏။ အသင့်ကျေးဇူးကိုလည်း မည်သည့်အခါမျှ ငါမမေ့ပျောက်လိမ့်မည်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါ။ ငယ်ဖော်ဆန္န။ ။ သို့ရာတွင် တောထွက်မှုတရားအလုပ်သည် တစ်ပါးတည်းသာ ကောင်းပေသည်''

''အရှင့်စကားသည် လျော်ကန်သယောင်ရှိပါ၏။ သို့ရာတွင် အရှင့်အား အဘယ်သူက ရေပူရေချမ်းကမ်းလှမ်းပါမည်နည်း။ အဘယ်သူက ဝတ်ကြီးဝတ်ငယ် ပြုစုပါမည်နည်း''

''ရွှေနန်းစည်းစိမ်ကိုပင် စွန့်ပစ်ခဲ့သော ငါ့အတွက် ရေပူရေချမ်းသည် အရေးမကြီးပါ။ ကေစာ ပျော်မွေ့၍ တစ်ပါးတည်းသာ တရားကျင့်သုံးလိုပေသည် ဆန္န''

''လိုက်ပါခွင့်ပြုတော်မူပါအရှင့်သား။ ကျွန်ုပ်သည် လူဝတ်ဖြင့် ဖြစ်စေ၊ ရဟန်းဝတ်ဖြင့် ဖြစ်စေ အရှင်သားအား အနှောင့်အယှက်မဖြစ်စေဘဲ နေပါမည်။ အရှင့်အနီး သင့်လျော်ရာနေရာတွင် ကဏ္ဍကနှင့်အတူ နေခွင့်ပြုတော်မူပါအရှင့်သား''

ကျွန်ုပ်သည် အရှင့်သားနှင့် ခွဲခွာနေရအံ့ဆိုလျှင် ကျွန်ုပ်အလားတူ အရှင်သားအား ချစ်ရှာသော ကဏ္ဍကအားလည်း ရုတ်တရက်သတိရလိုက်သောကြောင့် ကဏ္ဍကကိုလည်း ထည့်၍ လျှောက်တင်လိုက်၏။ ယင်းသို့ လျှောက်တင်ခိုက်တွင် စကားပင် မပြောတတ်ရှာသော်လည်း သခင့်အရိပ်အဆင်ကို အင်မတန်သိသော ကဏ္ဍကအဖို့ အဘယ်ပုံရှိရှာမည်နည်းဟု ကဏ္ဍကဆီသို့ စောင်းငဲ့၍ကြည့်လိုက်သောအခါ ခဏ္ဍကသည်လည်း ကျွန်ုပ်အလားတူ မိမိ၏ အခက်အခဲကို သိရှိသည့်အဟန်ဖြင့် အနော်မာ သောင်ကမ်းစပ်တွင် စားချင့်စဖွယ် ပေါက်ရောက်လျက်ရှိသော မြက်နုကလေး များကိုမျှ မစားနိုင်ရှာဘဲ ကျွန်ုပ်တို့၏ အခြေကို ဝမ်းနည်းစွာ ငေးမျှော်စောင့်ကြည့်လျက် ရှိနေသည်ကို တွေ့ရပေ၏။

''သည်းခံလော့ ဆန္န။ ။ သင်နှင့် ငါတို့သည် သေကွဲ ကွဲကြရခြင်းမဟုတ်ပါ။ ငါအလိုရှိအပ်သော တရားကိစ္စ ပြီးစီး၍ နောင်တစ်ချိန် ကပိလဝတ်သို့ ပြန်လည် ရောက်ရှိသောအခါ၌ သင်နှင့်ငါတို့ ပြန်လည် တွေ့ဆုံကြရပါလိမ့်မည်။ တစ်ကြောင်း မှာလည်း ခမည်းတော်နှင့် ယသော်အစရှိသော ကျေးဇူးရှင်တို့သည် သင်နှင့်ငါတို့ ယခုလိုထွက်လာကြသည့်ကိစ္စအတွက် တွေးတောပူပန်လျက်ရှိရှာကြပေလိမ့်မည်။ ငါ့မင်းဝတ်တန်ဆာတို့ကိုယူ၍ သင်ပြန်ပြီး ကောင်းမွန်စွာ တရားအားထုတ်လျက်ရှိကြောင်း လျှောက်တင်ပေတော့။ အဲဒါ ငါ့အမိန့်ပေပဲ ဆန္န''

အရှင့်သား၏ နောက်ဆုံးစကားကြောင့် ကျွန်ုပ်၏ ဦးခေါင်းသည် ပြားဝပ်၍ သွား၏။ အကြောင်းသော်ကား အဘယ်မျှ ချစ်ပါသည်၊ ခင်တွယ်ပါသည်ဆိုစေ၊

www.burmeseclassic.com

www.burmeseclassic.com



အရှင့်သား၏ အမိန့်ဆိုလျှင် ဦးလည်မသုန် ခံယူရစမြဲဖြစ်ပေရာ ကျွန်ုပ်သည် တစ်ခွန်း တစ်ပါဒမျှ ပြန်လည်မလျှောက်တင်ဝံ့တော့ဘဲ လေးတွဲ့သော ကိုယ်ဟန်ဖြင့် ထိုင်နေရာမှ ဖြည်းဖြည်းချင်းထ၍ အရှင့်သားအား ဦးသုံးကြိမ်ညွတ်လိုက်၏။

ထို့နောက်ကား အရှင့်သားသည် မင်းသားအသွင်မှ ရဟန်းအသွင်သို့ ရုတ်ခြည်း ကူးပြောင်းသည်။

ရှေးဦးစွာကား ဦးသျှောင်တော်ကိုချွတ်၍ သံလျက်ဖြင့် ဆံပင်ကို ရိတ်ဖြတ်သည်။ ဝဲလက်တော်ဖြင့် ဆံပင်ကို စုကိုင်၍ ယာလက်တော်ဖြင့် ရိတ်ဖြတ်လိုက်သောအခါ အရှင့်သား ဦးခေါင်းတွင် ခေါင်းတုံးပြောင်ပြောင် မဟုတ်စေကာမူ ဆံတော်တိုတိုတို့ အလိုက်သင့် အနေတော် ကျန်ရစ်သည်။

ဝဲလက်မှ ဆံတော်တို့ကို အရှင့်သား ပသို့ပြုအံ့နည်းဟု ကြည့်နေခိုက်တွင် အရှင့်သားသည် တစ်စုံတစ်ခု ဆုတောင်းဆုယူပြုမူသည့်အဟန်ဖြင့် တီးတိုး ရွတ်ဆိုကာ အထက်သို့ မြှောက်ကြဲလိုက်သောအခါ အံ့ဖွယ်တွေ့ကြုံရသည်ကား ဆံတော်သည် တသုန်သုန် တိုက်ခတ်လျက်ရှိသော အနော်မာ၏ လဟာပြင်တွင် လွင့်ပါသွား သည်လည်းမဟုတ်၊ အောက်သို့လည်း ပြန်ကျမလာ တစ်စုံတစ်ဦးက ယူဆောင် သွားသည့်ပမာ လွင့်မြှောက်လိုက်သော ဆံပင်များကို ကောင်းကင်တွင် ရုတ်ခြည်းမျှသာ မြင်လိုက်ရပြီးနောက် ကွယ်ပျောက်သွားခြင်းပင်ဖြစ်ပေ၏။ အရှင့်သား၏ ပါရမီကို ကူညီရန် စောင့်ကြပ်လျက်ရှိသော နတ်ဒေဝတာတို့၏ အပြုအမူဖြစ်ရမည်ဟု ကျွန်ုပ် မှတ်ယူလိုက်ရ၏။

ထို့နောက် ရွှေစလွယ်၊ ကိုယ်ကျပ်အင်္ကျီ၊ ကောတုံဘယ ပုဆိုးစသော အဆင်တန်ဆာတို့ကို ချွတ်၍ သင်္ကန်းကို ဝတ်ရုံ၏။ သင်္ကန်းကို ဝတ်ရုံရာ၌ အရှင်သား အဖို့ ဤဘဝတွင် တစ်ကြိမ်တစ်ခါမျှ မဝတ်ဖူးသော အဝတ်အဆင်ဖြစ်သည့်အတိုင်း အခက်အခဲရှိလေမည်ကြောင့် ကျွန်ုပ်က ကိုယ်ဟန်ယို့ယို့ဖြင့် ကူညီဝတ်ရုံပေး၏။ ဘဝခြားသွားလေပြီဖြစ်သော အဝတ်အဆင်ကြောင့်လည်းကောင်း၊ အရှင့်သားနှင့် ခွဲခွာရ တော့မည်ကြောင့်လည်းကောင်း ကျွန်ုပ်သည် မဆည်နိုင်မထိန်းနိုင်အောင် မျက်ရည်ကို သွန်ချရင်းဖြင့် ကူညီဝတ်ရုံပေးနေခြင်းဖြစ်၏။ သို့ရာတွင် အရှင့်သားကမူကား ကျွန်ုပ်ကို လုံးဝမကြည့်တော့ဘဲ သင်္ကန်းကို ဝတ်ရသောကြောင့် ရွှင်လန်းတက်ကြွလျက်ရှိသည် ကိုသာ တွေ့ရ၏။

သင်္ကန်းပရိက္ခရာကို နေသားတကျ ဝတ်ဆင်ပြီးသည်နှင့်တစ်ပြိုင်နက် အရှင့်သားသည် ကျွန်ုပ်တို့အား တစ်ချက်ကလေးမျှမကြည့်တော့ဘဲ သွားကြပေတော့ဟု

www.burmeseclassic.com

www.burmeseclassic.com



ပြန်ကြပေတော့ဟု ပြောဆိုသည့်အဟန်ဖြင့် လက်ပြရုံမျှ ပြကာ ကျွန်ုပ်တို့ကို ကျောခိုင်း၍ ဥရုဝေလအတွင်းသို့ တစ်လှမ်းချင်း ကြွချီသွားတော့လေရာ၊ ကျွန်ုပ်အဖို့ မျက်ရည်ဖြိုင်ဖြိုင် ပါးစပ်အဟောင်းသားနှင့် ငေးမျှော်၍သာကျန်ရစ်ခဲ့ရတော့သည်။

ကျွန်ုပ် အဘယ်သို့ လုပ်ရမည်နည်း။ အရှင့်သားကဲ့သို့ပင် ရသေ့ရဟန်း အသွင်ဖြင့် သော်လည်းကောင်း၊ ပင်ကိုအဝတ်ဖြင့်သော်လည်းကောင်း ကျွန်ုပ်ချစ်သော အရှင်သား၏ မျက်နှာကိုသာ မပြတ်ဖူးမြော်ကာ အရှင်သားနှင့်အတူ တောတောင်တစ်ခွင် ကဏ္ဍကနှင့်အတူ လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင်ကြီး နေလိုက်တော့မည်ဟူသော ကျွန်ုပ်၏ ရည်မှန်းချက် တောင်ကြီးမှာ ပြို၍သွားလေပြီဖြစ်ပေရာ။ ကဏ္ဍကကို ဆွဲ၍သာ နေပြည်တော်သို့ ပြန်ရပေတော့မည်။

ကျွန်ုပ်သည် ယူဇနာ သုံးဆယ်မျှ ခရီးကို တစ်ညဉ့်တည်းဖြင့် အရောက် ဆောင်ကြဉ်းခဲ့ရသဖြင့် ပင်ပန်းလျက်ရှိပေမည်ဖြစ်သော ကဏ္ဍကအား အနော်မာ သောင်ယံ၏ ဆိတ်ငြိမ်သာယာလှသောရင်ခွင်တွင် လုံလောက်စွာ အနားပေးပြီးမှ တဖြည်းဖြည်း ပြန်တော့မည်ဟု စိတ်ကူး၏။

သားတော်ကြီး တောထွက်လေမည်ကို အလိုမတူသော ခမည်းတော်ကြီးအဖို့ ယနေ့နံနက်တွင် သားကြီးတောထွက်သွားပြီကို သိလျှင်လည်း လိုက်လံအနှောင့်အယှက် ပေးတော့မည်ဟူ၍ မထင်မိ။ အကြောင်းကား ဥရုဝေလသည် ကပိလဝတ်နှင့် ရာဇဂြိုဟ် နှစ်နိုင်ငံတို့၏ အလယ်ခန့်တွင် ရှိသော်လည်း ရာဇဂြိုဟ်၏ ပိုင်နက်အတွင်း၌ရှိလေရာ၊ နယ်ကျော်၍ နှောင့်ယှက်ခဲ့သော် မင်းရေးစိုးခွင် ရှုပ်ထွေးလာဖွယ်ရှိ၍လည်းကောင်း၊ မဖြစ်လိုသည်ကို မဖြစ်အောင် တားဆီးခဲ့သော်လည်း ဖြစ်လာသည့်အခါတွင်မူ အမြော်အမြင်ကြီးသော မိတဆိုးသားကြီး၏ အလိုကို မဆန့်ကျင်လိုလှသော ခမည်းတော်ကြီး၏ မေတ္တာစေတနာကြောင့်လည်းကောင်း အနှောင့်အယှက် တစ်စုံ တစ်ရာ ပြုလာဖို့ ရှိမည်မထင်ပေ။

ထို့ကြောင့် သားတော်ကြီး၏သတင်း၊ မိမိ၏အသိ အမြင်တို့ကို အေးချမ်းစွာပင် သတင်းပို့ဖို့ ရှိပေတော့သည်ဟု ကျွန်ုပ်၏ တစ်ဦးတည်းသောအဖော်အဖြစ် ဘဝတူ ကျန်ရစ်ခဲ့ရှာသည့် ကဏ္ဍက၏ အနီးသို့ လေးကန်သောခြေလှမ်းများဖြင့် လျှောက်လာခဲ့ သောအခါ ကဏ္ဍက၏ ထူးခြားသောအသွင်ကို မမျှော်လင့်ဘဲ တွေ့ရှိရပေ၏။ ယင်း အသွင်ကား ကဏ္ဍကသည် အနားယူရင်း အေးချမ်းစွာ အစာစား၍ နေရမည်ဖြစ်ပါလျက် လုံးဝမစားဘဲ ဥရုဝေလအတွင်း အရှင့်သားဝင်သွားလေရာ အရပ်သို့ လည်တံစင်း၍ ငေးမျှော်ကြည့်ရှုရင်း မျက်လုံးနှစ်ဖက်မှ မျက်ရည်များ တသွင်သွင်ကျဆင်းလျက် ရှိသည်ကို တွေ့မြင်ရသောကြောင့်ပင်ဖြစ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် အားအင်လျော့ပါးသော လက်ဖြင့် ကဏ္ဍကာ၏ လည်တံကို ဖြည်းညင်းစွာ သုံးသပ်လိုက်၏။ အဓိပ္ပာယ်မှာ ကဏ္ဍကာသည် စကားပင် မပြောတတ်စေကာမူ နားလည်တတ်သော အသိရှိသူဖြစ်လေရာ၊ "အရှင့်သားတော့ ငါတို့ကို ကျောခိုင်းသွားပေပြီ ကဏ္ဍကာရေ့။ ။ သို့သော် ငါတစ်ယောက်လုံး ရှိသေးတာပဲ အားမငယ်ပါနဲ့ ကဏ္ဍကာရယ်။ ငါတို့ အေးအေးဆေးဆေး နေပြည်တော်သို့ ပြန်ကြပါစို့" ဟု ချော့မြူအားပေးလိုက်ခြင်းဖြစ်ပေ၏။ သို့ရာတွင် ကဏ္ဍကာ၏ အမူအရာသည် ထူးခြားလှုပ်ရှား၍မလာ။ အရှင်မင်းသားရှိရာသို့သာ ငူငူတွေတွေကြီး ကြည့်၍ မျက်ရည်တို့ကိုသာ တဖြိုင်ဖြိုင် သွန်ချလျက်ရှိနေပေသည်။

ကျွန်ုပ်သည် ကဏ္ဍကာ၏ လည်တံကို အပြန်ခရီးရှိရာဘက်သို့ အင်အားအနည်းငယ်စိုက်၍ ပွေ့ပိုက် တွန်းလှည့်ပေးသော်လည်း ကဏ္ဍကာသည် လည်တံကိုသော်လည်းကောင်း၊ ခြေလက်များကိုသော်လည်းကောင်း လှုပ်ရှားသည်ဆိုရုံမျှ လှုပ်ရှားသည်။ နတ်မြင်းပျံကဲ့သို့ အခါခပ်သိမ်းဖျတ်လတ်တက်ကြွလေ့ရှိသော ကဏ္ဍကာသည် ယခုသော် သူ့ခန္ဓာကိုယ်မှာ ကြီးမားသောဝန်ထုပ် ဝန်ပိုးကြီးတစ်ခုကဲ့သို့ လေးတွဲ့ ဖင့်နွဲ့လျက် ရှိသည်ကိုတွေ့ရသည်။ ကျွန်ုပ်က အချော့လေသံ၊ အချော့စကားမျိုးစုံကို ပြော၍ ဆွဲယူသောအခါ ကဏ္ဍကာသည် လေးငါးဆယ်လှမ်းမျှသာ မလှမ်းချင့်လှမ်းချင် လှမ်းချီလိုက်ပါလာပြီးနောက် သောင်အလယ်ခန့်သို့ရောက်သောအခါ ကဏ္ဍကာသည် ဖိုင်းဖိုင်းကြီးလဲကျ သွားရှာပါလေ၏။

မြင်းတစ်ကောင်အဖို့ မြူးကြွဆော့ကစားခြင်းမျိုးမဟုတ်ဘဲ လေးဘက်မတ်တတ်ရှိနေရာမှ ဖိုင်းဖိုင်းကြီးလဲကျသွားခြင်း ဆိုသည်မှာ ကြီးစွာသောဒုက္ခနှင့်တွေ့ကြုံရပြီဖြစ်၏။ ကဏ္ဍကာအဖို့ ယူဇနာသုံးဆယ်မျှသော ခရီးကြောင့် ခြေကုန်လက်ပန်းကျသည်ဟု ဆိုရမည်ကလည်း မဖြစ်နိုင်။ အရှင်သားနှင့် မခွဲခွာမီ ယနေ့နံနက်ပင်လျှင် လန်းဆန်းတက်ကြွစွာ ရှိနေပေသေးသည်မဟုတ်ပါလား။ ရောဂါအန္တရာယ် တစ်စုံတစ်ရာဆိုက်ရောက်သည်ဟူ၍လည်း စိုးစဉ်မျှ အရိပ်အရောင်မရှိခဲ့။ သို့ဆိုလျှင် အကြောင်းတစ်ခုတည်းသာရှိတော့၏။ ယင်းအကြောင်းကား သူချစ်သော အရှင့်သားနှင့် ခွဲခွာရသောကြောင့် နှလုံးကွဲ ရင်ကွဲနာကျရှာခြင်းဖြစ်ရပေမည်။

မှန်လှပေ၏။ ကဏ္ဍကာသည် အနော်မာသောင်ယံတွင် ဖိုင်းဖိုင်းလဲကျသွားပြီးနောက် ကျွန်ုပ်အား နှုတ်ဆက်သည့်အနေဖြင့် မျက်ရည်တွေတွေကျသော မျက်လုံးများဖြင့် တစ်ချက်မျှ စူးစူးစိုက်စိုက် ကြည့်ပြီးလျှင် ကွယ်လွန်ရှာပါလေပြီတည်း။

ချစ်ခင်ကြင်နာကြသော အကြင်လူသားများအဖို့ တစ်ဦးနှင့်တစ်ဦး ခွဲခွာကြသောအခါ စဉ်းစားတတ်သူများဖြစ်သည့်အတိုင်း အခြားနည်းအားဖြင့် စဉ်းစားဖြေသိမ့်နိုင်ကြ

www.burmeseclassic.com

www.burmeseclassic.com



ပေသေး၏။ တိရစ္ဆာန်တို့မူကား ချစ်သူကို ရိုးရိုးစင်းစင်းပင် ချစ်၍ မုန်းစရာရှိသူကို ရိုးရိုးစင်းစင်းပင် မုန်းတတ်ကြသည်မဟုတ်ပါလား။

ကဏ္ဍကသည် အရှင့်သားကိုချစ်၏။ ကျွန်ုပ်သည်လည်း အရှင့်သားအား ချစ်သူပင်ဖြစ်၏။ ကျွန်ုပ်တို့သည် အရှင်သားနှင့် ပြိုင်တူလိုလို ပေါက်ဖွား၍ ကိုယ့်နည်းနှင့်ကိုယ် ပြိုင်တူလိုလို မခွဲမခွာ ကြီးထွားလာကြသူများ ဖြစ်ကြပေရာ လူအများက ကျွန်ုပ်တို့အား ဖွားဖက်တော်များဟုပင် သမုတ်ခဲ့ကြကြောင်း အထက်တွင် ပြဆိုခဲ့ပြီး ဖြစ်၏။ သို့သော် ယခုအရှင့်သားနှင့် မခွဲစဖူး ခွဲခွာကြရသည့်အချိန်၌ကား ကျွန်ုပ်အဖို့မူ အရှင့်သားအား အဘယ်မျှ လွမ်းဆွတ်စေကာမူ အခြားနည်းဖြင့် ဖြေသိမ့်စရာတွေ ရှိချေသေး၏။ ကျွန်ုပ်ကဲ့သို့ လျှောက်တင်ချင်သည်ကိုမျှ မလျှောက်တင်ရ၊ ဆင်ခြေတက်လိုသည်ကိုမျှ မတက်ရရှာသော သဘောဖြူ အူဆင်း ကဏ္ဍကအဖို့မူကား အချစ်ဒဏ် အချစ်လှိုင်းကြောင့် ရင်ကွဲနာကျ၍ ကွယ်လွန်သွားရရှာပါလေပြီ။

အမှန်ဆိုရသော် အားတင်း၍ ထားရသော ကျွန်ုပ်အဖို့ ကဏ္ဍကဖြစ်အင်ကို မြင်ရသောအခါ မရှုနိုင် မကယ်နိုင်နှင့် အရူးတစ်ပိုင်းဖြစ်ခဲ့ရပါလေ၏။ အရှင့်သား ကြားလေရော့မည်၊ မကြားလေရော့မည်ကားမသိ၊ ကဏ္ဍကကွယ်လွန်သည်ကို သိရသည်နှင့်တစ်ပြိုင်နက် "ကဏ္ဍကကြီးဖြစ်အင်ကို မြင်လှည့်ပါဦး အရှင့်သား။ အရှင့်ကြောင့် ကဏ္ဍကမြင်းကြီး သေပွဲဝင်ပုံကို ကြည့်လှည့်ပါဦးအရှင့်သားရေ့"ဟု တစ်ဆို့သော အသံဖြင့် ဥရုဝေလဘက်ဆီသို့ လှည့်ကာ အားရပါးရ ဟစ်ကြွေးလိုက်မိပေသေး၏။

ကျွန်ုပ် ဘာလုပ်ရမည်နည်း။ လုပ်နိုင်သမျှတော့ လုပ်ခဲ့ပါ၏။ လဲကျနေသော ကဏ္ဍက၏ ကိုယ်အနီးတွင် လုံလောက်သော သဲကျင်းကြီးကို တူးယက်ကာ အနော်မာ၏ ဆိတ်ငြိမ်အေးချမ်းသော သောင်ရိပ်တွင် "အိပ်စက်ရစ်ပေတော့ ကဏ္ဍကရေ့" ဟု မြည်တမ်းရင်း ဖုံးလွှမ်းသဂြိုဟ်ခဲ့ပါ၏။ ထို့နောက်တွင်ကား ရှေ့သို့ တစ်လှမ်း၊ နောက်သို့ နှစ်လှမ်းဟုပင် ဆိုရလောက်အောင် လူရောစိတ်ပါ လေးကန်လှသော ခြေလှမ်းများဖြင့် အရှင့်သား၏ အဝတ်၊ ကဏ္ဍက၏ ကုံးနှီးတန်ဆာများကိုထမ်းကာ နေပြည်တော်သို့ ဦးတည်ခဲ့ရပါတော့၏။

[ ၅ ]

ခြောက်နှစ်ကျော် ခုနစ်နှစ်မျှ အရှင့်သား၏ သတင်းမျိုးစုံကို နားထောင် အလွမ်းဖြေရင်း တလွမ်းလွမ်း တဆွတ်ဆွတ်ဖြင့်ပင် စောင့်မျှော်နေခဲ့ရာမှ အလိုရှိအပ်သော တရားကိုစွ ပြီးစီးလျှင် ပြန်လည်တွေ့ဆုံကြရပါလိမ့်မည်ဟူသော အရှင့်သား၏ မိန့်ကြားခဲ့ချက်သည် မှန်လှပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဥရုဝေလတွင် ခြောက်နှစ် တရားကျင့်သုံးပြီးနောက် ရာဇဂြိုဟ်တွင် တစ်ဝါဆို၍ ကပိလဝတ်သို့ ကြွရောက်လာသောအခါ ကပိလဝတ်မှ ရဟန်းပြုကြသူများအထဲတွင် ကျွန်ုပ်သည် ထိပ်ဆုံးမှပါဝင်ခဲ့ပေ၏။ သို့ရာတွင် ကျွန်ုပ် ရဟန်းပြုခြင်းမှာ သူတစ်ပါးလို ဓမ္မသံဝေဂကြောင့်လည်းမဟုတ်၊ နိဗ္ဗာန်မဂ်ဖိုလ်ဆိုသည့်အတွက်လည်းမဟုတ်။ အရှင့်သားကို ချစ်၍ အရှင့်သားအနားတွင် နေရလျှင်ပြီးရော့။ အရှင့်သားအသံကို ကြားနေရလျှင် ပြီးရော့ ဟူသော အရှင့်သား သံယောဇဉ် သက်သက်မျှဖြင့် ရဟန်းပြုလာခဲ့ခြင်း ဖြစ်ပေသည်။

သို့ရာတွင် အရှင့်သားအခြေကမူကား ရှေးကနှင့်မတူတော့ပါပေ။ ကျင့်သုံးအပ်သော တရားတော်ကြောင့်လားမသိ။ အရှင့်သား၏ ရုပ်ရည်ရူပကာယသည် ရှေးကနှင့်မတူ၊ ဝင်းဝါစိုပြည် ကျက်သရေတုံး ကျက်သရေခဲအတိဖြစ်လာ၏။ အသံတော်ကလည်း ထူးထူးခြားခြား အောင်မြင်ပြောင်းလဲလာ၏။ ရုပ်ဆင်းအသံ ပြောင်းလဲသလောက် ဣန္ဒြေသိက္ခာတော်ကလည်း ရင့်ကျက် ပြောင်းလဲလာ၏။

ဤအချက်များကို ကျွန်ုပ်အားလုံး ကျေနပ်ပါ၏။ ကျွန်ုပ်မကျေနပ်ချက်ကား အရှင့်သားအနီးတွင် သာရိပုတ္တရာ၊ မောဂ္ဂလာန် လက်ယာတော်ရံ၊ လက်ဝဲတော်ရံ စသည်ဖြင့် ကျွန်ုပ်ထက် အရေးပါသူတို့ ပေါ်ပေါက်လာခြင်းပေတည်း။

ရှေးအခါကဆိုလျှင် ခမည်းတော် မဟာရာဇာ၊ ဘဒ္ဒကစ္စနာ စသည့် အနည်းအကျဉ်းမှလွဲလျှင် ကျွန်ုပ်သည် အရှင့်သား၏ အရေးပါဆုံးသော လက်ပါးစေ တစ်ယောက် မဟုတ်ခဲ့ပါလော။ အရှင်သားအား အချိန်များစွာ အကြိမ်များစွာ ဆည်းကပ် ခစားနိုင်၏။ ထွေရာလေးပါး စကားပြောဆိုနိုင်၏။ ယခုသော် ကျွန်ုပ်သည် ရဟန်းပင် ပြုရလင့်ကစား အစွန်အဖျားတွင် ကျရောက်၍ နေရ၏။ အရှင့်သားနှင့် နီးလျက်နှင့် ဝေးနေရ၏။ ကျွန်ုပ်ကျေနပ်နိုင်ပါအံ့လော။

တစ်ကြောင်းမှာလည်း အရှင့်သားအား ဘုရားဖြစ်တော်မူရန် ဥရုဝေလသို့ ပို့ဆောင်ခဲ့သူမှာ ကျွန်ုပ်ပင်မဟုတ်ပါလော။ ယခုသော် ဘုရားဖြစ်လာသည့်အခါတွင်မှ ကျွန်ုပ်အဖို့ အရေးမပါ အရာမရောက်သူဖြစ်နေရချေသည်။ ကျွန်ုပ်ကျေနပ်နိုင်ပါအံ့လော။

အသေးအဖွဲ့ဟုပင် ဆိုစေဦးတော့။ အခြားအကြောင်းတစ်ရပ်ကိုလည်း ပြောရန် ရှိပေသေး၏။ ယင်းအကြောင်းကား အထက်တွင် ဖော်ပြခဲ့သော "ဖွားဖက်တော်" ကိစ္စပင်ဖြစ်ပေသည်။

အရှင့်သား ဘုရားဖြစ်လာ၍ အရှင့်သား၏ အရေးပါအရာရောက်သော ဖွားဖက်တော်များအဖြစ် ခုနစ်ဦး ခုနစ်မျိုးကို သတ်မှတ်ထားကြ၏။ ယင်းတို့သည်ကား—

www.burmeseclassic.com

www.burmeseclassic.com



၁။ အရှင့်သား၏ဝမ်းကွဲညီတော်၊ အရှင့်သား၏ အနီးကပ်ဆုံး အလုပ်အကျွေးအဖြစ် မြှောက်စားခံရသူ၊ ဝမ်းကွဲညီတော် ဖြစ်ပါလျက် ညီတော်အရင်းကဲ့သို့ ထင်မှတ်စေကာ "ညီတော်အာနန္ဒာ - ညီတော်အာနန္ဒာ" ဟု အရှင့်သား အနီးတွင် အရေးပါလှသူ အရှင်အာနန္ဒာ၊

၂။ ဥရုဝေလမှ အရှင့်သား ဘုရားအဖြစ်သို့ ရောက်တော်မူရာ မဟာဗောဓိပင်၊

၃။ အရှင့်သားအား ကပိလဝတ်သို့ မကြွ, ကြွအောင် ပင့်ဆောင်နိုင်ခဲ့လေသော ကာဠုဒါယီအမတ်၊ ယခု ကာဠုဒါယီမထေရ်။

၄။ ဘဝအသင်္ချေ၊ အနန္တ အရှင့်သား၏ ပါရမီ ဖြည့်ဖော် ဖြည့်ဖက် ဘဒ္ဒကစ္စနာခေါ် ယသော်ဓရာ၊

၅။ အရှင့်သား ကျွန်တော်ရင်း ကျွန်ုပ်မောင်ဆန်၊

၆။ အရှင့်သား ဖွားတော်မူချိန်တွင် တစ်ပြိုင်နက် ပေါ်ပေါက်လာခဲ့သော ရွှေအိုးကြီး လေးလုံးနှင့် -

၇။ အနော်မာ သောင်ယံတွင် အရှင့်သားကို လွမ်းဆွတ်မှုကြောင့် နှလုံးကွဲ၍ ကွယ်လွန်ခဲ့ရှာသော အရှင့်စီးတော်မြင်း ကဏ္ဍကတို့ ဖြစ်ကြပေ၏။

ယင်းဖွားဖက်တော် ခုနစ်ပါးကို အလွယ်တကူ မှတ်မိစေရန်ဟု ဂဏန်းစဉ်သုံး၍ လင်္ကာစီကုံးရာ၌ "အာ ဗော ကာ ယ ဆန် ရွှေ ကဏ်" ဟု ဖြစ်သည်။

ဤနေရာတွင် ဂုဏ်ရှိသူတို့ကိုသာ မြင်တတ်ကြည့်တတ်သော လူသတ္တဝါတို့၏ သဘောထားကိုကြည့်ပါလေ့။ ကျွန်ုပ်ကို ပဉ္စမနေရာ၌သာ ထားသည်။ ကျွန်ုပ်နောက်တွင် အသက်မဲ့ ရွှေအိုးနှင့် တိရစ္ဆာန်မြင်းတို့သာ ရှိတော့၏။

အကယ်ဆိုလျှင် အရှင့်သားအား ဘုရားဖြစ်စေရန် စွန့်စွန့်စားစားဖြင့် ဥရုဝေလကို စတင်ပို့ဆောင်ခဲ့သူမှာ အဘယ်သူတို့ပါနည်း။ ကျွန်ုပ်တို့ပင်မဟုတ်ပါလော။ သည့်ထက် ပြည့်ပြည့်တည့်တည့်ဆိုရသော် အရှင့်သားအား ဘုရားဖြစ်စေခဲ့သူများမှာ ကျွန်ုပ်နှင့် ကဏ္ဍကတို့ပင်မဟုတ်ပါလော။

သို့ဖြစ်လေရာ ဖြစ်စဉ်အတိုင်း သမာသမတ် သဘောဖြင့် သတ်မှတ်ရပါမူ "ဆန် ကဏ် ဗော ကာ အာ ရွှေ ယာ" သာဖြစ်သင့်သည်မဟုတ်ပါလော။ ဘုရား ဖြစ်တော်မူလာသည့် အခါတွင်မှ ဘယ်သူက ဘယ်သို့ဟု အရေးပါ အရာရောက် လာသည်တို့ကို ကျွန်ုပ် ကျေနပ်နိုင်ပါအံ့လော။

ဤသည်တို့ကား အရှင့်သား ဘုရားရှင်သည် ကပိလဝတ်သို့ ကြွရောက်တော် မူလာပြီးနောက်၊ သို့မဟုတ် ကျွန်ုပ် ရဟန်းအဖြစ်သို့ ရောက်လာသည့်အချိန်မှစ၍

www.burmeseclassic.com

www.burmeseclassic.com



များယွင်းစွာ ခံယူခဲ့သော ကျွန်ုပ်၏မာန၊ ကျွန်ုပ်၏ ဣဿာမစ္ဆရိယ တရားဆိုးများ ဖြစ်ကြ၍ ယခုသော် ကျွန်ုပ်၏ အမှားများကို သိမြင်ပါလေပြီ။

ကျွန်ုပ်၏ဘဝ ကျွန်ုပ်၏ အသည်းနှလုံးများကို အရှင့်သားအပေါ်သို့သာ စူးစိုက်စုပုံထားခဲ့ရာတွင် အရှင့်သား ပရိနိဗ္ဗာန်စံယူ၍ ကျွန်ုပ်အား မျက်နှာလွှဲလေသောအခါ အရှင့်သားအပေါ်၌ တွယ်တာ ငြိကပ်လွန်းခဲ့သော အားထားမှု တံတိုင်းကြီး ပြိုကျခဲ့ပြီဖြစ်သောကြောင့် ကျွန်ုပ်အဖို့ အမြင်မှား အသိမှားမှုတည်းဟူသော အဆီးအတား အမှောင်ထု ကင်းပျောက်၍ အလင်းသို့ ရောက်ခဲ့ရပေ၏။

မြင်းထိန်း ဆင်ထိန်း သာသာမျှရှိသော ကျွန်ုပ်၏ ဘဝစရိုက်ကြောင့် ကျွန်ုပ်သည် အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်စသော တကယ့်သူတော်စင် မထေရ်ကြီးများကိုပင် ပြစ်မှားမိခဲ့ပေ၏။ အရှင့်သားသည် ကျွန်ုပ်၏ စရိုက်ဆိုးအပြုအမူ များကို အကြောင်းပြု၍ ဝိနည်းသိက္ခာပုဒ် အတန်များများကိုပင် ပညတ်တော်မူခဲ့သည်။ သို့ရာတွင် ယင်းသိက္ခာပုဒ်များကို စောင့်ထိန်းရန်မှာ တခြားတပည့်သား သံဃာများ အတွက်သာဖြစ်၍ ကျွန်ုပ်မှာမူကား အရှင့်သား မျက်နှာမလွှဲမီအချိန်အတွင်းထိ မှားမြဲ တိုင်းသာ မှားခဲ့သူဖြစ်ပေသည်။

ဥပမာအားဖြင့် တရားနည်းလမ်းမမှန်သော ကျွန်ုပ်၏ အပြောအဆို အနေအထိုင် အပြုအမူများကြောင့် တရားစစ်သူကြီး ရှင်သာရိပုတ္တရာက ဆုံးမတော်မူသောအခါ ကျွန်ုပ်သည် မနာခံရုံမျှမက ငါ့အရှင်ဘုရား၊ ငါ့အရှင်၏ သာသနာဟူသော အလွဲမာန်ဖြင့် လှန်၍ပက်လိုက်မိသေး၏။ အံ့ဖွယ်ကောင်းသည်မှာကား ကျွန်ုပ်၏ အကျင့်ဆိုးများ အခြား ရဟန်းတော်တို့သို့ မကူးစက်စေရန် ဝိနည်းသိက္ခာပုဒ်ဖြင့် တားမြစ်ခဲ့သော်လည်း ကျွန်ုပ်ကိုမူကား အရှင့်သားသည် ပြင်းပြင်းထန်ထန် အရေးမယူဘဲ ကျွန်ုပ်အား သည်းခံကြပါရန်ကိုသာ အခြားအခြား ရဟန်းတော်များသို့ မေတ္တာရပ်သည်ကို တွေ့ရခြင်းဖြစ်၏။

မသိနိုးနားဖြင့် ယင်းသို့သော အခွင့်အရေးများ ကျွန်ုပ်ကို ပေးထားခြင်းမှာ ဝသီဆိုးသော်လည်း စေတနာမဆိုးသော ကျွန်ုပ်၏ အတွင်းစာတ်ခံကို သိသောကြောင့် လည်းဖြစ်တန်ရာ၏။ အရှင့်သား ရှိနေစဉ်တွင် အရာမထင်သော်လည်း အရှင့်သား မျက်နှာတော်လွှဲသည့်အချိန်၌ တရားရလာမည်ကို သိတော်မူသောကြောင့်လည်း ဖြစ်တန်ရာ၏။ အခက်အခဲတို့အကြားမှ တောထွက်တော်မူရာတွင် တင်ရှိခဲ့သော ကျေးဇူး အနော်မာသောင်ယံတွင် တင်ရှိခဲ့သော ကျေးဇူးများကြောင့်လည်း ဖြစ်တန်ရာ၏။

ယင်းသို့ဖြင့် သခင်ဘုရား အရှင့်သား ထင်ရှားရှိနေစဉ်အတွင်း၌ ကျွန်ုပ်သည် အသိတရားမရနိုင်ဘဲ လွှဲမှား၍သာ နေခဲ့လေရာ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌

www.burmeseclassic.com

www.burmeseclassic.com



အရှင့်သား မျက်နှာလွှဲတော်မူသောအခါ၌မူ ကျွန်ုပ်အဖို့ မျှောက်သစ်ကိုင်းလွတ်ပါလေပြီတည်း။

အင်ကြွင်းဥယျာဉ်တွင် အရှင့်သား ပရိနိဗ္ဗာန်စံတော်မူအံ့မူးမူး၌ အရှင့်သား၏ ဘဝနောက်ဆုံးကိစ္စတော်များအနေဖြင့် ပရိနိဗ္ဗာန်စံတော်မူအံ့ဆဲဆဲတွင်မှ ရောက်လာသော သုဘဒ်ပရိဗိုဇ်ကို ပလ္လင်ညောင်စောင်းတွင် လျောင်းစက်ရင်းဖြင့် ကယ်ချွတ်တော်မူသည်။ ထို့နောက် အရှင်အာနန္ဒာကို အမှူးပြုကာ သံဃာတော်များအတွက် မှာကြားဖွယ်ရှိသမျှကို မှာကြားတော်မူရင်း "ငါဘုရားရှိစဉ်တွင် သခင်တည်းဟူသော မာန်ဖြင့် ဆိုနိုင်ခက်လှစွာသော ဆန္နရဟန်းအား ပြဟ္မဒဏ် ထားရစ်ကြကုန်လော့" ဟု နောက်ဆုံးအနေဖြင့် မိန့်ကြားတော်မူသည်။

"ပြဟ္မဒဏ်ဟူသည် အဘယ်သို့ပါနည်း" ဟု အရှင်အာနန္ဒာက လျှောက်ထားသောအခါ "ဆန္နရဟန်းသည် မလိမ္မာ မကျိုးနွံ့မချင်း သံဃာအားလုံးက ဆန္နအား အပေါင်းအသင်း အဆက်အဆံမရှိကြကုန်လင့်" ဟု မိန့်ကြားသောအခါ ကျွန်ုပ်အဖို့ ကြီးစွာသောသံဝေဂဖြင့် တုန်လှုပ်ရသည်မျှမက မှားမိခဲ့သမျှကိုလည်း နောင်တကြီးစွာ ရသည်။

ရဟန်းသည်လည်းကောင်း၊ လူသည်လည်းကောင်း ပတ်ဝန်းကျင်ဖြင့်သာ ရှင်သန်နေထိုင်ကြရခြင်းဖြစ်ပေ၏။ ယခုသော် အရှင့်သား သခင်ဘုရား၏ အမိန့်အရ လေးစားအပ်သော ရဟန်းတော်အားလုံးကပင် ကျွန်ုပ်အား ဖဲကြဉ်ကြပြီ ဖြစ်လေရာ ကျွန်ုပ် အဘယ်သို့ ပြုရပါမည်နည်း။

ကျွန်ုပ် ပြုလုပ်နိုင်သည့်နည်းမှာ တစ်နည်းသာရှိပေ၏။ ယင်းတစ်နည်းဟူသည်ကား အရှင့်သားအလိုကျ ရဟန်းတော်အားလုံး၏ အလိုတော်ကျ တရားဓမ္မအလုပ်တွင် ဗီဗီပြင်ပြင် အားထုတ်ဖို့ရန်သာ ဖြစ်ပေ၏။ အသက်အရွယ်ကလည်း ကြီးရင့်ပေပြီ။ အရှင့်သား မရှိတော့၍ ငါ့သခင်၊ ငါ့အရှင်ဟူသော မာန်ကလည်း ကျဆင်းခဲ့လေပြီ။ ရုပ်နာမ်ခန္ဓာတို့၏သင်္ခါရ ဓမ္မကိုလည်း ကြီးစွာသော သံဝေဂဖြင့် ဆင်ခြင်မိပေပြီ။

ထို့ကြောင့် အရှင့်သား အလိုတော်ရှိတော်မူလှသော တရားအလုပ်ကို ရှိလေသမျှသော အင်အားဖြင့် ကျားခဲကျားကုတ် အားထုတ်လိုက်သောအခါ တစ်သက်လုံး မရည်မှန်းခဲ့ဖူးသော နိဗ္ဗာနဓမ္မ မည်သည့်ခံစားမှုမျိုးနှင့်မျှ မတူသော သန္တိသုခသို့ ခံစားဆိုက်ရောက်လာရပေ၏။

ထိုအချိန်တွင်မှ အရှင့်သား ဘုရားသခင်နှင့် သခင်ဘုရား၏ တပည့်သံဃာတော်တို့ ကြိုးပမ်းအပ်သော ဓမ္မရသဟူသည် ဤသို့ဤနှယ်ပါတကားဟု

www.burmeseclassic.com

www.burmeseclassic.com



သိရှိ၍လာကာ အရှင့်သား မျက်မှောက်ရှိစဉ်တွင် ကျေးဇူးတရားကို မလျှော့ထား လိုက်ရပါတကား၊ ကျွန်ုပ်၏ မောက်မာစော်ကား မိလေသမျှ သည်းခံခဲ့ကြရှာသော အရှင်သာရိပုတ္တရာ စသည့်မထေရ်တို့၏ ကျေးဇူးတရားသည်ကား ကြီးမားလှပေစွတကား ဟူသော သံဝေဂစမ္မဖြင့် အကြိမ်ကြိမ် ဦးညွှတ်ရပါတော့သတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com



# ဦးပဉ္စ၊ ဒေါ်ပဉ္စ

[ ၁ ]

ပဉ္စသီငါးပါးကို ခါးဝတ်ပုဆိုး၊ ခါးဝတ်ထမီကဲ့သို့ မြဲရာတွင် ထင်ရှားသောကြောင့် သူတို့ကို ငယ်စဉ်ကပင် ငယ်မည်များပျောက်၍ မောင်ပဉ္စ၊ မယ်ပဉ္စဟု ခေါ်တွင်ခဲ့ကြရာမှ ကြီးလာသောအခါ ဦးပဉ္စ၊ ဒေါ်ပဉ္စဖြစ်လာကြသည်။

ပိုးရွက်ခြပုန်းမှစ၍ သက်ရှိသတ္တဝါမှန်သမျှကို မသတ်ဖြတ် မညှဉ်းဆဲခြင်း၊ သူတစ်ပါးပစ္စည်းကိုတိုက်ခိုက်ခိုးယူဖို့အပထား၍ ကောက်တကျစ်ပရိယာယ်မျှဖြင့်ပင် မခိုးယူခြင်း၊ သူတစ်ပါး သမီးမယား၊ သူတစ်ပါး သားလင်ကို တိုက်ရိုက်ဆက်ဆံဖို့ အပထား၍ သံသယ ဖြစ်စေနိုင်သော အပြုအမူ အရိပ်နိမိတ်မျှကိုပင် ရှောင်ကြဉ်ခြင်း၊ တိုက်ရိုက်လိမ်လည်ဖို့ကို အပထား၍ ရယ်ရွှင်ဖွယ်အဖြစ်မျှပင် မဟုတ်မမှန်သည်ကို မပြောဆိုခြင်း၊ အရက်သေစာမှန်လျှင် တိုက်ရိုက်သောက်သုံးဖို့ကိုအပထား၍ ဆေးဝါး အဖြစ် ကိုမျှပင် ရှောင်ကြဉ်ခြင်းတည်းဟူသော ပဉ္စသီလခေါ် ငါးပါးသီလမှာ ဘုရားရှင် သာသနာတော် ပွင့်ထွန်းသည့်အခါမှစ၍ ပေါ်ပေါက်လာသောသီလမဟုတ်။ သာသနာတော် မပွင့်မီ မှိုင်းမှုန်ပြာရီ ပဝေဏီကပင် မဇ္ဈိမဒေသ သူကောင်းတို့၏ အခြေခံ ယဉ်ကျေးမှု သီလအဖြစ် တည်ရှိလာခဲ့သော အကျင့်ဖြစ်သည်။

ထို့ကြောင့် ယင်းငါးပါးသီလကို လူမှန်လျှင် မုချကျင့်သုံးအပ်သည့် သဘာဝ သီလဟုလည်း ခေါ်၏။ ထာဝရသီလဟုလည်းခေါ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့အသက်မသတ်ရ၊ သူ့ပစ္စည်းမခိုးရ၊ သူတစ်ပါးသားမယားကို မလွန်ကျူးရ၊ လိမ်မပြောရ၊ အရက်မသောက်ရဟု ငါးပါးသီလ ပင်ရင်းကို ပင်ကိုအားဖြင့်လည်း ပြော၍ဖြစ်ပါ၏။ အများအားဖြင့်လည်း ဤအတိုင်းပင် နားလည်ထားကြသည်။ သို့ရာတွင် ငါးပါးသီလ၏ နည်းပရိယာယ်များကို ချဲ့ထွင်၍ ပြောရခြင်းမှာ ဦးပဋ္ဌ၊ ဒေါ်ပဋ္ဌတို့ အလေးအနက်ကျင့်သုံးသည့်အတိုင်း ပြောရခြင်းဖြစ်သည်။ ထို့ကြောင့်လည်း ငါးပါးသီလ ကျင့်သုံးမှုတွင် စံတင်လောက်အောင် အထက်တန်းကျကျ ကျင့်သုံးသူများ ဖြစ်သောကြောင့် ငါးပါးသီလ သမားချင်းကပင်လျှင် ဂုဏ်တင်၍ ဦးပဋ္ဌ၊ ဒေါ်ပဋ္ဌဟု ခေါ်တွင်လာကြခြင်းဖြစ်သည်။

သာသနာတော် ပေါ်ထွန်း၍ ဘုရားရှင်၏ ဒါယကာ ဒါယိကာမများဖြစ်လာကြသောအခါ လူမှန်သမျှ ရဟန်းမှန်သမျှ သီလကိုသာ အခြေခံစေသော ဘုရားရှင်၏ အလိုတော် သာသနာတော်နှင့် ပလဲနံပ ဘောင်ဝင်အံကျဖြစ်လာကြသည်။

ဘုရားရှင်သာသနာတော် ပေါ်ထွန်းသည်နှင့်အတူ သီလ၊ သမာဓိ၊ ပညာဟူသော အဆင့်သုံးရပ်၊ အကျင့်အလုပ်သုံးပါး ဝေါဟာရမှာ ဟိန်း၍ထွက်လာသည်။ လူကောင်း၊ ရဟန်းကောင်း ဟူသည်မှအစ၊ နိဗ္ဗာန်ဝင် အရိယာဖြစ်သည်အထိ မုချ ကျင့်သုံးရမည့် အဆင့်သုံးရပ်မှာ သီလတည်းဟူသောအကျင့်သည်ပထမ၊ သမာဓိသည် ဒုတိယ၊ ပညာသည်တတိယဟု ဆိုလို၏။ တစ်နည်းဆိုသော် အကြင်သူတစ်ယောက်သည် အခြားကောင်းမှုကောင်းရာနှင့် အဘယ်မျှ ပြည့်စုံနေသည်ဟု ဆိုစေ၊ အခြေခံဖြစ်သော သီလမရှိခဲ့သော် အချည်းနှီးတည်း။ အကြင်ရဟန်းတစ်ပါးသည် အခြားဂုဏ်အင်္ဂါများ အဘယ်မျှပြည့်စုံနေသည်ဆိုစေ၊ သီလတည်းဟူသော ဝိနည်းအခြေခံနှင့် မပြည့်စုံခဲ့သော် အချည်းနှီးတည်းဟု ဆိုလို၏။

ထို့ကြောင့် မဇ္ဈိမ ယဉ်ကျေးမှုအရ ပင်ကိုကပင် ပဋ္ဌသီလ ငါးပါးနှင့် ပြည့်စုံခဲ့ပြီးသော ဦးပဋ္ဌ၊ ဒေါ်ပဋ္ဌတို့အဖို့ သီလကို ပဓာနထားသော ဘုရားရှင်ပွင့်ထွန်းလာသောအခါ သာသနာတော်နှင့်၊ ဘုရားရှင်နှင့် ဘောင်ဝင်အံကျ ပလဲနံပဖြစ်လာကြသည်ဟု ဆိုလိုက်ရခြင်းဖြစ်သည်။

သာသနာတော်နှင့် ရင်းနှီးသည်။ သံဃာတော်များနှင့် ရင်းနှီးသည်၊ အထူးသဖြင့် ဦးပဋ္ဌ၊ ဒေါ်ပဋ္ဌတို့အဖို့ ဘုရားရှင်နှင့် ပို၍ ရင်းနှီးသည်။

ဘုရားရှင်နှင့် ရင်းနှီးဟန်ကား . . . ဘုရားရှင်သည် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံကြွသည့်အခါ ဦးပဋ္ဌ၊ ဒေါ်ပဋ္ဌတို့အိမ်ရှေ့သို့ ရောက်မြဲ ရပ်မြဲဖြစ်သည်။ သူ့အိမ်ရှေ့သို့ ဆွမ်းခံရောက်လျှင် အိမ်ရှေ့တွင် ရပ်ရုံနှင့်မပြီး၊ အိမ်တွင်းသို့ ပင့်ထိုင်စေပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



လောင်းလှူသည်။ ရံဖန် သူတို့သိလိုသော တရားအချက်များကို ဘုရားရှင်သို့ ရင်းရင်းနှီးနှီး လျှောက်ထား မေးမြန်းလေ့ရှိသည်။

သို့ရာတွင် ဗုဒ္ဓကိစ္စများပြားလှသော ဘုရားရှင်အဖို့ အခွင့်သာသည့်ရက်များ တွင်မှ ဆွမ်းခံထွက်ကြွနိုင်၍ ဒေသစာရီကြွချိန်၊ မိမိအိမ်သို့ ပင့်ဖိတ်၍ ဆွမ်း၊ ကွမ်း လှူဒါန်းသည့် ဒါယကာများ ပေါ်ပေါက်လာသည့်ရက်များတွင်မူ ဆွမ်းခံ မထွက်နိုင်။ ဘုရားရှင် ဆွမ်းခံမကြွနိုင်၍ အတွေ့အကြုံနည်းနေလျှင် ဦးပဥ္စ ဒေါ်ပဥ္စတို့က ဇေတဝန်သို့ သွား၍ ဆည်းကပ်ကြသည်။ ဤနည်းဖြင့် ဘုရားရှင်နှင့်ရင်းနှီးသည်။

အတွေးအခေါ်ကလည်း အတန်များသည့် အဘိုးကြီး အမယ်ကြီးများဖြစ်သည်။ သူတို့အတွေးအထင်များကို ဘုရားရှင်သို့ ဖွင့်ထုတ်မေးလျှောက်လေ့ရှိသည်။ ရံဖန် ကတ်သီးကတ်သတ်တွေး၍ ကတ်သီးကတ်သတ် မေးလျှောက်လေ့ရှိသည်။

ယနေ့ နံနက်ပိုင်း ဘုရားရှင် ဆွမ်းခံထွက်ကြွလာသည်မှာ အတန်နောက်ကျ သောကြောင့် ဦးပဥ္စတို့အိမ်ရှေ့သို့ ဆွမ်းရပ်သောအခါ ဦးပဥ္စတို့ ထမင်းစားဆိုက် ဖြစ်နေသည်။ ဘုရားရှင်ကို ဦးပဥ္စမြင်သောအခါ ထမင်းပွဲမှ လက်ဆေး၍ အိမ်ရှေ့ ဘုရားရှင်ထံသို့ ရုတ်ခြည်းထလာသည်။

သပိတ်ကိုယူသည်။ အိမ်တွင်းသို့ပင့်သည်။ အိမ်အတွင်းခင်းအပ်သော နေရာတွင် ဘုရားရှင်ထိုင်မိသောအခါ ဒေါ်ပဥ္စသည်လည်း စားဆဲထမင်းပွဲမှလက်ဆေးပြီး ရှိခိုးလျက်သားဖြစ်နေပေပြီ။

ဘုရားရှင်က "ဒါယကာကြီးတို့ ထမင်းပွဲ အနှောင့်အယှက် ဖြစ်နေလေပြီ" ဟု ပဋိသန္ထာရစကား မိန့်ကြား၏။

"မဖြစ်ပါ အရှင်ဘုရား။ ။ ထမင်းသည် အရေးမကြီးပါ။ တပည့်တော်တို့ ဒါယကာ ဒါယိကာမများအဖို့ လိုအပ်လျှင် အချိန်မရွေး ထပ်မံစားသုံးနိုင်ပါ၏။ ဘုရားရှင်ကို ဖူးတွေ့ဖို့ရန်သာ အရေးကြီးပါသည်ဘုရား" ဟု ဒေါ်ပဥ္စက လျှောက်ထား သည်။

ဘုရားရှင်က "သာဓု၊ သာဓု၊ သာဓု" ဟု ကောင်းချီးပေးသည်။

"တိုင်းရက်သည့်ပက္ကလာ မိုးရွာသည်နှင့် အဆင်သင့်ဆိုသလို တပည့်တော် လျှောက်ထားချင်နေသည်မှာ ကြာခဲ့ပါပြီ။ ယခုသော် လျှောက်ထားဖို့ရန် အလိုက်သင့် ဖြစ်နေပါပြီ။ လျှောက်ထားခွင့်ပြုတော်မူပါဘုရား" ဟု ဦးပဥ္စက လျှောက်သည်။

ဘုရားရှင်က ဆိတ်ဆိတ်နေခြင်းဖြင့် လျှောက်ထားခွင့်ပြုသည်။ တစ်စုံတစ်ရာ လျှောက်ထား ပြောကြားသောအခါ ဆိတ်ဆိတ်နေခြင်းသည် ဘုရားရှင်စသော ပညာရှိသူတော်ကောင်းတို့၏ သဘောတူမှု၊ ခွင့်ပြုမှုကို ပြသည့် မြင့်မြတ်သော အမူအရာ တစ်ရပ်ပင်ဖြစ်ပေ၏။ အသည်းနှလုံးဖြင့် စကားပြောခြင်းဟု ဆိုနိုင်ရာသည်။

www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော်တို့သည် အရှင်မြတ်တို့အား အဦးအဖျား အမွန်အမြတ်ကိုသာ လှူဒါန်းကြပါ၏။ အဦးအဖျားမှ မဟုတ်လျှင် မစင်ကြယ်သော ဒါနဖြစ်မည်ကြောင့် မလှူဒါန်းနိုင်ကောင်းဘူးဟု အချို့ဆရာများက မိန့်ကြားကြပါသည်။ မှန်ပါသလားဘုရား" ဟု ဦးပဉ္စက မေးလျှောက်သည်။

"ဒါယကာ ဦးပဉ္စ။ ။ အလှူခံပုဂ္ဂိုလ်၊ တောင်းခံလာသောပုဂ္ဂိုလ်အား အခွင့်သာ၍ အဦးအဖျား အမွန်အမြတ်ကို ပေးလှူခွင့်ကြုံသော် ကောင်း၏။ သို့သော် အခွင့်မသာဘဲ ပေးလှူခွင့်ကြုံခဲ့ပါသော် စားဆဲထမင်းကိုသော်လည်းကောင်း၊ အကြွင်း အကျန်ကိုပင်သော်လည်းကောင်း ပေးလှူသင့်သည်သာတည်း။ စေတနာသာ ပဓာန ဖြစ်ပေသည်။

"ငါတို့ဘက်မှ တစ်နည်းဆိုသော် ဘိက္ခုဟု ခေါ်သောငါတို့ ရဟန်းများသည် ဒါယကာတို့ကိုမှီ၍ အသက်မွေးဝမ်းကျောင်းရသော တောင်းခံသူ သူဖုန်းစားများ သာတည်း။ ဘိက္ခု သဒ္ဒါသည် တောင်းခံခြင်းအနက်ကိုလည်းဟော၏။

"ဦးပဉ္စ။ ။ ဘိက္ခုတစ်ပါးသည် ရဟန်းပြုစဉ်ကပင် လောဘ ဒေါသနှင့် မာနတို့ကို သိမ်းဆည်း၍ ရဟန်းဘောင်သို့ ဝင်ရောက်လာခြင်းဖြစ်သည်။ မာနကို အစဉ်သိမ်းဆည်းထားနိုင်စေရန် ရဟန်းပြုစဉ်မှစ၍ တောင်းခံခွက်တည်းဟူသော သပိတ်ကို ကိုယ်နှင့်မခွာ ရှိစေအပ်သော ပရိက္ခရာအဖြစ် ထည့်သွင်းပေးလိုက်သည်။

"ဦးပဉ္စ။ ။ သူတစ်ပါးပစ္စည်းကို တောင်းခံရခြင်းသည် မာနကို အစဉ် ချိုးနှိမ်ရန် လိုအပ်သော ရဟန်းအဖို့ ကျိုးနှိမ်စွာ ချိုးနှိမ်ရခြင်းပင်ဖြစ်၏။ ပရိက္ခရာ တစ်ပါးဖြစ်သော တောင်းခံခွက်ကို ကိုယ်နှင့်မကွာ ရှိခြင်းဖြင့် ငါသူဖုန်းစားတကားဟု မာနကို အစဉ်ကျိုးနှိမ်စေသည်။ သာရိပုတ္တရာက 'တပည့်တော်သည် ရွာကိုဝင်သော သူဖုန်းစားကဲ့သို့ အစဉ် ကျိုးနှိမ်စွာ နေပါသည်ဘုရား' ဟု သီဟနာဒစကားဖြင့် လျှောက်ထားသည်။

"ဦးပဉ္စ။ ။ ငါဘုရားသည် ဘုရားဖြစ်စ အချိန်က ကပိလဝတ်သို့ ဆွမ်းခံဝင်သောအခါ တောင်းခံရသော်ကောဟု မာနတံခွန်ဖြစ်သော ခမည်းတော်ကြီးနှင့် ဆန့်ကျင်ခဲ့သည်။ သို့ရာတွင် တောင်းခံခြင်းသည် ရှေးဘုရားရှင်တို့၏အစဉ်အလာ ရဟန်းတို့၏ အစဉ်အလာဖြစ်ကြောင်း တရားဟောသောအခါ ခမည်းတော်ကြီး ကျွတ်တမ်းဝင်သည်။

"ဦးပဉ္စ။ ။ ငါ့သားတော် ရဟုလာ မထေရ်သည် နောက်ဖေးတွင် အစေခံမ လွှင့်ပစ်အံ့သော မုန့်အသိုးများကို အလှူခံ၍ မျှတစွာ သုံးဆောင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ထို့ကြောင့် အကြင်တောင်းခံသူအား အဦးအဖျား အမွန်အမြတ်ကို ပေးလှူနိုင်ခဲ့သော် ကောင်း၏။ အခွင့်မသာ၍ ပေးလှူရန် လိုအပ်ခဲ့ပါသော် စားဆဲ ထမင်းကိုသော်လည်းကောင်း၊ အကြွင်းအကျန်ကိုသော်လည်းကောင်း လှူကောင်း၊ အလှူခံကောင်းသည်သာတည်း"

ဘုရားရှင်၏ တရားဆုံးသောအခါ ဤမျှကြီးမြတ်သော ပုဂ္ဂိုလ်ဖြစ်ပါလျက် မာနကို ချိုးနှိမ်အပ်သော တရားတော်ကြောင့် အဘိုးအိုကြီး အမယ်ကြီးနှစ်ဦးတို့အဖို့ တရားအာရုံတွင် ထုံလှစွာဖြင့် ကြည်ညိုစိတ်များ တဖွားဖွားပေါ်ပေါက်ကာ အကြိမ်ပေါင်းများစွာပင် အထပ်ထပ် ဦးနှိမ်သည်။ ထို့နောက်တွင်မှ အချိန်ကိုကြည့်၍ နောက်ထပ် ချက်ပြုတ်လှူဒါန်းဖို့ရန်လည်း အချိန်မရတော့သည့်ကြောင့် စားနေဆဲ ထမင်းပွဲကိုပင် သေသပ်အောင် ပြုပြင်၍ ဘုရားရှင်သပိတ်တော်တွင်းသို့ လောင်းထည့်လှူဒါန်းသည်။

[ ၃ ]

နောက်တစ်ကြိမ် လျှောက်ထားမှုကား တစ်ခုသော လပြည့်နေ့တွင် ဇေတဝန်ကျောင်းတော်၌ ဥပုသ်စောင့်ကြခိုက်ဖြစ်၏။

သာဝတ္ထိသူ သာဝတ္ထိသားတို့ အများနည်းတူ ဇေတဝန်သို့ တရားနာသွားရောက်ခြင်းသည် ဦးပဋ္ဋ ဒေါ်ပဋ္ဋတို့၏ နိစ္စဗဒ်အလုပ်ဖြစ်၏။ ရိုးရိုးနေ့များ၌ ငါးပါးသီလခံယူရသည်။ တရားတော်ကို ကြားနာရသည်။ ရံဖန် အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်စသော သာဝကကြီးတို့၏ တရားကို ကြားနာရသည်။

လပြည့် လကွယ်နေ့များတွင်မူ ဥပုသ်သီတင်း စောင့်သုံးလိုသော ဒါယကာဒါယိကာမများအဖို့ နံနက်စောစောကပင် ကျောင်းတော်သို့သွားကာ ဥပုသ်စောင့်ကြသည်။ လပြည့် လကွယ်မျှဖြင့် အားမရသော ဒါယကာအချို့သည် ရှစ်ရက်မြောက်နေ့များတွင် သွားရောက် ဥပုသ်ယူကြသည်။ ဦးပဋ္ဋ ဒေါ်ပဋ္ဋတို့သည်ကား လပြည့်လကွယ်မရွေး ဇေတဝန်၏ ပုံမှန်ဥပုသ်သည်များဖြစ်ကြ၏။

သို့ရာတွင် အိမ်သို့ ဘုရားရှင် ဆွမ်းခံကြွမလာနိုင်သည့် ကြားရက်များတွင်လည်း တရားနာချိန် မဟုတ်စေကာမူ ဇေတဝန်သို့ သွားရောက်ကြမြဲဖြစ်၏။ ဇေတဝန်သို့ ရောက်လျှင် ဘုရားရှင်၏ အားလပ်မှု အခွင့်အခါကိုကြည့်၍ ဘုရားရှင်ထံတော်ပါးသို့ ချဉ်းကပ်သည်။ တရား တစ်စုံတစ်ရာကို ကြားနာသည်။ မေးလျှောက်စရာရှိလျှင် မေးလျှောက်သည်။ အတွေးသန်သော ဤဒါယကာကြီးအဖို့ မေးစရာ လျှောက်စရာ တစ်စုံတစ်ရာကလည်း ရှိနေတတ်သည်သာ ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ နံနက်ခင်းက ဇေတဝန်သို့ သွားရောက်ကြသောအခါ ဘုရားရှင်သည် ဂန္ဓကုဋိတွင်ပင် တစ်ပါးတည်း သီတင်းသုံးနေခိုက် ကြုံရ၍ ချဉ်းကပ်လျှောက်ထားသည်။

"အရှင်မြတ်ဘုရား။ ။ တပည့်တော်တို့သည် ပဥ္စသီ ငါးပါးကို ခါးဝတ်ပုဆိုး ကဲ့သို့ မြဲသူများဖြစ်ကြပါ၏။ သို့ရာတွင် အရှင်မြတ် သာသနာ ထွန်းပေါ်လာသောအခါ အရှင်မြတ်ရည်ညွှန်းအပ်သော ရှစ်ပါးသီလကိုလည်း ဥပုသ်နေ့တိုင်း ကျင့်သုံးခဲ့ပါသည်။ ယင်းသို့ ကျင့်သုံးရခြင်းမှာ တပည့်တော်တို့ ဒါယကာများအဖို့ ငါးပါးသီလမျှဖြင့် မလုံလောက်၍ပါလားဘုရား"

"ဦးပဥ္စ။ ။ လူကောင်းသူကောင်း တစ်ယောက်ဖြစ်ဖို့ အပါယ်တံခါးပိတ်ဖို့ အတွက် ငါးပါးသီလသည် လုံလောက်ပါ၏။ သို့ရာတွင် သံသရာမှ ကျွတ်လွတ်၍ နိဗ္ဗာန်တည်းဟူသော သန္တိသုခကိုရရန် ရောက်ရန်အတွက်မူ ငါးပါးသီလထက် လွန်မြတ်သော အကျင့်သီလများကို ကျင့်သုံးရန် လိုပေသည်။

"ဥပမာအားဖြင့် သူတစ်ပါး သားမယားကို မကျူးလွန်မှုတည်းဟူသော ကာမေသုမိစ္ဆာစာရသည် အပါယ်တံခါးပိတ်မှုအတွက် လုံလောက်ပါ၏။ သို့ရာတွင် သူတစ်ပါး သားမယားမျှသာမက ဒါယကာအဖို့ တရားအလုပ်၏ ဆန့်ကျင်ဘက်ဖြစ်သော မာတုဂါမ ဟူသမျှကို ရှောင်ကြဉ်မှု၊ ဒါယိကာမတို့အဖို့ ယောကျ်ားမှန်သမျှကို ရှောင်ကြဉ်မှု အဗြဟ္မစရိယာဟူသည် တရားရှင် သူတော်ကောင်းတို့၏ အဆင့်မြင့် အကျင့်ပေတည်း။

"ဦးပဥ္စ။ ။ နေ့လွဲညစာစားမှုသည် အပြစ်မဟုတ်ပါ။ သို့ရာတွင် ဝိကာလ ဘောဇန နေ့လွဲညစာကို ရှောင်ကြဉ်သောအခါ အမှုကိစ္စနည်းသည်။ ကိုယ်ခန္ဓာ ပေါ့ပါးသည်။ တရားအားထုတ်မှုတွင် ထက်သန်စေသည်။ သူတော်ကောင်းတရားသမား တို့ ကျင့်သုံးအပ်သော စရဏအကျင့်တစ်ဆယ့်ငါးပါးတွင် အစာအာဟာရကို မျှတစွာ စားသုံးမှုတည်းဟူသော အကျင့်တစ်ပါးပါဝင်သည်။ နေ့လွဲညစာကို အပထား၍ နံနက်ပိုင်း စားသုံးမှုကိုပင် သတိဖြင့် မျှတအောင် စားသုံးရသည်။ ပုထုဇဉ်တို့သည် အစာအာဟာရ စားသုံးမှုတွင် လိုအပ်သည်ထက် ပို၍ တဏှာလောဘ ဝင်နေကြသည်ကို ဝိကာလ ဘောဇန သီလဖြင့် အချောသတ်ပေးသည်။

"ဦးပဥ္စ။ ။ ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း၊ နံ့သာလိမ်းခြယ်ခြင်းတို့သည် တရားနှင့် ဆန့်ကျင်ဘက်ဖြစ်ကြောင်း ထင်ရှားပြီ။ မထင်ရှားသည်ကား ပုထုဇဉ်တို့ မည်သည် အိပ်ရာနေရာတို့တွင် တဏှာလောဘဖြင့် စည်းစိမ်ခံတတ်ကြခြင်းပင်ဖြစ်၏။ ဤသည်ကို ဥစ္စာသယန, မဟာသယနာသီလဖြင့် ထိန်းချုပ်ပေးသည်။ ယင်းသို့ဖြင့် ရှစ်ပါးသီလဟူသည် မြင့်မြတ်သော တရားသဘော တရားအလုပ်သို့ သက်ဝင်လာ

www.burmeseclassic.com

www.burmeseclassic.com



နိုင်အောင် မိမိကိုယ်ကိုမိမိ ပြုပြင်ထိန်းချုပ်ပေးသော သီလဖြစ်ပေ၏''

''တပည့်တော်တို့ သဘောပေါက်ပါပြီဘုရား။ တပည့်တော်တို့ အဘိုးကြီး အဘွားကြီးများသည် ယနေ့မှစ၍ ပါဏာပေတံ အသက်ထက်ဆုံး ရှစ်ပါးသီလသို့ တိုးမြှင့် ကျင့်သုံးသွားကြပါတော့မည် အရှင်ဘုရား'' ဟု လျှောက်ထားလိုက်သောအခါ ဘုရားရှင်က သာဓု သုံးကြိမ်ခေါ်၍ ကောင်းချီးပေးတော်မူသည်။

[ ၄ ]

နောက်တစ်ကြိမ် မေးခွန်းကား ဘုရားရှင်၏ အဖြေကြောင့် အဘိုးကြီး အဘွားကြီး နှစ်ဦးစလုံးကို ကျွတ်တမ်းဝင်စေသော အဖြေဖြစ်၏။ ဤအဖြေကို စောင့်၍ပင် သတ္တဝါကို ကယ်ချွတ်လိုသော ဘုရားရှင်အဖို့ ဤအဘိုးကြီး အဘွားကြီးတို့ကို မျက်ခြည်မပြတ် ရင်းနှီးလိုက်လျောစေခဲ့ခြင်းဖြစ်၏။

တရားတစ်ထိုင် ဂါထာတစ်ပုဒ်ဖြင့် သတ္တဝါများစွာကို ကျွတ်တမ်းဝင်စေနိုင်ခဲ့သည်မှန်၏။ ဤအဘိုးကြီး အဘွားကြီးတို့ကား တရားအဆင့်ဆင့် ကြားနာခဲ့သော်လည်း အတွေးများ၍ သမာဓိအနည်းမထိုင်နိုင်သေး။ ထို့ကြောင့် မေးလျှောက်သမျှကို သည်းခံ၍ တရားကျုံးသွင်းတော်မူရသည်။

နောက်ဆုံးမေးလျှောက်ချက်ကား သူတို့အိမ်သို့ ဆွမ်းစားကြွခိုက်တွင်ပင် ဖြစ်သည်။ မေးလျှောက်ဖွယ်ရှိနေ၍ ထိုနေ့က ကပ်လှူမည့်ဆွမ်းကို ဆီဦးထောပတ်တို့ဖြင့် အထူးတလည် စီစဉ်ထားသည်။ မနေ့ကပင် သူတို့အိမ်သို့ တိုက်ရိုက်ဆွမ်းစားကြွပါရန် လျှောက်ထားခဲ့သည်။

''တပည့်တော် စဉ်းစားမိနေတာတစ်ခုရှိလို့ လျှောက်ထားခွင့်ပြုတော်မူပါဘုရား'' ဟု သူ၏အမေးကို နိဒါန်းပျိုး စတင်လိုက်သည်။

''ဘာတွေများ စဉ်းစားနေပါသလဲ ဒါယကာ ဦးပဋ္ဌ''

''တပည့်တော်တို့သည် အရှင်ဘုရားနှင့် အရှင်ဘုရား သာသနာတော်ကို ဆည်းကပ်ကိုးကွယ်ခဲ့သည်မှာ ကြာပါပြီဘုရား။ ကိုးကွယ်သည့်အချိန်မှစ၍ အရှင်ဘုရား၏ တပည့်သား သံဃာတော်များကို အကဲခတ်မိပါသည်။

''အရှင်ဘုရားတို့ကို ဖူးတွေ့ရသည်မှာ လူ့လောက အဆင်အပြင်များဖြင့် နှိုင်းစာလျှင် တစ်ခုမျှအဆင်မပြေပါ။ ဦးခေါင်းကစ၍ လျှောက်ထားရသော် လူ့လောကတွင် အမွှန်အမြတ် အလှအပအဖြစ် ပြုပြင်ထားရှိအပ်သော ဆံပင်ကို အရှင်ဘုရားတို့ကမူ ရိတ်ဖြတ်ထားကြ၍ ခေါင်းတုံးကိုယ်စီနှင့် ရှိနေကြပါသည်။ ဦးခေါင်း ဟူသည်

www.burmeseclassic.com

www.burmeseclassic.com



လူ့လောကအဖို့ ကျက်သရေတို့၏တည်ရာဖြစ်သော်လည်း အရှင်ဘုရား တို့ကမူ ရိတ်ဖြတ်ထားကြပါသည်။ မျက်နှာတွင်လည်း အလှအပခြယ်သမှုဟူ၍မရှိပါ။

''တစ်ဖန် အဝတ်အဆင်ကို ကြည့်ပါဦးဘုရား။ လူတို့သည် အလှအပအရောင် မျိုးစုံ၊ အဆင်တန်ဆာအဖုံဖုံတို့ကို ဝတ်ဆင်ကြပါကုန်၏။ အရှင်ဘုရားတို့ကမူ သင်္ချိုင်းအမှိုက်ပုံ စသည်တို့မှ လူတို့ စွန့်ပစ်အပ်သော အဝတ်အထည်သောင်းပြောင်း ကိုသာ စပ်ဖာ၍ ဝတ်ဆင်ကြပါကုန်သည်ဘုရား''

ဦးပဥ္စ လျှောက်ထားချိန်က ဒါယကာတို့ ပေးလှူသော သင်္ကန်းကို ခွင့်ပြုတော် မမူသေး။ သင်္ချိုင်း၊ အမှိုက်ပုံ စသည်တို့မှ ပံ့သကူ ကောက်ယူ၍သာ ဝတ်ဆင်ကြရသည်။ နောင်အခါမှ ဆရာဇီဝက လျှောက်ထားသောကြောင့် ဒါယကာတို့ လှူဒါန်းသော သင်္ကန်းကို ခွင့်ပြုတော်မူသည်။ (ဗုဒ္ဓစာပန်းချီ 'အကျိုးတော်ဆောင်')

ဦးပဥ္စ လျှောက်ထားချိန်က ယနေ့ ရဟန်းတော်များ ဝတ်ဆင်သော သင်္ကန်းကဲ့သို့ လယ်ကွက်များပမာ အချိုးကျကျ အကွက်ဖော်ကာ မဝတ်ဆင်ကြရသေး။ ရသမျှ ပံ့သကူအဝတ်ကို အရှိအတိုင်း လျော်သလို ချုပ်စပ်၍ ဝတ်ဆင်ကြရသည်။ နောင်ခါမှသာ ဘုရားရှင်နှင့် အရှင်အာနန္ဒာတို့၏ အစီအစဉ်အရ လယ်ကွက်ကို နမူနာ ယူသော အချိုးအကွက်ကျကျ သင်္ကန်းများကို ဝတ်ဆင်တော်မူကြသည်။ (ဗုဒ္ဓစာပန်းချီ 'ရွှေခြည်ငွေခြည်တန်းပါလို့').

''တစ်ဖန် အဆင်အသွေးကိုလည်း ကြည့်ပါဦးဘုရား။ လူ့လောကတွင်မူ အရောင်အသွေး ရွေးချယ်ရာ၌ အနီ, အပြာ, အစိမ်း, ပန်းရောင် စသည့် လှလှပပ အရောင်အသွေးများကိုသာ ရွေးခြယ် ဆင်သကြပါသည်။ အရှင်ဘုရားတို့ကမူ လူ့လောကက ပစ်ပယ်ထားသော ညိုပုပ်ပုပ် မှိုင်းရင့်ရင့်အရောင်ကြီးကိုသာ ဝတ်ဆင်ကြ ပါကုန်သည်။

''တစ်ဖန် ကိုင်တွယ်သော ပစ္စည်းကိုလည်း ကြည့်ပါဦးဘုရား။ အရှင်ဘုရား တို့သည် လူ့လောကအဖို့ ကျက်သရေမဲ့လှစွာသော သူဖုန်းစားတို့၏ တောင်းခံခွက်ကြီးကို မပြတ်ကိုင်တွယ် သယ်ဆောင်ကြပါကုန်သည်။

''သို့သော် တပည့်တော်လျှောက်ထားပါရစေ အရှင်မြတ်ဘုရား။ ။ ဤမျှ အဆင်မပြေ ရှုမြင်ဖွယ် မကောင်းသော အဆင်အပြင် ပစ္စည်းပစ္စယများဖြင့် ဆင်ယင်ထား ပါလျက် အရှင်ဘုရားနှင့် အရှင်ဘုရား၏ တပည့်သား သံဃာတော်များ၏ မျက်နှာတော် များကို ဖူးတွေ့ရသည့်အခါများတွင်တော့ ဘယ်တော့မှ ညှိုးငယ် နွမ်းလျနေသည် မရှိ၊ လပြည့်ဝန်းကဲ့သို့ အစဉ်ကြည်လင် ပြည့်ဝလျက်ရှိသော မျက်နှာတော်များကိုသာ ဖူးတွေ့နေရပါသည်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



''လူ့လောက၌ အကြင်သူတစ်ယောက်သည် အဝတ်အဆင် အပြည့်အစုံ အဆင်မပြေကြွားအံ့။ ထိုသူ၏ မျက်နှာသည် ညှိုးငယ်ရပါတော့သည်။

''အကြင်သူတစ်ယောက်အဖို့ သူတစ်ပါးထံ တောင်းခံရကြွားအံ့၊ ထိုသူအဖို့ ညှိုးငယ်ရပါတော့သည်။ အရှင်ဘုရားနှင့် အရှင်ဘုရားသားတော်တို့အဖို့မူ ဘာတစ်ခုမျှ အဆင်ပြေသည်ကို မတွေ့ရသော်လည်း မျက်နှာတော်များမှာမူ အစဉ်ကြည်လင်လျက် ရှိနေသည်ကိုသာ တွေ့ရပါသည်။

''သို့ပါ၍ တပည့်တော် လျှောက်ထားပါရစေ။ ဤကိစ္စတွင် လျှို့ဝှက်ချက် တစ်စုံတစ်ရာရှိတန်ရာ၏ဟု တပည့်တော် စဉ်းစားမိနေပါသည်။ ယင်းလျှို့ဝှက်ချက်ကို အရှင်မြတ် သိတော်မူပါလိမ့်မည်။ တပည့်တော်အား မိန့်ကြားတော်မူပါဘုရား''

''ဒါယကာ ဦးပဋ္ဋ။ ။ သင့်မေးလျှောက်ချက်သည် မှန်ကန်လှပေ၏။ မေးသင့်သော အမေးဖြစ်ပေသည်။ လျှို့ဝှက်ချက်ဟူသည်လည်း ဆိုနိုင်ရာ၏။ တရားဟုလည်း ဆိုနိုင်ရာ၏။ ယင်းတရားကို ငါဟောကြားမည်။ သတိဖြင့် နာယူလေလော့။

''ယင်းလျှို့ဝှက်ချက် ဟူသည်ကား . . . ငါ့သားတော်များသည် အတိတံ နနုသောစေမိ၊ အတိတ်က ဖြစ်ပျက်ခဲ့သော အကြောင်းတစ်စုံတစ်ရာအတွက် အတိတ်ကို တွေးပြီး မပူပန်, မစိုးရိမ်။ ငါသည် အတိတ်က မကောင်းမှုတစ်စုံတစ်ရာ ပြုမူခဲ့ဖူးပြီ။ အဘယ်သူသည် ငါ့ကို ဆဲရေးခဲ့သည်၊ အောင်နိုင်ခဲ့သည်၊ မထီမဲ့ ပြုခဲ့ဖူးသည် စသည်ဖြင့် တန့်နုံ့မတွေး၊ မစိုးရိမ်၊ မပူပန်။

''ဦးပဋ္ဋ။ ။ အတိတ်ကိုတွေး၍ မစိုးရိမ် မပူပန်သည့် အလားတူပင် နပဇပ္ပာမိ နာဂတံ – အနာဂတ်အတွက်လည်း မည်သူ့ကို လက်စားချေရမည်။ မည်သူ့ထက်သာအောင် မည်သို့လုပ်လိုက်မည် စသည်ဖြင့် ကြိုတင်မစဉ်းစား၊ မပူပန်။

''ပစ္စုပ္ပန္နေနယာပေပိ . . ပစ္စုပ္ပန်ဆတ်ဆတ်တွင်သာ မိမိ၏ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ကို ကောင်းသည်ထက်ကောင်းအောင် မပြတ်သောသတိဖြင့် နေထိုင်သီတင်းသုံးသည်။ တရားသဘော ရှုမှတ်သည်။ ရုပ်ဓမ္မ၊ နာမ်ဓမ္မကို ဆင်ခြင်၍ နေသည်။

''ထို့ကြောင့် တေနဝဏ္ဏော ပသီဒတိ–သူတို့၏ ရုပ်အဆင်းသည် ကြည်လင်၏၊ ရွှင်လန်း၏၊ ကြည်ညိုဖွယ်ကိုဆောင်၏။ ပစ္စုပ္ပန်ဆတ်ဆတ်၌ မပြတ်သောသတိဖြင့် ရုပ်ဓမ္မ၊ နာမ်ဓမ္မကို ရှုမှတ်ခြင်း၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာကို ထိန်းချုပ်ခြင်းသည် ရုပ်အဆင်းကို ကြည်လင်စေရုံမျှမက ငါဘုရား၏ နိဗ္ဗာန်လမ်းစဉ်ပေတည်း''

www.burmeseclassic.com

www.burmeseclassic.com



ဤတရားအဆုံးတွင်မူ ဦးပဥ္စ ဒေါ်ပဥ္စတို့ အတန်ကြာ မလှုပ်မယှက် ရှိခိုး ငြိမ်ဝပ်လျက် ရှိနေသည်။ အတန်ကြာပြီးမှ လက်အစုံများကို မြှောက်၍ အထပ်ထပ် ရှိခိုးဦးနှိမ်သည်။ ပါးစပ်မှလည်း ''ကြီးမားလှသော ကျေးဇူးတော်သခင်၊ ကျေးဇူးတော် အရှင်ပါဘုရား'' ဟု အထပ်ထပ် လျှောက်ထားသည်။ အကြောင်းမူကား ဦးပဥ္စရော ဒေါ်ပဥ္စပါ ကျွတ်တမ်းဝင်ကြလေပြီတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com



# ကုသိန္နာရုံ

[ ၁ ]

"ဒီကနေ့ သဘာကြီးရဲ့ အထွေထွေပိုင်းမှာ အရေးကြီးတဲ့ ကိစ္စတစ်ရပ်တင်ပြစရာ ရှိတာကတော့ ဘုရားရှင်ဟာ ငါတို့ ကုသိန္နာရုံကို အခု ကဆုန်လပြည့်ရက်ပိုင်းလောက်မှာ ဒေသစာရီကြွချီလာမယ်လို့ သတင်းရထားပါတယ်။ နောက်ပါသံဃာတော်က ထောင့်ငါးရာ့ငါးဆယ် ပါရှိပါမယ်။ အဲဒါ ငါတို့တစ်ယောက်မကျန် သွားရောက်ကြိုဆိုကြဖို့ကိစ္စပါပဲ"

"ကြိုဆိုကြမယ်ဆိုရင် လုံလောက်ပါပြီ၊ 'တစ်ယောက်မကျန်' ဆိုတာ ကတော့ ချုပ်ချယ်ရာ မကျဘူးလား"

"မလုံလောက်ပါဘူး။ တစ်ယောက်တလေကျန်နေမှာစိုးလို့ 'တစ်ယောက်မကျန်' လို့ မတင်သတိနဲ့ ပြောတာပါ၊ ငါတို့ဟာ ငါတို့ရဲ့ ညီညွတ်မှုကိုပြဖို့လိုပါတယ်"

"တခြားကိစ္စတွေမှာ ပြနိုင်ပါတယ်။ ကိုးကွယ်မှုနဲ့ အယူအဆကိစ္စမှာတော့ ပုဂ္ဂလိက အရေးကိုဦးစားပေးသင့်ပါတယ်"

တင်ပြသူကား သဘာကြီး၏ သဘာပတိ သုဒေဝမလ္လာမင်းဖြစ်၍ ဆန့်ကျင်ဆွေးနွေးသူကား သဘာကြီး သဘာကလေး အစည်းအဝေးတိုင်းတွင် အခါခပ်သိမ်းလိုလို ဆန့်ကျင်ဆွေးနွေးတေတ်သူ နာမည်ကျော် ရောဇမလ္လာမင်းဖြစ်၏။ လူ့အဖွဲ့အစည်းတို့မည်သည် ဆယ်အိမ်လျှင် တစ်အိမ် စုန်းရှိသည်ဆိုသောစကားကဲ့သို့ လူငါးယောက် ဖွဲ့စည်းမိလျှင် တစ်ယောက်ယောက်ကတော့ ဆန့်ကျင်တွေးခေါ် ဆွေးနွေးလာတတ်သည်မှာ ဓမ္မတာလိုပင်ဖြစ်၏။ ယင်းသို့ ဆန့်ကျင်သူရှိတတ်ခြင်းမှာ လူ့လောwww.burmeseclassic.com

www.burmeseclassic.com



အဖွဲ့အစည်းတိုးတက်ရေးအတွက် သဘာဝက ဖန်တီးပေးထားသည်ဟုလည်း ဆိုနိုင်ရာ၏။ စည်းကမ်းဘောင်အတွင်းမှ ဆန့်ကျင်ဖို့သာလိုသည်။ ဆန့်ကျင်မှုဟူသည် တိုးတက်မှုပင် မဟုတ်ပါလော။

အစည်းအဝေးကို ''သဘာ''ဟု ခေါ်၍ အစည်းအဝေး အုပ်ချုပ်သူကို ''သဘာပတိ'' ''အစည်းအဝေး၏အရှင်''ဟု ခေါ်သည်။ မဂဓ၊ ရာဇဂြိုဟ်၊ စမ္ပာနဂိုရ်၊ ဥဇ္ဇေနီ စသည်ဖြင့် ကေရာဇ် ပဒေသရာဇ်နိုင်ငံတို့ ထွန်းကားသော မဇ္ဈိမတွင် ဝေသာလီသည် လိစ္ဆဝီမင်းတို့ စုပေါင်းအုပ်ချုပ်သော ဂဏနိုင်ငံဖြစ်သကဲ့သို့ ကုသိနာြုံ သည်လည်း မလ္လာမင်းတို့ စုပေါင်းအုပ်ချုပ်သော ဂဏနိုင်ငံဖြစ်သည်။ ကိစ္စတစ်ရပ်ကို တစ်ဦးတစ်ယောက်၏သဘောဖြင့် မဆုံးဖြတ်ဘဲ ဘုရားရှင်၏ အပရိဟာနိယ တရားတော် အုပ်ချုပ်မှု စည်းကမ်းချက်အရ အုပ်ချုပ်လှည့်ကျသော မင်းတို့ နေ့စဉ် စည်းဝေးဆုံးဖြတ်၍ အုပ်ချုပ်သောနိုင်ငံဖြစ်သည်။ အုပ်ချုပ်လှည့်ကျသူတို့၏ သဘာငယ်များကိုနေ့စဉ်ပြုလုပ်၍ သတ်မှတ်ထားသော နေ့တွင်လည်းကောင်း၊ ရံဖန် ကြီးမားသော အကြောင်းကိစ္စရှိသည့် အခါတွင်လည်းကောင်း အုပ်ချုပ်ရေးအဖွဲ့ဝင်အားလုံးတို့ စုံညီသော သဘာကြီးကို ပြုလုပ်သည်။

ယနေ့ သဘာကြီးသည် မိမိတို့နိုင်ငံသို့ ဘုရားရှင်ကြွရောက်လာမည့်ကိစ္စကို မင်းအားလုံးတို့ စုံစုံညီညီ ကြိုဆိုရန် သဘာပတိကြီး သုဒေဝကိုယ်တိုင် တင်ပြလိုက်ခြင်း ဖြစ်၏။

''ရောဇဟာ သူ့ဝါသနာမို့ ဆန့်ကျင်စကားပြောနေတာပါ။ အမှန်ကတော့ ဘုရားရှင်ကို သူရှေ့ဆုံးက ကြိုဆိုမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ဘုရားရှင်နဲ့အတူပါလာမယ့် ညီတော်အာနန္ဒာမထေရ်ဟာ သူ့အင်မတန်ချစ်တဲ့သူငယ်ချင်းပါ'' ဟု မလ္လာမင်းတစ်ပါးက ပြေပြေလည်လည် ဖြစ်စေရန် အကျိုးသင့် အကြောင်းသင့်ကို ဝင်၍ ဆွေးနွေးသည်။

မှန်၏။ အာနန္ဒာနှင့် ရောဇတို့သည် အရှင်အာနန္ဒာ မင်းသားဘဝက အလွန် ချစ်ကြသော သူငယ်ချင်းများဖြစ်ကြသည်။ ကပိလဝတ်၊ ဒေဝဒဟနှင့် ကုသိနာရုံတို့သည် ရှေးမဆွကပင် ဆက်ဆံမှုရှိခဲ့ကြ၏။ ဆရာတစ်ဦးထံတွင် ပညာအတူသင်ရာမှ အာနန္ဒာနှင့် ရောဇတို့ ခင်တွယ်မှု ရှိလာခဲ့ကြသည်။

ဘုရားရှင်သည် ကုသိနာြုံနိုင်ငံကို အလေးအနက်ထားရာ၌ ရှေးမဆွကပင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဆက်ဆံမှု ပြေပြစ်ခဲ့သော ဤအကြောင်းခံများ ရှိခဲ့သောကြောင့် လည်းဖြစ်သည်။

ဘုရားရှင်အဖို့ နိုင်ငံအသီးသီးတွင် သာသနာပြုခဲ့ရာ၌ ပြေပြစ်ချောမောသော နိုင်ငံဟူ၍ ရှားပါးသည်။ ရာဇဂြိုဟ်တွင် ထိပ်သီးတိတ္ထိဆရာကြီးခြောက်ဦးနှင့် ရင်ဆိုင်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဥဇ္ဇေနီတွင် တန်ခိုးထက်သော မာဂဏ္ဍီမိဖုရားနှင့် ရင်ဆိုင်ရ၏။ သာသနာ့အခြေခံ နိုင်ငံဖြစ်သော သာဝတ္ထိတွင်ပင် တိတ္ထိဆရာမျိုးစုံတို့၏ အနှောင့်အယှက်မျိုးစုံနှင့် ရင်ဆိုင်ရသည်။ ကုသိန္နာရုံတွင်ကား မည်သည့်အနှောင့်အယှက်မျှမရှိ၊ ပြေပြစ် ချောမော၏။

ထို့ကြောင့် ဒေသစာရီ အလျဉ်းသင့်သည့်အခါတိုင်း ကုသိန္နာရုံသို့ ကြွရောက်မြဲ ဖြစ်၏။ တရားရေး ပုဂ္ဂိုလ်ရေးအရ အဆင်ပြေမှုသာမက ကုသိန္နာရုံတွင် သူတော်ကောင်းတို့ နှလုံးမွေ့လျော ပျော်ဖွယ်ရာဖြစ်သော အင်ကြင်းတောနှင့်အတူ နေရဋ္ဌရာပမာ သာယာလှသော ကကုဓာမြစ်ကလည်း ရှိနေသည်မဟုတ်ပါလော။ ထို့ကြောင့် ယခုသာသနာပြု ခရီး၌ ပါဝါပြည်မှတစ်ဆင့် အာပဏရွာကိုဖြတ်ကာ ကုသိန္နာရုံသို့ ဘုရားရှင်ကြွရောက်လာဦးမည်ဖြစ်၏။

"ဝါသနာကြောင့် ပြောတာမဟုတ်ပါဘူး။ ရှင်အာနန္ဒာနဲ့ ချစ်ကျွမ်းဝင်ကြတာ မှန်ပါတယ်။ နို့ပေမယ့် သူငယ်ချင်းကသူငယ်ချင်းပါ။ ကိုးကွယ်မှုဆိုတာက တခြားပါ။ ကိုးကွယ်မှုဆိုတာကို ပုဂ္ဂလိက အခွင့်အရေးအနေနဲ့ လွတ်လပ်စေသင့်ပါတယ်" ဟု ရောဇမလ္လာမင်းက လွန့်တက်ဆွေးနွေးလိုက်ပြန်သောအခါ တစ်နေရာမှ မလ္လာမင်း တစ်ပါးက အရိုအသေပြုရာတွင် မဖွံ့မတိုက်သားတို့၏ထုံးစံအတိုင်း သဘာပတိသို့ လက်အုပ်ချီ ဦးညွှတ်ရင်းထလိုက်သည်။

"မှန်ပါတယ် သဘာပတိကြီးခင်ဗျား၊ ရောဇရဲ့အဆိုကို ကျွန်တော်လဲ သဘောတူပါတယ်။ ကိုးကွယ်ရေးမှာတော့ လွတ်လပ်စွာ ရှိသင့်ပါတယ်"

သူကား နောင်အခါ၌ ဘုရားရှင်အား ထူးခြားသော သူ၏အလှူကြောင့် နာမည်ကျော်လာခဲ့သူ ပုက္ကုသမလ္လာမင်းပင်ဖြစ်ပေ၏။ ယနေ့ ပစ္စုပ္ပန်အချိန်တွင် ဘုရားရှင်နှင့် ဆန့်ကျင်ရေးသမားများပမာ ဖြစ်နေကြရာ၌ သူတို့နှစ်ဦးတွင် ဆန့်ကျင်မှု သဘောထားတူညီသော သီးခြားအကြောင်းရပ်များ ရှိနေကြသည်။

ဤလောက၌ ဘုရားမဲ့ ဘာသာမဲ့ ကိုးကွယ်ရာမဲ့ သမားများ ရှိကြ၏။ ငါသာလျှင် ပဓာန၊ ငါသာလျှင် ငါ၏အရှင်ဖြစ်၍ ငါကောင်း ငါစံ၊ ငါပြုငါခံ၊ ဘယ်သူ့ကိုမှ ဦးညွှတ်ကိုးကွယ်ရာမလို ဟူသော ခံယူချက်အတွေးများရှိကြ၏။ သူတို့ကို 'ဘာသာမဲ့ သမားများ'ဟု အဆိုပြု သိမှတ်ကြသည်။ ရောဇသည် ဤလိုပုဂ္ဂိုလ်မျိုးဖြစ်၏။

ပုက္ကုသကား ဘာသာမဲ့ ကိုးကွယ်ရာမဲ့မဟုတ်၊ ကိုးကွယ်ရာ တရားနှင့် ဆရာရှိသူဖြစ်သည်။ သူ့ဆရာကား ဥရုဝေလမှ နာမည်ကျော် တရားဂိုဏ်းခေါင်းဆောင် အာဠာရ ရသေ့ကြီးဖြစ်ခဲ့ပေ၏။ ယင်းအာဠာရ ဟူသည်ကား သိဒ္ဓတ္ထ၏ ဆရာဖြစ်ခဲ့ ဖူးပေရာ သိဒ္ဓတ္ထဟူသည် အဘယ်မျှ မြင့်မားကြီးကျယ်နေစေကာမူ ပုက္ကုသအဖို့ကား

www.burmeseclassic.com

www.burmeseclassic.com



ဆရာတူတပည့်ပင်ဖြစ်နေလေသည်။ လူသတ္တဝါတို့တွင် ရာထူးမာန်၊ ပစ္စည်းမာန်၊ ပညာမာန်စသည့် မာနအမျိုးမျိုးကို စာရင်းထိုးရာ၌ ဆရာတူ တပည့်မာန် ငါက ဘယ်ဆရာ့တပည့်ပဲဟု ဆရာ့မာန်ဟူ၍လည်း ရှိလေသေး၏။

ပုက္ကုသသည် ဆရာတူတပည့်မာန်၊ ဂုဏ်ပြိုင် မာန်ဝင်နေသူဖြစ်၏။ ဆရာတူ တပည့်ဖြစ်သည့်အတိုင်း ဘုရားရှင်၏ အကျင့်သိက္ခာကို ရိပ်စားမိသောကြောင့် မဆန့်ကျင် လိုလှသော်လည်း အဖော်ရှိခိုက်မို့ ထ၍ ဆန့်ကျင်လိုက်ခြင်းဖြစ်ပေသည်။

သူ၏ အနာဂတ်ကို ကြို၍ "နာမည်ကျော် ပုက္ကုသ" ဟုဖော်ပြခဲ့ပေသည်။ ဖြစ်ဟန်ကား သုဇာတာ အမျိုးသမီးသည် ဘုရားဖြစ်မည့်နေ့တွင် ပေးလှူရသော ဆွမ်းကြောင့် နာမည်ကြီးသကဲ့သို့၊ ဃဋိကာရ ဗြဟ္မာသည် ဘုရားအဖြစ်သို့ ကြိုးပမ်းခိုက် လှူလိုက်ရသော သင်္ကန်းကြောင့် နာမည်ကြီးသကဲ့သို့၊ စုန္ဒသည် ဘုရားရှင်၏ နောက်ဆုံး ဆွမ်းဒကာဖြစ်မှုကြောင့် နာမည်ကြီးသကဲ့သို့၊ ပုက္ကုသသည်လည်း ကုသိနာြုံ၏ ကကုဓာမြစ်အနီး၌ပင် ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူမည်နေ့တွင် လှူဒါန်းအပ်သော ရွှေရောင်သင်္ကန်းကြောင့် နာမည်ကြီးသူဖြစ်သည်။

"မလ္လာမင်းတို့။ ။ ဘုရားရှင်အား ကြိုဆိုကြမည့်ကိစ္စမှာ ဘာသာရေး ရှုထောင့်တစ်ခုမျှသာမကပါ။ နိုင်ငံရေးအမြင်ကြောင့်လည်းဖြစ်သည်။ အကြောင်းမူကား ဘုရားရှင်သည် ကောသလ၊ ရာဇဂြိုဟ်စသော ထိပ်သီးနိုင်ငံများနှင့် အမင်းမင်းတို့၏ ဝပ်စင်းဦးခိုက်ရာဖြစ်ပေသည်။ ငါတို့သည် အမြင်ကျယ်ကျယ်ထားသင့်ကြသည်။ ကိုးကွယ် ခံယူမှုတရားရေးကို ဆွေးနွေးရလျှင် ဆုံးနိုင်ဖွယ်မရှိ။ ထို့ကြောင့် ဤကိစ္စပြီးပြတ် လေအောင် ငါကိုယ်တိုင်ပင် အဆိုတစ်ခုပြုပါမည်။ ဘုရားရှင် ကြွရောက်လာသောအခါ၌ ငါတို့သည် တစ်ယောက်မကျန် စုံစုံညီညီသွားရောက်ကြိုဆိုကြမည်။ မကြိုဆိုသူအဖို့ အသပြာငွေ ငါးရာ ပေးဆောင်ကြစတမ်း" ဟူ၍ သဘာပတိလည်းဖြစ်၍ ဘဏ္ဍာပိုင် လည်းဖြစ်သော သုဝေဒကိုယ်တိုင်က အဆိုပြုလိုက်သောအခါ ရောဇနှင့် ပုက္ကုသတို့ မှတစ်ပါး သဘာကြီး တစ်ခုလုံးကပင် "ကျွန်ုပ်တို့ သဘောတူပါသည်၊ အလွန် သင့်လျော်သော အဆိုပြုချက်ပါ" ဟူ၍ သူ့ထက်ငါသာအသံများ ဆူညံသွား လောက်အောင် ထောက်ခံကြခြင်းဖြင့် ပြီးပြတ်သွားသည်။

[ ၂ ]

ထို့ကြောင့် ကုသိနာြုံသို့အကြောင်းအားလျော်စွာ ဘုရားရှင်ကြွရောက်လာသော အကြိမ်များအနက် ဤအကြိမ်သည် မလ္လာမင်းတို့ ကြိုဆိုမှုအများဆုံးသောအကြိမ် ဖြစ်လာသည်။ အကြောင်းမှာကား သာမန်အားဖြင့်သာ ကြိုဆိုကြစတမ်းဆိုလျှင် ကြိုဆိုပွဲသို့

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတစ်ခုခုကြောင့် မလိုက်ပါနိုင်သူများ ရှိတတ်ကြသကဲ့သို့ ရောဇ၊ ပုက္ကုသတို့လို ခံယူချက် ကြောင့်ဖြစ်စေ၊ အပျင်းထူ၍ တမင်ရှောင်လွှဲနေသောကြောင့် ဖြစ်စေ မလိုက်ပါသူတို့ ရှိပေသေး၏။ ယခုသော်ကား မိမိတို့ကိုယ်တိုင်ကပင် မိမိတို့အား ဒဏ်ငွေဖြင့် ကြပ်မတ်လိုက်သောကြောင့်လည်းကောင်း၊ ဆွေးနွေးခိုက်၌ သဘောကွဲလွဲမှု ရှိသည်ဆိုစေ ဆုံးဖြတ်ပြီးသည့်အခါ၌မူ မိမိတို့၏ ဆုံးဖြတ်ချက်ကို လေးစားလိုက်နာ လေ့ရှိသော ဂဏ, မလ္လာတို့၏ အစဉ်အလာကို ထိန်းလိုသောကြောင့်လည်းကောင်း တစ်ဦးမကျန် အခြွေအရံများနှင့်အတူ ကြိုဆိုကြသောကြောင့်ဖြစ်ပေသည်။

ကုသိနာရုံသို့ ဘုရားရှင် ကြွရောက်လာလျှင် မည်သည့်နေ့ရက်တွင် ကြွရောက်လာမည်ဟု ယခုကဲ့သို့ ကြိုတင်သိရှိရသည်လည်းရှိ၏။ မသိရသည်လည်းရှိ၏။ တည်းခို သီတင်းသုံးရန် နာမည်ကျော် အင်ကြင်းတောအနီး၌ပင် ရေမိုးအတွက် ကကုဓာမြစ် အသင့်ရှိနေသောကြောင့် မလ္လာမင်းတို့ ကြိုတင်သိမှု မသိမှုကြောင့် ဘုရားရှင်နှင့် သံဃာတော်များအတွက် အကြောင်းမထူးသော်လည်း မလ္လာမင်းတို့အတွက်မူကား ကြိုတင်သိရသောကြောင့် အကြောင်းထူးသည်။ ထူးပုံကား အင်ကြင်းတောအတွင်းဝယ် ဘုရားရှင်နှင့် သံဃာတော်များ ချမ်းချမ်းသာသာ သီတင်းသုံးနိုင်ရန် သခ်မ်းကျောင်း ကလေးများ ဆောက်လုပ်လှူဒါန်းနိုင်သောကြောင့်ဖြစ်သည်။

ဘုရားရှင်ကို ကြိုဆိုရာ၌ သာဝတ္ထိထုံး၊ ရာဇဂြိုဟ်ထုံး၊ ဝေသာလီထုံး စသည်ဖြင့် ကြိုဆိုပုံ ကြိုဆိုနည်း ထုံးတမ်းစဉ်လာများ အထင်အရှား ရှိနေခဲ့သည်။

ဘုရားရှင်သည် ဇေတဝန်ကို အလှူခံရန်အတွက် ရာဇဂြိုဟ်မှ သာဝတ္ထိသို့ ကြွစဉ်က ကျောင်းဒါယကာ အနာထပိဏ်သူဌေးက ရာဇဂြိုဟ်နှင့် သာဝတ္ထိအကြား တစ်ယူဇနာလျှင် ကျောင်းကြီးတစ်ကျောင်းကျစီပင် ဆောက်လုပ်၍ တခမ်းတနား ကြိုဆိုခဲ့သည်။

ရောဂါဘေးကို ကယ်တင်ရန်အတွက် ရာဇဂြိုဟ်မှ ဝေသာလီသို့ ကြွရောက် လာစဉ်ကလည်း ဂင်္ဂါမြစ် တစ်ဖက်စီတွင် ရှိနေကြသော ရာဇဂြိုဟ်သည်လည်းကောင်း၊ ဝေသာလီသည်လည်းကောင်း လမ်းတစ်လျှောက်တွင် အလားတူပင် မဏ္ဍပ်ကျောင်းငယ် များ အစီအရီဆောက်၍ ရာဇဂြိုဟ်နှင့် ဝေသာလီမင်းတို့ အပြိုင်အဆိုင် ကြိုဆိုခဲ့ကြသည်။

မလ္လာမင်းတို့မှာ ရာဇဂြိုဟ်၊ ကောသလတို့လောက် မကြွယ်ဝ၍ ခမ်းခမ်းနားနား မဆောက်လုပ်နိုင်သော်လည်း သံဃာတော်များ နေသာရုံ ကျောင်းကလေးများဖြင့်ကား အင်ကြင်းတောတွင် ဆောက်လုပ်ကြိုဆိုကြသည်။ အဆောက်အအုံဖြင့် နိုင်ငံကြီးများကို မပြိုင်နိုင်သော်လည်း ငါတို့အထံတွင် ဘုရားရှင် အလွန်နှစ်သက်တော်မူသော အင်ကြင်းတောကြီး ရှိနေပေ၏ဟု နှစ်သိမ့်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အင်ကြင်းတောအတွင်း ဆောက်လုပ်အပ်သော သစ်မ်းများသို့ ဘုရားရှင်နှင့် သံဃာတော်များ နေသားတကျ သီတင်းသုံးမိကြသောအခါ အရှင်အာနန္ဒာ၏ သစ်မ်းသို့ ဆိုက်ရောက်လာသူကား ရောဇာမလ္လာမင်းပင်ဖြစ်ပေ၏။ ရောက်လာချဉ်းကပ်ပုံကမူ အသွင်အပြင် ခပ်ဆန်းဆန်း ကလေးပင်ဖြစ်ပေသည်။

ဆန်းဟန်ကား ။ ။ ။ အခြေအနေကလည်း အတင်းပို့ မတွေ့ကြသည်မှာ ကြာလှပြီဖြစ်သော ငယ်သူငယ်ချင်းမို့ တွေ့လည်း တွေ့ချင်လှသောကြောင့် ရောက်လာရ သော်လည်း ရှိမခိုး၊ မကိုးကွယ်လိုသည့် ဖယ်ကတ်ကတ်ခေတ်အခံကြောင့် အရှင် အာနန္ဒာအနီးတွင် ရှိသေသယောင် မရှိသေသယောင်ဖြင့် ကတ်ဖယ်ဖယ်ကလေး ထိုင်လိုက်သည်။

"သြ ။ ။ ။ ရောဇလဲ ပါလာသကိုး" ဟု အရှင်အာနန္ဒာက ပဋိသန္ဓာရပြု၏။ ဤစကားတွင် အဓိပ္ပာယ်များစွာပါဝင်၏။ ပါပုံကား ရောဇတို့ရှိသော ကုသိန္ဒာရုံသို့ ဘုရားရှင်နှင့်အတူ ရှေးအခါက နှစ်ကြိမ် သုံးကြိမ်ရောက်ဖူးခဲ့ပြီးဖြစ်သော်လည်း ရောဇကိုမူကား အရှင်အာနန္ဒာတို့ မတွေ့မြင်ခဲ့ရပေ။ ရဟန်းပင်ဖြစ်စေကာမူ ချစ်စွာသော သူငယ်ချင်းကို သတိတရဖြင့် ကုသိန္ဒာရုံသို့ရောက်လျှင်ဖြင့် တွေ့ရကောင်း၏ဟု အရှင်အာနန္ဒာမျှော်လင့်ခဲ့မိသော်လည်း ယခင်အခေါက်များက ရောက်မလာခဲ့ချေ။ ယခုသော် မမျှော်လင့်ဘဲ ရောက်လာသဖြင့် 'ရောဇလဲပါသကိုး' ဟု အံ့သြရိပ်ကလေးဖြင့် ပဋိသန္ဓာရပြုလိုက်ခြင်းဖြစ်၏။

"မလာရင်ဒဏ်ငွေငါးရာ ဆောင်ရမယ်ဆိုတော့ ရောက်လာရတော့တာပေါ့ ရှင်အာနန္ဒာ"

ပြောပုံကိုလည်းကြည့်ပါ။ ကတ်ဖယ်ဖယ်ပင်ဖြစ်၏။ သူတို့လို လူမျိုးသည် မရှောင်သာ၍ ရဟန်းသံဃာနှင့် ရင်ဆိုင်ရသည်ဆိုလျှင်လည်း ဖယ်ကတ်ကတ် ချဉ်းကပ် သကဲ့သို့ ဖယ်ကတ်ကတ် ပြောတတ်ကြသည်။ ထို့ကြောင့် "အရှင်ဘုရား"ဟု ပြောရမည့်အစား "ရှင်အာနန္ဒာ" ဟု မယုတ်မလွန်ဖြစ်အောင် သတိနှင့်ရှောင်တိမ်း သုံးသည်။

ငယ်ကျင့် ပျောက်ချိန်တန်သည့်အရွယ်သို့ ရောက်ခဲ့ပြီဖြစ်သော်လည်း မပျောက်သေးသော ရောဇ၏ မာနကို တွေ့ရသောကြောင့် အရှင်အာနန္ဒာ ပြုံးမိသည်။ သူငယ်ချင်းအပေါ်တွင် စေတနာထားသူဖြစ်၍ သနားလည်းသနားသည်။

ရောဇ၏ ဤလိုဖယ်ကတ်ကတ် သဘောထား၊ အမူအရာနှင့် တွဲမိလျှင် ဤလို ကတ်ဖယ်ဖယ် အပြုအမူကလေးများကို ငယ်စဉ်ကပင် အရှင်အာနန္ဒာ သိခဲ့သည်။ သို့ရာတွင် ရောဇကို ခင်တွယ်၏၊ လေးစား၏။ အကြောင်းမူကား ရောဇသည် သူ့အပိုင်းတွင် သူ့ခံယူချက်နှင့်သူ ဖယ်ကတ်ကတ်ရှိခဲ့သည်မှာ မှန်သော်လည်း စိတ်ရင်း

www.burmeseclassic.com

www.burmeseclassic.com



စေတနာရင်းမှာမူကား ကောင်းမွန်သူဖြစ်သည်။ သူတစ်ပါးကို ကူညီသည်။ အ,အား မနေ၊ အချိန်မဖြုန်း၊ ကျမ်းဂန် ဗဟုသုတလိုက်စားသူဖြစ်သည်။ ချော်ချင်သည့် နေရာတွင် ချော်နေသော်လည်း တော်သည့်နေရာတွင်တော်၍ အမြင်ထူးသူ၊ တည်ကြည်လေးနက်သူ ဖြစ်သည်ကို သိရသောကြောင့်ဖြစ်၏။

''ဘယ်လို ဒဏ်ငွေ ငါးရာပါလဲ ရောဇ''

''အရှင်တို့ကို မကြိုဆိုလျှင် ဒဏ်ငွေ ငါးရာဆောင်ရမယ်လို့ သဘာက ဆုံးဖြတ်ချက်ချထားပါတယ်''

''ကုသိနာရုံမှာ ဒီလိုဆုံးဖြတ်ချက်မျိုးချရအောင် သဒ္ဓါတရားနည်းပါးကုန်ကြ ပြီလား''

''မနည်းပါးပါဘူး။ အရှင်တို့ကို ကိုးကွယ်မည့်သူက အများစုကြီးပါ။ တပည့်တော်က ဝင်ပြီးကန့်ကွက်မိလို့ ဒီဆုံးဖြတ်ချက်ကို ထွက်ပေါ်လာရတာပါ''

ဤသည်ပင် ရောဇကို လေးစားစရာကောင်း၏။ အကြောင်းကား ရိုးရိုး သားသားပင် ဖွင့်၍ ဝန်ခံသောကြောင့်ဖြစ်သည်။

''ရောဇက ဘုရားရှင်ကိုတောင် မကိုးကွယ်ချင်ဘူးလား''

''ကိုးကွယ်မှု ခံယူမှုဆိုတာ ပုဂ္ဂလိကကိစ္စပါ။ တပည့်တော်က လူတိုင်းကို လေးစားပါတယ်။ ပညာရှင် သူတော်ကောင်းများဆိုရင် ပိုပြီးလေးစားပါတယ်။ နို့ပေမယ့် ကိုးကွယ်ဖို့ ဆည်းကပ်ရှိခိုးဖို့ ဆိုတာကတော့ လူလူချင်းလုပ်ဖို့ မလိုဘူးလို့ ယူဆပါတယ်။ အရှင့်ကို မတွေ့ရတာကြာလို့ လာရောက်နှုတ်ဆက်တာပါ။ ပြန်ပါဦးမယ်။ အဆင်သင့်ရင် နက်ဖြန်တစ်ခေါက်ရောက်လာပါဦးမယ်'' ဟု ပြောဆိုကာ ဖယ်ကတ်ကတ်ပုံစံဖြင့်ပင် ရှိမခိုး ဦးမချဘဲ ရောဇထသွားသည်။

''တယ်ခက်ပါလား ရောဇရယ်'' ဟု ရှင်အာနန္ဒာစိတ်ထဲက ညည်းလိုက်ရ၏။ မသိသည်မတတ်သည်လည်းမဟုတ်။ ပညာရှင် သူတော်ကောင်းကို လေးစားသည်ဟုပင် ဆိုသေးသည်။ ဘာသာတစ်ပါး လွဲမှားနေလျှင်လည်း တည့်မတ်အောင် ဆွေးနွေး နိုင်ပေဦးမည်။ မည်သည့်ဘာသာသို့မျှ သက်ဝင်ဟန်လည်းမရှိ။ သနားဖွယ် ရောဇပါတကား။

ဘုရားရှင်ကိုပင် ရှိမခိုး ဦးမညွှတ်လိုသူဆိုတော့ သူငယ်ချင်းမျှဖြစ်သော မိမိကို လေးစားဖို့ခက်သည်။ မလွှဲသာ၍ ရောက်လာခိုက်တွင် မလွှဲသာ၍ တွေ့ဆုံရုံမျှဖြစ်သည်။ မိမိတရား မိမိစကားကို အရေးထားမည့်သူမဟုတ်။ သူ့ကို ကယ်တင်ရန် ဘုရားရှင် မှုကား တတ်နိုင်စကောင်းပါ၏။ သနားဖွယ်သူငယ်ချင်းအတွက် ဘုရားရှင်အား လျှောက်ထားရပေဦးမည်ဟု အရှင်အာနန္ဒာစဉ်းစား၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ရောက်သည့်နေ့ ညနေခင်း ဝတ်ကြီးဝတ်ငယ် ပြုစုချိန်တွင်ပင် "အရှင်ဘုရား။ ။ ကုသိန္နာရုံမှ ရောဇမလ္လာမင်းသည် တပည့်တော်၏ သူငယ်ချင်း ဖြစ်ခဲ့ပါ၏။ သူသည် စိတ်ရင်းကောင်း၍ တွေးခေါ်မျှော်မြင်မှုရှိသူ ဖြစ်ပါသည်။ ပညာ ဗဟုသုတ လိုက်စားသူလည်းဖြစ်ပေါ၏။ သို့ရာတွင် ငယ်စဉ်ကပင် ငါသာလျှင် ငါ၏ ကိုးကွယ်ရာဖြစ်၍ အခြားသူအား ကိုးကွယ်ရန်မလိုဟု အယူရှိသူဖြစ်ခဲ့ပါသည်။ ထိုအယူသည် ယနေ့တိုင်အောင် သူ့တွင်ရှိနေသေးသည်ကို နေ့လယ်က ရောက်လာ၍ သိရပါသည်။ အရှင်မြတ်ဘုရား။ ။ ရောဇသည် သနားဖွယ်ရာဖြစ်ပါ၏။ ကယ်တင်တော်မူပါဘုရား" ဟု ဘုရားရှင်အား လျှောက်ထားသည်။

"အာနန္ဒာ။ ။ ရောဇကို သင်သိသကဲ့သို့ပင် ငယ်စဉ်ကပင် ငါသိခဲ့သည်။ ကုသိန္နာရုံသို့ ယခုရောက်လာသည့် အဓိက အကြောင်းရင်းကား ရောဇကို ကယ်ချွတ်ရန်ပင်ဖြစ်သည်။ ရောဇအတွက် ငါ့တာဝန်ရှိပါစေ" ဟု ဘုရားရှင်က မိန့်ကြားလိုက်သောကြောင့် စိတ်အေးရသည်။ သို့ရာတွင် ဘုရားရှင်အနီးသို့ အပထား၍ သံဃာတော်များအနီးသို့ပင် မချဉ်းကပ်လိုသော ရောဇအား ဘုရားရှင်သည် အဘယ်ပုံ တရားဟော ကယ်ချွတ်ပါမည်နည်း။ တရားဟောခြင်းဟူသည် တရားနာသူက နာယူလိုမှ အကျိုးသက်ရောက်၏။ ရောဇထံသို့ ကြွသွား၍ အာဋာဝကကို ချွတ်တုန်းကလို သူ့စိတ်ကို နှိုးဆွပြီးမှ တရားဟောမည်လော။ အဘယ်ပုံ ကယ်ချွတ်ပါမည်နည်းဟု အရှင်အာနန္ဒာ စဉ်းစားသည်။

အံ့ဖွယ်ကောင်းသည်ကား ရှိမခိုး မကိုးကွယ် မဆည်းကပ်လိုပါဆိုသော ရောဇသည် ဘုရားရှင် မကြွ မသွားရဘဲနှင့် နောက်တစ်နေ့ နံနက်စောစော၌ပင်လျှင် ဘုရားရှင်အထံတော်သို့ ကိုင်းညွတ်ရိုသေစွာ ဆိုက်ရောက်ဆည်းကပ်လာခြင်းပင်ဖြစ်ပေ၏။ ဘုရားရှင်၏ မဟာ ကရုဏာတော် မေတ္တာတော် အစီအစဉ်ပေတည်း။

[ ၃ ]

သတ္တဝါမျိုးစုံ၊ စရိုက်မျိုးစုံ ရှိသူများကို ကယ်ချွတ်တော်မူရာ၌ မဟာကရုဏာတော် တည်းဟူသော မေတ္တာတော် အရင်းခံသော်လည်း ကယ်ချွတ်ခံမည့် ပုဂ္ဂိုလ်စရိုက်ကို လိုက်၍ ကယ်ချွတ်ပုံ ကယ်ချွတ်နည်း မျိုးစုံကို အသုံးပြုတော်မူရ၏။

ကြမ်းတမ်းခက်ထန် ဒေါသမာန်ကြီးသော အာဋာဝကကို တန်ခိုးတော်တွင် သည်းခံမှုစွက်၍ ကယ်ချွတ်ရသည်။ နန္ဒောပနန္ဒနဂါးကိုမူကား တန်ခိုးတော်အစီအစဉ်ဖြင့် အရှင်မောဂ္ဂလာန်ကို နှိမ်နင်းစေပြီးမှ ကယ်ချွတ်ရသည်။ ပညာမာန်ကြီး အယူသည်းသော သစ္စက ပရိဗိုဇ်ကို ဉာဏ်တော်အရာဖြင့် မလှုပ်နိုင်အောင် ဆွေးနွေး၍ ကယ်ချွတ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိမာလကို တန်ခိုးတော်ဖြင့် ပရိယာယ်ဆင်ပြီး ကယ်ချွတ်ရသည်။ ဇမ္ဗူကတို့လို မစင်တွင်းသို့ ဆင်း၍ ကယ်ချွတ်ရသည်လည်း ရှိပါချေ၏။

ယင်းသို့ ကယ်ချွတ်ပုံ ကယ်ချွတ်နည်းမျိုးစုံအနက် ထူးခြားသော ကယ်ချွတ်ခံ တစ်ဦးရှိခဲ့၏။ နာဠာဂီရိဆင်ကို ကယ်ချွတ်တော်မူပုံပင်ဖြစ်သည်။ ထူးခြားဟန်ကား အာဠာဝက၊ နန္ဒောပနန္ဒတို့လို စရိုက်ကြမ်းသတ္တဝါကြမ်းကြီးဖြစ်ပါလျက် တန်ခိုးတော်မပါ၊ တန်ခိုးတော် ကိုမသုံး၊ မဟာကရုဏာတော် အရင်းခံသော မေတ္တာမီးမောင်းအစီအစဉ်ကို အသုံးပြု၍ ကယ်ချွတ်တော်မူခြင်းပင်တည်း။

မေတ္တာသည် အအေးဓာတ် ဖြစ်သောကြောင့် အစဉ်အလာအားဖြင့် ရေနှင့်သာ ဥပမာ ယှဉ်ကပ်ခဲ့ကြသည်။ "မေတ္တာမီးမောင်း" ဟူရာ၌ အအေးနှင့် အပူကို ဥပမာ ဟပ်ထားသောကြောင့် မလျော်သကဲ့သို့ ဖြစ်နေသည်။ သဘောအားဖြင့် မလျော် သော်လည်း ယနေ့ခေတ်တွင် အများသိသော အကြောင်းအချက်အရ ထင်ရှား ပေါ်လွင်အောင် တွဲဖက်လိုက်ရခြင်းဖြစ်သည်။ အကြောင်းမူကား ယနေ့ခေတ် ရုပ်ရှင်၊ ဇာတ်ခုံ၊ ရထား၊ သင်္ဘော စသောနေရာတို့တွင် လိုအပ်နေသောနေရာသို့ မီးအားကို စုပြုံထိုးလင်းစေခြင်းကို "မီးမောင်း" ဟုခေါ်ဆိုရာ၊ ဘုရားရှင်၏ မေတ္တာဓာတ်ကို လိုအပ်သူအပေါ်သို့ စုပြုံ စေလွှတ်ခြင်းကို ထင်ရှားစေလိုသောကြောင့်ဖြစ်၏။

ဘုရားရှင်၏ ကြီးမားသောမဟာကရုဏာ၊ မေတ္တာတော်သည် သာမန်အားဖြင့် သတ္တဝါအားလုံးအပေါ်၌ ဖြန့်၍တည်၏။ လိုအပ်သောအခါ၌မူ သတ္တဝါတစ်ဦးတစ်ယောက် အပေါ်သို့ မီးမောင်းထိုးသကဲ့သို့ စုပြုံ၍ စေလွှတ်သောအခါ မေတ္တာ၏ ထူးခြားသော စွမ်းရည်များ ဖြစ်ပေါ်၍လာသည်။ ဤနည်းကို နာဠာဂီရိဆင်ကြမ်းကြီးအပေါ်၌ အသုံးပြု ခဲ့ရာတွင် မေတ္တာ၏ ထူးခြားသောစွမ်းရည်ကို အံ့မခန်းအောင် ထင်ရှားစွာ တွေ့မြင် ကြရသည်။

နာဠာဂီရိသည် ကြီးမားကြမ်းတမ်းလှ၏။ သာမန် ကြမ်းတမ်းရုံမျှမဟုတ်၊ အရက်သမား၊ အမူးသမား ဆင်ကြီးလည်းဖြစ်သည်။ နေ့စဉ် အရက်ရှစ်လုံးတိုက်ရသည်။ ဘုရားရှင်ကို အသတ်ခိုင်းသည့်နေ့ကမူ တစ်ဆတိုး၍ ၁၆–လုံးတိုက်ထားသည်။ သို့ပါလျက် အမူးသမား ဆင်ကြမ်းကြီး နာဠာဂီရိသည် ဘုရားရှင်၏ မေတ္တာတော် ရေစင်အောက်တွင် ပြားပြားဝပ်၏။

မေတ္တာနေမောင်းဟုလည်းဆိုနိုင်ရာ၏။ အကြောင်းမူကား နေရောင်သည် ကမ္ဘာပေါ်သို့ ဖြန့်ကြက်၍ ထားသောအခါ၌ အလင်းရောင်ပေးရုံနှင့် ပူစေရုံမျှသာဖြစ်၏။ သို့ရာတွင် နေရောင်ကို မှန်ဘီလူးဖြင့် ဝတ္ထုပစ္စည်းတစ်ခုခုပေါ်သို့ စုတင်လိုက် သောအခါ မီးလောင်သည်အထိ အကျိုးသက်ရောက်လာသည်။ အလားတူပင် မေတ္တာဘာဝနာ

www.burmeseclassic.com

www.burmeseclassic.com



လေ့လာထားပြီးသောသူ၏ သတ္တဝါများအပေါ် ဖြန့်ကြက် ထားအပ်သော မေတ္တာသည်လည်း တစ်စုံတစ်ယောက်အပေါ်သို့ စုံတင်လိုက်သောအခါ ထူးခြားသောအကျိုး သက်ရောက်လာသည်။

ဘုရားရှင်သည် ကိုယ်တော်၏ မဟာကရုဏာတော် ဟုဆိုအပ်သော မေတ္တာ မီးမောင်း အစီအစဉ်ဖြင့် ရောဇမလ္လာမင်း၏အပေါ်သို့ လွှတ်တင် ဆွဲဆောင်သောအခါ နောက်တစ်နေ့ နံနက် အစောကြီး၌ပင်လျှင် ရောဇသည် ဘုရားရှင်၏ ထံတော်မှောက်သို့ ရှိခိုးရောက်ရှိလာ၏။

"အရှင်ဘုရား။ ။ တပည့်တော်သည် အရှင်၏ သူမတူအောင် စွန့်လွှတ်ကျင့်သုံးမှုများကိုလည်းကောင်း၊ အရှင်၏ ပညာနှင့် သတ္တဝါတို့အား ကယ်ချွတ်မှုများကိုလည်းကောင်း၊ အရှင်၏ဂုဏ်တော် သတင်းများကိုလည်းကောင်း နားမဆံ့မျှ ရှေးကပင်ကြားသိခဲ့ပါသည်။ ညကမူ အိပ်မက်ထဲတွင် တစ်ညဉ့်လုံးပင် အရှင့်ကို ဖူးတွေ့ရ၍ ယနေ့နံနက် နိုးသောအခါတွင်လည်း အရှင့်ဂုဏ်တော်များကို အထူးသတိရလျက်ရှိပါသည်။ သို့ဖြစ်၍ အရှင်မြတ်အား ဖူးတွေ့ရန် ယခုရောက်လာရပါသည် ဘုရား"

"ရောဇ။ ။ သင်၏လာခြင်းကား ကောင်းသောလာခြင်းပေတည်း။ များစွာသော သာကီဝင်တို့သည်လည်းကောင်း၊ မလ္လာတို့သည်လည်းကောင်း ငါ့ထံပါးတွင် ငါ၏တရားဖြင့် အေးချမ်းကုန်ကြပြီ။ သင့်မှာ အသိဉာဏ်ရှိ၏။ ဝီရိယရှိ၏။ သတ္တိရှိ၏။ သို့ပါလျက် အဘယ်ကြောင့် အေးချမ်းမှုကို မရှာလိုပါသနည်း"

"အရှင်ဘုရား။ ။ တပည့်တော်သတိရပါပြီ။ မမှန်သော မာန်ကလေးဖြင့် အေးချမ်းမှုမှ လွှဲရှောင်နေခဲ့မိပါသည်။ တပည့်တော်အား ရဟန်းပြုပေးတော်မူပါဘုရား"

"သာဓု – သာဓု – သာဓု"

ဘုရားရှင် ဆန့်ကျင်ရေးသမား ရောဇအား နံနက် လင်းသောအခါ ရဟန်းတော် အရှင်ရောဇအဖြစ် တွေ့မြင်ကြရသောကြောင့် အံ့ဩခြင်းနှင့်အတူ မလ္လာမင်းတို့ ဝမ်းမြောက်ကြရသတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com



# ငွေစန္ဒာ

[ ၁ ]

သစ်ပင်သစ်မျိုး တစ်မျိုးမျှသာဖြစ်သည့်''စန္ဒကူး''ဟူသော ဝေါဟာရသည် ပိဋကတ်တော်သမိုင်းဖြစ်ရပ်များတွင် ကြီးမားလှစွာသော အမည်ဖြစ်သည်။ အဖိုးတန်လှစွာသော ပစ္စည်းဖြစ်၏။ ရှမဝအောင်လှ၏၊ ရှူမဝအောင်မွှေး၏၊ ဆေးဖက်မျိုးစုံဝင်၏။ ထိုခေတ်တန်ဖိုးအားဖြင့် လက်လေးသစ်မျှသည့်ပင် အဖိုးတစ်သိန်းထိုက်၏ဟူသတည်း။

သို့ရာတွင် လက်လေးသစ်မျှသည့်ပင် အဖိုးတစ်သိန်းထိုက်၏ဆိုသည်မှာ စန္ဒကူးနက်၊ သာမန်စန္ဒကူးမျှဖြစ်သည်။ ရှိသည်ကိုသာသိ၍ တွေ့ရခဲသော စန္ဒကူးဖြူဆိုလျှင် တန်ဖိုးပင်မဖြတ်နိုင်ကြ။ ဖြတ်လျှင်လည်း စန္ဒကူးနီ၊ စန္ဒကူးနက်တို့ထက် ဆယ်ဆမျှ တန်ဖိုးထားရပေလိမ့်မည်။

အကြောင်းမူကား ရတ္တ စန္ဒနခေါ် စန္ဒကူးနီ၊ ကာလာသာရီခေါ် စန္ဒကူးနက်၊ ဟရိစန္ဒနခေါ် စန္ဒကူးရွှေနှင့် ဂန္ဓသာရခေါ် စန္ဒကူးဖြူဟူ၍ စန္ဒကူးလေးမျိုးရှိသည့်အနက် တစ်မျိုးထက်တစ်မျိုး ရှားပါးသည်။ ရှားပါးသလောက် တန်ဖိုးကြီးသည်။

စန္ဒကူးသည် ရဲရဲနီကာ အနီရောင်သက်သက်မျှဖြစ်၏။ စန္ဒကူးနက်သည် နက်မှောင် ညိုမောင်းသော အနက်ရောင်သက်သက်မျှဖြစ်၏။ စန္ဒကူးရွှေက ရဲရဲငြိုသော အနီရောင်နှင့် နက်မှောင်ညိုမောင်းသော အနက်ရောင်တို့ ရောနှောသော နှစ်ဖက်လှ အရောင်ဖြစ်သည်။ စန္ဒကူးဖြူဟူသည်ကား အနီ၊ အနက်၊ အညို၊ အမောင်း စသော

www.burmeseclassic.com

www.burmeseclassic.com



အရောင်တို့မှ ထူးထူးကဲကဲ ခွဲထွက်လာသော နုနုထွေးထွေး ဖွေးဖွေးကြုကြု အဖြူရောင်တည်း။

အရောင်အဆင်းဟူသည်ကား ပညတ်အမြင် သင်္ကေတမျှသာဖြစ်၍ မည်သည့် အရောင်မျိုးကိုမဆို မိမိနှစ်သက်သလို နှစ်သက်နိုင်သည်။ အချို့က အပြာကိုကြိုက်၍ အချို့က အနီကိုကြိုက်သည်။ ဘုရားရှင်ကား အဝါကို နှစ်သက်တော်မူ၍ မိမိ တစ်သာသနာလုံးကို အဝါရောင်ဖြင့် လွှမ်းဖုံးစေသည်။

လူတိုင်းကြိုက်သော အရောင်တစ်မျိုးတည်းသာရှိသည်။ အဖြူရောင်ပေတည်း။ ဤနည်းဖြင့် အဖြူရောင်စန္ဒကူးသည် အခြားအရောင် စန္ဒကူးများထက် ပို၍ တန်ဖိုးရှိလာသည်။ သူ့ကို "စန္ဒကူး"ဟူ၍ပင် မခေါ်ရက် "ဂန္ဓသာရ-အနံ့ထူး အနှစ်ဆိုက်" ဟူ၍ခေါ်သည်။ အကြောင်းမူကား . . . အရောင်အသွေးနှင့် တန်ဖိုးဝင်မှုများသည် အခြားစန္ဒကူးများနှင့်အတူပင်ထားဦးတော့ အနံ့တွင်မူ သူမတူသော သစ်မင်း မွှေးလှိုင်ကြုပေတည်း။

မောင်စန္ဒာအလောင်း ဦးကြီးသည် ကဿပဘုရားလက်ထက်တော်တွင် ယင်းစန္ဒကူးဖြူ သစ်မင်းမွှေးလှိုင်ကြူ ဂန္ဓသာရသူဌေး ဖြစ်ခဲ့၏။ စန္ဒကူးဖြူ တစ်တောလုံးကို သူသာသိသည်။ သူသာပိုင်သည်။ သို့ရာတွင် မိမိသူဌေးဖြစ်နေပါလျက်နှင့်မှ ဖြစ်မှန်းကို မသိရှာသော တကယ့်တောသား လူရိုးဖြစ်ခဲ့ပေသတည်း။

လူထူးလူဆန်း ပါရမီရှင်ကလေး မောင်စန္ဒာအကြောင်း ခိုင်လုံလေးနက်စေရန် အခြေခံဖြစ်သော စန္ဒကူးနှင့် စပ်လျဉ်း၍ အကြောင်းအချက် နှစ်ရပ်ထုတ်ပြစရာ ရှိပေသေးသည်။ အကြောင်းတစ်ရပ်မှာ ဗုဒ္ဓဘာသာဝင်အများတို့ သိကြပြီးဖြစ်သော မင်းဘူးရွှေစက်တော်၊ လယ်ကိုင်း၊ ကျောင်းတော်ရာ အကြောင်းပင် ဖြစ်ပေသည်။

[ ၂ ]

ရာဇဂြိုဟ်သူဌေးသည် အခြားပစ္စည်းသာ ချမ်းသာသည်မဟုတ်၊ စန္ဒကူးကို မြတ်နိုး နှစ်သက်သူဖြစ်၍ ရနိုင်သမျှသော စန္ဒကူးကို ဝယ်ယူစုဆောင်းသူဖြစ်သည်။ သူ့အသုံးအဆောင်များကို စန္ဒကူးနှင့်ပြုပြင်၍ သူ့တစ်အိမ်လုံးအား စန္ဒကူးဖြင့် မွှေးထုံစေသည်။

သူသည် ဗြာဟ္မဏကြီးတစ်ယောက်ဖြစ်ပါလျက် အစဉ်အလာ ဗြာဟ္မဏ ဘာသာကိုလည်း နှစ်နှစ်ကာကာကိုးကွယ်လှသူမဟုတ်၊ တခြားဘာသာတစ်ရပ်ရပ် ကိုလည်း ကိုးကွယ်လှသူမဟုတ်၊ ဘာသာရေး သုတေသီဖြစ်သည်။ အကြောင်းမူကား

www.burmeseclassic.com

www.burmeseclassic.com



အခြား မြို့နယ်ဒေသတို့ကို ထားတော့၊ မိမိတို့၏ ရာဇဂြိုဟ်တစ်ခုတည်း၌ပင် ဘာသာမျိုးစုံ၊ တရားမျိုးစုံတို့ ပေါ်များလှသည်။ မိမိတို့ဘာသာ အမှန်၊ မိမိတို့တရားသာ အမှန်ဟု ဆိုကြ၏။ အဘယ်သူသည် မှန်သနည်း၊ အဘယ်တရားသည်မှန်သနည်း။ ယင်းသို့သော သံသယဖြင့် ဘာသာများကို စူးစမ်းနေသူ၊ ဘုရားအမည်ခံများကို အကဲဖြတ်နေသူဖြစ်သည်။

ယင်းသို့သောအချိန်တွင် သူ့သံသယကို အကဲဖြတ်နိုင်ခွင့်ရှိစေရန် အကြောင်းတစ်ရပ်ပေါ်လာပေသည်။ ပေါ်လာဟန်ကား ဂင်္ဂါတွင် နွေရာသီ, ရေကစားခိုက် ဂင်္ဂါမြစ်အတွင်းမှ အနှစ်ဆိုက်လျက်ရှိသော စန္ဒကူးအနက်တုံးကြီးတစ်တုံး ရရှိခြင်းပင်ဖြစ်၏။

ဟိမဝန္တာမှ စီးဆင်းလာကာ ရာဇဂြိုဟ်ကို ဝိုက်ပတ်လာသော မြစ်မင်းဂင်္ဂါသည် မဇ္ဈိမတွင် အကြီးဆုံးဖြစ်၏။ အသာယာဆုံးဖြစ်၏။ အကျော်ကြားဆုံးလည်းဖြစ်၏။ အကြောင်းမူကား ဗြာဟ္မဏတို့၏ ဘာသာရေးအရ ဂင်္ဂါတွင် ရေချိုးခြင်းဖြင့် မိမိတို့ခန္ဓာကိုယ်မှ အညစ်အကြေးများကို နှစ်မျှော၊ မျောနစ်စေသော မြစ်မင်းထွတ်မြတ်ဖြစ်သည်။ သို့ဖြင့် ဂင်္ဂါနှင့် အလှမ်းမီသူတို့အဖို့ ဂင်္ဂါတွင် ရေချိုးမှုမလုပ်လျှင် မနေအပ်သော ဘာသာရေးလုပ်ငန်း တစ်ရပ်ဖြစ်လာသည်။ ယင်းသို့ဖြင့် ဂင်္ဂါမြစ်ဆိပ်များသည် မပြတ်စည်ကားသည်။ အစည်ကားဆုံးအချိန်ကား သဘာဝအရ ရေနှင့် ပနံတင့်လှသော နွေရာသီပေတည်း။

စည်ကားသောနေရာများ၌ ပစ္စည်းရှိသူတို့ ဝင့်ကြွားခြင်းသည် ဓမ္မတာဖြစ်၏။ ထို့ထက် စီးပွားရေးအမြင်ရှိသူတို့ စားကွက်ဖြစ်လာသည်မှာလည်း သဘာဝပင်ဖြစ်၏။ ထို့ကြောင့် သာယာသော ဂင်္ဂါ၏ မြစ်ကမ်းများတွင် သာယာသော ရေချိုးဆိပ်များအဖြစ် ပြုပြင်၍ ခမ်းနားသော တည်းခိုအိမ်ကြီးများ ဆောက်လုပ်ငှားရမ်းကြသည်။ ပစ္စည်းရှင်တို့ကမူ အကောင်းဆုံးသော နေရာများကို ကိုယ်ပိုင်ဝယ်ယူ၍ ခမ်းနားသော ပုဂ္ဂလိက ရေချိုးဆိပ်ကြီးများ ပြုလုပ်ကြသည်။

ယင်းရာဇဂြိုဟ် သူဌေးကား အကောင်းဆုံးသော မြစ်ဆိပ်နေရာ တစ်ခုကို ရရှိထားသူဖြစ်၏။ မြစ်ဆိပ်တွင်လည်း တည်းခိုဆောင်တစ်ခုကို ဆောက်သည်။ သူနှင့် သူ့အသိုက်အဝန်းများ ရေချိုးမည့်မြစ်ဆိပ်တစ်ခုလုံးကို သံဆန်ကာတို့ဖြင့် ဝင့်ကြွားစွာ ကာရံသည်။ နေရာကောင်းကို ရရှိထားသူဖြစ်သည့်အတိုင်း ဂင်္ဂါမြစ်တွင်းအထိ သူတကာထက် ဝေးလံစွာကာရံနိုင်သည်။ ယခုဖြစ်ပေါ်လာသည့်အကျိုးကား မြစ်၏အညာ ဟိမဝန္တာမှကျမျောလာသော စန္ဒကူးသစ်သည် မြစ်ကွေ့ ချောင်းကောက် ကျောက်တောင် ကမ်းပါးစွန်းတို့၌ ရေဟုန်ဖြင့် တွန်းတိုက်၍ အပိုင်းပိုင်းပြတ်လျက် သဲခုံကျောက်ဖျာတို့၌

www.burmeseclassic.com

www.burmeseclassic.com



များစွာသေးပွတ်သဖြင့် အကာမရှိ အနှစ်အတိသာ တိတိဝန်းဝန်းဖြစ်ကာ ဂဂ်ါမြစ် အလျဉ်ဖြင့် မျော၍ ပိုက်ကွန်၌ငြိလာခြင်းပင်ဖြစ်သတည်း။

ရေချိုးချိန်ဟူသည် နှလုံးမြူးကြွသောအချိန်ဖြစ်သည်။ အခွံအရံ အသိုက် အဝန်းကြီးနှင့် စားကာသောက်ကာ ပျော်ရွှင်စွာ ရေချိုးသော သူဌေးအဖို့ အဘယ်မှာ မမြူးကြွနိုင်ဘဲ ရှိချေအံ့နည်း။ ထို့ထက် လက်လေးသစ်မျှပင် အဖိုးတစ်သိန်းတန်သော စန္ဒကူး အနှစ်တုံးကြီးကို ရရှိလာသောအခါ မြူးရွှင်လျက်ရှိသောနှလုံးမှ ထူးခြားသော စိတ်ကူးတစ်ခုပေါ်ပေါက်လာသည်။

အမှန်အားဖြင့် ဤစိတ်ကူး ရှိနေခဲ့သည်မှာ ကြာမြင့်ပြီဖြစ်၏။ သို့ရာတွင် အကောင်အထည်မဖော်ဖြစ်ခဲ့။ ယခုသော် မခေါ်ပင့်ချေ ဆိုသကဲ့သို့ မိမိကံအလျောက် အသင့်ပေါ်ပေါက်လာသောကြောင့် အကောင်အထည်ဖော်နိုင်ပေတော့မည်။

ဤသူဌေးတွင် သူ့အမြင် သူ့အသိအလျောက် အစွဲတစ်ရပ်ရှိနေသည်မှာကား ဘုရား ရဟန္တာမှန်လျှင် ကောင်းကင်ခရီးဖြင့် ချာန်ပျံနိုင်ရမည်ဟူ၏။ ဘုရားရဟန္တာ တန်ခိုးရှင် ရသေ့ရှစ်သောင်း ဆရာကောင်းတို့သည် ချာန်ဖြင့် ကောင်းကင်တွင် သွားလာကြသည့်အကြောင်းကို ပုရာဏ်ကျမ်းမျိုးစုံတွင် ဖတ်ခဲ့ဖူးသည်။ လက်ရှိ ရာဇဂြိုဟ်နှင့် ဟိမဝန္တာ၊ ဂိဇ္ဈကုဋ်၊ မိဂဒါဝုန် စသော တောတောင်ဝန်းကျင်တို့တွင်လည်း တန်ခိုးရှင် ဘုရား ရဟန္တာ စသူတို့ ချာန်ပျံကြသည်ဟု တစ်ဆင့်စကား ကြားနေရ သည်မှာ များလှစွာပြီ။ သို့ရာတွင် မျက်မြင်ဒိဋ္ဌအားဖြင့်ကား တစ်ကြိမ်တစ်ခါမျှ မတွေ့မြင်ဖူးပေ။ သူသာမဟုတ် ချာန်ပျံသည်ကို တွေ့ကြုံဖူးသူဟူ၍လည်း မရှိသလောက် ပင်ဖြစ်သည်။

ဘုရားရဟန္တာပင် ဖြစ်မချည်း၊ လူစင်စစ်က ကောင်းကင်တွင် ပျံသွားနိုင်သည် ဟူသည်မှာ အကယ်ပင်လော၊ ကောလာဟလ မျှသာလော။ ဤသည်ကား ဘာသာကို စုံစမ်းသော ရာဇဂြိုဟ်သူဌေး၏ သိလိုချက်ဖြစ်၍ ယင်းသိလိုချက်ကို ယခု အကောင်အထည်ဖော်တော့မည်ဟု စိတ်ကူးလိုက်ခြင်းဖြစ်သည်။

ဤနေရာတွင် ဗုဒ္ဓသာသနာတော်နှင့် ချာန်ကိစ္စဟူသည်ကို သိထားဖို့လို၏။ ကောင်းကင်ပျံခြင်း၊ အခြားတန်ခိုးမျိုးစုံထွက်ပေါ်ခြင်းတို့ဟူသည် အဆင့်မြင့် သမထ လုပ်ငန်း၏ အသီးအပွင့်မျှသာဖြစ်၏။ အဆင့်မြင့် သမထဟူသည် ဗုဒ္ဓသာသနာတော် မပေါ်ပေါက်မီ ရှေးပဝေသဏီကပင် မဖွံ့မြိုး၏ ထိပ်တန်းအကျင့်ရှင် ပညာရှင်တို့တွင် ရှိနေခဲ့ပြီးဖြစ်သည်။ ကပိလဝတ် နန်းတော်သို့ ရံဖန်ကြွလာသော ဒေဝိလ ရသေ့ကြီးသည်

www.burmeseclassic.com

www.burmeseclassic.com



အဆင့်မြင့်တန်ခိုးအရှင်၊ ဈာန်အရှင်ဖြစ်၏။ ဘုရားရှင်ပင်လျှင် တပည့်ခံခဲ့ဖူးသော အာဠာရနှင့် ဥဒကရသေ့ကြီးတို့သည် ထိပ်တန်း လောကီတန်ခိုးရှင်၊ ဈာန်ရှင်များဖြစ်ကြကုန်၏။

သို့ရာတွင် ဈာန်တန်ခိုးများသည် လူသာမန်တို့လောက၌ အံ့ဘနန်းကြီးမားလှသော အလုပ်ဖြစ်သော်လည်း သူတော်စင်တို့၏ တရားဘောင်အတွင်း၌မူ သာမန်မျှသာဖြစ်သည်တစ်ကြောင်း၊ တန်ခိုးရှိတိုင်း၊ ဈာန်ရှိတိုင်း လူသာမန်တို့ကို ထင်မြင်စေလျှင် မလိုအပ်သောအပြစ်များ ဖြစ်ပေါ်လာနိုင်သည် တစ်ကြောင်းတို့ကြောင့် ဈာန်နှင့် တန်ခိုးရှင်တို့က အတတ်နိုင်ဆုံး လျှို့ဝှက် သိပ်သည်းကြသည်မှာ တရားလောက၏ အစဉ်အလာပင်ဖြစ်ပေ၏။

သစ္စာလေးဖြာ ဝိပဿနာဓမ္မစက်ဖြင့် မဂ်ရောက်ဖိုလ်ဝင် ဗုဒ္ဓသာသနာတော်၏ ရဟန္တာအရှင်မြတ်တို့အဖို့ကား ဈာန်တန်ခိုး ဟူသည် အသေးအဖွဲမျှသာတည်း။

ရာဇဂြိုဟ်သူဌေး ဈာန်ပြဿနာ ပေါ်ပေါက်လာသည့်အချိန်ကား ဘုရားရှင်သာသနာတော် ခြောက်နှစ်မြောက်၊ ဝါတော် ခြောက်ဝါမြောက်၊ ဘုရားရှင်သည် ရာဇဂြိုဟ်နှင့်မနီးမဝေးအရပ်ဖြစ်သော မကုလတောင် ချရားတော၌ သီတင်းသုံးနေတော်မူခိုက်ဖြစ်သည်။ သာသနာတော်သက်သည် နုလှစွာရှိသေး၏။ သို့ရာတွင် ထိပ်သီးတန်ခိုးရှင် ဈာန်ရှင် အရှင်မောဂ္ဂလာန်အစ ရဟန္တာ သာမဏေ ကလေးများအဆုံး တန်ခိုးအရှင် ဈာန်အရှင်တို့ကား မရေမတွက်နိုင်အောင်ပင် ပေါများလှပြီဖြစ်၏။

သို့ရာတွင် ဖော်ပြပါအတိုင်း အစဉ်အလာအားဖြင့် လျှို့ဝှက်ကြသည်။ ဈာန်တန်ခိုးဟူသည် လေးချက်သစ္စာ ဝိပဿနာ၏ အောက်၌ မရေတွက်အပ်သော သာမန်ကိစ္စမျှဖြစ်သောကြောင့်လည်း အမှတ်မဲ့ပင် နေတော်မူကြသည်။ ဘုရားရှင်ကိုယ်တော်တိုင်ကလည်း မိမိတရားမှ ရလှာဆိုက်ရောက်လှာသော အကျိုးတရားများကို ကိုယ့်အသက်ဖြင့်ပင်လဲ၍ လျှို့ဝှက်သိပ်သည်းစေသည်။ တပည့်ရဟန်း မှန်သမျှတို့အား တရားဖြင့် မပလွှားစေရ။ ဤနည်းဖြင့် ယမန်တစ်နှစ်က ရဟန္တာကြီးများ အခြံအရံဖြင့် ရာဇဂြိုဟ်မှ ကပိလဝတ်သို့ ယူဇနာခြောက်ဆယ်တိုင် ခရီးဖြင့် ပြည်တော်ဝင် စဉ်ကပင်လျှင် ကောင်းကင်ဈာန်ကို အသုံးမပြုစေဘဲ ခြေကျင်ခရီးဖြင့်သာ နမူနာပြ ကြွတော်မူခဲ့ကြသည်မဟုတ်ပါလော။

သင်္ဂါယနာ အထပ်ထပ်တင်ကာ ပိဋကတ်ကျမ်းဂန်များ ပြန့်ပွားလာသော အနာဂတ်အချိန်၌ ဈာန်အကြောင်း၊ တန်ခိုးအကြောင်းများကို သင်ကြ သိကြရ၍ ရိုးသယောင်ပင် ဖြစ်၍ နေပြီဖြစ်သော်လည်း သာသနာတော်အစ ထိုအချိန်ကမူ ဤနည်းဤပုံဖြင့် သိပ်သည်းခဲ့ကြသည်။ ထို့ကြောင့် ဈာန်ဟူသည် အတွေ့ရ အကြုံခဲ

www.burmeseclassic.com



နည်း၍ ကောလာဟလအဖြစ်မျှ တည်ရှိနေခဲ့ပေရာ၊ ရာဇဂြိုဟ် သူဌေး၏ သံသယမှုသည် ဖြစ်မည်ဆိုလျှင်လည်း ဖြစ်လောက်စရာပင်ရှိပေသည်။

''ကဲ ။ ။ ။ ကိုယ့်လူတို့။ ကျုပ်အိမ်မှာ စန္ဒကူးတွေ တစ်ပုံကြီးပါဗျာ။ ဟောဒီ စန္ဒကူးတုံးကြီးကတော့ ကျုပ်အကြံအစည်ကို အကောင်အထည်ဖော်ဖို့ ကံပေးလှာတဲ့ စန္ဒကူးကြီးပဲ။ လောကမှာ သူကပဲဘုရား၊ ငါကလဲဘုရားနဲ့ ဘုရားရဟန္တာဆိုသူတွေ သိပ်များတာပဲဗျာ။ တခြားနေရာတွေထားပါဦးတော့ ကျုပ်တို့ ရာဇဂြိုဟ်မှာကို အင်မတန် များလှပြီ။ အခုလဲပဲ မကြာလှသေးဘူး၊ ဂေါတမဘုရားဆိုတာ ကျုပ်တို့ တော်ကြီးဘုရား ကိုယ်တော်တိုင်တောင် ပျပ်ဝပ်ကိုးကွယ်ရတယ်။

''တိုတိုပြောကြပါစို့ ကျုပ်ကတော့ ကိုယ်တွေ့မဟုတ်ရင် ဘာမှမယုံချင်ဘူးဗျ။ ဘုရား ရဟန္တာဆိုသဟာ ဈာန်ပျံနိုင်ရမယ်။ ဈာန်ပျံတယ်ဆိုတဲ့ ရသေ့ ရဟန်းတွေ အကြောင်းကို ရှေးဟောင်းပုရာဏ်ကျမ်းတွေမှာ အများကြီးဖတ်ရတယ်။

''ဒီတော့ တွေ့ဖူးကြရအောင် ဟောဒီစန္ဒကူးကြီးနဲ့ စမ်းသပ်မယ်ဗျာ။ ဒီစန္ဒကူးတုံးကို သပိတ်ထု၊ ကျုပ်အိမ်ဝင်းထဲမှာ အတောင်ခြောက်ဆယ်လောက် တိုင်ကြီးစိုက်၊ သပိတ်ကို တိုင်မှာချိတ်ထား၊ ဘုရားရဟန္တာဆိုသူတွေ ဈာန်နဲ့ကြွလာပြီး ယူကြပစေ။ တကယ်လို့ ယူနိုင်မယ်ဆိုရင် အဲဒီဘုရားရဟန္တာကို ကျုပ်ရော၊ ကျုပ်သားမယား အသိုက်အဝန်းရော တစ်သက်လုံးကိုးကွယ်ပူဇော်မယ်။ အဲဒီအကြံ မကောင်းဘူးလား''

''သိပ်ကောင်းလှပါတယ် သူဌေးမင်း၊ ကျွန်တော်တို့လည်း သူဌေးမင်းလိုပဲ ကိုယ်တွေ့မျက်မြင် တွေ့လိုကြပါတယ်။ ပေါ်လာရင် အဲဒီဘုရားရဟန္တာကို ပူဇော် ကိုးကွယ်ကြပါမယ်''

ဤနည်းဖြင့် ရာဇဂြိုဟ်သူဌေး၏ အကြံအစည်မှာ ရာဇဂြိုဟ်ဝန်းကျင်တွင် အုတ်အော်သောင်းတင်းဖြစ်သည်အထိ အကောင်အထည်ပေါ်လာပေသည်။ သူဌေး အိမ်ရှေ့တွင် အတောင်ခြောက်ဆယ်ရှိတိုင်ကြီး ထီးထီးမားမား ပေါ်ပေါက်လာသည်။ တိုင်ထိပ်တွင် စန္ဒကူးသပိတ်ကို ဆိုင်းကြိုးဖြင့် ချိတ်ဆွဲထားသည်။ လူတိုင်းစိတ်ဝင်စား ကြသည်။ တရုံးရုံးနှင့် လာရောက်ကြည့်ရှုကြသည်။ ဈာန်ပျံသည်ကို ကြည့်လိုကြသော ကြောင့်လည်းဖြစ်၏။ သူဌေး၏ ထူးခြားသော စိတ်ကူးကြောင့်လည်းဖြစ်၏။ ကြားရုံသာ ကြားဖူး၍ မမြင်ဖူးသော တန်ဖိုးများလှသည့် စန္ဒကူးသပိတ်ကြောင့်လည်းဖြစ်၏။

ဤတွင် ပုရာဏ ကဿပ၊ မက္ခလိဂေါသာလ၊ နိဂဏ္ဍာနာဋ္ဌပုတ္တ၊ သိဉ္စယဗေလဋ္ဌ၊ ပကုဓကစ္စာယန၊ အဇိတကေသ ကမ္ဗလဟူ၍ ရာဇဂြိုဟ်တွင်

www.burmeseclassic.com

www.burmeseclassic.com



ကျော်ကြားလှသော ဘုရား အမည်ခံဆရာကြီးခြောက်ဆူ၊ ဂိုဏ်းကြီး ခြောက်ဂိုဏ်း အနက်မှ ထိပ်သီးဆရာဖြစ်သော ပုရာဏကဿပ ဆရာကြီး စခန်းထလာသည်။ ရာဇဂြိုဟ်တွင် ထိပ်သီးဘုရား၊ ထိပ်သီးဆရာကြီးအမည်ခံထားပါလျက် လူသိရှင်ကြား ဤကိစ္စတွင် လက်ရှောင်နေလျှင် မသင့်လျော်ဟုမြင်သည်။

သို့ရာတွင် ရွှေခါချည် မာန်ကြီး၍ တောင်ကြီးကို ဖြိုဖို့ကြံသော်လည်း ခါးမသန်သည့်ကခက်သည်။ ဖြစ်သည့်နည်းနှင့်ပင် ဖြိုရပေမည်ဟု အားတင်း၏။ ဖြိုမည့်ဟန်ကား တပည့်ဒလန်များ ထိုရာဇဂြိုဟ်သူဌေးထံသို့ စေလွှတ်ခြင်းပင်ဖြစ်ပေသည်။ သပိတ်ကလေးမျှသော အကြောင်းဖြင့် ဈာန်ပျံရမည် ဆိုသည်မှာ သေးနုပ်လှပါသည်။ ထို့ကြောင့် သေးနုပ်သောကိစ္စအတွက် ကြီးမားသောဈာန်ကို မသုံးစေသင့်ပါ။ ငါတို့ ဆရာထက် တန်ခိုးကြီးသူမရှိ။ အလိုက်သင့်ဖြုတ်ယူ၍ ပေးလှူပါဘိ ဟူ၏။

သူဌေးကလည်း ခပ်ရှင်းရှင်းပင်။ အဲဒီကြီးတဲ့တန်ဖိုးကို ကြည့်ချင်လို့ တမင်စီစဉ်ထားတာ။ တန်ခိုးနှင့် ဈာန်နှင့်မယူနိုင်ရင် ကန်တော့ဆွမ်းပါပဲဘုရားဟု လျှောက်ထားလိုက်သည်။ ပုရာဏ ကဿပ လက်လျှော့ သွားရတော့သည်။

နောက်တစ်ဦး စခန်းထလာသူကား နိဂဏ္ဍ နာဋပုတ္တဆရာဖြစ်၏။ သူကတော့ ယူနည်းယူဟန် ပရိယာယ်လေး ဆင်လာသည်။ ဆင်ဟန်ကား သပိတ်ကို ဈာန်ဖြင့် ယူတော့အံ့ဟု သူ့တပည့်အသိုက်အဝန်းများနှင့်အတူ တိုင်ခြေသို့ရောက်လာကြသည်။ သူတို့ကို ကိုးကွယ်သူတို့က အထူးအဆန်းမြင်ရတော့အံ့ဟု ဝိုင်းအုံလာကြသည်။

ဟန်တစ်လုံးပန်တစ်လုံးနှင့် ရောက်လာသူဖြစ်၍ သူဌေးကလည်း အကယ်ပင် ဈာန်ပျံသည်ကို တွေ့ရတော့အံ့ဟု ဝမ်းမြောက်သည်။ သို့ရာတွင် နာဋပုတ္တဆရာက ဈာန်ပျံတော့အံ့ဟု ဟန်နှင့်ပန်နှင့် ခြေတစ်ဖက်ကို မြှောက်လိုက်သောအခါ ချိတ်ဆက်လုပ်ထားသော အနီးရှိ တပည့်ကြီးများက "အရှင်ဘုရား သပိတ်ကလေး တစ်လုံးဟူသော အကြောင်းနှင့်မျှဖြင့် တစ်သက်လုံး လျှို့ဝှက်လာသော ဈာန်ကို အသုံးပြုမည်ဆိုသည်မှာ တရားနှင့် မကိုက်ညီပါ၊ မလျော်ပါ။ သို့ပါ၍ အသုံးမပြုသင့်ပါ" ဟု သရုပ်ပါပါနှင့် ဝိုင်း၍ တောင်းပန်ကြသည်။

ထို့နောက် "ကဲ ။ ။ ။ မြင်တဲ့အတိုင်းပဲ ဒါယကာ သူဌေးမင်း။ ဈာန်ကို နေရာတကာမှာ အသုံးပြုဖို့ဟာ ငါတို့တရားနှင့် မဆီလျော်ဘူး။ ငါတို့ မတားလျှင် ငါတို့ဆရာဟာ ဈာန်ပျံမိတော့မလို့ပဲ။ ဒီတော့ တရားနှင့်လည်းလျော်အောင်၊ ငါတို့ဆရာလည်း မပင်ပန်းအောင် အလိုက်သင့်ပဲ ဖြုတ်ပြီး လှူလိုက်ပါတော့ သူဌေးမင်း" ဟု လော်ခတ်လိုက်သည်။ သူဌေးကလည်း ခပ်ရှင်းရှင်း ခပ်တင်းတင်း။ မယုံသင်္ကာ

www.burmeseclassic.com

www.burmeseclassic.com



ပြုံးရွှင်စွာဖြင့် "ဘာတွေ ညာတွေ ပြောနေစရာမလိုပါ။ ရှာန်ဖြင့် ယူနိုင်မှသာ ရပါလိမ့်မည်" ဟု လျှောက်ထားလိုက်သောကြောင့် ရှာန်ပုံဦးမည်ဟု ဟန်တပြင်ပြင် လုပ်နေသောဆရာကို အတင်းဆွဲခေါ်သွားရသည့် ပုံစံဖြင့် ဆွဲခေါ်၍ လက်လျှော့ သွားကြတော့သည်။

အခြား ဘုရားအမည်ခံ ဆရာများလည်း နည်းမျိုးစုံ ပရိယာယ်အသွယ်သွယ် ဖြင့် ကြိုးစားကြပါသေး၏။ အချည်းနှီးပင်။ ပုရာဏ ကဿပမှာ ရာဇဂြိုဟ်၏ ထိပ်သီး ဆရာဖြစ်၍ မိမိသိက္ခာကို ထိန်းရန်အတွက် သပိတ်ကို ရနိုင်စကောင်း၏ဟူသော မျှော်လင့်ချက်ဖြင့် မရသော်ရှိ ရသော်ရှိ စမ်းသပ် စေလွှတ်လိုက်ခြင်းဖြစ်သည်။

နာဋပုတ္တဆရာကား မနောတစ်မျိုးဖြင့် အကွက်ချ၍ ပရိယာယ်ဆင်လာခြင်း ဖြစ်သည်။ အကြောင်းကား အခြားဆရာကြီးများသည် မဇ္ဈိမတွင် အစဉ်အလာ ရှေးဟောင်း သာသနာပိုင်များ ဖြစ်သော်လည်း ဂေါတမဗုဒ္ဓကား သူ့သာသနာနှင့် မရှေးမနှောင်း ပွင့်ပေါ်လာသော စင်ပြိုင်သာသနာဖြစ်သည်။ မျိုးရိုးအားဖြင့်လည်း သူသည် အခြားဆရာများကဲ့သို့ တော်ရုံလျော်ရုံ ပေါ်ပေါက်လာသူမဟုတ်။ ဂေါတမ ဗုဒ္ဓကဲ့သို့ မင်းမျိုးရာဇာမှ ပေါ်ပေါက်လာသူဖြစ်သည်။

မလိုတမာ ဣဿာဟူသည် စင်ပြိုင် ဂုဏ်ပြိုင်များ အပေါ်တွင်သာ ပို၍ရှိမြဲ ဖြစ်သည်။ နာဋပုတ္တက ဂေါတမဗုဒ္ဓကို စင်ပြိုင်ဂုဏ်ပြိုင်ဟု မြင်သည်။ ထို့ကြောင့် ကျော်ကြားသော ဘုရားအမည်ခံ ခြောက်ဆူအနက် သူသည်သာ နေရာတကာတွင် ဂေါတမဗုဒ္ဓနှင့် နေရာများစွာတွင် ပြိုင်ဆိုင်ခဲ့သည်ကို ပိဋကတ်တော် နေရာများစွာတွင်ပင် တွေ့ရှိနိုင်ကြပေသည်။

အိုးစရည်းကဲ့သို့ ဘုရားတစ်ဆူလည်းဖြစ်၊ ဣဿာကြောင့် ဖွင့်၍ဝန်မခံ နိုင်သော်လည်း ဂေါတမဗုဒ္ဓ၏ အရည်အသွေးကိုမူ သိသည်သာဖြစ်၏။ ယခု ရာဇဂြိုဟ် သူဌေးကိစ္စတွင် မိမိက လက်မဦးဘဲ ဂေါတမဗုဒ္ဓ လက်ဦးသွားခဲ့သော် အရှက်ရဖို့ရှိသည်။ ဤနည်းဖြင့် သပိတ်ရနိုင်ကြောင်း ပရိယာယ်ဆင်ကား နာဋပုတ္တဆရာ ဝင်လာခြင်း ဖြစ်၏။

ဤကိစ္စတွင် ပိဋကတ်တော်များနှင့် မလိုအပ်လှသဖြင့် ဖွင့်မထုတ်ခဲ့သော အကြောင်းတစ်ရပ်ရှိနေ၏။ ယင်းသည်ကား တိတ္ထိဆရာကြီးများသည် မိမိတို့ တန်ခိုးရှင် ရှာန်ရှင်ဖြစ်ကြောင်း၊ ပလွှားလိုယုံမျှဖြင့် သပိတ်ကိစ္စတွင် ဝင်ရောက်လာခြင်းဖြစ်သည်ဟု ဆိုသော်လည်း စင်စစ်သော်ကား အဖိုးမဖြတ်နိုင်အောင် တန်ဖိုးကြီးလှသော စန္ဒကူးကို မက်မောသောကြောင့်လည်းဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

ဤတွင် တန်ခိုးတော်သခင် အရှင်မောဂ္ဂလာန်တို့ စွက်ဖက်ခွင့်ကြုံလာသည်။ ကြုံလာဟန်ကား ဘာမဟုတ်သည့် ကိစ္စလေးအတွက် သာသနာတော်အရေး ဒါယကာ ဒါယိကာမတို့ အထင်သေး ခံရတော့မည်ကို စိုးရိမ်မိခြင်းဖြစ်ပေသည်။

သူဌေးသပိတ်နှင့် တိတ္ထိကြီးတို့၏ လှုပ်ရှားမှုသတင်းသည် ဘုရားရှင်နှင့်အတူ ချရားတောတွင် သီတင်းသုံးလျက် ရှိကြသော အရှင်မောဂ္ဂလာန်တို့အထံသို့ ဆွမ်းခံ ရဟန်းတော်များမှတစ်ဆင့် ရောက်လာသည်။ ယနေ့သော် သတင်းရောက်လာရုံမျှ သာမက နားနှင့်ဆတ်ဆတ်ပင် ကြားလာရသည်။

အရှင်မောဂ္ဂလာန်နှင့် တပည့်အရှင်ပိဏ္ဍောလထေရ်တို့သည် ချရားတောမှ ရာဇဂြိုဟ်အနီး တောစပ်ရှိ ကျောက်ဖျာသို့ တန်ခိုးဖြင့် ကြွလာကာ ဆွမ်းခံဝင်ရန် ကျောက်ဖျာပေါ်တွင် သက်နိုးဝတ်ရုံကြမြဲဖြစ်သည်။ ယနေ့ အရှင်နှစ်ပါး သင်္ကန်းဝတ်ရုံ နေကြစဉ် ကျောက်ဖျာအနီးသို့ အမှုလုပ်ဦးကြီးတစ်သိုက်တို့ စကားပေါင်ဖွာနှင့် ရောက်လာကြသည်။ သူတို့၏ လေသံမှာ မိမိတို့အနီးတွင် သင်္ကန်းဝတ်ရုံလျက်ရှိသော အရှင်မောဂ္ဂလာန်တို့အား စောင်းမြောင်းလိုက်ဟန်လည်းရှိ၏။

“ခုနစ်ရက်ပြည့်တော့မည်။ ငါတို့သူဌေးသပိတ်ကို ကောင်းကင်ဖြင့် လာ၍ ယူနိုင်သူကား တစ်လူမျှမပေါ်လာ။ ဤလူ့ရွာ၌ ဘုရားရဟန္တာမရှိသော အဖြစ်ကို စင်စစ် ယခုမှပဲ သိရပေတော့သည်” ဟု ဦးကြီးတစ်ဦးက ပြောလိုက်သောအခါ အခြားတစ်ဦးက –

“ဒီနေ့ဆို ခုနစ်ရက်ပြည့်ပြီပေါ့၊ ခုနစ်ရက်ပြည့်လို့မှ လာယူမည့်သူမပေါ်ရင် သူ့သပိတ်ကို ဖြုတ်တော့မှာ”

“တော်ပြီ တန်ပြီ၊ ဘုရားရဟန္တာလို့ ကြွားလုံးထုတ်သူတွေကဖြင့်ပေါ်များ လှပါပေ့။ တကယ်တမ်းကျတော့ သပိတ်ကလေးကိုတောင် ယူနိုင်သူ ပေါ်မလာဘူး။ နောက်ဆိုရင် ကျုပ်တို့တော့ ဘုရားရဟန္တာပါလို့ ကြွားဝါလာလျှင် နားပင်မထောင်လိုတော့ ပါပြီ” စသည်ဖြင့် သံတိုင် သံဖောက်ညီညီ ပြောဆိုလာကြသည်ကို ကြားရသောအခါ အရှင်မောဂ္ဂလာန်အဖို့ သာသနာတော်ကို မတော်မလျော် ရှုတ်ချခံရသည့်အရေး၊ သနားဖွယ် ဒါယကာတို့ ယုံမှားစွာ သိမြင်နေကြသည့် အပါယ်ဘေးကြောင့် ရင်လေးစွာ သံဝေဂ ရမိလေတော့သည်။ ထို့ကြောင့် –

“ကဲ ‥ ‥ ငါ့ရှင် ပိဏ္ဍောလ။ ။ ဤကိစ္စတွင် ငါတို့ ကြားသိပါလျက် သတိမချပ် ကြောင့်ကြမဲ့နေချေသော် သုံးထွေသော ရတနာ၌ သတ္တဝါတို့သည်

www.burmeseclassic.com

www.burmeseclassic.com



ကြီးစွာသော ယုံမှားခြင်းဖြစ်၍ မွှန်းနစ်သူများကုန်လတ္တံ့။ ထို့ကြောင့် သင်သည် ကောင်းကင်ဖြင့်သွား၍ ထားအပ်သောသပိတ်ကို ယူပါချေလှည့်'' ဟု အမိန့်ရှိလိုက်သည်။

''သင့်လှပါ၏ဘုရား။ သို့သော် အရှင်မြတ်ကား ကြီးမားသော တန်ခိုးရှင်တို့ထက် အဆထောင်, ရာ သာလွန်သော ဆရာသခင်ဖြစ်ပါသည်။ ကေသရာဇာခြင်္သေ့မင်း ရှိပါလျက်ကို မြေခွေးတို့မဟောက်သင့်ဟုထင်ပါသည်။ အရှင်မြတ်သာ ယူတော်မူပါ''

ထိုအခါ ဆရာဖြစ်သူ အရှင်မောဂ္ဂလာန်က ''ဤကိစ္စကား ငါ့အရှင်အတွက် သင့်လျော်သော ကိစ္စဖြစ်ပေ၏။ ကြွ၍သာယူပါဘိ'' ဟု ထပ်မံ တိုက်တွန်း၍ ဆွမ်းခံ လမ်းဆီသို့ တစ်ပါးတည်း ထွက်ကြွသွားတော်မူသည်။

ထို့ကြောင့် တန်ခိုးရှင်ဆရာ၏တပည့်ပီပီ ချက်ချင်းပင် တန်ခိုးပရိကမ်ကို ပြင်ဆင်လိုက်သည်။ သာမန်ပြင်ဆင်ရုံမျှမဟုတ်၊ ရာဇဂြိုဟ်သူဌေးအပြုအမူကြောင့် ဤလောက၌ ဘုရားရဟန္တာမရှိလေတကားဟု ယုံမှားခြင်းကြီး ယုံမှားလျက်ရှိနေကြသော ရာဇဂြိုဟ် ပြည်သူပြည်သားတို့အား ယုံမှားခြင်းကင်းပျောက်စေလိုသော ဆရာ၏ ဆန္ဒအတိုင်း နန္ဒောပနန္ဒ နဂါးမင်းအား ဆရာသခင် အရှင်မောဂ္ဂလာန်နှင့်နှိမ်နင်းစဉ်က အသုံးပြုခဲ့သော အဆင့်မြင့် တန်ခိုးအရာ စတုတ္ထဈာန်အထိ ဝင်စားတော်မူလိုက်ကာ သပိတ်ကို မယူသေးမီ ရှေးဦးစွာအဖြစ် သက်နံ့ဝတ်ရုံလေ့ရှိသော ကျောက်ဖျာကြီးကို ခြေမဖြင့် ညှပ်၍ ရာဇဂြိုဟ်မြို့ပေါ်သို့ ဝဲပျံပြလိုက်သည်။ ခုနစ်ကြိမ် ခုနစ်ပတ်အထိပင် ဖြစ်၏။ ရာဇဂြိုဟ်သားတို့အဖို့ မြင်းမိုရ်တောင်ကြီးပင် ကြွေလွင့်လာလေသလား မိုးပင် ပြိုလာခဲ့ပြီလော . . . ဟု ပြေးလွှားပုန်းအောင်းကုန်ကြရသည်။

ထို့နောက်တွင်မှ ကျောက်ဖျာကို မူရင်းနေရာသို့ ပြန်လည်ရောက်ရှိစေကာ ကောင်းကင်ထက်၌ အရှင်ပိဏ္ဍောလ ထွက်ပေါ်လာသောအခါ ရာဇဂြိုဟ်သားတို့ အံ့ဩတုန်လှုပ်စွာဖြင့် အရှင်ပိဏ္ဍောလအား ပူဇော်ရှိခိုးကြသည်။

ဈာန်တန်ခိုးကို မျက်ဝါးထင်ထင် တွေ့မြင်ကြရပြီ မှန်ပါ၏။ သို့ရာတွင် စေတနာ လွန်မိသွားသော ဈာန်တန်ခိုးကြောင့် ရာဇဂြိုဟ်တစ်မြို့လုံး အုတ်အော် ရုန်းရင်း ကသောင်းကနင်း ဖြစ်သွားရသည့် သတင်းသည် ဘုရားရှင်ထံတော်သို့ နေ့ချင်းပင် ရောက်ရှိသွားသောကြောင့် အရှင်ပိဏ္ဍောလအဖို့ ဘုရားအရှင်၏ ပြစ်တင်ရှုတ်ချခြင်း ခံရရုံမက တပည့်သား ရဟန်းများသည် ပစ္စည်းလေးပါးတည်းဟူသော အကြောင်း ကြောင့် တန်ခိုးမပြရဟု ဝိနည်းဥပဒေတစ်ရပ်ပင် ပညတ်ခြင်းခံလိုက်ကြရသည်။

သံသယကြောင့် စိတ်ကူးဆန်းထွင်မိသော ရာဇဂြိုဟ်သူဌေး၏ ပြဿနာသည် ကင်းပျောက်သွားသည်။ ကင်းပျောက်ရုံမျှမက ထိတ်လန့် ပုန်းအောင်းရသူတို့အထဲတွင်

www.burmeseclassic.com

www.burmeseclassic.com



သူလည်းပါဝင်လေရာ အရှင်ပိဏ္ဍောလ ကြွရောက်လာသည်ကို ကောင်းကင်တွင် မြင်ရသည်နှင့်တစ်ပြိုင်နက် ကိုယ်တော်တိုင် အယူကိုပင်မစောင့်တော့ဘဲ သပိတ်ကို ဆွဲထားသော ကြိုးမှ အလိုက်သင့်ဖြုတ်ယူ၍ ဆွမ်းကွမ်းအပြည့်ဖြင့် ကိုယ်တိုင် ပေးလှူသည်။ အရှင်ပိဏ္ဍောလနှင့် ဘုရားရှင်သာသနာတော်၌ ဒါယကာခံသည်။

စန္ဒကူးသပိတ်မှုကား သပိတ်အဖြစ်မှ ကွယ်ပျောက်သွားရသည်။ အကြောင်းမှာ တန်ခိုးကြောင့်ရလာသော သပိတ်ကို ဆေးဖက်ဝင်လှသော စန္ဒကူးဖြစ်သည့်အတိုင်း အမှုန့်အညက်ပြုလုပ်စေကာ တပည့်ရဟန်းအားလုံးအတွက် မျက်စဉ်းဆေးဝါးအဖြစ် အသုံးပြုစေသည်။ ဤသည်ကား ရာဇဂြိုဟ်သူဌေး၏ စန္ဒကူးအကြောင်းရပ်ဖြစ်သည်။

[ ၄ ]

အခြားအကြောင်းတစ်ရပ်ကား ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည်။ ကျွန်ုပ်တို့ ပြည်ထောင်စုမြန်မာနိုင်ငံ၌ အနာဂတ်ပွင့်လင်းထွန်းတောက်လာလတ္တံ့သော ဗုဒ္ဓ သာသနာတော်၊ ယနေ့ ထွန်းတောက်လျက်ရှိသော ပစ္စုပ္ပန်သာသနာတော်သည် စန္ဒကူးဖြင့် စတင်ခဲ့သည်ဟု ဆိုသော် ဆိုနိုင်ရာပေ၏။ စတင်ခဲ့သူကား ရှေးအခေါ် ဝါဏိဇ္ဇဂါမ၊ ယနေ့အခေါ် မင်းဘူးမြို့နယ် ကျောင်းတော်ရာရွာ ဒါယကာ ဒါယိကာမတို့ ပါပေတည်း။

မြန်မာနိုင်ငံ သာသနာတော်သမိုင်း၊ လူ့သမိုင်းအရ ဘုရားရှင် သာသနာတော် သည် မွန်ပြည်နယ်တွင် အရှင်သောဏမထေရ်၊ အရှင်ဥတ္တရမထေရ်တို့မှစတင်ကာ ပုဂံသို့ကူး၍ နိုင်ငံအလုံး ပျံ့နှံ့လာသည့်အကြောင်းကို အများသိရှိလက်ခံပြီးဖြစ်ကြ၏။ သို့ရာတွင် ဘုရားရှင်ကိုယ်တော်တိုင်နှင့် သာသနာတော်သည် မင်းဘူး ကျောင်းတော်ရာ ဒါယကာတို့ဖြင့် အခြားနည်းအားဖြင့် စတင်ခဲ့ပေသည်။

ရွာအမည်က ဝါဏိဇ္ဇဂါမ၊ သူတို့အမည်က မဟာပုဏ္ဏနှင့် စူဠပုဏ္ဏ၊ စူဠပုဏ်, မဟာပုဏ်။ သာသနာတော်နှင့်သက်ဝင်ရင်းနှီးလှသောအမည်များပင်ဖြစ်ပေ၏။

သဘော်ပိုင်ရှင်ကုန်သည်ကြီးများဖြစ်ကြသော မဟာပုဏ်နှင့် စူဠပုဏ်တို့သည် မဇ္ဈိမသို့ ကုန်အကူးရောက်ရင်းမှ ဘုရားရှင်ကို ဖူးတွေ့ကြရသည်။ ဘုရားရှင်၏ တရားတော်ကို နာရသောအခါ မဟာပုဏ် အကျွတ်တရားရ၍ တန်ခိုးရှင် ရဟန္တာ အရှင်မဟာပုဏ်ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကုန်သည်ကြီး စူဠပုဏ်သည် အမိနိုင်ငံသို့ ပြန်လာသောအခါ လေမိုးကြောင့် သင်္ဘောလွင့်၍ မမျှော်လင့်သော ကျွန်းထူးတစ်ကျွန်းသို့ ဆိုက်ရောက်သွားသည်။ စန္ဒကူးကျွန်းပေတည်း။

သို့ရာတွင် ကျွန်းသူ ကျွန်းသားတို့က သူတို့ စန္ဒကူးကို အယူမခံ။ အသက်ဘေး အထိ အနှောင့်အယှက် ပြုလာသောကြောင့် အရှင်မဟာပုဏ်က တန်ခိုးဖြင့် ကယ်တင်ရသည်။ နေရင်းဝါဏိဇ္ဇဂါမသို့ ရောက်အောင်လည်း ပို့ပေးလိုက်သည်။

နောင်တော်အရှင်၏ တန်ခိုးတော်၊ နောင်တော်၏ ဆရာသခင်ဖြစ်သော ဘုရားရှင်၏ တန်ခိုးတော်ကြောင့် ရလှာသော စန္ဒကူးများကို စိတ်ရင်းကောင်းရှိပြီးသော စူဠပုဏ်တို့က လောဘမသက်၊ ဝါဏိဇ္ဇဂါမ အနီးရှိတောင်ပေါ်တွင်ကျောင်းဆောက်၍ စန္ဒကူးကျောင်းဝန်းပြုလုပ်ကာ ဘုရားရှင်အားပေးလှူသည်။ ဘုရားရှင်ကိုယ်တိုင် ကြွလာပြီး အလှူခံတော်မူသည်။ ဘုရားရှင်အပြန်တွင် မြန်မာပြည်သူပြည်သား၊ ကျောင်းတော်ရာသားတို့ မပြတ်ကိုးကွယ်နိုင်ရန် ဘုရားရှင်၏ အထိမ်းအမှတ်ဖြင့် ခြေတော်ရာများ ပေးချသွားခဲ့သည်။ ယနေ့တိုင် ကျော်ကြားလျက်ရှိသော ရွှေစက်တော် ပါပေတည်း။

ပြောလိုသည်ကား စန္ဒကူးအကြောင်းရပ်ပင်ဖြစ်ပေသည်။ အနာထပိဏ်၏ ဇေတဝန်သည် ရွှေနှင့်စက်၍ ဆောက်သောကြောင့် သိန်းသန်းကုဋေကုန်ချင်သလောက် ကုန်ပါလိမ့်မည်။ ဝိသာခါ၏ ပုဗ္ဗာရုံသည်လည်း အလားတူကုန်ကျပါလိမ့်မည်။ သို့ရာတွင် လက်လေးသစ်မျှသည်ပင် အဖိုးတစ်သိန်းထိုက်သော စန္ဒကူးဖြင့် ကျောင်းဆောက်၍ လှူနိုင်သူများသည်ကား မြန်မာနိုင်ငံသား စူဠပုဏ်တို့ပင်ဖြစ်ကြောင်း ဖော်ပြလိုခြင်း ပင်ဖြစ်ပေသည်။ ယခုသော် စန္ဒကူးပါရမီရှင်ကလေး မောင်စန္ဒာ၊ သို့မဟုတ် လူထူးကလေး ငွေစန္ဒာအကြောင်းကို ထုတ်ဖော်လှည့်ရောက်ပေပြီ။

[ ၅ ]

ရတနာသိုက်ကြီးအတွင်းသို့ရောက်နေပြီး ရွှေငွေရတနာတို့ကို တွေ့ရပါလျက် ရွှေငွေ ရတနာမှန်းမသိသောသူကဲသို့ ဤဦးကြီးတို့သည်ကား ရိုးလှစွာ၏။ အကြောင်းကား စန္ဒကူးဖြူတော်ကြီးတစ်ခုလုံးကိုပင် အပိုင်ရနေပါလျက် အဖိုးတန်မှန်းလည်းမသိ၊ စန္ဒကူးဟု လည်းမသိ။ သူတို့သိသည်မှာကား မွှေးသောသစ်၊ လှသောသစ် အဖြစ်မျှသာ သိ၍ ထင်းမီးအတွက် အသုံးပြုရုံ သာသာမျှသာတည်း။

သို့သော် ဤစန္ဒကူးတောကို ရံဖန် စွန့်စွန့်စားစား သွားရောက်လုပ်ကိုင်သော ဦးကြီးတစ်ယောက်သာသိသည်။ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ ထင်းသာသာမျှသာ အသုံးဝင်သော သူတို့ရွာသူရွာသားများအဖို့ အကြောင်းမထူးလှ။

www.burmeseclassic.com

www.burmeseclassic.com



စန္ဒကူး၏ တန်းဖိုးကိုသိသော ဗာရာဏသီမှ ကုန်သည်ကြီးတစ်ယောက်က ဤသတင်းကို တစ်နည်းနည်းဖြင့်ရရှိလာသောအခါ လက်ဆောင်မျိုးစုံဖြင့် ယင်းဦးကြီးဆီသို့ ချဉ်းကပ်လာသည်။ ပထမသော် ကုန်သည်ကြီးတို့သဘာဝအတိုင်း တောသားတစ်ယောက်အပေါ်၌ ရနိုင်သလောက်လိုးဖြတ် အမြတ်ထုတ်ယူရန် ရည်ရွယ်ခဲ့သော်လည်း စေတနာသန့်သန့်ဖြင့် ရိုးသားလှစွာသော ဦးကြီး၏ ကူညီမှုနှင့် အသွင်အပြင်များကို တွေ့ရသောအခါ ဗာရာဏသီသို့ပင်ခေါ်ယူကာ စီးပွားတူကုန်ဖက်အဖြစ်သို့ မြှင့်တင်ပေးလိုက်သည်။ အကြောင်းသော်ကား တောသားဦးကြီးသည် လူရိုး လူဖြောင့် တစ်ယောက်ဖြစ်သကဲ့သို့ ကုန်သည်ကြီးသည်လည်း ကဿပဘုရားရှင်၏ ဒါယကာ တစ်ယောက်ဖြစ်သောကြောင့်တည်း။

ယင်းသို့လျှင် ထုတ်ယူ၍ မကုန်နိုင်အောင် ပေါများလှသည့် အခြေခံစန္ဒကူးတောကြီးကို သိထားသော တောသားဦးကြီးနှင့် ဗာရာဏသီကုန်သည်ကြီးတို့သည် စန္ဒကူးသူဌေးများ ဖြစ်လာကြသောအခါ ကဿပဘုရားရှင်နှင့် သံဃာတော်များ လိုအပ်သမျှ စန္ဒကူးများကိုလှူဒါန်းသည်။ အထူးသဖြင့် ကဿပဘုရားရှင် ပရိနိဗ္ဗာန်စံဝင်သည်နှင့် ကြုံလာသောအခါ မိမိတို့၏ စန္ဒကူးထင်းဖြင့် ပူဇော်သဂြိုဟ်သည်။ ဘုရားရှင်၏ အရိုးဓာတ်တော်စေတီတော်ကို စန္ဒကူးနှစ်ဖြင့် တည်ဆောက်ပူဇော်သည်။

ဤသည်ကား လူရိုးဦးကြီး၏ ရှေးကောင်းမှုပေတည်း။ ယင်းကောင်းမှု၏ အကျိုးဆက်ကား နတ်ရွာသုဂတိဆိုသည်တို့ကိုထားပါတော့၊ ဂေါတမဘုရားရှင်လက်ထက်တော်တွင် ရာဇဂြိုဟ် သူဌေးအသိုက်အဝန်း၌ ချမ်းသာစွာ မွေးဖွားလာသည်ကိုလည်း ကုသိုလ်ဒါနရှင်များ၏ ယေဘုယျ အကျိုးပေးများဖြစ်၍ ထားပါဦးတော့။

ထိုသည်တို့ထက် ထူးခြားချက်ကား မွေးလာသည်ဆိုကတည်းက ဝင်းဝါဖွေးနေသော ကိုယ်ခန္ဓာကလေး၏ ချက်မှ အရောင်တလက်လက် ထွက်ပေါ်နေခြင်းပေတည်း။

ထူးခြားစွာ မွေးဖွားလာသော သားကြောင့် မိဘများ အလွန်အားရှိသည်။ ဘုန်းရှင်၊ ကံရှင် ပါရမီရှင်ကလေးဟု ဆိုသည်။ ချက်မှအရောင်သည် ဉာဏ်ပညာ၏ အရောင်ဖြစ်၍ မွေးကတည်းက တတ်သိလာသော ပညာရှင်ကလေးဟု ဆိုသည်။ ခက်သည်မှာကား လူသားစစ်စစ်က ချက်မှအရောင်ထွက်နေသည် ဟူသော သတင်းကြောင့် ပတ်ဝန်းကျင်မှ ကြည့်လို၊ ရှုလို၊ စူးစမ်းလို၊ ပူဇော်လိုသူတို့ နေ့ညမစဲ ဆိုသလို တသည်းသည်းတစပ်စပ် ချဉ်းကပ်လာကြခြင်းပင်ဖြစ်ပေသည်။

ပထမသော် ထူးခြားသောဖျူပွတ်ကိုလိုက်၍ ကလေး၏အမည်ကို စန္ဒာဘဟုပင် ရိုးရိုးအမည်ပေးသည်။ 'လမင်းရောင်ရှင်'ဟု အဓိပ္ပာယ်ရ၏။ ချီးပပူဇော်သူတို့

www.burmeseclassic.com

www.burmeseclassic.com



များလာသောအခါ 'ဒေဝစန္ဒာ–လနတ်သားကလေး'ဟု အမည်တိုးလာသည်။ ဤမျှမက 'စန္ဒရာဇ=လနတ်မင်းကလေး' ဟုပင် ခေါ်သူက ခေါ်လာကြသည်။ အမျိုးသမီးများ၏ နှုတ်တွင်မူ 'ငွေစန္ဒာကိုယ်တော်ကလေး' ဟူသော အမည်မှာ သီး၍နေ၏။

ရောက်လာသမျှတို့အား ဤကလေးကို ထုတ်ပြနေရခြင်း၊ ကြည့်ရှု၊ မြင်ရုံမျှမဟုတ်၊ ကိုင်တွယ်ပူဇော်ခြင်း၊ နမ်းရှုတ် သုံးသပ်ကြခြင်းကြောင့် ဂုဏ်တက် နှစ်သက်ရသည်မှန်ပါ၏။ သို့သော် အလုပ်ပျက်လှသည်။ ဤကလေးကို ပူဇော်ခြင်းကြောင့် မည်သူ စီးပွားတက်သွားသည်၊ မည်သူ မည်သည့်အကြံအစည် အောင်မြင် ထမြောက်သွားသည် စသောသတင်းများမှာလည်း ပတ်ဝန်းကျင်တွင် ဟိန်းလျက်ရှိ၏။

ယင်းသို့ဖြင့် 'မုဆိုးစိုင်သင်' ဆိုသကဲ့သို့ အခြားလုပ်ငန်း ပျက်ယွင်းလှသော မိဘအသိုက်အဝန်းအဖို့ 'ငါးကြင်းဆီနှင့် ငါးကြင်းသားကြော်သည်' ဆို၏သကဲ့သို့ ဤကလေးဖြင့်ပင် စီးပွားရှာတော့ရန် အကြံတစ်ခု တိုးလာသည်။ ရှာဟန်ကား ရှေးကလို ရောက်လာသမျှ လူသောင်းပြောင်းအား အတွေ့မခံတော့ဘဲ ကြည့်ရှုမှုကြည့်လျှင် ကြည့်ခ အသပြာငါးရာ၊ ကိုင်တွယ်သုံးသပ်လျှင် အသပြာတစ်ထောင်ဟု စီးပွားရေးအဖြစ် စည်းကမ်းသတ်မှတ်လိုက်ခြင်းပင်ဖြစ်၏။

မိဘအသိုက်အဝန်းအဖို့ လူချမ်းသာ သူဌေးများဖြစ်၍ မကြည့်လိုကြသော် ရှိစေ၊ အလုပ်နည်းသည်။ ကြည့်လို၍ ကြည့်လာသူများ ဆိုလျှင်လည်း ငွေကြေး တတ်နိုင်သူများသာ ရှိတော့မည်ဖြစ်၍ ရှင်းလင်းသန့်ရှင်းသည်။ စီးပွားလည်းဖြစ်နိုင်သည် ဟူသော ရည်မှန်းချက်ပင်ဖြစ်ပေ၏။

သူတို့၏ ရည်မှန်းချက်သည် မျှော်လင့်သည်ထက်ပင် အောင်မြင်သည်။ အကြောင်းမူကား ကျားကြီးလျှင် ခြေရာကြီးသည်ဟူသော စကားပမာ ဒုက္ခအရပ်ရပ် ပြဿနာအထွေထွေတို့၏ စုပြုံရာဖြစ်သော လောကဟူသည် အဆင့်နိမ့်သူများအဖို့ အဆင့်နိမ့်သော ကိုယ်ရေးပြဿနာများရှိသကဲ့သို့ သူဌေး၊ ရာထူးရှင်၊ ဂုဏ်ထူးရှင်၊ အာဏာရှင်စသော အထက်တန်းလောကတွင်လည်း ကိုယ်ရေးဒုက္ခအရပ်ရပ် ပြဿနာကြီး အထွေထွေရှိနေမြဲဖြစ်လေရာ၊ လူသောင်းပြောင်းတို့ကြောင့် ယခင်က ကိုယ်ရှိန်သတ်၍ နေခဲ့ကြရာမှ ယခုသော် မျက်မြင်ထင်ရှား အားထားကိုးကွယ်ရာတစ်ပါးဟု ထင်ရသော စန္ဒရာဇာ ငွေစန္ဒာလူထူးကလေးအထံသို့ အလှည့်ဖြင့်ပေးသွင်းရလောက် အောင်ပင် စုပြုံ ရောက်လာကြသောကြောင့်ပေတည်း။

သို့နှင့် ငွေစန္ဒာကလေး၏ သတင်းသည် ရာဇဂြိုဟ်မျှသာမက သာဝတ္ထိ၊ ဗာရာဏသီ၊ ကောသမ္ဗီစသော ထိုထိုတိုင်းနိုင်ငံမြို့ရွာများအထိ ကျော်ကြားသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အထက်တန်းလောကတို့တွင် ထူးခြားသော သတင်းအဖြစ် ပြန့်ပွားလျက်ရှိသည်။ ထိုထို မြို့ရွာတို့က မိမိတို့ထံသို့ လာရောက်ပြသပါရန် ဖိတ်ကြားခံရသည်အထိ မိဘများ အဖို့ ရှေးကလို ကုန်ကူးမှုစသည်ဖြင့် ထူးထူးထွေထွေ အလုပ်မလုပ်ရတော့ဘဲ ငွေစန္ဒာကလေးကို ထုတ်ပြရုံမျှဖြင့် စီးပွားအတက်ကြီးတက်သည်။ သို့နှင့်ပင် ငွေစန္ဒာ ကလေးအဖို့ လုလင်ပျိုအဖြစ်သို့ တစ်နေ့တခြား ကြီးထွားလာခဲ့ရပေသည်။

ဖိတ်ကြားခဲ့ရသည့် မြို့ရွာများအနက် သာဝတ္ထိကို ငွေစန္ဒာ၏ မိဘများက ပို၍ စိတ်ဝင်စားသည်။ အကြောင်းကား ကျော်ကြားသော မြို့တော်ဖြစ်သည်။ သူဌေး, သူကြွယ်တို့လည်း ပေါများလှစွာရှိသည်။ မိဘများ တွေ့ဆုံလိုသော မိတ်ဆွေများလည်း ရှိသည်။ ယင်းမိတ်ဆွေများ၏ ဖိတ်ကြားချက်ကြောင့်ပင် သာဝတ္ထိသို့ ရောက်လာကြသည်။

သာဝတ္ထိတွင် ငွေစန္ဒာကလေးအား ပြသရမည့် မိတ်ဆွေ၏ အိမ်နေရာ အနေအထားကလည်း ကောင်းမွန်လှ၏။ သာဝတ္ထိမြို့တွင်းမှ ဘုရားရှင်ကျောင်းတော် ဇေတဝန်သို့ သွားရာလမ်းပေါ်တွင်ဖြစ်သည်။ ဇေတဝန်သို့ နေ့ညဉ့်မစဲ ဆိုသလို တသဲသဲ သွားရောက်ကြသော လမ်းမကြီးဖြစ်သည်။ ဤလမ်းမဖြင့် သူဌေး, သူကြွယ်၊ ရာထူး, ဂုဏ်ထူးရှင်တို့သာမက ရံဖန် ဘုရင်မင်းတရားကိုယ်တိုင်ပင် ဤလမ်းမကြီးမှ ထွက်လာ သည်ကို တွေ့ရသည်။

ယင်းသို့ဖြင့် သာဝတ္ထိ၏ ထိပ်တန်းလောကမှ ပြဿနာရှင်အများသည် ဘုရားဖူးရင်း လိပ်ဥလည်းတူးရင်း ဆိုသကဲ့သို့ ဇေတဝန်သို့ သွားသည်ကို စွယ်ရောင် ပြကာ ငွေစန္ဒာကလေးထံသို့ ဝင်ရောက်ပူဇော် ဆုတောင်းဆုယူပြုကြသည်။ ဤတွင် လူ့ကန့်လန့်ဟု ဆိုရမည်လား၊ အတွေးအခေါ်သမားဟု ဆိုရမည်လားမသိ။ မိမိတို့ လုပ်ငန်းအား ဆန့်ကျင်မည့်သူ တစ်ယောက်ကို ငွေစန္ဒာကလေးကိုယ်တိုင်နှင့် သူ့မိဘများ ကြုံလှာရ၏။

ငွေစန္ဒာကလေး၏ တည်းအိမ်သို့ သူတို့နှစ်ယောက် ရောက်ရှိလာသောအခါ တွေ့ဆုံရန် အလှည့်မကျသေးသောကြောင့် အနီးတွင် စောင့်နေရသည်။ သူတို့အလားတူ စောင့်ဆိုင်းနေကြသော ကတော်များ၊ သူဌေးများနှင့် ရာထူးရှင်အချို့လည်း တွေ့ရသည်။ ရောက်လာသူနှစ်ဦးမှာ ကုန်သည်များဖြစ်ဟန်ရှိ၏။ သို့ရာတွင် တစ်ဦးမှာ ငွေစန္ဒာကလေးကို ပူဇော်ရန် စိတ်ထက်သန်စွာဖြင့် ဦးဆောင်လာဟန်ရှိ၍ သူနှင့်အတူ ပါလာသူမူကား အဖော်အဖြစ်လိုက်လာသူဖြစ်သော်လည်း သူ့မိတ်ဆွေနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ အကြောင်းမူကား ဆန့်ကျင်ဘက် စကားများကို တိုးတိုးတိတ်တိတ်မျှမဟုတ် အများ ကြားလောက်အောင်ပင် ပြောနေသောကြောင့်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တန်ခိုးရှိလို့ အကျိုးရှိတဲ့ သတင်းတွေ အများကြီး ကြားနေရတယ်"

"ကိုယ့်လူ အယူအဆနဲ့ လေသံကိုကြားရတာ ကိုယ်နေ့တိုင်း ကိုးကွယ်နေတဲ့ ဘုရားရှင်ကို အားနာစရာကောင်းလိုက်တာဗျာ။ ရောင်ခြည်တော်တွေ နေ့စဉ်နှင့်အမျှလိုလို တဖျတ်ဖျတ် ဖူးတွေ့နေရတဲ့ဘုရားရှင်၊ ကိုယ့်ကို အသိဉာဏ်ပေးနေတဲ့ ဘုရားရှင်ကျတော့ တော်ရုံသဘောထားတယ်။ အမေကျော်ထွေးတော်လွှမ်းဆိုတာ ဒါမျိုးပေါ့ဗျ"

အားမနာ ပါးမနာ ပြောလာသော ထိုသူ့စကားများကြောင့် ဒေါသမျက်လုံးဖြင့် လှမ်းကြည့် နေသူများမှာ ငွေစန္ဒာ၏ အသိုက်အဝန်းများဖြစ်၏။ အနီးရှိ ပရိသတ်များ အကွက်ကျလှသောသူ့စကားကြောင့် အနေရအထိုင်ရ ခက်ကုန်ကြရသည်။

သို့ရာတွင် ထိုစကားမှ ထူးခြားလှသော အကြောင်းတစ်ရပ်ကြောင့် ငွေစန္ဒာနှင့် သူ့အသိုက်အဝန်းများ အံ့အားသင့်ကြရသည်။ အထူးသဖြင့် ယင်းအကြောင်းရပ်ကို စိတ်ဝင်စားလာသူမှာ ငွေစန္ဒာလေး ကိုယ်တိုင်ဖြစ်၏။ ဂေါတမဘုရားရှင်ထံမှ ကိုယ်ရောင်တော် တဖျတ်ဖျတ်ထွက်သည်ဟူသောအကြောင်းရပ်ပင်ဖြစ်ပေသည်။

သူတို့သည် သူတို့ဘုရားနှင့် အခြားပညာရှင်၊ ပါရမီရှင်ဆိုသူများကို ဖူးမြင်တွေ့ဆုံဖူးပါ၏။ သို့ရာတွင် လူသားစင်စစ်က အရောင်ထွက်သည်ဆိုသည်ကိုကား သူတို့သားမှတစ်ပါး မတွေ့မမြင်ဖူး မကြားဖူးကြသေးပေ။ ယခု ဂေါတမ ဘုရားရှင်ထံမှ ကိုယ်ရောင် တဖျတ်ဖျတ် ထွက်သည်ဟူသောစကားမှာ တကယ် ဟုတ်မှန်ခဲ့ပါသော် သူတို့လုပ်ငန်းတွင် ပြိုင်ဘက်ပေါ်လာပြီဖြစ်၏။ သာမန်အရောင်မျှမဟုတ် ရောင်ခြည်တော်ဟုပင် ကြားရသည်။

ထို့ကြောင့် ယှဉ်ပြိုင်လာသော သတင်းကို ကွဲကွဲပြားပြား သိရှိနိုင်ရန် ဆန္ဒကျင်လာသောစကားမှ ဒေါသကို ချုပ်တည်း၍ ငွေစန္ဒာကလေးကိုယ်တိုင် ထိုသူအား မိမိတို့အနားသို့ ဖိတ်ခေါ်လိုက်သည်။

"ဂေါတမဘုရား ကိုယ်ရောင်ထွက်တယ်လို့ ကြားလိုက်ရပါတယ်၊ အမှန်ပဲလား မိတ်ဆွေ"

"လူသိ၊ နတ်သိ အများသိ အများအမြင် ဟိုးလေးတကျော်ပါဗျာ။ ခင်ဗျားတို့သာ ကိုယ့်ဟာကိုယ် အထင်ကြီးနေကြလို့ မသိသေးတာပါ"

"ကျုပ်လိုပဲ ထွက်သလား၊ ကျုပ်လောက်ပဲထွက်သလား"

"ဒီအမေးကို ဖြေရမှာက ခပ်ရိုင်းရိုင်းနေပါလိမ့်မယ်။ နေမင်းနဲ့ ပိုးစုန်းကြူး၊ မြင်းမိုရ်နဲ့ ဆီးစေ့ ဆိုသလို နှိုင်းကို မနှိုင်းအပ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ ကြည့်ချင်သဗျာ၊ ဘယ်လောက်ပေးမှ ကြည့်ခွင့်ရမှာလဲ"

"တစ်ပြားမှ မပေးရပါဘူးဗျာ၊ ဇေတဝန် ကျောင်းတော်မှာ နေ့စဉ်နှင့်အမျှ ဘယ်သူမဆို ဖူးတွေ့ခွင့်ရနေတာပဲဟာ"

"ဒီလိုဆိုရင် နက်ဖြန်တော့ သွားကြည့်ရဦးမဗျာ"

"နက်ဖြန်ဖြစ်ဖြစ် အခုပဲဖြစ်ဖြစ်၊ အိမ်ရှေ့က လမ်းမကြီးဟာ ဇေတဝန်သွားတဲ့ လမ်းမကြီးပဲ။ လူမျိုးစုံ မပြတ်သွားနေကြတာကိုလည်း မြင်နိုင်သားပဲ၊ ကြိုက်တဲ့အချိန်သာ သွားပေတော့"

[ ၆ ]

အမှန်အားဖြင့် မိမိတို့မှတစ်ပါး အခြားကိုယ်ရောင်ထွက်သူဆိုသည်ကို မယုံချင်ကြလှပေ။ သို့သော် လူအများရှေ့တွင် အထင်အရှား ပြောဆိုထားသော သတင်းဖြစ်၏။ လူအများ ကလည်းမငြင်းကြပေ။ ယင်းသို့သော သံသယကလေးများဖြင့် စန္ဒာဘတို့အဖွဲ့သည် နောက်တစ်နေ့တွင် ဘုရားရှင်၏ တရားမဏ္ဍပ်သို့ လာရောက်၏။ လာရောက်ရာ၌ အရောင်သမားချင်းအတူတူ ပြိုင်သင့်လျှင်ပြိုင်ရန်ဟူသော မာန်ကလေးဖြင့် အရောင် ထွက်သော ခါးပိုင်းကို ဖွင့်ကာ ဝင့်ကြွားစွာ ဝင်လာသည်။ သို့ရာတွင် ပရိသတ်အစွန် မဏ္ဍပ်အတွင်းသို့ ရောက်သည်နှင့်တစ်ပြိုင်နက် စန္ဒာဘကလေး၏ မပြတ်တည်ရှိ လာခဲ့သော အရောင်သည် ကွယ်ပျောက်လေတော့သည်။ အကြောင်းမူကား ဘုရားရှင်တို့၏ ရောင်ခြည်တော်နယ်ပယ်ဟူသည် စန္ဒာဘတို့လို သာမန်အရောင်မျိုးကို အပထား၍ နေရောင် လရောင်များပင်လျှင် ကွယ်ပျောက်ရမြဲ ဓမ္မတာ ဖြစ်သောကြောင့်တည်း။ ဘုရားရှင်၏အနီးသို့ပင် မရောက်သေး၊ မဏ္ဍပ်တွင်းသို့ ဝင်ရောက်ခါမျှဖြင့် မိမိအရောင် ကွယ်ပျောက်သွားသောကြောင့် အရောင်ဖြင့် ဝင့်ကြွားလာခဲ့သူအဖို့ ရှက်ရတော့မယောင် ရှိ၏။ သို့ရာတွင် ရှက်ဖွယ်ရာမရှိပါ။ အကြောင်းကား တရားမဏ္ဍပ်တွင်းတွင် မိမိထက် ကြီးမြင့်သော ရာဇဂြိုဟ်သူ, ရာဇဂြိုဟ်သားတို့ ဂေါတမဘုရားရှင်အား ဝပ်တွားကော်ရော် ပူဇော်နေကြသည်ကို တွေ့ရသောကြောင့်ဖြစ်သည်။

ဤတွင် စူးစမ်းဖွယ်ရာတစ်ရပ် ပေါ်ပေါက်လာခဲ့ပေသည်။ မိမိအရောင်သည် မဏ္ဍပ်တွင်း ချင်းနင်းကာမျှဖြင့် ကွယ်ပျောက်ခဲ့ရသည်။ မဏ္ဍပ်အပြင်၌လည်း ကွယ်ပျောက်သွားပြီလောဟု သိလိုစိတ်ဖြင့် မဏ္ဍပ်အပြင်သို့ ထွက်ကြည့်လိုက်သောအခါ မိမိ၏ ပကတိရှိမြဲအရောင် ပြန်၍ပေါ်လာသည်။ ထိုအခါတွင်မှ သိရှိရသည်ကား

www.burmeseclassic.com

www.burmeseclassic.com



ကေန္တ ဤဂေါတမဘုရား၊ ဆရာ ရဟန်းကြီးသည် မိမိကိုယ်ရောင်ကို ထွန်းပြောင်စေရုံသာမက သူတစ်ပါးအရောင်ကို လွှင့်ပျောက်စေနိုင်သော ပညာကိုလည်း တတ်သိပေသည့်တကားဟူသော အသိပင်ဖြစ်၏။

ဗြာဟ္မဏ လုလင်ပျိုတို့၏ ယေဘုယျ ရိုးရာအစဉ်အလာ တစ်ရပ်မှာ ပညာရှာမှီးလိုခြင်းဖြစ်၏။ ပထမအရွယ်တွင် ပညာ၊ ဒုတိယအရွယ်တွင်ဥစ္စာ၊ တတိယအရွယ်တွင် ဘာဝနာရှာမှီးရမည်ဟု ပုရာဏ်ကျမ်းအဆက်ဆက်က ညွှန်ကြားခဲ့သည်။ ညွှန်ကြားသလောက်လည်း အလေးအနက်ထား၍ အခွင့်သာလျှင် သာသလောက် ဗြာဟ္မဏမျိုးနွယ်တို့ လိုက်နာကြမြဲဖြစ်၏။

အထူးသဖြင့် ပညာရှာရာ ဥစ္စာရှာရာတို့၌ ပို၍ ကျိုးနွံတိကျသည်။ လေးစားအပ်သော ပညာရှင်အဖြစ် ဆရာတင်လိုက်ပြီးသည်ဆိုလျှင် ဆရာ၏ အဆုံးအမ မှန်ပါကနည်းလမ်းမကျသည်ပင်ဖြစ်မချည်း၊ အလေးအနက်လိုက်နာလေ့ရှိသည်။ အသက်နှင့်လဲ၍ပင် လိုက်နာတတ်သည်။ ဤကိစ္စတွင် အကြီးဆုံးသော သာဓကတစ်ခုမှာ ပညာရှာ အင်္ဂုလိမာလ ဗြာဟ္မဏလုလင်ပင်ဖြစ်၏။

မိမိ၏ ဇနီးနှင့် မသင့်သဖြင့် ကောက်ကျစ်သောဆရာက ပညာပြီးမြောက်ရေးအတွက် လူ့လက်ညှိုးပေါင်း တစ်ထောင်ကို ရအောင်ရှာခဲ့ရမည်ဟု ညွှန်ကြားသည်။ သူတစ်ပါးလက်ညှိုးကို ရယူဖို့ဆိုသည်မှာ မိမိအသက်ပါ သေစေနိုင်ကြောင်း အင်္ဂုလိမာလ မသိမဟုတ်၊ သိသည်သာဖြစ်၏။ သူတစ်ပါးအသက်ကို သတ်ရခြင်းသည် ကြီးစွာသော မကောင်းမှုတစ်ရပ်ဖြစ်ကြောင်း တန်းမြင့် ဗြာဟ္မဏ အမျိုးသားတစ်ဦးဖြစ်သော အင်္ဂုလိမာလ မသိမဟုတ် သိသည်သာဖြစ်၏။ သို့ရာတွင် ပညာရလိုသောအကြောင်းကြောင့် ဆရာ့အမိန့်ကို အတိအကျ လိုက်နာခဲ့ပေသည်။ ဖော်ပြလိုသည်ကား ဗြာဟ္မဏ အမျိုးကောင်းသားတို့၏ အစဉ်အလာ ပညာရှာမှီးလိုသည့်ဆန္ဒ စိတ်ဓာတ်ပြင်းထန်မှုပင်ဖြစ်ပေ၏။

အမျိုးကောင်းသား ဗြာဟ္မာဏလုလင်ကလေးအဖို့လည်း မိမိထက်လည်းသာ၊ မိမိအတွက်လိုအပ်လှသော ပညာရှင်လည်းဖြစ်သော ဆရာမွန် ဆရာမြတ်နှင့် ပက်ပင်းဒိဋ္ဌ တွေ့ကြုံရပေပြီ။ ပညာယူရတော့အံ့ဟု ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် တရားပွဲအပြီးတွင် ဘုရားရှင်အနီးသို့ ချဉ်းကပ်ဝပ်တွားလိုက်သည်။

"ဆရာအရှင်ဘုရား။ ။ အရှင်မြတ်သည် မိမိအရောင်ကိုသာ ထွန်းပြောင်စေသည်မက၊ သူတစ်ပါးအရောင်ကိုပင် ပျောက်စေနိုင်သော အတတ်ကိုလည်း တတ်လေယောင်တကား"

www.burmeseclassic.com

www.burmeseclassic.com



"မှန်ပေသည် စန္ဒာဘ၊ ငါတတ်ပေ၏"

"သို့ဆိုလျှင် တပည့်တော်အား သင်ကြားပေးပါရန် တပည့်ခံလိုပါသည် အရှင်မြတ်"

"သင်ကြားပေးဖို့ မခက်လှပါ။ သို့ရာတွင် ငါတို့ပညာစည်းကမ်း တစ်ရပ်မှာ ငါတို့ကဲ့သို့ ရဟန်းဝတ်ပြီးမှသာ သင်ကြားပေးနိုင်ခွင့်ရှိပါသည်။ သင် ရဟန်းဝတ်နိုင်မည်လော"

"ဝတ်နိုင်ပါသည် ဆရာအရှင်"

ယင်းသို့လျှင် ငွေစန္ဒာ လုလင်ကလေးသည် ရဟန်းတော် အရှင်စန္ဒာဘအဖြစ်သို့ ရောက်လာ၏။ ရဟန်းဖြစ်လာချိန်မှစ၍ မိမိအရောင် ပိုထွက်၍ သူတစ်ပါးအရောင်ကို ပျောက်စေသော ပညာ၏ပရိယာယ်အဖြစ် ဘုရားရှင်က ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစောတည်းဟူသော တစပဉ္စက ကမ္မဋ္ဌာန်းကိုသင်ကြားပေးသည်။ မက်မောဖွယ်ရာမဟုတ်သော မိမိခန္ဓာကိုယ်မှ ရွံရှာဖွယ်ဖြစ်သော ဆံပင်၊ မွေးညှင်း၊ အရိုးအရေတို့ကို ရှုမှတ် စူးစိုက်ရန် ညွှန်ကြားသည်။ ညွှန်ကြားချက်အတိုင်း တစ်သဝေ မတိမ်းလိုက်နာ၏။ အကျိုးကား သာမန်ရဟန်းတော်အဖြစ်မှ ရက်ပိုင်းအတွင်းမျှ၌ပင်လျှင် အရိယာသခင် အရှင်စန္ဒာဘအဖြစ်သို့ ရောက်လာခြင်းပေတည်း။

ကျန်ရစ်ခဲ့သော ပြဿနာရှင်တို့ကား အရှင်စန္ဒာဘဖြင့် ရုပ်ပြ၍စားသော ဖခင်နှင့် အသိုက်အဝန်းများဖြစ်ပေ၏။ ပညာသင်ကြားပြီးလျှင် မိမိတို့လုပ်ငန်းကို ဆက်လက်ရမည်ဖြစ်ရာ ပညာသင်ကြားပြီးပြီလား၊ တတ်မြောက်ပြီးပြီလားဟု ကျောင်းတော်သို့ မကြာခဏ လာရောက်မေးကြသည်။

ပထမအခေါက်တွင် အရှင်စန္ဒာဘက မသင်ကြားရသေးပါဟု ဖြေ၏။ ဒုတိယအခေါက်တွင် သင်ကြားနေပါပြီ။ တတ်မြောက်ပါတော့မည်ဟု ဖြေ၏။ တတိယအခေါက်တွင် တတ်မြောက်ပါပြီ။ သို့သော် တတ်မြောက်ရုံမျှမဟုတ်၊ လူ့ဘောင်တစ်ခွင်သို့ ပြန်၍မဝင်နိုင်သောအခြေသို့ ရောက်ရှိခဲ့ပေပြီ။ သင်တို့ အေးချမ်းစွာ ပြန်ကြပေတော့ဟု မိန့်ကြားလိုက်သောကြောင့် ခေါ်လာသူတို့ အံ့အားသင့်ကြရသည်။

ထိုအခိုက်သည် ဘုရားရှင်၏ ရှေ့တော်မှောက်တွင်ဖြစ်၍ အရှင်စန္ဒာဘ၏ စကားကို ကြားရသောအခါ အခြားပုထုဇဉ် ရဟန်းတို့က "အရှင်စန္ဒာဘသည် အရဟတ္တဖိုလ်ကို ပြောကြားယောင်တကား"ဟု ဘုရားရှင်အား လျှောက်ထားကြသောအခါ ဘုရားရှင်က "မှန်ပေသည် ချစ်သားတို့၊ ယခုအခါ ငါ့သားတော် စန္ဒာဘသည် ချုပ်ငြိမ်းပြီးသော ကိလေသာဝန်မရှိပေပြီ၊ အာသဝေါ ကုန်လေပြီ။ လူ့ဘောင်သို့ တစ်ဖန်ပြန်နစ်ခွင့်မရှိတော့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



"စန္ဒကူးသည် မွှေးပါ၏။ ထို့ရာတွင် အရိယာတို့၏ သီလသည်ကား အမွှေးဆုံး ဖြစ်ပေသည်။ စန္ဒကူးသည် သန့်စင်ပါ၏။ သို့ရာတွင် တဏှာ အာသဝေါ ကင်းပြတ်သော အရိယာတို့၏ စိတ်သည်သာ အသန့်စင်ဆုံးဖြစ်သည်။

"ရဟန်းတို့။ ဆီးနှင်းမြူတိမ် သူရိန်ညစ်ကြေး ကင်းဝေးသော လမင်းသည် သန့်စင်စွာ ထွန်းလင်းတောက်ပသကဲ့သို့ ငါ့သားတော် စန္ဒာဘသည်လည်း အရိယာ တည်းဟူသော ဓမ္မဖြင့် ထွန်းပကြည်လင်လျက်ရှိပေပြီ" ဟု အကြောင်းဆိုက်လှာသော တရားဓမ္မဖြင့် မိန့်မြွက် ဟောကြားတော်မူလိုက်သောအခါ အရှင်စန္ဒာဘမှူးသာမက ပုထုဇဉ် ရဟန်းတော်များနှင့်အတူ ဝင်ရောက်လှာသော ဒါယကာတို့ပါ ကျွတ်တမ်းဝင် ကုန်ကြသတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com



# အင်္ဂုလိမာလ

[ ၁ ]

လူတို့ သင်ကြားတတ်သိအပ်သော ပညာဟူသည် သူ့ခေတ်နှင့်သူ အတိုင်းအရှည် ရှိ၏။ ယနေ့ခေတ် သင်ကြားတတ်သိအပ်သော ပညာဟူသည် ရဟန်းတော်တို့အဖို့ ပိဋကတ်သုံးပုံလျှင် အဆုံးရှိ၍၊ လူတို့အဖို့ ဝိဇ္ဇာနှင့်သိပ္ပံဆိုင်ရာ ပညာရပ်မျိုးစုံရှိသည်။ ဘုရားရှင်ခေတ် သို့မဟုတ် လက်ထက်တော်မတိုင်မီ ခေတ်ကမူကား မဇ္ဈိမတိုင်းသား တို့၏ အဆုံးစွန်သော ပညာဟူသည် ဝေဒလေးပုံကို တစ်ဖက်ကမ်းခတ် တတ်သိ ကုန်စင်အောင် သင်ကြားခြင်းပေတည်း။

အကြင်သူ တစ်ဦးအဖို့ တတ်သိကုန်စင်အောင် သင်ကြားတတ်မြောက်သည်ပင် ဆိုစေ ''တတ်သိ''ဟူသော စကားမှာ အတတ်နှင့်အသိကို ဒွန်တွဲထားခြင်းဖြစ်ပေရာ၊ တတ်အောင် သင်ကြားပြီးနောက် သိအောင် ကြိုးစားရသည်။ ယင်းသို့ဖြင့် တတ်လည်း တတ်၊ သိလည်းသိသော ထိပ်တန်းဝေဒပညာရှင်တို့သည် ဘုရင့် အသုံးတော်ခံ၊ ဘုရင့်နန်းတော်များသို့ ရောက်လာကြ၏။

ရာဇဗြိုဟ်၏ ဘုရင့်အသုံးတော်ခံပညာရှိသည် အဇာတသတ်မင်းသား မမွေးဖွားမီကပင် ဖခင်ကို သတ်မည့်သူဟု ဟောကြားနိုင်ခဲ့သည်။ ထို့ကြောင့် အဇာတောယေဝ=မမွေးဖွားမီကပင် ဖခင်ကို သတ်မည့် အဇာတသတ်မင်းသားဟု တွင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကပိလဝတ် နန်းသုံးပညာရှိကြီးတို့သည်လည်း ဘုရားရှင်ဖွားမြင်တော်မူသည်နှင့် တစ်ပြိုင်နက် ဤမင်းသားသည် လောကသုံးပါး၌ ဘုရားသော်လည်းကောင်း၊ စကြဝတေးမင်းသော်လည်းကောင်းဖြစ်မည်ဟု ဟောကြားနိုင်ခဲ့သည်။ အတတ်ချင်း အတူတူတွင် သူတစ်ပါးထက် အသိလွန်သော ပညာချွန် သုခမိန်တစ်ဦးကမူ စကြဝတေးမင်းမဖြစ်၊ ဘုရားစင်စစ် ကေန်ဖြစ်မည်ဟုပင် ဟောနိုင်ခဲ့သည်။

ဘုန်းတန်းကြွယ်ဝသော ကောသလတိုင်းရှင် ကောသလဘုရင်အဖို့ကား သူတစ်ပါးထက် ဝေဒပညာရှိတို့ ဝန်းရံပြည့်စုံသည်။ ဝေဒသုံးပုံတွင် တစ်ဖက်ကမ်းခတ်သောကြောင့် တေဝိဇ္ဇာဆရာကြီးများဟု ခေါ်သည်။ ယင်းပညာရှိတို့အနက် အန္တကဆရာကြီးကား အကြီးဆုံး ဘုရင့်လက်ရင်း အကြံပေးပညာရှိဖြစ်၏။

သူ့ဇနီး မန္တာနီတွင် ပဋိသန္ဓေရှိလာသောအခါ အဇာတသတ်တို့ကဲ့သို့ ပဋိသန္ဓေရှိတုန်းကတော့ မဟောမိ၊ အမှတ်မဲ့ပင်နေခဲ့သည်။ မွေးလာသောအခါတွင်မူကား မွေးလျှင်မွေးချင်းပင် မဟောလျှင်မဖြစ်တော့အောင် ထူးခြားလာသော ကလေးဖြစ်နေသည်။ ထူးခြားပုံကား သူကိုမွေးလျှင်မွေးချင်း ဘုရင့်နန်းတော်ရှိ လက်နက်မျိုးစုံနှင့်တကွ သာဝတ္ထိ၌ သတိပြုမိသူမှန်သမျှတို့၏ အိမ်တိုင်းရှိ လက်နက်များ အလျှံအရောင်တို့ တောက်ပြောင်လာသောကြောင့်ဖြစ်သည်။

ထို့ကြောင့် ကလေးဇာတာကို တွက်ချက်ကြည့်လိုက်သောအခါ ထိုကလေး၏ အနာဂတ်ကို ထူးခြားစွာ တွေ့မြင်လာရ၏။ နိုင်ငံတော်ကို အနှောင့်အယှက်ပေးတော့မည်ဖြစ်သော တကယ့်လူဆိုး, လူသွမ်း, လူသတ်သမားတည်း။

ဤကလေးကြောင့် နောင်အခါ၌ မိမိတို့မှာ အန္တရာယ်ဖြစ်လာဖို့မြင်သည်။ လက်နက်တို့အရောင်ထွက်သည်ကို အရပ်သူအရပ်သားတို့ သိချင်မှသိမည်ဖြစ် သော်လည်း လက်နက်နှင့် အမြဲဒွန်တွဲလျက်ရှိသော ဘုရင့်နန်းတော်တွင်ကား ကေန်သိကြ မည်ဖြစ်၏။ ဤကိစ္စကို နောက်တစ်နေ့တွင် ဘုရင်သည် မိမိအား မေးမည်ကေန်ဖြစ်၏။ မေးမှပြောရမည်ထက် မိမိက ကြိုတင်၍ လျှောက်ထားလျှင် အန္တရာယ်ကင်းဖို့ရှိသည်။ ထို့ကြောင့် ဘုရင်ကို ကြိုတင်မျက်နှာလုပ်ထားရန်အတွက် နန်းတော်သို့ ချက်ချင်းပင် ဝင်ရောက်သွားသည်။

"အရှင်မင်းမြတ်။ ချမ်းသာစွာ အိပ်ရပါ၏လော"

"အိပ်ရပါ၏။ သို့သော် ယနေ့ညဉ့်၌ ထူးခြားချက်ကား လက်နက်တို့ အရောင်တောက်သည်ဟု မင်းချင်းတို့ လျှောက်ထားကြသည်"

"ဤကိစ္စအတွက် လျှောက်ထားရန်ပင် ကျွန်တော်မျိုး ယခုပင် ဝင်ရောက်ခ, စားခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"အကြောင်းပသို့ထူးသနည်း"

"ယနေ့ညဥ့် နံနက်ပိုင်းအရောက်တွင် ကျွန်တော်မျိုး၏ ဇနီး၌ သားယောက်ျား ကလေး ဖွားမြင်ပါသည်။ ကလေး၏ အနာဂတ်မှာ လူဆိုး, လူသွမ်း, လူသတ်သမား ဖြစ်လာပါလတ္တံ့ဘုရား"

"ဤသူငယ်ကြောင့် ငါ့အဖို့ အန္တရာယ်ရှိနိုင်သလော"

"အရှင်မင်းကြီးအဖို့ အန္တရာယ်မရှိနိုင်ပါ။ သို့ရာတွင် တိုင်းသားပြည်သူတို့အဖို့ အန္တရာယ်ရှိလာနိုင်ပါသည်။ သို့ပါ၍ အရှင်ဆန္ဒအရ ပယ်ရှားလိုသော် ပယ်ရှားပစ်နိုင်ပါရန် လျှောက်ထားရပါသည်"

ဤသည်ကား ဖခင်ဆိုသူတို့၏ မရေရာသော မေတ္တာပင်ဖြစ်ပေ၏။ ထို့ကြောင့်လည်း ဘုရားရှင်က မိခင်ကို ဦးစားပေး၍ "မာတာပိတု" ဟု သာ မိခင်ကို အဦးထားကာ ဟောကြားတော်မူသည်။ သို့ရာတွင် ယေဘုယျကိုသာ ပြောရခြင်း ဖြစ်၍ရာဇဗြိုဟ်ဘုရင် ဗိမ္ဗိသာရတို့လို ဖခင်မျိုးလည်းရှိပေသေး၏။

မိခင်ပင်ဖြစ်သော်လည်း၊ အမှုက်နှင့် ကိုယ်ရေးကိုယ်တာကို ထိခိုက်လာသော အခါ မွေးကင်းစကပင် တော်ရာလျော်ရာ၌ စွန့်ပစ်သည်အထိ ပြုလုပ်ကြသည်လည်း မရေမတွက်နိုင်အောင် ရှိခဲ့ပြီးဖြစ်၏။ စင်စစ်သော်ကား 'အတ္တသမံ ပေမံနတ္ထိ' ဟူသော စကားအရ လူသတ္တဝါတို့၏ မေတ္တာဟူသည် အကြွင်းမဲ့လောက် ကိုယ်ကျိုးမထိ၊ ထိမှုလောက် အတိုင်းအတာအတွင်း၌ မရေမရာမှုသာဖြစ်ပေသည်။

ဖခင်ကိုယ်တိုင်က ပယ်ရှင်းပစ်လိုလျှင် ပစ်ရန် လျှောက်ထားသော်လည်း ဘုရားရှင်နှင့် နီးစပ်လာသော ကောသလဘုရင်အဖို့ လူတစ်ယောက်ကို ဗေဒင်အဟော မှုဖြင့် အကြောင်းမဲ့ ပယ်ရှင်းပစ်ဖို့ရန် ရက်ဟန်တူသည်။ ထို့ကြောင့် "အန္တက၊ သင့်သားသည် တစ်ယောက်တည်းဆိုးမည့်သူလော၊ အုပ်သင်းဖွဲ့၍ ဆိုးမည့်သူလော" ဟု တစ်ဆင့်တက်မေးလိုက်သည်။

"တစ်ယောက်တည်းသမားပါ၊ သင်းအုပ်ဖွဲ့မည့်သူမဟုတ်ဟု မြင်ပါသည်"

"သို့ဆိုလျှင် ကောင်းစွာ မွေးပါလေလော့၊ နိုင်ငံတော်၌ လူဆိုးလူသွမ်းတို့ မြောက်မြားစွာ ရှိနေသည်သာဖြစ်၏။ သင့်သားတစ်ယောက် ဆိုးသွမ်းရုံမျှဖြင့် အဘယ်မှု စအံ့နည်း"

"အမိန့်တော် အတိုင်းပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

ထို့ကြောင့် ဆိုးခါမှ ဆိုးလေရော့၊ မိမိအမည်ကို ကြားရတိုင်း သတိတရား ရပါစိမ့် သောငှာလည်းကောင်း၊ လူကောင်းတစ်ယောက် ဖြစ်လာပါစေကြောင်း အတိတ်နိမိတ် ယူ၍လည်းကောင်း 'အဟိံသက' သူတစ်ပါးကို မသတ်သူ၊ သတ္တဝါကို မညှဉ်းဆဲသူဟု အမည်ပေးလိုက်သည်။

သို့ရာတွင် လူဆိုးဟု အဟောထွက်ခဲ့သော်လည်း အဟိံသကလေးတွင်မူကား ဆိုးရွားလာမည့် အရိပ်နိမိတ်၊ အသွင်အမူ တစ်စုံတစ်ရာကိုမျှ မတွေ့ရ။ ရုပ်ရည် သန့်ရှင်းချောမောသည်။ အေးဆေးသည်။ စကားနည်းသည်။ သင်လွယ်တတ်လွယ်သည်။ အပေါင်းအသင်းပြေပြစ်သည်။ မိဘစကား နားထောင်သည်။ ပညာလိုလားသည်။ သတိပြုကြည့်ရှုလျက်ရှိသော ဖခင်ကြီးအဖို့ ဆိုးသွမ်းမည့် အရိပ်နိမိတ်ဟူ၍ အကြောင်း တစ်စုံတစ်ခုတည်းကိုသာ ရေးတေးတေး တွေ့ရ၏။ ယင်းသည်ကား အဟိံသက လေးသည်အရွယ်နှင့်မလိုက်အောင် အကြီးအထွားမြန်၍ သန်သန်မာမာရှိခြင်းနှင့် အရွယ်နှင့်မလိုက်အောင် ကြွေ့ရင့်ကျက်ခြင်းတို့ပင်ဖြစ်လေသည်။ ဤအချက်မှတစ်ပါး အရွယ်ရောက်လာသည်အထိ ဆိုးသွမ်းမည့် အသွင်အမူဟူ၍ တစ်စုံတစ်ရာ မတွေ့ခဲ့ရပေ။

သို့ရာတွင် မိမိပညာကို ယုံကြည်လှသော ဖခင်ကြီးက အစီအစဉ်တစ်ရပ်ကို ပြုလုပ်သည်။ ယင်းသည်ကား မည်သည့်အခါ မည်သည့်နေရာတွင် မည်သို့သော အကြောင်းကြောင့် ဆိုးသွမ်းလာမည်ကားမသိ၊ ဆိုးသွမ်းလာမည့်အသွင်ကို ပညာနှင့် ဖိနှိမ်လျှင် လိမ္မာသင့်သလောက် လိမ္မာလာဖို့ ရှိစေရန်လည်းကောင်း၊ သူတစ်ပါးထံ၌ ကျိုးနွံစွာနေရလျှင် မာန်မာန နိမ့်ကျစေရန်လည်းကောင်း မင်းညီမင်းသားအများတို့ ပညာသင်ကြားရာဖြစ်သော တက္ကသိုလ်မြို့သို့ ဘုရင့်အတိုင်ပင်ခံ ဆရာကြီး၏သား ဟူသော အရှိန်အဝါကိုယူ၍ ပညာသင် စေလွှတ်သည်။

တက္ကသိုလ်မြို့သည် သာဝတ္ထိနှင့် ဝေးကွာ၍ မဇ္ဈိမတိုက်၏ နယ်စပ်တွင် ရှိသော အရှေ့တောင်အရပ်တွင် တည်ရှိသည်။ ပညာလိုလားသူဖြစ်၍ ထူးထူးချွန်ချွန် ပညာတတ်မြောက်နိုင်သည်။ မိဘ၊ ဇာတိနှင့် ဝေးကွာ၍ ကျိုးနွံမည်။ ဆရာကို ဆည်းကပ်ရ၍ အလိမ္မာတိုးမည်။ မင်းညီမင်းသားတို့နှင့် ဆက်ဆံရ၍ ကျိုးနွံ ကြောက်ရွံ့မည်။ ထို့ထက် ကျိုးနွံအောင် စီစဉ်လိုက်သည်ကား ဆရာကို ပညာဖိုး မပေးဘဲ ဓမ္မန္တေဝါသိကတပည့်၊ ဆရာ့အမှုကြီးငယ်ကို ဆောင်ရွက်၍ ပညာသင်ရသော တပည့်အဖြစ် ညှိုးညှိုးငယ်ငယ်နေထိုင်ရန် စီစဉ်ပေးလိုက်ခြင်းပင်ဖြစ်ပေသည်။

ဖခင်ကြီး စိတ်ကူးအစီအစဉ်ကောင်းပါ၏။ သို့ရာတွင် အဟိံသက အဖို့ကား သူ့အနာဂတ်အတွက် ဘူမိနက်သန် နေရာမှန်သို့ ရောက်သွားခြင်းပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်တို့၌ အနာဂတံ ဉာဏ်တော်ဟူ၍ ထူးခြားသော ဉာဏ်တော်တစ်ရပ် ရှိ၏။ အဓိပ္ပာယ်မှာ အကြင်သတ္တဝါတို့၏ အနာဂတ်ကို မြင်တော်မူသော ဉာဏ်တော်ပင် ဖြစ်၏။ ဝေဒပုရောဟိတ်တို့ကဲ့သို့ စမ်းဝါးမှန်းဆ၍ မြင်ခြင်းမဟုတ်၊ လက်ဝါးပေါ်တွင် ဆီးဖြူသီး တင်သကဲ့သို့ ထင်ထင်ရှားရှား မြင်တော်မူသော ဉာဏ်တော်ပင်ဖြစ်သည်။ ဖော်ပြလိုသည်ကား အကြင်သတ္တဝါတစ်ဦးသည် မိမိပြုခဲ့ဖူးသော အတိတ်ကံကို အခြေပြုကာ ပစ္စုပ္ပန် ကံတည်းဟူသော အထောက်အပံ့ဖြင့် ဖြစ်စရာရှိသမျှ ဖြစ်ရ၏။ ပျက်စရာရှိသမျှ ပျက်ရ၏။ ရောက်ရစရာ ရှိသမျှ ရောက်ရ၏။

အဟိံသကသည် တက္ကသိုလ်ရောက်သည်နှင့် တစ်ပြိုင်နက် ဉာဏ်စွမ်းပြသည်။ တစ်ထွာပြလျှင် တစ်တောင်မြင်သည်။ အရိပ်ပြ အကောင်ထင်သည်။ တစ်နှစ်ခန့်အတွင်း၌ပင် ကျောင်းသားအားလုံးထက် ဉာဏ်မိုလ် ပညာမိုလ်ဖြစ်လာသည်။ အိမ်တွင် ဖခင်ကြီးက အခြေခံရရန် ယယ်စဉ်ကပင် သင်ကြားပေးခဲ့သည်များလည်းရှိ၏။ သို့ရာတွင် ဖခင်ကြီးမှာ မင်းမှုထမ်းဖြစ်သောကြောင့် ရံဖန် အားလပ်သည့်အချိန်များတွင်သာ ကြိုးကြားသင်ပေးနိုင်သည်။

မန္တာနီ မိခင်ကြီးက ပထမတွင် ဖခင်ကြီး၏ အနာဂတ်အဟောကြောင့် တစိုးတရိမ်ရိမ်၊ တကြောင့်ကြကြ ရှိခဲ့ဖူးသော်လည်း သား၏ ထူးချွန်သိမ်မွေ့မှု ဉာဏ်ထက်မြက်မှုများကို တွေ့လာ ကြားလာရသောကြောင့် စိုးရိမ်စိတ် ကင်းပျောက်သွားသည်။

တက္ကသိုလ်တွင် ဖိဖိစီးစီး သင်ကြားရသောအခါ အဟိံသက၏ ဉာဏ်ရည်များ အစွမ်းကုန်ပွင့်လင်းလာသည်။ တက္ကသိုလ်၏ ပညာသင်စနစ်မှာ ရှေးဦးစွာ အခြေခံ ဖြစ်သော အဌာရသပညာ တစ်ဆယ့်ရှစ်ရပ်ကို သူ့နှစ်နှင့်သူခွဲ၍ သင်ကြားရသည်။ အဌာရသပညာ တတ်မြောက်ပြီးသည့်နောက်မှ ကျောင်းသား၏ လိုအပ်မှုကိုလိုက်၍ အထက်တန်းပညာဖြစ်သော 'တေဇဝိဇ္ဇာ' ခေါ် ဗေဒင်သုံးပုံကို သင်ကြားရသည်။

အမှန်အားဖြင့် ဗေဒင်သုံးပုံမဟုတ်၊ လေးပုံဖြစ်သည်။ သို့ရာတွင် နောက်ဆုံး အဆင့်ဖြစ်သော အာထဗ္ဗဏ ပညာမှာ ကြီးမြင့်သလောက် မလိုလားအပ်သော ပညာဖြစ် သောကြောင့် ဆရာတို့ လျှို့ဝှက် ခြွင်းချန်၍ထားသည်။ တပည့်ကို အထပ်ထပ် အကဲဖြတ်ပြီးလျှင် သဘောထားကြီးမြင့်သူအဖြစ် စိတ်ချရမှုလည်းကောင်း၊ ဆရာ၏ နှစ်သိမ့်မှုကို အထပ်ထပ်ခံယူရသူဖြစ်မှုလည်းကောင်း တသီးတသန့် သင်ကြားပေးလေ့ ရှိသော ပညာဖြစ်သည်။

တေဇဝိဇ္ဇာ ပညာဟူသည် ဟောပြောမှုကို တတ်စေရုံမျှသာမဟုတ်၊ လောကနှင့် စပ်၍ တတ်သိ ဆင်ခြင်နိုင်ဖို့ရန်ပေးသော ပညာလည်းဖြစ်သည်။ ထို့ကြောင့် အကြင် တပည့်၏ ထိုးထွင်းမှု ဉာဏ်ရည်ရှိသလောက် ထိုးထွင်းသိမြင်သည်၊ ထက်မြက် ရင့်ကျက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အာထဗ္ဗဏပညာ ဟူသည်ကား တစ်ဖက်တွင် ကောင်းကျိုးချမ်းသာနှင့်စပ်၍ တပ်တပ်အပ်အပ် တတ်မြောက်ထူးချွန်စေသော ပညာဖြစ်သော်လည်း တစ်ဖက်တွင်မူ တပည့် စိတ်ထားညံ့လျှင် ညံ့သလောက် သူတစ်ပါး၏ ဆိုးကျိုး၊ လောက၏ ဆိုးကျိုးကို ဖြစ်စေနိုင်စွမ်းသော ထိပ်တန်းလျှို့ဝှက်ပညာဖြစ်သည်။ ဆိုးကျိုးနှင့်စပ်၍ နေသောကြောင့် အောက်လမ်းပညာဟုလည်း ခေါ်သည်။ ထို့ကြောင့် ဤပညာကို ဆရာကြီးတို့၏ ပညာလောကတွင် အထူးလျှို့ဝှက်၍ လိုအပ်သူများကိုသာ သင်ကြားပေးသော ပညာထူး ဖြစ်သည်။

အဟိံသကအဖို့ နိမိတ်ပြလာသည်ကား ကျောင်းတွင် မူရင်းအမည် ပြောင်းပြန် ဖြစ်သွားခြင်းဖြစ်သည်။ အကြောင်းမှာ မူရင်းအမည် အဟိံသကကို ပီပီသသခေါ်လျှင်၊ သို့မဟုတ် ကမ္ဘည်းဖြင့်ရေးလျှင် 'အဟိံသက' ပင်ဖြစ်သော်လည်း လျှာသံ၊ အာသံကို လိုက်၍ ခေါ်လိုက်သောအခါ 'အ' သံပျောက်၍ 'ဟိံသက' ဟုဖြစ်သွားသည်။ အဟိံသကသည် သတ္တဝါတို့ကို မညှဉ်းဆဲ မသတ်ဖြတ်သူဟု အဓိပ္ပာယ်ထွက်သော်လည်း ဟိံသကဟူသည်ကား ညှဉ်းဆဲသူ လူသတ်သမားတည်း။

ကျောင်းသားလောကဟူသည်ကလည်း အချင်းချင်း အပြောင်အပြက် ပြုတတ် ကြသည်မှာ ကမ္ဘာ့ကျောင်းသားစဉ်လာ ဓမ္မတာဖြစ်၏။ ကျောင်းသို့ ရောက်လျှင် ကျောင်းသားအချင်းချင်းအဖို့ မူရင်းအမည် ပျောက်သွားတတ်သည်။ ဦးခေါင်းကြီးသူကို ဖီးကွက်၊ အသားမည်းသူကို ကျီးကန်း၊ အရပ်နိမ့်သူကို ကုပ်တိုလေး၊ အရပ်မြင့်သူကို အရှည်ကြီး စသည် ဖြစ်၏။ ထို့ကြောင့် အဟိံသကမှ ဟိံသက ဖြစ်သွား၏။ အများ အားဖြင့် ချစ်စနိုး နောက်ပြောင်ခေါ်ကြခြင်းဖြစ်သော်လည်း အချို့ကမူ မုန်းသောကြောင့် တမင်ဖိနှိပ်ခေါ်ခြင်းဖြစ်သည်။ ဟိံသကဟူသည်ကား အမုန်းခံအမည်တည်း။

ကျောင်းသားတို့သဘာဝ အမြင်အားဖြင့် အဟိံသကမှာ မုန်းစရာဖြစ်လာ၏။ အေးအေး သီးခြားနေတတ်၏ ဆရာကို ကျိုးနွံ၏။ ပညာကို ကြိုးစား၍ ကြိုးစား သလောက် သူတစ်ပါးထက် တော်နေ၏။ ဤအချက်များသည်ပင် ကျောင်းသားတို့ အဖို့ မုန်းစရာများ ဖြစ်လာကြသည်။

အေးအေး သီးခြား နေတတ်သောကြောင့် အပေါင်းအသင်း မလုပ်လိုသူ၊ ဟန်ကြီးပန်ကြီးနေတတ်သူ ဖြစ်လာသည်။ ဆရာကို ကျိုးနွံသောအခါ ဆရာချစ် သောကြောင့် အချစ်တော်၊ အနားပျာ ဖြစ်လာ၏။ သူတို့ လိုက်မမီအောင် ပညာတော် သောကြောင့် ဣဿာဝင်လာသည်။ ထိုသည်တို့ထက် ကျောင်းသားတို့မျက်စိတွင် ချဉ်လာသောအချက်သည်ကား ဆရာ၏ အိမ်မှုကိစ္စမှန်သမျှ လိုလေသေးမရှိ ထထကြွကြွ ဆောင်ရွက်ပေးတတ်သောကြောင့် ဆရာကတော်၏ အလေးတယူ အရေးယူ ခံနေရမှု နီးစပ်မှုတို့ကို တွေ့ရှိနေရခြင်းပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

ဆရာကတော်ဟု ဆိုသော်လည်း အရွယ်ရှိသေးသည်။ ရုပ်ချောသည်။ သို့ရာတွင် သိက္ခာရှိသည်။ ဣန္ဒြေရှင်ဖြစ်သည်။ ထို့ကြောင့် ကိုယ်နှင့်အတူ တပည့်ကြီးများစွာနှင့် တွဲဖက်နေရသော်လည်း ဆရာကတော်၏ သိက္ခာကို ဆရာကြီး စိတ်ချသည်။ ယုံမှား ယိုးစွတ်ဖွယ်ရာ တစ်စုံတစ်ရာမျှ မတွေ့ခဲ့ရ။ တပည့်အဖြစ်မျှသာမက ကျိုးနွံလိမ္မာလှ သောကြောင့် အိမ်သားတစ်ဦးပမာ ဖြစ်လာသော အဟိံသကအပေါ်တွင် မိမိချစ်သကဲ့သို့ ဆရာကတော်ကလည်း အရေးတယူပြုသည်ကို သိပါ၏။ သို့ရာတွင် ယိုးမှားဖွယ်ရာဟူ၍ တစ်စိုးတစ်စိမရှိ။ တူလို သားလို သွေးသားပမာ နေထိုင်သည်ကို ဆရာကြီးကျေနပ်သည်။ အဟိံသကမှလွဲလျှင် ဆရာကတော်အနီးသို့ ချဉ်းကပ်နိုင်စွမ်းသူ တစ်ဦးတစ်ယောက်မျှမရှိ။

ဤတွင် ကျောင်းသားတို့၏ သဘာဝ ဣဿာကို အရင်းခံကာ အဟိံသက အပေါ်တွင် တစ်ဦးတစ်ယောက်သာမက ကျောင်းသားအများ စုပေါင်း၍ မုန်းကွက် ဆင်လာကြတော့သည်။

ဆင်ဟန်ကား အုပ်စုသုံးစုခွဲ၍ တစ်စုက ရှေးဦးစွာ ဆရာကြီးသို့ ချဉ်းကပ်ကာ အဟိံသကနှင့် ဆရာကတော်တို့အပေါ်တွင် မသင်္ကာဖွယ်ရာ စကားများဖြင့် ကုန်းတိုက် သည်။ တိုက်လာသောအုပ်စုကို ဆရာကြီးက လက်မခံရုံမျှမက ခြိမ်းခြောက်၍ပင် လွှတ်လိုက်သည်။ ဒုတိယအုပ်စုက အချိန်အခါကိုကြည့်၍ ကုန်းတိုက်ကြပြန်သည်။ ဆရာကြီး လက်မခံသော်လည်း စဉ်းစားလာပြီဖြစ်၏။ တတိယအုပ်စုနှင့် တွေ့သောအခါ တွင်ကား ဆရာကြီး ယုံကြည်လာရပေပြီ။ အကြောင်းမူကား တစ်ယောက်အမြင်မျှ မဟုတ်၊ အများအမြင် ဖြစ်လာပေပြီတည်း။

လောကစဉ်လာအားဖြင့် သားမယားတို့၏ လျှို့ဝှက်သော မတော်မလျော် အရေးဟူသည်မှာ အများသိသော်လည်း လင်သားမိဘတို့အနေဖြင့်မူ နောက်ဆုံးမှ၊ သို့မဟုတ် ပေါက်ကွဲပွင့်အံလာသည့်အခါမျိုးကျမှ သိတတ်ကြရသည်။ ယခုလည်း အဟိံသကတို့ အတွင်းရေးကိစ္စကို မိမိ မသိသော်လည်း အများသိနေလေပြီ။ ရှက်ဖွယ် ကောင်းလေစွ။

ထို့ကြောင့် "အေး . . . အေး၊ မင်းတို့ကို ကျေးဇူးတင်သည်။ ငါ့ကိစ္စ ငါ ကြည့်စီစဉ်ပါမည်" ဟူသော အဆင့်သို့ ရောက်ပြီဖြစ်၏။

စက္ခုမာအန္ဓကာ ဟောန္တိ၊ ယေက္ကတ္ထိနံ ဝသံဂတာ . . . ဟု ကျမ်းဂန်ကဆို၏။ အဓိပ္ပာယ်မှာ ပညာမျက်စိ ရှိကြကုန်သော ဆရာကြီးတို့သည်ပင်လျှင် မိန်းမအရေးနှင့်စပ် လာလျှင် ပညာဖယ်ယမ်း အကန်းဖြစ်ကြကုန်သည်ဟူ၏။ ဤစကားမှ ဆင်းသက်လာ၍ အချစ်တွင် မျက်စိမရှိဟု အများသိ အတိုကောက် လောကမှတ်ချက် ပေါ်လာရသည်။ ဆရာကြီး ကန်းပြီတည်း။

www.burmeseclassic.com

www.burmeseclassic.com



ငါကြည့်စီစဥ်မည်ဆိုသည်။ အဘယ်ပုံစီစဥ်မည်နည်း။ လောကပြစ်မရှိခဲ့ပါသော် အဟိံသကကို သတ်ပစ်သည်။ သတ်စေသည်အထိ စီစဥ်လိုသည်။ သို့သော် အတိုင်းတိုင်း အပြည်ပြည်မှ လေးစားအပ်သော ဆရာကြီးဖြစ်နေ၍ အရပ်ရပ်နေပြည်တော်ကြား၍မလျော်။ သို့ဖြစ်၍ ပညာရှိအမျက် ပြင်မထွက်ဟူသော နည်းပရိယာယ်ဖြင့်သာ စီစဥ်ရပေမည်။

ပညာရှိအမျက်ထွက်လာပြီဆိုလျှင်ခက်သည်။ ပညာရှိအမျက်သည်ပြုံး၏။ ထိုကောက်တကျစ်အပြုံးသည် လူမိုက်၏ ဓားထက် ကြောက်စရာကောင်း၏။ ထို့ကြောင့် တစ်ညနေခင်းတွင် ဆရာကြီးက အိမ်ဦးခန်းဆောင်တွင်းသို့ အဟိံသကကို ခေါ်လိုက်၏။ အခန်းတွင်းတွင် ဆရာကြီးတစ်ဦးသာရှိ၍ အနီးတွင် ပေပုရပိုက်များ ဝန်းရံလျက်ရှိသည်။ ဆရာကြီး၏အမူအယာကိုကြည့်၍ မိမိအားထူးထူးခြားခြား တစ်စုံတစ်ရာကို တိုင်ပင်ပြောဆိုတော့အံ့ဟု သိလိုက်ရ၏။ ဆရာကြီးက ပြုံး၍ သူ့အနီးတွင် ထိုင်ရန်ညွှန်ပြသည်။

"အဟိံသက။ ။မင့်ကို ထူးခြားတဲ့ ပညာပေးဖို့ အချိန်စောင့်နေခဲ့တာ အခု အချိန်ရောက်လာပြီ"

အဟိံသက ဝမ်းမြောက်လှသဖြင့် ဆရာကြီးသို့ ဝင်းလက်ဝမ်းမြောက်လှသော မျက်လုံးများဖြင့် မော်ကြည့်လိုက်ကာ ဦးညွှတ်လိုက်သည်။

"မင်း အာထဗ္ဗဏမသင်ချင်ဘူးလား"

"ကျွန်တော် အတောင့်တကြီး တောင့်တနေတဲ့ ပညာပါဆရာကြီး"

"တပည့်တိုင်းတောင့်တတဲ့ ပညာရပ်ပဲကွ။ ဒီပညာက လူတိုင်းနဲ့သင့်လျော်တာ မဟုတ်လို့ တပည့်တိုင်းကိုသင်ပေးနိုင်ခွင့်မရှိပေဘူး။ နို့ပေမယ့် မင်းကိုတော့ ဒီပညာနဲ့ သင့်လျော်လိမ့်မယ်လို့ စောင့်ကြည့်ခဲ့တာကြာပြီ။ အခု အချိန်ရောက်လာပြီ"

"ဝမ်းသာလှပါတယ်ဆရာကြီး"

"ဒီပညာက ခက်တယ်ဆိုတာတော့ ကြားမှာပေါ့"

"ကြားဖူးပါတယ်။ နို့ပေမယ့် ခက်ချင်သလောက် ခက်ပါစေ၊ ကျွန်တော် သင်ကြားဖို့ နောက်မတွန့်ပါဘူး"

"ခက်တယ်ဆိုတာ သည့်ပြင် ပညာတွေ သင်ကြားသလို ကျက်ရမှတ်ရတာကို ပြောတာမဟုတ်ဘူး။ လူ့လောကမှာ လုပ်ရိုးလုပ်စဥ်မဟုတ်တဲ့ အလုပ်မျိုးတွေ လုပ်ရကိုင်ရတာကိုဆိုလိုတာ။ ဘယ်နေရာမဆို သွားစရာရှိ သွားရတယ်။ ယူစရာရှိ ယူရတယ်။ ကုန်ကုန်ပြောမယ်ကွာ သတ်စရာရှိ သတ်ရတယ်၊ ဖြတ်စရာရှိဖြတ်ရတယ်ကွ။"

"ဘာမဆို ကျွန်တော် အကုန်လုပ်ဝံ့ပါတယ် ဆရာကြီး"

www.burmeseclassic.com

www.burmeseclassic.com



''ကောင်းပြီ၊ တပည့်ရဲ့သတ္တိနဲ့ ပညာလိုလားမှုကိုသိရလို့ ဆရာဝမ်းသာတယ်။ နို့ပေမယ့် အဲဒီပညာတွေ သင်ကြားနိုင်ဖို့ အခြေခံ ပစ္စည်းတစ်ခုလိုတယ်။ အဲဒါကို အခု ဆရာဖွင့်ပြောမယ်၊ ဒီနားတိုးစမ်း''

အဟိံသက တိုးသွားသည်။ ဆရာကြီးက အဟိံသက၏ ကြီးမားသော ခန္ဓာကိုယ်၊ ကြီးမားသော ကြွက်သားအဖုအဆိုင်များဖြင့် သန်မာအချိုးကျသော ခန္ဓာကိုယ်၊ လက်နက်ပညာသင်ကြားခဲ့ရာတွင် သူတကာထက် ဖျတ်လတ် ကျင်လည်သော အရည်အသွေး၊ စိတ်ထက်သန်သဖြင့် အစဉ်ဝင်းလက် တောက်ပြောင်လျက်ရှိသော မျက်လုံးများကို အကဲဖြတ်၍ တစ်ရာဟု ပြောရမည်လား၊ ငါးရာဟု ပြောရမည်လား ဟု စဉ်းစားသည်။ နောက်ဆုံးတွင် မိမိစိတ်ကူး ကျိန်းသေစေရန်အတွက် တစ်ထောင်ဟု ဆုံးဖြတ်လိုက်ကာ ''လူ့လက်ညှိုးပေါင်း တစ်ထောင်လိုတယ်ကွ။ အဲဒါကိုရအောင် ပထမလုပ်ရမယ်၊ လက်ညှိုးတစ်ထောင်ရရင် ဆရာ့ဆီကို ပြန်လာခဲ့။ ထိပ်ဆုံးအဆင့် ပညာကိုတက်ပေးမယ်။ လက်ညှိုးတွေရဖို့ကတော့ မင့်နည်းမင့်ဟန်နဲ့ ကြိုးစားရလိမ့်မယ်'' ဟု ပြောလိုက်သည်။

''လူသတ်ပြီး လက်ညှိုးဖြတ်ယူရုံပေါ့ ဆရာကြီး။ မသတ်ဘဲနဲ့ လက်ညှိုးချည့် ဖြတ်ယူရင် နောက်ပိုင်း ရန်ပွားနေမှာပေါ့''

''မင်းစိတ်ကူး မှန်တယ်။ အဲဒါကြောင့် ဒီပညာကို ခက်တယ်လို့ ပြောရတာပေါ့။ လုပ်နိုင်ပါ့မလား''

''လုပ်နိုင်ပါတယ် ဆရာကြီး၊ စိတ်သာချပါ၊ အသေအချာလုပ်ပါ့မယ် ဆရာကြီး'' ဟု စိတ်ထက်သန်လှသဖြင့် အထပ်ထပ် ပဋိညာဉ်ပေးသည်။

ထို့ကြောင့် ဆရာကြီးက စင်မြင့်တစ်ခုပေါ်မှ ရွှေပိန်းချထားသော သေတ္တာ ရှည်ရှည်တစ်ခုကို ယူစေသည်။ သေတ္တာကို ဖွင့်လိုက်သောအခါ ကြောက်ဖွယ် အရုပ်မျိုးစုံဖြင့် ရေးခြယ်ထားသော ဓားအိမ်တွင် ထည့်ထားသည့် ဓားကြီးဖြစ်ကြောင်း လက်ကိုင်ဓားနှောင့်ကို မြင်ရခြင်းဖြင့်သိရသည်။ ဆရာကြီးက ဓားအိမ်ကို ထုတ်ယူ၍ ဓားကို အရှိန်ဖြင့်ဆွဲထုတ်လိုက်သောအခါ ရွှမ်းခနဲမြည်၍ မီးရောင်တွင် ဝင်းလက်သွားသည်။ အရွက်ကြီး၍ ခုတ်အားကောင်းလှသောဓားကြီးဖြစ်သည်။

''အဲဒါ၊ ကိုးသချိုင်းသံနဲ့ စီစဉ်ထားတဲ့ ဆေးဓားပဲ၊ ဒီဓားကို ရဖို့ နှစ်နဲ့ချီပြီး စီစဉ်ခဲ့ရတယ်၊ ဒီဓားကို မင်းယူသွား၊ ယောက်ျားဆိုတာ ဓားတစ်လက်ရှိရင် ကမ္ဘာကို ချဉ်းနိုင်ရတယ်ကွ''

''ကျွန်တော်သဘောပေါက်ပါတယ် ဆရာကြီး''

''ကိုင်း . . . ရော့ . . . ယူပေတော့၊ မင်း ဘယ်တော့သွားမလဲ''

www.burmeseclassic.com

www.burmeseclassic.com



''ဆရာကြီး ခွင့်ပြုရင် အခုညပဲ သွားပါ့မယ်ဆရာကြီး''

''အေး . . . ကောင်းတယ်၊ အလုပ်ဆိုတာ အချိန်မဖြုန်းလေ ကောင်းလေပဲ၊ ကဲ . . . ရော့ . . . သွားပေတော့''

အဟိံသက က ဆရာကြီး၏ ခြေအစုံကို ထိနမ်းသည်။ ဦးအကြိမ်ကြိမ်ချသည်။ ဆရာကြီးက ကောက်တကျစ် အပြုံးဖြင့် ပြုံးကြည့်နေသည်။ လူငါးရာတစ်ထောင်သတ်လို့မှ သည်ကောင်မသေလျှင် ဘာကောင်မို့တုံး။ သူတစ်ပါးကို ပျက်စီးစေလိုလျှင် မိမိကလည်း လိုအပ်သလောက် အရင်းစိုက်ရသည်။ ဓားတစ်ချောင်း အရင်းစိုက်လိုက်သည်။ ပညာရှိ၏ ဒေါသတည်း။

အဟိံသကသည် ဓားကြီးကိုလွယ်ရင်း ဆရာကြီးကို နောက်ဆုတ်ရှိခိုးကာ အခန်းထဲမှ ထွက်လာသည်။ ထို့နောက် မလွယ်ပေါက်မှထွက်၍ အမှောင်ရိပ်တွင် ကွယ်ပျောက်သွားသည်။

[ ၄ ]

အဟိံသက အဘယ်သို့ သွားသနည်း။ သူ့အစီအစဉ်အတိုင်း ဆောင်ရွက်နိုင်ရန်အတွက် မဇ္ဈိမအရှေ့ပိုင်း မြောက်ပိုင်းတစ်ခုတွင် တောပေါင်းမြို့ပေါင်းများစွာရှိသည်။ သို့ရာတွင် သာဝတ္ထိအနီးသို့ရောက်အောင်ပြန်လာသည်။ အကြောင်းမူကား သာဝတ္ထိသည် သူ့ဇာတိဖြစ်ရာ သာဝတ္ထိဝန်းကျင်၏ တောတောင်အနေအထား၊ လူတို့အသွားအလာနှင့်အထာကို ပို၍ကျွမ်းကျင်ပြီးသောကြောင့်ဖြစ်သည်။

နောက်တစ်နေ့တွင်ပင် သူ့လုပ်ငန်းကို စတင်လိုက်သည်။ ပထမနေ့တွင်ပင် သူပုန်းခိုသည့်တောတွင်းသို့ ရောက်လာသော လူငါးယောက်ကို သတ်လိုက်နိုင်သောကြောင့် လက်ညှိုးဆယ်ချောင်းရသည်။ ထို့ကြောင့် တောတွင်းမှ လူသတ်သမားကြီးဟူသော သတင်းမှာ တောနှင့်မကင်းသော ဆင်းရဲသား သာဝတ္ထိသားတို့လောကတွင် ကျော်ကြားသွားသည်။

သို့ရာတွင် ပရိယေသနအတွက် တောနှင့်မကင်းနိုင်ကြသောကြောင့် လူစုလူဝေးနှင့် သွားသည်။ သတိနှင့်သွားသည်။ တစ်ယောက်နှင့်အများဆိုလျှင်ပင် ကြောက်စရာမဟုတ်ဟု အားတင်းကာ လက်နက်မျိုးစုံနှင့်သွားသည်။ သို့ရာတွင် လူစုလူဝေးကိုလည်း လူသတ်သမားကြီးက နိုင်အောင်သတ်သည်။ မျောက်တစ်ကောင်ကဲ့သို့ ပေါ့ပါး၍ လေကဲ့သို့ လျင်မြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



လူသတ်သမားသည် လူမဟုတ်၊ ဘီလူးဟု ကျော်ကြားသည်။ ဘီလူးဟူသည် ဓားကို ကိုင်ရာသလော။ ဘီလူးမဟုတ်၊ လူစင်စစ်က ဘီလူးစိတ်ပေါက်နေသော လူ့ဘီလူးကြီးဟု ကျော်ကြားသည်။ ထူးဆန်းသည်မှာကား လူသတ်သမားကြီးသည် လူကိုသတ်သော်လည်း အစာအာဟာရမှတစ်ပါး မည်သည့်ပစ္စည်းကိုမျှမယူ၊ လက်ညှိုးများကိုသာ ဖြတ်၍ယူသည်ဟူသောသတင်းပင်ဖြစ်၏။

မကြာမီပင် လက်ညှိုးများကို ဖြတ်၍ယူရုံမဟုတ်၊ ယင်းလက်ညှိုးများကို ကြိုးဖြင့်သီ၍ လည်ပင်းတွင် ပန်းကုံးသဖွယ် သီ၍စွပ်ထားသည်ဟူသော သတင်းကို ဆက်၍ ကြားကြရ၏။ သို့ဖြစ်၍ အမည်မသိရသော တောတွင်း လူသတ်သမားကြီးအဖို့ အမည်သစ်ရလာသည်။ လက်ညှိုးပန်းကုံးဝတ်ဆင်သူဖြစ်သောကြောင့် 'အင်္ဂုလိမာလ' ဟူ၍ဖြစ်၏။ အသွင်ကိုလိုက်၍ အရပ်ကပေးသောအမည်ဖြစ်သည်။ အင်္ဂုလိ= လက်ချောင်းများ၊ မာလ=ပန်းကုံး။

အဟိံသကသည် ပထမသော် ရလာသော လက်ချောင်းများကို သင့်လျော်ရာ သစ်ပင်သစ်ခေါင်းတို့၌ သိမ်းဝှက်၍ထားသည်။ တစ်ထောင်ပြည့်ရန်တွက် ဘယ်နှစ်ချောင်း ရပြီးကို အတန်စုမိတိုင်း ထုတ်ယူ၍ ရေတွက်ကြည့်သည်။ ထိုအခါ လက်ချောင်းများ ပျောက်ပျက်ကုန်သည်ကို တွေ့ရ၏။ ကျေးငှက်, တောပိုးများ စားပစ်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဤအတိုင်းထား၍တော့ဖြင့် မီးခိုးမဆုံး မိုးမဆုံး ဖြစ်ချေတော့မည်။ ရသမျှ လက်ချောင်းများကို ကြိုးဖြင့်သီ၍ ကိုယ်တွင်ဆွဲထားမှ စိတ်ချရတော့မည်ဟု တွက်ကိန်းချကာ လက်ညှိုးပန်းကုံးသမားဖြစ်လာရာမှ အင်္ဂုလိမာလအမည်ရလာသည်။

ထူးဆန်းသော လူသတ်သမားကြီး၏သတင်းမှာ သာဝတ္ထိ နေပြည်တော်တွင် ပျံ့နှံ့လျက်ရှိပြီဖြစ်သော်လည်း ဆင်းရဲသားနှင့် အစပ်ကွာလှသော ဘုရင့်နားတော်သို့ကား ရောက်မလာသေး။ မရောက်လာအောင် တတ်နိုင်သမျှ ဖုံးဖိထား၏။ ဖုံးဖိထားသူကား လူသတ်သမားသတင်း စတင်ထွက်ပေါ်စဉ်ကပင် ဤသူကားအခြားသူမဟုတ် မိမိ၏သား အဟိံသကတည်းဟု သိရှိထားခဲ့သော မင်းဆရာကြီး အန္တကပြာဟ္မဏကြီးပင်ဖြစ်၏။

သားတည်းဟူသော သံယောဇဉ်တွင် တတ်နိုင်သမျှ အန္တရာယ်ကင်းစေလိုသည်။ ဤသို့ဖြစ်လာကိန်းကိုသိ၍ ယခင်ကပင် ဘုရင်သို့ လျှောက်ထားခဲ့ပြီးသောကြောင့် မိမိဝတ္တရား ကျေပွန်ပေပြီ။ ယခုသော် သူ့အကြောင်းနှင့်သူ ရှိစေတော့ဟု တတ်နိုင်သမျှ ဖုံးဖိ၍ထားခဲ့သည်။

သို့သော် ဖုံး၍ဖိ၍မရနိုင်လောက်အောင် နန်းတော်ကို ဝန်းရံအော်ဟစ်သည်အထိ လုပ်သားပြည်သူတို့ ဆူပွက်၍ လာသောကြောင့် ဘုရင့်နားတော်သို့ ရောက်ရှိလာကာ ချက်ချင်းပင် ညီလာခံကိုခေါ်စေလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"တိုင်းသူပြည်သားတွေ ဆူလှုပ်လှုချည့်လား။ နေပြည်တော်ပေါ်မှာလဲ သူပုန်အရေးအခင်းပေါ်ပေါက်နေပြီလား"

"မှန်လှပါ။ သူပုန်အရေးအခင်းမဟုတ်ပါ။ လူသတ်သမားတစ်ယောက်ရဲ့ အရေးအခင်းမျှသာပါဘုရား"

"လူသတ်သမားတစ်ယောက်အတွက် ဒါလောက်ပဲ ဆူရပွက်ရသလား၊ ဘယ်လိုဖြစ်တာလဲ"

"မှန်လှပါ။ လူသတ်သမားက သူမတူအောင် စွမ်းတဲ့ လူသတ်သမားဖြစ်နေပါတယ်။ မြောက်လိုပေါ့ပါးပြီး လေလို လျင်မြန်ပါသတဲ့။ ဒါ့ကြောင့်မို့ အများနဲ့ တစ်ယောက်ကိုတောင်မနိုင်နိုင်အောင်ဖြစ်နေပါတယ်။ ထူးဆန်းတာက လူသတ်သမားဟာ ပစ္စည်းမယူ၊ လူကိုသတ်၊ လက်ညှိုးကိုသာဖြတ်ယူပြီး လက်ညှိုးတွေကို ပန်းကုံးလုပ်ပြီး ဝတ်ဆင်ပါတယ်။ ဒါ့ကြောင့်မို့ 'အင်္ဂုလိမာလ' လို့ အမည်တွင်နေပါတယ်ဘုရား"

"အလို ◦ ◦ ◦ တယ်ပြီး ထူးဆန်းပါလား။ ဘယ့်နှယ်လဲ၊ အန္တက ဆရာကြီးက တစ်စုံတစ်ရာ မလျှောက်ထားတော့ဘူးလား"

"မှန်လှပါ။ ဒီသူငယ် မွေးစကပင် ဒီလိုဖြစ်လာမယ်လို့ ကျွန်တော်မျိုး လျှောက်ထားခဲ့ပြီးဖြစ်ပါတယ်။ အခုဖြစ်လာနေပါပြီ"

အန္တကအမတ်ကြီး၏ သားတည်းဟူ ကောသလဘုရင် ချက်ချင်းသတိရလိုက်ပြီ ဖြစ်၏။ ထို့ကြောင့် ဤကိစ္စတွင် ရေးကပင် မထိမဲ့နေခဲ့မိသော မိမိတာဝန်လည်း မကင်းဟု စဉ်းစားသည်။ သို့ရာတွင် အဘယ်မျှ လူစွမ်းကောင်းသည်ဆိုစေ၊ ငါကဲ့သို့သော ဘုရင်ကို အန်တုနိုင်အံ့လောဟု စဉ်းစားကာ "ကောင်းပြီ အင်္ဂုလိမာလဆိုသူကို နက်ဖြန်တွင် ငါကိုယ်တော်တိုင် တပ်မတော်အခင်းအကျင်းဖြင့် ထွက်၍ဖမ်းမည်။ အသင့်ပြင်ထားကြစေ" ဟု အမိန့်ချမှတ်ကာ ညီလာခံကို ရုပ်သိမ်းသည်။

ယနေ့ လက်ချောင်းကလေးများကို ရေတွက်၍ ကြည့်လိုက်သောအခါ တစ်ထောင်ပြည့်ရန် နှစ်ချောင်းမျှသာ လိုတော့သောကြောင့် အဟိံသက ဝမ်းမြောက်၏။ တစ်ယောက်ကိုမျှသာ သတ်ဖို့လိုတော့သည်။ တစ်ယောက် သတ်ပြီးလျှင် ဆရာ့ထံ ပြန်ပြေး၍ ပညာကို သင်ယူရတော့မည်ဟု ဝမ်းမြောက်လျက်ရှိသည်။

စင်စစ် အဟိံသကသည် လူဆိုးမဟုတ်၊ လူကိုအပထား၍ မည်သည့် သက်ရှိသတ္တဝါကိုမျှ သတ်လိုသူမဟုတ်။ ပါဏာတိပါတ၏ ခါးသီးသောအပြစ်ကို သိ၍ ရှောင်ကြဉ်ခဲ့သူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လူသတ်သမားကြီးစင်စစ်ဖြစ်လျက်ရှိနေသည်ကို လူဆိုးမဟုတ်ဟု ဆိုရာသလောဟု စောကြောဖွယ်ရှိ၏။ 'အမေမှာသည့်ဆန်တစ်ခွဲ သုံးစိတ်နှင့်မလဲ' နိုင်အောင်ဆရာမိုက်၏ ပရိယာယ်စက်ကွင်းတွင် အမိခံရသည့် ပညာလိုလားသော အဇ္ဈာသန္ဒကြောင့်ပေတည်း။ ဆိုလိုသည်မှာ ပညာလိုလားလွန်းသော အဇ္ဈာသန္ဒကြောင့် မပြုသင့်သောအမှုကို မပြုသင့်မှန်းသိပါလျက် ပြုနေသော်လည်း အဟိံသက၏ အခြေခံစိတ်ရင်းမှာကား ဆိုးသွမ်းသူမဟုတ်ကြောင်း ဖော်ပြလိုခြင်းဖြစ်ပေ၏။

သတ်မည့်သူကို ရှာဖွေရသည်မှာ တစ်နေ့တခြား ခက်၍လာသည်။ လူတို့သည် သူ့အန္တရာယ်ကြောင့် တောနက်ကို ရှောင်ကြ၏။ လူစုလူဝေးနှင့်မျှသော်လည်း မသွားလာဝံ့ကြ။ ထို့ကြောင့် အဟိံသကအဖို့ ရှေ့သို့ လူသတ်ရန် တစ်လှမ်းတိုး၍ အားထုတ်လာရသည်။ အားထုတ်ဟန်ကား ။ ။ ။ ရှေးကလို တောနက်တွင် မနေတော့ဘဲ မြို့နီးချုပ်စပ်သို့ တိုးထွက်လာရသည်။ မြို့နီးချုပ်စပ်တွင် တွေ့ရာလူကို သတ်၍ တောနက်သို့ဝင်ပြေးသည်။ မြို့စပ်တောရိပ်တို့တွင် အမှတ်မထင် ပုန်းကွယ်၊ လူတို့အကြား အတင်းဝင်ကာ သတ်ဖြတ်ရသည်။ ထို့ကြောင့်လည်း လူနေမြို့စပ်အထိ ရဲရင့်လာသော လူသတ်သမား၏ အန္တရာယ်ကြီးသည်ထက် ကြီးမား၍ လာသောကြောင့် မခံမရပ်နိုင်ဖြစ်ကြကာ ရွှေနန်းတော်အထိ သတင်းပေါက်၍သွားခြင်းဖြစ်သည်။

ယနေ့လည်း သာဝတ္ထိအလွန် ဇေတဝန်၊ ဇေတဝန်အလွန်နားရှိ တောစပ်တွင်ပင် ကပ်ခို၍နေကာ တစ်ယောက်တည်းသာ သတ်ဖို့ရန်လိုတော့သော လက်ညှိုးနှစ်ချောင်းအတွက် ချောင်းမြောင်းလျက်ရှိသည်။ ဤတွင် ကံကောင်းချင်တော့ အမျိုးသမီးကြီး တစ်ယောက်တည်း အထုပ်ကလေး တစ်ခုကိုရွက်၍ သူရှိရာ တောစပ်သို့ တန်းတန်းမတ်မတ် လာနေသည်ကို တွေ့ရသည်။ ဝမ်းမြောက်လှသည်။ သို့ရာတွင် အမျိုးသမီးသည် တစ်လှမ်းပြီးတစ်လှမ်း သူနှင့်နီးလာသောအခါ အံ့အားသင့်ရတော့သည်။ သူ့မိခင်ကြီးဖြစ်နေသည်ကို တွေ့ရသောကြောင့်ပေတည်း။

ဖြစ်ပုံကား သူ့သားအဘယ်မျှ လူစွမ်းကောင်းသည်ဆိုစေ၊ ဘုရင်နှင့် တပ်မတော်ကိုတော့ အန်တုနိုင်မည်မဟုတ်သည်ကို အန္တကဆရာကြီးသိသည်။ တစ်ဖက်တွင် သားတည်းဟူသော သံယောဇဉ်ကလည်း ရှိသေးသည်။ သို့ဖြစ်ရာ တတ်နိုင်သမျှ ထွက်ပေါက်ရပါစေတော့ဟူသော သဘောဖြင့် သူ့မိခင် ကြိုတင်သွားပြီးပြောခဲ့လျှင် ထိန်းနိုင်ဖို့ရှိသည်။ ထို့ကြောင့် အန္တကဆရာကြီးသည် ညီလာခံနေ့က အိမ်သို့ပြန်ရောက်သည်နှင့်တစ်ပြိုင်နက် သူ့အသားအရေး နန်းတော်အတွင်းရေးကို သူ့ဇနီးသို့ဖွင့်၍ ပြောလိုက်သည်။

"မင့်သားအကြောင်း ကြားပြီးပလား"

www.burmeseclassic.com

www.burmeseclassic.com



''တက္ကသိုလ်မှာ ပညာသင်နေမှာပေါ့တော်၊ ဘာကြားလို့လဲ''

''အင်္ဂုလိမာလ ဆိုတာကော ကြားရဲ့လား''

''သာဝတ္ထိနေပြည်တော် ဟိုးလေးတကျော်ပဲတော်၊ မကြားဘဲ နေပါ့မလား''

''အဲဒါ မင့်သား အဟိံသကပဲ''

''အလိုလေးလေး . . . မအေပ်မရာ၊ ကျုပ်တို့သား လူလိမ္မာ လူကောင်းလေးပါ၊ မဖြစ်နိုင်ပါဘူး''

''ဟုတ်လို့ပြောတာပေါ့ကွ၊ မွေးကတည်းက ငါဟောလာခဲ့တာ၊ အခု တကယ် လူသတ်သမား လူဆိုး လူကျော်ကြီးဖြစ်နေပြီလေ''

''အလိုလေးတော် ဖြစ်မှဖြစ်ရပလေ၊ အနို့အရင်တုန်းက ရှင်ဘာလို့ မပြောခဲ့သလဲ၊ အင်္ဂုလိမာလရယ်လို့ သတင်းကြီးနေတာ ကြာလှပြီပကော''

''အရင်တုန်းကတော့ အကြောင်းမပေါ်သေးဘဲကိုးကွ၊ အခုတော့ ဘုရင် ကိုယ်တိုင် သိသွားလို့ နက်ဖြန်ဆိုရင် ဘုရင်ကိုယ်တိုင် တပ်မတော်နဲ့ ထွက်ပြီးမင့်သားကို ဖမ်းလိမ့်မယ်''

''ဘုရားရှင်ကယ်တော်မူပါ၊ မဖြစ်ဘူး၊ မဖြစ်ဘူး၊ ဒီအတိုင်းသာဆိုရင် ကျုပ်သားလေး သေလိမ့်မယ်၊ လွတ်ရာကျွတ်ရာ ပြေးနိုင်အောင် သွားပြီး သတင်းပို့ဦးမှ၊ ဒီကောင် တောထဲမှာ ထမင်းလေးဘာလေးမှ စားရရဲ့လား မသိဘူး''

''စားရတလှည့် မစားရတစ်လှည့်နေရှာမှာပေါ့ကွာ၊ ထမင်းထုပ်လေးဘာလေး ယူသွားပေါ့''

ဤနည်းဖြင့် မိခင်ကြီးသည် သူ့သားဆီသို့ နံနက်စောစောအချိန်ကပင် တောစပ်သို့ ထမင်းထုပ်ကလေးရွက်၍ ရောက်လာခဲ့ခြင်းဖြစ်ပေသည်။ သားသတင်းကို မပြတ်ထောက်လှမ်း ကြားသိနေခဲ့သော ဖခင်ကြီးက အဟိံသကသည် ယခုတလော ဝေးဝေးတွင်မနေ၊ ဇေတဝန်အလွန် တောအုပ်တွင်ပင်ရှိသည်ဟု အသေအချာ သတင်း ပေးလိုက်သောကြောင့် တန်းတန်းမတ်မတ် ရောက်လာနိုင်ခဲ့သည်။

[ ၅ ]

ထိုနေ့နံနက် အရုဏ်တက်တွင်ပင် ဘုရားရှင်၏ ကိစ္စတော် ပေါ်ပေါက်၍ လာခဲ့သည်။ လာဟန်ကား ဗုဒ္ဓကိစ္စတော်အတိုင်း ထိုနေ့နံနက် အရုဏ်တက်က ကျွတ်ထိုက်သော သတ္တဝါတို့ကို ရွှေဉာဏ်တော်ဖြင့် ဆင်ခြင်ကြည့်ရှုသောအခါ အင်္ဂုလိမာလာကို

www.burmeseclassic.com

www.burmeseclassic.com



မြင်တော်မူ၏။ မြင်တော်မူသည်မှ တည်းတည်းကလေးဖြစ်သည်။ ထိုနေ့နံနက်မှ ကယ်တင်တော်မမူလျှင် အဟိံသကသည် မိခင်ကိုသတ်သော မာတုဃာတ အဖြစ်ဆိုးကြီးကြောင့် တရားတည်းဟူသော မဂ်ဖိုလ်မှ နီးလျက်နှင့်ဝေးရတော့မည်ကို မြင်တော်မူခြင်းဖြစ်ပေသည်။ ထို့ကြောင့် ဘုရားရှင်သည် ထိုနေ့နံနက်က တစ်ပါးတည်း ဆွမ်းခံထွက်ကြွခြင်းဖြင့် အင်္ဂုလိမာလကို ကယ်တင်ရန် ပြင်ဆင်တော်မူပြီးဖြစ်သည်။

"သားကြီးရေ အဟိံသကရေ" ဟု တကြော်ကြော်ခေါ်ရင်းဖြင့် မိခင်ကြီးသည် မိမိပုန်းကွယ်ရာသို့ တန်းတန်းမတ်မတ် လာနေသည်ကို အဟိံသကသည် တွေဝေသော နှလုံးဖြင့် သစ်ပင်အကွယ်မှ စူးစိုက်၍ ကြည့်နေသည်။

အခါတိုင်းလိုဆိုလျှင် အမျိုးသမီးတစ်ယောက်တည်းမို့ အလွယ်တကူဖမ်းယူ၍ သတ်လိုက်ပြီးဖြစ်၏။ ယခုမူ မိခင်ဖြစ်နေတော့ အဖမ်းရခက် အသတ်ရခက်နေသည်။ လေးဖင့်နေသည်။ မာတာပိတုဂုဏော အနန္တောကို အဟိံသက သိသည်။ အမေကို ချစ်သည်။ သို့သော် တစ်ဖက်တွင်လည်း ပညာရေးက သွေးထိုးပေးနေသည်။ သတ်ရအံ့လော၊ မသတ်ရအံ့လော တုံ့ဆိုင်းနေသည်။

"သားကြီးရေ . . . အဟိံသကရေ ငါ့သားဘယ်မှာလဲကွယ့် မင်းဆီ အမေလာနေတယ်ကွယ့်"

ခပ်လှမ်းလှမ်းသို့အရောက်တွင် သစ်ပင်တစ်ခု၏ အကွယ်မှ အဟိံသက ဘွားခနဲပေါ်လာသည်။ "အမေမလာနဲ့၊ အမေရှေ့မတိုးနဲ့၊ ရှေ့တိုးရင် အမေ့ကို ကျွန်တော်သတ်မိလိမ့်မယ်"

"အလိုလေး . . အမေ့သားကြီးပါလား၊ ငါ့သား လူလိမ္မာကြီး ဘယ်လိုဖြစ်နေတာလဲကွယ်၊ မုတ်ဆိတ် မုတ်နားတွေ ဗလပျစ်နဲ့၊ အသားတွေကလဲ ညိုမှောင်လို့ ငါ့သား လူချောကြီး၊ အခုတော့ လူ့ဘီလူးကြီးလိုတောင် ဖြစ်နေပါပေါ့ကလား"

"အမေ ရှေ့တိုးမလာနဲ့နော်၊ ဟောဒီမှာဓား တွေ့ရဲ့လား၊ အမေ့ကိုသတ်မိလိမ့်မယ်၊ အမေနောက်ဆုတ် အိမ်ပြန်" ဟုဆိုကာ မိခင်ကြီးကြောက်လန့်သွားစေရန် ဓားကြီးကို ဝှေ့ယမ်းပြလိုက်သည်။ သို့ရာတွင် အမေက နောက်မဆုတ်၊ ရှေ့သို့သာ တိုးလာသောကြောင့် အဟိံသက နောက်ဆုတ်သွားရသည်။

"အမေ ကျွန်တော်ပြောနေတာမကြားဘူးလား၊ ဘာဖြစ်လို့ ရှေ့တိုးလာရသလဲ၊ ပြောတာမရရင် အမေ့ကို သတ်မိလိမ့်မယ်နော်"

"သတ်ပါကွယ်၊ ငါ့သားက သတ်မယ်ဆိုရင် အမေ ဆယ်ပြန်သေဝံ့ပါတယ်၊ ငါ့သားဖို့ ဟောဒီမှာ စားမြိန်ထုပ် ယူလာတယ်၊ ငါ့သား ထမင်းလေး ဘာလေး မှန်မှန်စားရရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေ ပြောမနေနဲ့အမေ၊ ပြန်ဆိုတာ မပြန်ရင်လဲ ရှေ့မတိုးခဲ့နဲ့၊ တိုးလာရင် ကျွန်တော် အဟုတ်သတ်ရလိမ့်မယ်ဗျ"

သတ်စကား ဖြတ်စကားချည်းပြောနေသော်လည်း အဟိသက၏အသံမှာ တစ်ခွန်းထက်တစ်ခွန်း ငိုသံပါလာသည်။ ငိုသံပါလာရာမှ မျက်ရည်လည်ရွဲ ဖြစ်လာသည်။ သူ့အဖို့ လက်ညှိုးနှစ်ချောင်းရဖို့ကလည်း အရေးကြီးနေသည်။ အမေ့ကို အသတ်ရလည်း ခက်နေသည်။ မိခင်ချစ်စိတ်နှင့် ပညာလိုလားသော စိတ်တို့ ဒွိဟဖြစ်ကာ မတင်မကျ ဖြစ်နေသည်။

"သတ်ပါ လူကလေးရယ်၊ မသတ်ခင် ငါ့သားဆီ အမေ အခုလာတဲ့ကိစ္စက မင်းသတင်းကို ဘုရင်မင်းမြတ် သိသွားလို့ ဒီနေ့ပဲ ဘုရင်မင်းမြတ်ကိုယ်တော်တိုင် တပ်တောင်တာဗိုလ်ထုနဲ့ မင်းကို ဖမ်းရအောင် လာကြလိမ့်မကွယ့်။ အဲဒါ မင်းသိဖို့ တိမ်းရှောင်ရအောင် အမေလာပြောတာပါ လူကလေးရယ်"

ထိုသတင်းကြောင့် အဟိသကငိုင်သွားသည်။ အငိုမျက်နှာမှ တင်းမာသွားသည်။ ထိုအခိုက်မှာပင် တောတွင်း၌ မကြုံစဖူးသည့် ထူးဆန်းသောအခြင်းအရာများ ဖြစ်ပေါ်လာသောကြောင့် သားအမိနှစ်ယောက် ရင်ဆိုင်ရပ်ရင်း အံ့အားသင့်သွားကြသည်။

ရှေးဦးစွာကား ကောင်းကင်မှ ထွက်ပြူစသာသာ နေမင်းကြီးသည် မိမိတို့ရှိရာ တောအုပ်ပေါ်သို့ နေရောင်စုပြုံ ရောက်လာဘိသကဲ့သို့ သစ်ကိုင်းသစ်ရွက်တို့ကိုဖြတ်ကာ ထူးခြားသော အရောင်အဆင်းကြီး လင်းလင်းချင်းချင်း ကျရောက်လာခြင်းပင်ဖြစ်ပေ၏။ ထို့နောက်တွင် အချိန်အခါမဟုတ်ဘဲနှင့် မျက်လှည့်ပြသည့်ပမာ တောပန်း တောင်ပန်းတို့ တဖျတ်ဖျတ် ပွင့်အာလာကြကုန်သည်။ ယင်းတောပန်း တောင်ပန်းတို့ ရနံ့ပေပဲလားမသိ။ သင်းပျံ့သော ရနံ့တစ်မျိုးသည် သင်းထုံ၍လာသည်။ ထို့ထက်ထူးခြားသည်ကား တောသံ တောင်သံတော့ ဟုတ်ဟန်မထင်။ ဓမ္မသံဝေဂကို အပြည့်ဆောင်သော စီစီရီရီ အသံကြီး တစ်မျိုးသည် တစ်တောလုံးဟိန်း၍ ပေါ်လာခြင်းပင်ဖြစ်၏။ ဘုရားရှင် ကြွရောက်တော်မူလာပေပြီတည်း။

ဆွမ်းခံကြွသည့် အဟန်ဖြင့် ရဟန်းတစ်ပါးသည် သားအမိနှစ်ယောက် အကြားတွင် ဘွားခနဲ ပေါ်ပေါက်၍လာသည်။ သာဝတ္ထိတွင် မပြတ်မြင်တွေ့နေရသောကြောင့် မိခင်ကြီးက ဘုရားရှင်မှန်းသိ၏။ အဟိသက ကမူ ရဟန်းတစ်ပါး အဖြစ်သာသိ၍ ဘုရားမှန်းမသိ။

ထို့ကြောင့် အဟိသက ဝမ်းမြောက်ခြင်းဖြင့် မျက်လုံးများပင် ဝင်းလက်သွားသည်။ ဝမ်းမြောက်ပုံကား ရဟန်းကို ကြည်ညိုသောကြောင့်မဟုတ်။ ဆင်ပြောင်ကြီး အမြီးကျမှတစ် ဆိုသကဲ့သို့ လက်ညှိုးနှစ်ချောင်း အတွက်မျှနှင့် သူ့အဖို့ အရေးကြီး

www.burmeseclassic.com

www.burmeseclassic.com



နေရာတွင် မိခင်ကြီးကိုပင် သတ်ရတော့မလိုလိုနှင့် အသတ်ရခက်နေရကား ယခုသော် အသတ်ခံပုဂ္ဂိုလ် အဆင်သင့်ရောက်လာသော်ကြောင့်ဖြစ်သည်။ သို့ဖြစ်ရာ ဘုရင်အဖမ်းခံရတော့မည့်ကိစ္စကြောင့်လည်း အရေးကြီး၊ လက်ညှိုးနှစ်ချောင်း ရဖို့ကလည်း အရေးကြီးနေသောကြောင့် မိခင်ကြီးကိုပင် သတ်မရတော့ဘဲ ဓားကြီးကို တစ်ဟုန်တည်း ဝှေ့ရမ်း၍ ရဟာန်းကို ခုတ်သတ်ရန် ပြေးလာသည်။

မိခင်ကြီးအဖို့ သူ့ကိစ္စပြီးပြီတစ်ကြောင်း၊ သူတွေ့လိုသောသားနှင့် သူပြောလိုသော သတင်းစကားကို တွေ့ရပြောရပြီဖြစ်၍ လည်းကောင်း၊ မျက်စိအောက်တွင် ရုန့်ရင်းသော ကိစ္စကို မမြင်မတွေ့လိုသည်တစ်ကြောင်းတို့ကြောင့် ထမင်းထုပ်ကို သူ့သားမြင်လောက်သည့်နေရာ၌ ချထားခဲ့ပြီးလျှင် တခြားသို့ ထွက်ခွာသွားပြီဖြစ်၏။

ခွန်အားကြီး၍ လေကဲ့သို့ လျင်မြန်သည်ဆိုသော အဟိံသကအဖို့ ရဟာန်းသို့ သည်တစ်ကြိမ်လိုက်ရသည်မှာ အိပ်မက်ထဲတွင် လိုက်ရသကဲ့သို့ ဖြစ်နေ၏။ တစ်နည်းအားဖြင့်ဆိုသော် လည်ပတ်လျက်ရှိသော ဘီးကြီးပေါ်တွင် ဘီးပေါ်မှ လိမ့်မကျစေရန် ပြေးလွှားနေရသကဲ့သို့ ဖြစ်နေ၏။ ရဟာန်းကို လက်တစ်ကမ်းတွင်ပင် မြင်တွေ့နေရပါလျက် မမီ၊ သို့ရာတွင် ရဟာန်းသည်မူကား ပြေးဖို့ဝေး၍ ခြေလှမ်းသည်ကိုမျှ မမြင်ရ။

အားကုန်သွန်၍လိုက်၏။ အကြောင်းမထူး။ ကြာတော့ မမောစဖူး မောလာသည်။ ထို့ကြောင့် ပရိယာယ်တစ်မျိုးဖြင့် ဖမ်းလေမှပဲဟု စိတ်ကူးကာ –

"ရဟာန်း။ ။ ရပ်လော့၊ သင်ငါ့လက်က မလွတ်နိုင်" ဟု ဆိုလိုက်၏။

"အဟိံသက။ ။ ငါကား ရပ်၏။ သင့်အမြင်ပင် ဖြစ်ပေသည်။ သင်သာ ပြေးသူဖြစ်ပေသည်"

"ရဟာန်း။ ။ ငါလိုက်၍ မမီအောင်ပင် ပြေးနေသူဖြစ်ပါလျက် ငါကား ရပ်၏ဟု မုသားဆိုဘိ၏။ ရဟာန်းဖြစ်ပါလျက် မုသားဆိုရာသလော"

"အဟိံသက။ ။ ငါကား သံသရာခရီးမှ ရပ်သူဖြစ်၍ ရပ်သူမည်၏။ သင်ကား သံသရာ ခရီးကြမ်းတွင် အပန်းတကြီး ပြေးလွှားနေသူဖြစ်၍ ပြေးသူမည်ပေသည်။"

ထိုစကားကြောင့် အဟိံသက တန့်ခနဲ ဖြစ်သွား၏။ အကြောင်းမူကား အဟိံသကသည် စဉ်းစားတတ်သူတည်း။ စဉ်းစားဖွယ်ရာ စကားကို ကြားရသောအခါ နှလုံးကိုထိသွားသောကြောင့် တန့်ခနဲ စဉ်းစားလိုက်မိခြင်းဖြစ်သည်။

"ရဟာန်း ။ ။ သံသရာခရီးတွင် ပြေးလွှားသူဟူသည် အဘယ်နည်း။ သံသရာခရီးမှ ရပ်သူဟူသည် အဘယ်နည်း"

www.burmeseclassic.com

www.burmeseclassic.com



"အဟိံသက။ ။ သင့်မှာ လိုချင်မှုမျိုးစုံ တည်းဟူသော လောဘရှိ၏။ သူတစ်ပါးအသက်ကို သတ်ဖြတ်မှုတည်းဟူသော ဒေါသ ရှိနေ၏။ ထိုလောဘ, ဒေါသတို့၏ အပြစ်ကို မသိနိုင်စွမ်းသော မောဟတရား ဖုံးလွှမ်းလျက်ရှိနေ၏။ ထို့ကြောင့် သံသရာခရီးကြမ်းတွင် ပင်ပန်းရဦးမည်ဖြစ်၍ ပြေးလွှားသူဖြစ်သည်။ ငါသည်ကား ယင်းတရားဆိုးသုံးရပ်တို့ ကင်းပြတ်ပြီးသူဖြစ်၍ ရပ်သူဖြစ်သည်"

ယင်းစကားတစ်ခွန်း တရားရပ်ကြောင့် အဟိံသကအဖို့ ရပ်တန့်ရုံမျှမကတော့ဘဲ ဓားကြီးကိုပစ်ချလိုက်ကာ ရဟန်းသို့ဦးညွှတ်သည်။ အဟိံသက ကျွတ်ချိန်ရောက် ပြီတည်း။

"အင်္ဂုလိမာလ။ ။သင့်မှာ စိတ်ရင်းအခြေခံ ကောင်းသူဖြစ်သည်။ နှိုင်းချိန်စဉ်းစားနိုင်ဖို့ ပညာသင်ကြားပြီးသူဖြစ်သည်။ အယူအဆလွဲမှားမှု ပညာလောဘကြောင့် ဆင်းရဲနေရပေသည်။ သူတစ်ပါးအား ပျက်စီးစေမှု၊ သတ်ဖြတ်မှု အကုသိုလ်အထပ်ထပ်ကြောင့် ဆင်းရဲရပြီမဟုတ်လော။ စဉ်းစားဆင်ခြင်လော့၊ တရားနှင့် နှလုံးသွင်းလေလော့"

"အရှင်မြတ်ဘုရား။ ။ တပည့်တော် သတိတရားရပါပြီ။ ယနေ့ယခုအချိန် မှစ၍ သံသရာတွင် ပြေးလွှားစေသော အကုသိုလ်အမှုမှန်သမျှကို မပြုတော့ပါ။ အရှင်မြတ်သည် တပည့်တော်အား ကယ်တော်မူပါ။ အရှင်မြတ်ကဲ့သို့ ရဟန်းပြု ပေးတော်မူပါဘုရား"

"သာဓု ... သာဓု ... သာဓု အင်္ဂုလိမာလ။ ။ ငါဘုရားထံသို့ ရဟန်း အဖြစ်ချဉ်းကပ်လော့၊ ယနေ့ယခုအချိန်မှစ၍ ကောင်းစွာနေလော့၊ ကောင်းစွာ ကျင့်လော့"

ယင်းသို့လျှင် ဘုရားရှင်က 'ဧဟိဘိက္ခု' ခေါ်တော်မူလိုက်သောအချိန်တွင် ဘဝပါရမီ ပြည့်စုံခဲ့သော နောက်ဆုံးဘဝရှင် အဟိံသကအဖို့ ဝါတော် ခြောက်ဆယ် ရပြီးသော ထေရ်ကြီးအရှင် အင်္ဂုလိမာလ ရဟန်းတော်အသွင်သို့ ကူးပြောင်းသွားသည်။ ဘုရားရှင်သည် မနီးမဝေး၌ပင်ရှိသော ဇေတဝန်ကျောင်းတော်သို့ ခြေတော်ဦးလှည့်လိုက် သောအခါ ရဟန်းတော် အင်္ဂုလိမာလသည် နောက်တော်ပါးက ပါရှိလာ၏။

ဇေတဝန်ကျောင်းတော်သို့ ရောက်သောအခါ ထိုအချိန်တွင်ပင် အင်္ဂုလိမာလကို ဖမ်းရန်အတွက် စစ်အင်ကျင်း၍ ထွက်ကြွလာသော ကောသလဘုရင်သည် စစ်ထွက်ရန် တန်းလန်းနှင့်ပင် ဘုရားရှင်အထံတော်သို့ ဝင်ရောက်ဖူးမြော်၏။ ဤသည်ကား ဤဘုရင်၏ အလေ့အထတစ်ရပ်ပင်ဖြစ်ပေ၏။ ကောသလဘုရင်အဖို့ စစ်ထွက်, စစ်ပြန်ချိန်တို့တွင် ဖြစ်မချည်း၊ သာဝတ္ထိမြို့တော်ဆိုလျှင် ကျောင်းတော်သို့ လည်းကောင်း၊ လမ်းခရီးတွင် ဘုရားရှင်နှင့် ကြုံကြိုက်ရာတို့၌လည်းကောင်း စစ်ဝတ်စစ်စားနှင့်ပင် ဝင်ရောက် ဖူးမြော်လေ့ရှိသည်မှာ ရိုး၍နေပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



''ခရီးကြုံခိုက် ဝင်ရောက်ကန်တော့ပါသည်ဘုရား''

''အသင်မင်းကြီး။ ။ အဘယ်သို့ စစ်ထွက်မည်နည်း''

''စစ်ထွက်ရန်မဟုတ်ပါ။ နိုင်ငံတော်တွင် ဆိုးသွမ်းလျက်ရှိသော အင်္ဂုလိမာလ လူသတ်သမားကို ဖမ်းရန် ထွက်ရပါမည်ဘုရား''

''မင်းကြီး။ ။ အင်္ဂုလိမာလကို တွေ့သော် အဘယ်သို့ပြုမည်နည်း''

''အင်္ဂုလိမာလသည်ကား လူပေါင်းများစွာကို သတ်သောလူသတ်သမားကြီး ဖြစ်ပါသည်။ ထို့ကြောင့် ပြည်သူတို့ကျေနပ်လောက်အောင် ဒဏ်ခတ်၍ သေပြစ် ပေးရပါမည်ဘုရား''

''မင်းကြီး။ ။ အင်္ဂုလိမာလအတွက်ဖြင့် စစ်ထွက်ဖို့မလိုတော့ပါ။ အကြောင်း မူကား ငါ့နံဘေးတွင် ထိုင်လျက်နေသော ရဟန်းသည် အင်္ဂုလိမာလပေတည်း''

ထိုမိန့်ခွန်းကြောင့် နောက်ပါဗိုလ်ပါ ရဲမက်တို့ ရုတ်ရုတ်သဲသဲဖြစ်သွားသည်။ ဘုရင်ကိုယ်တိုင်လည်း အားတင်းဟန်ဆောင်ထားလိုက်စေကာမူ တုန်လှုပ်သွားသည်။ ဘုရားရှင် မိန့်တော်မူမှ ဘုရားရှင်နံဘေးမှ ရဟန်းတော်ကို သတိပြုမိသည်။ ထွားထွား ရှားရှား ကြံ့ကြံ့ခိုင်ခိုင်နှင့် တကယ့်အင်အားရှင်ဖြစ်သည်မှာ သေချာသည်။ သို့ရာတွင် ရဟန်းတော်ကြီးသည် ကြီးမားသော ဣန္ဒြေဖြင့် မိမိတို့ကို မော်၍မျှမကြည့်။ မျက်နှာ သွင်ပြင်မှာလည်း ဆိုးသွမ်းသူတို့၏ မာန, ဒေါသ, အနိုးအငွေ့ဟူ၍ စိုးစဉ်းမျှ မတွေ့ရ။

''မင်းကြီး ။ ။ ငါ့သားတော် အင်္ဂုလိမာလသည် ဆိုးသွမ်းခဲ့သည် မှန်ပါ၏။ သို့ရာတွင် ငါ့တရားတော် အဆုံးအမကြောင့် ဆိုးသွမ်းမှုတို့ ကင်းစင်လေပြီ။ ကိလေသာကင်းပြတ် ရဟန်းမြတ်ဖြစ်လေပြီ။ ထို့ကြောင့် ဖမ်းဆီးရန် မလိုတော့ပါ''

''အရှင်ဘုရား။ ။ အရှင်ဘုရား တရားတော်ကား အံ့ဖွယ်ဖြစ်ပါပေ၏။ သို့ရာတွင် တပည့်တော်တို့အား ပြန်ခွင့်ပေးတော်မူပါဘုရား''

ဘုရားရှင်၏ နှုတ်ခွန်းတော် တစ်ချက်ကြောင့် အရှင်အင်္ဂုလိမာလ အန္တရာယ် ကင်းသွားသည်။ အင်္ဂုလိမာလ လူသတ်သမားကြီး အကျွတ်တရားရ၍ ရဟန်းပြုသွားပြီ ဟူသော သတင်းမှာလည်း ရုတ်ချည်းပျံ့နှံ့သွားသည်။ သို့ရာတွင် ဘုရင်က ခွင့်လွှတ် သော်လည်း ပြည်သူက ခွင့်မလွှတ်နိုင်သေး။ မိမိတို့ သွေးသားများအား သတ်ဖြတ် ထားသူကို အဘယ်ပုံခွင့်လွှတ်နိုင်ပါအံ့နည်း။

ထို့ကြောင့် အရှင်အင်္ဂုလိမာလအဖို့ အခက်တွေ့ရတော့သည်။ တွေ့ရပုံကား ရဟန်းတို့ထုံးစံ ဆွမ်းခံထွက်ကြွချိန်များတွင် အဆဲခံရသည်။ အချို့က အနီးသို့လာ၍

www.burmeseclassic.com

www.burmeseclassic.com



တံတွေးဖြင့်ထွေးသည်။ အချို့က အခြားမှခဲဖြင့် ပစ်သူလည်းရှိသည်။ ဆွမ်းစိုးစဉ်းမျှ လောင်းလှူမည့်သူမရှိ။ ဆွမ်းမရသည်က အရေးမကြီး၊ အခြားရဟန်းတော်တို့က မျှတ၍ သုံးဆောင်နိုင်သည်။ ခက်သည်ကား ရဟန္တာအရှင်အား ပြစ်မှားခြင်းကြောင့် ပြည်သူတို့ အပြစ်ကြီးကြပေတော့မည်။

ထို့ကြောင့် အရှင်အင်္ဂုလိမာလအတွက် ပြည်သူ့မေတ္တာကို ပြန်လည်ရရှိစေရန် လည်းကောင်း၊ ဆွမ်းကွမ်းအတွက် အခက်အခဲမရှိစေရန်လည်းကောင်း ဘုရားရှင်က နည်းလမ်းတစ်ခုကို တီထွင်၍ ပေးတော်မူရသည်။ ယင်းနည်းလမ်းဟူသည်ကား အရှင်အင်္ဂုလိမာလအား သားဖွားပရိတ်၊ သားဖွားမန္တန် အင်္ဂုလိမာလသုတ်တော်ကို ပို့ချစီစဉ်၍ ပေးတော်မူခြင်းဖြစ်ပေသတည်း။

ဇာတိဒုက္ခဟူသော သဘာဝတရားအရ မိခင်တို့ သားဖွားရာ၌ မိခင်တွင် လည်းကောင်း၊ သားတွင်လည်းကောင်း အနည်းနှင့်အများ အခက်အခဲ ရှိကြသည် သာတည်း။ ယင်းဒုက္ခ၊ ယင်းအခက်အခဲကို ဘုရားရှင်၏ တန်ခိုးတော် ပရိတ်အစီအစဉ်၊ အရှင်အင်္ဂုလိမာလ၏ မေတ္တာကြောင့် ပရိတ်ကိုရွတ်ဖတ်လိုက်သည်နှင့် တစ်ပြိုင်နက် ဆင်းရဲမှ ကင်းစေသည်။ ကိုယ်တော်တိုင် ကြွရောက်၍ ရွတ်ဆိုမှုမျှကိုထားဦး၊ ရံဖန် မကြွရောက်နိုင်သည့်အခါများတွင် ပရိတ်ရွတ်သော အရှင်အင်္ဂုလိမာလ၏ ပရိတ်ရေ၊ ခြေဆေးရေမျှဖြင့်ပင် သားဖွားမှုဒုက္ခမှ ကင်းစင်စေသည်။

ဤနည်းဖြင့် မိခင်တို့၏အရှင်၊ သားတို့၏သခင် အရှင်အင်္ဂုလိမာလဟူသော သတင်းမှာ ကျော်ကြား၍လာသည်။ ပြည်သူ့မေတ္တာကို ဤနည်းဖြင့် ပြန်လည်ရယူ စေသည်။ ဆွမ်းကွမ်းကိစ္စမှာ ပြည့်စုံရုံမက ပိုလျှံ၍ပင် လာသည်။ ငါးကြင်းဆီဖြင့် ငါးကြင်းသားကိုကြော်သော အစီအစဉ်ပင်ဖြစ်လေသည်။ အကြောင်းမူကား လူသတ်မှုဖြင့် အမုန်းခံဘဝသို့ သားဖွားလွယ်ကူစေမှု ပရိတ်မေတ္တာဖြင့် ပြန်လည်ရယူစေလိုသောကြောင့် ဖြစ်သည်။

ဤနည်းဖြင့် အင်္ဂုလိမာလသုတ်တည်းဟူသော ပရိတ်တော်သည် သာသနာ အစဉ်အဆက် ယနေ့တိုင် ထင်ရှားလျက် ရှိသတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com



# အာဠဝက

[ ၁ ]

သူ့အမည်မှာ ရေးချမပါ ''အာဠဝက'' ဖြစ်၏။ အသံကိုလိုက်၍ အာဠာဝကဟု ခေါ်ကြသည်။ အာဠဝီပြည်ကို အမှီပြု၍နေသောကြောင့် အနွတ္တသညာအရ အာဠဝက ဟုခေါ်ခြင်းဖြစ်သည်။ ဘီလူးဆိုး ဘီလူးသွမ်း ဘီးလူးတကာတို့၏ထိပ်ခေါင်တည်း။

ဘီလူးဟုဆိုလျှင် ဆိုးသွမ်းပြီး ကြမ်းတမ်းပြီး ဖြစ်ပါလျက် ဘီလူးဆိုး ဘီလူး သွမ်းဟု ဆိုရာသေးသလောဟု မေးဖွယ်ရှိ၏။ ဘီလူးဖြစ်ကာမျှမဟုတ် တန်ခိုးရှင် မာနရှင် နတ်ဘီလူးတည်း။

ဆိုးသွမ်း ကြမ်းတမ်း၍ မချုပ်ကိုင်လျှင် ပို၍ ဆိုးသွမ်းမည်ကြောင့် သူ့အထက် အာဏာပိုင်များက ချုပ်ကိုင်၍ပင်ထားရသည်။ သူ့အစာ အာဟာရအတွက် သူ့ပိုင်နက်သို့ ကံမကောင်း အကြောင်းမလှ၍ ဝင်ရောက်လာသူကိုသာ စားရမည်ဟု ချုပ်ကိုင်ထားခြင်း ဖြစ်၏။ သို့ဖြစ်၍ အာဠဝကအဖို့ အဘယ်မျှ တန်ခိုးကြီးအရှင် ဖြစ်စေကာမူ အာဟာရ အတွက်ကား အခက်ကြုံ၍ နေရသည်။

ကြုံရသည်ကား ဘီလူး၏ အာဟာရဟူသည် တိရစ္ဆာန်အသား၊ လူသား စသော သားစိမ်း အစာစိမ်းများဖြစ်၍ တိရစ္ဆာန်သားကိုမူ လိုအပ်သလို အလွယ်တကူ ဖမ်းယူစားသုံးနိုင်ပါ၏။ သို့ရာတွင် လူသားကိုမူ သူ့ပိုင်နက်အတွင်းသို့မျက်စိလည် လမ်းမှားရောက် လာသူများ၏ အသားကိုမှစားရမည်ဟု သူ့ဆိုင်ရာပိုင်ရာ အာဏာပိုင်

www.burmeseclassic.com

www.burmeseclassic.com



များက တားမြစ်ထားသောကြောင့်ဖြစ်၏။ ထို့ကြောင့် စား၍ကောင်းသော သားငါး တိရစ္ဆာန်သတ္တဝါတို့၏ အသားကို လူတို့ကရွေး၍ စားကြသကဲ့သို့ အာဠဝကအဖို့မူကား အကောင်းဆုံးသော အာဟာရဖြစ်သည့် လူသားကိုမူ စားချင်သလောက် မစားရသော ဒုက္ခနှင့် ရင်ဆိုင်နေရသည်။

ထို့ကြောင့် လူသားကို လွတ်လွတ်လပ်လပ် စားရပါစေကြောင်း ခွင့်တောင်း ရသောအလုပ်မှာ သူ၏ ဆိုင်ရာပိုင်ရာတို့ထံတွင် မပြတ်တောင်းနေရသော အလုပ်တစ်ခု ဖြစ်နေသည်။ သူ၏အကြောင်းပြချက်မှာ သတ္တဝါချင်းအတူတူ ဖြစ်ပါလျက် လူသတ္တဝါသည် အခြားသတ္တဝါများ၏ အသားမှန်သမျှကို စားခွင့်ရှိသည်ဆိုလျှင် သူ့အဖို့လည်း လူသားကိုလွတ်လပ်စွာ စားခွင့်ပြုသင့်သည်ဟူ၍ပင်ဖြစ်၏။ သို့ရာတွင် စားခွင့်ပြုလျှင် ပို၍ဆိုးသွမ်းလာမည်ကြောင့် ဆိုင်ရာတို့ကခွင့်မပြု။

ထို့ကြောင့် လွယ်သလိုရသော အခြားတိရစ္ဆာန်တို့၏အသားကို စားသုံးရတိုင်း သွားကြီးများ တမြုံ့မြုံ့နှင့် စားရင်းပင် လျှာရည်ယိုလောက်အောင် အရသာရှိလှစွာသော လူတို့၏ တင်ပါးဆုံသား၊ ပေါင်သားများ၊ ရင်အုံသား ဗိုက်သားများကို အမြဲတမ်း တမ်းတနေရသည်။ အာဠဝကသည် အမျိုးသမီး ဝဝတောင့်တောင့်ကြီးများ၏ ရင်ပုံသား၊ တင်ပါးဆုံသားကြီးများကိုလည်းကောင်း၊ အမျိုးသားတစ်ယောက်၏ ပေါင်သားကြီးများကို လည်းကောင်း သွားမြုပ်အောင်စားဖူးခဲ့ပြီးဖြစ်၍ လူသား၏အရသာကို ကောင်းကောင်း ကြီး သိပြီးသူဖြစ်သည်။ သို့ရာတွင်သက်ဆိုင်ရာတို့၏ ချုပ်ချယ်ထားမှုအရ လူသားကို တစ်ကြိမ် စားဖို့ရန်မှာ သူ့အဖို့ အခက်အခဲကြီး ဖြစ်လျက်ရှိရသည်။ အကြောင်းမူကား သူ့ပိုင်နက်၊ သူ့ဗိမာန်ဟူသည်မှာ အာဠဝီနိုင်ငံနှင့် အတန်ပင် ကွာလှမ်းလှသော နေရာတွင်သာ ရှိနေသည်ဖြစ်ရာ သူ့ထံသို့ လူသားတို့ ရောက်လာဖို့ရန်မှာ ခက်သော ကြောင့်ဖြစ်၏။

သူ့ဗိမာန် သူ့ရပ်ဌာန်ဟူသည်မှာ လူသားတို့မမြင်နိုင်သော သူ့ဣဒ္ဓိပါဒ် ပုံစံအားဖြင့် ခမ်းနားကြီးမားလှသည်မှန်သော်လည်း လူသားတို့မြင်နိုင်သော အနေ အားဖြင့်မူ ကြီးမားသော တောစိုး ညောင်ပင်ကြီးမျှသာဖြစ်သည်။ ယင်းညောင်ပင် ကြီးမှာလည်း အာဠဝီနှင့် ဝေးကွာစေကာမူ အကြောင်းမသင့် အခွင့်မသာ၍ ရောက်လာသော ဖော်ပြပါ လူသားတစ်ဦးနှစ်ဦးတို့ မျက်စိလည် လမ်းမှားရောက်သွားပြီး ပြန်မလာတော့ရာကအစ သရဲဖမ်းစားသည် နတ်ကြမ်းသည်ဟု နာမည်ကြီး၍နေ သောကြောင့် ဤခရီး ဤနေရာသို့ နောက်တစ်ကြိမ် လူသားတို့ ရောက်လာဖို့ရန် ခက်၏။

သို့သော် ရောက်လာမည့် ရောက်လာပြန်တော့ သာမန်လူသားမျှမဟုတ်၊ အာဠဝီဘုရင်ကိုယ်တိုင်ဖြစ်နေ၏။ ဖြစ်ပုံကား ဤသို့တည်း။

www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

အကြီးအကဲများ တာဝန်လစ်ဟင်းသောအခါ ''ရွှေသမင် ဘယ်ကထွက် မင်းကြီးတာက ထွက်'' ဟူသော လောကဥပမာ ဝေါဟာရတစ်ရပ်သည် ယနေ့တိုင်အောင် ထင်ရှား ဖြစ်လျက်ရှိ၏။ ယင်းဝေါဟာရသည်ကား ဤ အာဠဝီဘုရင်နှင့် ဖြစ်ရပ်မှ ဆင်းသက် လာခြင်းပင် ဖြစ်ပေသည်။

အာဠဝီပြည်အနီး တောကြီးတွင် ရွှေသမင်တစ်ကောင် မြူးပျံ့လှုပ်ရှား ကျက်စားလျက် ရှိသည်ဟူသော သတင်းကို မုဆိုးတို့ထံမှ ကြားသိရသောအခါ တောကစားဝါသနာပါသော အာဠဝီ ဘုရင်အဖို့ ရွှေသမင်ကို ဖမ်းယူတောကစားဖို့အတွက် လက်ယားတက်ကြွလျက်ရှိနေသည်။ အာဠဝီဘုရင်သည်ကား တောကစားဝါသနာ ပါရုံမျှမဟုတ်၊ တောကစားရာတွင် ကျင်လည်အစွမ်းထက်လှသော အားကောင်းသန် ဘုရင်လည်းဖြစ်ပေသည်။

သို့ဖြစ်၍ မုဆိုးညွှန်ပြသော တောသို့ ထုံးစံအတိုင်း ဘုရင့် တောလိုက်အဖွဲ့ဖြင့် သမင်ဖမ်းထွက်ကြသည်။ တောတွင်းသို့ ရောက်သည်ဆိုလျှင်ပင် ညွှန်ပြသည့်အတိုင်း သမင်ကိုတွေ့ပါ၏။ သို့ရာတွင် ဤသမင်ကို ဖမ်းမိဖို့ရန်မှာ မလွယ်၊ သမင်မှာ အကောင် ကြီးသလောက် ခုန်ပျံပြေးလွှားမှုမှာ ဖျတ်လတ်ကျင်လည်လှသောကြောင့်ဖြစ်သည်။ သို့သော် အလွတ်မခံနိုင်။ ရွှေသမင်ဟူသော စကားမှာလည်း အကြားအမြင် ကိုက်ညီလှသော ရွှေရောင်အဆင်း ဝင်းဝင်းနီနီ အလွန်လှပသောကြောင့် ဖြစ်လေသည်။

ထို့ကြောင့် ဘုရင်က အစီအစဉ်တစ်ရပ်ကို အဖွဲ့အား စုဝေးစေ၍ တိုးတိတ်စွာ ချမှတ်လိုက်၏။ ယင်းအစီအစဉ်ကား သမင်ရှိရာအရပ်ကို တောလိုက်သမားတို့၏ ကျွမ်းကျင်မှုဖြင့် ဝန်းရံလိုက်ကြမည်။ ထို့နောက် အဖွဲ့သားများ စုရုံးလိုက်ခြင်းဖြင့် သမင်ကို ဖမ်းမိစေရမည်။ ယင်းသို့ စုရုံးဆီးကာခြင်းဖြင့် သမင်သည် အကြင်သူ၏ ခရီးတာမှထွက်အံ့၊ ထိုသူက မိအောင်ဖမ်းနိုင်ရမည်။ ထိုသူကအကယ်၍ မဖမ်းနိုင်ခဲ့သော် ထိုသူ၏တာဝန်ဖြစ်၍ မင်းဒဏ်သင့်စေရမည်ဟူ၍ဖြစ်၏။

ဤနည်းဖြင့် ဆီးကာပိတ်ဆို့လိုက်သောအခါ ဝိုင်းမိနေသော သမင်ခမျာ ဦးတည်ရာသို့ ထွက်ပေါက်ရှာရတော့၏။ သမင်လွတ်သွား၏။ သို့ရာတွင် လွတ်ထွက်သွား သည်မှာကား မင်းကြီးတာက ဖြစ်နေသတည်း။

သည်တော့ ကိုယ့်အမိန့်နှင့်ကိုယ် ပတ်မိလျက်သား ဖြစ်နေပြီကြောင့် အလွတ် မခံနိုင်။ ရှက်ဖို့ကောင်းသည်။ ထို့ကြောင့် သင်းကလည်း ရွှေသမင်၊ ငါကလည်း အာဠဝီဘုရင် ဟု မာန်တင်းကား အားကုန်ထုတ်၍ သမင်နောက်သို့ လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သမင်ပြေး၏။ မင်းကြီးလိုက်၏။ သို့သော် အားကြီး၍ အဟုန်လျင်သော ဘုရင်ဖြစ်နေသောကြောင့် သမင်လွတ်အောင် မပြေးနိုင်။ အတန်ဝေးကွာသော တစ်နေရာတွင် သမင်ကို ဖမ်းမိသည်။

မမိခင်က အရှင်ဖမ်း၍ အလုမွေးရန်အကြံရှိခဲ့သော်လည်း ဖမ်းမိသောအခါ ပြင်းစွာအားထုတ်ခဲ့ရသော အဟုန်ဒေါသကြောင့်လည်းကောင်း၊ သမင်ကို တစ်ကိုယ်တည်း ဖမ်းမိယူဆောင်ဖို့ရန် ခက်ခဲသောကြောင့်လည်းကောင်း၊ သက်သေပြ နိုင်ရန်အတွက်လည်းကောင်း၊ သမင်ကောင်ကို ပါလာသော သန်လျက်ဖြင့် နှစ်ပိုင်းဖြတ်၍ ထမ်းပိုးတစ်ခုဖြင့် ထမ်းဆောင် သယ်ပိုးသွားရန်စီစဉ်သည်။

သို့ရာတွင် သမင်လိုက်ရာ၌ အားထုတ်ရလွန်းသော ဝီရိယကြောင့် မောလှ၏။ သို့ဖြစ်၍တစ်ထောက်တစ်နား အနားယူပြီးမှ ပြန်ရန် အနီးအပါးရှိ အရိပ်ကောင်းလှသော ညောင်ပင်ကြီးအောက်သို့ဝင်၍ လှဲလျောင်းသည်။ ယင်းညောင်ပင်သည်ကား အာဠဝကာ၏ ပိုင်နက်ပေတည်း။

ထို့ကြောင့် ကံကောင်းဘုန်းမြှောက်၍ ရောက်လာပြန်သော အကြင်လူသား၏ ရှေ့သို့ အာဠဝကသည် ပြုံးပြုံးမားမားကြီး ရပ်လိုက်သည်။ ပြုံးပြုံးကြီးဟူသော စကားမှာ စိတ်ကူးအဖွဲ့မဟုတ်ပါ။ စာလာပေလာအတိုင်း ဖော်ပြခြင်းမျှသာဖြစ်ပေသည်။ "ဘီးလူးရယ်သို့လဖြိုတည်း" ဟု ရှင်ဥတ္တမကျော် ဆိုသည် မဟုတ်လော။

ကောင်ထည်ကြီးမား ကျားကျားလျားလျား ပုံသွင်ကြောင့် ဘုရင်လန့်ဖျတ်သွားသည်။ ဘုရင်သည် ယခင်က ဘီလူးဆိုသည်ကို အထင်ကရ မမြင်ဖူးသော်လည်း ကျော်ကြားလှသော ဘီလူးဆိုသူ၏အသွင်ကို ဇာတ်သဘင်နှင့် ပန်းချီရုပ်သွင်များတွင်လည်းကောင်း၊ ကျမ်းဟောင်း စာပေများတွင် လည်ကောင်း တွေ့ဖူး ဖတ်ဖူးခဲ့ပြီဖြစ်၍ ရုတ်ခြည်းရောက်လာသူကားဘီလူးတည်းဟု ချက်ချင်းသိလိုက်သည်။ သို့သော် သင်းကလည်း ဘီလူး၊ ငါကလည်း ဘုရင်ဟု ကြောက်ဟန်ကို ချက်ခြင်းမာန်ပြင်၍ ရင်ဆိုင်လိုက်သည်။

"ဟယ် . . . လူသား၊ ။ငါကား အာဠဝကဘီလူးတည်း၊ သင့်ကို စားရလိမ့်မည်"

ဘုရင်အဖို့ အဘယ်မျှ ဟန်ဓာတ်ခုတ်၍ မာန်တင်းထားစေကာမူ ဘီလူးမှာ အမြင်အားဖြင့် မိမိထက် လေးဆခန့် ကြီးမားမြင့်ရှည်သည်။ မိမိအဘယ်မျှ အင်အားကောင်းစေကာမူ ဘီလူး၏အင်အားကို မီနိုင်လိမ့်မည်မဟုတ်ပေ။ ထို့ကြောင့် ဘီလူးစားခံရတော့မည့် သေဘေးသို့ ဆိုက်ရောက်နေပြီဖြစ်၏။

သို့သော် ဆိုးသွမ်းသော လူသားစား ဘီလူးဟူသည် စားစရာတွေ့၍ စားလိုလျှင် ဖမ်းယူစားလိုက်ရုံမျှသာရှိပါလျက် ယခုသော် အဘယ့်ကြောင့် အချီးနှိဒါန်းတွေ့

www.burmeseclassic.com

www.burmeseclassic.com



ခံနေရပါသေးသနည်း။ အဘယ်ကြောင့် မိတ်ဆက်နေရပါသေးသနည်း။ ထို့ကြောင့် မိမိအဖို့ လွတ်မြောက်ရန် မျှော်လင့်ချက် ရေးရေးမျှရှိနေပေသေးသည်ဟု ဘုရင် တွေးသည်။ စင်စစ်သော်ကား အာဠဝကသည် ဆိုးသွမ်း ကြမ်းတမ်းလှသည်မှန်၏။ လူ့အသားကို စားလိုလှသည်လည်းမှန်၏။ သို့ရာတွင် သူ့ကိုယ်သူပင် မသိသော သူ့တွင် လျှို့ဝှက် ထူးမြတ်သောအရည်အသွေးတစ်ရပ် ရှိနေပေသည်။ ယင်းလျှို့ဝှက် အရည်အသွေးဟူသည်ကား မြင်းမိုရ်တောင်အောက်တွင် ဖိ၍ထားသော ပတ္တမြား ကျောက်ကဲ့သို့ ကြမ်းတမ်းလှသော သူ့အသည်းနှလုံး သူ့စိတ်အောက်တွင် သဘာဝက ဖိနှိပ်ထားသောကြောင့် ပိပြားဝပ်တည်လျက်ရှိနေပေသော စိတ်ကောင်း စိတ်မွန်လေး တစ်ရပ်ပင်ဖြစ်ပေ၏။

ထို့ပြင် အာဠဝီဘုရင် စဉ်းစားသည်ကား သူ့အမည်က အာဠဝကတဲ့၊ မိမိအမည်က အာဠဝီဘုရင်။ အမည်ဆင်တူ၍ နှစ်ဦးလုံးပင် အာဠဝီပြည်ကို မှီတွယ်သော အမည်များဖြစ်ကြသည်။ ထို့ကြောင့် ဆွေစကား မျိုးစကားစပ်ရလျှင် လွတ်တန်ကောင်း၏ ဟု ရေးရေးမျှော်လင့်သည်။

ထို့ကြောင့် ''အချင်းအာဠာဝက။ ။ ငါကား အာဠဝီဘုရင်တည်း။ သင်လည်း ဘီလူးမင်း၊ ငါလည်း လူမင်းဖြစ်သည်။ သင်စားလိုသော် ဤသမင်သားကိုစား၍ ငါ့အားလွှတ်ပါဘိ'' ဟု အန္ဓယ်စပ်စကားပြန်ကြားလိုက်သည်။

''အချင်းလူသား။ ။ သင်သည် အာဠဝီဘုရင်ပင်ဖြစ်စေ၊ ငါ့အစာသာတည်း။ ဆင်ကောင်ကြီးကို တွေ့ပါလျက် ဆင်ခြေရာကိုရှာရဦးမည်လော။ သမင်သည်လည်း ငါ့အစာပင်ဖြစ်၏။ သင်သည်လည်း ငါ့အစာပင်ဖြစ်ပေ၏။

''သို့ဆိုလျှင် ငါတစ်ခုပြောမည် ဘီလူးမင်း၊ စေ့စေ့နားထောင် သင်သည် ငါ့ကိုစားခဲ့လျှင် တစ်နေ့တစ်ရက်အတွက်သာ စားရမည်။ ငါလို လူသားကို အသင် နေ့တိုင်း မစားလိုသလော''

''စားလို၏။ သို့သော် အဘယ်ပုံစားရနိုင်ပါအံ့နည်း''

''ငါကား အာဠဝီပြည့်ရှင် ဘုရင်ဖြစ်ကြောင်း သင့်ကို ပြောခဲ့ပြီ။ အကယ်၍ ငါ့ကိုလွှတ်ငြားအံ့။ အသင့်ထံသို့ နက်ဖြန်မှစ၍ လူတစ်ယောက်နှင့် ထမင်းတစ်အိုးကို နေ့စဉ် ပို့ပေးမည်''

''သင့်စကားကို အဘယ်ပုံ ယုံနိုင်ပါအံ့နည်း''

''အာဠဝက။ ။ ငါကား ဘုရင်ဖြစ်သည်။ ဘုရင်တို့မည်သည် ထားအပ်သော ကတိကို အသက်ဟူသော အန္တရာယ်ကြောင့်ပင်ဖြစ်စေ မဖျက်ကုန်။ ထို့ကြောင့် သင့်ကို ထပ်၍ကတိပေးမည်။ ငါ့ကိုလွှတ်က နက်ဖြန်မှစ၍ လူတစ်ယောက်နှင့် ထမင်းတစ်အိုးကို

www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ်ပို့ပေးပါမည်။ အကယ်၍ ငါ့ကတိပျက်ပြားအံ့ ငါ့ကိုလည်းကောင်း၊ ငါ့နန်းတော် ငါ့နိုင်ငံတော်ကိုလည်းကောင်း သင်ကြိုက်သလို ပြုလုပ်နိုင်သည်။

"ငါယုံပြီ။ သင့်ကိုလွှတ်တော့မည်။ သို့သော် သင့်ကိုမှာရန်ရှိသည်ကား သင်ပို့လွှတ်သော လူသားအား ဤညောင်ရိပ်အောက်သို့ ရောက်အောင်ပို့လေလော့။ အကြောင်းမူကား ငါ့အဖို့ ဤညောင်ရိပ်အောက်သို့ ရောက်လာသူကိုမှ စားပိုင်ခွင့်ရှိသောကြောင့် ဖြစ်သည်။

ထိုစကားကြောင့် ဘုရင်အံ့အားသင့်သွားရသည်။ ဘီလူးက ဘီလူးပါ။ ဘီလူး လိမ္မာပါတကား။ ယခင်က မပြော၊ ယခုမှ ဖွင့်ပြောသည်။ စောစောက သိခဲ့ရသော် ငါ့အဖို့ ညောင်ရိပ်မှ လွတ်အောင် ခုန်၍ မထွက်နိုင်ပါလောဟု စဉ်းစားမိသောကြောင့် ဖြစ်သည်။ သို့သော် မတတ်နိုင်။ ကတိပေးပြီးပေပြီ။ ကတိအတိုင်းသာ လုပ်ရပေတော့မည်။

လူယဉ်ကျေးမှု တည်ခဲ့သည့် မိုင်းမှုန်ပြာရီ ပဝေဏီခေတ်မှ စ၍ လူ့ကျင့်ဝတ် အဖြစ် တည်ရှိခဲ့သော ပဥ္စသီလခေါ် အကျင့်တရားငါးပါး၌ အဘယ်သီလသည် အမြင့်မြတ်ဆုံးနည်းဟု မေးခဲ့သော် မိမိတို့ နှစ်သက်သလို အကြောင်းပြ ဖြေဆိုနိုင်၏။ အမှန်အားဖြင့်ကား ငါးပါးစလုံးပင် မြင့်မြတ်သည်။ ကြီးမားသည်။

သို့ရာတွင် ရှေးခေတ် ရှေးခါ၊ သို့မဟုတ် ဘုရားရှင် လက်ထက်အခါကမူ စတုတ္ထသီလဖြစ်သော မုသာဝါဒကံတွင် အလေးအနက်ထားကြသည်ကို တွေ့ရသည်။ ဘုရားအလောင်း၊ ရဟန္တာအလောင်း သူတော်ကောင်းတို့ပင်ဖြစ်သော်လည်း အခါ မသင့်အခွင့်မလျော်သော ဘဝတစ်စုံတစ်ရာ၌ သတ်ခွင့်ကြုံ၍ သတ်လိုလျှင် သတ်မည်။ မတတ်သာ၍ ခိုးခွင့်ကြုံလျှင်ခိုးမည်။ သူ့ကို မနိုင်သောကြောင့် ကာမေသုကို သူခွင့်ပြုလျှင်လည်း ယူမည်။ သာမန် ယောက်ျားတို့ဓမ္မတာ၊ အရက်သမားမျှသာမက ယစ်ထုပ်ကြီးဘဝသို့သော်ပင် ရောက်ချင်လည်းရောက်မည်။ သို့သော် လိမ်လည် ယွင်းကွက် ကတိပျက်သော မုသာဝါဒကိုကား အထူးရှောင်ကြဉ်ခဲ့ကြကြောင်း ထိုထို ဇာတ်တော်များကို လေ့လာခြင်းဖြင့် သိနိုင်သည်။

"ကောင်းပါပြီ။ သင့်ညောင်ပင်အောက်သို့ ရောက်အောင်ပင် ပို့ပေးပါမည်။ သို့သော် ငါ့ကိုလွှတ်သကဲ့သို့ ဤသမင်သားကိုလည်း ခွင့်ပြုပါလော့။ အကြောင်းမှာ ဤသမင်သားအတွက် ငါတို့ ကတိထားခဲ့ကြသောကိစ္စရှိနေ၍ သက်သေပြနိုင်ရန်အတွက် ဖြစ်ပါသည်။

"လူကိုပင် လွှတ်နိုင်ပါသေးလျက် သမင်ဖြင့် အဘယ်မှုစကောင်းအံ့နည်း အာဠဝီမင်း"

www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

ယင်းသို့ဖြင့် နိုင်ငံတော်သို့ ပြန်ရောက်သည်နှင့်တစ်ပြိုင်နက် အာဠဝကသို့ လူသားပွဲတော် နေ့စဉ်ပို့ဆက်နိုင်ရန် အစီအစဉ်ကို သူ့အတွင်းရေး အမတ်များနှင့် တိုင်ပင်ပြုလုပ်ရ တော့သည်။ အာဠဝီဘုရင်၏ ချွတ်ယွင်းချက်မှာ အာဠဝကသို့ နေ့စဉ် လူသား တစ်ယောက်စီ ပေးပို့မည်ဆိုရာ၌ အဘယ်နေ့ အဘယ်ရက်အထိ ပေးပို့ရမည်ဟု အချိန် အကန့်အသတ်မထားမိခဲ့ခြင်းပင်ဖြစ်သည်။ အသက်ဘေး အကြောက်လွန် မှုကြောင့် သတိယွင်းချွတ်သည်ဟု ဆိုရပေမည်။ သို့ဖြစ်၍ အာဠဝသို့ လူသားပေးပို့ဖို့ ကိစ္စမှာ မီးခိုးမဆုံး မိုးမဆုံး ဖြစ်ရပေတော့မည်။

အတွင်းသား အမတ်ကြီးများ၏ အစီအစဉ်အရ ပထမပိုင်းတွင်သော် လွယ်ကူ ပါ၏။ လွယ်ကူဟန်ကား အပြစ်အလျောက် သတ်ရန်အတွက် အကျဉ်းထောင်တွင် သွင်းနှောင်၍ ထားအပ်သော လူလေး လူမွှား လူမတရားများအား လျှို့ဝှက်အပ်သော ပရိယာယ်အစီအစဉ်ဖြင့် အာဠဝကအထံသို့ တစ်နေ့တစ်ယောက် စေလွှတ်ခြင်းပင် ဖြစ်လေသည်။

သင်တို့ လွတ်မြောက်လိုခဲ့သော် ဤနေရာ ဤညောင်ပင်အောက်သို့ သွား၍ ဤထမင်းအုပ်ဖြင့် ပူဇော်ပသရမည်ဟု အစောင့်အရှောက်များဖြင့် လျှို့ဝှက်စွာ စေလွှတ်သောအခါ ဝမ်းမြောက်စွာ ပြုလုပ်ကြ၏။ စာဟောင်းအတိုင်း ဖော်ပြရသော် ''ထိုယောကျ်ားလည်း စေသောအတိုင်းသွား၍ ညောင်ပင်ရင်းသို့ရောက်လျှင် ဘီလူး၏ အာနုဘော်စွမ်းအင်ကြောင့် ပင်ကူမျှင်ဖြင့် ရစ်သောပိုးကဲ့သို့ မလှုပ်လှောက်နိုင်၊ ကိုယ်အလုံးသည် ထောပတ်စိုင်ကဲ့သို့ဖြစ်လေ၏။ ထိုအခါ အာဠဝကဘီလူးကလည်း ဆင်း၍ ကြာစွယ်ကြာရင်းကဲ့သို့ ရွပ်ရွပ်ဝါး၍ စားလေ၏'' (ဇိနတ္ထ၊ စာ ၅၇၃)။

အာဠဝီဘုရင် ကတိတည်သောကြောင့် အာဠာဝက ဝမ်းသာ၏။ စားလိုလှသော လူသားကို နေ့စဉ်ရက်ဆက် မှန်မှန်စားနေရသောကြောင့် ပို၍ဝမ်းသာ၏။ ရံဖန်အချို့ ရက်များတွင် မိန်းမဆိုး မိန်းမသွမ်းတို့၏အလှည့်နှင့်ကြုံသောအခါ ရင်ဖြိုးဖြိုး တင်ဖြိုးဖြိုးနှင့် ဆူဖြိုးအိညက်နေသော အမျိုးသမီးတို့၏ အသားတုံး အသားစိုင်တို့ကို စားရသောကြောင့် ပို၍ ပို၍ ဝမ်းသာ၏။

ယင်းသို့ဖြင့် ဘုရင့်အကျဉ်းထောင်တွင် သတ်မိန့်ဖြင့် အကျဉ်းခံနေရသော လူဆိုးလူသွမ်းတို့ ကုန်လုနီးသောအခါ နောက်ရက်များအတွက် ပြဿနာ ဖြစ်လာ တော့သည်။ ဤမျှသာမဟုတ်၊ အတွင်းသားများဖြင့်သာ လျှို့ဝှက်စွာပြုလုပ်အပ်သော အစီအစဉ်ဖြစ်သော်လည်း မကြာမီမှာပင် အကျဉ်းသားများကို ဘီလူးစားကျွေးသည် ဟူသောသတင်းမှာ ဖွင့်၍မပြောဝံ့သော တိုးတိုးတိတ်တိတ်နှင့် ဟိုးလေးတကျော် သတင်းဖြစ်လာသည်။ ဤလောက၌ အဘယ်လျှို့ဝှက်မှုသည် အောင်မြင်ပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဘုရားရှင်လက်ထက်တော်ခေတ်က နိုင်ငံအများ၏ တရားဥပဒေမှာ ခိုးမှုဟူသည် အသတ်ခံရမည့်အမှုပင်ဖြစ်၏။ သို့သော် သူခိုး ဓားပြ ဆိုသူတို့က အသတ်ခံရမည်ဆိုသည်လောက်တော့မကြောက်။ ထို့ကြောင့် လစ်လျှင်ခိုးသည်။ ကြုံလျှင် တိုက်သည်။ လွတ်လျှင်စားသည်။ မိလျှင်ခံသည်။

ဤသည်ကား လူဆိုး, လူသွမ်း, လူ့သရမ်းတို့၏ မွေးရာပါဟု ဆိုရလောက်အောင်ပင် ဓမ္မတာတစ်ခုဖြစ်လေသည်။ ထို့ကြောင့်လည်း လူ့သမိုင်းခေတ်တစ်လျှောက်တွင် အကျဉ်းထောင် အချုပ်ထောင် မှန်သမျှသည် တမွဒါဠ္ဌကတို့လို ဘုရင့်လူသတ်သမားကြီးတွေ သတ်၍ပင်မကုန်နိုင်အောင် ပြည့်ကျပ်လျက်ရှိနေသည် မဟုတ်ပါလော။

သို့သော် ရိုးရိုးအသတ်ခံရသည်ထက် ဘီလူးစားခံရမည်ဆိုသည်ကိုတော့ ကြောက်၏။ ဘီလူးဆိုသည်က ကိုယ်တိုင်ပင် မမြင်ဖူးသော်လည်း ဇာတ်ပွဲတွင်, အရုပ်တွင်, စာတွင် မြင်ရကြားရသည်ကပင် အူအသည်းယားစရာ ကြောက်စရာကြီး မဟုတ်ပါလော။

သို့ဖြစ်၍ ဘီလူးဘေးကြောင့် မခိုးဝံ့, မတိုက်ဝံ့ကြတော့သဖြင့် ဘုရင့်အကျဉ်းထောင်တွင် လူဆိုး လူသွမ်းတို့ နည်းပါးလာသောအခါ ဘုရင့်အတွင်းသားတို့ အကြံအဖန်တစ်ခု လုပ်ကြရပြန်တော့သည်။ လုပ်ဟန်ကား ဥစ္စာထုပ်များကို လူတို့တွေ့မြင်လောက်သော နေရာများတွင် အမှတ်မဲ့ စွန့်ပစ်ကာ ကောက်ယူသည်နှင့်တစ်ပြိုင်နက် ဖမ်းဆီးအကျဉ်းသွင်းသောနည်းပင်ဖြစ်ပေ၏။ သို့သော် ယင်းအကြံအဖန်သည်လည်း ကြာကြာမခံလှ။ လူတို့သိရှိလာ၍ လမ်း၌ ဥစ္စာတွေ့လျှင် ရွှေးစေ့ကိုမျှ မကောက်ဝံ့ကြသောအခါ နောက်ထပ်အကြံအဖန်အတွက် မည်သို့ပြုလုပ်ရမည်ကို အတွင်းသား အမတ်တို့ကို အစည်းအဝေး ခေါ်ရလေတော့သည်။ ယင်းအစည်းအဝေးတွင် ဘုရင်က ထုံးစံအတိုင်း သဘာပတိဖြစ်သည်။

တစ်ယောက်က အကြံပေးတင်ပြသည်။

"အရှင်မင်းကြီး။ ။ နိုင်ငံတော်မှာ လူအို လူမင်း ဆိုသဟာတွေဟာ ပိုနေတာပါပဲ။ သူတို့ဟာ နိုင်ငံတော်အတွက်၊ လူ့လောကအတွက် ဘာမှ အသုံးဝင်ကြတော့တာ မဟုတ်ပါဘူး။ နိုင်ငံတော်က ထောက်ပံ့ထားရတယ်ဆိုရင် နိုင်ငံတော်မှာ တာဝန်တက်နေရုံပဲရှိတယ်။ အိမ်မှာ ကျွေးမွေးထားရတယ်ဆိုရင်လဲ အဲဒီအိမ်မှာ တာဝန်ကြီးနေတာပဲ။ ဒီတော့ လူအို လူမင်းတွေကို ဘီလူးဆီ ပို့လျှင် သင့်လျော်ပါလိမ့်မယ်"

တစ်ဦးကထောက်ခံသည်။

www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး။ ။ သည်အကြံဟာ အင်မတန် လျော်ကန်လှပါတယ်။ သူတို့ဟာ ပိုနေရုံသာမဟုတ်ပါဘူး။ လူကြီးဆိုပြီး နေရာတကာမှာ အင်မတန် ခြေရှုပ်လေ့ရှိကြပါတယ်။ ကိစ္စတစ်ခုရှိလျှင် မပြီးနိုင် မဆုံးနိုင် အင်မတန် လျှာရှည်လေ့ရှိသူများလည်း ဖြစ်ကြပါတယ်။ ပြီးတော့ မကြာမီသေရတော့မည့်သူများ ဖြစ်တဲ့အတိုင်း သူတို့ကို ပို့ခြင်းဟာ အသင့်လျော်ဆုံးပါ"

ယင်းအကြံပေးချက်များကြောင့် နံဘေးမှ ခတ်သိ နှမ်းဖတ်ချဉ် အမတ်နှစ်ဦးက ပြုံးသည်။ ပထမအကြံပေးသော အမတ်တွင် သူနှင့်မတည့်သော ယောက္ခမ မိန်းမအဘွားကြီးရှိနေ၏။ ထောက်ခံသောအမတ်တွင်လည်း သူနှင့်မတည့်သော ယောက္ခမအဘွားကြီးရှိနေသည်။ သူတို့က သမက်အမတ်များပေါ်တွင် နိုင်ချင်သည်။ လေရှည်သည်။ နေရာတကာ စွက်ဖက်သည်။ သို့ဖြစ်၍ အခွင့်သာခိုက်တွင် အဆင်းတွန်းအကြံပေးကြခြင်းများဖြစ်ကြောင်း သိရ၍ ပြုံးကြခြင်းဖြစ်သည်။

"အမတ်တို့။ ။ သင်တို့အကြံသည် သာမန်အားဖြင့် မှန်သယောင်ရှိသော်လည်း မသင့်နိုး။ မသင့်ဟန်ကား သားမြေး လူငယ်များသည် လူကြီးများကို မြတ်နိုးကြ၏။ ပူဇော်ချီးမြှောက်ကြ၏။ တစ်နစ်ကြီး တစ်နည်းသာဟူသော စကားအရ လူငယ်များကို ဆုံးမ နှိုင်းချိန်နိုင်သူများလည်းဖြစ်ကြသည်။ သို့ဖြစ်၍ သင်တို့အကြံအတိုင်း ပြုလုပ်ခဲ့ပါသော် နိုင်ငံတော်သည် ပို၍ ဆူပွက်လာဖို့ရှိပေသည်။

"ငါအကြံပြုလိုသည်ကား ပုခက်တွင်းကလေးများကို ပို့ဆောင်စေဖို့ပင်ဖြစ်ပေသည်။ ကလေးငယ်များသည် မိဘများက သံယောဇဉ် ရှိသည်ဆိုသည့်တိုင်အောင် ငယ်ရွယ်သေးသောကြောင့် သံယောဇဉ် မကြီးနိုင်သေးပေ။ အချို့မိဘတို့သည် မိမိတို့ သားသမီးပင် ဖြစ်စေဦးတော့ အကျွေးအမွေးခက်ခဲမှု ဆင်းရဲကြောင့်လည်းကောင်း၊ အခြားအကြောင်းများကြောင့်လည်းကောင်း လမ်းဘေးအမှိုက်ပုံတို့သို့ပင် စွန့်ပစ်ကြကုန်၏။ သူတစ်ပါးအား ပေးကမ်းလိုက်ကြကုန်၏။

"ငါတို့နိုင်ငံလို မြို့ကြီးများတွင် ဤကိစ္စမျိုးတွေ များစွာရှိ၏။ ရာဇဂြိုဟ်၊ သာဝတ္ထိ၊ ဝေသာလီ စသော မြို့ကြီးများတွင် ဤကိစ္စမျိုးသည် ရိုး၍ပင်နေ၏။ မန်ကျည်းပင်၌ စွန့်ပစ်သူကို စိဉ္စမာန ဟူ၍လည်းကောင်း၊ သရက်ပင်တွင် စွန့်ပစ်သူကို အမ္ဗပါလီဟူ၍လည်းကောင်း၊ ကြာတောရေအိုင်တွင် စွန့်ပစ်သူကို ပဒုမ္မဒေဝီဟုလည်းကောင်း အမည်တွင်စေသည်ဟု ငါထင်သည်။ အကြီးဆုံးသောသက်သေကား ရာဇဂြိုဟ်မှ ကျော်ကြားလှသော သမားတော်ကြီး ဆရာဇီဝကပင်ဖြစ်ပေ၏။ ဆရာဇီဝကသည် အမှိုက်ပုံတွင် စွန့်ပစ်ခံရသူ မဟုတ်ပါလော။

"ထို့ကြောင့် ငါအကြံပြုလိုသည်ကား မွေးကင်းစ ကလေးသူငယ်တို့ကို မင်းမိန့်ဖြင့် ယူ၍ ပို့ဆောင်ကြဖို့ပင်ဖြစ်သည်"

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ကိုယ်တိုင် ပြုအပ်သော အကြံဖြစ်သောကြောင့် မကန့်ကွက်ဝံ့ကြ။ အခြားအကြံလည်း မရှိတော့သောကြောင့် ကန့်ကွက်ဖို့လည်းမလို။ ဤအတိုင်းပင် အတည်ပြုလိုက်ကြသည်။ သို့ရာတွင် အကြံပေး ဘုရင်ကိုယ်တိုင် သတိမပြုမိသော အချက်တစ်ရပ်ရှိ၏။ ယင်းသည်ကား သူ့မိဖုရားကြီးတွင်လည်း ပုခက်တွင်းအရွယ် သားတော်လေး တစ်ယောက် ပေါ်ပေါက်လာခြင်းပင်ဖြစ်၏။

ဤအကြံအစည်ကို အမိန့်ပေးစဉ်က မိဖုရားကြီးတွင် ကိုယ်ဝန်အရင့်အမာကြီး နှင့်ဖြစ်၏။ ယခုဖွားမြင်ပြီးသည်မှာ ရက်ပိုင်းမျှသာ ရှိပေသေးသည်။

ဘုရင်သည် သူ့သားတော်လေးကို အကြံပေးစဉ် သတိရမိစေဦးတော့။ သူ့သားကိုတော့ ဘီလူးစာကျွေးလှည့်ရောက်လိမ့်မည်ဟု ထည့်တွက်မိဟန်မတူ။ မတွက်မိသည့်အပြင် မိဘတို့မည်သည် သားကြီး ဩရသတို့အပေါ်တွင် မျှော်လင့်ချက်ကြီးကြီး ထားတတ်ကြသော မိဘမေတ္တာအစဉ်အလာအတိုင်း သူ့သားတော်သည် တစ်နေ့သောအခါတွင် ဘီလူးရန်ကို နှိမ်နင်းမည့်သူဟူသော မျှော်လင့်ချက်ဖြင့် ''အာဠဝကမင်းသား'' ဟူ၍ပင် အမည်ပေးလိုက်သေး၏။

အာဠဝကထံတွင် ရက်အကန့်အသတ် မထောင်းခံသည်ကို ထောက်၍ ဤဘုရင်သည် မစေ့စပ်၊ သတိမရှိသူဖြစ်ကြောင်း ပေါ်လွင်ခဲ့ပြီ။ ယခုလည်း ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းတပ်သောအကြံကို ကိုယ်တိုင်ပင် ပေးခဲ့မိပြန်ပေပြီ။ အကြောင်းမူကား ဘီလူးစာကျွေးရန်အတွက် သူ့အလှည့်သို့ ရောက်လာခြင်းပေတည်း။

သူ့အကြံသည် မိခင်တို့ရင်ခွင်မှ ကလေးများကို ရဲမက်တို့ ဗလက္ကာရံပြု၍ ဆွဲခေါ်သောကြောင့် ခေတ္တမျှသာ အောင်မြင်သည်ဟု ဆိုနိုင်ပါ၏။ အကြောင်းမူကား သားငယ်သမီးငယ်ရှိသော မိခင် မိကြီးမုန်သမျှတို့သည် အာဠဝီမှ ထွက်ပြေးသွားကြသောကြောင့်ဖြစ်၏။

ထို့ကြောင့် ''အရှင်မင်းကြီး။ ။ယနေ့အဖို့ နိုင်ငံတော်တစ်ဝန်း၌ အရှင်မင်းကြီးတို့၏သားငယ်မှတစ်ပါး အခြားကလေးငယ်ဟူ၍ မရှိတော့ပြီ'' ဟု အမတ်တို့က လျှောက်ထားသောအခါ မိမိကိုယ်တိုင်ပြုလုပ်အပ်သော အစီအစဉ်ဖြစ်သောကြောင့် ''သို့ဆိုလျှင် ငါ့သားတော်ကိုပင် ပို့ဆောင်ကြလော့'' ဟု အမိန့်ချမှတ်ရပေတော့သည်။

[ ၄ ]

ဤတွင် ဘုရားရှင်၏ ကိစ္စတော် ပေါ်ပေါက်၍လာပေသည်။ ပေါ်လာဟန်ကား ။ ။ ။ ဘုရားရှင်သည် ဗုဒ္ဓကိစ္စတော်အတိုင်း ထိုနေ့နံက်က မဟာကရုဏာ သမာပတ်ဖြင့် ကျွတ်ထိုက်သော သတ္တဝါတို့ကို ဆင်ခြင်လိုက်သောအခါ ဘုရားရှင်၏ ရွှေဉာဏ်တော်

www.burmeseclassic.com

www.burmeseclassic.com



အတွင်းသို့ ထူးခြားသောပုဂ္ဂိုလ်နှစ်ယောက်ဝင်ရောက်လာခြင်းပင်ဖြစ်ပေသည်။ တစ်ယောက်မှာ အာဠဝကဘီလူးဖြစ်၍ နောက်တစ်ယောက်မှာ လူပင်ငယ်သော်လည်း ဉာဏ်အခြေခံမငယ်သော အာဠဝကမင်းသားကလေးပင်ဖြစ်လေ၏။

ဘုရားရှင်သည် အာဠဝက၏ ကြီးမားလှသော ဒေါသမာနတို့အောက်တွင် ဖိထားအပ်သော ကျွတ်ထိုက်သည့် ဉာဏ်အသွင်ကို မြင်တော်မူသကဲ့သို့ နောင်အခါ၌ ကျွတ်တမ်းဝင်နိုင်မည့် အာဠဝက မင်းသားငယ်ကိုလည်း မြင်တော်မူသည်။ ထို့မျှမက အာဠဝက ဘီလူး၏ ပိုင်နက်တွင် ရှိနေသမျှသော အခြွေအရံများနှင့် အာဠဝီမှ ရောက်လာကြမည့် မင်းမှုထမ်းတို့၏ ကျွတ်တမ်းကိုလည်းမြင်တော်မူသည်။

ထို့ကြောင့် အာဠဝကမင်းသားကို ဘီလူးစာ မကျွေးမီဖြစ်သော ညချမ်းအချိန်၌ပင် သီတင်းသုံးတော်မူရာ သာဝတ္ထိ နေပြည်တော်မှ ယူဇနာ သုံးဆယ်မျှ ကွာဝေးသော အာဠဝီအနီးရှိ အာဠဝကကြီး၏ ဗိမာန်သို့ တန်ခိုးတော်ဖြင့် ကြွရောက်တော်မူလေသည်။

ဤတွင် သာမန် လူသတ္တဝါတို့ အမြင်အားဖြင့် ညောင်ပင်သည်သာ အာဠဝက၏ ဗိမာန်ဖြစ်၍ လူသတ္တဝါတို့ မမြင်ရသော အာဠဝက၏ တန်ခိုးဗိမာန်ကြီးကို ဖော်ပြရန်လို၏။

အာဠဝက၏ တန်ခိုးဗိမာန်သည်ကား "လူတို့နေရာ ကောင်းစွာတည်လုပ်အပ်သော မြို့ကဲ့သို့ တံတိုင်း၊ မြို့ရိုး၊ ပြအိုး၊ ပစွင်၊ ရင်လျှောက်၊ ရင်တား၊ တံခါး၊ ကျုံး၊ မြောင်းလည်းရှိ၏။ အပြန့်အားဖြင့် ငါးယူဇနာ၊ အစောက်အားဖြင့် သုံးယူဇနာ ရှိသော ဗိမာန်၏ အထက်၌ကြေးကွန်ယက်တို့ဖြင့် ဖုံးလွှမ်းသည်ဖြစ်၍ သေတ္တာတံတင်းကဲ့သို့ ကောင်းစွာလုံခြုံ၏" (ဇိနတ္ထ၊ စာ ၅၇၁)

"ဘီလူးကြီး" ဟူသော ကာရန်ကိုလိုက်၍ စာဆိုတို့က "တစ်ဦးတည်း" ဟု စပ်ဆိုကြသော်လည်း သူ့တွင် ဗိမာန်စောင့် ဘီလူးများစွာရှိ၍ အခြွေအရံ မောင်းမငယ် ဘီလူးမရွယ်ပျိုတို့ အမြောက်အမြားရှိသည်။ ထူးခြားချက်ကား အာဠဝက ဘီလူးသည်သာ ကြီးမားသောတန်ခိုး ကြီးမားသော အစွမ်းကြောင့် မာန်တင်းသူဖြစ်၍ အာဠဝက ဗိမာန်မှ အခြွေအရံများသည်ကား ဘုရားရှင်အား ကြည်ညိုလေးစားသူများ ဖြစ်ကြပေသည်။

ဘုရားရှင် ကြွရောက်တော်မူချိန်၌ အာဠဝကသည် သူ့ဗိမာန်တွင်မရှိ။ ဒေဝတာသန္နိပါတခေါ် တန်ခိုးကြီးနတ်တို့ စည်းဝေးပွဲသို့ တက်ရောက်နေခိုက်ဖြစ်သည်။ ထို့ကြောင့် ဘုရားရှင်သည် အာဠဝက၏ ဗိမာန်တံခါးဝသို့ ရောက်သောအခါ တံခါးစောင့်ဖြစ်သော ဂဒြဘ ဘီးလူးက ဘုရားရှင်အား ဆီးကြို ရှိခိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂန္ဒြဘ ဘီလူးက ''အရှင်ဘုရား ။ ။ အဘယ်အကြောင်းကြောင့် ညဉ့်အချိန်မတော် ကြွလာတော်မူပါသနည်း'' ဟု လျှောက်ထားသည်။

''ဂန္ဒြဘ။ ။ အချိန်မတော် ရောက်လာရသည်မှန်၏။ သင့်တာဝန်မကြီးခဲ့သော် ဤဗိမာန်၌ တစ်ညဉ့်မျှ ငါတည်းခို သီတင်းသုံးလိုပါသည်''

''အရှင်မြတ်။ ။ အကျွန်ုပ်ကား ဝန်မလေးပါ။ သို့ရာတွင် ဤဗိမာန်ပိုင်ရှင် အာဠဝကဘီလူးသည်ကား အထူးဖြင့် ကြမ်းတမ်းခက်ထန်လှသူ ဖြစ်ပါ၏။ မိဘဆရာကိုမျှ ရှိသေမြတ်နိုး ရှိခိုးခြင်းပြုသူမဟုတ်ပါ။ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို သိသူမဟုတ်ပါ။ ထို့ကြောင့် ဤဗိမာန်၌ အရှင်မြတ် တည်းခိုဖို့ရန် တပည့်တော် မနှစ်သက်ပါ''

''ဂန္ဒြဘ။ ။ အာဠဝက၏ ကြမ်းတမ်းရိုင်းပျမှုကို ငါသိပါ၏။ ငါ့အဖို့ အရေးမကြီးပါ။ သို့ဖြစ်၍ သင်ခွင့်ပြုခဲ့သော် တစ်ညဉ့်မျှ တည်းခိုလိုပါ၏''

''အရှင်မြတ်။ ။ တပည့်တော် ထပ်၍ လျှောက်ပါမည်။ အာဠဝကသည်ကား သူ့နေရာသို့ ရောက်လာသူ၏ စိတ်နှလုံးကိုဖောက်ပြန်အောင်လည်း ပြုနိုင်သူဖြစ်ပါသည်။ ခြေကိုကိုင်၍ အဝေးသို့ ပစ်တတ်သူလည်း ဖြစ်ပါသည်။ ရတနာသုံးပါးကိုလည်း လားလားမျှ ကြည်ညိုတတ်သူမဟုတ်ပါ။ ထို့ကြောင့် ဤဗိမာန်တွင် မတည်းခိုရန် ထပ်မံလျှောက်ထားပါသည်''

''ဂန္ဒြဘ။ ။ ဤကိစ္စအတွက် ငါ့တာဝန်ရှိပါစေ။ သင်ကသာ တည်းခိုခွင့်ပြုပါဘိ''

''အရှင်မြတ်။ ။ အရှင့်ကို ကြည်ညိုသော တပည့်တော်အဖို့ ခွင့်ပြုရန် အဘယ်ပံုဝန်လေးပါအံ့နည်း။ သို့သော် တပည့်တော်မှာ တံခါးစောင့်မျှသာဖြစ်၍ တာဝန်ရှိပါသည်။ ဤအတိုင်း ခွင့်မပြုဝံ့ပါ။ သို့ပါ၍ အရှင်မြတ် တည်းခိုရန် အာဠဝကထံ သွားရောက် ခွင့်တောင်းပါရစေဦး''

''ကောင်းပြီ၊ ခွင်တောင်းချေလော့။ သို့သော် သင်သွားခိုက် ဗိမာန်တွင်းသို့ ငါဝင်ရောက် ထိုင်နေမည်''

ဂန္ဒြဘထွက်သွား၏။ ဘုရားရှင်သည် ဗိမာန်အတွင်းသို့ဝင်ကာ အမြင့်ဆုံးသော နေရာ၌ထိုင်နေ သီတင်းသုံးတော်မူသည်။ ထိုအခါ ဘုရားရှင်အား ကြည်ညိုပြီးသော အာဠဝက၏ မောင်းမမိဿံ အခြွေအရံ ဘီလူးမတို့သည် ဘုရားရှင်ထံတော်သို့ ဝန်းရံရှိခိုးလာကြ၏။

ထိုအခါ ဘုရားရှင်က မောင်းမမိဿံတို့အား ''သင်တို့သည် ရှေးဘဝက ကုသိုလ်ထူးကြောင့် ထူးမြတ်သော နတ်တို့၏ စည်းစိမ်ကို ရကြသည်မှန်ပါ၏။ သို့ရာတွင်

www.burmeseclassic.com

www.burmeseclassic.com



သူတစ်ပါးအား ငြူစူမှု၊ ဝန်တိုမှု၊ ချုပ်ချယ်ထိပါးမှု တရားဆိုးတို့ကြောင့် ဘီလူးဘဝသို့ ရောက်နေကြရသည်။ ထို့ကြောင့် သည့်ထက်ကြီးမြတ်သော ဘဝကို ရရှိကြအောင် ကုသလာမဇ္ဈရိယ အာဃာတတရားဆိုးတို့ကို ပယ်ချိုး ကျင့်ဆောင်ကြကုန်'' စသည်ဖြင့် သင့်တင့်သော တရားစကားကို ဟောကြားတော်မူသည်။

ဂဒြဘသည် ဒေဝတာသန္နိပါတ၌ အာဠဝက၏ အထံသို့ အရှင့်ဗိမာန်အတွင်းသို့ ဘုရားရှင်ကြွရောက်၍သီတင်းသုံးနေပါကြောင်း လျှောက်တင်သောအခါ ''ဂဒြဘ။ ။ ငါကဲ့သို့သောသူ၏ ဗိမာန်အတွင်းသို့ ဘုရားရှင်ဆိုသူက မရှုံ့မရှား မရှိမသေ ဝင်၍ နေသည်ဆိုသည်မှာ အံ့ဖွယ်ပါတကား။ ကောင်းပြီ၊ သင် အသာကြည့်၍သာနေ။ သန္နိပါတ ပြီးလျှင်ပြီးချင်း ငါလာခဲ့မည်။ ငါ့အကြောင်းကို သင်းသိစေရမည်'' ဟု ပြောကြားလိုက်သည်။

ဤအတွင်း ကြားဖြတ်ကိစ္စတစ်ရပ် ပေါ်ပေါက်၍လာသည်။ လာဟန်ကား ယင်းဒေဝတာသန္နိပါတသို့ပင် သွားရောက်ရန်ဖြစ်သော တန်ခိုးကြီး အရှင် သာတာဂိရိနှင့် ဟေမဝတ နတ်နှစ်ပါးတို့သည် သူတို့၏ ထုံးတမ်းစဉ်လာအတိုင်းပင် အာဠဝက ဗိမာန် အထက်ဖြစ်သော ကောင်းကင်ခရီးဖြင့် ကြွလာကြသောအခါ အာဠဝက၏ ဗိမာန် အပေါ်လမ်းသို့အရောက်တွင် ဘုရားရှင်၏ တန်ခိုးတော်ကြောင့် အခါတိုင်းလို မကျော်လွှား နိုင်ဘဲ ဗိမာန်ယာဉ်နှင့်တကွ မြေပြင်သို့ ကျရောက်လာကြ၏။ သို့ဖြစ်၍ အကြောင်းရင်းကို စုံစမ်းသောအခါ အာဠဝက ဗိမာန်တွင် ဘုရားရှင် သီတင်းသုံးတော်မူလျက်ရှိကြောင်း သိရ၍ ဝင်ရောက်ရှိခိုးသည်။ ထို့နောက် ဒေဝတာသန္နိပါတသို့သွားခိုက်ဖြစ်၍ ဘုရားရှင်ထံ ခွင့်ပန် ထွက်သွားကြသည်။

ယင်းသာတာဂိရိနှင့် ဟေမဝတတို့ ဟူသည်ကား ဘုရားရှင် ဖြစ်တော်မူစ ဓမ္မစကြာတရား ဟောကြားတော်မူစဉ်ကပင် သောတာပန်အဖြစ်သို့ ရောက်ခဲ့ကြသည့် ကျော်ကြားသော တန်ခိုးကြီးနတ်များပင်ဖြစ်ပေ၏။ ကျော်ကြားဟန်ကား ဓမ္မစကြာ တရားပွဲတော်အပြီးတွင် ဟေမဝတ နတ်သားက လျှောက်ထားသောကြောင့် တရား သီးခြား ဟောကြားတော်မူရာတွင် ဟေမဝတ သုတ္တန်အဖြစ် ဆက်လက်ထင်ရှားသော နတ်များဖြစ်လာကြပေသည်။

သူတို့အဖို့ ဒေဝတာသန္နိပါတသို့အသွား၊ ဘုရားရှင်နှင့် အာဠဝကဗိမာန်တွင် ကံကောင်း ဘုန်းထူး ဖူးတွေ့ရသောကြောင့် ဝမ်းမြောက်ကြသည်။ သူတို့အဖို့ ဘုရားရှင်သည် အာဠဝက တမင်မသွားရဘဲ သူ့ဗိမာန်သို့ ကြွရောက်သီတင်းသုံး နေသည်ကို အာဠဝကအား အခွင့်ထူးရသူဟုမြင်သည်။

သို့ဖြစ်၍ ဒေဝတာသန္နိပါတသို့ အရောက်တွင် ''အာဠဝက။ ။ သင့် ဗိမာန်အတွင်း၌ ဘုရားရှင် သီတင်းသုံးနေသည်ကို ငါတို့ ဖူးတွေ့ခဲ့ရပေသည်။ သင့်အဖို့

www.burmeseclassic.com

www.burmeseclassic.com



အရတော်လေစွ'' ဟု သတင်းကောင်း ဖြစ်လေမည်လားဟု အာဠ၀ကအား ပြောကြားသီတင်းပို့သောအခါ သူတို့အထင်နှင့်အမြင်မှာ တခြားစီဖြစ်နေလေတော့သည်။

အကြောင်းမူကား သူတို့ သတင်းစကားကြောင့် အာဠ၀ကမျက်နှာထားမရွှင်ခါးချဉ်သော ဒေါသစိတ်ကြွ၍ ပူလှသော အိုးကင်း၌ ချအပ်သောဆားကဲ့သို့ အမျက်အားဖြင့် ဖျစ်ဖျစ်မြည်လျက် မရည်မင ငါ့ဗိမာန်တွင် ၀င်၍နေသော သတင်းကိုငါကြားပြီးဖြစ်သည်။ ဘုရားဆိုသူသည် အဘယ်နည်း။ ငါ့အကြောင်းကို သိစေရမည်ဟုဒေါသဖြင့် ကြိမ်း၀ါးလိုက်သည်ကို တွေ့ကြုံရသောကြောင့်ပင်ဖြစ်ပေသည်။

ထိုအခါ အကောင်းလိုပါလျက် အဆိုးဖြစ်လာသည်ကိုတွေ့ရသော ဟေမ၀တက ''အချင်း အာဠ၀က။ ။ ငါတို့ဘုရားရှင်ဟူသည် နတ်ပြဟ္မာတို့ တောင်းပန်မှုကြောင့်ပဋိသန္ဓေယူတော်မူစဉ်၊ ဖွားတော်မူစဉ်၊ တောထွက်တော်မူစဉ်၊ ဘုရားဖြစ်တော်မူစဉ်၊ဓမ္မစကြာတရား ဟောကြားတော်မူစဉ်ခိုက်တို့၌ သောင်းထိုက်စကြာ၀ဠာ ကမ္ဘာမြေကြီးတစ်ခုလုံး တုန်ဟည်းခဲ့ရသူဖြစ်သည်။ သင်မသိသလော'' ဟု မေးမြန်း ပြောကြားလိုက်သောအခါ ဒေါသကုမ္ဘာရဖြစ်သော အာဠာ၀ကအဖို့ သိပါလျက်နှင့်ပင် ''ဘယ်အကြောင်းမျှ ငါမသိ'' ဟု ပြောကြားလိုက်သည်။

''ကောင်းပြီ အာဠ၀က။ ။ သင်သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေဘုရားရှင်နှင့် သင်ဟူသည်ကား ကေသရာဇာ ခြင်္သေ့မင်းနှင့် မြေခွေးအို၊ ဂဠုန်မင်းနှင့်ကျီးကန်းကဲ့သို့ မနှိုင်းယှဉ်သာအောင် ကွာခြားသူများဖြစ်ကြောင်း ငါတို့ ပြောလိုက်မည်။သင့်အစွမ်း၊ သင့်ဒေါသဟူသည် ဘုရားရှင်အဖို့ အဘယ်မှုစအံ့နည်း'' ဟု ဖိနှိမ်၍ပြောလိုက်သည်။

အာဠာ၀ကအဖို့ ဘုရားရှင်၏ တန်ခိုးတော်ကို မသိသောကြောင့် မကြောက်တတ်သေးသော်လည်း သာတာဂီရိနှင့် ဟေမ၀တတို့မှာကား သူ့ထက်တန်ခိုးကြီးသူများဖြစ်၍ ကြောက်သောကြောင့် ခွန်းတုံ့မလှယ်၀့ံဘဲ ခပ်မဆိတ်နေလိုက်ရသည်။

သို့ရာတွင် သူ့ဒေါသမှာ ဘုရားရှင်အပေါ်၌ နဂိုက ကြီးနေသည့်အပေါ်တွင်ဟေမ၀တတို့ကနှိုးဆွပေးလိုက်သလို ဖြစ်သွားသောကြောင့် မထိန်းနိုင် မသိမ်းနိုင်အောင်ပို၍ ကြီးမားလာသည်။ ထို့ကြောင့် အစည်းအဝေးမှပင် ရုတ်ခြည်းထပြန်ကာ အပြင်သို့ရောက်သည်နှင့် တစ်ပြိုင်နက် ''ငါ – အာဠ၀ကဟေ့'' ဟူ၍ အော်လိုက်သောအသံမှာ ကြီးမားကျယ်လောင်လှသောကြောင့် စာ၀င် ပေ၀င် သမိုင်း၀င်ပင် ဖြစ်ခဲ့ပေသည်။စာဆိုအရ ယင်းအသံသည် ဇမ္ဗူဒိပ်တစ်ခုလုံးကို လွှမ်းဖုံး၍ သွားသည်ဟု ဆိုသည်။

ထို့နောက်တွင်ကား ရန်ပြုမည့် နွားသည် ဦးချိုသွေးသကဲ့သို့လည်းကောင်း၊ လက်ဝှေ့ထိုးတော့မည့် ယောက်ျားသည် ပွဲမ၀င်မီ လက်ဝှေ့ရေးပြသကဲ့သို့လည်းကောင်း၊ဘုရားရှင်သို့ဦးတည်မတိုက်ခိုက်မီ သူ့တန်ခိုး လက်ဝှေ့ရေးနည်းမျိုးစုံကို ပြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြဟာန်ကား ဟိမဝန္တာအနီးမှ ကေလာသတောင်ထိပ်ကို ဖနောင့်နှင့်ပေါက်သောကြောင့် ကျောက်မြေတို့ လွင့်စဉ်ပွဲကျကုန်သည်။ လေကြီးမိုးကြီးတိုက်ခတ်စေသည်။ အဆောက်အအုံ တောအုပ်တို့ကို တရုတ်ရုတ်တသဲသဲ လှုပ်ရှားပျက်စီးစေသည်။ ချောင်းအင်းအိုင်တို့တွင် လှိုင်းတံပိုးတို့ထစေသည်။ ထို့နောက်တွင်မူ သူ့ဗိမာန်အနီးသို့ ရောက်လာကာ ဘုရားရှင်အား တိုက်ခိုက်သည်။

တိုက်ခိုက်ပုံမှာ ရှေးဦးစွာ ဘွဲ့ဖြူ ပုဆိုးဖြင့်ပစ်သည်။ တန်ခိုးကြီးလှသော ဘွဲ့ဖြူပုဆိုးလက်နက်သည် ဘုရားရှင်ရှေ့တော်သို့ ခြေသုတ်ပုဆိုးကဲ့သို့ စုပုံ၍ကျ၏။ ဒေါသကြီးလှသောကြောင့် မိမိဗိမာန်နှင့် အခြွေအရံတို့ပါ ပျက်လိုပျက် သေလိုသေ၊ ဘုရားရှင်ကို ထိမှန်လျှင် ပြီးကရော့ဟု ထန်းလုံး တောင်းလုံးပမာဏရှိသော သံတုံး သံခဲမိုးတို့ကို ရွာစေသည်။ ဘုရားရှင်ကိုမဆိုထားဘိ၊ ဘုရားရှင် သီတင်းသုံးသော သူ့ဗိမာန်ကိုပင် နှင်းပေါက်မျှမထိ။ မိုးကြိုးလက်နက် လောင်မီးစက်ကဲ့သို့သော မီးတောက် မီးလျှံ ပြင်းထန်သော အရှိန်အဟုန်တို့ဖြင့် ဘုရားရှင်ကို ပစ်ပေါက်သည်။ ပိုးမြည်မြူးခန့်မျှ မရောက်လာ။ သို့နှင့် ညဥ့်ဦးပိုင်း ညဥ့်လယ်ပိုင်း တစ်ချိန်လုံး စွမ်းအားရှိသမျှ စိတ်ကူးရသမျှတို့ဖြင့် တိုက်ခိုက်သည်။ တိုက်ခိုက်လေသမျှ လက်နက်များသည် ဘုရားရှင် ဝန်းကျင်သို့ မြူမှုန့်လောက်မျှ ရောက်မလာ။

အဘယ်မျှ တန်ခိုးကြီးသည်ဆိုစေ၊ ပျက်စီးတတ်သော ရုပ်နာမ် နှစ်ဝပိုင်ရှင်သာ ဖြစ်သောကြောင့်လည်းကောင်း၊ တစ်ညလုံး စိတ်အား လူအားစိုက်၍ တိုက်ခိုက်ရသောကြောင့်လည်းကောင်း အာဠဝက မောပြီး တိုက်ခိုက်ရန် အကြံလည်းကုန်လေပြီ။ ထို့ကြောင့် အရှုံးမပေးသော်လည်း လက်လျှော့ချင်လာပေပြီ။

ထို့ကြောင့် ဤမျှတိုက်ခိုက်ပါလျက် ဘုရားရှင် ဆိုသူအား မထိခိုက်လေသည်ကား အဘယ့်ကြောင့်ပါနည်းဟု စဉ်းစားကွက် ဝင်လာရသည်။ ထိုအခါ ဆိုးချင်၍သာ ဆိုးနေရသည်၊ အတွေးအကြံအခြေခံရှိသူဖြစ်သောကြောင့် စဉ်းစားမိ လာသည်ကား ဤရဟန်းသည် မေတ္တာနှင့် နေသူဖြစ်၍ မေတ္တာတန်ခိုးကြောင့်သာ ဖြစ်တန်ရာသည်။ ထို့ကြောင့် သူ့မေတ္တာစာတ်ကိုပျက်အောင် လုပ်နိုင်လျှင် ဤရဟန်းကို အောင်နိုင်ရမည်ဟု အတွေးဝင်လာသည်။

ထို့ကြောင့် "အဘယ်ရဟန်း။ ။ အသင်သည် ရဟန်းဖြစ်ပါလျက် ငါခွင့်မပြုသော ငါ့ပိုင်နက်အတွင်းသို့ အဘယ့်ကြောင့် ချင်းနင်းဝင်ရောက်လျက် ရှိပါနည်း။ ဝင်ရောက်ရုံမျှမက ရဟန်းတို့နှင့်မလျော်သော ငါ့မောင်းမမိသံတို့ဖြင့် သင်ပျော်ပိုက် ဖိမ်ခံလျက်ရှိနေသည်မဟုတ်ပါလော။ ငါ့ပိုင်နက်တွင်းမှ ယခုပင် ထွက်လော့" ဟု ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဘုရားရှင်က အာဠဝက၏ မေးခွန်းတစ်ခုတည်းမျှသော စကားဖြင့်ပင် ဗိမာန်အတွင်းမှ ထွက်ပေးလိုက်သောအခါ အာဠဝက အံ့အားသင့်သွားသည်။ အကြောင်းသော်ကား ဘုရားရှင် ဗိမာန်ပြင်သို့ထွက်ရန်အတွက် မိမိအဖို့ တစ်ညဥ့်လုံး ပင်ပန်းတကြီး တိုက်ခိုက်ခဲ့ရသည်။ ယခုသော် ထွက်စေလိုလျှင် တစ်ခွန်းတည်းမျှဖြင့် ထွက်ပါလားဟု အံ့အားသင့်စွာ တွေ့ရသောကြောင့် ဖြစ်လေသည်။

သို့ရာတွင် ဤရဟန်းသည် အကြံတစ်မျိုးဖြင့် ထွက်သလော၊ လိုက်လျောသဖြင့် ထွက်သလော မသိနိုင်သေး။ ရဟန်းကို နိုင်ရန်အတွက် သူ့မေတ္တာဓာတ် ပျက်ပြားရန်လည်း လိုပေသေး၏။ ထို့ကြောင့် ဩဇာအရှင်၊ တန်ခိုးရှင်ပုံစံဖြင့် "သင်ရဟန်း၊ ဗိမာန်သို့ဝင်ဦးလေ့" ဟု အမိန့်ပေးလိုက်ပြန်သောအခါ ဘုရားရှင်က အလွယ်တကူပင် ဝင်တော်မူလိုက်သည်။

ယင်းသို့ မခံချင်အောင် ပြုလုပ်သော်လည်း ဘုရားရှင်၏ မျက်နှာတော်တွင် အသွင်အမူပျက်သည့်ပုံဟန်ကို အနည်းငယ်မျှ မတွေ့ရ။ ကြည်လင်လျက် ရှိနေသည်ကိုသာ တွေ့ရသောကြောင့် နောက်တစ်ဖန် ဝင်စေ ထွက်စေ နှစ်ကြိမ်တိုင်တိုင် ခိုင်းပြန်သည်။ ဘုရားရှင်ကလည်း အာဠဝက စကားအတိုင်းပင် လိုက်လျောတော်မူ၏။

လိုက်လျောတော်မူသည်မှာကား ကလေးကို အငိုတိတ်အောင် မိဘတို့က ချော့သောနည်း၊ မုန့်ပဲသွားရည်စာ ပေးသောနည်းကဲ့သို့ ဒေါသ မာနကြီးလွန်းသော ဘီလူးအား ပျော့ပျောင်းလာစေရန်အတွက် အလိုလိုက်အကြိုက်ပေးသော မေတ္တာတော်နည်းပေတည်း။

ထို့ကြောင့် အာဠဝကအဖို့ ယခုမှပင် ဘုရားရှင်ကိုနိုင်သောနည်းကို ရရှိကာ ဟုတ်လှပေပြီ။ ဤရဟန်းကို နိုင်, နိုင်သောနည်းမှာ လွယ်ကူလှပေ၏။ ဤတစ်ကြိမ် အထွက်တွင်ဖြင့် ရဟန်း၏ ခြေနှစ်ချောင်းကို ကိုင်မြှောက်ကာ တောင်အောက်သို့ ပစ်ချရန်သာ ရှိတော့သည်ဟု တွေး၍ "ရဟန်း။ ။ ထွက်ဦးလေ့" ဟု အမိန့် ပေးလိုက်ပြန်သောအခါ ဘုရားရှင်က ထွက်မလာတော့ပေ။

"အဘယ်သို့နည်း ရဟန်း။ ။ ယခင်က သုံးကြိမ်တိုင်တိုင် ထွက်ခဲ့ ဝင်ခဲ့ပြီး ဖြစ်ပါလျက် ယခုတစ်ကြိမ်တွင်မူ အဘယ့်ကြောင့် မထွက်သနည်း"

"အာဠဝက။ ။ ယခုတစ်ကြိမ် ထွက်ခဲ့ပါသော် ငါ့ကိုကိုင်မြှောက်၍ တောင်အောက်သို့ ပစ်ချရန် သင်ကြံစည်သည်မဟုတ်လော" ဟု မိန့်ကြားလိုက် သောကြောင့် ဤရဟန်းကား သာမန်ပုဂ္ဂိုလ်မဟုတ် ငါ့စိတ်အကြံကိုပင် သိသူပါတကားဟု အံ့အားသင့် ရပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုလျှင် ဤရဟန်းကို နိုင်, နိုင်ဖို့ရန်မှာ တစ်နည်းသာ ရှိပေတော့၏ဟု အာဠဝက စိတ်ကူးပေါ်လာသည်။ ယင်းနည်းဟူသည်ကား ပုစ္ဆာမေးခြင်းပင်ဖြစ်၏။ ဘုရားရှင်၏ လိုက်လျောသော အပြုအမူကြောင့် လည်းကောင်း၊ ဘုရားရှင်၏ တန်ခိုးတော်အပေါ်တွင် အံ့အားသင့်စွာ တွေ့မြင်ရသောကြောင့်လည်းကောင်း အာဠဝက၏ သဘောထားမှာလည်း အတန်များများပင် ပျော့ပြောင်းခဲ့လေပြီ။

အကြောင်းမူကား ဤလောက၌ အဆင့်တူ သဘောတူသူတို့သည် သဟဇာတ ဖြစ်ကြသကဲ့သို့ တန်ခိုးအရှင်ကို တန်ခိုးအရှင်က လေးစားစိတ်ပေါ်လာသည်။ သူတစ်ပါး၏ စိတ်ကိုပင် သိနိုင်သော ဘုရားရှင်၏ တန်ခိုးတော်မှာ အာဠဝကတို့လို အကြမ်းသမား တန်ခိုးရှင်တို့အဖို့ လေးစားဖွယ်ပင် မဟုတ်ပါလား။

[ ၅ ]

ဆိုးခွင့်အထုံများခဲ့၍သာ ဆိုးနေရသော်လည်း အာဠဝကသည်ကား ဘဝဇာတိအားဖြင့် ရေခံ မြေခံ ကောင်းခဲ့သူပင်ဖြစ်၏။ အကြောင်းသော်ကား သူ့မိဘများသည် ဘီလူးများပင် ဖြစ်သော်လည်း အတွေးရှင် တရားရှင်များ ဖြစ်ခဲ့ကြပေသည်။ ကဿပဘုရားရှင် လက်ထက်တော်တွင် သူ့မိဘများသည် တရားနာခဲ့ရသူများဖြစ်ရုံမက တရားကိုသင်ကြား ကျက်မှတ်ထားသူများလည်း ဖြစ်ခဲ့ပေသည်။

ထိုတရားဟူသည် သတ္တဝါတို့၏ ခံယူဖွယ် အနှစ်သာရပိုင်းနှင့် စပ်လျဉ်း၍ အမေးဂါထာနှစ်ပုဒ်နှင့် အဖြေဂါထာ နှစ်ပုဒ်တို့ ပါဝင်ခဲ့သော တရားတော်များ ဖြစ်ကြပေသည်။ ယင်းဂါထာများကို သူတို့သား အာဠဝကအား သိကြား လိမ္မာစေလိုသောကြောင့် ငယ်စဉ်ကပင် အလွတ်ရအောင် သင်ကြား၍ ပေးထားခဲ့လေသည်။

ဤသည်ကား သူ့မိဘနှစ်ပါး၏ ထူးခြားသော အမွေအနှစ်ဖြစ်ပေ၏။ ယင်းအမွေအနှစ်ကို အာဠဝက အထူးလေးစားသည်။ မကြာခဏ ရွတ်ဆိုသည်။ ရွတ်ဆို၍ မိဘများ၏ ကျေးဇူးဂုဏ်ကို သတိရသည်။

သို့ရာတွင် ဘီလူးမျိုးပီပီပင် တစ်ဖက်တွင် ပါရှိသော ဒေါသစရိုက်အထုံ၊ အဟုန်ကြီးမားမှုကြောင့် ယင်းဂါထာများကို မေ့သယောင်ဖြစ်လာသည်။ ကြာသော် မေ့သည်ထက် မေ့တော့မည်ကြောင့် ယင်းဂါထာများကို မမေ့နိုင်အောင် သူ့ဗိမာန် ခါးပန်းတွင် ကမ္ဗည်းထိုး ရေးမှတ်ထားသည်။ သို့ရာတွင် တစ်ဝက်တစ်ပျက် မေ့လေပြီကြောင့် အမေးပုစ္ဆာနှစ်ဂါထာကိုသာ ရေးမှတ်နိုင်၍ အဖြေဂါထာများကိုကား မရေးမှတ်နိုင်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်ကား အာဠဝကအဖို့ မိဘများ၏ ထူးခြားသော အမွေအနှစ်အပေါ်တွင် တစ်ဖက်သတ်ရှိနေခဲ့ရသော တောင့်တမှု ဘဝလိုလားချက်တစ်ရပ်ပင်ဖြစ်လေ၏။ ထို့ကြောင့် သူ့ဗိမာန်သို့ ရံဖန် တန်ခိုးရှင်ဈာန်ရှင် ရသေ့ရဟန်းတို့ အခွင့်ကြုံ၍ ရောက်လာခဲ့ပါသော် ဤပုစ္ဆာ၏ အဖြေများကို မေးသည်။ ဖြေနိုင်လျှင် ပူဇော်မည်။ မဖြေနိုင်လျှင် ရသေ့ရဟန်းဖြစ်ပါလျက် ညံ့ရာသော်ကောဟု နှိပ်စက်မည်။ ယနေ့အထိ မူကား ဖြေနိုင်မည့်သူ မပေါ်လာသေး။ နှိပ်စက်၍ အလွှတ်ခံရသည်ချည့်ဖြစ်သည်။

ယခု ဤရဟန်းရောက်လာပြန်ပေပြီ။ ငါတို့၏အကြားကိုပင် သိသောတန်ခိုးရှင် ရဟန်းဖြစ်၏။ ဟေမဝတ နတ်ကြီးတို့ကမူ လောကသုံးပါးတွင် အတုမရှိသော ဘုရားဟုပင် အဆိုရှိသည်။ ဤရဟန်း ဖြေနိုင်မည်လော။

ဖြေနိုင်သော် ဤရဟန်းနှင့် ရန်စစ်ပြေငြိမ်းမည်။ မဖြေနိုင်ခဲ့သော် နှိပ်စက်ရ ပေဦးမည်။ ရဟန်းဖြစ်ပါလျက် ဘုရားဟုပင် ဆိုပါလျက် မဖြေနိုင်၊ မထုတ်ဖော်နိုင် ခဲ့သော် ညံ့ဖျင်းရန်လေကောဟု အရှက်ကွဲအောင် စွပ်စွဲမည်။ ဤသည်ကား ဒေါသတုံး ဒေါသကောင်သက်သက် အဖြစ်မှ ဘုရားရှင်၏ တရားပရိယာယ်ကြောင့် သဘောထား နိမ့်ကျ ပျော့ပျောင်းလာသော အာဠဝက၏ အတွေးနှင့် အစီအစဉ်ပင်ဖြစ်ပေ၏။

ယင်းသို့သောအတွေးဖြင့် မေးတော့မည်ဟု ကြံလိုက်စဉ်မှာပင် ဘုရားရှင်က "အချင်း အာဠဝက။ ။ သင့်အခက် သင့်ပုစ္ဆာကို ငါ့အား မေးနိုင်ပါ၏။ သို့ရာတွင် ယခင် သင်တွေ့ဖူးခဲ့သော ရသေ့ ရဟန်းများကဲ့သို့ သင်နှိပ်စက်နိုင်မည့်သူကား မဟုတ်ပေ။ မေးလိုရာမေးပေတော့" ဟု မိမိအတွေးကို သိနေပြန်သဖြင့် ပို၍ ပျော့ပျောင်း သွားရသည်။

"ကောင်းပါပြီ မေးပါတော့မည် ရှင်ရဟန်း"

အာဠဝကလေသံ ပျော့ပြောင်းလာပေပြီ။ 'ရဟန်း' ဟုသာ ခေါ်ခဲ့ရာမှ 'ရှင်ရဟန်း' ဟု ရိုသေလေးစားသံကလေးပါလာပေပြီ။

"(၁) လောကသုံးပါး၌ ယောကျ်ား, မိန်းမ ဟူသမျှတို့၏ မြတ်လှဉစ္စာ ရတနာဟူသည်ကား အဘယ်ပါနည်း။ (၂) လေ့ကျက်မှု တကာတွင် အဘယ်မည်သော အလေ့အကျက်သည် ချမ်းသာကို ဆောင်ပါသနည်း။ (၃) အရသာတို့တွင် အဘယ်အရသာကို သာလွန်ကောင်းမြတ်သည် ဆိုအပ်ပါသနည်း။ (၄) အသက်မွေးမှု တကာတို့တွင် အဘယ်မည်သော အသက်မွေးမှုကို မြတ်သည်ဟု ဆိုအပ်ပါသနည်း"

ဘုရားက အာဠဝက မေးအပ်သော ပုစ္ဆာလေးရပ်ကို ကဿပဘုရားရှင် ဖြေဆိုတော်မူသောနည်း၊ အာဠဝက ငယ်စဉ်က သင်အံရရှိထားခဲ့သော ဝါကျအတိုင်းပင် ဖြေဆိုတော်မူသည်။

"အာဠဝက။ ။ (၁) ဤလူ့ရွာ လောက၌ ယောကျ်ား, မိန်းမ စသည်များ၌

www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါတို့၏ ရတနာသုံးပါးဂုဏ်တို့၌ စုပ်စုပ်သက်ဝင် ခင်မင်ကြည်ညိုခြင်းသည် လောကုတ္တရာ မြတ်ချမ်းသာကို လွှန်စွာပေးတတ် အလွန်မြတ်သော သစ္စာပေတည်း။ (၂) ကောင်းမွန်လှစွာ လေ့လာကျင့်သုံးအပ်သော ကုသိုလ်ကမ္မပထတရား ဆယ်ပါးသည် လူ့ပြည်နတ်ရွာ နိဗ္ဗာန်တည်းဟူသော ချမ်းသာသုံးပါးကို မမှားပိုင်ပိုင် ရွက်ဆောင်နိုင်ပေ၏။ (၃) မှန်ကန်ဖြောင့်မတ် မချွတ်အပ်သော သစ္စာစကားသည် ချိုချဉ်စပ်ဖန် ခါးငန်ခြောက်ဖြာ အရသာတကာတို့ထက် အလွန်ကောင်းမြတ်လှစွာသော အရသာမည်၏။ (၄) အသက်မွေးမှုတကာတို့တွင် ပညာဖြင့် အသက်မွေးခြင်းသည် အမြတ်ဆုံး ပေတည်း''

''အရှင်မြတ်ဘုရား''

အာဠဝကဏ်၏ လေသံ နူးညံ့သည့်ထက် နူးညံ့ပြောင်းလဲလာပြီဖြစ်၏။ ခက်ထရော် တင်းမာသော ကိုယ်ဟန်တို့လည်း ပျော့ပျောင်းသောအသွင်သို့ ပြောင်းလဲလာသည်။ မတ်ထောင်သော ဦးခေါင်းသည်ပင် ဦးမညွှတ်သေးရုံတမည်မျှ ယိမ်းငိုက်လာပြီဖြစ်၏။

''တပည့်တော် မေ့လျော့နေသော ဂါထာအဖြေနှစ်ပုဒ် ကျန်ပါသေးသည်။ ဖြေကြားတော်မူပါဦးဘုရား။ (၁) အဘယ်သို့သော အကြောင်းအရာဖြင့် သံသရာ တည်းဟူသော ဩဃကို ကူးမြောက်နိုင်ပါအံ့နည်း။ (၂) အဘယ်သို့သော တရားအားဖြင့် ဝဋ်ဆင်းရဲတည်းဟူသော သမုဒ္ဒရာကို ကောင်းစွာ လွန်မြောက်နိုင်ပါအံ့နည်း။ (၃)အဘယ်သို့သော အကြောင်းဖြင့် ဆင်းရဲအပေါင်းမှ ကောင်းစွာ လွတ်ပါမည်နည်း။ (၄) အဘယ် ရေအေးဖြင့် ကိလေသာတည်းဟူသော အညစ်အကြေးကို ဆေးကြော သုတ်သင်၍ စင်ကြယ်ပါမည်နည်း''

''အာဠဝက။ ။ သတိဖြင့် အလေးထား၍ ကောင်းစွာ နာကြားလေလော့။ (၁) သံသရာတည်းဟူသော ဩဃကို သဒ္ဓါတရားဖြင့် ကူးမြောက်နိုင်ပေသည်။ (၂) ကုသိုလ်ပြုစု ကောင်းမှုပျော်မွေ့ မမေ့လျော့ခြင်းတည်း ဟူသော အပ္ပမာဒတရားဖြင့် သမုဒ္ဒရာပမာထက်ကဲ ဝဋ်ဆင်းရဲကို လွန်မြောက်နိုင်ပေ၏။ (၃) ပါရမီဆယ်ပါး တရားဝီရိယ မြတ်မွေ၌ နိစ္စကြိုးကုတ် အားထုတ်ခြင်းဖြင့် ဇာတိဇရာ ဗျာဓိမရဏ စသည် သောင်းသောင်းဆင်းရဲအပေါင်းကို လွန်စေနိုင်၏။ (၄) ဝိပဿနာ ပညာဆယ်ပါး ဉာဏ်တရားဖြင့် ကိလေသာမြူမှေး အညစ်အကြေးမှ ကင်းဝေး စင်ကြယ်နိုင်ပေ၏''

ဤအဖြေ ဒေသနာတော်၏ အဆုံး၌ကား သတိထား၍ ကောင်းစွာနာကြား ကြသောကြောင့်လည်းကောင်း၊ ရှေးဘဝ ပါရမီနှင့် ယယ်စဉ်က သင့်အံ့စဉ်းစား ပွားများ လေ့ထုံခဲ့သော ဓာတ်ခံတို့က နိုးကြားလာပြီဖြစ်သောကြောင့်လည်းကောင်း အာဠဝက အဖို့ ယုံမှားခြင်းမျိုးစုံတို့ ကင်းကွာလျက် သောတာပတ္တိဖိုလ်သို့တိုင် ရောက်ပြီဖြစ်သတည်း။

ဘုရားရှင်၏ ခြေတော်ကိုပင်ကိုင်၍ အကြိမ်ကြိမ် ဦးနှိမ်ရှိခိုးသည်။ မှားခဲ့မိသည့် အကြောင်းများကို သည်းခံတော်မူပါရန် တောင်းပန်လျှောက်ထားသည်။ ဘဝ၏

www.burmeseclassic.com

www.burmeseclassic.com



အားပေး၍ ဘီလူးဘ၀တွင် ဖြစ်လာရသော အစွယ်ကြီးများကိုပင် ရှက်နိုးယောင်ဖြင့် မိမိ၏ မလှသောအဆင်း မကောင်းသော အစွယ်ကြီးများကို ဘုရားရှင်မမြင်အောင် ဦးခေါင်းလျှိုးသည်။

အမှောင်ဘ၀မှ လင်းမည့်လင်းတော့လည်း သောတာပတ္တိဖိုလ်သို့ ရောက်သည့်အထိ ဉာဏ်ရောင်ထက်လာသည်။ သို့ရာတွင် မဂ်ဖိုလ်၏အဆုံးပန်းတိုင်သို့ ရောက်သူမဟုတ်သေးရကား ဘုရားရှင် ဖြေကြားတော်မူအပ်သော နောက်ဆုံးအဖြေ 'ပညာယ ပရိသုဇ္ဈတိ' ဝိပဿနာပညာ ဆယ်ပါး ဉာဏ်တရား ဆိုသည့်၌ မိမိဉာဏ် မမီသောကြောင့် ''ဘုန်းတော်သခင်အရှင်မြတ်ဘုရား။ ။ ဆက်လက်၍ လျှောက်ထား မေးမြန်းခွင့် ပြုတော်မူပါဦးဘုရား။ (၁) အဘယ်သို့သော အကြောင်းအားဖြင့် ထူးခြားသော ပညာကိုရရာပါနည်း။ (၂) အဘယ်အရေးဖြင့် အသက်မွေးကြောင်း သစ္စာကို ရရာပါသနည်း။ (၃) အဘယ်သဘောဖြင့် ကောင်းသောသတင်း ကျော်စောခြင်းကို ရောက်နိုင်ပါသနည်း။ (၄) မိတ်ဆွေကောင်းတို့ကို အဘယ်သို့ ပြုအပ်ပါသနည်း။ (၅) မျက်မှောက်ဘ၀ ဤလောကမှ တမလွန်ဘ၀ သွားရသော အခါ၀ယ် အဘယ်အမှုမျိုးဖြင့် စိုးရိမ်ခြင်းကင်းရာပါသနည်းဘုရား''

''ချစ်သား အာဠဝက''

ဘုရားရှင်ကိုယ်တော်တိုင်ကပင် 'အချင်းအာဠဝက'၊ 'အို–အာဠဝက' စသည်ဖြင့် ရိုးရိုးသားသားခေါ်ခဲ့လေရာမှ 'ချစ်သား အာဠဝက' ဟူ၍ ရင်းနှီးသော အခေါ်သို့ ပြောင်းသွားသည်။ မှန်လှပေ၏။ အာဠဝကသည် အရိယာဇာတ်ဝင်၊ မိမိ၏ အနွယ်ဝင်ဖြစ်လာပေပြီ မဟုတ်ပါလော။ ထို့ကြောင့် ရဟန်းများကို 'ငါ၏ချစ်သား ရဟန်းများတို့' ဟူ၍ ခေါ်သလို 'ချစ်သားအာဠဝက' ဟုခေါ်လိုက်ရပေသည်။

''(၁) ဝိပဿနာ ပညာဆယ်ပါး ဉာဏ်တရားကို ရရာသည်ကား . . . ဘုရားရှင်၊ သာ၀ကတို့သည် ဟောပြောအပ်သော နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော တရားကို ယုံမှားမရှိ အတိပသန္နသဒ္ဓါဖြင့် လွန်စွာ ယုံကြည်သည်ဖြစ်၍ နှစ်နှစ်သက်သက် စုံမက်မြတ်နိုးစွာ မှတ်နာကျင့်ဆောင်လေ့ရှိခြင်းသည်လည်းကောင်း၊ မမေ့မလျော့ မပေါ့သော သတိရှိခြင်းသည်လည်းကောင်း၊ စုံမက်တိုင်းထွာ စာနာကြံစည်လေ့ ရှိခြင်းသည် လည်းကောင်း ဤအကြောင်းသုံးပါးဖြင့် ထူးပြားသော ပညာကိုရရာ၏သည်။

''(၂) သင့်တင့်ကောင်းမြတ်သောအခါ၌ ကောင်းမြတ်သောမိတ်ဆွေနှင့် ပေါင်းလျက် ကောင်းမြတ်သောအမှုကို ဂရုမမွေ လုံ့လပြုလေ့ရှိသော သူသည် သာကီဥစ္စာ၊ လောကုတ္တရာဥစ္စာ ဤနှစ်ဖြာကို ရရာသော အကြောင်းဖြစ်ပေ၏။

''(၃) ရှေ့ဆိုနောက်ပျက် ယွင်းကွက်မရှိ ပကတိ ဟုတ်မှန်သောသစ္စာစကားကို ဆိုခြင်းသည် ကျေးဇူးသတင်း ကျော်စောခြင်းသို့ ရောက်၏။

www.burmeseclassic.com

www.burmeseclassic.com



"(၄) မိမိစီးပွား သူ့စီးပွား၌ လိုလားမှုတ ဝေငှပေးကမ်းခြင်းသည် မိုးတင်းကိုးစားရာဖြစ်သော အဆွေခင်ပွန်းကောင်းကို ရကြောင်း ကေန်အမှန်ဖြစ်၏။

"(၅) အကြင်သူအား ဖြောင့်သား ဟုတ်မှန်စွာသော သစ္စာတရား၊ အပါယ်လားမှုဒုစရိုက်မှ ရှောင်ကြဉ်လှလျက် နိစ္စကြိုးကုတ် အားထုတ်အပ်သော ပုညကိရိယာ ဓမ္မာဆယ်ပါး၊ စီးပွားနှစ်ဖြာ ထိုအရာ၌ လွန်စွာဆည်းပူးအပ်သော ဝီရိယတရား၊ သူ့အား စွန့်ကြဲဝေခွဲ ပေးကမ်းခြင်းဟူသော စာဂတရား၊ ဤလေးပါးကို ပွားများစေသည်ဖြစ်အံ့၊ ထိုသူအား လူ၏ဘောင်တွင် အိမ်ထောင်ရာထား သားမယားနှင့် ပျော်ပါး၍နေသည်ပင်ဖြစ်သော်လည်း စင်စစ်တမလွန်ရွာ၌ စိုးရိမ်စရာ မရှိလေတော့ပြီ၊ ယုတ်ညံ့သော ဂတိမှ လွတ်ကွာ၍ လူ့ရွာ နတ်ဌာန်၌ ကေန်ဖြစ်လတ္တံ့သည်သာတည်း"

ဘုရားရှင်၏ ဂုဏ်တော် ကျေးဇူးတော်တို့ကို ချီးကျူးထုတ်ဖော် ကြွေးကြော်ပြောဆိုရာ၌ သာတာဂီရိနှင့် ဟေမဝတ နတ်ကြီးနှစ်ပါးမှာ နာမည်ကျော်များ ဖြစ်ကြသည်။ အာဠဝကသည်လည်း ဟေမဝတ၏ ချီးကျူးသံတို့ကို ကြားခဲ့ရသည်သာဖြစ်၏။ သို့သော်လည်း နားမဝင်နိုင်ခဲ့။ ဤလောက၌ မိမိတို့၏ စိတ်ဝမ်းညီရာ ကိုယ့်ဆရာကို အကြောင်းမှန်သည်ဖြစ်စေ၊ မမှန်သည်ဖြစ်စေ ချီးကြူး ဂုဏ်တင်ကြသည်မှာ ဓမ္မတာပင် ဖြစ်ပေ၏ဟုပင် တွေးခဲ့သည်။ ဘုရားရှင်ကို အထင်မကြီးနိုင်ခဲ့၊ မကြီးတတ်သေး။

ယခုသော် မိမိသည်လည်း သာတာဂီရိတို့အလား ဘုရားရှင်အပေါ်တွင် ကော်ရော်ပင့်ချီး အထင်ကြီး၍ပင် မဆုံးနိုင်မှုကို ရရှိခဲ့လေသည်။ အကြောင်းမူကား မိမိ၏ တန်ခိုးကို ဟုတ်လှပြီဟု အထင်ရောက်ခဲ့မှုများမှာ ဘုရားရှင်၏ တန်ခိုးတော်နှင့် နှိုင်းစာလျှင် ဆီးစေ့နှင့် မြင်းမိုရ်ပမာမျှမက ကွာခြားခြင်း၊ ပညာအားဖြင့်ဆိုလျှင်လည်း ကဿပ ဘုရားရှင် လက်ထက်တော်ကပင်လျှင် မေ့လျော့၍ နေခဲ့သော မိဘအမွေ အမေးပုစ္ဆာများကို ထုတ်ဖော်နိုင်သည်အထိ ကြီးမားလှခြင်းတို့မျှမက ဘုရားသာသနာတော်၏ တရားအနှစ် ဓမ္မစစ်ကိုပင် သောတာပတ္တိဖိုလ်အထိ ရရှိပြီဖြစ်လေရာ နတ်ကြီးများ၏ အတုကိုယူ၍ မိမိသည်လည်း ယနေ့မှစ၍ အရှင်၏ဂုဏ်တော်၊ ကျေးဇူးတော်တို့ကို နတ်ဌာန် လူ့ရွာ ရောက်လေရာအရပ်တို့၌ ကြွေးကြော် ချီးကျူးပါတော့မည်ဘုရားဟု လျှောက်ထားသည်။

[ ၆ ]

ထိုအချိန်တွင်ပင် မိုးစင်စင်လင်း၍ ထုံးစံအတိုင်း မိမိကို အစာကျွေးရန်အတွက် အာဠဝက မင်းသားလေးကို ပွေ့ချီ၍ လာသောမင်းချင်းတို့ရောက်လာကြသည်။

အခါတိုင်းဆိုလျှင် ညောင်ပင်တွင်သာ ဆက်သကြရ၏။ ယနေ့တွင်ကား အာဠဝကဘီလူးအား ဗိမာန်အခြေအရံတို့နှင့်အတူတွေ့ရှိရုံမက ဘုရားရှင် ကိုယ်တော်

www.burmeseclassic.com

www.burmeseclassic.com



တိုင်ပင် ရောက်ရှိနေသည်ကို ဖူးတွေ့ကြရသောကြောင့် မင်းချင်းတို့ အံ့သြကြသည်။ ဝမ်းလည်းသာသည်။ အကြောင်းမူကား တရားတော်သခင် ဘုရားရှင် ရောက်ရှိနေခြင်းကြောင့် ငြိမ်းချမ်းသောအခြေအနေကို တွေ့ရတော့မည်ဟု မျှော်လင့်မိကြသောကြောင့်ဖြစ်သည်။

ထို့ကြောင့် ဘုရားရှင်၏ ရှေ့တော်မှာပင် မင်းသားလေးကို အာဠဝကသို့ "အရှင်ဘီလူးမင်း။ ။ အရှင့်အစာကို ယူဆောင်လာပါပြီ" ဟုပြော၍ ဆက်သသည်။ ထိုအခါ တရားရှင်ဖြစ်လာပြီဖြစ်သော အာဠဝကအဖို့ ဘုရားရှင်အား ရှက်လှသဖြင့် မျက်နှာကိုလွှဲဖယ်ကာ ဦးခေါင်းငုံ့၍ သွား၏။

ထို့ကြောင့် အရှက်ရသူတို့ ဓမ္မတာ ပြုမိပြုရာ ပြုတတ်ကြသည့်အတိုင်း မင်းသားငယ်ကို ယူလိုက်ပြီးနောက် ဘုရားရှင်သို့ "အရှင်မြတ်ဘုရား။ ။ ဤကလေးငယ်သည် တပည့်တော်၏ အစာဖြစ်ပါ၏။ သို့ရာတွင် ယခုမူ ဤကလေးငယ်ကို အရှင်မြတ်သို့ပေးလှူပါသည်" ဟု လျှောက်ထားကာ ဘုရားရှင်လက်တော်သို့ ဆက်ကပ်လိုက်သည်။ ထိုအခါ ဘုရားရှင်ကလည်း မင်းသားငယ်ကိုပွေ့ချီသိမ်းပိုက် အလှူခံတော်မူလိုက်၏။

ဤအပြုအမူသည် ဘုရားရှင်၏ ဗုဒ္ဓုပ္ပတ္တိတော်တွင် ထူးခြားလှစွာသော အပြုအမူပင်ဖြစ်ပေ၏။ အကြောင်းမူကား ဘုရားရှင်သည် ရင်သွေးတော် ရာဟုလာကိုပင် ပွေ့ချီသည်ဟူ၍မရှိခဲ့။ ရာဟုလာဖွားစ ဘုရားရှင် တောထွက်တော်မူသည့်ညတွင် သားဟူသော သံယောဇဉ်ကြောင့် ယသော်ခင် ပွေ့ချီထွေးပိုက်ထားသော ရာဟုလာ ကလေးကို ကြာခြည်လှစ်၍ ကြည့်ရုံသာ ကြည့်ခဲ့သည်။ ရာဟုလာရှင်ပြုစဉ်ကပင် ကိုယ်တိုင်မကိုင်တွယ်ခဲ့။ အရှင်သာရိပုတ္တရာ လက်သို့ အပ်လိုက်ပြီးနောက် အရှင် သာရိပုတ္တရာက ကိုင်တွယ်ခေါင်းတုံးရိတ်၍ သာမဏေဖြစ်စေခဲ့သည်။

ထို့ကြောင့် မင်းသားလေးအဖို့ အာဠဝကအမည်မှ ဘုရားရှင်ကိုယ်တော်တိုင် ကိုင်တွယ် ပွေ့ချီခံရသောကြောင့် "ဟတ္ထအာဠဝက" ဟု လက်တော်ရောက် မင်းသားအဖြစ် အမည်သစ်တွင်၍ လာခဲ့ပေသည်။ သို့မဟုတ် မင်းချင်းတို့လက်မှ အာဠဝကလက်ရောက်၊ အာဠဝကလက်မှ ဘုရားရှင်လက်သို့ရောက်၊ တစ်ဖန် ဘုရားရှင်လက်တော်မှ မင်းချင်းတို့လက်သို့ ရောက်ကာ လက်အကြိမ်ကြိမ် ကူးပြောင်းသောကြောင့် "ဟတ္ထာဠဝက" ဟု အမည်သစ်ရလာခဲ့ပေသည်။

မင်းသားငယ်ကို ဘီးလူးစားပိုင်သည်။ တစ်ဖန် အာဠဝကက ဘုရားရှင်သို့ ပေးလှူသောကြောင့် ဘုရားရှင်ပိုင်သည်။

သို့ရာတွင် ဘုရားရှင်ကငယ်လှစွာသေးသောကြောင့် မင်းသားကလေးကို ပွေ့ချီရင်းက "ဤသူငယ် အသက်ရှည်ကြာ တည်ပါစေသတည်း။ အသင် အာဠဝက

www.burmeseclassic.com

www.burmeseclassic.com



သည်လည်း ချမ်းသာစွာဖြင့် မိမိအကျိုး လောကအကျိုးကို ဆောင်နိုင်ပါစေသတည်း။ သို့ရာတွင် ဤကလေးသည် ငယ်လှစွာသေး၏။ အသင်တို့ ကောင်းစွာမွေးမြူ၍ ကြီးပြင်းလာသည့်အခါမှ ငါ့ထံသို့ ပို့ဆောင်ခဲ့ပေတော့''ဟု မိန့်ကြားတော်မူကာ မင်းချင်းတို့ လက်သို့ အပ်လိုက်၏။

အနာဂတံသ ဉာဏ်တော်သခင် ဘုရားရှင်အဖို့ အာဠဝကဘီလူးကို ကယ်ချွတ်တော်မူရာ၌ ဤမင်းသားငယ်ကိစ္စသည် ဒုတိယကိစ္စ၊ ဒုတိယရည်မှန်းချက် ဖြစ်တော်မူ၏။ အကြောင်းမူကား ဤကလေးသည် ယနေ့အချိန်၌ ငယ်ရွယ်လှသေး သော်လည်း ကြီးပြင်းလာသောအခါ၌မူ ထူးခြားသော တရားအရှင် စာဝင် ပေဝင် သာသနာ့သမိုင်းဝင် ဖြစ်လာမည်ကို မြင်တော်မူသောကြောင့်ဖြစ်သည်။

မှန်လှပေ၏။ မှန်ပုံကား ဟတ္ထာဠဝက မင်းသား အရွယ်ရောက်လာသောအခါ မိဘတို့က ''သင့်ကို ငါတို့က ဆိုင်ရုံသာဆိုင်သည်။ ပိုင်သူမှာကား ဘုရားရှင် ဖြစ်ပေသည်။ ဖြစ်ပုံမှာ သင့်အား ဘီလူး၏အစာအဖြစ်မှ ဘုရားရှင်က ကယ်တင်ခဲ့ပေသည်။ သင့်အသက်သည် ဘုရားရှင်၏အသက်ပင်ဖြစ်ပေ၏။ ထို့ကြောင့် ဘုရားရှင်သို့ မပြတ် ဆည်းကပ်လေလော့'' ဟု ဖွင့်ထုတ် ဩဝါဒ ပေးသောကြောင့် ဘုရားရှင်သို့ ပို့၍ ဆည်းကပ်လာပေသည်။

ရှေးကလည်း အခွင့်ကြုံသလို ဆည်းကပ်ခဲ့ပါ၏။ သို့ရာတွင် ကျွတ်တမ်းဝင်ရန် အချိန်မရောက်သေးသောကြောင့် ဘုရားရှင်က တရားလယ်ယာတွင် ကြိုးရှည်ရှည်နှင့် လှန်ထားသည့်ပမာမျှသာ ဖြစ်ခဲ့ပေသည်။

အာဠဝီသည် ရှေးအခါက ဘုရားရှင်သာသနာတော်နှင့် ခပ်စိမ်းစိမ်း နိုင်ငံသာ ဖြစ်ခဲ့ရာက ဘီလူးရန်ကို နှိမ်နင်းခြင်း၊ သူ့သား၏အသက်ကို ကယ်တင်ခြင်းတည်း ဟူသော မေတ္တာတော်၊ တန်ခိုးတော်များကို မျက်ဝါးထင်ထင် တွေ့မြင်ရသည်မှစ၍ ဘုရင်ဦးဆောင်သော တစ်နိုင်ငံလုံးက သောင်းသောင်းဖြဖြ ကိုးကွယ်လာကြသည်။ သာမန် ကိုးကွယ်ရုံမျှမဟုတ်။ အာဠဝီ၏ ကျော်ကြားလှသော 'သာလဝတီ' အမည်ရှိ ဘုရင့်ဥယျာဉ်တော်ဝယ် သာလဝတီအမည်ရှိ ကျောင်းတော်ကြီးကို ဆောက်လုပ်၍ ဘုရားရှင်နှင့် သံဃာတော်များ မပြတ်သီတင်းသုံးတော်မူကြပါမည့်အကြောင်း တောင်းပန်သောကြောင့် ဘုရားရှင်က သော္ဍသမ (၁၆)ကြိမ်မြောက် ဝါတော်ကို အာဠဝတီတွင် ဝါဆိုတော်မူသည်။

ထို့ကြောင့် အာဠဝကဘီလူးကို ချွတ်တော်မူခြင်းသည် အာဠဝကတရားရခြင်း၊ ဟတ္ထာဠဝကမင်းသားကို သာသနာတော်အတွင်းသားအဖြစ် အပိုင်ရခြင်း တို့မျှမက အာဠဝီတွင် သာသနာတော် စည်ပင်စေသည့် အကြောင်းလည်းဖြစ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဟတ္ထာဠဝကမင်းသား သာသနာတော်အတွင်းသား ဖြစ်လာပုံကား လူအဝတ်ဖြင့် သင်ကြားဖို့ရန် ခက်ခဲလှသော ပိဋကတ်သုံးပုံကို ဟတ္ထာဠဝကမင်းသား ကြိုးစား၍ သင်ကြားတတ်မြောက်သည်သာမက ဉာဏ်အာရုံပွင့် အချိန်သင့်သောအခါ၌ ဉာဏ်နှင့်သင့်သော တရားတော်ကို နာကြားရသောကြောင့် အနာဂါမ်တည်းဟူသော အဆင့်သို့ ရောက်ရှိသွားသည်။

ဟတ္ထာဠဝက မင်းသားအဖို့ ထိုမျှလည်းမကသေးပေ။ မကပုံကား ငါးရာမျှသော အပေါင်းအသင်း ရောင်းရင်း မိတ်ဆွေတို့ကို တရားရှင်အဖြစ်သို့ ရောက်အောင် သိမ်းသွင်းရာ၌ ယင်းမိတ်ဆွေတို့နှင့် အလိုကြိုက်အလိုက်ကို သိသောကြောင့် ''ရဟန်းတို့ ။ ပရိသတ်ကို သင်္ဂြိုဟ်ထောက်ပံ့ သိမ်းသွင်းတတ်သော ဥပါသကာတို့တွင် ဟတ္ထာဠဝကသည် အမြတ်ဆုံးတည်း'' ဟူသော တေဒဂ် ဘွဲ့ထူးဖြင့် ချီးကျူးခံရသူ ဖြစ်ပေရာ ဟတ္ထာဠဝက၏ ဂုဏ်သတင်းမှာ ယနေ့တိုင် စာဝင်ပေဝင် တေဒဂ် စာရင်းတင် ခံရသူဖြစ်လာပေသတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com



# လမ်းသစ်ဖွင့် ကာဆုန်

[ ၁ ]

မဆုတ်မနစ်သော ဝီရိယဖြင့် ခြောက်နှစ်တိုင်တိုင် ကျင့်ခဲ့အားထုတ်ခဲ့သော ဒုက္ကရစရိယာသည် ပြင်းထန်လှ၏။ ခြောက်နှစ်တိုင်တိုင် အားထုတ်ခဲ့သော်လည်း လိုအပ်သောတရားလမ်းစကို မမြင်၍ နောက်ဆုတ်လိုက်သောအခါ ခန္ဓာကိုယ်တစ်ခုလုံးသည် အရိုးနှင့် အရေမျှ ကျန်ရစ်ခဲ့၏။

ရသေ့တို့လမ်းစဉ်ဖြင့် မအောင်မြင်သည်ကို လက်လျှော့ထား၍မဖြစ်။ မိမိကိုယ်ပိုင် လမ်းသစ်ဖြင့် အားသစ်ကြိုးပမ်းနိုင်ရန် အင်အားဆုတ်ယုတ်နေသော ခန္ဓာကိုယ်ကို ဆွမ်းခံ၍ ထူထောင်ရသည်။ နေရဥ္ဇရာမြစ်၏ အေးမြကြည်လင်လှသော ရေဖြင့် သုံးသပ်ရသည်။ ယင်းသို့ဖြင့် ခန္ဓာကိုယ်သည် ပင်ကိုမှန်တမ်းအဖြစ်သို့ ပြန်လည်ရောက်ရှိလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တော်၏ ခန္ဓာကိုယ်သည် ယနေ့ ပို၍လန်းလန်းဆန်းဆန်းရှိသည်။ သွားလာလှုပ်ရှားရသည်မှာ ပေါ့ပါးဖျတ်လတ်လှသည်။ ခန္ဓာကိုယ်ပေါ့ပါးကာမျှမက စိတ်အင်အားကလည်း ယနေ့ ပို၍လန်းဆန်းတက်ကြွလျက်ရှိ၏။ ယင်းသို့ စိတ်ရော ကိုယ်ပါ လန်းဆန်းတက်ကြွလျက်ရှိသောကြောင့် ယနေ့အဖို့ဝယ် အထူးတလည် ထိထိမိမိရှိအံ့၊ ထူးထူးကဲကဲ ပေါက်မြောက်အံ့ဟု စိတ်တော်ဝယ် တပ်အပ်ထင်သည်။

ကဆုန်နေသည် ခြစ်ခြစ်တောက်ပူ၏။ သို့ရာတွင် နံနက်ပိုင်း၌ နေရဥ္စရာ မြစ်ရေကို အာရပါးရ တဝချိုးလိုက်ပြီးနောက် ကမ်းစပ်သောင်ခုံတွင်ပင် ဆွမ်းဘုဉ်းပေး ပြီးလျှင် တောစပ်သို့ ဝင်လိုက်သောကြောင့် အပူသက်သာ၏။ ကိုယ်တော်သည် ဥရုဝေလ၏ တောရိပ်သစ်ရိပ်ကို ခိုရင်း နေသန့်တော်မူ၏။

အချိန်ကြာမြင့်စွာ ထိုင်နိုင်ရန်အတွက် သင့်လျော်သောနေရာကို ရှာလိုက် သောအခါ ထီးဝန်းကဲ့သို့ သိပ်သိပ်စိပ်စိပ် အုပ်မိုးလျက်ရှိသော ညောင်ပင်ကြီးကို တွေ့ရသည်။

ကိုယ်တော်သည် ညောင်ပင်ရင်းသို့ ရှေးရှုချဉ်းကပ်လာသောအခါ အလိုက် သိစွာပင် အခင်းနေရာအတွက် မြက်ဆုပ်များ လှူဒါန်းလှာသော မြက်ထမ်းလုလင် တစ်ယောက်၏ အလှူနှင့် ကြုံရသောကြောင့် တက်ကြွလာသော စိတ်တွင် နှစ်သိမ့်မှု ဖြစ်ရသည်။

ညောင်ရိပ်တွင် နေသားတကျ ထိုင်မိပြီးနောက် မယိမ်းမယိုင် ကျောက်စာတိုင် ကဲ့သို့ သမာဓိကို ဆောက်တည်မိသောအခါ အရှေ့လောကဓာတ်မှ ပြည့်ဖြိုးသော လမင်းသည် ပြူထွက်စပြုလေပြီ။ ထိုနေ့သည် ကဆုန်လပြည့်နေ့ဖြစ်ပေ၏။

လပြည့်ဝန်းသည် မြင့်တက်လာသောအခါ ရွှန်းရွှန်းတောက်သောအရောင်ဖြင့် ကိုယ်တော်သို့ ဖြန့်ဖြူးလျက်ရှိရာ ကိုယ်တော်၏မျက်နှာသည် ဝင်းလက်၍ ဝင်းဝါသော သက်န်းအရောင်နှင့် ရောစပ်လိုက်သောကြောင့် ညောင်ပင်အောက်၌ ရွှေတောင် ပေါက်နေသည့်အလား ထင်မှတ်ရသည်။ သို့ရာတွင် ကိုယ်တော်အဖို့မှာ ဤအရောင် အားလုံးသည် ဆိတ်သုဉ်း၍ လမင်း၏အလှ တောရိပ်တောင်စွယ်၏အလှဟု ဆိုအပ်သော ပတ်ဝန်းကျင် ဗဟိဒ္ဓအလှဟူသမျှသို့ အာရုံမရောက်။ မိမိခန္ဓာကိုယ် အဇ္ဈတ္တတွင် ဘဝအသချေ ဘဝအနန္တက နှိပ်စက်လှည့်ပတ်လာခဲ့သော အတွင်းရန်သူကိုသာ တစ်ချောင်းတည်းသော စိတ်ထားဖြင့် ကြိုးစားရှာဖွေလျက်ရှိပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ရှာဖွေရင်းမှ ညဉ့်ဦးယံတွင်ပင် ပုဗ္ဗေနိဝါသ ဉာဏ်တံခါးကို ဖွင့်တော်မူနိုင်သည်။ ပထမတံခါးတစ်ထပ် ပွင့်သည်ဆိုလျှင် ဒုတိယတံခါးပွင့်စေရန် ဉာဏ်အားသည် အလိုလို ပြည့်ဝလာသည်။ ကြည်လင်လှသော စိတ်တော်ကြောင့် ကိုယ်တော်၏ မျက်နှာသည် လမင်းနှင့်အပြိုင် ပိုမို၍ဝင်းလက်လာ၏။ သို့ဖြင့် သန်းခေါင်ယံတွင် ဒိဗ္ဗစက္ခု ဉာဏ်တံခါးတစ်ထပ် ပွင့်သွားပြန်လေသည်။

တတိယတံခါးတစ်ထပ်သာ ကျန်တော့၏။ ယင်းတတိယတံခါးသည်လည်း ကိုယ်တော်အဖို့ ခဲခဲယဉ်းယဉ်း ဖြစ်ဖို့မရှိတော့။ ပွင့်ဖို့ရန်အဆင်သင့်ဖြစ်နေသည်။

ဥရုဝေလ၏ ရာသီဥတုသည် တောရိပ်သစ်ရိပ်တို့ကြောင့်လည်းကောင်း၊ လေအေးကြောင့်လည်းကောင်း ညဉ့်ပိုင်းတွင် အေးမြလာသယောင်ရှိ၏။ သို့ရာတွင် နေ့လယ်ပိုင်းက အပူဓာတ်ကို စုယူထားသော ညောင်ပင်ရိပ်က အအေးအပူကို မျှတအောင်ထိန်းပေးထားသည်။ တစ်နည်းအားဖြင့် ကိုယ်တော်၏အလုပ်၊ ကိုယ်တော်၏ ပါရမီကို ရဲဖက်တော် ညောင်ပင်ကြီးက ကူညီနေဘိသို့ဖြစ်သည်။

သို့ဖြစ်၍ မိုးသောက်ယံအချိန် အရုဏ်မတက်မီ တက်လုဆဲတွင် ကိုယ်တော်အဖို့ အာသဝက္ခယဉာဏ်တံခါးသည် ဟင်းလင်းဖြစ်သွားသည်။

ထိုအခါ ကိုယ်တော်၏စိတ်သန္တာန်သည် အထူးတက်ကြွ ဝမ်းမြောက်တော်မူ၏။ မမြောက်ဘဲ ရှိနိုင်ပါအံ့လော။ ဘဝအသင်္ချေ ဘဝအနန္တကပင် ရှာဖွေခဲ့သော တဏှာရန်သူကြီး၏ ရန်ကို ယနေ့ညအဖို့ အပြီးအပိုင် အောင်မြင်တော်မူလိုက်သောကြောင့်တည်း။

ထို့ကြောင့် တက်ကြွသော ကိုယ်တော်၏ နှုတ်မှ ဝမ်းမြောက်ဝမ်းသာ ဥဒါန်းစကားများသည် အလိုလို ထွက်ပေါ်လာကြသည်။

> "တဏှာယောက်ျား ဟယ်လက်သမား။ ။ သံသရာအထပ်ထပ်
> ဘဝအထွေထွေတွင် ငါ့ကို သင်အောင်နိုင်ခဲ့သမျှ ယနေ့သော် သင့်ကို
> အပြီးအပိုင် ငါအောင်နိုင်ပေပြီ၊ ယနေ့မှစ၍ ငါ့ကို သင်လှည့်စား၍မရပြီ၊
> ငါ့ခန္ဓာအိမ်ကို အသစ်တစ်ဖန် သင်မတည်ဆောက်နိုင်တော့ပြီ၊ သင့်ကို
> ငါအောင်နိုင်ပြီ။ အောင်နိုင်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့သည် ကဆုန်လပြည့်နေ့ဖြစ်၍ ထိုနေ့သည် တဏှာ၊ မာန၊ ဒိဋ္ဌိ ဟူသော သံသရာ ချဲ့ထွင်ရေး ရန်သူများကို အောင်နိုင်တော်မူသော ဘုရားရှင်၏ သစ္စာလေးဝ ဓမ္မလမ်းသစ် ပွင့်သောနေ့ပေတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com



# ရွှေပြည်တော်သို့

[ ၁ ]

စင်စစ်အားဖြင့် ကပိလဝတ်ပြည်မှ ဘုရားရှင်ကိုယ်တော်မြတ်ကဲ့သို့သော ပုဂ္ဂိုလ်ထူးမျိုး ထွန်းပေါက်တော် မူလာခဲ့ခြင်းသည် အံ့ဖွယ်မဟုတ်ပါပေ။ အကြောင်းကား ကပိလဝတ်ပြည်သားတို့သည် ဓလေ့အားဖြင့် တရားအထုံ အခြေခံ ရင့်ကျက်သူများ ဖြစ်ကြောင်းကို ကျွန်ုပ်တို့ တစ်နေ့တခြား သိသာရ၍ဖြစ်၏။ ဝေဠုဝန်သို့ ကျွန်ုပ်ရောက်စ ပထမ၌ ဘုရားရှင်၏ တပည့်သံဃာသည် မများလှသေးပေ။ သို့ရာတွင် ကျွန်ုပ်တို့ ရောက်ကြ၍ မကြာမီမှာပင် ဝေဠုဝန်မဆံ့မျှ ဒီရေအလား တစ်ဟုန်တည်း တိုးတက်လာကြသည်ကို တွေ့ရ၏။ ထိုတပည့်သံဃာတို့ကား ကပိလဝတ် ပြည်သားတို့ချည်းတည်း။

ဝေဠုဝန်သို့ ကျွန်ုပ်တို့ မရောက်ကြမီကပင် ကပိလဝတ်ပြည်သား ရဟန်းအတန်များများ ရောက်ရှိနေကြပြီးဖြစ်သည်။ ကျွန်ုပ်တို့ ရောက်ကြပြီးနောက်တွင်လည်း တစ်စုပြီးတစ်စု တစ်သုတ်ပြီးတစ်သုတ် အစုလိုက် အပြုံလိုက် ရောက်ရှိလာကြကာ အလွယ်တကူပင် ရဟန်းဖြစ်ကြ၍ အလွယ်တကူပင် ကျွတ်တမ်းဝင်ကြသည်ကို တွေ့ရသည်။

ပထမသော် မြေကောင်း၌စိုက်အပ်သော အပင်တို့သည် ဖွံ့ထွားအောင်မြင်လွယ်ကြသကဲ့သို့ ဘုရားရှင်ကဲ့သို့သောပုဂ္ဂိုလ်ထူးမျိုး ထွန်းပေါက်လာရာဖြစ်သည့်

www.burmeseclassic.com

www.burmeseclassic.com



ကပိလဝတ် ပြည်သားတို့သည်လည်း တရားအမြင်၌ ဖွံ့ဖြိုးအောင်မြင် လွယ်ပါပေသည် တကားဟု သာမန်မျှသာ ချီးကျူးသတ်မှတ်ခဲ့သည်။ နောင်သော်မူ ထို ကပိလဝတ် ပြည်သားတို့၏ တရားအရေးမှာ ရေသို့လွှတ်အပ်သော စူဠလိပ်များပမာ ဖြစ်ကြ ကြောင်းကို သိရှိလာရသည်။ သူတို့အနက် အထင်ရှားဆုံးသော ပုဂ္ဂိုလ်ကား ကာဠုဒါယီ ထေရ်တည်း။

[ ၂ ]

ပထမသော် ကျွန်ုပ်တို့ဆရာ ဘုရားရှင်ကိုယ်တော်မြတ်နှင့် စပ်လျဉ်း၍ ဘုရားရှင်သည် ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒန၏ သားကြီးဖြစ်၍ ထီးမွေနန်းလျာကို စွန့်ပစ်ပြီးနောက် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်ဟု သာမန်အားဖြင့်သာ သိမှတ်ခဲ့ကြသည်။ ဝေဠုဝန်တွင် ကပိလဝတ်ပြည်သား ရဟန်းတို့ ရောက်ရှိ တိုးတက်လာကြသည့်အခါ တွင်မှ ဘုရားရှင်၏ အကြောင်းခြင်းရာနှင့် ကပိလဝတ်၏ သတင်းများကို ပြည့်ပြည့်စုံစုံ သိရှိလာရကြသည်။

အထူးသဖြင့် ကာဠုဒါယီထေရ်နှင့်ရင်းနှီးလာသောအခါ စေ့စေ့စပ်စပ် ပို၍ သိရှိလာကြရသည်။ ကာဠုဒါယီကား သုဒ္ဓေါဒနဘုရင်၏ လက်ရင်း ပညာရှိအမတ်ဖြစ်၍ ဗဟုသုတနှင့် ပြည့်စုံသလောက် နှုတ်ရေးကောင်းလှသူဖြစ်ကာ နှုတ်ရေးကောင်း သလောက်လည်း စကားအရာ၌ ဝါစာသိလိဋ္ဌဖြစ်အောင် အဖွဲ့အဆို ကောင်းလှသော ပညာရှိကြီးတစ်ဦးပါပေ။

ကပိလဝတ်နှင့် ဒေဝဒဟ နှစ်ပြည်အကြား လုမ္ဗိနီ အင်ကြင်းတော၌ ဘုရားရှင် လောင်းလျာအား ထူးခြားစွာ ဖွားမြင်တော်မူသကဲ့သို့ ဖွားမြင်သူ မယ်တော် သိရိမာယာ ဒေဝီသည်လည်း ဆန်းကြယ်ထူးခြားသူပင်ဖြစ်ပေသည်။ အကြောင်းကား ဘုရားရှင် လောင်းလျာကို ဖွားမြင်တော်မူချိန်၌ သိရိမာယာဒေဝီသည် အရွယ်အားဖြင့် ၅၆ နှစ်ပင် ရှိပြီဖြစ်သောကြောင့်ပေတည်း။

မယ်တော်သည် သားတော်အား ဖွားမြင်တော်မူပြီးနောက် ရက်ပိုင်းအတွင်း၌ပင် ကွယ်လွန်ရှာသည်။ ထို့ကြောင့် ဘုရားရှင်သည် အခြားအချက်များ၌ အဘယ်မျှ ဘုန်းကံချီးပင့် တန်ခိုးမြင့်သူ ဖြစ်ခဲ့စေကာမူ ငယ်စဉ်ကပင် မိခင်ရင်းနှင့် မနေခဲ့ရရှာသော မိသဆိုးကလေးဖြစ်ခဲ့သည်။

ထူးခြားစွာ ဖွားမြင်တော်မူခဲ့သော ဘုရားရှင်ကို ကပိလဝတ် ဗေဒင်ပညာရှိ အများက ဘုရားဖြစ်ဖို့ အကြောင်းရှိသူဟု ဖွားမြင်တော်မူစကပင် ဟောခဲ့ကြသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



ဆိုသည်။ ကောဏ္ဍည ပညာရှိ အမတ်ကမူ ဘုရားကေန်ဖြစ်မည်ဟု ဟောရုံမက သူ့ပညာကို သူယုံသော ကောဏ္ဍညသည် မကြာမီအတွင်း၌ ဘုရားရှင် လာလတ္တံ့သော ဓမ္မခရီးကို ကြိုလင့်သောအားဖြင့် ဘုရားအရင်ပင် တောထွက်ခဲ့သည်ဟု သိရသည်။

မယ်တော် သီရိမာယာထက် ခမည်းတော် သုဒ္ဓေါဒနက နှစ်နှစ်ကြီးသည်။ ထို့ကြောင့် ဘုရားရှင်လျှောင်းလျာကို ဖွားမြင်တော်မူချိန်၌ ခမည်းတော် သုဒ္ဓေါဒန၏ အသက်သည် ၅၈ နှစ်ပင် ရှိပြီဖြစ်၏။

သက်ရွယ်ကြီးမှ သားကြီးသြရသကို ရရှာခဲ့သော ခမည်းတော်သည် သူ့သားကြီးကို သည်းတုန်အူတုန်မျှ ချစ်တော်မူရှာသည်။ အချစ်ပိုရုံမျှမဟုတ်၊ မွေးစကပင် မိသဆိုးကလေးဖြစ်၍ မေတ္တာတွင် ကရုဏာသက်ကာ မျက်ခြည်ပြတ်ပင် မခံနိုင်အောင် သားကြီးအပေါ် ဂရုစိုက်ခဲ့ရှာ၏။

သို့ရာတွင် ခမည်းတော်အဖို့ သားကြီးအပေါ်တွင် မေတ္တာနှင့် ကရုဏာကို လွတ်လွတ်ကျွတ်ကျွတ်ကြီး ထားနိုင်ခဲ့သည်ကား မဟုတ်ပါပေ။ တစ်နေ့သောအခါ ထီးနန်းကို ကျောခိုင်းလိမ့်မည်ဟူသော ပညာရှိတို့၏ ဟောပြောချက်ကြောင့်တစ်ကြောင်း၊ သားကြီးမှာ ပတ်ဝန်းကျင်ကို မြင်တွေ့ခံစားရာ၌ ထူးခြားသော အတွေးအမြင်ရှိသူ တစ်ယောက်ဖြစ်လာသည်ကို တစ်နေ့တခြား တွေ့မြင်လာရသည်က တစ်ကြောင်း တို့ကြောင့် မေတ္တာနှင့် ကရုဏာအပေါ်တွင် သောကစိတ်ကလေး တဖြန်းဖြန်းနှင့်ပင် စိတ်ကူးရသမျှဖြင့် သူငယ်ဘဝ လောကစည်းစိမ်မှန်သမျှကို ပြုစု ဂရုစိုက်တော်မူခဲ့သည်။

သို့နှင့် ၁၆ နှစ်သားအရွယ်တွင်ပင် ဘဒ္ဒကစ္စနာနှင့် ထိမ်းမြားနိုင်ခဲ့သောအခါ ခမည်းတော်အဖို့ စိတ်အေးရတော့မယောင် ရှိခဲ့၏။ ဘဒ္ဒကစ္စနာမှ သာတော်ရာဟုလာ ဖွားမြင်လာ၍ သံယောဇဉ်ကြီး ပို၍စိတ်အေးရမယောင်ရှိဆဲမှာပင် တောထွက်တော်မူသောအခါ၌ကား ခမည်းတော်နှင့်တကွ နန်းတော်တစ်ခုလုံး အုတ်အုတ်ကျက်ကျက် ဖြစ်၍ ကျန်ခဲ့ကြရသတည်း။

မိသဆိုးသားကြီးဖြစ်၍ သံယောဇဉ်ကြီးလှသည့်အပေါ်တွင် ထီးမွေနန်းဆက် အတွက်လည်း အလားအလာ ထားသောသားတော်ကြီးဖြစ်သောကြောင့် တောမထွက်မီ အခါကမူ တောစိတ် တောနံ့ မဝင်လာနိုင်အောင် အတတ်နိုင်ဆုံးသော ပြုစုခြင်း တို့ဖြင့် အကာအကွယ် ပေးခဲ့သော်လည်း တောထွက်ပြီဆိုသည့်အခါ၌မူ သား၏ဆန္ဒကို မဆန့်ကျင်၊ တစ်စုံတစ်ရာ အနှောင့်အယှက်မပေးတော့ဘဲ ဥရုဝေလ၌ ပျော်ပိုက်လျက် ရှိသော သား၏သတင်းကိုသာ နားတစွင့်စွင့်ဖြင့် ရှိခဲ့ရသည်။

အကယ်ဆိုလျှင် ဥရုဝေလသို့ လိုက်၍ အနှောင့်အယှက်ပေးလိုသော် ပေးနိုင်ပါ၏။ သို့ရာတွင် ထီးမွေနန်းဆက်ထက် သားကို ပို၍ချစ်သောခမည်းတော်ကြီးအဖို့ ရှိပါစေတော့

www.burmeseclassic.com

www.burmeseclassic.com



ဟုပင်သဘောထားကာ သားအလိုအတိုင်းသာ ဖြစ်စေခဲ့သည်။ ရေတို့မည်သည် အဆန်မရှိ၊ အစုန်သာရှိသည်ဟူသော စကားနှင့်အညီ မိဘဟူသည် သားသမီးအလိုသို့ လိုက်ရမြဲသာတည်း။

ယခုသော် ခမည်းတော်၏အသက်မှာ ကိုးဆယ်ကျော်၍ တစ်ရာအတွင်းသို့ပင် ချဉ်းကပ်ခဲ့ပါလေပြီ။

တောတွင် ကေစာနေ၍ တရားကျင့်သုံးချိန်၌ သား သံယောဇဉ်ကို အစွမ်းကုန် အောင့်အည်းနိုင်ခဲ့ပါ၏။ ယခုကဲ့သို့ တောမှထွက်၍ ရာဇဂြိုဟ်တွင် သီတင်းသုံး နေတော်မူပြီဟု သိရသည့်အခါ၌မူ ခမည်းတော်အဖို့ အိမ်မြှောင်မြီးပြတ် ပျာယာခတ် သွားရှာသည်။

အကယ်ဆိုလျှင် သားတော်သည် တောမှာ မနေတော့ဘူး ဆိုပါက ကိုယ့်ပြည် ကိုယ့်နန်းကိုသာ ပြန်လာဖို့ကောင်းသည်။ ပြန်လာလိမ့်မည်ဟုလည်း မျှော်လင့်ခဲ့သည်။ အခြားသူများကို မငဲ့သည့်တိုင် အိုမင်းလှပြီဖြစ်သော ဖခင်ကြီးကို ငဲ့ဖို့ကောင်းသည်။ မိခင်မေတ္တာပါ ပေါင်း၍ အစွမ်းကုန်ချစ်ခဲ့ရသော ဖခင်ကြီး၏ မေတ္တာကို ငဲ့ဖို့ကောင်းသည်။ ယခုသော် ကပိလဝတ်သို့ မရောက်မလာ၊ ရာဇဂြိုဟ်သို့ ရောက်သွားသည်မှာ သားတော် ရက်စက်လွန်းပလေဟု ခမည်းတော်ကြီး ယူဆ၏။

သို့ရာတွင် သားသူစိမ်းကားကြီး သံယောဇဉ် ပြတ်သလောက် ဖခင်ကြီး မပြတ်ရက်သဖြင့် သားကြီးကို ကပိလဝတ်သို့ မရမနေ ပင့်ဆောင်ရန် ပညာရှိအမတ် တစ်ယောက်ကို အခြွေအရံအသိုက်အဝန်းများစွာနှင့်တကွ စေလွှတ်လိုက်သည်။ စူဠလိပ် ရေလွှတ်သည့်ပမာတည်း။ အကြောင်းကား တရားရှာရန် အညွှာလွယ်ပြီးဖြစ်သော ကပိလဝတ်သားတို့သည် ဘုရားရှင်အထံသို့ ရောက်၍ တရားတစ်ကြိမ် နာရုံမျှဖြင့်ပင် ဆွေမေ့ မျိုးမေ့ လာရင်းကိစ္စဟူသမျှ မေ့ပျောက်ကာ ကျွတ်တမ်းဝင်ကြသောကြောင့် ဖြစ်၏။

ထို့နောက် ကိုးသုတ် ကိုးအုပ်တိုင်တိုင် အမတ်များ ခေါင်းဆောင်သော ကပိလဝတ်ပြည်သားတို့ သားတော်အပင့် ရောက်လာကြပြန်သည်။ ထိုအားလုံး သည်လည်း ရှေးနည်းနှယ်တည်း။

နောက်ဆုံး ဆယ်သုတ်မြောက် ဘုရားပင့် ရောက်လာကြသူများကား ကာဠုဒါယီဦးဆောင်သော အသုတ်ဖြစ်၏။ ကာဠုဒါယီသည်လည်း ရှေးကပိလဝတ် သားများနှယ်ပင်ဖြစ်၏။ သို့ရာတွင် ကာဠုဒါယီသည် သားတော်ပင့်ရန်ဟူသော ဦးတည်ချက်ကို မေ့ပျောက်မပစ်၊ နေ့စဉ်သတိပြုလျက်ရှိသည်။ ဘုရားရှင်သို့ လျှောက်ထားရန် အခါအခွင့်ကို နေ့စဉ်ချောင်းမြောင်း စောင့်လင့်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤကား ကပိလဝတ်မှ ဘုရားရှင်နှင့် စပ်လျဉ်းသော သတင်းများကို ကာဠုဒါယီမှ ကျွန်ုပ်တို့ သိရှိရသမျှနှင့် လက်ရှိအခြေအနေတို့တည်း။

[ ၃ ]

ဘုရားရှင်အပေါ်၌ ကာဠုဒါယီ၏ လေးစား ကြည်ညိုမှုသည် ကျွန်ုပ်တို့ လေးစား ကြည်ညိုမှုထက် သာနိုးအံ့ထင်သည်။ ကာဠုဒါယီမျှမဟုတ်၊ ကပိလဝတ်သားအားလုံး ပင်လျှင် ဘုရားရှင်အပေါ်၌ လေးစားကြည်ညိုမှုမှာ ကျွန်ုပ်တို့ထက် သာနိုးအံ့ထင်သည်။

အကြောင်းကား ကျွန်ုပ်တို့သည် အခြေခံအားဖြင့် ဘုရားရှင်အပေါ်၌ ကျေးဇူးရှင် ဆရာအနေတစ်မျိုးဖြင့်သာ လေးစားကြရ၊ ကြည်ညိုကြရ၊ ကျေးဇူးတင်ကြရခြင်းဖြစ်၍ ကပိလဝတ် ရဟန်းတို့အဖို့မူ တရားအရှင် ကျေးဇူးရှင်ဆရာမျှမကဘဲ မျိုးရိုးစဉ်ဆက် အားဖြင့်ပင် ချစ် ကြောက် ရိုသေလာခဲ့ကြရသော သခင်မင်းသား အနေဖြင့်လည်း လေးစားလာခဲ့ကြရသောကြောင့်ဖြစ်သည်။

စင်စစ်သော်ကား နှစ်ရှည်လများ ကွဲကွာနေခဲ့ကြရပြီဖြစ်သော ခမည်းတော် ကြီး၏ သောက၊ ဘဒ္ဒကစ္စနာ၏ အလွမ်းအဆွေး၊ ဆွေတော် မျိုးတော်တို့၏ တမ်းတမှု စသည်တို့ကို ဘုရားရှင်ကိုယ်တော်တိုင် မသိမဟုတ်၊ သိတော်မူမည်သားတည်း။ သို့ရာတွင် ကြွသွားတော်မူဖို့ အခါအခွင့်မသင့်သေးသောကြောင့်သာ ကြွတော်မမူသေးခြင်း ဖြစ်သည်ဟု ကပိလဝတ်ပြည်သားတို့ ယူဆကြဟန်တူသည်။

မိမိတို့ ဤမျှ တစ်သုတ်ပြီးတစ်သုတ် ရောက်ရှိနေကြသည့်အကြောင်းရင်း ကိုလည်း ဘုရားရှင်ကိုယ်တော်မြတ်သည် မသိမဟုတ်၊ သိတော်မူမည်သာတည်း။ သို့ သိတော်မူပါလျက်နှင့် ဘုရားရှင် ကိုယ်တော်တိုင်က နှုတ်ခွန်းမစသောကိစ္စတစ်ရပ်တွင် ချစ်ကြောက် ရိုသေပြီးဖြစ်ကြသော ကပိလဝတ်သားတို့အဖို့ အထွန့်မတက်ဝံ့ကြ။ ရှာလွန် ရှက်မတိုက်ဝံ့ကြ။

ပြော၍သာပြောရသည်။ ဘုရားရှင်ကိုယ်တော်တိုင်မှာလည်း နည်းနည်း ကလေးမျှ အားလပ်တော်မူသည်ဟုမရှိလှပေ။ နေ့အချိန် အနည်းငယ်ကလေး၊ ညဘက်၌ ကျိန်းစက်တော်မူချိန် အနည်းငယ်ကလေးမျှကိုပင် မနည်းကြီး လု၍ယူတော်မူရသည်။

တစ်နေ့ တစ်နေ့ပတ်လုံးတွင် ဒါယကာတို့ကို တရားဟောတော်မူရခြင်း၊ ရဟန်းတို့ကို ဆုံးမပဲ့ပြင်တော်မူရခြင်း၊ တစ်ဦးချင်း တွေ့ဆုံသင့်သောသူတို့ကို တွေ့ဆုံ

www.burmeseclassic.com

www.burmeseclassic.com



ကယ်ချွတ်တော်မူရခြင်း၊ အကြောင်းကြီးငယ် ရှိသည့်အချိန်မှတစ်ပါး ဆွမ်းခံဝတ်ကို ဂရုစိုက်တော်မူရခြင်း၊ အကြောင်းကိစ္စ ပေါ်လာတိုင်း ရဟန်းတို့ကို ဝိနည်းသိက္ခာပုဒ် ပညတ်တော်မူရခြင်း စသည် စသည်တို့ဖြင့် ဘုရားရှင် ကိစ္စတော်များမှာ အစဉ်မပြတ် ဆိုဘိသို့ ဆက်ကာဆက်ကာ ဖြစ်ပေါ်လျက်ရှိကြလေရာ စင်စစ်အားဖြင့်သော် ဘုရားရှင်ကိုယ်တော်မြတ်သည် မိမိကိုယ်တော်တိုင်၏ အရေးကိစ္စဖြစ်သော ကေစာ ဖလသမာပတ်ဝင်စားတော်မူသည့် ကိစ္စမျိုးကိုပင် ဆောင်ရွက်တော်မူနိုင်ခဲ၍ သူတစ်ပါး အကျိုး ဆောင်ရွက်ခြင်းဖြင့်သာ ကိစ္စချင်းဆက်လျက် ရှိခဲ့ရ၏။

ယင်းဘုရားရှင်ကိစ္စတော်များကြောင့် ဆေးတစ်အိုးကျွမ်း ကွမ်းတစ်ယာညက် ဆိုချက်စကားကဲ့သို့ တရားပွဲ၌ ပရိသတ်များ သာဓုခေါ်ချိန်၊ ရဟန်းတို့ တုံ့ပြန်လျှောက် ထားချိန် စသော အချိန်လပ် အချိန်တိုကလေးများ အကြား၌ပင် ကိုယ်ရေးကိုယ်တာ ဖလသမာပတ် ဝင်စားတော်မူရသည်။

သာသနာတော်၏အစတွင် ရဟန်းတို့ကိစ္စ၊ ဒါယကာတို့၏ကိစ္စများမှာ အကင်းမသေ၊ အသားမကျသေးရှိပေရာ ဘုရားရှင်ကိုယ်တော်မြတ်သည် သာသနာတော် ၏အကျိုးကို ကြီးစွာသော ဝီရိယတော်ဖြင့် အပန်းတကြီးအားထုတ်တော်မူဆဲအချိန် ဖြစ်၏။ သို့ဖြစ်၍ ခမည်းတော်ကိစ္စ၊ ကပိလဝတ်ကိစ္စကို သတိရတော်မူကောင်း ရတော်မူမည်ဖြစ်သော်လည်း အချိန်ပေးတော်မမူနိုင်ခဲ့သည်မှာကား ကျွန်ုပ်တို့အမြင် အသိပင် ဖြစ်ပါပေသည်။

ယင်းသို့လျှင် ဘုရားရှင်ကိုယ်တော်မြတ်၌ အဘယ်မျှ ကိစ္စများသည်ဆိုစေ၊ ကာဠုဒါယီသည်ကား ဘုရားရှင်၏ ဆောင်ရွက်တော်မူမှုများကို အမြဲမပြတ်အကဲခတ်ရင်း ကပိလဝတ်ကိစ္စ လျှောက်ထားရန် အခွင့်အခါကိုသာ ငံ့လင့်လျက်ရှိသည်ကို ကျွန်ုပ် သတိပြုမိ၏။

သို့နှင့် လျှောက်ထားရန် အခွင့်ကြုံကြိုက်လာသည်။ စင်စစ်သော် လျှောက်ထား ရန် တမင်ကြုံကြိုက်လာသည်ကားမဟုတ်၊ အသိအမြင်ကြွယ်ဝ၍ အလျှောက်အဆိုတွင် နှုတ်ရေးကောင်းလှသော ကာဠုဒါယီမထေရ်က လျှောက်သင့်သည့် အခွင့်ကလေး ရေးရေးမျှ ပေါ်လာသည်ကို အလွတ်မပေးဘဲ အရဲစွန့် လျှောက်ထားခြင်းဖြစ်သည်။

ပညာရှိ ကာဠုဒါယီ အလျှောက်အဆို ကောင်းလှသည်ကို အကြောင်းပြု၍ ထိုနေ့ကို ကျွန်ုပ်သတိပြုထားခဲ့သည်။ ထိုနေ့သည်ကား မဟာသက္ကရာဇ် ၁၀၄ ခု၊ တပေါင်းလပြည့်နေ့တည်း။

www.burmeseclassic.com

www.burmeseclassic.com



[ ၄ ]

ရဟန်းတို့သည် ဝေဠုဝန်တရားမဏ္ဍပ်၌ နေ့စဉ် စည်းဝေးကြမြဲဖြစ်သည်။ စည်းဝေး၍ တရားဓမ္မ ဆွေးနွေးကြသည်။ ဝိနည်းသိက္ခာပုဒ်နှင့် စပ်လျဉ်း၍ အပြစ်ကြီးငယ်ရှိလျှင် ထင်အောင်ပြ၍ ထေရ်ငယ်က ထေရ်ကြီးကိုလည်းကောင်း၊ ထေရ်ကြီးက ထေရ်ငယ် သို့လည်းကောင်း လျှောက်ထား ရှင်းလင်းကြသည်။ ထိုတရားမဏ္ဍပ်သို့ ဘုရားရှင်သည် ကြွတော်မူလာမြဲဖြစ်၏။ ကြွလာပြီးနောက် တရားဟောဖို့ အခွင့်ကြုံလျှင် ဟောတော်မူသည်။ ဆုံးမဖွယ်ရှိလျှင် ဆုံးမတော်မူသည်။ ချီးကျူးဖွယ်ရှိလျှင် ချီးကျူးတော်မူသည်။ ပြဿနာ ကြီးငယ်ရှိလျှင် ရှင်းလင်းတော်မူသည်။

သို့ရာတွင် လပြည့် လကွယ် ဥပုသ်ရက်ကြီးများ မဟုတ်ခဲ့လျှင် ရဟန်းတို့ စည်းဝေးမြဲဆိုသော်လည်း ဝေဠုဝန်တွင် ရှိသမျှ ရဟန်းအားလုံး အပြည့်အစုံ တက်ရောက် ခဲကြသည်။ အချို့မှာ မိမိတို့ ရဟန်းကိစ္စနှင့် မိမိတို့နေရာတွင်ပင် ရှိကြ၏။ အချို့မှာ ခရီးလွန်နေတတ်ကြ၏။ အချို့မှာ မကျန်းမမာ ဖြစ်လျက်ရှိကြ၏။

လပြည့် လကွယ် ဥပုသ်ရက်ကြီးများတွင်မူကား နာမကျန်း ဂိလာနရဟန်း များမှတစ်ပါး တရားမဏ္ဍပ်သို့ အားလုံးတက်ရောက်ကြရ၏။ ဤကား ဘုရားရှင်၏ အမိန့်တော်ဖြစ်သည်။ တရားမဏ္ဍပ်၌ ဝိနည်း သိက္ခာပုဒ်တော်များကို အစဉ်အတိုင်း ရွတ်ဆိုကြရသည်။ အပြစ်ကြီးငယ်ရှိလျှင် မချွင်းမချန် ထင်စွာပြကြရသည်။ တစ်နည်း အားဖြင့်ဆိုသော် လပြည့် လကွယ် နေ့ကြီးများသည် ရဟန်းတို့၏ မျက်နှာစုံညီ အစည်းအဝေး နေ့ကြီးများတည်း။

ထိုနေ့က ရဟန်းတို့၏ အစည်းအဝေးကြီးသည် အခါတိုင်းနေ့များထက် စည်ပင်လှသည်။ သာယာလှပသည်။ ပြေပြစ်သည်။ ညီညွတ်သည်။ အကြောင်းကား နာမကျန်းမှုကြောင့် လည်းကောင်း၊ အခြားကိစ္စထူးထွေတို့ကြောင့်လည်းကောင်း ပျက်ကွက်သောရဟန်းဟူ၍ တစ်ပါးမျှမရှိ။ အပြည့်အစုံတက်ရောက်ကြသည်။ အချင်းချင်း လျှောက်ထားဖွယ်သော်လည်းကောင်း၊ ဗုဒ္ဓကိုယ်တော်မြတ် ဆုံးမကံမြစ်ဖွယ်သော် လည်းကောင်း ပြဿနာကြီးငယ်ဟူ၍လည်းမရှိ။

တပေါင်းလ၏ သာယာသော ညနေခင်းမှ ဆောင်းကြွင်းနှင်းမှုန်တို့ကို ဖြတ်ခွဲ၍ ထွန်းတောက်လျက်ရှိသော နေရောင်သည် ရဟန်းတို့၏ သင်္ကန်းရောင်နှင့် လိုက်ဖက်ကာ ဗုဒ္ဓသာသနာတော်၏ ငြိမ်းချမ်းမှု၊ သာယာမှုကို ကျက်သရေအတိဖြင့် အဓိပ္ပာယ်အပြည့် ဆောင်သကဲ့သို့ ရှိနေသည်။ ဘုရားရှင်၏ တရားအသံတော်အောက်တွင် ရဟန်း ပရိသတ်သည် ငြိမ်ဝပ်စွာ နာခံလျက်ရှိခဲ့ရာမှ ဘုရားရှင် တရားတော်အဆုံးသို့ ရောက်လာသည်။ ရဟန်းတို့၏ အစည်းအဝေးသည် ပြီးဆုံးတော့အံ့ရှိ၏။ ဘုရားရှင်

www.burmeseclassic.com

www.burmeseclassic.com



ကြွတော်မူလျှင် အစည်းအဝေးပြီးဆုံးမည်။ သို့ရာတွင် ဘုရားရှင်သည် တရားဆုံးသော်လည်း ရုတ်တရက်ကြွတော်မမူသေးဘဲ ခေတ္တနားနေတော်မူသကဲ့သို့ ဆိုင်းငံ့နေသည်။

ဤအချိန်တွင် ကျွန်ုပ်၏အနီး၌ပင်ရှိသော ကာဠုဒါယီမထေရ်သည် ငြိမ်ဝပ်ရာမှ ကိုယ်ဟန်ကို အနည်းငယ်ပြင်လိုက်သည်ကို တွေ့ရ၏။ သေသပ်ပြီးသော သင်္ကန်းကို ပို၍သေသပ်စေရန်ပြင်ဆင်လိုက်၍ ဝဲဘက်တွင် သင်္ကန်းစကို ကန့်တော့ထိုးကာ လက်နှစ်ဖက်ကိုမြှောက်၍ ''လျှောက်ထားဝံ့ပါသည် ဗုဒ္ဓအရှင်မြတ်ဘုရား'' ဟု လျှောက်တင်လိုက်သည်။

ကာဠုဒါယီ၏ လျှောက်တင်သံကြောင့် ရှေ့ပိုင်းမှ ရဟန်းတို့သည်လည်းကောင်း၊ နံဘေးမှ ရဟန်းတော်တို့သည်လည်းကောင်း ကာဠုဒါယီသို့ စဉ်းငယ် စောင်းငဲ့၍ ကြည့်ကြသည်။ နောက်ပိုင်းမှ ရဟန်းတော်တို့က ဦးခေါင်းကို အနည်းငယ်မြှင့်၍ ကြည့်ကြသည်။ အကြောင်းမူကား ယနေ့ အစည်းအဝေးသည် ပြီးဆုံးပြီဟု ယူဆထားသောကြောင့်ဖြစ်၏။

ကာဠုဒါယီ၏ လျှောက်တင်သံကို ကြားရသောအခါ ဘုရားရှင်သည် စဉ်းငယ်ပြုံးတော်မူလိုက်သည်ကို တွေ့ရ၏။ ကာဠုဒါယီ အဘယ်အကြောင်း လျှောက်တင်တော့မည်ကို ဘုရားရှင် သိတော်မူပြီးဖြစ်ဟန်တူသည်။

အခြား သာမန်ပုဂ္ဂိုလ်များပင်ဖြစ်စေ၊ ကျွန်ုပ်တို့ ကိုယ်တိုင်ပင်ဖြစ်စေ ကာဠုဒါယီနေရာမှ ဤကိစ္စဤတာဝန်မျိုးကို လျှောက်ထားရမည်ဆိုလျှင် ခမည်းတော်ဘုရားသည် သားကြီးနှင့် ကွဲကွာနေခဲ့ရသည်မှာ ခြောက်နှစ်ကျော် ခုနစ်နှစ်မျှ ကြာရှိပြီဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ကပိလဝတ်သို့ ဘုရားရှင်ကြွတော်မူရန် များစွာ တောင့်တပူပန်လျက်ရှိပါကြောင်း၊ ဆွေတော်မျိုးတော် အများကလည်း အလားတူပင် တောင့်တလျက်ရှိကြပါကြောင်း၊ ဘုရားရှင်သည် သက်တော်ကြီးရင့်လှပြီဖြစ်သော ခမည်းတော်ကြီး၏ မေတ္တာတော်ကို ထောက်ထား၍ ကပိလဝတ်သို့ ကြွတော်မူသင့်ပါကြောင်း၊ ကြွတော်မူရန်မှာလည်း ခြေခင်းလက်ခင်းသာသော ယခုကဲ့သို့အချိန်၌များစွာ သင့်လျော်လှပါကြောင်း စသည်ဖြင့် အကြောင်းအကျိုး ပြည့်စုံရုံမျှသာ လျှောက်ထားကြမည်ဖြစ်၏။

နှုတ်ရေးကောင်း၍ ဗဟုသုတ ကြွယ်ဝလှသော ကာဠုဒါယီသည်ကား ကြောင်းကျိုးစပ်ရုံမျှမဟုတ်ဘဲ ခမည်းတော်၏ မေတ္တာကိုလည်းကောင်း၊ ခမည်းတော်၏ သောကကိုလည်းကောင်း၊ ဆွေတော်မျိုးတော်တို့၏ တမ်းတမှုကိုလည်းကောင်း၊ ခရီးသွားရန် သင့်သောယခုအချိန်၊ ယခုရာသီ၏ သာယာပုံကိုလည်းကောင်း ဂါထာအဖွဲ့ပေါင်း ခြောက်ဆယ်တိတိဖြင့် ပညာရှိပီသစွာ အလင်္ကာရသဂုဏ် အပြည့်အဝဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တခမ်းတနား လျှောက်ထားသည်ကို ကျွန်ုပ်တို့ ရဟန်းပရိသတ်အားလုံးပင် နားဝင်ဆိမ့်စွာ ကြားနာကြရပေသည်။

ဝဲယာသီးသီး၊ မြိုင်ခရီး၌
ဒေါင်းမြီးယပ်သွင်၊ ရောင်ရှင်ရှင်နှင့်
ရွက်စဉ်နုရွ၊ တင့်တယ်ကြ၍
ပွင့်လှဆန်းစွာ၊ ပင်တိုင်းဖြာသည်
မဟာဝီရ အင်္ဂီရသာနံ့ သမယော။ *

ဖူးပွင့်စုံညီ၊ ဖျားညွှန့်ချီသည့်
တောမိုချုံလျှိုး၊ ဝန်းနွယ်မျိုးတို့
ပြိုးပြက်ရောင်လျှပ်၊ ကျောက်မဏ္ဍပ်သို့
ချစ်အပ်ဖွယ်ရာ၊ ရှုခင်းသာသည်
မဟာဝီရ အင်္ဂီရသာနံ့ သမယော။ ၁

ချစ်သူတကွ၊ မျိုးချွေးမတို့
တောစအပါး၊ ခရီးသွားအား
ဖြားဖြားယောင်းယောင်း နွယ်ပင်ပေါင်းလည်း
ပုံ့လောင်းကြိုင်စွာ၊ မွှေးကြပါသည်။
မဟာဝီရ အင်္ဂီရသာနံ့ သမယော။ ၁

အိုးဝေ အိုးဝေ၊ တောင်ထိပ်ဗွေ၌
ထွေထွေထူးထူး၊ တွန်ရင့်ကျူးလျက်
ရွှင်မြူးပါကြ၊ ဥဒေါင်းလှတို့
ဗို, မခေါ်ကာ၊ က,ကြပါသည်
မဟာဝီရ အင်္ဂီရသာနံ့ သမယော။

သွင်သွင်သုတ်သွင်း၊ လေချိုညင်းလည်း
သင်းသင်းပျံ့ပျံ့၊ နူးညံ့ညံ့တည့်
မိုးယံကောင်းကင်၊ တိမ်မြူစင်၍
ရှစ်ခွင်မျက်နှာ၊ တောက်ပ,ပါသည်
မဟာဝီရ အင်္ဂီရသာနံ့ သမယော။

---

* မဟာဝီရ-ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား။ အင်္ဂီရသာနံ့-ကိုယ်တော်မှ ပြိုးပြိုးပြက် ထွက်သော အရောင်ရှိကုန်သော ဘုရားမြတ်တို့၏။ သမယော-ခရီးသွားရာ အခါပါတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com



လဝန်းပေါ်လျှင်၊ လူပေါင်းရွှင်လျက်
မြေပြင်တလင်း၊ ချစ်သူချင်းတို့
သတင်းစကား၊ ဆန်းကြယ်ကြား၍
အားရဝမ်းသာ၊ ပျော်ရေးဖြာသည်
မဟာဝီရ အင်္ဂီရသာန် သမယော။

ရန့်ကြိုက်သူ၊ ခပ်သိမ်းလူအား
ကြည်ဖြူဆက်သ၊ မွှေးဝေငသို့
ဖိုးလရောင်လျှံ၊ အာရုံခံ၍
ပန်းပုံမာလာ၊ ပွင့်ကြပါသည်
မဟာဝီရ အင်္ဂီရသာန် သမယော။

သရေတောက်ပ၊ ကပိလဟု
နာမကျော်ထင်၊ မျိုးရပ်ခွင်လည်း
ကြည်လင်ရွှင်လန်း၊ နတ်တို့ကွန်းသို့
အိမ်နန်းဝေဆာ၊ ဆင်ယင်ပါသည်
မဟာဝီရ အင်္ဂီရသာန် သမယော။

မုနိထွတ်တင်၊ ဘုရားရှင်။ ။
မည်တွင်သုဒ္ဓေါ်၊ ခမည်းတော်သည်
ဖူးမြော်လိုလှ၊ မြတ်ဆန္ဒကြောင့်
ဆယ်ဆချိန်ခါ၊ လျှောက်စေလှာသည်
မဟာဝီရ အင်္ဂီရသာန် သမယော။ ။ ✱ ✱

ကာဠုဒါယီ၏ လျှောက်တင်ပုံ ခမ်းနားလှသောကြောင့်လည်းကောင်း၊ သုတိသာယာလှပပါပေသောကြောင့်လည်းကောင်း ဘုရားရှင်အမှူးရှိသော ကျွန်ုပ်တို့ ရဟန်းပရိသတ်ကြီးတစ်ရပ်လုံးသည် အချိန်အတန်ကြာမျှ လျှောက်ထားမှု၏ အလင်္ကာရသကို ခံစားကြသည့်ပမာ ငြိမ်သက်လျက် ရှိကြ၏။

ဘုရားရှင်၏ အလိုတော်မည်သို့ရှိပါလေမည်မသိ။ ကျွန်ုပ်၏အနေနှင့် ဝန်ခံရမည်ဆိုသော် ကာဠုဒါယီ၏ ဂုဏ်မြောက်သော လျှောက်ထားချက်ကြောင့် အဖွဲ့ကောင်းသော ကာဠုဒါယီ၏ တောပန်းချီတောင်ပန်းချီတို့ကိုလည်းကောင်း၊ သာယာသော မြစ်ချောင်း

✱ ✱ (ဆရာမင်းသုဝဏ်၏ နာမည်ကျော် ကဗျာကြီးဖြစ်ပါသည်။)

www.burmeseclassic.com

www.burmeseclassic.com



အင်းအိုင်တို့သို့လည်းကောင်း၊ ပုံပြုံးသောလမ်းခရီးကိုလည်းကောင်း၊ တောပန်းတောင်ပန်းတို့၏ မွှေးကြိုင်ပုံကိုလည်းကောင်း၊ အခြားရာသီများမှာထက် ပို၍တင့်တယ်သည်ဟု ဘုရားရှင်ကိုယ်တော်တိုင် မိမိ၏မေ့မြဖြင့်ပင် ဝနပ္ပဂမ္ဘာကျနိုင်းရှည်၍ ဟောကြားတော်မူအပ်သော တပေါင်းလရာသီအတွင်း တောတောင်၏ သာယာပုံကိုလည်းကောင်း၊ ကျေးငှက်သာရကာတို့၏ လုပစွာ မြူးကြွလှုပ်ရှားကြပုံကို လည်းကောင်း ကြည့်ရှုရင်း, တွေ့ထိရင်း ခံစားရင်း ခရီးသွားလိုစိတ်များ တဖွားဖွားပေါ်ပေါက်လျက် ရှိခဲ့လေပြီ။

ကျွန်ုပ်တို့၏ ကျင့်သုံးသော ဓမ္မ၏ အခြေခံရည်ရွယ်ချက်မှာ လောကမှ လွတ်မြောက်ရာ နိဗ္ဗာန်သို့ ရှေးရှုခြင်းဖြစ်၍ ကျွန်ုပ်တို့၏ နေမှုစားမှု လှုပ်ရှားမှုစသော ကာယကံမှု ဝစီကံမှု အားလုံးတွင် လူ့လောကနှင့် အတတ်နိုင်ဆုံး ကင်းဝေး လိုကြသည်။ လူ့လောကနှင့် မကင်းသေးမီ လူ့လောကအတွင်း၌ လူ့လောကနှင့် အကင်းဝေးဆုံး နေရာသည်ကား တောကောင်တို့သာ ဖြစ်ကြပေရာ ကျွန်ုပ်တို့ ရဟန်းများသည် ပင်ကိုအားဖြင့် တောတောင်ကို ခင်တွယ်ကြ၏။ လိုလားကြ၏။ တတ်နိုင်သမျှ တောရိပ်တောင်ရိပ်ကို ခိုလိုကြ၏။

သို့ရာတွင် ကျွန်ုပ်တို့သည် တောတောင်နှင့်အနေဝေးခဲ့သူများဖြစ်ကြသည်။ ကျွန်ုပ်တို့ဆိုသည်မှာ အနည်းဆုံးအားဖြင့် ကျွန်ုပ်နှင့် သာရိပုတ္တရာတို့ကို ဆိုလိုပေသည်။ ကျွန်ုပ်တို့သည် ကြောင့်ကြမှုကင်းဝေးသောမိဘမျိုးရိုးမှ ဆင်းသက်လာခဲ့သူများဖြစ်ခဲ့ကြပေရာ ရှုပ်ထွေးသော လူ့လောကတွင်သာ အနေများ၍ အေးချမ်းသော တောရိပ်တောင်ရိပ်နှင့် အနေဝေးခဲ့ကြရ၏။ ကျွန်ုပ်တို့ထက် အဆရာထောင်မက လောကစည်းစိမ်ကြီးမားပေသော ဘုရားရှင်သည် ဥရုဝေလ၌ ခြောက်နှစ်ကျော် ခုနစ်နှစ်တိုင်တိုင်ပင် သီတင်းသုံးတော်မူခဲ့ပုံကို သိရသောအခါ ကျွန်ုပ်တို့မှာ ရှက်ဖွယ်လိလိဖြစ်ရပေတော့သည်။

ယခုကဲ့သို့ ကာဠုဒါယီ၏ တောဘွဲ့ တောင်ဘွဲ့တို့ကို ကြားရသောအခါ တောသို့ ညွတ်ခိုလိုသောဆန္ဒသည် ကျွန်ုပ်၏ ရင်တွင်း၌ တဖွားဖွား ပေါ်ပေါက်လျက် ရှိ၏။ အနည်းဆုံးအားဖြင့် တောတောင်ကို ဖြတ်သန်းရသော ကပိလခရီးရှည်ကြီးကို သွားကြရမည်ဆိုလျှင်ပင် ကျွန်ုပ်အဖို့ လာဘ်ကြီးတစ်ပါး ဆိုက်ရောက်ဘိသကဲ့သို့ ဖြစ်ပေမည်မှာအမှန်ပင်ဖြစ်သည်။ သာရိပုတ္တရာစသော အခြားရဟန်း အားလုံးသည်လည်း ကျွန်ုပ်နှင့်အလားတူပင် ဆန္ဒရှိကြမည် ဖြစ်သည်ကို ကျွန်ုပ်မှချပြောနိုင်ပါသည်။ သို့ရာတွင် ဘုရားရှင်၏ အလိုတော်သည်သာ အဓိကဖြစ်ပေရာ ကျွန်ုပ်တို့သည် ကာဠုဒါယီ၏ လျှောက်ထားပြီးသော အလင်္ကာ အရသာကို ခံစားရင်း ဘုရားရှင်၏ အမိန့်တော်ကို စောင့်ဆိုင်းလျက်ရှိကြ၏။

www.burmeseclassic.com

www.burmeseclassic.com



[ ၅ ]

ထိုအခိုက်မှာပင် ''ချစ်သား ရဟန်းတို့''ဟူသော ဘုရားရှင်၏ မိန့်တော်မူသံကို ကြားရ၏။

''နက်ဖြန်နံနက်တွင် ကပိလဝတ်သို့ ခြေကျင်ခရီးဖြင့်သွားကြမည်။ လိုက်လိုကြသော ရဟန်းများ လိုက်ပါနိုင်ကြသည်။ မောဂ္ဂလာန်က ငါတို့ ခရီးထွက်ကြမည့်အကြောင်းကို ကျောင်းဒကာကြီးသို့ အကြောင်းကြားချေဟု ဘုရားရှင်က ဤသို့ မိန့်တော်မူလိုက်ရာ ကျွန်ုပ်ကြိုတင်ခန့်မှန်းထားသည့်အတိုင်းပင် ရဟန်း အားလုံးသည် ခရီးထွက်ရမည်ကို ဝမ်းမြောက်ကြလှ၍ နှလုံးရွှင်ပျခြင်းဖြင့် လှုပ်လှုပ် ရွရွပင် ဖြစ်သွားကြသည်။ ထို့နောက် ဘုရားရှင်ထွက်ကြွတော်မူ၍ ယနေ့ အစည်းအဝေး ပြီးဆုံးသည်။

ကျွန်ုပ်သည် ဘုရားရှင်အမိန့်တော်အရ ဆေဘတလျှင်ပင် နန်းတော်သို့ သွားခဲ့သည်။ ဤတွင် ဘုရားရှင်၏အရှိန်အငါကြီးမားလှပုံကိုလည်းကောင်း၊ အရိပ် အာဝါသ ကြီးမားလှပုံကိုလည်းကောင်း ကျွန်ုပ်ကောင်းစွာသိရသည်။

ကျွန်ုပ်သည် သာမန်လူတစ်ယောက်မျှသာဖြစ်ပါဘိမူ၊ သို့မဟုတ် ကျွန်ုပ် ကူးပြောင်းလာခဲ့သော ပရိဗိုဇ်တဝနှင့်ပင် ဖြစ်စေဘိဦး၊ ဗိမ္ဗိသာရဘုရင်၏ ရွှေနန်းတော်သို့ ချဉ်းကပ်ဖို့မှာ မလွယ်လှပါပေ။ ယခုသော် ဘုရားရှင်၏အရှိန်အဝါတော်ကြောင့် နန်းတော်အရံအတားတံခါးတို့သည် ဟင်းလင်းပွင့်ကြကုန်၏။ ထိုမျှမဟုတ်၊ ညနေခင်း အချိန်ဖြစ်၍ မင်းရေးစိုးခွင်တို့ ကင်းပြတ်ကာ နန်းတော်သူ နန်းတော်သားတို့ အေးချမ်းစွာ နေကြသည့်အချိန်ဖြစ်ရာ ကျောင်းဒါယကာကြီးသည် ကျွန်ုပ်ကို လျောင်းတော်ဦးသို့ပင် ပင့်ဆောင်၍ ညေ့ခံသည်။

ကျွန်ုပ်က ဘုရားရှင်၏အမိန့်တော်အရ နက်ဖြန်နံနက်မှစ၍ ဘုရားရှင် အမှူးပြုသော ကျွန်ုပ်တို့သည် ကပိလဝတ်သို့ ခြေကျင်ခရီး ထွက်ကြမည့်အကြောင်းကို ပြောပြသောအခါ ဘုရင်သည် အလိုမကျဟန်ဖြင့် မျက်မှောင်တစ်ချက် ညှိုးသွားသည်ကို တွေ့လိုက်ရသေး၏။ နောက်တွင်မျက်နှာကို ပြင်လိုက်သည်။

ကျောင်းဒါယကာကြီးသည် ဘုရားရှင်အပေါ်၌ ကြည်ညိုရုံမဟုတ်၊ သံယောဇဉ် လည်း ကြီးမားတော်မူလှသည်။ ဘုရားရှင်အဖြစ်သို့ မရောက်မီကပင် သူ့နိုင်ငံ သူ့နေပြည်တော်တွင် သီတင်းသုံးရန် ကြိုတင်လျှောက်ထားခဲ့သူ မဟုတ်ပါလော။ ဖြစ်နိုင်ခဲ့လျှင် ဘုရားရှင်အား သူ့နိုင်ငံ သူ့ကျောင်းတွင်သာ ရာသက်ပန် သီတင်းသုံး သွားတော် မူစေချင်ပေမည်။ သို့ရာတွင် ဘုရင်ဗိမ္ဗိသာရသည် ဘုရားရှင်အဖို့ ကိုယ့်နိုင်ငံ ကိုယ့်မိဘ ဆွေမျိုးတို့နှင့် နှစ်ရှည်လများ ကွဲကွာတော်မူနေခဲ့ရရာပုံကို ကိုယ်ချင်းစာမိဟန် တူပေသည်။ မည်သို့မျှ မကန့်ကွက်တော့ဘဲ အသာတကြည်ပင် ခွင့်ပြုတော်မူပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခွင့်ပြုရုံသာမဟုတ်၊ တောတွင်းလမ်းခရီး တစ်လျှောက်၌ ရာဇဂြိုဟ်ပိုင်နက် အဆုံးထိ ဘုရားရှင်နှင့်တကွ ကျွန်ုပ်တို့အားလုံး အခက်အခဲမရှိစေရန် ဆင့်ဆိုစီစဉ် လိုက်ပုံကို ကျွန်ုပ်တို့ ခရီးထွက်ရင်းမှ သိလာရသည်။

နောက်တစ်နေ့။ အတိအကျဆိုသော် မဟာသက္ကရာဇ် ၁၀၄ ခု၊ တပေါင်း လပြည့်ကျော် ၁ ရက်နေ့ နံနက် နေထွက်တပြုအချိန်တွင် ဘုရားရှင်ဦးဆောင်သော ကျွန်ုပ်တို့ သံဃာတန်းကြီးသည် ရာဇဂြိုဟ်မြို့စွယ်ကိုဖြတ်၍ ကပိလဝတ်သို့ ရှေးရှုကာ ခရီးစတင်ထွက်ခဲ့ကြသည်။ ကပိလဝတ်သို့ ကျွန်ုပ်တို့ ခရီးထွက်မည့်သတင်းသည် ညတွင်းချင်းပင် ရာဇဂြိုဟ်တွင် ပျံ့နှံ့သွားခဲ့ဟန်တူ၏။ အကြောင်းကား ရာဇဂြိုဟ် ဒါယကာ ဒါယိကာမများစွာတို့သည် ကျွန်ုပ်တို့ခရီးကို ကြို၍ ထိုနေ့အတွက် ဆွမ်း လောင်းလှူလိုက်ကြသောကြောင့်ဖြစ်သည်။

ဘုရားရှင်အား ဘုရင်ဗိမ္ဗိသာရကိုယ်တိုင် လမ်းမှကြို၍ နှုတ်ခွန်းဆက် လျှောက်တင်၏။ ကျောင်းဒါယကာကြီးက ကပိလဝတ်တွင် မိဘဆွေမျိုးများနှင့် တွေ့ဆုံပြီးသည့်အခါ ရာဇဂြိုဟ်သို့ပင် ပြန်ကြွလာတော်မူပါရန် လျှောက်ထားသည်။ အလားတူပင် ကျွန်ုပ်တို့ ဒါယကာ ဒါယိကာမများစွာကလည်း လျှောက်ထားကြသည်။ သို့ရာတွင် ဘုရားရှင်သည် ပြန်လာမည် မလာမည်ကို တစ်စုံတစ်ရာ ကတိမိန့်ခွန်းစကား ပြန်လည်မြွက်ကြားတော် မမူခဲ့ပေ။

သို့နှင့် ကျွန်ုပ်တို့နောက်တွင် ရာဇဂြိုဟ်သည် တဖြည်းဖြည်း ဝေး၍ ဝေး၍ ကျန်ရစ်ကာ တောနက်ခရီးသို့ တိုး၍တိုး၍ ရောက်လာခဲ့ကြသည်။ တောကို နှစ်သက် ပါသည်ဆိုသည့်တိုင် ဝေဠုဝန်၌ ရဟန်းအချို့ နေရစ်ကြလိမ့်မည်ဟု ခန့်မှန်းမိခဲ့သော်လည်း တစ်ပါးမကျန် အားလုံးပင် လိုက်ပါလာသည်ကိုတွေ့ရ၏။ သို့ဖြစ်၍ ကျွန်ုပ်တို့၏ သက်တမ်းတစ်လျှောက်၌ ဤခရီးသည် အရှည်ဝေးဆုံးသော ခရီးဖြစ်၍ တညီတညွတ် ခရီးသွားဦးရေအားဖြင့်လည်း အများဆုံးဖြစ်ကြောင်း နောင်အခါ သိရှိလာရသည်။

ရာဇဂြိုဟ်နှင့် ကပိလဝတ်သည် ယူဇနာခြောက်ဆယ် ကွာဝေးသည်။ ကျွန်ုပ်တို့သည် ခရီးပြင်းသွားရောက်ကြခြင်းမဟုတ်၊ တစ်နေ့လျှင် တစ်ယူဇနာမျှသာ ခပ်မှန်မှန်သွားရောက်ကြသည်။ သုံးရက်ခန့် သွားမိကြသောအခါ ဤခရီးအတွက် ဘုရားရှင်၏အလိုတော်ကို ခန့်မှန်းမိလာသည်။ ဘုရားရှင်သည် ယူဇနာ ခြောက်ဆယ် ရှိသော ဤခရီးကို တစ်နေ့လျှင် တစ်ယူဇနာကျ သွားရောက်ခြင်းဖြင့် နှစ်လခရီး၊ ကဆုန်လပြည့်နေ့တွင် ရောက်ရှိဖို့ရန် ရည်ရွယ်တော်မူသည်ဟု ခန့်မှန်းမိသည်။

ခရီးလမ်းတစ်လျှောက်တွင် တောလက်ကျေးရွာတို့ များစွာရှိရာ ထိုကျေးရွာများ သို့ ရောက်သည့်အခါတိုင်း ကျောင်းဒယကာကြီး၏ ကြိုတင်စီစဉ်ထားမှုကြောင့် နံနက်ဆွမ်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှင် ဆွမ်းကွမ်းဖြင့်လည်းကောင်း၊ ညနေပိုင်းဆိုလျှင် အဖျော်ယမကာတို့ဖြင့်လည်းကောင်း ပြည့်စုံလှသည်။ ကျောင်းဒါယကာကြီးသည် ကပိလဝတ်သို့လည်း ဘုရားရှင်ကြွလာပြီ ဖြစ်သည့်အကြောင်းကို ခြေမြန်တမန်တို့ဖြင့် အကြောင်းကြားလိုက်ပြီဟု ကြားသိရသည်။

တောတောင်ခရီးလမ်းတစ်လျှောက်လုံးမှာပင် သစ်သီးဝလံတို့ ပေါများလှသောကြောင့် ကျေးရွာလူသူနှင့် ကင်းပြတ်နေလျှင်လည်း ကျွန်ုပ်တို့ရဟန်းများ အတွက်ကား သစ်သီးဆွမ်းဖြင့် ပြည့်စုံပြီးဖြစ်ကြပေသည်။ သို့နှင့် တောနက်ခရီးသို့ တစ်ရက်ပြီးတစ်ရက် တိုးဝင်ရောက်ရှိလာကြသည်။

[ ၆ ]

ပညာရှိတို့မည်သည် လောကကို ဦးဆောင်ကြသူများသာမဟုတ်သေး။ လောကကို လှည့်စားနိုင်ကြသူများလည်းဖြစ်ကြောင်း ခရီးသွားရင်း ကျွန်ုပ်သတိပြုမိလာခဲ့သည်။

ဘုရားရှင်ကဲ့သို့ နှစ်ရှည်လများ တောနှင့် မပွန်းတီးဖူးစေကာမူ ကျွန်ုပ်တို့သည် တော၏အကြောင်းကိုကား သိသည့်သာဖြစ်သည်။ အကြောင်းမူကား ကျွန်ုပ်တို့ ရာဇဂြိုဟ်သည် တောင်ငါးလုံးကာရံ၍ တောရိပ် တောင်ရိပ်ကောင်းလှသောဒေသဖြစ်၏။ မြေဩဇာ ကောင်း၍ သီးနှံဖွံ့ဖြိုးကြမြဲဖြစ်သည်။ သစ်ပင် ပန်းမန်တို့ စည်ပင်ကြသည်။ မြစ်ချောင်းအင်းအိုင်တို့ မိုးရေ ငွေပါ ပြည့်ဖြိုးကြ၍ ရေရှားမိုးခေါင် ဟူသော စကားမှာ ရာဇဂြိုဟ် ပြည်သူပြည်သားတို့အဖို့ မကြားစဖူးမျှပင်ဖြစ်သည်။

ရာဇဂြိုဟ်နှင့် အလားတူပင် ကပိလဝတ်သည်လည်း သစ်ပင်တောတောင်တို့ သာယာ၍ မြေဩဇာကောင်းလှသည်ဟု ဆိုသည်။ ရာဇဂြိုဟ်ထက်ပင် သာလွန်သေးသည်ဟု ကပိလဝတ် ရဟန်းတို့ထံမှ ကြားသိရသည်။ ဟုတ်ပေလိမ့်မည်။ အကြောင်းမူကား ကပိလဝတ်သည် တောင်ခြေ မြေပြန့်တွင်တည်ရှိသော ဒေသဖြစ်သည်။ ရာဇဂြိုဟ်သည် တောထူ၍ တောင်ပတ်လည်ဝိုင်းရံလျက်ရှိသောကြောင့် မိုးလွန် အအေးလွန်သော ဒေသဖြစ်သည်။ ကပိလဝတ်သည်ကား တောင်ခြေဒေသမျှ ဖြစ်သောကြောင့် ရာဇဂြိုဟ်ထက် အပူအအေးညီမျှဖို့ရှိသည်။

ကျွန်ုပ်တို့ နှစ်နိုင်ငံလုံးအဖို့ နေချင့်စဖွယ်အကောင်းဆုံး အလှဆုံးရာသီကား တပေါင်း တန်ခူး နွေကာလပင်တည်း။

တောရိပ်တောင်ရိပ်ကောင်းသော ဒေသများဖြစ်ကြ၍ မိုးရာသီဆိုလျှင် မိုးသည် လိုသည်ထက်ပိုတတ်မြဲဖြစ်သည်။ ယင်းသို့ သစ်ပင်တောတောင်နှင့်မိုးပိုသော ဒေသများဖြစ်သောကြောင့် ပင်ကိုအတိုင်းပင် အေးမြလျက်ရှိရာတွင် ဆောင်းရာသီဆိုလျှင်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်း၏ အချမ်းဓာတ်တိုးဝင်လာသောအခါ အအေးဓာတ် အချမ်းဓာတ် လွှမ်းကဲပြီ ဖြစ်သည်။

နွေရာသီကား အပူအအေးမျှတ၍ ရာဇဂြိုဟ်သားတို့အဖို့ နှစ်စဉ်တမ်းတ မျှော်နေခဲ့ကြလေ့ရှိသော ရာသီပင်ဖြစ်သည်။ ထို့ကြောင့် ဘုရားရှင်ကိုယ်တော်တိုင်ပင် မဖွံ့မှုလမ်းစဉ်ဖြင့် အပူအအေးနှစ်ဖက်စွန်းမထွက်သော မိမိ၏ တရားတော်မြတ်ကို နွေရာသီပင်ဖြင့်ပင် ဥပမာဆောင်တော်မူခဲ့သည်။

ယင်းသို့ သာယာလှသော နွေရာသီတွင်မှ ကပိလဝတ်သို့ ကျွန်ုပ်တို့ခရီးရှည် ထွက်ခဲ့ကြခြင်းမှာ တောတောင်၏ ဆိတ်ငြိမ်မှု ဝိဝေက အရသာကို ခံစားရင်း နှစ်လိုဖွယ် ရှိလှသောကြောင့် ဤအချိန် ဤရာသီကိုမှ ရွေး၍ ခရီးထွက်ရန် လျှောက်တင်စီစဉ် ခဲ့သော ပညာရှိကြီး ကာဠုဒါယီထေရ်၏ စိတ်ကူးကို တစိမ့်စိမ့်တွေး၍ ချီးကျူးရပေသည်။

သို့ရာတွင် ကာဠုဒါယီသည် ရာသီအရွေးကောင်းရုံမျှမဟုတ်၊ ကျွန်ုပ်တို့ကို လှည့်စားနိုင်၊ မျက်လှည့်ပြနိုင်ခဲ့ချေသေးသည်။ ဖော်ပြပါအတိုင်း ကျွန်ုပ်တို့သည် တောရိပ် တောင်ရိပ်ပျော်များပီပီ တော၏အလှ၊ တောင်၏အလှ၊ သစ်ပင်၏အလှ၊ ပန်းမန်၏အလှ၊ မြစ်ချောင်းအင်းအိုင်၏အလှ၊ ကျေးငှက်တိရစ္ဆာန်တို့၏ အလှကို တွေ့ခဲ့၊ သိခဲ့၊ ခံစားခဲ့ဖူး ကြသည်သာဖြစ်သည်။ သို့ရာတွင် အကြမ်းဖျဉ်းခံစားရရုံမျှဖြစ်၍ မည်သို့မည်ပုံ လှသည်ဟုကား ခွဲခြားခံစားနိုင်ကြခြင်း မဟုတ်ပေ။

ဘုရားရှင်သို့ ကာဠုဒါယီ လျှောက်တင်ချက် အဖွဲ့များနှင့် ဟပ်၍ ကြည့်နိုင် သည့်အခါတွင် တောတောင်၏အလှကို ပြက်ပြက်ထင်ထင် ခံစားလာနိုင်ကြသည်။

ရာဇဂြိုဟ် ရာသီဥတုထက် ကပိလဝတ် ရာသီဥတုက ပို၍ကောင်းသည်။ သစ်ပင်တောတောင်တို့ ပို၍သာယာသည် ဟူသော ကပိလဝတ်သားတို့၏ စကားသည် ကပိလဝတ်ဘက်သို့ ခရီးရောက်လာလေလေ ပို၍ မှန်လာလေဖြစ်၏။

ပင်စည်တောအုပ်သည် ကြီးမားသည်နှင့်အမျှ ညီညာ၏။ အောက်ခြေမြေ အပြင်သည် သန့်ရှင်း၏။ လမ်းခရီးသည် ဖြောင့်ဖြူး၏။ ပင်စည်တောအုပ်ကြီးမား သော်လည်း သစ်ရွက်တို့သည် ရွက်သစ်လဲကြချိန်ဖြစ်သည့်အလျောက် စိပ်စိပ်သိပ်သိပ် မရှိ။ အချို့ကြွေကျဆဲ၊ အချို့ကြွေကျလုဖြစ်ကြသည်။

ထို့ကြောင့်သစ်ပင်တို့၏ အရောင်သည် အစိမ်းသက်သက်မဟုတ်။ လန်းဆန်း နုပျိုသည့်အသွင်ဖြစ်သော အစိမ်းရောင်တွင် ရင့်ကျက်မှုရောဖက်သော အဝါရောင်တို့ ပြိုးပြက်စွက်လျက်ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အစိမ်းမှ ကူးပြောင်းသော အဝါရောင်သစ်ရွက်ကလေးတို့သည် ပင်စည်မှ ပြုတ်ကြွေကာ ချာလည်လည်၍ ကျလျက်ရှိသည်ကို နေရာများစွာတွင် တွေ့ရသည်။ ဤကြွေရွက်ဝါကလေးများမှာ စာဆိုပညာရှိ ကာဠဒါသ၏ အလိုအားဖြင့် ရှာနိယာဉ်စီးသော တောပျော်ရသေ့ရဟန်းများပမာတည်း။

ကြွေရွက်ဝါတို့နေရာတွင် လန်းဆတ်သော အငုံအဖူးတို့က နေရာယူကြသည်။ အပင်အချို့မှာ ရွက်သစ်လောင်း၍ ရွက်ဟောင်းကြွေလျက် ရှိကြသော်လည်း နွေပန်းတို့ တလန်းလန်း တဝေဝေ ပွင့်လျက်ရှိကြသောအပင် များစွာလည်း ရှိကြသေးသည်။ ပန်းဆိုင်း ပန်းနွယ်ကြီးများစွာတို့သည် သစ်ပင်ကြီးတို့မှ ပြေပြေလျှောလျှော ကျကာ တွဲခိုလျက်ရှိကြသည်။

သို့ဖြစ်၍ အစိမ်းရောင် အခြေခံတွင် အနီအဝါတို့ စွက်၍ ဆေးစုံပြက်ထားသည့်နှယ်တည်း။

ပန်းရနံ့တို့ကလည်း လမ်းခရီးတစ်လျှောက်လုံးတွင်ပင် ပြတ်လေသည်မရှိ။ တသင်းသင်းတထုံထုံ ရှိလှပါဘိသည်။ နေသည် နွေရာသီဖြစ်၍ သူ့ပင်ကိုအားဖြင့် ကျဲကျဲတောက် ပူလေမည်ဖြစ်သော်လည်း ကျွန်ုပ်တို့ လမ်းခရီးတောအုပ်သို့ကား အစွမ်းကုန် မပူနိုင်ရှာ။ တောတောင်တစ်ခိုတွင် ယှက်သန်းလျက်ရှိကြသော မြူခိုးမြူငွေ့တို့ကို ဖြတ်သန်း၍ ပူရသည်။

ထို့ကြောင့် ကျွန်ုပ်တို့အဖို့ လိုအပ်သော အလင်းရောင် ရစေရုံမျှဖြစ်၍ တောအုပ်အထက်သို့ မော့ကြည့်လိုက်သောအခါတွင် သစ်ရွက်ပင်စည်တို့အကြားမှ ပြိုးပြိုးပြောက်ပြောက်မျှ ဖြတ်သန်းလျက်ရှိကြသော နေခြည်နုကလေးများသည် ဘုရားရှင်၏ ဦးခေါင်းထက်၌ အစိမ်းရောင် မျက်နှာကြက်ကြီးဝယ် စိန်သီးစိန်ပွင့်တို့ တွဲခိုခြယ်သထားသည့်အသွင်မျှသာ ရှိသည်။

တောပျော်သတ္တဝါများအနက် အလှဆုံးဟု ဆိုနိုင်သော ဥဒေါင်းတို့ကိုလည်းကောင်း၊ သမင်တို့ကိုလည်းကောင်း နေရာများစွာတွင် တွေ့ရသည်။ ထိုသတ္တဝါများသည် ကျွန်ုပ်တို့ကို တွေ့သည့်အခါ၌ လန့်ဖျပ်ရှောင်တိမ်းကြဖို့ကောင်း၏။ သို့ရာတွင် ထိုသတ္တဝါများသာမက ကျေးငှက်သာရကာစသော မည်သည့်တောပျော်သတ္တဝါမျှ ကျွန်ုပ်တို့ကြောင့် လန့်ဖျပ်ကြသည်ကို မတွေ့ရဘဲ နေရိုးနေစဉ်အတိုင်းပင် နေကြသည်။ နှစ်ပေါင်းများစွာ တော၏မိတ်ဆွေကြီးဖြစ်ခဲ့သော ဘုရားရှင်အား တောသတ္တဝါများ ရင်းနှီးနေကြဟန်ရှိသည်။ ဘုရားရှင်၏ မဟာကရုဏာတော်သည် သူတို့အပေါ်၌ ပျံ့နှံ့နေဟန်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ခရီးတစ်နေရာ၌မူ အံ့သြဖွယ်ရာတစ်ရပ်ကိုပင် တွေ့ရ၏။ ကျွန်ုပ်တို့သည် ညနေချမ်းအချိန်၌ ရေတိမ်ချောင်းတစ်ခုကို ဖြတ်သန်းကြရာတွင် ရေသောက်ဆင်းသော သမင်တစ်အုပ်သည် ကျွန်ုပ်တို့ဆီသို့ ဦးတည်ပြေးလာသည်ကို တွေ့ရသည်။ သမင်တို့ နောက်တွင်ကား လေးမြားအသင့်ပြင်ထားသော တောလိုက်မုဆိုးတည်း။

သမင်တို့သည် အသက်ဘေးအတွက် ပြေးကြရာမှ ဘုရားရှင်အနီးသို့ ရောက်သောအခါ အရှိန်သတ်ပြီးလျှင် အေးချမ်းစွာ ရပ်တည်ဝန်းရံကြသည်။ မုဆိုးသည်လည်း ဘုရားရှင်ကို ဖူးမြင်ရသောအခါ အံ့အားသင့်စွာဖြင့် ကြည့်၍ ဘုရားရှင် အထံတော်သို့ပင် ရောက်လာကာ ဒူးတုပ်ရှိခိုးသည်။ သားကောင်းနှင့် မုဆိုးတို့သည် ဘုရားရှင်ရှေ့မှောက်၌ ငြိမ်းချမ်းကြ၏။

ဘုရားရှင်က မုဆိုးအား ခရီးအတန်ရပ်၍ တရားဟောသည်။ သမင်တို့သည် မုဆိုးကိုပင် ဝန်းရံလျက်ရှိကြ၏။ ဘုရားရှင်၏ တရား၊ ဘုရားရှင်၏ ကြီးမားသော မေတ္တာ၊ မဟာကရုဏာတော်အောက်၌ ယင်းသို့ အံ့ဖွယ်အသွင်ကို တွေ့ရသည်မှာ နှစ်သိမ့်ဖွယ်ရှိလှပါသည်။

သို့နှင့် ကဆုန်လဆန်း ၁၄ ရက်နေ့တွင် ကပိလဝတ် နယ်နိမိတ်သို့ ရောက်လာခဲ့ကြသည်။

[ ၇ ]

ကပိလဝတ် နယ်နိမိတ်ဆိုသည်မှာ ကပိလဝတ်ပြည်သားများစွာတို့ စောင့်ဆိုင်းကြိုကြသည့်နေရာကိုရည်၍ ဆိုလိုက်ရခြင်းဖြစ်သည်။ အမှန်ဆိုသော် ကပိလဝတ်ဘက်သို့ ခရီးထက်ဝက်ကျော်လာသည့်အချိန်မှစ၍ ရောက်လေရာရာ တောလက်ကျေးရွာဒေသများမှ ကြိုဆိုမှုများမှာ အနည်းနှင့်အများ ရှိခဲ့ကြသည်သာဖြစ်သည်။

ကပိလဝတ်ပြည်သားတို့သည် ကျွန်ုပ်တို့ လာရောက်ကြမည့်သတင်းကို မဆွကပင် ကြားသိထားကြပြီးဖြစ်သည်။ သူတို့၏ ချစ်စွာသော မင်းသားကို ဘုရားဖြစ်၍ မျှမဟုတ်ဘဲ ပင်ကိုအားဖြင့်ပင် ချစ်ကြည်လေးစားခဲ့သူများ ဖြစ်ကြသည်။ သခင်မင်းသား သံယောဇဉ်မျှမက တစ်ခါရောက်ပြီးတစ်ခေါက်မပြန် ဆိုရလောက်အောင်ပင် ရာဇဂြိုဟ်သို့ ဘုရားပင်သွားခဲ့လေသမျှသော ကပိလဝတ်ပြည်သား လူစိမ်းကားများ ဖြစ်ကြသော လင်များ၊ သားများအတွက် သံယောဇဉ်ကလည်း တစ်ဖက်တွင်ရှိနေကြသေးသည်။

ထို့ကြောင့် ကပိလဝတ်ပြည်သူပြည်သားတို့သည် သူတို့လက်လှမ်းမီနိုင်သမျှ အထိ လာရောက်ကြိုဆိုကြသည်။ တစ်နေ့ခရီးမျှ ကျန်သေးသော ယနေ့အဖို့မူ အစုအwww.burmeseclassic.comပြုံး

www.burmeseclassic.com



ဖွဲ့ကာ အင်တိုက်အားတိုက် ကြိုဆိုကြသည်။ သခင်မင်းသား ဘုရားရှင်အမှူးပြုသော သူတို့ လင်သား၊ ဖခင်၊ ညီ၊ အစ်ကို၊ ဦးလေး မိတ်ဆွေ စသည့် ကပိလဝတ်သားတို့ကို ရဟန်းအဖြစ် တွေ့သောအခါ အချို့ဝမ်းမြောက်ကြသည်။ အချို့ငိုယိုကြသည်။ အချို့ ဖက်လှဲတကင်းမျှ ခြေကိုကိုင်၍လည်းကောင်း၊ လက်ကိုဆွဲ၍ လည်းကောင်း နှုတ်ဆက်ကြသည်။ ဝမ်းနည်းဝမ်းသာ ကြိုဆိုပွဲဟု ဆိုရလိမ့်မည်။

ကပိလဝတ်ရောက်သော် သားတော်ဘုရားရှင်က နန်းတော်တွင် သီတင်း မသုံးဟု ဆို၍တစ်ကြောင်း၊ ရဟန်းများစွာပါလာသည်ကြောင့်တစ်ကြောင်း၊ တောကို ကြိုက်လှသော သားကြီးဘုရားရှင် သီတင်းသုံးရန် ကပိလဝတ် အဝင်ဝ မလှမ်းမကမ်းရှိ သမင်ပေါသော မင်းသုံးဥယျာဉ်ကို နဂြောဓာရုံဟု အမည်တပ်၍ ခမ်းနားစွာ အချိန်မီ ကျောင်းတော်ဆောက်လုပ်ထားကြောင်း၊ ခမည်းတော်အမှူးပြုသော ဆွေတော်မျိုးတော် တို့သည် နိဂြောဓာရုံမဏ္ဍပ်မှ စုရုံးကြိုဆိုကြလိမ့်မည်ဖြစ်ကြောင်း စသောသတင်းများကို ကြိုတင်ကြားသိကြရသည်။

သို့နှင့် ထိုနေ့ ညချမ်းအချိန်တွင် နိဂြောဓာရုံတွင် ဥယျာဉ်ကျောင်းတော် ကြိုဆိုရေးမဏ္ဍပ်အဝသို့ ကျွန်ုပ်တို့ ရောက်ရှိကြ၏။

ကျွန်ုပ်တို့ ရောက်ရှိကြချိန်တွင် ကဆုန်၏ လပြည့်ရက် လမင်းသည် မြူတိမ် ကင်းသော ကောင်းကင်ကိုဖြတ်သန်း၍ ထင်းထင်းကြီးသာလျက်ရှိ၏။ မဏ္ဍပ်အဝင်လမ်း တစ်လျှောက်နှင့် နေရာပေါင်းများစွာတွင် ပန်းဆိုင်း ပန်းခက်တို့ ချိတ်ဆွဲထား၍ ထိုပန်းဆိုင်းပန်းခက်တို့အကြားတွင် မီးပုံးမီးအိမ်တို့ကို ဆွဲချိတ်ထားသည်။

သားကြီး ဘုရားရှင်အား မဏ္ဍပ်အရှေ့ဆုံးမှ ကြိုဆိုသူမှာ ခမည်းတော် သုဒ္ဓေါဒနဘုရင်ဖြစ်၏။ ကျွန်ုပ်သည် လူတကာတို့၏အထွတ် သားထူးသားမြတ် တစ်ယောက် ပေါ်ပေါက်ဖြစ်ထွန်းစေခဲ့သော ခမည်းတော်ကြီးအား ဂရုစိုက်ကြည့်မိသည်။

ခမည်းတော်ကြီးမှာ သက်ရွယ်ကြီးရင့်လှပြီဖြစ်၏။ ခါးကိုင်းသော်လည်း ခန္ဓာကိုယ်မှာကား ပြည့်ပြည့်ဖြိုးဖြိုးပင် ဖြစ်သည်။ ကျယ်ပြန့်သော နဖူးပြင်မှ ဇရာ၏ လက္ခဏာများဖြစ်ကြသော အရေးအကြောင်းများသည် ထင်းထင်းပေါ်လျက်ရှိကြ၏။ မျက်လုံးများမှာ မှုန်လှပြီ ဖြစ်ဟန်ရှိသော်လည်း သားကြီးကို ဖူးမြင်ရာ၌ ဝမ်းမြောက်လှ သောကြောင့် လရောင်တွင် တလက်လက်တောက်ပလျက်ရှိကြ၏။ ခမည်းတော်ကြီး သည် ကိုင်းညွတ်သော ကိုယ်မှ နဖူးရေ အရေးကြောင်းများကို ပင့်လှန်ပြီးသော် သားကြီး၏ ရုပ်ရေကို အားရပါးရဖူးမြော်နိုင်ရန် နဖူးတွင် လက်ကာ၍ တလက်လက် တောက်ပသော မျက်လုံးများဖြင့် စူးစူးစိုက်စိုက်ကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



ခမည်းတော်ကြီး၏ မျက်နှာမှာ ပြုံးယောင်လည်းရှိ၏။ မဲ့ယောင်လည်းရှိ၏။ သားကြီးကို ဖူးတွေ့ရသောကြောင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်သည်နှင့် အလားတူ စွန့်ပစ်သွားနိုင်ရက်လေသော သားကြီး၏ကင်းပြတ်မှု၊ အသွင်ခြားလေခဲ့သော သားကြီး၏ အဝတ်အဆင်တို့ကိုကြည့်ကာ ဝမ်းနည်းစိတ်လည်းဖြစ်ပေါ်ဟန်တူသည်။ မျက်စထောင့် ကလေးများတွင် မျက်ရည်ဥကလေးများ တွဲခိုလာကြသည်ကိုပင် တွေ့ရ၏။ သွားလေသူ ဘုရားရှင်မယ်တော်အား သတိရချင်လည်း ရပေလိမ့်မည်။

သို့ရာတွင် နှုတ်ကမူ တစ်စုံတစ်ရာမပြော။ ချစ်သော သားကြီး၏ဆန္ဒတော် အတိုင်းပါပေဟု အလိုလိုက်သော သဘောဖြစ်ဟန်ရှိသည်။ အားရပါးရ ဖူးမြော်ပြီးသော် သားကြီး၏ လက်တော်ကိုကိုင်သည်။ ဖျစ်ညှစ်သည်။ သားကြီး၏ မေးဖျားတော်အထိ လက်ဖြင့်ကိုင်ကြည့်သည်။ ထို့မှုမက နဖူးသင်းကျစ်တော်အထိ လက်ဖြင့်သပ်သည်။ နှစ်လများစွာ ကွဲကွာနေရသော သားချစ်တစ်ယောက်အား ပြန်တွေ့ရသည့်အချိန်တွင် ဖခင်တစ်ယောက်အဖို့ သည်နည်းသည်ပုံ အားရပါးရ ကိုင်တွယ်နှုတ်ဆက်ရမှပင် ဖြေသိမ့် နိုင်ဖို့ရှိပေသည်။ ဖခင်ဖြစ်၍သာ ဤမျှဖြစ်သည်။ မိခင်သာဖြစ်ပါမူ မျက်ရည်လည်ရွှဲဖြင့် ဖက်ယမ်းနမ်းရှုပ်သည်အထိ ဖြစ်နိုင်သည်။ ဘုရားရှင်သည် ခမည်းတော်ကြီး၏အပြုအမူ မှန်သမျှကို ရပ်၍သည်းခံတော်မူ၏။

ကြိုဆိုပွဲတွင် ထူးခြားချက်တစ်ရပ်ကို သတိပြုမိသည်မှာကား ခမည်းတော် အစရှိသော ကပိလဝတ် နန်းသူနန်းသားကြီးများက ဘုရားရှင်အား ရှိမခိုး ဦးမညွှတ်ကြ ခြင်းပင်ဖြစ်ပေသည်။ ပရိသတ်ရှေ့ပိုင်းတွင် ခမည်းတော်ကြီးမှတစ်ပါး လူကြီးများကို မတွေ့ရ၊ ဘုရားရှင်အောက်ငယ်သော လူရွယ်လူလတ်များကိုသာ တွေ့ရသည်။ လူရွယ် များသည်ပင် ရှိခိုး အရိုအသေပြုသည် ဆိုစေကာမူ ပြုကာမတ္တမျှဖြစ်သည်။ စိတ်ပါ လက်ပါ အလေးအနက် မဟုတ်ကြချေ။

ကပိလဝတ် အသိုက်အဝန်းမှ ဘုရားရှင်၏ အမျိုးအနွယ် သာကီဝင်တို့သည် ဇာတိမာန်၊ အမျိုးမာန် ကြီးလွန်းလှသည်ဟု ရှေးမဆွကပင် ကြားခဲ့ရဖူး၏။ သို့ရာတွင် မာန၏ အရိပ်အငွေ့ဟူ၍ စိုးစဉ်းမျှပင် မတွေ့ရသောကိုယ်တော်ဘုရားရှင်ကို ရင်းနှီးစွာ ဖူးတွေ့ရသောကြောင့်လည်းကောင်း၊ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးပမာ ကျိုးနွံလေပြီးသော ကပိလဝတ် ရဟန်းတော်ကိုသာ တွေ့နေရသောကြောင့်လည်းကောင်း ကပိလဝတ်သား တို့၏မာနကို အလေးအနက်သဘောမထားမိခဲ့ပေ။ ယခုလက်တွေ့တွင်မှ ထိုကြားသိချက် မှန်ကန်ကြောင်း သိရှိရသည်။ ထိုအခါတွင်မှ ကပိလဝတ်နယ်သို့ ရောက်စကပင် တွေ့ခဲ့ရသော ကပိလဝတ် ပြည်သူပြည်သားတို့၏ အသွင်အပြင်ကို သတိပြုမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကပိလဝတ်သည် တောင်ခြေနိုင်ငံဖြစ်၍ နေခင်းထိုင်ခင်း လုပ်ခင်းဆောင်တာ မြေနေရာပြန့်ပြူး၏။ မြေသြဇာကောင်း၏။ လူတို့ စိုက်ပျိုးပြုပြင်အပ်သော သီးနှံပင်စည် တို့ကို ထားဦး၍ သာမန် အလေ့ကျ ပင်စည်ပင်ရွက်တို့သည်ပင် သန်စွမ်းဖွံ့ဖြိုးလှ၏။ အစဉ်အလာအားဖြင့် အမျိုးကိုစောင့်စည်းသောကြောင့် လူဦးရေနည်း၏။ သွေးသား သန့်စင်၏။

ထို့ကြောင့်ပင် ကပိလဝတ်သားတို့သည် ဖွံ့ဖြိုးထွားကျိုင်းကြသည်။ မျက်နှာတို့ ပွင့်လန်းကြသည်။ ကိုယ်လက်လှုပ်ရှားမှု အမူအယာတို့ လွတ်လပ်ကြသည်။ တစ်ဦးနှင့် တစ်ဦး တစ်မိပေါက်ကဲ့သို့ တူညီသောအသွင်ရှိကြသည်။ ဝမ်းရေးအတွက် မတောင့်မတ မကြောင့်မကြသည့် အသွင်ရှိသည်။

သာမန်ပြည်သူတို့၌ ယင်းသို့ရှိသော် နိုင်ငံ၏ အထွတ်အထိပ်ဖြစ်သော သာကီဝင်တို့တွင်ကား အဘယ်ဆိုဖွယ်ရှိတော့အံ့နည်း။

သို့ရာတွင် မာနဆိုသည်မှာ လောကီနယ်၌ မကင်းနိုင်ကြသော်လည်း လူ့လောကကြီး၏ ကြီးစွာသော အဖျက်စိတ်၊ အဖျက်တရားတစ်ခုဖြစ်သည်။ သံချေးသည် သံကိုဖျက်သကဲ့သို့လည်းကောင်း၊ မွေးအပ်သော မြွေပွေးငယ်သည် မိခင်ကို သေစေနိုင်သကဲ့သို့လည်းကောင်း မာနသည် လူကိုလည်းကောင်း၊ လောကကိုလည်းကောင်း ပျက်စီးစေနိုင်၏။ ဤစကားကိုပြောရခြင်းမှာ မာနရှင် သာကီဝင်တို့သည် တစ်နေ့ သောအခါ၌ ထိုမာန်ကြောင့်ပင် အမျိုးနှင့်ချီ၍ ပျက်စီးရပုံကို ကြိုတင်၍ သတိရမိ သောကြောင့်ဖြစ်ပေသည်။

ကျွန်ုပ်တို့ ခရီးပန်းလာကြသည်။ သို့ဖြစ်၍ ရဟန်းများစွာသည် နိဂြောဓာရုံတွင် သင့်ရာ၌ နေရာယူ၍ နားနေကြ၏။ ကျွန်ုပ်တို့သည်လည်း ခင်းအပ်သော နိဂြောဓာရုံ ကြိုဆိုရေး တရားမဏ္ဍပ်၌ ဘုရားရှင်တစ်ဖက် တစ်ချက်တွင် ထေရ်စဉ်အလိုက် နေရာ ယူပြီးကြသော် သက်သက်သာသာ နားနေကြ၏။ သို့ရာတွင် ဘုရားရှင်သည်ကား အနားယူတော်မမူဘဲ ဆွေတော်မျိုးတော်တို့အား သင့်လျော်ရာတရား ဟောတော်မူသည်။ တရားပွဲအပြီးတွင် ဖလသမာပတ်ဝင်စားတော်မူကာ ဘုရားရှင်တို့နှင့်သာ ဆက်ဆံသော ယမကပြာဋိဟာကို ပြတော်မူသည်။ ထိုအခါ ခမည်းတော်စသော သာကီဝင် ကြီးငယ် တို့သည် အံ့ဘနန်းအမူအရာဖြင့် ဘုရားရှင်အား ဖူးကြည့်လျက် ရှိသည်ကို တွေ့ရ၏။

သာကီဝင်တို့သည် အမျိုးဇာတ် မာနဓာတ်ခံကြောင့်လည်းကောင်း၊ ဘုရားရှင်၏ မဖွံ့မလမ်းစဉ် ဓမ္မကို မကြားနာမသိရှိဖူးခဲ့ကြသေးသောကြောင့်လည်းကောင်း ဘုရားရှင်၏ အတိမ်အနက်ကို မခန့်မှန်းနိုင်ကြပေ။ ထို့ကြောင့်လည်း ရှိခိုးဖို့ရန်မှျပင် ခက်ခဲနေကြခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် လောကီစျာန်၊ လောကီတန်ဖိုးဖြစ်ကြသော ရသေ့တို့ကိုကား အလေးအနက်ကိုးကွယ် ဆည်းကပ်ကြသောသူများဖြစ်ကြပေရာ သမာပတ် ဝင်စားသော ဘုရားရှင်ကို မမျှော်လင့်ဘဲ တွေ့ကြရသောအခါ အံ့အားသင့်ကြခြင်းဖြစ်၏။ သာကီဝင်တို့သည် ကျွန်ုပ်တို့ခရီးတွင် အတူလာကြသော ရှင်တစ်သောင်းတို့ ကျွတ်တမ်း မဝင်မီကဲ့သို့ပင် သူတို့အမျိုးအနွယ်ဖြစ်သော ဘုရားရှင်အပေါ်၌ အခြားနည်းအားဖြင့် အထင်ကြီးစေကာမူ မာန်ကို ချလောက်အောင်အထိ အထင်မကြီးနိုင်ခဲ့ကြပေရာ သူတို့ အထင်ကြီး၍ အမွန်အမြတ်ပြုသော စျာန်လုပ်ငန်းကို တရားရှင်ထံမှ တွေ့ရသောအခါ အံ့အားသင့်ကြခြင်းဖြစ်၏။

အံ့ဩရုံမျှမက ခမည်းတော်ကြီးသည် သူတို့ဆရာရသေ့များ၏ လောကီသမာပတ်ထက် အဆရာထောင်မက ထူးခြားလှသော ဘုရားရှင်၏ လောကုတ္တရာ သမာပတ်ကို အထပ်ထပ် ရှုစားတော်မူကာ ရတ်ခြည်းပင် သားတော်အား လက်စုံယှက်၍ ဦးညွှတ်ရှိခိုးသည်။

ခမည်းတော် ရှိခိုးရာ၌ ရိုးရိုးရှိခိုးကာမျှမဟုတ်ဘဲ နှုတ်မြွက် ရှိခိုးခြင်းဖြစ်သည်။

''သားတော် မွေးကင်းစ ဒေဝီလရသေ့ရှေ့တွင် အံ့ဘနန်း တွေ့ရှိစဉ်က ခမည်းတော် တစ်ကြိမ်ရှိခိုးခဲ့ပါသည်။ ထို့နောက် သားတော်သည် ကလေးဘဝ ခမည်းတော် လယ်ထွန်မင်္ဂလာကျင်းပရာတွင် သားတော်လေးအား ထားအပ်သော သပြေပင်ရင်း၌ စျာန်ဝင်စားသည်ကို မြင်ရ၍ ဒုတိယအကြိမ် ရှိခိုးခဲ့ပါသည်။ ယခု တတိယအကြိမ်မြောက် ရှိခိုးခြင်းပါဘုရား''

ဤသို့နှင်နှင် နှုတ်မြွက်ရှိခိုးခြင်းဖြစ်ပေသည်။ တစ်ကြိမ်ရှိခိုးဖို့ရန်အတွက် အမှတ်တရ တန်ဖိုးကြီးလှသော သာကီဝင်တို့၏ မာနကိုသိရ၍ ကျွန်ုပ်တို့ ပြုံးမိကြ၏။

'အရင်းလဲသော် အဖျားထင်းဖြစ်' ဟူသကဲ့သို့ သာကီဝင်တို့၏ ဦးစီး ခမည်းတော်ကြီး ရှိခိုးသော် မဏ္ဍပ်တစ်ခုလုံး ဦးညွှတ်ကြသတည်း။

သို့နှင့် ညဉ့်နက်ပိုင်းသို့ ရောက်လာကာ ခမည်းတော်စသော နန်းသူနန်းသားတို့ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်၍ နန်းတော်သို့ပြန်ကြသည်။ မဏ္ဍပ်ဦးပိုင်း၌ နန်းတွင်း ဦးစီးတို့မရှိကြသော် မှူးမတ်စသော တိုင်းသားပြည်သူတို့ ရှေ့ပိုင်းသို့ ရောက်လာကြ၍ ဘုရားရှင်အား, ရှိခိုးနှုတ်ဆက်ခြင်း၊ မိမိတို့သက်ဆိုင်ရာ ရဟန်းတို့အား ရှိခိုး နှုတ်ဆက်ကြသည်။ နှုတ်ဆက်ရာတွင် သူတို့စကားစပ်၌ ထူးခြားသော အကြောင်း တစ်ရပ်ကို ကြားသိရသည်ကား ယနေ့ညဘုရားရှင်ကြိုဆိုပွဲသို့ အခြားနန်းတွင်းသူများစွာတို့ ရောက်လာကြသော်လည်း ဘဒ္ဒကစ္စနာ မလာရောက်သည့်အကြောင်းပင် ဖြစ်ပေသည်။

ပရိသတ် တဖြည်းဖြည်းစဲသော် နိဂြောဓာရုံသည် တိတ်ဆိတ်လျက် ကျန်ရစ်၏။

www.burmeseclassic.com

www.burmeseclassic.com



[ ၈ ]

နောက်တစ်နေ့ နံနက်ပိုင်းတွင် ရဟန်းများသည် ဘုရားရှင်၏အမိန့်တော်အရ ကပိလဝတ် မြို့တွင်းသို့ ဆွမ်းခံထွက်ရန် ပြင်ဆင်ကြသည်။ ဆွမ်းခံရမည်ဟု သိကြရသောအခါ ရဟန်းအားလုံးပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသည်ကိုတွေ့ရ၏။ အကြောင်းသော်ကား ဘုရားရှင်၏ ခမည်းတော်ဘုရင် သုဒ္ဓေါဒနစသော ဤမျှအရေးတယူ ပရိသတ်ကြီး ပြည့်စုံလျက်ရှိသောနေရာဖြစ်ပေရာ ဆွမ်းခံထွက်ရလိမ့်မည်ဟု မျှော်လင့်မထားသော ကြောင့်ဖြစ်၏။

ရဟန်းများသည် မိမိတို့ ကိုယ်ရေးကိုယ်တာ ပရိယတ်ပဋိပတ် မဂ်ဖိုလ်ကိစ္စ အပြင် မိမိတို့မှီရာ သာသနာတော်အတွက်လည်း တာဝန်ရှိကြသည်။ ရဟန်းတစ်ပါးသည် သာသနာတော်၌ ရဟန်းနှင့်တူအောင် ကောင်းစွာကျင့်သုံး နေထိုင်ခဲ့ပါလျှင် မိမိ ကိုယ်ရေးကိုယ်တာ ပြည့်စုံစေရုံမျှမက ပစ္စုပ္ပန်သာသနာ အနာဂတ်သာသနာတော်၏ အကျိုးကိုလည်း သယ်ပိုးထမ်းရွက်သည်မည်လေ၏။ ထို့ထက်ပို၍ ထမ်းရွက်လိုလျှင် တရားဟောခြင်း၊ စာပေပို့ချခြင်း စသည်ဖြင့် သာသနာတော်အကျိုးကို ထမ်းရွက်ကူညီ နိုင်သည်။

သာသနာတော်၏အစ၌ ဘုရားရှင်သည် မိမိသာသနာ စည်ပင်ပြန့်ပွားစေရန် များစွာ အားထုတ်တော်မူကြောင်း ကျွန်ုပ်တို့အသိပင်ဖြစ်၏။ စင်စစ်အားဖြင့် သာသနာတော် စည်ပင်ပြန့်ပွားစေရုံမျှမဟုတ်၊ စည်ပင်ပြန့်ပွားသည်နှင့်အမျှ ခိုင်မြဲ တိုးတက်စေရန်မှာ ကျွန်ုပ်တို့ရဟန်းများ၏ အဓိကတာဝန်ဖြစ်သည်။ ယင်းသို့ သာသနာတော် တိုးတက်ရေး ဆောင်ရွက်မှုများအနက် ဆွမ်းခံခြင်းသည်လည်း မိမိ အကျိုးနှင့်အတူ သာသနာတော်ကျိုး ကိုပါ ပြည့်စုံစေသော ကိစ္စတစ်ရပ်ဖြစ်သည်။

လူ့လောက၌ သူတော်သူမြတ်တို့ကိုတွေ့ဆုံဖို့ဆိုသည်မှာ လွယ်မယောင်နှင့် ခက်သည်။ ဆွမ်းခံခြင်းသည် သူတော်မြတ်ကို ဖူးတွေ့ဖို့ရန် လွယ်ကူစေသောကိစ္စ တစ်ရပ်ဖြစ်သည်။ ထို့ထက် တစ်ဦးတစ်ယောက်မျှမဟုတ်ဘဲ ရဟန်းအများ စုပေါင်း၍ ဆွမ်းခံသွားခြင်းမှာ ဒါယကာတို့၏ သဒ္ဓါစိတ်ကို သိမ်းကျုံးယိုဖိတ်စေနိုင်သောကိစ္စ ဖြစ်သည်။

ဘုရားရှင်သည် ဘုရားဖြစ်တော်မူစ ရှင်တစ်ထောင်တို့ကို ဆုံးမပြီး၍ ရာဇဂြိုဟ် မြို့တွင်းသို့ နောက်ပါသံဃာအလုံးအရင်းဖြင့် ဆွမ်းခံကြွတော်မူရာဝယ် ရာဇဂြိုဟ် တစ်မြို့လုံး သိမ့်သိမ့်တုန်မျှ သဒ္ဓါကြွ၍ ဆွမ်းလောင်းပူဇော်ခဲ့ကြသည်။ ထို့ကြောင့် ဆွမ်းခံခြင်းသည် သာသနာပြုသည့်အလုပ်တစ်ပါးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့သည်ပင် ကပိလဝတ်သို့ ကျွန်ုပ်တို့ သာသနာတော် ရောက်စအချိန် ဖြစ်သည်။ ဘုရားရှင်၏ ခမည်းတော်စသော ကပိလဝတ်သားတို့သည် မိမိတို့၏ သွေးသား ဘုရားရှင်နှင့် ရဟန်းများအပေါ်၌ သံယောဇဉ်ရှိသည်မှတစ်ပါး ကျွန်ုပ်တို့ သာသနာတော်နှင့် မရင်းနှီးကြသေးပေ။ ဖိတ်မန္တကမပြုလျှင် ကျွန်ုပ်တို့ကြွရောက် စားသောက်လေ့မရှိသည်ကို မသိကြ။ နန်းတော်မှ ဘုရားရှင်အားဆွမ်းစားကြွရန် အထူးအထွေ ဖိတ်ကြားနေဖို့မလို။ မိမိနန်းတော်ဖြစ်၍ အချိန်တန်လျှင် နန်းတော်သို့ ကြွ၍ စားလိမ့်မည်အထင်ရှိကာ ယမန်ညက ဘာသာအတိုင်းပြန်သွားကြသည်။ ထို့အတူ အခြားဖိတ်မန္တကပြုသူဟူ၍လည်း တစ်ဦးမျှမရှိခဲ့။

ထို့ကြောင့် ကျွန်ုပ်တို့ ဆွမ်းခံဖွယ်ကိစ္စပေါ်ပေါက်လာရခြင်းမှာ ကပိလဝတ် ပြည်သားတို့အား သာသနာပြုနိုင်ဖို့ရန် အခွင့်အလမ်းတစ်ရပ် ဖြစ်သောကြောင့် ရဟန်း အများ ဝမ်းမြောက်ကြခြင်းဖြစ်သည်။

ထို့နောက် ဘုရားရှင်အမှူးပြုသော ကျွန်ုပ်တို့ သံဃာတန်းကြီးသည် နံနက်ခင်း၏ တက်နေအရောင်အောက်တွင် သင်္ကန်းတို့ကို သေသပ်စွာ ဝတ်ရုံ၍ သပိတ်ကိုယ်စီဖြင့် ကပိလဝတ် မင်းလမ်းမကြီးအတိုင်း ဆွမ်းခံဝင်လေသော် ပထမ၌ ကပိလဝတ်သားတို့သည် အတွေ့ဆန်း အမြင်ဆန်းဖြစ်နေ၍တစ်ကြောင်း၊ သူတို့သခင် မင်းသားကိုယ်တိုင် အမြင်မလှသော အိုးတိုခွက်ယ်ကိုကိုင်စွဲ၍ မြို့လယ်တွင်လှည့်လည် ထမင်းတောင်း သည်ကို တွေ့ရသည်တစ်ကြောင်းကြောင့် အံ့အားသင့်စွာဖြင့် တစ်ဦးနှင့် တစ်ဦး၊ တစ်အိမ်နှင့်တစ်အိမ် ဆူညံပြောဆိုကြသည်။ ထို့နောက်တွင်မူ အဆင်သင့် ရှိသမျှသော ဆွမ်းနှင့်ဆွမ်းဟင်းတို့ကို အားပါးတရ လောင်းလှူကြသည်။

သို့ရာတွင် မကြာလှပါချေ။ မြို့တွင်းသို့ အတန်ငယ် ဝင်ရောက်မိလျှင်ပင် ကျွန်ုပ်တို့ရှေ့မှ လူအများတို့ ရုတ်ရုတ်သဲသဲ ဖြစ်လာကြသည်ကို တွေ့ရသည်။ လမ်းဖယ် ပေးကြ၏။ လမ်းဘေးမှ ဝပ်၍ ဦးညွှတ်ကြ၏။ ပရိသတ်မြင်ကွင်းရှင်းသွားသောအခါမှ တောင်ဝှေးကို အားပြု၍ နောက်ပါနန်းတွင်းပရိသတ်ရှေ့မှ ရှိသမျှအင်အားကိုထုတ်ကာ တလှုပ်လှုပ်ဖြင့် ဘုရားရှင်နှင့် ရင်ဆိုင်ဖို့ ရောက်လာသူကား ခမည်းတော် သုဒ္ဓေါဒန ဘုရင်ကိုယ်တိုင်ပါတည်း။

ခမည်းတော်ကြီးသည် သူ့သားတော်နှင့် ရင်ဆိုင်လမ်းပိတ်၍ ရပ်သည်။ ခမည်းတော်ကြီး၏ မျက်နှာတွင် အတန်ပင် ဒေါသထွက်နေသယောင် တွေ့ရသည်။ ဝတ်ရုံတော်များသည် မသေမသပ်၊ ဒေါသရှိန်ဖြင့် ရှောင်တခင် ဝတ်၍ထွက်လာခဲ့ပုံ ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အသက် ၉၀ ပင် ကျော်လေပြီဖြစ်သော ခမည်းတော်ကြီးသည် ရေးအခါက တိုင်းခန်းလှည့်လည်ရန်အတွက် မြို့တွင်းသို့ တစ်နှစ်လျှင်တစ်ကြိမ် နှစ်ကြိမ်မျှသာ အခမ်းအနား ကြီးကျယ်စွာဖြင့် ထွက်ကြွတော်မူ၍ သက်ရွယ်ကြီးရင့်လာသည့်အခါ၌မူ လုံးဝ မထွက်မကြွသည်မှာ ကြာပြီဟု သိရသည်။ ယခုမူ အခမ်းအနားမပါ၊ မည်သည့် ဝေါယာဉ်ကိုမျှ မစီးဘဲ ထွက်ကြွခဲ့သည်မှာ သူ့ဘက်မှကြည့်လျှင် ချစ်သောသားဆိုးကြီး အတွက် ဒေါသထွက်လွန်း၍ဖြစ်ပေသည်။

သို့သော်လည်း မောနေ၍ ရုတ်တရက် စကားမပြောနိုင်။ အတန်ကြာရပ်၍ အမောဖြေနေရသေးသည်။ နဖူးမှ ချွေးစများကို ဝတ်လဲတော်ဖြင့်သုတ်သည်။ သူ့သားတော်ကို မျက်မှောင်ကြုတ်၍ ကြည့်၏။ ဒေါသကြောင့် သားကြီးအပေါ်တွင် လွှန်လွှန်ကျွံကျွံ ပြောလိုက်မိမည်ကိုလည်း စိုးရိမ်ဟန်တူသည်။

သူ့သားကြီးကမူ ကြီးစွာသောကျေနပ်ခြင်းဖြင့် ရပ်တော်မူလျက်ရှိရာမှ ခမည်းတော်၏ ဒေါသနှင့် သောကရောက်ပုံကို တွေ့ရ၍ စဉ်းငယ်မျှ ပြုံးနေတော်မူသည်။ ကပိလဝတ် မြို့လယ်တွင် မကြုံဖူးသော ပွဲတစ်ရပ်ဖြစ်၍ ပရိသတ်မှာ များသည်ထက်များလာသည်။ ထို့နောက်မှ သားအဖတို့ အချေအတင် စကားပြောကြ၏။

"သားတော် ဘယ်လိုလုပ်လိုက်တာလဲ"

"ဆွမ်းခံခြင်းဖြစ်ပါသည် ခမည်းတော်မင်းကြီး"

"ခမည်းတော်အရှက်ကို ခွဲတာပေါ့လေ"

"ခမည်းတော်အရှက်ကို ခွဲခြင်းမဟုတ်ပါ၊ ဆွမ်းခံခြင်းသည် ရဟန်းတို့ ထုံးစံ အလုပ်ဖြစ်ပါသည် ခမည်းတော်"

"ခမည်းတော်တို့ သာကီဝင်တစ်မျိုးလုံး တောင်းစားရိုး ထုံးစံမရှိဘူး ဆိုတာ သားတော်မသိဘူးလား"

"သိပါသည်၊ သို့ရာတွင် သားသည် ရဟန်းဖြစ်၍ ရဟန်းတို့ထုံးစံအတိုင်း တောင်း၍ စားရပါသည်။ တောင်း၍စားခြင်းသည် ရဟန်းတို့၏ မြတ်သောအကျင့် ဖြစ်သည်။ အာဟာရတစ်လုပ် တစ်ဝမ်းတစ်ခါးမျှအတွက် မိမိ၏ သလုံးမြင်းခေါင်းဖြင့် ရင်း၍ရအပ်သော အာဟာရသည် မြတ်သည်။ သန့်ရှင်းသည်။ အပြစ်ကင်းသည်။ ရဟန်းဟူသည် အပြစ်ကင်းသောအလုပ်၊ အပြစ်ကင်းသောအကျင့်ကို လုပ်ရမြဲ ကျင့်ရမြဲ ဖြစ်သည်။ ထို့ကြောင့် သားသည် ရဟန်းတို့ထုံးစံ မြတ်သောအကျင့် လမ်းစဉ်အတိုင်းသာ ပြုခြင်းဖြစ်ပါသည် ခမည်းတော်"

www.burmeseclassic.com

www.burmeseclassic.com



နလုံးကောင်းအရင်းခံ၊ ပညာဓာတ်ခံ ရင့်ကျက်သော ခမည်းတော်ကြီးသည် ဘုရားရှင်၏ စကားတော်ကို စဉ်းစားဟန်ရှိ၏။ ဘုရားရှင်၏ စကားတော်ကြောင့် ရုတ်ခြည်း မျက်နှာကြည်လင်သွားသည်။ ဝမ်းတစ်ကြိမ်ပြည့်ရုံမျှအတွက် စည်းစိမ်ရှိလျှင် ရှိသရွေ့ ဇာချဲ့ကြသော လူတို့၏ သဘာဝကိုစဉ်းစားမိဟန်ရှိသည်။ သားကြီးအား အပြစ်တင်လိုဇောဖြင့် တက်ကြွလျက်ရှိသော ခမည်းတော်၏ လေသံသည် ဘုရားရှင်၏ မိန့်ခွန်းတော် တစ်ချက်ကြောင့် သိမ်မွေ့စွာ ပြောင်းလဲသွားသည်။

''ရှိပါစေတော့သားတော်၊ သို့သော် သားတော်နှင့် ရဟန်းအားလုံးအတွက် ဆွမ်းကွမ်းအားလုံးကို နန်းတော်တွင် အသင့်ပြင်ထားပြီးဖြစ်ပါသည်။ သားတော်သည် ကိုယ့်နန်း ကိုယ့်အိမ်ဖြစ်၍ အချိန်ကျလျှင် သားတော်ကြွရောက်ပြီး ဘုဉ်းပေးလိမ့်မည် ဟု မျှော်လင့်ခဲ့မိသည်''

''ရဟန်းတို့မည်သည် ပင့်ဖိတ်မည့်သူမရှိလျှင် ကိုယ့်အိမ် ကိုယ့်နန်းပင်ဖြစ်စေ သွားရောက်ရိုး ထုံးစံမရှိပါ ခမည်းတော်''

''ကောင်းပါပြီသားတော်။ ။ ခမည်းတော် နားလည်ပါပြီ။ သားတော်နှင့်တကွ ရဟန်းအားလုံး နန်းတော်သို့ကြွ၍ ဆွမ်းဘုဉ်းပေးတော်မူကြပါဘိ။ ယနေ့မျှသာမဟုတ်၊ နေ့စဉ်နေ့တိုင်းပင် နန်းတော်သို့ကြွ၍ ဘုဉ်းပေးတော်မူကြပါ''

ထို့ကြောင့် ကျွန်ုပ်တို့သည် ဆွမ်းခံလမ်းမှ နန်းတော်သို့ ဦးတည်ကြရ၏။

[ ၉ ]

ကပိလဝတ်နန်းတစ်ခုလုံးသည် ရဟန်းတို့၏ သင်္ကန်းရောင်ဖြင့် လွှမ်းသွား၏။ ဆွမ်းခံလမ်းတွင် စုရုံးခဲ့ကြသော ကပိလဝတ် ပြည်သူပြည်သားတို့သည်လည်း နန်းတော်သို့ လိုက်ပါလာကြသည်။

ယမန်နေ့ညဉ့်က ကပိလဝတ်သို့ ကျွန်ုပ်ရောက်သည့်အချိန်မှစ၍ ယခုအချိန်တိုင် ဘုရားရှင်နှင့် ခမည်းတော်ကြီးတို့အကြောင်းကိုသာ ဦးတည်ပြောဆိုခဲ့ကြသော်လည်း စင်စစ်ဆိုသော် ကပိလဝတ်သားတို့တွင် ကျွန်ုပ်တို့နှင့်ပတ်သက်သော ပြဿနာများစွာ ရှိနေခဲ့ကြသည်။ ကပိလဝတ်သားတို့ဆိုသည်ထက် ကပိလဝတ်သူတို့ဟု ဆိုလျှင် ပို၍ တိကျမည်။

အကြောင်းသော်ကား ရာဇဂြိုဟ်သို့ ဘုရားအပင့်ရောက်၍ ရဟန်းဖြစ်ခဲ့လေသမျှသော တမန်ဟောင်း ရဟန်းတို့သည် များသောအားဖြင့် ဘုရားရှင်အလားတူ သားမယားတို့ကို လွတ်လွတ်စွန့်ပစ်ခဲ့သူများဖြစ်ကြသည်။ ယင်းအပြုအမူမှာ ရဟန်းတို့

www.burmeseclassic.com

www.burmeseclassic.com



ဘက်မှ ကြည့်လျှင် သံယောဇဉ် ကင်းပြတ်သော တရားမြတ် တရားမွန်ကို ကျင့်သုံးမှု ဖြစ်သော်လည်း ဇနီးသားသမီးများဘက်မှ ကြည့်လျှင် ဘုရားရှင်အစ ရဟန်းတော် အားလုံးပင် လူစိမ်းကားကြီးများ ဖြစ်နေကြပေသည်။

သားမယားကိုစွန့်ပစ်၍ ရသေ့ရဟန်း ပြုလုပ်ခြင်းသည် ရာဇဂြိုဟ်၊ ကပိလဝတ် တို့တွင် အသစ်အဆန်းမဟုတ်တော့သော်လည်း ကြိုတင်အသိပေးမှုကလေးမျှ မရှိဘဲ ဤမျှမြောက်မြားစွာ အစုလိုက် အပြုံလိုက် စွန့်ပစ်ကြခြင်းမှာကား မကြုံစဖူး ထူးကဲ လှသော အသစ်အဆန်း စိမ်းကားပွဲကြီးတစ်ရပ်ဖြစ်လျက်ရှိပေသည်။ မုဆိုးမများစွာ၏ ကံတူအကျိုးပေးပွဲကြီးသဖွယ် ဖြစ်လျက်ရှိနေပေသည်။

သူတို့သည် ခမည်းတော်ကြီးက ဘုရားရှင်ကို လိုက်လိုက်လဲလဲ တွေ့ဆုံ ကြိုဆိုသကဲ့သို့ သူတို့ခင်ပွန်း၊ သူတို့သား၊ သူတို့မိဘ၊ သူတို့အစ်ကို၊ သူတို့ဦးလေးတို့ကို လိုက်လဲစွာ ကြိုဆိုလိုကြပေလိမ့်မည်။

သို့ရာတွင် ခမည်းတော်ကြီးနှင့် နန်းတွင်းပရိသတ်အခံရှိနေကြသောကြောင့် သူတို့ ရဟန်းများအနီးသို့ မတိုးဝံ့ကြ။ အဝေးကသာ လှမ်းမျှော်နှုတ်ဆက်ခဲ့ကြရသည်။

ကပိလဝတ်မြို့တွင်းသို့ ကျွန်ုပ်တို့ ဆွမ်းခံဝင်ကြသောအခါ သူတို့အဖို့ အနီးကပ် ဖူးတွေ့နိုင်ရန် အခွင့်ကြုံကြ၏။ သူတို့သည် ကျွန်ုပ်တို့ ဆွမ်းခံရာသို့ တစ်ယောက်တစ်ဆင့် သတင်းဖြင့် သိရှိကြကာ ရုတ်ခြည်းဆိုသလိုပင် စုရုံးရောက်ရှိလာကြသည်ကို တွေ့ရ၏။ ရဟန်းများကိုကြည့်၍ အချို့မျက်ရည်လည်ရွဲဖြစ်ကြသည်။ အချို့အံ့အားသင့်ကြသည်။ အချို့ငေးမှိုင်ကြသည်။

မိမိခန္ဓာကိုယ်ကို တတ်နိုင်သမျှ အလှအပဖြစ်လေအောင် တသသနေလေ့ ရှိကြသော လူ့ဘဝမှ လှသည်ဆိုသော ဆံပင်တို့ကို ဦးပြည်းဆံတိုအဖြစ် ဖြတ်တောက်၍ လည်းကောင်း၊ အစပ်အဖာများစွာနှင့် ရင့်ခိုင်သော အရောင်ရှိသော အဝတ်အဆင် ကြီးကို ဝတ်ဆင်၍လည်းကောင်း၊ အိုးတိုလည်ပြတ်ဟု ဆိုအပ်သော ခွက်မည်းကြီးကို ကိုင်စွဲ၍လည်းကောင်း၊ ရင့်ကျက်သော အမူအရာ မျက်နှာထားကိုယ်စီကိုဆောင်၍ လည်ကောင်း တွေ့ကြရသည်မှာ ငိုလောက်ဖွယ်ရာ၊ ငေးငိုင်ဖွယ်ရာ၊ အံ့အားသင့် ဖွယ်ရာဖြစ်ပေလိမ့်မည်။

တွေ့ဆုံ၍ အားမရသေးမီမှာပင် ဆွမ်းခံလမ်းမသို့ ခမည်းတော်ကြီးကိုယ်တိုင် ရောက်လာကာ နန်းတော်သို့ ပင့်ဆောင်သွားပြန်သည်။ ထို့ကြောင့် သူတို့သည် နန်းတော်သို့ စုရုံးလိုက်ပါ လာကြခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



လူစိမ်းကားကြီးတို့၏ ရင်ကျိုးစေဖွယ်ရာ ခွဲခွာခံရသော 'သူတို့'ဆိုသည့် အထဲတွင် အကြီးဆုံးသောပြဿနာရှင်တစ်ယောက် ရှိနေခဲ့သည်။ သူကား လူစိမ်းကား တို့၏ဘုရင်ဟုဆိုလောက်သော ဘုရားရှင်ကိုယ်တော်မြတ်၏ မြောက်သား ကြင်ယာ တော်ဟောင်း ဘဒ္ဒကစ္စနာ ယသော်ဓရာပင်တည်း။

ကျွန်ုပ်တို့သည်ဆရာ၏ကိစ္စဖြစ်သောကြောင့် ဘဒ္ဒကစ္စနာအရေးကို ပို၍စိတ်ဝင်စား ကြသည်။ ပို၍ စဉ်းစားမိကြသည်။ ဘဒ္ဒကစ္စနာသည် သူတကာကဲ့သို့ ပူပန်ရုံမျှမက သူစိမ်းကားကြီးအပေါ်တွင် ရက်စက်လေသော်ကောဟု အသည်းနာနေပုံလည်းရသည်။

မေတ္တာစိတ်မည်သည် စိမ်းကားလွန်းမှုနှင့် တွဲဖက်လေသောအခါ ချစ်စိတ်နာ ဖြစ်လာတတ်သည်။

ဘဒ္ဒကစ္စနာ၏ ချစ်သည်းနာစိတ်ကို သိနိုင်သည်မှာ ယမန်နေ့ညဦးက ကပိလဝတ်နန်းသူ ပြည်သူတစ်ရပ်လုံး သိမ့်သိမ့်တုန်မျှ ကြိုဆိုရာတွင် သူမပါဝင်ခဲ့သည်ကို ထောက်၍ အကဲခတ်ရခြင်းဖြစ်သည်။

သို့ရာတွင် သူ့သတင်း၊ သူ့ပြုမူချက်များကိုမူ ပရိသတ်များထံမှ ဝိုးတဝါး ကြားနေရ၏။ ဘုရားရှင်ကို သူကိုယ်တိုင် မကြိုဆိုသော်လည်း သူ့အခြွေအရံ မောင်းမ များသည် ဘုရားရှင်အနီး၊ ဘုရားနှင့်မလှမ်းမကမ်းတွင် အမြဲရှိနေကြကာ ဘုရားရှင် မည်သည့်စကား မိန့်တော်မူသည်၊ ဘုရားရှင်မည်သို့ ဝတ်ဆင်တော်မူသည်၊ ဘယ်ပုံ နေထိုင်တော်မူသည်၊ ဘယ်ပုံအမူအရာရှိသည်မှအစ သူ့ထံသို့ သတင်းစုံရောက်နေသည် ဆို၏။ ကျွန်ုပ်တို့ ဆွမ်းခံဝင်လာကြသည်ကိုပင် သူသတင်းပို့သောကြောင့် ခမည်းတော်ကြီး သိရှိရသည်ဆို၏။

ကျွန်ုပ်တို့ ဆွမ်းခံလမ်းသည် ကပိလဝတ်နန်းဆောင်များဘေးမှ ဖြတ်၍ လာခဲ့ရခြင်းဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့ ဆွမ်းခံဝင်လာကြသည်ကို ကပိလဝတ် နန်းသူနန်းသားတို့မြင်နိုင်ကြသည်။ ထိုအချိန်တွင် ဘဒ္ဒကစ္စနာသည် နန်းလေသာပြတင်း တစ်ခုမှ တံခါးကိုမပွင့်တပွင့်ဖွင့်၍ မောင်တော့်ရုပ်ပုံ ရွှေကြေးမုံကို အာရုံစူးစိုက်၍ ဦးတိုက်ရှုစားသည်။ ရှုစားရုံမျှမက အပါးတွင် အဆင်သင့်ရှိနေသော သားတော်လေး ရာဟုလာကို လက်ဆွဲ၍ ဘုရားရှင်သို့ လက်ညှိုးညွှန်ကာ တဖွဖွပြောဆိုသည်ဟု သတင်းသဲ့သဲ့ ကြားရသည်။

ဘဒ္ဒကစ္စနာအဖို့ သူတကာထက်ပို၍ အသည်းနာမည်ဆိုလျှင်လည်း နာလောက် စရာပါပေ။ အကြောင်းကား မောင်တော် သိဒ္ဓတ္ထ စွန့်ပစ်ထွက်ခွာသည့်အချိန်သည် သားတော်ကလေး ဖွားမြင်ပြီးစ အချိန်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မီးတွင်းအမျိုးသမီးအဖို့ အခြားအားထားဖွယ် အဘယ်မျှရှိစေကာမူ လင်သားကိုသာ တောင်ထုပမာ အားထားအားပြုကြမြဲ ဓမ္မတာဖြစ်ပေ၏။ ယင်းသို့ အားငယ်ချိန်၌ အားပြုစဉ်တွင် မောင်တော်သိဒ္ဓတ္ထက စွန့်ပစ်သွားခြင်းကိုခံရရှာသူဖြစ်သည်။

ထို့ထက် တစ်နေ့တခြား ကြီးပြင်းလာလေသော သားကလေးအား ဖခင်ရှိပါလျက် မရှိသယောင် လက်ညှိုးထိုးပြစရာမျှ မရှိခဲ့ပေရာ ဘဒ္ဒကစ္စနာဘက်မှ ကြည့်လျှင် အသည်းနာလောက်ပါပေသည်။

ယခု ကျွန်ုပ်တို့ နန်းပေါ်သို့ ရောက်လာကြပြီဖြစ်၏ ဘဒ္ဒကစ္စနာ မည်သို့ ကြိုဆိုလေမည်နည်း။

မည်သို့မျှ မကြိုဆိုပေ။ ခမည်းတော်ကြီးအစ ကလေးသူငယ်တို့ပါမကျန် နန်းသူနန်းသား အားလုံးမျှ နန်းရင်ပြင် ဆွမ်းကျွေးရာနေရာသို့ ရောက်ရှိနေကြပေပြီဖြစ်သော်လည်း ယသော်တို့သားအမိမှာမူ သူ့အိပ်ခန်းဆောင်မှ လုံးဝထွက်မလာကြဟု သိရသည်။ ယသော်ရောသည် ယခုအချိန်အထိ စိတ်ကောက်ပြေနိုင်သေးဟန် မတူပေ။

ကျွန်ုပ်တို့သည် ခင်းထားအပ်သော နန်းရင်ပြင်၌ ထေရ်စဉ်အလိုက် ငြိမ်သက်စွာ ထိုင်လျက်ရှိကြ၏။ ဘုရားရှင်သည် ခမည်းတော်အမှူးရှိသော ရှေ့ပိုင်းပရိသတ်နှင့် သင့်လျော်သော တရားစကားများ မိန့်ကြားတော်မူလျက်ရှိသည်။ နောက်ပိုင်းတွင် လူကြီးအချို့နှင့် ဆွမ်းကျွေးရန်ကိစ္စအတွက် စီမံခန့်ခွဲလျက်လည်းကောင်း၊ နန်းသားနန်းသူ ပျိုရွယ်သူများစွာတို့သည် ဆွမ်းကွမ်းကိစ္စအထွေထွေကို လုပ်ကိုင်လျက်လည်းကောင်း ရှိကြသည်။

ကပိလဝတ် ရဟန်းတို့အဖို့ နန်းတွင်းမှ ဘဒ္ဒကစ္စနာအစ ထင်ရှားသော နန်းသူနန်းသား အားလုံးကို သိကြမည်ဖြစ်သော်လည်း ကျွန်ုပ်တို့ ရာဇဂြိုဟ်သားရဟန်းအဖို့ကား မမြင်ဖူး၍ မသိကြပေ။ သို့ရာတွင် အမူအရာကိုထောက်၍လည်းကောင်း၊ ခမည်းတော်ကြီး၏ စကားအသွားအလာကို ထောက်၍လည်းကောင်း ယသော်ရော ထွက်မလာကြောင်း သိရသည်။

ခမည်းတော်ကြီးက ပရိသတ်ကိုကြည့်ကာ ယသော်ရောကို မတွေ့၍မေးသည်။ နန်းသူတစ်ယောက်က ယသော်ရောသည် သဠာခန်းဆောင်က ထွက်မလာလိုကြောင်း လျှောက်ထားသည်။ ထိုအခါ ယသော်၏သောကကို ဘုရားရှင်ထက်ပို၍ သိသော ခမည်းတော်ကြီးက တစ်စုံတစ်ရာ ဆက်၍မပြောတော့ဘဲ သူ့သားတော်၏ မျက်နှာကို တစ်ချက်မျှ ဖူးလိုက်သည်။ သို့ရာတွင် ဘုရားရှင်၏ကြွေတော် စဉ်းရွေးမျှ လှုပ်ရှားလေသည်ကို မတွေ့ရ။ ညှိနေရာ၌ သူတို့သားအဖသည် စည်းဝါးကိုက်ထားသည့်အလား ပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သားတော်ကလည်း ဣန္ဒြေရှင်၊ သမီးတော်ကလည်း သောကရှင်ဖြစ်နေကြသည်ကို ခမည်းတော်ကြီးက မေတ္တာအကျိုးတော်ဆောင် နေရာယူကာ ဆွမ်းကိစ္စပြီးသောအခါမှ သားမြတ်ဘုရားအား ယသော်၏ သောကအကြောင်း အကျယ်တဝင့်လမ်းခင်းလျှောက်ထားသည်။

သားတော်သည် ထီးနန်း၌မပျော်၊ တောထွက်တော်မူလိမ့်မည်ကို ခမည်းတော်ကအစ ယသော်အဆုံး ဆွေမျိုးအားလုံး ရေးမဆွကပင် သိကြပြီးဖြစ်သည်။ သို့ရာတွင် သားတော် တောထွက်တော်မူသည့်အချိန်မှာ အခြားလူများအဖို့ ရှိပါစေဦး၊ ယသော်အပေါ်၌မူ ရက်စက်တော်မူလွန်းရာကျသည်။ ယသော်ကို ရိုးရိုးအချိန်အခါ၌ မထောက်ထားသည့်တိုင် သားကလေးမွေး၍ သွေးအားငယ်နေချိန် စွန့်ပစ်ခဲ့ရာ၌ မတော်တဆကစဥ့်ကပါးဖြစ်သွားဖွယ်ရှိသည်ကို ထောက်ထားဖို့ကောင်းသည်။ ယသော်ကို ထားပါဘိဦး၊ မွေးကင်းစ ရင်သွေးကလေးကိုမူ ထောက်ထားဖို့ကောင်းသည်။ ယခုမူ သားတော်သည် မည်သည့်အကြောင်းကိုမျှ မထောက်ဘဲထွက်သွားတော်မူသည်မှာ စိမ်းကားတော်မူလွန်းလှပေသည်။

နံနက်လင်း၍ သားတော်မရှိမှန်းသိသောအခါ ယသော်ခမျာ သည်းအူပြတ်မျှ သောကရောက်ရှာ၏။ သောကကြောင့် အစားကိုလည်းမေ့သည်။ အအိပ်ကိုလည်း မေ့သည်။ ခမည်းတော်တို့မှာ ကိုယ့်သောကကိုနောက်ထား၍ ယသော်ကိုပင် အားပေးပြုစုနေကြရသည်။ ကြာသော် ယသော်အဖို့ သောကသည်ပင် မိတ်ဆွေဖြစ်လာကာ ထူးထူးခြားခြား အပြုအမူများကို ပြုမူ၍လာသည်။

တောတွင်းမှ သား၏သတင်းကို ခမည်းတော်ထက်ပင် ယသော်က ပို၍သိနေသည်။ သားတော်သည် အဝတ်ကောင်း အဆင်ကောင်းကိုပယ်၍ ဖန်ရည်ဆိုးသင်္ကန်းကို ဆင်မြန်းသည်ဟု ကြားရချိန်မှစ၍ ယသော်သည် ဝတ်ကောင်းစားလှ အားလုံးကိုပယ်ကာ ယနေ့တိုင် ဖန်ရည်ဆိုးယောဂီအဝတ်ကိုသာဝတ်တော့သည်။ သားတော်သည် အိပ်ရာကောင်း နေရာကောင်းကိုပယ်သည်ဟုကြားရသည့်အချိန်မှစ၍ လျောင်းစက်ရာ သင္ဂာညောင်စောင်းကိုပယ်၍ ယနေ့တိုင် အနိမ့်တွင်ပင်အိပ်စက်သည်။ သားတော်သည်နေ့လွဲညစာ မစားဟုကြားရချိန်မှစ၍ ယသော်ကလည်း ယနေ့တိုင်ပင် နေ့လွဲညစာကိုပယ်သည်။ သားတော်နှင့်ကင်းကွာသည့်ခုနစ်နှစ်အတွင်း၌ ယသော်အဖို့ ရွှင်ပြခြင်းဟူသည်မရှိ၊ ရယ်မောပျော်ရွှင်ဖို့ဆိုသည်ဝေး၍ နန်းတွင်းသူ ရသေ့မကြီးတစ်ပါးကဲ့သို့ နေထိုင်ခဲ့သည်။ ထို့ကြောင့် သားတော်အပေါ်၌ယသော်၏ မေတ္တာသည် တောင်ထုပမာကြီးမားလှပါပေသည်။

သားတော် ရောက်လာရာ၌ ယမန်နေ့ညဥ့်က စ၍ ယခုတိုင်အောင် ယသော် လာရောက် မဖူးတွေ့ခြင်းမှာ သူ့ဘက်မှကြည့်လျှင် မှန်သည်ဟု ခမည်းတော်

www.burmeseclassic.com

www.burmeseclassic.com



သဘောရသည်။ အကြောင်းမှာ သားတော်ကို ထွက်၍ဖူးတွေ့ခဲ့လျှင် ခုနစ်နှစ်တိုင် မျိုသိပ်ထားခဲ့ရသော သောကထု သောကစိုင်အလုံးအခဲသည် ပရိသတ်မိုလ်ပုံအလယ်၌ ပေါက်ကွဲဖို့ရှိသည်။ ထိုအခါ သားတော်အား နှောင့်ယှက်ရာကျ၍ သူ့အဖို့လည်း အမြင်မလှအဆင်မလှဖြစ်ဖို့ရှိသည်။ သို့ဖြစ်၍ ယသော်၏ မေတ္တာထုကို ထောက်ထားကာ သားတော်သည် ယသော်၏ခန်းသဉ္စာသို့ ကြွသင့်ပါကြောင်း ရှေ့နေကောင်းကြီးသဖွယ် ခမည်းတော်ကြီးက စီကာပတ်ကုံး လျှောက်ထားလေသည်။

[ ၁၀ ]

ခမည်းတော်ကြီး၏ လျှောက်ထားချက်အရ ဘုရားရှင်သည် ယသော်၏ ခန်းဆောင်သို့ ကြွရန် ဟန်ပြင်တော်မူသည်။ သာရိပုတ္တရာနှင့် ကျွန်ုပ်ကိုကြည့်တော်မူ၍ ကျွန်ုပ်တို့ နှစ်ယောက် နောက်တော်က လိုက်ရမည်ဟု အမိန့်ပေးတော်မူသည်။ ခမည်းတော်ကြီးကို ရှေ့မှလမ်းပြစေသည်။

ဆွမ်းကိစ္စပြီးချိန်ဖြစ်၍ လှုပ်ရှားမှုများ မပြတ်သေးသော်လည်း ခမည်းတော်ကြီးသည် သောကဇာတ်လမ်းကြောင့် နန်းပြင်တစ်ခုလုံး တိတ်ဆိတ်လျက်ရှိသည်။ ယသော်၏သောကသည် ခမည်းတော်ကြီးမှတစ်ဆင့် ပရိသတ်အားလုံးသို့ ကူးစက်ဟန်ရှိ၏။ ပန်းကန်ခွက်ယောက် သိမ်းဆည်းကြသော နန်းတွင်းအမှုလုပ်တို့သည်ပင် တိတ်ဆိတ်စွာ လှုပ်ရှားလျက်ရှိကြ၏။

ကျွန်ုပ်တို့သည် နန်းရင်ပြင် ပရိသတ်ကိုဖြတ်၍ ယသော်၏အဆောင်သို့ လာကြသည်။ ယသော်၏အဆောင်သို့ ဘုရားရှင်ကြွဖို့ဟန်ပြင်တော်မူလိုက်ကတည်း ကပင် ပရိသတ်နောက်မှ ရုတ်တရက် လှုပ်ရှားထွက်ခွာ၍သွားသော နန်းတွင်းသူ တစ်ယောက်ကို တွေ့လိုက်ရသည်။ ယသော်၏ထံသို့ ဘုရားရှင်ကြွလာမည့်အကြောင်း ကြိုတင်သတင်းပို့သူဖြစ်ဖို့ရှိသည်။

ခန်းမကြီးနှစ်ခု လွန်သောအခါ နန်းတော်ကြီးနှင့်တွဲ၍ သီးခြားဆောက်လုပ်ထားသော ခန်းမအဆောင်ကြီးကို တွေ့ရသည်။ ထိုခန်းမအဆောင်ကြီးသည်ပင် ယသော်၏ခန်းဆောင်ဖြစ်ဖို့ရှိသည်။ အကြောင်းသော်ကား ကျွန်ုပ်တို့သည် ထိုခန်းဆောင်သို့ တူရူသွားနေကြ၍ဖြစ်ပေ၏။

သားတော် သိဒ္ဓတ္ထအရွယ်ရောက်သောအခါ တောထွက်မည်စိုးသော ခမည်းတော်ကြီးက သားတော်အတွက် လွတ်လပ်စွာ စည်းစိမ်ခံစားနိုင်ရန် သီးခြား ခန်းဆောင်ကြီးများ ခမ်းနားစွာ ဆောက်ပေးခဲ့သည်ဟု ကြားရဖူး၏။ ယခုတွေ့ရသော

www.burmeseclassic.com

www.burmeseclassic.com



ယသော်၏အဆောင်သည် သားတော်အတွက် ခမည်းတော် ဆောက်လုပ်ပေးခဲ့သော သီးခြားအဆောင်တစ်ခုဖြစ်ဖို့ရှိသည်။

ခန်းမဆောင်အဝသို့ ရောက်သောအခါ နန်းတွင်းသူ နှစ်ယောက်သည် အဆောင်တံခါးရွက်ကြီးများကိုဖွင့်၍ တစ်ဖက်တစ်ချက်တွင် ရှိခိုးလျက်ရပ်ကြ၏။ ထိုတံခါးကို လွန်သောအခါ ခန်းတွင်းပြည့် ခင်းထားသော ကတ္တီပါအခင်းကြီးကို နင်းမိကြသည်။ သို့ရာတွင် ယသော်၏အတွင်းဆောင်မဟုတ်သေးပေ။ မောင်းမမိဿံတို့ နားနေရာ ခန်းမဆောင်သို့ ကြွရောက်သူများကို ညှော်ခံရာ၊ ယသော်အပျင်းဖြေရာ၊ မောင်းမမိဿံတို့ အိပ်စက်ကြရာ အပြင်ဆောင်ဖြစ်ပေလိမ့်မည်။

ဤသို့စဉ်းစားမိခြင်း၌ အကြောင်းရှိသည်။ ဘုရားရှင်သည် တောထွက်မည့်ညဉ့်က အချိန်မဲ့တွင် အိပ်ရာမှနိုးတော်မူ၍ ညဉ့်ဦးပိုင်းတွင် တီးမှုတ်မျိုးစုံ ဝတ်ကောင်းစားလှ အက, အဆိုတို့ဖြင့် ဖြေဖျော်ခဲ့ကြပြီး အိပ်ပျော်လျက်ရှိကြသော မောင်းမများကို ရှုကြည့်လိုက်ရသောအခါ အချို့ဟောက်လျက်၊ အချို့ သွားရည်ယိုစီးလျက် ပုံပျက်ပန်းပျက် ဖြစ်လျက်ရှိကြသည်ကိုတွေ့ရ၍ ကြီးစွာသော သံဝေဂရခဲ့သည်ဟုဆိုရာ ဤနေရာ ခန်းမဆောင်ပင်ဖြစ်လိမ့်မည်ဟု ကျွန်ုပ်ခန့်မှန်းသည်။ အခန်းတစ်နေရာတွင် တူရိယာပစ္စည်းမျိုးစုံကိုလည်း တွေ့ရသည်။ လှပစွာ ဆင်ယင်အပ်သော နံရံတို့တွင် ပန်းချီပန်းပုမျိုးစုံကိုလည်း တွေ့ရသည်။

ခန်းမအလယ်ခန့်၌ တစ်ဖက်နှစ်ယောက်စီရပ်၍ ရှိခိုးလျက်ရှိကြသော နန်းတွင်းသူ လေးယောက်ကို တွေ့ရသည်။ သူတို့သည် ဘုရားရှင်၏ မျက်နှာတော်ကို စူးစိုက်စွာ ဖူးမြော်ကြ၏။ ထူးခြားသော ဘုရားရှင်၏ သတင်းများကို အထပ်ထပ်ကြားပြီး လေပြီးသော နန်းတွင်းသူများဖြစ်ကြဖို့ရှိသည်။

ထိုနန်းတွင်းသူ လေးဦး၏အလယ် တူရူတွင် အတွင်းဆောင်ခန်းမကြီးကို တွေ့ရ၏။ ထိုခန်းမ၏ တံခါးကြီးနှစ်ဘက်ကို ဖွင့်ထားပြီးဖြစ်သည်။ သို့ရာတွင် ရွှေချည်တို့ဖြင့် အနားသတ်သော စိမ်းညိုရောင် ကတ္တီပါခန်းဆီးကြီးကာထား၏။ ထိုကတ္တီပါခန်းဆီးကြီးလွန်သော် ယသော်နှင့် တွေ့ရဖို့ရှိသည်။

ခန်းမကြီးသည် တိတ်ဆိတ်လျက်ရှိသည်။ အသံစိုးစဉ်းမျှမရှိ၊ ကတ္တီပါပေါ်၌ လျှောက်သွားကြသောကြောင့် ကျွန်ုပ်တို့၏ ခြေသံများကိုပင် မကြားရ။ ခမည်းတော်ကြီးသည် ထိုကတ္တီပါ ခန်းဆီးအနီးသို့ ဘုရားရှင်ကို ဦးဆောင်၍ခေါ်သွားသည်။ ခန်းဆီးအနီးသို့ရောက်သော် ခမည်းတော်ကြီးသည် နံဘေးသို့အနည်းငယ် ဖယ်၍ပေးလိုက်သည်။ ဘုရားရှင်အား ရှေ့တော်မှဝင်တော်မူပါဟု ဆိုလိုခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်တည်းမှာပင် ခမည်းတော်ကြီးသည် မောင်းမများထံသို့ လက်ဟန် အနည်းငယ် ပြလိုက်သည်တွင် ပိတ်ဆီးလျက်ရှိသော ကတ္တီပါခန်းဆီးကြီးသည် တဖြည်းဖြည်း ပွင့်ဟသွားသည်။ အတွင်းဘက် ကတ္တီပါခန်းဆီး၏အစပ်တွင်တွေ့ရသော ယောဂီဆံကျစ်ထုံး၊ ယောဂီရောင်အဝတ်အဆင်ဖြင့် ရှိခိုးလျက်ထိုင်နေသောသူကား ဘဒ္ဒကစ္စနာ ယသော်ဓရာတည်း။

ကတ္တီပါခန်းဆီးကို ဖွင့်လိုက်သောအခါ ဘုရားရှင်၏ ပထမဆုံးသော ခြေလှမ်း သည်ပင် ထိုအမျိုးကောင်းသမီး၏ ရှေ့သို့ရောက်သည်။ ရောက်သည်နှင့်တစ်ပြိုင်နက် ပင်လျှင် အမျိုးကောင်းသမီးသည် ဘုရားရှင်၏ ခြေတော်အစုံကို အားရပါးရပွေ့ဖက် လိုက်၏။ ပွေ့ဖက်ပြီးသော် ခြေတော်အစုံကို အားရပါးရနမ်းရှုပ်၏။ မျက်နှာဖြင့် အထပ်ထပ် ပွတ်သတ်၏။ မျက်ရည်တို့ဖြင့်စိုရွှဲစေ၏။ ပွေ့ဖက်ထားသော လက်နှစ်ဘက်သည် တင်းကျပ်လှ၏။ ခြေတော်အစုံကို တင်းကျပ်စွာ ပွေ့ဖက်ခြင်း၊ မျက်နှာဖြင့် ပွတ်သပ်ခြင်း၊ နမ်းရှုပ်ခြင်းတို့သည် အတန်ကြာသည့်တိုင်ပင် အထပ်ထပ်ဖြစ်၏။ ထိုအတွင်း သောကဖြင့် ရှိုက်အပ်သော ကိုယ်လုံးသည်လည်း တသိမ့်သိမ့် တုန်ခါလျက်ရှိလေ၏။

ဖနီးဟောင်း ခင်ပွန်းဟောင်းတို့ပင်ဖြစ်စေကာမူ အရိယာသူတော် သူမြတ် တစ်ယောက်အပေါ်၌ ဤမျှသောအပြုအမူသည် လွန်လွန်းနေပြီဟု ခမည်းတော်ကြီး အထင်ရှိဟန်တူသည်။ ယသော်ဓရာ၏ အပြုအမူရပ်စေဖို့ တားဆီးရန် ခမည်းတော် ကြီးက လက်တားဟန်ပြင်သည်။ သို့ရာတွင် ဘုရားရှင်က ခမည်းတော်ကြီးကို တားတော်မူသည်။ ယသော်အလိုရှိသမျှ ပြုမူပါစေဟု ခွင့်ပြုတော်မူသည်။

ငိုရှိုက်သော ယသော်ဓရာ၏ တအီအီထွက်လာသော အသံမှတစ်ပါး အားလုံး တိတ်ဆိတ်လျက်ရှိသည်။ ထိုအခိုက် နန်းတွင်းသူတစ်ယောက်ခေါ်လာ၍ သားတော်လေး ရောက်လာသည်ကို တွေ့ရသည်။ နန်းတွင်းသူက သားတော်လေးကို ကျွန်ုပ်တို့ဆီသို့ ပို့လိုက်၏။ ခမည်းတော်ဘုရင်ကြီးက သူ့မြေးကိုလက်လှမ်းသည်။ သို့ရာတွင် သားတော်လေးသည် ဘုရင်ကြီးဆီသို့မသွားဘဲ ငိုယိုပွေ့ဖက်လျက်ပင် ရှိသေးသော သူ့မိခင်အနီးသို့သွားကာ ဘုရားရှင်၏ သင်္ကန်းတော်စကို ကိုင်သည်။ ဤကလေးကို သွေးကပြောဟန်ရှိသည်။

အတန်ကြာမှ အမျိုးကောင်းသမီးကြီးသည် ပွေ့ဖက်သည်ကို လျှော့ကာ တသိမ့်သိမ့်တုန်လျက်ပင် ရှိသေးသောကိုယ်မှမျက်နှာကို တဖြည်းဖြည်းချင်းမော့၍ ဘုရားရှင်ကိုဖူးသည်။

ယသော်၏ မျက်နှာတွင် မျက်ရည်တို့သည် တသွင်သွင်စီးယိုလျက်ပင် ရှိကြ သေး၏။ မျက်လုံးနှစ်ဖက်သည် ရီမှောင်လျက်ရှိကြသည်။ နှုတ်ခမ်းသည် တုန်ယင်လျက်

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ ပြောစရာတွေကများသည်။ သို့ရာတွင် အဘယ်ကစ၍ ပြောရမည်မသိ။ နှုတ်ခမ်းသာလှုပ်သည်။ အသံကမထွက်။

ဘုရားရှင်ကို မမိုတ်သောမျက်စိတို့ဖြင့် မော်၍ဖူးသည်။ ဘုရားရှင်၏ ခြေတော်တို့မှ ခွာပြီးသော ယသော်၏လက်တို့သည် တလှုပ်လှုပ်ဖြစ်လျက်ရှိကြသည်။ ခြေတော်မျှသာမက ဘုရားရှင်၏တစ်ကိုယ်တော်လုံးကိုပင် ပွေ့ဖက်လိုဟန်ရှိသည်။ သို့ရာတွင် မတော်ပါတကားဟူသော အသိကလည်းတစ်ဖက်မှ တားဆီးထားဟန်ရှိသည်။

လက်ကိုမြှောက်၏။ ပြန်ချ၏။ သက်နှိုးစကိုကိုင်၏။ ခပ်တင်းတင်းကလေး ဆွဲသည်အထိပင်ပြုမူ၏။ ထို့ထက်ကားမပို။ ဘုရားရှင်၏ ဣန္ဒြေတော်သည်လည်းကောင်း၊ အဝတ်အဆင်တို့ကလည်းကောင်း ဘဝခြားလေပြီဖြစ်ကြောင်းကို အမျိုးကောင်းသမီးအား သဘောပေါက်စေဟန်တူသည်။ အကြောင်းသော်တစ်မူကား အမျိုးကောင်းသမီး၏ မျက်လုံးအစုံသည် ဘုရားရှင်၏ မျက်နှာတော်ကို မမိုတ်မသုန် ဖူးတွေ့လျက်ရှိရာမှ သောကအပူဓာတ် လျော့ပါးလာသည်ကို တွေ့လာရသောကြောင့်ဖြစ်၏။

ခံစားခြင်းဆိုသည်မှာ အတိုက်ဓာတ်နှင့် အခံဓာတ်တို့၏ ပေါင်းဆုံရာမှ ဖြစ်ပေါ်၍ အတိုက်နှင့်အခံတို့ သဘောညီညွတ်မှ ပွားစည်းနိုင်သည်။ လူသတ္တဝါတို့၏ အာရုံခံစားမှုများသည် အတိုက်ဓာတ်နှင့် အခံဓာတ်တို့၏ ဖောက်ပြန်ခြင်းမျှဖြစ်သည်။

ပုထုဇဉ် လူသတ္တဝါတို့ကို အာရုံငါးပါး အတိုက်ဓာတ်သည် တစ်နည်းမဟုတ်တစ်နည်းဖြင့် အမြဲတမ်းတိုက်ခိုက်လျက်ရှိသည်။ သို့ရာတွင် အခံဓာတ်က အတိုက်မခံလျှင် အတိုက်ဓာတ်တို့မည်သည် အလိုအလျောက်လွင့်ပါးပျက်ပြယ်သွားကြမြဲဖြစ်၏။

ဘုရားရှင်သည် အာရုံခံစားမှုမှ လွတ်မြောက်တော်မူပြီးသူဖြစ်သည်။ အတိုက်ဓာတ်တို့မှ ကင်းလွတ်တော်မူပြီးသူဖြစ်သည်။ တစ်နည်းဆိုသော် ဘုရားရှင်သည် ကျောက်တောင် ကျောက်တုံးဖြစ်သည်။ အာရုံတည်းဟူသောလေ၏ တိုက်ခတ်မှုကြောင့် မတုန်လှုပ်။ ဤခန်းဆောင်သို့ ယသော်၏သောက အေးငြိမ်းစေရုံမျှ ကြွလာတော်မူခြင်းဖြစ်သည်။

ယသော်၏ သောကသည် ဘုရားရှင်သို့မရောက်။ ယသော်အဘယ်မျှ သောကတောင်ထုဖြစ်နေစေ၊ ဘုရားရှင်၏အမူအရာတော်သည်တည်ငြိမ်၏။ မျက်နှာတော်သည် ကြည်လင်မြဲကြည်လင်၏။ ထိုတည်ငြိမ်မှု၊ ကြည်လင်သန့်ရှင်းမှု အအေးဓာတ်သည် ယသော်သို့ကူးစက်သည်။ မိမိ၏သောကသည် တစ်ဖက်သတ်မျှသာ ဖြစ်နေပါတကားဟု ယသော်စဉ်းစားမိဟန်တူသည်။

ဘဒ္ဒကစ္စနာသည် သာမန်အမျိုးကောင်းသမီးမျှမဟုတ်။ စဉ်းစားဆင်ခြင်မှု အခြေခံကြီးသူဖြစ်သည်။ ရုပ်ရည်သန့်ပြန့်သည်။ ကျက်သရေရှိသည်။ လင်ရေးသားရေး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍ ပူဆွေးလေသော်လည်း သူ့သွင်ပြင်၊ သူ့မျက်လုံးများသည် ရင့်ကျက်မှုအသွင်ကို ဆောင်ကြ၏။ ထို့ကြောင့်လည်း နောင်ခါ၌ ဘုရားလမ်းစဉ်ဖြင့် ကျွတ်တမ်းဝင်နိုင်ခဲ့သူ ဖြစ်ရုံမက ဘိက္ခုနီမများအနက် အဘိညာဉ် တေဒဂ်ရသူပင် ဖြစ်ခဲ့သည်။

အားရပါးရ ပူဆွေးငိုရိုက်ပြီးသည့်၏နောက်တွင် ယသော်သည် မျက်ရည်စတို့ကို သုတ်၏။ မသေသပ်သော အဝတ်အဆင်တို့ကို သေသပ်အောင်ပြင်ဆင်၏။ ဘုရားရှင်၏ မျက်နှာတော်သို့ စူးစိုက်စွာမော်ဖူးရာမှ မျက်လွှာကိုအောက်သို့ချသည်။ ထို့နောက် တရိုတသေ ဦးခိုက်သည်။ သောကဖြင့် ရှိုက်အပ်သောကြောင့် တသိမ့်သိမ့် လှုပ်သော ကိုယ်သည် ငြိမ်သက်သွား၏။

ယသော်၏ အေးချမ်းငြိမ်သက်မှုကို တွေ့ရသောအခါ ဘုရားရှင်သည် ယသော်၏ ပူဇော်မှုမှခွာ၍ သလွန်ညောင်စောင်းသို့ ကြွတော်မူသည်။ ယသော့် သဏ္ဌာညောင်ပေါ်တွင် ကတ္တီပါကောဇောတစ်ချပ်ထပ်၍ ခင်းပေးထားသည်။ ကျွန်ုပ်တို့ နှစ်ဦးအတွက်လည်း မောင်းမများက ထိုင်ခုံနှစ်ခုံကို သလွန်နံဘေးတွင် ခင်းပေးကြသည်။ ခမည်းတော်ကြီးသည် သလွန်အောက် ဘုရားရှင်၏ခြေရင်းတွင်ထိုင်၏။

ယသော်ရောသည် ဘုရားရှင်ရှေ့တူရူတွင် ငြိမ်သက်စွာ ဝပ်စင်းဦးခိုက်လျက် ရှိသည်။ သားတော်လေးသည် မယ်တော်၏နံဘေးတွင်ထိုင်ကာ မယ်တော်ကိုတစ်လှည့် ဖခမည်းတော်ကိုတစ်လှည့် ရှုကြည့်လျက်ရှိ၏။

ဤနေရာတွင် ခမည်းတော်ကြီးက ယသော်၏ ဂုဏ်ကျေးဇူး၊ ယသော်၏ မေတ္တာ၊ ယသော်၏သောကတို့ အကြောင်းကို ဘုရားရှင်အား ထပ်မံလျှောက်ကြားသည်။ ထိုအခါဘုရားရှင်ကလည်း ယသော်၏ ကျေးဇူးကြီးမားပုံ၊ သစ္စာ မေတ္တာကြီးမားပုံများကို စန္ဒကိန္နရီဇာတ်တော်ဖြင့် ပြန်လည်မြွက်ကြား၍ တရားဟောတော်မူသည်။

''သံယောဇဉ်ကြိုး မျိုးစုံတို့ဖြင့် အထပ်ထပ်ရစ်ပတ်အပ်သော ဤလောက လူ့ဘောင်သည် အချည်းနှီးသာတည်း။ လူသတ္တဝါတို့ ချမ်းသာသည်ထင်သော အရာမှန်သမျှသည် တံလှပ်ပမာ လှည့်စားမှုတို့မျှသာဖြစ်သည်။ တံလှပ်ပမာ ချမ်းသာမှု တစ်ပဲသားတွင် သံယောဇဉ်ကြိုးတို့အပေါ်၌ ကြောင့်ကြမှု၊ ပူဆွေးမှု၊ စိုးရိမ်မှု၊ အလိုမကျမှု၊ မပြည့်စုံမှု စသော ဆင်းရဲမှုတစ်ခွဲသားတို့ဖြင့် ပြွန်းတီးလျက် ရှိ၏။ ငါသည် ဤဆင်းရဲမှုတို့ကို မြင်၍ ဆင်းရဲမျိုးစုံမှ လွတ်မြောက်စေလို သောကြောင့် သံယောဇဉ်တို့ကို ဖြတ်တောက်ကာတောထွက်ကျင့်ကြံခဲ့ခြင်း ဖြစ်သည်။ ယခုအခါ၌ ငါသည်ထိုဆင်းရဲမှု မျိုးစုံတို့မှ လွတ်မြောက်ပြီ။ ငါ့နည်းတူ ငါ့တပည့် ရဟန်းများစွာတို့လည်း ဆင်းရဲမှ လွတ်မြောက်ကြလေပြီ။ ခမည်းတော်နှင့် ယသော်တို့လည်း ငါ့အလားတူ ဆင်းရဲမျိုးစုံမှ လွတ်မြောက်စေလိုသည်။ ငါ့အပေါ်၌

www.burmeseclassic.com

www.burmeseclassic.com



ခင်မင်သည်ဆိုလျှင် ငါ့သား, ငါ့ခင်ပွန်းဟူသော ဆင်းရဲမှု သံယောဇဉ်ခင်တွယ်နည်းမျှဖြင့် ခင်တွယ်သည်မမည်။ ငါ့တရား၊ ငါ့နည်း၊ ငါ့ကျင့်စဉ်ဓမ္မအတိုင်း ကျင့်ကြံ အားထုတ်ကြခြင်းဖြင့်သာ ခင်တွယ်ရာ ရောက်နိုင်သည်''

ခမည်းတော်ကြီးသည် သဘောပေါက်ဟန်ဖြင့် ဦးခေါင်းတညိတ်ညိတ်လှုပ်သည်။ ယသော်ဒေဝီကား အမှားကိုအမှန်ထင်ခဲ့မိပါသည်ဟု ဝန်ခံသောသဘောဖြင့် အထပ်ထပ်ဦးနိမ်သည်။

ထို့နောက် ဘုရားရှင်သည် ခန်းဆောင်မှ ပြန်တော်မူဖို့အတွက် ဟန်ပြင်သည်။ ထိုအခါတွင်မှ ဤခန်းဆောင်သို့ ကျွန်ုပ်တို့ ရောက်သည့်အချိန်မှစ၍ စကားတစ်ခွန်းမျှ မဟာခဲ့သော ယသော်ဓရာဝီသည် ရွှင်ကြည်သော မျက်နှာကိုမော့ကာ လက်နှစ်စုံကို ဦးထိပ်တင်၍ ဘုရားရှင်အား ဖူးမြော်ကာ တည်ငြိမ်သာယာသောအသံဖြင့် လျှောက်ထားလိုက်၏။

''တပည့်တော်မသည် မောင်တော်တည်းဟူသော သံယောဇဉ်ဖြင့် နှစ်ရှည်လများ မိုက်မှားပူပန်ခဲ့မိပါသည်။ ယခုအခါ၌မူ မောင်တော့်တရားကိုနာရသဖြင့် ပူပန်မှုတို့ လျော့ပါးကာ တရားစစ်တရားမှန်ကို သိရပါပြီဘုရား။ သို့ဖြစ်ပါ၍ မောင်တော်ဘုရားသည် အေးချမ်းစွာ စံနေတော်မူပါ။ တပည့်တော်မအား ယနေ့မှစ၍ တရားရှင်၏ ဥပါသိကာမအဖြစ်သာ မှတ်ယူတော်မူပါဘုရား''

ဘုရားရှင်သည် သာဓုခေါ်တော်မူ၍ ''အပ္ပမာဒေထ သမ္ပာဒေထ'' ဟု နောက်ဆုံးစကား မိန့်ကြားတော်မူကာ ယသော်၏ခန်းဆောင်မှ ကြွတော်မူသည်။

ယမန်နေ့ညတွေ့ကြသည့်အချိန်မှစ၍ ခမည်းတော်ကြီး၏မျက်နှာတွင် ကြည်သာရွှင်ပြုံးလျက်ရှိသည်ကို မတွေ့ရ။ ယသော်ကဲ့သို့ ဟန်ပျက်လောက်အောင် မပူပန်သော်လည်း သားကြီးအပေါ်တွင် အလိုမကျသည့် အမူအရာသည် ပေါ်လွင်လျက်သာ ရှိခဲ့၏။ ယသော်၏ခန်းဆောင်မှ ထွက်တော်မူသောအချိန်၌မူ ခမည်းတော်ကြီး၏ မျက်နှာသည် ယသော်၏အပြုံး၊ ယသော်၏ တည်ငြိမ်ခြင်းနှင့်အတူ သိသိသာသာ ရွှင်ကြည်လျက်ရှိပေသည်။

ဤနန်းတော်တစ်ခုလုံးသည် ထီးမွေနန်းလျာဖြစ်သော သားကြီးသိဒ္ဓတ္ထ၏ စွန့်လွှတ်မှု အပြုအမူကြောင့် နှစ်ရှည်လများ သောကရိပ်ကြီး လွှမ်းနေခဲ့ဟန်တူသည်။ ခမည်းတော်သည် သားအတွက်ပူ၏။ ယသော်သည် လင်အတွက်ပူ၏။ သူတို့နှစ်ဦးကို သောကလွှမ်းသောအခါ နန်းတစ်ခုလုံး အေးချမ်းခဲ့ကြရဟန်မတူ။ မရွှင်သော သခင်တို့ကို မရွှင်သောမျက်နှာများဖြင့်သာ အလိုက်သင့် ခစားခဲ့ကြရဟန်တူသည်။

www.burmeseclassic.com

www.burmeseclassic.com



ယသော်၏ခန်းမဆောင်မှ ဘုရားရှင်ထွက်ကြွတော်မူသော အချိန်၌မူ ခမည်းတော်ကြီး၏ မျက်နှာအမူအရာသည် သိသိသာသာကြီး တက်ကြွရွှင်ကြည်လျက်ရှိ၏။ ယသော်သည် အပူရိပ်ကင်းသော မျက်နှာဖြင့် ယောဂီရောင်တဘက်ရှည်တစ်ထည်ကို ပခုံးတင်ကာ သားတော်ကိုလက်ဆွဲ၍ ကျွန်ုပ်တို့နောက်မှ လိုက်ပါသည်။ သခင်တို့ ရွှင်လေသောကြောင့် နန်းတွင်းသူကလေးများလည်း အပြုံးပန်းကိုယ်စီဖြင့် ကန်တော့ကြသည်။

နန်းဦးသို့ ကျွန်ုပ်တို့ ရောက်ကြသောအခါ ပရိသတ်သည် ပထမသော် ကျွန်ုပ်တို့ဘက်သို့ ကြည့်၍ ကြည်ရွှင်စွာလိုက်ပါလာသော ခမည်းတော်ကြီးနှင့် ယသော်တို့ကိုတွေ့ရသောကြောင့် ရုတ်တရက် အံ့အားသင့်နေကြဟန်ရှိ၏။ ထို့နောက်တွင်ကား ပရိတ်သတ်အားလုံးပင် ပြုံးရွှင်၍သွားကြကာ ကျွန်ုပ်တို့ကို ရှိခိုး၍ကြိုကြသည်။

ဘုရားရှင်သည် ရွှင်ပြုံးသော ပရိသတ်အကြားမှ ဖြတ်သန်း၍ နန်းဦးတွင် မထိုင်တော့ဘဲ နိဂြောဓာရုံသို့ ပြန်ရန် နန်းလှေကားသို့ ဦးတည်ကြွတော်မူသည်။

အပြင်တွင် ကဆုန်၏နေရောင်သည် လန်းလန်းစွင့်စွင့် ပွင့်လျက်ရှိ၏။ ယနေ့အဖို့ ကပိလဝတ်ရွှေနန်းသည် လန်းလန်းစွင့်စွင့် ပွင့်လေသောနေ့ပေတည်း။ ။

www.burmeseclassic.com



# မာရ်နတ်

[ ၁ ]

ခြောက်နှစ်ပတ်လုံး ကျားကုတ်ကျားခဲ လွဲမှားစွာ ကျင့်သုံးခဲ့မိသောကြောင့် ယိုင်နဲ့ပြိုလဲသည်အထိပင် အားအင်ကင်းကွာ ခန္ဓာတော် ယွင်းယိုခဲ့ရသည်များကို ရင်းစားပြန်၍ ရရန် ကြိုးပမ်းပြုပြင်ခဲ့ရသည်မှာ ရက်အတန်ကြာခဲ့ပေပြီ။ ယနေ့မူကား ခန္ဓာတော် ရင်းစားပြန်ရလာပြီဖြစ်ရုံမျှမက ရင်းစားထက်ပင် ပိုလွန်၍ အထူးကြည်လင် လန်းဆန်းလျက်ရှိလာပြီကို ထူးခြားသော ယနာနို့ဆွမ်းကိုဘုဉ်းပေးသုံးဆောင်၍ကောင်းခြင်း၊ နေရဉ္ဇရာတွင် ရေသုံးသပ်၍ ကောင်းခြင်း၊ သွားလာလှုပ်ရှားမှုတို့တွင် ပေါ့ပါးလှခြင်းတို့ဖြင့် သိလာ၏။

ရာသီဥတုကလည်း မဖွံ့မှ၏ မအေးလွန်းမပူလွန်း အကောင်းဆုံးရာသီပိုင်းဖြစ်သော ကဆုန်လပြည့်ဖြစ်ခြင်း၊ စိမ်းလန်းသော ဥရုဝေလတောအလုံးမှာ နေရဉ္ဇရာမြစ်ကမ်းသာမှစ၍ အင်ကြင်းပင်ပျိုတို့၏ ပန်းရနံ့ကြောင့် တသင်းသင်းတထုံထုံရှိကာ နွေနှောင်းရာသီ၏ ကျက်သရေကိုဆောင်၍ အထူးလှပနေခြင်းတို့ကြောင့် အားအင်အထူးတိုးတက်ကာ ယနေ့အဖို့တွင်ဖြင့် မိမိ၏စိတ်တော်အစဉ်တွင် မြင်၍ထားအပ်သော မဂ္ဂင်ရှစ်ပါး ကိုယ်ပိုင်တရားလမ်းစဉ်ဖြင့် အားထုတ်တော့မည်ဟု အားသစ်တော်မူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တရားအားထုတ်ရာ၌ မဗ္ဗိုမ၏ ဆိုးရွားသော ရာသီဥတုကြောင့်လည်း အခက်အခဲတစ်ရပ်ဖြစ်ခဲ့ရသည်။ မဗ္ဗိုမသည် ပကတိအားဖြင့်ပင် ပူမှုအေးမှုတို့တွင် လွန်ကဲခဲ့ရာမှ မိမိတရားအားထုတ်သော ဟိမဝန္တာတောင်ခြေမှ ဥရုဝေလစသော မြောက်ပိုင်းတစ်ခိုမှာ တောရိပ်တောင်ရိပ် ဆီးနှင်းရိပ်တို့ကြောင့် ပို၍လွန်ကဲ၏ မိုးရာသီဆိုလျှင် မိုးပြတ်သည်မရှိလှ။ မပြတ်ရုံသာမက သဲသဲမဲမဲရွာ၏။ ဆောင်းဆိုလျှင်ကား အထူးပြောဖွယ်ပင်မလို၊ ဆီးနှင်းတို့ဖြင့်မပြတ်ဖုံးအုပ်လျက်ရှိသော ဟိမဝန္တာနှင့်နီးကပ်လျက်ရှိသောကြောင့် လွန်လွန်ကဲကဲအေး၏။ နွေဦးအစ တပေါင်းလရာသီလောက်မှ ကဆုန်အလွန်လောက်အထိသာ အပူအအေးမျှတသည်။

မိုးရာသီဆိုလျှင် သစ်ကြီးဝါးကြီးများသာ မိုး၏ဒဏ်ကို ယှဉ်၍ခံနိုင်သည်။ ပင်ငယ်ပန်းမန်များစွာတို့မှာ မိုးဒဏ်ကြောင့် ကင်းပြတ်ဆိတ်သုဉ်းကုန်ကြရ၏။ ဆောင်းတွင်လည်း အလားတူပင်ဖြစ်၏။ ဆောင်းဆီးနှင်းပေါက်တို့ဒဏ်ကြောင့် ပန်းမန်ပင်ငယ်များစွာတို့ ကင်းပြတ်ကုန်ကြရ၏။ နွေရာသီတွင်သာ ခေါင်းထောင်၍ လာနိုင်ကြရှာသည်။

ယနေ့သည်ကား ဥရုဝေလအဖို့ သာယာလှသော နွေနှောင်းရာသီ ကဆုန်လပြည့် ဖြစ်သတည်း။

အစဉ်အလာစွဲ၊ ဆရာစွဲ၊ စာစွဲဆိုသည်မှာ မှန်လျှင်တော်ပါ၏။ မမှန်လျှင် ပြင်မရအောင် ခက်တတ်သည်။

မဗ္ဗိုမ၏ အစဉ်အလာစွဲဆိုသည်များ မှိုင်းမှုန်ပြာရီ ပဝေသဏီခေတ်ကပင် သမထလုပ်ငန်းဖြစ်ခဲ့၏။ သမထဖြစ်သော ဆရာအဆူဆူ ပြုမူကြသည်။ သမထဖြင့် အထင်ကြီးဖွယ်ရာ မြေလျှိုးမိုးပျံ တန်ခိုးအမျိုးမျိုးပြကြသည်။ ခမည်းတော်ကြီး၏ဆရာ၊ ကပိလဝတ် ရွှေနန်းတော်တစ်ခုလုံး၏ ဆရာဖြစ်သော ဒေဝီလရသေ့ဆရာကြီးသည်ကား မြေလျှိုးမိုးပျံရုံမျှမက နတ်ပြည်ခြောက်ထပ် အရပ်ရပ်ကိုပင် ပေါက်ရောက်နိုင်သော တန်ခိုးရှင် ဈာန်ရှင်၊ လူသာမန်တို့ အထင်ကြီးဖွယ်ရာ တကယ့်ဆရာကြီးတစ်ဆူပါပေ။

အစဉ်အလာစွဲကြီးတော့ ဆရာစွဲ စာစွဲကြီးမားလာ၏။ ဒေဝီလရသေ့တို့လို ဆရာကြီးများသည် တရားရှာသော မဗ္ဗိုမတိုက်သားတို့၏ ပုန်းအောင်းရာ၊ လဲလျောင်းရာ ဆရာကြီးများဖြစ်လာကြပေသည်။ ထို့ကြောင့် မိမိသည်လည်း ပတ်ဝန်းကျင်၏ ဆွဲဆောင်မှုနှင့် အစဉ်အလာစွဲ၊ ဆရာစွဲ၊ စာစွဲအတိုင်းပင် ဒေဝီလ ဆရာတို့လို ဥရုဝေလမှ ဆရာကြီးနှစ်ပါးကိုပင် အားထားကျင့်သုံးခဲ့မိသည်မှာ ခြောက်နှစ်တိုင်တိုင်ပင် ဖြစ်ပေသည်။

သို့ရာတွင် ခြောက်နှစ်တိုင်တိုင် ကျင့်မှ ဤဆရာကြီးများ၏အဆင့်သို့ ရောက်ခဲ့လေသည်ကားမဟုတ်၊ သမထလုပ်ငန်းဟူသည် အစဉ်အလာစွဲမျှမက ကမ္ဘာစွဲ၊ သမိုင်းစွဲ ကျင့်သုံးမှုတရားဖြစ်ပေရာ ဘဝပေါင်းများစွာတွင် လေ့လာခဲ့၊ ကျင့်ထုံခဲ့သော ပါရမီကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဤဆရာကြီးများအထံသို့ ဆည်းကပ်ကျင့်သုံးလိုက်သောအခါ အချိန်အနည်းငယ်အတွင်း ပင်လျှင် ဆရာကြီးတို့၏ တရားအဆင့်၊ သမထစံချိန်ကို မီနိုင်ခဲ့ပေသည်။ ခြောက်နှစ်တိုင်တိုင် ကျင့်သုံးခဲ့မိသည်မှာကား ဆရာကြီးတို့၏ တရားအခြေခံမှ အဆင့်မြင့်လာနိုးနိုး၊ မိမိအလိုရှိအပ်သော ဗုဒ္ဓပန်းတိုင်ဆီသို့ ရောက်လာနိုးနိုးဖြင့် စမ်းဝါးကျင့်သုံးနေခဲ့မိသောကြောင့်ပင်ဖြစ်ပေသည်။

ယင်းသို့သော အစဉ်အလာစွဲဖြင့် ပထမသော် ဥရုဝေလ၏ ကျော်ကြားသော တရားဂိုဏ်းဆရာကြီးဖြစ်သော အာဠာရ ရသေ့ကြီးထံသို့ ဆည်းကပ်ကျင့်သုံး၏။ ကျင့်သုံးမိသည်ဆိုကတည်းက သမထ၏အဆင့်ဆင့်သော တက်လမ်းတို့မှာ မိမိအဖို့ မခက်လှပါ။ သမထလုပ်ငန်း၏ ဒုတိယအမြင့်ဆုံးဖြစ်သော အာကိဉ္စညာယတနဈာန် အဆင့်အထိ အာဠာရ ရသေ့ကြီး၏ တရားလမ်းဆုံးသည်အထိပင် အလွယ်တကူ တက်လှမ်းနိုင်ခဲ့သည်။

သို့ရာတွင် သမထလုပ်ငန်း၏ အားနည်းမှုကို ကျင့်သုံးနေစဉ်အခိုက်မှာပင် တွေ့ရှိနေရသောကြောင့် မိမိရှာဖွေနေသော တရားလမ်းစဉ်မဟုတ်သေးကြောင်းကိုကား သတိပြုမိ သိရှိလာခဲ့သည်။ အကြောင်းမူကား သမထဟူသည် ဆရာသတ်မှတ်ပေးသော အာရုံတစ်ခု လမ်းစဉ်တစ်ခုအပေါ်တွင် ရှုမှတ် စူးစိုက်နေမှုမျှသာဖြစ်၍ အကြင်မျှလောက် စူးစိုက်လျှင် ထိုမျှလောက် အဆင့်မြင့်ခရီးရောက်သည်မှန်ပါ၏။ သို့ရာတွင် နေ့ရောညဉ့်ပါ အချိန်မပြတ် တရစပ်စူးစိုက်ရှုမှတ်နေနိုင်လျှင် တော်ပါသေး၏။ စူးစိုက်ရှုမှတ်မှု ကင်းပြတ်သည်နှင့်တစ်ပြိုင်နက် သို့မဟုတ် ပြင်ပမှအာရုံတစ်ခုနှင့်တွေ့ကြုံသည်နှင့် တစ်ပြိုင်နက် လူသတ္တဝါတို့၏အခြေခံ တရားဆိုးများဖြစ်သော လောဘ ဒေါသ မာန စသော တရားဆိုးတို့က ခေါင်းပြူလာကြသည်သာဖြစ်ပေသည်။ ထို့ကြောင့် သမထတရားဟူသော ဤဆရာကြီးတို့အဆင့်မျှသည် မိမိတို့အလိုရှိအပ်သော လောဘ ဒေါသတရားဆိုးတို့ ကင်းပြတ်ရာဖြစ်သည့် ဗုဒ္ဓလမ်းစဉ် မဟုတ်သေးကြောင်းချိန်ဆနိုင်လာသည်။

သို့ရာတွင် အာဠရ ဆရာကြီးထက် အဆင့်မြင့်သည်ဟုသိရသော ဥဒက ရသေ့ကြီးသည် ဥရုဝေလ၌ပင်ရှိပေသေး၏။ ပထမဆရာ အာဠာရထက် အဆင့်မြင့်သည်ဆိုတော့ မိမိလိုလားအပ်သော တရားအဆင့်သို့ ရောက်ခွင့်ကြုံလေမည်လားဟု ဥဒက ဆရာကြီးအထံသို့ ဆည်းကပ်မိပြန်သည်။ အဆင့်မြင့်သည်မှန်ပါ၏။ သို့ရာတွင် သမထလမ်းစဉ်အတွင်း၌သာ အဆင့်မြင့်ခြင်းဖြစ်၍ သမထ၏ ထိပ်ခေါင်လမ်းဆုံးဖြစ်သော သို့မဟုတ် အာဠာရဆရာကြီးထက် တစ်ဆင့်မျှသာမြင့်သော နေဝသညာ နာသညာဘာယတနဈာန်အဆင့်သို့သာ ပေါက်ရောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရိုးသားလှစွာသော ဆရာကြီးတို့ကလည်း မိမိတို့၏ ပေါက်ရောက်မှုအဆင့်သည် ဤမျှသာဖြစ်ကြောင်း ဝန်ခံစကားဖွင့်၍ ပြောကြားကြရှာ့ရုံမျှမက မိမိအား ဆရာတစ်ဆူ အဖြစ်ဖြင့် သူတို့နှင့်အတူ သီတင်းသုံးရန်ပင် ဖိတ်ကြားကြပါ၏။ သို့ရာတွင် မိမိ၏ဆန္ဒမှာ ဤမျှအဆင့်လည်းမဟုတ်၊ ဤမျှတရားအဆင့်ဖြင့် ဆရာတစ်ဆူပြုမှုရန်လည်း မဟုတ် သောကြောင့် ဆရာကြီးများကို တောင်းပန်ကာ ဖဲခွာလာခဲ့ရသည်။

မည်သို့ဆိုစေ၊ မိမိအတွက် တရားအခြေခံရအောင် ချမှတ်ပေးနိုင်ခဲ့သော ကျေးဇူးရှင်ဆရာကြီးများဖြစ်သဖြင့်မူကား မိမိအဖို့ ရည်မှန်းအပ်သော တရားပန်းတိုင်သို့ ရောက်သောအခါတွင်မူ အစဉ်အလာစွဲ၊ သမထတရားစွဲမျှဖြင့် ရပ်တည်နေကြရရှာသော ဤကျေးဇူးရှင် ဆရာကြီးများ၊ သို့မဟုတ် ဆရာကောင်းမတွေ့သေးသောကြောင့် လမ်းခုလတ်တွင်သာ ရပ်တည်၍နေကြရရှာသော ဤကျေးဇူးရှင်ဆရာကြီးများအား တရားကျေးဇူးဆပ်ရလေမည်ဟု ရည်မှန်းသတ်မှတ်၍ ထားခဲ့ရပေသည်။

ဆရာကြီးများအထံမှ ဖဲခွာခဲ့ပြီးနောက် ကိုယ်ပိုင်လမ်းစဉ်လမ်းမှန်ပေါ်သို့ ရုတ်ခြည်းမရောက်နိုင်ခဲ့သေး။ ဆရာကြီးတို့၏ သမထလမ်းစဉ်ကိုပင်အခြေပြုကာ ကိုယ်ပိုင် လမ်းစဉ်ပေါ်သို့ တစ်နေ့ရောက်နီးနီး၊ နောက်တစ်ရက်တွင်ရောက်နီးနီးဖြင့် ပဋ္ဌဝဂ္ဂီအဖော် ငါးဦးတို့ကိုအမှီပြုကာအရိုးကြေကြေ အရေခန်းခန်းမလျှော့တမ်းဖွဲ့ဖြင့် တစ်ချိန်တွင် ခန္ဓာကိုယ်လဲပြိုသွားသည်အထိ သဲသဲမဲမဲကြီး ကျင့်သုံးခဲ့သည်မှာ ခြောက်နှစ် တိုင်တိုင်ပင် ရောက်၍လာခဲ့သည်။ ခန္ဓာကိုယ်လဲပြိုသွားသည်အထိ ဖြစ်သွားရခြင်း၌ ထူးခြားသော အကြောင်းရှိ၏။ ယင်းအကြောင်းသည်ကား တရားဆန္ဒပြင်းပြမှုပေတည်း။

အလောင်းတော်အခြေတည်သော သမထတရားမှာ ထွက်သက်ဝင်သက်ကို ရှုးစိုက်ရှုမှတ်သော အာနာပါန ကမ္မဋ္ဌာန်းပင်ဖြစ်ပေသည်။ ထွက်သက်ဝင်သက်ကို စတင်ကာပေါက်ရောက်ခဲ့ပြီးသော အရူပါဝစရ နေဝသညာ နာသညာယတန ဈာန်အထိ အကြိမ်ကြိမ်အထပ်ထပ် ရှုပွားအားထုတ်သည်။ အနုလုံပဋိလုံ အားထုတ်သည်။ အားထုတ်ရင်းဖြင့် ရာဂ ဒေါသတို့ကို ပိတ်ဆို့ရာဖြစ်သော တရားသဘောသည် အဘယ် နေရာမှ ပေါ်လာပါမည်နည်းဟု သတိပြုသည်။

ယင်းသို့ အားထုတ်ဖန်များပါလျက်နှင့် အားထုတ်ဆဲ အချိန်မှတစ်ပါး ရာဂ ဒေါသတို့ ကင်းပြတ်ရာ တရားထွက်ပေါက်ကို မတွေ့ရလေသောအခါ ကိလေသာ ကင်းပြတ်ရာ ကင်းပြတ်ကြောင်းများဖြစ်လေမည်လားဟု တရားနည်းလမ်းတစ်ခုကို ကြံဆ၍လာမိသည်။ ယင်းကြံဆချက်ဟူသည်ကား ထွက်သက်ဝင်သက်ကိုပိတ်ရန် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထွက်သက်ဝင်သက်ကို မပြတ်ရှုရှိုက်စူးစိုက်ခြင်းဖြင့် ရာဂမကင်းနိုင်သော် ထွက်သက်ဝင်သက်ကို ပိတ်လိုက်ခြင်းဖြင့် ရာဂကင်းနိုင်မည်လောဟုကြံဆလာမိသည်။ ထို့ကြောင့် ထွက်သက်ဝင်သက်ကို ရှုရှိုက်သော မူလလမ်းစဉ်မှ ထွက်သက်ဝင်သက်ကို ပိတ်လိုက်သော ကြံဆမှု လမ်းစဉ်သို့ ကူးပြောင်း၍ကျင့်သည်။

ယင်းသို့ကြံဆရာ၌ ကြံဆမိဖို့ရန် ပတ်ဝန်းကျင်ရှိအကြောင်းရပ်တို့ကလည်း ရှိနေပေသည်မဟုတ်ပါလော။ ယင်းအကြောင်းရပ်တို့ဟူသည်ကား တရားရှာသော ယောဂါဝစရ ဆရာ့ဆရာကြီးများသည် မိမိခန္ဓာကိုယ်ကို နှိပ်နယ်ညှဥ်းပန်းသော အကျင့်လမ်းစဉ်မျိုးဖြင့် ကျင့်နိုင်မှတရားရမည်ဟူသော မျှော်လင့်ချက်မျိုးစုံတို့ဖြင့် ဆူးပေါ်တွင် အိပ်သည်အထိခန္ဓာကိုယ်ကို နည်းမျိုးစုံဖြင့် နှိပ်စက်ချိန်ဖြုန်း ကျင့်သုံးနေကြသည်ကို စာတွေ့ငါတွေ့ မပြတ်တွေ့ရှိနေခဲ့ရသည်မဟုတ်ပါလော။ အလောင်းတော်သည်မူလည်း မဟာလူသားတစ်ဦးပင်ဖြစ်ပေရာ လူဟူသည် ပတ်ဝန်းကျင်ကို ဆန့်ကျင်နိုင်ခဲလှစွာ၏။

ထွက်သက်ဝင်သက်မှုကိုပိတ်သဖြင့် အကြောင်းထူးလာသည်ကိုမတွေ့ရသောအခါ အရှိန်အဟုန်နည်းပါးသေးသည်ဟူသော သဘောဖြင့် ထွက်လေဝင်လေတို့ ဝင်နိုင်ထွက်နိုင်ရာဖြစ်သော နား စသည့်အပေါက်မှန်သမျှကို ပိတ်ဆို့၍ ကျင့်ပြန်သည်။

ထိုအခါ အကြောင်းမဟုတ်လျှင် ခုံတတ်သော သဘာဝတရား၏ ဆန့်ကျင်တိုက်ခိုက်မှုကိုခံလာရသည်။ ယင်းသည်ကား ဆန္ဒပြင်းထန်သလောက် ဓာတ်ကြီးလေးပါး ရုပ်အစုမျှသာဖြစ်သော ခန္ဓာကိုယ်က မလိုက်တော့လေရာ လဲပြိုရလေတော့သည်။ ကံကောင်း ဘုဥ်းကောင်း ပါရမီတော်အရှင် အလောင်းတော်သခင်မို့သာ မသေမပျောက်ဘဲ ခံနိုင်ရည်ရှိတော့သည်။

ဤနည်းဤလမ်းဖြင့် မဟုတ်မှန်းသိလေတော့မှ လက်လျှော့လိုက်ရ၏။ သို့ရာတွင် ရလိုက်သောတရားအမြတ်မှုကား ကြီးမားလှပါသည်။

အကြောင်းမှုကား တရားအကျင့်ကို ကျင့်ကြသည်ဆိုရာ၌ အစာပြတ်ရေပြတ် စသော ခန္ဓာကိုယ်ကို နှိပ်နယ်ညှဥ်းပန်းသည့် လမ်းစဉ်မှန်သမျှသည် မမှန်ကန်ကြောင်းကို ထိထိမိမိကြီးသိရှိတော်မူလာခြင်းပင်ဖြစ်ပေသည်။

ထို့ကြောင့်လည်း ဘုရားဖြစ်တော်မူလာသောအခါ မိမိ၏ တရားလမ်းစဉ်ကို စတင်ကြေညာသော ဓမ္မစကြာ ဒေသနာတော် တရားဦး၌ပင်လျှင် အတ္တကိလမထနုယောဂ=မိမိခန္ဓာကိုယ်ကို နှိပ်နယ်ညှဥ်းပန်း၍ ကျင့်သောအကျင့်ကိုရှောင်ကြဉ်ကြဟု ကြွေးကြော် မိန့်ဟတော်မူလိုက်ခြင်းဖြစ်ပေသည်။

'မယုံမရှိလေနှင့်၊ ကိုယ်တွေ့' ဟူသော စကားကဲ့သို့ ကိုယ်တိုင်စမ်းသပ်ကျင့်သုံး သိရှိခဲ့သည့်အပေါ်တွင် ပတ်ဝန်းကျင်ရှိ မြောက်များလှစွာသော ခန္ဓာကိုယ် နှိပ်စက်ကျင့်

www.burmeseclassic.com

www.burmeseclassic.com



ဗြဟ္မဇာဝါဒီများစွာတို့ကို အသိတရားရကြစေရန် ရည်ညွှန်းအပ်သော မဟာကရုဏာတော်၏ ညွှန်ကြားမှုတရားမြတ်ဖြစ်လေ၏။ ယင်းသို့ သဲသဲခဲခဲ ကျင့်သုံး၍လာခြင်းဖြင့် ခြောက်နှစ်တိုင်တိုင်ကျင့်သုံးပြီးမှ တွေ့မြင်သိရှိလာခဲ့သော ကိုယ်ပိုင်တရားလမ်းစဉ်သည်ကား ကျားကုတ်ကျားခဲ သဲသဲမဲမဲကြီး ကျင့်သုံးရန်မလိုအပ်သော မဇ္ဈိမပဋိပဒါ မဂ္ဂင်ရှစ်ဖြာ တရားလမ်းစဉ်ပင်ဖြစ်ပေသည်။

ဤလမ်းစဉ်ကို ဆုပ်ကိုင်မိသည်နှင့် တစ်ပြိုင်နက် အစာဖြတ်၊ ရေငတ်နှင့် မပြတ်ရှုမှတ်နေရသော လိပ်ခဲတည်းလည်း သမထလုပ်ငန်းစဉ်ကို စွန့်ပယ်၍ အစာမဖြတ် ရေမငတ်ဘဲ မဂ္ဂင်ရှစ်ပါးတရား အရင်းတည်ရမည့် ခန္ဓာကိုယ်ကို မျှတစွာထား၍ ကျင့်သုံးရတော့မည်ကို တွေ့မြင်၍လာသည်။

[ ၂ ]

ထို့ကြောင့် နှစ်, လများစွာ စွန့်ပယ်၍ထားခဲ့သော သပိတ်ကို ကောက်၍ကိုင်လိုက်ရသည်။ ဆွမ်းအာဟာရအလို့ငှာ ဥရုဝေလ၏ ဂေါစရဂါမ်ဖြစ်သော သေနနိဂုံးသို့ ဆွမ်းခံဝင်သည်။ နေရဉ္စရာတွင် ရေသုံးသပ်သည်။ နွေဦးရာသီသို့ ဝင်လာပြီဖြစ်သော ဥရုဝေလ၏ လှသော တောရိပ်သစ်ရိပ်ဖြင့် ခန္ဓာကိုယ်ကို အနားပေးသည်။ အားမွေးသည်။

ထိုအခါ သီတင်းသုံးဖော် ပဉ္စဝဂ္ဂီတို့က တမျှော်ဖြင့် အနှောင့်အယှက်ဖြစ်လာရချေသေးသည်။ သူတို့သည် မိမိကို အားကိုးကြရှာသည်။ သူတို့က မိမိသည် ဘုရားကေန်ဖြစ်ရမည့်သူဖြစ်သည်၊ ဘုရားဖြစ်လျှင် တရားဦးနာ၍ မိမိတို့၏တရားဆရာဖြစ်လာရပေမည်ဟူသော အစွဲဖြင့် မိမိနှင့်အတူ တရားကျင့်ရင်း မိမိကို စောင့်ရှောက်ကြည့်ရှုနေခဲ့ကြသူများဖြစ်၏။

အရိုးကြေကြေ အရေခန်းခန်း မလျှော့တမ်း ဝီရိယဖြင့် သဲသဲခဲခဲကြီး မိမိကျင့်သုံးခဲ့မှုများကို စောင့်ကြည့်ကျေနပ်နေသူများဖြစ်ခဲ့ကြပေသည်။ ယင်းသို့ ကျင့်သုံးနေရာမှ ယခုသော် မိမိလမ်းစဉ်ပြောင်း၍ ဆွမ်းခံစားခြင်း၊ ရေမိုးသုံးသပ်ခြင်း ခန္ဓာကိုယ်အနားပေးခြင်းစသော ဖိမ်ခံ ဖိမ်မွေးလာတော့သယောင် မိမိ၏ သက်သောင့်သက်သာအလုပ်များကိုတွေ့မြင်လာကြသောအခါ ကျားကုတ်ကျားခဲ ကျင့်ပါလျက်နှင့်မှ တရားမရနိုင်သေးသည်ကို ဆင်းရဲမှုကို သည်းမခံနိုင်တော့သည့်ဟန်ဖြင့် ယခုလိုဖောက်ပြန်လာပြီဆိုတော့ အဘယ်ပုံ ဘုရားဖြစ်နိုင်ပါတော့မည်နည်းဟု သူတို့အမြင်၊ သူတို့အတိုင်းအထွာဖြင့် မိမိကိုဖဲခွာကာ မိဂဒါဝုန်ဘက်သို့ထွက်ခွာ၍ သွားကြသည်။

ကိစ္စမရှိ။ သူတို့ကိုရှင်းပြမနေနိုင်အားသေး။ ရှင်းပြ၍လည်း သဘောပေါက်နိုင်ကြဖို့မရှိသေး။ မိမိလမ်းစဉ်ပေါ်တွင် အာရုံစူးစိုက်လျက်ရှိနေပြီဖြစ်သော ယခုအချိန်၌

www.burmeseclassic.com



သူတို့မရှိသည်က ပို၍သင့်လျော်ပေသေး၏။ သူတို့ရှိနေလျှင် အနည်းနှင့်အများ ငဲ့ရစောင်းရသေးသည်။ ဆွေးနွေးရသေးသည်။ ယခုသော် မိမိလုပ်ငန်းအဖို့ မိမိတစ်ဦးတည်း ရှိနေရသည်က ပို၍ကောင်း၏။ သူတို့ကို ကြိုးရှည်ရှည်နှင့် လံထားလိုက်ရဦးမည်။ ပန်းတိုင်ရောက်ပြီးသည့်အခါမှသာ သူတို့ကို သိမ်းသွင်းရပေတော့မည်။

ထို့ကြောင့် ယနေ့အချိန်၌ အင်အားကလည်းပြည့်ဝ၊ ဥရုဝေလကလည်း အလုကြီးလှ၊ ရာသီဥတုကလည်း သာယာနေသောကြောင့် မိမိသိမှတ်ရရှိထားသည့် မဂ္ဂင်ရှစ်ပါးတရားလမ်းစဉ်ဖြင့် မိမိလိုအပ်သောတရားပန်းတိုင်သို့ အရောက်အပေါက်၊ မရမနေ ကျင့်သုံးတော့မည်ဟုအားသစ်လိုက်၏။ ယနေ့အဖို့မိမိခန္ဓာကိုယ်သည် လန်းဆန်းသန့်စင် ကြည်လင်ရုံမျှမက အင်အားတိုးတက်လျက်ရှိနေပုံမှာ ယခုချက်ချင်းပင် မိမိရည်မှန်းအပ်သော တရားကိုရတော့လေမည်လားဟု ထင်ရသည်။ မှန်လှပေ၏ တရားသမားတို့၏ ခန္ဓာကိုယ် လန်းဆန်းသန့်စင်ပုံမှာ တရားသမားတို့သာ သိနိုင်၍ လူသာမန်တို့ မသိနိုင်သော တရားအလုပ်၏ ကျေးဇူးပြုမှုပင်ဖြစ်ပေသည်။

တရားကိုကျင့်သုံးမှုသည် တရားရမှု၊ မရသေးမှုကို ထားဦး၍ တရားသမား၊ တရားရှင်၏ ခန္ဓာကိုယ်ကို သန့်စင်ကြည်လင်စေသည်မှာကား တရားသမားတို့သာ သိနိုင်သော အသိထူး အတွေ့ထူးဖြစ်ပေသည်။ တရားကျင့်သုံးမှုကြောင့် ရောဂါရမှုကို အပထား၍ ပင်ကိုရှိပြီး ရောဂါထူး ရောဂါဆန်းများကိုပင် ပျောက်ကင်းစေသည်မှာ တရားလုပ်ငန်း၏ ပထမအကျိုးထူးဖြစ်၏။

ခြောက်နှစ်တိုင်မျှကျင့်သုံးခဲ့သော သိဒ္ဓတ္ထရဟန်းအဖို့ အစာဖြတ်လိုက်မှုကြောင့်နှင့် ထွက်သက်ဝင်သက်ကိုပိတ်လိုက်မှုကြောင့် တစ်ချိတွင် ခန္ဓာကိုယ် မူးဟိုက်လဲပြိုသွားဖူးသည်မှတစ်ပါး ရုပ်တရား နာမ်တရားအစုမျှသာဖြစ်သော်လည်း ရာသီဥတုဒဏ် မပြတ်ထိုင်နေကျင့်သုံးမှုကြောင့် လူသာမန် ယေဘုယျတို့ ဖြစ်လေ့ဖြစ်ထရှိသော အညောင်းဒဏ်စသည် တစ်စုံတစ်ရာဖြစ်ပေါ်လာသည်ဟူ၍မရှိ၊ ရောဂါမှန်သမျှကင်းစင်သည်။

ဤအတွင်း ခြောက်နှစ်တိုင်တိုင်ကျင့်သုံးခဲ့သော တရားလုပ်ငန်း၏ အနှစ်သာရကြောင့် ပင်ကိုရုပ်၊ ပင်ကိုနာမ်တရားတို့ကို ပြောင်းလဲစွန့်ခွာပစ်လိုက်ကာ ရုပ်နာမ်သစ်တို့ ရောက်လာဘိသကဲ့သို့ ဖြစ်လာသည်ဟု ယူဆနိုင်သည်။ ဤတွင် အစာအာဟာရတို့ဖြင့် ဖြည့်တင်းပြုပြင်လိုက်သောအခါ ရေးကမကြုံဖူးသော ခန္ဓာကိုယ်သည် ကြည်လင်သန့်စင်စွာဖြင့် ခန္ဓာကိုယ်မျှသာမက စိတ်ဓာတ်ရော ခန္ဓာကိုယ်ပါ အင်ထူးအားထူးတို့ တိုးတက်ကူးပြောင်းလာပေသည်။ ယခုပင်လျှင် မိမိလိုအပ်သော တရားထူးကို ရတော့မယောင်အင်သစ်အားသစ် တိုးတက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ယနေ့တွင်ဖြင့် ငါ့အဖို့ တရားရတော့မည် ကေန်ဖြစ်သည်။ မရသမျှ ငါမထတော့ဟူသော ဖွဲသစ်မာန်သစ် အားသစ်အင်သစ်ဖြင့် ဥရုဝေလအတွင်းသို့ဝင်၍ ရှေးကပင် ရည်မှန်ထားအပ်ခဲ့သော တောစိုးညောင်ပင်ကြီးအနီးသို့ ချဉ်းကပ်လိုက်သည်။

ဥရုဝေလ၏ ညောင်ပင်တို့မှာ ထူးခြား၏။ သစ်တစ်ပင်ရင်း ဝါးတစ်ပင် အောက်တွင် တရားဖြင့် ပျော်လိုသူများအတွက် သင့်လျော်သည့် ညောင်ပင်များချည့် ဖြစ်သည်။ ထို့ကြောင့်လည်း ဥရုဝေလသည် တရားတော တရားရိပ်မြုံအဖြစ် ကျော်ကြားခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ဤညောင်ပင်ကြီးမှာ ပို၍ထူးခြားသည်။

ထူးခြားဟန်ကား လုပသောထီးဝန်းဖြင့် အုပ်ဖုံးထားဘိသကဲ့သို့ အကိုင်းအရွက် တို့သည် ညီညာစွာ အုပ်ဖုံးလျက်ရှိသည်။ အလုံးအထည်ကြီးမားသည်။ ညောင်အောက် မြေပြင်သည် စည်မျက်နှာကဲ့သို့ ညီညာပြန့်ပြူးသည်။ ယင်းညောင်ပင်ကြီးအရိပ်သို့ လိုအပ်သောတရားကိုမရသဖြင့် ငါမထဟူသော ဖွဲမာန်ဖြင့် ချဉ်းကပ်ဝင်ရောက်လိုက် သောအခါ ညောင်ပင်မှ မလှမ်းမကမ်းတွင် အလိုက်သိ၍ ကျိုးနွံသေဝပ်လှစွာသော မြက်ရိတ်ဒကာကလေး သောတ္ထိယကို တွေ့ရှိရသည်။

ဥရုဝေလ၏ တောနီးချုပ်စပ် ရွာတစ်ရွာမှ ဖြစ်ဟန်တူသော ဤဒကာလေးသည် အလျဉ်းသင့်သည့်အခါတိုင်း မိမိတို့ကို ရိုသေပျပ်ဝပ်စွာ ချဉ်းကပ်ကူညီခဲ့သူဖြစ်သည်။ ပဥ္စဝဂ္ဂီတို့နှင့်အတူ ခြောက်နှစ်တိုင် တရားကျင့်သုံးနေစဉ်အတွင်း ဤဒကာလေးသည် မြက်ရိတ်ရာမှ ရံဖန်ရောက်လာ ရေခပ်ဖြည့်တင်းပေးသည်။ တံမြက်လှည်းကျင်းပေးသည်။ ကမ္မဋ္ဌာန်းရိပ်သာကလေးများ ယိုယွင်းနေလျှင် ပြုပြင်ပေးသည်။ ဝေယျာဝစ္စ ကိစ္စကလေး များကို အလိုက်သိစွာ တိတ်တိတ်ဆိတ်ဆိတ် လုပ်ဆောင်ပေးပြီးလျှင် တိတ်ဆိတ်စွာ ရှိခိုးဝပ်ချ၍ ပြန်သွားသည်။

အလိုက်သိတတ်သော ဤဒကာလေးသည် ညောင်ပင်သို့ ချဉ်းကပ်၍ ညောင်ပင်ရင်းတွင် မိမိထိုင်တော့အံ့ဟု ရည်ရွယ်သည်ကို သိဟန်ဖြင့် သူရိတ်ဖြတ် ထားသော မြက်ပင်ရှည်များကို ပွေ့ကိုင်ကာ အခင်းအဖြစ် အသုံးပြုရန်အတွက် ပြုံးရွှင်သော မျက်နှာကလေးဖြင့် တိတ်ဆိတ်စွာ ကပ်လှူသည်။ ထို့ကြောင့် မိမိသည် မြက်ဆုပ်များကို လိုအပ်သလောက်ယူ၍ ညောင်ပင်ရင်းတွင်ဖြန့်ခင်း၍ပြီးသောအခါ ဒကာလေး သောတ္ထိယသည် အလိုက်သိစွာပင် ရှိခိုး၍ ဖဲခွာသွားသည်။

မိမိသည် မြက်ဆုပ်များအပေါ်တွင် အလိုက်သင့်ထိုင်လိုက်ပြီဖြစ်၏။ သင်္ကန်းစ များကို သေသပ်အောင်ဆွဲညှိသည်။ ခန္ဓာကိုယ်ကို တရားသို့ရှေးရှုရန် တည့်မတ်လိုက် သည်။ လက်နှစ်ဖက်ကို တရားထိုင်ပုံစံအတိုင်းထပ်တင်ပြုပြင်လိုက်သည်။ ထို့နောက်မှ

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးနှစ်လုံးကို မှေးမှိတ်၍ တရားသို့ရှေးရှုလိုက်သည်။ ထို့နောက်တွင်ကား လိုအပ်သော တရားပန်းတိုင်သို့ မရောက်သမျှငါမထတော့ဟု သန္နိဋ္ဌာန် ချမှတ်လိုက်ပြီတည်း။

[ ၃ ]

သန္နိဋ္ဌာန်ချမှတ်ပြီး၍ တရားလုပ်ငန်းကိုစတင်ရန် အခြေတည်လိုက်သည်နှင့် တစ်ပြိုင်နက် ထိုင်နေအပ်သော မြက်ဆုပ်ပလ္လင်သည် ရွှေပလ္လင်၊ ပတ္တမြားပလ္လင်၊ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာအသွင်သို့ သိမ်မွေ့နူးညံ့စွာ စုံကြွမြင့်တက်လာ၏။ ထိုအခါ သိဒ္ဓတ္ထ ရဟန်းအဖို့မူ တက်ကြွနေသောစိတ်ထားအဆင့်ထက်ပင် ပို၍အားတက်လာသည်။ အကြောင်းကား မိမိလိုအပ်သောတရား၊ သို့မဟုတ် ဘုရားဖြစ်ဖို့ရန်အတွက် ဝန်းကျင် သဘာဝမွေ့တို့ကထောက်ကူတိုးတက် ဆိုက်ရောက်လာသောကြောင့်ဖြစ်ပေသည်။

သို့ရာတွင် ဤအချိန်၌ပင် မမျှော်လင့်သော မာရ်နတ်သည် မိမိလုပ်ငန်းကို အန္တရာယ်ပြုရန်အတွက် ဆိုက်ရောက်လာပြန်၏။ 'လာပြန်၏'ဟု ဆိုရသည်မှာ ယခင် တရားကျင့်နေစဉ် ခြောက်နှစ်အတွင်း၌ မာရ်နတ်သည် တရားကိုနှောင့်ယှက် သွေးဆောင် ရန်အတွက် ဆိုက်ရောက်လာခဲ့ဖူးပြီ ဖြစ်သောကြောင့်ဖြစ်၏။

ပဥ္စဝဂ္ဂီတို့နှင့်အတူနေ၍ တရားကျင့်စဉ် ထွက်သက်ဝင်သက်ကိုပင် ပိတ်၍ အာနာပါန ကမ္မဋ္ဌာန်းကို ကျင့်သောကြောင့် လဲပြိုသွားခိုက် မာရ်နတ်ရောက်လာကာ "ရှင်ရဟန်း ဤတရားကို ဤအတိုင်းကျင့်လျှင်ဖြင့် အသက်အန္တရာယ်ဖြစ်လိမ့်မည်။ ရှင်ရဟန်းသည် ငယ်ရွယ်နုပျိုလုပါသေး၏။ သို့ဆိုလျှင် ဤတရားဖြင့် အသက်မဆုံး စေဘဲ အခြား ဒါန သီလစသော ပြုဖွယ်တရားကိုသာ ပြုလုပ်ကျင့်သုံး၍ အသက်ရှည်စွာ မနေသင့်ပါလော" စသည်ဖြင့် အကျိုးလိုသယောင်ယောင်နှင့် လျှောက်ထားနှောင့်ယှက် လာသောကြောင့် မောင်းနှင်ထုတ်ပစ်ခဲ့ရသည်။

ဤတွင် မာရ်နတ်နှင့် မာရ်နတ်၏ ရည်မှန်းချက်သဘောထားကို ဖော်ပြလို ပေသည်။

မာရ်နတ်ဟူသည် နတ်ပြည်ခြောက်ထပ်ကို လွှမ်းမိုးနိုင်သော တန်ခိုးကြီးနတ် တစ်ပါးဖြစ်သော်လည်း ရည်မှန်းချက်ကြီးမားလှသော ဣဿာတုံး ဣဿာခဲ၊ မာနတုံး မာနခဲ နတ်ကြီးတစ်ပါးပေတည်း။

လူသတ္တဝါတို့၏ နာမ်တရားခေါ် စိတ်ဓာတ်သည် သာမန်အားဖြင့်မူကား စဉ်းစား၍မရနိုင်။ စဉ်းစားကြည့်ရုံမျှဖြင့် သိဖို့ရန်မလွယ်သော်လည်း နာမ်တရား၏ အတွင်းပိုင်းဖြင့် နက်ရှိုင်းစွာကျင့်ကြံအားထုတ်ပြီးသော ယောဂီတို့အဖို့မူ အကြင်မျှလောက်

www.burmeseclassic.com

www.burmeseclassic.com



နာမ်တရား၏အတွင်းပိုင်း အဆုံးစွန်တရားလုပ်ငန်းသို့ တိုးဝင်၏။ ထိုမျှလောက် လူသာမန်တို့သိရန်ခက်သောနတ် ဗြဟ္မာ စသည့် ပရလောကနှင့်ဆက်ဆံ သိရှိခွင့် ရလာသည်ကို အဆင့်မြင့်တရားသမားတို့သာ သိနိုင်သောကိစ္စဖြစ်၏။

သိဒ္ဓတ္ထမင်းသားသည် ဖွားမြင်တော်မူစသာသာ ထိုင်နိုင်သောအရွယ်သို့ မရောက်သေးမီကပင် အတိတ်ဘဝများစွာကပါလာသော ပါရမီတော်အဟုန် တရား အလေ့အထုံတို့ကြောင့် ခမည်းတော်ကြီး လယ်ထွန်မင်္ဂလာပြုနိုက်တွင် ခင်းသိပ်ထား အပ်သော သပြေပင်ရိပ်၌ အဆင့်မြင့်တရားအလုပ်ဖြစ်သော ပထမဈာန်ရောက်သည်အထိ တင်ပျဉ်ခွေကာ ရှုမှတ်ပွားများတော်မူခဲ့သည်။ အတိတ်၏စွမ်းအင်ပင်ဖြစ်၏။

သို့ရာတွင် ဆက်လက်မရှုပွားလျှင် ပျောက်၍သွားတတ်သော သမထလုပ်ငန်း တို့၏ထုံးစံအတိုင်း ကလေးဘဝ၏ တွေဝေမှုများဖြင့် ပျောက်ပျက်၍သွားခဲ့သည်။ သို့ရာတွင် တောထွက်ကာ ဉရုဝေလသို့ရောက်၍ တရားအလုပ်သို့ တိုးဝင်လိုက်သည့် အခါတွင်မူကား ပထမဈာန်မှုမက သမထ၏အမြင့်ဆုံးအဆင့်ဖြစ်သော နေဝသညာ နာသညာယတန အဆင့်သို့ပင် အလွယ်နှင့်ရောက်၍လာခဲ့ပေရာ၊ နတ်ဗြဟ္မာစသော ပရလောကသား တို့သည် အဆင့်မြင့်တရားရှင်ဖြစ်သော သိဒ္ဓတ္ထရဟန်း၏ ဝန်းကျင်သို့ လိုအပ်သလို အကျိုးပြုခြင်းဖြင့် ဆက်ဆံရောက်ရှိ၍လာခဲ့ပေသည်။

ဤနည်းဖြင့်ကျင့်သော် လိုအပ်သောတရားရတန်ကောင်း၏ဟု အစာအာဟာရကို ဖြတ်ရုံမျှမက ထွက်သက် ဝင်သက်ကိုပင် သည်းသည်းခဲခဲကြီး ကျင့်လိုက်သောအခါ တရား၏ဒဏ်ကို ခန္ဓာကိုယ်က မခံနိုင်တော့သောကြောင့် ပြိုလဲမိန်းမောသွား၏။ ဤသည်ကို မပြတ်စောင့်ရောက်လျက်ရှိနေသော ပရလောကသား နတ်ဒေဝတာတို့က သိဒ္ဓတ္ထရဟန်းသည် ကွယ်လွန်သွားလေပြီဟုဆိုကာ နတ်တစ်ပါးကမူ ခမည်းတော်ထံ သို့ပင်သွား၍ သားရဟန်းကွယ်လွန်ရှာပြီဖြစ်ကြောင်း သတင်းပို့သည်။ ဘုရားမဖြစ်သမျှ မကွယ်လွန်နိုင်ဟု ယုံကြည်ထားပြီးဖြစ်သော ခမည်းတော်ကြီးက နတ်သတင်းကို ငြင်းပယ်လိုက်သည်။

ဤသည်ကား လူသာမန်တို့ အသိခက်သော ပရလောကသား နတ်ဗြဟ္မာတို့နှင့် စိတ်ချုပ်တည်းမှုအလုပ်ကို သည်းထန်စွာ လုပ်သောအဆင့်မြင့် တရားသမားတို့၏ ဆက်ဆံရေးကို ဖော်ပြလိုခြင်းပင်ဖြစ်၏။

ယခုဘုရားဖြစ်တော့အံ့ဆဲဆဲ မာရ်နတ်ရောက်လာပြန်ပေပြီ။ သူသည် ရည်မှန်းချက်ကြီးသူဖြစ်၏။ ရည်မှန်းချက်ကြီးသလောက် မာနက္ကသာအဘိဇ္ဈာစိတ်ထား တို့ ထူပြောသူလည်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ရည်မှန်းချက်ကြီးဟန်ကား လူ၊ နတ်၊ ဗြဟ္မာ တည်းဟူသော သတ္တဝါသုံးရပ်တွင် အမြင့်မြတ်ဆုံး ပုဂ္ဂိုလ်သည်ကား ဘုရားအဖြစ်ပင်ဖြစ်ပေရာ၊ ယင်းနေရာကို ရယူလိုခြင်းပင်ဖြစ်ပေသည်။ သို့ရာတွင် ရယူလိုသော လောဘသာရှိ၍ အကျင့်ကိုကား မကျင့်နိုင်။ ကျင့်လိုသူမဟုတ်၊ သူတစ်ပါးရမည်ကိုမလိုလားသော အဘိဇ္ဈာသမား၊ ဣဿာသမားမျှဖြစ်ပေသည်။

ဤလောက၌ ဘယ်သူကိုမျှ သူ့အထင်မကြီး။ အထင်ကြီးဖွယ်ရာလည်း သူ့အဖို့ အကြောင်းစိုးစဉ်းမျှမရှိ။ သူ့မှာ ကြီးမားသော တန်ခိုးဣဒ္ဓိပါဒ်ရှိနေသည်။ မည်သူ့ကိုမဆို သူနှင့်ဆန့်ကျင်လာလျှင် အန္တရာယ်ပြုနိုင်သည်။

သို့ရာတွင် သိဒ္ဓတ္ထရဟန်းကိုကား အထင်ကြီး၏။ အကြောင်းမူကား သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်လတ္တံ့သည်ကို အကြောင်းမျိုးစုံဖြင့် ဝိုင်းအုံထောက်ကူလျက်ရှိနေသည်ကို တွေ့နေရသောကြောင့်ဖြစ်၏။ သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်လတ္တံ့သောငှာ မေတ္တာစျာန်ဖြင့်နေသော တုသိတာမှ သေတကေတုနတ်သားကို နတ် ဗြဟ္မာတို့ တောင်းပန်၍ သိဒ္ဓတ္ထမင်းသားဖြစ်လာသည်ကိုသူသိ၏။ ဘုရားဖြစ်လတ္တံ့သော သိဒ္ဓတ္ထမင်းသားအတွက် နတ်ပြည် နတ်ရွာတစ်ခုလုံး ဝမ်းမြောက်ရွှင်မြူး အထူးတက်ကြွလျက်ရှိနေကြသည်ကိုလည်း သူသိ၏။

သိဒ္ဓတ္ထမင်းသား တရားကျင့်ရန် အထွက်တွင်တစ်ကြိမ်၊ နှောင့်ယှက်ခဲ့သည်။ မအောင်မြင်။ ခြောက်နှစ်တိုင်တိုင် တရားကျင့်ရာတွင် အနုနည်းဖြင့် သွေးဆောင်သည်။ မအောင်မြင်ခဲ့။ ယခု ဗောဓိအောင်မြေ ညောင်ဗုဒ္ဓေတွင် တကယ်ကျင့်ပြီး ဘုရားဖြစ်တော့အံ့ ဆတ်ဆတ်ဖြစ်သည်။ အကြောင်းမူကား မြေပြင်မှ ရွှေပလ္လင်ပေါက်လာသည်ကို တွေ့ရသည်။ ဘုရားဖြစ်တော့အံ့ကို သိကြသည့်အဟန်ဖြင့် နတ် ဗြဟ္မာတို့ ဝန်းရံ ခ, ရမ်းလျက်ရှိနေကြပေပြီ။

ဤတွင် ဗောဓိပင်နှင့် ရွှေပလ္လင်ရှိ အလောင်းတော်ရှေ့မှောက်သို့ မာရ်နတ်ကြီး ရောက်လာပြန်၏။ ဤတစ်ကြိမ် ရောက်လာခြင်းကား သွေးဆောင်ဖြားယောင်းရန်မျှ မဟုတ်၊ စကားချိုသာ ပြောဆိုကာမျှမဟုတ်၊ ဤတစ်ချီအပြတ်မရှင်းလိုက်လျှင် သူ့အဖို့ နောင်ရေးခက်တော့မည်ဖြစ်ပေရာ ကျားနှင့်ဆင်လယ်ပြင်တွင်တွေ့ကြရသည့်ပမာ ဘုရား မဖြစ်စေရုံသာမက တတ်နိုင်လျှင် အသက်ကိုပါ သတ်ဖြတ်ပစ်ရန်အထိ မောင်းတင်၍ လာခြင်းဖြစ်ပေရာ တန်ခိုးအရှင် သူ့ဘက်တော်သား နတ်ဘီလူးများစွာတို့၏သခင်လည်း ဖြစ်သောကြောင့် သူ့တွင်ရသမျှသော လက်နက်မျိုးစုံ သူရဲသူခက် ရဲမက်မျိုးစုံတို့ဖြင့် အကြမ်းပတမ်း ဝန်းရံလာခြင်းပင်ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းမိသည်နှင့်တစ်ပြိုင်နက်ပင်လျှင် "ရဟန်းသိဒ္ဓတ္ထ။ ။ ဤပလ္လင်ကား သင့်ပလ္လင်မဟုတ်၊ ဤနေရာကား သင့်နေရာမဟုတ် ဖယ်ရှားလော့" ဟု သူယုတ်သူပေါ် ဒေါသ မာနသမားတို့၏ ဓမ္မတာအတိုင်း အကြောင်းဟုတ်သည်မဟုတ်သည် မစဉ်းစားဘဲ ကြုံးဝါးရန်စလိုက်လေသည်။ မာရ်နတ်ကြီးက စတင်ရန်ထောင်လိုက်သည် ဆိုလျှင်ပင် သခင့်စိတ်ကြိုက် အလိုက်သိလှစွာသော အယုတ်တမာ မိုလ်ပါရဲမက်တို့၏ ကြိမ်းပဟာစ်ကြွေး သံသေး သံကြောင်တို့ဖြင့် ဝိုင်းအော် ခြိမ်းခြောက်လိုက်ကြသော အသံများမှာ လောကဓာတ်အကုန်ပင် တုန်လှုပ်လောက်ပါပေသည်။

သို့ရာတွင် အံ့ဖွယ်ကောင်းသည်မှာကား မာရ်နတ်နှင့်တကွ ရဲမက်အားလုံးသည် အဘယ်မျှပင် သံပဟုန်းစုန်း ဘက်မဲ့ကြုံးနေကြသည်ဆိုစေ၊ ကာယကံမြောက် အဖြစ် ဖြင့်ကား အလောင်းတော်၏ သက်န်းတော်အစမျှကိုပင် ထိခိုက်ဝံ့ဖို့မဆိုထားဘိ၊ ညောင်ပင် ထီးဝန်းအတွင်းသို့ပင် ဝင်ရောက်မလာနိုင်ဝံ့ခြင်းပင်ဖြစ်ပေသည်။

မာရ်နတ်၏တိုက်ပွဲသည် ကြီးကျယ်လှသော်လည်း ကြာမြင့်သည်ဟုကား မဆိုနိုင်ပါ။ အကြောင်းမူကား အလောင်းတော်က ဘုရားဖြစ်ဖို့ ထက်သန်စွာ ကျင့်တော့အံ့သော ပြင်ဆင်မှုစိတ်ထားတွင် လျှင်မြန်စွာ ပြီးစီးသွားစေရန်အတွက် "မာရ်နတ်။ ။ ဤပလ္လင်နှင့် ဤနေရာသည် အဘယ်သူနှင့်ထိုက်တန်သည်ကို သင်မသိသော်လည်း သိသူရှိပါ၏။ ငါ့မှာ သင်ကဲ့သို့ သူရဲ သူခက် လက်နက်မျိုးစုံ မရှိပါ။ ရှိသည်ကား ဘဝအသင်္ချေ အနန္တမှစ၍ ငါပြုစုပျိုးထောင်လာခဲ့သော ပါရမီ အဟုန် ကောင်းမှုကုသိုလ် မျိုးစုံပေတည်း။ ယင်းပါရမီအဟုန် ကုသိုလ်မျိုးစုံကို သိသူကား ဤမဟာပထဝီမြေကြီးပင်ဖြစ်ပေသည်။ ထို့ကြောင့် ဤမဟာပထဝီက ငါ၏ ဘက်တော်သားအဖြစ် သက်သေခံပါလိမ့်မည်' ဟု မိန့်ကြားတော်မူကာ မြေပြင်သို့ လက်ညှိုးညွှန်လိုက်သောအခါ ဘဝအသင်္ချေ အနန္တတွင် ကုသိုလ်ပြုတိုင်း ရေစက်ချ သက်သေထူကာ အသိပေးခဲ့သော မြေပထဝီသည် သက်သေခံသည့်အလား ရေအလျဉ်တို့ အဟုန်ပြင်းစွာ ထွက်ပေါ်၍ လာခဲ့ပေရာ မာရ်နတ်နှင့် အပေါင်းပါတို့မှာ အံ့သြစွာကြည့်ရှုရင်းနှင့်ပင် ရေအလျဉ်တွင် မျောပါလွင့်စဉ်၍ သွားကြကုန်ပြီတည်း။

ဤတွင် ဘုရားရှင်၏ ဘဝဖြစ်စဉ်၌ အောင်မြင်တော်မူခြင်းအရပ်ရပ်အထပ်ထပ် အထွေထွေ မရေတွက်နိုင်အောင်ပင်ရှိခဲ့ရာတွင် အောင်ခြင်းကြီးရှစ်ရပ်ဟု သတ်မှတ် အပ်သော အောင်ပွဲတော်ကြီးများအနက် ပထမဆုံးသော အောင်တော်မူ ပွဲတော်ကြီး ပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



[ ၄ ]

ယင်းမရေတွက်နိုင်သော အောင်ပွဲတို့အနက် အောင်ပွဲရှစ်ရပ်တွင် မသတ်မှတ်သော်လည်း မာရ်နတ်ကို အောင်မြင်တော်မူပြီးနောက် အနီးကပ်ဆုံးသော အောင်ပွဲကား ကိလေသာမာန်အပေါင်းကို ထောင်းထောင်းကျေညက် ပယ်ဖျက်သုတ်သင် ခုတ်ထွင် အောင်မြင်တော်မူလာသော ဘုရားအဖြစ်သို့ ရောက်တော်မူခြင်းဖြစ်ပေသတည်း။

ဒေသနာတော် အစဉ်အားဖြင့် အောင်တော်မူခြင်းရှစ်ပါးဟုသတ်မှတ်ထားကြသော်လည်း ဘုရားရှင် အလိုတော်အားဖြင့်မူကား ကိလေသာစစ်ပွဲကို အောင်တော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူလာရသည့်အောင်ပွဲကို အောင်ပွဲတကာတို့၏ အထွတ်အထိပ်ဟု သတ်မှတ်တော်မူလိုဟန်ရှိသည်ဟု ယူဆရသည်။

အကြောင်းမူကား ဘုရားအဖြစ်သို့ ရောက်တော်မူနိုင်ရန်အတွက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ ရှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ တစ်ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်း တိုင်အောင်ပင် ပါရမီတော်အစုံစုံ ဖြည့်ကျင့်မှုအဖုံဖုံတို့ဖြင့် သူမတူအောင် ဖြည့်ကျင့်တော်မူခဲ့ရာတွင် ဤနေ့ဤအချိန် ဗောဓိပင်နှင့် ရွှေပလ္လင်တော်ကိုရောက်မှ ကိလေသမာရ်စစ်ကို အောင်မြင်တော်မူသောအခါဝယ် ဝမ်းမြောက်တော်မူလှသောကြောင့် ''ဟယ် ။ ။ ။ တဏှာယောက်ျား ကိလေသာလက်သမား။ ။ သင့်ကို ငါအောင်မြင်ပေပြီ'' စသည်ဖြင့် အနေကဇာတိ သံသာရံ ဟူသော ကြုံးဝါးသံဖြင့် လက်ရုံးဆန့်တန်း ဝမ်းပမ်းတသာ ကြုံးဝါးတော်မူသည်ကို တွေ့ရသောကြောင့်ပေတည်း။

မာရ်နတ်ကို အောင်မြင်တော်မူပြီးနောက် ဘုရားဖြစ်ဖို့ရန်အတွက် မဆုတ်မနစ် ကျင့်တော်မူသောအခါ ညဉ့်ဦးယံ၌ 'ပုဗ္ဗေနိဝါသ ဉာဏ်တော်ကို ရတော်မူ၏။ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်တော်ကို ရတော်မူကာ မဟာသက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့အကုန် နေအရုဏ်တက်သည်နှင့်တစ်ပြိုင်နက် အာသဝက္ခယ ဉာဏ်တော်ကိုရ၍ ဘုရားဖြစ်တော်မူသည်ဟု အကျဉ်းအားဖြင့် ဖော်ပြနိုင်ပါ၏။ သို့ရာတွင် ဘုရားဖြစ်တော်မူပုံ၊ တရားတော်ကိုကျင့်သုံးနည်း ကျင့်သုံးပုံနှင့်စပ်လျဉ်း၍ ဆွေးနွေးဖွယ် ဖော်ပြဖွယ်များ ရှိပေသေးသည်။

ကျင့်တော်မူပုံ အခြေခံတရားအစမှာ ဘုရားအဆူဆူတို့ ချီးကျူးတော်မူအပ်သော အာနာပါန ထွက်သက် ဝင်သက် ကမ္မဋ္ဌာန်းပင်ဖြစ်ပေ၏။

ထွက်သက်ဝင်သက် ကမ္မဋ္ဌာန်းမှစတင်၍ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်တို့မှ အဆင့်ဆင့်တက်ကာ ပထမဈာန်ရသည်အထိမျှသော ကမ္မဋ္ဌာန်းသည် ဘဝများစွာက ပါလာခဲ့သောပါရမီအဟုန်ကြောင့် မွေးကင်းစသာသာအရွယ်ကပင် ခမည်းတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com



လယ်ထွန်မင်္ဂလာပြုရာ သပြေပင်ရိပ်၌ အလွယ်တကူပင် ဝင်စားတော်မူနိုင်ခဲ့ကြောင်း ဖော်ပြခဲ့ပြီးဖြစ်သည်။

ပထမဈာန်ဟု လွယ်လွယ်ပြောသော်လည်း ပါရမီတော်အရှင် အလောင်းတော် သခင်မို့သာ လွယ်ခြင်းဖြစ်သည်။ မလွယ်ပုံကား ပထမဈာန်သို့ တက်ရောက်လိုသော အကြင်ယောဂီအဖို့ ထွက်သက်ဝင်သက်ကို ရှုမှတ်ခြင်းတည်းဟူသော သမာဓိ၏ အဟုန်ဖြင့် ကာမဂုဏ် အာရုံတို့၌ စုံမက်တိမ်းညွတ်ကာ ဆန္ဒပြင်းစွာ တပ်မက်အပ်သော ရာဂတရား၊ အလွန်အားကြီးစွာဖြင့် ဖိစီးလိုလားတတ်သော ဆန္ဒ, ရာဂတရား၊ မိန်းမ ယောကျ်ား စသည်ဖြင့်ကြံခြင်း၊ ထိုထိုရုပ်အဆင်းတို့၏ တင့်တယ်ဟန် မတင့်တယ်ဟန် တို့ကိုကြံစည်ခြင်း အစရှိသော သက်ပွရာဂတရား၊ ထိုထိုဝတ္ထုကာမ ကိလေသာ ကာမတို့ကို မှီ၍ဖြစ်သော စိုးရိမ်မှု၊ အမျက်ထွက်မှု၊ ရန်ငြိုးဖွဲ့မှု အစရှိသော ဗျာပါဒတရား၊ စိတ်စေတသိက်တို့၏ မခံ့မဝံ့ လေးခံထိုင်းမှိုင်းပျင်းရိမှု၊ ငိုက်မြည်းမှုတည်းဟူသော ထိနမိဒ္ဓတရား၊ မတည်မတံ့ပျံ့လွင့်မှု၊ နှလုံးမသာမှု တည်းဟူသော ဥဒ္ဓစ္စကုက္ကုစ္စတရား၊ အာရုံတို့၏ သဘာဝကို မချဆတ်ဆတ် မဆုံးဖြတ်နိုင်မှုတည်းဟူသော ဝိစိကိစ္ဆာ တရားဆိုးတို့ကို ရှေးဦးစွာ ပယ်ခွာသုတ်သင်ပစ်နိုင်ရသည်။

တရားအားထုတ်သည်ဆိုလျှင် ထိုင်းမှိုင်းငိုက်မြည်းမှု တည်းဟူသော ထိနမိဒ္ဓခေါ် တရားဆိုးတို့သည် အစဉ်မပြတ် ကပ်ရောက်ဖျက်ဆီးလာမြဲဖြစ်၏။ ဖော်ပြပါ နီဝရဏ တရားဆိုးတို့ကို ပယ်ချိုးပစ်ခွာပြီးသောအခါ ကပ်ရောက်လာသော ယင်းထိနမိဒ္ဓ တရားဆိုးတို့ကို အားထုတ်မှု အားသစ်မှု ဝီရိယဓာတ်တို့ဖြင့် ပယ်ဖြတ် ဖိနှိပ်ပြီးနောက် တိုးတက်လာသော ယှဉ်ဖော်ယှဉ်ဖက်တရားတို့ကို အာရုံသို့သက်စေခြင်းတည်းဟူသော ဝိတက်အင်္ဂါ၊ သို့လောသို့လောဟူသော အဆုံးအဖြတ်အားနည်းမှု ဝိစိကိစ္ဆာကို ချေဖျက်၍ အာရုံအဆင့် မြင့်တက်လာပြီးသော ယှဉ်ဖော်ယှဉ်ဖက် တရားများကို သုံးသပ်ခြင်းတည်း ဟူသော ဝိစာရအင်္ဂါ၊ ဖော်ပြပါ ဗျာပါဒတရားကိုနှိပ်စက်၍ တိုးတက်လာသော တရားအာရုံနှစ်သက်ခြင်း လက္ခဏာရှိသော ပီတိအင်္ဂါ၊ မတည်မတံ့ပျံ့လွင့်မှု၊ နှလုံး မသာယာမှုတည်းဟူသော ကုက္ကုစ္စကို နှိပ်စက်နိုင်၍ နှစ်သက်အပ်သော တရားအာရုံကို ကောင်းစွာခံစားခြင်းတည်းဟူသော သုခအင်္ဂါ၊ တပ်မက်အပ်သော အာရုံမှန်သမျှကို နှိပ်စက်၍ ယွင်းကွက်မလည် တည်ကြည်မှုတည်းဟူသော သမာဓိအင်္ဂါ၊ ဤစျာန်ငါးပါးနှင့် ပြည့်စုံသည့်အခါမှ ရူပါဝစရ ကုသိုလ်တည်းဟူသော ပထမဈာန်သို့ ရောက်တော်မူရသည်။

ဤသည်ကား ငယ်ရွယ်စဉ် မွေးကင်းစသာသာအချိန်ကပင် ပါရမီဓာတ်ကြောင့် အလွယ်နှင့်ရနိုင်ရောက်နိုင်ခဲ့သော ပထမဈာန်အဆင့်ဖြစ်၏။ ရူပါဝစရ ပမထဈာန်

www.burmeseclassic.com

www.burmeseclassic.com



အဆင့်ဟုခေါ်သည်။ ရပြီးရောက်ပြီးမှ ပျောက်ပျယ်သွားရခြင်းမှာကား ကလေးလူမမည် ငယ်ရွယ်သူဖြစ်သေးသည့်အလျောက် မထိန်းနိုင် မစောင့်နိုင်အပ်သောကြောင့်ဖြစ်၏။ သမာဓိကိုသာ အရင်းခံသော ဘာဝနာ၏သဘာဝမှာ ရောက်အပ်သော အဆင့်တွင် ထိန်းထားနိုင်သလောက် ခိုင်မြဲ၍ မထိန်းနိုင်သည်နှင့်တစ်ပြိုင်နက် ပြိုကျ ပျက်ယွင်းစမြဲ ဖြစ်၏။

တောထွက်တော်မူပြီးနောက် အာဠာရနှင့် ဥဒကဆရာကြီးတို့အထံတွင် ကျင့်ကြံအားထုတ်ခဲ့သောတရားမှာလည်း ယင်းသမာဓိဘာဝနာပင်ဖြစ်ပေ၏။ သို့ရာတွင် ပထမဈာန်မျှမက ရူပါဝစရ ဒုတိယ၊ တတိယ၊ စတုတ္ထဈာန်အထိမျှလည်း မကသေး၊ နေဝသညာနာသညာခေါ် သမာဓိလုပ်ငန်း၏ နောက်ဆုံးစခန်းဖြစ်သော အရူပါဝစရ စတုတ္ထဈာန်အဆင့်ထိ မြင့်တက်ကျင့်သုံးနိုင်ခဲ့သည်။

ဆရာကြီးတို့ထံတွင် ရူပါဝစရ ပထမဈာန်မှ ရူပါဝစရစတုတ္ထဈာန်အထိ အဆင့်ဆင့်တိုးတက်ကျင့်သုံးရ၏။ ရူပါဝစရ ပထမဈာန် ပြီးဆုံးသောအခါ တစ်ဖန် အရူပါဝစရ ပထမဈာန်မှ အရူပါဝစရ စတုတ္ထဈာန်အထိ တိုးတက်ကျင့်သုံးရ၏။ သမထလုပ်ငန်း ပြီးဆုံးပြီဖြစ်၏။ သို့ရာတွင် ယင်းသမထလုပ်ငန်းပြီးဆုံးမှုမျှသည် လောဘ၊ ဒေါသ၊ မောဟတို့ အမြစ်ပြတ်သော ရဟန္တာအဆင့်၊ ဘုရားအဖြစ်သို့ မရောက်သေးကြောင်း သိရှိလာရသည်။

ဤတွင် ဆရာကြီးတို့နှင့် ခွဲခွာလာခဲ့ရသည်။ ဤနေရာတွင် ဆရာကြီးနှစ်ပါး၏ ထူးခြားလှသော သဘောထားနှစ်ရပ်ကို သိရှိလာရသည်။

လူ့လောကဟူသည် သူတော်ကောင်းအမည်ခံသော တရားသမားတို့ လောကပင်ဖြစ်စေဦးတော့၊ ဣဿာမစ္ဆရိယ၊ မာန၊ ဒိဋ္ဌိစသော တရားဆိုးတို့ဖြင့် သိသိသာသာသော်လည်းကောင်း၊ မသိမသာသော်လည်းကောင်း အများအားဖြင့် ဟန်ဆောင်ဖုံးအုပ်ထားသော လောကဖြစ်၏။ မိမိထက်သာလျှင် မနာလိုစိတ် ဝင်လာမြဲ ဖြစ်တတ်သည်။ မိမိတွင်ရှိအပ်သော ပစ္စည်းဥစ္စာမျှမက တရားအသိဖြစ်စေဦးတော့ တန်ကြေးထား၍ ကြွားရွားပလွှားလေ့ရှိတတ်သည်။

ဤဆရာကြီးနှစ်ဦး၏ သဘောထားကား ရိုးသားဖြူစင် ဖြူလွင်လှစွာ၏။

တရားအလုပ်ဟူသည် အပြောလွယ် အဟောလွယ်သလောက် အလုပ်ခက်သည်။ အကြင်ယောဂီ၏ ဝီရိယဓာတ်၊ ဆန္ဒဓာတ်ခံနှင့် ပါရမီရှိသလောက်သာ အလုပ်ခရီးရောက်တတ်သည်။ အချို့တို့မှာ ဖော်ပြပါ ရူပါဝစရ ပထမဈာန်အဆင့်မျှလောက်ကိုပင် နှစ်ပေါင်းများစွာ၊ အချို့မှာ တစ်သက်လုံးဆိုရလောက်အောင်ပင် ကျင့်သုံးယူရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပါရမီတော်အရှင် အလောင်းတော် အဖို့မူကား ရက်ပိုင်းမျှဖြင့်ပင် ဆရာကြီးတို့ ရောက်အပ်သော အဆင့်မြင့်အဆင့်ဆုံးတရားများအထိ အလွယ်တကူပင် ပေါက်ရောက် ပြီးမြောက်သည်ကို ဆရာကြီးတို့ တွေ့ရသည်။ ရုပ်လက္ခဏာ ကြည်လင်၍သဘောထား ဖြူစင်မှုကိုလည်း တွေ့ရသည်။ စင်စစ်သော်ကား အလောင်းတော်၏ ဂုဏ်ရည်မှာ မိမိတို့ကိုပင်လွှမ်း၍သွားနိုင်သောအသိရှင်၊ ပါရမီရှင်ဖြစ်၏။

သို့ရာတွင် တပည့်ဖြစ်သော အလောင်းတော်အပေါ်၌ ကာလာမဝင် မစ္ဆရိယ ကင်းစင်၍ အာဠာရဆရာကြီးက မိမိတို့ကဲ့သို့ပင် ဂိုဏ်းဆရာကြီးတစ်ဦးပြုလုပ်ရန် မိမိတပည့်အားလုံးကို လွှဲအပ်၍ပေးသည်။ ဥဒကဆရာကြီးက ငါးရာမျှသော တပည့် တစ်ဝက်ကိုလွှဲအပ်၍ပေးသည်။ ထို့ကြောင့် ဤဆရာကြီးတို့ကား တကယ့် သူတော်ကောင်း ဂုရုကြီးများပါပေဟု သိမှတ်လိုက်ရသည်။ တစ်နေ့သောအခါတွင် တရားကျေးဇူးဆပ် ရပေမည်ဟု ရည်မှန်းလိုက်ရပေသည်။ သို့ရာတွင် မိမိမှာ မိမိရည်မှန်းအပ်သော တရားပန်းထုံးတိုင်သို့မရောက်သေး၊ မရသေးသမျှ ဆရာကြီးတစ်ဆူ ပြုမူရန်မဟုတ်သေး သောကြောင့် ဆရာကြီးများအထံမှ တောင်းပန်ဖဲခွာလာခဲ့ရခြင်း ဖြစ်ပေသည်။

သို့ဖြစ်၍ ဘုရားဖြစ်တော်မူလာသော အချိန်အခါ၌ ဤဆရာကြီးနှစ်ဆူအား တရားကျေးဇူးဆပ်ရန်အတွက် ပဥ္စဝဂ္ဂီတို့ အလျင်ပင်လျှင် ပြင်ဆင်စိတ်ကူးလိုက်သော အခါ၌မူ ဆရာကြီးနှစ်ဦးစလုံးပင် မရှိကြရှာတော့ပေ။ ထို့ကြောင့် ရင်တော်ကို သပ်မိသည် အထိပင် သံဝေဂရတော်မူလိုက်ရသည်။

[ ၅ ]

ဥရုဝေလဟူသည် ကမ္ဘာ့သမိုင်း၊ သာသနာ့သမိုင်း၏ တရားရိပ်မြုံကြီးဖြစ်သည်။ တရားရှာ တရားရှင်တို့၏ ဘူမိနက်သန် နေရာမှန်ဖြစ်သည်။ ရှေးဘုရားရှင် အဆူဆူတို့၏ တရားဓမ္မစက် ဖြန့်ကျက်ရာ နေရာပင်ဖြစ်သည်။ ရှေးဘုရားရှင်အဆူဆူတို့၏ တရားဓမ္မစက် ဖြန့်ကျက်ရာ နေရာဖြစ်သည်ဟု အဆိုရှိသည်။ ထို့ကြောင့် ဥရုဝေလ၏ ဂုဏ်သတင်းမှာ ကြီးမားလှစွာ၏။ ဥရုဝေလ၏အလှကို ပညာရှင်အဆက်ဆက်တို့ကပင် လက်ရာမျိုးစုံ၊ နည်းမျိုးစုံဖြင့် ဖွဲ့ဆိုသီကုံးခဲ့ကြ၏။

''မြစ်ကမ်းယံတွင်၊ လေပြန်ခတ်သွင်း၊ တညင်းညင်းနှင့်၊ အင်ကြင်းယုက်စုံ၊ ပန်းရဂုံဝယ်၊ ဖော်စုံယှဉ်မှီး၊ ဒန်းလေစီး၍၊ ပျော်ကြီးပျော်ကာ၊ ညံစာစာဖြင့်၊ ညီညာစုရုံး၊ ပျားပိတုန်းတို့၊ အုံးအုံးခြိမ့်ကျော်၊ အလွန်ပျော်စရာကောင်းပေထသော –

www.burmeseclassic.com

www.burmeseclassic.com



"ရတုနိယံ၊ အကြောင်းခံ၍၊ ဖူးတံငုံရင့်၊ စုံညီပွင့်လျက်၊ ဆင့်ဆင့်မြိုင်မြိုင်၊ အခိုင်ခိုင်လျှင်၊ ကြိုင်လှိုင်ပျံ့ကင်း၊ ရနံ့သင်းသည့်၊ အင်ကြင်းပင်ပျိုကလေးတို့ကလည်း စီရရီပွင့်၍နေထသော –

"နုရည်းစရာ၊ တူရိယာသို့၊ သံသာချောင်း၊ ရေစီးသံကလေးတို့ကလည်း မပြတ်ကြား၍နေထသော –

"မြရောင်ပမာ၊ ရေညိုကတလှည့်၊ စိမ်းလဲ့ကြည်လင်၊ ရေသွင်သွင်စီး၊ နေရဥ္စရာမြစ်ကြီး၏ –

"ကမ်းခြေတစ်လျှောက်၊ ပေါက်ရောက်စည်ပင်၊ ဘဝင်ကြည်နူး၊ မြင်သူမြူးလောက်သည့်၊ တင့်ထူးသာယာ၊ ဝေဝေဖြာသော၊ ပန်းမာလာနှော ဥရုဝေလခေါ်ဆိုသည့် တောကြီးသို့ –

"သိဒ္ဓတ္ထဘုန်းမော်၊ ငါအလောင်းတော်သည့်၊ ဘယ်သောကာလ၊ ဘယ်အခါသမယ၌၊ ကေစာပျော်မှီး၊ တစ်ကိုယ်တည်းဖြင့်၊ ခရီးဆန့်ကာ ပျော်ပျော်ကြီး နေရပါတော့အံ့နည်း"

ဤကား ကပိလဝတ် ရွှေနန်းတော်၌ အခွင့်မသာအခါမကြုံကျသေး၍ နေရခိုက်တွင် နာမည်ကြီးလှသော ဥရုဝေလသို့ ရည်မှန်း၍ သိဒ္ဓတ္ထမင်းသား အကြိမ်များစွာ ညည်းတွားသီဆိုသော ဥရုဝေလဖွဲ့ ဂီတတစ်ပုဒ်ဖြစ်၏။ ထို့ကြောင့်လည်း ဟိမဝန္တာတောင်ခြေ၊ ကပိလဝတ်တစ်ဝိုက်၌ တောတွေတောင်တွေ မြောက်မြားစွာ ရှိပါလျက် ယဇနာသုံးဆယ်မျှကွာဝေးသော ဥရုဝေလသို့သာ လှမ်းချီတော်မူခဲ့ခြင်း ဖြစ်ပေသည်။

ဥရုဝေလသည် စာဆိုတော်တို့၏စာဆိုနှင့်အညီပင် သာယာ၍ သာယာသလောက်လည်း ကျယ်ဝန်းလှ၏။ မောင်ဆန်ကို ပြန်၍လွှတ်လိုက်သော်လည်း တစ်ပါးတည်းကား မဟုတ်ပေ။ ပဥ္စဝဂ္ဂီတို့က တောကျောင်းအသင့်၊ နေရာအသင့်ဖြင့် ကေန်ရောက်လာလတ္တံ့သော ဓမ္မမိတ်ဆွေကြီးကိုအသင့်စောင့်ကြိုလျက်ရှိနေကြသည်။ သို့ရာတွင် ဥရုဝေလ၌ ဓမ္မအဖော်များမှာ ပဥ္စဝဂ္ဂီမျှလည်းမကပေ။ ။ ရေကြည်ရာ မြက်နုရာဆိုသကဲ့သို့ မိမိတို့ လျော်ရာလျော်ရာ၌ တရားကျင့်သုံး၊ သီတင်းသုံးလျက်ရှိကြကုန်သော ပဥ္စဝဂ္ဂီတို့လို ငါးဦးအဖွဲ့မျှလည်းမက၊ ဆယ်ဦးအဖွဲ့မျှလည်းမက အာဠာရဆရာကြီးတို့၊ ဥဒကဆရာကြီးတို့လို ရာနှင့်ထောင်နှင့် ဂိုဏ်းဖွဲ့ သီတင်းသုံးလျက်ရှိကြသော တရားအဖွဲ့ကြီးများအထိ ရှိသည်။ နောင်အခါတွင် ရှင်တစ်ထောင်တို့ကို ကယ်ချွတ်တော်မူရာ၌ ရှင်တစ်ထောင်ဂိုဏ်းမှာလည်း ဥရုဝေလအသိုက်အဝန်းမှပင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေသည်။ ဤသည်တို့ကား ဘုရားဖြစ်တော်မူရန် ဘူမိနက်သန် မှန်လှစွာသော ဥရုဝေလ၏ဓမ္မအဖော်လိုသူတို့အတွက် ပျော်မွေ့ဖွယ် အခြေအနေဖြစ်၏။

မိမိအဖို့မူကား အားကိုးစွာဖြင့် အဖော်ပြုလာသောကြောင့် ပဥ္စဝဂ္ဂီတို့နှင့် အလိုက်သင့် သီတင်းသုံးခဲ့ရသော်လည်း စိတ်ရင်းအားဖြင့်မူ ကေစာပျော်မိုး တစ်ယောက်တည်းသာ နေလိုခဲ့သည်။ တရားရှိနေသူတို့အတွက် တရားသည်ပင် အဖော်မဟုတ်ပါလော။

တရားဟူသည် ကိုယ်တွင်းအဖွဲ့ကိုသာ ရှုမှတ်စူးစိုက်ရသောအလုပ် ဖြစ်သည်။ ပြင်ပအဖော်မလိုပေ။ ပြင်ပအဖော်ကြောင့် အနည်းနှင့်အများ တရားအလုပ်တွင် အနှောင့်အတားသာဖြစ်နိုင်သည်။ ခန္ဓာတည်းဟူသောအဖော်ကိုသာ အရင်းတည်ကာ ပညာရှာရသော အလုပ်ဖြစ်သည်။

ယခုသော် ပဥ္စဝဂ္ဂီတို့သည် သူတို့အကြောင်း သူတို့အမြင်ဖြင့် မိမိကို စွန့်ခွာသွားကြပြီဖြစ်၍ ဝမ်းမြောက်ရ၏။ ထို့ကြောင့် ယနေ့အဖို့တွင်ဖြင့် ဤနေရာ ဤပလ္လင်မှ ဘုရားမဖြစ်သမျှ ငါမထဟူသော စိတ်ဓာတ်တည်ဆောက်မှု ဖွဲ့မာန်၊ မိမိထိုးထွင်းသိရှိထားအပ်သော တရားလမ်းစဉ် မဂ္ဂင်ရှစ်ပါးမှ သမ္မာသမာဓိတည်းဟူသော ခိုင်ကျည်မှုကို ကျောက်သားကျောက်တိုင်ကဲ့သို့ မယိုင်မလဲ သဲသဲခဲခဲကြီး စတင်တည်ဆောက်ကာ ဝသီဘော်ရှိခဲ့ပြီးသော အာနာပါန ထွက်သက်ဝင်သက် ကမ္မဋ္ဌာန်းတည်းဟူသော အရင်းအစဖြင့် တည်ဆောက်လိုက်သောအခါ ရခဲ့ပြီးသော အရူပါဝစရ စတုတ္ထအဆင့်မှ လွန်မြောက်၍ ညဉ့်ဦးယံအတွင်း၌ပင် ပုဗ္ဗေနိဝါဝဉာဏ်တော်ကိုရတော်မူသည်။ ဤမှ တစ်ဆင့်တက်၍ ကြိုးပမ်းလိုက်သောအခါ ဒုတိယယံဟုဆိုအပ်သော သန်းခေါင်ချိန်တွင်ပင် ဒိဗ္ဗစက္ခုတည်းဟူသော ဉာဏ်တော်သို့ အလွယ်တကူပင် ရတော် ရောက်တော်မူပေသည်။

ဤတွင် ဆွေးနွေးရန်ရှိလာပြန်သည်ကား ရှေးဘဝများစွာကိုမြင်နိုင်သော ပုဗ္ဗေနိဝါသ၊ နတ်မျက်စိကဲ့သို့ အဆီးအတား အပိတ်အပင်မရှိ မြင်သိနိုင်သော ဒိဗ္ဗစက္ခု၊ နတ်နားကဲ့သို အတားအဆီးမရှိ ကြားနိုင်သိနိုင်သော ဒိဗ္ဗသောတ၊ တန်ခိုးမျိုးစုံတို့ဖြင့် ပြည့်လာသော ဣဒ္ဓိဝိဓစသော အကျိုးသိဒ္ဓိများသည် ရှေးယခင် အာဠာရ၊ ဥဒက ဆရာကြီးတို့အထံတွင် သင်၍ ကျင့်၍ရခဲ့ရောက်ခဲ့သော အရူပါဝစရ စတုတ္ထဈာန်ကို ရခဲ့စဉ်ကပင် ပြည့်စုံခဲ့ပြီမဟုတ်ပါလော ဟု ဆွေးနွေးရန်ရှိသည်။

မှန်၏။ အရူပါဝစရ စတုတ္ထဈာန်သည် တန်ခိုးကြီးသော ဗြဟ္မာကြီးတို့၏အဆင့်တရားဖြစ်သည်။ ထို့ကြောင့် တန်ခိုးကြီးသော ဗြဟ္မာကြီးတို့၏တရား၊ ဗြဟ္မာကြီး

www.burmeseclassic.com

www.burmeseclassic.com



တို့၏ အဆင့်ဖြစ်သော မြင်နိုင်မှု၊ ကြားနိုင်မှုများသည် သူ့အဆင့်နှင့်သူ ရှိခဲ့ဖူးသည် မှန်ပါ၏။ သို့ရာတွင် ယင်းအမြင်အကြားတို့မှာ ခိုင်မြဲရင့်ကျက်သော ဝိပဿနာ ဘာဝနာ မဂ္ဂင်ရှစ်ဖြာဖြင့် သုံးသပ်ရှုမြင်အပ်သော အမြင်အကြားများ မဟုတ်ကြသေး။ ထို့ကြောင့်လည်း သမာဓိ ဘာဝနာ နယ်ပယ်မှသော အကြင် အမြင်အကြား အကြင် တရားတို့ဟူသည် သူ့နယ်ပယ်နှင့်သူတွင် အဘယ်မျှအဆင့်မြင့်သည်ဆိုစေ၊ ခိုင်မြဲသော တရားများမဟုတ်ကြပေ။ ထို့ကြောင့်လည်း ရပြီးနောက်ကွယ်ပျောက်ခဲ့ရသည် မဟုတ်ပါလော။ ထို့ကြောင့်လည်း 'မြဟ္မာပြည် တဝင်းဝင်း၊ ဝက်စားကျင်း တရှုတ်ရှုတ်' ဟုပင် ဆိုရိုးရှိခဲ့ကြသည်မဟုတ်ပါလော။

အလောင်းတော်အရှင် ယခုရရှိ ရောက်ရှိသော ပုဗ္ဗေနိဝါသ၊ ဒိဗ္ဗစက္ခုတည်း ဟူသော ဉာဏ်တော်အဆင့်တို့သည်ကား သမာဓိဘာဝနာ နယ်ပယ်မှဖြင့် သုံးသပ်ရှုမြင်ရရှိအပ်သောအဆင့်မဟုတ်။ သမာဓိဘာဝနာ အရင်းခံတွင် မိမိကိုယ်ပိုင် သိမြင်အပ်သော မဂ္ဂင်ရှစ်ဖြာ ဝိပဿနာဘာဝနာဖြင့် ရရှိရောက်ရှိအပ်သော ကြွန္တခိလ မဟာကျောက်တိုင်ကဲ့သို့ခိုင်ခိုင်မြဲမြဲ စွဲစွဲထင်ထင်ကြီး ရရှိအပ်ပြီဖြစ်သော တရားထူး တရားမြတ် တရားအမြုတေဖြစ်ပေရာ၊ နောင်အခါ၌ အရပ်ရှစ်မျက်နှာတို့မှ အဘယ်သို့သော လောကဓံလေ၊ အဘယ်သို့သော အာရုံအတွေ့ အမျိုးမျိုးတို့နှင့် တွေ့ဆုံတိုက်ခတ်လာစေကာမူ ယိုင်နဲ့ပြိုလဲဖို့ရန် မရှိတော့သော မယိမ်းမယိုင် ကျောက်စာတိုင် ဉာဏ်တော်များပေတည်း။

ဒိဗ္ဗစက္ခုဉာဏ်တော်အပြီးတိုင်သောအခါ၌ အာသဝက္ခယဉာဏ်တော်သို့ ကူးတက်ရန် လိုပေသေး၏။ သို့ရာတွင် ဖောက်ပြန်တတ်သော ရုပ်ခန္ဓာတော်နှင့် မကင်းနိုင်သေးပေရာ၊ အစဉ်တစိုက် ထိုင်နေတော်မူရမှု တရားတော်တွင် ဉာဏ်အားတော် စိုက်ရမှုတို့ကြောင့် ပင်ပန်းနွမ်းနယ်လာသယောင် ရှိလာသော ခန္ဓာတော်ကို အနားပေးရန် အလို့ငှာ သန်းခေါင်ယံအကျော် ပစ္ဆိမယံ၏ သုံးဖို့တစ်ဖို့မျှသာ အချိန်ကိုယူ၍ မှေးစက်နားနေတော်မူလိုက်သည်။

ထို့နောက်တွင်ကား ရအပ်ပြီးသော ဉာဏ်တော်တို့ကို အရင်းတည် တစ်ဆင့်တက်၍ ကိုယ်ပိုင်ထိုးထွင်း ကြံဆအပ်ပြီးသော သစ္စာလေးပါး တရားအမှန်သို့ ကူးတော်မူသည်။

ဤလောက၌ ဤသတ္တဝါတို့သည် ဆင်းရဲမှုမျိုးစုံကို အရင်းတည်အပ်သော ဒုက္ခသတ္တဝါ၊ ဒုက္ခကမ္ဘာသာဖြစ်စေ၏။ ဆင်းရဲမှုဆိုရာ၌ ဆင်းရဲစေအပ်သော အတွေးမျိုးစုံ၊ ပရိယာယ်မျိုးစုံ၊ နည်းမျိုးစုံဖြင့် အစဉ်မပြတ်ကပ်၍သာ နှိပ်နယ်ညှဉ်းပန်းတတ်သော သဘော၊ တစ်မျိုးပြီးတစ်မျိုး၊ တစ်မျိုးမဟုတ်တစ်မျိုးဖြင့်သာ ကူးပြောင်းနှိပ်စက်နေ

www.burmeseclassic.com

www.burmeseclassic.com



တတ်သောသဘော၊ ယင်းသို့ ဆင်းရဲမှု၏ နည်းပရိယာယ် မျိုးစုံတို့ကြောင့် အမြဲတမ်းပင် ပူပန်၍ သောကဗျာပါရ များနေရသောသဘော၊ ဆင်းရဲမှု၊ ပူပင်မှုတို့ကြောင့် အမြဲတမ်း ဖောက်ပြန်နေရသော သဘောတည်းဟူသော ဒုက္ခသစ္စာ၏ နိယာမသဘာဝ တရားတို့ကို ပိုင်းခြားသိမြင်ခြင်းဖြင့်လည်းကောင်း၊ တစ်နည်းမဟုတ်လျှင်တစ်နည်းဖြင့် မာလောနွယ် ကဲ့သို့ မပြတ်ဖွဲ့ယှက် ရစ်ပတ်တတ်သော သမုဒယသစ္စာ၏ သဘာဝနိယာမတို့ကို ပယ်ဖြတ်သုတ်သင်ခြင်းအားဖြင့်လည်းကောင်း၊ ယင်းဒုက္ခသစ္စာ၊ သမုဒယသစ္စာတို့မှ လွတ်မြောက်ရုန်းထွက်ရာ မဂ္ဂသစ္စာကို တည်ဆောက်ခြင်းဖြင့်လည်းကောင်း၊ ယင်းသို့ဖြင့် နိရောဓသစ္စာ တည်းဟူသော လွတ်မြောက်ရာ–အမတသို့ မျက်မှောက်ပြုနိုင်ခြင်းဖြင့် လည်းကောင်း ဘုရားစင်စစ် သဗ္ဗညုတအဖြစ်သို့ ဆိုက်ရောက်တော်မူ၊ အောင်တော်မူ သတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com



# ဘုရားပွင့်ခိုက် လှူလိုက်ရသောလုပ်အား

[ ၁ ]

နွေရာသီအပူဓာတ်ကြောင့် ရွာနီးချုပ်စပ်တွင် တစ်နေ့တခြား နွားစာမြက်ကင်းပြတ်လာသည်။ နွားစာမြက် ရရှိရေးအတွက် ရွာသားများအဖို့ နေ့စဉ်နေ့တိုင်း အပန်းတကြီး ရှာဖွေနေကြရ၏။ ကျွန်ုပ်အဖို့မူ နွေရာသီသို့ရောက်လာတိုင်း နွားစာမြက်အတွက် ရွာနီးချုပ်စပ်တွင် အလုအယက် ရှာဖွေမနေတော့ဘဲ မြက်ပေါသော ဥရုဝေလတော အတွင်းပိုင်းသို့ အပင်ပန်းခံ၍ ဝင်ကာရိတ်ယူမြဲဖြစ်သည်။

ဥရုဝေလအတွင်းပိုင်းသို့ ဝင်ရာ၌ ပထမတွင် နွားစာမြက်အကြောင်း တစ်ခုတည်းကြောင့်ဖြစ်သော်လည်း သွားဖန်များလတ်သော် အခြားအကြောင်းတစ်ရပ်လည်းပေါ်လာ၏။ ယင်းအကြောင်းကား မြက်ရိတ်ရာအနီးတွင် တွေ့ရသော ရသေ့ခြောက်ပါးအပေါ်၌ တစ်နေ့တခြား သံယောဇဉ်ငြိတွယ်လာခြင်းပင်ဖြစ်ပေသည်။

သံယောဇဉ်ငြိတွယ်သည်ဆိုသော်လည်း ရသေ့တို့နှင့်မူ အကျွမ်းမဝင်လှပါ။ အကြောင်းကား ရသေ့တို့သည် နှုတ်ဆိတ်၏။ တည်ငြိမ်၏။ ကမ္မဋ္ဌာန်းထိုင်ခြင်းစသော မိမိတို့အလုပ်ကိုသာ မိမိတို့လုပ်ကြသည်။ သို့ရာတွင် ရသေ့တို့ကို ဖူးတွေ့ရသည်မှာ ကျွန်ုပ်အဖို့ ငြိမ်းအေး၏။ ဆိတ်ငြိမ်သော ဥရုဝေလတွင် တည်ငြိမ်သော ရသေ့တို့ကို ဖူးတွေ့ရရုံမျှနှင့်ပင် ကျွန်ုပ်၏ စိတ်နှလုံးမှာ ငြိမ်းချမ်းလှ၏။ ကြုံကြိုက်သောအခါ၌ ရသေ့တို့အတွက် သောက်ရေဖြည့်ပေးခြင်း၊ တံမြက်လှည်းခြင်း စသော အမှုကိစ္စကလေးများ ဆောင်ရွက်ပေးခွင့်ရသည်ကပင် ကျွန်ုပ်အဖို့ နှစ်လိုကြည်နူးလှသည်။

အထူးသဖြင့် သိဒ္ဓတ္ထရဟန်းအပေါ်တွင် ကျွန်ုပ်ပို၍သံယောဇဉ်ဖြစ်မိ၏။ အကြောင်းကား သိဒ္ဓတ္ထရဟန်းသည် နုပျိုလှသေး၏။ ကိုယ်ဟန်သန့်ရှင်းကြည်လင်၏။

www.burmeseclassic.com

www.burmeseclassic.com



ဏ္ဍန္တြေပို၍ပြည့်၏။ တောနှင့်မတန် နန်းနှင့်သာဆံသော မင်းသားတစ်ပါးဟုလည်း ကြားသိရသည်။

ဤနည်းဖြင့် လေးငါးနှစ်မျှ ဤရသေ့ရဟန်းများနှင့် မသိမသာဆက်ဆံလာခဲ့ရာမှ ယခုနှစ်တွင်မူ ရသေ့ငါးပါး ပျောက်ကွယ်သွားကြ၍ သိဒ္ဓတ္ထရဟန်းတစ်ပါးသာ ဥရုဝေလ၌ ကျန်ရစ်တော့သည်ကို တွေ့ရသည်။ ရသေ့ငါးပါးသည် အခြားတော တစ်တောဖြစ်သော မိဂဒါဝုန်သို့ ထွက်ခွာသွားကြသည်ဟု ကြားရ၏။

ရသေ့တို့သည် ပထမ၌ ဆွမ်းခံမစားကြဘဲ ဥရုဝေလမှ သစ်သီးဆွမ်းဖြင့် မျှတကြသော်လည်း ရသေ့ငါးပါးတို့ ထွက်ခွာသွားကြသောအချိန်ခန့်တွင်မူ သိဒ္ဓတ္ထရဟန်းသည် ဆွမ်းခံကြွလာသည်ကိုတွေ့ရသည်။ ထို့ကြောင့် တစ်ပါးတည်းသာ ကျန်တော့သော သိဒ္ဓတ္ထရဟန်းအပေါ်တွင် ဆွမ်းခံမှုကြောင့် ကျွန်ုပ်တို့နှင့် အတွေ့အမြင်နီးစပ်ကာ သံယောဇဉ် ပို၍ရှိလာသည်။

ယနေ့နံနက်ပိုင်းက ဥရုဝေလသို့ ကျွန်ုပ်ရောက်ရှိသောအချိန်တွင် သိဒ္ဓတ္ထရဟန်းသည် ဥရုဝေလနံဘေးရှိ နေရဥ္ဇရာမြစ်ဆိပ်တွင် ရေချိုးနေသည်ကို ဖူးတွေ့ရသည်။ မြစ်ဆိပ်သောင်ခုံတွင် ချထားသည့်အခါတိုင်းနှင့်မတူ ထူးခြားလှပသော သပိတ်ကိုလည်း သတိပြုမိ၏။ အချိန်ကိုထောက်ရှု၍ သိဒ္ဓတ္ထရဟန်းသည် ဆွမ်းခံမှအပြန် ဖြစ်ဖို့ရှိသည်။

သောင်ခုံကမ်းခြေတို့ ညီညီပြေပြေနှင့် နေရဥ္ဇရာမြစ်သည် အမြဲလှ၏။ တစ်ဖက်မှ အုပ်အုပ်ဆိုင်းဆိုင်း မှိုင်းမှိုင်းပျပျနှင့် ဥရုဝေလတောကလည်း အမြဲလှ၏။ အလှချင်း ပြိုင်နေကြဘိသို့ရှိသည်။ တောနှင့်မြစ်တို့အကြားမှ သဲသောင်အပြန့်မှာ အလှနှစ်သွယ်ကို ကျောက်သံပတ္တမြားတို့ဖြင့်စီခြယ်ဆက်သွယ်ထားဘိသကဲ့သို့အမြဲရှိသည်။

သို့ရာတွင် ယနေ့အဖို့ ဤမြစ်ဤသောင် ဤတောတို့သည် အခါတိုင်းထက် ပို၍လှသည်ဟု ကျွန်ုပ်ထင်သည်။ နေရောင်သည် အလှထွက်ရုံမျှယှဉ်၍ပူသည်။ လေသည် အလှထွက်ရုံမျှ ညင်း၍တိုက်သည်။ လေညင်းကြောင့် နေရဥ္ဇရာသည် ပန်းချီနတ်ဆေးရေးထားသည့်နှယ် လှိုင်းတို လှိုင်းနိမ့်ကလေးများကို တဖျတ်ဖျတ် မြူးကြွစေ၍ ယင်းလှိုင်းတို လှိုင်းနိမ့်ကလေးများ၏ ဦးထိပ်ကို နေကအရောင်ခြယ်ပေးသည့်နှယ်ရှိသည်။ လေသည် တဖျပ်ဖျပ်လှိုင်းသံလေးများအား တူရိယာငါးပါးကို သာသာယာယာ တီးမှုတ်သည့်နှယ် ဖြစ်စေ၍ ဥရုဝေလတောကို လှုပ်ရုံနွဲ့ရုံမျှ ယိမ်းကစေသည်။

သိဒ္ဓတ္ထရဟန်းသည် ယင်းအလှမျိုးစုံတို့၏အကြားတွင် သိမ်မွေ့စွာ ရေချိုး၏။

ထူးခြားသော ထိုအတွေ့အကြုံများကြောင့်လည်းကောင်း၊ ထိုထက်ထူးခြားသော အခြားအကြောင်းတစ်ကြောင်းကြောင့် လည်းကောင်း ထိုနေ့ကို ကျွန်ုပ်တစ်သက်တာတွင် မမေ့နိုင်အောင် မှတ်မိနေ၏။ ထိုနေ့ကား ကဆုန်လပြည့်နေ့တည်း။

www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

ကျွန်ုပ်သည် ထူးထူးခြားခြား လှ၍နေသော ယင်းမြင်ကွင်းကို ကြည့်ရှုရင်း ဥရုဝေလ တောစပ်တွင် မြက်ရိတ်နေ၏။ သိဒ္ဓတ္ထရဟန်းသည် နေရဉ္ဇရာတွင် ရေချိုးပြီးသော် ပတ္တမြားသောင်ခုံတွင် ငြိမ်ဝပ်စွာထိုင်၍ ဆွမ်းဘုဉ်းပေး၏။ ဆွမ်းဘုဉ်းပေးပြီးသော် မည်သို့ ရည်ရွယ်ချက်ရှိသည်မသိ ထူးခြားသော သပိတ်ကို နေရဉ္ဇရာမြစ်ကြောသို့ မျှောလိုက်သည်ကို တွေ့ရသည်။

ထို့နောက် ကျွန်ုပ်အနီးမှ ဖြတ်၍ ဥရုဝေလသို့ ဝင်တော်မူပြီးလျှင် မြစ်ဆိပ် ရှုကွင်းနှင့်လည်း မဝေးလွန်း၊ ဥရုဝေလအတွင်းပိုင်းသို့လည်းမကျလွန်းသော တောစိုး ညောင်ပင်ကြီးထံပါးသို့ ကြွသွားတော်မူ၏။

သိဒ္ဓတ္ထရဟန်းသည် ဤညောင်ပင်၏ခြေရင်းတွင် ထိုင်တော့အံ့ဟု ကျွန်ုပ် နားလည်ရသည်။ ညောင်ပင်ဂန်းကျင်သို့ ထိုင်၍ကောင်းအံ့သော နေရာကိုလှည့်ပတ်၍ ကြည့်တော်မူသည်ကို တွေ့ရသောကြောင့်ဖြစ်၏။ ဤတွင် ကျွန်ုပ်၌ စေတနာတစ်ရပ် ပေါ်ပေါက်လာသည်။

ညောင်ပင်ကြီးသည် ကြီးမား၏။ ကြီးမားသည်နှင့်အမျှ ဝိုင်းဝန်းလှပသည်။ အရွက်တို့သိပ်၍စိပ်၍ နေရောင်စိုးစဉ်းမျှမထိုး။ ညောင်ရွက်တို့ တညီတညာကျနေပုံမှာ အလှပြင်ထားသော မဏ္ဍပ်နှယ်ဖြစ်၏။ ညောင်ပင်အောက် မြေပြင်သည် ပြေပြစ်ညီညာ၍ သန့်စင်လည်း သန့်စင်လှသည်။ သို့ရာတွင် ယင်းညောင်ပင်အောက်၌ ထိုင်အံ့သော သိဒ္ဓတ္ထရဟန်းအား မြေပြင်အတိုင်း ထိုင်စေသည်ထက် ကျွန်ုပ်၏မြက်များဖြင့် အခင်း ပြုလုပ်ပေးရသော် သာ၍မသင့်လျော်ပါလောဟူသော စေတနာဖြစ်သည်။

သို့ဖြစ်၍ မနီးမဝေးတွင် နွားစာအတွက် ရိတ်ထားသော ကျွန်ုပ်၏မြက်များကို သောတလျင်သွားရောက်ထမ်းယူခဲ့ပြီး ရဟန်းသိဒ္ဓတ္ထသို့ ပေးလှူသည်။ ကျွန်ုပ်၏ စိတ်ကူးမှာ တည့်မှန်လှ၏။ ကိုယ်တော်လေးသည် တက်တက်ကြွကြွ ပေးလှူအပ်သော ကျွန်ုပ်၏ မြက်များကို အနူးအညွတ်ခံယူတော်မူသောကြောင့်ဖြစ်သည်။

ကိုယ်တော်လေးသည် ကျွန်ုပ်လှူလိုက်သောမြက်များကို အဆုပ်လိုက် အဆုပ်လိုက် ပွေ့ယူ၍ ညောင်ပင်ရင်းတွင် ညီညာစွာဖြန့်စီ၏။ ကျွန်ုပ်ကလည်း ကူညီ၍ ဖြန့်စီပေးသည်။ ထို့နောက် ကိုယ်တော်လေးသည် မြက်ပြန့်များအပေါ်သို့ ဖြည်းညင်းစွာ တက်၍ သိမ်မွေ့စွာ တင်ပျဉ်ခွေထိုင်တော်မူသည်။

ကျွန်ုပ်သည် စိမ့်ထုံအပ်သော ပီတိတဖြာဖြာဖြင့် ကိုယ်တော်ကလေးအား ဦးနှိမ်ကာ အတန်ကြာကြည့်နေမိသေးသည်။

ကျွန်ုပ်မှာ နောက်ပိုင်းတွင် နွားစာကိစ္စရှိသေးသည်ကြောင့် ကိုယ်တော်လေး အနီးမှ ဖြည်းညင်းစွာခွာလာပြီးနောက် မြက်ခင်းသို့ပြန်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

ယနေ့အဖို့ ထူးခြားသော အကြောင်းတစ်ရပ်ဟု အထက်တွင် ကျွန်ုပ်ဆိုခဲ့၏။ အမှန်ပင် ထူးခြားလှပါပေသည်။ အကြောင်းသော်ကား သိဒ္ဓတ္ထရဟန်းသည် ကျွန်ုပ်၏ မြက်ဆုပ် ပလ္လင်ပေါ်တွင်ထိုင်ရင်း ထိုနေ့ညတွင်ပင် ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူသည်ဟု ကျွန်ုပ် ကြားသိရသောကြောင့်ဖြစ်သည်။

ဗုဒ္ဓဖြစ်တော်မူရန်အတွက် ကြီးစွာသော စိတ်ဓာတ်ဆောက်တည်မှု၊ ကြီးစွာသော ပညာတည်ဆောက်မှု၊ ကြီးစွာသောအားထုတ်မှုတို့ဖြင့် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင် ကြိုးပမ်းရသည်ဟု ကျွန်ုပ်ကြားနာရဖူးသည်။ ဟုတ်မှန်ပါလိမ့်မည်။ သို့ရာတွင် ကျွန်ုပ်အဖို့မူ ယင်းသို့ ဗုဒ္ဓ၏အားထုတ်မှုများတွင် ကျွန်ုပ်၏လုပ်အားအလှူဖြစ်သော မြက်ဆုပ်များ သည်လည်း အကြောင်းတစ်ရပ်အဖြစ် ရှိပါပေသည်တကားဟု တွေးမိတိုင်း ပီတိ သောမနဿဖြစ်နေရပါသတည်း။ ။

www.burmeseclassic.com